# စာစဥ် ၃၀ :  အပိုင်း ၁

## အပိုင်း ၅၅၁ : အန္တိမ၏ လျှို့ဝှက်ချက်၊ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း

ရှီထျန်းဟောင်၏ မှတ်ဉာဏ်ထဲတွင် သူ၏ တတိယ စီနီယာသည် အချိန်အတော်များများတွင် တိတ်ဆိတ်ငြိမ်သက်၍ တသီးတခြား နေတတ်ကာ အေးစက်မာကြောသောသူ ဖြစ်၏။

သူသည် သဘာဝ၏ ရိုးရှင်းမှုကို
လေ့လာနေသည့် အချိန်တွင်ပင် သူ၏
အမူအရာသည် တည်ငြိမ်အေးဆေးလျက်ပင်
ရှိ၏။ သူ၏ ယခုဖြစ်နေသော
ကသိကအောက်ဖြစ်၍
ဒုက္ခရောက်နေသည့်ပုံသည်
တွေ့ရခဲလှပေသည်။

ဝမ်လင်းသည် ရှီထျန်းဟောင်အား
ကြည့်လိုက်ကာ ဖြည်းညင်းစွာနှင့်
မေးလိုက်သည်။ "ဂျူနီယာလေး၊ မင်းကသူနဲ့
တိုက်ခိုက်ဖို့ ချိန်းဆိုထားတာလား"

"ဟုတ်တယ်၊ သိပ်မကြာသေးဘူး"
ရှီထျန်းဟောင်က ခေါင်းညိတ်လိုက်သည်။
"ကျွန်တော်က အစကတည်းက တစ်ခါတည်း
အပြတ်ရှင်းလိုက်မယ့်ဟာကို မဟာချင်
အင်ပါယာက ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေ အထဲက
နဂါးတိုက်ပွဲစင်မြင့်ကို ဖွင့်လှစ်ပေးမယ်လို့
တင်ပြလာပြီး၊ အနိုင်ရသူက
နဂါးကျောက်တုံးဂိတ်ကို ဖွင့်လှစ်ပြီး
ရတနာတွေကို ရယူနိုင်မှာ ဖြစ်တယ်။
ဒါကြောင့်မို့ ကျွန်တော်တို့က တစ်လအကြာမှာ
တိုက်ခိုက်ဖို့ သဘောတူညီခဲ့ကြတယ်"

ဘေးမှ ရှောင်ယန်ကလည်း
ခေါင်းညိတ်ပြလိုက်ကာ ပြောလိုက်သည်။
"ဟုတ်တယ်။ ဒီသတင်းက ကမ္ဘာတစ်ခုလုံး
ပျံ့သွားခဲ့ပြီ။ တစ်ကွက်မှ မချရသေးပေမဲ့
ဒီပြိုင်ပွဲက နတ်ဘုရားနယ်မြေ တစ်ခုလုံးက
စောင့်မျှော်နေကြတဲ့ တိုက်ပွဲတစ်ခု ဖြစ်နေပြီ"

သူ၏ အပြုံးများမှာ အေးစက်လာခဲ့သည်။
"ဒီတစ်ချိန်မှာတော့ ဂျူနီယာလေးက
တစ်ကမ္ဘာလုံးရဲ့ မျက်စိအောက်မှာ
အမှန်တရားကို ဖော်ထုတ်ပြလိမ့်မယ်။
ဟိုကြက်ဥအနှစ် မျက်လုံးအစုံနဲ့ ကောင်ကို
သွားတွေကျွတ်သွားအောင်
ဆော်ပလော်တီးလိမ့်မယ်"

သူ၏ဘေးတွင် ယွဲ့ဟုန်ယန်ကလည်း
အလိုလိုပင် ရယ်ရမ်းသွေးလိုက်သည်။
သူ၏ဘေးမှ အစိမ်းရောင် ဝတ်စုံနှင့်
မိန်းကလေး၏ မျက်နှာတွင်လည်း အပြုံးတစ်ခု
ပေါ်လာခဲ့သည်။

သူတို့က ရယ်နေဆဲတွင် ရုတ်တရက်ပင်
ဝမ်လင်းက ပို၍ ကသိကအောက်
ဖြစ်လာသည်ကို သတိထားလိုက်ကြသဖြင့်
စိတ်ရှုပ်သွားကြသည်။ "တတိယ စီနီယာ၊
ဘာများ ဖြစ်ခဲ့လို့လဲ" ရှီထျန်းဟောင်က
မေးလိုက်၏။

ဝမ်လင်း၏ နှုတ်ခမ်းများက တွန့်သွားခဲ့ကာ တီးတိုးပြောလိုက်သည်။ "ငါက သူ့ရဲ့ မျက်စိတစ်ဘက်ကို ကန်းအောင် လုပ်ခဲ့မိတယ်"

ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့၏ မေးရိုးများမှာ အောက်သို့ ပြုတ်ကျသွားခဲ့သည်။ သူတို့သည် ဘာမှ မပြောနိုင်ပဲ ဝမ်လင်းအား တွေတွေကြီး စိုကကြည့်နေကြ၏။

သူတို့သည် တစ်ယောက်နှင့် တစ်ယောက် အံ့အားသင့်စွာနှင့် စိုက်ကြည့်နေကြကာ နောက်ဆုံးတွင် သတိပြန်ဝင်လာကြသည်။ ရှောင်ယန်က ဝမ်လင်း၏ ပုခုံးအား ရွှင်ပြစွာနှင့် ပုတ်လိုက်သည်။ "ကောင်းတယ်!"

စကားပြောနေရင်း သူသည် ဝမ်လင်းအား
လက်မထောင်ပြလိုက်သည်။

ရှီထျန်းဟောင်သည် လေးနက်သော
အမူအရာနှင့် သူ၏ လက်များကို ဆုပ်လိုက်ကာ
ဝမ်လင်းအား အရိုအသေ ပြုလိုက်သည်။
"ကျေးဇူးတင်ပါတယ်၊ တတိယ စီနီယာ"
သူ့အား မှော်စွမ်းအင်ဖြင့် စစ်ဆေးလိုက်ရာ
ဝမ်လင်းသည် ဒဏ်ရာ အပြင်းအထန်
ရထားခဲ့သည်ကို ချက်ချင်း တွေ့လိုက်ရသည်။

ဝမ်လင်းက မြင်ရခဲလှစွာ သက်ပြင်းတစ်ချက်ကို ချလိုက်သည်။ "တကယ်လို့ မင်းနဲ့သူက တိုက်ခိုက်ဖို့ ချိန်းဆိုထားခဲ့တယ် ဆိုတာကို သိခဲ့ရင် ငါကသူနဲ့ မတိုက်ခိုက်ခဲ့ပါဘူး"

သူသည် တဇွတ်ထိုးသမား မဟုတ်သလို၊ တိုက်ပွဲအား ကြောက်နေသူလည်း မဟုတ်ပေ။ သို့သော်လည်း သူက ရှီထျန်းရီ၏ မျက်လုံးတစ်ဘက်အား ကန်းအောင် လုပ်မိခဲ့သဖြင့်၊ ရှီထျန်းဟောင်က သူနှင့် တစ်လအကြာတွင် ယှဉ်ပြိုင်သောအခါ အနိုင်ရခဲ့လျှင်ပင် သူ့အား ဝေဖန်မှုများ ရှိလာနိုင်မည် ဖြစ်သည်။

ဝမ်လင်းသည် သူ၏ ဂျူနီယာလေးက ရှီထျန်းရီနှင့် မျှမျှတတ ယှဉ်ပြိုင်ခဲ့ရလျှင် နိုင်ပွဲရမည်ဟု ယုံကြည်နေသည်။

လင်းဖုန်းက ဘေးမှနေ၍ ပြုံးကာ ဝင်ပြောလိုက်သည်။ "စိတ်ပူစရာ မလိုပါဘူး။ ရှီထျန်းရီက သူ့ရဲ့ ဘယ်ဘက်မျက်စိ ကန်းသွားခဲ့ပေမဲ့ သူ့ရဲ့ စွမ်းရည်တွေက သိပ်ကျသွားမှာ မဟုတ်ဘူး။ အမှန်အတိုင်း ပြောရရင် ပိုတောင် တိုးတက်လာနိုင်သေးတယ်"

သူတို့အဖွဲ့သည် အချိန်အတန်ကြာမျှ မှင်သက်သွားကြ၏။ ဝမ်လင်း၏

မျက်လုံးအစုံတွင် သဘောပေါက်သော အရိပ်အယောင်များ ပေါ်လာခဲ့ကာ ပထမဆုံး တုံ့ပြန်လိုက်သည်။ ဆရာ၊ ဆရာဆိုလိုချင်နေတာက..."

လင်းဖုန်းက ခေါင်းညိတ်လိုက်ကာ သူ၏ နှုတ်ခမ်းထောင့်မှ လှောင်ပြုံးတစ်ခု ပေါ်လာခဲ့၏။ "ပြီးတော့ ဒီလူရဲ့ အသန်မာဆုံး စွမ်းရည်က ဘယ်တုံးကမှ သူ့ရဲ့မျက်လုံး မဟုတ်ခဲ့ဘူး။ မင်းရဲ့ ဂျူနီယာလေး ဆီကနေ လုယူသွားတဲ့ စွမ်းအားဖြစ်တယ်"

ဝမ်လင်း၏ မျက်လုံးအစုံမှာ အေးစက်လာခဲ့သည်။ "ကျွန်တော့်ရဲ့

ဒုက္ခရောက်နေသော ရေများအပေါ်မှ တံတားကို ဖျက်ဆီးလိုက်တဲ့ မြင့်မြတ်တဲ့ အလင်းတန်းလား"

"ဟုတ်တယ်၊ အဲ့ဒါက သူ့ရဲ့ အကောင်းဆုံး ဖဲချပ်ဖြစ်တယ်" လင်းဖုန်းက ရယ်ရမ်းသွေးလိုက်သည်။ "ဒါပေမဲ့ အဲ့ဒီစွမ်းအားက သူ့ရဲ့ကိုယ်ပိုင် မဟုတ်တဲ့အတွက် သူက ကောင်းကောင်း မထိန်းချုပ်နိုင်ခဲ့ဘူး"

ဝမ်လင်းသည် ငြိမ်သက်သွားခဲ့ကာ အတွေးနက်သွားခဲ့ပြီး သူ၏ဘေးမှ ရှီထျန်းဟောင်နှင့် ကျန်သောသူများမှာ

လင်းဖုန်းအား စပ်စုစွာနှင့် ကြည့်နေကြသည်။ သို့ဖြစ်၍ ဝမ်လင်းသည် သူနှင့် ရှီထျန်းရီတို့၏ အကြားမှ တိုက်ပွဲကို ခရေစေ့တွင်းကျ ရှင်းပြလိုက်သည်။

တစ်ချိန်တည်းတွင်ပင် လင်းဖုန်းသည် အဓိက အချက်များကို ထောက်ပြနေခဲ့သည်။

"ရှီထျန်းရီရဲ့ စိတ်ဝိညာဉ်က သူ့အဆင့်က သာမန် ကျင့်ကြံသူတွေနဲ့စာရင် အများကြီးပိုပြီးမှ သန်မာတယ်။ ပြီးတော့ သူက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ စိတ်ဝိညာဉ် မှော်ကျိန်စာတွေကိုလည်း

လေ့ကျင့်ထားသေးတယ်။ ဒါက သူ့ရဲ့ စွမ်းအားဖြစ်တယ်"

"သူက ဗုဒ္ဓသိုင်းပညာရပ်တွေကို ကျင့်ကြံထားတယ်။ မလှုပ်ရှားနိုင်တဲ့ နာဂါရာဂျာ ဗုဒ္ဓခန္ဓာကိုယ်က သူ့ရဲ့ အားနည်းနေတဲ့ ရုပ်ခန္ဓာကိုယ်ကို သန်မာစေတယ်။ ဒါကြောင့် သူ့ရဲ့ အသွေးအသား စွမ်းအားတွေကလည်း အတော့်ကို အစွမ်းထက်တယ်လို့ ပြောရမယ်။ မင်းကိုတော့ မယှဉ်နိုင်ပေမဲ့၊ ထျန်းဟောင်၊ မင်းက အထင်သေးလို့ လုံးဝမရဘူး"

"ရှီထျန်းရီရဲ့ တာအိုနည်းစနစ်တွေနဲ့၊ မှော်ကျိန်စာတွေက ဟင်းလင်းပြင်

ဘုရားကျောင်းက အဓိက လာခဲ့တာ။ အန္တိမ မကောင်းဆိုးဝါး နှိမ်နင်းခြင်း တိုင်လုံးလိုမျိုး အစွမ်းထက် မှော်ကျိန်စာတွေကို လေ့ကျင့်ထားပေမဲ့၊ ဒါက အဓိက အချက်မဟုတ်ဘူး" လင်းဖုန်းက တိုးညင်းစွာနှင့် ပြောလိုက်သည်။ "အရေးကြီးတဲ့ အပိုင်းက သူက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ တခြား မှော်ကျိန်စာတွေကိုလည်း လေ့ကျင့်ထားနိုင်သေးတယ်"

"အပေါ်က ပြောခဲ့တဲ့ အရာတွေက ပြင်ပ အချက်တွေပဲ ဖြစ်တယ်။ သူ့မှာက အဓိက အားသာချက် နှစ်ရပ်ရှိတယ်။ ပထမက သူ့ရဲ့ ဒွိစုံသူငယ်အိမ် မျက်လုံးတွေပဲ။ သဘာဝ

ပါရမီဖြစ်တဲ့ သူ့ရဲ့ ဘယ်မျက်စိက
ပုံရိပ်ယောင်တွေကို ထွင်းဖောက်မြင်နိုင်ပြီး
အမှန်တရားကို ဖော်ထုတ်နိုင်တယ်။
သူ့ပြိုင်ဘက်ရဲ့ နည်းစနစ်တွေရဲ့
အားနည်းချက်တွေကို ထောက်ပြနိုင်တယ်။
ဒါပေမဲ့ သူရဲ့ ဘယ်မျက်စိကို မင်းရဲ့ တတိယ
စီနီယာက လုံးဝကန်းအောင် လုပ်ပစ်ခဲ့ပြီ
ဆိုတော့ မင်းက လျစ်လျူရှုထားလို့ ရပြီ"

ရှီထျန်းဟောင်အား စိုက်ကြည့်နေရင်း
လင်းဖုန်းက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။
"သူ့ရဲ့ ညာမျက်စိကတော့ ပုံရိပ်ယောင်တွေကို
ဖန်ဆင်းနိုင်ပြီး အတုအယောင် ကမ္ဘာကိုတောင်
ပြုလုပ်နိုင်တယ်။ မင်းရဲ့ အာရုံတွေကို

လှည့်စားနိုင်တယ်။ မင်းတတိယ စီနီယာရဲ့ စိတ်ဝိညာဉ်က သူ့လောက် အစွမ်းထက်တော့ သူ့အတွက် လွယ်ကူပေမဲ့၊ မင်းအတွက်တော့ သိပ်လွယ်မှာ မဟုတ်ဘူး။ မင်းက သူ့ရဲ့ အဲ့ဒီ စွမ်းရည်ကို သေချာ သတိထားမှရမယ်"

ရှီထျန်းဟောင်သည် လေးနက်စွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

လင်းဖုန်းက ပြုံးလိုက်သည်။ "စိတ်လျှော့ထားပါ၊ သူ့ရဲ့ ညာမျက်လုံးရဲ့ ဒွိစုံသူငယ်အိမ် စွမ်းအားတွေကို ချေဖျက်ဖို့က ဒီလောက်လည်း သိပ်မခက်ပါဘူး"

"ဒါကလွဲရင် သူ့မှာ အစွမ်းအထက်ဆုံး နောက်ဆုံး လျှို့ဝှက်ဖဲချပ် တစ်ခုပဲ ကျန်တော့တယ်" လင်းဖုန်း၏ မျက်နှာမှာ အေးဆေးနေပြီး သူ၏ လေသံမှာ တည်ငြိမ်နေခဲ့သည်။ "ဒါကတော့ သူက မင်းဆီက လုယူထားတဲ့ အရာပဲ၊ ထျန်းဟောင်"

ထိုအချိန်တွင် ဘေးမှဝမ်လင်းက ဝင်ပြောလိုက်၏။ "ဒါကတော့ ကျွန်တော့်ရဲ့ ဒုက္ခရောက်နေသော ရေများအပေါ်က တံတားကို ဖျက်ဆီးလိုက်တဲ့ မြင့်မြတ်သော အလင်းရောင် ဖြစ်ရမယ်။

ဒီတိုက်ခိုက်မှုကြောင့်ပဲ ကျွန်တော်က ဒဏ်ရာ အပြင်းအထန် ရခဲ့တာ"

"မှျတစ္စာနဲ့ ပြောရရင် ရှီထျန်းရီက အားနည်းတဲ့ ပြိုင်ဘက်တော့ မဟုတ်ဘူး။ ကျွန်တော်က သူ့ရဲ့ မျက်စိတစ်ဘက်ကို ကန်းစေခဲ့ပေမဲ့၊ သူ့ရဲ့ နောက်ဆုံး တိုက်ခိုက်မှုကလည်း ကျွန်တော့်ကို ဒဏ်ရာ အပြင်းအထန် ရစေနိုင်ခဲ့တယ်။ ဒါဆိုရင်တော့ ကျွန်တော်တို့ရဲ့ တိုက်ခိုက်မှုက သရေပွဲလို့ပဲ ပြောလို့ရတယ်"

"တစ်ခုရှိတာက ကျွန်တော်က ကျွန်တော့်ရဲ့ ဒဏ်ရာတွေကနေ နောက်ပိုင်းမှာ ပြန်လည်

သက်သာလာနိုင်ပေမဲ့၊ သူ့ရဲ့ ဘယ်ဘက်
ဒွိစုံသူငယ်အိမ်ကတော့ လုံးဝ ပျက်စီးသွားခဲ့ပြီ"

ဝမ်လင်းအား စိုက်ကြည့်လိုက်ရင်း လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်သည်။ "မင်းက ကိုယ့်ကိုယ်ကိုယ် နှိမ့်ချစရာ မလိုပါဘူး။ မင်းတို့က ငါတို့ဂိုဏ်းရဲ့ မဟာကောင်းကင် တာအိုကျမ်းစာက ဒုတိယ အခန်းဖြစ်တဲ့ အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာကို ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့် ရောက်မှ စတင်ကျင့်ကြံရရုံပဲ ရှိသေးတယ်။ သူ့ကို ကျွမ်းကျင်ပြီးသွားရင် မင်းက အခြေတည် ဝိညာဉ် အဆင့်ကို မရောက်သေးရင်တောင်မှပဲ မင်းရဲ့

စွမ်းအားတွေက အလျှင်အမြန် တိုးတက်လာပြီး
အခုအချိန်ထက် အများကြီးပိုပြီး
သန်မာလာလိမ့်မယ်"

ဝမ်လင်းက ခေါင်းညိတ်လိုက်သည်။ "ဒါပေမဲ့၊
အဲ့ဒီ မြင့်မြတ်သော အလင်းတန်း... သူက
အရမ်းကို စွမ်းအားကြီးလွန်းတယ်"

ရှီထျန်းဟောင်၏ မျက်မှောင်အစုံမှာ
အတော်ကြုတ်သွားခဲ့ကာ လင်းဖုန်းအား
ကြည့်လိုက်သည်။ လင်းဖုန်းက
ဖြည်းညင်းစွာနှင့် ပြောလိုက်သည်။
"ထျန်းဟောင်၊ မင်းက မြင့်မြတ်စွာနဲ့
မွေးဖွားလာခဲ့တယ်။ မင်းက အခြေခံအုတ်မြစ်

အလယ်အလတ် အဆင့်နဲ့ မွေးဖွားလာခဲ့တာ။
မင်းရဲ့ ခန္ဓာကိုယ် အတွင်းမှာ
အော်ရာပင်လယ်က အလိုလို ပါလာခဲ့ပြီး
သဘာဝ အန္တိမ စိတ်ဝိညာဉ် တာဝါက
ထူထောင်ပြီးသား ဖြစ်နေခဲ့တယ်"

"ဒီအန္တိမ စိတ်ဝိညာဉ် တာဝါ အပေါ်မှာ အန္တိမ
လုံခွက်ကို ဖော်ဆောင်နိုင်မယ်။ မင်းက
ရွှေရောင်ဗဟိုချက် အဆင့်ကို
ဖန်ဆင်းပြီးသွားရင် ခရမ်းရောင် ဆေးလုံးကို
ရရှိမှာ ဖြစ်ပြီး မြင်နိုင်တဲ့ ဖြစ်စဉ်တွေကို
တွေ့နိုင်တယ်။ မင်းရဲ့ အနာဂတ်ဟာ
မယုံနိုင်လောက်အောင် မြင့်မားတယ်။
မင်းကျင့်ကြံမှုရဲ့ တည်ငြိမ်တဲ့

အခြေခံတွေကြောင့် မင်းက အခြေတည် ဝိညာဉ်
အဆင့်ကို ဖော်ဆောင်ပြီးသွားရင် နောက်ထပ်
အထူး အကျိုးအမြတ်တွေကို ရရှိနိုင်မယ်"

ပြီးတာနှင့် လင်းဖုန်းက သူ၏လက်ကို
ဆန့်တန်းလိုက်ရာ သူ၏လက်ဝါး အပေါ်တွင်
အလင်းတန်း တစ်ခု ရုတ်တရက်
ပေါ်လာခဲ့သည်။

အလင်းတန်းတွင် အရောင်အဆင်း နှစ်မျိုး
ရှိသည်။ အဖြူနှင့်အနက် ဖြစ်၏။ လင်းဖုန်း၏
ထိန်းချုပ်မှုအောက်တွင် သူသည်
လက်ဖဝါးအပေါ်တွင် ဘေးသို့မပျံ့လွင့်ပဲ
ငြိမ်သက်နေခဲ့သည်။ သို့သော်လည်း သူ၏

အတွင်းတွင် မြင့်မြတ်သော
အလင်းတန်းများသည် တောက်ပနေ၍
ခမ်းနားထည်ဝါလှစွာ လေဟာနယ်၏
ဖွဲ့စည်းတည်ဆောင်ပုံများကိုပင် တုန်ခါစေခဲ့၏။

ထို့အပြင် ထိုအရောင်နှစ်မျိုး မြင့်မြတ်သော
အလင်းတန်း အတွင်းတွင် မဟာတာအို
လမ်းစဥ်တို့အား ကောင်းကင်နှင့် မြေကြီးတို့က
ရွတ်ဆိုနေကြသည်ကို ကြားနေရသည်။
စကြဝဠာ တစ်ခုလုံး ပွဲတင်ထပ်နေခဲ့ကာ
ကမ္ဘာကြီးတစ်ခုလုံး တုန်ခါသွားကြသည်။

ဝမ်လင်း၏ မျက်လုံးအစုံတွင် အံ့ဩမှုများဖြင့်
လင်းလက်သွားခဲ့၏။ "ဆရာ၊ ဒါက..."

အသွင်သဏ္ဍာန်မှာ မတူညီပဲ အခြေခံ
သဘောတရားများမှာလည်း လုံးဝ
ကွဲပြားခြားနားနေသော်လည်း၊ ဝမ်လင်းသည်
ချက်ချင်းပင် လင်းဖုန်း၏ လက်ဝါးပေါ်မှ
အဖြူနှင့်အနက် မြင့်မြတ်သော အလင်းတန်းမှာ
ရှီထျန်းရီက နောက်ဆုံးအချိန်တွင် သူ့အား
ဒဏ်ရာရစေခဲ့သော မြင့်မြတ်သော
အလင်းတန်းနှင့် တူနေသည်ကို သိနေခဲ့သည်။

"မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း၊
ဒါက ထျန်းဟောင် အစကတည်းက
ပိုင်ဆိုင်ရမယ့် စွမ်းအားဖြစ်တယ်"

အန္တိမ စိတ်ဝိညာဉ် တာဝါအား
ထူထောင်နိုင်ခြင်း၊ အန္တိမ လုံခွက်အား
ဖန်ဆင်းနိုင်ခြင်း၊ ခရမ်းရောင် ဆေးလုံးကို
ဖော်ဆောင်နိုင်ခြင်း၊ မြင်နိုင်သော ဖြစ်စဉ်များကို
ထုတ်ဖော်နိုင်ခြင်းနှင့် အခြေတည် ဝိညာဉ်ကို
ရရှိနိုင်ခြင်းသည် ဖန်ဆင်းသူ၏ မြတ်နိုးမှုများကို
ပိုင်ဆိုင်နိုင်မည် ဖြစ်သည်။ စကြာဝဠာ၏
မဟာတာအိုကို သယ်ဆောင်နိုင်ပြီး
ကြီးမားလှသည့် စွမ်းအားများကို
ဖော်ဆောင်နိုင်မည် ဖြစ်၏။

မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းသည်
ဖြစ်တည်မှု တစ်ခုသာ မဟုတ်ချေ။
ကွဲပြားခြားနားသော သူများသည် မြင့်မြတ်သော

ဖန်ဆင်းခြင်း အလင်းတန်း အမျိုးမျိုးကို
အသီးသီး ရရှိနိုင်မည် ဖြစ်သည်။ မြင့်မြတ်သော
ဖန်ဆင်းခြင်း အလင်းတန်းသည် ပုံစံများ
မတူကြသော်လည်း သူတို့အားလုံးတို့တွင်
ထူးခြားချက်များ ရှိကြသည်။

မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းသည်
ကျင့်ကြံသူ တစ်ယောက်က အခြေတည်
ဝိညာဉ်ကို ဖော်ဆောင်အပြီးတွင်
မွေးဖွားလာမည် ဖြစ်သည်။ ပထမတွင် သူ၏
စွမ်းအားများသည် အလွန်
အစွမ်းထက်သော်လည်း သူ့တွင် သူ၏
ကန့်သတ်ချက်များ ရှိသေး၏။ သူသည်

သူ့ပိုင်ရှင်၏ ကျင့်ကြံမှု အဆင့်ကို လိုက်၍ အားကောင်းလာမည် ဖြစ်သည်။

ဒါသည် စကြာဝဠာ အတွင်းမှ အစွမ်းအထက်ဆုံး၊ လျှို့ဝှက်ဆန်းကြယ်မှု အရှိဆုံးနှင့် အခက်ခဲ အနက်နဲဆုံး ဖြစ်တည်မှု တစ်ခုဖြစ်၏။ ယနေ့ထက်တိုင်ပင် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းသည် ရှာဖွေဖော်ထုတ်ရန် လျှို့ဝှက်ချက်များစွာ ရှိသေးသည်။ ဟင်းလင်းပြင် ဘုရားကျောင်းကဲ့သို့သော နေရာတွင်ပင် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းနှင့် ပတ်သတ်၍ နားမလည်နိုင်သည့် အရာအားလုံး ရှိသေးသည်။

ထူးခြားသော မှော်ပညာရပ် တစ်မျိုးဖြင့် မြင့်မြတ်သော အလင်းတန်း တစ်စကို ခွဲထုတ်ကာ သလင်းကျောက် အဖြစ်သို့ အသွင်ပြောင်းနိုင်သည်။

လင်းဖုန်းသည် ရှောင်ယန်နှင့် ကျန်သောသူများဘက်သို့ လှည့်ကြည့်လိုက်သည်။ "ခုနက ကျင်းဟွမ်အမတ် ထုတ်သုံးခဲ့တဲ့ ပျက်သုဉ်းခြင်း ကျိန်စာ ကျောက်စိမ်းဟာ၊ အမှန်တကယ်တော့ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း တစ်မျိုးဖြစ်တဲ့ အကြွင်းမဲ့ ပျက်သုဉ်းခြင်း

နတ်ဘုရား အလင်းတန်းနဲ့ ထုလုပ်ထားတာ
ဖြစ်တယ်"

မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းသည်
အလွန်အမင်းကို ရှားပါးလှ၍
ရှေးပဝေသဏီမှစကာ သမိုင်းအတွင်းတွင် အန္တိမ
စိတ်ဝိညာဉ် တာဝါများက တစ်ခါတစ်ရံမှ
ပေါ်ထွက်လာသော်လည်း၊ သူတို့အား
တစ်မျိုးတည်းသာရှိသည်ဟု ပြော၍မရပေ။

နတ်ဘုရား နယ်မြေ၏ သမိုင်းအတွင်းတွင်
ကျင့်ကြံသူ တစ်ယောက်သည် အန္တိမ
စိတ်ဝိညာဉ် တာဝါအား ထူထောင်နိုင်ခဲ့ပြီး၊
အန္တိမ လုံခွက်နှင့်အတူ ခရမ်းရောင်ဆေးလုံးနှင့်

မြင်နိုင်သော ဖြစ်စဉ်များကို ဖော်ဆောင်နိုင်ခဲ့သည်။ နောက်ဆုံးတွင် သူသည် အခြေတည် ဝိညာဉ်ကို ဖန်ဆင်းနိုင်ခဲ့သောအခါ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းအား ရရှိခဲ့သည်။

သူသည် ကမ္ဘာအတွင်းမှ မှော်ပညာများ အားလုံးတို့အား ပျက်သုဉ်းစေနိုင်သည့် ဆန်းကြယ်နက်နဲသည့် စွမ်းအားကို ပိုင်ဆိုင်ထားကာ သူ့အား အကြွင်းမဲ့ ပျက်သုဉ်ခြင်း နတ်ဘုရား အလင်းတန်းဟု ခေါ်ပေသည်။

အချို့သော မြင့်မြတ်သော
အလင်းတန်းများအား
သလင်းကျောက်များအဖြစ် ဖန်ဆင်းကာ
သိမ်းထားသည်။ လက်ပေါင်းများစွာ
ပြောင်းလဲ၍ အပြီးတွင် တစ်ခုသည်
နောက်ဆုံးတွင် ကျင်းဟွမ်အမတ်၏
လက်အတွင်းသို့ ကျရောက်လာခဲ့ခြင်း
ဖြစ်သည်။

"ရှီထျန်းရီက ဒုက္ခရောက်နေသော
ရေများအပေါ်က တံတားကို ဖျက်ဆီးဖို့
အသုံးပြုခဲ့တဲ့ မြင့်မြတ်သော အလင်းတန်းက၊
ကွဲပြားခြားနားတဲ့ မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်းတစ်ခု ဖြစ်ပြီး သူ့ဆီမှာ သူ့ရဲ့

ထူးခြားတဲ့ ဂုဏ်ရည်တွေ ရှိတယ်" လင်းဖုန်းက တိတ်တဆိတ် ပြောလိုက်သည်။
"ဒီမြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းက အမှန်ဆိုရင် ထျန်းဟောင် ပိုင်ဆိုင်ရမှာ"

ရှီထျန်းဟောင်သည် သက်ပြင်းဖွဖွလေး တစ်ချက်ကို ချလိုက်သည်။

သူ၏ဘေးတွင် ရှောင်ယန်သည် သက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး ဝမ်လင်းအား ကြည့်လိုက်ကာ အစောက စကားကို ထပ်ပြောလိုက်၏။ "မင်းလုပ်လိုက်တာ အရမ်းကောင်းတယ်"

ဝမ်လင်းသည် အသက်ပြင်းပြင်း
တစ်ချက်ရှူလိုက်ကာ ဘာမှ မပြောခဲ့ပေ။ သူ၏
မျက်လုံးများသည် အေးစက်လာခဲ့ကာ
ဖြည်းဖြည်းချင်း သူ၏ အနောက်မှ
ဟင်းလင်းပြင်အား လှည့်ကြည့်လိုက်သည်။
ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ
လေဟာနယ်များသည် အလွန်အမင်း
ကစဉ့်ကလျား ဖြစ်နေသည်ကို သိခဲ့သော်လည်း
သူသည် ယခင်က ရှီထျန်းရီနှင့်
တိုက်ခိုက်ခဲ့သော နေရာအား အေးစက်စွာဖြင့်
စိုက်ကြည့်နေခဲ့သည်။

ရှိထျန်းဟောင်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့ပြီး တိတ်ဆိတ်စွာနှင့် ပြောလိုက်သည်။ "ရပါတယ်။ ကျွန်တော်က ကောင်းကင်ကနေ ငရဲအထိ ပြုတ်ကျခဲ့ဖူးပေမဲ့၊ ကျွန်တော်က ပြန်လည် ထူထောင်နိုင်ခဲ့ပြီး အရင်ကထက်တောင် ပိုပြီး သန်မာလာဦးမယ်"

"ပြီးတော့ ကျွန်တော်ပိုင်ဆိုင်တဲ့ အရာတွေ အားလုံးကို ကျွန်တော်က ပြန်ယူမယ်"

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်သည်။ "မှန်တယ်။ လူတွေက ငါတို့ကို အကြွေးတင်နေတဲ့ အရာတွေကို ပြန်လည်ပေးဆပ်ရမယ်"

သူသည် သူ၏ တပည့်များကို ဝေ့ကြည့်လိုက်၏။ "မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းက လုယူလို့ရတဲ့ အရာတစ်ခုပဲ။ သူ့ဆီမှာ အကန့်အသတ်တွေ အများကြီး ရှိပေမဲ့ လမ်းကြောင်းက ပိတ်မနေဘူးဆိုရင် ဖြတ်ကျော်သွားနိုင်တဲ့ နည်းလမ်းတွေ အမြဲတမ်း ရှိနေတယ်"

သို့သော်လည်း တစ်စုံတစ်ယောက်သည် သူမပိုင်ဆိုင်သည့် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကို ရယူအသုံးပြုမည် ဆိုပါက ကြမ်းတမ်းခက်ခဲသည့် အခြေအနေများကို ရင်ဆိုင်ရမည် ဖြစ်သည်။

ထိုစကားကို ကြားလိုက်ရသော်
ရှီထျန်းဟောင်နှင့် ကျန်သောသူများ၏
မျက်လုံးအစုံတို့သည် လင်းလက်လာကြ၏။
ရှောင်ယန်သည် အေးစက်စွာနှင့်
ရယ်ရမ်းသွေးလိုက်သည်။ "ရှီထျန်းရီ၊ ဟဟ၊
မင်းစားထားတဲ့ အရာတွေကို လိမ်လိမ်မာမာနဲ့
ပြန်ထွေးထုတ်လိုက်ရင် ကောင်းမယ်"

လင်းဖုန်းသည် သူတို့အား ပြုံးလိုက်ကာ
ကြည့်လိုက်သည်။ ရှောင်ယန်၏ဘေးတွင် သူ၏
အချစ်ဦး ရှောင်ကျန်းအာ ရှိနေသည်။ သူမ၏
ဘေးတွင်မူ သူမအား ဟင်းလင်းပြင်
စစ်တလင်းသို့ လိုက်လံစောင့်ရှောက်သူ

အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ ရှေးဟောင်းစုတ်တံ အကြီးအကဲ ရှိနေ၏။

ယခုအချိန်တွင် ရှေးဟောင်းစုတ်တံ အကြီးအကဲ၏ အာရုံသည် လင်းဖုန်းပေါ်သို့ အပြည့်အဝ ကျရောက်နေခဲ့သည်။ "ကြည့်ရတာ သူ့မှာလည်း မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း ရှိနေတဲ့ပုံပဲ။ သူကသာ တစ်ခြားသူနားက လုယူထားတာ မဟုတ်ခဲ့ရင်၊ သူ.. သူကလည်း အန္တိမတာအို အခြေခံကို တည်ဆောင်နိုင်တဲ့ သူတစ်ယောက်ပဲ မဟုတ်ဘူးလား"

ရှောင်ယန်သည် ရုတ်တရက်
သတိပြန်ဝင်လာခဲ့ပြီး သူ၏ ခန္ဓာကိုယ်အား
လှည့်လိုက်ကာ ဝမ်လင်းအား ပြုံးပြလိုက်သည်။
"တတိယ ဂျူနီယာ၊ ငါမိတ်ဆက်ပေးဖို့
မေ့နေခဲ့တယ်။ ဒါက အရင်က ငါပြောပြဖူးခဲ့တဲ့
ကျန်းအာ ဖြစ်တယ်"

သူသည် သူ၏ဘေးမှ မိန်းကလေးကို
လှည့်ကြည့်လိုက်သည်။ သူမသည်
စိမ်းပြာရောင် ဝတ်စုံကို ဝတ်ဆင်ထားကာ
ရေပေါ်မှ ကြာပန်းများကဲ့သို့ တင့်တယ်စွာ
ရပ်နေခဲ့ပြီး ဖွဖွလေး ပြုံးနေခဲ့၏။ "ကျန်းအာ၊
ဒါက ငါ့ရဲ့ တတိယ ဂျူနီယာ ဝမ်လင်းတဲ့"

ရှောင်ကျန်းအားသည် သူမ၏
အကျီလက်စများကို သိမ်းလိုက်ကာ
ကျက်သရေရှိစွာ နှုတ်ဆက်လိုက်သည်။
"တွေ့ရတာ ဝမ်းသာပါတယ်။
ကိုကိုရှောင်ယန်က ရှင်ဟာ ဂိုဏ်းထဲမှာ
အကြိုးစားဆုံးနဲ့ စိတ်အား အထက်သန်ဆုံးလို့
မကြာခဏ ပြောဖူးတယ်"

ဝမ်လင်း၏ အမူအရာသည်လည်း
တည်ကြည်သွားခဲ့ကာ လက်နှစ်ဘက်ကို ဆုပ်၍
ပြန်လည် နှုတ်ဆက်လိုက်သည်။ "ကျန်းအာ
မိန်းကလေး၊ ကျွန်တော်က ဝမ်လင်းပါ။
တွေ့ရတာ ဝမ်းသာပါတယ်"

## စာစဉ် ၃၀ : အပိုင်း ၂

## အပိုင်း ၅၅၂ : မော်ရတနာဆိုတာ ဘာမှ မဟုတ်ပါဘူး

ဝမ်လင်း၏ အကြည့်သည် ရှောင်ကျန်းအာ၏ အပေါ်သို့ ကျရောက်သွားခဲ့သည်။ "ဒါက အစ်ကိုကြီးနဲ့ တွဲနေတဲ့ တစ်ယောက်လား"

ထိုမိန်းကလေး၏ ကျော့ရှင်းသော ခန္ဓာကိုယ်သည် ဟင်းလင်းပြင်၏ အမှောင်ထုအတွင်းတွင် တိတ်ဆိတ်စွာဖြင့် ရပ်နေခဲ့သည်။ ကစဉ့်ကလျား ကမ္ဘာကြီး

အတွင်းတွင် သန့်စင်သော ကြာပန်းတစ်ပွင့်က
နူးညံ့စွာဖြင့် ပွင့်လာသကဲ့သို့ အလွန်အမင်းကို
သာလွန်ထူးကဲ၍ ကြည့်ကောင်းလှပေသည်။

ထိုကဲ့သို့သော မိန်းမပျိုမျိုးအား
မိုးကောင်းကင်က ဂရုတစိုက်ဖြင့်
မွေးမြူပြုစုထားခြင်း ဖြစ်ပေလိမ့်မည်။
ပြိုင်ဘက်ကင်းအလှဖြင့် လူတိုင်း၏
စိတ်နှလုံးအား ဆွဲဆောင်နိုင်စွမ်း ရှိနေသည်။

သူမသည် သီးသန့်နေတတ်ကာ အေးစက်သော
ကျက်သရေ ရှိသူ ဖြစ်သော်လည်း၊ သူမသည်
သူ၏ဂျူနီယာများ အပါအဝင် ရှောင်ယန်၏
အရှေ့သို့ ရောက်မှသာ သိမ်မွေ့နူးညံ့သော

အမှုအရာများကို ပြသခြင်း ဖြစ်သည်မှာ သိသာနေ၏။

ဝမ်လင်းက ငြိမ်သက်စွာနှင့် ခေါင်းညိတ်လိုက်သည်။ "ဒီလို ထူးခြားတဲ့ မိန်းမမျိုးမှသာ အစ်ကိုကြီးနဲ့ လိုက်ဖက်ညီလိမ့်မယ်"

သူ၏ လက်များကို ဆုပ်လိုက်ကာ အရိုအသေ ပြုလိုက်ရင်း သူက ပြုံး၍ ပြောလိုက်သည်။ "အစ်ကိုကြီးက ကျွန်တော့်ကို မြှောက်နေတာပါ။ ဆရာရဲ့ တပည့်တွေ အထဲမှာ ကျွန်တော်က ပါရမီ အနည်းဆုံးဆိုတော့ သူများတွေကို လိုက်မီအောင် ပိုပြီးတော့ ကြိုးစားရတာပါ"

ရှောင်ကျန်းအာက ဖွဖွလေး ပြုံးလိုက်သည်။
"ကိုယ့်ကိုယ်ကိုယ် သိပ်ပြီးတော့ နှိမ့်မချပါနဲ့ရှင်"

သူမ၏ အနောက်တွင် ရှေးဟောင်းစုတ်တံ အကြီးအကဲကလည်း အသိအမှတ်ပြုသည့်အနေနှင့် ခေါင်းညိတ်လိုက်သည်။ သူသည် ဝမ်လင်းအား ပထမဆုံးအကြိမ်အဖြစ် တွေ့ခြင်းဖြစ်သော်လည်း၊ သူ၏ စကားများအရ သူသည် ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်မှ ကျင့်ကြံမှု အဆင့်ဖြင့်၊ အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်မှ ရှိထျန်းရီ၏ ဒွိစုံသူငယ်အိမ် မျက်လုံးအား

တစ်ယောက်ချင်း ယှဉ်ပြိုင်ပွဲတွင်
ဖျက်ဆီးနိုင်ခဲ့၏။

ဒါသည့် အင်မော်တယ် ဝိညာဉ် အဆင့်မှ
ရှေးဟောင်းစုတ်တံ အကြီးအကဲကိုပင်
အသိအမှတ်ပြုစေခဲ့သည်။

"ပြောစရာ မလိုဘူး..." ရှေးဟောင်းစုတ်တံ
အကြီးအကဲသည် လင်းဖုန်းအား
တစ်ချက်ခိုးကြည့်လိုက်သည်။
"ဒီတစ်ယောက်ရဲ့ စံနှုန်းတွေကလည်း
အတော့်ကို မြင့်မားလှတယ်။ တကယ်လို့
ထူးချွန်ပြောင်မြောက်တဲ့ ပင်ကိုစွမ်းရည်တွေ

မရှိရင်၊ သူ့ကို စိတ်ဝင်စားအောင် လုပ်ဖို့က
မဖြစ်နိုင်လောက်ဘူး"

လင်းဖုန်းသည် မျက်နှာပေါ်တွင်
အပြုံးတစ်ပွင့်နှင့် သူ့တပည့်များ၏
ဆက်ဆံရေးအား တည်ငြိမ်စွာနှင့်
စောင့်ကြည့်နေခဲ့သည်။

ပြီးတာနှင့်သူသည် ရှေးဟောင်းစုတ်တံ
အကြီးအကဲထံသို့ လှည့်လိုက်သည်။ "ဒါပြီးရင်
ခင်ဗျားရဲ့ အစီအစဉ်က ဘယ်လိုလဲ"

ရှောင်ကျန်းအာအား ကြည့်လိုက်ပြီး
ရှေးဟောင်းစုတ်တံ အကြီးအကဲသည် ခေတ္တမျှ
စဉ်းစားလိုက်ကာ တွေးနေခဲ့သည်။
"ကျွန်တော်က ကျန်းအာကို
မိုးကြိုးကပ်ဘေးတွေကို ကျော်လွှားပြီး
အခြေတည် ဝိညာဉ်ကို ဟင်းလင်းပြင်
စစ်တလင်း အတွင်းမှာ ဖော်ဆောင်ဖို့
လိုက်ပို့ခဲ့တာပါ။ အခုတော့ ရည်ရွယ်ချက်တွေက
ပြည့်မြောက်သွားပြီ ဆိုတော့..."

ရှောင်ယန်က ရုတ်တရက် ထခုန်လိုက်၏။
"ကျန်းအာ... ကျန်းအာက ပြန်တော့မှာလား"

ရှောင်ကျန်းအာသည် သူမ၏ မျက်ခုံးများကို အနည်းငယ် ပင့်လိုက်ကာ ရှေးဟောင်းစုတ်တံ အကြီးအကဲအား ကြည့်လိုက်သည်။ "အကြီးအကဲ၊ ကျွန်မက နည်းနည်းနောက်ကျပြီးမှ ပြန်လာချင်တယ်"

ရှေးဟောင်းစုတ်တံ အကြီးအကဲ၏ အကြည့်သည် လင်းဖုန်းနှင့် ရှောင်ယန်တို့၏ အကြားတွင် ခေါက်တုံ့ပြန်နေခဲ့သည်။ "မင်းက အခုလေးတင် အခြေတည်ဝိညာဉ် အဆင့်ကို ရောက်ခဲ့တာ။ ပြန်သွားပြီးရင် အားဖြည့်ဖို့ လိုတဲ့အပြင် နောက်ထပ် အဆင့်မြင့်တဲ့ တာအိုနည်းစနစ်တွေ၊ မှော်ကျိန်စာတွေကိုလည်း လေ့ကျင့်ရဦးမယ်။ နောက်ကျလို့ မကောင်းဘူး"

ခေတ္တမျှ ရပ်နားလိုက်ပြီး သူက ဆက်ပြောလိုက်သည်။ "ဒီကျင့်ကြံမှု အပြီးမှာတော့ အတွေ့အကြုံယူမယ့် အပိုင်းကို ရောက်လာလိမ့်မယ်။ ဒါဆိုရင် မင်းက အပြင်ကို လွတ်လွတ်လပ်လပ် သွားနိုင်ပြီး အတွေ့အကြုံ ယူနိုင်လိမ့်မယ်"

လင်းဖုန်းသည် သူ၏လက်ကို ဝှေ့ယမ်းလိုက်ကာ ရှောင်ကျန်းအာအား ကြည့်လိုက်သည်။ "မင်းက ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက်ကို ချနိုင်တယ်"

သူ၏ အင်္ကျီလက်စအား ဖော့ယမ်းလိုက်ရာ
ရွှေရောင်အလင်းတန်းများဖြင့်
တောက်ပနေသော အနက်ရောင်
ခါးမြှောင်တစ်ချောင်းသည် သူ၏
လက်အပေါ်တွင် ပေါ်လာခဲ့၏။
ကြီးစိုးလွှမ်းမိုးနိုင်သော အထက်တန်းကျသည့်
ရှေးဟောင်း အာဏာရှင် အငွေ့အသက်သည်
အပြင်သို့ ပျံ့လွင့်လာခဲ့သည်။ ဒါသည်
အင်မော်တယ် ဝိညာဉ် အဆင့်မှ မော်ရတနာ
ရှေးဟောင်း တော်ဝင်ခါးမြှောင် ဖြစ်သည်။

လင်းဖုန်းသည် ထိုရှေးဟောင်း
တော်ဝင်ခါးမြှောင်အား ရှောင်ကျန်းအာအား
သာမန်သာ လှမ်းပေးလိုက်၍ တည်ငြိမ်စွာနှင့်

ပြုံးလိုက်သည်။ "ဒီရတနာဟာ မင်းတို့ ရှေးဟောင်းကေရာဇ် မျိုးဆက်ရဲ့ တရားဝင် ဂိုဏ်းခွဲကနေ အစပြုလာတာ မဟုတ်ပေမဲ့၊ သူ့စွမ်းအား အမွေအနှစ်တွေ ပါနေတယ်။ ဒီရတနာရဲ့ ကူညီမှုနဲ့အတူ မင်းရဲ့ အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံမှုတွေက အခက်အခဲတွေ နည်းပါးသွားလိမ့်မယ်"

အံ့အားသင့်သွားသော ရှောင်ယန်သည် ရှောင်ကျန်းအာအား လှမ်းကြည့်လိုက်ရာ သူမ၏ မျက်နှာပေါ်တွင်လည်း အံ့ဩဝမ်းသာမှုများ ပေါ်လာသည်ကို တွေ့လိုက်ရ၏။ သူမ၏ ဘေးတွင် ရှေးဟောင်းစုတ်တံ အကြီးအကဲသည် ခါးသီးစွာနှင့် ပြုံးနေခဲ့သည်။

"ဒါပေမဲ့ ဆရာသခင်၊ ဒီမော်ရတနာက
ဟိုကောင်... " အံ့အားသင့်
ဝမ်းမြောက်သွားအပြီးတွင် ရှောင်ယန်သည်
အနည်းငယ် ချီတုံချတုံ ဖြစ်သွားခဲ့သည်။

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်၏။
"ကိစ္စမရှိပါဘူး"

သူသည် ရှေးဟောင်း တော်ဝင်ခါးမြှောင်၏
ခါးသွားပေါ်သို့ ပွတ်သပ်လိုက်သည်။ "မင်းက
အခြေတည်ဝိညာဉ် အဆင့်သာ ရှိသေးတဲ့
ကျင့်ကြံသူတစ်ယောက်ရဲ့ အနောက်ကို

လိုက်နေခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက မင်းရဲ့ အရင်သခင်ရဲ့ အမွေအနှစ်တွေကို ရရှိထားပြီး၊ မင်းကို တိုးတက်အောင် လုပ်ပေးမယ်လို့ အပေးအယူ လုပ်ထားလို့ မဟုတ်လား"

ရှေးဟောင်း တော်ဝင်ဓားမြှောင်မှ ကျယ်လောင်စွာနှင့် တဝီဝီ မြည်လာခဲ့ပြီး အသံတစ်ခုက ထွက်လာခဲ့၏။ ထွားကြိုင်းသော သက်လတ်ပိုင်း လူကြီးတစ်ယောက်က စကားပြောနေသည်နှင့် တူနေသည်။
"ဟုတ်ပါတယ်။ ဒီလူက ရှေးဟောင်းကေရာဇ် တံဆိပ်ကို ရရှိနိုင်ခဲ့တယ်။ ကျုပ်က ဒီလူရဲ့

အလားအလာတွေကိုလည်း သဘောကျတာနဲ့
သူ့အနောက်ကို လိုက်ခဲ့တာပါ"

ထိုစကားကို ကြားရသောအခါ
ရှောင်ကျန်းအာနှင့် ရှေးဟောင်းစုတ်တံ
အကြီးအကဲတို့၏ မျက်နှာများပေါ်တွင်
သဘောပေါက်သော အရိပ်အယောင်များ
ပေါ်လာကြသည်။ ရှေးဟောင်းခေတ် အပြီးတွင်
မဟာကျင့်ကြံသူ တစ်ယောက်ကသည်
ရှေးဟောင်းကေရာဇ် ချန်ထားခဲ့သော
မှော်ကျိန်စာ တံဆိပ်ကို ရရှိခဲ့၏။
ထိုတံဆိပ်မှတဆင့် သူသည်
ရှေးဟောင်းကေရာဇ်၏ လမ်းစဥ်ကို

နားလည်ခဲ့ပြီး ဤရှေးဟောင်း
တော်ဝင်ဓားမြှောင်ကို ထုလုပ်ခဲ့ခြင်း ဖြစ်သည်။

ထိုကျင့်ကြံသူ ကွယ်လွန်သွားပြီးနောက်တွင်
ရှေးဟောင်းကေရာဇ် တံဆိပ်နှင့် ရှေးဟောင်း
တော်ဝင်ဓားမြှောင်တို့အား ချန်ထားရစ်ခဲ့သည်။
နောက်ဆုံးတွင် ကျင်းဟွမ်အမတ်က သူတို့အား
ရရှိခဲ့ခြင်း ဖြစ်သည်။

"မင်းက ရှေးဟောင်းကေရာဇ် မျိုးဆက်ရဲ့
တရားဝင် အကိုင်းအခက် အဖြစ်
မရပ်တည်နိုင်ခင်၊ သူမကို အရင်ကူညီရမယ်။
သူမက အင်မော်တယ် ဝိညာဉ် အဆင့်ကို
ရောက်သွားပြီးရင်၊ မင်းကလည်း ပွားစည်းခြင်း

အဆင့်ကို ရောက်နိုင်ဖို့ အခွင့်အရေးတွေ ရှိလာလိမ့်မယ်" လင်းဖုန်းက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။

"တကယ်လို့ မင်းက ကျင်းဟွမ်အမတ်ရဲ့ အနောက်ကိုသာ လိုက်နေလို့ရှိရင်၊ ရှေးဟောင်း ဧကရာဇ်ရဲ့ တာအို အမွေအနှစ် အပြည့်အစုံကို မရနိုင်တဲ့အတွက် မင်းက အမြဲတမ်း သန္ဓေလောင်း အဆင့်မှာပဲ ရပ်နေလိမ့်မယ်"

ရှေးဟောင်း တော်ဝင်ဓားမြှောင်သည် နောက်ထပ် တဝီဝီ အသံများ ထွက်လာခဲ့၍ ပြောလိုက်သည်။ "ကျုပ်က ရှေးဟောင်းဧကရာဇ်ရဲ့ တရားဝင်

မျိုးဆက်တွေရဲ့ အနောက်ကို လိုက်လိုတဲ့ ဆန္ဒရှိပါတယ်။ သူမက အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်သည်ဖြစ်စေ၊ မရောက်သည် ဖြစ်စေ၊ သူမရဲ့ ကျင့်ကြံမှုတွေကို ကူညီပြီး သူမကို သခင်အဖြစ် သတ်မှတ်မှာပါ"

ဘာပဲပြောပြော ကျင်းဟွမ်အမတ်သည် အင်မော်တယ် ဝိညာဉ်အား မဖော်ဆောင်ရသေးပေ။ ရှေးဟောင်း တော်ဝင်ဓားမြှောင်သည် သူ့အား လုံးလုံး အညံ့မခံသေးပေ။ သူတို့သည် အချင်းချင်း အကျိုးအမြတ် ရရှိနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုနှင့်သာ တူနေပေသည်။

အကယ်၍ သူ၏သခင်သည် အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ ဖြစ်ပါက မှော်ရတနာသည် သူတို့နှစ်ဦးအကြားမှ ဆက်သွယ်မှုကို ဖြတ်တောက်နိုင်မည် မဟုတ်ပေ။ ခြွင်းချက်မှာ မဟာယာန အဆင့်မှ မှော်ရတနာက ကပ်ဘေးများကို ကျော်ဖြတ်ကာ ပြန်လည်ဝင်စားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

အင်မော်တယ် ဝိညာဉ် အဆင့်အောက်မှ ကျင့်ကြံသူများ အနေနှင့် သူတို့၏ မှော်ရတနာများသည် ကိုယ်ပိုင်လွတ်လပ်ခွင့် များစွာပို၍ ရှိပေသည်။ သူတို့သခင် အမှတ်အသားများကို ဖျောက်ဖျက်ရန်မှာ

အတန်ငယ် ပြဿနာရှိသော်လည်း
မဖြစ်နိုင်ခြင်း မရှိပေ။

သူ့တွင် ကိုယ်ပိုင် အသိစိတ်များ ရှိနေသည်။
ရှောင်ကျန်းအာအား အနီးကပ်
အကဲခတ်အပြီးတွင် သူမသည်
ရှေးဟောင်းကေရာဇ်၏ တရားဝင် မျိုးဆက်မှ
ဖြစ်၍၊ သူ၏ အမွေအနှစ်နှင့် နည်းစနစ်များကို
ပိုင်ဆိုင်ထားသည်ဟု သိလိုက်သည်။

ထို့အပြင် သူမသည် လျှပ်စီးကပ်ဘေးများကို
လာရောက်ရင်ဆိုင်သည့် ရွှေရောင်ဗဟိုချက်
အဆင့်မှ ကျင့်ကြံသူ တစ်ဦး ဖြစ်သော်လည်း၊
အင်မော်တယ် ဝိညာဉ် အဆင့်မှ

ရှေးဟောင်းစုတ်တံ အကြီးအကဲမှ
လိုက်လံစောင့်ရှောက်ရသူ ဖြစ်သဖြင့် သူမ၏
ကျောထောက်နောက်ခံမှာ တောင့်တင်းသည်ဟု
မှန်းဆနိုင်ခဲ့သည်။

ရှေးဟောင်းကေရာဇ်၏ မျိုးဆက်များသည်
အားမနည်းသွားရုံတင် မကပဲ
တိုးတက်စည်ပင်လာခဲ့သည်။

ထို့ကြောင့် သူသည် ရှောင်ကျန်းအာ
အနောက်သို့ လိုက်သွားပါက ရှောင်ကျန်းအာ
ကိုယ်တိုင်သည် အင်မော်တယ် ဝိညာဥ်
အဆင့်သို့ မရောက်နိုင်လျှင်ပင်၊ သူမ၏

ကလန်တွင် အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ ရှိမည်ဖြစ်သည်။

သို့ဖြစ်၍ ရှေးဟောင်း တော်ဝင်ခေးမြှောင်သည် ရှေးဟောင်းကေရာဇ်၏ တရားဝင် မျိုးဆက်များ ထံသို့ ရောက်သွားပါက၊ သူသည် ပွားစည်းခြင်း အဆင့်သို့ တက်လှမ်းနိုင်ရန် မျှော်လင့်ချက်များ ရှိပေမည်။

အမှန်အတိုင်းပြောရလျှင် သူသည် ကျင်းဟွမ်အမတ်အနောက်သို့ လိုက်ရခြင်း၏ အဓိက အကြောင်းရင်းသည်၊ ကျင်းဟွမ်အမတ်က သူ့အား ရှေးဟောင်းကေရာဇ် တံဆိပ်ကို အသုံးချကာ

ရှေးဟောင်းကေရာဇ်၏ အမွေအနှစ်
အပြည့်အစုံကို လိုက်ရှာပြီး သူ့အား
ထပ်မံတိုးတက်အောင် လုပ်ပေးမည်ဟု
ကတိပြုထားသောကြောင့် ဖြစ်သည်။

ရှေးဟောင်း တော်ဝင်ဓားမြှောင်အား
ကြည့်လိုက်ကာ ရှောင်ကျန်းအာ၏
မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့သည်။
အမှန်အတိုင်းပြောရလျှင် သူမသည် လင်းဖုန်း၏
မှော်ရတနာအား မတပ်မက်ချေ။ သူမသည်
အခြေတည် ဝိညာဉ်ကို ဖန်ဆင်းသွားအပြီး
အိမ်သို့ပြန်လျှင် မှော်ရတနာ တစ်ခုအား
ရရှိနိုင်မည် ဖြစ်၏။

အိမ်တွင် မဟုတ်လျှင်ပင် သူမ အပြင်သို့ ထွက်သည့်အခါတိုင်းတွင် သူမ၏ အကာအကွယ် အဖြစ် မှော်ရတနာ တစ်ခုကို ရရှိနိုင်မည် ဖြစ်သည်။

သူမအနေဖြင့် ပျော်ရွှင်နေခြင်းမှာ ဤသို့ဆိုလျှင် သူမသည် ရောင်ယန်နှင့် အချိန်အနည်းငယ် ပို၍ နေနိုင်မည် ဖြစ်သည်။

ဘေးမှနေ၍ ရှီထျန်းဟောင်က ပျော်ရွှင်စွာနှင့် ပြောလိုက်သည်။ "အစ်ကိုကြီးက အစ်မကျန်းအာကို ကျေးဇူးတင်ရမယ်။ ဆရာက ကျွန်တော်တို့ အခြေတည် ဝိညာဉ် အဆင့်ရောက်မှ မှော်ရတနာ တစ်ခုပေးမယ်လို့

ပြောထားတယ်။ အစ်ကိုကြီးက အခြေတည် ဝိညာဉ် အဆင့်ကို မရောက်သေးပဲ မှော်ရတနာ တစ်ခုကို ရနေပြီ"

ရှောင်ယန်က ရယ်သာရယ်နေခဲ့သည်။ သူ့အား ကြည့်လိုက်ကာ လင်းဖုန်းက ပြုံးလိုက်သည်။ "ဒီရှေးဟောင်း တော်ဝင်ဓားမြှောင်က မင်းနဲ့ သိပ်မသင့်တော်ဘူး။ ဒါကမင်းကို ကျန်းအာမိန်းကလေးရဲ့ ကျင့်ကြံမှုတွေကို ကူညီနိုင်အောင် ယာယီပေးထားတာ။ မင်းက အခြေတည် ဝိညာဉ် အဆင့်ကို ရောက်သွားရင် ဆရာက မင်းအတွက် မှော်ရတနာ တစ်ခုကို သက်သက်ရွေးပေးမယ်"

"အရှင်၊ ကျွန်မကို ကျန်းအာလို့သာ ခေါ်နိုင်ပါတယ်" ရှောင်ကျန်းအာက အလောတကြီး ပြောလိုက်သည်။

သူသည် ရှေးဟောင်းစုတ်တံ အကြီးအကဲဘက်သို့ လှည့်လိုက်သည်။ "အကြီးအကဲ၊ ကျွန်မက အကြာကြီးနေမှာ မဟုတ်ပါဘူး"

ယခုအချိန်တွင် ရှေးဟောင်းစုတ်တံ အကြီးအကဲသည် ရယ်ရမည်လော၊ ငိုရမည်လော မတွေးတတ်တော့ပေ။ "ဒါကဘာများလဲ၊ တင်တောင်းတာတော့ မဟုတ်လောက်ပါဘူးနော်"

လင်းဖုန်းသည် အမှန်တွင် ထိုကဲ့သို့ တွေးနေခြင်း မဟုတ်ပေ။ သူသည် ရှောင်ယန်နှင့် ရှောင်ကျန်းအာတို့က အချိန်အတော်ကြာ ခွဲခွာနေရပြီး၊ ပြန်တွေ့ပြီး မကြာမီတွင် ပြန်ခွဲရမည်ကို မလိုမလား ဖြစ်နေကြသဖြင့် သူတို့၏ ဆန္ဒများကို ဖြည့်ဆည်းခဲ့ခြင်းသာ ဖြစ်သည်။

ဒါသည် တင်တောင်းသည်ဟု ပြော၍မရသော်လည်း မှော်ရတနာ တစ်ပါးသည် ပေါ့သေးသေးတော့ မဟုတ်ပေ။

သို့သော်လည်း လင်းဖုန်း၏ လက်ရှိ ပိုင်ဆိုင်မှုဖြင့်၊ လုယူထားသော သန္ဓေလောင်း အဆင့်မှ မှော်ရတနာ တစ်ပါးအား ဘာမှ သိပ်ဂရုစိုက်စရာ မလိုခဲ့ပေ။ ယခင်က သူ၏ လက်ရင်းတပည့်များ အားလုံးတို့အား မှော်ရတနာ တစ်ပါးစီ ပေးလိုသော ရည်ရွယ်ချက်မှာ၊ ယခုဆိုလျှင် ခက်ခဲသော အရာတစ်ခု မဟုတ်တော့ပေ။

သူ၏ အေးဆေးတည်ငြိမ်နေသော အမူအရာကို ကြည့်လိုက်ကာ ရှေးဟောင်းစုတ်တံ အကြီးအကဲသည် ရင်ထဲမှနေ၍ သက်ပြင်းကျိတ်၍ ချလိုက်သည်။ "မှော်ရတနာ တစ်ပါးကိုတောင် တန်ဖိုးမထားဘူး.. ဒီအံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က
အတော့်ကို အဆင့်အတန်း မြင့်လှပါတယ်"

"အသေးစိတ် အချက်အလက်ကနေပြီး
တစ်ယောက်က အသေအချာ ပြောနိုင်တယ်။
သူနဲ့ သူ့ရဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း..
သူတို့ရဲ့ စွမ်းအားတွေက ကျန်တဲ့သူတွေ
ထင်နေတာထက် အများကြီး ပိုများတယ်။
ဒီလိုမျိုး ပေါ်လွင်ထင်ရှားလှတဲ့
ပုဂ္ဂိုလ်တစ်ယောက်ဟာ အရင်က သူ့အကြောင်း
အချက်အလက်တွေကို ဘာမှမသိခဲ့ရဘူး။ သူက
ဘာအရိပ်အယောင်မှ မပြပဲ ချက်ချင်းကို
ထင်ပေါ်ကျော်ကြားလာခဲ့တယ်။ စဉ်းစားလို့
မရဘူး။ တကယ့်ကို စဉ်းစားလို့ မရဘူး"

လင်းဖုန်းသည် ရှေးဟောင်းစုတ်တံ အကြီးအကဲအား တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "ကျန်းအာက ကျုပ်တပည့်နဲ့ နောက်ဆုံးမှာ ပြန်လည် ပေါင်းစည်းနိုင်ခဲ့တယ်။ သူတို့က မတွေ့ရတာ ကြာပြီ ဖြစ်တဲ့အတွက်ကြောင့် စကားပြောချင်ကြသေးမှာ အမှန်ပဲ။ ခင်ဗျားက စိတ်ပူနေစရာ မလိုပါဘူး။ ကျုပ်က သူမရဲ့ လုံခြုံမှုကို အာမခံပါတယ်"

"ခင်ဗျားကိုတော့ ကျုပ်က မတားတော့ပါဘူး။ ဒါပေမဲ့ ကျုပ်က ရှေးဟောင်း ကေရာဇ်

မျိုးဆက်ရဲ့ လက်ရှိခေါင်းဆောင်ကို အမှာစကား ပါးလိုက်ချင်တယ်"

ထိုစကားအား ကြားရသောအခါ
ရှေးဟောင်းစုတ်တံ အကြီးအကဲနှင့်
ရှောင်ကျန်းအာတို့ နှစ်ယောက်စလုံးတို့သည်
အတန်ငယ် မှင်သက်သွားကြ၏။
ရှေးဟောင်းစုတ်တံ အကြီးအကဲသည်
အမူအရာကို တည်ငြိမ်အောင်
ပြန်ထိန်းလိုက်သည်။ "ကျေးဇူးပြုပြီး ပြောပါ။
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၊
ကျုပ်က သတင်းပြန်ပို့ပေးလိုက်ပါမယ်"

လင်းဖုန်းသည် သူ၏ လက်ကို
ကျောနောက်တွင် ပစ်ထားကာ ဟင်းလင်းပြင်
အပေါ်တွင် တည်ငြိမ်စွာ ရပ်နေခဲ့ပြီး သူ၏
တည်ငြိမ်သော အသံကို ကြားနေနိုင်သည်။
"ရှေးဟောင်းဧကရာဇ်ရဲ့
ကောင်းမှုကုသိုလ်တွေကို လူတွေအားလုံးက
အသိအမှတ်ပြုပြီးမှ ချီးကျူးကြတယ်။
သေမင်းဧကရာဇ်ကို နန်းချပေးပြီး
လူသားမျိုးနွယ်စုတွေကို ဦးဆောင်ပြီး
မိစ္ဆာတွေရဲ့ ကျူးကျော်မှုကို
အနိုင်ယူပေးခဲ့တယ်။ ဒါပေမဲ့ သူက
ဒဏ်ရာအပြင်းအထန် ရရှိခဲ့တဲ့အတွက်
သူတပါးရဲ့ အကောက်ကြံတာကို

ခံလိုက်ရတယ်။ နောင်တရစရာပဲ၊ တကယ့်ကို နောင်တရစရာပဲ"

"ဒါပေမဲ့ လူသားကေရာဇ်တွေရဲ့ အုပ်ချုပ်မှုက ပြန်ပြီးတော့ မရနိုင်တော့ဘူး။ တကယ်လို့ ရှေးဟောင်းကေရာဇ်ကိုယ်တိုင် ဒီကမ္ဘာမှာ ပြန်လည်ဝင်စားခဲ့ရင်တောင် ရလဒ်က အတူတူ ဖြစ်မှာပဲ။ သူ့ရဲ့ လမ်းကြောင်းမှာ တားဆီးနေတဲ့အရာက လူတွေမဟုတ်ဘူး၊ အချိန်ကာလသာ ဖြစ်တယ်"

လင်းဖုန်းက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။
"အချိန်ကာလက ပြောင်းသွားခဲ့ပြီ။ ဒီကနေ့၊ ဒီအချိန်ဟာ ကမ္ဘာဦးခေတ်၊ ရှေးဟောင်းခေတ်

မဟုတ်တော့ဘူး။ လူသားမျိုးနွယ်စုတွေက
ဒီနေ့လိုမျိုး ကြီးပွားတိုးတက်နေကြတာဟာ
လူသားဧကရာဇ် အများစုတို့က ကြီးမားစွာ
ပေးဆပ်မှုတွေ ပြုလုပ်ခဲ့ကြလို့ပဲ ဖြစ်တယ်"

"ဒါပေမဲ့ လူတစ်ဦးတစ်ယောက်က
ကောင်းကင်ကို အုပ်စိုးပြီး၊ တစ်ကမ္ဘာလုံးက
လူတွေအားလုံးကို သူ့အရှေ့မှာ
ဦးညွှတ်စေဖို့ကတော့ မဖြစ်နိုင်တော့ဘူး။
အဲ့ဒီခေတ်တွေက ကုန်ဆုံးသွားခဲ့ပြီး
ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူး"

"ဒါက လူအများတို့ရဲ့ မေ့ပျောက်မှုနဲ့၊
ကျေးဇူးမသိတတ်မှုတွေကြောင့် မဟုတ်ဘူး။

သမိုင်းရေးပြတ်ရဲ့ ရှောင်လွှဲလို့ မရနိုင်တဲ့ ရလဒ်တွေသာဖြစ်တယ်"

ရှေးဟောင်းစုတ်တံ အကြီးအကဲနှင့် ရှောင်ကျန်းအာတို့သည် နှစ်ယောက်စလုံး တိတ်ဆိတ်သွားကြသည်။ အချိန်အတော်ကြာပြီးမှ ရှေးဟောင်းစုတ်တံ အကြီးအကဲက ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ စကားတွေကို ကျွန်တော်က ဘာမှတ်ချက်မှ မပေးလိုပါဘူး။ ဒါပေမဲ့ ဒီစကားတွေကို ကျုပ်တို့ခေါင်းဆောင်ကို သေချာပြန်ပြောပေးလိုက်ပါမယ်"

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်သည်။ "ဒါဆိုရင်တော့ ကျုပ်တို့က ဒီမှာတင် လမ်းခွဲကြတာပေါ့" သူ၏ အကျီလက်စအား ဖွေ့ယမ်းလိုက်ကာ၊ ရှောင်ကျန်းအာ အပါအဝင် သူ့တပည့်များ အားလုံးတို့အား သယ်ဆောင်လိုက်၍ ဟင်းလင်းပြင် အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။ သူတို့သည် ဟင်းလင်းပြင် စစ်တလင်းအား စွန့်ခွာခဲ့ကြကာ မဟာကမ္ဘာမှ နတ်ဘုရားနယ်မြေသို့ ပြန်ရောက်လာခဲ့ကြသည်။

ရှေးဟောင်းစုတ်တံ အကြီးအကဲသည် သူ့နေရာတွင်သာ သူနေခဲ့၏။

ယနေ့ဖြစ်ပျက်ခဲ့သော အရာများ
အားလုံးတို့အား ပြန်တွေးလိုက်ကာ သူသည်
သက်ပြင်းဖွဖွလေး တစ်ချက်အား ချလိုက်သည်။

လင်းဖုန်းသည် ကျန်သောသူများကို ဦးဆောင်၍
ယုကျင်းတောင်သို့ ပြန်ရောက်လာခဲ့သည်။
လမ်းတလျှောက်တွင် သူသည်
ရှောင်ကျန်းအာအား အချိန်ယူ၍
လေ့လာနေခဲ့သည်။ သူမ၏ အမူအရာသည်
အနည်းငယ် ရှုပ်ထွေးနေသောပုံ
ပေါက်နေခဲ့သော်လည်း၊ သူမ၏
စိတ်ခံစားမှုတို့မှာ
တည်ငြိမ်အေးဆေးနေပေသည်။

လင်းဖုန်း၏ ယခင်က စကားများသည် သူမ၏ စိတ်အပေါ်သို့ များစွာ သက်ရောက်မှု မရှိခဲ့ပေ။ သူမသည် တစ်ခါမှပင် သူမကလန်၏ မူလ ရည်ရွယ်ထားသော လမ်းကြောင်းအား အထူး မထောက်ခံနေခဲ့ပေ။

လင်းဖုန်း၏ နှုတ်ခမ်းအစုံသည် အပေါ်သို့ အနည်းငယ် တွန့်သွားခဲ့ပြီး ထိုကိစ္စကို ထပ်မံ၍ အာရုံမစိုက်နေတော့ချေ။ သူ၏ အသိစိတ်အား တင်ပလ္လင်ခွေထိုင်ကာ ကျင့်ကြံနေခဲ့ပြီး ဒဏ်ရာကို အာရုံစိုက်ကာ ကုစားနေခဲ့သည့် ဝမ်လင်းထံသို့ ရွှေ့လိုက်၏။

ရှီထျန်းရီ၏ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းသည်၊ သူ၏ ဒုက္ခရောက်နေသော ရေများအပေါ်မှ တံတားအား ဖျက်ဆီးခဲ့သဖြင့် သူက ဒဏ်ရာ အပြင်းအထန် ရရှိခဲ့ခြင်း ဖြစ်သည်။

"လင်းကလေး၊ မင်းရဲ့ နှလုံးသားကို တည်ငြိမ်အောင် ထားပြီး ပြန်လည်သုံးသပ်လိုက်ပါ။ အဲ့ဒီအထဲက အမှန်တရားတွေကို နားလည်နိုင်ခြင်းဟာ မင်းရဲ့ ဒဏ်ရာတွေကို ပြန်လည်ကုစားနိုင်ရုံသာ မကပဲ၊ မင်းရဲ့ ကျင့်ကြံမှုတွေကိုပါ တိုးတက်စေနိုင်မယ်"

စကားဆုံးသည်နှင့် လင်းဖုန်းသည် သူ၏
လက်ဖြင့် ညွှန်လိုက်ကာ
အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း
ကျမ်းစာအား ဝမ်လင်းထံသို့
လက်ဆင့်ကမ်းပေးလိုက်သည်။

ဝမ်လင်း၏ ခန္ဓာကိုယ်သည်
တုန်ခါသွားခဲ့သော်လည်း ဘာမှ မပြောခဲ့ပေ။
သူသည် ဤကျမ်းစာကို အာရုံစိုက်၍
လေ့လာနေရာ သူ၏ ပတ်ပတ်လည်မှာ
မှော်စွမ်းအင် အော်ရာသည် ပိုမိုကျယ်ပြန့်ကာ
လှိုင်းဝှက်နက်နဲလာခဲ့သည်။

သူ၏ခန္ဓာကိုယ် အတွင်းမှ အလွန်အမင်း
အားကောင်းသည့် စွမ်းအင်များက
ထိုးတက်လာခဲ့သည်။ အရည်အတွက်များ
စုဆောင်းမှုမှ အရည်အသွေး အဖြစ်သို့
ပြောင်းလဲသွားခဲ့ကာ ဝမ်လင်း၏ ကိုယ်ပေါ်တွင်
အံ့အားသင့်ဖွယ် ပြောင်းလဲမှုများ
ပေါ်ပေါက်လာခဲ့၏။

ထိုအရာကို မြင်လိုက်သောအခါ လင်းဖုန်းက
သူ၏ခေါင်းကို ညိတ်လိုက်သည်။
"ကောင်ကလေး၊ မင်းကငါ့ကို
စိတ်မပျက်စေခဲ့ဘူး"

## စာစဉ် ၃၀ : အပိုင်း ၃

## အပိုင်း ၅၅၃ : တချို့က ခေါင်းတလုံး ပိုသာနိုင်တယ်

ဝမ်လင်းသည် တင်ပလ္လင်ခွေ ထိုင်နေခဲ့ပြီး သူ၏ မျက်လုံးများအား တင်းကြပ်စွာနှင့် ပိတ်ထားခဲ့သည်။ သူ၏ ခေါင်းအပေါ်တွင် အဖြူရောင် အလင်းတန်းနှင့် အနက်ရောင် ခတ်ငွေ့တို့ ကခုန်နေကြကာ အလင်းတန်း ပုံရိပ်များ အဖြစ်သို့ ပြောင်းသွားကြသည်။

လင်းလက်နေသော ပုံရိပ်များ အကြားတွင် သမိုင်းများက ပြောင်းလဲသွားကြကာ

ကစဉ့်ကလျား ဖရိုဖရဲ ဖြစ်နေကြသည်။
ခေတ်ကြီးလေးပါး ဖြစ်ကြသော မြေ၊ရေ၊လေနှင့်
မီးတို့သည် ဟိန်းဟောက်နေကြပြီးမှ
နောက်ဆုံးတွင် ငြိမ်သက်ကာ
လိုက်လျောညီထွေ ဖြစ်သွားကြသည်။

ကြည်လင်မှုနှင့် နောက်ကျိမှုတို့သည်
ကွဲပြားသွားကြကာ စကြာဝဠာ
ဖန်ဆင်းခြင်းအား ပြဋ္ဌာန်းနေခဲ့၏။
ကမ္ဘာဦးအစတွင် ကောင်းကင်နှင့် မြေကြီးတို့က
ခွဲခြမ်းသွားသကဲ့သို့ ဖြစ်၏။

ကောင်းကင်နှင့် မြေကြီးတို့က
ကွဲပြားသွားအပြီးတွင် ပုံရိပ်တို့သည် ဆက်လက်

ပေါ်ထွက်လာခဲ့ကာ နောက်ဆုံးတွင် ရောမ တံခါးကြီး အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ထိုတံခါးသည် တစ်ဝက်နက်၊ တစ်ဝက်ဖြူ ဖြစ်၏။ ဘယ်ဘက်ခြမ်းသည် မီးသွေးကဲ့သို့ မည်းနက်နေ၍ ပန်းပုံရုပ်များဖြင့် ပြည့်နေကာ ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။ မိစ္ဆာနှင့် မကောင်းဆိုးဝါးများ၊ စိတ်ဝိညာဉ်နှင့် တစ္ဆေများ၊ ခေါင်းတောင်နှင့် မီးပင်လယ်များ.. ကြောက်မက်ဖွယ်ရာ ငရဲ ဖြစ်သည်။

ညာဘက်ခြမ်းသည် ကျောက်စိမ်းကဲ့သို့ ဖြူဖွေးနေ၏။ သူ့တွင်လည်း ပန်းပုံရုပ်များစွာ ထွင်းထုထား၏။ သစ်ပင်ပန်းမာန်နှင့်

တိရစ္ဆာန်များ၊ ခမ်းနားသော တောင်နှင့်
ကြီးကျယ်သော မြစ်များ၊ လူစုလူဝေးများ…
သူတို့သည် အသက်စွမ်းအင်များဖြင့်
ပြည့်နှက်နေ၍ စည်ကားသက်ဝင်နေသော
လူသားကမ္ဘာအလား ဖြစ်နေခဲ့သည်။

ထိုအရာများကို မြင်ရသောအခါ လင်းဖုန်းသည်
ပြုံးလိုက်ကာ သူ၏ လက်အစုံကို
အသာစုစည်းလိုက်သည်။ စိတ်ဝိညာဉ် စွမ်းအင်
နှစ်တန်းတို့က ထွက်လာခဲ့ပြီး ဝမ်လင်း
ထုတ်ဖော်ပြသနေခဲ့သည့် အလင်းပုံရိပ်များ၏
အပေါ်သို့ ကျရောက်သွားခဲ့၏။

အလင်းတန်း တစ်တန်းသည်
သေမင်းခတ်ငွေ့ကျောက်တုံး၏
လမင်းဖျက်ဆီး သေမင်းခတ်ငွေ့ ဖြစ်ပြီး၊
အခြားတစ်ခုမှာ လင်းဖုန်း၏ မှော်ရတနာ
ဖြစ်သော ကြမ္မာပန်းတိုင် ခေါင်းလောင်း၏
ပထမ ပြောင်းလဲခြင်း ဖြစ်သည့်
အသက်ဖန်ဆင်းခြင်း တံခါးမှ ထွက်ပေါ်လာခြင်း
ဖြစ်သည်။

ထိုအစွန်းနှစ်ဘက် စွမ်းအားမှာ ယင်-ယန်
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ၏
ပြောင်းလဲခြင်း ခြောက်မျိုးအနက်မှ ရှင်ခြင်းနှင့်
သေခြင်းတို့၏ ပြောင်းလဲခြင်းမှ
ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထိုစိတ်ဝိညာဉ် စွမ်းအင် နှစ်တန်း၏
ကူညီမှုကြောင့် ဝမ်လင်းသည် သူ၏
တွက်ချက်ခြင်းအား လျှင်မြန်စွာနှင့်
အဆုံးသတ်နိုင်ခဲ့သည်။ ကျယ်လောင်စွာ
မြည်ဟည်းသံနှင့်အတူ အနက်တစ်ဝက်
အဖြူတစ်ဝက် တံခါးသည် ဝုန်းကနဲ
ပွင့်သွားခဲ့သည်။

ထိုတံခါး ပွင့်သွားခဲ့ခြင်းနှင့် အတူ ပြီးပြည့်စုံသည်
ကမ္ဘာငယ်လေး တစ်ခုသည်၊ ထိုအလင်းတန်း
ပုံရိပ်တို့၏ အတွင်းတွင် ပေါ်လာခဲ့ပြီး
အသေးစိတ် ကျလှသည့်
အသက်စွမ်းအားများနှင့် တူနေခဲ့၏။

ပုံရိပ်များ၏ လင်းလက်နေခြင်းနှင့်အတူ ကမ္ဘာကြီးသည် သေမင်း၏ ငရဲနှင့် လူတို့၏ ကမ္ဘာ အသွင်သို့ တလှည့်စီ ပြောင်းနေခဲ့သည်။

လင်းဖုန်းသည် ပြုံးလိုက်၍ တစ်ချက်ကြည့်လိုက်ရာ ထိုကမ္ဘာငယ်လေး၏ အတွင်းတွင် အသွင်သဏ္ဌာန် မပေါ်သေးသည့် နောက်ထပ် တံခါးပုံစံ ရေးရေးလေးကို တွေ့လိုက်ရသည်။

"ဒီတံခါးက အဆုံးသတ် မဟုတ်သေးဘူး" လင်းဖုန်း၏ အသိစိတ်အတွင်းတွင် ဝုန်းကနဲ

ကျယ်လောင်စွာ ပြည့်သွားခဲ့ကာ အလင်းတန်း ပုံရိပ်များ ပေါ်လာခဲ့သည်။ ဝမ်လင်းကဲ့သို့ သေခြင်းနှင့် ရှင်ခြင်း ကမ္ဘာငယ်တစ်ခု ပေါ်လာခဲ့၏။ သို့သော်လည်း ဒါသည် ဝမ်လင်း၏ မူလနည်းစနစ် အသစ်ကို သူ၏ ကိုယ်ပိုင် မှော်စွမ်းအင်များဖြင့် ပုံတူတွက်ချက် တည်ဆောက်ထားခြင်း ဖြစ်သည်။

သူသည် အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်နေခဲ့ပြီး၊ အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာကလည်း သူတီထွင်ထားခြင်း ဖြစ်သည်။ ဖြစ်နိုင်ခြေပေါင်း သန်းနှင့်ချီ၍ ရှိခဲ့သော်လည်း သူသည် ဝမ်လင်း၏ နည်းစနစ်အား

တစ်ချက်ကြည့်ရုံမျှဖြင့် အသေးစိတ် သိနိုင်ခဲ့သည်။

လင်းဖုန်းသည် ဤနည်းစနစ်အား ကျင့်ကြံနေခြင်း မဟုတ်ပေ။ သူ၏ ကိုယ်ပိုင် မှော်စွမ်းအင်ဖြင့် တွက်ချက်နေခြင်းသာ ဖြစ်၏။ "အင်း၊ ဒီရှင်ခြင်းနဲ့သေခြင်း ကမ္ဘာငယ်ရဲ့ အဆုံးမှာ နောက်ထပ် တံခါးတစ်ခုရှိတယ်။ အဲ့ဒီတံခါး ပွင့်သွားပြီးရင် နောက်ထပ် ကမ္ဘာငယ်တစ်ခု ထပ်ရှိနေတယ်။ စုစုပေါင်း တံခါးလေးခု၊ ကမ္ဘာလေးခု ရှိကြတယ်"

သူ၏ တပည့်များသည် အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာအား

လေ့လာအပြီးတွင် ကွဲပြားခြားနားသော
အတွေးအမြင်များကို ရရှိခဲ့ကြသည်။
ရှောင်ယန်နှင့် ဇူရီတို့သည် တူညီကြကာ
အတွင်းမှ အပြင်သို့ ထွက်လာခြင်းဖြစ်သည်။
ရှီထျန်းဟောင်မှာမူ
နောက်ထပ်နည်းလမ်းဖြစ်သည့် အပြင်မှ
အတွင်းသို့ ဝင်ရောက်ခဲ့သည်။

သို့သော်လည်း ပြောရလျှင်
သူတို့သုံးယောက်သား ထုတ်ဖော်ခဲ့သည့်
မှော်ကျိန်စာတွင် ထူးခြားသော အသွင်သဏ္ဍာန်
လေးမျိုးစီ ရှိကြသည်။ နည်းစနစ်များသည်
အချင်းချင်း ဆက်စပ်နေသောလည်း
ထူးခြားကွဲပြားကြ၏။

သို့သော်လည်း ဝမ်လင်းသည် နောက်ထပ်
နည်းလမ်းတစ်ခုကို ဖော်ဆောင်ခဲ့သည်။
ကောင်းကင်တံခါး လေးချပ်နှင့်
ကမ္ဘာလေးခုတို့သည် တစ်ဆက်တည်း
ဖြစ်ကြသည်။ တစ်ယောက်သည်
တစ်ဖြောင့်တည်း ဆက်လျှောက်သွားရမည်
ဖြစ်၏။ ပထမတံခါးကို ဖွင့်ပြီးမှသာ ဒုတိယ
တံခါးထံသို့ ရောက်ရှိမည် ဖြစ်၏။
ခြေလှမ်းလေးလှမ်း ကွဲသို့ပင် ဖြစ်၏။

ခြေတစ်လှမ်း လှမ်းပြီးသွားလျှင် မြင်ကွင်းများက
ပြောင်းသွားမည် ဖြစ်သည်။

ရှောင်ယန်နှင့် ကျန်သောသူများနှင့်
နှိုင်းယှဉ်လိုက်လျှင် သူတို့တွင် မည်သူက
ပိုသာသည်ဟု ပြော၍မရပေ။
သူတို့အားလုံးတို့သည် အရင်းအမြစ်
တစ်ခုတည်းမှ လာခဲ့ခြင်း ဖြစ်သည်။ တာအိုတွင်
လမ်းကြောင်းပေါင်း တစ်သန်းရှိသည်။
သို့သော်လည်း သူတို့အားလုံးတို့သည်
နောက်ဆုံးတွင် တစ်နေရာတည်းသို့
စုစည်းသွားမည် ဖြစ်၏။

လင်းဖုန်း၏ အကူအညီနှင့်အတူ ဝမ်လင်းသည်
သူ၏ ပထမ ကမ္ဘာငယ်အား အောင်မြင်စွာနှင့်
ထုလုပ်နိုင်ခဲ့သည်။ သူ၏ မျက်လုံးများကို
ဖွင့်လိုက်ရာ သူငယ်အိမ်များ အတွင်းမှ

အေးစက်သော အလင်းရောင်များ ထွက်လာခဲ့သည်။

လင်းဖုန်းသည် သူ့အား စိုက်ကြည့်နေခဲ့ကာ ခေါင်းငုံ့ကာ ပြုံးလိုက်သည်။ "မဆိုဘူး၊ လုံးဝမဆိုးဘူး။ လင်းကလေး၊ ကြည့်ရတာ မင်းက ခေါင်းတစ်လုံး ပိုသာသွားတော့မယ်နဲ့ တူတယ်"

ဝမ်လင်း၏ မျက်နှာတွင်လည်း အပြုံးတစ်ခု ပေါ်လာခဲ့သည်။ "အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာကို လေ့လာပြီးတော့၊ ကျွန်တော်က ဉာဏ်အလင်းပွင့်သွားသလိုမျိုး ခံစားခဲ့ရတယ်"

"ဒါကလည်း မင်းရဲ့ အရင်က အခြေခံတွေက
အမတန်ကို ခိုင်ခံ့နေခဲ့လို့ပဲ ဖြစ်တယ်"
လင်းဖုန်း၏ နှုတ်ခမ်းများသည် ပြုံးနေဆဲဖြစ်၏။

သူတို့စကားပြောနေရင်း သူတို့သည်
ယုကျင်းတောင်ပေါ်သို့
ပြန်ရောက်လာခဲ့ကြသည်။

တောင်ထိပ်သို့ ရောက်သွားသောအခါ
လင်းဖုန်းသည် သူတို့အားလုံးတို့အား
အကျီလက်စကို ဝှေ့ယမ်းလိုက်ပြီး
ထုတ်လွှတ်လိုက်သည်။ မြေပြင်ပေါ်သို့

ရောက်လာကြအပြီးတွင် ရှောင်ယန်နှင့် ကျန်သောသူများသည် သူတို့၏ အရှေ့မှ မြင်ကွင်းအား ကြည့်လိုက်ကာ အတန်ငယ် အံ့အားသင့်သွားကြသည်။

ခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသည့် ဆယ်ကျော်သက် တစ်ယောက်သည် သူတို့၏ အရှေ့တွင် ရောက်နေခဲ့ကာ အပြုံးတစ်ချက်ဖြင့် ကြိုဆိုနေပြီး ဦးညွှတ်လိုက်သည်။
"ပြန်လာတာကို ကြိုဆိုပါတယ်၊ ဆရာသခင်နဲ့ စီနီယာတို့ ခင်ဗျား"

ထိုခရမ်းရောင် ဝတ်စုံနှင့် ဆယ်ကျော်သက်သည် ယုကျင်းတောင်ပေါ်တွင် ကျန်နေခဲ့သော

ယန်ချင်ဖြစ်၏။ သူ၏အနောက်တွင် သေသပ်စွာ တန်းစီနေကြသော ဒုတိယမျိုးဆက်မှ တပည့်များတို့သည် လင်းဖုန်းနှင့် ကျန်သောသူများထံသို့ ဦးညွှတ်လိုက်ကြသည်။

"ကြိုဆိုပါတယ်၊ ဂရန်းမာစတာ"

"ကြိုဆိုပါတယ်၊ ဆရာ၊ ဂိုဏ်းတူဦးလေးတို့"

လင်းဖုန်းသည် သူတို့အား အပြုံးဖြင့် ကြည့်လိုက်ကာ ဖွဖွလေး ရယ်လိုက်သည်။ "ကဲ၊ အားလုံးပဲ ထကြပါ"

သူ၏ ပုံသဏ္ဌာန်သည် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့ကာ လေထုအတွင်းမှ သူ၏ အသံသာ ကြားနေရသည်။ "နောက်မှ ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာမှာ ငါ့ကိုလာရှာ"

အားလုံးတို့သည် လင်းဖုန်း ထွက်ခွာသွားသည့် နေရာသို့ ရိုသေစွာနှင့် အလေးတကြီး ဦးညွှတ်လိုက်ကြသည်။

ပြီးနောက် ဝမ်လင်းသည် ယန်ချင်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ယန်ချင်၏ မျက်နှာပေါ်တွင် အရှက်ရသည့် အမူအရာများ

အနည်းငယ် ပေါ်လာခဲ့သည်။ "တတိယ
စီနီယာက အတော် ဒုက္ခရောက်သွားခဲ့တယ်"

ဝမ်လင်းက ဟင်းလင်းပြင် စစ်တလင်း
အတွင်းသို့
ဝင်ရောက်ပျောက်ကွယ်သွားကတည်းက
ယန်ချင်သည် သူ့ကိုယ်သူ အပြစ်တင်နေခဲ့သည်။
ယုကျင်းတောင်သို့ ပြန်လာအပြီးတွင် သူသည်
ကျင့်ကြံမှုကို နှစ်ဆတိုး၍ လေ့ကျင့်နေခဲ့သည်။
အနည်းငယ်ပိုသော အချိန်လေးတွင် သူသည်
ဝမ်လင်းအား စိုးရိမ်ပူပန်နေခဲ့ခြင်း ဖြစ်သည်။

ဝမ်လင်းသည် သူ့အားကြည့်လိုက်ကာ
သူ၏ခေါင်းကို ခါလိုက်ပြီး လေးနက်စွာနှင့်

ပြောလိုက်သည်။ "မဟုတ်ဘူး၊ နံပါတ်ငါး ဂျူနီယာ၊ ငါကမင်းကို ကျေးဇူးတင်ရမှာ"

လင်းဖုန်းပြောခဲ့သည့်အတိုင်း ထိုနေ့က ယန်ချင်၏ ဝမ်လင်းမိဘများနှင့် ကလန်ကို ကယ်တင်ရန် ဆုံးဖြတ်ချက်သည်၊ ဝမ်လင်းအား ယန်ချင်ကို ကျေးဇူးတင်မိစေခဲ့သည်။

ယန်ချင်သည် ပြီးနောက် ရှောင်ယန်နှင့် ကျန်သောသူများအား နှုတ်ဆက်လိုက်သည်။ ရှီထျန်းဟောင်က ရယ်လိုက်ကာ နောက်လိုက်သည်။ "နံပါတ်ငါး စီနီယာ၊ ခုနက စီနီယာက 'ဆရာနဲ့ စီနီယာတို့ကို

ကြိုဆိုပါတယ်'လို့ ပြောလိုက်တာ၊ ကျွန်တော့်ကို မကြိုဆိုတဲ့ သဘောလား"

"ဘယ်ဟုတ်မလဲ" ယန်ချင်သည် အနည်းငယ် ပြုံးလိုက်သော်လည်း ဆက်ပြီးမှ မရှင်းပြနေခဲ့ချေ။ သူဖြစ်စေ၊ ယွဲ့ဟုန်ယန် ဖြစ်စေ၊ သူတို့ နှစ်ယောက်စလုံးတို့သည် ရှီထျန်းဟောင်အား နာမည်တပ်၍သာ ခေါ်ကြ၏။ ဂျူနီယာဟု တစ်ခါမှ မခေါ်ခဲ့ပေ။ သူတို့ နှစ်ဦးစလုံး၏ ရင်ထဲတွင် ရှီထျန်းဟောင်သည် စီနီယာနှင့် တူပေသည်။

သူတို့သည် နှုတ်ဆက်ကြကာ စကားစမြည် ပြောကြအပြီးတွင် လက်ရင်းတပည့်များသည်

ဒုတိယမျိုးဆက် တပည့်များကို ကြည့်လိုက်ကြသည်။ ပထမဆုံး အတန်းတွင် တရားဝင်တပည့် ခြောက်ယောက်တို့ ရပ်နေကြသည်ကို တွေ့လိုက်သည်။ လီရှင်းဖေး၊ ရှုယွင်စန်း၊ ယင်းလော်ရှု၊ လျိုရှုဖုန်းနှင့် ဖက်တီး ယန်ဂူဝေနှင့် ရှောင်ဟွမ်းကျိတို့ ဖြစ်ကြ၏။

တမင်သက်သက် ဖြစ်စေ၊ မသိစိတ်နှင့် ဖြစ်စေ၊ လီရှင်းဖေးသည် သူတို့အတွင်းတွင် အထင်ပေါ်ဆုံး နေရာတွင် ယူထားခဲ့သည်။

ယခုအချိန်တွင် လင်းဖုန်း၏ တိုက်ရိုက်ထုတ်လွှတ် ပြသမှု စွမ်းရည်မှာ အတော်ကို တိုးတက်နေခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ဟင်းလင်းပြင် စစ်တလင်း
အတွင်းတွင် မော်စွမ်းအင် ထုတ်လွှင့်မှုမှာ
ခက်ခဲသဖြင့် တိုက်ရိုက်ထုတ်လွှင့်
မပြသနိုင်ခဲ့ပေ။ ထို့ကြောင့်သူသည် သူ၏
မော်စွမ်းအင်ဖြင့် ဝမ်လင်းနှင့် ရှီထျန်းရီတို့၏
တိုက်ပွဲမှ ပုံရိပ်များကို ဖမ်းယူထားခဲ့သည်။

ဟင်းလင်းပြင် စစ်တလင်းမှ ထွက်လာအပြီးတွင်
လင်းဖုန်းသည် ပြန်လာနေသော
လမ်းတလျှောက်တွင်၊ ဝမ်လင်းနှင့်
ရှီထျန်းရီတို့၏ တိုက်ပွဲ အစအဆုံးအား
ယုကျင်းတောင်ပေါ်တွင် ထုတ်လွှင့်ပြသခဲ့သည်။

လူအုပ်ကြီးသည် လွန်စွာမှ မှင်သက်ရှုမောဖြစ်နေကြ၍ သူတို့၏ မျက်လုံးများကို ပုံရိပ်များပေါ်မှ မခွာနိုင်ကြပေ။ သူတို့သည် ယခုမှသာ အေးစက်၍ စကားနည်းကာ တစ်ခါတစ်ရံမှ တွေ့ရသည့် သူတို့၏ တတိယ ဂိုဏ်းတူဦးလေးသည် ဤမျှကြမ်းသောသူ ဖြစ်မှန်းကို သိခဲ့ရ၏။

ဝမ်လင်းသည် ပုံမှန်ဆိုလျှင် သူ၏ကိုယ်ပိုင် ကျင့်ကြံမှု အပေါ်တွင်သာ အာရုံစိုက်နေခဲ့၍ သူ၏ နေရာတွင်သာ အိမ်တွင်းအောင်းနေခဲ့ကာ အပြင်သို့ ထွက်ခဲလှ၏။ ထို့အပြင် သူသည် ယုကျင်းတောင်ပေါ်မှ အချိန်ကြာမြင့်စွာ ထွက်သွားခဲ့သည်။

ကျန်သော တပည့်များ၏ စိတ်အတွင်းတွင် သူသည် ထင်ရှားသောသူတစ်ယောက် မဟုတ်ချေ။ အချို့သည်ပင် နောက်ကွယ်တွင် လီရှင်းဖေးသည် ဆရာမရှိသောသူနှင့် တူနေသည်ဟု တိတ်တိတ်လေး သရော်နေကြသေး၏။

လီရှင်းဖေးသည် ချောမောလှပ၍ ပင်ကိုစွမ်းရည် ကောင်းမွန်သော်လည်း၊ သူမသည် လူတိုင်းကို နွေးထွေးနိမ့်ချစွာဖြင့် ဆက်ဆံခဲ့သဖြင့် နာမည်ကျော်သူ တစ်ယောက် ဖြစ်သည်။ ထို့ကြောင့် လူအများသည် သူမက ဆရာအရွေးမှားသွားသည်ဟု

သနားနေကြသည်။ အခြားဆရာတစ်ယောက်ကို ရွေးလိုက်ပါက သီးသန့်နေတတ်ကာ တွေ့ရခဲလှသည့် ဝမ်လင်းထက် သာမည်ဟု ထင်နေကြ၏။

သို့သော်လည်း ယခုအချိန်တွင် ဝမ်လင်းသည် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများအား လက်ညှိုးတစ်ချက် ညွှန်ရုံဖြင့် သတ်နိုင်ခဲ့ပြီး၊ ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် နာမည်ကြီး ရှီထျန်းရီအား ရင်ဆိုင်ရာတွင် အသာစီးမှ တိုက်ခိုက်နိုင်ခဲ့သဖြင့် သူသည် ရုတ်ခြည်းပင် သူတို့၏ လေးစားအားကျမှုကို ရယူသွားနိုင်ခဲ့သည်။

ပြန်လာသော ဝမ်လင်းနှင့် အဖွဲ့တို့အား ကြိုဆိုရာတွင် သူတို့သည် မသိမသာနှင့် အဓိကနေရာကို လီရှင်းဖေးအား ပေးထားခဲ့သည်။

ထိုအရာကို မြင်လိုက်ရသော ရှောင်ယန်၊ ရှီထျန်းဟောင်နှင့် ယွဲ့ဟုန်ယန်တို့ကလည်း အချင်းချင်း ကြည့်လိုက်ကြကာ ရယ်လိုက်ကြပြီး ဝမ်လင်းအား အလယ်မှထား၍ ဝန်းရံလိုက်ကြသည်။

ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ
အခက်အခဲများ အတွင်းတွင်
သေမင်းလမ်းကြောင်း အပေါ်၌
လျှောက်လှမ်းနေခဲ့ရသည့် သူတို့၏
ဂိုဏ်းတူညီအစ်ကိုသည် နောက်ဆုံးတွင်
ပြန်ရောက်လာခဲ့ပြီ ဖြစ်သည်။ ဒါသည်
ဝမ်းသာရမည့် အခိုက်အတန့် ဖြစ်၏။

ဝမ်လင်းသည် သူတို့ သုံးယောက်အား
ကြည့်လိုက်ပြီး သူ၏အရှေ့မှ လီရှင်းဖေးနှင့်
အခြား တပည့်များအား ကြည့်လိုက်သည်။ သူ၏
မျက်နှာပေါ်တွင် နွေးထွေးမှုတစ်ရပ်
ပေါ်လာခဲ့ကာ အေးခဲနေမှုများ
အရည်ပျော်သွားခဲ့၏။

ဟင်းလင်းပြင် စစ်တလင်းမှ
ထွက်ခွာလာအပြီးတွင် ဝမ်လင်း၏
ခလေ့စရိုက်သည် ဖြည်းဖြည်းချင်း
ပြောင်းလဲလာခဲ့သည်။ အသက်ကင်းမဲ့ကာ
ကြမ်းတမ်းမနေတော့ပဲ အေးဆေးတည်ငြိမ်ကာ
သဘာဝ အနေအထားသို့
ပြန်ရောက်လာခဲ့သည်။

သူ၏ တာအိုနှင့် နည်းစနစ်တို့မှာလည်း
နောက်ထပ် အဆင့်တက်သွားပြီ ဖြစ်၏။ သူ၏
ထိန်းချုပ်နိုင်စွမ်းတို့မှာလည်း
တိုးတက်လာခဲ့သည်။ သူ၏ နှလုံးသားနှင့်
စိတ်အခြေအနေတို့သည်

ပြောင်းလဲသွားခဲ့သော်လည်း သူ၏ စွမ်းအားနှင့် ကျင့်ကြံမှု အပေါ်တွင် အကျိုးသက်ရောက်မှု မရှိခဲ့ပေ။

"ဒါတွေက မင်းတို့အတွက် ဖြစ်တယ်" ဝမ်လင်းသည် လီရှင်းဖေးနှင့် ကျန်သောသူများအား ကြည့်လိုက်သည်။ ခေတ္တစဉ်းစား အပြီးတွင် သူသည် ဘာမှမပြောပဲ ငရဲကမ္ဘာ ပုတီးလုံး အတွင်းမှ ကျောက်စိမ်းသလင်းကျောက်များ တစ်ရာနီးပါးခန့်အား ထုတ်ယူလိုက်၏။

ထိုသလင်းကျောက်များသည် ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ ပစ္စည်းများ ဖြစ်ကြ၏။

သူတို့သည် ကျင့်ကြံမှုကို များစွာ အထောက်အကူ ပြုနိုင်ကြ၏။ အထူးသဖြင့် အဆင့်နိမ့် ကျင့်ကြံသူများ အပေါ်တွင် ဖြစ်၏။

ယခုအချိန်တွင် တပည့်များသည် ဝမ်လင်း၏ သွေးနှင့်သံတို့ဖြင့် တိုက်ခိုက်ခဲ့သည့် တိုက်ပွဲကြောင့် တက်ကြွနေခဲ့ကြသည်။ သူ၏ သလင်းကျောက်များကို ယူလိုက်အပြီးတွင် သူတို့သည် ပို၍ ပျော်ရွှင်လေးစားလာကြ၏။

ဝမ်လင်းက သူတို့အား ကြည့်လိုက်ကာ ခေါင်းညိတ်လိုက်သည်။
"ကောင်းကောင်းကျင့်ကြံကြ"

သူ၏အကြည့်သည် လီရှင်းဖေး အပေါ်သို့ ကျရောက်သွားခဲ့သည်။ သူမ၏ ကိုယ်တွင်းမှ စိတ်ဝိညာဉ် စွမ်းအင် စီးဆင်းမှုအား အကဲခတ်ပြီးနောက်တွင် ပြောလိုက်၏။ "လမ်းကြောင်းတစ်ခုက လွဲမှားနေတယ်။ ပြုပြင်ဖို့ ကြိုးစားပါ"

လီရှင်းဖေးက ခေါင်းညိတ်ကာ နာခံလိုက်သည်။ "ကျွန်မက အလောတကြီးနဲ့ ကျင့်ကြံမိပါတယ်"

ဝမ်လင်းက ခေါင်းညိတ်လိုက်သည်။ "ဒီအချိန်ကစပြီး ငါက ယုကျင်းတောင်ပေါ်မှာ

အချိန် အတော်များများ ရှိနေမယ်။ မင်းမှာ မေးစရာရှိရင် အချိန်မရွေး လာရှာနိုင်တယ်"

ခေတ္တမျှ ငြိမ်သွားပြီး သူက ဖြည်းညင်းစွာ ဆက်ပြောလိုက်သည်။ "ငါမရှိတဲ့ အချိန်တွေမှာ မင်းက ဒုက္ခအတော်ရောက်ခဲ့တယ်"

လင်းဖုန်းက သူ့အား သူ၏ မိဘများသည် တောအုပ်ဗိမာန်တွင် နေထိုင်လျှက် ရှိသည်ကို ပြောပြပြီး ဖြစ်၏။ နေ့တိုင်းတွင် လီရှင်းဖေးက သူတို့အား ပြုစုစောင့်ရှောက်ပေးခဲ့ခြင်း ဖြစ်သည်။ သူ၏ စီနီယာနှင့် ဂျူနီယာများကလည်း မကြာခဏ

လာရောက်ကြည့်ရှုပေးကြသည်။
အကြိမ်အများဆုံးမှာ ယန်ချင်ဖြစ်၏။

"ဆရာက လိုအပ်နေတဲ့ အချိန်မှာ တပည့်က
ကူညီပေးရမှာပေါ့။ ဒါက ကျွန်မရဲ့ တာဝန်
တစ်စိတ်တစ်ပိုင်းပါပဲ" လီရှင်းဖေးက
အလောတကြီး ပြန်ပြောလိုက်၏။

ဝမ်လင်းက ခေါင်းညိတ်လိုက်သည်။
"တောအုပ်ဗိမာန်ကို အရင်ပြန်နှင့်။ မင်းရဲ့
စိတ်ဝိညာဉ် စွမ်းအင်ကို အားဖြည့်ပြီး
မှော်ကျိန်စာတွေကို လေ့ကျင့်နေ"

ရှောင်ယန်နှင့် ကျန်သောသူများကလည်း သူတို့၏ တပည့်အသီးသီးကို နှုတ်ဆက်လိုက်ကြပြီး လူစုကွဲစေခဲ့သည်။

ပြီးတာနှင့် သူတို့သည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာသို့ သွားခဲ့ကာ လင်းဖုန်းနှင့် သွားတွေ့ခဲ့ကြသည်။

သူတို့လျှောက်လာကြရင်းနှင့် ရှောင်ကျန်းအာက ရှောင်ယန်အား ကြည့်လိုက်ကာ ရယ်လိုက်သည်။ "ကိုကိုရှောင်ယန်က အခုဆိုရင် ဆရာဖြစ်သွားခဲ့ပြီ။ ကိုကို့ရဲ့ တပည့်နှစ်ယောက်ကလည်း အတော့်ကို ထူးချွန်လှပါတယ်'

ရှောင်ယန်၏ မျက်နှာပေါ်တွင် အပြုံးတစ်ချက် ပေါ်လာခဲ့၏။ "ပိန်ပိန်နဲ့ တစ်ယောက်က တော်ပါသေးတယ်။ ဖက်တီးကတော့ စကားအတော်များပြီး စိတ်လှုပ်ရှားလွယ်တယ်။ သူ့ရဲ့ စိတ်အခြေအနေက မရင့်ကျက်သေးဘူး"

ရှောင်ကျန်းအာ၏ အပြုံးသည် ပို၍တောက်ပလာသည်ကို ကြည့်လိုက်ကာ သူက သုန်မှုန်စွာဖြင့် ပြောလိုက်သည်။ "ငါက နင်ဘာဖြစ်လို့ ပြုံးနေသလဲ ဆိုတာကို သိပါတယ်။ ငါကိုယ်တိုင်ကိုက တည်ငြိမ်မှု မရှိသေးပဲ သူများတွေကို သင်ပြနေရတော့ သူတို့ကို လမ်းလွဲစေခဲ့သလား"

ရှောင်ကျန်းအာသည် သူမ၏ လက်တို့အား ကျောနောက်တွင် ပစ်ထားခဲ့ကာ သူမ၏ ရယ်သံ လွင်လွင်လေးအား ကြားနိုင်ခဲ့သည်။
"ကျန်းအာက ဘယ်တော့ကမှ ဒီလို မပြောခဲ့ပါဘူး။ ဒါပေမဲ့ ဟုတ်တယ်၊ ကိုကိုရှောင်ယန်က ပိုပိုပြီးတော့ ကိုယ့်အကြောင်းကိုယ် သိလာပြီ"

"သိပ်တော်နေတယ် ဟုတ်လား"
ရှောင်ယန်သည် သူမ၏ နှာခေါင်းအား သူ၏လက်ညှိုးဖြင့် ဖွဖွလေး တို့လိုက်သည်။
"ဒါပေမဲ့ ဆရာလုပ်ရတာကို ပြောရရင်၊ ငါကတော့ တကယ့်ကို မလုပ်တတ်သေးပါဘူး"

ရှောင်ကျန်းအာသည် အနည်းငယ်
ရှက်သွေးဖြန်းသွားခဲ့၏။ ထိုအမူအရာသည်
သူတို့ ငယ်စဉ်ဘဝက ဆော့ကစားနေချိန်တွင်
လုပ်နေကြဖြစ်ရာ အကျင့်ပါနေပြီ ဖြစ်သည်။
ရှောင်ယန်ကလည်း သာမန်သာ
လုပ်လိုက်ခြင်းဖြစ်သည်။

သို့သော်လည်း ဝမ်လင်း၊ ယွဲ့ဟုန်ယန်နှင့်
ကျန်သောသူများ အရှေ့တွင် ဖြစ်ရာ သူတို့သည်
ရိုးသားပွင့်လင်းသူများ ဖြစ်ကြသော်လည်း၊
သူမအနေနှင့် အနည်းငယ် ကသိကအောက်
ဖြစ်သွားခဲ့သည်။

ထိုအချိန်တွင် ရှောင်ယန်ကလည်း သတိပြုမိသွားခဲ့ကာ ချောင်းခြောက်တစ်ချက်ကို ဟန်ဆောင်ဆိုးလိုက်ကာ ဘေးသို့ ခိုးကြည့်လိုက်သည်။

ဝမ်လင်း၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည် ပြုံးစိစိ ဖြစ်နေကြသော်လည်း၊ သူတို့သည် ခေါင်းကို ဘေးသို့ လှည့်ထားကြကာ မမြင်ချင်ယောင်ဆောင်နေကြ၏။

ရှီထျန်းဟောင် တစ်ယောက်သာလျှင် တောက်ပသော မျက်လုံးအစုံကို ပြူးထားခဲ့သည်။ သူသည် ပြောင်ပင် စိုက်ကြည့်နေရုံတင် မကပဲ မျက်နှာကြီးက

စပ်ဖြိုးဖြိုး ဖြစ်လာခဲ့သည်။ ရှောင်ယန်က သူ့ဘက်သို့ လှည့်ကြည့်လာသည်ကို တွေ့လိုက်ရသော လက်ခုပ်လက်ဝါးတီးကာ ရယ်လိုက်သည်။ "အစ်ကိုကြီးက မိုက်တယ်ဗျာ"

## စာစဉ် ၃၀ : အပိုင်း ၄

## အပိုင်း ၅၅၄ : ရင့်ကျက်လာသော တပည့်များ

ရှောင်ယန်သည် ရှီထျန်းဟောင်အား ကြည့်လိုက်ကာ စိတ်အနှောင့်အယှက် ဖြစ်ခဲ့သလို တစ်ချိန်တည်းတွင် ရယ်ချင်နေခဲ့၏။ သူသည် ရှောင်ကျန်းအာဘက်သို့

လှည့်ကြည့်လိုက်ကာ ပြောလိုက်သည်။
"ကျန်းအာ၊ ဟိုတုံးက ချစ်စရာကောင်းတဲ့
ကောင်ကလေးက အခုဆိုရင်
ရွှတ်နောက်နောက်နဲ့ ငပျင်းကောင်လေး
ဖြစ်လာမယ်လို့ ထင်မထားခဲ့ဘူးမလား"

ရှောင်ကျန်းအာနှင့် ရှီထျန်းဟောင်တို့၏
မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့သည်။
သူတို့၏ မျက်လုံးများတွင် အတိတ်ကို
သတိရသည့် အရိပ်အယောင်များ
ပေါ်လာကြ၏။

သူတို့ ပထမဆုံး ဆုံစည်းခဲ့ကြသည့် နေရာမှာ
လင်းဖုန်းက ရှောင်ယန်အား တပည့်အဖြစ်

လက်ခံခဲ့သည့် ဂူကျိုးမြို့တွင် ဖြစ်သည်။ ရှီထျန်းဟောင်သည် လင်းဖုန်း၏ တပည့်ဖြစ်စပင် ရှိသေး၏။ သူသည် ကလေးလေး တစ်ယောက်ပင် ရှိသေးကာ အသက်လေးနှစ် မပြည့်သေးပဲ အပြစ်ကင်း၍ ချစ်ဖွယ်ကောင်းလှပေသည်။

အမှန်ဆိုလျှင် ရှီထျန်းဟောင်သည် ယခုအချိန်တွင်လည်း အလွန်ပင် ကြည့်၍ ကောင်းလှပေသည်။ ရှည်လျားချောမွေ့သော အနက်ရောင် ဆံပင်များသည် သူ၏ ပုခုံးပေါ်တွင် ဝဲကျနေ၍၊ ကြည်လင်သော အသွင်အပြင်ဖြင့် ချောမောသော မျက် နှာရှိ၏။ သူသည် အသက် ၁၂နှစ်၊ ၁၃နှစ်ခန့်သာ

ရှိသေးသော်လည်း အရပ်မြင့်မြင့်ဖြင့်
ကြံ့ခိုင်သန်စွမ်းလှပေသည်။

အမှန်ဆိုလျှင် မဟာကမ္ဘာ အတွင်းတွင် သူတို့
ခွဲခွာခဲ့သည်မှာ လေးနှစ်ကျော်သာ
ရှိသေးသော်လည်း၊ သူသည် အချိန်ကို
လျှင်မြန်စေသော နေရာတွင်
ကျင့်ကြံနေခဲ့သဖြင့် ရှီထျန်းဟောင်သည်
ရှောင်ကျန်းအာအား မတွေ့ရသည်မှာ
နှစ်ပေါင်းများစွာ ရှိသွားခဲ့ပြီ ဖြစ်သည်။

ရှောင်ကျန်းအာက ပြုံးကာ ပြောလိုက်သည်။
"အခုအချိန်မှာ ထျန်းဟောင်က
နတ်ဘုရားနယ်မြေ တစ်ခုလုံးမှာ

ကျော်ကြားနေတဲ့ နာမည်ကြီး
ကောင်လေးတစ်ယောက် ဖြစ်သွားခဲ့ပြီ"

ရှီထျန်းဟောင်သည် ပြုံးဖြီးဖြီး ဖြစ်သွားခဲ့ကာ
သူဘာမှ မပြောနိုင်သေးခင် ဘေးမှ
ရှောင်ယန်က အေးစက်စွာဖြင့် ပြောလိုက်သည်။
"ဘာနာမည်ကြီး ကောင်လေးလဲ၊ သူက
ငယ်ငယ်တုံးကလိုမျိုး အခုချိန်ထိ အစားပုတ်တဲ့
ကောင်စုတ်လေး တစ်ယောက်ပဲ"

ဝမ်လင်း၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့က
ပြုံးလိုက်ကြသော်လည်း ရှီထျန်းဟောင်က သူ၏
နှုတ်ခမ်းများကို တွန့်လိုက်သည်။

သူတို့တတွေသည် စကားပြောရင်း၊ ရယ်မောနေကြရင်းနှင့် မဟူရာကောင်းကင် ရတနာသစ်ပင်၏ ခြေရင်းအောက်သို့ ရောက်လာကြ၏။ ရှောင်ကျန်းအာသည် သူမ၏ ခြေလှမ်းအား ရပ်တန့်လိုက်ကာ ရှောင်ယန်အား ကြည့်လိုက်သည်။ "ကိုကိုရှောင်ယန်၊ ကျန်းအာက ဒီနေရာမှာပဲ စောင့်နေမယ်"

ရှောင်ယန်က သူ၏ ပါးစပ်အား ဟလိုက်သော်လည်း ဘာမှ မပြောနိုင်ခင်တွင် လင်းဖုန်း၏ အသံသည် သူ၏ နားအတွင်းတွင် ပေါ်လာခဲ့၏။ "လာခဲ့ပါ၊ ဘာမှကိစ္စ မရှိဘူး"

ရှောင်ကျန်းအာသည် အနည်းငယ် ချီတုံချတုံ ဖြစ်သွားသော်လည်း မငြင်းဆန်ခဲ့ပဲ ဦးညွှတ်လိုက်သည်။ "ကျေးဇူးပါ အရှင်"

သူတို့သည် လေပေါ်သို့ ခုန်တက်သွားကြကာ ရတနာ သစ်ပင်၏ အပေါ်မှ ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းသို့ ဝင်ရောက်သွားကြသည်။

ထိုကမ္ဘာလေး အတွင်းတွင် လင်းဖုန်းသည် ရတနာသစ်ပင် အသေးစားလေး၏ အပေါ်တွင် ထိုင်နေခဲ့ကာ သူ၏အရှေ့မှ လက်ရင်းတပည့် တစ်အုပ်စုအား ပြုံး၍ ကြည့်နေခဲ့သည်။

သူတို့သည် လင်းဖုန်းအား ဦးညွှတ်လိုက်ကြ အပြီးတွင် လင်းဖုန်းက ရှီထျန်းဟောင်အား ကြည့်လိုက်သည်။ "ထျန်းဟောင်၊ မင်းရဲ့ ကျင့်ကြံမှုနဲ့ စိတ်အခြေအနေတွေ နှစ်မျိုးစလုံးဟာ ဒွိစုံသူငယ်အိမ်နဲ့ သူနဲ့ တိုက်ပွဲအပြီးမှာ ပြီးပြည့်စုံသွားလိမ့်မယ်။ ဒါအပြီးမှာ မင်းဟာ လျှပ်စီးကပ်ဘေးတွေကို ကျော်လွှားပြီး အခြေတည်ဝိညာဥ်ကို ဖော်ဆောင်ဖို့ အခွင့်အရေး ရလာလိမ့်မယ်"

ရှီထျန်းဟောင်က ခေါင်းညိတ်လိုက်သည်။ "ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော် နားလည်ပါတယ်"

လင်းဖုန်းက ဝမ်လင်းအား ကြည့်လိုက်ကာ ပြုံးလိုက်သည်။ "မင်းရဲ့ တတိယ စီနီယာက မင်းအတွက် စမ်းသပ်ထားပေးပြီးပြီ။ ဒီစုံသူငယ်အိမ်နဲ့သူမှာ ရှိတဲ့ လျှို့ဝှက်ဖဲချပ်တွေ အကုန်လုံးကို ဖော်ထုတ်ထားခဲ့ပြီးပြီ"

ထိုစကားကို ကြားရသောအခါ အားလုံးသည် ရယ်လိုက်ကြကာ၊ ဝမ်လင်းမှာမူ ခေါင်းကိုခါလိုက်၍ သူ၏ အပြုံးတွင် ခါးသီးမှု အနည်းငယ်ကို တွေ့နိုင်ပေသည်။

"ဒါပေမဲ့လည်း မင်းရဲ့ပြိုင်ဘက်က ဒီအချက်ကို သဘောပေါက်ပြီး၊ မင်းနဲ့ နဂါးတိုက်ပွဲစင်မြင့် အပေါ်မှာ မတိုက်ခိုက်ခင်မှာ သူက အချို့အရာ

အသစ်တွေကို ပြင်ဆင်လာနိုင်တယ်။ ဟင်းလင်းပြင် ဘုရားကျောင်းကလည်း ဒီအတိုင်း ထိုင်ကြည့်နေမှာ မဟုတ်ဘူး။ သူ့ရဲ့ ဘယ်မျက်စိက ဒွိစုံသူငယ်အိမ်က ပျက်စီးသွားပေမဲ့ တိုက်ပွဲအချိန်ကျလို့ရှိရင် သူ့ရဲ့ စွမ်းအားက ပိုတောင်တိုးလာနိုင်သေးတယ်"

လင်းဖုန်းက ပြောနေရင်းနှင့် သူ၏ ညာလက်အား ဆန့်ထုတ်လိုက်ကာ လက်ချောင်းတစ်ချောင်းဖြင့် အသာတွန်းလိုက်သည်။ ခရမ်းရောင် ခတ်ငွေ့ စက်လုံးတစ်လုံးက ထွက်လာခဲ့သည်။ ထိုအတွင်းတွင် ကောင်းကင်၏ စည်းရိုးများနှင့် ကောင်းကင်သယ်ဆောင် တံဆိပ်တို့က

အတူတကွ ပူးပေါင်းကာ ရောမ
သားရဲတစ်ကောင်၏ ရုပ်အလောင်းအား
ဖိနှိပ်ထားနေခဲ့သည်။

ထိုသားရဲ၏ ပုံသဏ္ဌာန်သည် အဝါရောင်
အိတ်တစ်လုံးနှင့် တူနေခဲ့သည်။ သူသည်
မီးခဲကဲ့သို့ နီရဲနေ၍ ခြေခြောက်ချောင်းနှင့်
တောင်ပံလေးဘက် ရှိ၏။ သို့သော်လည်း
အသွင်အပြင် မပြောနှင့် မျက်နှာပင် မရှိခဲ့ပေ။
သူသည် ရှေးပဝေသဏီမှ မိစ္ဆာသားရဲ
လေးကောင်အတွင်တွင် အပါအဝင် ဖြစ်သည့်
ဟွန်တွန်း ဖြစ်သည်။

"မင်းက အသွင်သဏ္ဍာန်လေးမျိုး
ကောင်းကင်ခွဲခြမ်း ကျမ်းစာကို လေ့ကျင့်ခဲ့ပြီး
မင်းတစ်ယောက်တည်းနဲ့သာ သက်ဆိုင်တဲ့
နည်းစနစ် အသစ်တစ်ခုကို ဖန်တီးနိုင်ခဲ့တယ်။
မင်းဟာ တောက်တီရဲ့ သွေးအဆီအနှစ်နဲ့ ပထမ
ကစဥ့်ကလျား တွင်းနက်ကို
ဖော်ဆောင်နိုင်ခဲ့တယ်။ ချောက်ကမ်းပါးရဲ့
မဟူရာနယ်မြေကို ဖန်ဆင်းနိုင်ခဲ့တယ်"
လင်းဖုန်းက ပြောလိုက်သည်။

"အခုအချိန်မှာ မင်းက မင်းရဲ့ ဒုတိယ
ကစဥ့်ကလျား တွင်းနက်ကို ဒီဟွန်တွန်းရဲ့
သွေးအဆီအနစ်နဲ့ တည်ဆောက်လို့ရပြီ"

"စိတ်မပူပါနဲ့ ဆရာသခင်၊ ကျွန်တော်က ကြိုးစားပါ့မယ်" ရှိထျုန်းဟောင်က ပြောလိုက်သည်။

သူသည် အသွင်သဏ္ဌာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာအား ကျင့်ကြံကာ ကစဥ့်ကလျား တွင်းနက်လေးခု နည်းစနစ်ကို တီထွင်နိုင်ခဲ့သည်။ သူသည် ရှေးပဝေသဏီမှာ မိစ္ဆာသားရဲ လေးကောင်တို့၏ သွေးအဆီအနှစ်ကို မဖြစ်မနေ မလိုအပ်ချေ။

သို့သော်လည်း အသေအချာ စဥ်းစာပြီးနောက်တွင် သူသည် ထိုသားရဲလေးကောင် ဖြစ်ကြသော ဟွန်တွန်း၊

တောက်တီ၊ ချုံးချိန့်နှင့် တောက်ဝူတို့၏
သွေးအဆီအနှစ်ကို အသုံးပြုရန်
ဆုံးဖြတ်ခဲ့သည်။

ယခုအချိန်တွင် တောက်တီမလေး
ထွမ်းထွမ်းသည့် ခါတိုင်းထက်စာလျှင်
အတော်ငြိမ်သက်နေခဲ့၏။
ယုကျင်းတောင်ပေါ်တွင် သူမ၏ အစအနကို
ရှာ၍ပင် မတွေ့နိုင်ချေ။ သူမ၏ ကိုယ်ကျင့်စရိုက်
ရုတ်တရက် ပြောင်းသွား၍ မဟုတ်ချေ။ သူမ၏
သွေးအဆီအနှစ်ပေါင်း မြောက်မြားစွာအား
ရှီထျန်းဟောင်၏ နည်းစနစ်အတွင်းသို့
ထောက်ပံ့ခဲ့ရသောကြောင့် ဖြစ်သည်။

ယခုအချိန်တွင် ကောင်မလေးသည် မြေရိုင်းလျှိုမြောင်အတွင်းတွင် ငြိမ်သက်စွာ အနားယူနေရင်း၊ ရှီထျန်းဟောင်က ဆုလာဘ်အဖြစ် ချီးမြှင့်ခဲ့သည့် စိတ်ဝိညာဉ် အိုင်တမ်များစွာတို့ကို ဝါးမျိုကာ အားပြန်မွေးနေခဲ့သည်။ သူမ၏ မျက်လုံးအစုံမှာ မျက်ရည်များဝဲနေခဲ့ပြီး သူမက ဆိုးရွားသော ကုန်သွယ်မှု တစ်ခုကို ပြုလုပ်ခဲ့မိသည်ဟု ခံစားနေမိခဲ့သည်။

ထိုအချိန်တွင် လင်းဖုန်းသည် ယန်ချင်အား ကြည့်နေခဲ့ကာ ဖွဖွလေး ပြုံးလိုက်သည်။ "ချင်ကလေး၊ မင်းရဲ့ ကျင့်ကြံမှုရဲ့ အကြီးမားဆုံး အတားအဆီးက မင်းရဲ့ စိတ်အခြေအနေ

ဖြစ်တယ်။ ကျင့်ကြံမှုအပြင် မင်းရဲ့ ရွှေရောင်ဗဟိုချက်ကို ဖော်ဆောင်နိုင်ဖို့အတွက် မင်းက  သေခြင်းရဲ့ အကျဉ်းအကျပ် တွေကို ထွင်းဖောက်မြင်နိုင်ရမယ်"

"ဟင်းလင်းပြင် စစ်တလင်း အတွင်းကို ကျရောက်လုနီးပါး ဖြစ်သွားခြင်းက မင်းအတွက် စမ်းသပ်မှုတစ်ခု ဖြစ်ပေမဲ့ ဒါက လုံလောက်ခြင်း မရှိသေးဘူး"

ယန်ချင်က အသိအမှတ်ပြုသောအားဖြင့် ဦးညွှတ်လိုက်သည်။ "ဟုတ်ပါတယ် ဆရာသခင်၊ ကျွန်တော်က ယုကျင်းတောင်ပေါ်မှာ

ကျင့်ကြံနေရင်းနဲ့ တူညီတဲ့ ခံစားချက်တွေကို ခံစားမိပါတယ်"

"ကျွန်တော်က ရွှေရောင်ဗဟိုချက်ကို ဖော်ဆောင်နိုင်ဖို့အတွက် နည်းနည်းလိုနေသေးတယ်လို့ အမြဲပဲ ခံစားနေရပါတယ်" သူ၏ မျက်နှာပေါ်တွင် ကသိကအောက် ဖြစ်မှုများ အနည်းငယ် ပေါ်လာခဲ့၏။ "ဟုတ်ပါတယ်၊ ဒါက သေရမှာကို ကြောက်ရွံ့ခြင်းပါ။ သေခြင်း၊ ရှင်ခြင်းတို့နဲ့ တွေ့ကြုံရတဲ့ အချိန်မှာ ကျွန်တော့်ရဲ့ စိတ်အခြေအနေက တုန်လှုပ်နေခဲ့သေးပါတယ်"

ရှောင်ယန်၊ ဝမ်လင်းနှင့် ကျန်သောသူများ၏
အမူအရာတို့မှာ တည်ငြိမ်နေဆဲ ရှိနေကြသည်။
သူတို့တစ်ယောက်မှ ယန်ချင်အား
လှောင်ပြောင်ရယ်မောခြင်း မပြုကြပေ။
ရှောင်ကျန်းအာသည် သူ့အား
ပထမဆုံးအကြိမ်အဖြစ် တွေ့ခဲ့ရခြင်း
ဖြစ်သော်လည်း သူမ၏ မျက်နှာသည်ပင်
နည်းနည်းလေးမှ မပြောင်းလဲခဲ့ပေ။

သေခြင်းနှင့် ရှင်ခြင်းတို့အား ကြောက်ရွံ့ခြင်း၊
သေခြင်းနှင့် ရှင်ခြင်းတို့အား
ထွင်းဖောက်မြင်နိုင်ခြင်း၊ ဒါတွေသည်
လွယ်ကူသော အရာများ မဟုတ်ကြချေ။

အမှန်အတိုင်း ပြောရလျှင်
ရွှေရောင်ဗဟိုချက်အား
ဖော်ဆောင်ပြီးသွားလျှင်ပင်၊ အချိန်၏
ရွေ့လျားသွားမှုနှင့်အတူ သူတို့သည်
အင်မော်တယ် ဝိညာဥ်အား
မဖန်ဆင်းနိုင်သေးလျှင် ကြောက်ရွံ့မှုက သူတို့၏
နှလုံးသားအတွင်းသို့ ပြန်လာနိုင်မည်မှာ
တားဆီး၍ရသော အရာတစ်ခု မဟုတ်ပေ။

ရွှေရောင်ဗဟိုချက်အား ဖန်ဆင်းခြင်းသည်
ဘာမှမဟုတ်ပဲ အစသာ ဖြစ်သေးသည်။

လင်းဖုန်းက ပြုံးလိုက်သည်။ "ကိစ္စမရှိဘူး။
အမှန်တော့ မင်းက နန်းဟွာ လုပ်ခဲ့သလိုမျိုး

သေခြင်းရဲ့ အကျဉ်းအကျပ်တွေကို
ထွင်းဖောက်မြင်လို့ရတယ်"

ယန်ချင်နှင့် ကျန်သောသူများသည် အတန်ငယ်
အံ့ဩသွားကြသည်။ "မစ္စတာခန်း"

လင်းဖုန်းက ခေါင်းညိတ်လိုက်၏။ "နန်းဟွာက
အခု ကျင့်ကြံနေလို့ မင်းကသူ့ကို သွားရှာလို့
မရပေမဲ့၊ ငါကလည်း မင်းကို
လမ်းညွှန်ပေးနိုင်တယ်"

လင်းဖုန်း၏ ရှင်းပြမှုအား နားထောင်အပြီးတွင်
ယန်ချင်သည် ကိုယ့်ကိုယ်ကိုယ်

ရေရွတ်လိုက်သည်။ "ကိုယ့်ရဲ့ ကျင့်ကြံမှုတွေ၊ စွမ်းအားတွေကို ပိတ်ဆို့ထားလိုက်ပြီး သေမင်းအန္တရာယ်ကို သာမန်သေမျိုးလိုပဲ သွားရောက်ရင်ဆိုင်ရမယ်"

သူ၏ ကိုယ်ကျင့်စရိုက်အရ ဖြစ်စေ၊ ဘဝ အတွေ့အကြုံအရ ဖြစ်စေ၊ ယန်ချင်၏ နှလုံးသား အတွင်းတွင် ကြောက်ရွံ့မှုနှင့် မလုံခြုံမှုတို့သည် ရှိနေဆဲ ဖြစ်၏။

လင်းဖုန်း ညွှန်ပြခဲ့သော လမ်းကြောင်းသည် သူ၏ ရင်အတွင်းမှ စိုးရိမ်စိတ်ကို အတိုင်းအတာ တစ်ခုအထိ တိုက်ရိုက် ထိခိုက်စေခဲ့သည်။

သို့သော်လည်း ခေတ္တမျှ ချီတုံချတုံ ဖြစ်အပြီးတွင် ယန်ချင်၏ အကြည့်သည် ခိုင်မာလာခဲ့၏။ "ကျွန်တော် နားလည်ပါပြီ။ ကျွန်တော်က ဆရာ့ကို စိတ်မပျက်စေရပါဘူး"

လင်းဖုန်းက သူ၏ခေါင်းကိုခါလိုက်ကာ ယန်ချင်၏ ရင်ဘတ်အား သူ့လက်ညှိုးဖြင့် တို့လိုက်သည်။ "ကျင့်ကြံခြင်းဟာ မင်းအတွက်သာ ဖြစ်တယ်၊ ငါ့အတွက် မဟုတ်ဘူး"

"ဒါက အမှန်ဆိုရင် မင်းရဲ့ ကျင့်ကြံမှု နှလုံးသားရဲ့ အတားအဆီးတစ်ခု ဖြစ်တယ်။ မင်းက သူ့ကို ကျော်လွှားသွားနိုင်ရင် မင်းရဲ့ ကျင့်ကြံမှုဟာ အလျှင်အမြန် တိုးတက်လာလိမ့်မယ်" သူက ဖြည်းညင်းစွာနှင့် ပြောလိုက်၏။

ယန်ချင်၏ အမူအရာတို့သည် တွေဝေခြင်း၊ ထိတ်လန့်ခြင်းတို့နှင့် ရောယှက်နေခဲ့သည်။ အချိန်အတော်ကြာမှ သူက တိုးတိုးလေး ပြောလိုက်သည်။ "ကျွန်.. ကျွန်တော် နားလည်ပါပြီ"

"ဟွန့်၊ နားလည်ပြီဆိုရင် သွားပြီးတော့ ရအောင် ကြိုးစားချည်" သူ့အား ကြည့်လိုက်ကာ လင်းဖုန်းက ခေတ္တမျှ ပြုံးလိုက်သည်။ "မင်းလုပ်နိုင်မယ်လို့ ငါယုံကြည်ပြီးသားပါ။ ငါမျှော်လင့်နေတာက အဲ့ဒီနေ့က တော်တော်နောက်ကျပြီးမှ ရောက်မလာဖို့ပဲ"

ယန်ချင်က ခေါင်းကို ပြင်းထန်စွာဖြင့် ညိတ်လိုက်သည်။ သူ၏ဘေးတွင် ရှောင်ယန်က သူ၏ပုခုံးအား ပုတ်လိုက်သည်။ ယန်ချင်က လှည့်ကြည့်လိုက်ကာ ရှောင်ယန်က ပြုံးနေသည်ကို တွေ့လိုက်ရ၏။ "မင်းတကယ်လိုချင်တဲ့ အရာက ဘာလဲဆိုတာကို သေချာစဥ်းစား။

မင်းသဘောပေါက်သွားပြီးတဲ့ အချိန်မှာ ဒါက ခက်ခဲတော့မှာ မဟုတ်ဘူး"

ယန်ချင်ကလည်း စတင်၍ ရယ်မောနိုင်ခဲ့သည်။

ထိုအချိန်တွင် လင်းဖုန်းသည် ယွဲ့ဟုန်ယန်အား ကြည့်လိုက်ကာ ပြုံး၍ မေးလိုက်သည်။ "မင်းက ဟိုကျောင်းဟွမ်အမတ်ရဲ့ ကိုယ်ပွားနဲ့ တိုက်ခိုက်ရတာ ဘယ်လိုမျိုး ခံစားရသလဲ"

"သူက တဏှာရူးတစ်ယောက် ဖြစ်ပေမဲ့ သူက အတော့်ကို သန်မာတယ်" ယွဲ့ဟုန်ယန်၏

ကြြက်သွေးရောင် မျက်ခုံးများက အတန်ငယ် မြင့်တက်သွားခဲ့သည်။

"ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်က ကိုယ်ပွား၊ အဆင့်မြင့် သိုင်းကွက်တွေကို လေ့ကျင့်ထားတယ်၊ သိုင်းစိတ်ခေတ် ပြင်းထန်တယ်။ ဟိုရွှေရောင် လှံတံရှည်နဲ့ဆိုရင် ကျွန်မက သူ့ကို အနိုင်ယူချင်လို့ရှိရင် မြင့်တက်လာသော နေမင်း လှံတံနည်းစနစ်ကို အသုံးပြုမှရမယ်။ လေဟာနယ် ဖျက်ဆီးခြင်း လှံတံနည်းစနစ်ကိုသာ အသုံးပြုခဲ့ရင် နိုင်ဖို့ မသေချာဘူး"

လင်းဖုန်းက ရယ်ရမ်းသွေး၍ မေးလိုက်သည်။ "တကယ်လို့ သူ့ရဲ့ ကိုယ်ပွားက ရွှေရောင်ဇဟိုချက် နောက်ဆုံး အဆင့်ကို ရောက်နေခဲ့ရင်ကော"

ယွဲ့ဟုန်ယန်သည် အလောတကြီး ပြန်မဖြေခဲ့ပဲ သေချာစဥ်းစားပြီးနောက် ပြန်ဖြေခဲ့သည်။ "တကယ်လို့သူက ရွှေရောင်ဇဟိုချက် နောက်ဆုံး အဆင့်မှာသာ ရှိနေခဲ့ရင်၊ ကျွန်မက သုံးမျိုး အဝီစိ သတ်ဖြတ်ခြင်း လုံတံနည်းစနစ်ကို အသုံးပြုမှရမယ်။ တကယ်လို့ သူ့ကို သတ်ဖြတ်ချင်ရင် ကျွန်မက တတိယ လုံတံနည်းစနစ်ကို ထုတ်သုံးမှ ရလိမ့်မယ်"

ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့မှာ ထိုတိုက်ပွဲအား ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ရသည်။ သူတို့နှစ်ယောက်စလုံးက သဘောတူစွာနှင့် ခေါင်းညိတ်လိုက်၏။ ရှီထျန်းဟောင်က ယွဲ့ဟုန်ယန်အား ကြည့်လိုက်သည်။ "စတုတ္ထ စီနီယာ၊ ကျွန်တော်မှတ်ထားတာ မမှားရင် စီနီယာရဲ့ သုံးမျိုး အဝီစိ သတ်ဖြတ်ခြင်း လှံတံနည်းစနစ်ရဲ့ နောက်ဆုံးအကွက်ကို အဆုံးမသတ်ရသေးဘူး မဟုတ်လား"

"သူ့ကို အသုံးပြုလို့တော့ ရနေပြီ၊ ဒါပေမဲ့ ကိုယ့်အပေါ်မှာ တောင်းဆိုချက်က ကြီးမားလွန်းတယ်။ ဒါကြောင့်မို့ ဆက်ပြီးတော့

တိုးတက်အောင် ပြုပြင်အရောင်တင်ဖို့ လိုနေသေးတယ်" ယွဲ့ဟုန်ယန်က ပြန်ဖြေလိုက်၏။

သူမ၏စကားဆုံးသည်နှင့် ဆံနီမလေး၏ မျက်နှာပေါ်တွင် အပြုံးတစ်ပွင့် ပွင့်လာခဲ့သည်။ "ဒါပေမဲ့ ငါက ဒီတိုက်ပွဲမှာ အများကြီး သင်ယူခဲ့ရတယ်။ ဒါကြောင့် နည်းနည်းလောက် အချိန်ပေးပြီး အသေအချာ လေ့လာလိုက်ရင် ငါက ဒီတတိယ လှံတံနည်းစနစ်ကို ပြီးပြည့်စုံအောင် ပြုလုပ်နိုင်တော့မယ်"

လင်းဖုန်းက ကျေနပ်စွာနှင့် ခေါင်းညိတ်လိုက်သည်။ "အရမ်းကောင်းတယ်"

သူ၏လက်ရှိ ကျင့်ကြံမှုအဆင့်ဖြင့် သူသည် ယွဲ့ဟုန်ယန်၏ လက်ရှိ သိုင်းပညာ နည်းစနစ်ကို ပြီးပြည့်စုံအောင် လုပ်ပေးနိုင်သော်လည်း၊ လင်းဖုန်းသည် ထိုကဲ့သို့ ပြုလုပ်ရန် ဆန္ဒမရှိခဲ့ပေ။ သူသည် သူ၏တပည့်က သူမ၏ ကိုယ်ပိုင် အတွေ့အကြုံဖြင့် သီးသန့်လမ်းတစ်ကြောင်း ဖောက်နိုင်ရန်သာ မျှော်လင့်နေသည်။

သူတို့အား ရှေ့သို့ လမ်းညွှန်ရန်မှာ ပြဿနာ မဟုတ်သော်လည်း၊ လင်းဖုန်းသည် အလွန်အမင်း အန္တရာယ်ရှိသော အခြေအနေများမှလွဲ၍ သူတို့

လမ်းလျှောက်နေချိန်တွင် သူတို့၏ လက်များကို ဆွဲထားကာ အထောက်အကူ မပေးလိုခဲ့ပေ။

"မင်းရဲ့ မူလလက်နက်က ပျက်ဆီးသွားခဲ့ပြီ။ ဒီနဂါးမိစ္ဆာ ခေါးသွားပါ လှံတံရှည်က မင်းရဲ့ လက်နက်အသစ် ဖြစ်ဖို့သင့်တော်တယ်။ ငါကသူ့အပေါ်မှာ ထားခဲ့တဲ့ အတားအဆီးတွေကို ဖယ်ရှားပေးလိုက်ပြီ။ မင်းက မင်းကိုယ့်ကိုယ့် သန့်စင်လိုက်ရင်ရပြီ" လင်းဖုန်းက သူ၏လက်ကို ဖြန့်လိုက်ရာ ရွှေရောင်အလင်းတန်းများ အကြားမှ ရောမ ရွှေရောင် လှံတံရှည် တစ်စင်းသည် ယွဲ့ဟုန်ယန်၏ အရှေ့သို့ ကျရောက်လာခဲ့သည်။

ယွဲ့ဟုန်ယန်၏ အကြည့်သည် သူမ၏
ကြွေမွသွားခဲ့သော အနက်ရောင် ခေါးသွားပါ
လုံတံရှည်အား စဉ်းစားမိ၍
အရောင်ပြောင်းသွားခဲ့သည်။

ဒါသည် သူမ၏ ယခင်ဆရာဖြစ်သူ ကျန်းလေက
သူမအား ပေးထားခဲ့သော ကိုယ်ပိုင်လက်နက်
ဖြစ်၏။

ယွဲ့ဟုန်ယန်၏ ကြက်သွေးရောင်
သူငယ်အိမ်များသည် မူလအတိုင်း
လျှင်မြန်စွာပြန်၍ တည်ငြိမ်သွားခဲ့သည်။
အတိတ်မှ ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးတို့သည်
ကြည်လင်သော မိုးပြာရောင်

ကောင်းကင်အတွင်းမှ တိမ်တိုက်များကဲ့သို့ လွင့်ပြယ်သွားခဲ့၏။ ရွှေရောင် နဂါးမိစ္ဆာ ခေါ်သွားပါ လုံတံရှည်အား ယူလိုက်ကာ လင်းဖုန်းထံသို့ ဦးညွှတ်လိုက်သည်။ "ကျေးဇူးပါ၊ ဆရာသခင်"

လင်းဖုန်း၏ အကြည့်သည် ရှောင်ယန်နှင့် ရှောင်ကျန်းအာတို့၏ အပေါ်သို့ ကျရောက်သွားခဲ့ကာ ပြုံး၍ပြောလိုက်သည်။ "ယန်ကလေး၊ မင်းကျင့်ကြံထားတဲ့ နည်းစနစ်နဲ့ မှော်စွမ်းအင်တွေက အတော့်ကို ခက်ထန်တယ်။ ဒါကြောင့်မို့ အခြေတည်ဝိညာဥ်ကို ဖော်ဆောင်ဖို့က မင်းအတွက် အတော် ခက်ခဲလိမ့်မယ်"

"ဒီလိုမျိုး အချိန်မှာ မင်းက မင်းရဲ့ နှလုံးသားကို တည်ငြိမ်အောင် ထိန်းသိမ်းထားပြီး၊ မင်းရဲ့ မျှော်စွမ်းအင်တွေကို ငြိမ်းချမ်းစွာနှင့် ကျင့်ကြံကာ အကြွင်းမဲ့မီးတောက်တွေရဲ့ စွမ်းအားကို မျှခြေမှာ ထိန်းထားရမယ်။ အချိန်ကျလာလို့ရှိရင် အရာအားလုံးက အဆင်ပြေသွားလိမ့်မယ်"

"ဒါပေမဲ့ ကျန်းအာက အနားမှာ ရှိနေရင် မင်းရဲ့ စိတ်အခြေအနေက အရမ်းကြီး မလှုပ်ရှားဘူးလို့ ယူဆရပါတယ်"

ရှောင်ကျန်းအာ၏ အမူအရာသည် ယခင်ကကဲ့သို့ပင် ပွင့်လင်းနေဆဲရှိကာ သူမ၏ နှုတ်ခမ်းများတွင် အပြုံးတစ်ပွင့် ပွင့်လာခဲ့၏။ သို့သော်လည်း ရှောင်ယန်သည် အနည်းငယ် ကသိကအောက် ဖြစ်သွားခဲ့ကာ လင်းဖုန်းအား ကြည့်လိုက်သည်။ "ဆရာ၊ ဆရာကတောင် ကျွန်တော့်ကို သရော်နေတာလား"

"မင်းတို့နှစ်ယောက်တို့ဟာ အကြာကြီး ခွဲခွာနေရပြီးမှ နောက်ဆုံးမှာ ပြန်လည် ဆုံစည်းနိုင်ခဲ့ပြီ။ ငါက မင်းတို့အတွက် တကယ်ပဲ ဝမ်းသာပါတယ်" လင်းဖုန်းက ရယ်ရမ်းသွေးလိုက်သည်။

"ရှေးဟောင်း တော်ဝင်ခေးမြှောင်က မင်းတို့အတွက် ဖြစ်သွားပြီ။ ကျန်းအာနဲ့ အတူတူလေ့လာ၊ ရှေးဟောင်းကေရာဇ်ရဲ့ အမွေအနှစ်တွေကို လေ့လာခြင်းဟာ နန်းမင် အကြွင်းမဲ့ မီးတောက်ကို ထိန်းချုပ်နိုင်ဖို့အတွက် အများကြီး အထောက်အကူ ဖြစ်စေလိမ့်မယ်"

ရှောင်ယန်နှင့် ရှောင်ကျန်းအာတို့သည် အသိအမှတ်ပြုသည့်အနေနှင့် ခေါင်းညိတ်လိုက်ကြသည်။

လင်းဖုန်းသည် အခြားတပည့်များကို ပြန်လွှတ်လိုက်ပြီး ဝမ်လင်းဘက်သို့

လှည့်လာခဲ့သည်။ ဝမ်လင်းသည်လည်း သူ့အား ပြုံး၍ကြည့်နေခဲ့သည်။

"ဟုတ်ပြီ၊ လင်းကလေး။ မင်းက အခုအချိန်မှာ စလို့ရပြီ" လင်းဖုန်းက ပြုံးကာပြောလိုက်၏။ "မင်းက ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ အကြာကြီး ကြိုးစားစုဆောင်းထားခဲ့ပြီးပြီ။ အခုအချိန်မှာ အသီးအပွင့်တွေကို ခူးဆွတ်ဖို့ အချိန်ကျပြီ"

ဝမ်လင်းသည် ပြုံး၍ ခေါင်းညိတ်လိုက်သည်။ သူသည် ချက်ချင်းပင် တင်ပလ္လင်ခွေ၍ ထိုင်ချလိုက်ကာ သူ၏ မှော်စွမ်းအင်နှင့် မှော်ကျိန်စာများကို တိတ်ဆိတ်စွာနှင့်

ထုတ်လွှတ်လိုက်သည်။ အနက်ရောင်
ခတ်ငွေ့များနှင့် အဖြူရောင်
အလင်းတန်းတို့သည် သူ၏
ကိုယ်ပတ်ပတ်လည်တွင် တလှည့်စီ တုန်ခါ၍
လှည့်ပတ်နေကြ၏။

## စာစဥ် ၃၀ : အပိုင်း ၅

## အပိုင်း ၅၅ : တပည့်က အခြေတည် ဝိညာဥ်ကို ဖော်ဆောင်ခြင်း၊ သတင်းကောင်းက နေရာအနှံ့ ပျံ့သွားခြင်း

ဝမ်လင်းသည် တင်ပလ္လင်ခွေ ထိုင်နေခဲ့ကာ သူ၏ အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာ အတွင်းမှ မှော်စွမ်းအင်သည် လည်ပတ်လာခဲ့၍၊ သူ၏ ကိုယ်တွင်းမှ ရွှေရောင်ဗဟိုချက်သည် ဘီးကဲ့သို့ လည်ပတ်နေခဲ့၏။ သူ၏ စိတ်ဝိညာဉ်သည် ဟင်းလင်းပြင်နှင့် တစ်သားတည်းအလား ဖြစ်သွားခဲ့၏။

ဒါသည် ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးက စတင်ရိုက်ခတ်မည့် အချိန်ဖြစ်သည်။

ဝမ်လင်းသည် ဟင်းလင်းပြင် စစ်တလင်းမှ ပြန်ရောက်ပြီးနောက် အသွင်သဏ္ဍာန်လေးမျိုး

ကောင်းကင်ခွဲခြမ်း ကျမ်းစာအား လေ့ကျင့်ပြီးနောက်တွင်၊ သူသည် ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးအား ဆင့်ခေါ်လိုက်ကာ အခြေတည် ဝိညာဉ် အဆင့်သို့ ရောက်ရှိရန် ကြိုးစားခဲ့သည်။

လင်းဖုန်းသည် ဝမ်လင်းအား တည်ငြိမ်စွာ ကြည့်လိုက်ကာ၊ ဝမ်လင်းက သူဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ရောက်နေဆဲတွင် အချိန်စီးဆင်းမှု ကွဲပြားသည့် နေရာတစ်ခုတွင် ရောက်သွားခဲ့သည်ဟု ပြောခဲ့သည်ကို အမှတ်ရလိုက်သည်။ ထို့ကြောင့် ဝမ်လင်းသည် သူပျောက်နေသည့် အချိန်အတွင်းတွင်

ဟင်းလင်းပြင် စစ်တလင်း အတွင်း၌
နှစ်၁ဂဂကျော် ကုန်ဆုံးသွားခဲ့ပြီး ဖြစ်သည်။

ထိုနှစ်၁ဂဂ အတွင်း၌ သူသည် သူ၏
ရုပ်ခန္ဓာကိုယ်ကို ကျင့်ကြံနိုင်ခဲ့ပြီး
ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်သို့
ရောက်ရှိနိုင်ခဲ့သည်။ သူစုဆောင်းခဲ့သည့်
အတွေ့အကြုံများမှာ လိုအပ်သည်ထက်
ပိုနေခဲ့ပြီ ဖြစ်၏။

"သူခြေတစ်လှမ်း လှမ်းနိုင်တာနဲ့အတူ
ပိုမိုတိုးတက်လာလိမ့်မယ်" လင်းဖုန်းက
တွေးလိုက်သည်။ "အစက ငါဟာ ဝမ်လင်းက
သူ့ရဲ့ ရွှေရောင်ဗဟိုချက်ကို ဖန်ဆင်းနိုင်မယ်လို့

ယုံကြည်ခဲ့တယ်။ သူ့ရဲ့ ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းမှာ ပြင်းထန်စွာ လေ့ကျင့်မှုနဲ့အတူ ငါ့ရဲ့ ယုံကြည်ချက်က ပိုမို တိုးတက်လာခဲ့တယ်"

"ဟင်းလင်းပြင် စစ်တလင်း အတွင်းကို ရောက်သွားပြီး ဒဏ်ရာရပြီး အနောက်မှာ သူ့ရဲ့ ရုပ်ခန္ဓာကိုယ်ဟာ ပျက်စီးသွားခဲ့ပြီး၊ သူ့ရဲ့ ရုပ်ခန္ဓာကိုယ်ကို ပြန်လည်တည်ဆောက်ဖို့နဲ့ သူ့ရဲ့ ဒဏ်ရာတွေကို ကုစားဖို့ အချိန်အများကြီး ယူခဲ့ရတယ်။ ဒါပေမဲ့ အဲ့ဒီနေရာက အချိန်က ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာထက်တောင် ပိုမို မြန်ဆန်နေတဲ့အတွက်

ဝမ်လင်းက လျှင်မြန်စွာနဲ့ပဲ
လိုက်မီလာနိုင်ခဲ့တယ်"

လင်းဖုန်းသည် သူ၏ လက်များကို
ကျောနောက်တွင် ထားလိုက်ကာ
ပြုံးလိုက်သည်။ "အစက ဂိုဏ်းအတွင်းကို
နောက်ကျမှ ရောက်လာခဲ့ပြီး အစပိုင်း
အချိန်တွေမှာ ရုန်းကန်နေရတဲ့ ဝမ်လင်းက
အခုအချိန်မှာ အခြေတည် ဝိညာဉ်ကို ပထမဆုံး
ဖော်ဆောင်နိုင်မယ်လို့ ဘယ်သူက ထင်ခဲ့မှာလဲ"

"ဒါပေမဲ့ တစ်ယောက်ရဲ့ အခြေတည် ဝိညာဉ်ကို
ဖော်ဆောင်နိုင်ခြင်းက ကျင့်ကြံမှု လမ်းကြောင်း
အတွင်းမှာ ခြေလှမ်းငယ်လေး တစ်လှမ်းကို

လှမ်းနိုင်ခြင်းသာ ဖြစ်တယ်။ သူ့ရဲ့နောက်ပိုင်းက တိုးတက်မှုတွေကို ဘယ်သူကမှ မသိနိုင်ဘူး"

ဤကမ္ဘာတွင် ဝမ်လင်း၏ မှော်စွမ်းအင် စီးဆင်းမှုသည် နက္ခတ်သွား လမ်းကြောင်းအပေါ်သို့ ရောက်နေခဲ့ပြီး၊ သူနှင့် ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးတို့၏ ရောက်ရှိလာမှုအကြားတွင် အချိန် မခြားနားတော့ပေ။ ခဏအကြာတွင် ဟင်းလင်းပြင်တွင် အက်ကွဲကြောင်းတစ်ခု ပေါ်လာခဲ့ပြီး တွန့်လိမ်နေသော ရောမ မိုးကြိုးသွား တစ်ခုသည် သူ၏အပေါ်သို့ ကျဆင်းလာခဲ့သည်။

ဒါသည် ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးဖြစ်၏။
သင်သည် မည်သို့ပင် ကြိုးစား၍
ပုန်းအောင်းစေကာမူ သူသည်
ဟင်းလင်းပြင်အား အမြဲတမ်း ချိုးဖောက်၍
သင်၏ အပေါ်သို့ ရောက်လာလိမ့်မည် ဖြစ်၏။

လင်းဖုန်း၏ လက်အောက်မှ တပည့်များ
အများစုသည် ရွှေရောင်ဗဟိုချက် အဆင့်မှ
ကပ်ဘေးသုံးပါးတို့တွင် သူ့ထံမှ
အကူအညီများကို ရယူခဲ့ကြရသည်။

ကျန်သောအဆင့်များမှာ သိပ်ပြီးမှ
မခက်ခဲလှပေ။ အနည်းဆုံးတော့ သူတို့သည်
တစ်ယောက်၏ အသက်ကို ထိခိုက်မှု မရှိနိုင်ပေ။

အလွန်အမင်း လမ်းလွဲသွားသော သူများမှ လွဲ၍ တစ်ယောက်သည် စမ်းသပ်မှုတစ်ခုအား ကျရှုံးသွားအပြီးတွင် နောက်ထပ်ပြန်လည် ကြိုးစားနိုင်ကြသည်။ သို့သော်လည်း ရွှေရောင်ဗဟိုချက် အဆင့်မှ ကပ်ဘေးသုံးပါးတို့အား မကျော်လွှားနိုင်ခဲ့လျှင် တစ်ယောက်သည် သေဆုံးမည်သာ ဖြစ်၏။

ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးတို့အား ရင်ဆိုင်ရသည့် အချိန်တွင် ဝမ်လင်း၏ ခန္ဓာကိုယ်မှ အနက်ရောင် ဓာတ်ငွေ့နှင့် အဖြူရောင် အလင်းတန်းတို့သည် လျှပ်စီးအား ရင်ဆိုင်ရန်အတွက် လင်းလက်လာခဲ့သည်။

အနက်ရောင် ခါတ်ငွေ့သည် အဆက်မပြတ် ပြောင်းလဲနေခဲ့ကာ ငရဲကမ္ဘာမြစ်၏ ဖျက်ဆီးခြင်း အဆင့်သို့ ပြောင်းလဲသွားခဲ့သည်။ ငရဲကမ္ဘာမြစ်သို့ သွားသော အနက်ရောင်လမ်း၊ ငြိမ်သက်နေသော မေ့ပျောက်ခြင်းမြစ်၊ ဒုက္ခရောက်နေသော ရေများအပေါ်က တံတားတို့သည် ဟင်းလင်းပြင် လျှပ်စီးများကို ခုခံရန် ကြိုးစားနေခဲ့ကြ၏။

အနက်ရောင် ခါတ်ငွေ့များ၏ ပုံရိပ်များ တစ်ခုပြီးတစ်ခု ပျက်စီးသွားကြအပြီးတွင် အဖြူရောင် အလင်းတန်းက လင်းလက်လာခဲ့သည်။ အသက်စွမ်းအင်သည် အဖျက်ဆီးခံလိုက်ရအပြီးတွင်

ပြန်လည်မွေးဖွားလာကြ၏။ ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်းတို့၏ စွမ်းအားများသည် လျှပ်စီးများကို ဆက်လက်၍ ခုခံတိုက်ခိုက်နေကြ၏။

နောက်ဆုံးတွင် သူ၏ အန္တိမ အကွက်ဖြစ်သော ရှင်ခြင်းနှင့် သေခြင်းကမ္ဘာကို ထုတ်လွှတ်လိုက်ခြင်းနှင့်အတူ ဝမ်လင်း၏ ခေါင်းပေါ်မှ အလင်းတန်း တစ်ခုက လင်းလက်လာခဲ့သည်။ အဖြူနှင့်အနက် တံခါးကြီးက ဝုန်းကနဲ ပွင့်သွားပြီး ရှင်ခြင်းနှင့် သေခြင်းကမ္ဘာသည် ထိုလျှပ်စီးအား မျိုချရန် ကြိုးစားနေခဲ့သည်။

ရှင်ခြင်းနှင့် သေခြင်းကမ္ဘာတွင်
သက်ရှိများစွာတို့သည် ကြွေလွင့်သွားခဲ့ပြီး၊
သက်ရှိများစွာတို့က ပြန်လည်
မွေးဖွားလာကြသည်။

ဤကဲ့သို့ အဆက်မပြတ် လည်ပတ်နေသော
ဖြစ်စဉ်အကြားတွင် ဟင်းလင်းပြင်
လျှပ်စီးကပ်ဘေးသည် နောက်ဆုံးတွင်
ငြိမ်သက်သွားခဲ့သည်။ ဝမ်လင်းသည်
ကောင်းကင်နှင့် မြေကြီးတို့၏ လှုပ်ရှားပုံနှင့်
လေဟာနယ်တို့၏ လျှို့ဝှက်ချက်များအား
ဤအတွေ့အကြုံမှတဆင့်
များစွာသင်ယူနိုင်ခဲ့သည်။

လင်းဖုန်း၏ တာအိုနည်းစနစ်များကို ကျင့်ကြံထားသဖြင့် သူ၏ မဖော်ဆောင်ရသေးသည့် အခြေတည် ဝိညာဉ်သည် လေဟာနယ်၏ လျှို့ဝှက်ချက်နှင့် အနည်းငယ် ရင်းနှီးခဲ့ပြီးသား ဖြစ်နေခဲ့သည်။ ဤအချိန်တွင် သူသည် အခြေတည် ဝိညာဉ်ကို စတင်ကျင့်ကြံနိုင်ခဲ့သည့် သာမန် ကျင့်ကြံသူ တစ်ယောက်ထက် များစွာပို၍ လေ့လာနိုင်ခဲ့၏။

ဝမ်လင်း၏ ရင်ခြင်းနှင့် သေခြင်းကမ္ဘာသည် ယခုအချိန်တွင် ထိပ်ဆုံးအဆင့်သို့ ရောက်နေခဲ့ပြီ ဖြစ်သည်။ သူသည် ကမ္ဘာငယ်လေး တစ်ခုနှင့် တူနေခဲ့ပြီး သူ၏အတွင်းမှ လေဟာနယ်သည် ပြည့်စုံလှ၏။

ယခင်ကနှင့် ယှဉ်လိုက်လျှင် သူသည် ပို၍
အကောင်အထည် ပေါ်လာခဲ့ကာ၊ သူ၏
စွမ်းအားများသည်လည်း ယခင်ကထက်ပို၍
လျှို့ဝှက်ဆန်းကြယ်လာခဲ့သည်။

သူ၏ခေါင်းပေါ်မှ အလင်းတန်းသည် ပို၍
တောက်ပလာခဲ့ကာ ခရမ်းရောင်
အလင်းတန်းကို ထုတ်လွှတ်နေသော
ရွှေရောင်ဗဟိုချက် တစ်ခုက ပေါ်ထွက်လာခဲ့၏။
ထိုဗဟိုချက်သည် အက်ကွဲကြောင်းများဖြင့်
ပြည့်နေခဲ့သော်လည်း သူ့တွင်
အိုမင်းပျက်စီးခြင်း အရိပ်အယောင်များ မရှိပေ။
ထို့အစား သူသည် အသစ်စက်စက်ကဲ့သို့
ဖြစ်နေခဲ့၏။

ရွှေရောင်ဗဟိုချက်သည် ပို၍ လင်းလက်စွာ တောက်ပလာခဲ့ပြီး အလင်းတန်း အတွင်းတွင် ကလေးတစ်ယောက်က တင်ပလ္လင်ခွေ ထိုင်နေခဲ့သည်။ သူသည် ဝမ်လင်း ကလေးဘဝက ပုံစံနှင့် တစ်ထေရာတည်း တူနေခဲ့၏။ ဒါသည် သူ၏ အခြေတည် ဝိညာဉ် ဖြစ်သည်။

အခြေတည် ဝိညာဉ်၏ ခန္ဓာကိုယ် တစ်ခုလုံးသည် ဖြူဖွေးနေခဲ့ပြီး သူမှနေ၍ တောက်ပသော အလင်းတန်းများ ထွက်လာခဲ့၏။ သို့သော်လည်း သူ၏ ခန္ဓာကိုယ်

တစ်ခုလုံးသည် အနက်ရောင် ခတ်ငွေ့များနှင့် ပြည့်နေခဲ့သည်။

"သင့်ရဲ့ လက်ရင်းတပည့်ဟာ အခြေတည် ဝိညာဉ် အဆင့်ကို ရောက်သွားတဲ့အတွက် ဂုဏ်ယူပါတယ်"

သူ၏နားအတွင်းတွင် စနစ်ကြီး၏ အသံက ထွက်ပေါ်လာခဲ့သည်။ လင်းဖုန်းသည် သူ့အား ဂရုမစိုက်နိုင်ခဲ့ပေ။ သူ၏အာရုံ တစ်ခုလုံးအား ဝမ်လင်း၏ အခြေတည် ဝိညာဉ် အပေါ်တွင် စူးစိုက်ထားခဲ့သည်။ အနည်းငယ် နှောင်တရစွာဖြင့် သူကတွေးလိုက်သည်။ "သူ့ဆီမှာက မြင့်မြတ်သော ဖန်ဆင်းခြင်း

အလင်းတန်း မပါလာခဲ့ဘူး။ အခြေအနေတွေက အမတန်ကို ခက်ခဲတင်းကျပ်တဲ့အတွက် နည်းနည်းလေးမှ အတိမ်းအစောင်း မခံဘူး။ ကြည့်ရတာ ရှောင်ပုတန် တစ်ယောက်ပဲ မျှော်လင့်နိုင်မယ်နဲ့ တူတယ်"

အန္တိမ စိတ်ဝိညာဉ်တာဝါ၊ အန္တိမလုံခွက်၊ မြင်နိုင်သော ဖြစ်စဉ်များနှင့် ခရမ်းရောင် ဗဟိုချက်၊ ထိုအချက်အလက်များနှင့် ပြည့်စုံမှသာ တစ်ယောက်၏ အခြေတည် ဝိညာဉ်သည် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကို ဖော်ဆောင်နိုင်မည် ဖြစ်သည်။

လင်းဖုန်း၏ တပည့်များ အတွင်းတွင်
ဝမ်လင်း၏ အလွှာကိုးလွှာ စိတ်ဝိညာဉ်
တာဝါ၌သာ မြင်နိုင်သော ဖြစ်စဥ်များ
ပေါ်လာခဲ့သည်။ သူသည် အဆင့်တစ်
စိတ်ဝိညာဉ်တာဝါထက် သာသော်လည်း
သူ့အား အနှိမ့် စိတ်ဝိညာဉ် တာဝါတစ်ခုဟု
မပြောနိုင်ပေ။ သူသည် မျိုးကွဲ တစ်ခုသာ
ဖြစ်၏။

ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့
နှစ်ယောက်စလုံးတို့သည် ပထမအဆင့်
စိတ်ဝိညာဉ် တာဝါများ ရှိကြသည်။

ယန်ချင်အနေနှင့်မူ သူ၏ အရိုးအရင်းမြစ်နှင့် သဘောပေါက် နားလည်နိုင်စွမ်းတို့သည် ၉မှတ်စီ ရခဲ့သော်လည်း၊ အန္တိမ စိတ်ဝိညာဉ်တာဝါကို မဖော်ဆောင်နိုင်ခဲ့သည်မှာ ဝမ်းနည်းဖွယ် ကောင်းလှပေသည်။ အရိုးအရင်းမြစ် ၁၀မှတ်ရသူမှလွဲလျှင် သူသည် ကျန်သောသူများအနက် အကောင်းဆုံး အရိုးအရင်းမြစ် ရှိသူဟု ဆိုရပေမည်။

သို့သော်လည်း သူ၏ စိတ်ဝိညာဉ်တာဝါကို ဖော်ဆောင်ရာတွင် သူသည် မဟာလမင်းအား အစစ်အမှန် နားလည်ခြင်းနှင့် ဖော်ဆော်ခဲ့ခြင်း ဖြစ်သည်။ သူသည် စိတ်ဝိညာဉ်တာဝါကို ဖော်ဆောင်အပြီး အခြေခံအုတ်မြစ်

အလယ်အလတ် အဆင့်သို့ ရောက်မှသာ
မဟာကောင်းကင် တာအိုကျမ်းစာ၏
အရေအတွက်သုံးခု အင်းရှစ်ကွက်အား
လေ့ကျင့်နိုင်ခဲ့ခြင်း ဖြစ်၏။ မဟုတ်လျှင်
သူသည်လည်း အန္တိမ စိတ်ဝိညာဉ် တာဝါအား
ဖော်ဆောင်နိုင်ခဲ့မည် ဖြစ်သည်။

ဇူရီ၏ စွမ်းဆောင်မှုမှာ ယခင်က မကြုံဖူးသော
အရာတစ်ခုဖြစ်၏။ သူသည် ပထမအဆင့်
စိတ်ဝိညာဉ် တာဝါ၏ အပေါ်တွင် အန္တိမ
လုံခွက်အား ထုထောင်နိုင်ခဲ့သည်။
သို့သော်လည်း သူသည် သူ၏ စိတ်ဝိညာဉ်
တာဝါအား ထုထောင်ရာတွင် အနည်းငယ်
လိုသွားခဲ့သည်။

ရှောင်ယန်အနေနှင့် သူသည်လည်း ပထမအဆင့် စိတ်ဝိညာဥ် တာဝါကို ပိုင်ဆိုင်ထားသည်။ သူသည် ရွှေရောင်ဇဟိုချက်ကို စတင်ဖန်ဆင်းသောအခါ၊ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နှင့် မဟာသူရိယ အကြွင်းမဲ့ မီးတောက်အား ကျင့်ကြံထားပြီး ဖြစ်သည်။ သို့ဖြစ်၍ သူ၏ ခရမ်းရောင် ဇဟိုချက်တွင် မြင်နိုင်သော ဖြစ်စဥ်များ ရှိသည်။

ပြီးတာနှင့် သူသည် အကြွင်းမဲ့မီးတောက် အမျိုးမျိုးတို့အား ထပ်မံကျင့်ကြံနိုင်ခဲ့သည်။ သူ၏ ရွှေရောင်ဇဟိုချက်သည် ပို၍ပို၍

သန်မာလာကာ အချိန်နှင့်အမျှ
တိုးတက်လာခဲ့သည်။ သူ၏
စွမ်းဆောင်ချက်များသည် သူ၏ကိုယ်ပိုင်
အားထုတ်မှုများဟူ၍ ပြော၍ရ၏။
သို့သော်လည်း သူ၏ အခြေခံအုတ်မြစ် အဆင့်မှ
စွမ်းဆောင်မှုများသည် အလွန်
ထူးချွန်ပြောင်မြောက်သည်ဟု ပြော၍မရပေ။

ရှောင်ပုတန်လေး ရှီထျန်းဟောင်
တစ်ယောက်သာလျှင် အခြေခံအုတ်မြစ်
အလယ်အလတ် အဆင့်တွင် ပထမအဆင့်
စိတ်ဝိညာဉ်တာဝါ ကိုးခုကို ဖန်ဆင်းနိုင်ခဲ့သည်။
ပြီးတာနှင့် သူသည် ပထမအဆင့်
လုံခွက်ကိုးခွက်ကို ထူထောင်နိုင်ခဲ့၏။ သူသည်

ရွှေရောင်ဗဟိုချက် အဆင့်သို့
ရောက်သွားသောအခါ လုံ့ခွက်ကိုးခုလုံးသည်
တစ်ခုတည်း အဖြစ်သို့ ပူးပေါင်းသွားခဲ့သည်။

လင်းဖုန်းသည် အစက ရှီထျန်းဟောင်၏
ပထမအဆင့် စိတ်ဝိညာဉ် တာဝါကိုးခုတို့သည်
အန္တိမ စိတ်ဝိညာဉ် တာဝါကို မမှီဟု
ထင်နေခဲ့သည်။ သို့သော်လည်း အသေအချာ
စဉ်းစားပြီးနောက်တွင် ဒါသည် အန္တိမ
စိတ်ဝိညာဉ် တာဝါ၏ မျိုးကွဲတစ်ခု ဖြစ်သည်ကို
သဘောပေါက်ခဲ့လိုက်၏။

နောက်ပိုင်းတွင် ဖော်ဆောင်နိုင်ခဲ့သော လုံခွက်ကိုးခွက်တို့မှာလည်း အန္တိမ စိတ်ဝိညာဉ် လုံခွက်၏ မျိုးကွဲဟူ၍ ပြော၍ရသည်။

ရှီထျန်းဟောင်သည် ရွှေရောင်ဇဟိုချက်ကို ဖော်ဆောင်နိုင်ခဲ့သောအခါ သူ၏ ခရမ်းရောင် ဇဟိုချက်သည် အပေါက်ကိုးပေါက် ရှိနေသည်။ ဒါသည် နောက်ဆုံး အချက်ကို ဖြည့်စွမ်းနိုင်ခဲ့၏။ ရှီထျန်းဟောင်သည် သူ၏ အခြေတည် ဝိညာဉ်ကို ဖန်ဆင်းနိုင်ချိန်တွင် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကို ပိုင်ဆိုင်နိုင်ရန် အခွင့်အရေး များစွာရှိသည်။

"တစ်ဆင့်ပဲ လိုသွားခဲ့တယ်။ ကမ္ဘာပေါ်မှ ဘယ်အရာမှ ပြီးပြည့်စုံခြင်း မရှိဘူး" လင်းဖုန်းသည် စိတ်မကောင်း ဖြစ်နေခဲ့သော်လည်း ခေါင်းထဲတွင် သိပ်ပြီးမှ ထည့်ထားခဲ့ခြင်း မရှိပေ။

နောက်ဆုံးတွင် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းသည် သန်မာသည်ဟု ဆိုနိုင်သော်လည်း ပြိုင်ဘက်ကင်းသောအရာ မဟုတ်ချေ။ ရှောင်ယန်ဖြစ်စေ၊ ဇူရီဖြစ်စေ၊ ဝမ်လင်းဖြစ်စေ၊ သူတို့အားလုံးတို့သည် သူတို့၏ ကံကြမ္မာလမ်းကြောင်းကိုယ်စီ ရှိကြပြီး ဖြစ်ကြ၏။ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့ပင်လျှင်

စိတ်လှုပ်ရှားဖွယ်ရာ ဘဝမျိုးကို
မျှော်လင့်နိုင်စွမ်း ရှိကြသည်။

ထို့အပြင် ခြေတစ်လှမ်းဆုတ်၍
စဉ်းစားလိုက်လျှင် မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်းသည် ရှားပါးသော်လည်း
ပြိုင်ဘက်ကင်း မဟုတ်ပေ။

မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းသည်
ခက်ခဲသော အချက်အလက် များစွာတို့ဖြင့်
ပြည့်စုံမှ ရနိုင်ခြင်းဖြစ်သည်။ တစ်ယောက်သည်
အခြားနည်းလမ်းများဖြင့် မြင့်မြတ်သော
ဖန်ဆင်းခြင်း အလင်းတန်းအား

ရရှိနိုင်သော်လည်း အလွန်အမင်း
ခက်ခဲလှပေသည်။

သို့သော်လည်း လင်းဖုန်း၏ တပည့်တိုင်းသည်
သူတို့၏ ကိုယ်ပိုင်နည်းလမ်းများဖြင့်
ထူးချွန်ပြောင်မြောက်ကြသူများ ဖြစ်ကြသည်။
သူတို့တစ်ယောက်တိုင်းသည် မြင့်မြတ်သော
ဖန်ဆင်းခြင်း အလင်းတန်းနှင့်
လက်တစ်ကမ်းတွင် ရှိနေကြသူများ ဖြစ်ကြ၏။
အခြားတစ်ယောက်၏ မြင့်မြတ်သော
ဖန်ဆင်းခြင်း အလင်းတန်းအား
သူတို့အပေါ်တွင် ရွှေ့ပြောင်းလျှင်
သိပ်ခက်ခဲမည် မဟုတ်ပေ။

"သဘာဝက မပေးနိုင်တဲ့အရာကို
ပြုစုပျိုးထောင်ခြင်းဖြင့် ရရှိနိုင်တယ်"
လင်းဖုန်းက ပြုံးလိုက်ကာ သူ၏ အာရုံများကို
ဝမ်လင်းအပေါ်သို့ ပြန်ပို့လိုက်သည်။

ထိုအချိန်တွင် ဝမ်လင်း၏ မျက်လုံးများက
ပွင့်လာခဲ့သည်။ အခြေတည် ဝိညာဥ်သည် သူ၏
ခေါင်းအတွင်းသို့ ပြန်ဝင်သွားခဲ့ကာ
သူ၏အနားမှ အော်ရာများသည် အနည်းငယ်
တုန်ခါ၍ ပျောက်ကွယ်သွားခဲ့သည်။
ဟင်းလင်းပြင်သည်လည်း သူနှင့်အတူ
တုန်ခါသကဲ့သို့ ဖြစ်သွားခဲ့သည်။

လင်းဖုန်းက ပြုံးလိုက်ကာ ခေါင်းညိတ်လိုက်သည်။ "အရမ်းကောင်းတယ်၊ ဝမ်လင်း"

ဝမ်လင်းသည် မတ်တတ်ရပ်လိုက်ကာ လင်းဖုန်းထံသို့ ဦးညွှတ်လိုက်သည်။ "ဒါတွေအားလုံးက ဆရာ့ရဲ့ သင်ကြားမှုတွေကြောင့်ပါ"

"မင်းရဲ့ ကိုယ်ပိုင် အားထုတ်မှုက အဓိကကျပါတယ်" လင်းဖုန်းသည် သူ၏ လက်ကို ဝှေ့ယမ်းလိုက်ပြီး ပြုံးကာပြောလိုက်သည်။ "ငါက အခြေတည် ဝိညာဉ် အဆင့်ကို စရောက်သွားတဲ့သူကို

မှော်ရတနာ တစ်ပါးပေးမယ်လို့ ပြောထားတယ်။ မင်းက ပထမဆုံး တစ်ယောက်ပဲ"

လင်းဖုန်းသည် သူ၏လက်ကို ဖွေ့ယမ်းလိုက်ရာ ရောမ ခရမ်းရောင် အလံတစ်ခုသည် ဝမ်လင်း၏ အရှေ့တွင် ပေါ်လာခဲ့၏။ ဒါသည် ကောင်းကင်နတ်ဘုရား ချုပ်နှောင်ခြင်း အလံတံခွန် ဖြစ်၏။

ဒါသည် လင်းဖုန်းကိုယ်တိုင် ဖန်ဆင်းထားခဲ့သော မှော်ရတနာ ဖြစ်သည်။ သူသည် သန္ဓေလောင်း အဆင့်တွင်သာ ရှိသေးသော်လည်း၊ သာမန် သန္ဓေလောင်း

အဆင့်မှ မှော်ရတနာများထက် များစွာပို၍ အစွမ်းထက်သည်။

သူ၏ ထူးခြားသော သဘာဝကြောင့် အင်မော်တယ်ဝိညာဉ် အဆင့်အောက်မှ ကျင့်ကြံသူ တစ်ယောက်က အသုံးပြုမည်ဆိုလျှင်ပင်၊ သူ၏ စွမ်းအားများသည် ထာဝရည မိစ္ဆာကျောက်တိုင် သို့မဟုတ် မီးတောက်နဂါး ကောင်းကင် ချပ်ဝတ်တန်ဆာထက်ပင် ပို၍ အစွမ်းထက်မည် ဖြစ်သည်။

အင်မော်တယ်ဝိညာဉ် အဆင့်သို့ မရောက်သေးသော ကျင့်ကြံသူ

တစ်ယောက်သည် မှော်ရတနာ တစ်ပါး၏ အလားအလာကို အစွမ်းကုန် ထုတ်ဖော်နိုင်ခြင်း မရှိသော်လည်း၊ ကောင်းကင်နတ်ဘုရား ချုပ်နှောင်ခြင်း အလံတံခွန်တွင် အလွန်နဲ့ကို အစွမ်းထက်ကြသော အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ ဖြစ်ကြသည့် ရွှမ်းမင်သူတော်စင် ယုရှင်းတောက်နှင့် သေမင်းခန်းမမှ သံတမန်တို့ နှစ်ဦး ရှိနေကြပြီ ဖြစ်သည်။ သူ၏ တိုက်ခိုက်နိုင်စွမ်းမှာ ခိုင်မာလှပေသည်။

ဒါသည် လင်းဖုန်းက အခြေတည် ဝိညာဉ် အဆင့်ကို ပထမဦးဆုံး ဖော်ဆောင်နိုင်ခဲ့သည့်

ဝမ်လင်းအား ပေးအပ်ခဲ့သော
ဆုလာဘ်ဖြစ်သည်။

ဝမ်လင်းသည် ကောင်းကင်နတ်ဘုရား
ချုပ်နှောင်ခြင်း အလံတံခွန်အား ကြည့်လိုက်ကာ
မျက်လုံးအတွင်းတွင် ပျော်ရွှင်မှုများ
ပေါ်လာခဲ့သည်။ သူသည် ထိုအလံ၏
စွမ်းပကားကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရှိခဲ့ပြီး
ဖြစ်၏။ သူသည် အလွန်အမင်းကို
အစွမ်းထက်မှန်းကို သိနေပေသည်။

"မင်းရဲ့ လက်ရှိ ကျင့်ကြံမှု အဆင့်နဲ့ဆိုရင်
အင်မော်တယ်ဝိညာဉ် အဆင့်က ကျင့်ကြံသူ
နှစ်ယောက်စလုံးကို တပြိုင်နက်တည်း

အသုံးမချနိုင်သေးဘူး။ မဟုတ်လို့ရှိရင် သူတို့က ချိုးဖောက်လွတ်မြောက် သွားနိုင်လိမ့်မယ်" လင်းဖုန်းက သတိပေးလိုက်သည်။

"မင်းက အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်ကို ရောက်သွားပြီးရင် သူတို့နှစ်ယောက်ကို တိုက်ပွဲမှာ တပြိုင်နက်တည်း အသုံးပြုနိုင်လိမ့်မယ်။ မင်းက အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်ကို ရောက်သွားရင်တော့ တချိန်ထဲမှာ သုံးယောက်ကို အသုံးပြုနိုင်လိမ့်မယ်"

ဝမ်လင်းသည် သူ၏ခေါင်းကို ပြင်းထန်စွာ ညိတ်လိုက်ကာ မှော်ရတနာအား

လက်ခံလိုက်သည်။ လင်းဖုန်းသည်
သူပိတ်ထားသည့် ချိတ်များကို
ပယ်ဖျက်လိုက်ကာ ဤမှော်ရတနာ၏
ဝေဝါးနေသေးသော အသိစိတ်ကို ဝမ်လင်း၏
အမိန့်များကို နာခံရန် ညွှန်ကြားလိုက်၏။

အားလုံးတို့က ပြီးဆုံးသွားသောအခါ
လင်းဖုန်းသည် ဝမ်လင်းအား
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ
အပြင်သို့ ခေါ်လာခဲ့သည်။
သူတို့နှစ်ဦးသားတို့သည်
တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကာ
ပြုံးလိုက်ကြသည်။ ဝမ်လင်းသည် သူ၏
ခန္ဓာကိုယ်မှ မှော်စွမ်းအင်အား

ထုတ်လွှတ်လိုက်ရာ ချက်ချင်းပင်
ယုကျင်းတောင် တစ်ခုလုံးမှ ခံစားနိုင်ခဲ့ကြသည်။

ချက်ချင်းပင် ငရဲမီး ချောက်ကမ်းပါးမှ
မီးတောက်ဘောလုံး လေးလုံးတို့
တောက်ပလာခဲ့ပြီး ရှောင်ယန်၏ အသံကို
ကြားနိုင်ခဲ့သည်။ "တတိယ ဂျူနီယာကို
ငါတို့အားလုံးထက်
ခြေတစ်လှမ်းသာသွားနိုင်တဲ့အတွက်
ဂုဏ်ပြုပါတယ်။ သိပ်ပြီးတော့လည်း
ပျော်မနေခဲ့ဦး။ ငါတို့က မကြာခင်
လိုက်မီလာကြတော့မှာ"

မြေရိုင်းလျှိုမြောင်မှ ရှီထျန်းဟောင်၏
မိုးကြိုးကဲ့သို့သော အသံကို ကြားနိုင်ခဲ့သည်။
"တတိယ စီနီယာကို ဂုဏ်ပြုပါတယ်။
ရှီထျန်းရှီနဲ့ တိုက်ပွဲအပြီးမှာ ကျွန်တော်က
စီနီယာနောက်ကို အမြဲလိုက်လာခဲ့မယ်"

နိဗ္ဗာန်ကမ္ဘာနှင့် ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်းမှ
ယန်ချင်နှင့် ယွဲ့ဟုန်ယန်တို့၏ အသံတို့ကိုလည်း
ကြားနိုင်ခဲ့သည်။ "တတိယ စီနီယာကို
ဂုဏ်ပြုပါတယ်"

အစပထမတွင် ပဟေဠိ ဖြစ်နေကြသော
ယုကျင်းတောင်ပေါ်မှ တပည့်ငယ်များသည်
ဖြည်းဖြည်းချင်း သဘောပေါက်လာကြသည်။

သူတို့အားလုံးက ဗလုံးဗထွေး ပြောဆိုနေကြ၏။ "အမြဲတမ်း သိုသိုသိပ်သိပ် နေတတ်တဲ့ အကြီးအကဲဝမ်က အခြေတည်ဝိညာဉ်ကို ပထမဆုံး ဖော်ဆောင်နိုင်တဲ့သူ ဖြစ်တာကို ယုံတောင်မယုံနိုင်ဘူး"

လင်းဖုန်းနှင့် ဝမ်လင်း၏ အနားတွင် လေဟာနယ် အက်ကွဲကြောင်းတစ်ခု ပေါ်လာခဲ့ပြီး ရွှေရောင်အနားကွပ်ထားသည့် ခရမ်းရောင် ဝတ်စုံနှင့် ချောမောသည့် လူငယ်တစ်ယောက် ပေါ်လာခဲ့သည်။ သူသည် ဝမ်လင်းအား ခြေစခေါင်းဆုံး ကြည့်လိုက်ကာ ပြောလိုက်၏။ "မင်းက အခြေတည်ဝိညာဉ် အဆင့်ကို လျှင်မြန်စွာနဲ့ ရောက်နိုင်ခဲ့တယ်။

ဒါက တကယ့်ကို ရှားပါးလှတယ်။ တကယ့်ကို ချီးကျူးထိုက်ပါပေတယ်"

ထိုသူမှာ မြောင်ရှီးဟောင် ဖြစ်သည်။ ဝမ်လင်းသည် သူ့အားကြည့်လိုက်ကာ လက်နှစ်ဘက်ကို ဆုပ်၍ ပြောလိုက်သည်။ "မစ္စတာမြောင်က မြှောက်နေပါပြီ"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒီကအစ်ကို ရှီးဟောင်က အမြဲတမ်း အမှန်တရားကိုပဲ ပြောတာ" မြောင်ရှီးဟောင်က သူ၏ နှုတ်ခမ်းကို ကာလိုက်ကာ မခို့တယို့ ပြုံးလိုက်သည်။ သူ၏ အကြည့်သည် လင်းဖုန်းအပေါ်သို့ ကျရောက်သွားကာ သက်ပြင်းချလိုက်သည်။

"အရှင်၊ အရှင်က ပါရမီရှင်တွေကို မျက်စိကျတဲ့ နေရာမှာ တကယ့်ကို ထူးချွန်လှပါတယ်"

လင်းဖုန်းကည်း ပြုံးလိုက်ကာ ပြောလိုက်သည်။ "ရှီးဟောင်၊ ငါ့ရဲ့ တပည့်က အခြေတည်ဝိညာဥ်ကို ဖန်ဆင်းနိုင်ခဲ့ပြီဆိုတဲ့သတင်းကို အားလုံးကြားအောင် ပြောပေးလိုက်ပါ။ ဒါက သတင်းကောင်းဖြစ်တယ်"

အခြေတည်ဝိညာဥ် အဆင့်မှ ကျင့်ကြံသူများသည် ရှားပါးလှ၏။ သူသည် သူ့ကိုယ်သူ ဂရန်းမာစတာဟူ၍ သမုတ်နိုင်၏။ သေးငယ်သော ဂိုဏ်းများနှင့် အလယ်အလတ်

ဂိုဏ်းများတွင် တစ်ယောက်သည် ဂိုဏ်းချုပ်ပင် လုပ်နိုင်ပေသည်။

ပို၍ ကြီးမားသော ဂိုဏ်းများတွင်ပင် အခြေတည်ဝိညာဉ် အဆင့်မှ လူတစ်ယောက် ပေါ်ထွက်လာရန် သိပ်မလွယ်ကူပေ။ ဒါသည် ပျော်ပွဲရွှင်ပွဲ ကျင်းပရန် ထိုက်တန်သည့် ဖြစ်ရပ်တစ်ခုပင် ဖြစ်၏။ တစ်ယောက်သည် သူတို့၏ မိတ်ဆွေများ၊ မဟာမိတ်များဖြင့် အတူတကွ ဆင်နွှဲကြရမည် ဖြစ်သည်။

လင်းဖုန်း၏ လက်ရှိ အဆင့်အတန်းနှင့် သူသည် အဘယ်ကြောင့် ဤအခွင့်အရေးကို လက်လွှတ်ခံနိုင်ပါမည်နည်း။

ထိုအချိန်တွင် နတ်ဘုရားနယ်မြေ
ခွန်းလွန်တောင်မှ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် အားလုံးတို့အား
သူ၏ တတိယတပည့် ဝမ်လင်းသည်
အခြေတည်ဝိညာဉ်အား ဖန်ဆင်းနိုင်ပြီဟု
ကြေညာလိုက်လေသည်။

## စာစဉ် ၃၀ : အပိုင်း ၆

## အပိုင်း ၅၅၆ : ကောင်းမွန်သော နာမည်၊ ခိုင်မာသော အခြေခံအုတ်မြစ်

လွန်ခဲ့သော တစ်နှစ်က လေနတ်ဘုရားဂိုဏ်း အဖျက်ဆီးခံရပြီး ရှေးကျီး မဟာပဏ္ဍိတက ဖိနှိပ်ခြင်းကို ခံရအပြီးတွင်၊ ခွန်းလွန်တောင် တစ်ခုလုံးသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ထိန်းချုပ်မှုအောက်သို့ ကျရောက်သွားခဲ့သည်။

ခွန်းလွန်တောင် တိုက်ပွဲသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဂုဏ်သတင်းက နတ်ဘုရားနယ်မြေ တစ်ခုလုံးတွင် ပထမဆုံးအကြိမ် ကျော်ကြားသွားသည့် တိုက်ပွဲဖြစ်သည်။

ထို့နောက်ပိုင်းတွင် တိမ်တိုက်တောအုပ် ကမ္ဘာအတွင်းမှ ဖြစ်ရပ်များသည်

လှျို့ဝှက်ချက်ဖြစ်ကာ လူအနည်းငယ်သာ သိခဲ့ကြသည်။ သို့သော်လည်း မြောက်ဝင်ရိုးစွန်း ပင်လယ်မှ ခွန်းဖန် လှျို့ဝှက်ကျမ်းစာ တိုက်ပွဲနှင့် ကောင်းကင်လှည်း တောင်ထိပ်မှ တိုက်ပွဲသည်၊ လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့၏ ဂုဏ်သတင်းအား လွန်စွာမှပင် မြှင့်တင်ပေးနိုင်ခဲ့သည်။

ပြီးတာနှင့် လင်းဖုန်းသည် ယုမိသားစုအား ဖျက်ဆီးပစ်ကာ ဟင်းလင်းပြင် ဘုရားကျောင်းမှ ဖိအားများကို ရင်ဆိုင်ခဲ့သည်။ သူသည် ရှီထျန်းဟောင်နှင့် ရှီထျန်းရီတို့အား တိုက်ခိုက်နိုင်ရန် လုပ်ဆောင်နိုင်ခဲ့၏။ ထိုအခိုက်အတန့်တွင် သူသည် အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း၏ ဂုဏ်သတင်းအား
ထိပ်သို့ရောက်အောင် ပို့ဆောင်နိုင်ခဲ့သည်။

မဟာကမ္ဘာ၏ အချိန်စီးဆင်းမှုအရ
ယခင်နှစ်မှစ၍ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် လွန်စွာမှ
မျက်စိကျစရာ ကောင်းလာခဲ့သည်။
နတ်ဘုရားနယ်မြေမှ အဓိက အဖြစ်အပျက်
အတော်များများသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် ဆက်စပ်နေခဲ့သည်။
အချို့ကိစ္စများမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
အပေါ်တွင် မူတည်နေခဲ့ခြင်း ဖြစ်သည်။

သိပ်မကြာခင်တွင်ပင် ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ သတင်းသည် ပြင်ပသို့ စတင်ပျံ့နှံ့လာခဲ့၏။

ဒွိစုံသူငယ်အိမ်ကို ပိုင်ဆိုင်ထားသော၊ လူသားကျင့်ကြံသူများ၏ လူငယ်မျိုးဆက်မှ ထိပ်ဆုံး ပါရမီရှင်ဖြစ်သော၊ ကြီးမားလှသော အလားအလာများကို ပိုင်ဆိုင်ထားသော၊ ဟင်းလင်းပြင် ဘုရားကျောင်းမှ ရှီထျန်းရီသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တတိယတပည့်ဖြစ်သူ ဝမ်လင်း၏ မျက်စိတစ်ဘက်ကန်းအောင် လုပ်ခြင်းအား ခံခဲ့ရသည်။

ထိုကဲ့သို့သော သတင်းထူးသည် ကမ္ဘာအနှံ့သို့ လျှင်မြန်စွာနှင့် ပေါက်ကွဲပျံ့နှံ့သွားခဲ့သည်။

ရှီထျန်းရီနှင့် ရှီထျန်းဟောင်တို့သည် အမှန်တကယ် မတိုက်ခိုက်ရသေးခင်တွင်ပင်၊ ရှီထျန်းရီသည် ရှီထျန်းဟောင်၏ ဂိုဏ်းတူညီအစ်ကိုမှ မျက်စိကန်းအောင် အလုပ်ခံခဲ့ရလိမ့်မည်ဟု မည်သူကမှ ထင်မထားကြချေ။

ထို့အပြင် ဒါသည် မျှတစွာ တိုက်ခိုက်ခြင်း ဖြစ်သည်။ အကောက်ကြံ ဉာဏ်များခြင်းများ မပါပဲ အတွန့်တက်စရာ တစ်ကွက်မှ မရှိပေ။ ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်မှ

ဝမ်လင်းသည့် အခြေတည်ဝိညာဉ် စဦးပိုင်း
အဆင့်မှ ရှီထျန်းရီအား တစ်ယောက်ချင်း
ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် အနိုင်ယူနိုင်ခဲ့သည်။

ထိုသတင်း ပျံ့နှံ့သွားခဲ့သည်နှင့်
သုံးသပ်ဆွေးနွေးမှုများသည် ပလူပျံနေခဲ့သည်။
ထိုသတင်းကို ကြားရသူများ အားလုံးတို့သည်
သက်သေများ ရှာခဲ့ကြသော်လည်း
ဟင်းလင်းပြင် ဘုရားကျောင်းသည်
လုံးဝတိတ်ဆိတ်နေခဲ့သည်။ ထို့ကြောင့်
အားလုံးတို့က ပို၍ အံ့ဩတုန်လှုပ်ခဲ့ကြသည်။

ဒွိစုံသူငယ်အိမ်နှင့် ပါရမီရှင် ကျင့်ကြံသူ
ရှီထျန်းရီသည် အဘယ်မှာ ရှုံးနိမ့်နိုင်ပါမည်နည်း။

ရှောင်ယန်နှင့် ဇူရီတို့၏ အစောပိုင်းမှ မှင်သက်ဖွယ်ရာ စွမ်းဆောင်ရည်များနှင့် အတူ အားလုံးတို့သည် အနည်းငယ် နေသားမကျ ဖြစ်နေကြသည်။ ကြည့်ရသည်မှာ လင်းဖုန်း၏ လက်အောက်မှ တပည့်တိုင်းသည် ရှီထျန်းရီအား အနိုင်ယူနိုင်သကဲ့သို့ ဖြစ်နေ၏။ ဤအချိန်တွင် လူအများတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား လေးစားကြောက်ရွံ့မှုဖြင့် အကြိတ်အနယ် ဆွေးနွေးနေကြသည်။

ရှီထျန်းရီသည် ဒွိစုံသူငယ်အိမ်ကြောင့် နာမည်ကြီးလာခြင်း ဖြစ်၏။ သို့သော်လည်း

ယခုအချိန်တွင် သူ၏ မျက်လုံးတစ်ဘက်သည်
ကန်းသွားခဲ့ပြီ ဖြစ်၍ ဆွေးနွေးချက်များသည်
ဆူကြွလှုပ်ရှားနေကြသည်။ တစ်ယောက်ကမှ
ဤတိုက်ပွဲသည် သီသီလေး ကပ်၍
ရှုံးနိမ့်သွားသည်ကို သတိမထားကြတော့ပေ။

ရှိနှစ်ရှိတို့၏ အကြားမှ စီစဥ်ထားသော
တိုက်ပွဲသည် မမှေးမှိန်သွားခဲ့ပဲ ထို့အစား
လူအများ၏ ပိုမိုစိတ်ဝင်စားမှုကို ခံလာခဲ့ရသည်။

အားလုံးတို့သည် ရှိထျန်းရီက
နတ်ဘုရားနယ်မြေ၏ နာမည်ကြီး
ကျင့်ကြံသူတစ်ယောက် အနေနှင့်
ကိုက်ညီသလော ဟူသည်ကို

သိချင်နေကြသည်။ အားလုံးတို့က
ရှိထျုန်းရှိသည့် မျက်လုံးတစ်လုံးကို
ဆုံးရှုံးသွားအပြီးတွင် မည်ကဲ့သို့ တုံ့ပြန်မည်ကို
သိချင်နေကြ၏။

သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်
လွန်စွာ အစွမ်းထက်၍ လင်းဖုန်း၏
လက်ရင်းတပည့်တိုင်းသည် ဤကဲ့သို့သော
မယုံနိုင်သော စွမ်းဆောင်ရည်များကို
ပိုင်ဆိုင်ထားသည်လောကို သိချင်နေကြသည်။

သို့သော်လည်း အချို့လူများက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ လုပ်ရပ်များကို သီးသန့်
ဝေဖန်နေကြ၏။ သူတို့သည် မကောင်းသော

ရည်ရွယ်ချက်ဖြင့် ဝမ်လင်း၏ စွမ်းအားများကို အသုံးချကာ ရှီထျန်းရီ၏ စွမ်းအားများကို ဖယ်ရှားရန် အသုံးပြုခဲ့သည်ဟု ယုံကြည်နေကြ၏။ ရှီထျန်းရီသည် ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့အား တစ်လအတွင်းတွင် ရင်ဆိုင်ခဲ့ရခြင်းနှင့် တူနေခဲ့သည်။

အကယ်၍ ထိုသို့သာ ဖြစ်ခဲ့မည် ဆိုပါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ရှီထျန်းဟောင်၏ အပေါ်တွင် ယုံကြည်မှုမရှိဟု ဆိုလိုနေခြင်း ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ဂုဏ်သိက္ခာ ကျစေသော နည်းလမ်းများကို အသုံးပြုခဲ့ခြင်း ဖြစ်မည်။

အချို့လူများ၏ တွေးတောမှုများ အောက်တွင် လူအနည်းငယ်တို့ကသာ ဤကောလဟာလများ၏ စစ်မှန်ခြင်းကို ယုံကြည်ခဲ့ကြ၏။

ထိုအကြိမ်တွင် ခွန်းလွန်တောင်မှ သတင်းတစ်ပုဒ် ထွက်လာခဲ့သည်။

ထိုသတင်း၏ အဓိက ဇာတ်လိုက်မှာ ရှီထျန်းရီအား အနိုင်ယူခဲ့သောသူ ဖြစ်၏။ သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင် တတိယ တပည့်ဖြစ်သော ဝမ်လင်း ဖြစ်သည်။ သူသည် ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးများကို အောင်မြင်စွာ

ကျော်လွန်နိုင်ခဲ့၍ အခြေတည်ဝိညာဉ်ကို
ဖော်ဆောင်နိုင်ခဲ့သည်။

အားလုံးတို့သည့် ထိုသတင်းအား
ကြားရသောအခါ အံ့သြမှင်သက်ကုန်ကြ၏။
အဘယ်ကြောင့်ဆိုသော် ဝမ်လင်းက
ရွှေရောင်ဗဟိုချက်ကို ဖန်ဆင်းထားခဲ့သည်မှာ
တစ်နှစ်ပင် မပြည့်သေးသောကြောင့် ဖြစ်သည်။

ယခုအချိန်တွင် သူသည် အခြေတည်ဝိညာဉ်
အဆင့်ကို အောင်မြင်စွာနှင့်
ရောက်ရှိသွားခဲ့လေပြီ။ အချိန်ကို
လျှင်မြန်စေသည့် ဒိုင်မန်းရှင်း အတွင်းတွင်
လေ့ကျင့်နေလျှင်ပင် လူအနည်းငယ်ကသာ

ဤကဲ့သို့ အမြန်နှုန်းဖြင့် တိုးတက်နိုင်မည် ဖြစ်သည်။ ထိုကဲ့သို့သော အမြန်နှုန်းမျိုးသည် ယခင်က မကြားဖူးသလောက် နီးပါးပင် ဖြစ်သည်။

သူ၏ ရှိထျန်းရှီနှင့် တိုက်ပွဲမှ စွမ်းဆောင်ရည်များအရ၊ သူသည် ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်ဖြင့် အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်မှသူအား အနိုင်ယူနိုင်ခဲ့ခြင်း ဖြစ်သည်။ သူ၏ တိုက်ခိုက်နိုင်မှု စွမ်းရည်တို့သည် လွန်စွာထက်မြက်၍ အထင်သေး၍ လုံးဝမရဟု သိနိုင်မည် ဖြစ်သည်။

ကျင့်ကြံသူပေါင်း များစွာတို့သည်
တစ်ယောက်၏ အခြေတည်ဝိညာဉ်အား
ဖော်ဆောင်ခြင်းအား အရေးမပါသော
ကိစ္စအဖြစ် ရှုမြင်ကြသည်။ သို့သော်လည်း
ဝမ်လင်းသည် ဤအထဲတွင် မပါချေ။

ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၊
မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်၊
ကောင်းကင်မာစတာ ဓားဂိုဏ်းနှင့်
နေလဓားဂိုဏ်းတို့သည် ထိုသတင်းအား
ကြားရသောအခါ ချက်ချင်းပင် လူလွှတ်၍
ဂုဏ်ပြုစကားများကို ပြောကြားခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် သိပ်၍
မနီးကပ်လှသော
အလင်းခေးမြန်ဂိုဏ်းသည်ပင်လျှင်
လက်ဆောင်တစ်ခုကို ပေးပို့ခဲ့သည်။

ကောင်းကင်လှည်း တောင်ထိပ်က တိုက်ပွဲတွင်
သူတို့၏ ဂိုဏ်းသိက္ခာအား လင်းဖုန်းက
ကာကွယ်ပေးခဲ့သည့် ကြယ်စင်ခေးဂိုဏ်းနှင့်
လျှပ်စီးခေးဂိုဏ်းတို့ကလည်း ခွန်းလွန်တောင်သို့
လက်ဆောင်များ ပို့ပေးခဲ့ကြ၏။

ဘေးမှ ကြည့်နေသောသူများ၏
မျက်စိအတွင်းတွင် ဒါသည် အလွန်နိုကို
အံ့အားသင့်စေသော အရာတစ်ခု ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
ဂုဏ်သိက္ခာသည် မြင့်တက်လာခြင်းနှင့်အတူ
သူ၏ အခြေခံ အုတ်မြစ်များသည်လည်း
ပို၍ခိုင်မာလာခဲ့သည်။ သူသည်
ထိပ်သီးဂိုဏ်းကြီးများမှ ကျင့်ကြံသူများ၏
လေးစားမှုကို ရရှိနိုင်ခဲ့၏။

***************

ရှေးဟောင်းကမ္ဘာ စိမ့်မြေ၏ တောင်ဘက်မှ
တောနက်ကြီး အတွင်းတွင် တောအုပ်ကျယ်ကြီး
တစ်ခုရှိသည်။ သူ၏ သစ်ပင်များသည် လွန်စွာ
ရှေးကျလှ၍ ထိုနေရာတွင်

လူတစ်စုံတစ်ယောက်ကမှ မနေထိုင်သကဲ့သို့ ဖြစ်နေကြသည်။

ထိုတောအုပ်၏ တောနက်ပိုင်းတွင် ရေမရှိသော ရောမ ရေကန်ကြီးကဲ့သို့ ကြီးမားကျယ်ပြန့်လှသည့် ချိုင့်ခွက်ကြီးတစ်ခု ရှိနေသည်။

ထိုချိုင့်ခွက်၏ အောက်ခြေသည် နက်ရှိုင်းလွန်းလှသဖြင့် တစ်ယောက်သည် အောက်သို့ ငုံ့ကြည့်လိုက်လျှင် မြင်ရုံသာ မြင်နိုင်မည် ဖြစ်သည်။ ထိုနေရာတွင် တစ်ခုနှင့်တစ်ခု တင်းကျပ်စွာနှင့် ပေါင်းစည်းထား၍ လင်းလက်စွာ

တောက်ပနေသော ရောမ မှော်ကျိန်စာ
ဝက်ပါကြီး တစ်ခုရှိသည်။

ထိုနေရာသည် သံသရာဂိုဏ်း၏
လမ်းစဥ်တစ်ခုဖြစ်သည့် ငရဲလမ်းစဥ်၏
တည်နေရာဖြစ်သည်။

တောင်ပိုင်းတောနက်အတွင်းတွင်
သံသရာဂိုဏ်းသည် ငြင်းဖွယ်မရှိသော
အုပ်ချုပ်သူ ဖြစ်၏။ သူတို့အချင်းချင်းသာ
ပဋိပက္ခများ ဖြစ်မနေကြလျှင်
သံသရာဂိုဏ်းသည် ကျန်သောဂိုဏ်းများအား
ခေါင်းကိုက်စေ၍ ပစ်မှတ်ဖြစ်စေခဲ့မည်
ဖြစ်သည်။ ရှေးဟောင်းကမ္ဘာစိမ့်မြေ၏

အခြားတစ်ဘက်မှ မဟာကျိုး
အင်ပါယာကလည်း အန္တရာယ် ရှိနိုင်မည်ဖြစ်၏။

သို့သော်လည်း အတွင်း ပဋိပက္ခများကြောင့်
သံသရာဂိုဏ်းသည် မချဲ့ထွင်နိုင်ကြပဲ
တောင်ပိုင်းတောနက် အတွင်း၌သာ
နေနိုင်ခဲ့ပေသည်။

သံသရာဂိုဏ်းမှ လမ်းစဥ် ခြောက်သွယ်တို့သည်
တစ်ဘက်နှင့်တစ်ဘက် တိုက်ခိုက်နေကြကာ
သူတို့၏ စွမ်းအားများမှာ မတိမ်းမယိမ်း
ဖြစ်နေကြသည်။ တစ်ဘက်မှ
အခြားတစ်ဘက်အား လုံးဝ

အနိုင်မတိုက်နိုင်ကြသဖြင့် သံသရာဂိုဏ်းအား
မပေါင်းစည်းနိုင်ခဲ့ကြပေ။

ငရဲလမ်းစဉ်၏ အိမ်တော် အတွင်းပိုင်းတွင်
ပိန်ပိန်ပါးပါးနှင့် သက်လတ်ပိုင်း
လူကြီးတစ်ယောက်သည် ထိုင်နေခဲ့သည်။
သူသည် ပါးရိုးမောက်ကာ ကြေးနီရောင်
အသားအရေ ရှိသည်။ အခြား ငရဲလမ်းစဉ်မှ
ကျင့်ကြံသူများ၏ အပေါ်တွင် တွေ့ရလေ့ရှိသည့်
သေမင်းအော်ရာများကို သူ၏ကိုယ်ပေါ်တွင်
တစ်ယောက်မှ အာရုံမခံနိုင်ကြပေ။

သူသည် ငရဲကမ္ဘာ သူတော်စင် လျှိုကျိခွန်း
ဖြစ်သည်။ သို့သော်လည်း သူ၏

မျက်နှာပေါ်တွင် အပြုံးတစ်စမှ မတွေ့နိုင်ချေ။ သူ၏ အမူအရာမှာ လေးနက်လျှက်ရှိသည်။

"ခေါင်းဆောင်၊ ခေါင်းဆောင်က အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက အကူအညီကို ယူဖို့ သေချာစဥ်းစားပြီးပြီလား။ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ကျွန်တော်တို့ ကိုင်တွယ်ဖို့ လွယ်တဲ့သူ လုံးဝမဟုတ်ဘူးနော်။ နောက်ပိုင်းမှာဆိုရင် ကျွန်တော်တို့က အကျိုးနည်းသွားနိုင်တယ်" လျို့ကျိခွန်းက တိတ်ဆိတ်စွာနှင့် ပြောလိုက်သည်။

အမှောင်အတွင်းမှ ရှေးကျသော အသံတစ်ခု ထွက်လာခဲ့သည်။ "ဒါက ပြင်ပ အကူအညီ မဟုတ်ဘူး။ ငါတို့က ကံကြမ္မာက ဖန်တီးပေးလာတဲ့ အခွင့်အရေး တစ်ခုကို လက်လွှတ်မခံတဲ့ သဘောပဲ။ ငါတို့က တခြားလမ်းစဥ် ငါးသွယ်က သူတွေကို သူ့ဆီက အကူအညီ အရင်တောင်းခံစေလို့ မရဘူး"

ထိုရှေးကျသော အသံပိုင်ရှင်သည် ငရဲလမ်းစဥ်၏ ခေါင်းဆောင် အစစ်အမှန် ဖြစ်သည်။ သူသည် ကျင့်ကြံမှုအဆင့် အမြင့်ဆုံးသောသူ မင်းကျွန်း ဖြစ်၏။

အစောပိုင်းတွင် ရှေးဟောင်းယွင်ထန်း ကမ္ဘာမှ မိသားစုကြီး တစ်ခုဖြစ်သော ယန်မိသားစုမှ အဖွဲ့ဝင်အချို့သည် ခွန်းလွန်တောင်အား ကျူးကျော်၍ လင်းဖုန်းအား အပြစ်ပြုလုပ်မိခဲ့သည်။ လင်းဖုန်းက သူတို့အား ဖမ်းဆီးထားခဲ့ရာ လျှိုကျိခွန်းက သေမင်းခါတ်ငွေ့ ကျောက်တုံးဖြင့် သူတို့အား ပြန်ရွေးခဲ့ရ၏။

ဒါသည် သူမျှော်မှန်းထားသည့် ရလဒ်မဟုတ်သော်လည်း နှစ်ဦးနှစ်ဘက်သား ပြေလည်စွာ ညှိနှိုင်းနိုင်ခဲ့ကြသည်။

ပြီးတာနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် စွမ်းအားပိုကြီးလာခဲ့ပြီး လင်းဖုန်းကိုယ်တိုင်ကလည်း များစွာ အစွမ်းထက်လာခဲ့သည်။ လျှိုကျိုခွန်းကလည်း သူ၏ မျက်နှာကို အဖတ်ဆည်ရန် အကြံအစည်ကို လက်လျှော့လိုက်သည်။

ယခုအချိန်တွင် သူက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သူတို့အား သံသရာဂိုဏ်း၏ အခြား လမ်းစဥ်များကို လွှမ်းမိုးနိုင်ရန် သော့ချက်တစ်ခုဟု ခံစားလာခဲ့ရသည်။

မင်းကျွန်း၏ စကားများကို ကြားရသောအခါ လှိုက်ချိခွန်းသည် သူ၏ခေါင်းအား ညိတ်လိုက်ကာ ပြောလိုက်၏။ "ကျွန်တော် နားလည်ပါပြီ။ ကျွန်တော်တို့က သူ့တပည့် အခြေတည်ဝိညာဉ်ကို ဖော်ဆောင်နိုင်တဲ့အတွက် ဂုဏ်ပြုလက်ဆောင် သွားပေးသင့်ပါတယ်"

"ဟုတ်တယ်။ ဒါ့အပြင် မင်းက ဒီအခွင့်အရေးကို အသုံးချပြီး သူ့တပည့် ရှီထျန်းဟောင်နဲ့ ဒွိစုံသူငယ်အိမ်နဲ့သူရဲ့ တိုက်ပွဲကို သွားကြည့်သင့်တယ်" ပြီးတာနှင့် မင်းကျွန်း၏ အသံသည် တိုးဝင်ပျောက်ကွယ်သွားခဲ့သည်။

လှိုကျိုခွန်းက ပြန်ဖြေလိုက်သည်။ "ကျွန်တော် နားလည်ပါတယ် ဦးလေး။ စိတ်မပူပါနဲ့"

***************

ဟန်တွမ်းတောင်တန်း၏ တောင်ဘက်ပိုင်းမှ ဟွမ်းမန်တောင်ထိပ်ပေါ်တွင် ကောင်းကင်ကိုးလွှာ ဓားမဟာမိတ် အဖွဲ့မှ မဟာ လွင်တီးခေါင် ဓားဂိုဏ်းရှိသည်။

ထိုဂိုဏ်းအတွင်းတွင် အဝါရောင် ဝတ်စုံနှင့် သက်လတ်ပိုင်း လူကြီးတစ်ယောက်သည် ဂိုဏ်း၏ အစိကခန်းမဆောင်မှ ပလ္လင်အပေါ်တွင်

ထိုင်နေခဲ့၏။ သူ၏ အမှုအရာသည်
တည်ငြိမ်လျှက်ရှိကာ သူ့ထံမှ အစွမ်းထက်သော
စွမ်းအားလှိုင်းလုံးများကို ခံစားနေရသည်။
သူသည် မဟာလွင်တီးခေါင် ဓားဂိုဏ်းမှ
ခေါင်းဆောင်ဖြစ်သူ မဟာလွင်တီးခေါင်
ဓားမာစတာ ဖြစ်သည်။

သူ၏ အောက်တွင် လူအချို့ ထိုင်နေကြ၏။
သူတို့တစ်ယောက်ချင်းစီတို့မှ
စွမ်းအားထက်သော မှော်စွမ်းအင်များ
ဖြာထွက်နေကြ၍၊ အားလုံးတို့သည်
အခြေတည်ဝိညာဥ် အဆင့်မှ ကျင့်ကြံမှုများကို
ပိုင်ဆိုင်ထားကြသည်။ သို့သော်လည်း

သူတို့အားလုံးသည် စိတ်မသက်မသာ ဖြစ်နေကြ၏။

သူတို့အနက်မှ အဖြူရောင် ဆံပင်နှင့် ရိုးရာ ဝတ်စုံကို ဝတ်ဆင်ထားသောသူ တစ်ယောက်သည် မျက်နှာပေါ်တွင် မည်းမှောင်သော အမူအရာများ ရှိနေခဲ့သည်။

"အထီးကျန်မိုးကြိုး၊ မင်းက ဘာလုပ်ရမယ် ဆိုတာကို သိပါတယ်" မဟာလွင်တီးခေါင် ခေးမာစတာက ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။

ထိုအဘိုးအို၏ မျက်နှာသည်
မည်းမှောင်နေခဲ့ကာ ပြန်ဖြေလိုက်သည်။
"မာစတာ၊ သူတို့က ကျွန်တော်တို့ရဲ့ အထီးကျန်
မိုးကြိုး နတ်ဘုရားလိုက်ကာကို ယူသွားခဲ့တယ်"

မဟာလွင်တီးခေါင် ဓားမာစတာသည် သူ့အား
တည်ငြိမ်စွာဖြင့် ကြည့်လိုက်ကာ
ပြောလိုက်သည်။ "မင်းက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက ဒါကို
ခိုးယူသွားတာဖြစ်ပြီး၊ မတော်တဆ တွေ့ခဲ့တာ
မဟုတ်ဘူး ဆိုတာကို သေချာသလား"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့
ခေါင်းဆောင်ဟာ ချန်းချွန်းတောင်ထိပ်ပေါ်မှာ

ပေါ်လာခဲ့တာ မှန်ပေမဲ့၊ မင်းက သူဟာ ချူပင်းကို သတ်ပြီးမှ မင်းရဲ့ မှော်အိုင်တမ်ကို ယူသွားတဲ့သူက သူဆိုတာကို သေချာသလား။ သူ့ရဲ့ ကျင့်ကြံမှုအဆင့်နဲ့ မင်းက အဲ့ဒီအချိန်က ဟင်းလင်းပြင် အတွင်းမှာ သူနဲ့ တိုက်ခိုက်ခဲ့ရင် သေသွားနိုင်တယ် ဆိုတာကို မတွေးမိဘူးလား"

"မင်းက ဟွမ်းမန်တောင်ထိပ်ပေါ်မှာ ရှိနေရင်တောင် မင်းကိုငါက ကာကွယ်နိုင်မလား ဆိုတာကို အာမမခံနိုင်ဘူး"

အထီးကျန်မိုးကြိုး ဂရန်းမာစတာသည် သူ့ထံမှ ရတနာအား ခိုးယူသွားသူမှာ လင်းဖုန်းဖြစ်သည်ဟု သေချာနေပေသည်။

သူသည် ကိုယ်တိုင်သွား၍ ချုပင်းအား ကူညီမည်ဟု ကြိုးစားခဲ့သောအခါ သူသည် အဟာန့်တား ခံခဲ့ရ၏။

မဟာလွင်တီးခေါင် ခေးမာစတာသည် သူ့အားကြည့်လိုက်ကာ ပြောလိုက်သည်။ "ငါကမင်းကို မော်တယ် စိတ်ဝိညာဉ် ဆေးလုံးကိစ္စ အပေါ်မှာ ဘာမှ မပြောခဲ့ဘူး။ ဒီတစ်ကြိမ်မှာ မင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ဆီကို သွားပြီးတော့ သူ့တပည့် အခြေတည်ဝိညာဉ် အဆင့်ကို ရောက်သွားတဲ့အတွက် ဂုဏ်သွားပြုရမယ်။ ငါပြောတာ ရှင်းလား"

'မော်တယ် စိတ်ဝိညာဉ်ဆေးလုံး' ဟူသော
စကားကို ကြားလိုက်ရသောအခါ
အထီးကျန်မိုးကြိုး ဂရန်းမာစတာသည်
သူ၏အပေါ်သို့ ရေအေးတစ်ပုံးဖြင့်
အလောင်းချခံခဲ့ရသကဲ့သို့ ဖြစ်သွားခဲ့သည်။
အစောပိုင်းတွင် သူသည် ဆေးဝါးတစ်ရာ
ဂရန်းမာစတာနှင့် ပူးပေါင်း၍ သူက
မော်တယ်စိတ်ဝိညာဉ် ဆေးလုံးအား
ဖော်စပ်နေသည်ကို အကျိုးအမြတ် ရယူကာ
ကာကွယ်ပေးထားခဲ့သည်။ ထိုကဲ့သို့
ပြုလုပ်ရာတွင် သူသည် ဂိုဏ်းမှ
စည်းကမ်းများကို ဖောက်ဖျက်မိခဲ့၏။

ယခုအချိန်တွင် သူသည် အပြစ်ကို
ပေးဆပ်သည့် အနေနှင့် သူ၏
အခြေတည်ဝိညာဉ် အဆင့် မော်အိုင်တမ်
တစ်ခုအား အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသို့
ပေးအပ်ရတော့မည် ဖြစ်သည်။

ထို့အပြင် သူ၏ မော်အိုင်တမ်သည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ယူဆောင်ခြင်းကို
ခံခဲ့ရလျှင်ပင် သူအနေနှင့် ပြန်လည်ရယူနိုင်ရန်
တောင်းဆိုခွင့် မရှိပေ။ လင်းဖုန်းကို မပြောနှင့်
သူ၏ တပည့်များကိုပင် သူ့အနေနှင့်
ကိုင်တွယ်ရန် ခက်ခဲမည် ဖြစ်၏။

အချိန်အတန်ကြာသွားမှ အထီးကျန်မိုးကြိုး ဂရန်းမာစတာသည် တည်ငြိမ်သွားခဲ့၏။ သူသည် သက်ပြင်း တိုးတိုးလေး ချလိုက်ကာ မဟာလွင်တီးခေါင် ဓားမာစတာအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "ကျွန်တော်နားလည်ပါတယ်။ မာစတာ စိတ်မပူပါနဲ့၊ ကျွန်တော်က အားလုံးကို တာဝန်ယူလိုက်ပါမယ်"

***************

သတင်းပျံ့နှံ့သွား အပြီးတွင် တစ်ကမ္ဘာလုံးက အံ့ဩတုန်လှုပ်နေကြသည်။

ယုကျင်းတောင်ပေါ်တွင် လင်းဖုန်းသည် ဘာမှမဖြစ်သလိုပဲ နေနေခဲ့၏။ တစ်ဘက်တွင် မြောင်ရှီးဟောင်က လင်းဖုန်းအား တိတ်တိတ်လေး မေးလိုက်သည်။ "ဒါက ဇူရီရဲ့ နောက်ဆုံး စာမေးပွဲအတွက် ပြင်ဆင်နေတာကို ထိခိုက်နိုင်လား"

ဇူရီသည် ဝမ်လင်း၏ အောင်မြင်မှုများအား မနာလိုဖြစ်မယ် မဟုတ်သော်လည်း၊ ရှောင်ယန်နှင့် ရှီထျန်းဟောင်ကဲ့သို့ပင် သူ့ကိုယ်သူ တိုးတက်လာစေရန် စိတ်အားထက်သန်လာမည် ဖြစ်သည်။ သို့သော်လည်း ယခုအချိန်တွင် သူသည်

နန်းတွင်းစာမေးပွဲအတွက် အရေးအကြီးဆုံး အချိန်သို့ ရောက်နေခဲ့သဖြင့်၊ စိတ်အာရုံ အနည်းငယ် ပျံ့လွင့်သွားလျှင်ပင် မမျှော်လင့်သော အကျိုးဆက်များ ဖြစ်လာနိုင်မည် ဖြစ်သည်။

လင်းဖုန်းက ပြောလိုက်သည်။ "ကိစ္စမရှိဘူး။ ငါက သူ့အပေါ်မှာ ယုံကြည်ချက်ရှိတယ်။ တကယ်လို့ ငါတို့က ဇူရီကို ပြောပြလိုက်ရင် သူက ပိုပြီးတော့ ကြိုးစားချင်စိတ်တွေ ဖြစ်လာလိမ့်မယ်"

မြောင်ရှီးဟောင်က သူ၏ခေါင်းကို ညိတ်လိုက်ကာ မခို့တယို့ ပြုံးလိုက်သည်။

"အရှင်၊ အရှင်က အမြဲတမ်း ယုံကြည်ချက်
အပြည့်ရှိတယ်။ ဒါပေမဲ့ အရှင်က
တစ်ချိန်လုံးနီးပါး မှန်နေတာပဲ"

လင်းဖုန်းက သူ၏မျက်မှောင်ကို
ကြုတ်လိုက်ကာ ပြောလိုက်သည်။
"မဟုတ်သေးဘူး၊ ငါက တစ်ခုခုကို
မေ့နေခဲ့တယ်လို့ ခံစားနေရတယ်"

"အရေးကြီးတဲ့ ကိစ္စလား" မြောင်ရှီးဟောင်က
စပ်စုစွာဖြင့် မေးလိုက်သည်။

လင်းဖုန်းက သေချာစွာ စဉ်းစားလိုက်ပြီး ပြန်ဖြေလိုက်၏။ "အမှန်တော့ ဒီလောက် အရေးမကြီးပါဘူး။ ဒါပေမဲ့.. အိုး.. ငါက အခုပဲ စဉ်းစားမိပြီ"

## စာစဉ် ၃၀ : အပိုင်း ၇

## အပိုင်း ၅၅၇ : ဇူရီ၏ စာမေးပွဲ ဖြေဆိုခြင်း၊ ပညာရှိတစ်ရာတို့၏ ကြွေးကြော်ခြင်း

ရှောင်ကျန်းအာအား ပြန်လည်တွေ့ဆုံရခြင်းသည် ရှောင်ယန်အား အလွန်အမင်း ဝမ်းမြောက်စေ၏။ ထိုစုံတွဲသည်

ဘာမှ လုပ်စရာ မလိုပဲ အချင်းချင်း
စိုက်ကြည့်နေရုံနှင့်ပင် သူတို့အတွက်
လုံလောက်နေပြီ ဖြစ်သည်။

သို့သော်လည်း ဤပျော်ရွှင်မှု အတွင်းတွင်
ရှောင်ယန်သည် သူက တစ်စုံတစ်ခုအား
မေ့လျော့နေခဲ့သည်ဟု ခံစားနေခဲ့ရကာ
အနည်းငယ် စိတ်မသက်မသာ ဖြစ်လာခဲ့သည်။

"ဘာများလဲ" ရှောင်ယန်သည် တိုးတိုးလေး
ရေရွတ်နေရင်း ရုတ်တရက်ပင်
လူတစ်ယောက်၏ ပုံရိပ်သည် သူ၏
ရင်ထဲတွင်ပေါ်လာခဲ့၏။ "မှတ်မိပြီ၊ ဒါက
လင်းတုန်ပဲ"

ရှောင်ကျန်းအာအား
ပြန်လည်တွေ့ဆုံခဲ့သည့်အတွက်
ရှောင်ယန်သည် အရာအားလုံးကို မေ့လုမတတ်
ဖြစ်သွားခဲ့သည်။

ထိုအကြောင်းအား စဥ်းစားမိလိုက်သည်နှင့်
ရှောင်ယန်သည် ချွေးအေးများ
ထွက်လာခဲ့သည်။ ရှောင်ကျန်းအာက သူ့အား
စပ်စုစွာနှင့် ကြည့်နေခဲ့၏။ သူမသည်
တစ်စုံတစ်ခုက မှားယွင်းနေပြီကို သိနေခဲ့သည်။

"ကျန်းအာ၊ ဒီမှာခဏ ထိုင်နေဦးနော်။ ငါက ဆေးခန်းမဆီ သွားပြီးတော့ ကျန်းအာအတွက် လုပ်ထားတဲ့ ဆေးတချို့ကို သွားယူလိုက်မယ်" ရှောင်ယန်က ခြောက်ကပ်စွာ ပြုံးလိုက်ကာ ထလိုက်သည်။ သူသည် ဆေးခန်းမသို့ သွားရန် ဟန်ပြင်နေဆဲမှာပင် အလင်းတန်း တစ်ခုက သူ၏အခန်းအပြင်တွင် လက်ကနဲ ဖြစ်သွားခဲ့၏။

ထိုအလင်းတန်းသည် ရှောင်ယန်၏ ရင်ဘက်အတွင်းသို့ တည့်တည့်ဝင်လာခဲ့ပြီး ကျစ်ဆံမြီး နှစ်ခုနှင့် ချစ်စရာ ကောင်းလှသည့် ဖြူဖွေးနေသော ကောင်မလေး တစ်ယောက်အဖြစ်သို့ ပြောင်းသွားခဲ့သည်။ သူမသည် ရှောင်ယန်အား တင်းကျပ်စွာ

ဖက်ထားလိုက်ပြီး သူ၏ ပါးနှစ်ဘက်အား နမ်းလိုက်သည်။

"အိပ်ရာထလာတော့ ဖေဖေပြန်လာတာကို ခံစားလိုက်ရတယ်။ အရမ်းကောင်းတာပဲ" ကောင်မလေးသည် တစ်ခစ်ခစ်နှင့် ရယ်နေခဲ့သည်။ သူမသည် လင်းတုန်ဖြစ်၏။

သူမသည် ပျော်ရွှင်စွာနှင့် ရယ်မောနေဆဲတွင် ရှောင်ယန်သည် ကျောက်ရုပ်ဖြစ်လုဆဲဆဲ ဖြစ်နေသည်ကို သူမက သတိမထားမိခဲ့ပေ။ သူသည် သူ၏ရင်ခွင်အတွင်းမှ လင်းတုန်အား ကြည့်လိုက်ကာ ရယ်ရမလို၊ ငိုရမလို ဖြစ်နေခဲ့သည်။ သူသည် သူ၏ခေါင်းကို

ခက်ခဲစွာနှင့် လှည့်လိုက်ရာ သူ့အား ထူးဆန်းသော အကြည့်ဖြင့် ကြည့်နေသည့် ရှောင်ကျန်းအာအား တွေ့လိုက်ရသည်။

"ကျန်း.. ကျန်းအာ၊ ငါပြောပြတာကို နားထောင်ဦး.." ရှောင်ယန်က ထစ်ငေါ့ထစ်ငေါ့ဖြင့် ပြောလိုက်သည်။ "ဒါ.. ဒါက လင်းတုန်လို့ခေါ်တယ်။ ဒါက ငါ့ရဲ့ မွေးစားသမီး ဖြစ်တယ်။ တကယ်ပါ သူမက ငါ့ရဲ့ မွေးစားသမီးပါပဲ"

သူသည် လင်းတုန်ဘက်သို့ လှည့်လိုက်ကာ ပြောလိုက်သည်။ "ငါပြောထားတာ

ဘယ်နှစ်ခေါက် ရှိပြီလဲ။ ငါက နင့်ရဲ့ မွေးစားအဖေ၊ ဖေဖေမဟုတ်ဘူး!"

ကောင်မလေးသည် သူ့အား ဖက်ထားရင်းနှင့် သူမ၏ ခန္ဓာကိုယ် သေးသေးလေးသည် တွန့်လိမ်သွားခဲ့သည်။ သူမသည် စိတ်ကောက်သွားသကဲ့သို့ နှုတ်ခမ်းများကို စူထားခဲ့၏။

အခြားလူများ၏ မျက်စိအတွင်းတွင် ဒါသည် နားလည်မှု လွဲမှားခြင်းကို ဖြစ်စေနိုင်သည်။

ရှောင်ကျန်းအာက နှာမှုတ်လိုက်သည်။
"ဒါဆိုရင်တော့ မွေးစားမေမေလည်း ရှိမှာပေါ့။
သူမက နဂိုကတည်းက အရမ်း ချစ်စရာ
ကောင်းနေပြီ။ အခုအချိန်မှာ သူက
ပန်းပေါင်းတစ်ရာ ဖူးပွင့်လာသလို
ပြုံးနေခဲ့တယ်"

ရှောင်ယန်က ချက်ချင်း ပြန်ပြောလိုက်သည်။
"ရှိတာပေါ့၊ နင်ပဲ မဟုတ်ဘူးလား"

"ကိုကိုရှောင်ယန်..." ရှောင်ကျန်းအာသည်
ရှောင်ယန်အား အသာလေး ရိုက်လိုက်သည်။
အခြားသူများက သူမအား စသည်ကို
ခံနိုင်သော်လည်း ရှောင်ယန်၏ နှုတ်ဖျားမှ

ထွက်လာသော စကားလုံးများကိုမှ ခံနိုင်ရန် ခက်ခဲပေသည်။

ရှောင်ယန်သည် သတိပြန်ဝင်လာခဲ့ပြီ ရှောင်ကျန်းအာက စိတ်မဆိုးနေသည်ကို သတိပြုမိလိုက်၏။ သူသည် ရှောင်ကျန်းအာအား ကြည့်လိုက်ကာ ပြုံးလိုက်သည်။ "သူ့နာမည်က လင်းတုန်ဖြစ်တယ်၊ သူမက ဆရာ့ကို ဘိုးဘိုးလို့ ခေါ်တယ်"

ရှောင်ကျန်းအာက အနည်းငယ် တုန်လှုပ်သွားခဲ့ရာ ရှောင်ယန်က သူမအား လင်းတုန်၏ အကြောင်းကို လျှင်မြန်စွာဖြင့်

ပြောပြခဲ့သည်။ သူသည် သူက
မဟာလွင်တီးခေါင် ကုန်းမြေမှ နတ်ဘုရား
ပါရာဆို သစ်ပင်တောအုပ်အတွင်းသို့
သွားခဲ့သည့် အကြောင်းကိုပင် ပြောပြခဲ့၏။

"ဒါက တကယ့်ကို ကံဆိုးလို့ပဲ"
ရှောင်ကျန်းအာသည် ဇာတ်လမ်းအစုံကို
သိပြီးနောက်တွင် သူမ၏ ခေါင်းကိုခါလိုက်ကာ
သက်ပြင်းဖွဖွလေး ချလိုက်သည်။ "ကျန်းအာက
အစက သူမဟာ မိစ္ဆာတစ်မျိုးလို့ ထင်နေခဲ့တာ။
ဒီဇာတ်လမ်းမှာ လှည့်ကွက်တွေ အများကြီး
ရှိလိမ့်မယ်လို့ တကယ့်ကို ထင်မထားခဲ့ဘူး။
သူမရဲ့ နောက်ခံက တကယ့်ကို ရှုပ်ထွေးတာပဲ'

ရှောင်ယန်က သက်ပြင်းချလိုက်ကာ ပြောလိုက်သည်။ "အမှန်အတိုင်း ပြောရရင်၊ ကိုကိုကလည်း လုံး၀ ထင်မထားမိဘူး"

"ဒါပေမဲ့…" ရှောင်ကျန်းအာသည် ရယ်ချင်နေသော အသံဖြင့် ပြောလိုက်သည်။ "သူမက စီနီယာလင်းကို အဘိုးအဖြစ်နဲ့ ခေါ်ပြီး ကိုကို့ကို မွေးစားအဖေလို့ခေါ်တော့…"

လင်းဖုန်း၏ ဆယ်ကျော်သက်လေးများကို ကူညီတတ်သည့် အကြောင်းမှာ လူတိုင်းသိနေသော ကိစ္စဖြစ်သည်။ လူအများအပြားတို့သည် မသွာမတာဖြင့် ရှောင်ယန်နှင့် ကျန်သောသူများသည်

လင်းဖုန်း၏ မွေးစားသားများ ဖြစ်ကြသည်ဟု ဟာသလုပ်နေကြ၏။

ရှောင်ယန်က တဟားဟားနှင့် ရယ်လိုက်ကာ သူ၏ခေါင်းအား ခါလိုက်သည်။ "တကယ်လို့ တခြားသူတွေက ဒီအကြောင်းကို ကြားလိုက်ရင် သူတို့က နားလည်မှု လွဲမှားမှာပဲ။ ဒါပေမဲ့ အမှန်အတိုင်း ပြောရရင်..."

သူ၏အကြည့်သည် လေးနက်လာခဲ့ကာ အတိတ်က အကြောင်းများကို ပြန်လည် အမှတ်ရလာခဲ့သည်။ သူသည် သူ၏ ဗိမာန်တွင် ရှိနေခဲ့သော်လည်း သူ၏အကြည့်သည် ယုကျင်းတောင်ပေါ်သို့ ရောက်သွားခဲ့သည်။

"ကျန်းအာ၊ ကိုကို့ရဲ့ အဖေက ငယ်ငယ်ကတည်းက ဆုံးပါးသွားတယ် ဆိုတာကို နင်လည်းသိပါတယ်။ ပြီးတာနဲ့ ငါက ဆရာနဲ့ တွေ့ခဲ့တယ်။ သူ့ရဲ့သင်ကြားမှုတွေကို နှစ်ပေါင်းများစွာ သင်ယူခဲ့ရ အပြီးမှာ တစ်ခါတစ်လေမှ ငါက..."

ရှောင်ကျန်းအာသည် သူ၏ဘေးသို့ ရောက်လာခဲ့ကာ သူ၏လက်အား ဆုပ်ကိုင်လိုက်သည်။ ရှောင်ယန်ကလည်း သူမဘက်သို့ ခေါင်းလှည့်လိုက်ကာ သူတို့နှစ်ယောက်သား အချင်းချင်း ကြည့်လိုက်ကာ ပြုံးလိုက်ကြသည်။

ရှောင်ယန်က ပြုံးလိုက်၏။ "ဘိုးဘိုးက အခုအချိန်မှာ ရှုကျိုးမှာ ရောက်နေတယ်။ နင်ကလည်း နတ်ဘုရားနယ်မြေကို တစ်ခါတစ်လေမှ ရောက်တာဆိုတော့၊ မနက်ဖြန် သူ့နား သွားလည်ရအောင်"

"ကောင်းပြီလေ" ရှောင်ကျန်းအာသည် တခြားသူများ အရှေ့တွင် စကားသိပ်မပြောသော်လည်း၊ ရှောင်ယန်၏ အရှေ့တွင် သူမသည် အလွန်အမင်း ဂရုစိုက်သောသူ ဖြစ်သည်။ ထို့အပြင် သူမသည် ဝူကျိုးမှ ရှောင်မိသားစု ဂေဟာအတွင်းတွင် ကလေးဘဝကို ဖြတ်သန်းခဲ့ရသူလည်း ဖြစ်၏။

ရှောင်မိသားစု အကြီးအကဲသည် သူမအား ကောင်းစွာ စောင့်ရှောက်ခဲ့၍ သူမသည် ဤတစ်ခေါက်တွင် သူ့ထံသို့ သွားလည်မည်ဟု ဆုံးဖြတ်ခဲ့သည်။

လင်းတုန်သည် ရှောင်ယန်၏ ရင်ခွင်ထဲတွင်သာ ရှိနေသေးသည်။ သူမသည် သူမ၏ လက်ချောင်း ဝဝကစ်ကစ်လေးအား ပါးစပ်တွင် စုပ်ထားရင်း ကျန်လက်တစ်ဘက်က ရှောင်ယန်၏ ဝတ်ရုံကို ကိုင်ထားကာ မေးလိုက်သည်။ "ဖေဖေ၊ သူမက အရမ်းလှတာပဲ၊ သူမက ဘယ်သူများလဲ"

ထိုစကားကို ကြားလိုက်ရသော် ရှောင်ယန်ကလည်း ခေါင်းကိုခါလိုက်ကာ

သူမ၏ အသုံးအနှုန်းကို ပြင်ပေးရန် မကြိုးစားတော့ပေ။ သူသည် ရှောင်ကျန်းအာအား ပြုံးစိစိဖြင့် ကြည့်လိုက်ကာ ရှိုးတိုးရှန့်တန့်ဖြင့် ပြောလိုက်သည်။ "သူမက မွေးစားအမေလို့ ခေါ်ပါလား"

လင်းတုန်၏ မျက်လုံးအစုံသည် လက်ကနဲ ဖြစ်သွားခဲ့ကာ အသေအချာ စဥ်းစားနေသည့်ပုံ ပေါက်သွားခဲ့သည်။ ပြီးတာနှင့် လေးနက်စွာ ပြောလိုက်သည်။ "ကောင်းပြီလေ"

ရှောင်ကျန်းအာသည် ရှောင်ယန်အား တစ်ချက်ဝေ့ကြည့်လိုက်ကာ ပြောလိုက်သည်။ "ကိုကိုက အသက်ဘယ်လောက်ရှိပြီလဲ။

အခုအချိန်အထိ ကလေးလိုမျိုး
လုပ်နေတုံးပဲလား" သူမသည် အနည်းငယ်
အနည်းငယ် ရှက်နေသော်လည်း လင်းတုန်၏
ပြုံးဖြီးဖြီးနှင့် ချစ်စရာကောင်းသော
အမူအရာအား တွေ့လိုက်ရသောအခါ၊
သူမကလည်း အတော်ချစ်ခင်နေခဲ့၏။

သို့သော်လည်း သူမသည် ရှောင်ယန်နှင့်
အကြည့်ချင်း ဖလှယ်လိုက်ကြသောအခါ
နှစ်ယောက်စလုံးတို့သည့် ရှက်ကိုးရှက်ကန်း
ဖြစ်လှစွာနှင့် ပြုံးလိုက်ကြသည်။

သူတို့သည် လူကြီးပင် မဖြစ်ကြသေးခင်တွင် တစ်စုံတစ်ယောက်က သူတို့အား အဖေနှင့် အမေဟူ၍ ခေါ်နေခဲ့ပြီ ဖြစ်သည်။

ယုကျင်းတောင်ပေါ်တွင် လင်းဖုန်းသည် သူတို့အား ကြည့်လိုက်ကာ ပြုံးလိုက်မိသည်။

နောက်ပိုင်းနေ့များတွင် လင်းဖုန်းသည် သူ၏ တပည့်များကို သေချာစွာ သင်ကြားပေးနေခဲ့သည်။ တစ်နေ့တွင် သူ၏ရင်ထဲမှ ရတ်တရက် လှုပ်ရှားသွားခဲ့၏။

ဇူရီ၏ အတွင်းတွင် ထည့်ထားခဲ့သော သူ၏ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်သည် ဇူရီက သူ၏ အခြေတည်ဝိညာဉ်အား ဖော်ဆောင်တော့မည်ကို သတိပြုမိလိုက်သည်။

လင်းဖုန်းက ရက်များကို ပြန်လည်တွက်ချက်လိုက်သည်။ "ဇူရီက သူ့ရဲ့ နန်းတွင်း စာမေးပွဲကို ဖြေပြီးသွားခဲ့ပြီ"

သူ၏ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်သည် ဇူရီ၏ စိတ်ဝိညာဉ် နက်ရှိုင်းသော အပိုင်းတွင် နေနေခဲ့ကာ ဇူရီ၏ လှုပ်ရှားမှုများကို ဝင်ရောက်စွက်ဖက်ခြင်း မပြုခဲ့ပေ။ ဇူရီ၏

အနီးအနားတွင် ဖြစ်ပျက်နေသော
အရာအားလုံးတို့အားလည်း ဂရုမထားခဲ့ချေ။

သို့သော်လည်း လင်းဖုန်းသည် သူ၏အနားတွင်
ဖြစ်နေသမျှကို အနည်းငယ် သိနေပေသည်။
သူသည် အနည်းငယ် နိုးကြားနေသော်လည်း
တစ်ချိန်တည်းတွင် အပြည့်အဝ
မနိုးကြားနေသော အခြေအနေ တစ်ခုတွင်
ရောက်နေခဲ့သည်။

သူ၏ မော်ကျိန်စာ ရုပ်ခန္ဓာကိုယ်သည်
လတ်တလော အဖြစ်အပျက်များကို
ပြန်လည်စဥ်းစားလိုက်ရာ လင်းဖုန်းသည် ဇူရီ၏
လက်ရှိ လှုပ်ရှားမှုများကို တွေ့ရှိခဲ့ရသည်။ သူ၏

မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့၏။
"ကောင်းတယ်၊ လှပစွာ လှူပ်ရှားခဲ့တာပဲ"

ဇူရီသည် ယခုနှစ် မဟာကျိုး အင်ပါယာ၏
နန်းတွင်းစာမေးပွဲတွင် ကောင်းစွာ
ဖြေဆိုနိုင်ခဲ့သည်။ အမှန်ဆိုရလျှင် သူသည်
အဆင့်တစ်ပင် ရရှိခဲ့၏။

သူသည် ပထမ ရရှိရုံသည် မကပဲ ဇူရီသည် သူ၏
စာပေအနုပညာ လက်ရာဖြစ်သော
စာစီစာကုံးအား စာမေးပွဲ အတွင်းတွင်
အဆုံးသတ်နိုင်ခဲ့သည်။ ထိုစာစီစာကုံး
အတွင်းတွင် ဇူရီသည် ပညာရှိ တစ်ရာ၏
ဉာဏ်ပညာတို့အား ပြသနိုင်ခဲ့၏။

လူအများတို့သည် သူ့အား 'ပညာရှိများစွာတို့၏ စာစီစာကုံး'ဟု နာမည်ပေးထားကြ၏။

ဇူရီ၏ အဖြေလွှာသည် စာမေးပွဲ ခန်းမအတွင်းမှ လူတစ်ယောက်ချင်းတိုင်းအား မှင်သက်ရှုမော ဖြစ်စေခဲ့သည်။ သူသည် ခေတ်ဟောင်းနှင့် ခေတ်သစ်တို့ နှစ်ခုစလုံးမှ ဉာဏ်ပညာများကို သယ်ဆောင်ထားခဲ့၏။

ဤတစ်နှစ်၏ နန်းတွင်းစာမေးပွဲသည် ထျန်းကျင်းတစ်မြို့လုံးအား တုန်လှုပ်စေခဲ့သည်။ ဇူရီသည် ညတွင်းချင်းပင် ထင်ရှားကျော်ကြားလာခဲ့၏။ သူသည် ထင်ရှားသော စာပေပညာရှင်တစ်ယောက်

ဖြစ်လာခဲ့ပြီး ရှေးကပညာရှိများနှင့် ညတွင်းချင်းပင် တစ်တန်းတည်း ဖြစ်သွားခဲ့သည်။

အားလုံးတို့သည် ဇူရီက ကျင့်ကြံသူ တစ်ယောက်မှန်း သိထားကြသည်။ သို့သော်လည်း ဒါသည် သူက ကောင်းမွန်စွာ ရေးနိုင်မည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ သူ၏ စာပိုဒ် တစ်ခုတိုင်းသည် နတ်ဘုရားများက ရေးသားထားသည့်အလား ဖြစ်နေခဲ့၏။ သူ၏ ပန်းတိုင်သည် ယခင်က အတိုင်း ဖြစ်ခဲ့သော်လည်း သူလျှောက်လှမ်းခဲ့သော လမ်းကြောင်းက ကွဲပြားခြားနားနေခဲ့၏။

စာမေးပွဲ ခန်းမအတွင်းတွင် စာမေးပွဲဖြေသူများ ကိုးကွယ်ကြသော ပညာရှိပေါင်း များစွာတို့၏ ရုပ်ထုများရှိကြသည်။ ထိုပညာရှိများသည် သူတို့ အသက်ရှိစဉ်က ကောင်းကင်နှင့် မြေကြီးတို့၏ လုပ်ဆောင်ပုံများကို နားလည်ခဲ့ကြသူများ ဖြစ်၏။ ယခုအချိန်တွင် သူတို့၏ ရုပ်ထုများအား စာဖြေသူများ၏ အဖြေလွှာများကို စစ်ဆေးရန် အသုံးပြုနေခဲ့ခြင်း ဖြစ်၏။

သူတို့အားလုံးတို့က သူ၏ စာစီစာကုံးအား ချီးကျူးခဲ့ခြင်းမှာ ဇူရီ၏ စာပေ အရည်အချင်းသည် ဘက်ပေါင်းစုံမှ ပြည့်စုံနေသည်ဟု ဆိုလိုနေခြင်းသာ မကပေ။ ဇူရီသည် တာအိုကို ကျင့်ကြံကာ သူ၏

စာပေစွမ်းရည်ကို တိုးတက်စေသည့်အပြင်၊
သူ၏ ကိုယ်ပိုင်လမ်းကြောင်းကို
ဖောက်လုပ်နိုင်ခဲ့ကာ ကောင်းကင်နှင့်
မြေကြီးတို့အပေါ်တွင် ကိုယ်ပိုင်
အတွေးအမြင်များကို ရရှိနိုင်ခဲ့သည်ဟု
ဆိုလိုနေခြင်း ဖြစ်သည်။

ပြီးတာနှင့် ဇူရီ၏ ခန္ဓာကိုယ် တစ်ခုလုံးသည်
အရည်အသွေး ထိပ်တန်းမှ မှော်စွမ်းအင်များနှင့်
ပြည့်ဝလာခဲ့သည်။ သူ၏ စုဆောင်းမှုများသည်
အထွတ်အထိပ်သို့ ရောက်နေခဲ့ပြီ ဖြစ်၍
သူသည် ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးအား
ရင်ဆိုင်တော့မည် ဖြစ်၏။

လင်းဖုန်း ကြိုတင်ခန့်မှန်းထားသည့် အတိုင်းပင် ဝမ်လင်း၏ အခြေတည်ဝိညာဉ်အား ဖော်ဆောင်နိုင်မှုသည် ဇူရီအား အဆိုးဘက်မှ အကျိုးသက်ရောက်မှု မရှိခဲ့ပေ။ ထို့အစား သူ့အား တာအိုနှလုံးသားအား ပိုမို ကြည်လင်လာစေ၍၊ တာအိုအား နားလည်မှုနှင့် သေမျိုးလောက၏ လုပ်ကိုင်ပုံများကို နားလည်မှု ပိုမိုနက်ရှိုင်းလာစေခဲ့သည်။

ဝမ်လင်း၏ စွမ်းဆောင်ရည်များသာ မရှိခဲ့လျှင်လည်း ဇူရီသည် သူ၏ စာစီစာကုံးအား အဆုံးသတ်နိုင်ခဲ့ကာ အချီးကျူး ခံရနိုင်မည် ဖြစ်သည်။ သို့သော်လည်း သူသည် ချက်ချင်းပင်

ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးအား
ရင်ဆိုင်နိုင်မည် မဟုတ်ပေ။

အဆုံးမဲ့ပင်လယ်ဘုရင်သည် ပေါ်လာခဲ့ကာ
ဇူရီ၏ ဘေးတွင် ရပ်နေခဲ့၍ ဘေးမှလူများ၏
ဝင်ရောက်နှောင့်ယှက်မှုမှ အကာအကွယ်
ပေးနေခဲ့သည်။

လင်းဖုန်းသည် ဖြစ်စဥ်တစ်ခုလုံးအား
ချောင်းကြည့်နေကြသည့် လူများစွာတို့
ရှိသည်ဟု အသေအချာ ခံစားနေခဲ့ရ၏။
သို့သော်လည်း အဆုံးမဲ့ ပင်လယ်ဘုရင်
ပေါ်ပေါက်လာ အပြီးတွင် သူတို့အားလုံးတို့သည်
နောက်ဆုတ်ကုန်ကြသည်။

သူ၏ ကာကွယ်မှုအောက်တွင် ဇူရီသည် ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးအား အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကာ အခြေတည်ဝိညာဉ်ကို ဖော်ဆောင်နိုင်ခဲ့သည်။ သူသည် ထိုကဲ့သို့ စွမ်းဆောင်နိုင်သည့် ဒုတိယမြောက် တပည့်ဖြစ်သည်။

"သင့်ရဲ့ ဒုတိယ တပည့်ဟာ အခြေတည်ဝိညာဉ် အဆင့်ကို ရောက်ရှိသွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

ဇူရီ၏ ခေါင်းပေါ်မှ မိုးကြိုးတိမ်တိုက်များ လွင့်ပြယ်သွားခဲ့ကာ ကလေးငယ်လေး၏ ပုံရိပ်တစ်ခု ပေါ်လာခဲ့သည်။ သူသည် ဇူရီငယ်စဥ်ကနှင့် တစ်ပုံစံတည်း ဖြစ်၏။

အခြေတည်ဝိညာဥ်ကို ဖန်ဆင်း၍အပြီးတွင် ဇူရီ၏ ဘေးပတ်ပတ်လည်မှ အလင်းရောင်တို့သည် ဖြည်းဖြည်းချင်း မှေးမှိန်သွားခဲ့သည်။ အခြေတည်ဝိညာဥ်၏ အပေါ်တွင် ဇူရီ၏ နာမည်ကျော် စာစီစာကုံးမှ စကားလုံးများကို တွေ့နိုင်ပေသည်။

အခြေတည်ဝိညာဥ်သည် ဇူရီ၏ နဖူးအတွင်းသို့ ဖြည်းဖြည်းချင်း ပြန်ဝင်သွားခဲ့သည်။

သူ၏မျက်လုံးများကို ဖွင့်လိုက်ကာ သူ၏
အရှေ့မှ အဆုံးမဲ့ ပင်လယ်ဘုရင်အား
ကြည့်လိုက်၍ ဦးညွှတ်လိုက်သည်။
"ဆရာသခင်"

အဆုံးမဲ့ ပင်လယ်ဘုရင်သည် လင်းဖုန်းနှင့်
တထေရာတည်း တူနေခဲ့သည်။ လင်းဖုန်းသည်
သူ၏ စိတ်ဝိညာဉ်အား ဇူရီထံသို့
ထုတ်လွှတ်လိုက်ကာ ပြုံးလိုက်သည်။ "ဇူရီ၊
နောက်တစ်ဆင့် တက်သွားပြီး
အခြေတည်ဝိညာဉ်ကို
ဖော်ဆောင်နိုင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်"

သူ၏ တပည့်များအတွင်းတွင် ဇူရီသည်
အတည်ငြိမ်ဆုံး ဖြစ်၏။ သူသည် အလွန်အမင်း
ထူးချွန်ပြောင်မြောက်နေခြင်း မရှိသော်လည်း
သူ၏ အခြေခံများမှာ လွန်စွာ ခိုင်မာ၏။ သူသည်
ယခင်ကတည်းက အလွန်အမင်း ကြီးမားသော
အတားအဆီးများကို ကြုံတွေ့ခဲ့ရခြင်း မရှိခဲ့ပေ။

သူသည် လျှင်မြန်စွာ တိုးတက်ခြင်းမျိုး
မရှိခဲ့သော်လည်း သူ၏ တိုးတက်မှုနှုန်းမှာ
တစ်ခါမှ မရပ်တန့်ခဲ့ပေ။
တစ်လှမ်းခြင်းတစ်လှမ်း သူသည် ရှေ့သို့
တည်ငြိမ်စွာ တက်လှမ်းနိုင်ခဲ့ကာ ရပ်တန့်၍
မရနိုင်ဟု ထင်နေရသည်။

ဇူရီ၏ မျက်နှာတွင် အပြုံးတစ်ခု ပေါ်လာခဲ့သည်။ "စာမေးပွဲ အပြီးမှာ ကျွန်တော်က ကျိုးကေရာဇ်နဲ့ တွေ့ခဲ့တယ်။ ကျွန်တော့်ရဲ့ မိခင်ဟာ အခုဆိုရင် တော်ဝင်ဘွဲ့ရသွားခဲ့ပြီ။ သူတို့က ကျွန်တော့်ကို အရပ်ဘက်ရာထူးနဲ့ ကမ်းလှမ်းခဲ့ပေမဲ့ ကျွန်တော်က ပယ်ချခဲ့တယ်။ ကျွန်တော့်မိခင်ဟာ သေပြီးတဲ့နောက်မှာ ဘွဲ့ထူးတစ်ခု ရပြီးသွားရင်၊ ကျွန်တော်က မဟာချင် အင်ပါယာရဲ့ အနောက်ပိုင်းကို လာခဲ့မယ်"

"ကျွန်တော်က ဂျူနီယာလေးနဲ့ ဒွိစုံသူငယ်အိမ်နဲ့ ကျင့်ကြံသူ တိုက်ပွဲကို ရောက်လာခဲ့ပြီး၊

ဂျူနီယာလေးက သူ့အတွက် လက်စားပြန်ချေတာကို ကိုယ်တိုင်ကိုယ်ကျ လာကြည့်မယ်"

လင်းဖုန်းက ပြုံးလိုက်၏။ "ထျန်းဟောင်က ဒီစကားကို ကြားရတာကို ပျော်နေမှာပဲ"

ပြီးတာနှင့် သူသည် ဇူရီအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "ဒါပေမဲ့ မင်းရဲ့ အစောက စာမေးပွဲမှာ  အခက်အခဲတွေနဲ့ ကြုံခဲ့ရသေးလား"

ဇူရီက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဟုတ်ကဲ့၊ စာမေးပွဲမှာ တစ်စုံတစ်ယောက်က ကျွန်တော့်ထက်အရင် ရုပ်ထုပေါင်း မြောက်မြားစွာတို့ကို လှုပ်ခါစေခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ စာစီစာကုံးဟာ သူ့ထက်အနည်းငယ်စောပြီး ပြီးသွားခဲ့လို့၊ ကျွန်တော့်ရဲ့ စာသားတွေဟာ သူ့အစား ပညာရှိတို့ရဲ့ အသိအမှတ်ပြုမှုကို ခံခဲ့ရတယ်"

စာမေးပွဲ ခန်းမတွင် ထူးချွန်ထက်မြက်သော စာပေပါရမီရှင်များဖြင့် ပြည့်နေရာ၊ တစ်စုံတစ်ယောက်ကလည်း ထိုကဲ့သို့ သဘာဝလွန် ဖြစ်ရပ်မျိုးကို ဖြစ်ပေါ်စေသည့် စွမ်းရည်ရှိမည်ကို မျှော်လင့်ထားနိုင်ပေမည်။

မဟာချင် အင်ပါယာ၏ နန်းတွင်း စာမေးပွဲ အတွင်းတွင် ကျောင်းကျုံချန်းသည် ကျက်သရေ မင်္ဂလာ တိမ်တိုက်များကို ကျဆင်းလာစေနိုင်စွမ်း ရှိခဲ့သည်။ သူ၏ စာသားများသည် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်တစ်မျိုးကို ဆင့်ခေါ်နိုင်ခဲ့ကာ သူသည်လည်း စာမေးပွဲအတွင်းမှ အခြားသူများကို အနိုင်ယူနိုင်ခဲ့သည်။

သို့သော်လည်း တစ်ယောက်သည် ပညာရှိများ၏ အသိအမှတ်ပြုမှုအား စာပေစွမ်းရည်များဖြင့်သာ ရရှိနိုင်စွမ်းမရှိပေ။

ဇူရီ၏ စကားများအရ သူမှလွဲ၍ ထိုကဲ့သို့သော စွမ်းရည်များကို ပိုင်ဆိုင်နိုင်သူမှာ ရှားပါးလှပေသည်။

"ဒါ့အပြင် ကျွန်တော်က သူက တစ်ခုခု ထူးခြားနေတယ်လို့ ထင်မိပါတယ်" ဇူရီက သူ၏မျက်မှောင်အား ကြုတ်လိုက်ကာ သုံးသပ်လိုက်၏။ "ကျွန်တော်က ကျွန်တော့်ရဲ့ စာစီစာကုံးကို တင်ပြနေတဲ့ အချိန်မှာ သူက ဖြည်းဖြည်း ပျောက်ကွယ်သွားတယ်လို့ ခံစားနေရတယ်။ ကျွန်တော်က ပြုလုပ်တာမဟုတ်ပဲ သူက တမင်သက်သက် လုပ်ပြနေတာနဲ့ တူနေတာပဲ"

"စာမေးပွဲ ပြီးသွားတဲ့ အခါမှာ သူက ဘယ်ကလဲ ဆိုတာကို စုံစမ်းလို့ မရခဲ့ဘူး။ သူ့ရဲ့ ရည်ရွယ်ချက်ဟာ ကျွန်တော့်ရဲ့ ယုံကြည်မှုနဲ့ စိတ်ဓာတ်ကို ယိမ်းယိုင်အောင် လုပ်ဖို့ဆိုတာကို ခန့်မှန်းလို့ရတယ်။ သူရဲ့ ရည်ရွယ်ချက် မအောင်မြင်တာနဲ့ သူ့ရဲ့ အကြောင်းကို ဖော်ပြခြင်း မရှိပဲ အိမ်မြှောင်တစ်ကောင်လို ထွက်ပြေးသွားခဲ့တယ်"

## စာစဉ် ၃၀ : အပိုင်း ၈

## အပိုင်း ၅၅၈ : နောက်ထပ်ခြေတစ်လှမ်း

ဇူရီ၏ စကားများကို ကြားရပြီးသောအခါ လင်းဖုန်း၏ အကြည့်သည် အနည်းငယ် လင်းလက်လာခဲ့ပြီး ပြောလိုက်သည်။ "ပညာရှိတွေရဲ့ ချီးကျူးမှုကို မင်းလိုမျိုး ရရှိအောင် လုပ်နိုင်တဲ့သူက ဒီကမ္ဘာကြီးမှာ အနည်းငယ်ပဲရှိတယ်။ မင်းက လက်ချိုးရေလို့တောင်ရတယ်။

ဇူရီက သူ၏ခေါင်းအား ညိတ်လိုက်သည်။ "ကျောင်းကျုံချန်းရဲ့ စာပေ ဗဟုသုတက သိပ်မဆိုးဘူး။ သူက ရှေးဟောင်းစာပေတွေ အကြောင်းကို အစစ်အမှန် နားလည်ပြီး ဗဟုသုတ ရှိတယ်။ သူက မဟာချင်

အင်ပါယာရဲ့ နန်းတွင်းစာမေးပွဲမှာ ပထမ ရခဲ့ပေမဲ့ ပညာရှိတို့ရဲ့ ချီးကျူးမှုကို မခံရခဲ့ဘူး"

"လူအနည်းငယ်ကသာ ဒီလိုမျိုး လုပ်နိုင်စွမ်းရှိတယ်။ ခဏလောက် စဉ်းစားအပြီးမှာ သက်သေပြစရာ မရှိပေမဲ့ ငါက ဒီလိုမျိုး လုပ်နိုင်တဲ့ လုပ်နိုင်တဲ့ လူတစ်ယောက်ကိုသာ တွေးမိတယ်"

လင်းဖုန်းက ပြုံးလိုက်ကာ နာမည်တစ်ခုအား ပြောပြလိုက်သည်။ ဗူရီကလည်း ပြုံးလိုက်ကာ သူ၏ခေါင်းကို ညိတ်လိုက်၏။ "ကမ္ဘာကနေ အနားယူသွားပြီးတဲ့ ပညာတတ်တွေ ဆိုရင် သူတို့က ကျွန်တော့်ကို ပစ်မှတ်ထားကြမှာ

မဟုတ်ဘူး။ လက်ရှိကမ္ဘာမှာ လှုပ်ရှားနေကြတဲ့ သူတွေ အထဲမှာ ကျွန်တော်ကလည်း သူတစ်ယောက်တည်းကို တွေးမိတယ်"

"ကိစ္စမရှိဘူး။ နောက်ဆုံးမှာ မင်းကသူ့ကို အနိုင်ယူနိုင်ခဲ့တာပဲ" လင်းဖုန်းက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "နောက်ပိုင်းနေ့တွေမှာ ငါတို့က ဒီအကြွေးကို ပြန်ဆပ်ရမယ်"

သူသည် ဇူရီအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "လာမယ့်ရက်တွေမှာ မင်းရဲ့ အခြေတည် ဝိညာဉ်ကို သေချာ

ပြုစုစောင့်ရှောက်နေရမယ်။ ဒါမှသာ မင်းရဲ့ ကျင့်ကြံမှုတွေကို ခိုင်မာအောင် လုပ်နိုင်မယ်"

ဇူရီက အနည်းငယ် ပြုံးလိုက်ကာ ပြောလိုက်သည်။ "မြင့်မြတ်သော အန္တိမ ရှေးဟောင်း ချပ်ဝတ်တန်ဆာက ကျွန်တော်နဲ့အတူတူ စာပေလေ့လာခဲ့ပါတယ်။ ကျွန်တော်တို့ နှစ်ဘက်စလုံးက အပြန်အလှန် အကျိုးကျေးဇူးတွေ ရရှိခဲ့တဲ့ အတွက်ကြောင့်၊ ကျွန်တော်တို့က အတူတူ ရှေ့ဆက်ပြီး လက်တွဲဖို့ ဆုံးဖြတ်ခဲ့ပါတယ်"

ဇူရီသည် သူဝတ်ဆင်နေကျ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ခရမ်းရောင်

ဝတ်စုံရှည်၏ အပေါ်တွင် အဖြူရောင် အပေါ်အင်္ကျီတို တစ်ခုအား ထပ်၍ ဝတ်ဆင်ထား၏။ ထိုအဖြူရောင် အပေါ်အင်္ကျီတိုသည် ရှေးကျသော အငွေ့အသက်များကို ထုတ်လွှတ်နေခဲ့ကာ ဂန္ထဝင်ဆန်လှပေသည်။

ထိုအချိန်တွင် ထိုအဖြူရောင် အပေါ်အင်္ကျီတိုမှ အဖြူရောင် အလင်းတန်း မှိန်မှိန်လေး တစ်ခုအား ထုတ်လွှတ်လိုက်ခဲ့သည်။ သင်းထုံသော ရနံ့တစ်ခုသည် ထိုဝတ်ရုံမှ ထွက်လာခဲ့၍ စာအုပ်များ၊ မင်များ၏ ရနံ့ကို ရနိုင်ခဲ့သည်။

ထိုအဖြူရောင် အလင်းတန်း၏ အတွင်းမှနေ၍
တစ်ယောက်သည့် စာသင်သား များစွာတို့၏
စာပေသင်အံ့နေသံများကို ကြားနိုင်ခဲ့သည်။
ပြီးတာနှင့် သူသည် ပို၍ပို၍
ကျယ်လောင်လာခဲ့သည်။ ကြည့်ရသည်မှာ
ကမ္ဘာကြီး တစ်ခုလုံးမှ စာဖတ်သူ
တစ်ဦးချင်းတိုင်းက အတူတူ
သင်ယူနေကြသကဲ့သို့ ဖြစ်၏။

ကမ္ဘာကြီး အတွင်းမှ စာပေပညာရှင်
တစ်ယောက်ချင်းစီက အာရုံစူးစိုက်နေခဲ့သကဲ့သို့
ဖြစ်သည်။ သူသည် ကောင်းကင်ကို
လှုပ်ခါသွားစေ၍ အချိန်ကာလအား
ပဲ့တင်ရိုက်စေခဲ့သည်။

အဖြူရောင် အလင်းတန်း အတွင်းတွင် စာသင်သားနှင့် တူသော်လည်း ကြံ့ခိုင်ပုံရသည့် အဘိုးအိုတစ်ယောက် ပေါ်လာခဲ့သည်။ သူသည် လင်းဖုန်း၏ အဆုံးမဲ့ ပင်လယ် မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်အား တွေ့လိုက်ရသောအခါ သူ၏ လက်များကို ဆုပ်လိုက်ကာ နှုတ်ဆက်လိုက်၏။

လင်းဖုန်း၏ ဒုတိယတပည့်သည် ပညာရှိတို့၏ ချီးမွမ်းမှုကို ရယူနိုင်ခဲ့ကာ စာမေးပွဲတွင် ပထမ ရယူနိုင်ခဲ့သည်။ သူသည် ထိပ်ဆုံးမှ ပညာရှိ သူတော်စင် ဟူသော ဘွဲ့ကို ရရှိခဲ့ပြီး စာမေးပွဲ ခန်းမ အတွင်းမှ ပညာရှိ ရုပ်ထုများကို အံ့အားသင့်စေခဲ့နိုင်ခဲ့သည်။ သူသည် မဟာကျိုး

အင်ပါယာ၏ အကြီးအကဲ စာပေပညာ
မှော်ရတနာအား အထင်ကြီးစေရန်
စွမ်းဆောင်နိုင်ခဲ့၏။

မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာ!

ရှေးဟောင်းခေတ်မှ အန္တိမ
တော်ဝင်ဆရာတစ်ယောက်၏ ဝတ်ဆင်ခဲ့သော
ဝတ်စုံသည် ပွားစည်းခြင်း အဆင့်မှ မှော်ရတနာ
တစ်ပါးပင် ဖြစ်သည်။

ဤမှော်ရတနာ၏ စွမ်းရည်သည် အလွန်အမင်းကို ထူးခြားလှ၏။ သာမန် ကျင့်ကြံသူတို့၏ လက်အတွင်းတွင် သူသည် မည်သို့မှ အသုံးဝင်မှု မရှိပေ။ သူသည် သာမန် အဝတ်တစ်စနှင့်ပင် တူနေခဲ့သည်။

သို့သော်လည်း ကျင့်ကြံမှု အဆင့် မြင့်မား၍ စာပေပညာ ကောင်းမွန်စွာ တတ်မြောက်သော ကျင့်ကြံသူ၏ လက်အတွင်းတွင် သူ၏ စွမ်းအားများသည် လွန်စွာမှပင် မျက်စိကျဖွယ် ကောင်းလှပေသည်။

အစောပိုင်းတွင် ဇူရီ၏ ဖခင် ရွှမ်ကျိအမတ် ဇူဟုန်ဝူသည် စာပေပညာအား လိုက်စားကာ

ကျင့်ကြံမှုအား ရပ်နားခဲ့သည်။
ထို့နောက်သူသည် ကွန်ဖြူရှပ် ဝါဒအသစ်ကို
တီထွင်နိုင်ခဲ့၍ မဟာကျိုး ဧကရာဇ်
လျှမ်ပန်းအား မဟာသုခမိန် ရာထူးဖြင့်
တိုင်းရေးပြည်ရာများကို ကူညီပေးနိုင်ခဲ့သည်။

ဇူဟုန်ဝူသည် မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာအား လှုံ့ဆော်နိုင်ရန်
အနီးကပ်ဆုံးသော သူတစ်ယောက် ဖြစ်ခဲ့သည်။
သို့သော်လည်း သူသည် သီသီလေး
လွဲချော်သွားခဲ့၏။

ထို့နောက်ပိုင်းတွင် မြင့်မြတ်သော အန္တိမ
ရှေးဟောင်း ချပ်ဝတ်တန်ဆာသည် စာမေးပွဲ

ခန်းမအတွင်းတွင် သာမန် အဝတ်စကဲ့သို့သာ နေနေခဲ့ရသည်။

နောက်ထပ် ဆယ်စုနှစ် အနည်းငယ် အပြီးတွင် ဇူရီ၏ ကမ္ဘာကျော် စာစီစာကုံးသည် ပညာရှိများ၏ ချီးမွမ်းမှုကို ရယူနိုင်လိမ့်မည်ဟု မည်သူကမှ ထင်မထားကြချေ။ သူသည် ရွှေရောင်ဇပဟိုချက် နောက်ဆုံး အဆင့်တွင်သာ ရှိသေးသော်လည်း ထိုမှော်ရတနာအား အသက်ဝင်လာစေခဲ့ကာ ထိန်းချုပ်နိုင်ခဲ့သည်။

ထိုဖြစ်စဥ်သည် မဟာကျိုး အင်ပါယာ တစ်ခုလုံးအား အုန်းအုန်းကျွက်ကျွက် ဖြစ်စေခဲ့သည်။ ဤအရာသည် လွန်စွာ

အငြင်းပွားဖွယ် ကောင်းလှသော်လည်း နောက်ဆုံးတွင် ကျိုးကြောင်း လျှမ်ပန်းသည် နောက်ဆုံး ဆုံးဖြတ်ချက် ချရသူ ဖြစ်၏။

သူသည် ဇူရီအား မြင့်မြတ်သော အန္တိမ ရှေးဟောင်း ချပ်ဝတ်တန်ဆာကို စာမေးပွဲ ခန်းမအတွင်းမှ ထုတ်ယူခွင့် ပြုခဲ့ကာ သူနှင့်အတူ ဘယ်သွားသွား ယူဆောင်သွားခွင့် ပြုခဲ့သည်။

ဇူရီက ပြောလိုက်သည်။ "ဆရာ၊ ကျွန်တော်နဲ့ စီနီယာ မြင့်မြတ်သော အန္တိမ ရှေးဟောင်း ချပ်ဝတ်တန်ဆာက ကံရှိလို တွေ့ခဲ့ရတာပါ။ နောင်အနာဂတ်မှာ ကျွန်တော်တို့က

ကမ္ဘာကြီးကို အတူတကွ လှည့်လည်ပြီး လူသားတွေ အားလုံးကို အသိဉာဏ် ဖြန့်ဝေဖို့ ဆုံးဖြတ်ထားကြပါတယ်"

"ဒါက မင်းရဲ့ ကံကြမ္မာဖြစ်တယ်။ မင်းဘာသာမင်း ဆုံးဖြတ်ပါ" လင်းဖုန်းက ပြုံးလိုက်သည်။ "မင်းက ဒီလိုမျိုး မြင့်မားတဲ့ ရည်ရွယ်ချက်တွေရှိတာကို ဆရာက ဝမ်းသာပါတယ်"

ဇူရီက လင်းဖုန်းအား ရိုသေစွာဖြင့် ဦးညွှတ်လိုက်ရာ မြင့်မြတ်သော အန္တိမ ရှေးဟောင်း ချပ်ဝတ်တန်ဆာကလည်း နောက်မှလိုက်၍ ဦးညွှတ်ခဲ့သည်။

"ဘယ်သူကပဲဖြစ်ဖြစ် အခြေတည် ဝိညာဉ်အဆင့်ကို ရောက်ရှိပြီးသွားရင် မှော်ရတနာတစ်ပါးကို ပေးမယ်လို့ ငါကပြောထားတယ်" လင်းဖုန်းက ပြောလိုက်သည်။ "ဒါကမင်းရဲ့ မှော်ရတနာ ဖြစ်သွားလိမ့်မယ်။ မြင့်မြတ်သော အန္တိမ ရှေးဟောင်း ချပ်ဝတ်တန်ဆာနဲ့အတူ မင်းက နေမင်းအောက်မှာ ကြိုက်တဲ့နေရာကို သွားလို့ရပြီ"

လင်းဖုန်း၏ မူလခန္ဓာကိုယ်သည် ယုကျင်းတောင်ပေါ်မှ လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ ခရမ်းရောင် တိမ်တိုက်များက ဟင်းလင်းပြင်အား ချိုးဖောက်လိုက်သည်။

အနက်ရောင် အလင်းတန်း တစ်တန်းသည် ကောင်းကင်ပေါ်သို့ ထိုးတက်သွားခဲ့ကာ ဇူရီ၏ အရှေ့တွင် ပေါ်လာခဲ့သည်။

ဒါသည် 'ထာဝရည' ဟူသော စကားလုံးများ သူ၏ ကိုယ်ပေါ်တွင် ထွင်းထုထားသည့် အနက်ရောင် ကျောက်တိုင်တစ်ခု ဖြစ်သည်။ သူမှနေ၍ အားကောင်းသော ဖိနှိပ်နိုင်သည့် အော်ရာများ ထုတ်လွှတ်နေ၍ ကမ္ဘာပေါ်မှ ဖန်ဆင်းမှုများ အားလုံးတို့အား အိပ်မွေ့ချရန် ကြိုးစားနေသကဲ့သို့ ဖြစ်သည်။

ဒါသည့် အင်မော်တယ် ဝိညာဥ် အဆင့်မှ မော်ရတနာ ထာဝရည မိစ္ဆာကျောက်တိုင် ဖြစ်သည်။

ဤမော်ရတနာသည် လင်းဖုန်းက ကိုယ်တိုင်ကျင့်ကြံထားခြင်း မဟုတ်ပဲ သူတပါးထံမှ ရရှိထားခြင်း ဖြစ်၏။ သူ၏ နောက်ခံမှာ ပေါ့သေးသေးမဟုတ်ပေ။ သူသည် အင်အားကြီးသော ညမိစ္ဆာဂိုဏ်းမှ ဖြစ်ပြီး မယုံနိုင်အောင် စွမ်းအားကြီးလှသည်။ တစ်ချိန်တည်းတွင် သူသည် လင်းဖုန်းပိုင်ဆိုင်ထားသည့် တစ်ခုတည်းသော ပွားစည်းခြင်း အဆင့်မှ မော်ရတနာ ဖြစ်၏။

ထိုရတနာသည် ပွားစည်းခြင်း အဆင့်တွင် ရှိနေသော်လည်း လင်းဖုန်းသည် အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်သွားအပြီးတွင် သူ့အား ထိန်းချုပ်နိုင်ခဲ့သည်။

ထာဝရည မိစ္ဆာကျောက်တိုင်သည် ပုံမှန်တွင် အိပ်နေလေ့ရှိပြီး သူ၏ ကိုယ်ကျင့်စရိုက်မှာ ကြားနေဝါဒ ရှိသည်။ သူသည် ပေါင်းရသင်းရ လွယ်ကူ၍ မိစ္ဆာလမ်းစဉ်မှ အခြား သွေးဆာသော မှော်ရတနာများနှင့် မတူပေ။

လင်းဖုန်း၏ စွမ်းအားများကို သိရှိပြီး လင်းဖုန်းက သူ့အား နောက်တဆင့်သို့ တက်နိုင်ရန် စွမ်းဆောင်ပေးနိုင်ကြောင်း

သိရအပြီးတွင် သူသည် လင်းဖုန်းထံသို့
လျှင်မြန်စွာနှင့် အညှံ့ခံခဲ့သည်။

ယခုအချိန်တွင် လင်းဖုန်းသည် သူ့အား ဇူရီထံသို့
လက်ဆင့်ကမ်းလိုက်သည်။ ထာဝရည
မိစ္ဆာကျောက်တိုင် အပေါ်တွင် အနက်ရောင်
အလင်းတန်းတစ်ခု လက်လာခဲ့ပြီး အနက်ရောင်
ဝတ်စုံနှင့် သက်လတ်ပိုင်း လူကြီးတစ်ယောက်
ပေါ်လာခဲ့သည်။ သူသည် ဇူရီအား
စိတ်မဝင်စားလှစွာ ကြည့်လိုက်၏။

ဇူရီ၏ အကြည့်ကလည်း ထာဝရည
မိစ္ဆာကျောက်တိုင် အပေါ်သို့

ကျရောက်သွားခဲ့ပြီး သူ့အား
အကဲခတ်နေခဲ့သည်။

မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာ၏ မူလစိတ်ဝိညာဉ်သည်
သူ၏ဘေးတွင် ပေါ်လာခဲ့ပြီး သူ့အား
ကြည့်လိုက်သည်။ ပွားစည်းခြင်း အဆင့်မှ
စွမ်းအားကြီး မှော်ရတနာ နှစ်ပါးတို့သည်
တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြကာ
လျှင်မြန်စွာနှင့် အကြည့်လွှဲလိုက်ကြ၏။

ထာဝရည မိစ္ဆာကျောက်တိုင်က
တွေးလိုက်သည်။ "သူ့ရဲ့ တာအိုစွမ်းအင်တွေက
အလွန်သန့်မာပြီး ပါရမီရှိတဲ့ပုံပေါက်နေတယ်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့
ကာကွယ်မှုနဲ့အတူ သူ့ဆီမှာ
အလွန်တောက်ပတဲ့ အနာဂတ် ရှိတယ်"

"ပိုပြီး အရေးကြီးတာက သူ့ဆီမှာ မြင့်မားတဲ့
ကောင်းချီးမင်္ဂလာရှိပြီး သူ့ရဲ့ကံက
အလွန်ကောင်းလှတယ်။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ အဆိုအရ
သူက အခြေတည်ဝိညာဉ် အဆင့်ကို
မရောက်ခင်မှာပဲ မှော်ရတနာ တစ်ပါးကို
ရရှိနိုင်ခဲ့ပြီ။ ဒီလိုမျိုးကံက
လက်ဖျားခါလောက်ပါတယ်"

ထာဝရည မိစ္ဆာကျောက်တိုင်သည့်
ပုံမှန်တွင်လည်း
ခေါင်းမာတတ်သောသူတစ်ယောက်
မဟုတ်ချေ။ သူသည် လင်းဖုန်း၏ ရွေးချယ်မှုကို
မဆန့်ကျင်ပဲ ဇူရီနောက်သို့ လိုလားစွာ
လိုက်ပါလာခဲ့သည်။

ထိုမြင်ကွင်းကို ကြည့်လိုက်ကာ လင်းဖုန်းက
ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်သည်။
အခြားသောသူများ၏ လက်ထဲတွင်
မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာသည် အမှိုက်သာဖြစ်၏။ ဇူရီ၏
လက်ထဲတွင် သူသည် အလွန်ကို ကြီးမားသော
စွမ်းအားများကို ပြသနိုင်သည်။ ထာဝရည

မိစ္ဆာကျောက်တိုင်နှင့်အတူ ဤမှော်ရတနာ နှစ်ပါးတို့သည် သူတို့၏ အလားအလာ အစွမ်းကုန်ကို မထုတ်ဖော်နိုင်သေးသော်လည်း သူတို့သည် လွန်စွာမှပင် မှင်သက်ဖွယ် ကောင်းနေခဲ့ပြီ ဖြစ်သည်။

လင်းဖုန်း၏ အဆုံးမဲ့ ပင်လယ် မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်သည် ဇူရီ၏ နဖူးအတွင်းသို့ ဝင်သွားခဲ့သည်။ ဇူရီက ထျန်းကျင်းသို့ တည်ငြိမ်စွာ မျှော်ကြည့်လိုက်သည်။ အဆုံးမဲ့ ပင်လယ် မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ် ပျောက်ကွယ်သွား အပြီးတွင် သူ့အား စိုက်ကြည့်နေသော သူများရှိသည်ကို သတိပြုမိလိုက်၏။

သူတို့အနက်မှ တစ်ယောက်သည် လွန်စွာမှ စွမ်းအားကြီးလှ၏။ သူသည် အလွန်အမင်းကို ရင်းနှီးကျွမ်းဝင်နေကာ ဒါသည် သူငယ်စဉ်က လွန်စွာကြောက်ရသည့် အကြည့်ဖြစ်၏။

ဤအကြည့်သည် ရွှမ်ကျိအမတ် ဇူဟုန်ဝူ၏ အကြည့်ဖြစ်သည်။

ဇူရီသည် အသက်တစ်ချက် ရှူထုတ်လိုက်ကာ သူ၏မျက်စိကို မှိတ်လိုက်သည်။ သူသည် ပြင်ပကမ္ဘာကို ဂရုမစိုက်တော့ပဲ

တရားထိုင်လိုက်ကာ သူ၏
အခြေတည်ဝိညာဉ်အား အားဖြည့်နေခဲ့၏။

ထျန်းကျင်းမြို့တွင် ရွှမ်ကျိအမတ် ဇူဟုန်ဝူသည်
သူ၏ အကြည့်ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။
သူသည် နဂါးပလ္လင်၏ မျက်နှာချင်းဆိုင်တွင်
ရှိနေသော ရောမ ထိုင်ခုံတစ်ခုပေါ်တွင်
ထိုင်နေခဲ့ကာ သူ၏ အရှေ့တွင် ကျိုးကေရာဇ်
လျှမ်ပန်းက ရှိနေခဲ့သည်။

လျှမ်ပန်းသည်လည်း သူ၏အကြည့်အား
ရုပ်သိမ်းခဲ့ကာ ဇူဟုန်ဝူအား ကြည့်လိုက်၍
ဖြည်းညင်းစွာနှင့် ပြောလိုက်သည်။ "ဒုတိယ
တစ်ယောက်"

ဇူဟုန်ဝူကလည်း သူ၏ခေါင်းအား ညိတ်လိုက်သည်။ "ဟုတ်ပါတယ်၊ အရှင်မင်းမြတ်"

ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများသည် သူတို့၏ ပါရမီစွမ်းရည်များကို ထုတ်ပြအပြီးတွင်၊ အားလုံးတို့သည် သူတို့ အစွမ်းထက်လာသောအခါ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အထက်ပိုင်း အဆင့်များမှ လိုအပ်ချက်များကို ဖြည့်ပေးနိုင်လိမ့်မည်ဟု သိနေကြသည်။ ထိုကွက်လပ်များကို ဖြည့်ပြီးသွားသောအခါ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် တကယ့်ကို

အစွမ်းထက်သော ဂိုဏ်းတစ်ဂိုဏ်းအဖြစ်
ရပ်တည်နိုင်တော့မည် ဖြစ်သည်။

ယခုအချိန်ကို ကြည့်လိုက်လျှင် သူတို့သည်
အခြေတည်ဝိညာဉ်ကို
ဖော်ဆောင်နိုင်ခြင်းနှင့်အတူ
အစွမ်းထက်လာခဲ့ကြပြီ ဖြစ်သည်။

ရှောင်ယန်နှင့် ကျန်သောသူများသည်
အခြေတည်ဝိညာဉ် အဆင့်သို့
ရောက်ရှိပြီးသွားလျှင် သူတို့၏ အလားအလာနှင့်
စွမ်းရည်တို့ကို ပြသရန် နတ်ဘုရား နယ်မြေမှ
စင်မြင့်အပေါ်သို့ တရားဝင်
တက်လှမ်းနိုင်တော့မည် ဖြစ်ကြ၏။

တစ်ချိန်တည်းတွင်ပင် သူတို့သည် အားလုံး အထင်သေး၍ မရသည့် အင်အားစုတစ်ခု ဖြစ်လာကြမည် ဖြစ်သည်။

မျက်စိတစ်မှိတ် အတွင်းတွင်ပင် ထိုအချိန်သည် ရောက်လာခဲ့လေပြီ။

လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့၏ အဆင့်တွင် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသည် သူတို့အား စိုးရိမ်ပူပန်စေမည် မဟုတ်ပေ။ သို့သော်လည်း ပြဿနာမှာ ဇူရီနှင့် ကျန်သောသူများက အခြေတည်ဝိညာဉ်များကို ဖော်ဆောင်အပြီးတွင်၊ သူတို့သည်

အင်မော်တယ် ဝိညာဉ် အဆင့်အောက်မှ ကျင့်ကြံသူများ အားလုံးတို့အား ကြီးစိုးလွှမ်းမိုးနိုင်ကြတော့မည် ဖြစ်သည်။

လူအနည်းငယ်တို့ကသာ အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်ရှိနိုင်ကြခြင်း ဖြစ်သည်။ လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့က ဂရုစိုက်စရာ မလိုချေ။ မဟာကျိုး အင်ပါယာမှ အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲ အချို့က ဂရုစိုက်စရာ မလိုပေ။ သို့သော်လည်း ကျန်သောသူများ အားလုံးက ဂရုစိုက်ရပေမည်။

အထူးသဖြင့် ဇူရီနှင့် ကျန်သောသူများသည် နောက်ထပ် မြင့်မားသော အဆင့်များသို့ တက်လှမ်းနိုင်ကြဦးမည် ဖြစ်သည်။

"ဒါက အခုအချိန်မှာ အရေးမကြီးသေးဘူး" ဇူဟုန်ဝူက တိတ်ဆိတ်စွာဖြင့် ပြောလိုက်သည်။ "အဆိုးဆုံး အခြေအနေက မဖြစ်လာသေးဘူး။ ယုကျင်းတောင်ကလည်း မှော်ရတနာတစ်ခု မဟုတ်ဘူး။ ဒါပေမဲ့ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်မှာ နောက်ထပ် ဘာလှည့်ကွက်တွေ ရှိမှန်းကို ကျွန်တော်တို့က မသိရသေးဘူး"

လျှမ်ပန်းက ပြောလိုက်သည်။ "သူ့မှာက ဘာလှည့်ကွက်တွေ ရှိသလဲဆိုတာက အရေးမကြီးပါဘူး။ ငါတို့ရဲ့ ပြင်ဆင်မှုက လုံလောက်နေဖို့ အရေးကြီးတယ်။ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းက ဟင်းလင်းပြင်ဘုရားကျောင်းကို ရင်ဆိုင်နေတဲ့ အချိန်မှာ မဟာကျိုး အင်ပါယာက ဘေးကနေ စောင့်ကြည့်နေလို့ရတယ်။ ဒါကြောင့်ပဲ ငါက ဇူရီကို မြင့်မြတ်သော အန္တိမ ရေးဟောင်း ချပ်ဝတ်တန်ဆာကို ယူသွားခွင့်ပြုလိုက်တာ"

ဇူဟုန်ဝူက ရိုသေစွာနှင့် ပြောလိုက်သည်။ "အရှင်မင်းမြတ်က ဉာဏ်ပညာကြီးမားလှပါတယ်"

ဝမ်လင်းအပြီးတွင် ဇူရီ၏ အခြေတည်ဝိညာဉ်
ဖော်ဆောင်နိုင်ခြင်း သတင်းသည်၊ သူက
ပညာရှိတို့၏ ချီးမွမ်းမှုကို ခံယူနိုင်ခဲ့ပြီး
ပွားစည်းခြင်း အဆင့်မှ မော်ရတနာ
မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာအား ရရှိနိုင်မှု သတင်းနှင့်အတူ
ကမ္ဘာတစ်ခုလုံးသို့ ပျံ့နှံ့သွားခဲ့ပေသည်။

အကယ်၍ သူသည် သာမန်ကျင့်ကြံသူသာ
ဆိုလျှင် သိပ်ကိစ္စမရှိသေးချေ။ သို့သော်လည်း
ဇူရီနှင့် ဝမ်လင်းတို့ ထုတ်ဖော်ပြသခဲ့သော
စွမ်းအားများသည် အင်မော်တယ် ဝိညာဉ်

အဆင့်မှ ကျင့်ကြံသူများကိုပင်
သတိပြုမိစေခဲ့သည်။

လင်းဖုန်း၏ လက်အောက်မှ
တပည့်နှစ်ယောက်တို့သည် အခြေတည်ဝိညာဉ်
အဆင့်သို့ တက်ရောက်နိုင်ကြပြီး၊
တစ်ယောက်ထက် တစ်ယောက်ကပို၍
လက်စွမ်းထက်နေကြသည်။ သူတို့ဂိုဏ်း၏
အလားအလာများသည် လှိုင်းလုံးကြီးများနှင့်
တူနေပြီး နောက်တစ်လှိုင်းက
ရှေ့တစ်လှိုင်းထက်ပို၍ ပြင်းထန်နေခဲ့သည်။

ဒါသည် ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ
အတွင်းမှ ရှီနှစ်ရှီတို့၏ လာမည့်တိုက်ပွဲအား

အားလုံးတို့၏ အာရုံကို အထူးဆွဲဆောင်မှု ရှိစေခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ရှီထျန်းဟောင်သည် ပို၍ပို၍ အာရုံဆွဲဆောင်မှု အားကောင်းလာခဲ့ပြီး၊ ဟင်းလင်းပြင် ဘုရားကျောင်းအား ကျောထောက်နောက်ခံ ပြုထားသည့် ရှီထျန်းရီကလည်း လုံးဝ အောက်မကျနေခဲ့ပေ။

ဒွိစုံသူငယ်အိမ်ဖြင့် မွေးဖွားလာပြီး အန္တိမ တာအို အခြေခံဖြင့် သူသည် အသက်၁၇နှစ် မပြည့်မီပင် အခြေတည်ဝိညာဉ်ကို ဖော်ဆောင်နိုင်ခဲ့ပြီ ဖြစ်သည်။ သူသည် ဟင်းလင်းပြင်

ဘုရားကျောင်း၏ လက်ရင်းတပည့်လည်း ဖြစ်၏။

ရှီထျန်းရီ၏ ကိုယ်ပေါ်တွင် အလင်းတန်း အလွှာပေါင်း များစွာရှိသော်လည်း၊ သူ၏ အော်ရာသည် တဖြည်းဖြည်းနှင့် သူ၏ညီငယ် ရှီထျန်းဟောင်ထက် ပို၍နိမ့်ကျလာသည်ဟု ထင်နေရသည်။

လင်းဖုန်းသည် စနစ်အတွင်းသို့ ကြည့်လိုက်ရာ သူ့ဂိုဏ်း၏ ရေပန်းစားမှုအဆင့်သည် ပစ်မှတ်သို့ရောက်ရန် အနည်းငယ်သာ လိုတော့သည်ကို တွေ့လိုက်ရ၏။

ကောင်းကင်နဂါး ရေးဟောင်းနယ်မြေအတွင်းမှ
ရှီနှစ်ရှီ၏ တိုက်ပွဲအပြီးတွင်
ရှီထျန်းဟောင်ကသာ နိုင်ခဲ့ပါက
သူ၏ပစ်မှတ်က ပြည့်မှီနိုင်မည်ဟု
သူကယုံကြည်နေခဲ့သည်။

ထိုအချိန်တွင် ပိုင်ယွင်တောင်ပေါ်တွင်
ခန္ဓာကိုယ် ကြီးမားသော
လူငယ်တစ်ယောက်သည် ဂူတစ်ဂူ အတွင်းတွင်
ထိုင်နေခဲ့ကာ သူ၏ မှော်စွမ်းအင်များကို
ငြိမ်သက်စွာနှင့် ကျင့်ကြံနေခဲ့သည်။

ထိုလူငယ်သည် ရှီထျန်းဟောင်နှင့် မကြာမီ
ယှဉ်ပြိုင်ရမည့် ရှီထျန်းရီမှလွဲ၍
အခြားမဟုတ်ချေ။

ဟင်းလင်းပြင် စစ်တလင်းမှ
ပြန်ရောက်အပြီးတွင် သူသည် ဘာမှမလုပ်ပဲ
တံခါးပိတ်၍ ကျင့်ကြံနေခဲ့သည်။
လတ်တလောမှသာ သူက ဂူအတွင်းမှ
ထွက်ခဲ့ခြင်း ဖြစ်သည်။ ယခုအချိန်တွင် သူသည်
ပြိုင်ပွဲမတိုင်ခင် နောက်ဆုံး ပြင်ဆင်မှုများ
ပြုလုပ်နေခဲ့ခြင်း ဖြစ်သည်။

အဖြူရောင်တိမ်တိုက် တစ်စသည်
သူ၏အရှေ့တွင် ပေါ်လာခဲ့၍ အမျိုးသမီး

တစ်ယောက်၏ အသွင်သို့ ပြောင်းသွားခဲ့သည်။ သူသည် တင့်တယ်သောတိမ်တိုက် သူတော်စင်မယ် ဖြစ်၏။

ရှီထျန်းရီက သူ၏မျက်လုံးများကိုဖွင့်ကာ ဦးညွတ်လိုက်သည်။ "မာစတာ တင့်တယ်သော တိမ်တိုက်"

သူ၏မျက်လုံးတစ်ဘက်သည် ဝမ်လင်း၏ တိုက်ပွဲအတွင်းတွင် ဒဏ်ရာရသွားခဲ့သော်လည်း ယခုအချိန်တွင် အပြည့်အဝ သက်သာသွားပြီဖြစ်၍ တစ်ယောက်ကမှ ဒဏ်ရာ၏ အရိပ်အယောင်တို့ကို မတွေ့နိုင်တော့ချေ။

သို့သော်လည်း သူသည် ယခင်ကကဲ့သို့
လူတိုင်းကြောက်ရသည့် ဒွိစုံသူငယ်အိမ်နှင့်သူ
မဟုတ်တော့ချေ။
သာမန်လူတစ်ယောက်ကဲ့သို့ပင် သူသည်
မျက်လုံးတစ်ဘက်စီတွင် သူငယ်အိမ်
တစ်ခုစီသာ ရှိတော့၏။ သူသည်
ဒွိစုံသူငယ်အိမ်နှင့် ပတ်သတ်သော စွမ်းအားများ
အားလုံးကို ဆုံးရှုံးသွားခဲ့ပြီ ဖြစ်၏။

ဟင်းလင်းပြင် ဘုရားကျောင်းသည်ပင်လျှင်
သူ၏ ပြင်ပဒဏ်ရာများကိုသာ ကုသပေးနိုင်ခဲ့ပြီး
အမြင်အာရုံကိုသာ ပြန်ရအောင်
လုပ်ပေးနိုင်ခဲ့သည်။ သို့သော်လည်း သူ၏

မူလစွမ်းအားများကို ပြန်ရအောင်တော့
မလုပ်ပေးနိုင်ခဲ့ပေ။

ဤအချိန်တွင် ရှီထျန်းရီသည် ယခင်အတိုင်း
ပြန်၍ တည်ငြိမ်နေခဲ့ပြီ ဖြစ်သည်။ သူသည်
သူ၏ ဘယ်ဘက်မျက်စိ ဆုံးရှုံးသွားမှုကို
ဂရုမစိုက်နေ၍ မဟုတ်ချေ။ သူ၏
အရှက်ရမှုများကို ပြန်လည် ချေပနိုင်ရန်
အတွက် ပို၍သန်မာသော စွမ်းအားများကို
ရရှိခဲ့သောကြောင့် ဖြစ်သည်။

## စာစဥ် ၃၀ : အပိုင်း ၉

# အပိုင်း ၅၅၉ : ပိုင်ယွင်တောင်၏ ပါတီနှစ်ခုအကြားမှ ပြိုင်ဆိုင်ခြင်း

တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်သည် ရှီထျန်းရီအား ကြည့်လိုက်ကာ သက်ပြင်းအနည်းငယ် ချလိုက်သည်။ အမှန်အတိုင်း ပြောရလျှင် ရှီထျန်းရီ၏ အဖြစ်ဆိုးတွင် သူမ၏ အပြစ်လည်း မကင်းချေ။ သူမ၏ ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ဝင်ရောက်ခြင်းသည် ရှီထျန်းရီအား အကာအကွယ် ပေးရန်အတွက် ဖြစ်သည်။

သို့သော်လည်း မည်သူကမှ ဝမ်လင်းသည် ဤမျှအစွမ်းထက်လိမ့်မည်နှင့်

လင်းဖုန်းကလည်း ထိုနေရာတွင်
ရှိနေလိမ့်မည်ဟု ထင်မထားခဲ့ပေ။

"ငါနဲ့လိုက်ခဲ့" တင့်တယ်သောတိမ်တိုက်
သူတော်စင်မယ်က ပြောလိုက်သည်။ သူမသည်
ဂူအတွင်းမှ ထွက်သွား၍ ရှီထျန်းရီကလည်း
သူမ၏ အနောက်သို့ လိုက်သွားခဲ့သည်။

သူတို့နှစ်ယောက်သားသည် ပိုင်ယွင်တောင်
အတွင်းသို့ လျှောက်သွားကြပြီး တောင်သို့
သွားသည့်လမ်းသည် တိမ်တိုက်များဖြင့်
ဖုံးလွှမ်းထားလျှက်ရှိသည်။ သူတို့၏ အရှေ့သို့
၁ဂမီတာထက်ပို၍ မမြင်ရချေ။

ရှီထျန်းရီသည် နောက်သို့
ပြန်မလှည့်ကြည့်ခဲ့ပေ။ သူပိုင်ယွင်တောင်သို့
ရောက်သည့် ပထမနေ့မှစ၍ ဤနေရာကို
သဘောပေါက်နေခဲ့သည်။ သူ၏
ဘယ်မျက်စိအား အသုံးပြု၍ ဤနေရာကို
စစ်ဆေးကြည့်ရှုခဲ့သော်လည်း
ဤတိမ်တိုက်များကို ထွင်းဖောက်၍
မမြင်နိုင်ခဲ့ချေ။ ဒါသည် သူ၏ ဘယ်မျက်စိက
အားနည်း၍ မဟုတ်ပဲ သူ၏ ကျင့်ကြံမှု
အဆင့်က နိမ့်လွန်း၍ ဖြစ်သည်။

ဤနေရာတွင် ရှီထျန်းရီ၏ ဘယ်မျက်စိသည်
အနည်းငယ် အရောင်လက်လာခဲ့သည်။ သူ၏

မျက်လုံး သူငယ်အိမ်များက ထပ်မံ
နာကျင်လာသည်ဟု ခံစားနေခဲ့ရ၏။

သူ၏ မျက်လွှာကို ချလိုက်ပြီး သူ၏
စိတ်ဝိညာဉ်အား ရုပ်သိမ်းလိုက်ကာ
တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်၏
အနောက်သို့ လိုက်လာခဲ့သည်။

တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်၏
ခြေလှမ်းများသည် ရုတ်တရက် ရပ်သွားခဲ့သည်။
သူမ၏ အနောက်တွင် လိုက်ပါလာသော
ရှီထျန်းရီကလည်း ရပ်တန့်ခဲ့၏။
သူလှမ်းကြည့်လိုက်ရာ သူတို့ထံသို့

လျှောက်လှမ်းလာသည့် လူငယ်လေး
တစ်ယောက်အား တွေ့လိုက်ရသည်။

သူသည် အသက်သိပ်ကြီးသေးပုံ မရချေ။
အလွန်ဆုံး အသက် ၂၀၊ ၃၀ခန့်သာ ရှိဦးမည်။
သူ၏ အမူအရာသည် တည်ငြိမ်လျှက် ရှိသည်။

သူသည် သာမန်ကိုယ်လုံးကိုယ်ထည် ရှိ၍
သာမန် ရုပ်ရည်သွင်ပြင် ရှိသည်။
အနေအထားတိုင်းကို ကြည့်လိုက်လျှင် သူသည်
အလွန်အမင်းကို သာမန်ဆန်နေခဲ့၏။

သူသည် တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်၏ အရှေ့သို့ ရောက်လာခဲ့ကာ ဦးညွှတ်လိုက်၏။ "တင့်တယ်သောတိမ်တိုက် ဒေါ်လေး"

ပြီးမှသူသည် သူမ၏ အနောက်မှ ရှီထျန်းရီအား ကြည့်လိုက်ကာ ခေါင်းညိတ်ပြလိုက်သည်။ "ဂျူနီယာရှီ"

သူ၏အသံမှာလည်း တည်ငြိမ်၍ သာမန်ဆန်လှသည်။ မတိုးမကျယ် ဖြစ်သလို မကြည်လင် မစူးရှချေ။ နားအတွင်းသို့ စူးကနဲ မဝင်သွားသလို နားထောင်ရန်လည်း မခက်ခဲချေ။

သို့သော်လည်း သူပြုလုပ်ခဲ့သမျှ
အရာအားလုံးတို့သည် တာအို၏
ဆန်းကြယ်နက်နဲသော လျှို့ဝှက်ချက်နှင့်
ပြည့်နေသလို ရှိနေ၏။ သူ၏
လှုပ်ရှားမှုတိုင်းတွင် တာအို၏ နက်ရှိုင်းသော
သဘောတရားများကို တွေ့နိုင်ခဲ့သည်။

ဒါသည် ရှီထျန်းရိက ထိုသူအား
ပထမဆုံးအကြိမ် တွေ့ဖူးခြင်း ဖြစ်သည်။
သို့သော်လည်း သူက တင့်တယ်သောတိမ်တိုက်
သူတော်စင်မယ်အား ခေါ်ဆိုပုံကို
ကြည့်ခြင်းအားဖြင့် သူ့အား
ချက်ချင်းမှတ်မိလိုက်သည်။

သူ့မျိုးဆက်မှ တပည့်များ အားလုံးအတွင်းတွင် တစ်ယောက်တည်းသာ ထိုကဲ့သို့သော အောင်ရာမျိုးကို ပိုင်ဆိုင်ထားသည်။

သူသည် ယန့်မင်းရွှဲ့၊ ပန်ကျဲနှင့် ရှီထျန်းရီတို့၏ အစ်ကိုကြီး ဖြစ်သည်။ သူသည် လက်ရှိ တာအိုခြေလျှင် ခရီးသည် လင်းတောက်ဟာန် ဖြစ်၏။

သူသည် ဟင်းလင်းပြင် ဘုရားကျောင်းမှ မျိုးဆက်သစ် တပည့်များ အတွင်းတွင် အခရာ ဖြစ်သည်။ သူသည် နောင်တွင် ဟင်းလင်းပြင်

ဘုရားကျောင်းအား ဆက်ခံမည့်
အလားအလာရှိသည့် ထူးချွန်သည့်
လူငယ်တစ်ယောက်လည်း ဖြစ်သည်။

သူသည် နတ်ဘုရား နယ်မြေ အတွင်းတွင်
အခြေတည် ဝိညာဉ်ကို ဖော်ဆောင်နိုင်သည့်
အသက်အငယ်ဆုံးသူလည်း ဖြစ်သည်။
သို့သော်လည်း သူသည် ငယ်စဉ်ကတည်းက
ဟင်းလင်းပြင် ဘုရားကျောင်းတွင်သာ
ကျင့်ကြံနေခဲ့ပြီး ပြင်ပသို့ မထွက်သလောက်ပင်
ဖြစ်သည်။ ထို့ကြောင့် လူအနည်းငယ်ကသာ
သူကိုသိကြ၏။

သို့သော်လည်း ဟင်းလင်းပြင် ဘုရားကျောင်း၏ ဗဟိုစက်ဝိုင်း အတွင်းတွင် လင်းတောက်ဟန် ဟူသောနာမည်သည် မိုးခြိမ်းသံကဲ့သို့ ဖြစ်၏။ သူ့ကို လူတိုင်းသိကြသည်။

သူသည် ဟင်းလင်းပြင် ဘုရားကျောင်းမှ သူ့မျိုးဆက် အတွင်းတွင် သူ၏စီနီယာများ၏ အရေးကြီးသော အစည်းအဝေးများကို တက်ရောက်နိုင်သည့် တစ်ဦးတည်းသောသူလည်း ဖြစ်၏။ ဒါသည် သူ၏ အရေးပါမှုကို ဖော်ပြနေခြင်း ဖြစ်သည်။

ရှီထျန်းရီသည် လင်းတောက်ဟန်အား ငြိမ်သက်စွာ ကြည့်လိုက်ကာ ဖြည်းညင်းစွာဖြင့် ဦးညွှတ်လိုက်သည်။ "စီနီယာလင်း"

တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်သည် လင်းတောက်ဟန်အား ကြည့်လိုက်ကာ မေးလိုက်သည်။ "တောက်ဟန်၊ တာအိုခြေလျှင် ခရီးသည်တစ်ယောက် အနေနဲ့ မင်းကဘာဖြစ်လို့ တောင်ပေါ်ကို ပြန်လာခဲ့တာလဲ"

လင်းတောက်ဟန်က တောက်ပကြည်လင်စွာဖြင့် ပြန်ဖြေလိုက်သည်။ "ကျွန်တော်က မဟာလွင်တီးခေါင်

ကုန်းမြေကနေ ပြန်လာခဲ့တာပါ။ မိစ္ဆာကမ္ဘာက
အခုအချိန်မှာ လှုပ်ရှားမှုတွေ ရှိနေလို့
ကျွန်တော်က ဂိုဏ်းခေါင်းဆောင်ဆီကို
တင်ပြရမယ်။ ဒေါ်လေးရော လိုက်ဦးမလား"

တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်က
သူမ၏ခေါင်းကို ခါလိုက်ကာ ပြောလိုက်သည်။
"သွားနှင့်ပါ၊ ငါက ထျန်းရီနဲ့ ကိစ္စတွေ
ရှိသေးတယ်"

လင်းတောက်ဟန်သည် သူ၏ခေါင်းအား
ညိတ်လိုက်ကာ သူတို့အား
နှုတ်ဆက်လိုက်သည်။ ပြီးတာနှင့်
ကိုယ့်လမ်းကိုယ် ဆက်လျှောက်လာခဲ့ကြသည်။

တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်က ရုတ်တရက်မေးလိုက်သည်။ "တောက်ဟန်၊ မင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဘယ်လိုထင်သလဲ"

လင်းတောက်ဟန်က ရပ်လိုက်ကာ အချိန်အတော်ကြာအောင် တွေးနေခဲ့ပြီးမှ ပြန်ဖြေလိုက်သည်။ "ကျွန်တော်က မသိဘူး"

ခဏကြာပြီးနောက်မှ သူက ထပ်ပြောလိုက်သည်။ "ကျွန်တော်က သူတို့ကို နားလည်ပြီလို့ ထင်ခဲ့တာ။ ပြီးတာနဲ့

ကျွန်တော်က မှားမှန်းကို
သဘောပေါက်ခဲ့တယ်"

သူ၏ အမှုအရာမှာ တည်ငြိမ်နေခဲ့ပြီး သူ၏
အမှားများကို တွေ့ဝေခြင်းမရှိပဲ
ချက်ချင်းဝန်ခံလိုက်သည်။

တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်သည်
သူမ၏ခေါင်းကို ညိတ်လိုက်ကာ
ငြိမ်သက်သွားခဲ့သည်။ ပြီးတာနှင့် သူတို့၏
ဘေးပတ်ပတ်လည်မှ တိမ်တိုက်များ
အကြားတွင် တောက်ပသော အကြည့်တစ်ခုက
လင်းလက်လာခဲ့သည်။ ထိုအကြည့်သည်
ထောင်ပေါင်းများစွာသော ခံစားချက်များ

ပါဝင်နေခဲ့ကာ တိုးညင်းသော အသံတစ်ခုက ပေါ်လာခဲ့သည်။ "မင်းတို့က လင်းဖုန်းက ဘယ်လောက်ကြာအောင် အလျှော့ပေးနေဦးမှာလဲ"

ပြီးတာနှင့် ရှမ်းလင်သူတော်စင်သည် တိမ်တိုက်များ အတွင်းမှ ဖြည်းဖြည်းချင်း လမ်းလျှောက်ထွက်လာခဲ့သည်ကို တွေ့လိုက်ရ၏။

တိမ်တိုက်များသည် သူတို့အနားတွင် လှည့်လည်နေပြီး လင်းတောက်ဟန်၏ မျက်နှာသည် အနည်းငယ် ပြောင်းသွားခဲ့သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့

မြင့်တက်လာမှုဟာ နတ်ဘုရား နယ်မြေက လူသားကျင့်ကြံသူတွေအတွက် ဆိုးဝါးတဲ့ အရာတစ်ခု မဟုတ်ပါဘူး"

"မင်းတို့ ကွန်ဆာဗေးတစ် ပါတီကလူတွေ လုပ်နေတာက အခြေအနေတွေကို ထိန်းသိမ်းနေဖို့ပဲ။ ငါတို့ရဲ့ လုပ်ဆောင်ချက်တွေကို ကန့်သတ်ထားပြီး ကမ္ဘာပေါ်က ဂိုဏ်းတွေ၊ အဖွဲ့တွေရဲ့ စွမ်းအားမျှခြေကို ညီမျှနေအောင် အာရုံစိုက်နေခဲ့တယ်။ မင်းတို့က လူသားကျင့်ကြံသူတွေရဲ့ စွမ်းအားကို ထိန်းသိမ်းနေတယ်လို့ ထင်နေခဲ့ပေမဲ့ အမှန်ကတော့ ရှောင်လွှဲလို့မရတဲ့

ပဋိပက္ခတွေကို အချိန်ဆွဲနေရုံ သက်သက်ပါပဲ" ရွှမ်းလင်သူတော်စင်က ငြိမ်သက်စွာနှင့် ပြောလိုက်သည်။

"ပေါက်ကွဲလာမယ့် အရာတွေက နောက်ဆုံးမှာ ပေါက်ကွဲလာမှာ ဖြစ်ပြီး သူဖြစ်လာတဲ့ အချိန်မှာ အလွန်ကို ပြင်းထန်လာလိမ့်မယ်။ မင်းတို့က ကမ္ဘာကြီးကို စစ်တုရင်ခုံလိုမျိုး ထိန်းချုပ်နေတယ်လို့ ထင်နေပေမဲ့၊ မင်းတို့လုပ်နေတာက အားလုံးရဲ့ ဒေါသနဲ့ စိတ်ရှုပ်ထွေးမှုတွေကို ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အပေါ်ကို စုပြုံကျစေနေတာပဲ"

"ဒါဆိုရင်တော့ ဘာဖြစ်လို့ ကိုယ်ကစပြီး မတိုက်ခိုက်ရမှာလဲ။ အစပိုင်းမှာ နာကျင်စရာတွေနဲ့ ကြုံတွေ့ရနိုင်ပေမဲ့၊ နတ်ဘုရား နယ်မြေရဲ့ စွမ်းအားတွေက နောက်ပိုင်းမှာ ပြန်လည်ဖွဲ့စည်းနိုင်မှာဖြစ်ပြီး အားလုံးက ပိုပြီး သန်မာလာလိမ့်မယ်။ ဒါက အခုလက်ရှိ စုစည်းညီညွတ်နေမှု မရှိတဲ့ အခြေအနေထက် စာရင် ပိုကောင်းတာပေါ့"

လင်းတောက်ဟန်၏ အသံသည် မတုန်ခါနေခဲ့ပဲ အဖြူရောင် တိမ်တိုက် အတွင်းမှ ထွက်ပေါ်လာခဲ့သည်။ "မိစ္ဆာတွေကို ဖိနှိပ်ခြင်းက ရှေးကတည်းက လုပ်ဆောင်ခဲ့တဲ့ အရာတစ်ခု ဖြစ်တယ်။ ဒါက ဟင်းလင်းပြင်

ဘုရားကျောင်းကို စတင်တည်ထောင်ခဲ့တဲ့ တည်ထောင်သူက ချမှတ်ခဲ့တဲ့ တင်းကျပ်တဲ့ စည်းကမ်းတစ်ခု ဖြစ်တတယ်။ သူက ဘာဖြစ်လို့ ဒီလိုမျိုး အမိန့်ကို ချမှတ်ခဲ့တာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူက လူသားတွေရဲ့ အတိတ်ဆိုး အချိန်ဖြစ်ခဲ့တဲ့ ကမ္ဘာဦးခေတ်ကို မှီခဲ့လိုပဲ။ ဦးလေးရွှမ်းလင်၊ ဦးလေးနဲ့ ကျွန်တော်တို့က အဲ့ဒီလိုမျိုး အဖြစ်မျိုးကို တစ်ခါမှ မကြုံဖူးခဲ့ဘူး။ လူသားတွေက အနိမ့်ကျဆုံး အခြေအနေမှာ ရှိခဲ့ပြီး မိစ္ဆာတွေရဲ့ ကျေးကျွန်အဖြစ် ဆက်ဆံခြင်းကို ခံခဲ့ရတယ်။ လွတ်လပ်မှုတွေ၊ ဂုဏ်သိက္ခာတွေ မရှိဘူး။

လူသားတွေရဲ့ အသက်ဟာ ပေါင်းပင်တွေလိုပဲ တန်ဖိုးကင်းမဲ့တယ်"

"သမိုင်းရပာတ် တစ်ပတ်ပြန်မလည်ဖို့ရာ ဟင်းလင်းပြင် ဘုရားကျောင်းက ခေတ်ပေါင်းများစွာ အရိပ်ထဲမှာ စောင့်နေပြီး မဟာလွင်တီးခေါင် ကုန်းမြေကို စောင့်ကြည့်နေခဲ့တယ်။ လင်းတောက်ဟန်က တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "တကယ်လို့ ကျွန်တော်တို့က ဦးလေးရဲ့ ပုံစံအတိုင်း ကျင့်သုံးခဲ့ရင် နိုင်မလား၊ ရှုံးမလား ဆိုတာကို အရင်မတွက်နဲ့ဦး။ အကျိုးသက်ရောက်ဖို့ဆိုရင် အချိန်အကြာကြီး စောင့်ရမယ်"

"ဒီဖြစ်စဉ်အတွင်းမှာ တကယ်လို့ မိစ္ဆာတွေက နောက်ထပ်လှုပ်ရှားမှုတွေ ပြုလုပ်လာကြရင်၊ ကျွန်တော်တို့ကြောင့် အချင်းချင်း ပြည်တွင်းစစ်ဖြစ်နေကြတဲ့ လူသားကမ္ဘာကြီးဟာ လုံးဝ အကြွင်းမဲ့ ရှုံးနိမ့်သွားလိမ့်မယ်"

လင်းတောက်ဟန်က ရွှမ်းလင်သူတော်စင်အား ငြိမ်သက်စွာနှင့် စိုက်ကြည့်နေခဲ့သည်။

"ကမ္ဘာဦးခေတ် အပြီး ကမ္ဘာနှစ်ခု အကြားက တိုက်ပွဲမှာ ရှေးဟောင်း ဧကရာဇ်ဟာ အစွန်းရောက် ဧကရာဇ်ရဲ့ သတ်ဖြတ်မှုကို ခံခဲ့ရတယ်။ ပြီးတာနဲ့ အင်အားစုများစွာတို့က စုပေါင်းပြီး အစွန်းရောက် ဧကရာဇ်ကို

လုပ်ကြံနိုင်ခဲ့ကြတယ်။ ဒါပေမဲ့
နတ်ဘုရားနယ်မြေက အရင်းအမြစ်
များစွာတို့ကို ဆုံးရှုံးခဲ့ရတဲ့အတွက်
ကမ္ဘာနှစ်ခုအကြားက စစ်ပွဲမှာ ရှုံးနိမ့်ခဲ့ရတယ်။
အခုအချိန်အထိကို ရှေးဟောင်းအထီးကျန်
နဂါးငွေ့တန်းကို မိစ္ဆာတွေက
ထိန်းချုပ်ထားတုံးပဲ"

လင်းတောက်ဟန်၏ လေသံသည်
တောက်လျှောက်တည်ငြိမ်နေခဲ့သည်။
"ဦးလေးက ကျွန်တော်တို့ ရှေ့ကလူတွေရဲ့
ဆီကနေ သင်ခန်းစာယူနိုင်လိမ့်မယ်လို့
မျှော်လင့်ပါတယ်။ အစွန်းရောက် ဧကရာဇ်ရဲ့
ရိုင်းစိုင်းကြမ်းကြုတ်မှုတွေဟာ ကျွန်တော်တို့ရဲ့

မျက်စိရှေ့မှာပဲ ရှိသေးတယ်။ ဦးလေးရွှမ်းလင်၊ ကျေးဇူးပြုပြီးမှ ပြန်စဉ်းစားပါ"

ရွှမ်းလင်သူတော်စင်သည် လင်းတောက်ဟာန်က သူ့အား ပြန်ပြောသည်ကို စိတ်မဆိုးပေ။ သူ၏ ခံစားချက်များမှာ မပြောင်းလဲခဲ့ပေ။ အမှန်အတိုင်းပြောရလျှင် သူတို့၏ အမြင်များမတူခဲ့သော်လည်း သူသည် သူ့အား သဘောကျပေသည်။

"ရှေးဟောင်းခေတ်တုံးက လူသားတွေက ဘာဖြစ်လို့ မိစ္ဆာတွေကို နှိမ်နင်းနိုင်ခဲ့ပြီး မူလကောင်းကင် ကမ္ဘာအတွင်းမှာ တိုးတက်လာနိုင်ခဲ့သလဲ။ ဘာဖြစ်လို့လဲဆိုတော့

ငါတို့ရဲ့ စွမ်းအားတွေကို စုစည်းနိုင်ခဲ့ပြီး ဦးဆောင်နိုင်ခဲ့လို့ပဲ" ရှမ်းလင်သူတော်စင်က ငြိမ်သက်စွာနှင့် ပြောလိုက်သည်။

"လူသားကေရာဇ်တွေရဲ့ အုပ်ချုပ်မှုအောက်ကနေ အင်အားစုတွေ အကုန်လုံးကို စုစည်းနိုင်ခဲ့တယ်။ ကေရာဇ် အချို့ဟာ တရားမျှတပြီး အချို့ကတော့ ဆင်ခြင်တုံတရား ကင်းမဲ့ခဲ့တယ်"

"ဒါပေမဲ့ ဟင်းလင်းပြင် ဘုရားကျောင်းကတော့ မတူဘူး။ ငါတို့အနေနဲ့ ဂိုဏ်းခေါင်းဆောင်ကတောင် ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေ မချမှတ်နိုင်ဘူး"

ထိုစကားများကို ကြားရသောအခါ လင်းတောက်ဟန်သည် မျက်လွှာများကို ဖြည်းဖြည်းချင်း ချလိုက်ကာ တိုးညင်းစွာနှင့် ပြောလိုက်သည်။ "ဦးလေးက အခုပဲ ပြောထားတယ်။ ကောင်းကင်နဲ့ မြေကြီးတွေက ထာဝရ ဖြစ်ပေမဲ့၊ လူသားတွေရဲ့ စိတ်နှလုံးက အလွယ်တကူ ပြောင်းလဲနိုင်တယ်"

အကယ်၍ တစ်ယောက်သည် ထိပ်ဆုံးနေရာသို့ ရောက်သွားပါက၊ သူသည် သူ၏မူလ ရည်ရွယ်ချက်မှ မလွဲဖယ်သွားနိုင်ဟု မည်သူက အာမခံနိုင်ပါမည်နည်း။

ရှမ်းလင်သူတော်စင်သည်
လင်းတောက်ဟန်အား ကြည့်လိုက်ကာ
တိုးညင်းစွာဖြင့် ပြောလိုက်သည်။ "ငါတို့
ကျင့်ကြံသူတွေ အနေနဲ့ ငါတို့ကျင့်ကြံတဲ့
အကြောင်းရင်းက ကောင်းကင်နဲ့ မြေကြီးတို့ရဲ့
အတွင်းမှာ ငါတို့ကိုယ်ငါတို့ မပျောက်သွားစေပဲ
ငါတို့ရဲ့ တည်ရှိနေမှုကို သာလွန်စေဖို့ပဲ။
ငါကငါပဲ ဖြစ်နေပြီး တကယ်လို့
ကိုယ့်ဆန္ဒတွေကိုမှ မထိန်းချုပ်နိုင်ရင် ငါတို့က
ကျင့်ကြံဖို့ သင့်တော်ပါ့မလား"

"ကျွန်တော်တို့ ကျင့်ကြံသူတွေ အနေနဲ့
ကျွန်တော်တို့ရဲ့ နှလုံးသားထဲက တာအိုဟာ
ထာဝရ ဖြစ်ပြီး ဒါကြောင့်ပဲ ကျွန်တော်တို့ရဲ့

နှလုံးသားတွေက ထာဝရ ဖြစ်တယ်"
လင်းတောက်ဟန်၏ အသံမှာ လေညင်းကဲ့သို့
ပေါ့ပါးသွားခဲ့သည်။ "ကျွန်တော်တို့ရဲ့
နှလုံးသားဟာ အမြဲတမ်း ကျေနပ်မှု မရှိပဲ
အမြဲတမ်း ပိုကောင်းတာကို တောင့်တနေတယ်။
ကျွန်တော်တို့က အမြဲတမ်း ပိုပြီးတော့
လိုချင်နေတယ်။ ဒါက ကျွန်တော်တို့ပဲ"

"ဒါက လူသားတွေ ဖြစ်တယ်"

လင်းတောက်ဟန်သည် သူ၏ခေါင်းကို
ညင်သာစွာ ခါလိုက်ကာ သူ၏ အမူအရာ
ကင်းမဲ့နေသော မျက်နှာသည် ဖြည်းဖြည်းချင်း
ပြုံးယောင်သန်းလာခဲ့သည်။ "ကျွန်တော်တို့

နှလုံးသား အထဲက တာအိုက မပြောင်းလဲပေမဲ့
ကျွန်တော်တို့ရဲ့ နှလုံးသားက
ဖွေဖောက်လာနိုင်တယ်။
ရှေးပဝေသဏီကတည်းက
လူဘယ်နှစ်ယောက်ကများ ကိုယ့်ကိုယ်ကိုယ်
ထိန်းချုပ်ရာမှာ တကယ်အောင်မြင်ခဲ့လို့လဲ"

ဟင်းလင်းပြင် ဘုရားကျောင်း၏
ကွန်ဆားဖေးတစ်ပါတီနှင့် ရှေ့ဆောင်လမ်းစဉ်
ပါတီတို့သည် သူတို့လျှောက်လှမ်းနေသော
လမ်းကြောင်းများသာ ကွာခြားနေခြင်း
မဟုတ်ပေ။

သူသည် ရွှမ်းလင်သူတော်စင်နှင့်
တင့်တယ်သောတိမ်တိုက်
သူတော်စင်မယ်တို့အား ကြည့်လိုက်ကာ
လက်နှစ်ဘက်ဆုပ်ကာ အရိုအသေ
ပြုလိုက်သည်။ ပြီးနောက် ရှီထျန်းရီအား
ခေါင်းညိတ်ပြလိုက်ပြီး အဝေးသို့
ထွက်ခွာသွားခဲ့သည်။

လင်းတောက်ဟန်နှင့် ရွှမ်းလင်သူတော်စင်တို့
ခေတ္တမျှ အပြန်အလှန် ပြောဆိုနေကြချိန်တွင်၊
တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်နှင့်
ရှီထျန်းရီတို့သည် ဘေးတွင်ရပ်နေကြကာ
ဘာကိုမှ မပြောခဲ့ပေ။ အစိမ်းရောင် ဝတ်စုံနှင့်
လူငယ်က တိမ်တိုက်များ အတွင်းသို့

ပျောက်ကွယ်သွားသည်ကို ကြည့်လိုက်ကာ ရှီထျန်းရီ၏ မျက်လုံးများသည် အနည်းငယ် တောက်ပလာခဲ့သည်။

သူဖြစ်စေ၊ ကျင်းဟွမ်အမတ် လျှမ်အန်းဖြစ်စေ၊ ရှေ့ဆောင်လမ်းစဉ်ပါတီမှ အခြား ပါရမီရှင်များ ဖြစ်စေ၊ သူတို့၏ ပစ်မှတ်သည် ထိုသာမန်သာ ထင်နေရသည့် လူငယ်ပင် ဖြစ်၏။

ရှီထျန်းရီသည် သူ၏ အကြည့်အား ရုပ်သိမ်းလိုက်ကာ သက်ပြင်းချလိုက်သည်။ "ပထမဆုံး ကျွန်တော့်ရဲ့ ဝမ်းကွဲညီ၊ ပြီးတော့ ဝမ်လင်း၊ အခုတော့ သူ..."

ရွှမ်းလင်သူတော်စင်နှင့်
တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်သည်
သူ့အားကြည့်လိုက်ကာ ခေါင်းညိတ်လိုက်သည်။

ဝမ်လင်းနှင့် တိုက်ပွဲတွင် ရှီထျန်းရီ၏
နှစ်ပေါင်းများစွာ ကျင့်ကြံမှုတို့၏
အသီးအပွင့်အား ထိခိုက်မှု ရှိခဲ့သည်။
သို့သော်လည်း ဒါသည် သူ့အား စိတ်ဓာတ်ပိုမို
ကြံ့ခိုင်ပြတ်သားလာစေခဲ့၏။ သူတို့သည်
ပြောင်းလဲမှု တစ်ခုအား ခံစားနေခဲ့မိသည်။

အကယ်၍ သူသည် ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေ အတွင်းတွင်
ရှိထျန်းဟောင်အား အနိုင်ယူနိုင်ခဲ့လျှင်
ထိုပြောင်းလဲမှုသည် ပြီးပြည့်စုံသွားလိမ့်မည်။
ပြီးနောက် သူသည် နောက်တစ်ဆင့်သို့
တက်နိုင်လိမ့်မည် ဖြစ်သည်။

တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်သည်
သူမ၏ လက်များကို ဆုပ်လိုက်ကာ
ရွှမ်းလင်သူတော်စင်အား နှုတ်ဆက်လိုက်သည်။
ရွှမ်းလင်သူတော်စင်သည်
ဘာမှဆက်မပြောတော့ပဲ ရှိထျန်းရှီအား
ခေါ်သွားခဲ့သည်။ သူတို့နှစ်ယောက်တို့သည်
ဂူတစ်ခုအတွင်းသို့ ဝင်သွားကြရာ

လူနှစ်ယောက်သား မျက်နှာချင်းဆိုင်
ထိုင်နေကြသည်ကို တွေ့လိုက်ရ၏။

သူတို့အနက်မှ တစ်ယောက်သည်
ခန္ဓာကိုယ်အစစ် မဟုတ်ပေ။ သူသည်
မှော်စွမ်းအင်ကိုသာ အသုံးပြု၍ ပုံရိပ်တစ်ခုအား
ဖန်ဆင်းထားခြင်း ဖြစ်၏။ သူသည်
ညှော့သည်တစ်ယောက် ဖြစ်သော်လည်း အဓိက
နေရာတွင် ထိုင်နေခဲ့သည်။

သူ၏ အနောက်တွင် အဖြူရောင်
တိမ်တိုက်များဖြင့် လွှမ်းခြုံထားသော
သူတစ်ယောက် ရှိနေသည်။ သူ့အား မည်သူမှ
ထင်ရှားစွာ မမြင်နိုင်ခဲ့ပေ။

သူသည် ငြိမ်သက်စွာနှင့် ထိုင်နေခဲ့ပြီး သူ့အနားတွင် မှော်စွမ်းအင်နှစ်မျိုး၊ တစ်ခုကယင်၊ တစ်ခုကယန် တို့က လှည့်ပတ်နေခဲ့သည်။ သူသည် ကောင်းကင်နှင့် မြေကြီးတို့၏ အစွန်းနှစ်ဘက်နှင့် တူနေသည်။

ဒါသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ လက်ရှိခေါင်းဆောင် ယန်နန်းလိုင်ဖြစ်၏။

ယန်နန်းလိုင်၏ အရှေ့တွင် ကလေးတစ်ယောက် ထိုင်နေ၏။ သူ၏ အမူအရာများမှာ တည်ငြိမ်၍

ကြည်လင်ငြိမ်သက်နေခဲ့၏။ သူ၏
မျက်လုံးများသည် အချိန်ကာလ ကင်းမဲ့မှုဖြင့်
တောက်ပနေခဲ့သည်။

ထိုကလေးအား တွေ့လိုက်သောအခါ
ရှီထျန်းရီက ချက်ချင်း ဦးညွှတ်လိုက်သည်။
"ဆရာ"

ထိုကလေးကဲ့သို့ လူသည် ရှီထျန်းရီက ဂိုဏ်းကို
စဝင်စဉ်က လက်ရင်းဆရာဖြစ်သူ
ကောင်းဟာန်ပင် ဖြစ်သည်။

သူသည် ယန်နန်းလိုင်နှင့်
ရွှမ်းလင်သူတော်စင်တို့နှင့်
မျိုးဆက်တစ်ဆက်တည်း ဖြစ်၏။
ရွှမ်းလင်သူတော်စင်ကဲ့သို့ သူသည်လည်း
နာယက အကြီးအကဲ ကောင်စီဝင်
တစ်ယောက်ဖြစ်ကာ၊ အင်မော်တယ် ဝိညာဉ်
တတိယ အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်ဖြစ်သည်။

ရှိထျန်းရှီသည် ယန်နန်းလိုင်နှင့် ကောင်းဟာန်တို့
နှစ်ယောက်စလုံးအား ဦးညွှတ်လိုက်သည်။
ကောင်းဟာန်က ပြောလိုက်၏။
"မတ်တတ်ရပ်ပြီး နားထောင်ပါ"

သူ၏အမူအရာသည် ကလေးနှင့် တူသောလည်း သူ၏အသံမှာ အိုမင်းနေ၏။ ပေါင်းစပ်လိုက်သောအခါ သူသည် ထူးခြားဆန်းကြယ်သော ခံစားချက်ကို ပေးစွမ်းနိုင်ခဲ့သည်။ တစ်စုံတစ်ခုက မှားယွင်းနေသည် ဟူသော ခံစားချက်မျိုးကို ခံစားနေရသည်။

ကောင်းဟန်၏ ကျင့်ကြံမှုအဆင့်နှင့်ဆိုလျှင် သူ၏ အင်မော်တယ် ဝိညာဉ်သည် တာအိုနှင့် ပေါင်းစည်းသွားပြီး၍ လောက၏ အချုပ်အနှောင်များမှ လွတ်မြောက်ပြီး ဖြစ်နေရမည်။ သူပြသမျှ အရာအားလုံးတို့သည်

ပြီးပြည့်စုံစွာ လိုက်လျောညီထွေမှု ရှိနေရမည် ဖြစ်သည်။

သို့သော်လည်း သူသည် လုံး၀ ဆန့်ကျင်ဘက် ဖြစ်နေခဲ့သည်။ သူ၏ လုပ်ဆောင်ချက်တိုင်းသည် တွန့်လိမ်၍ စုတ်ပြဲနေသော ခံစားချက်မျိုးကို ပေးစွမ်းနိုင်ခဲ့၏။ သို့သော်လည်း တစ်ယောက်သည် အနီးကပ် သေချာစွာ လေ့လာခဲ့ပါက ပြီးပြည့်စုံခြင်းကို တွေ့နိုင်နေပေသည်။ လွန်စွာမှ ထူးဆန်းအံ့သြဖွယ်ရာ အတွေ့အကြုံတစ်ခုကို မြင်နေရသကဲ့သို့ပင် ဖြစ်သည်။

ရွှမ်းလင်သူတော်စင်ကလည်း
ထိုင်လိုက်အပြီးတွင် ကောင်းဟာန်က
ယန်နန်းလိုင်အား ကြည့်လိုက်ကာ
ပြောလိုက်သည်။ "ကောင်းကင်လှည်း
တောင်ထိပ်က ခားစည်းဝေးပွဲမှာ အားလုံးက
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ဟာ၊
အဖြူနဲ့ အနက်တို့ကို ပေါင်းစည်းထားပြီး
ယင်နဲ့ယန်တို့ကို ညီညွတ်စေခဲ့တဲ့ ပုံရိပ်တစ်ခုကို
သူ့ရဲ့ နဖူးပေါ်မှာ ဖော်ဆောင်နိုင်ခဲ့တာကို
တွေ့ခဲ့ရတယ်။ ဂိုဏ်းခေါင်းဆောင်က
ဘာအမြင်များ ရှိပါသလဲ"

## စာစဉ် ၃၀ : အပိုင်း ၁၀

## အပိုင်း ၅၆၀ : လင်းဖုန်းက ခေါ်ကျင့်ကြံခြင်း

အဖြူရောင်တိမ်တိုက်များ အတွင်းတွင် တစ်ယောက်သည် ယန်နန်းလိုင်၏ ကြည်လင်သော အသံအား ကြားနိုင်ခဲ့သည်။ "ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ တာအိုဟာ အရင်းမြစ် တစ်ခုတည်းကနေ လာခဲ့တာ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ တာအိုဟာ ငါတို့ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ယင်ယန်နည်းစနစ်နဲ့ ဆင်တူနေတာလည်း ဖြစ်နိုင်တယ်"

ကောင်းဟာန်သည် ငြိမ်သက်သွားခဲ့ပြီးမှ ပြောလိုက်သည်။

"ကျုပ်ကြားမိထားတာကတော့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ဟာ သူရဲ့နဖူးပေါ်မှာ ယင်ယန်အမှတ်တံဆိပ် တစ်ခုကို ပိုင်ဆိုင်ထားတယ်။ ဒီအစွန်းနှစ်ဘက်က ပြီးပြည့်စုံစွာ မျှတနေတယ်။ သူတို့ကို ခွဲခြားထားခဲ့ပေမဲ့ ပေါင်းစည်းနေခဲ့သေးတယ်။ သူတို့က တည်ရှိနေခဲ့ပြီး တစ်ချိန်တည်းမှ တည်မရှိနေခဲ့ဘူး။ အမှန်အတိုင်း ပြောရရင် ဒါက ဟင်းလင်းပြင်ရဲ့ ယင်ယန်ကျမ်းစာထက်တောင် ပိုပြီးတော့ သာလွန်နေသလိုပဲ"

ယန်နန်းလိုင်၏ လေသံသည် မပြောင်းလဲခဲ့ပေ။
"မဟာဟင်းလင်းပြင် တာအိုရဲ့ ပကတိ
အခြေခံတွေဟာ နတ်ဘုရားနယ်မြေမှာ
ကောင်းကင်လမ်းစဉ်နဲ့ အနီးစပ်ဆုံး ကျင့်ကြံမှု
နည်းစနစ်တွေ ဆိုတာကို အားလုံးက
သိကြတယ်။ဒါကြောင့်မို့ 'မဟာ' နဲ့
'ဟင်းလင်းပြင်' ကျမ်းစာနှစ်ခုက
အလွန်အမင်းကို အစွမ်းထက်ကြတယ်"

"ဒါပေမဲ့ တာအိုဟာ အကန့်အသတ်မဲ့တယ်
ဆိုတာကို မင်းရောငါရော သိကြတယ်။ သူ့မှာက
အဆုံးမရှိပဲ ငါတို့ မဟာဟင်းလင်းပြင် တာအိုရဲ့
ပကတိ အခြေခံတွေက
တခြားတာအိုပုံစံတွေထက် အထက်တန်း

ပိုကျပေမဲ့၊ ငါတို့က အန္တိမ ဗဟုသုတကို ရှာဖွေနေတဲ့ လမ်းကြောင်းပေါ်က ခရီးသည် သက်သက်ပါပဲ။ မင်းနဲ့ငါ အပါအဝင် မျိုးဆက်တိုင်းက တာအိုလမ်းစဥ်ပေါ်မှာ ဆက်လျှောက်နိုင်ဖို့အတွက် ပြီးပြည့်စုံတဲ့ လမ်းကြောင်းကို လိုက်ရှာနေကြတာပဲ"

ယန်နန်းလိုင်က တိုးညင်းစွာနှင့် ပြောလိုက်သည်။ "ဟင်းလင်းပြင်ရဲ့ ယင်ယန်ကျမ်းစာဟာ လေဟာနယ်ရဲ့ လျှို့ဝှက်ချက်နဲ့ ယင်ယန်တို့ရဲ့ လျှို့ဝှက်ချက်တွေကို လွှမ်းခြုံထားတယ်။ ဒါကြောင့် တစ်စုံတစ်ယောက်က ငါတို့ရဲ့ အရှေ့ကို ရောက်ရှိနေနိုင်တယ်"

"ခေးပညာအရဆိုရင် ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ မဟာဟင်းလင်းပြင် ဝင်ရိုးစွန်းနှစ်ဘက် လျှို့ဝှက်ခေးနည်းစနစ်နဲ့၊ ကောင်းကင် ဥပေက္ခာခေးတို့က ဒီကမ္ဘာမှာ တခြားခေးကွက်တွေ အားလုံးကို အနိုင်ယူနိုင်တယ်။ သူအနိုင်မယူနိုင်တာက သူတော်စင် ကောင်းကင်ခေးချီပဲ ဖြစ်တယ်"

"သိုင်းပညာရပ် အရဆိုရင် မဟာမိုးကြိုး ကျောင်းတော်ရဲ့ ဗီရိုကာနာ ဇန်လက်ဝါးဟာ နတ်ဘုရားနယ်မြေမှာ ပထမလို့ လူတိုင်းက သိထားကြတယ်။ မင်းနဲ့ငါတို့ကလည်း ဒါကို လက်ခံရမယ်"

ကောင်းဟန်သည် ကလေးတစ်ယောက်၏ပုံဖြင့် ရှေးကျသော ပညာရှိ အကြည့်ဖြင့် ထိုင်နေခဲ့သည်။ "ကျွန်တော်က ဂိုဏ်းခေါင်းဆောင် ပြောတာတွေ အားလုံးကို နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဒါတွေအားလုံးကို ဂရုမစိုက်ဘူး"

သူသည် သူ၏ခေါင်းကို မော့လိုက်ကာ တိမ်တိုက်များဖြင့် ဖုံးလွှမ်းနေသော ယန်နန်းလိုင်အား ကြည့်လိုက်သည်။ "အစောက ပန်ကျဲနဲ့ ချန်ကန်းတို့က ဘာဖြစ်လို့ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကို သွားရှာခဲ့တာလဲ"

အဖြူရောင် တိမ်တိုက်များသည် နောက်ဆုံးတွင် ခေတ္တမျှ တုန်ခါသွားခဲ့ပြီး အတွင်းမှ ယန်နန်းလိုင်၏ အသံက ပေါ်လာခဲ့သည်။ "အစ်ကိုကောင်းက ဒီကျောက်ပုလွေဟာ သူ့ရဲ့ လက်ထဲကို ကျရောက်သွားပြီး၊ သူက ဒီကျောက်ပုလွေကို အသုံးပြုပြီး ဟိုနေရာကို သွားနိုင်ခဲ့တယ်လို့ ယူဆနေတာလား။ ဒါကြောင့် သူဟာ သူ့ရဲ့ လက်ရှိစွမ်းအားတွေကို ရနိုင်ခဲ့တာလို့ ထင်နေတာလား"

ကောင်းဟန်က ခေါင်းညိတ်လိုက်သည်။ "ဟုတ်တယ်"

ယန်နန်းလိုင်သည် အချိန်အနည်းငယ်မျှ ငြိမ်သက်သွားခဲ့ပြီး ပြန်ပြောလိုက်သည်။ "ဒါက သက်သေမရှိဘူး။ ငါတို့က အရမ်းကာရော ကောက်ချက်ချလို့ မရဘူး"

"ထျန်းရီနဲ့ သူ့တပည့် ရှီထျန်းဟောင်တို့ရဲ့ တိုက်ပွဲက နီးကပ်လာပြီ။ ငါက ရှီးလင်မြို့ကို ကိုယ်တိုင်လိုက်သွားမယ်" ကောင်းဟာန်က ထိုအရာများကို ဆက်မပြောတော့ပဲ အကြောင်းအရာ ပြောင်းလိုက်၏။

ရှီထျန်းရီသည် သူ၏ အနောက်မှ ငြိမ်သက်စွာ ရပ်နေခဲ့သည်။

ကောင်းဟန်က ဆက်ပြောလိုက်သည်။ "ငါက ထျန်းရီကို နောက်ဆုံး နှစ်ခြင်းမင်္ဂလာ ပြုလုပ်ပေးဖို့အတွက် ကောင်းကင်ကိုးလွှာ နန်းတော်တွေကို ဖွင့်လှစ်ပေးလိုက်မယ်"

"ကိစ္စမရှိဘူး" ယန်နန်းလိုင်၏ အသံသည် တည်ငြိမ်နေခဲ့ပြီး သူ၏ ပုံသဏ္ဍာန်ကို ဖန်ဆင်းထားသည် တိမ်တိုက်များသည် ဖြည်းဖြည်းချင်း လွင့်ပြယ်သွားကာ ဂူအတွင်းသို့ ပျောက်ကွယ်သွားခဲ့သည်။

ယန်နန်းလိုင် ထွက်သွားသောအခါ ရွှမ်းလင်သူတော်စင်က ဖြည်းညင်းစွာနှင့် မေးလိုက်သည်။ "စီနီယာကောင်း၊ ဂိုဏ်းခေါင်းဆောင် ဆိုလိုတဲ့ သဘောက ဒီတစ်ခေါက်မှာ သူတို့က ဝင်မပါတော့ဘူး ဆိုတာလား"

ကောင်းဟာန်က သူ၏ခေါင်းအား ညိတ်လိုက်ကာ ဘာကိုမှ မပြောခဲ့ပေ။

"မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကို ရရှိထားပြီး ကောင်းကင်ကိုးလွှာ နန်းတော်တွေရဲ့ နှစ်ခြင်းမင်္ဂလာကို ခံရပြီးရင် ထျန်းရီက လင်းဖုန်းရဲ့ တပည့်ကို

အနိုင်ယူနိုင်မှာ သေချာနေပြီ"
ရွှမ်းလင်သူတော်စင်က ပြောလိုက်သည်။
"လင်းဖုန်းရဲ့ လုပ်ပုံကိုင်ပုံတွေ အရဆိုရင် သူက ဝင်ပြီး မစွက်ဖက်ဘူးလို့ ပြောလို့မရဘူး"

"သူ့ကို အနိုင်ယူဖို့က သိပ်ပြီး ခက်ခဲမှာ မဟုတ်ဘူး။ ဒါပေမဲ့ သူ့ရဲ့ ယုကျင်းတောင်ကိုတော့ ကိုင်တွယ်လို့ လွယ်ကူမှာ မဟုတ်ဘူး။ ငါတို့က အန္တိမ ကောင်းကင်ကြေးမုံကို အသုံးပြုဖို့ လိုမလား"

ကောင်းဟန်က သူ၏ခေါင်းကို ခါလိုက်သည်။
"အန္တိမ ကောင်းကင်ကြေးမုံက မဟာလွင်တီးခေါင် ကုန်းမြေနဲ့ပဲ ရင်ဆိုင်ရမယ်။

သူ့ကို အသုံးပြုလို့ မရဘူး။ ဟင်းလင်းပြင် ယင်ယန်နာရီကိုပဲ မေးကြည့်ကြတာပေါ့"

ရှမ်းလင်သူတော်စင်က ပြောလိုက်သည်။ "ဟုတ်တယ်၊ ဟင်းလင်းပြင် ယင်ယန်နာရီနဲ့ဆိုရင် ငါတို့က ယုကျင်းတောင်ကို ထိုးဖောက်နိုင်လိမ့်မယ်"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ အကြီးမားဆုံး အားနည်းချက်ဟာ သူ့ရဲ့ လူအင်အား အားနည်းမှု မဟုတ်ဘူး။ အားကောင်းတဲ့ တပည့်တွေဟာ ကျင့်ကြံဖို့ အချိန်လိုအပ်တယ်" ကောင်းဟန်က တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "သူတို့ရဲ့ အကြီးမားဆုံး

အားနည်းချက်ဟာ သူတို့ရဲ့ကိုယ်ပိုင်
ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာကို
မပိုင်ဆိုင်ထားခြင်းပဲ"

ကွဲပြားခြားနားသော ရှုထောင့်မှ
ကြည့်လိုက်လျှင် တစ်ယောက်သည်
မေးခွန်းတစ်ခုမှ ကွဲပြားခြားနားသော
အဖြေများကို ရနိုင်မည် ဖြစ်သည်။

အတိတ်က လေနတ်ဘုရားဂိုဏ်း၊ ယုမိသားစု၊
လက်ရှိ နတ်ရေကန်ဂိုဏ်း၊
အလင်းဓားမြန်ဂိုဏ်းနှင့် မဟာလွင်တီးခေါင်
ဓားဂိုဏ်းတို့အတွက် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ အဓိက

အားနည်းချက်မှာ သူတို့တွင် အခြေတည်ဝိညာဉ် အဆင့်နှင့် အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ မရှိကြခြင်း ဖြစ်သည်။ ရှောင်ယန်နှင့် ကျန်သောသူများသည် လျှင်မြန်စွာ ရှင်သန်ကြီးထွားလာရန် လိုအပ်မည် ဖြစ်၏။

သို့သော်လည်း ယန်နန်းလိုင်၊ ကောင်းဟာန်နှင့် ရွှမ်းလင်သူတော်စင်တို့၊ လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့၏ အမြင်တွင် အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အဓိက အားနည်းချက်မှာ သူတို့တွင် ကြမ္မာပန်းတိုင် အဆင့်မှာ မော်ရတနာများ လုံလောက်အောင် မပိုင်ဆိုင်ထားခြင်း ဖြစ်သည်။

သေခြင်းနှင့် ရှင်ခြင်းတို့သည်
ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

သို့သော်လည်း ကမ္ဘာပျက်ခြင်းမှာ
လူတစ်ယောက်၏ သာမန်သေခြင်းထက်
များစွာပို၍ ကြောက်ဖွယ်ကောင်းလှ၏။
ကောင်းဟာန်နှင့် ရွှမ်းလင်သူတော်စင်တို့
နှစ်ယောက်စလုံးတို့သည် အင်မော်တယ် ဝိညာဉ်
တတိယ အဆင့်မှ ကျင့်ကြံသူများ ဖြစ်ကြသည်။

သူတို့၏ သက်တမ်းများသည် ကောင်းကင်နှင့်
မြေကြီးတို့၏ အပေါ်တွင် မူတည်နေ၏။

ကမ္ဘာကြီးက အဆုံးသတ်သွားလျှင် သူတို့၏
သက်တမ်းကလည်း အဆုံးသတ်သွားမည်
ဖြစ်၏။ အသိုက်ကပြိုကွဲသွားလျှင် အတွင်းမှ
ဥများမှာ အကောင်းကျန်နိုင်မည်
မဟုတ်တော့ချေ။

ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ
တစ်ခုသည် ကမ္ဘာပျက်ခြင်းကို တားဆီးနိုင်သော
ရတနာ အချို့အနက်မှ တစ်ခုဖြစ်သည်။ သူသည်
တစ်ယောက်အား ကမ္ဘာကြီး၏
အဆုံးသတ်အထိ အသက်ရှင်အောင်
ကူညီပေးနိုင်၍ အသက်အသစ်အား
ဖန်ဆင်းပေးနိုင်သည်။

သန္ဓေလောင်း၊ ပွားစည်းခြင်းနှင့် မဟာယာန
အဆင့်တို့တွင် ကျင့်ကြံမှု နည်းလမ်းများနှင့်
အသုံးပြုသော ပစ္စည်းတို့၏ ခြားနားမှုကြောင့်
မော်ရတနာများ၏ အစွမ်းသည်
ကွာခြားပေသည်။

သို့သော်လည်း ကြမ္မာပန်းတိုင် အဆင့်မှ
မော်ရတနာများနှင့် ယှဉ်လိုက်လျှင်
သူတို့အတွင်းတွင် လိုက်မမီနိုင်သော
ကွာခြားချက်များ ရှိနေသည်။

လင်းဖုန်း၏ ယုကျင်းတောင်သည် လွန်စွာမှ
အစွမ်းထက်၏။ သို့သော်လည်း
တိမ်တိုက်တောအုပ် ကမ္ဘာအတွင်းတွင်

ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လိုက်ရ အပြီးတွင်၊
ယန်နန်းလိုင်နှင့် ရွှမ်းလင်သူတော်စင်တို့
နှစ်ယောက်စလုံးတို့သည် တူညီသော
ကောက်ချက်တစ်ခုကို ချနိုင်ခဲ့သည်။

သူ၏ စွမ်းအားသည် လင်းဖုန်း၏
ကိုယ်ပိုင်စိတ်စွမ်းအင် အပေါ်တွင် မူတည်နေ၏။
ယုကျင်းတောင်အပြင် တောင်ထိပ်မှ
ရတနာသစ်ပင်နှင့် သူ၏ ပတ်ပတ်လည်မှ
ခရမ်းရောင် တိမ်တိုက်တို့သည်
ပေါင်းစပ်ထားကြကာ ဖြစ်တည်မှု တစ်ခုအဖြစ်
တည်ရှိနေခြင်း ဖြစ်သည်။

သူသည် အရောအနှော တစ်ခုသာဖြစ်ပြီး ပေါင်းစည်းခြင်း တစ်ခု မဟုတ်ပေ။ သူတို့အား ပြန်လည် ခွဲခြားရန် ဖြစ်နိုင်ခြေ ရှိပေသည်။

ကောင်းဟာန်က ပြောလိုက်သည်။ "ဒီလူက အတော့်ကို လျှို့ဝှက်တယ်။ သူ့ဆီမှာ ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာ တစ်ခု မရှိနိုင်ဖို့ များပေမဲ့ ငါတို့က ဖြစ်နိုင်ခြေကိုတော့ ထည့်တွက်ထားမှ ရမယ်"

ရွှမ်းလင်သူတော်စင်၏ အမူအရာမှာ တည်ငြိမ်နေခဲ့၍ ပြောလိုက်သည်။ "ဒါဆိုရင် ကျွန်တော်တို့က ဝက်ပါချိုးဖောက်ပုံကိုလည်း ယူသွားသင့်တယ်။ ဒီရတနာ နှစ်ပါးနဲ့ဆိုရင်

သူ့ဆီမှာ ကြမ္မာပန်းတိုင် အဆင့်က
မှော်ရတနာတွေ ရှိနေလည်း ကြောက်စရာ
မလိုတော့ဘူး"

ကောင်းဟာန်က ပြောလိုက်သည်။ "ဟုတ်တယ်၊
သွားပြီးတော့ ပြင်ဆင်ထားချည်"

ရွှမ်းလင်သူတော်စင်သည် ခေါင်းညိတ်လိုက်ကာ
မတ်တတ်ရပ်လိုက်ပြီး ဂူအတွင်းမှ
ထွက်ခွာသွားခဲ့သည်။ ကောင်းဟာန်က
သူ၏ခေါင်းကိုလှည့်လိုက်ကာ ရှီထျန်းရီအား
ကြည့်လိုက်၍ ပြောလိုက်သည်။
"ကောင်းကင်ကိုးလွှာ နန်းတော်ရဲ့
နှစ်ခြင်းမင်္ဂလာကို ခံယူဖို့ ငါ့နောက်လိုက်ခဲ့"

ရှိထျန်းရီ၏ အကြည့်မှာ လေးနက်နေခဲ့ပြီး
ကောင်းဟန်ထံသို့ ဦးညွှတ်လိုက်သည်။

ကောင်းကင်ကိုးလွှာ နန်းတော်
နှစ်ခြင်းမင်္ဂလာသည် ဟင်းလင်းပြင်
ဘုရားကျောင်း၏ အတွင်းမှ အစွမ်းအထက်ဆုံး
နှစ်ခြင်းမင်္ဂလာ ဖြစ်၏။ သူတို့မျိုးဆက်အတွင်းမှ
တပည့်များ အကြားတွင် လင်းတောက်ဟန်
တစ်ယောက်တည်းသာလျှင် လက်ခံခဲ့ဖူးသည်။
ကျန်သောသူများ အနက် ပန်ကျဲနှင့်
ယန့်မင်းရွှဲ့တို့ အပါအဝင် တစ်ယောက်ကမှ
လက်မခံနိုင်ခဲ့ပေ။

***************

ယုကျင်းတောင်၏ အပေါ်တွင် လင်းဖုန်းသည်
ဝမ်လင်းနှင့် ဇူရီတို့၏
ဝိညာဉ်ဖော်ဆောင်မှုတို့အတွက်
ဂိုဏ်းအသီးသီးမှ ပေးပို့လာကြသော
လက်ဆောင်များစွာတို့အား လက်ခံရင်း
အလုပ်ရှုပ်နေခဲ့သည်။

ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ အပြာရောင်ခန်းမ
သူတော်စင်နှင့် မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်မှ
လက်ယာမင်းသားရှန်တို့သည်
ကိုယ်တိုင်ကိုယ်ကျ လာခဲ့ကြကာ၊

အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူတို့၏ အဆင့်အတန်းဖြင့်
လာရောက်ဂုဏ်ပြုခဲ့ကြသည်။

သို့သော်လည်း သူတို့သည် လင်းဖုန်း၏
တပည့်များ ကိစ္စအတွက်နှင့်သာ လာခဲ့ကြခြင်း
မဟုတ်ပေ။ သူတို့တွင် လင်းဖုန်းနှင့်
မျက်နှာချင်းဆိုင် ဆွေးနွေးနေလိုကြသည့်
အရေးကြီးသော ကိစ္စများ ရှိနေကြသည်။
ပြီးနောက်တွင် သူတို့သည် လင်းဖုန်းနှင့်အတူ
မဟာချင် အင်ပါယာမှ ရှီးလင်မြို့သို့
လိုက်ပါသွားကာ ရှီနှစ်ရှီတို့၏ တိုက်ပွဲအား
လာရောက်ကြည့်ရှုကြမည် ဖြစ်သည်။

မဟာချင် အင်ပါယာ၊ ခရမ်းရောင်
တိမ်တိုက်ဂိုဏ်း၊ မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်၊ ကောင်းကင်မာစတာ
ဓားဂိုဏ်း၊ နေလဓားဂိုဏ်း၊ လျှပ်စီးဓားဂိုဏ်း၊
ကြယ်စင်ဓားဂိုဏ်းနှင့် အလင်းဓားမြန်ဂိုဏ်းတို့
အားလုံးတို့သည် လက်ဆောင်များကို
ပေးပို့ခဲ့ကြသည်။

သူတို့နှင့် အဆက်အဆံ သိပ်မရှိသည့်
သံသရာဂိုဏ်းမှ ငရဲလမ်းစဉ်၊ မဟာလွင်တီးခေါင်
ဓားဂိုဏ်း၊ မဟာကျိုး အင်ပါယာနှင့်
ကျယ်ပြန့်သောပင်လယ်
ဓားဂိုဏ်းတို့သည်ပင်လျှင် သူတို့၏
အလေးထားမှုတို့အား ဖော်ပြခဲ့ကြသည်။

ရှကျိုးမြို့တွင် ဂိုဏ်းငယ်၊
ဂိုဏ်းလတ်များနှင့်အတူ ကောင်းကင်
ကုန်သည်များ ဂေဟာကလည်း သူတို့၏
ရိုသေလေးစားမှုများကို ဖော်ပြခဲ့ကြသည်။

အပြာရောင်ခန်းမ သူတော်စင်နှင့်
လက်ယာမင်းသားရှန်တို့အား ညွှန့်ခံအပြီးတွင်
လင်းဖုန်းသည် ကျန်သောတာဝန်များအား
ရှောင်ယန်နှင့် ဝမ်လင်းတို့ကို
လွှဲအပ်ခဲ့လိုက်သည်။ သူကိုယ်တိုင်ကမူ
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ
အတွင်းမှ ရောမ ခေးအိမ်ကြီး၏ အရှေ့သို့
ရောက်သွားခဲ့သည်။

ထိုဓားအိမ်ကြီး၏ အောက်တွင် ရွှေကျီး မဟာပဏ္ဍိတ၏ လက်ကျန်စိတ်ဝိညာဉ်နှင့် ရောင်ယမ်ဓား၊ မဟာလမင်းဓားတို့ ရှိနေသည်။

လင်းဖုန်းသည် လေးလံသော ရောမ ဓားအိမ်အရှေ့သို့ ရောက်လာခဲ့ကာ သူ၏ လက်ညှိုးနှင့် လက်ခလယ်တို့အား ဆန့်တန်းလိုက်၍ ဓားအိမ်ကို တို့လိုက်သည်။

ဓားအိမ်ကြီး တစ်ခုလုံးသည် တစ်ဝီဝီမြည်လာခဲ့ကာ ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်။ သူ၏

ဟိန်းဟောက်သံနှင့်အတူ ခေးအိမ်အတွင်းမှ စွမ်းအား လှိုင်းလုံးများသည် တစ်လုံးပြီးတစ်လုံး ထွက်လာခဲ့၏။

ထိုလှိုင်းလုံးများနှင့် ထိတွေ့ခဲ့သော အရာအားလုံးတို့သည် ထက်မြက်သောခေးဖြင့် အခုတ်ခံခဲ့ရသကဲ့သို့ ဖြစ်နေခဲ့၏။ သူသည် ဟင်းလင်းပြင်ကို ဖြတ်တောက်သွားခဲ့ကာ သူ၏ ခေးသံသည်ပင်လျှင် အခြားလက်နက်များနှင့် ယှဉ်နိုင်ခဲ့သည်။

လင်းဖုန်းက သူ၏ခေါင်းအား ညိတ်လိုက်သည်။ "အမှန်ပဲ။ သူတော်စင် ကောင်းကင်ခေးချီ၊ ရှေးကျီး မဟာပဏ္ဍိတရဲ့ လက်ကျန်စိတ်ဝိညာဥ်၊

ရှောင်ယမ်နဲ့ မဟာလမင်း ခေါ်းနှစ်စင်းတို့နဲ့
သန့်စင်အပြီးမှာ ဒီခေါ်းရဲ့ စွမ်းအားဟာ
နောက်တစ်ဆင့် တက်သွားခဲ့ပြီ"

သူ၏ ခေါင်းပေါ်တွင် ယန်ယန်ပုံရိပ်တို့က
ပေါ်လာခဲ့ကာ ဝင်ရိုးစွန်းနှစ်ဘက်တို့သည်
စတင်လည်ပတ်လာကြ၏။

လင်းဖုန်း၏ ခန္ဓာကိုယ် တစ်ခုလုံးသည်လည်း
ယင်ယန် ရုပ်ပုံကားချပ် အဖြစ်သို့
ပြောင်းလဲသွားခဲ့၏။ အဖြူနှင့် အနက်တို့သည်
ဆုံတွေ့နေကြကာ အဆက်မပြတ်
လည်ပတ်နေကြ၏။ နက်နဲဆန်းကြယ်သော

စကြာဝဠာ လျှို့ဝှက်ချက်များအဖြစ်သို့ ပြောင်းလဲသွားကြသည်။

ဒါသည် အဆုံးမဲ့ကာ အကန့်အသတ်မဲ့သည်။ သူသည် စကြာဝဠာ အသေးစား တစ်ခုနှင့်ပင် တူနေခဲ့၏။

လင်းဖုန်းသည် ရုတ်တရက်ပင် သူ၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားအား ဖော်ပြလိုက်ကာ ယင်ယန်တို့က လည်ပတ်နေကြသည်။ သူသည် ခေးအိမ်တစ်ခုလုံးအား မျိုချလိုက်၏။

ထိုပုံရိပ်သည် ကြမ်းတမ်းစွာဖြင့် တုန်ခါလာခဲ့ပြီး
နဂိုက ပေါင်းစည်းနေခဲ့သော
ယင်ယန်ပုံရိပ်သည် ကစဥ့်ကလျား ရှုပ်ထွေးမှု
တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

ခေးအိမ်အတွင်းမှ ခေးကြီးသည်
ကမ္ဘာတစ်ခုလုံးအား ဖျက်ဆီးချင်နေသည်ဟု
ခံစားလာခဲ့ရပြီး ထိုကမ္ဘာသည် လင်းဖုန်းက
သူ၏ အင်မော်တယ် ဝိညာဥ်ဖြင့်
ဖန်ဆင်းထားသည့် ကမ္ဘာဖြစ်သည်။
ခေးအိမ်တစ်ခုလုံးအား မျိုချထား၍ သူသည်
ထိုခေးကို သူ၏ ဒေါသများကို ဖောက်ခွဲခွင့်
ပြုလိုက်၏။

သို့သော်လည်း လင်းဖုန်းသည် အလွန်ကြည်လင်နေခဲ့သည်။ "ဒါက ဒီခေါးကို သန့်စင်ဖို့အတွက် နောက်ဆုံး အခွင့်အရေး ဖြစ်တယ်။ တကယ်လို့ ဒီခေါးရဲ့ သုံးပုံနှစ်ပုံကသာ ထက်မြက်သွားခဲ့လို့ရှိရင် ခေါးရည်ရွယ်ချက်က ပိုပြီးခိုင်မာပြတ်သားလာခဲ့မှာ ဖြစ်တယ်။ အဲ့ဒီအချိန်ဆိုရင် ငါက ဘာမှတတ်နိုင်တော့မှာ မဟုတ်ဘူး"

"ငါ့ရဲ့ ကျင့်ကြံမှု အဆင့်တွေက တိုးတက်လာခဲ့ပြီး ဒီခေါးကို ဖျက်ဆီးနိုင်တဲ့ အဆင့်အထိ ရောက်ခဲ့ရင်တောင်မှ၊ သူ့ကို အညံ့ခံအောင် လုပ်နိုင်တော့မှာ မဟုတ်ဘူး"

ဟင်းလင်းပြင် အတွင်းတွင် လင်းဖုန်း၏
အင်မော်တယ် ဝိညာဉ် ကိုယ်ပွားသည်
အဆက်မပြတ် တွန့်လိမ်နေလျှက် ရှိ၏။
ခဏာတာ အတွင်းမှာပင် သူသည်
စုတ်ပြဲသွားခဲ့ကာ ဖရိုဖရဲ ကမ္ဘာကြီးသည်
အက်ကွဲမှုများဖြင့် ပြည့်လာခဲ့သည်။
အက်ကွဲကြောင်း တစ်ခုချင်း အတွင်းမှ
အလင်းတန်းများက ထိုးထွက်လာခဲ့သည်။

ထိုအချိန်တွင် လင်းဖုန်း၏ ကြမ္မာပန်းတိုင်
ခေါင်းလောင်းက ပေါ်ထွက်လာခဲ့သည်။
ဖန်ဆင်းခြင်းတို့ အရင်းအမြစ် အဖြစ် သူသည်
သူ၏ စွမ်းအားများကို ထုတ်ဖော်လိုက်ကာ
အဆုံးမဲ့ ဖန်ဆင်းခြင်း စွမ်းအားတို့က

ကျဆင်းလာခဲ့ပြီး လင်းဖုန်း၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားပုံစံအား ကုစားပေးနေခဲ့သည်။ ဤဖြစ်စဉ်သည် အဆက်မပြတ် မရပ်မနား ဆက်သွားနေခဲ့၏။

ကြမ္မာပန်းတိုင် ခေါင်းလောင်းနှင့် လင်းဖုန်း၏ ကိုယ်ပိုင် အင်မော်တယ် ဝိညာဉ်တို့၏ အကူအညီဖြင့် လင်းဖုန်း၏ အင်မော်တယ် ဝိညာဉ်ဖြင့် ဖော်ဆောင်ထားသော ကမ္ဘာကြီးသည် နောက်ဆုံးတွင် တည်ငြိမ်လာခဲ့သည်။

ကစဉ့်ကလျားမှုများ အတွင်းမှ အဖြူနှင့် အနက် အစွန်းနှစ်ဘက်တို့သည် ဖြည်းဖြည်းချင်း

ပြန်ပေါ်လာကြကာ ယင်ယန်ပုံစံအဖြစ်သို့ ပြန်ပြောင်းသွားခဲ့သည်။

ခဏအကြာတွင် ထိုပုံရိပ်သည် ဟင်းလင်းပြင်၏ အပေါ်တွင် အချိန်အနည်းငယ်မျှ ဆက်လက်လည်ပတ်နေခဲ့ပြီး လင်းဖုန်း၏ ပုံစံအဖြစ်သို့ ပြန်ပြောင်းသွားခဲ့သည်။

သူ၏မျက်နှာပေါ်တွင် အားနည်းသည့် အရိပ်အယောင်များ ပေါ်လာခဲ့သော်လည်း သူ၏ မျက်လုံးအစုံတို့မှ တောက်ပနေခဲ့၏။

သူ၏နဖူးအပေါ်တွင် ထိုက်ကျိုပုံရိပ်တစ်ခုက လင်းလက်လာခဲ့၏။ သူ၏အတွင်းမှ အလင်းတန်းများသည် ရံဖန်ရံခါ ဖြာကျလာကြ၏။

"ဒီဓားကို ကောင်းကင်ဖျက်ဆီးဓားလို့ ခေါ်ရမယ်" လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်၏။ "မဟာချင် အင်ပါယာရဲ့ မှော်ရတနာ ဒါမှမဟုတ် စူတောင်ဓားဂိုဏ်းရဲ့ သူတော်စင် ကောင်းကင်ဓားချီနဲ့ဆိုရင် သူ့ကို သုံးပုံနှစ်ပုံ ကျင့်ကြံနိုင်လိမ့်မယ်"

ရွှေကျီး မဟာပဏ္ဍိတနှင့် စူတောင်မှ ဓားနှစ်စင်းတို့မှာ သူ၏ ဖိနှိပ်မှုများကို

ခံနေကြရ၏။ ယခုအချိန်တွင် သူ့အနေနှင့် သူတို့အား ဖိနှိပ်ထားရန် အထူးအားစိုက်စရာ မလိုတော့ပေ။

လင်းဖုန်းသည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းမှ ပြန်ထွက်လာခဲ့ကာ မဟူရာကောင်းကင် ရတနာသစ်ပင်၏ အပေါ်တွင် ထိုင်နေခဲ့သည်။ သူက ပြုံးလိုက်ကာ ပြောလိုက်၏။
"မင်းတို့ကိုယ်မင်းတို့ ပြင်ဆင်ထားကြ၊ ငါတို့က ခရီးထွက်တော့မယ်"

သူ၏အသံသည် ရှိထျန်းဟောင်နှင့် အဖွဲ့တို့ စောင့်ဆိုင်းနေကြသည့် ယုကျင်းတောင်ထိပ်သို့ ရောက်ရှိသွားခဲ့သည်။

ဤအချိန်တွင် ဂူတိုင်းမှ အလင်းတန်းများ ထွက်ပေါ်လာကြ၍ လင်းဖုန်း၏ အရှေ့တွင် စုစည်းသွားကြ၏။

## စာစဥ် ၃၈ : အပိုင်း ၁၁

## အပိုင်း ၅၆၁ : အချိန်ကျပြီ! ရှီးလင်မြို့ကို သွားကြစို့

လင်းဖုန်းသည် မဟူရာကောင်းကင်
ရတနာသစ်ပင်၏ အပေါ်တွင် ထိုင်နေခဲ့ကာ
သူ၏အရှေ့သို့ အလင်းတန်း အချို့က
ကျရောက်လာခဲ့သည်။

သူတို့သည် လင်းဖုန်း၏ အရှေ့တွင်
ညီညာစွာဖြင့် တန်းစီရပ်နေကြ၏။
ရှီထျန်းဟောင်က အလယ်တွင် ရပ်နေခဲ့ပြီး
ရှောင်ယန်၊ ဝမ်လင်း၊ ယွဲ့ဟုန်ယန်နှင့်
ယန်ချင်တို့က ဘေးတစ်ဖက်တစ်ချက်တွင်
ရပ်နေကြသည်။

အခြားတစ်ဘက်တွင် ရှောင်ကျန်းအာ၊
လော်ချင်းဝူ၊ လီယွမ်ဖန်း၊ ထွမ်းထွမ်း၊

ကျူးကော်ဖန်းလင်၊ ကျွင်းကျိုနင်တို့က
ရပ်နေကြကာ ပါရမီ ဇန်မာစတာက သူတို့၏
အရှေ့တွင် ရပ်နေခဲ့သည်။

သူတို့အပြင် တရားဝင် တပည့်များ ဖြစ်ကြသော
ရှုယွင်စန်း၊ ယင်းလော်ရှု၊ လျှိုရှုဖုန်း၊ လီရှင်းဖေး၊
ဖက်တီးလေး ယန်ဝူဝေနှင့်
ရှောင်ဟွမ်းကျိုတို့သည် ရှောင်ယန်နှင့်
ကျန်သောသူများ၏ အနောက်တွင်
ရပ်နေကြသည်။

ဖေးလျှန်ဘုရင်၊ ကွေ့နွားဘုရင်နှင့်
မြောက်ဝင်ရိုးစွန်း ဝေလင်ငါး ဘုရင်တို့သည်
လူသားပုံစံကို ဖန်ဆင်းထားကြကာ ဘေးတွင်

ရပ်နေကြသည်။ တောက်ဇီချွမ်က သူတို့၏
အနောက်တွင် ရပ်နေခဲ့၏။

ခန်းနန်ဟွာ၊ မြောင်ရှီးဟောင်နှင့် ကျဲယုတို့သည်
တံခါးပိတ်ကာ လေ့ကျင့်နေကြသဖြင့်
လင်းဖုန်းက သူတို့အား အနှောင့်အယှက်
မပေးခဲ့ပေ။

ရှိနေကြသောသူများ အားလုံးတို့သည်
လင်းဖုန်းအား ချက်ချင်းဦးညွှတ်လိုက်ကြ၏။

ယုကျင်းတောင်ပေါ်မှ ညှော်သည်များ
ဖြစ်ကြသော အပြာရောင်ခန်းမ သူတော်စင်နှင့်

လက်ယာမင်းသားရှန်တို့သည် လင်းဖုန်း၏ အရှေ့တွင် ပေါ်လာကြ၏။ လင်းဖုန်းက ဖွဖွလေး ပြောလိုက်ကာ ပြောလိုက်သည်။
"တစ်လအချိန်က ပြည့်တော့မယ်။ သွားကြစို့"

သူ၏လက်အား ဝှေ့ယမ်းလိုက်ရာ ခရမ်းရောင် တိမ်တိုက်များက ဟင်းလင်းပြင်ထံသို့ ပျံသန်းသွားခဲ့ကာ လမ်းကြောင်းတစ်ခုကို ဖော်ဆောင်ပေးခဲ့သည်။ သူသည် အဆုံးမဲ့ လေဟာနယ်ကို ဖွင့်လှစ်ပေးခဲ့၏။

လင်းဖုန်းသည် စတင်လှုပ်ရှားလိုက်သည်။ အပြာရောင်ခန်းမ သူတော်စင်နှင့် လက်ယာမင်းသားရှန်တို့သည် အချင်းချင်း

ကြည့်လိုက်ကာ ပြုံးလိုက်ကြပြီး
လင်းဖုန်း၏အနောက်သို့ လိုက်သွားခဲ့ကာ
တိမ်တိုက်များအပေါ်သို့
တက်လှမ်းလိုက်ကြသည်။

လေဟာနယ်ကို ဖြတ်သန်းသွားခဲ့ကာ
သူတို့သည် မဟာကမ္ဘာအတွင်းသို့
ပြန်ရောက်လာခဲ့ကြသည်။
ယုကျင်းတောင်သည် လေဟာနယ်ကို
ဖြတ်သန်းသွားကာ ခွန်းလွန်တောင်မှ
ထွက်ခွာခဲ့၍ သူတို့၏ အရှေ့တွင် ရှီးလင်မြို့က
ပေါ်လာခဲ့၏။ သူတို့သည် မဟာချင်
အင်ပါယာ၏ နယ်နိမိတ် အတွင်းသို့
ရောက်ရှိလာခဲ့လေပြီ။

သူတို့၏အောက်တွင် မဟာချင် အင်ပါယာ၏
မြို့တော်ဖြစ်သော ရှီးလင်မြို့ ရှိနေသည်။

အရပ်မျက်နှာပေါင်းစုံမှ
ရောင်စုံအလင်းတန်းများသည် ရှီးလင်မြို့၏
အပေါ်သို့ စုစည်းနေကြသည်ကို
တွေ့လိုက်ရသော် အားလုံးတို့၏
မျက်လုံးများသည် ကျဉ်းမြောင်းသွားခဲ့၏။

ထိုအလင်းတန်းများသည် အစစ်အမှန်နှင့် မတူပဲ
ထူးခြားသော ရောင်စုံပုံစံများအဖြစ် ရှိနေကြ၏။
သူတို့သည် ကွဲပြားခြားနားသော စိတ်ဝိညာဉ်

စွမ်းအင်ပေါင်း များစွာတို့ဖြင့် ဖန်ဆင်းထားသော ပုံရိပ်များ ဖြစ်ကြသည်။

အနီးကပ် ကြည့်ရှုလိုက်သော် တစ်ယောက်သည် သူတို့က နဂါးတစ်ကောင်၏ ပုံရိပ်ကို ဖန်ဆင်းထားကြောင်းကို တွေ့နိုင်ခဲ့သည်။ နဂါး၏ အမြီးသည် မဟာချင် အင်ပါယာ၏ ကျယ်ပြန့်လှသော နယ်မြေများ ထံသို့ ဖြန့်ကြက်ထားခဲ့ပြီး သူ၏ ဦးခေါင်းသည် ရှီးလင်မြို့ပေါ်တွင် ရှိနေခဲ့၏။ ဤနဂါးသည် မဟာချင် အင်ပါယာ၏ စည်းမျဉ်းနှင့် အာဏာတို့အား ကိုယ်စားပြုနေခြင်း ဖြစ်သည်။

မိစ္ဆာသခင် သုံးကောင်တို့သည် သူတို့၏ မူလပုံစံများ အဖြစ်သို့ ပြန်ပြောင်းလိုက်သည်။ အားလုံးတို့သည် ထိုမိစ္ဆာသုံးကောင်တို့၏ ကျောပေါ်တွင် တက်လိုက်ကြကာ အောက်သို့ ဆင်းလာခဲ့ကြသည်။ သူတို့ဆင်းသက်ခဲ့ရာတွင် ငြိမ်းချမ်းစွာ လာခဲ့ကြောင်းကို ပြသသောအားဖြင့် ဖြည်းဖြည်းချင်းသာ ဆင်းလာကြ၏။

ရှီးလင်မြို့မှလည်း ချက်ချင်းပင် ပြန်လည်တုံ့ပြန်ခဲ့သည်။ ဟင်းလင်းပြင်က ကွဲဟသွားခဲ့ကာ လူသုံးယောက်တို့က အတွင်းမှ ထွက်လာကြသည်။ သူတို့သည် သိဟောင်းကျွမ်းဟောင်းများ ဖြစ်ကြ၏။

ပထမလူမှာ အန်းလှျန်မင်းသား ရှိကျုံးယွဲ့ဖြစ်သည်။ ကျန်နှစ်ယောက်မှာ ဆီးနှင်းပုံ ခေါ်မာစတာနှင့် ရှင်ပျော်ပျော် သူတော်စင်တို့ ဖြစ်ကြ၏။

သူတို့သုံးယောက်သားသည် လင်းဖုန်းအား တွေ့ရသောအခါ သူတို့၏ လက်များကို ဆုပ်လိုက်ကြကာ နှုတ်ဆက်လိုက်ကြသည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကို ရှီးလင်မြို့က ကြိုဆိုပါတယ်"

ဒါသည့် လင်းဖုန်းက ရှီးလင်မြို့တွင်းသို့ ပထမဆုံးအကြိမ် ခြေချခြင်း ဖြစ်သည်။ မဟာချင် အင်ပါယာမှ သူများသည် ဒါက အရေးကြီးသော အခမ်းအနား ဖြစ်သည်ဟု ယူဆထားသောကြောင့် အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲသုံးယောက်တို့အား စေလွှတ်ကာ သူ့အား ကြိုဆိုခဲ့ကြခြင်း ဖြစ်သည်။

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကြိုဆိုတာကို ကျေးဇူးတင်ပါတယ်"

အန်းလျှန်မင်းသာ ရှီကျုံးယွဲ့သည် ပြီးတာနှင့်
အပြာရောင်ခန်းမ သူတော်စင်၊
လက်ယာမင်းသားရှန်နှင့် ပါရမီ
ဇန်မာစတာတို့အား နှုတ်ဆက်လိုက်သည်။
နောက်ဆုံးတွင် သူ၏ အကြည့်သည်
လင်းဖုန်းဘေးမှ ရှီထျန်းဟောင်၏ အပေါ်သို့
ကျရောက်လာခဲ့၏။

ဤအချိန်တွင် ရှီထျန်းဟောင်သည် အသက်
၁၃နှစ်ခန့် ရှိနေခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း
သူ၏ ကျင့်ကြံမှုသည် အလွန်အမင်းပင်
သန့်စင်လှ၏။ ရွှေရောင်ဗဟိုချက် နောက်ဆုံး
အဆင့်မှ ကျင့်ကြံမှုဖြင့် သူ၏
တစ်ကိုယ်လုံးမှနေ၍ အားကောင်းလှသော

မှော်စွမ်းအင်များကို ထုတ်လွှတ်နေခဲ့သည်။
သူ၏ မျက်လုံးများသည် တောက်ပနေကာ
အလင်းတန်း တစ်ခုက သူ၏ သူငယ်အိမ်များ
အတွင်းတွင် ကခုန်နေခဲ့၏။

သူ့အားတွေ့လိုက်ရသောအချိန်တွင်
ရှိကျုံးယွဲ့သည် သူ့ကိုယ်သူ
ခေါင်းညိတ်လိုက်မိသည်။ ပြီးတာနှင့်
သူ၏အကြည့်သည် ရှောင်ယန်နှင့်
ဝမ်လင်းတို့၏ အပေါ်သို့ ကျရောက်လာခဲ့သည်။

ရှောင်ယန်သည် ယုမိသားစု ခေါင်းဆောင်
ယုရှင်းတောက်မှလွဲ၍ ကျန်သော ယုမိသားစု
ကျင့်ကြံသူများ အားလုံးတို့အား

အနိုင်ယူနိုင်ခဲ့သည်။ သူ၏ စွမ်းအားများသည် ပြိုင်ဘက်ကင်းကာ သူ၏ ခန္ဓာကိုယ် အတွင်းတွင် အကြွင်းမဲ့မီးတောက် လေးမျိုးတို့ကို ထည့်သွင်းထား၏။ သူ၏ မီးတောက်သုံးခု ကောင်းကင်မီးတောက် ကြာပန်းသည် ရှီကျုံးယွဲ့အား နှစ်ခါပြန်ကြည့်စေနိုင်ခဲ့သည်။

ရှောင်ယန်၏ မီးတောက်သုံးခု ကောင်းကင်မီးတောက် ကြာပန်းသည် သူ့အား ကြောက်ရွံ့စေနိုင်ခြင်း မရှိသော်လည်း ရှောင်ယန်၏ တိုးတက်လာမှုနှင့်အတူ သူ၏ ကောင်းကင်မီးတောက် ကြာပန်း၏

ဖျက်ဆီးနိုင်မှု စွမ်းအားမှာလည်း
တိုးမြင့်လာလေသည်။

ထိုအပြင် သူက မီးတောက်လေးခု
ကောင်းကင်မီးတောက် ကြာပန်းအား
ဖန်ဆင်းနိုင်သည့် အချိန်တွင် ပိုမို၍
ကြောက်မက်ဖွယ်ရာ ကောင်းလိမ့်မည် ဖြစ်၏။

ဝမ်လင်းသည် သာမန်ပုံသာ
ပေါက်နေခဲ့သော်လည်း ရှီကျုံးယွဲ့၊ ဆီးနှင်းပျံ
ဓားမာစတာနှင့် ရွှင်ပျော်ပျော်
သူတော်စင်တို့သည် သူ့အား
အထင်မသေးရဲကြပေ။ သူသည် ရှီထျန်းရီအား
ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်

ကျင့်ကြံမှုဖြင့် ပြင်းထန်စွာ
ဒဏ်ရာရစေနိုင်ခဲ့သည်။

သူသည်လည်း ယာယီ ဒဏ်ရာရခဲ့သော်လည်း
ရှိထျန်းရီ၏ ဘယ်မျက်စိအား
လုံးဝဖျက်ဆီးနိုင်ခဲ့သည်။ ဒါသည်
ဒွိစုံသူငယ်အိမ်နှင့် ကျင့်ကြံသူ၏ ဒဏ္ဍာရီအား
အဆုံးသတ်ခဲ့သည်နှင့် တူနေခဲ့သည်။

ထို့အပြင် ဝမ်လင်းသည် ယခုအချိန်တွင်
အခြေတည် ဝိညာဉ် အဆင့်သို့ ရောက်ရှိနေခဲ့ပြီ
ဖြစ်သည်။ သူ၏ခန္ဓာကိုယ်မှ
ထုတ်လွှတ်နေသော စွမ်းအားတို့မှာ လွန်စွာပင်
ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

"မာစတာလင်း၊ အရှင်မင်းမြတ်က ခင်ဗျားကို ကြိုဆိုတဲ့ အနေနဲ့ ညှော်ခံပွဲ တစ်ခုကို ပြုလုပ်ပေးပါမယ်။ အပြာရောင်ခန်းမ သူတော်စင်နဲ့ လက်ယာမင်းသားရှုန်တို့ကိုလည်း ဖိတ်ခေါ်ပါတယ်" ရှီကျုံးယွဲ့က ပါရမီ ဇန်မာစတာအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "ဇန်မာစတာက အားရင်လည်း ကျွန်တော်တို့နဲ့ လာပေါင်းလို့ ရပါတယ်။ ကျွန်တော်တို့က မီးဖိုချောင်ကို သတ်သတ်လွတ် ဟင်းလျာတွေကို ပြင်ဆင်ထားခိုင်းလိုက်ပါမယ်"

ပါရမီ ဇန်မာစတာက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ချင်ဧကရာဇ်ကို ကျေးဇူးတင်ကြောင်း ပြောပေးလိုက်ပါ။ ကျုပ်က လုပ်စရာတွေ ရှိနေသေးတော့ မလာတော့ပါဘူး"

ရှီကျုံးယွဲ့သည် သူ့အား အတင်းအကျပ် မတောင်းဆိုခဲ့ပဲ သူ၏ခေါင်းအား ညိတ်လိုက်သည်။ ကျန်သောသူများသည် သူ၏အနောက်မှ လိုက်၍ ရှီးလင်မြို့သို့ ရောက်လာခဲ့သည်။

မြို့တော်အတွင်းသို့ ဝင်လိုက်သည်နှင့် လင်းဖုန်းက သူ၏တပည့်များဘက်သို့

ကြည့်ကာ ပြောလိုက်သည်။ "ထျန်းဟောင်က ငါနဲ့အတူ လိုက်ခဲ့။ ကျန်တဲ့သူတွေက လွတ်လပ်စွာ သွားလည်နိုင်တယ်။ ရှီးလင်မြို့က နတ်ဘုရား နယ်မြေရဲ့ အဓိက မြို့တော်တစ်ခု ဖြစ်တဲ့အတွက်ကြောင့် မင်းတို့က ထိန်းထိန်းသိမ်းသိမ်း နေကြပါ"

ရှောင်ယန်က ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကျွန်တော်တို့က ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ကြပါမယ်။ စိတ်မပူပါနဲ့ဆရာ"

လင်းဖုန်းက သူ၏ခေါင်းကို ညိတ်လိုက်ကာ ရှီထျန်းဟောင်ကို ခေါ်လိုက်၍ နန်းတွင်းသို့ ဝင်သွားခဲ့သည်။ ရှောင်ယန်နှင့်

ကျန်သောသူများသည်
တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကာ
ပြုံးလိုက်ကြသည်။ "အားလုံးပဲ
သွားလည်နိုင်ကြတယ်။
တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ်
မပြတ်စေနဲ့၊ အချင်းချင်း ကူညီရိုင်းပင်းကြ"

သူတို့အား ကြိုဆိုရန် တာဝန်ကျနေသော
မဟာချင် အင်ပါယာမှ ကျင့်ကြံသူများက
ခေတ္တမျှ တုံ့ဆိုင်းသွားပြီးနောက်
သတိပေးလိုက်ကြသည်။ "ဟင်းလင်းပြင်
ဘုရားကျောင်းက တပည့်တွေလဲ ရှီးလင်မြို့ကို
ရောက်နေကြပြီ"

ရှောင်ယန်၏ မျက်မှောင်များသည် ကြုတ်သွားခဲ့ကာ ထူးခြားသော အမူအရာ တစ်ခုက ပေါ်လာခဲ့သည်။ "အိုး၊ ဒါဆိုကောင်းတာပေါ့"

ဝမ်လင်း၏ အမူအရာမှာ ခံစားချက်ကင်းမဲ့စွာဖြင့် ခပ်တည်တည်သာ ဖြစ်သည်။

မဟာချင် အင်ပါယာမှ ကျင့်ကြံသူတို့သည် ထိုမြင်ကွင်းအား မြင်လိုက်ကြသောအခါ သူတို့၏ စကားလုံးများကို ပြန်လည်မျိုချခဲ့ကြသည်။

လင်းဖုန်းနှင့် ကျန်သောသူများသည် နန်းမြို့တော်သို့ ရောက်ရှိလာကြပြီ ဖြစ်သည်။ မကြာခင်မှပင် လင်းဖုန်းက ရှီထျန်းဟောင်ကို ခေါ်လာ၍ မဟာချင် အင်ပါယာ၏ မြို့တော်သို့ ရောက်ရှိလာသည့် သတင်းသည် ပျံ့နှံ့သွားခဲ့၏။ အားလုံးတို့သည် ရှီနှစ်ရှီတို့၏ တိုက်ပွဲမှာ နီးကပ်လာပြီဟူ၍ သိခဲ့ကြသည်။

ရှီးလင်မြို့အတွင်းမှ ဥယျာဉ်တစ်ခု အတွင်းတွင် မှော်ကျိန်စာ တစ်ခုဖြင့် ဖုံးလွှမ်းထားခဲ့သည်။ သူသည် သိပ်မကြီးမားလှသော်လည်း အတွင်းတွင် ကိုယ်ပိုင် ဒိုင်မန်းရှင်းတစ်ခု ရှိနေပေသည်။

အတွင်းတွင် သက်လတ်ပိုင်း လူကြီးတစ်ယောက် ထိုင်နေ၏။ သူသည် အရပ်မရှည်ပဲ ပိုးသားဦးထုပ် တစ်ခုအား ဆောင်းထားကာ အဖြူရောင် သိုးမွေးများဖြင့် ရက်လုပ်ထားသည့် အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားသည်။ သူသည် စာသင်သား တစ်ယောက်နှင့် တူနေခဲ့သည်။

သူသည် မဟာချင် အင်ပါယာ၏ နန်းတော်ဘက်သို့ စိုက်ကြည့်နေခဲ့ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။ ထိုသက်ပြင်းချသံနှင့် အတူ ကမ္ဘာငယ် အတွင်းတွင် ရေခဲနှင့် မီးတောက်တို့က

အတူတကွ ရှိနေသကဲ့သို့ တစ်ချိန်တည်းမှာပင်
တောက်လောင်ကာ အေးခဲနေခဲ့သည်။

ထိုသက်လတ်ပိုင်း လူကြီးသည်
နတ်ရေကန်ဂိုဏ်းမှ လက်ရှိခေါင်းဆောင်
ရေခဲမီးလျှံ သူတော်စင် ချောင်ဝေပေင် ဖြစ်၏။

ချောင်ဝေသည် သူ၏အကြည့်အား
ပြန်လည်ရုပ်သိမ်းလိုက်ကာ သူ၏လက်ဝါးအား
လှန်လိုက်၏။ အလင်းတန်း အချို့က
ပေါ်လာခဲ့သည်။ သူတို့အနက်မှ တစ်ခုသည်
အတောက်ပဆုံး ဖြစ်၏။ သူသည်
သုံးပေခန့်ရှိသော ဆေးမီးဖိုတစ်ခု ဖြစ်သည်။

ဆေးမီးဖို၏ အပေါ်တွင် တစ်ယောက်သည် တောင်တန်းနှင့် မြစ်ပြင်များ၏ ပုံကို ရေးဆွဲထားကြောင်း သိရသည်။ ကြည့်ရသည်မှာ တောင်တန်းနှင့် မြစ်ပြင်ပေါင်း ရာနှင့်ချီသော ရှုခင်းတစ်ခုအား ရေးဆွဲထားသကဲ့သို့ ဖြစ်နေခဲ့သည်။

ထိုသုံးပေခန့်ရှိသော ဆေးမီးဖိုလေး အနားတွင် နောက်ထပ် ဆေးမီးဖို ခုနှစ်ခုတို့သည် ပတ်လည်ဝိုင်းကာ ရှိနေကြသည်။

ချောင်ဝေ၏ အကြည့်သည်
လင်းလက်သွားခဲ့ကာ ပြောလိုက်၏။ "နှစ်ခုပဲ
လိုတော့တယ်။ ဒါဆိုရင် ပြည့်စုံသွားပြီ"

သူ၏အရှေ့မှ လေဟာနယ် အတွင်းတွင် ရောမ
တွင်းနက်ကြီး နှစ်ခုက ပေါ်လာခဲ့သည်။ တစ်ခုမှ
အနီရောင် အလင်းတန်းများ ထုတ်လွှတ်နေကာ
မယုံနိုင်လောက်အောင် ပူပြင်းနေ၍
ကျန်တစ်ခုမှ အဖြူရောင် အလင်းတန်းများ
ထုတ်လွှတ်နေကာ အေးခဲနေခဲ့၏။

အနီရောင် အလင်းတန်း ထွက်ပေါ်နေသော
တွင်းနက်မှနေ၍ အသံတစ်ခု ထွက်လာခဲ့သည်။
"လူငယ်နှစ်ယောက်တို့ရဲ့ တိုက်ပွဲကနေပြီးတော့

ဟင်းလင်းပြင် ဘုရားကျောင်းက
ဝင်ပါလာကြမယ်။ ဒါက သတင်းကောင်း
တစ်ခုပဲ ဖြစ်တယ်"

"ဦးလေးမီးတောက်ပြောတာ မှန်ပါတယ်"
ချောင်ဝေက ပြောလိုက်၏။
"တပည့်တစ်ယောက် အတွက်နဲ့ လင်းဖုန်းဟာ
ဟင်းလင်းပြင် ဘုရားကျောင်းကို ရန်စဝံ့တယ်။
ဒါက အမတန်ကိုမှ ရူးမိုက်မှုပဲ။ ကြည့်ရတာ
သူ့ရဲ့ ခရီးလမ်းက အရမ်းကို ချောမွေ့နေလို့
ထင်တယ်။ အထူးသဖြင့် ကောင်းကင်လှည်း
တောင်ထိပ်က ဓားစည်းဝေးပွဲမှာ
စူတောင်ဓားဂိုဏ်းကို မျက်နှာပျက်အောင်

လုပ်လိုက်အပြီးမှာ သူ့က သူ့ရဲ့
အကန့်အသတ်တွေကို မေ့သွားတယ်နဲ့ တူပါရဲ့"

"သူက ဟင်းလင်းပြင် ဘုရားကျောင်းဟာ
နတ်ဘုရား နယ်မြေမှာ နံပါတ်တစ်ဂိုဏ်းအဖြစ်
ဘယ်လိုမျိုး ရပ်တည်နေနိုင်ခဲ့သလဲ ဆိုတာကို
တစ်ခါမှ မစဥ်းစားမိဘူးနဲ့ တူတယ်။ ဒီဘွဲ့က
ဟင်းလင်းပြင် ဘုရားကျောင်းက
သူတို့ကိုယ့်ကိုယ် ပေးထားတာ မဟုတ်ဘူး။
တစ်ကမ္ဘာလုံးက အကုန်လုံး လက်ခံထားကြတဲ့
အရာဖြစ်တယ်။ ဟင်းလင်းပြင်
ဘုရားကျောင်းက သူတို့သာ ဆန္ဒရှိရင်
ကျင့်ကြံမှု ကမ္ဘာတစ်ခုလုံးကို အုပ်စိုးနိုင်တယ်"

"စူတောင်ခေါးဂိုဏ်းက ဘယ်လောက်ပဲ အစွမ်းထက်တယ်ပဲ ဆိုဆို ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ စာလိုက်ရင် အားနည်းနေတယ်။ ဟင်းလင်းပြင် ဘုရားကျောင်းက မှော်ရတနာ တစ်ခုပဲ ထုတ်ပြလိုက်ရုံနဲ့ မဟာမိုးကြိုး ကျောင်းတော်ဟာ အားလုံးတို့ရဲ့ ဘုံပစ်မှတ် ဖြစ်သွားခဲ့တယ်"

"သူဟာ မြင့်မြတ်နယ်မြေတစ်ခု ဖြစ်ပေမဲ့ နောက်ဆုံးမှာတော့ အဖျက်ဆီး ခံလိုက်ရတယ်။ ဟင်းလင်းပြင် ဘုရားကျောင်းက သူတို့ရဲ့ အမြင်ကို ထုတ်မပြခဲ့ရင် မဟာမိုးကြိုး

ကျောင်းတော်က ဒီလိုမျိုး အဖျက်ဆီး ခံရမှာ မဟုတ်ဘူး"

အဖြူရောင် အလင်းတန်း ပေါ်ထွက်လာသော အပေါက်အတွင်းမှ လေးနက်သောအသံတစ်ခု ပေါ်လာခဲ့သည်။ "ဒွိစုံသူငယ်အိမ်နဲ့ ကျင့်ကြံသူကို တပည့်အဖြစ်နဲ့ လက်ခံခဲ့တာက ကောင်းဟာန်နဲ့ ရှမ်းလင်သူတော်စင်တို့ ဖြစ်ကြလိမ့်မယ်။ ဒါက ဟင်းလင်းပြင် ဘုရားကျောင်း တစ်ခုလုံးရဲ့ ရည်ရွယ်ချက် မဟုတ်လောက်ဘူး"

အနီရောင် အလင်းတန်း အပေါက်မှ မီးတောက်အကြီးအကဲက နှာမှုတ်လိုက်သည်။

"ဟင်းလင်းပြင် ဘုရားကျောင်းက သာမန်ဆိုရင် နတ်ဘုရား နယ်မြေက အရာတွေကို စိတ်ဝင်စားလေ့ မရှိဘူး။ သူတို့ရဲ့ စွမ်းအင်အများစုကို မဟာလွင်တီးခေါင် ကုန်းမြေ အပေါ်မှာပဲ အာရုံစိုက်ထားတယ်။ မဟုတ်လို့ရှိရင် ကမ္ဘာကြီး တစ်ဝက်က သူတို့ရဲ့ လက်အောက်ကို ရောက်ရှိနေလောက်ပြီ"

"ဒါပေမဲ့လည်း ဟင်းလင်းပြင် ဘုရားကျောင်းဟာ တစ်စုတစ်စည်းတည်းလို့ ပြောလို့ရတယ်။ သံသရာဂိုဏ်းဟာ သူတို့အချင်းချင်း နှစ်ထောင်ပေါင်းများစွာ အငြင်းပွားနေကြပေမဲ့ တကယ်လို့ ပြင်ပရန်သူနဲ့ တွေ့ကြတဲ့ အခါမှာ အချင်းချင်း

စုစည်းသွားကြမှာပဲ။ ယန်နန်းလိုင်က
ကောင်းဟာန်တို့ တတွေ ဒုက္ခရောက်ခဲ့ရင်တော့
ဒီအတိုင်း လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး။

မီးတောက် အကြီးအကဲက သရော်သလို
ရယ်လိုက်သည်။ "ပြီးတော့ ကောင်းဟာန်တို့
ပါတီက ဘယ်မှာ အားနည်းပါ့မလဲ။ တကယ်လို့
သူတို့က ဟင်းလင်းပြင် ဘုရားကျောင်းကနေ
ခွဲထွက်ပြီး ဂိုဏ်းတစ်ခု ထောင်လိုက်ရင်
မြင့်မြတ်နယ်မြေ တစ်ခုအဖြစ်ကိုတောင်
ရောက်နိုင်သေးတယ်"

ချောင်ဝေက ပြောလိုက်သည်။ "ဒါက
အလွန်ကောင်းတဲ့ အခွင့်အရေး ဖြစ်တယ်။

စူတောင်ခေးဂိုဏ်းကလည်း ဝင်ပါလာနိုင်တယ်။ သူတို့က ကောင်းကင်လှည်း တောင်ထိပ်က ခေးစည်းဝေးပွဲရဲ့ အဖြစ်အပျက်တွေကို လက်စားချေချင်နေကြမှာ အမှန်ပဲ"

"ဒါပေမဲ့ ငါတို့က မဟာချင် အင်ပါယာက ဘယ်လိုစဥ်းစားမလဲ ဆိုတာကို မသိဘူး။ မသိနိုင်တဲ့ အချက်အလက်တွေက များနေတယ်။ ဒါပေမဲ့ အခြေအနေတွေက ရှုပ်ထွေးနေလေလေ၊ ငါတို့အတွက် ကောင်းလေလေပဲ ဖြစ်တယ်"

သူ၏ခေါင်းကို မော့လိုက်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။ "ဦးလေးတို့၊

ဒါက ကျွန်တော်တို့ရဲ့ နောက်ဆုံးအခွင့်အရေး ဖြစ်လိမ့်မယ်လို့ ခံစားနေရပါတယ်"

"တကယ်လို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက နိုင်သွားရင် ကျွန်တော်တို့ရဲ့ ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုကို ရယူနိုင်မယ့် အခွင့်အရေးက နည်းသွားလိမ့်မယ်။ သူတို့က ရှုံးသွားပြီး ဒီအိုင်တမ်လေးက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ လက်အတွင်းကို ကျရောက်ပြီးသွားရင် ပြန်ယူဖို့က ပိုလို့တောင် ခက်သွားဦးမယ်"

အဖြူရောင် အလင်းတန်း ထွက်လာရာ အပေါက်အတွင်းမှ ရေခဲအကြီးအကဲ၏ အသံက

ထွက်လာခဲ့သည်။ "ဒါကြောင့်ပဲ ငါတို့က ထွက်လာဖို့ ဆုံးဖြတ်ခဲ့တယ်"

မီးတောက်အကြီးအကဲက ပြောလိုက်သည်။ "ချောင်ဝေ၊ မင်းသင့်တော်သလို လုပ်ဆောင်နိုင်တယ်။ အချိန်ကျလာရင် ငါတို့ကမင်းကို လာကူညီမယ်"

ချောင်ဝေက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ကျွန်တော် နားလည်ပါတယ်"

တစ်ချိန်တည်းတွင်ပင် လင်းဖုန်းသည် အန်းလျှန်မင်းသား ရှီကျုံးယွဲ့၏ အနောက်သို့

လိုက်သွားရင်း လမ်းတစ်ဝက်တွင် ခေတ္တရပ်လိုက်ကာ မျက်မှောင်များကို အတန်ငယ် ကြုတ်လိုက်သည်။ သူသည် အရပ်မျက်နှာ တစ်ခုသို့ လှမ်းကြည့်လိုက်ကာ သူ၏မျက်နှာတွင် ထူးခြားသော အပြုံးတစ်ခု ပေါ်လာခဲ့၏။

ထိုအရပ်မျက်နှာဘက်သို့ ကြည့်လိုက်အပြီးတွင် သူ၏ခေါင်းကို ပြန်လှည့်လိုက်ကာ ရှီကျုံးယွဲ့ အနောက်သို့ လိုက်သွားခဲ့၍ နန်းတွင်းမှ အဓိက ခန်းမဆောင် အတွင်းသို့ ရောက်လာခဲ့သည်။

ခန်းမဆောင်အတွင်းတွင် ရှီကေရာဇ် ရှီယုသည် နဂါးပလ္လင်အပေါ်တွင် ထိုင်နေခဲ့သည်။

လင်းဖုန်းအား တွေ့လိုက်အပြီးတွင် သူသည် ခေါင်းကိုညိတ်ပြလိုက်ကာ နှုတ်ဆက်လိုက်၏။ "မာစတာလင်း၊ နေကောင်းပါရဲ့လား"

လင်းဖုန်းက ပြုံးလိုက်ကာ ပြန်ပြောလိုက်၏။ "ကောင်းပါတယ်၊ မတွေ့ရတာ ကြာသွားပြီ" သူ၏ အကြည့်သည် ဘေးတွင်ထိုင်နေသော စာသင်သားပုံစံနှင့် သတ်လတ်ပိုင်း လူတစ်ယောက်၏ အပေါ်သို့ ကျရောက်သွားခဲ့၏။ သူသည် မဟာချင် အင်ပါယာ၏ နန်းရင်းဝန် ဝူချင်လျှိုဖြစ်၏။

လင်းဖုန်းအား ကြည့်လိုက်ကာ ဝူချင်လျှိုသည် ထရပ်လိုက်ပြီး လက်နှစ်ဘက်အား ဆုပ်လိုက်၍

နှုတ်ဆက်လိုက်သည်။ "မင်္ဂလာပါ၊
မာစတာလင်း။ ခင်ဗျားရဲ့ နာမည်ကို
ကြားဖူးနေတာ အတော်ကြာသွားခဲ့ပြီ"

"အတူတူပါပဲဗျာ" လင်းဖုန်းက ဝူချင်လျှိုအား
ကြည့်လိုက်ကာ ပြန်ပြောလိုက်၏။ သူ၏
မျက်လုံးမှာ အရောင်လက်သွားခဲ့သည်။
"လူတွေက ခင်ဗျားက ပညာအရမ်းရှိတယ်လို့
ပြောကြတယ်"

ဝူချင်လျှိုက ပြုံးလိုက်ကာ ပြောလိုက်သည်။
"မာစတာလင်းက မြှောက်နေပါပြီ"

သူတို့စကားပြောနေကြစဉ်တွင် ချင်ကောရာဇ်
ရှိယုသည် လင်းဖုန်းအား နှုတ်ဆက်အပြီးတွင်
သူ၏ အကြည့်သည် ရှိထျန်းပောင်ထံသို့
ကျရောက်သွားခဲ့၏။

## စာစဉ် ၃၀ : အပိုင်း ၁၂

## အပိုင်း ၅၆၂ : ရေနက်အတွင်းမှ အန္တရာယ်ကြီးမားသော အခြေအနေ

လင်းဖုန်းအား တည်ခင်းသည့် ညှော်ခံပွဲသည်
မကြီးနား မခမ်းနားလှပေ။ ပါဝင်သူ
အနည်းငယ်သာ ရှိကြ၏။ သို့သော်လည်း

သူတို့တစ်ယောက်ချင်းသည် မဟာချင်
အင်ပါယာမှ အဓိက အဖွဲ့ဝင်များ ဖြစ်ကြ၏။
ဒါသည် ချင်ကေရာဇ် ရှီယု၏ သဘောထားကို
လုံလောက်စွာ ပြသနေရာ ရောက်နေပေသည်။

ရှီယု၏ အိပ်ဆောင်သည် အလွန်အမင်းကို
ရိုးရှင်းပေသည်။ သူပုံမှန် ဝတ်ဆင်သည်
ခမ်းနားထည်ဝါသည့် ဝတ်ရုံအစား
သာမန်ဝတ်စုံတစ်ခုကိုသာ ဝတ်ဆင်ထား၍
အခန်းငယ် တစ်ခုအတွင်းသို့ ဝင်သွားခဲ့သည်။
သူသည် ဟင်းလင်းပြင် အတွင်းသို့
ဝင်သွားသည့်အတိုင်း ဖြစ်သွားခဲ့သည်။ သူသည်
ကြယ်စင်များကို မော့ကြည့်နေခဲ့ကာ
ဘာမှမပြောခဲ့ပေ။

"အရှင်မင်းမြတ်၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်နဲ့ ဆွေးနွေးမှုက ဘယ်လိုလဲ"

ရှီယု၏ အနောက်မှ အသံတစ်ခု ပေါ်လာခဲ့သည်။ ထိုအသံသည် နူးညံ့ညင်သာကာ နားဝင်ချိုလှ၏။

အသံပိုင်ရှင်မှာ အသက် ၂၈နှစ်ခန့်ရှိသည့် မိန်းမပျိုတစ်ယောက် ဖြစ်၏။ သူမသည် သေသပ်ကျနသော နန်းတွင်းဝတ်စုံအား ဝတ်ဆင်ထားကာ နန်းဆန်သော အငွေ့အသက်များ ရှိနေခဲ့သည်။

သူမ၏ သိမ်မွေ့သော ခြေလှမ်းများနှင့်အတူ
ဟင်းလင်းပြင်သို့ ဖြတ်လျှောက်လာခဲ့ကာ
ရှီယု၏ဘေးသို့ ရောက်လာခဲ့သည်။ သူမသည်
နတ်သမီးတစ်ပါးကဲ့သို့ ကျက်သရေရှိလှစွာ
လှုပ်ရှားလာခဲ့သည်။

သူမ၏ ခန္ဓာကိုယ် တစ်ခုလုံးအား
အလင်းရောင်များဖြင့် လွှမ်းခြုံထားခဲ့သည်။
တစ်ယောက်သည် သူမ၏ ပြင်ပ
အသွင်အပြင်ကို မြင်တွေ့နိုင်ခြင်း မရှိပေ။
ရှီယု၏ဘေးသို့ ရောက်လာမှသာ
အလင်းရောင်များက
မှေးမှိန်ပျောက်ကွယ်သွားခဲ့ကာ လွန်စွာ
မှင်သက်ရှုမောဖွယ် ကောင်းလှသော မျက်နှာ

အသွင်အပြင်ကို မြင်ခဲ့ရ၏။ သူမ၏
မျက်နှာသည် လွန်စွာမှပင် ချောမောလှပ၍
အပြုံးတစ်ခုကို ပြုံးထားခဲ့သည်။ မယုံနိုင်စရာ
နှစ်လိုဖွယ် ကောင်းလှပေသည်။

ရှီယု၏ဘေးတွင် ရပ်နေခဲ့၍ သူမသည်
တောင်တစ်တောင်အား
ကွေ့ပတ်စီးဆင်းနေသော မြစ်တစ်စင်းနှင့်
တူနေခဲ့၏။

ရှီယုသည် လှည့်မကြည့်ခဲ့ပဲ
ဟင်းလင်းပြင်သို့သာ ဆက်၍
စိုက်ကြည့်နေခဲ့သည်။ "မင်းရောက်လာပြီလား၊
နွမ်နွမ်"

နွမ်နွမ်ဟုခေါ်သော မိန်းမပျိုသည် ဖွဖွလေး ပြုံးလိုက်ကာ မေးလိုက်သည်။
"အရှင်မင်းမြတ်က ရှီနှစ်ရှီ စလုံးကို တွေ့ပြီးသွားပြီ။ ဘယ်တစ်ယောက်ကို ပိုပြီးတော့ သဘောကျသလဲ"

ရှီယုက တိုးညင်းစွာဖြင့် ပြောလိုက်သည်။
"ဝမ်လင်းရဲ့ အနိုင်ယူခြင်းကို ခံခဲ့ရတဲ့ ရှီအကြီးက ရှီအငယ်ကို မယှဥ်နိုင်ဘူး။ ဒါပေမဲ့ ပြောဖို့ကတော့ စောပါသေးတယ်"

"အိုး" မိဘုရားနှမ်၏ မျက်မှောင်များသည် ကြုတ်သွားခဲ့သည်။ "သူက ဒွိစုံသူငယ်အိမ် ကျင့်ကြံသူ တစ်ယောက် အနေနဲ့ ပြိုင်ဘက်ကင်းဆိုတဲ့ ဂုဏ်ကို မထိန်းနိုင်ခဲ့ဘူး။ မြင့်တက်လာနေတဲ့ အစွမ်းထက်လှတဲ့ ရှီအကြီးက ရှီအငယ်ကို မယှဉ်နိုင်ဘူး။ အခုအချိန်မှာ သူက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက နောက်ထပ်တပည့် တစ်ယောက်ကို ရှုံးနိမ့်သွားခဲ့ပြီ။ ဒါတောင်မှပဲ ဘာဖြစ်လို့ ပြောဖို့စောနေသေးတာလဲ"

ရှီယုက ပြောလိုက်သည်။ "ဒါက ဟင်းလင်းပြင် ဘုရားကျောင်းက လာမယ့်ရက်တွေမှာ

ဘာလုပ်ဖို့ ဆုံးဖြတ်မလဲ ဆိုတဲ့အပေါ်မှာ
မူတည်နေတယ်"

သူ၏ အကြည့်မှာ လက်ကနဲ ဖြစ်သွားခဲ့၍
ပြောလိုက်သည်။ "နတ်ဘုရား နယ်မြေမှာ
သူတို့က ကျင့်ကြံမှု မြင့်မြတ်နယ်မြေ ဖြစ်တယ်။
သူတို့က နာမည်ကြီးတဲ့အတိုင်း
အစွမ်းထက်လှတယ်။ တကယ်လို့ မိစ္ဆာတွေရဲ့
ဖိအားတွေသာ မရှိခဲ့ရင် ဟင်းလင်းပြင်
ဘုရားကျောင်းက ရှေ့ဆောင်လမ်းစဉ်ပါတီရဲ့
လမ်းကြောင်းအတိုင်း လူသားကျင့်ကြံမှု
ကမ္ဘာကြီးကို ပေါင်းစည်းနိုင်မှာ
သေချာနေတယ်"

မိဘုရားနွမ်က ပြုံးလိုက်ကာ ဖြည်းညင်းစွာနှင့် ပြောလိုက်သည်။ "ကမ္ဘာကြီးအပေါ်မှာ ဘယ်အရာမှ မတည်မြဲပါဘူး၊ အရှင်မင်းမြတ်။ အရှင့်ရဲ့ အခွင့်အရေးက ပေါ်လာရင် ပေါ်လာမှာပါ"

ရှီယုသည် ဘာကိုမှ ထပ်မပြောတော့ပဲ အနောက်သို့လှည့်လိုက်ကာ အခန်းအတွင်းသို့ ဝင်သွားခဲ့သည်။ မိဘုရားနွမ်ကလည်း ပြုံးလိုက်ပြီး သူ၏အနောက်မှ လိုက်သွားခဲ့၏။

တစ်ချိန်တည်းတွင်ပင် လင်းဖုန်းသည် နန်းတွင်း၏ အပြင်တွင် ရပ်နေခဲ့ကာ သူ၏ခေါင်းကို မော့လိုက်၍ ကြယ်စုံနေသော

ကောင်းကင်အား ကြည့်လိုက်၏။
ရှီထျန်းဟောင်သည် သူ၏ဘေးတွင်
ရှိနေပေသည်။ သူ၏မျက်နှာမှာ လေးနက်လျှက်
ရှိ၏။

အချိန်အတော်ကြာမှ ရှီထျန်းဟောင်က
ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။ "ဆရာ၊
ကျွန်တော်က ရှီးလင်မြို့က ရှီမိသားစု
အိမ်တော်ကို သွားချင်တယ်"

လင်းဖုန်းက သူ၏အကြည့်ကို
ပြန်လည်ရုပ်သိမ်းလိုက်၏။ "သွားပြီးတော့
မင်းလုပ်ရမယ့် အရာတွေကို လုပ်လာခဲ့"

ပြီးတာနှင့် သူ၏ ပုံသဏ္ဍာန်မှာ ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့သည်။

ရှီထျန်းဟောင်သည် လင်းဖုန်း၏ မူလရှိနေခဲ့သော နေရာအား ကြည့်လိုက်၍ ဦးညွှတ်လိုက်သည်။ ပြီးတာနှင့် အခြားတစ်နေရာသို့ ထွက်သွားခဲ့၏။ ဒါသည် ရှီးလင်မြို့မှ ရှီမိသားစု ရှိရာနေရာ ဖြစ်သည်။

သာမန်အချိန်တွင် စိတ်လှုပ်ရှားလွယ်သည့် ရှီထျန်းဟောင်သည် ယခုအချိန်တွင် အလွန်တည်ငြိမ်နေပေသည်။ သူ၏

ခြေလှမ်းများသည် မမြန်သလို
နှေးလည်းမနှေးနေပေ။

သူလမ်းလျှောက်နေရင်းနှင့်
ခြေတစ်လှမ်းချင်းတွင် သူ၏ကိုယ်တွင်းမှ
တာအိုအား ခံစားနေရသည်။

လမ်းလျှောက်နေရင်း ရှီထျန်းဟောင်က
ပြုံးလိုက်သည်။ သူသည် လမ်းပေါ်သို့
လှမ်းကြည့်လိုက်ရာ ခရမ်းရောင် ဝတ်စုံပေါ်တွင်
အဖြူရောင် အင်္ကျီတစ်ထည် ထပ်ဝတ်ထားသော
လူငယ်တစ်ယောက်က သူ့အား
ပြုံး၍ကြည့်နေသည်ကို တွေ့ခဲ့လိုက်၏။

သူသည် သူ၏ ဒုတိယ စီနီယာ ဇူရီပင် ဖြစ်သည်။

တပည့်နှစ်ယောက်သားတို့သည် အကြည့်ချင်း ဖလှယ်လိုက်ကြ၍ နှစ်ယောက်သား ပြုံးလိုက်ကြကာ ဘာကိုမှ မပြောခဲ့ကြပေ။ ဇူရီသည် ရှေးဟောင်း တေးသွားတစ်ခုအလား သူ၏ လက်ခုပ်ကို စည်းချက်ကျကျ တီးနေခဲ့သည်။

ထိုရှေးဟောင်းတေးသွားသည် ရှီထျန်းဟောင်၏ ခြေလှမ်းများနှင့် လိုက်လျောညီထွေ ရှိနေကာ

သူ၏အော်ရာတို့အား ပို၍
အားကောင်းလာစေ၏။

ရှီထျန်းဟောင်သည် သူ၏ခေါင်းအား
အနည်းငယ် ငုံ့လိုက်ကာ သူ၏အကြည့်အား
ရုပ်သိမ်းလိုက်သည်။ သူသည် ရှီမိသားစု
ဂေဟာထံသို့ ဆက်လက်၍
လျှောက်လှမ်းသွားခဲ့သည်။

နတ်ရေကန်ဂိုဏ်း၏ နေရာတွင် ချောင်ဝေ၏
အကြည့်သည် ဟင်းလင်းပြင်ကို
ထိုးဖောက်သွားခဲ့ပြီး ရှီထျန်းဟောင်အား
တိတ်တဆိတ် အကဲခတ်နေခဲ့သည်။
သူ၏အကြည့်သည် လင်းလက်သွားခဲ့ကာ

လျှင်မြန်စွာနှင့် ပြန်လည်ရုပ်သိမ်းခဲ့၏။ သူက ငြိမ်သက်စွာနှင့် ပြောလိုက်သည်။ "ချင်းယွမ်"

သူ၏အရှေ့တွင် လူငယ်တစ်ယောက်က လျှင်မြန်စွာနှင့် ပေါ်လာခဲ့ကာ ဦးညွှတ်လိုက်သည်။ "ဆရာသခင်" သူသည် ချောင်ဝေ၏ အချစ်ဆုံးတပည့် စုန့်ချင်းယွမ်ဖြစ်၏။

ချောင်ဝေက ပြောလိုက်သည်။
"မင်းသွားလို့ရပြီ"

စုန့်ချင်းယွမ်က ရိုသေစွာနှင့် ပြန်ဖြေလိုက်၏။ "ဟုတ်ကဲ့ပါဆရာ" ပြီးတာနှင့် သူသည် ချောင်ဝေအား ထပ်မံဦးညွှတ်လိုက်ကာ ထွက်သွားလိုက်သည်။ စုန့်ချင်းယွမ်သည် နေရာမှ ထွက်ခွာခဲ့ကာ ရှီးလင်မြို့ အတွင်းသို့ ထွက်သွားခဲ့သည်။ သူ၏ အပေါင်းအဖော် အချို့တို့သည်လည်း လိုက်ပါလာခဲ့ကာ လျှင်မြန်စွာနှင့်ပင် သူ၏ ပစ်မှတ်အား တွေ့ရှိသွားခဲ့၏။

သူ၏ပစ်မှတ်မှာ လေးနက်ကာ သေချာစွာ လေ့ကျင့်ထားသည့်ပုံ ပေါက်နေသည့် သက်လတ်ပိုင်း လူတစ်ယောက် ဖြစ်သည်။ သူ၏ မျက်လုံးများသည် အသက်အရွယ်

ကြီးရင့်သည့်ပုံ ပေါက်နေခဲ့၏။ သူသည်
ခရမ်းရောင် ဝတ်စုံအား ဝတ်ဆင်ထား၍
ရှီးလင်မြို့ အတွင်းတွင်
လျှောက်သွားနေခဲ့သည်။ သူသည် စိတ်နှင့်လူနှင့်
မကပ်သကဲ့သို့ ဖြစ်နေခဲ့၏။

တစ်ချိန်က သူသည် ဤမြို့တွင် နေဖူးခဲ့သည်။
သူသည် အချိန်ကြာမြင့်စွာ မနေခဲ့ရပဲ
အချိန်အများစုမှာ အပြင်သို့ ထွက်နေခဲ့ရသည်။
ဤလမ်းအတွင်းတွင်
ပြန်လျှောက်နေခဲ့ရခြင်းသည်
သူ၏ကိုယ်တွင်းမှာ ခံစားချက်များကို ပြန်လည်
ပေါ်ပေါက်စေခဲ့သည်။

ထိုသတ်လတ်ပိုင်း လူကြီးသည် တောက်ဇီချမ်ဖြစ်သည်။ သူသည် ခေါင်းကို ငုံ့လိုက်ပြီး ရယ်ရမ်းသွေးလိုက်ကာ ရပ်တန့်သွားခဲ့သည်။

သူသည် ဝတ်ရုံဖြူ လူငယ်တစ်ယောက်က နွေးထွေးသော အပြုံးဖြင့် သူ့ထံသို့ လျှောက်လာနေသည်ကို တွေ့လိုက်ရသည်။ တောက်ဇီချမ်သည် လုပ်ပြုံးတစ်ခုကို ပြုံးလိုက်ကာ ပြောလိုက်သည်။ "မစ္စတာစုန့်၊ မတွေ့ရတာ ကြာပြီ"

အဖြူရောင်ဝတ်စုံဖြင့် ပြီးပြည့်စုံသော အမူအရာကို ဖန်ဆင်းထားသော စုန့်ချင်းယွမ်က

ပြုံး၍ ပြန်ပြောလိုက်၏။ "မန်နေဂျာတောက်၊ အတော်ကြာသွားခဲ့ပြီ။ ရှေးကလူတွေက တစ်ယောက်ဟာ ကမ္ဘာကြီးရဲ့ ကိစ္စတွေကို မခန့်မှန်းနိုင်ဘူးလို့ ပြောထားတယ်။ ကျုပ်တို့နှစ်ယောက်က ဒီအတိုင်းပဲ ထင်တယ်"

တောက်ဇီချွမ်သည် သက်ပြင်းတစ်ချက် ချလိုက်သည်။ စုန့်ချင်းယွမ်သည် သူ၏ အားနည်းချက်ကို သိနေသဖြင့် သူက မဝေ့ပတ်နေတော့ပဲ တိုက်ရိုက်ပြောလိုက်သည်။ "မစ္စတာစုန့်၊ ကျုပ်ကိုမေးချင်တာရှိရင် တိုက်ရိုက်မေးနိုင်ပါတယ်။ ကျွန်တော် ကူညီနိုင်တာဆိုရင် အတတ်နိုင်ဆုံး ကြိုးစားပေးပါ့မယ်။ ကျုပ်မတတ်နိုင်တာ

ဆိုရင်တော့ အပြစ်မတင်ဖို့ မျှော်လင့်ပါတယ်။ ကျွန်တော်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှာ အဆင့်နိမ့်တဲ့ အလုပ်သမား သက်သက်ပါပဲ"

စုန့်ချင်းယွမ်သည် တောက်ဇီချွမ်အား ကြည့်လိုက်ကာ ပြုံးလိုက်သည်။ သို့သော်လည်း သူ၏စကားများသည် တောက်ဇီချွမ်၏ နားအတွင်းသို့ မိုးကြိုးကဲ့သို့ ဝင်ရောက်သွားခဲ့သည်။

"ကျုပ်ဆရာ ရေခဲမီးလျှံ သူတော်စင်က သူ့ရဲ့ ကိုယ်ပိုင်လျှို့ဝှက် မှော်ကျိန်စာနဲ့ တောက်ယုတင်းရဲ့ စိတ်ဝိညာဉ် ဒဏ်ရာတွေကို ကုစားပေးနေခဲ့တယ်။ သူမရဲ့ ကျိုးပဲ့နေတဲ့

မှတ်ဉာဏ်တွေက ၇၀-၈၀% လောက်
ပြန်လည်သက်သာလာခဲ့ပြီ။
အချိန်ကြာလာတာနဲ့အမျှ သူမဟာ သူမရဲ့
မှတ်ဉာဏ်တွေ အားလုံးကို
ပြန်လည်ရရှိနိုင်တော့မယ်"

တောက်ဇီချွမ်သည် ငိုင်သွားခဲ့သော်လည်း
မကြာခင်တွင် သတိပြန်ဝင်လာခဲ့၏။ သူသည်
စုန့်ချင်းယွမ်အား နာကျင်နေသော နှလုံးသားဖြင့်
ကြည့်နေခဲ့သည်။

"ကျုပ်က ရေခဲမီးလျှံသူတော်စင်ကို
စာနာထောက်ထားတဲ့အတွက်

ကျေးဇူးတင်ပါတယ်" တောက်ဇီချမ်က
ခဲယဥ်းလှစွာဖြင့် ပြောလိုက်သည်။

စုန့်ချင်းယွမ်သည် ဆက်လျှောက်လာခဲ့ကာ
တောက်ဇီချမ်အား ကျော်ဖြတ်သွားခဲ့သည်။
သူက ပြုံး၍ပြောလိုက်၏။ "စိတ်မပူပါနဲ့၊ ဒါပေမဲ့
ကျုပ်က ခင်ဗျားရဲ့ အကူအညီ အနည်းငယ်ကို
လိုအပ်တယ်။ ခင်ဗျားက ဘာမှလုပ်စရာတော့
မလိုပါဘူး။ ခင်ဗျားသိထားတာလေး
ပြောပြရုံပါပဲ"

"အခုက အချိန်မကျသေးဘူး။ ကျုပ်တို့ရဲ့
ဒီကနေ့ ဆုံတွေ့မှုက အစပဲ ရှိသေးတယ်။

အချိန်ကျလာရင် ကျုပ်ကထပ်ပြီး ဆက်သွယ်ပါ့မယ်"

အချိန်အတော်ကြာမှ တောက်ဇီချွမ်သည် သူ၏အံကိုကြိတ်လိုက်ကာ ခေါင်းကိုငုံ့၍ ဆက်လျှောက်သွားခဲ့၏။ သူသည် မဟာချင် အင်ပါယာက အွံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအတွက် စီစဉ်ပေးထားသော နေရာသို့ တိုက်ရိုက်ပြန်သွားခဲ့သည်။ သူ၏အနောက်တွင် နတ်ရေကန်ဂိုဏ်းမှ ကျင့်ကြံသူတစ်ယောက်မှ ပါမလာကြောင်းကို အတည်ပြုပြီးသောအခါ သူသည် အသံလွှင့်ကျောက်တုံး တစ်ခုအား ဖိခြေလိုက်သည်။

"အရှင်၊ ကျွန်တော်က တင်ပြစရာ တစ်ခု ရှိပါတယ်..."

တောက်ဇီချွမ် တင်ပြသည်ကို နားထောင်ပြီးသွားသောအခါ လင်းဖုန်းက သူ့အား မည်သည့် ညွှန်ကြားချက်ကိုမှ မပေးခဲ့ပေ။ သူသည် ဤအတိုင်းသာ ပြောလိုက်၏။ "မင်းတို့နှစ်ယောက်က မကြာခင်မှာ ပြန်လည်ဆုံဆည်းနိုင်ကြလိမ့်မယ်"

သူသည် ဘာကိုမှ မပြောခဲ့သော်လည်း တောက်ဇီချွမ်သည် ချက်ချင်းပင်

စိတ်သက်သာရာ ရသွားခဲ့သည်။
"ကျေးဇူးပါအရှင်။ ကျွန်တော်က အတတ်နိုင်ဆုံး
ကြိုးစားပြီး စုန့်ချင်းယွမ်ကို မျက်စိလည်အောင်
လုပ်လိုက်ပါမယ်"

"သူ့နဲ့ ကစားလိုက်ပါဦး" လင်းဖုန်းက
အမှုမထားသလိုဖြင့် ပြောလိုက်သည်။

တောက်ဇီချွမ်သည် သူ၏ရည်ရွယ်ချက်အား
သဘောပေါက်လိုက်ကာ သူ၏ခေါင်းကို
ညိတ်လိုက်၏။ "ဟုတ်ကဲ့ပါအရှင်"

လင်းဖုန်းသည် သူနှင့် စကားပြောပြီးသောအခါ
သူ၏ ဘေးပတ်ဝန်းကျင်အား
သတိပြုမိလိုက်သည်။ သူ၏ အရှေ့မှ
မြင်ကွင်းအား ကြည့်လိုက်ကာ အနည်းငယ်
ပြုံးလိုက်ပြီး ပြောလိုက်သည်။
"စိတ်ဝင်စားစရာပဲ"

သူ၏အရှေ့တွင် မိန်းကလေး
နှစ်ယောက်တို့သည် မြို့အတွင်းမှ
ရေကန်တစ်ခုဘေးတွင်
မတ်တတ်ရပ်နေကြသည်။ သူတို့၏
မျက်နှာချင်းဆိုင်တွင် လူအချို့ ရှိနေကြ၏။

ကောင်မလေး တစ်ယောက်သည် အနီရောင် ဝတ်ထားပြီး ကျန်တစ်ယောက်သည် အစိမ်းရောင် ဝတ်ထား၏။ သူတို့သည် လော်ချင်းဝူနှင့် ကျွင်းကျိနင်တို့ ဖြစ်ကြ၏။

သူတို့နှစ်ယောက်သားတို့သည် ရှီးလင်မြို့ အတွင်းသို့ အတူတူတွဲကာ လျှောက်ကြည့်နေကြခြင်း ဖြစ်သည်။ ခဏအကြာတွင် သူတို့သည် ဤရေကန်သို့ ရောက်လာခဲ့ကြသည်။ သူတို့သည် ရေကန်အတွင်းတွင် လူအချို့ စုရုံးနေကြသည်ကို တွေ့လိုက်ကြသည်။

အလယ်ဗဟိုတွင် လူနှစ်စုတို့က
မျက်နှာချင်းဆိုင် ရပ်နေကြသည်။

တစ်အုပ်စုမှာ ရွှေရောင်ဗဟိုချက် အဆင့်မှ
တပည့်သုံးယောက်တို့ ဖြစ်ကြသည်။ သူတို့သည်
အနက်ရောင် ဝတ်စုံများကို ဝတ်ဆင်ထားက
မျက်နှာထားများက အေးစက်နေကြ၏။

ကျွင်းကျိနင်နှင့် လော်ချင်းဝူတို့သည်
တိတ်တဆိတ် အကဲခတ်နေကြရင်း သူတို့၏
မျက်နှာပေါ်တွင် ထူးခြားသော အမူအရာများ
ပေါ်လာကြသည်။

သူတို့သည် ရှေးဟောင်းယွင်ထန်း ကမ္ဘာတွင် ကြီးပြင်းလာကြ၍ နတ်ဘုရားနယ်မြေသို့ သိပ်မရောက်ဖြစ်ကြချေ။ ထို့ကြောင့် သူတို့သည် နတ်ဘုရားနယ်မြေ အတွင်းမှ စွမ်းအားစု အတော်များများတို့အား မသိကြပေ။ သို့သော်လည်း သူတို့သည် ထိုဝတ်ရုံနက် တပည့်များက မည်သည့်ဂိုဏ်းမှ လာသည်ကိုမူ သိကြ၏။

သူတို့၏ အကြည့်သည် လူငယ်သုံးယောက်တို့၏ ဝတ်စုံပေါ်မှ အနီရောင် အမှတ်အသား ပုံစံပေါ်သို့ ကျရောက်သွားကြသည်။

ဒါသည့် သံသရာဂိုဏ်း၏ ငရဲလမ်းစဥ်မှ
အမှတ်အသား ဖြစ်၏။ ရှေးဟောင်းယွင်ထန်း
ကမ္ဘာမှ လောမိသားစုနှင့် ရန်သူဖြစ်သော
ယန်မိသားစုသည် သံသရာဂိုဏ်းမှ
ငရဲလမ်းစဥ်၏ ထောက်ခံမှုကို ရရှိထားသည်။

သူတို့မိသားစု နှစ်ခုတို့ ပြင်းထန်စွာ
တိုက်ခိုက်ကြလျှင် ငရဲလမ်းစဥ်က ဝင်ရောက်
စွက်ဖက်လေ့ ရှိကြသည်။ ထို့ကြောင့်
လော်ချင်းဝူနှင့် ကျွင်းကျိနင်တို့သည်
သူတို့ဝတ်စုံအား များစွာ
ရင်းနှီးကျွမ်းဝင်နေကြသည်။

ငရဲလမ်းစဥ်မှ ကျင့်ကြံသူ သုံးယောက်တို့နှင့်
မျက်နှာချင်းဆိုင်တွင် အဖြူရောင် ဝတ်စုံနှင့်
ကျင့်ကြံသူ နှစ်ယောက်တို့က ရပ်နေကြ၏။
တစ်ယောက်မှာ မိန်းကလေးဖြစ်ကာ
တစ်ယောက်မှာ ယောကျ်ားလေး ဖြစ်၏။

လူငယ်လေးမှာ အလွန်ကို ကြည့်ကောင်းလှ၍
မိန်းကလေးကလည်း ချောမောလှသည်။
သူတို့သည် အားလုံးတို့၏ အာရုံကို
ဖမ်းစားထားနိုင်ကြ၏။

သို့သော်လည်း ပို၍ မျက်စိဖမ်းစားနိုင်သော
အရာမှာ သူတို့၏ ဝတ်ရုံများတွင်

ရေးထိုးထားသော အဖြူရောင်တိမ်တိုက်ပုံပင် ဖြစ်၏။

ထိုသင်္ကေတအား နတ်ဘုရားနယ်မြေမှဖြစ်စေ၊ ရှေးဟောင်းယွင်ထန်း ကမ္ဘာမှဖြစ်စေ၊ အားလုံးတို့က မှတ်မိလိုက်ကြသည်။ ဒါသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ အမှတ်အသား ဖြစ်၏။

"တာအိုရောင်းရင်းတို့က စလို့ရပါပြီ" အဖြူရောင် ဝတ်စုံနှင့် မိန်းကလေးက တိုးညင်းစွာဖြင့် ပြောလိုက်သည်။ သူမသည် ဒဏ်ရာရထားသော ယုန်ငယ်လေးကဲ့သို့ အားနည်းနေသည့်ပုံ ပေါက်နေခဲ့သည်။

ထိုအပြုအမူသည် အားလုံးတို့
စိတ်ဝင်စားစေခဲ့သည်။ "သူတို့က ဟင်းလင်းပြင်
ဘုရားကျောင်းက တပည့်တွေလား"

သူတို့၏ အရှေ့မှ ငရဲလမ်းစဥ်မှ ကျင့်ကြံသူ
သုံးယောက်တို့က လေးနက်သော အမူအရာများ
ဖြစ်သွားကြသည်။ တစ်ယောက်က
ပြောလိုက်၏။ "ကျေးဇူးပြုပြီး..."

ပြီးတာနှင့် သူ၏ လက်ဝါးများကို
ပူးကပ်လိုက်ရာ သူ၏ဘေးမှ ရေကန်သည်
စတင်တောက်ပလာခဲ့သည်။ ရောမ မှော်ကျိန်စာ

ဝက်ပါတစ်ခုသည် ရေကန်တစ်ခုလုံးအား
ဖုံးလွှမ်းသွားခဲ့၏။

အလင်းတန်းများ လင်းလက်လာခြင်းနှင့်အတူ
ဤမှော်ကျိန်စာ ဝက်ပါသည် အခြားကမ္ဘာနှင့်
ဆက်သွယ်ပေးသည့်ပုံ ပေါက်နေခဲ့သည်။
ထိုနေရာတွင် ရေကြီးရေလျှံမှုများ ဖြစ်နေ၍
အသက်များက ဆုံးရှုံးနေကြသည်။
ထိုနေရာသည် ငရဲနှင့် တူနေ၏။

သို့သော်လည်း ဒါသည် ငရဲလမ်းစဥ်မှ တပည့်၏
ထုတ်လွှတ်လိုက်သော ပုံရိပ်ယောင်သာ ဖြစ်၏။
ဒါသည် တကယ့် ရေကြီးရေလျှံသော
ငရဲမဟုတ်ပေ။ သို့သော်လည်း ရန်သူကသာ

သူ့အတွင်းသို့ ကျသွားပါက သူသည် ရေအောက်သို့ နစ်မြုပ်သွားကာ အဖျက်ဆီးခံရမည် ဖြစ်သည်။

## စာစဥ် ၃၀ : အပိုင်း ၁၃

## အပိုင်း ၅၆၃ : တစ်စုံတစ်ယောက်က မင်းကို မကောင်းကြံချင်နေတယ်

ချောမောသော လူငယ်သည် ရေကန်ပေါ်မှ မှော်ကျိန်စာ ဝင်္ကပါအား စိုက်ကြည့်နေခဲ့၍ ပြုံးလိုက်ကာ ပြောလိုက်သည်။

"ငါတာဝန်ယူလိုက်ပါ့မယ်"

"ကောင်းပြီလေ" လွန်စွာလှပသော ဝတ်ရုံဖြူနှင့် ကောင်မလေးမှ အလွန်နားဝင်ချိုသော အသံဖြင့် ပြောလိုက်သည်။ ယဉ်ကျေးသိမ်မွေ့စွာဖြင့် သူမသည် နွေးထွေးနူးညံ့သော အငွေ့အသက်များကို ထုတ်လွှတ်နေခဲ့၏။

လူငယ်လေးက ငြိမ်သက်စွာဖြင့် ပြောလိုက်သည်။ "ကျုပ်ကတော့ ဟင်းလင်းပြင် ဘုရားကျောင်းက တင်းရန်ဖုန်း ဖြစ်ပါတယ်။ ကျေးဇူးပြုပြီး ညွှန်ကြားပေးပါ"

လက်တစ်ဘက်ကို အသုံးပြု၍ သူသည်
မှော်ကျိန်စာ တစ်ခုအား ထုတ်ဖော်လိုက်၏။
သူ၏လက်ဝါးပေါ်မှ အလင်းစက်လေးများ
ပေါ်လာခဲ့သည်။

ထိုအလင်းစက်လေးများသည်
ပိုးစုန်းကြူးတစ်ကောင်ထက်ပင်
သေးငယ်သေး၏။ သူတို့သည်
ဆန်စေ့လေးများက လေထုအပေါ်တွင်
ဝဲပျံနေသကဲ့သို့ ထင်နေရသည်။ သူတို့သည်
လေထုထဲတွင် လျှို့ဝှက်ဆန်းကြယ်စွာနှင့်
တွန့်လိမ်သွားခဲ့ပြီး စုပေါင်းသွားခဲ့၏။

အလင်းစက်များသည် အလွန်အမင်း သေးငယ်သော်လည်း အန္တိမ တရားမျှတမှု အော်ရာကို ထုတ်လွှတ်နေခဲ့သည်။ သူသည် သန့်မာသော အပေါင်းစွမ်းအင်များဖြင့် ပြည့်နှက်နေခဲ့၍ အားလုံးတို့၏ ရင်ကို တုန်ခါစေခဲ့သည်။

သူတို့နှင့် ရင်ဆိုင်နေသော ငရဲလမ်းစဉ် ကျင့်ကြံသူ သုံးယောက်၏ မျက်နှာအပေါ်တွင် ထူးခြားသော အမူအရာများ ပေါ်လာကြသည်။ သူတို့သည် တစ်စုံတစ်ခုအား တွေးမိလိုက်သည့်အတိုင်း မျက်နှာပေါ်တွင် မယုံနိုင်သော အမူအရာများ ပေါ်လာကြ၏။

သူတို့သုံးယောက်သားတို့သည် သူတို့၏
ခန့်မှန်းချက်များ မှားယွင်းနေမည်ဟု
မျှော်လင့်ချက်ဖြင့် တင်းရန်ဖုန်းထံသို့
အာရုံစိုက်ကာ ကြည့်နေခဲ့သည်။

သို့သော်လည်း ကောင်းကင်သည် သူတို့၏
အလိုဆန္ဒများကို မဖြည့်ဆည်းပေးခဲ့ပေ။
ပို၍များသော ဆန်စေ့ကဲ့သို့ အလင်းစက်များ
စုစည်းလာခြင်းနှင့်အတူ သူတို့သည်
တင်းရန်ဖုန်း၏ လက်ဝါးအတွင်းတွင်
ဖြည်းဖြည်းချင်း စက်လုံးလေး တစ်ခုအဖြစ်သို့
ပြောင်းလဲသွားခဲ့၏။ အတွင်းမှ
တစ်ယောက်သည် စွမ်းအားကြီးသော
ဖျက်ဆီးခြင်း စွမ်းအားများကို ခံစားနိုင်ခဲ့သည်။

"ဒါက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ သန့်စင်သောယန် လျှို့ဝှက်ဆန်းကြယ်သော နှလုံးသား မိုးကြိုး ဖြစ်တယ်။ မင်း.. မင်းက သန့်စင်သောယန် တရားမျှတသော နှလုံးသား ကျမ်းစာကို လေ့ကျင့်ထားတာလား"

ငရဲလမ်းစဉ်မှ တပည့်များသည် လေးနက်သော အမူအရာများ ပေါ်လာကြသည်။ သူ၏စကားသည် လူအုပ်ကြီးအား ရုတ်ရုတ်သဲသဲ ဖြစ်သွားစေခဲ့၏။

ဟင်းလင်းပြင် ဘုရားကျောင်း၏ ပကတိ အခြေခံ တာအိုသည် နတ်ဘုရား နယ်မြေ အတွင်းတွင် အနိစ္စမ နည်းစနစ်ဟူ၍ တစ်ကမ္ဘာလုံး၏ သတ်မှတ်ခြင်းကို ခံထားရသည်။ အထူးသဖြင့် 'မဟာ'နှင့် 'ဟင်းလင်းပြင်' ကျမ်းစာတို့ ဖြစ်ကြသည်။ ဥပေက္ခာ မဟာလမ်းစဥ်နှင့် ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာတို့သည် အလွန့်ကို အစွမ်းထက်ကြသော ကျမ်းစာများ ဖြစ်ကြ၏။ သူတို့၏ ကျော်ကြားမှုသည် မူလကောင်းကင် ကမ္ဘာကြီး တစ်ခုလုံးအား ဖိန့်ဖိန့်တုန်စေခဲ့သည်။

သို့သော်လည်း အမှန်တွင် ထို'မဟာ'နှင့် 'ဟင်းလင်းပြင်' ကျမ်းစာတို့အပြင်

ဟင်းလင်းပြင် ဘုရားကျောင်း၏ ပကတိ
အခြေခံ တာအိုတို့တွင် အခြား
အစွမ်းထက်သော နည်းစနစ်ပေါင်း များစွာတို့
ရှိကြသေး၏။ နဂါးပုံပြောင်း ကျမ်းစာနှင့်
မဟာဟင်းလင်းပြင် အတွေးအခေါ်အား
ရှာဖွေခြင်း တို့သည် အစွမ်းထက်သော
ကျမ်းစာများ ဖြစ်ကြသည်။ ကျင့်ကြံသူများသည်
သူတို့အား ရရှိရန် အသက်ပင်စွန့်နိုင်ကြ၏။

ထိုကျမ်းစာများ အနက်တွင်
သိပ်ကျော်ကြားခြင်း မရှိသော်လည်း
အလွန်အမင်းကို ထူးခြားသည့်
သန့်စင်သောယန် တရားမျှတသော
နှလုံးသားကျမ်းစာ တစ်ခုရှိသည်။

သူ၏နာမည်အတိုင်း ကျင့်ကြံသူ
တစ်ယောက်သည် သန့်စင်သောယန်
စွမ်းအင်များဖြင့် ပြည့်ဝနေရမည် ဖြစ်၏။
ထို့မှပင် သူသည် ဤကျမ်းစာအား အပြည့်အဝ
လေ့ကျင့်နိုင်၍ သူ၏ အလားအလားများကို
အစွမ်းကုန် ထုတ်ဖော်နိုင်မည် ဖြစ်၏။

တစ်ချိန်တည်းမှာပင် သန့်စင်သောယန်
ဖြစ်တည်မှုသည် ထိုကျမ်းစာအား
စွမ်းအားတစ်ဝက် စိုက်ထုတ်ရုံဖြင့် အကျိုးနှစ်ဆ
ရစေခဲ့မည် ဖြစ်သည်။ ကြီးကြီးမားမား
အဖြစ်အပျက်များ မရှိခဲ့ပါက သူသည်
အကျိုးအမြတ် မြောက်မြားစွာကို ရနိုင်မည်
ဖြစ်သည်။

ထို့ကြောင့်ပင် ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူ အများစုတို့သည် သန့်စင်သောယန် တရားမျှတသော နှလုံးသားကျမ်းစာကို ကျင့်ကြံရန် မရွေးချယ်ခဲ့ကြပေ။ သို့သော်လည်း တစ်စုံတစ်ယောက်က ကျင့်ကြံဖို့ ရွေးချယ်ခဲ့လျှင် အကြောင်းပြချက်မှာ တစ်ခုတည်း ရှိ၏။

ထိုသူသည် သဘာဝအားဖြင့် အဖိုယန်စွမ်းအင်များဖြင့် ပြည့်ဝနေသောသူ ဖြစ်ပြီး ဒဏ္ဍာရီလာ သန့်စင်သောယန် ခန္ဓာကိုယ် ရှိသူများ ဖြစ်နိုင်သည်။

သန့်စင်သောယန် လျှို့ဝှက်ဆန်းကြယ်သော နှလုံးသား မိုးကြိုးသည် သန့်စင်သောယန် တရားမျှတသော နှလုံးသား ကျမ်းစာမှ ဆင်းသက်လာသည့် အစွမ်းထက်သော မှော်ကျိန်စာ တစ်ခုဖြစ်သည်။ သူသည် ပထမနေရာတွင်ပင် ရပ်တည်နိုင်ပေမည်။

သန့်စင်သောယန် ခန္ဓာကိုယ်အား မပိုင်ဆိုင်ထားသူသည် သန့်စင်သောယန် တရားမျှတသော နှလုံးသား ကျမ်းစာကို လေ့ကျင့်ရန် ရုန်းကန်ရမည် ဖြစ်သည်။ သူသည် အစွမ်းကုန် ကြိုးစားလျှင်ပင် သန့်စင်သောယန် လျှို့ဝှက်ဆန်းကြယ်သော နှလုံးသား မိုးကြိုးအား အသုံးပြုနိုင်မည် မဟုတ်ပေ။

ဘေးမှလူများသည် တင်းရန်ဖုန်း၏ လက်အတွင်းမှ ရွှေရောင်စက်လုံးလေးအား စိုက်ကြည့်နေကြသည်။ သူတို့၏ မျက်နှာများသည် လွန်စွာ လေးနက်နေကြကာ ပြောလိုက်ကြ၏။ "သန့်စင်သောယန် ခန္ဓာကိုယ် တစ်ခု..."

သန့်စင်သောယင် ခန္ဓာကိုယ်နှင့် သန့်စင်သောယန် ခန္ဓာကိုယ်တို့သည် လွန်စွာမှ ရှားပါး၍ မကြားဖူးသော အရာများ ဖြစ်ကြသည်။ သူတို့သည် အလွန်အမင်းကို အရေအတွက် နည်းပါး၍ သူတို့ကသာ မှန်ကန်သော မှော်ကျိန်စာများကို

လေ့ကျင့်နိုင်ပါက စွမ်းအားတစ်ဝက်
စိုက်ထုတ်ရုံဖြင့် အကျိုးနှစ်ဆကို ရရှိနိုင်မည်
ဖြစ်၏။

မူလကောင်းကင် ကမ္ဘာကြီးတွင် သူတို့အား
အရိုးအရင်းမြစ်အားဖြင့် ယှဉ်နိုင်သူမှာ အလွန်ကို
ရှားလှ၏။

သန့်စင်သောယန် တရားမျှတမှု နှလုံးသား
ကျမ်းစာသည် သန့်စင်သောယန်
ခန္ဓာကိုယ်နှင့်သူများ အတွက် အသင့်တော်ဆုံး
ကျမ်းစာဖြစ်သည်။

ဤအချက်နှစ်မျိုးကို ပေါင်းလိုက်သောအခါ
လူများသည် တင်းရန်ဖုန်းအား
ကြောက်ရွံ့လေးစားစွာဖြင့်
ကြည့်လိုက်ကြသည်။

သူတို့သည် ငယ်ရွယ်နုပျိုသောပုံ ပေါက်နေသည့်
တင်းရန်ဖုန်းသည် အမှန်လည်း
အသက်ငယ်ရွယ်သေးကြောင်းကို
ပြောနိုင်ကြသည်။ အသက်ငယ်ငယ်လေးနှင့်
ရွှေရောင်ဗဟိုချက်  အလယ်အလတ် အဆင့်သို့
ရောက်နိုင်နေပြီး သန့်စင်သောယန် ခန္ဓာကိုယ်
အဆင့်အတန်းနှင့် ပေါင်းလိုက်သောအခါ
သူ့တွင် အလွန်ကောင်းသော အလားအလာနှင့်

အလွန်တောက်ပသော အနာဂတ်
ရှိနေကြောင်းမှာ သိသာနေ၏။

"အလွန်အမင်းကိုမှ အစွမ်းထက်နေပြီဖြစ်တဲ့
တာအိုခြေလျှင် ခရီးသည်တွေကို
ထည့်မပြောနဲ့ဦး။ ဒွိစုံသူငယ်အိမ်နဲ့ ကျင့်ကြံသူနဲ့
ငါတို့အရှေ့က တင်းရန်ဖုန်းတို့က
ပါရမီရှင်တွေအထဲက ပါရမီရှင်၊ ရေပေါ်ဆီတွေ
အထဲက ရေပေါ်ဆီတွေ ဖြစ်နေခဲ့ပြီ"

တင်းရန်ဖုန်းသည် သူ၏အရှေ့မှ ရေကန်အား
တည်ငြိမ်စွာဖြင့် ကြည့်လိုက်သည်။ သူသည်
သူ၏လက်ချောင်းများကို ဖွဖွလေး ပုတ်လိုက်ရာ
ရွှေရောင်အလင်းတန်း စက်လုံးများမှ

လျှပ်စီးတစ်တန်း လင်းလက်စွာဖြင့်
ထွက်လာခဲ့သည်။

အလင်းတန်းက လင်းလက်သွားခြင်းနှင့်အတူ
ရေကန်ပေါ်တွင် ကွဲကြေသွားသော
အသံနှင့်အတူ ကောင်းကင်ကို ဝါးမျိုနေသော
ရေကြီးရေလျှံမှုများ ပျောက်ကွယ်သွားခဲ့၏။

ငရဲလမ်းစဥ်မှ တပည့်သုံးယောက်သားတို့သည်
မျက်စိပျက် မျက်နှာပျက်များ ဖြစ်နေကြ၏။

သံသရာဂိုဏ်းမှ အဖွဲ့ဝင်များ အနေဖြင့်
သူတို့သည် ရွှေရောင်ဗဟိုချက် အဆင့်သို့

ရောက်ခဲ့သော အချိန်တွင် အသက်အရွယ် မငယ်ကြတော့ချေ။ သူတို့သည် အလွန်အမင်း မာနကြီးကြကာ အခြားသူများက ဟင်းလင်းပြင် ဘုရားကျောင်းမှ တပည့်များအား ချီးကျူးနေကြသည်ကို ကြားခဲ့သောအခါ၊ လင်းဖုန်းက ယုမိသားစုနှင့် ရွှမ်းလင်သူတော်စင်တို့အား မည်ကဲ့သို့ အနိုင်ယူခဲ့သည်ကို ပြန်ပြော၍ ချေပခဲ့ကြသည်။

မည်သူကသိမည်နည်း၊ တင်းရန်ဖုန်းနှင့် သူ၏အဖော်တို့သည် ထိုအချိန်တွင် သူတို့ဘေးမှ ဖြတ်သွားခဲ့သည်။ ထိုစကားကို ကြားရသောအခါ တင်းရန်ဖုန်းသည် ဒေါသမထွက်ခဲ့ပဲ သူတို့အား ယှဉ်ပြိုင်ရန်

စိန်ခေါ်ခဲ့၏။ သူတို့သုံးယောက်သားသည် အနည်းငယ် စဥ်းစားလိုက်ကာ သူတို့သည် ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူများ ဖြစ်နေကြသည့်အတွက် လက်ခံခဲ့ကြသည်။

သို့သော်လည်း တင်းရန်ဖုန်း၏ သန့်စင်သောယန် လျှို့ဝှက်ဆန်းကြယ်သော နှလုံးသားမိုးကြိုးအား တွေ့လိုက်ရသောအခါ သူတို့သုံးယောက်သားသည် တင်းရန်ဖုန်းက ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်တွင်သာ ရှိနေသော်လည်း သူတို့က အနိုင်တိုက်နိုင်ကြမည် မဟုတ်ဟု သိနေကြ၏။

ထိုအချိန်တွင် သူတို့သုံးယောက်သားသည် အလွန်အမင်းကို ကသိကအောက် ဖြစ်နေသော အခြေအနေ တစ်ခုသို့ ကျရောက်သွားခဲ့သည်။ သူတို့သည် မည်ကဲ့သို့ ပြုလုပ်ရမည်မှန်းမသိ ဖြစ်နေကြချိန်တွင် ဝတ်ရုံနက်နှင့် လူတစ်ယောက်သည် ဟင်းလင်းပြင် အတွင်းမှ ထွက်လာခဲ့သည်။

"အခြေတည်ဝိညာဥ် အဆင့်က ကျင့်ကြံသူ" လူအုပ်ကြီးက တီးတိုးရေရွတ်လိုက်ကြ၏။ ထိုသက်လတ်ပိုင်း လူကြီး၏ ဝတ်ဆင်ပုံနှင့် သူ၏ မှော်စွမ်းအင် ထုတ်လွှတ်မှုကို ကြည့်လိုက်ကြခြင်းဖြင့် အားလုံးတို့သည် သူက

သံသရာဂိုဏ်း ငရဲလမ်းစဉ်မှ ဂရန်းမာစတာ တစ်ယောက်ဖြစ်မှန်းကို သိလိုက်ကြသည်။

ထိုဝတ်ရုံနက်နှင့် သက်လတ်ပိုင်းလူသည် သူ၏တပည့်များကို ကြည့်လိုက်ရာ သူတို့သည် ခေါင်းများကို ချက်ချင်းငုံ့လိုက်ကြ၍ နောက်ဆုတ်သွားခဲ့ကြသည်။

တင်းရန်ဖုန်း၏ ချောမောသော မျက်နှာသည် ပြုံးလာခဲ့၍ သူ၏လက်များကို ဆုပ်လိုက်ကာ နှုတ်ဆက်လိုက်သည်။ "စီနီယာက ဆက်လက်ပြီးတော့ ယှဉ်ပြိုင်ချင်ရင် ကျွန်တော်က ဝမ်းမြောက်စွာနဲ့ ကြိုဆိုပါတယ်"

ထိုအဆိုပြုချက်သည် လူအုပ်ကြီးအား
အုန်းအုန်းကျွတ်ကျွတ် ဖြစ်သွားစေခဲ့သည်။
တစ်ယောက်ကမှ ရွှေရောင်ဗဟိုချက်
အလယ်အလတ် အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်က အခြေတည်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူ တစ်ယောက်အား ကြောက်ရွံ့မှု
ကင်းမဲ့စွာနှင့် စိန်ခေါ်လိမ့်မည်ဟု
ထင်မထားကြချေ။

အားလုံးတို့သည် ဟင်းလင်းပြင်
ဘုရားကျောင်းမှ တပည့်များသည်
ပါရမီရှင်များဖြစ်ကြကာ
အစွမ်းအလွန်ထက်ကြသည်ကို သိနေကြ၏။

သို့သော်လည်း သူတို့သည် နှိမ့်နှိမ့်ချချ နေတတ်ကြသည်။ တင်းရန်ဖုန်းသည် ယဉ်ကျေးစွာ ပြောဆိုနေခဲ့သော်လည်း သူ၏ လေသံတွင် မောက်မာမှုများ ရှိနေသည်ကို သိနိုင်ခဲ့သည်။

"နေပါဦး၊ မဟုတ်မှလွဲရော..." လူအုပ်ကြီးသည် တီးတိုးရေရွတ်လိုက်ကြကာ လော်ချင်းဝူနှင့် ကျွင်းကျိနင်တို့ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ "ဒါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို စိန်ခေါ်မှုပဲလား"

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်
လက်ရှိအချိန်တွင် သူ၏ စွမ်းအားကြီးသော
တပည့်များဖြင့် တောက်ပနေခဲ့သည်။
ထို့ကြောင့် ဟင်းလင်းပြင် ဘုရားကျောင်းသည်
အရိပ်အမိုးခံရသကဲ့သို့ ဖြစ်နေခဲ့၏။

အစောပိုင်းတွင် ဟင်းလင်းပြင် ဘုရားကျောင်းမှ
လူငယ်မျိုးဆက် ဖြစ်သော ရှီထျန်းရီသည်
ရှီထျန်းဟောင်အား ဟင်းလင်းပြင်
ဘုရားကျောင်း၏ ဂုဏ်အရှိန်အဝါဖြင့်
လွှမ်းမိုးနိုင်ခဲ့၏။ သို့သော်လည်း ရှီထျန်းရီသည်
ဟင်းလင်းပြင် စစ်တလင်းအတွင်းတွင်
ဝမ်လင်း၏ မျက်စိကန်းအောင်

အလုပ်ခံရအပြီးတွင် သူတို့၏ နာမည်သည် ပျက်သွားခဲ့သည်။

ယနေ့အချိန်တွင် တစ်ယောက်က ပါရမီရှင် လူငယ်များအား ပြောဆိုကြသည့် အချိန်တွင် ရှောင်ယန်၊ ဝမ်လင်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များ အကြောင်းကိုသာ ပြောဆိုနေကြသည်။

အနက်ရောင် သက်လတ်ပိုင်း လူကြီးသည် တင်းရန်ဖုန်းအား အေးစက်စွာဖြင့် စိုက်ကြည့်နေခဲ့၏။ တင်းရန်ဖုန်သည် တည်ငြိမ်နေခဲ့သော်လည်း ပြုံး၍ သူ့အားပြန်ကြည့်နေခဲ့သည်။

"ဟွန်" အနက်ရောင် သက်လတ်ပိုင်း
လူကြီးသည် ဘာမှမပြောတော့ပဲ
သူ၏လက်ချောင်းအား လှုပ်လိုက်သည်။
ချက်ချင်းပင် စွမ်းအားကြီးသော မှော်ကျိန်စာ
ဝက်ပါတစ်ခု ပေါ်လာခဲ့၍ တင်းရန်ဖုန်းအား
ဖုံးလွှမ်းလိုက်၏။

သူ၏ ပြိုင်ဘက်သည် ဟင်းလင်းပြင်
ဘုရားကျောင်းမှ တရားဝင် တပည့်တစ်ယောက်
ဖြစ်သော်လည်း သူသည် ရွှေရောင်ဗဟိုချက်
အဆင့်မှ တပည့်တစ်ယောက်က သူ့အား
အရှက်ရစေခြင်းအား လက်မခံနိုင်ပေ။ သူသည်
သူ့အားသတ်မည် မဟုတ်သော်လည်း

သင်ခန်းစာကောင်းကောင်း ပေးရမည်
ဖြစ်သည်။

အနက်ရောင် ဝတ်စုံဖြင့် သက်လတ်ပိုင်း
လူကြီး၏ မှော်ကျိန်စာသည် ရွှေရောင်ဗဟိုချက်
အဆင့်မှ တပည့်များ၏ မှော်ကျိန်စာနှင့်
မတူပေ။ သူ၏မှော်ကျိန်စာသည် အချင်းဝက်
ပိုကြီးကာ သူ၏ ထိန်းချုပ်မှုကြောင့်သာ
မဟုတ်လျှင် ရှီးလင်မြို့ တစ်ဝက်အား
ဖုံးလွှမ်းသွားမည် ဖြစ်သည်။

ထိုသို့သာဆိုလျှင် ရှီးလင်မြို့၏ အကာအကွယ်
စနစ်များက အသက်ဝင်လာမည် ဖြစ်ကာ
သူကလည်း ကပ်ဘေးဆိုက်သွားမည် ဖြစ်၏။

တင်းရန်ဖုန်းသည် တည်ငြိမ်စွာဖြင့်သာ စိုက်ကြည့်နေခဲ့သည်။ သူ့စကားများသည် တစ်ဘက်သား အပေါ်တွင် ထိခိုက်မှု ရှိသည်ဟု မခံစားနေရပေ။

သူ၏အမြင်တွင် သူပြောခဲ့သမျှ အရာအားလုံးသည် ပုံမှန်သာဖြစ်သည်။

သန့်စင်သောယန် လျှို့ဝှက်ဆန်းကြယ်သော နှလုံးသားမိုးကြိုးသည် သူ၏လက်အတွင်းတွင် လွင့်မျောနေခဲ့၏။ ဤအချိန်တွင် သူသည်

သူ့အား မလှုံ့ဆော်ခဲ့ပဲ ထိုရွှေရောင်စက်လုံးအား ပစ်လွှတ်လိုက်သည်။

ထိုမြင်ကွင်းသည် ကြည့်နေကြသူများအား အံ့သြတုန်လှုပ်စေခဲ့သည်။ သန့်စင်သောယန် လျှို့ဝှက်ဆန်းကြယ်သော နှလုံးသားမိုးကြိုးသည် ဝက်ပါများကို ချိုးဖောက်ရန် အသင့်တော်ဆုံး နည်းစနစ်ဖြစ်သည်။

"ကျုပ်က သံသရာဂိုဏ်းရဲ့ ငရဲလမ်းစဥ်ဟာ နတ်ဘုရားနယ်မြေမှာ ဝက်ပါပညာနဲ့ ပတ်သတ်ပြီးမှ ကျော်ကြားတယ်လို့ ကြားဖူးခဲ့တာ ကြာပြီ။ ဒီကနေ့မှာမှ

စီနီယာဆီကနေ မှော်ဝက်ပါတွေကို လေ့လာရတယ်" တင်းရန်ဖုန်းက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ သူ၏ လက်ဝါးများကို စုစည်းလိုက်ကာ ဖွဖွလေး လှုပ်လိုက်သည်။ ချက်ချင်းပင် ရွှေရောင်အလင်းတန်း ထောင်ပေါင်းများစွာတို့သည် လေထုအပေါ်သို့ ပျံတက်သွားကြသည်။

ထိုရွှေရောင်အလင်းတန်းများသည် လေပေါ်တွင် အချင်းချင်း ကြက်ခြေခတ်လိုက်ကြကာ စစ်တုရင်ခုံအလား ကွန်ယက်တစ်ခု ဖြစ်သွားခဲ့၏။

ထိုရွှေရောင်ကွန်ယက်သည် အနက်ရောင် ဝတ်စုံနှင့်လူ၏ ဝက်ပါနှင့် ထိပ်တိုက်တွေ့ခဲ့ကြသည်။ ချက်ချင်းပင် သူသည် အေးခဲသွားခဲ့ကာ ကွန်ယက်အတွင်းမှ အလင်းတန်းများက ပြောင်းလဲသွားခဲ့၍ ပုံသဏ္ဍာန် ပြောင်းသွားခဲ့ကာ ဝက်ပါအတွင်းသို့ ဖြတ်တောက်ဝင်ရောက်သွားခဲ့သည်။

ဝတ်ရုံနက်နှင့်သူသည် စွမ်းအားအသာစီး ရနေခဲ့သော်လည်း သာမန် ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူတစ်ယောက်နှင့် ယှဥ်ပြိုင်သည်ထက် များစွာနည်းပါးနေသည်ကို သတိပြုမိလိုက်သည်။

ထို့အပြင် သူ့ပြိုင်ဘက်၏ မော်စွမ်းအင်သည်
လွန်စွာသန့်စင်၍ ယန်ခါတ်လွန်ကဲကာ
အရည်အသွေး ကောင်းမွန်လှသည်။
သို့သော်လည်း သူ၏ကိုယ်ပိုင်မော်စွမ်းအင်မှာ
ထပ်မံအားဖြည့်၍ ရသေးသည်။

အနက်ရောင်ဝတ်ရုံနှင့် သူသည်
စိတ်ဝင်စားသွားခဲ့သည်။ သူသည်
သူ့ပြိုင်ဘက်အား မော်စွမ်းအင်ဖြင့် အနိုင်ယူရန်
မကြိုးစားတော့ပဲ တင်းရန်ဖုန်းအား မော်ဝက်ပါ
ပြောင်းလဲမှုဖြင့်သာ အသာစီးရယူရန်
ကြိုးစားနေခဲ့၏။

နှစ်ဦးနှစ်ဘက်တို့သည် ကွဲပြားခြားနားသော မော်ဝက်ပါများဖြင့် အဆက်မပြတ် တိုက်ခိုက်နေခဲ့သည်။ ပြောင်းလဲမှုများစွာတို့သည် ပြင်းထန်မှု မရှိသော်လည်း လူသတ်လိုစိတ်များဖြင့် ပြည့်နေခဲ့သည်။ တစ်ချက်မှားလိုက်သည်နှင့် ရှုံးနိမ့်သွားမည် ဖြစ်သည်။

အနက်ရောင် ဝတ်စုံနှင့်သူသည် တိုက်ခိုက်နေရင်း သူ့ပြိုင်ဘက်၏ မော်ကျိန်စာ ဝက်ပါတို့သည် အချိန်ကြာလာလေလေ ပိုမိုအစွမ်းထက်လာလေလေ ဖြစ်သည်ကို သဘောပေါက်လာသောအခါ ထိတ်လန့်တုန်လှုပ်လာခဲ့သည်။ သူ၏ အစပိုင်း

အသာစီးရမှုများသည် တဖြည်းဖြည်း
အားနည်းလာခဲ့ကာ သူတို့သည် လက်ရည်တူ
ယှဥ်ပြိုင်နေကြ၏။

တင်းရန်ဖုန်း၏ အဓိက အားသာချက်သည်
မှော်ကျိန်စာ ဝက်ံပါမဟုတ်ချေ။

သို့သော်လည်း သူသည် သံသရာဂိုဏ်းမှ
အခြေတည်ဝိညာဥ် အဆင့် ဂရန်းမာစတာအား
မှော်ဝက်ံပါ တိုက်ပွဲဖြင့် စိန်ခေါ်ရဲသည့်
ယုံကြည်ချက် ရှိနေသည်။

ထိုအချိန်တွင် တင်းရန်ဖုန်း၏ မျက်လုံးအစုံသည် ဘေးဘက်ကို ဝေ့ကြည့်လိုက်ကာ လက်ကနဲ ဖြစ်သွားခဲ့သည်။ "ငါက သန့်စင်သောယင် ခန္ဓာကိုယ် တစ်ခုကို အာရုံခံမိနေတယ်"

ဝတ်ရုံနက်နှင့် သက်လတ်ပိုင်း လူကြီး၏ နှလုံးသားသည် စိမ့်ကနဲ ဖြစ်သွားခဲ့ကာ ကြည့်နေသော လူများအားလုံးတို့သည်လည်း တုန်လှုပ်သွားကြသည်။ တင်းရန်ဖုန်းသည် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူနှင့် တိုက်ခိုက်နေစဉ် အတွင်းတွင် အခြားအရာများကို ဂရုစိုက်နေနိုင်လိမ့်မည်ဟု တစ်ယောက်ကမှ ထင်မထားခဲ့ပေ။

အနက်ရောင် ဝတ်စုံနှင့် သက်လတ်ပိုင်း လူကြီးက တွေးလိုက်သည်။ "အခြေအနေ ကြည့်ရတာ ငါတို့နှစ်ယောက်စလုံးက အစွမ်းကုန် တိုက်ခိုက်ရင်တောင် အနိုင်အရှုံးက ပေါ်မှာမဟုတ်ဘူး"

တင်းရန်ဖုန်း၏ အကြည့်သည် လူအုပ်အတွင်းသို့ ဝေ့ကြည့်လိုက်ရာ လော်ချင်းဝူ၏ အပေါ်သို့ ကျရောက်လာခဲ့သည်။ သူသည် သူမအား အချိန်အတန်ကြာ အကဲခတ်လိုက်ပြီး သူ၏မျက်နှာအပေါ်တွင် ပျော်ရွှင်သည့် အမူအရာများ ပေါ်လာခဲ့သည်။ "မင်းကတကယ်ကို သန့်စင်သောယင် ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားတာပဲ"

အခြားတစ်ဘက်တွင် သူ၏အဖော်ဖြစ်သော ဝတ်ရုံဖြူနှင့် မိန်းကလေးသည် လော်ချင်းဝူအား ကြည့်လိုက်သည်။ သူမအား ခေတ္တမျှ အကဲခတ်အပြီးတွင် ပြုံးလိုက်ကာ လိုလီတာလေး၏ အရှေ့သို့ လျှောင်မြန်စွာနှင့် ရောက်လာခဲ့၏။

သူမက ပြုံးလိုက်ကာ နူးညံ့စွာဖြင့် မေးလိုက်သည်။ "အစ်မက ပိုင်ရှီချန်လို့ ခေါ်ပါတယ်၊ ညီမလေးရဲ့ နာမည်က ဘယ်လိုခေါ်သလဲ"

"ညီမလေးမှာ ကိုယ်ပိုင်ဂိုဏ်း ရှိသလား"

အားလုံး၏ အကြည့်တို့သည် လိုလီတာလေး၏ အပေါ်သို့ ကျရောက်လာကြသည်။ ပိုင်ရှိချန်၏ စကားများသည် သိသာနေခဲ့၏။

ဟင်းလင်းပြင် ဘုရားကျောင်းသည် ထိုဆယ်နှစ်အရွယ် ကောင်မလေးအား မျက်စိကျနေခဲ့လေပြီ။

တင်းရန်ဖုန်း၏ ယခင်က စကားများနှင့် ဆက်စပ်ကြည့်လိုက်သောအခါ လူအုပ်ကြီးသည် သဘောပေါက်သွားကြသည်။
"သန့်စင်သောယန် ခန္ဓာကိုယ်ကို

ပိုင်ဆိုင်ထားတဲ့ တင်းရန်ဖုန်းအပြင်
ဟင်းလင်းပြင် ဘုရားကျောင်းက
သန့်စင်သောယင် ခန္ဓာကိုယ် တစ်ယောက်ကိုပါ
တပည့်အဖြစ် သိမ်းသွင်းချင်နေတာလား"

## စာစဥ် ၃၇ : အပိုင်း ၁၄

## အပိုင်း ၅၆၄ : လိုလီတာလေး၏ ရည်ရွယ်ချက်

ပိုင်ရှီချန်၏ အသွင်အပြင်သည် သန့်စင်နူးညံ့ကာ
အနည်းငယ် အားနည်းသည့်ပုံ ပေါက်နေသည်။
သို့သော်လည်း ဟင်းလင်းပြင် ဘုရားကျောင်း၏
လက်ရင်းတပည့်တစ်ယောက် အနေနှင့် သူ့အား

မည်သူကမှ မထင်မသေးရဲကြပေ။ သူမ၏
လေသံမှာ ညင်သာပျော့ပျောင်းကာ
အလွန်အမင်း ဖော်ရွေသည့်ပုံ ပေါက်နေသည်။

သူမသည် ဖွဖွလေး ပြုံးလိုက်ကာ
လော်ချင်းဝူအား ကြည့်လိုက်ပြီး တိုးညင်းစွာနှင့်
မေးလိုက်သည်။ "ညီမလေး၊ မင်းရဲ့နာမည်က
ဘယ်လိုခေါ်သလဲ၊ မင်းမှာ ဆရာရှိသလား"

ပိုင်ရှီချန်၏ ရည်ရွယ်ချက်များမှာ သိသာနေ၏။
ဟင်းလင်းပြင် ဘုရားကျောင်းသည်
လော်ချင်းဝူအား တပည့်အဖြစ်
လက်ခံချင်နေခြင်း ဖြစ်သည်။

ဘေးမှသူများ အားလုံးတို့သည်
လိုလီတာလေးအား ကြည့်လိုက်ကြကာ
သက်ပြင်းတိုးတိုးလေး ချလိုက်ကြသည်။
"ကံကောင်းလိုက်တာ။ သန့်စင်သောယင်
ခန္ဓာကိုယ်နဲ့ မွေးဖွားလာပြီး ဟင်းလင်းပြင်
ဘုရားကျောင်းရဲ့ မျက်စိကျတာကို ခံနေရပြီ။
သူမက သူတို့ဂိုဏ်းကို ဝင်ပြီးသွားရင်
ဘာမှပူစရာ မလိုတော့ပဲ တောက်ပတဲ့
အနာဂတ်ကို ပိုင်ဆိုင်နိုင်တော့မယ်"

အချို့သူများသည် သူတို့၏ အကြည့်အား
သံသရာဂိုဏ်းမှ အခြေတည်ဝိညာဥ် အဆင့်
ဂရန်းမာစတာနှင့် တင်းရန်ဖုန်းတို့၏

တိုက်ပွဲအား
ပြန်လည်အာရုံစိုက်လိုက်ကြသော်လည်း
ထိုဖြစ်ရပ်အား နားစွင့်နေကြသည်။

"ဟင်းလင်းပြင် ဘုရားကျောင်းမှာ
သန့်စင်သောယင် ခန္ဓာကိုယ်နဲ့
သန့်စင်သောယန် ခန္ဓာကိုယ်တို့ကို
တစ်ပြိုင်နက်တည်း တပည့်တွေအဖြစ်
လက်ခံဖူးတဲ့ ရာဇဝင်ရှိတယ်။ သိပ်မကြာခင်မှာ
သူတို့က စုံတွဲတွေ ဖြစ်သွားကြပြီး
တစ်ယောက်နဲ့တစ်ယောက် အထောက်အပံ့
ပြုနိုင်ကြတယ်။ သူတို့ရဲ့ စွမ်းဆောင်ရည်တွေက
တစ်ယောက်ချင်းစီ စွမ်းဆောင်နိုင်တာထက်
အများကြီး ပိုသာခဲ့တယ်"

"ကြည့်ရတာ ဟင်းလင်းပြင် ဘုရားကျောင်းက ဒီအခြေအနေကို ပြန်ပြီးတော့ ဖန်တီးချင်နေတယ်နဲ့ တူတယ်"

တင်းရန်ဖုန်းသည် သံသရာဂိုဏ်းမှ ဂရန်းမာစတာအား ယှဉ်ပြိုင်နေရင်း သူ၏ အကြည့်အား လူအုပ်ကြီးထံသို့ ဝေ့ကြည့်လိုက်၏။ သူသည် လော်ချင်းဝူအား သတိပြုမိလိုက်သော်လည်း သူ၏ အမူအရာသည် သိသိသာသာ မပြောင်းလဲသွားခဲ့ပေ။

ပိုင်ရှိချန်သည့် အသက်ဆယ်နှစ်ခန့်သာ ရှိသေးသော လေဝ်ချင်းဝူအား ဤကဲ့သို့သော ကိစ္စမျိုးကို ပြောမည်မဟုတ်ပေ။

သူမသည် လေဝ်ချင်းဝူအား ငြိမ်သက်စွာနှင့်ပင် ကြည့်နေခဲ့၏။

လိုလီတာလေးသည် သူမ၏ မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ကာ ကြည်လင်သော အသံဖြင့် ပြန်ဖြေလိုက်သည်။ "ကျွန်မမှာ ဆရာမရှိပါဘူး။ ကျွန်မက ငယ်စဉ်ကတည်းက အဖေနဲ့ အမေတို့နဲ့ တာအိုကို လေ့လာသင်ယူခဲ့တာပါ"

"ဒါက ပြဿနာ မဟုတ်ပါဘူး" ပိုင်ရှီချန်က ညင်သာစွာနှင့် ပြောလိုက်သည်။ "ငါကလည်း မိသားစုဝင်တွေနဲ့ တာအိုကို လေ့လာခဲ့တာပဲ"

သူမသည် သူမ၏ လက်ကို ဆန့်တန်းလိုက်ကာ လော်ချင်းဝူ၏ လက်အား အသာကိုင်လိုက်သည်။ "ညီမလေး၊ ဟင်းလင်းပြင် ဘုရားကျောင်း ဆိုတာကို ကြားဖူးသလား"

လော်ချင်းဝူက ခေါင်းညိတ်လိုက်ရာ ပိုင်ရှီချန်၏ အပြုံးသည် ပို၍ တောက်ပလာခဲ့သည်။

"မင်းကိုယ်မင်း ဘာခန္ဓာကိုယ်ကို
ပိုင်ဆိုင်ထားတယ် ဆိုတာကို သိသလား"

"ကျွန်မသိပါတယ်" လော်ချင်းဝူက
တင်းရန်ဖုန်းအား ကြည့်လိုက်သည်။
"ကျွန်မကသူနဲ့ လိုက်ဖက်ညီတယ်"

"ဟုတ်တယ်" ပိုင်ရှီချန်က ပြုံးလိုက်ကာ
ပြောလိုက်သည်။ "မင်းက 'တောက်ပသော
လေဟာနယ် သန့်စင်သောယင်
ရတနာကျမ်းစာ' ဆိုတာကို ကြားဖူးသလား"

လော်ချင်းဝူသည် အတန်ငယ်
အံ့အားသင့်သွားကာ သူမ၏ခေါင်းအား
ခါလိုက်သည်။

သူတို့၏ အနားမှာ ကျင့်ကြံသူတစ်ယောက်က
ပြောလိုက်သည်။ "တောက်ပသော လေဟာနယ်
သန့်စင်သောယင် ရတနာကျမ်းစာက
သန့်စင်သောယန် တရားမျှတသော နှလုံးသား
ကျမ်းစာနဲ့  အတွဲအဖက် ကျမ်းစာဖြစ်တယ်။
သူက သန့်စင်သောယင် ခန္ဓာကိုယ် အတွက်
အသင့်တော်ဆုံး နည်းစနစ်ဖြစ်တယ်။
သူတို့နှစ်ယောက်သာ ပူးပေါင်းလိုက်ရင်
သူတို့မှာ အဆုံးမဲ့ အလားအလာတွေ
ရှိလိမ့်မယ်"

သူတို့ဘေးမှ ကျင့်ကြံသူများသည်
တီးတိုးရေရွတ်နေကြကာ လေဘ်ချင်းဝူသည်
အမတန်မှ ကံကောင်းကြောင်းကို
တွေးနေကြသည်။ သူမသည် သန့်စင်သောယင်
ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသည့်အပြင် အပြင်ကို
ခဏထွက်လည်ရာတွင် ဟင်းလင်းပြင်
ဘုရားကျောင်းမှ လက်ရင်းတပည့်များနှင့်
တွေ့နိုင်ခဲ့သည်။ သူမ၏ အရိုးအရင်းမြစ်နှင့်
ကောင်းချီးမင်္ဂလာတို့သည်
မယုံနိုင်လောက်အောင် မြင့်မားပေမည်။

အချို့မနာလိုသောသူများက တွေးနေကြသည်။ "သေစမ်း၊ ကြည့်ရတာ တစ်ယောက်ရဲ့ မွေးရာပါ အလားအလာက အရမ်းကို အရေးကြီးတာပဲ"

အားလုံးတို့က လေးစားအားကျနေကြချိန်တွင် ပိုင်ရှီချန်၏ မျက်နှာတွေ မောက်မာမှု အရိပ်အယောင် တစ်ခုမှ မရှိပေ။ သူမသည် အနည်းငယ် ကသိကအောက် ဖြစ်သွားသည့် ပုံပင် ပေါက်သွားခဲ့သည်။ သူမသည် လော်ချင်းဝူအား တောင်းပန်သည့် အကြည့်ဖြင့် ကြည့်လိုက်ကာ တိုးညင်းစွာ ပြောလိုက်၏။ "တောင်းပန်ပါတယ်။ အစ်မတို့ တခြားနေရာမှာ ဆက်ပြောကြရအောင်"

လော်ချင်းဝူ၏ မျက်နှာမှာ အကဲခတ်ရန် ခက်ခဲလှပြီး သူမ၏ဘေးမှ ကျွင်းကျိုနင်မှာ သူမအား ကြည့်လိုက်ကာ ခေါင်းကို ခါပြလိုက်၏။

အရိပ်ပြလျှင် အကောင်မြင်လွယ်သော ပိုင်ရှီချန်က မေးလိုက်သည်။ "မင်းတို့က မင်းတို့ရဲ့ မိသားစုဝင်တွေနဲ့ အဆက်အသွယ် ပြတ်သွားမှာကို စိုးရိမ်နေတာလား။ မပူပါနဲ့၊ အစ်မက သူတို့ကို ရှာပေးပါမယ်။ ဒီလိုမျိုး ကိစ္စတွေက သူတို့နဲ့ ဆွေးနွေးသင့်တာပေါ့"

လော်ချင်းဝူက သူမ၏ခေါင်းကို ခါလိုက်ကာ ပြောလိုက်သည်။ "မလိုပါဘူး။ ကျွန်မရဲ့ မိသားစုဝင်တွေက ရှီးလင်မြို့မှာ ရှိမနေကြဘူး"

သူမသည် ခေတ္တမျှ ရပ်လိုက်ကာ ပိုင်ရှီချန်အား ပြုံးကာပြောလိုက်သည်။ "ဘာပဲပြောပြော ကျွန်မက ဂိုဏ်းတစ်ဂိုဏ်းကို ဝင်ချင်ရင် သူတို့နဲ့ တိုင်ပင်စရာ မလိုပါဘူး။ ကျွန်မက ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ချနိုင်တယ်"

"ဒါ.. ဒါကတော့ သိပ်ပြီး မသင့်တော်ဘူးလို့ ထင်တယ်" ပိုင်ရှီချန်က အနည်းငယ် ပြုံးလိုက်သည်။ လော်ချင်းဝူက သူမ၏ခေါင်းကို ခါလိုက်ကာ ဘေးမှ ကျွင်းကျိုနင်အား

ညွှန်ပြလိုက်သည်။ "အစ်မက မယုံရင် သူမကို မေးနိုင်ပါတယ်"

ကျွင်းကျိနင်ကလည်း အနည်းငယ် အံ့အားသင့်သွားခဲ့၏။ ပိုင်ရှီချန်၏ အကြည့်သည် သူမထံသို့ ကျရောက်လာသောအခါ သူမက ခေါင်းညိတ်လိုက်ကာ ပြောလိုက်သည်။ "ဟုတ်တယ်၊ သူမက ဒီလိုမျိုး ကိစ္စတွေမှာ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ချနိုင်တယ်"

အားလုံးတို့သည် ထိုစကားကို ကြားရသောအခါ ရယ်လိုက်ကြသည်။ "တုံးအတဲ့ ကောင်မလေးတွေ၊ သူတို့က အိမ်နဲ့ ရန်ဖြစ်ပြီး ထွက်ပြေးလာတာ ဖြစ်ရင်ဖြစ်၊ မဟုတ်လို့ရှိရင်

ဟင်းလင်းပြင် ဘုရားကျောင်းကို ဝင်ဖို့ ဆုံးဖြတ်ထားပြီး ဒီအခွင့်အရေးကို လက်လွှတ်သွားမှာ ကြောက်နေလို့ ဖြစ်ရမယ်"

"ဟင်းလင်းပြင် ဘုရားကျောင်းကို ဝင်ဖို့ ဆုံးဖြတ်ထားတဲ့ လူတိုင်းဟာ ဆုံးဖြတ်ချက်ချဖို့ တွေဝေနေမှာ မဟုတ်ဘူး။ ကြည့်ရတာ ဒီကောင်မလေးက စိတ်ပိုင်းဖြတ်ထားပြီးပြီနဲ့ တူတယ်။ သူမရဲ့ အနာဂတ်က တကယ့်ကို တောက်ပနေပြီပဲ"

ပိုင်ရှီချန်၏ အကြည့်သည် လော်ချင်းဝူထံသို့ ပြန်ရောက်သွားခဲ့ကာ ပြောလိုက်သည်။
"ဒီလိုဆိုတော့..."

လော်ချင်းဝူက ခေါင်းညိတ်လိုက်ကာ ပြောလိုက်သည်။ "ဟုတ်တယ်၊ ကျွန်မက ဂိုဏ်းတစ်ဂိုဏ်းကို ဝင်ချင်ရင် အဲ့ဒီကို တန်းသွားလိုက်ရုံပဲ။ ကျွန်မမိသားစုရဲ့ သဘောတူညီမှုကို မလိုဘူး"

ပိုင်ရှီချန်သည် လော်ချင်းဝူ၏ လက်ကို အသာဆုပ်ကိုင်လိုက်ကာ ပြုံး၍ပြောလိုက်သည်။ "ဒါဆိုရင်လည်း ညီမလေးက အစ်မတို့နဲ့ လိုက်ခဲ့ပါလား။ ဒါပေမဲ့ စီနီယာတင်းရဲ့ တိုက်ပွဲပြီးအောင်တော့ စောင့်ရဦးမယ်"

လော်ချင်းဝူက သူမ၏ခေါင်းအား လှည့်လိုက်ကာ ပြောလိုက်သည်။ "ဒါပေမဲ့ ကျွန်မက ဟင်းလင်းပြင် ဘုရားကျောင်းကို ဝင်ချင်တယ်လို့လည်း မပြောရသေးပါလား။ ပြီးတော့ ကျွန်မက ရှင့်နောက်ကို လိုက်မယ်လို့လည်း မပြောခဲ့ပါဘူး"

ထိုစကားအား ကြားရသောအခါ လူအုပ်ကြီး တစ်ခုလုံးက ကြက်သေသေသွားခဲ့သည်။

တင်းရန်ဖုန်းသည် ပထမဆုံး အာရုံလွင့်ပျံ့သွားသောသူ ဖြစ်၏။ သူ၏ မှော်ကျိန်စာ ဝက်ံပါအား မှားယွင်းတွက်ချက်မိသဖြင့် ပြိုင်ဘက်၏

ထောင်ချောက်အတွင်းသို့ ကျရောက်လုမတတ်
ဖြစ်သွားခဲ့၏။

သို့သော်လည်း သူ၏ပြိုင်ဘက်မှာလည်း
အာရုံစူးစိုက်မှု လျော့နည်းသွားသဖြင့်
စိတ်ပူစရာ မလိုခဲ့ပေ။

လူအုပ်ကြီး တစ်အုပ်လုံးသည် လော်ချင်းဝူအား
အံ့အားသင့်စွာနှင့် စိုက်ကြည့်နေကြ၏။
အားလုံး၏ ဦးနှောက်အတွင်းတွင်
မေးခွန်းအမှတ်များနှင့် ပြည့်နေခဲ့၏။

ထိုကောင်မလေးသည် ဘာကိုများ
လိုချင်နေပါသနည်း။ သူမသည် မဟာ
အခွင့်အရေး တစ်ခုအား
ဖြုန်းတီးပစ်လိုက်သည်နှင့် မတူနေပါလော။
သန့်စင်သောယင် ခန္ဓာကိုယ်ကို
ပိုင်ဆိုင်ထားသူတစ်ယောက် အနေနှင့် သူမ၏
စတင်သောအမှတ်သည် အခြားသူများထက်
များစွာပို၍ သာနေ၏။ လုံလောက်သော
ကျင့်ကြံမှုနှင့်သာဆိုလျှင် သူမ၏ အနာဂတ်
လမ်းကြောင်းသည် ကျန်သောသူများထက်
များစွာပို၍ ချောမွေ့နေမည် ဖြစ်သည်။

သို့သော်လည်း ပင်ကိုစွမ်းရည် ပါလာခြင်းအား
အောင်မြင်ခြင်းဟု ဘာသာပြန်၍ မရချေ။

ပါရမီရှင် တစ်ယောက်အား စွမ်းအားကြီးသော
ကျင့်ကြံသူ တစ်ယောက်အဖြစ်သို့
ပြောင်းလဲနိုင်ရန်အတွက် သူမသည်
အလားအလာများကို တကယ့်စွမ်းအား
အဖြစ်သို့ ပြောင်းလဲနိုင်ရန် လိုအပ်သည်။

မူလကောင်းကင် ကမ္ဘာကြီး တစ်ခုလုံးတွင်
ပါရမီရှင်လေးများသည် ရေကန်အတွင်းမှ
ရွှေငါးများနှင့် တူနေ၏။ သူတို့သည်
များပြားလွန်းသဖြင့် ရေတွက်၍ပင် မရချေ။
သို့သော်လည်း သူတို့အတွင်းမှ
အနည်းငယ်သာလျှင် ထိပ်ဆုံးသို့
ရောက်ရှိနိုင်ကြခြင်း ဖြစ်သည်။

ပါရမီရှင် တစ်ယောက်၏ ကြီးထွားမှုတွင် အချက်များစွာ၏ လွှမ်းမိုးမှုရှိသည်။ အနည်းငယ် လွဲချော်သွားလျှင် သူ၏ကံကြမ္မာ တစ်ခုလုံး ပြောင်းသွားနိုင်၏။

ပါရမီရှင်များသည် သာမန်လူများ မရောက်နိုင်သည့် အမြင့်သို့ ရောက်နိုင်ကြသည်။ သို့သော်လည်း သူတို့သည် သူတို့၏ ကိုယ်ပိုင် အကန့်အသတ်အား ကျော်ဖြတ်နိုင်ရန် မပြောနှင့် ရောက်ရန်ပင် မတတ်နိုင်ကြပေ။

သို့သော်လည်း ဒါတွေသည် ဟင်းလင်းပြင် ဘုရားကျောင်း အတွက် ကိစ္စမရှိချေ။

ဟင်းလင်းပြင် ဘုရားကျောင်းတွင်
သန့်စင်သောယင် ခန္ဓာကိုယ်အတွက်
အသင့်တော်ဆုံးဖြစ်သည့် တောက်ပသော
လေဟာနယ် သန့်စင်သောယင်
ရတနာကျမ်းစာကို ပိုင်ဆိုင်ထားသည်။
အရင်းအမြစ်များ အနေဖြင့် ကြည့်လိုက်လျှင်
ပိုင်ယွင်တောင်သည် နတ်ဘုရားနယ်မြေ
အတွင်းမှ မြင့်မြတ်နယ်မြေတစ်ခုဖြစ်သည်။

ထိုနေရာတွင် စိတ်ဝိညာဉ် စွမ်းအင်များဖြင့်
ပြည့်နှက်နေ၍ ကမ္ဘာကြီး တစ်ခုလုံးတွင်
အကောင်းဆုံး နေရာတစ်ခု ဖြစ်၏။
ဟင်းလင်းပြင် ဘုရားကျောင်းတွင်

ပိုင်ယှင်တောင်တွင်သာ ပေါက်ရောက်နိုင်သည့်
ရှားပါးသည့် ဆေးဝါးများနှင့်
ဆေးပင်တို့အားလည်း ပိုင်ဆိုင်ထားသေးသည်။

နတ်ဘုရားနယ်မြေ၏ နံပါတ်တစ်
ကျင့်ကြံမှုနယ်မြေ ဖြစ်သည်နှင့်အညီ
ဟင်းလင်းပြင် ဘုရားကျောင်းသည် နာမည်ကြီး
ဆရာများလည်း မရှားလှချေ။ တံခါးပိတ်၍
ကျင့်ကြံနေသူများကို ထည့်မတွက်နှင့်ဦး၊
အပြင်တွင် ရှိနေကြသော ဆရာများစွာတို့မှာ
ရေတွက်ရန်ပင် ခက်ခဲလှ၏။ ထို့အပြင်
ဟင်းလင်းပြင် ဘုရားကျောင်း၏
စုဆောင်းထားသော နည်းစနစ်များ၊

ကျမ်းစာများမှာလည်း လွန်စွာ
ကျယ်ပြန့်လှသည်။

ဟင်းလင်းပြင် ဘုရားကျောင်းအား
ဝင်ရောက်ခြင်းသည် တစ်ယောက်အား သူ၏
လူသားကျင့်ကြံသူ တစ်ယောက်အနေဖြင့်
အလားအလာများအား အစွမ်းကုန်
ဖော်ထုတ်နိုင်ရန် အသေချာဆုံးသော
နည်းလမ်းဖြစ်သည်။ ကျင့်ကြံမှု
လမ်းကြောင်းတွင် မထင်မှတ်မှုများ များစွာတို့
ရှိနိုင်၍ တစ်ယောက်သည် အောင်မြင်ရန်မှာ
မသေချာချေ။ သို့သော်လည်း
ပိုင်ယွင်တောင်တွင် ကျင့်ကြံပါက
တစ်ယောက်၏ ကျင့်ကြံမှုလမ်းကြောင်းသည်

အချိန်မတန်ခင် အဆုံးသတ်သွားရန်
အလွန်အမင်း မဖြစ်နိုင်ပေ။

ဟင်းလင်းပြင် ဘုရားကျောင်းသည် ဖြစ်နိုင်သော
အခြေအနေ အားလုံးတို့အား
ဖြည့်ဆည်းပေးနိုင်စွမ်း ရှိသည်။ လော်ချင်းဝူက
အဘယ်ကြောင့် အားရမှုမရှိခဲ့ခြင်းကို
ရှိနေသူများ တစ်ယောက်ကမှ
နားမလည်နိုင်ကြပေ။

ပိုင်ရှီချန်၏ အပြုံးသည် မပြောင်းလဲသွားခဲ့ပေ။
သူမသည် တည်ငြိမ်စွာနှင့် လိုလီတာလေးအား
ကြည့်နေခဲ့၏။

"ဟင်းလင်းပြင် ဘုရားကျောင်းက
ကောင်းသလား၊ မကောင်းဘူးလား ဆိုတာက
ကျွန်မအတွက် အရေးမကြီးဘူး" လော်ချင်းဝူ၏
အပြုံးသည် သူမ၏ မျက်နှာပေါ်မှ
ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့၏။
သူမသည် လေးနက်စွာနှင့် ပြောလိုက်သည်။
"ကျွန်မစိတ်ထဲမှာ ဂိုဏ်းတစ်ဂိုဏ်း ရှိပြီးသွားပြီ"

အားလုံးတို့က ရေရွတ်လိုက်ကြသည်။
"ဒီကောင်မလေးက ဘာမှ နားမလည်ဘူး။
သူမက ဘာဖြစ်လို့ ဟင်းလင်းပြင်
ဘုရားကျောင်းကို မရွေးချယ်တာလဲ"

လော်ချင်းဝူက အနည်းငယ် ပြုံးလိုက်သည်။ "ဘယ်တုံးကမှ ရွေးချယ်ရမယ်ဆိုတဲ့ မေးခွန်း မရှိခဲ့ဖူးဘူး။ ကျွန်မကိုယ်တိုင်ကလည်း ရွေးချယ်မှုတစ်ခု လုပ်စရာ မလိုခဲ့ဘူး။ အစကနေ အဆုံးအထိ ကျွန်မက ဂိုဏ်းတစ်ဂိုဏ်းကိုပဲ ဝင်ချင်ခဲ့တယ်။ ပြီးတော့ဒါက ဟင်းလင်းပြင် ဘုရားကျောင်း မဟုတ်ဘူး"

သူမ၏စကားဆုံးသည်နှင့် ဘေးမှလူများသည် အံ့ဩတကြီး ဖြစ်ကုန်ကြ၏။ လော်ချင်းဝူ၏ စကားအရ ဟင်းလင်းပြင် ဘုရားကျောင်းက သူမ၏ နှလုံးသားအတွင်းမှ ဖယ်ထုတ်ထားခြင်း

မဟုတ်ပေ။ အစကတည်းက ထိုနေရာတွင် မရှိနေခြင်း ဖြစ်သည်။

"ဒါဆိုရင် သူမက ပိုင်ရှီချန်ရဲ့ ရည်ရွယ်ချက်ကောင်းတွေကို ပယ်ချလိုက်ရာ မကျဘူးလား။ သူမက ရှုးမိုက်စွာနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းကို မကျေမနပ်ဖြစ်အောင် လုပ်နေခဲ့တယ်။ သူမရဲ့ ရင်ထဲကဂိုဏ်းကရော ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ ဆက်ဆံရေးပျက်မှာကို ဂရုမစိုက်ဘူးလား"

ပိုင်ရှီချန်၏ မျက်လုံးအစုံမှာ အရောင်လက်လာခဲ့၍ ပြောလိုက်သည်။

"ဒါဆိုမင်းက အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကိုပဲ ဝင်ချင်တာပေါ့"

လော်ချင်းဝူက မျက်စောင်းထိုးလိုက်ကာ ပြန်ပြောလိုက်သည်။ "ရှင်ကကျွန်မကို အစောကြီးကတည်းက မှတ်မိသားပဲ။ ဘာဖြစ်လို့ မေးနေသေးလဲ"

"ငါက မျှော်လင့်ချက် အနည်းငယ် ရှိနေလို့ပါ" ပိုင်ရှီချန်က သက်ပြင်းချလိုက်သည်။

လော်မိသားစုသည် ရှေးဟောင်းယွင်ထန်း ကမ္ဘာတွင် မဟာကျိုး အင်ပါယာ၏

ကိုယ်စားလှယ်ဖြစ်သည်။ လော်ချင်းဝူသည် အိမ်မှထွက်ပြေးခဲ့သောအခါ မဟာကျိုး အင်ပါယာမှ ချန်းယု၏ ခေါ်ဆောင်ထားခြင်းကို ခံခဲ့ရသည်။ လော်မိသားစုထံမှ သတင်းရရှိပြီးသွားသောအခါ ချန်းယုနှင့် မဟာကျိုး အင်ပါယာမှ အိမ်ရှေ့မင်းသား လျှမ်ယွမ်တို့သည် လော်ချင်းဝူနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့အကြားမှ ဆက်ဆံရေးကို သိခဲ့ကြ၏။

ဟင်းလင်းပြင် ဘုရားကျောင်းသည် သိပ်မလှုပ်ရှားသော်လည်း သူတို့၏ သတင်းအချက်အလက် စုဆောင်းမှုမှာ အလွန်အစွမ်းထက်လှသည်။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း!"
လူအားလုံးတို့သည် အံ့ဩတုန်လှုပ်ကုန်ကြ၏။
သူတို့၏ စိတ်အတွင်းမှ တွေးနေကြသည်။
"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
အလွန်ဆွဲဆောင်မှု ကောင်းနေလို့ ဟင်းလင်းပြင်
ဘုရားကျောင်းကတောင်မှ အခုမှ
နာမည်ကြီးလာတဲ့ဂိုဏ်းဆီကနေ တပည့်တွေကို
မဆွဲဆောင်နိုင်တော့ဘူး"

"လတ်စသတ်တော့ ဒီလိုကိုး။ ဟင်းလင်းပြင်
ဘုရားကျောင်းက အခုအချိန်မှာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကို ဖိနှိပ်ဖို့အတွက်
အပြင်ကို ထွက်လာခဲ့တယ်။ ဒါပေမဲ့

ဒီကောင်မလေးရဲ့ အပြုအမူတွေက
ဟင်းလင်းပြင် ဘုရားကျောင်းကို
မျက်နှာပျက်စေတာ မဟုတ်ဘူးလား။ သူမက
ဒီလို အသက်အရွယ်လေးနဲ့ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကို ဒီလောက်အထိ
ခင်တွယ်နေမယ်လို့ ဘယ်သူက ထင်မိမှာလဲ"

ပိုင်ရှီချန်က လော်ချင်းဝူအား ကြည့်လိုက်ကာ
တိုးညင်းစွာနှင့် ပြောလိုက်သည်။ "အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်က နင့်ကို
လက်ရင်းတပည့် အနေနဲ့ လက်ခံမှာလား"

လော်ချင်းဝူက ခေါင်းညိတ်လိုက်ကာ
ပြုံး၍ပြန်ဖြေလိုက်သည်။ "တကယ်လို့ ကျွန်မက

မာစတာလင်းရဲ့ လက်ရင်းတပည့်
မဖြစ်ခဲ့ရင်တောင် ကျွန်မက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းပဲ ပျော်ပျော်ကြီး
ဝင်လိုက်မယ်"

"တကယ်လို့ ကျွန်မက ဂိုဏ်းတစ်ဂိုဏ်းကို
ဝင်မယ်ဆိုရင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းပဲ
ဝင်မယ်။ ဒါက ကျွန်မနှလုံးသားရဲ့
ရည်ရွယ်ချက်နဲ့ ပစ်မှတ်ပဲ ဖြစ်တယ်"

သူမသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသို့ဝင်ရန်
မျှော်လင့်ချက်ကို မည်သောအခါမှ
လက်လျှော့မည် မဟုတ်ချေ။

အဝေးမှ တင်းရန်ဖုန်းက ပြောလိုက်သည်။
"နှစ်ပေါင်း တစ်ထောင်၊ ရာသီပေါင်း တစ်ထောင်
အပြီးမှာ အချိန်က အကောင်းဆုံး
သက်သေပြသွားပါလိမ့်မယ်"

"ကြယ်တံခွန်နဲ့ ကြယ်စင်တို့ဟာ အချိန်ကာလ
တစ်ခုမှာ နီးကပ်လာနိုင်တယ်။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ဟာ
အလွန်အမင်းကို အစွမ်းထက်တယ် ဆိုတာကို
ငြင်းလို့မရပေမဲ့ တစ်ယောက်ဟာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက ဘယ်လောက်အထိ
သန်မာသလဲ ဆိုတာကို နောက်ကျမှ
ပြောလို့ရမှာ။ ဂျူနီယာပိုင်၊ ဘာမှ ဆက်ပြောဖို့

မလိုတော့ဘူး။ သူမက သူမရဲ့ အလားအလာတွေကို ဖြုန်းတီးမိခဲ့ပြီ။ ဒါက သူမရဲ့ ကံကြမ္မာပဲ ဖြစ်မယ် ထင်ပါရဲ့"

ထိုအချိန်တွင် အရပ်ရှည်ရှည်နှင့် လူငယ်တစ်ယောက်သည် လူအုပ်ကြီး အတွင်းမှ ထွက်လာခဲ့ကာ တင်းရန်ဖုန်းအား ကြည့်လိုက်၍ လေးနက်စွာနှင့် ပြောလိုက်သည်။
"ခင်ဗျားပြောတာကို ကျုပ်က လက်မခံဘူး"

သူသည် အလွန်အမင်း ပိန်ပါး၍ အသားညိုညို အရပ်ရှည်ရှည်နှင့် ဖြစ်သည်။ သူ၏ အမူအရာမှာ သူရဲကောင်းဆန်နေ၍ သူ၏မျက်လုံးအစုံမှာ တောက်ပနေခဲ့သည်။ သူသည် အသက်အလွန်

မကြီးသေးသော်လည်း သူ၏အမူအရာမှာ တည်ငြိမ်နေ၍ အလျှော့မပေးတတ်သည့်ပုံ ပေါက်နေခဲ့သည်။

လော်ချင်းဝူနှင့် ကျွင်းကျိနင်တို့သည် သူ့အားကြည့်လိုက်ကြကာ ပြုံးလိုက်ကြသည်။ "စီနီယာလီ"

ထိုလူငယ်သည် လီယွမ်ဖန်း ဖြစ်၏။ သူသည် လော်ချင်းဝူနှင့် ကျွင်းကျိနင်တို့အား ခေါင်းညိတ်ပြလိုက်ကာ တင်းရန်ဖုန်းထံသို့ အကြည့်ရွှေ့လိုက်သည်။ သူက လေးနက်စွာနှင့် ပြောလိုက်၏။ "တကယ်လို့ သူမက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဝင်လိုက်ရင် သူမရဲ့

ပင်ကိုစွမ်းရည်တွေက အလဟဿ ဖြစ်သွားမယ်တဲ့လား"

"မာစတာလင်းရဲ့ ဗဟုသုတတွေက အလွန်ကျယ်ပြန့်ပြီး သူ့ဆီက အကြံတစ်ချက် ရလိုက်ရင် လုံလောက်နေပြီ" လီယွမ်ဖန်း၏ အကြည့်သည် ငရဲလမ်းစဉ် ကျင့်ကြံသူ၏ ဝက်ပါအပေါ်သို့ ကျရောက်သွားခဲ့သည်။ ပြီးတာနှင့် ဆက်ပြောလိုက်၏။ "ကျုပ်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ တပည့်တစ်ယောက် မဟုတ်ပေမဲ့၊ မာစတာလင်းက ကျုပ်ရဲ့ မှော်ကျိန်စာတွေကို ပြင်ဆင်ပေးခဲ့ဖူးတယ်။ ကျုပ်က ခင်ဗျားကို ပြချင်ပါတယ်"

# စာစဥ် ၃၀ : အပိုင်း ၁၅

## အပိုင်း ၅၆၅ : မင်းက အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းတပည့်မဟုတ်ပဲ ဘာဖြစ်လို့ထွက်လာတာလဲ

တင်းရန်ဖုန်းက လီယွမ်ဖန်းအား ကြည့်လိုက်ကာ လျစ်လျူရှုထားလိုက်သည်။ သူသည် လီယွမ်ဖန်း၏ စကားများကို မတုံ့ပြန်သည့်အပြင် သူ၏ တည်ရှိနေမှုကို လုံးဝ အမှုမထားခဲ့ခြင်း ဖြစ်သည်။

သူသည် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူတစ်ယောက် အနေနှင့် အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူအား စိန်ခေါ်ရဲကာ ဟင်းလင်းပြင် ဘုရားကျောင်းမှ ဖြစ်ပြီး သန့်စင်သောယန် ခန္ဓာကိုယ်ဖြင့် မွေးဖွားလာသူလည်း ဖြစ်၏။ သူ၏ မွေးရာပါ အလားအလာသည် အလွန်မြင့်မားကာ သန့်စင်သောယန် တရားမျှတမှု နှလုံးသား ကျမ်းစာအား ကျင့်ကြံနိုင်သူလည်း ဖြစ်၏။

လီယွမ်ဖန်းသည် အခြေခံအုတ်မြစ် အဆင့်တွင်သာ ရှိသေးသည်ကို တင်းရန်ဖုန်းက အကြည့်တစ်ချက်နှင့်ပင် သိလိုက်၏။ သူသည် သူနှင့် အငြင်းမပွားချင်နေခဲ့ပေ။

ခြသေ့်တစ်ကောင်သည် ကျွဲများ၊ ကျွဲသစ်များ၊ ဝံပုလွေများ၏ ခက်ထန်သော အပြုအမူတို့အား တုံ့ပြန်မည် ဖြစ်သည်။ အကယ်၍ ယုန်တစ်ကောင်လာမည် ဆိုပါက သူက လက်သည်းများကို ဖွေ့ယမ်း၍ သတ်ပစ်ခဲ့မည် ဖြစ်သည်။ သို့သော်လည်း ပုရွက်ဆိတ်တစ်ကောင် တက်လာခဲ့ပါက ခြသေ့်သည် ဂရုပင်စိုက်မည် မဟုတ်ချေ။

ရှိနေသောသူများ အားလုံးတို့သည် လီယွမ်ဖန်းက အရမ်းကာရော ပြုလုပ်ခဲ့သည်ဟု ထင်နေကြသည်။

အကယ်၍ သူသည် လင်းဖုန်း၏
လက်ရင်းတပည့် ဖြစ်နေပါက အားလုံးတို့သည်
သူက သူ၏ အခြေခံအုတ်မြစ် အဆင့်မှ
ကျင့်ကြံမှုဖြင့် ရွှေရောင်ဗဟိုချက် အဆင့်မှ
တင်းရန်ဖုန်းအား စိန်ခေါ်နိုင်မည်ဟု
လက်ခံနိုင်မည် ဖြစ်သည်။

အထူးသဖြင့် သူ၏ပြိုင်ဘက်သည် သာမန်
ရွှေရောင်ဗဟိုချက် အဆင့်မှ
ကျင့်ကြံသူတစ်ယောက် မဟုတ်ပေ။ သူသည်
နတ်ဘုရား နယ်မြေ၏ ထိပ်ဆုံးဂိုဏ်းမှ ဖြစ်၍
သူကိုယ်တိုင်ကလည်း ပါရမီများ၊
စွမ်းရည်များနှင့် ပြည့်စုံနေ၏။

မှော်ကျိန်စာ ဝက်ပါတို့သည် သူ၏ အသန်မာဆုံး စွမ်းရည်မဟုတ်ပေ။ သို့သော်လည်း သူသည် မှော်ကျိန်စာ ဝက်ပါတို့အား အထူးပြုလေ့ကျင့်ထားသည့် ငရဲလမ်းစဥ်မှ အခြေတည် ဝိညာဥ် အဆင့် ဂရန်းမာစတာအား စိန်ခေါ်နိုင်စွမ်း ရှိသည်။

အကယ်၍ ထိုဂရန်းမာစတာကသာ သူ၏ မှော်စွမ်းအင်ဖြင့် ဖိနှိပ်ထားခြင်း မရှိပါက တင်းရန်ဖုန်းသည် သူ့အား လက်ရည်တူ ယှဥ်ပြိုင်နိုင်မည် ဖြစ်သည်။ သူသည် အဘယ်ကြောင့် အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူတစ်ယောက်၏ စိန်ခေါ်မှုအား ဂရုစိုက်ပါမည်နည်း။

ထို့အပြင် လီယွမ်ဖန်းသည် လင်းဖုန်း၏ တပည့် မဟုတ်ချေ။ သူသည် အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်တစ်ယောက်ပင် မဟုတ်ချေ။

လီယွမ်ဖန်းသည် တင်းရန်ဖုန်း၏ အမှုမထားခြင်းကို ခံခဲ့ရသောလည်း အမျက်မထွက်ပဲ အမူအရာမှာ တည်ငြိမ်လျှက်ပင် ရှိသေးသည်။ သူသည် တင်းရန်ဖုန်းနှင့် အခြေတည် ဝိညာဉ် အဆင့် ဂရန်းမာစတာတို့၏ တိုက်ပွဲမှ လျှင်မြန်စွာ ပြောင်းလဲနေသော ဝက်ပါတို့အား ငြိမ်သက်စွာဖြင့် ကြည့်နေခဲ့သည်။

"နံပါတ်ခုနစ် ဝက်ပါ၊ ယင်ကိုရှေ့တိုးပြီး ယန်ကို နောက်ဆုတ်၊ ပင်းချန်က ကျဟိုင်ကို ရွှေ့လိုက်ပြီး ကန်းဝူက ရှင်းနိုဆီကို ဆုတ်လိုက်" လီယွမ်ဖန်းက ရုတ်တရက် ပြောလိုက်သည်။

ဘေးမှ ကျင့်ကြံသူများသည် သူပြောသည်ကို နားမလည်ခဲ့ကြပေ။ သို့သော်လည်း ငရဲလမ်းစဉ်မှ ကျင့်ကြံသူ သုံးယောက်တို့သည် အားလုံး ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။ သူတို့သည် ပြောင်းလဲနေသော ဝက်ပါများကို ကြည့်လိုက်ကြ၍ အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်ကြ၏။ ပြီးတာနှင့် သူတို့၏

ခေါင်းများကို လှည့်လိုက်ကာ တည်ငြိမ်နေသော လီယွမ်ဖန်းထံသို့ ကြည့်လိုက်သည်။

တစ်ချိန်တည်းမှာပင် ဝတ်ရုံနက် ကျင့်ကြံသူ၏ မျက်နှာပေါ်တွင် ထူးဆန်းသော အကြည့်တစ်ခု ပေါ်လာခဲ့သည်။ သို့သော်လည်း သူ၏ မှော်ကျိန်စာ ဝက်ပါအား လီယွမ်ဖန်း၏ စကားအတိုင်း လိုက်၍ မပြောင်းလဲခဲ့ပေ။

ထိုနေရာတွင် ရှိနေကြသော ကျင့်ကြံမှုအဆင့် မြင့်မားသည့် သူများမှာ လီယွမ်ဖန်း၏ စကားများသည် တင်းရန်ဖုန်းအား အနိုင်ယူနိုင်သည့် နည်းလမ်းဖြစ်သည်ကို သိလိုက်၏။

ဝတ်ရုံနက်နှင့် သက်လတ်ပိုင်း လူကြီးက လီယွမ်ဖန်း ပြောသည့်အတိုင်း လိုက်မလုပ်ခြင်းမှာ သူပြောသည်က မှားနေခြင်းကြောင့် မဟုတ်ပေ။ အမှန်ဆိုရလျှင် လီယွမ်ဖန်းက ပါးစပ်ဟလိုက်သည့် အချိန်တွင် သူက ထိုပြောင်းလဲမှုအား စဉ်းစားမိခဲ့သည်။ သို့သော်လည်း လီယွမ်ဖန်းက ပြောလိုက်သည့် အချိန်တွင် သူက ဘာလုပ်ရမည်မှန်း မသေချာ ဖြစ်သွားခဲ့၏။

သို့သော်လည်း ဝတ်စုံနက်နှင့် သက်လတ်ပိုင်း လူကြီးမှာ အံ့ဩတုန်လှုပ်သွားခဲ့သည်။ သူသည် တင်းရန်ဖုန်း၏ မော်ဝက်ပါများ၏

ဟာကွက်များကို ထွင်းဖောက်မြင်နိုင်ခြင်းမှာ အံ့သြဖွယ် မရှိပေ။ သူသည် သံသရာဂိုဏ်းတွင် မှော်ကျိန်စာများကို အထူးပြု၍ လေ့လာနေသည်မှာ နှစ်ပေါင်းတစ်ထောင်ခန့် ရှိပြီဖြစ်သည်။

သို့သော်လည်း အခြေခံအုတ်မြစ် အဆင့်တွင်သာ ရှိသေးသော လီယွမ်ဖန်းသည် သူ့ထက် စက္ကန့်ဝက်မျှစော၍ သိနိုင်ခဲ့သည်။ ဒါသည် အလွန့်ကို တုန်လှုပ်ဖွယ်ရာ ကောင်းလှပေသည်။

ပိုင်ရှီချန်၏ မျက်လုံးအစုံမှာ လက်ကနဲ ဖြစ်သွားခဲ့ကာ လီယွမ်ဖန်းအား စပ်စုစွာနှင့် ကြည့်လိုက်၏။

"နံပါတ် ၂၈ ဝက်ပါ ပုံစံမှာ ၇၁ကို ၄၆ကို ပြောင်းလိုက်"

"နံပါတ်၉ ဝက်ပါမှာ ယင်ကို ရှေ့တက်ပြီး ယန်ကိုနောက်ဆုတ်လိုက်၊ ရီရှိကို ပင်းဝူနား ဝင်လိုက်ပြီး ကျဇိကို ပင်းရှန်းဆီကို နောက်ဆုတ်လိုက်"

"နံပါတ် ၁၃၅ ဝက်ပါပုံစံမှာ အိုမင်းသောယင်ကို နုပျိုသောယန် အဖြစ် ပြောင်းလိုက်"

"နံပါတ် ၈၇ ဝက်ပါပုံစံမှာ ယင်ကို ၃၀% တိုးလိုက်ပြီး ပြိုင်ဘက်ရဲ့ သန့်စင်သောယန် ရှေ့တိုးလာတာကို တားလိုက်"

ဝတ်ရုံနက်နှင့် သက်လက်ပိုင်း လူကြီးမှာ သူ့အား လျစ်လျူရှုထားခဲ့သည်။ လီယွမ်ဖန်းကလည်း အမှုမထားခဲ့ပေ။ သူသည် စကား တစ်ခွန်းပြီးတစ်ခွန်း ဆက်ပြောနေခဲ့သည်။ နောက်ဆုံးတွင် သူသည် ပို၍ပို၍ လျှင်မြန်စွာ ပြောလာခဲ့ပြီး သူ၏ စကားများမှာ ပို၍ ရိုးစင်းလာခဲ့သည်။

ဝက်ပါများမှာလည်း ပို၍လျှင်မြန်စွာ
ပြောင်းလဲလာခဲ့၏။

"၁၉၊ ယင်ရိရှုန်းကို ရန်ဟွေ့ကနေ ဆုတ်လိုက်၊
ယန်တင်းကျကို ပင်းယင်အတွင်းကို ဝင်လိုက်"

"၁၄၁၊ ကွေ့ရေအော်ရာကို နှစ်ဆတင်လိုက်"

"၁၄၊ ခြောက်ကန်းကို အောက်ပုံစံကို
ပြောင်းလိုက်"

လူအားလုံးတို့သည် တိတ်ဆိတ်ငြိမ်သက်စွာနှင့်
လီယွမ်ဖန်းအား အံ့အားသင့်စွာနှင့်

ကြည့်နေကြ၏။ မှော်ကျိန်စာ ဝက်ပါတို့၏ ပြောင်းလဲခြင်းကို နားလည်ကြသောသူများ၏ မျက်နှာမှာ အလွန်လေးနက်နေကြသည်။

လီယွမ်ဖန်းအား သူ၏ အရှက်အကြောက် ကင်းမဲ့ခြင်းများအတွက် သရော်ခဲ့ကြသူများမှာ ယခုအချိန်တွင် သူ့အား လေးနက်စွာနှင့် ကြည့်နေကြ၏။ သူ့အား ရယ်မောနေကြသူများသည်လည်း ဖြည်းဖြည်းချင်း ပါးစပ်များ ပိတ်သွားကြသည်။

အထူးသဖြင့် တင်းရန်ဖုန်း၏ အဖော်ဖြစ်သူ ပိုင်ရှီချန်သည် လီယွမ်ဖန်းအား နူးညံ့စွာနှင့် ကြည့်နေဆဲဖြစ်သည်။ သို့သော်လည်း သူမ၏

အကြည့်သည် ဖြည်းဖြည်းချင်းနှင့် တင်းမာလာခဲ့ကာ အားလုံးတို့၏ ရင်ထဲတွင် စိတ်လှုပ်ရှားစွာနှင့် တွေးလိုက်ကြသည်။ "မဟုတ်မှလွဲရော သူပြောတာတွေက အမှန်တွေပဲလား"

"ဒါပေမဲ့၊ ဒါ.. ဒါကဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါ့မလဲ"

အားလုံးတို့၏ အာရုံစိုက်မှုကို ခံနေရသော လီယွမ်ဖန်းသည် ကျန်သည်များကို လျစ်လျူရှုထားခဲ့ပြီး သူ၏ညာလက်ချောင်းဖြင့် တွက်ချက်နေခဲ့သည်။ သူ၏ပါးစပ်မှနေ၍

တင်းရန်ဖုန်း၏ ဝက်ပါများကို ချိုးဖောက်ရန်
နည်းလမ်းများကို ဆက်တိုက်ရေရွတ်နေခဲ့၏။

အခြားတစ်ယောက်ကမှ လီယွမ်ဖန်းက
မှန်သည်မှားသည်ကို မသိကြပေ။
သို့သော်လည်း ကိုယ်တိုင်တိုက်ခိုက်နေသူ
တင်းရန်ဖုန်းကမူ အသေအချာ သိနေ၏။

အမှန်တွင်မူ ဝတ်ရုံနက်နှင့်
သက်လတ်ပိုင်းလူကြီး၏ မာနကြောင့်သာ
မဟုတ်လျှင် လီယွမ်ဖန်း၏ အကြံများသည်
တင်းရန်ဖုန်းအား လွယ်ကူစွာနှင့်
အနိုင်ယူနိုင်မည် ဖြစ်၏။ ကံကောင်းစွာနှင့်

သူ့ပြိုင်ဘက်သည် ထိုလှုပ်ရှားမှုများကို ပြုလုပ်ရန် အဆင်မပြေနေခဲ့ပေ။

ဝတ်ရုံနက်နှင့် သက်လတ်ပိုင်း လူကြီးသည် မှော်ကျိန်စာ ဝင်္ကပါကို အထူးကျွမ်းကျင်သူ ဖြစ်၏။ သူသည် ပြောင်းလဲမှုပေါင်း များစွာတို့အား တွက်ချက်နိုင်ပေသည်။ သိုသော်လည်း သူသည် လီယွမ်ဖန်းထက် စက္ကန့်ဝက်မျှ နောက်ကျနေခဲ့သည်။ သို့သော်လည်း ထိုစက္ကန့်ဝက်လေးကပင် တိုက်ပွဲ၏ အခြေအနေအတွက် အရေးကြီးနေခြင်း ဖြစ်သည်။

တစ်ချိန်တည်းတွင်ပင်
သူတို့နှစ်ယောက်တို့သည် ဆက်လိုက်၍
ယှဉ်ပြိုင်နိုင်ကြခြင်း မရှိတော့ပေ။
တင်းရန်ဖုန်းသည် လီယွမ်ဖန်းအား
လျစ်လျူရှုထား၍ မရတော့ချေ။

သူတို့နှစ်ယောက်စလုံးတို့သည် သူတို့၏
မှော်ကျိန်စာ ဝက်ပါများကို အသီးသီး
ရုပ်သိမ်းလိုက်ကြကာ လီယွမ်ဖန်းထံသို့
ကြည့်လိုက်ကြသည်။

ဝတ်ရုံနက်နှင့် သက်လတ်ပိုင်း လူကြီး၏
မျက်နှာမှာ မည်းမှောင်နေခဲ့၏။
လီယွမ်ဖန်းသည် တင်းရန်ဖုန်းအား

ရည်ရွယ်ခဲ့သော်လည်း သူ၏ အပြုအမူများသည် သူ့အား မျက်နှာပျက်စေခဲ့သည်။

သို့သော်လည်း လီယွမ်ဖန်း၏ မှော်ကျိန်စာ ဝက်ပါ ပင်ကိုစွမ်းရည်များကို အံ့သြတုန်လှုပ်ခဲ့ရသည်။

အကယ်၍ လီယွမ်ဖန်းနှင့် သူသည် ဝက်ပါတစ်ခုအား ပြိုင်၍ ထုတ်လွှတ်ပါက သူ၏ ဝက်ပါသည် လီယွမ်ဖန်း၏ ဝက်ပါအား အလွယ်တကူ အနိုင်ယူနိုင်မည် ဖြစ်သည်။ လီယွမ်ဖန်းက ဝက်ပါ အခု၁၀၀ကို ထုတ်လွှတ်လျှင်ပင် သူ၏ ဝက်ပါတစ်ခုထက် သာနိုင်မည် မဟုတ်ချေ။

သို့သော်လည်း ဒါသည် သူတို့၏ ကျင့်ကြံမှုနှင့် မှော်စွမ်းအင် ကွာခြားမှုကြောင့်သာ ဖြစ်ပေလိမ့်မည်။ အကယ်၍ သူတို့သည် ဝက်ပါပညာ သက်သက်ကိုသာ ဆွေးနွေးခဲ့ပါက သူ၏အရှေ့မှ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး အသားမည်းမည်းနှင့် ကောင်လေးသည် သူ့ထက် နှာတဖျား ပိုသာပေမည်။

"မင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တစ်ယောက် မဟုတ်ဘူးလို့ ပြောထားတယ်မလား" ဝတ်ရုံနက်နှင့် သက်လတ်ပိုင်းလူကြီးသည် လေးနက်စွာနှင့် မေးလိုက်သည်။

လီယွမ်ဖန်းသည်
သူ၏ခေါင်းအားညိတ်လိုက်ကာ လေးနက်စွာနှင့်
ပြန်ဖြေလိုက်၏။ "ကျွန်တော်က အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ဆီကနေ
အကြံဉာဏ် အချို့ကိုသာ ရယူဖူးပါတယ်။
ကျွန်တော်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို
မဝင်ရသေးတဲ့အတွက် သူရဲ့တပည့်လို့တော့
ပြောလို့မရပါဘူး"

ဝတ်ရုံနက်နှင့် သက်လတ်ပိုင်း လူကြီးက
အေးစက်စွာနှင့် နှာမှုတ်လိုက်သည်။ "ဟွန့်၊
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က
တကယ့်ကို ထူးခြားလှပါတယ်။ သူ့ရဲ့

အကြံပေးချက်လေး အချို့က ငါ့ရဲ့
နှစ်ပေါင်းတစ်ထောင် ကျင့်ကြံမှုကို
အနိုင်ယူနိုင်တယ်"

လီယွမ်ဖန်းက သူ၏ခေါင်းကိုညိတ်လိုက်သည်။
"မာစတာလင်းရဲ့ ပညာက ကောင်းကင်ကြီးလို
ကျယ်ပြန့်တယ်။ ကျွန်တော်က သူ့ရဲ့
အကြံဉာဏ် အချို့ကို ရယူနိုင်ပြီး
ဝက်ပါပညာရပ်မှာ တိုးတက်လာခဲ့တယ်။
ကျွန်တော်က သူ့ထံကနေ ယင်နဲ့ယန်တို့ရဲ့
အပြောင်းအလဲကို အဓိက လေ့လာခဲ့ရပြီး
ကျန်တဲ့အရာတွေကိုတော့ သိပ်မသေချာပါဘူး"

ဒါတွေသည် အမှန်သာ ဖြစ်၏။ လင်းဖုန်းသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ အနက်မှ အစိတ်အပိုင်း အချို့ကို ထုတ်ယူကာ သူ့အား လေ့ကျင့်စေခဲ့ခြင်း ဖြစ်သည်။ သူ၏ နားလည်မှုများမှာ အဓိကအားဖြင့် ပြောင်းလဲမှု ခြောက်ရပ်အနက်မှာ ယင်နှင့်ယန်တို့၏ ပြောင်းလဲခြင်းမှ အစပြုလာခြင်း ဖြစ်သည်။

လီယွမ်ဖန်းသည် အလွန်အမင်း လေးနက်စွာနှင့် ကြိုးစားသင်ယူခဲ့ခြင်း ဖြစ်သည်။ သူ၏ မှော်ကျိန်စာ ဝက်ပါတို့အပေါ် နားလည်မှုသည် လွန်စွာ ထူးချွန်ပြောင်မြောက်၍ တောင်ပေါ်တွင် ရှိနေသော အချိန်အတွင်းတွင် သူ့အား

ယင်နှင့်ယန်တို့၏ ပြောင်းလဲခြင်း
အနှစ်သာရများကို သဘောပေါက်နိုင်ခဲ့သည်။

ထို့ကြောင့် မှော်ဝက်ပါများ၏ ယင်နှင့်ယန်
ပြောင်းလဲခြင်းနှင့်စာလျှင် သူ၏
နားလည်နိုင်မှုတို့မှာ ထိုဝတ်ရုံနက်နှင့်
သက်လတ်ပိုင်း လူကြီးထက် သာပေသည်။

သို့သော်လည်း အခြား မှော်ကျိန်စာ
ဝက်ပါများတွင် သူသည် ငရဲလမ်းစဥ်မှ
အခြေတည် ဝိညာဥ် အဆင့် ဂရန်းမာစတာ
တစ်ယောက်အား မယှဉ်နိုင်ပေ။

ဤအချက်တွင် တင်းရန်ဖုန်းသည်
ကံမကောင်းခဲ့ပေ။ သူသိသော မှော်ကျိန်စာ
ဝက်ပါများ အားလုံးတို့သည် သန့်စင်သောယန်
တရားမျှတမှု နှလုံးသား ကျမ်းစာမှ
ဆင်းသက်လာသော သန့်စင်သောယန်
မှော်ဝက်ပါ ပြောင်းလဲခြင်းများသာ ဖြစ်၏။
သူ၏ ယန်စိတ်ဝိညာဉ် ပြောင်းလဲမှုတို့၏
နားလည်နိုင်စွမ်းတို့မှာ အထွတ်အထိပ်သို့
ရောက်နေပြီ ဖြစ်သော်လည်း လီယွမ်ဖန်း၏
အထူးပြုမှုအောက်သို့ ကျရောက်သွားခဲ့သည်။

လီယွမ်ဖန်း၏ တုံးတိတိ တုံ့ပြန်မှုသည်
လူအုပ်အတွင်းမှ ရယ်မောသံအချို့ကို
ထွက်ပေါ်လာစေခဲ့သည်။ သို့သော်လည်း

ရယ်သံများ တိတ်ဆိတ်သွားအပြီးတွင်
အံ့အားသင့်မှုများ လိုက်လာခဲ့သည်။

သူသည် လင်းဖုန်း၏
လက်ရင်းတပည့်တစ်ယောက် မဟုတ်ပေ။
သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
အတွင်းသို့ ဝင်ပင်မဝင်ရသေးချေ။
သို့သော်လည်း လင်းဖုန်း၏ အကြံဉာဏ်
အချို့နှင့်ပင် သူသည် မှော်ကျိန်စာ
ဝက်ပါတို့အား ဤမျှအထိ နက်ရှိုင်းစွာ
နားလည်နိုင်ခဲ့သည်။ ဒါသည် အလွန်မှပင်
ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

"ပိုပြီးကြောက်စရာ ကောင်းတာက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ခေါင်းဆောင်ဖြစ်တယ်" လူအချို့က တီးတိုးရေရွတ်လိုက်ကြသည်။

ဝတ်ရုံနက်နှင့် သက်လတ်ပိုင်းလူကြီးသည် ဘာမှဆက်မပြောတော့ပဲ သူ့ကိုယ်သူ တွေးလိုက်၏။ "ငါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ဟာ အမတန်ကို အစွမ်းထက်တဲ့ အန္တိမ မှော်ကျိန်စာ ဝက်ပေါ်တစ်ခုကို ပိုင်ဆိုင်ထားတယ်လို့ ကြားဖူးတယ်။ ဒါက မြင့်မြတ်နယ်မြေ သုံးခုကို ကာကွယ်ထားတဲ့ ဝက်ပေါ်နဲ့တောင် တူနေတယ်လို့ ပြောကြတယ်။ ကြည့်ရတာ ကောလဟာလတွေက မှန်နေတဲ့ပုံပဲ။ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ဝက်ပါပညာရပ်မှာလည်း ထူးချွန်တာလား"

တင်းရန်ဖုန်းသည် လီယွမ်ဖန်းအား တည်ငြိမ်သော အမူအရာဖြင့်သာ ကြည့်နေခဲ့သည်။ သို့သော်လည်း သူ၏အကြည့်မှာ ငြီးငွေ့သည့်ပုံ ပေါက်နေခဲ့ပြီး ခေါင်းကို ဖြည်းဖြည်းချင်း ညိတ်လိုက်သည်။ "အရမ်းကောင်းတယ်။ ခဏနေက ငရဲလမ်းစဥ်က စီနီယာနဲ့လိုပဲ ငါ့မှော်စွမ်းအင်ကို အသုံးပြုပြီး မင်းကို မဖိနှိပ်ဘူး။ မှော်ကျိန်စာ ဝက်ပါတို့ရဲ့ ပြောင်းလဲမှု သက်သက်နဲ့ပဲ တစ်ယောက်နဲ့တစ်ယောက် ယှဥ်ပြိုင်ကြရအောင်"

သူ့မှော်ကျိန်စာ ဝက်ပါတို့၏
အားနည်းချက်တို့အား လီယွမ်ဖန်း၏
အဆက်မပြတ် ထောက်ပြခြင်းကို
ခံခဲ့ရသော်လည်း တင်းရန်ဖုန်းသည်
ယုံကြည်ချက် ရှိနေခဲ့သေးသည်။
အမှန်အတိုင်းပြောရလျှင် တိုက်ပွဲတစ်ပွဲတွင်
သီအိုရီနှင့် လက်တွေ့လုပ်ဆောင်ရခြင်းသည်
ကွဲပြားခြားနားပေသည်။ ရလဒ်ကို
ပြောင်းလဲစေနိုင်သော အချက်အလက်များစွာ
ရှိကြ၏။

လီယွမ်ဖန်းကလည်း ထိုအချက်ကို
ကောင်းစွာနားလည်ပေသည်။ သို့သော်လည်း

သူသည် မငြင်းဆန်ခဲ့ပဲ ပြောလိုက်၏။ "စီနီယာ၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ"

ပိုင်ရှီချန်သည် ယှဉ်ပြိုင်တော့မည့် ပြိုင်ပွဲအား ကြည့်နေခဲ့ကာ ရုတ်တရက် မေးလိုက်သည်။ "ရောင်းရင်းလီ၊ တစ်ခုမေးပါရစေ၊ ရှင့်ရဲ့ဆရာက မြောက်ဝင်ရိုးစွန်း ပင်လယ်က မြစ်ပြင်မြေပုံ ဂရန်းမာစတာပါလား"

လီယွမ်ဖန်းက အံ့ဩသွားခဲ့ကာ ပိုင်ရှီချန်က အနည်းငယ် ပြုံးလိုက်၍ ပြောလိုက်သည်။ "ရှီချန်က ရှင်ဟာ မှော်ကျိန်စာ ဝက်ပါတွေရဲ့ ပြောင်းလဲမှုတွေကို နက်ရှိုင်းစွာ နားလည်ခဲ့တာကို လေ့လာနေခဲ့ရတယ်။

ဒါတွေအားလုံးက မြစ်ပြင်မြေပုံ ဂရန်းမာစတာရဲ့ သင်ကြားမှုတွေကနေ ရရှိခဲ့တာ မဟုတ်ဘူးလား"

"ဟုတ်တယ်" လီယွမ်ဖန်းက သူ၏ခေါင်းအား ညိတ်လိုက်၏။

ပိုင်ရှီချန်က တိုးညင်းစွာနှင့် ပြောလိုက်၏။ "မြစ်ပြင်မြေပုံ ဂရန်းမာစတာရဲ့ ခွန်းဖန်လျှို့ဝှက်ကျမ်းစာ အတွင်းမှ ကျဆုံးခဲ့မှုက ဝမ်းနည်းစရာ ကောင်းလှပါတယ်။ ကျွန်မကလည်း စိတ်မကောင်းပါဘူး"

လီယွမ်ဖန်း၏ မျက်နှာတွင် ဝမ်းနည်းမှု အရိပ်အရောင်များ ပေါ်လာခဲ့သည်။ သို့သော်လည်း ပြီးတာနှင့် သူသည် ပိုင်ရှီချန်က ဆက်ပြောသည်ကို ကြားလိုက်ရ၏။ "ဒါဆိုရင် တာအိုရောင်းရင်းလီနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းတို့က ကံစပ်တယ်လို့ ပြောရမယ်။ အစောပိုင်းက မြစ်ပြင်မြေပုံ ဂရန်းမာစတာက ကျွန်မဆရာအနားကို လာလည်ခဲ့တယ်။ ကျွန်မဆရာက မြစ်ပြင်မြေပုံ ဂရန်းမာစတာရဲ့ မှော်ကျိန်စာ ဝက်ပါတွေက အင်မော်တယ် ဝိညာဥ် အဆင့်အောက်မှာ အကောင်းဆုံးလို့ ပြောခဲ့တယ်"

လီယွမ်ဖန်းသည် သူ၏ခေါင်းအား
ကြည့်လိုက်ကာ သူမအား ကြည့်လိုက်သည်။
သူ၏ မျက်မှောင်များကို
ကြုတ်လိုက်သော်လည်း ဘာကိုမှ မပြောခဲ့ပေ။

ပိုင်ရှီချန်က ဖွဖွလေး ပြုံးလိုက်ကာ
ပြောလိုက်သည်။ "ရှင်က ရှင့်ဆရာရဲ့
ကောင်းကင်ပေါ်သို့ မြင့်တက်လာသော
လျှို့ဝှက်ဆန်းကြယ်သော တိမ်တိုက်
ဝင်္ကပါမြေပုံကို ကြည့်ဖူးလား"

လီယွမ်ဖန်းသည် ခေတ္တမျှ
ငြိမ်သက်သွားပြီးနောက် သူ၏ခေါင်းအား
ညိတ်လိုက်သည်။ ပိုင်ရှီချန် ပြောခဲ့သော

ကောင်းကင်ပေါ်သို့ မြင့်တက်လာသော
လျှို့ဝှက်ဆန်းကြယ်သော တိမ်တိုက်
ဝင်ကပါမြေပုံသည် သူမဆရာက မြစ်ပြင်မြေပုံ
ဂရန်းမာစတာအား အကြံပေးခဲ့သော
အရာတစ်ခု ဖြစ်သည်ကို သူသိပေသည်။

သူတို့၏ အရှေ့မှ အခြေအနေအား
တွေ့လိုက်ရသော် ပိုင်ရှီချန်နှင့် တင်းရန်ဖုန်းတို့
နှစ်ယောက်စလုံးတို့က ပြုံးလိုက်ကြသည်။

မည်သူကသိမည်နည်း ခဏအကြာတွင်
လီယွမ်ဖန်းက သူ၏ပါးစပ်ကို
ရုတ်တရက်ဖွင့်ကာ ပြောလိုက်၏။
"ဒါဆိုရင်လည်း ဒီလိုမျိုး အခွင့်အရေးတွေက

ရခဲတယ်။ တာအိုရောင်းရင်း နှစ်ယောက်တို့က ကျွန်တော့်ရဲ့ ကောင်းကင်ပေါ်သို့ မြင့်တက်လာသော လျှို့ဝှက်ဆန်းကြယ်သော တိမ်တိုက် ဝင်္ကပါကို အကြံပြုပေးပါလား"

ပိုင်ရှီချန်နှင့် တင်းရန်ဖုန်းတို့ အပါအဝင် ကျန်သောသူများ အားလုံးတို့သည် အံ့အားသင့်သွားကြ၏။

လီယွမ်ဖန်း၏ အကြည့်သည် တင်းရန်ဖုန်းထံမှ ပိုင်ရှီချန်ထံသို့ ရွေ့သွားခဲ့သည်။ သူသည် မြစ်ပြင်မြေပုံ ဂရန်းမာစတာ၏ အဆုံးအမနှင့် ညွှန်ကြားမှုများကို မေ့လျော့သွားခဲ့၍ မဟုတ်ပေ။ အခြားအချိန်၊ အခြားနေရာနှင့်

အခြားအခြေအနေမျိုးတွင် သူသည် ပိုင်ရှီချန်နှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့အား လေးစားစွာနှင့် ဆက်ဆံမည် ဖြစ်သည်။

သို့သော်လည်း ယခုအခြေအနေတွင် သူ၏ပြိုင်ဘက်သည် သူ့ဆရာ၏ ယခင်အကြွေးနှင့် သူ၏ ခံစားချက်များကို အမြတ်ထုတ်ချင်နေ၏။ ဒါသည် မှန်ကန်ခြင်း မရှိပေ။

လီယွမ်ဖန်းသည် ရိုးရှင်း၍ တစ်ယူသန်သောသူဖြစ်၏။ ဤကဲ့သို့သော အခြေအနေမျိုးတွင် သူသည် နောက်ဆုတ်၍ အလျှော့ပေးမည် မဟုတ်ပေ။ သူသည်

လင်းဖုန်းထံတွင် အကြွေးတင်နေခဲ့သူ ဖြစ်ပြီး အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား စော်ကားမှုကို သည်းခံနေမည် မဟုတ်ပေ။

ပိုင်ရှီချန်က သက်ပြင်းချလိုက်ကာ တင်းရန်ဖုန်းက ပြောလိုက်၏။ "ငါ့စကားတွေက နည်းနည်းတော့ ကြမ်းပေမဲ့ သူတို့ကို အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ တရားဝင် တပည့်တစ်ယောက်က ဖြေကြားသင့်တာ မဟုတ်လား။ မင်းက မင်းရဲ့ လက်ရှိစွမ်းရည်ထက် ကျော်ပြီးမှ လုပ်ဆောင်နေတာပဲ"

"တကယ်လို့မင်းက အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ တပည့်တစ်ယောက်
မဟုတ်ရင် ဘာဖြစ်လို့ ရှေ့တက်လာလဲ"

ထိုစကားများကို ကြားရသောအခါ
လီယွမ်ဖန်း၏ မျက်မှောင်များသည်
ပိုကြုတ်သွားခဲ့၏။

## စာစဥ် ၃၇ : အပိုင်း ၁၆

## အပိုင်း ၅၆၆ : အမျိုးသမီးတို့၏ တိုက်ပွဲ

ပိုင်ရှီချန်၏ စကားလုံးများသည် လီယွမ်ဖန်း၏ စိတ်ကို မပြောင်းလဲစေခဲ့ပေ။ ထို့အစား တင်းရန်ဖုန်း၏ အစားများသည် သူ့အား မတုံ့ပြန်နိုင်အောင် ဖြစ်စေခဲ့သည်။

လီယွမ်ဖန်း၏ နှလုံးသားသည် အလွန်ကြံ့ခိုင်ကာ လူအနည်းငယ်ကသာ အကျိုးသက်ရောက်မှု ပေးနိုင်၏။ သို့သော်လည်း သူသည် ရိုးသားသောသူ တစ်ယောက်သာဖြစ်၍ တင်းရန်ဖုန်း၏ စကားများသည် သူ့အား အလွန်အမင်း မပျော်မရွှင် ဖြစ်စေခဲ့၏။

လီယွမ်ဖန်းသည် မျက်မှောင်ကြုတ်လိုက်ကာ ပိုင်ရှီချန်နှင့် တင်းရန်ဖုန်းတို့အား ဘာမှမပြောပဲ

ကြည့်နေခဲ့သည်။ ပြီးတာနှင့် သူ၏ လက်အစုံကို အသုံးပြုလိုက်ကာ မှော်ကျိန်စာ ဝက်ပါ တစ်ခုအား ဖော်ထုတ်လိုက်၏။ လေပေါ်တွင် မှော်ကျိန်စာ ဝက်ပါတစ်ခုက ပေါ်လာခဲ့သည်။ ဒါသည် သူ၏ ရပ်တည်မှုကို ဖော်ပြရန် လုံလောက်နေခဲ့သည်။ မင်းကမင်းကြိုက်တာ ပြောနိုင်တယ်၊ ဒါပေမဲ့ ငါက ငါ့ရဲ့စိတ်ကို ပြောင်းလဲမှာ မဟုတ်ဘူး။

"သူ့ရဲ့စကားတွေကသာ မယဥ်ကျေးတာ မဟုတ်ဘူးမလား" ထိုအချိန်တွင် ကြည်လင်သော လေသံတစ်ခုက အဝေးမှနေ၍ ပျံ့လွင့်လာခဲ့သည်။

ထိုလေသံသည် နားဝင်ချိုလှသောလည်း
ရေခဲကဲ့သို့ အေးစက်နေခဲ့၏။

ခဏအကြာတွင် လူအုပ်ကြီးသည်
ကွဲသွားကြ၏။ သူတို့သည် ခရမ်းရောင်
ဝတ်စုံနှင့် မိန်းမငယ် တစ်ယောက်သည်
ကန်ဘေးသို့ လျှပ်စီးကဲ့သို့ လျှင်မြန်သော
အမြန်နှုန်းဖြင့် ရောက်လာခဲ့သည်ကို
တွေ့လိုက်ရသည်။ သူမ၏ ဆံပင်နီများသည်
လေထုအတွင်းတွင် မီးလျှံများကဲ့သို့
လွင့်နေခဲ့သည်။ ညအမှောင်ယံအောက်တွင်
သူမ၏ ပုံသဏ္ဍာန်သည် လွန်စွာမှပင်
ကြည့်၍ကောင်းလှ၏။

တောက်ပနီရဲနေသော မျက်လုံးသူငယ်အိမ် တစ်စုံသည် တင်းရန်ဖုန်းနှင့် ပိုင်ရှီချန်တို့အား ဝေ့ကြည့်လိုက်၏။ ထိုမိန်းမပျိုလေး၏ ရှည်လျားပါးလျသော မျက်ခုံးများသည် ခေါင်းအောက်သို့ ကျလာသော သွေးစက်များနှင့် တူနေခဲ့သည်။ သူမက မျက်မှောင်ကြုတ်လိုက်ကာ ပြောလိုက်၏။ "မင်းတို့ တတ်နိုင်တာက အိမ်ရှင်မတွေလို လျှာသရမ်းဖို့ပဲလား။ ဟင်းလင်းပြင် ဘုရားကျောင်းက တပည့်တွေရဲ့ အဆင့်က ဒီလောက်ပဲလား"

ထိုစကား ကြားလိုက်ရသော် အားလုံးတို့သည် အချင်းချင်း ပြောလိုက်ကြသည်။

"ကြမ်းလှချည်လား။ ဒီစကားလုံးတွေက အတော်တော့ ပြင်းထန်တာပဲ။ ဟင်းလင်းပြင် ဘုရားကျောင်းက တပည့်တွေက ဒီလိုမျိုး စော်ကားမှုကို ဘယ်ခံပါ့မလဲ"

ပြီးတာနှင့် တစ်စုံတစ်ယောက်က ပြောလိုက်သည်။ "ငါက သူမကို သိတယ်။ သူမက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက နံပါတ်လေးတပည့် ယွဲ့ဟုန်ယန် ဖြစ်တယ်"

တင်းရန်ဖုန်း၏ မျက်နှာအပေါ်မှ အရောင်ပြောင်းသွားခဲ့ကာ ယွဲ့ဟုန်ယန်အား စိုက်ကြည့်လိုက်သည်။ "မင်းတို့ဂိုဏ်းက

လူတွေအားလုံးက စကားလုံးတိုက်ပွဲကို
တိုက်ချင်ကြတာလား"

ယွဲ့ဟုန်ယန်က သူ့အား အေးစက်စွာ
စိုက်ကြည့်လိုက်ကာ ပြောလိုက်သည်။
"စကားလုံးစစ်ပွဲ။ ငါက မင်းတို့လိုမျိုး
အမှိုက်တွေနဲ့ စကားပြောဖို့ စိတ်မဝင်စားဘူး။
အစောပိုင်းက မင်းက 'ကြယ်တံခွန်'နဲ့
'ကြယ်စင်'တို့ဆိုပြီး ပြောထားခဲ့တယ်။
အရမ်းကောင်းတယ်၊ ငါတို့က စွမ်းအားတွေကို
အသုံးပြုပြီး ဘယ်သူက 'ကြယ်တံခွန်'၊
ဘယ်သူက 'ကြယ်စင်'ဆိုတာကို
ကြည့်ကြတာပေါ့"

သူမ၏ တောက်ပသော အနီရောင် မျက်လုံးသူငယ်အိမ်များတွင် မီးတောက်များဖြင့် ကခုန်လာကြသည်။ သူမ၏ လက်ဖဝါးများကို လှန်လိုက်ရာ ရွှေရောင် ခေါးသွားပါ လုံးတံရှည်တစ်ခု ပေါ်လာခဲ့၏။ သူမက တိတ်ဆိတ်စွာဖြင့် ပြောလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ယွဲ့ဟုန်ယန် ဖြစ်ပါတယ်။ ဟင်းလင်းပြင် ဘုရားကျောင်းက တာအိုရောင်းရင်းက ဘာအစွမ်းရှိလဲ ပြသပါ"

လူအုပ်ကြီးက စိတ်လှုပ်ရှားနေကြသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်နှင့် ဟင်းလင်းပြင် ဘုရားကျောင်းမှ တပည့်တို့သည်

သူတို့၏ တိုက်ပွဲအား ဤကဲ့သို့ လျှင်မြန်စွာနှင့် စတင်မည်ဟု မည်သူကမှ ထင်မထားကြချေ။

ယနေ့တွင် သူတို့သည် နတ်ဘုရား နယ်မြေတွင် အသစ်စတင် ပေါ်ပေါက်လာသည့် အင်အားစုအသစ်နှင့် နဂိုရှိပြီးသား ထိပ်သီးဂိုဏ်းတို့၏ အကြားမှ တိုက်ပွဲအား မြင်တွေ့ရတော့မည် ဖြစ်သည်။ အားလုံးတို့၏ မျက်လုံးများသည် သူတို့အရှေ့မှ မြင်ကွင်းအား မျက်တောင်မခတ် စိုက်ကြည့်နေကြ၏။

ယွဲ့ဟုန်ယန်သည် လီယွမ်ဖန်းအား တောင်းပန်သလိုနှင့် ကြည့်လိုက်၏။
"နင့်ရဲ့ပြိုင်ဘက်ကို လုယူမိတာ

စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ငါက သူ့ကို မှော်ကျိန်စာတွေနဲ့ တိုက်ခိုက်မှာ မဟုတ်ဘူး။ ဘယ်သူက ပိုကောင်းတဲ့ တိုက်ခိုက်သူလဲ ဆိုတာကို ဆုံးဖြတ်မှာ"

သူသည် လီယွမ်ဖန်းအား ရှေ့ထွက်ပေးသည့်အတွက် ကျေးဇူးမတင်ခဲ့ပေ။ သူမသည် သူ့အား သူတို့အနက်မှ တစ်ယောက်ဟု သတ်မှတ်ထားသည့်ပုံ ပေါက်နေသည်။

ထို့ကြောင့် သူမသည် လီယွမ်ဖန်းအား သူ့လုပ်ရပ်အတွက် ကျေးဇူးတင်စကား မပြောခဲ့ပေ။ ထို့အစား သူမသည် သူ၏

ပြိုင်ဘက်အား လုယူမိသည့် အတွက်သာ
တောင်းပန်ခဲ့သည်။

သို့သော်လည်း ယွဲ့ဟုန်ယန်၏
စကားဆုံးသည်နှင့် လူအုပ်ကြီး အတွင်းတွင်
ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့၏။
အဘယ်ကြောင့်ဆိုသော် ယွဲ့ဟုန်ယန်၏
ရည်ရွယ်ချက်မှာ ဟင်းလင်းပြင်
ဘုရားကျောင်းမှ တပည့်များကို
သူသေကိုယ်သေ တိုက်ပွဲဖြင့် စိန်ခေါ်သကဲ့သို့
ဖြစ်နေသောကြောင့် ဖြစ်သည်။

ဤတိုက်ပွဲသည် လီယွမ်ဖန်း
ပါဝင်တိုက်ခိုက်နိုင်သော တိုက်ပွဲမဟုတ်ပေ။

သူ၏ပြိုင်ဘက်သည် ရွှေရောင်ဗဟိုချက်
အဆင့်မှ ကျင့်ကြံသူတစ်ယောက်ဖြစ်ပြီး
သူသည် အခြေခံအုတ်မြစ် အဆင့်တွင်သာ
ရှိသေးသည်။ သူသည် မှော်ကျိန်စာ
ဝက်ပါများကို ယှဉ်ပြိုင်နိုင်မည် ဖြစ်သော်လည်း
သူသေကိုယ်သေ တိုက်ခိုက်ကြမည်ဆိုလျှင်
သူကအရင်သေမည်ဖြစ်သည်။

လီယွမ်ဖန်းသည် ယွဲ့ဟုန်ယန်၏
စကားအဓိပ္ပာယ်များကို နားလည်ခဲ့သဖြင့်
ခေါင်းညိတ်ကာ ဘေးဖယ်ပေးလိုက်သည်။

တင်းရန်ဖုန်း၏ မျက်နှာသည်လည်း
ပြောင်းလဲသွားခဲ့ကာ အေးစက်စွာဖြင့်

နှာမှုတ်လိုက်၏။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက မောက်မာတယ်လို့ လူတိုင်းက ပြောကြတယ်။ ဒီကနေ့မှာတော့ လက်တွေ့ ကြုံခဲ့ရပြီ"

ယွဲ့ဟုန်ယန်က အေးစက်စွာနှင့် ပြောလိုက်သည်။ "မင်းက ငါ့ရဲ့ဂိုဏ်းနဲ့ ငါ့ရဲ့ဆရာကို စော်ကားတယ်။ ကျေးဇူးပြုပြီးတော့ စွမ်းဆောင်ရည် ရှိတယ်ဆိုတာကို ပြသပါဦး။ ဥပမာအားဖြင့် ငါ့ကို အနိုင်ယူတာလိုမျိုးပေါ့။ မဟုတ်လို့ရှိရန်တော့၊ ဟွန့်!"

"ငါကမင်းကိုကြောက်တယ်များ ထင်နေတာလား" တင်းရန်ဖုန်းက မေးလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက အဆင့်တူရင် ဗိုလ်မထားဘူး၊ ဟုတ်လား။ အတော်မောက်မာတဲ့ စကားပဲ။ မင်းတို့က ပိုင်ယွင်တောင်က တပည့်တွေနဲ့ ယှဉ်ပြိုင်ဖူးလို့လား။ ဒီကနေ့မှာ နတ်ဘုရားနယ်မြေမှာ ဘယ်သူက နံပါတ်တစ်လည်း ဆိုတာကို မင်းကိုသင်ခန်းစာ ပေးလိုက်မယ်"

သူသည် တိုက်ခိုက်တော့မည် ပြုလိုက်ရာ ပိုင်ရှီချန်က ရုတ်တရက် နူးညံ့သော

လက်ဖဝါးဖြင့် သူ၏ပုခုံးကို ကိုင်လိုက်သည်။
"စီနီယာတင်း၊ ဒီတစ်ခေါက် ရှီချန်တိုက်ပါရစေ"

တင်းရန်ဖုန်းက မှင်သက်သွားခဲ့ကာ
သူ၏မျက်မှောင်များကို ကြုတ်လိုက်၏။
"နင်..."

ပိုင်ရှီချန်က ဖွဖွလေး ပြုံးလိုက်ကာ
သူမ၏ခေါင်းအား ခါလိုက်သည်။ သူမသည်
ယွဲ့ဟုန်ယန်ဘက်သို့ လှည့်လိုက်ကာ
ပြုံးလိုက်၏။ "တာအိုရောင်းရင်းယွဲ့၊
ဘယ်လိုများ ထင်သလဲ"

အဖြူရောင် ဝတ်စုံနှင့် မိန်းကလေး၏ ပုံစံသည် နူးညံ့သိမ်မွေ့ကာ ချောမောလှပသည်။ သူမသည် နှစ်လိုဖွယ်ရာကောင်းသော အငွေ့အသက်များကို ထုတ်လွှတ်နေ၍ စကားပြော ယဉ်ကျေးသည်။ အားလုံးတို့က ပင့်သက်ရှူကိုက်လိုက်ကြ၏။

ဤတိုက်ပွဲသည် ပို၍များပြားသော လူတို့အား ဆွဲဆောင်နိုင်ခဲ့သည်။ အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသည် ပိုင်ရှီချန်၏ အပြုအမူအား ကြည့်လိုက်ကာ ခေါင်းညိတ်လိုက်ကြသည်။ "ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ လက်ရင်းတပည့်

တစ်ယောက်က တကယ့်ကို
ထူးချွန်ပြောင်မြောက်ပါပေတယ်"

ပိုင်ရှီချန်၏ အပြုံးသည် နွေးထွေးကာ
ရန်လိုမှုများ မရှိနေပေ။ သူမသည်
ယွဲ့ဟုန်ယန်အား ကြည့်လိုက်၏။

ယွဲ့ဟုန်ယန်က ပြောလိုက်သည်။
"တကယ်လို့မင်းက ပိုပြီးတော့
အခွင့်ပိုသာမယ်ဆိုရင် လာနိုင်တယ်။ ငါက
ကိစ္စမရှိဘူး"

ပိုင်ရှီချန်က ပြန်ဖြေလိုက်သည်။
"ဒါကြောင့်မဟုတ်ပါဘူး။ တာအိုရောင်းရင်းယွဲ့၊
ရှင်က အမျိုးသမီးတစ်ယောက် ဖြစ်တယ်။
ဒါကြောင့် ရှီချန်က ယှဉ်ပြိုင်တာပါ။
ကျွန်မတို့နှစ်ယောက်စလုံးက အမျိုးသမီးတွေ
ဖြစ်ကြတယ်။ ဒီတိုက်ပွဲကို ရုပ်ဆိုးအောင်
မလုပ်ကြပါစို့"

"ဘာဖြစ်လို့ ဒီလောက်ဟန်ဆောင်နေတာလဲ"
ယွဲ့ဟုန်ယန်က နှာမှုတ်လိုက်၏။ "ငါကနင့်ကို
သူ့အစား ပေးတိုက်ခိုက်တာ အကြောင်းရင်း
တစ်ခုပဲရှိတယ်"

"နင်ကသူ့ထက် သန်မာလို့ပဲ။ ဒါက
တစ်ခုတည်းသော အကြောင်းရင်းပဲ"

ထိုစကားဆုံးသည်နှင့် အခြေတည်ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူများက
မအံ့သြသွားကြသော်လည်း ကျန်သောသူများ
အားလုံးတို့သည် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြကာ
သူတို့၏ အကြည့်ကို နူးညံ့သိမ်မွေ့သော
အဖြူရောင် ဝတ်စုံနှင့် မိန်းကလေးထံသို့
အာရုံစိုက်လိုက်ကြသည်။

လီယွမ်ဖန်း၊ လော်ချင်းဝူ၊
ကျွင်းကျိနင်တို့သည်လည်း

အံ့သြတုန်လှုပ်စွာဖြင့် ပိုင်ရှီချန်အား ကြည့်လိုက်ကြသည်။

ယွဲ့ဟုန်ယန်သည် ပိုင်ရှီချန်အား ကြည့်လိုက်ကာ သူမ၏ခေါင်းကိုခါလိုက်သည်။ "ငါ့က မိန်းကလေးဖြစ်လို့ ငါ့ကိုတိုက်ခိုက်မယ်ဆိုတာ အဓိပ္ပာယ်လုံးဝ မရှိဘူး။ တိုက်ခိုက်တာကို ရုပ်ဆိုးအောင် မလုပ်နဲ့ဆိုတာက ဘာအဓိပ္ပာယ်လဲ"

"နင့်ရဲ့မျက်စိထဲမှာ မိန်းကလေးတစ်ယောက် ဖြစ်ရတာ ယောကျ်ားတွေထက် အောက်ကျတယ်လို့ ထင်နေတာလား။ ဒါမှမဟုတ် အဆင့်မြင့်တယ်လို့

ထင်နေတာလား။ ယောကျ်ားလေးတွေက နင်နဲ့ တိုက်ခိုက်ရမှာ မတန်ဘူးလို့ ထင်နေတာလား"

ယွဲ့ဟုန်ယန်၏ အမူအရာသည် တည်ငြိမ်လျှက်ပင် ရှိသည်။ "စစ်မြေပြင်က သေရေးရှင်ရေး အခြေအနေမှာ ဘယ်သူက နင်က ယောကျ်ားလေးလား၊ မိန်းကလေးလား ဆိုတာကို ဂရုစိုက်မှာလဲ။ တခြားအချက်အလက်တွေကို မကြည့်ကြစို့။ ငါ့အတွက်ဆိုရင် ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းကလေး ဖြစ်ဖြစ် တိုက်ခိုက်မှုစွမ်းရည်က ကွာခြားခြင်း မရှိဘူး"

ဆံနီမလေးသည် ရွှေရောင် နဂါးမိစ္ဆာ ခေါးသွားပါလုံ့ရှည်ကို လေပေါ်တွင် ဝှေ့ယမ်းလိုက်ပြီး လုံထိပ်ဖျားဖြင့် ပိုင်ရှီချန်အား ချိန်ရွယ်လိုက်သည်။ "မင်းက တိုက်ချင်တယ်ဆိုရင် တိုက်ကြစို့။ ငါကမင်းဟာ မိန်းကလေးတစ်ယောက် ဖြစ်နေလို့ တိုက်ခိုက်တာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းက သူ့ထက် ပိုသန်မာပြီး ပြိုင်ဘက်ကောင်းတစ်ယောက် ဖြစ်လို့ပဲ"

သူမ၏ အကြည့်အတွင်းတွင် သရော်မှုများ ပါနေခဲ့သည်။ "မင်းကလည်း မင်းဟာသူ့ထက်သာတယ် ဆိုတာကို

သိနေတာပဲ။ ဘာဖြစ်လို့ ရယ်စရာကောင်းတဲ့ အကြောင်းပြချက်တွေ ပေးနေတာလဲ"

တင်းရန်ဖုန်းက ဘာမှမပြောခဲ့ပဲ ပိုင်ရှီချန်က သက်ပြင်းချလိုက်ကာ သူမ၏ခေါင်းကို ခါလိုက်သည်။ "တာအိုရောင်းရင်းယွဲ့၊ ရှင်ကအထင်လွဲနေပြီ။ ရှီချန်က နှိမ့်ချနေတာ မဟုတ်ပါဘူး။ ကျွန်မရဲ့ လက်ရှိကျင့်ကြံမှုနဲ့ တစ်ဆိုကြန့်ကြာနေတဲ့ အတားအဆီးတွေကို ချိုးဖောက်နိုင်စွမ်း မရှိသေးလို့ပါ"

"ဒါပေမဲ့ တာအိုရောင်းရင်းယွဲ့က တိုက်ခိုက်ချင်နေတော့လဲ ရှင့်ဆန္ဒကို ဖြည့်ဆည်းပေးရတာပေါ့"

သူမ၏ မျက်ခုံးကြားမှ သင်္ကေတတစ်ခု ပေါ်လာခဲ့ကာ အလင်းစက်လေးများအဖြစ်သို့ ပြောင်းသွားကာ နောက်ဆုံးတွင် ပျောက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် သူမ၏ ခန္ဓာကိုယ်မှ အနက်ရောင်နှင့် အဖြူရောင် မှော်စွမ်းအင် တစ်စစီ ပေါ်ထွက်လာကာ ခက်ထန်သော နဂါးနှစ်ကောင် အဖြစ်သို့ ပြောင်းသွားခဲ့၍ သူမအား ဝန်းရံနေခဲ့သည်။

"ဒါ.. ဒါက ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်ပဲ" လူအုပ်အတွင်းမှ တစ်စုံတစ်ယောက်က အော်လိုက်သည်။ "သူမက ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာကို ကျင့်ထားတယ်။ ဒါက ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာ ဖြစ်တယ်"

ထိုအချိန်တွင် နူးညံ့သိမ်မွေ့သော ပိုင်ရှီချန်သည် အစောပိုင်းကနှင့် စလိုက်လျှင် များစွာ ကွဲပြားခြားနားသော အော်ရာတစ်ခုအား ထုတ်လွှတ်လိုက်သည်။ စွမ်းအားကြီးသော မှော်စွမ်းအင် တစ်ခုသည် သူမ၏ ခန္ဓာကိုယ်အား ဖြတ်သန်းသွားကာ တင်းရန်ဖုန်းထက် အားကောင်းသော ခွန်အားကို ပြသလိုက်သည်။

"တာအိုရောင်းရင်းယွဲ့၊ ရှင့်မှာဘာစွမ်းအားတွေ ရှိသလဲဆိုတာကို ပြသလိုက်ပါ" ပိုင်ရှီချန်သည် သူမ၏ ဖြူဖွေးနူးညံ့သော လက်ဖဝါးအား ဆန့်ထုတ်လိုက်ကာ အနက်ရောင် သတ္တုကျောပွတ်ရှည် တစ်ချောင်း ထွက်လာခဲ့သည်။

ဒါသည် သာမန် ကျောပွတ်အပျော့မျိုး မဟုတ်ပေ။ သူသည် ရှည်လျားထူထဲလေးလံသော ကျောပွတ်ဖြစ်သည်။ သူ၏ အဆစ်များသည် ခက်ထန်သော နဂါးများ ခွေနေသကဲ့သို့ ဖြစ်၏။ သူတို့သည် သတ္တုချောင်းများကဲ့သို ထူထဲသည်။ ဒါသည် ရေးဟောင်းမိုလ်ချုပ်များက

မြင်းပေါ်မှနေ၍ သူတို့၏ ရန်သူများကို သတ်ဖြတ်ရန် အသုံးပြုသည့် မဟာသတ္တုကျောပွတ်တစ်ချောင်း ဖြစ်သည်။

ထိုကျောပွတ်သည် ပိုင်ရှီချန်၏ အရပ်ထက် ပိုမြင့်သည်။ သူ၏ အနက်ရောင် ကိုယ်ထည်မှနေ၍ ထူးခြားသော ခရမ်းနီရောင် အလင်းတန်းများကို ထုတ်လွှတ်နေ၏။ ထိုကျောပွတ်၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသူများတွင် ကမ္ဘာဦးခေတ်မှ သန့်စင်သော သွေးမျိုးဆက် မွန်းစတားများနှင့် အစွမ်းထက်သော လူသားကျင့်ကြံသူများ ပါနေကြသည်။

ထိုကျာပွတ်၏ ခက်ထန်ကြမ်းတမ်းသော အော်ရာသည် ပျံ့လွင့်သွား၍ အားလုံးတို့အား အံ့အားသင့်စေခဲ့သည်။

"ဒါက အခြေတည်ဝိညာဉ် အဆင့်က မှော်အိုင်တမ် ဖြစ်တယ်။ ဟင်းလင်းပြင် ဘုရားကျောင်းက ဒီလိုမျိုး စွမ်းအားကြီးပြီး ခက်ထန်တဲ့ မှော်အိုင်တမ်မျိုးကို ပိုင်ဆိုင်ထားတာလား" အားလုံးတို့က တုန်ခါသွားကြကာ မေးလိုက်ကြသည်။

"ဒါက ဟန်ထျန်း မိစ္ဆာချိုးဖျက်ကျာပွတ် ဖြစ်တယ်" တစ်ယောက်က ခက်ခက်ခဲခဲဖြင့် ပြောလိုက်၏။ "ဟင်းလင်းပြင် ဘုရားကျောင်းရဲ့

ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာဟာ
စွမ်းအားထက်တဲ့ သိုင်းကွက်ပေါင်း
မြောက်မြားစွာတို့ကို ဖော်ထုတ်နိုင်တယ်"

"သူတို့ကို ဟန်ထျန်းပုံစံ ရှစ်မျိုးလို့
ခေါ်ကြတယ်။ သူတို့ဟာ ဟင်းလင်းပြင်
ဘုရားကျောင်း တစ်ခုလုံးမှာ သူတို့တောင်ကို
ကာကွယ်ဖို့ အသုံးပြုတဲ့ အစွမ်းအထက်ဆုံး
မှော်ကျိန်စာတွေ ဖြစ်ကြတယ်။ သူတို့မှာ
အလွန်ကြမ်းတမ်းခက်ထန်တဲ့ စွမ်းအားတွေ
ရှိကြတယ်"

"ဒီဟန်ထျန်း မိစ္ဆာချိုးဖျက်ကျာပွတ်ကို
ဟန်ထျန်းပုံစံ ရှစ်မျိုးအထဲက တစ်မျိုးနဲ့

ထုလုပ်ထားတာ။ ဒါပေမဲ့ ဒီလိုမျိုး နူးညံ့တဲ့ မိန်းကလေးဟာ ဟန်းထျန်းပုံစံ ရှစ်မျိုးထဲက အခက်ထန်ဆုံး အကွက်ကို အသုံးပြုနိုင်လိမ့်မယ်လို့ မထင်မိဘူး"

ထိုအချိန်တွင် ပိုင်ရှီချန်သည် လူတိုင်း၏ အာရုံစိုက်မှုကို ခံနေခဲ့ရသည်။

ထိုအချိန်တွင်ပင် ပိုင်ရှီချန်သည် နွေးထွေးသိမ်မွေ့သည့် အော်ရာကို ထုတ်လွှတ်လျက်ပင် ရှိသေး၏။ သူမသည် သက်ရှိတစ်ခုကိုမျှ မသတ်ရက်သည့် ပုံစံဖြစ်သည်။

သို့သော်လည်း သူမ၏ ညာလက်အတွင်းတွင်
အနက်ရောင် သတ္တုကျောပွတ်ရှည်
တစ်ချောင်းအား ကိုင်စွဲထားခဲ့သည်။
ကြည့်ရသူတိုင်းကို ရင်သပ်ရှုမော ဖြစ်စေခဲ့၏။

နှိုင်းယှဉ်လိုက်လျှင် ပိုင်ရှီချန်၏ ကျောပွတ်သည်
ယွဲ့ဟုန်ယန်၏ လုံတံရှည်ထက်ပို၍
ကြောက်မက်ဖွယ်ရာ ကောင်းနေခဲ့သည်။
အပြင်ပန်းသဏ္ဍာန်အရ သူသည် ပို၍
ခက်ထန်ကြမ်းတမ်းကာ တုန်လှုပ်ဖွယ်ရာ
ရှိနေခဲ့၏။

အားလုံးတို့သည် ကြမ်းတမ်းခက်ထန်သော
လက်နက်ကိုယ်စီကို ကိုင်ဆောင်ထားကြသည့်
မိန်းမချော နှစ်ယောက်တို့အား
ကြည့်လိုက်ကြကာ စိတ်ရှုပ်ထွေးနေကြသည်။

ယွဲ့ဟုန်ယန်သည် ကြောက်ရွံ့မှု မရှိခဲ့ပေ။
သူမသည် ပိုင်ရှီချန်အား ကြည့်လိုက်ကာ
ရယ်လိုက်၏။

သူမသည် နောက်ထပ်ဘာမှ မပြောတော့ပေ။
သူမ၏ခြေထောက်ကို ဆောင့်လိုက်ရာ
မြေကြီးက စတင်တုန်ခါလာခဲ့သည်။ သူမ၏
ခန္ဓာကိုယ် တစ်ခုလုံးသည် အနီရောင်

မိုးကြိုးသွား တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ကာ ပိုင်ရှီချန်ထံသို့ တိုးဝင်သွားခဲ့သည်။

ရွှေရောင် နဂါးမိစ္ဆာ ဓားသွားပါ လုံတံရှည်အား မဖြောက်ခဲ့ပဲ မြေပေါ်တွင်သာ တရွတ်တိုက် ဆွဲသွားခဲ့သည်။ မီးပွင့်များက နေရာအနှံ့လွင့်ပျံသွားကြ၍ မြေပေါ်တွင် နက်ရှိုင်းသော ဖြတ်တောက်ရာတစ်ခု ပေါ်လာခဲ့၏။

ယွဲ့ဟုန်ယန်သည် ပိုင်ရှီချန်ထံသို့ မရောက်ခင်လေးတွင် သူမ၏ လက်များအား အောက်သို့ ဖိချလိုက်ရာ ရွှေရောင် နဂါးမိစ္ဆာ ဓားသွားပါ လုံတံရှည်သည်

နဂါးတစ်ကောင်ကဲ့သို့ အသက်ဝင်လာခဲ့သည်။ သူသည် မြေကြီးအပေါ်သို့ တက်သွားခဲ့ကာ ရွှေရောင်အလင်းတန်းများဖြင့် လက်လာခဲ့၍ ပိုင်ရှီချန်၏ ဦးခေါင်းပေါ်သို့ ထိုးနှက်လိုက်သည်။

"ဒါက ကျင်းဟွမ်အမတ်ရဲ့ ရွှေရောင် နဂါးမိစ္ဆာ ခေါ်သွားပါ လုံတံရှည် မဟုတ်လား" ပိုင်ရှီချန်က တိုးညင်းစွာဖြင့် မေးလိုက်သည်။ သူမသည် မလှုပ်ရှားခဲ့ပေ။ သူမ၏ ညာလက်က ရုတ်တရက် လှုပ်သွားခဲ့၏။ သူမ၏ အားနည်းပုံပေါက်နေသည့် လက်ကောက်ဝတ်သည် ဟန်ထုန်းမိစ္ဆာချိုးဖျက် ကျာပွတ်အား ရုတ်တရက် တင်းကျပ်စွာ ဆုပ်ကိုင်ခဲ့သည်။

ခဏအကြာတွင် ဟန်ထျန်းမိစ္ဆာချိုးဖျက်ကျာပွတ်သည် ယွဲ့ဟုန်ယန်၏ ခေါင်းပေါ်သို့ တည့်မတ်စွာ ကျရောက်လာခဲ့၏။

"ဝုန်း!" ထိုကျာပွတ် ကျော်ဖြတ်သွားသည့် နေရာတိုင်းတွင် ဟင်းလင်းပြင်သည် ဖရိုဖရဲ ကစဥ့်ကလျား ဖြစ်သွားကြ၏။ အားကြီးသော စွမ်းအားများသည် အားလုံးကို တုန်လှုပ်စေခဲ့သည်။

ပိုင်ရှီချန်၏ အကွက်သည် တိုက်စစ်အား တိုက်စစ်ဖြင့် တုံ့ပြန်ခြင်း ဖြစ်သည်။ သူမသည် ရန်သူအား ချေမှုန်းလိုနေပေသည်။

သူမသည် နူးညံ့သည့်ပုံ ပေါက်နေသော်လည်း သူမ၏ တိုက်ခိုက်ပုံသည် ဟန်ထျန်းမိစ္ဆာချိုးဖျက် ကျာပွတ်ကဲ့သို့ ခက်ထန်ကြမ်းကြုတ်လှပေသည်။

"ကောင်းလိုက်တဲ့အကွက်" အခြေအနေအား ကြည့်လိုက်ကာ ယွဲ့ဟုန်ယန်က ရယ်လိုက်သည်။ သူမသည် ပိုင်ရှီချန်၏ တုံ့ပြန်မှုကို အလေးမထားခဲ့ပဲ သူမထံသို့ တိုးဝင်လာခဲ့သည်။

ဒါသည် ပိုင်ရှီချန်၏ ကျောပွတ်က ယွဲ့ဟုန်ယန်၏ ဦးနှောက်ကို ထိုးဖောက်နိုင်မည်လော၊ သို့မဟုတ် ယွဲ့ဟုန်ယန်၏ လုံတံရှည်သည် ပိုင်ရှီချန်အား နှစ်ပိုင်းပိုင်းနိုင်မည်လော ဟူသည်ကို ကြည့်ရမည့် တိုက်ပွဲဖြစ်၏။

အမျိုးသမီးနှစ်ဦးအကြားမှ တိုက်ပွဲသည် တကယ့်ကို စတင်နေပြီ ဖြစ်သည်။ သူသည် သူသေကိုယ်သေ တိုက်ပွဲတစ်ခုနှင့် တူနေပေသည်။

## စာစဥ် ၃၀ : အပိုင်း ၁၇

## အပိုင်း ၅၆၇ : သိုင်းသမားတစ်ယောက် အနေနဲ့ မင်းက တိုးတက်ဖို့ အများကြီး လိုသေးတယ်

တိုက်ပွဲကို ဘေးမှကြည့်နေကြသူများသည်
သူတို့၏ မျက်လုံးများသည်
မျက်လုံးအိမ်အတွင်းမှ
ထွက်ကျလာတော့မည်ဟု ခံစားနေကြရ၏။
သူတို့သည် အလွန်အမင်းကို
ကြက်သေသေနေကြသည်။

ဒါသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
လက်ရင်းတပည့်နှင့် ဟင်းလင်းပြင်

ဘုရားကျောင်းတို့၏ လက်ရင်းတပည့်တို့၏ အကြားမှ တိုက်ပွဲဖြစ်သည်။ ထို့အပြင် သူတို့နှစ်ယောက်စလုံးတို့သည် အမျိုးသမီးများ ဖြစ်ကြသည်။

ပိုင်ရှီချန်သည် ဤအချိန်တွင် နူးညံ့ကာ အကြမ်းမခံနိုင်သည့်ပုံ ပေါက်နေသေး၏။ အားလုံးတို့သည် သူမ၏ ဟန်ထျန်းမိစ္ဆာချိုးဖျက် ကျာပွတ်အား အသုံးပြုကာ ဟန်ထျန်းပုံစံ ရှစ်မျိုးကို တိုက်ပွဲတွင် အသုံးပြုနေခြင်းမှာ လွဲမှားနေသည်ဟု ယူဆနေကြသည်။ သို့သော်လည်း ဒါသည် နည်းဗျူဟာ လိုက်လျောညီထွေမှု ရှိနေခဲ့သည်။

"သိုင်းပညာရပ်ကို ကျင့်ကြံကြတဲ့ သူတွေဟာ အရဏ်ဦးနေမင်းလိုမျိုး အသက်စွမ်းအင်တွေနဲ့ ပြည့်နှက်နေတယ်။ သူမက မလှုပ်ရှားခင်မှာ ဘယ်လိုလုပ်ပြီးတော့ သူမရဲ့ အတွင်းစိတ်ကို ဖုံးကွယ်ထားနိုင်ခဲ့တာလဲ။ သူမက ဘယ်လိုလုပ်ပြီး အကြွမ်းမခံတဲ့ ပုံပန်းသဏ္ဌာန်နဲ့ ဒီလိုမျိုး ပြင်းထန်တဲ့ တိုက်စစ်ကို ပုံဖော်နိုင်ရတာလဲ" တစ်ယောက်က အံ့အားသင့်စွာဖြင့် မေးလိုက်သည်။

သူ၏ဘေးမှသူမှ ဖြည်းညင်းစွာနှင့် ပြန်ဖြေလိုက်သည်။ "ဒါက ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာနဲ့ ဟန်ထျန်းပုံစံ ရှစ်မျိုးတို့ရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အပိုင်းဖြစ်တယ်။ သူက

ဗုဒ္ဓကျင့်ကြံသူတွေရဲ့ ညှိုးရော်သွားသော
ဂုဏ်ကျက်သရေလိုမျိုး ညှိုးရော်နေတဲ့
ပြြင်ပသွင်ပြင်အောက်မှာ
အသက်စွမ်းအင်တွေကို ဖုံးကွယ်ထားနိုင်တယ်"

"ဟင်းလင်းပြင် ဘုရားကျောင်းက
မိန်းကလေးက အားနည်းပုံပေါက်နေတဲ့
ခန္ဓာကိုယ်တစ်ခု အတွင်းမှာ
ပေါက်ကွဲမှုအားကောင်းတဲ့ စွမ်းအားတွေကို
ကွယ်ဝှက်ထားခဲ့တာပဲ"

"သူမရဲ့ ပုံစံက နူးညံ့အားနည်းတဲ့ပုံ
ပေါက်နေပေမဲ့ သူမ တိုက်ခိုက်တဲ့ အချိန်မှာ
သူမရဲ့ ရုပ်ခန္ဓာကိုယ်က

ထူးခြားပြောင်မြောက်တဲ့ စွမ်းရည်တွေနဲ့
ပြည့်နှက်နေတယ်။ ပိုင်ရှီချန်က ဒီအကွက်ရဲ့
လျှို့ဝှက်ချက်တွေကို နားလည်ပြီးသွားပြီ။
သူမရဲ့ ပုံစံကို ကြည့်ပြီးတော့ လူတွေဟာ သူမရဲ့
စွမ်းအားတွေကို လျှော့တွက်မိကြတယ်။
အထူးသဖြင့် ဟာင်းလင်းပြင်၏
ယင်ယန်ကျမ်းစာက ခက်ထန်တဲ့
သိုင်းကွက်တွေကို မပိုင်ဆိုင်ထားဘူး"

ပိုင်ရှီချန်၏ ကွဲပြားခြားနားမှုများသည်
အားလုံးတို့၏ အာရုံကို ဖမ်းစားထားနိုင်ခဲ့သည်။
သို့သော်လည်း သူမ တိုက်ခိုက်လိုက်သည့်
အချိန်တွင် သူမအပေါ်မှ အာရုံတို့သည်

အခြားသူ တစ်ယောက်ထံသို့
ကျရောက်သွားကြသည်။

ထိုသူမှာ တောက်လောင်နေသော
မီးလျှံများကဲ့သို့ ဆံပင်နှင့် မိန်းမငယ်တစ်ဦး
ဖြစ်သည်။ ပိုမိုကြီးစိုးနိုင်သော ခက်ထန်သည့်
အော်ရာဖြင့် သူမသည် ပိုင်ရှိချန်ထံမှ
အာရုံများကို သူမထံသို့ ဆွဲဆောင်နိုင်ခဲ့သည်။

ပိုင်ရှိချန်၏ အသက်ကို ပမာန မထားပဲ
တိုက်ခိုက်မှု ပုံစံအား ယွဲ့ဟုန်ယန်က
သိပ်မမှုမထားခဲ့ပေ။ သူမ၏ လက်ထဲမှ ရွှေရောင်
နဂါးမိစ္ဆာ ဓားသွားပါ လုံတံရှည်သည် သူမ၏

ခေါင်းပေါ်သို့ ကျဆင်းလာခဲ့ကာ သူမအား
နှစ်ပိုင်းပိုင်းချင်နေသည့်ပုံ ပေါက်နေခဲ့သည်။

"တာအိုရောင်းရင်းယွဲ့က လူသတ်လိုစိတ်
ပြင်းထန်တယ်" ပိုင်ရှီချန်က ပြောလိုက်သည်။
သူမ၏ မျက်နှာမှာ အသွင်အပြင် ကင်းမဲ့စေဆဲ
ဖြစ်၏။ သူမ၏ မျက်နှာမှာ အမူအရာ
ကင်းမဲ့နေဆဲ ရှိသေးသည်။
ဟန်ထျန်းမိစ္ဆာချိုးဖျက် ကျာပွတ်ကို
ကိုင်ဆောင်ထားသော သူမ၏ နုနယ်သော
ပုံစံသည် လေထုအလယ်တွင် ခေတ္တမျှ
တုန်ခါသွားခဲ့သည်။

ထိုတုန်ခါမှုနှင့်အတူ သူမ၏ ခန္ဓာကိုယ်
တစ်ခုလုံးသည် ဟင်းလင်းပြင် အတွင်းတွင်
ပျောက်ကွယ်သွားခဲ့၏။ သူမ၏ အရိပ်ကိုပင်
ရှာမတွေ့နိုင်တော့ပေ။

ပိုင်ရှီချန်၏ တည်နေရာသည် အားလုံး၏
မြင်ကွင်းအတွင်းတွင် မပြောင်းလဲသွားခဲ့ပေ။
သို့သော်လည်း သူမသည် သူမ၏
မူလနေရာတွင် မရှိတော့ဟု အားလုံးက
ခံစားနေကြရသည်။

အကယ်၍ ယွဲ့ဟုန်ယန်သည် သူမ၏ အကွက်ကို
မပြောင်းလဲခဲ့ပါက သူမသည် သူမ၏ ပစ်မှတ်ကို
တိုက်ခိုက်နိုင်တော့မည် မဟုတ်ပေ။

အလင်းရောင်နှင့် လေဟာနယ်
စီးဆင်းခြင်းသည် ဟင်းလင်းပြင်
ဘုရားကျောင်းမှ အစွမ်းထက်သော
အကွက်တစ်ခုဖြစ်၏။ သူ့အား ဖုံးကွယ်မှုနှင့်
တိုက်စစ်ဆင်လိုသော အချိန်တွင်
အသုံးချလေ့ရှိသည်။ ဒါသည်
အခြေတည်ဝိညာဉ် အဆင့်အောက်မှ
ကျင့်ကြံသူများက ဟင်းလင်းပြင်အား
ထိန်းချုပ်နိုင်သည့် အကွက်အနည်းငယ်
အတွင်းမှ တစ်ခုဖြစ်သည်။ ဤအချက်တွင်
သူသည် စူတောင်ခေးဂိုဏ်းမှ ရှောင်ဇီခေးနှင့်
တူနေပေသည်။

ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းတွင် စွမ်းအားထက်သော ဤအကွက်သည် ရှိထျန်းရီ အသုံးပြုခဲ့သော ကောင်းကင်သို့ တက်လှမ်းခြင်း မှော်ကျိန်စာထက် အားမနည်းပေ။

သို့သော်လည်း ထူးဆန်းသည်မှာ ပိုင်ရှီချန်က အလင်းရောင်နှင့် လေဟာနယ် စီးဆင်းခြင်းကို အသုံးပြုလိုက်၍ သူမ၏ ရုပ်ကိုယ်ခန္ဓာသည် ယွဲ့ဟုန်ယန်၏ တိုက်ခိုက်မှုအောက်တွင် မရှိတော့သော်လည်း ယွဲ့ဟုန်ယန်၏ ခေါင်းပေါ်သို့ ခုတ်ချလိုက်သော ရောမ ကျာပွတ်ကြီးမှာ အကျိုးသက်ရောက်မှု မရှိသလိုပင် ဖြစ်၏။ သူသည် ယွဲ့ဟုန်ယန်အား

ကမ္ဘာ့ဖျက်စွမ်းအားဖြင့်
ဆက်လက်ရိုက်ချလာခဲ့သည်။

သူတို့နှစ်ယောက်စလုံးတို့သည် မရှောင်တိမ်းပဲ
တိုက်ခိုက်လိုက်ကြသော်လည်း ပိုင်ရှီချန်သည်
အန္တရာယ် စက်ကွင်းအတွင်းမှ
လွတ်မြောက်သွားနိုင်ခဲ့သည်။

သို့သော်လည်း ထိုအခိုက်အတန့်တွင်
ပိုင်ရှီချန်သည် သူမ၏ ဟင်းလင်းပြင် အတွင်းမှ
ပုံစံသည် တင်းကျပ်စွာနှင့် အချုပ်နှောင်
ခံလိုက်ရသည်ဟု ခံစားမိလိုက်ရသည်။

တစ်စုံတစ်ခုသည် သူမ၏
လျှင်မြန်သွက်လက်သော ပုံစံအား
တွယ်ကပ်ထားသကဲ့သို့ ဖြစ်နေကာ သူမသည်
လွတ်လပ်စွာ မလှုပ်ရှားနိုင်တော့ပေ။

သူမသည် အတန်ငယ် ထိတ်လန့်သွားခဲ့ကာ
ခဏအကြာတွင် သူမသည် ယွဲ့ဟုန်ယန်၏
ရွှေရောင် နဂါးမိစ္ဆာ ခေါင်းသွားပါ လှံတံရှည်၏
ထိပ်ဖျားတွင် ရောက်နေခဲ့သည်ကို
တွေ့လိုက်ရ၏။ လေဟာနယ်သည်
တွန့်လိမ်နေကာ အားလုံးတို့သည် ရွှေရောင်
နဂါးမိစ္ဆာ ခေါင်းသွားပါ လှံတံရှည်၏ ထိပ်ဖျားတွင်
တွန့်လိမ်နေခဲ့ကာ ဝဲကတော့၏
အလယ်ဗဟိုကဲ့သို့ ဖြစ်နေခဲ့သည်။

ဤအလယ်ဗဟိုမှာ မယုံနိုင်လောက်အောင်
ပြင်းထန်ကာ ဟင်းလင်းပြင်အတွင်းမှ
အရာအားလုံးတို့သည် ထိုအတွင်းသို့
ပြိုကျပျက်စီးသွားကြသည်။

တွင်းနက်ကြီး တစ်ခုကဲ့သို့ပင် ဖြစ်၏။

ထိုတွင်းနက်ကြီးသည် လေဟာနယ်ကိုပင်
ဝါးမျိုနိုင်သည့် စွမ်းရည်ရှိနေသကဲ့သို့
ဖြစ်နေခဲ့ကာ ပိုင်ရှီချန်သည် အလင်းရောင်နှင့်
လေဟာနယ် စီးဆင်းခြင်းအား
ထုတ်သုံးထားသည့်တိုင်အောင် သူမ၏

ပုံသဏ္ဍာန်အား ဟင်းလင်းပြင်အတွင်းမှ
အားသုံး၍ စုပ်ယူနေခဲ့၏။

ဒါသည် ယွဲ့ဟုန်ယန်၏ လေဟာနယ်
ဖျက်ဆီးခြင်း လှံတံနည်းစနစ် ဖြစ်၏။

သူမသည် ရွှေရောင်ဗဟိုချက်အား
ဖန်ဆင်းသွားပြီးသောအခါ သူမ၏
သိုင်းကွက်သည် နောက်တစ်ဆင့်သို့
တက်သွားခဲ့ကာ ပို၍ အစွမ်းထက်လာခဲ့သည်။

တွင်းနက်ကြီး၏ လုပ်ဆောင်ချက်ကြောင့်
ပိုင်ရှီချန်သည် ယွဲ့ဟုန်ယန်၏ တိုက်ခိုက်မှု

နယ်နိမိတ်များ အတွင်းမှ
မလွတ်မြောက်နိုင်ရုံတင်မကပဲ သူမထံသို့
နီးကပ်အောင် အဆွဲယူ ခံလိုက်ရသည်။
အကယ်၍ ဤသို့သာ ဖြစ်နေပါက သူမသည်
ယွဲ့ဟုန်ယန်၏ သတ်ဖြတ်ခြင်းကို
ခံရပေတော့မည်။

ပိုင်ရှီချန်သည် ခေတ္တအတွင်းတွင်ပင်
ထိုကောက်ချက်ကို ချလိုက်ခဲ့၏။ သူမ၏
မျက်လုံးအစုံသည် လင်းလက်လာခဲ့ပြီး သူမ၏
ဟန်ထျန်းမိစ္ဆာချိုးဖျက် ကျာပွတ်သည် ပို၍
စွမ်းအားကောင်းလာခဲ့သည်။

ယင်နှင့်ယန် ဆန့်ကျင့်သော
စွမ်းအားနှစ်မျိုးတို့သည် အနက်ရောင်
သတ္တုကျောက်ပွတ်ထံမှ တစ်ချိန်တည်းတွင်
ပေါက်ကွဲထွက်လာခဲ့သည်။ ထိုကျောက်ပွတ်မှာ
စွမ်းအားကြီးသော ဆွဲအားတစ်ခုကို
ခံစားနိုင်ခဲ့သည်။

ဒါသည် လေဟာနယ်ကို ပြိုကျပျက်စီးစေသည့်
လေဟာနယ်ဖျက်ဆီးခြင်း လုံတံနည်းစနစ်နှင့်
ကွာခြားပေသည်။ ထိုအစွမ်းသည်
ယင်နှင့်ယန်တို့ထံမှ ဆင်းသက်လာသော
အားကြီးသော စွမ်းအားဖြင့် ဖွဲ့စည်းထားခြင်း
ဖြစ်သည်။ ဒါသည် အတွင်းတွင် ရှိသော

အရာတိုင်းကို အမှုန့်အဖြစ် ကြိတ်ခြေနိုင်သည့် စက်တစ်ခုနှင့် တူနေခဲ့သည်။

ထိုအချိန်တွင် ယွဲ့ဟုန်ယန်သည် သူမ၏ လှုပ်ရှားမှုများသည် နှေးကွေးသွားသည်ဟု ခံစားခဲ့ရသည်။ အားကြီးသော ဆွဲအားတစ်ခုသည် သူမအား ဟန်ထျန်းမိစ္ဆာချိုးဖျက် ကျာပွတ်ထံသို့ ဆွဲယူနေခဲ့၏။ သူမသည် ရွှံ့နွံအတွင်းတွင် နစ်မြုပ်နေခဲ့ကာ ရုန်းမထွက်နိုင်သကဲ့သို့ ခံစားခဲ့ရ၏။

ယွဲ့ဟုန်ယန်သည် ပျာယာခတ်မသွားခဲ့ပေ။ သူမ၏ မျက်လုံးများသည် တောက်ပလာခဲ့ကာ အော်လိုက်သည်။ "ကောင်းတယ်"

ထိုစွမ်းအားကြီးသော တိုက်ခိုက်မှုနှင့် ရင်ဆိုင်လိုက်ရသော် ယွဲ့ဟုန်ယန်သည် နောက်ဆုတ်ရန်၊ သူမကိုယ်သူမ ကာကွယ်ရန် မစဥ်းစားခဲ့ပေ။ ထို့အစား သူမ၏ စွမ်းအားများကို အဆုံးစွန်အထိ ရောက်အောင် ဖောက်ခွဲခဲ့လိုက်ကာ ဆက်လက်၍ တိုက်စစ်ဆင်နေခဲ့သည်။

သူမ၏ အဘိဓာန်အတွင်းတွင် 'နောက်ဆုတ်ခြင်း'ဟူသော စကားလုံး မရှိချေ။

သူမအတွက်မူ တိုက်စစ်ပြီးလျှင် နောက်ထပ် တိုက်စစ်ဆင်ခြင်းပင် ဖြစ်သည်။

ပိုင်ရှီချန်၏ မျက်ခုံးများမှာ တွန့်သွားခဲ့ပြီး နောက်ဆုံးတွင် သူမ၏ မျက်နှာမှာ အရောင်ပြောင်းသွားခဲ့သည်။ သူမ၏ လက်အတွင်းမှ အားကောင်းသော စွမ်းအားများနှင့် ပြည့်ဝနေသော ဟန်ထျန်းမိစ္ဆာချိုးဖျက် ကျာပွတ်သည် အားမပြည့်သေးခင် ပေါက်ကွဲသွားခဲ့သည်။ ကျာပွတ်သည် ရွှေရောင် နဂါးမိစ္ဆာ ခေါင်းသွားပါ လုံတံရှည်နှင့် ရိုက်ခတ်မိခဲ့သည်။

"ဘုန်း!"

လေဟာနယ် တစ်ပြင်လုံးသည်
ပျက်စီးသွားသကဲ့သို့ ဖြစ်၏။ ထိုထိတွေ့မှုမှ
ထွက်ပေါ်လာခဲ့သော အသံလှိုင်းများသည်ပင်
အဆင့်နိမ့် ကျင့်ကြံသူအချို့အား
မူးဝေစေခဲ့သည်။ အချို့ဆိုလျှင် ပြိုလဲပင်
ကျသွားခဲ့၏။

အားလုံးတို့သည် အံ့ဩထိတ်လန့်စွာနှင့်
အနောက်သို့ ဆုတ်လိုက်ကြသည်။ သူတို့သည်
ဒဏ်ရာမရချင်နေကြပေ။

ကျင့်ကြံမှုအဆင့်မြင့်သော ကျင့်ကြံသူများသည်
လေးနက်သော အမှုအရာများ ရှိနေကြ၏။
သူတို့သည်လည်း သိုင်းပညာရပ်များကို
ကျွမ်းကျင်စွာ တတ်မြောက်ထားကြ၍
ခန္ဓာကိုယ်စွမ်းအား အလွန်သန်မာကြသော
အမျိုးသမီး တိုက်ခိုက်သူ နှစ်ယောက်တို့၏ထံမှ
ထွက်ပေါ်လာသော ကြောက်မက်ဖွယ်ရာ
စွမ်းအားကို အံ့အားသင့်နေကြသည်။

နှစ်ဦးနှစ်ဘက်၏ ပထမအကြိမ်
ထိတွေ့မှုသည်ပင်လျှင် ဤမျှအထိ
ကြောက်စရာ ကောင်းနေပေပြီ။
တစ်ချက်လေးသာ မှားသွားခဲ့လျှင်
သူတို့အနက်မှ တစ်ယောက် သို့မဟုတ်

နှစ်ယောက်စလုံးပင် ပွဲချင်းပြီး
သေသွားနိုင်ကြ၏။

ပထမအကြိမ် တိုက်ခိုက်အပြီးတွင်
သူတို့နှစ်ယောက်စလုံးတို့သည် ပို၍လျှင်မြန်စွာ
လှုပ်ရှားနေကြ၏။ အချိန်ခဏလေး အတွင်းတွင်
သူတို့သည် နောက်ထက်အကွက်များကို
ထုတ်ဖော်လိုက်ကြသည်။
သူတို့နှစ်ယောက်စလုံးတို့သည်
နေရာတစ်ခုလုံးအား လွှမ်းမိုးထားနိုင်သော
နဂါးမယ်များနှင့် တူနေခဲ့သည်။

"သူတို့နှစ်ယောက်စလုံတို့က
လက်ရည်တူနေကြပေမဲ့ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းက ယွဲ့ဟုန်ယန်ဟာ
ရွှေရောင်ဇဟိုချက် စဦးပိုင်း အဆင့်က
ကျင့်ကြံသူတစ်ယောက်သာ မဟုတ်ဘူးလား။
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
ကျင့်ကြံသူတွေက အဆင့်တူရင် ဗိုလ်မထားဘူး
ဆိုပေမဲ့ ဒါက သာမန်ကျင့်ကြံသူတွေ
အပေါ်မှာသာ မဟုတ်ဘူးလား"

"အခုအချိန်မှာ သူမရဲ့ ပြိုင်ဘက်က
ဟင်းလင်းပြင် ဘုရားကျောင်းက
လက်ရင်းတပည့် ဖြစ်တယ်။ တကယ်လို့ သူမက
လက်ရှိကျင့်ကြံမှု အဆင့်နဲ့ ရွှေရောင်ဇဟိုချက်
နောက်ဆုံး အဆင့်က ကျင့်ကြံသူကို
အနိုင်ယူနိုင်ခဲ့ရင် အတော့်ကို တုန်လှုပ်စရာ

ကောင်းပေလိမ့်မယ်" အနားမှလူများ
အားလုံးတို့သည် အံ့သြမှင်သက်နေကြ၏။

သို့သော်လည်း အခြေတည်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူ အချို့တို့မှာ ဤတိုက်ပွဲအား
ပူပန်စွာနှင့် ကြည့်ရှုနေကြ၏။ ပိုင်ရှီချန်၏
လက်ရှိစွမ်းအားမှာ အခြေတည်ဝိညာဉ် အဆင့်မှ
ဂရန်းမာစတာ အချို့အား စိန်ခေါ်နိုင်ပြီ
ဖြစ်သည်။ သူမသည်
တိုက်ပွဲအတွေ့အကြုံနည်းသော အချို့
အခြေတည်ဝိညာဉ် အဆင့်
ဂရန်းမာစတာများထက်ပင် ပို၍
စွမ်းအားကောင်းနိုင်သေးသည်။

သို့သော်လည်း ယွဲ့ဟုန်ယန်မှ ပို၍ပင် ထိတ်လန့်ဖွယ် ကောင်းလှပေသည်။ သူမ၏ ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်နှင့်ပင် ပိုင်ရှိချန်အား လက်ရည်တူ ယှဥ်ပြိုင်နိုင်သည်။

အားလုံးတို့အား ပို၍ အံ့အားသင့်စေသော အချက်မှာ ယွဲ့ဟုန်ယန်သည် ပို၍ပို၍ လျှင်မြန်စွာ လှုပ်ရှားလာပြီး သူမ၏ အမူအရာသည် ပို၍ပို၍ သက်တောင့်သက်သာ ဖြစ်လာခြင်း ဖြစ်သည်။

အမှန်တွင်လည်း ယွဲ့ဟုန်ယန်သည် ပို၍ အေးဆေးလာနေခဲ့သည်။ သူမ၏ အမြင်တွင် သူမ၏ ပြိုင်ဘက်သည် မှော်စွမ်းအင်များဖြင့်

ပြည့်ဝနေကာ စွမ်းအားထက်သော အကွက်များ
ရှိသော်လည်း သူမခံစားနေရသည့် ဖိအားများမှာ
ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင်
ကျင်းဟွမ်အမတ်၏ ရွှေရောင်ဗဟိုချက်
အလယ်အလတ် အဆင့်မှ ကိုယ်ပွားနှင့်
ယှဥ်လိုက်လျှင် ဘာမှမဟုတ်ပေ။

သူမ၏ ဘဝတစ်သက်တာလုံး နီးပါးအား
ပိုင်ယွင်တောင်၏ အတွင်းတွင်သာ
ကျင့်ကြံရင်းနှင့် ကုန်ဆုံးနေခဲ့သော
ပိုင်ရှီချန်သည် ထူးခြားဆန်းကြယ်သော
မှော်ကျိန်စာများနှင့် သိုင်းပညာရပ်များကို
လွန်စွာ ကျွမ်းကျင်ပိုင်နိုင်နေခဲ့သည်။
သို့သော်လည်း သူမသည် တိုက်ပွဲပေါင်း

ရာနှင့်ချီ၍ တိုက်ခိုက်ပြီးခဲ့ကာ
အလောင်းတောင်များ၊ သွေးမြစ်များဖြင့်
တည်ဆောက်ခဲ့သော ယွဲ့ဟုန်ယန်
စိတ်စွမ်းအင်နှင့် အတွေ့အကြုံများကို
လုံးဝမယှဉ်နိုင်ခဲ့ပေ။

သိုင်းပညာရှင် တစ်ယောက်အနေနှင့် ဒါသည်
အရေးအကြီးဆုံး အပိုင်းဖြစ်၏။

ကြီးမားခြားနားသော စွမ်းအားကွာခြားမှုသာ
မရှိခဲ့လျှင် လေ့ကျင့်မှုကိုသာ ပြုလုပ်ထားသည်
သိုင်းပညာရှင် တစ်ယောက်သည် တိုက်ပွဲပေါင်း
ရာနှင့်ချီ၍ တိုက်ခိုက်ထားသည့် သိုင်းပညာရှင်
တစ်ယောက်ကို ယှဉ်နိုင်မည် မဟုတ်ချေ။

သူတို့နှစ်ယောက်၏ တိုက်ပွဲ အတွေ့အကြုံနှင့် စိတ်စွမ်းအားတို့သည် များစွာ ကွာခြားပေသည်။

ပိုင်ရှီချန် အမူအရာသည် အလွန်အမင်း လေးနက်လာခဲ့၏။ သူမသည် တိုက်ပွဲအတွင်းမှ ပြောင်းလဲမှုများနှင့် ယွဲ့ဟုန်ယန်နှင့် ယှဥ်လိုက်လျှင် သူမ၏ အားနည်းချက်များကို ရိပ်စားမိလေသည်။

"တာအိုရောင်းရင်းယွဲ့မှာ နောက်ထပ်ဆရာ တစ်ယောက် ရှိတယ်လို့ ရှီချန်က ကြားဖူးထားပါတယ်။ သူက ဘယ်လိုများနေသလဲ မသိဘူး"
တိုက်ပွဲအတွင်းတွင် ပိုင်ရှီချန်သည် ရုတ်တရက်

သူမ၏ ပါးစပ်အားဟကာ မေးလိုက်သည်။ "ရှင်တို့နှစ်ယောက်က အဆက်အသွယ်များ ရှိကြသေးသလား။ တကယ်လို့ ရှင်တို့နှစ်ယောက် ပြန်တွေ့ခဲ့ကြရင် ဘယ်လိုများ တုံ့ပြန်ကြမှာပါလိမ့်"

ယွဲ့ဟုန်ယန်၏ ခန္ဓာကိုယ် တစ်ခုလုံးသည် အေးခဲသွားခဲ့ကာ သူမ၏ လှုပ်ရှားမှုများသည် စက္ကန့်ဝက်မျှ နှေးကွေးသွားခဲ့၏။

သူမနှင့် ကျန်းလေတို့၏ ဆက်ဆံမှုများသည် သူမ၏ စိတ်အတွင်းတွင် ပုံရိပ်များစွာအဖြင့် လျှင်မြန်စွာနှင့် ပေါ်လာခဲ့၏။ သူမ၏ စိတ်ထဲမှ

နောက်ဆုံးမြင်ကွင်းမှာ အဆုံးမဲ့ အစိမ်းရောင် မီးပင်လယ်ကြီးပင် ဖြစ်၏။

ထိုအစိမ်းရောင် မီးပင်လယ်ကြီး အတွင်းတွင် ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းမှ လူများ၊ သူမနှင့် နေ့တိုင်း ဆက်ဆံနေသည် လူများတို့သည် ပြာများအဖြစ် လောင်ကျွမ်းနေခဲ့၏။ အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများပင် အပါအဝင် ဖြစ်၏။

ထိုအစိမ်းရောင် မီးပင်လယ်ကြီး အတွင်းတွင် လူငယ်တစ်ယောက်က သူမအား ပြုံးပြနေခဲ့သည်။ ဒါသည် သူမ၏

မှတ်ဉာဏ်အတွင်းတွင် အမြဲခတ်နှိပ်ထားသည့် မြင်ကွင်းဖြစ်၏။ ဒါသည် သူမ၏ အိမ်မက်ဆိုးတစ်ခု ဖြစ်၏။ သူမက ထိုအကြောင်းကို စဥ်းစားမိသည့် အချိန်အတွင်းတွင် သူမသည် မလှုပ်မရှားနိုင် ဖြစ်သွားခဲ့၏။

သူမ၏ လှုပ်ရှားမှုများက နှေးကွေးသွားသော်လည်း ပိုင်ရှီချန်၏ လှုပ်ရှားမှုများမှာ မနှေးနေခဲ့ပေ။ ဟန်ထျန်းမိစ္ဆာချိုးဖျက် ကျာပွတ်သည် လေထုကို ဖြတ်သန်းကာ နဂါးတစ်ကောင်၏ အမြီးကဲ့သို့ သူမထံသို့ တိုက်ရိုက်ရောက်ရှိလာခဲ့သည်။

ယွဲ့ဟုန်ယန်သည် တစ်ခဏမျှသာ အေးခဲသွားခြင်း ဖြစ်ပြီး လျှင်မြန်စွာနှင့် ပြန်လည်တုံ့ပြန်နိုင်ခဲ့သည်။ သို့သော်လည်း သူမ၏ အသာစီးရမှုများကို ဆုံးရှုံးသွားခဲ့သည်။ သူမသည် သူမ၏ လုံတံရှည်ဖြင့်သာ တိုက်ခိုက်မှုများကို ခုခံနိုင်ခဲ့သည်။

"ထန်း၊ ထန်း" ယွဲ့ဟုန်ယန်၏ ရွှေရောင် နဂါးမိစ္ဆာ ဓားသွားပါ လုံတံရှည်သည် ဟန်ထျန်းမိစ္ဆာချိုးဖျက် ကျာပွတ်၏ ရိုက်ဖယ်မှုကို ခံခဲ့လိုက်ရသည်။ သူမသည် ခန္ဓာကိုယ်သည် ထိုအချိန်တွင် အကာအကွယ် မဲ့သွားခဲ့၏။

ထိုအချိန်တွင် ပိုင်ရှီချန်သည် လျှင်မြန်စွာနှင့် ရှေ့တက်လာခဲ့ကာ အကွာအဝေးများကို နီးကပ်စေခဲ့သည်။ သူမသည် ယွဲ့ဟုန်ယန်၏ အရှေ့သို့ ရောက်ရှိလာခဲ့၏။ သူမ၏ အားနေသော ဘယ်လက်သည် ထိုအခွင့်အရေးအား အပိုင်အသုံးချကာ သူမ၏ လက်ညှိုးနှင့် လက်ခလယ်အား ပူးကပ်ကာ ဆန့်တန်းလိုက်၏။ သူတို့သည် ယွဲ့ဟုန်ယန်၏ ပါးထံသို့ ထိုးချလိုက်သည်။

သူမ၏ မူလက သေးသွယ်နေသော လက်ချောင်းတို့သည် လုံးဝပြောင်းလဲသွားခဲ့သည်။ သူမ၏

လက်ညှိုးသည် မည်းနက်သွားကာ
ယင်စွမ်းအားများဖြင့် ပြည့်နှက်နေခဲ့ပြီး
လက်ခလယ်မှာမူ ယန်စွမ်းအင်များဖြင့်
ပြည့်ဝနေခဲ့သည်။

သူမ၏ လက်ချောင်းနှစ်ချောင်းတို့သည်
ဆန့်ကျင်ဘက် စွမ်းအားမျာဖြင့်
တစ်ချိန်တည်းတွင် ထိုးချလိုက်၏။ ကွဲပြားသော
စွမ်းအားများမှာ မယုံနိုင်အောင်
ထက်မြက်လှပေသည်။

သို့သော်လည်း ထိုအချိန်တွင် ပိုင်ရှီချန်၏
အကြည့်သည် ယွဲ့ဟုန်ယန်နှင့်

ဆုံလိုက်သောအခါ သူမ၏ နှလုံးသားသည် အေးခဲသွားခဲ့၏။

သူမက အာရုံစူးစိုက်မှု လျော့နည်းသွားကာ အောက်စည်းရောက်နေသည်ဟု ထင်နေခဲ့သော ယွဲ့ဟုန်ယန်သည် ကြောက်ရွံ့နေခြင်း မရှိသည်ကို တွေ့လိုက်ရ၏။ သူမသည် သူမ၏ အမှားအတွက် နောင်တရနေဟန်လည်း မပေါ်ခဲ့ပေ။ သူမ၏ မျက်လုံးသူငယ်အိမ် အနီရောင်တို့သည် လောင်ကျွမ်းတောက်ပနေခဲ့ကာ သူမ၏ ကျောရိုးများကို စိမ့်သွားစေခဲ့၏။

"ဒီလူက ဒေါသထွက်လာလေလေ ကြောက်ဖို့ကောင်းလာလေလေ ဖြစ်တယ်"

ထိုအတွေးသည် ပိုင်ရှီချန်၏ စိတ်အတွင်းတွင် ပေါ်လာခဲ့သောအခါ သူမသည် ယွဲ့ဟုန်ယန်၏ အေးစက်သော လေသံကို ကြားလိုက်ရ၏။ "သိုင်းသမားတစ်ယောက် အနေနဲ့ မင်းက လေ့လာစရာ အများကြီး လိုသေးတယ်"

ပြီးတာနှင့် ယွဲ့ဟုန်ယန်သည် သူမကိုယ်သူမ တည်ငြိမ်အောင် ပြန်လည်ထိန်းသိမ်းလိုက်၍ သူမ၏ လက်သီးကို ခါးတွင်ကပ်လိုက်ကာ သူမ၏ ခန္ဓာကိုယ်အား ထူထဲသော တိုင်တစ်တိုင်အဖြစ် ပြောင်းလဲလိုက်သည်။

သူမ၏ ခြေနှစ်ချောင်းတို့သည် မြေပေါ်တွင် မြဲမြံစွာ ရပ်နေခဲ့ကာ အနည်းငယ် တုန်ခါသွားခဲ့၏။ သူမ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် မြေကြီးပေါ်တွင် ခိုင်မာစွာ စိုက်ထူထားသည့် တိုင်လုံးတစ်ခုပမာ မြေကြီးနှင့် တစ်သားတည်း ဖြစ်သွားခဲ့၏။ သူမထံမှ ထုတ်လွှတ်နေသော အော်ရာသည် လွန်စွာမှ လေးလံလှပေသည်။

ထိုအချိန်တွင် သူမ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် ခိုင်မာကာ အမြဲရပ်တည်နေသည့် ကောင်းကင်ထောက်တိုင်တစ်ခု သို့မဟုတ်

တောင်တစ်တောင် အဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

သူမ၏ လက်သီးသည် ဘေးသို့ကပ်ထားခဲ့ကာ
အရှေ့သို့ မထိုးခဲ့ပေ။ သို့သော်လည်း
ယခုအချိန်တွင် သူ့တွင် ပေါက်ကွဲနေသော
ဖျက်ဆီးမှု စွမ်းအားများဖြင့် ပြည့်နှက်နေခဲ့၏။
ကြည့်ရသည်မှာ အပေါ်မှ ကောင်းကင်တွင်
ပေါက်ကွဲမှုများစွာတို့က ပေါက်ကွဲနေခဲ့သကဲ့သို့
ဖြစ်သည်။

## စာစဥ် ၃၀ : အပိုင်း ၁၈

## အပိုင်း ၅၆၈ : မင်းကို လေပေါ်မှာ ချိတ်ထားမယ်

ယွဲ့ဟုန်ယန်သည် ဟိန်းဟောက်လိုက်၍ ကျယ်လောင်သော အသံများသည် သူမ၏ ဒွါရပေါက်များ အတွင်းမှ ထွက်လာခဲ့သည်။ သူမ၏ မူလက သေးသွယ်သော ခန္ဓာကိုယ်သည် ကျယ်ပြန့်လာခဲ့ပြီး စက္ကန့်ပိုင်းလေး အတွင်းတွင် သူမသည် ရောမ စစ်နတ်သမီးအလား ဖြစ်သွားခဲ့သည်။

သူမသည် လင်းဖုန်း၏ အစွမ်းထက်သော သိုင်းပညာရပ် ဖြစ်သည့် အရေအတွက်သုံးခု

အင်းရှစ်ကွက် ကောင်းကင်တူအား
သင်ကြားထားခဲ့သည်။

သူမ၏ ဘေးတွင်ရှိနေသော ဘယ်လက်သီးသည်
ယခုအချိန်တွင် ထိုးချလိုက်၏။ ကမ္ဘာကို
ချေမှုန်းနိုင်သည့် စွမ်းအားမျိုးဖြင့် သူသည်
ပိုင်ရှီချန်၏ ယင်ယန်လက်ချောင်း
နှစ်ချောင်းတို့နှင့် ရင်ဆိုင်လိုက်သည်။

လက်သီး မထိုးသေးခင်တွင်ပင် ယွဲ့ဟုန်ယန်၏
ခန္ဓာကိုယ်သည် အားကြီးသော စွမ်းအားများဖြင့်
တုန်ခါသွားခဲ့၏။ ဒါသည် မိုးခြိမ်းသံနှင့်
တူနေခဲ့ပြီး ထိုလက်သီးချက်နှင့်အတူ လျှပ်စီးက
ကျရောက်လာခဲ့သကဲ့သို့ ဖြစ်နေခဲ့သည်။

ပိုင်ရှီချန်သည် လုံလောက်အောင်
လျှင်မြန်စွာနှင့် တုံ့ပြန်နိုင်ခြင်း မရှိခဲ့ပေ။ သူမ၏
လက်ညှိုးနှင့် လက်ခလယ်တို့သည်
ယွဲ့ဟုန်ယန်၏ သံလက်သီး အပေါ်သို့
ကျရောက်သွားခဲ့ကာ ကျိုးကြေသွားတော့မလို
ဖြစ်သွားခဲ့သည်။

ယင်ယန်လက်ချောင်း နှစ်ချောင်းတို့နှင့် အတူ
နောက်မှနေ၍ လိုက်ပါလာခဲ့သော
ဟန်ထျန်းမိစ္ဆာ ချေမှုန်းကျာပွတ်သည်
ကောင်းကင်ကို ဖြတ်သန်းကာ
ယွဲ့ဟုန်ယန်ထံသို့ ကျရောက်လာခဲ့သည်။
သို့သော်လည်း ပထမ တိုက်ခိုက်မှု၏

အကျိုးသည် ဒုတိယ တိုက်ခိုက်မှုအပေါ်သို့
သက်ရောက်မှု ရှိခဲ့သည်။

ယွဲ့ဟုန်ယန်သည် ထိုအခွင့်အရေးကို
အသုံးချလိုက်ကာ အခြေအနေကို
ပြောင်းပြန်လှန်လိုက်သည်။ သူမ၏ ရွှေရောင်
နဂါးမိစ္ဆာ ဓားသွားပါ လှံတံရှည်အား
ဝှေ့ယမ်းလိုက်ရာ ဟိန်းဟောက်နေသော
အလင်းတန်း ရွှေရောင်နဂါးတစ်ကောင်သည်
ပေါ်လာခဲ့ကာ ပိုင်ရှီချန်ထံသို့
ခုန်အုပ်လိုက်သည်။

ထိုအချိန်တွင်ပင် တိုက်ပွဲ၏
အခြေအနေတို့သည် ပြောင်းလဲသွားခဲ့၏။

ပိုင်ရှီချန်သည် အောက်စည်းသို့
ရောက်သွားခဲ့သည်။ ယွဲ့ဟုန်ယန်၏
လုံတံရှည်သည် သူမထံသို့ ချိန်ရွယ်ထားကာ
ရွှေရောင်နဂါးသည် သူမအား
ဝါးမျိုတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

ပိုင်ရှီချန်၏ နူးညံ့သိမ်မွေ့သော အပြုံးသည်
သူ၏ မျက်နှာပေါ်မှ လုံးဝပျောက်ကွယ်သွားခဲ့ပြီ
ဖြစ်သည်။ သူမ၏ အမူအရာသည်
မယုံနိုင်လောက်အောင် လေးနက်နေခဲ့၏။

သူမ၏ အားနေသော ဘယ်လက်သည်
လေပေါ်တွင် တင့်တယ်စွာနှင့်
လှုပ်ရှားသွားခဲ့ကာ လေးလံသော

ယင်အောင်ရာတစ်ခုအား ဖန်ဆင်းလိုက်သည်။ ထိုယင်အောင်ရာသည် သူမ၏ လက်လှုပ်ရှားမှုဖြင့် ဝဲကတော့တစ်ခု အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

တစ်ချိန်တည်းမှာပင် သူမ၏ ညာလက်သည် ဟန်ထျန်းမိစ္ဆာ ချေမှုန်းကျာပွတ်ကို ဆက်လက်စွဲကိုင်ထားကာ ယန်စွမ်းအင်များဖြင့် ခက်ထန်သော အောင်ရာများကို အစွမ်းကုန် တိုးမြှင့်လိုက်သည်။ ပြီးတာနှင့် ကျာပွတ်မှ ယန်စွမ်းအင်များသည် ပေါက်ကွဲထွက်လာခဲ့ကာ ဝဲကတော့ အဖြစ်သို့ ပြောင်းလဲသွားခဲ့၏။

ယင်နှင့်ယန် စွမ်းအားလှိုင်းလုံးများသည် သူမ၏ ဘယ်လက်နှင့် ညာလက်တို့အနားတွင် လှည့်ပတ်နေကြသည်။ သူတို့သည် အလယ်ဗဟိုတွင် စုစည်းလာကြကာ ဆန့်ကျင်ဘက် အရပ်မျက်နှာများသို့ လည်ပတ်နေကြ၏။ သူတို့သည် အချင်းချင်း အဆက်မပြတ် တိုက်ခတ်နေကြကာ အတွင်းမှာ အားကောင်းသော ကြောက်မက်ဖွယ်ရာ စွမ်းအင်တစ်ခု မွေးဖွားလာခဲ့သည်။ ဒါသည် ယွဲ့ဟုန်ယန်၏ လုံတံရှည်အား ရှေ့သို့ တစ်လှမ်းမှ တက်မလာနိုင်ရန် တားဆီးထားနိုင်ခဲ့သည်။

ပိုင်ရှီချန်၏ အနားတွင် လှည့်ပတ်နေသော အဖြူနှင့် အနက်ရောင် မှော်စွမ်းအင်များသည် ယင်ယန်ဝဲကတော့ အတွင်းသို့ စုပ်ယူခြင်း ခံခဲ့ရကာ သူ၏ စွမ်းအားများကို မြောက်မြားစွာ တိုးတက်လာစေခဲ့သည်။

ပိုင်ရှီချန်သည် လုံးဝ မရပ်တန့်ခဲ့ပေ။ သူမ၏ ဘယ်လက်သည် လေထဲတွင် လူးလွန့်နေပြီး ညာလက်တွင် ဟန်ထျန်းမိစ္ဆာ ချေမှုန်းကျာပွတ်အား ကိုင်ထားခဲ့သည်။ စွမ်းအားကောင်းသော မှော်စွမ်းအင် လှိုင်းလုံးကြီးများသည် ဝဲကတော့ တစ်ခုပြီးတစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့ကာ သူမ၏ လှုပ်ရှားမှုများနှင့် ပေါင်းစည်းသွားခဲ့၏။

ယင်ယန်စွမ်းအင်များအား ပို၍
စုပ်ယူနိုင်ခဲ့သည်နှင့်အမျှ ကောင်းကင်နှင့်
မြေကြီးတို့သည် ပေါ်ထွက်လာခဲ့ကာ
ဝဲကတော့ကြီးသည် အပိုင်းနှစ်ပိုင်း ကွဲသွားခဲ့၍
ယွဲ့ဟုန်ယန်အား အလယ်တွင်
ပိတ်ဆို့ထားခဲ့သည်။

စွမ်းအင်နှစ်မျိုးတို့သည် ကြိတ်စက်နှစ်ခုကဲ့သို့
အဆက်မပြတ် လှည့်ပတ်နေကြ၍ သူတို့၏
အကြားမှ အရာအားလုံးတို့ကို
အမှုန့်ခြေချင်နေကြသည်။

အသက်၊ လေဟာနယ်၊ အချိန်ကာလ၊ ပုံသဏ္ဍာန်၊ ဝိညာဉ်၊ မှော်စွမ်းအင်၊ စိတ်ဝိညာဉ် စွမ်းအင်၊ အရာအားလုံးတို့သည် ဖျက်ဆီးခြင်းကို ခံခဲ့ရကာ ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းသွားခဲ့သည်။ တစ်ခုမှ ကျန်ရစ်နေခြင်း မရှိခဲ့ပေ။

ယင်ယန်စွမ်းအင် လှိုင်းလုံးများသည် ထိုကြိတ်စက်ကို အောက်သို့ တွန်းချခဲ့ကာ စွမ်းအားများကို အဆက်မပြတ် တိုးမြှင့်နေခဲ့သည်။ သူသည် ဆတက်ထမ်းပိုး အဆုံးမဲ့ တိုးတက်လာခဲ့သည်။

ယင်ယန်စွမ်းအားတို့သည် တွန်းအားအဖြစ်
ဆောင်ရွက်ကာ ကောင်းကင်နှင့်
မြေကြီးတို့သည် ကြိတ်စက်အဖြစ်သို့
ဆောင်ရွက်နေခဲ့သည်။ သူတို့သည် အတူအကွ
အားလုံးကို ခြေမွချင်နေကြသည်။

ဒါသည် ဟင်းလင်းပြင် ဘုရားကျောင်းမှ
ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာ၏
အစွမ်းအထက်ဆုံး အကွက်ဖြစ်သည်။
ယင်ယန်က ခြေမွနေချိန်တွင် ကောင်းကင်နှင့်
မြေကြီးတို့က ကြိတ်ခြေနေခြင်း။

ဘေးမှလူများ အထူးသဖြင့် အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသည် ထိုနည်းစနစ်ကို တွေ့ရသောအခါ ဖြူဖျော့သွားကြသည်။

အန္တိမ မကောင်းဆိုးဝါး နှိမ်နင်းခြင်း တိုင်လုံးကဲ့သို့ပင် ထိုအကွက်သည် ဟင်းလင်းပြင် ဘုရားကျောင်း၏ အစွမ်းထက် ကိုယ်ပိုင်သိုင်းကွက် တစ်ခုဖြစ်၏။ ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူများသည် ထိုအကွက်ကို ထုတ်ဖော်နိုင်မည် မဟုတ်ပေ။ သူ၏ ပေါ်ပေါက်လာမှုသည် လိမ်ညာနေသကဲ့သို့ ဖြစ်နေခဲ့ပြီး တိုက်ပွဲ၏ ရလဒ်များကို သံသယဝင်စေခဲ့သည်။

အခြေတည် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူတစ်ယောက်က ထိုအကွက်ကို
အသုံးပြုခဲ့လျှင်ပင် အားလုံးက
အံ့အားသင့်နေဦးမည် ဖြစ်သည်။

သူ၏ စွမ်းအားသည် သူ၏ ခက်ခဲမှုဖြင့်
တိုက်ရိုက်အချိုးကျနေသည်။ ပါရမီရှင်များဖြင့်
ပြည့်နေသော ဟင်းလင်းပြင်
ဘုရားကျောင်းတွင်ပင်လျှင်
လူအနည်းငယ်တို့သာ လေ့ကျင့်နိုင်ကြခြင်း
ဖြစ်သည်။

ယခုအချိန်တွင် အားလုံးတို့သည် မည်သူက ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်တွင်ရှိသည် ဖြစ်စေ၊ မည်သူက ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်တွင်ရှိသည် ဖြစ်စေ၊ ပိုင်ရှီချန်၏ စွမ်းအားများသည် တင်းရန်ဖုန်းထက် များစွာသာသည်ကို သဘောတူလိုက်ကြသည်။

တင်းရန်ဖုန်းသည် သန့်စင်သောယန် ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသည်။ သူသည် သန့်စင်သောယန် တရားမျှတမှု နှလုံးသား ကျမ်းစာအား အောင်မြင်စွာ ကျင့်ကြံနိုင်ကာ ငရဲလမ်းစဉ်မှ ဂရန်းမာစတာကို မှော်ဝက်ပါတိုက်ပွဲဖြင့် စိန်ခေါ်နိုင်သော်လည်း၊

ပိုင်ရှီချန်က ကောင်းကင်ခြေမှ မြေကြီးကြိတ်ခြေ မှော်ကျိန်စာအား ထုတ်ဖော်လိုက်သည့် အချိန်မှစ၍ မည်သူက ပိုမိုသန်မာသည်ကို တစ်ချက်ကြည့်ရုံဖြင့် သိနိုင်ခဲ့သည်။

သူမသည် ထိုမှော်ကျိန်စာအား ထုတ်ဖော်လိုက်သည်နှင့် အလွန်အမင်း ကြောက်မက်ဖွယ်ရာ စွမ်းအားများသည် ယွဲ့ဟုန်ယန်၏ တိုက်စစ်ကို အမှုန့်များအဖြစ်သို့ ပြောင်းလဲနိုင်ခဲ့သည်။

ပိုင်ရှီချန်သည် ယွဲ့ဟုန်ယန်အား ကြည့်လိုက်ကာ ပြောလိုက်သည်။ "မင်းက သန်မာတယ်၊ တကယ့်ကို သန်မာတယ်။ ငါတို့က

သိုင်းစွမ်းရည် သက်သက်ကိုသာ ပြိုင်ခဲ့ရင်
ငါကမင်းရဲ့ ပြိုင်ဘက်မဟုတ်ဘူး"

"ဒီမှော်ကျိန်စာကို ငါကလည်း အပြည့်အဝ
မထိန်းချုပ်နိုင်သေးဘူး။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က
မင်းအတွက် အကာအကွယ် အိုင်တမ်တွေ
ပြင်ဆင်ထားပေးမယ်လို့ မျှော်လင့်ပါတယ်။
မဟုတ်လို့ရှိရင် ငါကလည်း
မထိန်းချုပ်နိုင်တဲ့အတွက် မင်းက
သေကောင်းသေသွားနိုင်တယ်"

ယွဲ့ဟုန်ယန်က တောက်ပစွာနှင့် ပြုံးလိုက်သည်။
သူမ၏ ခန္ဓာကိုယ် တစ်ခုလုံးသည်

သူမပြိုင်ဘက်၏ တိုက်ခိုက်မှုကြောင့်
အက်ကွဲသံများ ပေါ်လာခဲ့သော်လည်း သူမ၏
တိုက်ခိုက်လိုစိတ်မှာ တစ်ခါမှ ဤမျှအထိ
မပြင်းထန်ခဲ့ဖူးချေ။

ထိုကဲ့သို့သော အခြေအနေမျိုးတွင်
ယွဲ့ဟုန်ယန်သည် နောက်ဆုတ်ရှောင်တိမ်းရန်
မရွေးချယ်ခဲ့သလို မိမိကိုယ်ကိုယ်
ကာကွယ်ရန်လည်း မကြိုးစားခဲ့ပေ။

သူမ၏ ရွေးချယ်မှုသည် ဆက်လက်၍
တိုက်ခိုက်ရန် ဖြစ်သည်။

ဆံနီမလေးသည် သူမ၏ ရွှေရောင် နဂါးမိစ္ဆာ
ခေါးသွားပါ လုံတံရှည်အား ဆုပ်ကိုင်လိုက်ကာ
လေပေါ်တွင် စက်ဝိုင်းသဏ္ဍာန်
ဝှေ့ယမ်းလိုက်သည်။ ကြည့်ရသည်မှာ သူမသည်
လေးလံသော အရာတစ်ခုအား
မတင်နေသကဲ့သို့ ဖြစ်၏။ လှပသော
လက်လှုပ်ရှားမှုဖြင့် သူမသည် ပိုင်ရှီချန်၏
တိုက်ခိုက်မှု ပထမလှိုင်းလုံးအား
ဘေးသို့ဖယ်ရှားနိုင်ခဲ့သည်။

အားလုံးတို့သည် ထိုအရာအား
တွေ့လိုက်ရသောအခါ သူတို့၏
မျက်လုံးများသည် လင်းလက်လာကြကာ
အာမေဋိတ်ပြုလိုက်ကြသည်။

သူမ၏ တိုက်ခိုက်မှု ပုံစံသည် ကြောက်ရွံ့မှု ကင်းမဲ့စွာ ရှေ့သို့တက်ရောက် တိုက်ခိုက်ခြင်း ဖြစ်သော်လည်း ယွဲ့ဟုန်ယန်၏ တိုက်ခိုက်မှု နည်းစနစ်များသည် ဘက်ပေါင်းစုံမှ ပြည့်စုံနေသည်။ သူမသည် စာအုပ်အတွင်းမှ လှည့်ကွက်အားလုံးကို သိနေသကဲ့သို့ ဖြစ်၏။

ယွဲ့ဟုန်ယန်သည် ပိုင်ရှီချန်အား အေးစက်စွာ စိုက်ကြည့်လိုက်၍ ပြောလိုက်သည်။
"အရင်တုံးက ငါဆိုရင် မင်းက ကျန်းလေကို ငါ့အရှေ့မှာ ထုတ်ဖော်ပြောလိုက်ရင် တည်ငြိမ်မှု ရှိနိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ အရာအားလုံးက ပြောင်းလဲသွားခဲ့ပြီ"

"ငါက ကျန်းလေနဲ့ တွေ့တဲ့အခါမှာ ဖြစ်နိုင်တဲ့ရလဒ် နှစ်မျိုးပဲရှိတယ်။ ငါကသူ့ကို လက်စားချေဖို့ သတ်ဖြတ်မယ်။ ဒါမှမဟုတ် သူကငါ့ကို သတ်မယ်"

"အခုမင်းနဲ့ငါ့ရဲ့ တိုက်ပွဲလိုပဲပေါ့၊ မင်းကငါ့ကို မသတ်ရင် ငါကမင်းကို သတ်မယ်"

ပြီးတာနှင့် ယွဲ့ဟုန်ယန်၏ ရွှေရောင် နဂါးမိစ္ဆာ ခေါင်းသွားပါ လုံတံရှည်သည် ပြင်းထန်စွာနှင့် လှုပ်ရှားလာခဲ့၏။ ကြောက်မက်ဖွယ်ရာ အဝီစိ ငရဲမုန်တိုင်းသည် စတင်တိုက်ခတ်လာခဲ့သည်။

တောက်ပသော အနီရောင် အလင်းတန်းများနှင့် မြူခိုးမုန်တိုင်းများသည် စစ်မြေပြင်အား လွှမ်းခြုံသွားခဲ့သည်။ ထိုမြူခိုး အလင်းတန်းများ အကြားတွင် တစ်ယောက်သည် ခရမ်းရွှေရောင် နဂါးတစ်ကောင်က ကခုန်နေသည်ကို တွေ့နိုင်၏။

အဝီစိ ငရဲမုန်တိုင်းအား တွေ့လိုက်ရသောအခါ အားလုံးတို့သည် အနောက်သို့ ဆုတ်လိုက်ကြသည်။ သူတို့သည် ငရဲပြည်က မြင်ကွင်းများကို တွေ့မြင်ခဲ့ရသည့်အတိုင်း ရင်ထဲမှ ကြောက်ရွံ့စွာနှင့် လျှင်မြန်စွာ ရှောင်တိမ်းလိုက်ကြသည်။

သူတို့၏ အရှေ့မှ ဆံနီမလေးသည် တိုက်ပွဲ၏ ရေချိန်ကို တစ်ချက်ချင်း ကောင်းစွာ ထိန်းချုပ်နိုင်ခဲ့သည်။ သူမအသုံးပြုနေသည် စွမ်းအားနှင့် ပြောင်းလဲမှု တစ်ချက်ချင်းအား မှန်ကန်စွာနှင့် တုံ့ပြန်နိုင်ခဲ့သည်။ သူမသည် အရာအားလုံးတို့အား ပင်ကိုအသိနှင့်ပင် လုပ်ဆောင်ခဲ့ခြင်း ဖြစ်၏။ ကြည့်ရသည်မှာ သူမအား တိုက်ပွဲအတွက် မွေးဖွားလာခဲ့ခြင်း ဖြစ်သည်နှင့် တူနေပေသည်။

ယင်ယန် ကောင်းကင်ခြေမှ မြေကြီးကြိတ်ခြေ မှော်ကျိန်စာက လုံလောက်အောင် မသန်မာ၍ မဟုတ်ပေ။ သို့သော်လည်း တိုက်ပွဲနည်းစနစ်များအရ ပိုင်ရှိချန်နှင့်

ယွဲ့ဟုန်ယန်တို့၏ အကြားတွင် ကြီးမားစွာ ကွာဟနေ၍ ဖြစ်သည်။ ဓားချွန်တစ်ချောင်းကို ကိုင်ထားသော သုံးနှစ်အရွယ် ကလေးလေးသည် လက်နက်မပါသော လူကြီးတစ်ယောက်ကို အနိုင်မယူနိုင်သကဲ့သို့ ဖြစ်သည်။

အဝေးတစ်နေရာမှ သာမန်ပုံစံသာရှိသော ဝတ်ရုံနက်နှင့် လူငယ်တစ်ယောက်သည် ယွဲ့ဟုန်ယန်၏ ပြင်းထန်စွာ တိုက်ခိုက်နေပုံအား ကြည့်လိုက်ကာ သူ၏ခေါင်းကို ညိတ်လိုက်၍ ပြောလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဝင်ပြီးနောက်မှာ မင်းက

အရင်ကထက်ပိုပြီး အများကြီး
သန်မာလာခဲ့တယ်"

သို့သော်လည်း သူက ဖွဖွလေး ရယ်လိုက်၏။
"ဒါပေမဲ့ မင်းကငါ့ကို သတ်ချင်ရင်တော့
မဖြစ်နိုင်သေးဘူး။ မင်းမှာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့
အစောင့်အရှောက်ရှိနေတော့ ငါကလည်းမင်းကို
လာမရှာသေးဘူး"

ထိုဝတ်ရုံနက်နှင့် လူငယ်သည်
အောက်သို့ကြည့်လိုက်သည်။ သူသည် သာမန်
ရွှေရောင်ဇာပဟိုချက် အဆင့်မှ

ကျင့်ကြံသူတစ်ယောက်ဟု
ထင်နေရသော်လည်း အမှန်တွင် မဟုတ်ချေ။

"ဒါပေမဲ့ ဟုန်ယန်၊ ငါတို့က မကြာခင်မှာ
ပြန်တွေ့ကြမယ်"

ပြီးတာနှင့် သူသည် အစအန ရှာမရအောင်
ပျောက်ကွယ်သွားခဲ့သည်။ ဤအချိန်တွင်
အကြိတ်အနယ် တိုက်ခိုက်နေခဲ့သော
ယွဲ့ဟုန်ယန်သည် သူမ၏ ဦးနှောက်အတွင်းတွင်
လျှပ်စီးတစ်ချက် လျှပ်သွားသကဲ့သို့
ခံစားလိုက်ရ၏။ သို့သော်လည်း
ယာယီသာဖြစ်သည်။

"ကျား" သူမက ဟိန်းဟောက်လိုက်သည်။ တိုက်ပွဲတွင် သူမသည် သူမ၏ အာရုံအားလုံးတို့အား သူမ၏ အရှေ့မှ အဖြစ်အပျက်များကိုသာ အာရုံစိုက်ထားခဲ့၍ အခြားအတွေးများကို ခေါင်းထဲမထည့်ခဲ့ပေ။ သူမ၏ ရွှေရောင် နဂါးမိစ္ဆာ ခေါးသွားပါ လုံတံရှည်သည် ပို၍ပြင်းထန်စွာ လှုပ်ရှားလာခဲ့ကာ လျှို့ဝှက်ဆန်းကြယ်သော ပုံစံဖြင့် ပိုင်းဖြတ်လိုက်ကာ ပိုင်ရှီချန်၏ ကောင်းကင်ခြေမှု မြေကြီးကြိတ်ခြေ မှော်ကျိန်စာအား ထပ်ဖန်တစ်ခါ ချိုးဖျက်လိုက်သည်။

ယွဲ့ဟုန်ယန်သည် ပိုင်ရှီချန်၏
တိုက်ခိုက်မှုများအား တစ်ချက်ပြီးတစ်ချက်
ဖျက်ဆီးအပြီးတွင် သူမ၏ စွမ်းအားများသည်
အဆက်မပြတ် တိုးတက်လာခဲ့သည်။

သူမသည် ပိုင်ရှီချန်၏ တိုက်ခိုက်မှုများကို
တွန်းလှန်ရာတွင် အသုံးပြုခဲ့သည့် စွမ်းအားသည်
မပျောက်ကွယ်သွားခဲ့ပေ။ ထို့အစား သူမ၏
နောက်ထပ်တိုက်ခိုက်မှုသည် ပို၍ပင်
သန်မာလာခဲ့သည်။

သူမသည် ပင်လယ်အတွင်းမှ
လှိုင်းတစ်လှိုင်းပမာ ဖြစ်၏။ သူမ၏
စွမ်းအားများသည် စုဆောင်းအပြီးတွင် အဝိစိ

ငရဲမုန်တိုင်း၏ အားဖြည့်မှုဖြင့် တဖြည်းဖြည်း ဆူနာမီ လှိုင်းလုံးကြီးသဖွယ် ဖြစ်လာခဲ့သည်။

နောက်ဆုံးတွင် ယွဲ့ဟုန်ယန်၏ လက်အတွင်းမှ လှံတံရှည်ကြီးသည် တုန်ခါလာကာ အနီရောင် အလင်းတန်း တစ်ခုက လက်လာခဲ့၍ လှံတံရှည် တစ်ခုလုံးသည် ကြယ်စင်ပေါက်ကွဲခြင်း တစ်ခုကဲ့သို့ တောက်ပလာခဲ့သည်။

သုံးမျိုး အဝီစိ သတ်ဖြတ်ချင်း လှံတံနည်းစနစ်၊ တတိယ နည်းစနစ် ကြယ်ကြွေတိုက်ခိုက်ခြင်း!

ယွဲ့ဟုန်ယန် အနေနှင့် ပိုင်ရှီချန်၏
စွမ်းအားများသည် ကျင်းဟွမ်အမတ်
ကိုယ်ပွားနှင့် ယှဉ်၍မရချေ။ သို့သော်လည်း
ဆံနီမလေး၏ စိတ်ဓာတ်သည်
ခြသေ့်မယ်လေးကဲ့သို့ ဖြစ်၏။
အကောင်းဆုံးသော ရန်သူသည်
သေသွားသောရန်သူဖြစ်၏။

သူမ၏ ကြယ်ကြွေတိုက်ခိုက်ခြင်းသည်
ကျင်းဟွမ်အမတ်၏ ကိုယ်ပွားအား
တိုက်ခိုက်သည်ထက် များစွာပို၍
အစွမ်းထက်သည်။ ဒါသည် ယွဲ့ဟုန်ယန်၏
အစွမ်းအထက်ဆုံး သိုင်းကွက်ဖြစ်၏။

ယင်ယန် ကောင်းကင်ခြေမှ မြေကြီးကြိတ်ခြေ
မှော်ကျိန်စာသည် အလွန်အမင်း
အစွမ်းထက်လှသော်လည်း သူ့တွင်
အားနည်းချက် တစ်ခုရှိသည်။
သူ၏အလယ်ဗဟိုတွင် ယင်ယန်စွမ်းအား
နှစ်ခုတို့သည် ဂီယာများကဲ့သို့
ပြောင်းပြန်လည်ပတ်နေကြခြင်း ဖြစ်သည်။
ယွဲ့ဟုန်ယန်သည် ထိုအားနည်းချက်ကို
အပိုင်အသုံးချကာ သူမ၏ တိုက်ခိုက်မှုကို
ထည့်သွင်းလိုက်၏။

အကယ်၍ သူမသည် အင်မော်တယ် ဝိညာဉ်
အဆင့်သို့ ရောက်ရှိနေခဲ့လျှင် ကောင်းကင်ပေါ်မှ

ကြယ်စင်များသည်ပင် ကြေမွကုန်ကြမည်
ဖြစ်သည်။

ယခုအချိန်တွင် ယွဲ့ဟုန်ယန်သည်
ရွှေရောင်ဗဟိုချက် အဆင့်တွင်သာ ရှိနေခဲ့သည်။
ထိုစွမ်းအားသည် ဟင်းလင်းပြင်အတွင်းသို့
ထိုးဖောက်သွားခဲ့ကာ ပိုင်ရှီချန်၏
မှော်ကျိန်စာက ကျိုးပျက်သွားခဲ့သည်။

သူမ၏ မှော်ကျိန်စာ ရှိနေခဲ့သည့်
လေဟာနယ်သည် အပိုင်းအစ တစ်ခု
ဖယ်ထုတ်ခံလိုက်ရသည် ရွက်ထည်စတစ်ခုပမာ
ဖြစ်နေခဲ့၏။

တွန့်လိမ်နေသော လေဟာနယ်သည် သူတို့အား မြင်ရသည့် သူများအားလုံးတို့ကို ကောင်းကင်နှင့် မြေကြီးတို့က ထိုနေရာတွင် ပြောင်းပြန်လှန်နေခဲ့သည်ဟု ခံစားစေခဲ့ရသည်။

ပိုင်ရှီချန်သည် ချောင်းဆိုးလိုက်ကာ သူမ၏ ပါးစပ်အတွင်းမှ သွေးများထွက်လာခဲ့သည်။ ယွဲ့ဟုန်ယန်၏ လှံတံရှည်သည် သူမ၏ အရေးကြီးသော နေရာများကို ထိုးဖောက်သွားခဲ့ကာ ကျောက်စိမ်းတစ်စက တောက်ပစွာ လင်းလက်လာခဲ့၍ ရွှေရောင် နဂါးမိစ္ဆာ ခေါ်သွားပါ လှံတံရှည်အား တားဆီးလိုက်သည်။ မဟုတ်လျှင် ပိုင်ရှီချန်၏

ခန္ဓာကိုယ်သည် ယွဲ့ဟုန်ယန်၏
ထိုးဖောက်ခြင်းကို ခံခဲ့ရမည် ဖြစ်သည်။

သို့တိုင်အောင် ယွဲ့ဟုန်ယန်က မရပ်တန့်ခဲ့ပေ။
သူမ၏ လုံတံရှည်ဖြင့် ပိုင်ရှီချန်အား
လေပေါ်တွင် မြှောက်ထားခဲ့သည်။

ပိုင်ရှီချန်သည် ယွဲ့ဟုန်ယန်၏ လုံတံရှည်ဖြင့်
တံစို့အထိုးခံထားရသကဲ့သို့ ဖြစ်၏။

ထိုအချိန်တွင် ဝတ်ရုံဖြူ မိန်းမငယ်သည်
အလွန်ပင် အခြေအနေဆိုးနေခဲ့သည်။ သူမ၏

ကျက်သရေရှိသော အငွေ့အသက်နှင့် ပုံစံများသည် ပျောက်သွားခဲ့ပြီ ဖြစ်သည်။

ထိုမြင်ကွင်းအား မြင်လိုက်ရသောသူ အားလုံးတို့သည် ကိုယ့်မျက်စိကိုယ် မယုံနိုင် ဖြစ်ကုန်ကြ၏။ "ယင်ယန် ကောင်းကင်ခြေမှ မြေကြီးကြိတ်ခြေ မှော်ကျိန်စာက ရှုံးနိမ့်သွားတာလား။ ဟင်းလင်းပြင် ဘုရားကျောင်းက ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်က လက်ရင်းတပည့် တစ်ယောက်က ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်က တပည့်တစ်ယောက်ရဲ့ အနိုင်ယူတာကို ခံလိုက်ရတာလား"

"ရပ်လိုက်စမ်း" တင်းရန်ဖုန်းက
သတိပြန်ဝင်လာခဲ့ကာ ဒေါသတကြီးဖြင့်
အော်ဟစ်လိုက်သည်။ သူသည် သူမအား
သွားကယ်တော့မည်ဟု ပြင်လိုက်တွင်
တစ်စုံတစ်ယောက်က သူ့ထက်ဦးသွားခဲ့သည်။

အားလုံး၏ ခေါင်းပေါ်မှ လေဟာနယ်သည်
ပွင့်သွားခဲ့၍ အဖြူရောင် တိမ်တိုက်တစ်ခုသည်
ရောမ လက်ကြီးအဖြစ်သို့ ပြောင်းသွားခဲ့သည်။
သူသည် ကောင်းကင်နှင့် နေမင်းကို
ဖုံးအုပ်လိုက်ကာ ယွဲ့ဟုန်ယန်ထံသို့
အုပ်ချလိုက်သည်။

တစ်ချိန်တည်းတွင် ယွဲ့ဟုန်ယန်၏ အနောက်မှ လေဟာနယ်က ကွဲအက်သွားခဲ့သည်။ ခရမ်းရောင် ဓာတ်ငွေ့များက ထွက်လာခဲ့၍ သူကလည်း လက်တစ်ဘက် ပုံစံသို့ ပြောင်းသွားခဲ့သည်။ ထိုလက်သည် အဖြူရောင် တိမ်တိုက်လက်နှင့် ရင်ဆိုင်လိုက်၏။

ယွဲ့ဟုန်ယန်သည် နှစ်ခါပြန်၍ မစဉ်းစားခဲ့ချေ။ သူမ၏ ခေါင်းပေါ်တွင် အဖြူရောင် အလင်းတန်းတစ်ခု လက်လာခဲ့ကာ ထိုအလင်းတန်း၏ အလယ်တွင် သရဖူတစ်ခုက တောက်ပစွာနှင့် လင်းလက်လာခဲ့၏။

နတ်သမီးမိစ္ဆာ ရွှေသရဖူ၏ အကူအညီဖြင့် ယွဲ့ဟုန်ယန်၏ စွမ်းအားများသည် ပို၍ ခက်ထန်လာခဲ့ကာ ရွှေရောင် နဂါးမိစ္ဆာ ဓားသွားပါ လုံတံရှည်သည် ဟိန်းဟောက်လိုက်၍ ဦးချိုတစ်ခုပါ ရွှေနဂါး တစ်ကောင်၏ ပုံစံသည် ပေါ်လာခဲ့သည်။

## စာစဥ် ၃၀ : အပိုင်း ၁၉

## အပိုင်း ၅၆၉ : ရှောင်ပုတန်၏ အိမ်ပြန်ခြင်း

အခြေတည်ဝိညာဥ် အဆင့်မှ မော်အိုင်တမ် နှစ်ခု၏ အကူအညီဖြင့် ယွဲ့ဟုန်ယန်၏

ကြယ်ကြွေတိုက်ခိုက်ခြင်းသည်
ပို၍ခက်ထန်လာခဲ့ကာ ပိုင်ရှီချန်၏
အကာအကွယ် အလင်းတန်းအား
ချိုးဖျက်နိုင်ခဲ့သည်။ တစ်ချက်နှင့်ပင် သူမသည်
ပိုင်ရှီချန်အား လေထဲတွင် လွင့်သွားစေခဲ့သည်။

သွေးများသည် လေထဲတွင် လွင့်ပျံသွားခဲ့၍
ပိုင်ရှီချန်၏ အဖြူရောင် ဝတ်စုံသည်
ရဲရဲနီသွားခဲ့သည်။ ယွဲ့ဟုန်ယန်သည် ပိုင်ရှီချန်၏
ခါးတွင် ကြီးမားသော ဒဏ်ရာတစ်ခုကို
ခုတ်ချခဲ့ကာ သွေးများစွာတို့ စီးယိုကျစေခဲ့သည်။

အဖြူရောင် တိမ်တိုက် ရောမ လက်ဝါးကြီးနှင့်
ခရမ်းရောင် ဓာတ်ငွေ့ ရောမ

လက်ဝါးကြီးတို့သည် ထိပ်တိုက်တွေ့ခဲ့ကြပြီး အဖြူရောင် လက်ဝါးက လျှင်မြန်စွာနှင့် ပိုင်ရှိချန်၏ လွင့်မျောနေသော ခန္ဓာကိုယ်အား ဖမ်းလိုက်သည်။

အဖြူရောင် တိမ်တိုက်များ၏ အကာအကွယ်နှင့်ပင် ပိုင်ရှိချန်သည် သွေးများဆက်တိုက် အန်ထုတ်နေခဲ့၏။ သူမသည် အားအင်ကုန်ခမ်းနေခဲ့ကာ သူမ၏ မျက်လုံးများသည် ဗလာဖြစ်နေခဲ့၏။

ဟင်းလင်းပြင်သည် တုန်ခါသွားခဲ့ကာ အတွင်းမှ ရှွမ်းလင်သူတော်စင်က ထွက်လာခဲ့သည်။ သူ၏ သာမန်အချိန်တွင် ခံစားချက်ပေါင်း

တစ်ထောင်ဖြင့် ပြည့်နှက်နေသည့် မျက်လုံးနှစ်ဘက်သည် အခေါင်းပေါက်သဖွယ် ဖြစ်နေခဲ့၏။ ကျန်နေသည်များမှာ အလွန်အမင်း တည်ငြိမ်မှုသာ ဖြစ်သည်။ သူသည် အားလုံးတို့၏ သေခြင်းတရားကို မလွန်ဆန်နိုင်ပုံကို သဘောပေါက်နေသကဲ့သို့ ဖြစ်သည်။

တင်းရန်ဖုန်းသည် ဘာစကားမှ မပြောခဲ့ပဲ သူ၏အနောက်တွင် ငြိမ်သက်စွာ ရပ်နေခဲ့၏။

လင်းဖုန်း၏ ပုံရိပ်သည် ဟင်းလင်းပြင်တွင် ပေါ်လာခဲ့သည်။ သူသည်

ရွှမ်းလင်းသူတော်စင်အား ခံစားချက်
ကင်းမဲ့စွာဖြင့် စိုက်ကြည့်နေခဲ့သည်။

ယွဲ့ဟုန်ယန်နှင့် ပိုင်ရှီချန်တို့၏ တိုက်ပွဲတွင်
နှစ်ဦးနှစ်ဘက်စလုံးတို့၏ သိုင်းပညာရပ်များနှင့်
မှော်ကျိန်စာ နည်းစနစ်များကို
ထုတ်ဖော်ပြသနိုင်ခဲ့ကြသည်။ တစ်ဘက်ဘက်မှ
အမှားတစ်ခုကို ကျူးလွန်မိသည်နှင့် အသက်ကို
ပေးဆပ်ရမည် ဖြစ်သည်။ ထို့ကြောင့်ပင်
'ကျည်ဆံများတွင် မျက်စိမရှိ' ဟူသော
စကားပေါ်ပေါက်လာခြင်းပင် ဖြစ်၏။

တစ်ဦးတစ်ဘက်မှ ညှာတာလိုစိတ် မရှိကြပဲ သနားညှာတာမှု ပြသခဲ့လျှင် အသက်ဖြင့် ပြန်လည်ပေးဆပ်ရမည် ဖြစ်သည်။

ရွှမ်းလင်သူတော်စင်သည် လင်းဖုန်းအား ကြည့်လိုက်ကာ စကားပြောမည် ပြုဆဲတွင်ပင် သူ၏ မျက်မှောင်များသည် ရုတ်တရက် ကြုတ်သွားခဲ့၏။ သူသည် ခေါင်းကိုလှည့်လိုက်ကာ အခြားတစ်ဘက်သို့ ကြည့်လိုက်သည်။

ထိုနေရာသည် ရှီးလင်မြို့မှ ရှီမိသားစု စံအိမ်ပင် ဖြစ်၏။

ရွှမ်းလင်သူတော်စင်သည် တင်းရန်ဖုန်း၊ ပိုင်ရှီချန်တို့နှင့်အတူ လှည့်သွားလိုက်ကာ လေဟာနယ် အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။

ယွဲ့ဟုန်ယန်၊ လီယွမ်ဖန်း၊ လော်ချင်းဝူနှင့် ကျွင်းကျိနင်တို့သည် လင်းဖုန်းအား ဦးညွှတ်လိုက်ကြသည်။ သူကလည်း ဘာမှမပြောခဲ့ပဲ သူတို့အား ခေါ်ဆောင်ကာ ရွှမ်းလင်သူတော်စင်၏ အနောက်သို့ လိုက်သွားခဲ့သည်။

ယခုအချိန်တွင် ကန်နံ့ဘေးတွင်
တိုက်ပွဲအရိပ်အရောင်များ မကျန်တော့ပဲ
တိုက်ပွဲကြည့်နေသော ပရိသတ်များသာ
ကျန်နေခဲ့ကြသည်။

အားလုံးတို့သည် သူတို့ယခု ကြည့်လိုက်ရသည်
တိုက်ပွဲကြောင့် ထိတ်လန့်တုန်လှုပ်နေကြ၏။
တစ်ယောက်ကမှ ဤကဲ့သို့ စွမ်းအားကြီးသည့်
ပိုင်ရှီချန်သည် ယွဲ့ဟုန်ယန်အား
ရှုံးနိမ့်သွားလိမ့်မည်ဟု မထင်ထားကြပေ။

အချို့ အခြေတည်ဝိညာဉ် အဆင့်မှ
ဂရန်းမာစတာတို့သည် အချင်းချင်း
ကြည့်လိုက်ကြကာ တွေးလိုက်ကြ၏။

"ပိုင်ရှီချန်က တိုက်ပွဲ အတွေ့အကြုံ မရှိပေမဲ့ သူမရဲ့ နောက်ဆုံးသိုင်းကွက်က အလွန်အမင်း အစွမ်းထက်ပြီး မှော်စွမ်းအင်ကလည်း ထိပ်ဆုံးမှာ ရှိနေတယ်။ ငါတို့တောင် သူမနဲ့ တိုက်ခိုက်ရင် ခက်ခက်ခဲခဲ တိုက်ခိုက်ရမယ်။ ယွဲ့ဟုန်ယန်က ဒီလောက်အထိ အစွမ်းထက်မှန်းကို ဘယ်သူကသိမှာလဲ"

တကယ်လို့ သူမက ဒီနှုန်းအတိုင်းသာ တိုးတက်လာခဲ့ရင် သူမရဲ့ အနာဂတ်ဟာ အကန့်အသတ်မဲ့နေမှာပဲ"

ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးတွင် ယွဲ့ဟုန်ယန်သည် အခြေခံအုတ်မြစ် အဆင့်

ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့၏။ သူမအား
လူသိများလာခြင်းနှင့် သူမ၏ နာမည်သည်
တဖြည်းဖြည်း ကျော်ကြားလာခဲ့သော်လည်း
သူမသည် အခြေခံအုတ်မြစ် အဆင့်တွင်သာ
ရှိနေသေးသဖြင့် မျက်စိကျစရာ
သိပ်မကောင်းခဲ့ပေ။

ယနေ့တွင် သူမသည် ဟင်းလင်းပြင်
ဘုရားကျောင်း၏ ရွှေရောင်ဗဟိုချက် နောက်ဆုံး
အဆင့်မှ တပည့်တစ်ယောက်အား
ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်ဖြင့်
အနိုင်ယူနိုင်ခဲ့သည်။ သူမ၏ နာမည်သည်
နတ်ဘုရား နယ်မြေ တစ်ခုလုံးတွင်
ပျံ့နှံ့သွားတော့မည် ဖြစ်သည်။

"ငါကတော့ ရှီညီနောင်တို့ရဲ့ တိုက်ပွဲကို ပိုပိုပြီးတော့ ကြည့်ချင်လာပြီ" လူအုပ်အတွင်းမှ တစ်စုံတစ်ယောက်က သက်ပြင်းချကာ ပြောလိုက်သည်။ "ဝမ်လင်းနဲ့ ရှီအကြီးတို့ရဲ့ တိုက်ပွဲကို မမြင်လိုက်ရတာ နာတာပဲ။ သူတို့ရဲ့ ပြိုင်ပွဲက ပိုပြီးတော့ စိတ်လှုပ်ရှားစရာ ကောင်းလိမ့်မယ်"

သူ၏ဘေးမှလူ၏ အကြည့်သည် ရှီးလင်မြို့မှ ရှီမိသားစု စံအိမ်ဘက်သို့ ရောက်သွားကာ ပြောလိုက်သည်။ "အခုပဲ ရွှမ်းလင်သူတော်စင်က ရှီမိသားစု စံအိမ်ဘက်ကို

လှည့်ကြည့်လိုက်တယ်။ တစ်ခုခုများ
ဖြစ်သွားသလား"

အမှန်ပင် ထိုနေရာတွင် တစ်စုံတစ်ခုက
ဖြစ်ပျက်နေခဲ့သည်။

ထိုအချိန်တွင် ပုခုံးပေါ်တွင် ဆံပင်ရှည်များ
ဝဲကျနေသည့် ကြည့်၍ကောင်းသည့်
လူငယ်လေး တစ်ယောက်သည် ရှီမိသားစု
စံအိမ်၏ ခန်းမအရှေ့တွင် ရပ်နေခဲ့သည်။
သူ့အား လူတစ်စုက ဝိုင်းရံထားကြ၏။

ထိုဝန်းရံထားသောသူများ၏ အနိမ့်ဆုံး ကျင့်ကြံမှုမှာ ရွှေရောင်ဗဟိုချက် အဆင့်တွင် ရှိနေ၏။ အခြေတည် ဝိညာဉ် အဆင့်မှ ဂရန်းမာစတာများ ပါနေကြပြီး စွမ်းအားကြီးသော အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူများကလည်း မနည်းလှချေ။

သို့သော်လည်း သူတို့၏ အမူအရာတို့သည် ယခုအချိန်တွင် အလွန်ကိုမှ လေးနက်နေကြ၏။ သူတို့သည် လူငယ်လေးအား မျက်နှာချင်းဆိုင်နေကြ၍ သူတို့၏ ဖိအားများမှာ သိသာနေသည်။

ထိုခန်းမ၏ အရှေ့တွင် အလင်းတန်းများ မြူခိုးငွေ့များနှင့် ဖုံးလွှမ်းထား၍ တစ်ယောက်သည် သင်္ကေတ ပုံသဏ္ဍာန်များကို တွေ့နိုင်ပေသည်။ ဒါသည် ရှီမိသားစု စံအိမ်၏ အကာအကွယ် မှော်ကျိန်စာ ဝင်္ကပါဖြစ်၏။ သူ့အား ယခုအချိန်တွင် အသင့်အနေအထားဖြင့် ပြင်ဆင်ထားခဲ့သည်။

ထိုလူငယ်မှာ ရှီထျန်းဟောင်မှလွဲ၍ အခြားမဟုတ်ချေ။ အစောပိုင်းတွင် သူသည် သူ၏မိဘများက ကယ်တင်ရန် ရှီမိသားစု စံအိမ်မှာ တိုက်ခိုက်ဖောက်ထွက်ခဲ့ကြသည့် သေလုမျောပါး ရှောင်ပုတန် ဖြစ်ခဲ့သည်။

ရှီမိသားစုမှ လူများသည် သူက ပြန်လည်မွေးဖွားလာပြီဟု သိနေကြသည်။ သို့သော်လည်း သူသည် သူတို့အိမ်တွင် သူတို့၏ အရှေ့၌ ပြန်ပေါ်လာခဲ့ပြီ ဖြစ်၏။ ဒါသည် အားလုံးကို တုန်လှုပ်ခြောက်ခြားစွာဖြင့် ငြိမ်သက်နေစေခဲ့သည်။

အချို့သူများသည် ကသိကအောက် ဖြစ်နေကာ အရှက်ရနေကြသည်။ အချို့သူများသည် မျက်ရည်များ ကျနေကြ၍ အချို့လူများမှာ ကြောက်ရွံ့ထိတ်လန့်နေကြ၏။

တစ်ချိန်တည်းတွင်ပင် အချို့မှာ ရန်လိုခက်ထန်နေကြ၏။ "ရှီထျန်းဟောင်၊

မင်းက ဘယ်သူ့ကိုပဲ ဆရာတော်ထားထား၊ မင်းရဲ့သွေးကြောထဲမှာ စီးဆင်းနေတာက ရှီမိသားစုရဲ့ သွေးတွေဆိုတာကို မမေ့ပါနဲ့"

"လူငယ်မျိုးဆက်တစ်ယောက်အနေနဲ့ မင်းက ငါတို့ရဲ့ အိမ်ရှေ့မှာ လက်စားချေလိုတဲ့ ပုံစံနဲ့ လာရပ်နေတာလား။ မင်းရဲ့ မိဘတွေနဲ့ အဖိုးကတောင် ဒီလိုပုံစံကို တွေ့လိုက်ရင် မင်းကို လေးစားမှုဆိုတဲ့ အဓိပ္ပာယ်ကို နားလည်လာတဲ့အထိ ကောင်းကောင်း ဆိုဆုံးမလိမ့်မယ်"

ရှီထျန်းဟောင်သည် သူ့အား တည်ငြိမ်စွာနှင့် ကြည့်လိုက်ကာ သူ၏ ခန္ဓာကိုယ်သည်

တုန်ခါသွားခဲ့၏။ သူ၏ ကိုယ်အတွင်းမှ
အားကောင်းသော စွမ်းအားတစ်ခု
ထွက်လာခဲ့ကာ စက္ကန့်ပိုင်းအတွင်းတွင်
ထိုအခြေတည် ဝိညာဉ် အဆင့်မှ
ဂရန်းမာစတာကို နောက်သို့လွင့်သွားစေခဲ့သည်။

ကျန်သောသူများသည်
အံ့သြတုန်လှုပ်နေကြသလို
ဒေါသထွက်ကုန်ကြ၏။ သို့သော်လည်း
အခြေတည် ဝိညာဉ် အဆင့်မှ ဂရန်းမာစတာ
နှစ်ယောက်ကသာ အချိန်မီ တုံ့ပြန်နိုင်ခဲ့ကြ၏။
ရွှေနဂါး နှစ်ကောင်တို့သည် လေဟာနယ်ကို
ဖြတ်သန်းကာ ပျံသန်းလာကြသည်။

ရှီထျန်းဟောင်၏ အနောက်တွင်
ဝဲကတော့တစ်ခု ပေါ်လာခဲ့ကာ တွင်းနက်ကြီး
တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။ ပြီးတာနှင့်
ရွှေရောင်နဂါး နှစ်ကောင်အား မျိုချလိုက်၏။

ရှီမိသားစုမှ ဂရန်းမာစတာ နှစ်ယောက်တို့သည်
ဒေါသထွက်သွားကြသည်။ သူတို့သည်
ဆက်လက်တိုက်ခိုက်မှု ပြုလိုက်ကြစဉ်
ရှီထျန်းဟောင်က လက်သီးဖြင့်
ထိုးချလိုက်သော်လည်း သူသည်
လုံးဝလှုပ်ရှားခြင်း မပြုခဲ့သကဲ့သို့ ဖြစ်နေခဲ့သည်။

သူ၏ ရှောင်တိမ်းမှုမှာ သေသပ်လှ၏။
သူ့ရန်သူများ၏ တိုက်ခိုက်မှု စက်ကွင်းအတွင်းမှ
လွတ်မြောက်သွားခဲ့သည်။

ရှီထျန်းဟောင်သည် သူ၏လက်များကို
ကျောနောက်တွင် ပစ်ထားခဲ့ကာ
မျက်နှာခပ်တည်တည်ပင် ရှိနေခဲ့သည်။
သူ့ကိုကြည့်ရသည်မှာ ဘာမှ ထူးထူးခြားခြား
လုပ်ခဲ့သည်နှင့် မတူနေခဲ့ပေ။

သို့သော်လည်း အခြေတည် ဝိညာဉ် အဆင့်မှ
ဂရန်းမာစတာနှစ်ယောက်တို့မှာ သူ့ကြောင့်
ဒဏ်ရာပြင်းထန်စွာ ရရှိသွားကြ၏။ သူတို့၏
မှော်စွမ်းအင်များသည် ရှီထျန်းဟောင်၏

ဖိနှိပ်ခြင်းကို ခံခဲ့ရ၍ သူတို့၏ အခြေတည် ဝိညာဉ်များသည် ကြောက်ရွံ့စွာနှင့် တုန်ခါသွားကြသည်။ သူတို့၏ အတွင်းအင်္ဂါများမှာ နေရာပြောင်းသွားသကဲ့သို့ ဖြစ်ကာ သူတို့သည် လုံး၀ကို မလှုပ်ရှားနိုင် ဖြစ်သွားကြ၏။

"အစောပိုင်းက မင်းတို့က ငါ့ကို နာကျင်အောင် မလုပ်ခဲ့တဲ့အတွက် ငါကမင်းတို့ကို အသက်ချမ်းသာပေးလိုက်မယ်။ ဒီလက်သီးချက်က မင်းတို့ရဲ့ ရိုင်းစိုင်းမှုအတွက်ပဲ" ရှီထျန်းဟောင်က အသာပြောလိုက်သည်။

ရှိမိသားစုမှ အခြေတည်ဝိညာဉ် အဆင့်
ဂရန်းမာစတာများ အားလုံးတို့သည်
အသက်ပြင်းပြင်း ရှူလိုက်ကြ၏။ သူတို့သည်
ရှိထျန်းဟောင်သည် သူတို့၏
ရဲဘော်ရဲဘက်တို့အား သတ်နိုင်သောစွမ်းရည်
ရှိသော်လည်း သူသည် ညှာတာမှု
ထားခဲ့ကြောင်း သိခဲ့လိုက်သည်။

သို့သော်လည်း သူတို့၏ မြေး သို့မဟုတ်
မြစ်အရွယ်ရှိသော တစ်စုံတစ်ယောက်၏
ရိုက်နှက်ခြင်းကို ခံခဲ့ရခြင်းမှာ
အလွန်အရှက်ရဖွယ် ကောင်းလေသည်။

အမှန်အတိုင်းပြောရလျှင် ရှီမိသားစုမှ
လူများသည် သူ့အား ယခင်က မမြင်ဖူးကြချေ။
သို့သော်လည်း သူသည် သူတို့အားလုံး၏
ခေါင်းပေါ်တွင် မိုးထားသော
တောင်တစ်လုံးကဲ့သို့ ဖြစ်နေခဲ့သည်။

ထို့အပြင် သူတို့အရှေ့မှ လူငယ်လေး၏
စီနီယာသည် ရွှေရောင်ဗဟိုချက် နောက်ဆုံး
အဆင့်မှ ကျင့်ကြံမှုဖြင့် ယုမိသားစုမှ
အခြေတည်ဝိညာဉ် အဆင့်
ကျင့်ကြံသူများစွာတို့အား သတ်ဖြတ်နိုင်ခဲ့သည်။
အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ
ဂရန်းမာစတာတို့ပင် ပါသေး၏။

ရှီထျန်းဟောင်ကလည်း ဤစွမ်းရည်မျိုးကို
မပိုင်ဆိုင်ထားဟု မည်သူက
အာမခံနိုင်ပါမည်နည်း။

ဤသို့ဆိုလျှင် ရှီမိသားစု စံအိမ်၏
အကာအကွယ် မှော်ကျိန်စာ ဝင်္ကပါနှင့်ပင်
သူတို့၏ လုံခြုံမှုသည် စိတ်မချနိုင်ပေ။
သူတို့သည် ဤအသက်၁၃နှစ်ပင်
မပြည့်သေးသော ကောင်လေးအား
အနိုင်ယူရန်အတွက် အင်မော်တယ် ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အား
လိုအပ်ပေမည်။

သို့သော်လည်း ယုမိသားစု တိုက်ပွဲမှ
ပြန်လာပြီးချိန်နောက်ပိုင်းတွင်
ရှီမိသားစုခေါင်းဆောင် အင်မော်တယ် ဝိညာဉ်
ဒုတိယ အဆင့်မှ ရှီဂူသည်
တိတ်ဆိတ်နေခဲ့သည်။ ရှီမိသားစုမှ
မိသားစုဝင်များက ရှီမိသားစု အုပ်ချုပ်ပုံနှင့်
ပတ်သတ်၍ အငြင်းပွားခဲ့ကြသော်လည်း
ရှီဂူသည် သူ၏ကိုယ်ပိုင် အမြင်များကို
မထုတ်ဖော်ခဲ့ပေ။

ရှီဂူ၏ သဘောတူညီချက်ကို မရပဲနှင့်
ရှီမိသားစုမှ တစ်စုံတစ်ယောက်မှ
ရှီထျန်းဟောင်အား မတိုက်ခိုက်ရဲကြပေ။

ရှိထျန်းဟောင်သည် အားလုံးတို့၏
တုံ့ပြန်မှုများကို ဂရုမစိုက်ခဲ့ပေ။ ထို့အစား
သူ၏အကြည့်သည် သူ၏အရှေ့မှ
သက်လတ်ပိုင်း လူကြီးတစ်ယောက်၏
အပေါ်သို့ ကျရောက်သွားခဲ့သည်။

ထိုသက်လတ်ပိုင်း လူကြီးသည် သာမန်
အရပ်အမောင်းထက် ပိုရှည်သည်။
သူ၏မျက်နှာသည် ကြည့်၍ကောင်းကာ
သူ၏အကြည့်သည် စူးရှထက်မြက်လှသည်။
သူသည် လူအုပ်၏ အလယ်တွင် ရပ်နေခဲ့၏။
သူသည် ရှိမိသားစုတွင် စီနီယာ
အကျဆုံးမဟုတ်သော်လည်း သူသည်
အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ

ကျင့်ကြံသူတစ်ယောက် ဖြစ်သည့်အတွက် အားလုံးတို့က သူ့အား အလေးထားကြသည်။

အကယ်၍ တစ်ယောက်သည် သူ့အား သေချာစွာ အကဲခတ်ခဲ့ပါက ရှီထျန်းရီနှင့် သူ့အကြားမှ ဆင်တူမှုများကို တွေ့နိုင်မည် ဖြစ်၏။

ထိုသက်လတ်ပိုင်းလူကြီးသည် ရှီထျန်းဟောင်အား လေးနက်စွာ စိုက်ကြည့်လိုက်၍ ပြောလိုက်သည်။ "ထျန်းဟောင်၊ မင်းအိမ်ကို မပြန်လာတာ ကြာသွားပြီ။ ဒါပေမဲ့ အိမ်ပြန်လာချင်းချင်း အိမ်က မိသားစုဝင်တွေနဲ့ ပဋိပက္ခဖြစ်တာက

သိပ်ပြီးတော့ မသင့်တော်ဘူး။ မင်းက အသက်ငယ်ငယ်နဲ့ အတော်ကို ဒုက္ခရောက်ခဲ့တယ်။ ဒါပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က မင်းကို ရည်မွန်ယဉ်ကျေးဖို့ စည်းကမ်းတွေကို မသင်ပေးခဲ့ဘူးလား"

"ဦးကြီးက ကျီစားတတ်သားပဲ" ရှီထျန်းဟောင်က ငြိမ်သက်စွာ ပြောလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ကျွန်တော့်ကို အခြေခံ လူကျင့်ဝတ်တွေ၊ စည်းကမ်းထုံးစံတွေကို သင်ပေးထားတာပေါ့။ ဒါပေမဲ့ ကျန်တဲ့သူတွေကလည်း ကျင့်ဝတ်ထုံးစံတွေကို နားလည်ဖို့လိုတယ်။

ဆရာကကျွန်တော့်ကို ဘယ်လိုပဲ သင်ထားထား ခင်ဗျားက တစ်ခုပဲ သိဖို့လိုတယ်"

"ဆရာ့ရဲ့ တပည့်တစ်ယောက် အနေနဲ့ ကျုပ်က ကျုပ်ကိုလေးစားတဲ့ သူအားလုံးကို ပြန်ပြီးတော့ လေးစားတယ်။ ကျန်တဲ့လူတွေ အနေနဲ့ကတော့..." ရှီထျန်းဟောင်က ဖွဖွလေး ပြုံးလိုက်သည်။ "မိတ်ဆွေတွေ လာရင်တော့ ကျုပ်က အကောင်းဆုံး အရက်နဲ့ ဧည့်ခံလိုက်မယ်။ ဝံပုလွေတွေ၊ ကျားသစ်တွေ လာရင်တော့ ကျုပ်က ဓားတွေ၊ လှံတွေနဲ့ပဲ ရင်ဆိုင်ရာမှာ ဖြစ်တယ်။ ဒါက ရိုးရှင်းပါတယ်"

သူ၏ အကြည့်သည် တည်ငြိမ်နေခဲ့သော်လည်း အားလုံးတို့သည် ကျောရိုးအတွင်းမှ စိမ့်သွားကြ၏။ "အစောပိုင်းက ခင်ဗျားတို့တွေ တစ်ယောက်ကမှ ကျုပ်ကို ဆွေမျိုးသားချင်းလို့ မသတ်မှတ်ထားကြဘူး။ ဒါကြောင့် ဒီစကားကို ဆက်မပြောတော့ပါနဲ့။ ဒီကနေ့ ကျုပ်ပြန်လာရခြင်းက ကျုပ်မိဘတွေနဲ့ အဘိုးတို့ ထားခဲ့တဲ့ အရာကို လာယူတာ။ ကျုပ်က ရှီမိသားစုကို ပြန်ဝင်ဖို့ ဆန္ဒမရှိဘူး"

"ဒါပေမဲ့ ကျုပ်က တစ်စုံတစ်ခုကိုလည်း ကြားလိုက်ရတယ်" ရှီထျန်းဟောင်သည် သက်လတ်ပိုင်းလူကြီးအား ကြည့်လိုက်သည်။ "ရှီမိသားစုဟာ ဟင်းလင်းပြင် ဘုရားကျောင်းနဲ့

မဟာမိတ် ဖြစ်နေတော့ ဦးကြီးက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို အန္တရာယ်လို့ မြင်နေတယ်ပေါ့"

ထိုသက်လတ်ပိုင်း လူကြီးသည် ရှီထျန်းရီ၏ ဖခင်ဖြစ်သည်။ သူသည် သူ၏သားအား ထောက်ခံသူ ဖြစ်သဖြင့် သူ၏ မိသားစုဝင်များအား စုစည်းကြကာ ဟင်းလင်းပြင် ဘုရားကျောင်းအား ထောက်ခံရန် အားပေးထား၏။ ဆန့်ကျင်သောသူများ၏ ပါးစပ်တို့အား ပိတ်ထားကြ၍ ရှီမိသားစုအား ရှီထျန်းရီကို ကျောထောက်နောက်ခံ ပေးထားခဲ့သည်။

အချို့သူများမှာ လွှန်ခဲ့သော နှစ်ပေါင်းများစွာက ဖြစ်ရပ်မှာ သွေးစွန်းလွှန်းသည်ဟု ထင်နေကြကာ မပျော်မရွှင်ဖြစ်နေကြသည်။ သို့သော်လည်း ရှီထျန်းဟောင်တို့ မိသားစုတို့က ထွက်သွားခဲ့ပြီး ရှီထျန်းရီ၏ မြင့်တက်လာမှုကြောင့် ရှီမိသားစုမှ လူအတော်များများသည် ရှီထျန်းရီဘက်သို့ ရောက်သွားကြသည်။

သို့သော်လည်း ရှီထျန်းဟောင်၏ ပြန်လည်မွေးဖွားလာမှုနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တိုးတက်လာမှု၊ ရှီထျန်းရီ၏ အဓိက ထောက်ခံသူဖြစ်သော ယုမိသားစုတို့၏ ပျက်စီးမှုတို့ကြောင့်

လူအများတို့သည် ရပ်တည်ချက် မခိုင်မမာ ဖြစ်လာကြသည်။

ရှီထျန်းရှီသည် မျက်စိတစ်ဘက် ကန်းသွားအပြီးတွင် လူအတော်များများတို့သည် ဘက်ပြောင်းရန် စဥ်းစားလာကြ၏။

ရှီထျန်းရှီသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ ထောက်ခံမှုကို ရထားသဖြင့် အားလုံးတို့သည် သူ့အား အရေးပေးထားကြသည်။ ဟင်းလင်းပြင် ဘုရားကျောင်း၏ ရှေ့ဆောင်လမ်းစဥ်ပါတီနှင့် စူတောင်ဓားဂိုဏ်းတို့ပင် သူ့အား အလေးထား၍ ဆက်ဆံကြသည်။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ရှီထျန်းဟောင်တို့အားလည်း လျှော့တွက်၍မရချေ။ လူအများစုတို့သည် ညတွင်းချင်း ဘက်ပြောင်းကြမည် မဟုတ်သော်လည်း အများစုတို့သည် ကြားနေဝါဒအား ကျင့်သုံးခဲ့ကြ၏။

ထိုသက်လတ်ပိုင်း လူကြီးသည် ထိုကိစ္စကို မကျေနပ်ပေ။ ထို့ကြောင့် သူသည် မိသားစု အစည်းအဝေးကို ခေါ်ယူခဲ့ကာ အဆင့်မြင့် မိသားစုဝင်များနှင့် ထိုကိစ္စအား ဆွေးနွေးခဲ့သည်။

သို့သော်လည်း ရှိဂူ၏ သဘောထားသည် မရေရာသဖြင့် လူများစွာတို့သည်လည်း မပြတ်သားကြပေ။ ထိုသက်လတ်ပိုင်းလူကြီး၏ ရည်ရွယ်ချက်သည်လည်း အထမမြောက်ခဲ့ပေ။

သူသည် ထိုကိစ္စအား မကျေမနပ် ဖြစ်နေစဉ်တွင်ပင် ရှီထျန်းဟောင်က သူ၏အရှေ့သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

"ဦးကြီးက ကျွန်တော့်ကို ဂရုစိုက်သားပဲ" ရှီထျန်းဟောင်က သူ၏ခေါင်းကို လိမ်လိုက်ကာ ထိုသက်လတ်ပိုင်း လူကြီးအား သရော်ပြုံးဖြင့် ကြည့်လိုက်သည်။ "ဦးကြီးက ကျွန်တော့်ရဲ့ ကျင့်ကြံမှုအဆင့်ကို ဂရုစိုက်နေတာလား။

ကျွန်တော့်ကို အပြတ်ရှင်းလိုက်ပြီး ကျွန်တော့်ရဲ့ ချစ်လှစွာသော အစ်ကိုအတွက် ပြဿနာရှင်းပေးချင်နေတာလား"

## စာစဉ် ၃၀ : အပိုင်း ၂၀

## အပိုင်း ၅၇၀ : လူသားပုံစံနှင့်သားရဲ ရှီထျန်းဟောင်

ရှီထျန်းဟောင်၏ အမူအရာမှာ တစ်ဝက်ပြုံးနေခဲ့သော်လည်း သူ၏ ခန္ဓာကိုယ် အတွင်းမှ ထိန်းချုပ်မထားသော ခက်ထန်သည့် အော်ရာများကို ထုတ်လွှတ်နေခဲ့သည်။

သူသည် ကလေးဘဝမှစ၍
ယုကျင်းတောင်ပေါ်မှ ခွန်းလွန်တောင်
တောနက်အတွင်းသို့ မကြာခဏ
သွားရောက်ခဲ့သည်။ သူ၏ အဓိက
ရည်ရွယ်ချက်မှာ အစာသွားရှာရန် ဖြစ်၍
သူသည် မြောက်မြားစွာသော ခက်ထန်သော
သားရဲများကို သတ်ဖြတ်ခဲ့သည်။

သို့သော်လည်း သူ၏ဆရာနှင့်
အခြားတပည့်အချို့သာ ရှီထျန်းဟောင်သည်
တောင်ပိုင်း နယ်စပ်များသို့
မကြာခဏသွားရောက်ကာ ဒိုင်မန်းရှင်းများကို

ဖြတ်ကျော်၍ မဟာလွင်တီးခေါင် ကုန်းမြေ
အတွင်းသို့ သွားလေ့ရှိသည်ကို သိကြသည်။

ထိုနေရာတွင် သူသည် မိစ္ဆာများစွာတို့အား
သတ်ဖြတ်ခဲ့သည်။ သူ၏ လက်များသည်
ရန်သူများစွာတို့၏ သွေးများဖြင့်
စွန်းထင်းနေခဲ့ပြီ ဖြစ်၏။ သူသည် ငယ်စဉ်ကပင်
သေခြင်းနှင့် ရှင်ခြင်းတို့၏
အတွေ့အကြုံများစွာတို့အား ရရှိခဲ့ပြီး ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
တပည့်များအနက် ရှီထျန်းဟောင်၏
သတ်ဖြတ်လိုစိတ်နှင့် ခက်ထန်မှုတို့မှာ
ထိပ်တန်းအဆင့်တွင် ရှိနေပေသည်။

သူသည် အမှန်တကယ်ကို သွေးဆာသော
နတ်ဆိုးကလေး ဖြစ်၏။

ရှီမိသားစု တစ်ခုလုံးသည် ရှီထျန်းဟောင်၏
ခန္ဓာကိုယ်ထံမှ သွေးသောက်နေလိုမှုတို့အား
ကောင်းကောင်းကြီး ခံစားမိနေခဲ့ရသည်။
သူတိုက်ခိုက်ခဲ့သော သူနှစ်ယောက်တို့သည်
သူ့မိဘများအား ဝိုင်းရံတိုက်ခိုက်ခဲ့ကြသူများ
အတွင်းတွင် မပါခဲ့ပေ။ သူ၏မိဘများသည်
ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင်
ရှိနေသည့် အချိန်တွင် သူတို့သည်လည်း
သူတို့အား အမဲမလိုက်ခဲ့ကြပေ။

ထို့ကြောင့် ရှီထျန်းဟောင်သည် သူတို့၏
အသက်အား ချမ်းသာပေးခဲ့ခြင်း ဖြစ်သည်။
သို့သော်လည်း လူအုပ်အတွင်းတွင်
ပါဝင်တိုက်ခိုက်ခဲ့သော လူအချို့ ရှိနေသည်။

ယခုအချိန်တွင် သူတို့သည် ရှီထျန်းဟောင်၏
အကြည့်ကို တွေ့လိုက်ရသောအခါ
အသက်ထောင်နှင့်ချီ၍ အသက်ရှင်ခဲ့ပြီး
ဖြစ်ကြသော်လည်း ရင်ထဲမှနေ၍
စိမ့်တက်လာခဲ့သည်။ သူတို့သည်
ကမ္ဘာဦးခေတ်မှ ကြောက်မက်ဖွယ်
သားရဲတစ်ကောင်အား ကြည့်နေရသကဲ့သို့
ခံစားနေကြရသည်။

ရှိထျုန်းရိ၏ ဖခင်သည် ဖိအားများကို ပို၍ ခံစားနေရ၏။ သူသည် အချိန်အတန်ကြာ ငြိမ်သက်သွားပြီးမှ သူ၏အနောက်တွင် ရွှေရောင် အလင်းတန်း တစ်ခုက ပေါ်လာခဲ့၏။ နဂါးဟိန်းသံတစ်ခု ပေါ်လာခဲ့ကာ အဖြူရောင် အကြေးခွံနှင့် ရောမ နဂါးတစ်ကောင် ပေါ်လာခဲ့သည်။

ထိုနဂါး၏ ခန္ဓာကိုယ်မှနေ၍ ရွှေရောင် အလင်းတန်းများ ထွက်လာခဲ့၍ ထိုအလင်းတန်း တစ်ခုချင်းတိုင်းသည် ဘေးပတ်ပတ်လည်မှ ဒိုင်မန်းရှင်းတို့အား တစ်စစီ ဖြတ်တောက်နေခဲ့သည့် ထက်မြက်သော ဓားသွားများအလား ဖြစ်နေခဲ့သည်။

သူသည် သူ၏ကိုယ်ပိုင် စကြာဝဠာ
ပုံသဏ္ဍာန်အား တိုက်ရိုက်ဖော်ပြခဲ့သည်။

"ထျန်းဟောင်လေး၊ မင်းက ကိုယ့်ကိုယ်ကိုယ်
ယုံကြည်မှုအပြည့်ရှိတယ်ဆိုတော့ ဦးကြီးက
မင်းနဲ့ အကွက်တချို့ ဖလှယ်ကြည့်တာပေါ့။
မင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ခေါင်းဆောင်ဆီကနေ ဘာတွေများ
သင်ယူခဲ့ရသလား ဆိုတာကို ကြည့်ရတာပေါ့"

သူ၏ဘေးမှ အခြေတည်ဝိညာဉ် နောက်ဆုံး
အဆင့်မှ ကျင့်ကြံသူ နှစ်ယောက်က

ငြိမ်သက်သွားခဲ့သည်။ သို့သော်လည်း သူတို့၏ မော်စွမ်းအင် တုန်ခါမှုများကို အာရုံခံနိုင်ခဲ့သည်။

ရှီထျန်းဟောင်က ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဦးကြီးက အတော်နောက်တတ်တာပဲ။ ကျုပ်တို့နှစ်ယောက် အကြားမှာ အကွက်အနည်းငယ် ဖလှယ်ရုံနဲ့ ဘယ်လိုလောက်ပါ့မလဲ"

သူ၏ခန္ဓာကိုယ်သည် ပြင်းထန်စွာနှင့် တုန်ခါသွားခဲ့ကာ ခက်ထက်ကြမ်းတမ်း ခွန်အားကြီးသည့် စွမ်းအားများသည် မျက်စိတစ်မှိတ်အတွင်း ပေါက်ကွဲထွက်လာပြီး

သူ့ပြိုင်ဘက်၏ အရှေ့သို့ ရောက်သွားခဲ့သည်။
"ခင်ဗျားက ခင်ဗျားရဲ့ အကြွေးတွေကို
ဆပ်ရမယ်"

အဖြူရောင် အကြေးခွံ နဂါး စကြာဝဠာ
ပုံသဏ္ဍာန်သည် ရှေ့သို့တက်လာကာ
ရှီထျန်းဟောင်နှင့် ထိပ်တိုက်ရင်ဆိုင်လိုက်၏။
သူသည် ထိုနဂါးအား လုံးဝ လျစ်လျူရှုထားခဲ့၍
သူ၏နဖူးတွင် အနက်ရောင် တွင်းနက်ကြီးတစ်ခု
ပေါ်လာခဲ့သည်။

ထိုတွင်းနက်အတွင်းမှ တစ်ယောက်သည်
ကလေးငိုကြွေးသံနှင့် တူနေသော သားရဲတို့၏

အော်ဟာစ်သံတို့ကို ကြားနေရသည်။
ဤအသံတို့သည် လွန်စွာမှ စူးရှလှ၏။

ပြည်သူလူထုတို့၏ မဟာဆေးမီးဖိုသည်
အနက်ရောင် မြေဆီလွှာများဖြင့် ဖုံးအုပ်ထား၍
တွင်းနက်ကြီး တစ်ခုနှင့် တူနေခဲ့သည်။
တိုက်ရိုက်ပင် သူသည် အဖြူရောင် အကြေးခွံ
ရောမ နဂါးကြီးအား စုပ်ယူလိုက်၏။

ရှီမိသားစုမှ လူများအားလုံးတို့သည်
ထိုမြင်ကွင်းအား ကြည့်လိုက်ကာ
ထိတ်လန့်တုန်လှုပ်ကုန်ကြသည်။
ရှီထျန်းဟောင်၏ ခေါင်းပေါ်မှ
ပြည်သူလူထုတို့၏ မဟာဆေးမီးဖိုသည်

ကမ္ဘာဦးခေတ်မှ ခက်ထန်သော
သားရဲတစ်ကောင်ကဲ့သို့ ပါးစပ်ကြီးကို
ဟလိုက်ကာ သူ့ပြိုင်ဘက်၏ စကြာဝဠာ
ပုံသဏ္ဍာန်အား မျိုချလိုက်သည်။

အဖြူရောင် အကြေးခွံ ရောမ နဂါးကြီး၏
ထိပ်ပိုင်းသည် ပြည်သူလူထုတို့၏
မဟာဆေးမီးဖို၏ ကိုက်ဝါးခြင်းကို ခံခဲ့ရ၍
အောက်ပိုင်းသည် လေထုအလယ်တွင်
တွန့်လိမ်ရုန်းကန်နေခဲ့၏။ နဂါးအမြီးသည်
လေပေါ်တွင် လှုပ်ရှားနေခဲ့သော်လည်း
မလွတ်မြောက်နိုင်ခဲ့ပေ။

ခန်းမ၏ အကျယ်အဝန်းသည်
အကန့်အသတ်ရှိ၍ အဖြူရောင် အကြေးခွံ
ရောမနဂါးကြီးသည် လေဟာနယ်
အကန့်အသတ်များ မခံရစေရန် သူ၏
အရွယ်အစားကို ထိန်းချုပ်ထားခဲ့သည်။
သို့သော်လည်း ယခုအချိန်တွင် သူသည်
အချုပ်နှောင် ခံနေခဲ့ရသဖြင့် သူသည် ဘာကိုမှ
ဂရုမစိုက်နိုင်တော့ပဲ ချက်ချင်းပင်
မီတာပေါင်းများစွာ ကြီးမားလာခဲ့၍
ခန်းမတစ်ခုလုံးကို ရိုက်ခတ်ခဲ့လိုက်သည်။

ရှီမိသားစု စံအိမ်၏ အကာအကွယ် မှော်ကျိန်စာ
ဝင်္ကပါကြောင့်သာ မဟုတ်လျှင် ထိုနဂါး၏

အမြီးကြီးသည် ရှိမိသားစု စံအိမ်အား ပြားပြားဝပ်စေခဲ့မည် ဖြစ်သည်။

နဂါးအပေါ်မှ ရွှေရောင်အလင်းတန်းများက အဆက်မပြတ် လင်းလက်နေကြ၏။ သူသည် ဟင်းလင်းပြင်ကို ဖြတ်တောက်နေသည့် ထက်မြက်သော ခေါင်းသွားများနှင့် တူနေ၏။ သို့သော်လည်း သူတို့သည် ရှီထျန်းဟောင်အား ဒဏ်ရာရအောင် မလုပ်နိုင်ကြပေ။

ရှိမိသားစုမှ ကျန်သော ဂရန်းမာစတာတို့သည် ထိုအဖြူရောင် အကြေးခွံ ရောမ နဂါးကြီးသည် ရှီထျန်းဟောင်၏ ခေါင်းအပေါ်မှ ဆေးမီးဖို အတွင်းမှ မရုန်းထွက်နိုင်ခဲ့သည့် အပြင်

အတွင်းသို့ တဖြည်းဖြည်း ဝင်သွားခဲ့သည်ကို တွေ့နေရသည်။

အားလုံးတို့သည် ထိတ်လန့်တကြားဖြင့် ပင့်သက်ရှိုက်လိုက်ကြသည်။ "ဒါက ဘယ်လောက်တောင် စွမ်းအားကြီးလှတဲ့ အကွက်လဲ"

ထိုအဖြူရောင် အကြေးခွံ ရောမ နဂါးကြီးသည် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ စကြာဝဠာ ပုံသဏ္ဍာန် ဖြစ်၏။ သူသည် ထိုကျင့်ကြံသူ၏ နှစ်ပေါင်းများစွာသော ကျင့်ကြံမှုနှင့် သူ၏ မှော်စွမ်းအင် အဆီအနှစ်တို့အား

ကိုယ်စားပြုနေ၏။ ဒါသည် သူ၏ အစွမ်းအထက်ဆုံး အကွက်ဖြစ်သော်လည်း ယခုအချိန်တွင် သူသည် ရှီထျန်းဟောင်၏ မျိုးချခြင်းကို ခံနေခဲ့ရပြီ ဖြစ်သည်။

"အခုအချိန်မှာ ဒီဆေးမီးဖိုအထဲမှာ တောက်တီတစ်ကောင်ရဲ့ ပုံရိပ်ကို တွေ့လိုက်ရတယ်။ ဒါက တောက်တီတွေရဲ့ ကိုယ်ပိုင်အကွက် ဝါးမျိုခြင်းလား။ ဒါပေမဲ့ ဒါက သန့်စင်တဲ့ သွေးမျိုးဆက် တောက်တီဖြစ်ရင်တောင် သူက ဒီလိုမျိုး စွမ်းအားတွေကို ရဖို့အတွက် မိစ္ဆာသခင် အဆင့်ကို ရောက်ရမှာပေါ့။ ရှီထျန်းဟောင်က ရွှေရောင်ဗဟိုချက် အဆင့်သာ ရှိသေးသာပဲ"

ရှိမိသားစု၏ အန္တိမ အဖြူရောင်နဂါး မန္တန်သည် မဟာချင် အင်ပါယာ၏ တော်ဝင်နဂါး ငါးကောင်တို့၏ လျို့ဝှက်ကျမ်းစာ၏ အဖြူရောင်နဂါး ကျမ်းစာမှ ဆင်းသက်လာခြင်း ဖြစ်သည်။ ရွှေရောင် အလင်းတန်းများအား အောင်မြင်စွာ ကျင့်ကြံနိုင်ပြီဆိုလျှင် သူသည် ပြိုင်ဘက်ကင်းနိုင်ပြီ ဖြစ်ကာ နတ်ဘုရားစစ်သားပေါင်း တစ်သောင်းတို့ထက် ပိုမိုအစွမ်းထက်သည်။ သူသည် သတ္တုအနွယ်ဝင် အကွက်များအနက် အထွတ်အထိပ်သို့ ရောက်နေခဲ့ပြီ ဖြစ်၏။

ထိုကဲ့သို့သော စွမ်းအားကြီးသည့် အကွက်အား
တောက်တီတစ်ကောင်ကပင် ဝါးမျိုနိုင်မည်
မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် သူ၏
မှော်စွမ်းအင်များသည်
ထက်မြက်သန်စွမ်းလှသောကြောင့် ဖြစ်သည်။
သူသည် တိုက်စစ်စွမ်းအား အပြည့်ရှိနေသည်။

သို့သော်လည်း ထိုအချိန်တွင် အဖြူရောင်
အကြေးခွံ မဟာနဂါးသည် ပြည်သူလူထုတို့၏
မဟာဆေးမီးဖို အတွင်းသို့ စုပ်ယူခြင်း
ခံနေရကာ လုံးဝကို လွတ်မြောက်နိုင်စွမ်း
မရှိတော့ပေ။

ထို့အပြင် ဒါသည် ရှီထျန်းဟောင်၏
စွမ်းအားအကုန် မဟုတ်သေးပေ။
ပြည်သူလူထုတို့၏ မဟာဆေးမီးဖိုသည်
သူ့ပြိုင်ဘက်၏ စကြာဝဠာ ပုံသဏ္ဍာန်အား
ချုပ်နှောင်ထားသော်လည်း ရှီထျန်းဟောင်သည်
လွတ်လပ်စွာ လှုပ်ရှားနေနိုင်သေး၏။
မျက်စိတစ်မှိတ် အတွင်းပင် သူသည် သူ့ရန်သူ၏
အရှေ့သို့ ရောက်လာခဲ့သည်။

သူ၏ စကြာဝဠာ ပုံသဏ္ဍာန်သည် အချုပ်နှောင်
ခံနေရသဖြင့် အခြေတည်ဝိညာဉ် နောက်ဆုံး
အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏
စွမ်းအားသည် အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်တွင်သာ ရှိနေတော့၏။

သူသည် ရှီထျန်းဟောင်၏ ရိုက်နှက်ခြင်းအား ခံခဲ့ရသော် မည်သို့မှ မတုံ့ပြန်နိုင်ခဲ့ပေ။

ရှီထျန်းရှီ၏ ဖခင်သည် စီနီယာ အကျဆုံး မဟုတ်သော်လည်း သူ၏ ကျင့်ကြံမှုသည် ရှီမိသားစု အတွင်းတွင် အကောင်းဆုံး အတွင်းတွင် ပါဝင်သည်။ သို့သော်လည်း ဤအချိန်တွင် သူသည် ရှီထျန်းဟောင်၏ ပြိုင်ဘက် မဟုတ်ခဲ့ပေ။

သူသည် ညည်းညူလိုက်ရာ သူ၏ကိုယ်ပေါ်မှ ရွှေရောင် အလင်းတန်းတစ်ခု ကျလာ၍ နဂါးပုံရိပ် တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။ ထိုနဂါးအတွင်းတွင် တစ်ယောက်သည်

နဂါးခေါင်းနှင့် တူနေသော ထူးခြားသည့် စတုရန်းပုံ တံဆိပ်တစ်ခုကို တွေ့နိုင်၏။ ဒါသည် အခြေတည်ဝိညာဉ် အဆင့်မှ မှော်အိုင်တမ် ဖြစ်သည့် အန္တိမ အဖြူရောင်နဂါး တံဆိပ်ဖြစ်၏။

ရှီထျန်းဟောင်သည် သူ့အား ကြည့်ပင်မကြည့်ခဲ့ပေ။ သူ၏ လက်ကို ဆန့်တန်းကာ ဆုပ်ကိုင်လိုက်၏။ သူ၏ မူလက ဖြူဖွေးသန့်စင်နေသော လက်သည် စိမ်းပုပ်ပုပ် ဖြစ်သွားခဲ့သည်။ သူ၏ သွေးကြောများ အားလုံးတို့သည် ပေါက်ကွဲထွက်လာခဲ့ကာ တွန့်လိမ်ကုန်ကြ၏။ သူ၏ လက်ချောင်းများကလည်း ဖောင်းကားလာကြသည်။

မိစ္ဆာလက်သည်းများနှင့် တူနေသော သူ၏ လက်ချောင်းငါးချောင်းတို့ကို ဆန့်ထုတ်လိုက်သည်။ သူသည် အနက္ကိမ အဖြူရောင်နဂါး တံဆိပ်အား ဆုပ်ကိုင်လိုက်ကာ သူ၏လက်ဝါးဖြင့် ဖိခြေလိုက်သည်။ ချက်ချင်းပင် တစ်ယောက်သည် အခြေတည်ဝိညာဉ် အဆင့်မှ မှော်အိုင်တမ် အက်ကွဲသွားသည်ကို ကြားနိုင်ခဲ့သည်။

"ဒီလောက်အထိ ကြမ်းတာလား! ဒါက ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူတစ်ယောက် ပိုင်ဆိုင်နိုင်တဲ့ ရုပ်ခန္ဓာကိုယ်စွမ်းအား မဟုတ်ဘူး" ရှီမိသားစုမှ

အခြေခံတည်ဝိညာဥ် အဆင့် ဂရန်းမာစတာများ
အားလုံးတို့သည် အံ့သြထိတ်လန့်နေကြကာ
ရှီထျန်းဟောင်၏ ကိုယ်အတွင်းမှ
လူသတ်လိုစိတ်တို့အား
ကောင်းစွာခံစားနိုင်ခဲ့သည်။

သူတို့၏ ရပ်တည်ချက်များ
ပြောင်းလဲသွားသော်လည်း သူတို့သည်
ရှီထျန်းဟောင်၏ လူသတ်ခြင်းကို
ကြည့်မနေနိုင်ကြပေ။ အခြေခံတည်ဝိညာဥ်
အဆင့်မှ ကျင့်ကြံသူ တစ်အုပ်စုသည် သူ့အား
ဝိုင်းရံလိုက်ကြသည်။

"ဝင်မရှုပ်နဲ့" ရှီထျန်းဟောင်က သူ၏လက်သီးကို မြှောက်လိုက်ကာ ပြောလိုက်သည်။ "ယု!"

စွမ်းအားကြီးသော စွမ်းအင်တစ်ခုသည် အားလုံးတို့အား ပျော့ခွေစေကုန်၏။

အခြေတည်ဝိညာဉ် အဆင့်အောက်မှ ကျင့်ကြံသူများသည် အနောက်သို့ လွင့်သွားကြကာ သူတို့၏ ပါးစပ်မှ သွေးများထွက်လာကြသည်။ သူတို့သည် ရှီထျန်းဟောင်၏ 'ယု'ကြောင့် ဒဏ်ရာများ ရသွားကြသည်။

အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသည် လေဟာနယ်၏ လျှို့ဝှက်ချက်များကို သဘောပေါက်နေသည့် အတွက်ကြောင့် သူ၏ စွမ်းအားများကို ခုခံနိုင်သေး၏။ သို့သော်လည်း ခဏအကြာတွင် ရှီထျန်းဟောင်၏ 'ကျိုး'ကလည်း ထွက်ပေါ်လာခဲ့သည်။ 'ယု'နှင့်'ကျိုး' နည်းစနစ် နှစ်မျိုးစလုံး ထုတ်ဖော်လိုက်သည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးကို ပျံ့နှံ့သွားခဲ့ကာ အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများပင် လွင့်ပျံကုန်ကြသည်။

ပြီးတော့ ဒါသည် အစပင် ရှိသေး၏။

ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုသည် ပေါ်လာခဲ့ကာ ရှိထျန်းဟောင်က အဝါရောင် ကောင်းကင်ခေါင်းလောင်းတူအား ထုတ်လိုက်ကာ ထုလိုက်၏။ လေဟာနယ်တွင် လှိုင်းတွန့်များ ပေါ်လာခဲ့ကာ 'ယု'နှင့်'ကျိုး'တို့၏ စွမ်းအားများနှင့် ပေါင်းစပ်သွားကြကာ အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်အောက်မှ လူတိုင်း၏ စွမ်းအားများကို အပြည့်အဝ ဖိနှိပ်ထားနိုင်ခဲ့သည်။

လက်ဖျစ်တစ်တွတ် အတွင်းတွင် ရှိထျန်းရီ၏ဖခင်နှင့် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ နှစ်ယောက်တို့သာ

မတ်တတ်ရပ်နေနိုင်ကြတော့သည်။ သူတို့သည် ရှီထျန်းဟောင်အား မှင်သက်စွာနှင့် ကြည့်နေခဲ့ကြ၏။

သူတို့အရှေ့မှ ကောင်ကလေးသည် လူသားပုံစံနှင့် သားရဲသာဖြစ်သည်။

လခွမ်းပဲ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ တပည့်တိုင်းက ဒီလိုမျိုး စွမ်းအားကြီးကြတာပဲလား။

ထိုအချိန်တွင် ရှီထျန်းဟောင်သည် မိစ္ဆာလက်သည်းကဲ့သို့သော ဘယ်လက်သည်

အန္တိမ အဖြူရောင်နဂါး တံဆိပ်ကို
တင်းကျပ်စွာနှင့် ထပ်မံဆုပ်ထားလိုက်သည်။
သူသည် သနားစရာကောင်းစွာ
ညည်းညူနေခဲ့သည်။ ရှီထျန်းဟောင်သည်
သူ၏လက်ဗလာနှင့်ပင် အခြေတည်ဝိညာဉ်
အဆင့်မှ မှော်အိုင်တမ်အား
အမှုန့်ခြေပစ်ခဲ့သည်။

အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ
ကျင့်ကြံသူ နှစ်ယောက်တို့သည်
နောက်ဆုံးအကြိမ် အနေဖြင့် သူတို့၏
စကြာဝဠာ ပုံသဏ္ဍာန်တို့အား
ဖော်ထုတ်ခဲ့လိုက်သည်။

သို့သော်လည်း ရှီထျန်းဟောင်က
မကြောက်ရွံ့နေခဲ့ပေ။ သူ၏အနောက်မှ
လေဟာနယ်သည် တွန့်လိမ်သွားခဲ့ကာ
ရှတ်တရက်ပင် နောက်ထပ် ပြည်သူလူထုတို့၏
မဟာဆေးမီးဖို ဒုတိယတစ်ခုက
ပေါ်ထွက်လာခဲ့သည်။

ထိုအချိန်တွင် ဂရန်းမာစတာ၏
မျက်လုံးအစုံသည် တောက်ပလာခဲ့၏။
ရှီထျန်းဟောင်၏ မျက်နှာသည် အမူအရာ
ကင်းမဲ့နေခဲ့ကာ အကြည့်ကို
အခြားတစ်နေရာသို့ ရွှေ့လိုက်သည်။

ထိုနေရာတွင် လေဟာနယ်က တုန်ခါသွားခဲ့ကာ
အရပ်ရှည်ရှည်နှင့် လူတစ်ယောက်က
ဖြည်းဖြည်းချင်း ထွက်လာခဲ့၏။ သူ၏
အမူအရာမှာ တည်ငြိမ်နေပြီး
မျက်လုံးနှစ်ဘက်အား ပိတ်ထားခဲ့သည်။

ရှီထျန်းဟောင်ကဲ့သို့ပင် သူ၏ဆံပင်များကို
မစည်းထားပဲ ပုခုံးအပေါ်တွင် လွတ်လပ်စွာ
ဝဲကျစေခဲ့သည်။ ရှီထျန်းဟောင်ထက်စာလျှင်
သူ့တွင် ပို၍နက်ရှိုင်းသော အော်ရာကို
ပိုင်ဆိုင်ထားသည်။

သူသည် ဒွိစုံသူငယ်အိမ်နှင့် ကျင့်ကြံသူ
ရှီထျန်းရီပင် ဖြစ်၏။

"ညီငယ်လေး၊ မစောင့်နိုင်တော့ဘူးလား" ရှီထျန်းရီက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ သူ၏ မျက်လုံးအစုံကို မဖွင့်ခဲ့ပဲ သူ၏ ညာလက်ကို ဆန့်တန်းလိုက်၏။

အဖြူရောင် တိမ်တိုက်များက ထွက်လာခဲ့ကာ အဆုံးမဲ့ အလင်းတန်းများ ထွက်ပေါ်လာခဲ့၏။ သူတို့သည် သင်္ကေတ ပုံသဏ္ဍာန်များ တစ်ခုပြီးမှ တစ်ခု ပြောင်းသွားခဲ့ကာ လေထုအတွင်းတွင် လွင့်မျောနေကြ၏။ စွမ်းအားကြီးသော အင်အားတစ်ခုသည် ရှီထျန်းဟောင်၏ ပထမ ပြည်သူလူထုတို့၏ မဟာဆေးမီးဖိုအား ထိန်းချုပ်လိုက်ကာ အဖြူရောင် အကြေးခွံနှင့်

ရောမ နဂါးကြီးအား ဝါးမျိုနေခြင်းမှ
ကာကွယ်လိုက်သည်။

စုပ်ယူနေသော စွမ်းအားများ
ရပ်တန့်သွားသည်နှင့် အဖြူရောင် နဂါးကြီးသည်
ဒေါသတကြီးနှင့် ရုန်းကန်လိုက်ကာ
ဆေးမီးဖိုအတွင်းမှ လွတ်မြောက်ရန်
ကြိုးစားနေခဲ့သည်။

ရှီထျန်းဟောင်၏ အမူအရာသည်
မပြောင်းလဲခဲ့ပေ။ "ဒါပေါ့၊ မစောင့်နိုင်တော့ဘူး"

"ကျုပ်တို့မတိုက်ခိုက်ခင် ကျုပ်ရဲ့ နောက်ထပ် ဂိုဏ်းတူအစ်ကို တစ်ယောက်က ခင်ဗျားရဲ့ နောက်ထပ်မျက်လုံးတစ်ဘက်ကို ကန်းအောင်လုပ်မိမှာကို ကြောက်နေတာ"

ပြီးတာနှင့် ဒုတိယ ပြည်သူလူထုတို့၏ မဟာဆေးမီးဖိုထံမှ လေပြင်းတစ်သုတ် ထွက်လာခဲ့ကာ အဖြူရောင် အကြေးခွံနှင့် မဟာနဂါးအား ခါးမှနေ၍ နှစ်ပိုင်းဖြတ်ပစ်ခဲ့သည်။

ရှီထျန်းရီ၏ ဖခင်သည် နာကျင်စွာနှင့် အော်ဟစ်လိုက်၏။ သူ၏ စကြာဝဠာ ပုံသဏ္ဍာန်သည် ရှီထျန်းဟောင်၏

တစ်ခဏအတွင်း နှစ်ပိုင်းပိုင်းခြင်းကို ခံလိုက်ရသည်။

အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ၏ အစွမ်းအထက်ဆုံး၊ အဖိုးအတန်ဆုံး ဖြစ်သည့် စကြာဝဠာ ပုံသဏ္ဍာန်သည် ပျက်စီးသွားခဲ့လေပြီ။

ထိုအချိန်တွင် ရှီထျန်းရီသည် နောက်ဆုံးတွင် သူ၏ မျက်လုံးများကို ဖွင့်လိုက်၏။ သူ၏ ဘယ်မျက်စိသည် သာမန်သာဖြစ်၍ ရိုးရိုးလူတစ်ယောက်နှင့် ဘာမှ မကွဲပြားခဲ့ပေ။

သို့သော်လည်း သူ၏ ညာမျက်စိမှာ စတင်၍ လင်းလက်စွာနှင့် တောက်ပလာခဲ့သည်။ သူ၏ မျက်လုံးမှ အလင်းရောင်သည် မြူခိုးငွေ့များ အဖြစ်သို့ ပြောင်းသွားခဲ့ကာ အခန်းတစ်ခုလုံးအား ပြည့်သွားခဲ့သည်။ ထိုမြူခိုးငွေ့များ အတွင်းတွင် ကောင်းကင် အလင်းတန်းများ လင်းလက်လာခဲ့ကာ လျှို့ဝှက်ဆန်းကြယ်သော မှော်သင်္ကေတများ ပေါ်လာခဲ့သည်။ နောက်ထပ် ကမ္ဘာတစ်ခုက မွေးဖွားလာသကဲ့သို့ ဖြစ်၏

ရှီထျန်းရီက တိုးညင်းစွာနှင့် ပြောလိုက်သည်။ "မင်းက မစောင့်နိုင်တော့ရင်လည်း မင်းကို အရင်သတ်လိုက်ပြီးမှ ဝမ်လင်းကို သွားရှာမယ်"

"ခင်ဗျားမှာ တတိယ စီနီယာကို ရှာဖို့အတွက် အခွင့်အရေး မရှိဘူး" ရှီထျန်းဟောင်က အမူအရာ ကင်းမဲ့သော မျက်နှာဖြင့် ပြောလိုက်သည်။

ကျင့်ကြံမှုကမ္ဘာ၏ စွမ်းအားထက်သော ပါရမီရှင် နှစ်ယောက်တို့သည် အချင်းချင်း မျက်နှာချင်းဆိုင်လျှက် ရှိနေကြသည်။ သူတို့ ကလေးဘဝက အဖြစ်အပျက် အပြီးတွင် သူတို့သည် နောက်ဆုံးတွင် လူကိုယ်တိုင် တွေ့ခဲ့ကြပြီ ဖြစ်သည်။

"နဂါးတိုက်ပွဲ စင်မြင့်က နောက်၃ရက်ကြာရင် ဖွင့်တော့မှာ။ မင်းတို့နှစ်ယောက်က ၃ရက်တောင် မစောင့်နိုင်ကြတော့ဘူးလား" ချင်ကေရာဇ် ရှီယု၏အသံသည် ရုတ်တရက် ပျံ့လွင့်လာခဲ့သည်။

ရှီနှစ်ရှီတို့၏ အနောက်မှ လေဟာနယ်သည် တုန်ခါသွားကာ လင်းဖုန်းနှင့် ရွှမ်းလင်သူတော်စင်တို့က တစ်ချိန်တည်းတွင် ထွက်လာကြ၏။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် တည်ငြိမ်စွာ ကြည့်နေခဲ့ကြသည်။

ရှီမိသားစု၏ခေါင်းဆောင် ရှီဝူကလည်း နောက်ဆုံးတွင် ပေါ်လာခဲ့၏။ သို့သော်လည်း သူသည် တိတ်ဆိတ်နေခဲ့သည်။ သူ၏ အကြည့်သည် ရှီထျန်းဟောင်နှင့် ရှီထျန်းရီတို့အကြားတွင် ခေါက်တုံ့ပြန်နေခဲ့၏။

ရှီထျန်းဟောင်သည် လင်းဖုန်းအား ပြုံးပြလိုက်ကာ ရှီထျန်းရီနှင့် သူ့ဖခင်အား ကြည့်လိုက်သည်။ သူ၏ အကြည့်သည် ရှီထျန်းရီ၏ ဖခင်အပေါ်သို့ အကြာကြီး ကြည့်နေခဲ့ကာ ပြောလိုက်သည်။ "ဘယ်စောင့်နိုင်ပါ့မလဲ၊ နဂါးကျောက်တုံးဂိတ်မှာ ပစ္စည်းကောင်းလေးတွေက ကျွန်တော့်ကို စောင့်နေကြတယ်"

ရှီထျန်းရှီသည် သူ့ဖခင်ထံသို့ လျှောက်လာခဲ့ကာ သူ၏ဒဏ်ရာများကို ကြည့်လိုက်သည်။ သူ၏ အကြည့်သည် အေးစက်သွားခဲ့ကာ ရှောင်ပုတန်လေး ရှီထျန်းဟောင်ထံသို့ ကြည့်လိုက်၏။ "နှမြောစရာပဲ။ မင်းက ဘယ်လောက်ပဲ စောင့်စောင့် ဦးလေးဇီလင်က ရှီးလင်မြို့မှာ ပေါ်လာပြီး ငါတို့တိုက်ပွဲကို ကြည့်နိုင်မှာ မဟုတ်ဘူး"

မင်းကငါ့ရဲ့ ဖခင်ကို ဒဏ်ရာရအောင်လုပ်တော့ ငါကသူ့အတွက် လက်စားပြန်ချေပေးမယ်။ ငါ့အဖေက ဒဏ်ရာရပြီး စကြာဝဠာ

ပုံသဏ္ဌာန်က ပျက်ဆီးသွားပေမဲ့ သူက ငါတို့ရဲ့ တိုက်ပွဲကို ကြည့်နိုင်သေးတယ်။

ဒါပေမဲ့ မင်းအဖေက ဘယ်ရောက်နေသလဲ ဆိုတာကို ဘယ်သူကမှ မသိဘူး

ဒါသည် ရှီထျန်းရီ ဆိုလိုနေသော အဓိပ္ပာယ် ဖြစ်၏။

## စာစဉ် ၃၁ : အပိုင်း ၁

## အပိုင်း ၅၇၁ : မင်းရဲ့အဖေကို သေချာကြည့်ထားရင် ကောင်းမယ်

ရှီထျန်းဟောင်က ခေါင်းကိုစောင်း၍
ရှီထျန်းရီအား ကြည့်လိုက်ကာ
သူ၏မျက်လုံးများ အတွင်းတွင် ခက်ထန်သော
အကြည့်ကို တွေ့နိုင်သည်။ သူ၏ သွားများကို
ဖော်ပြလိုက်၍ ပြုံးလိုက်ကာ ပြောလိုက်၏။
"ဒီသုံးရက်အတွင်းမှာ မင်းအဖေကို
သေချာကြည့်ထားရင် ကောင်းမယ်။
မဟုတ်လို့ရှိရင် သူက ငါတို့ရဲ့ တိုက်ပွဲကို
ကြည့်နိုင်မှာ မဟုတ်ဘူး"

သူသည် စနောက်နေသကဲ့သို့
ပြောလိုက်သော်လည်း အခင်းတွင် ရှိနေသော
သူတစ်ယောက်မှ မရယ်နိုင်ကြပေ။

အားလုံးတို့သည် သူ၏ ကိုယ်အတွင်းမှ
ထိန်းမနိုင် သိမ်းမရ ဖြစ်နေသော
လှုသတ်လိုစိတ်အား ခံစားနေနိုင်သည်။

လွန်ခဲ့သော ဆယ်စုနှစ်က ရှီထျန်းရီ၏
ဖခင်သည် ရှီထျန်းဟောင်၏
ဖခင်မိသားစုတို့အား နှင်ထုတ်ခဲ့သူ ဖြစ်၏။
သိပ်မကြာသေးခင်တွင်ကလည်း
ရှီထျန်းဟောင်၏ မိဘများကို သတ်ဖြတ်ရန်
ထောင်ချောက်ဆင်ခဲ့သူမှာလည်း သူပင်ဖြစ်၏။

ရှီထျန်းဟောင်၏ စကားများကို
ကြားလိုက်ရသော် ရှီထျန်းရီအား
ထောက်ခံသူများသည် ရင်ထဲမှနေ၍

တုန်လှုပ်ချောက်ချားကုန်ကြသည်။ ရှိထျန်းရီ၏
ဖခင်သည်လည်း သူ၏မျက်နှာတစ်ခုလုံး
ပူထူလာသကဲ့သို့ ခံစားနေခဲ့ရသည်။

ယခုဖြစ်ပျက်ခဲ့သမျှ အရာအားလုံးတို့သည်
ရှိထျန်းဟောင်၏ စကားများသည်
လေလုံးထွားရုံသက်သက် မဟုတ်ကြောင်းကို
ဖော်ပြနေကြ၏။ ရန်သူတို့သည် လွယ်ကူစွာနှင့်
တွေ့ဆုံလေ့ ရှိကြပြီး သူ၏ ဦးကြီးသည်
ယခုအချိန်တွင် အသက်အန္တရာယ် ရှိနေပေပြီ။

တစ်စုံတစ်ယောက်သည်
ရွှမ်းလင်သူတော်စင်နှင့် ရှိဝူတို့
နှစ်ယောက်စလုံးတို့က ဤနေရာတွင်

ရှိနေကြသည်ကို တွေ့လိုက်သဖြင့်
သတ္တိရှိလာပြီး ရှီထျန်းဟောင်အား
အပြစ်တင်မည်ဟု ကြံလိုက်ကြ၏။
သို့သော်လည်း လင်းဖုန်းက သူ၏ဘေးတွင်
ဟန်ပန် အမူအရာ ကင်းမဲ့စွာနှင့် ရပ်နေသည်ကို
တွေ့လိုက်ရသော် သူတို့၏ စကားလုံးများကို
လျှင်မြန်စွာနှင့် ပြန်လည်မျိုချလိုက်ကြသည်။

လင်းဖုန်းသည် ရှီထျန်းရီထံသို့
တစ်ချက်ဝေ့ကြည့်လိုက်သည်။
သူ၏ကောင်းနေသော ညာမျက်လုံးသည်
လင်းလက်သွားခဲ့၏။

အရပ်မြင့်မြင့်နှင့် ဒွိစုံသူငယ်အိမ်
ကျင့်ကြံသူသည် အသက်ပြင်းပြင်း
တစ်ချက်ရှူလိုက်ကာ အောက်ကိုငုံ့၍
ဘာမှမပြောခဲ့ပေ။

လင်းဖုန်း၏ အကြည့်သည်
သူ့အားကျော်ဖြတ်ကာ နောက်ဆုံးတွင်
ရွှမ်းလင်သူတော်စင်၏ အနားသို့
ကျရောက်သွားခဲ့သည်။ သူက တည်ငြိမ်စွာဖြင့်
ပြောလိုက်သည်။ "ခင်ဗျားတို့ရဲ့
လှည့်ကွက်တွေကို ထုတ်သုံးဖို့ မကြိုးစားပါနဲ့။
ခင်ဗျားတို့ မျက်နှာပျက်စရာတွေ
ဖြစ်သွားမယ့်အပြင် အများကြီး
ပေးဆပ်ရလိမ့်မယ်"

အမှန်အတိုင်းပြောရလျှင် ပိုင်ရှီချန်နှင့် တင်းရန်ဖုန်းတို့သည် သူတို့ဘာသာ လှုပ်ရှားခဲ့သည်ဟု လင်းဖုန်းက ယုံကြည်နေခဲ့၏။ ရွှမ်းလင်သူတော်စင်၏ အဆင့်နှင့်ဆိုလျှင် သူသည် ထိုကဲ့သို့သော အသေးအဖွဲ ကိစ္စများကို ဂရုစိုက်နေမည် မဟုတ်ချေ။

ပိုင်ရှီချန်နှင့် တင်းရန်ဖုန်းတို့သည်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များကို ရန်စရန် ရည်ရွယ်ချက် ရှိချင်မှလည်း ရှိပေလိမ့်မည်။ သူတို့သည် ငရဲလမ်းစဥ်မှ ကျင့်ကြံသူများ၏

စကားကြောင့် မခံချင် ဖြစ်သွားခဲ့သည်လည်း ဖြစ်နိုင်သည်။

သို့သော်လည်း သူတို့၏ စွမ်းရည်များသည် မလုံလောက်သဖြင့် နောက်ဆုံးတွင် ကိုယ့်ကိုယ်ကိုယ် အရှုံးလုပ်ခဲ့မိသကဲ့သို့ ဖြစ်သွားခဲ့ကာ ယွဲ့ဟုန်ယန်၊ လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့၏ နာမည်ကို ကြေညာပေးသကဲ့သို့ ဖြစ်သွားခဲ့သည်။

ပိုင်ရှီချန်သည် ယွဲ့ဟုန်ယန်ကြောင့် ဒုက္ခိတ ဖြစ်သွားခဲ့ပြီ ဖြစ်သည်။ သူမ၏ ဒဏ်ရာများသည် အလွန်အမင်းပင် ပြင်းထန်လွန်းသဖြင့် ဟင်းလင်းပြင်

ဘုရားကျောင်းသည်ပင်လျှင် သူမအား ကုသပေးနိုင်လိမ့်မည် မဟုတ်ပေ။

ယွဲ့ဟုန်ယန်၏ လှံတံသည် သူမ၏ ရုပ်ခန္ဓာကိုယ်ကိုသာ ထိုးဖောက်သွားသည် မဟုတ်ပေ။ သူမ၏ စိတ်ဝိညာဉ်ကိုလည်း ဒဏ်ရာရစေခဲ့သည်။ သူမ၏ ရွှေရောင်ဗဟိုချက်သည် လုံးဝကွဲကြေသွားခဲ့ပြီ ဖြစ်ကာ အကယ်၍ သူမ အသက်ရှင်နေလျှင်ပင် အံ့ဩဖွယ်ရာ ဖြစ်မည်ဖြစ်သည်။

သို့သော်လည်း သူမကဲ့သို့ ဖူးဖူးအမှတ်ခံထားရသူအနေနှင့် သူမ၏ ဂုဏ်ကျက်သရေ ကျဆင်းသွားခြင်းသည်

သေသည့်ထက်ပင် အခံရခက်သေး၏။
သူမသည် ယွဲ့ဟုန်ယန်က သူမအား
တစ်ခါတည်း သတ်လိုက်မည်ကို
ပို၍လိုလားမည် ဖြစ်၏။

ရှမ်းလင်သူတော်စင်၏ အကြည့်သည်
တည်ငြိမ်နေဆဲသာဖြစ်၍ လင်းဖုန်းအား
စိုက်ကြည့်လိုက်သည်။ "အစကနေ
အခုအချိန်အထိ ဘယ်သူက လှည့်ကွက်တွေကို
သုံးနေတာလဲ"

"ခင်ဗျားစပေါ်လာတဲ့ အချိန်ကစပြီး ခင်ဗျားက
အန္တရာယ်များပြီး သူများတွေ
မလျှောက်လှမ်းကြတဲ့ လမ်းကြောင်းတွေကို

ရွေးပြီးလျှောက်တယ်။ ခင်ဗျားနဲ့ ခင်ဗျားဂိုဏ်းတို့က ပိုပိုပြီး ကျော်ကြားလာကာ အခိုင်အမာ ရပ်တည်လာနိုင်ပေမဲ့၊ ခင်ဗျားက ကိုယ့်နာမည်ကို အလောတကြီး ရေးထိုးချင်နေခဲ့တဲ့အတွက် ကတိုက်ကရိုက် လှုပ်ရှားနေတယ်ဆိုတာ သိသာနေတယ်"

ရှမ်းလင်သူတော်စင်က လင်းဖုန်း၏ အကြည့်ကို ရင်ဆိုင်လိုက်ကာ ဆက်ပြောလိုက်သည်။ "ခင်ဗျားက ဘာအတွက်ကြောင့် ဒီလိုမျိုး လုပ်နေရသလဲ ဆိုတာကို ကျုပ်ကမသိပေမဲ့ လုံလောက်တဲ့ အကြောင်းရင်းတစ်ခုရှိနေတယ် ဆိုတာကိုတော့ သိနေတယ်။ ခင်ဗျားရဲ့ လက်ရှိ ရပ်တည်နိုင်မှုက ဂုဏ်ကျက်သရေ ရှိနေပေမဲ့

အမှန်မှာတော့ ခင်ဗျားက ရေစီးကြောင်းတွေကို ဆန်ပြီးမှ ကူးခတ်နေတာပဲ။ ခင်ဗျားက အရှေ့ဆက်မတိုးနိုင်တဲ့ အချိန်မှာ ရေစီးကြောင်းတွေ အနောက်ကို မျောပါသွားမှာ ဖြစ်တယ်"

"ခင်ဗျားက နိုင်နိုင်မှာမဟုတ်ဘူး"

လင်းဖုန်း၏ အမူအရာသည် မပြောင်းလဲခဲ့ပေ။ သူသည် အမှုမထားသလိုနှင့် ခပ်တည်တည်ပင် ပြောလိုက်သည်။ "ဘယ်သူကများ ရေစီးကြောင်းကို ဆန့်ကျင်ပြီး မကူးခတ်နေလို့လဲ"

ရှမ်းလင်သူတော်စင်သည် သူ၏ခေါင်းကို ညိတ်လိုက်ကာ တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "ဟုတ်တယ်၊ ဒါကြောင့် ကျုပ်ကလည်း ဒီကနေ့ ဖြစ်ရပ်တွေအတွက် ခင်ဗျားကို လေကုန်ခံပြီး မပြောတော့ဘူး။ အားလုံးတို့ဟာ နောက်သုံးရက်မှာ အဖြေပေါ်သွားလိမ့်မယ်"

"နောက်သုံးရက်မှာ တွေ့ကြတာပေါ့" လင်းဖုန်းက ပြောလိုက်သည်။ ဒုက္ခိတ ဖြစ်သွားသူမှာ သူ၏တပည့်မဟုတ်သဖြင့် လင်းဖုန်းက ဂရုစိုက်စရာ မလိုခဲ့ပေ။

သို့သော်လည်း ရွှမ်းလင်သူတော်စင်၏
လုပ်နေကြပုံစံအရဆိုလျှင် သူသည်
ယနေ့အဖြစ်အပျက်အား ဤကဲ့သို့
လွယ်ကူစွာနှင့် အလျှော့ပေးလိမ့်မည်
မဟုတ်ပေ။ လင်းဖုန်းသည် ဘာကြောင့်မှန်း
မသိခဲ့သော်လည်း အချိန်ကျလျှင် မီးစင်က
ကြည့်ကရမည်ဟု ဆုံးဖြတ်ထားခဲ့သည်။

သုံးရက်အကြာတွင် ရွှမ်းလင်သူတော်စင်
ဆင်ထားသော အကွက်များကို သူက
ပြန်လည်တန်ပြန်ရမည် ဖြစ်သည်။

သူတို့သည် ရှီမိသားစု နယ်မြေအတွင်းတွင်
ရောက်နေခဲ့သော်လည်း လက်ရှိအချိန်တွင်

အဓိကဇာတ်ကောင်မှာ ရှီဝူမဟုတ်ပေ။ ရှီဝူသည်
အိမ်ရှင်ကဲ့သို့ ပြုမူနေခြင်း မရှိပေ။ သူသည်
အစမှအဆုံးအထိ ဘာတစ်ခွန်းမှ ဝင်မပြောပဲ
လင်းဖုန်းနှင့် ရွှမ်းလင်သူတော်စင်တို့၏
အပြန်အလှန် ပြောဆိုမှုများကိုသာ
နားထောင်နေခဲ့သည်။

ရွှမ်းလင်သူတော်စင်သည် ပြီးတာနှင့်
ရှီထျန်းရီနှင့် သူ၏ဖခင်အား ကြည့်လိုက်သည်။
သူ၏လက်ကို မြှောက်လိုက်ရာ
အဖြူရောင်တိမ်တိုက် တစ်စသည်
သူတို့နှစ်ယောက်စလုံးတို့အား
လွှမ်းခြုံသွားခဲ့သည်။ ထိုအဖြူရောင်

တိမ်တိုက်၏ ကုစားပေးမှုကြောင့် ရှီထျန်းရီ၏ ဖခင်သည် အနည်းငယ် သက်သာလာခဲ့သည်။

ရှီထျန်းရီသည် ထိုအချိန်တွက် ခက်ထန်သော အကြည့်အား ရုပ်သိမ်းလိုက်ပြီ ဖြစ်သော်လည်း ရှီထျန်းဟောင်ထံသို့ ဆက်ကြည့်နေခဲ့သည်။

ရှီထျန်းဟောင်ကလည်း သူ့အား ပြန်ကြည့်နေခဲ့၏။ သူသည် ရွှမ်းလင်သူတော်စင်က ရှီထျန်းရီအား ရှီမိသားစု စံအိမ်အတွင်းသို့ ခေါ်ဆောင်သွားသည်ကို ကြည့်နေခဲ့ကာ ရုတ်တရက် ပြုံးလိုက်၏။ သူ၏ညာလက်အား ဆန့်တန်းလိုက်ကာ သူ၏လည်ပင်းပေါ်သို့ တင်လိုက်ပြီး

လည်ဖြတ်သည့် အမူအရာကို ရှီထျန်းရီအား လုပ်ပြလိုက်၏။

ရှီထျန်းရီ၏ အကြည့်သည် အေးစက်သွားခဲ့သော်လည်း ဘာမှမပြောပဲ ရွှမ်းလင်သူတော်စင်၏ အနောက်သို့ လိုက်ပါပျောက်ကွယ်သွားခဲ့သည်။

"ကျွန်တော့်ရဲ့ ဒီကနေ့လာရတဲ့ ရည်ရွယ်ချက်က ကျွန်တော့်ရဲ့ အဘိုးနဲ့ မိဘတွေ ချန်ထားခဲ့တဲ့ အရာတွေကို လာယူတာပါ"
ရှီထျန်းဟောင်သည် သူ၏ပုခုံးအား တွန့်လိုက်ကာ ရှီဝူအား ကြည့်လိုက်သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက
သူ၏မိသားစုသည် သူတို့၏ ဘိုးဘေးဘီဘင်
နယ်မြေတွင် မနေခဲ့ပဲ ရှီးလင်မြို့တွင်
နေခဲ့သည်။ ထို့ကြောင့် သူ့မိဘများ၏
ပိုင်ဆိုင်မှုများသည် ဤနေရာတွင် ရှိနေကြ၏။
သူတို့အား စာနာထောက်ထားသည့် သူများ၏
လက်အတွင်းတွင် ရှိနေကြ၏။

ရှီထျန်းဟောင်သည် ရှီမိသားစုဝင် အချို့အား
ဝေ့ကြည့်လိုက်ကာ ပြုံး၍ပြောလိုက်သည်။
"ကျွန်တော်က အကြွေးတွေကို
သုံးရက်အကြာမှာ ပြန်ယူပါ့မယ်။

ခင်ဗျားတို့လည်း ဒီရက်ကို
ပိုနှစ်သက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

သူသည် သူ၏မိသားစုအား
ဒုက္ခပေးကြသူများအား လွန်ခဲ့သော
နှစ်များအတွင်းက ဖော်ထုတ်ခဲ့ပြီး ဖြစ်သည်။

ထိုရှီမိသားစုဝင်များသည် ငြိမ်သက်နေကြ၏။
သူတို့သည် ရှီထျန်းဟောင်က ရှီထျန်းရီအား
သုံးရက်အကြာတွင် အကြွေးဆပ်နိုင်ပါစေဟု
ရင်ထဲမှနေ ဆုတောင်းနေကြ၏။

"အဆင်ပြေသလို လုပ်ပါ" ရှီဝူက ပြောလိုက်သည်။ သူသည် လင်းဖုန်းဘက်သို့ လက်နှစ်ဘက်ဆုပ်ကာ နှုတ်ဆက်လိုက်သည်။ ပြီးတာနှင့် လှည့်ကာပျောက်ကွယ်သွားခဲ့သည်။

လင်းဖုန်းသည် ရှီဝူ၏ ပျောက်ကွယ်သွားသော ပုံရိပ်အားကြည့်လိုက်ကာ အနည်းငယ် ပြုံးလိုက်၏။ သူသည် ဘာကိုမှ မပြောခဲ့ပေ။ ရှီထျန်းဟောင်သည် သူ၏ ပစ္စည်းများကို သိမ်းဆည်းပြီးသွားသောအခါ သူတို့က ပြန်လာခဲ့ကြသည်။

ရှိမိသားစု စံအိမ်မှ ထွက်လာပြီးသောအခါ လင်းဖုန်းနှင့် သူ၏တပည့်သည် လမ်းမအတိုင်း

တိတ်ဆိတ်စွာနှင့် လျှောက်လာခဲ့ကြသည်။ ရှီထျန်းဟောင်သည် လုံးဝ ကွဲပြားခြားနားသော လူတစ်ယောက်ပုံစံ ဖြစ်နေခဲ့၏။ သူသည် ငြိမ်သက်စွာနှင့် လင်းဖုန်းအနောက်မှ လိုက်လာခဲ့သည်။

"မင်းက မင်းရဲ့မိသားစုအကြောင်းကို စဥ်းစားနေတာလား" လင်းဖုန်းက နောက်ပြန်မလှည့်ခဲ့ပဲ မေးလိုက်၏။

ရှီထျန်းဟောင်က သူ၏ခေါင်းကိုညိတ်လိုက်ကာ အတော်ကြာမှ ပြန်ဖြေလိုက်၏။ "ကျွန်တော်က ဟင်းလင်းပြင် စစ်တလင်းကို နောက်ဆုံးဝင်ခဲ့တုံးက သူတို့သတင်းကို

လုံးဝမရခဲ့ဘူး။ ကျွန်တော်က သူတို့ကို
အရမ်းလွမ်းတယ်"

သူ၏ စိတ်အခြေအနေသည်
တည်ငြိမ်နေသေး၏။ ဤအချိန်တွင် သူသည်
သူ့အဘိုးနှင့် မိဘတို့၏ ဝိညာဥ်မီးတိုင်များကို
ယူလာခဲ့သည်။ သူတို့၏ ဝိညာဥ်မီးတိုင်များသည်
မငြိမ်းသတ်သရွေ့ သူတို့သည်
အသက်အန္တရာယ် ရှိနိုင်ကြမည် မဟုတ်ချေ။

လင်းဖုန်းသည် ဝမ်လင်းအား
ပြန်မခေါ်လာချိန်တွင် အေးရီးစ်ကိုယ်ပွားအား
ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့
ပြန်ပို့လိုက်သည်။

ရှီထျန်းဟောင်ကလည်း ထိုအကြောင်းကို သိနေသဖြင့် သူသည် စိတ်အေးနေခဲ့သေးသည်။

သို့သော်လည်း သူက ရှီမိသားစု စံအိမ်သို့ ပြန်ရောက်အပြီးတွင် သတိရမှုများက ထပ်မံပေါ်ပေါက်လာခဲ့သည်။

သူတို့နှစ်ယောက်သား လမ်းလျှောက်လာကြရင်းနှင့် လမ်းထောင့်တစ်နေရာတွင် လူအချို့က သူတို့အား စောင့်နေကြသည်ကို တွေ့လိုက်ကြ၏။ သူတို့အနက်မှ

တစ်ယောက်မှာ ခရမ်းရောင် ဝတ်စုံနှင့် အဖြူရောင် အပေါ်အင်္ကျီနှင့် ဖြစ်၏။ သူသည် လင်းဖုန်း၏ ဒုတိယတပည့် ဇူရီဖြစ်သည်။

ဇူရီ၏ဘေးတွင် သူ့ထက် အသက်အနည်းငယ် ပိုငယ်ပြီး ဇူရီကဲ့သို့ ခရမ်းရောင် ဝတ်စုံကို ဝတ်ထားသည့် လူငယ်တစ်ယောက်ရှိနေသည်။ သူသည်လည်း လင်းဖုန်းနှင့် ရှီထျန်းဟောင်တို့အား တွေ့လိုက်သော အချိန်တွင် ပြုံးလိုက်၏။ သူသည် လင်းဖုန်း၏ နံပါတ်ငါးတပည့် ယန်ချင်ဖြစ်၏။

ဇူရီ၏ဘေးတွင် အဝါရောင် ဝတ်စုံနှင့် မိန်းမငယ်တစ်ယောက် ရှိနေ၏။ သူမသည်

လင်းဖုန်းအား တွေ့လိုက်သောအခါ ဦးညွတ်၍ နှုတ်ဆက်လိုက်သည်။ "ဂျူနီယာ ရှီရှင်းယွမ်က စီနီယာလင်းကို နှုတ်ဆက်ပါတယ်"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "မင်းသမီးက အားနာနေစရာ မလိုပါဘူး" သူသည် အဆုံးမဲ့ပင်လယ်ဘုရင် မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်ဖြင့် ဇူရီအား အခြေတည်ဝိညာဉ် အဆင့်သို့ တက်လှမ်းနိုင်ရန် အကူအညီ ပေးနေစဉ်တွင် ဇူရီက တစ်စုံတစ်ခုအား သူ့ထံသို့ တင်ပြခဲ့သည်။

ဇူရီသည် သူ၏စာမေးပွဲအတွက် ပြင်ဆင်နေစဉ်တွင် ရှီရှင်းယွမ်သည် နောက်ထပ်

ကိုယ်စားလှယ်တစ်ဖွဲ့အား ဦးဆောင်၍ ထျန်းကျင်းမြို့သို့ ရောက်လာခဲ့သည်။ ဇူရီက လျှမ်ယွမ်၏ လက်အောက်မှ အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူတစ်ယောက်အား သတ်အပြီးတွင် သူတို့နှစ်ယောက်က ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြသည်။ သူတို့နှစ်ယောက်တို့သည် အတူတကွ လျှမ်ယွမ်၏ မကောင်းသော အကြံအစည်အား တားဆီးနိုင်ခဲ့ကြ၏။

ဇူရီက သူ၏စာမေးပွဲ ပြီးဆုံးသွားသော အခါတွင် သူသည် မဟာကျိုး အင်ပါယာက ကမ်းလှမ်းသည့် အရပ်ဘက် ရာထူးအား

ငြင်းဆန်ရန်ရည်ရွယ်ထား၏။ သို့သော်လည်း မည်သူက သိမည်နည်း။ မဟာကျိုး ကေရာဇ် လျှမ်ပန်းက သူ့အား မဟာချင် အင်ပါယာသို့ မဟာကျိုး အင်ပါယာ၏ သံတမန် အဖြစ်နှင့် စေလွှတ်ရန် ကမ်းလှမ်းခဲ့သည်။ ဇူရီသည် မဟာချင် အင်ပါယာနှင့် စာပေရေးရာ ဆွေးနွေးရန် သွားရောက်ရမည် ဖြစ်၏။

ထို့ကြောင့် ဇူရီသည် ရှီရှင်းယွင်နှင့် သူမ၏ သံတမန် အဖွဲ့တို့ အနောက်သို့ လိုက်ခဲ့ကာ ရှီးလင်မြို့သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။ မဟာကျိုး အင်ပါယာ၏ သံတမန်အဖွဲ့ကလည်း သူ၏အနောက်တွင် ပါလာခဲ့၏။

လှျမ်ပန်းကလည်း ဤအခြေအနေကို
အမြတ်ထုတ်ချင်နေသည့်ပုံ ပေါက်နေ၏။
သံတမန် အဖွဲ့အား လှျင်မြန်စွာနှင့်
ရွေးချယ်သွားပြီးနောက်တွင် သူတို့သည်
ရိုးလင်မြို့သို့ ရှီနှစ်ရှီတို့၏ တိုက်ပွဲမတိုင်ခင်
အရောက်လာခဲ့ကြသည်။

ဇူရီနှင့် ကျန်သောသူများသည် လင်းဖုန်းနှင့်
တစ်ရက်အတွင်းတွင် အနည်းငယ်သာစော၍
ရောက်ရှိခဲ့ကြ၏။ လင်းဖုန်းနှင့်
ရှီထျန်းဟောင်တို့က နန်းတွင်းတို့ မဝင်ခင်တွင်
ချင်ကေရာဇ် ရှီယုသည် မဟာကျိုး အင်ပါယာမှ
သံတမန် အဖွဲ့အား တွေ့ဆုံခဲ့ပြီး ဖြစ်သည်။

သူမသည် လင်းဖုန်းအား အရိုအသေ ပြုပြီးသောအခါ ရှီရှင်းယွင်သည် ရှီထျန်းဟောင်အား ကြည့်လိုက်ကာ သက်ပြင်းဖွဖွလေး ချလိုက်၏။ "ထျန်းဟောင်၊ မင်းရဲ့မိဘတွေက မင်းကို အရမ်းဂုဏ်ယူကြမှာပဲ"

အစောပိုင်းတွင် ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေး အတွင်း၌ ရှီရှင်းယွင်သည် ထိုစကားကိုပင် ပြောခဲ့၏။ ထိုအချိန်က စကားသည် သူမ၏ ရင်အတွင်းမှ လာခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ယခုအချိန်တွင် ပြောသည့်စကားမှာ အနည်းငယ် ခြားနားနေပေသည်။

"အစ်မရှင်းယွင်ကို ကျေးဇူးတင်ပါတယ်" ရှီထျန်းဟောင်က ပြုံးလိုက်၏။

ရှီထျန်းဟောင်၏ စကားကို ကြားရအပြီးတွင် ရှီရှင်းယွင်၏ မျက်နှာတွင် အပြုံးတစ်ခု ပေါ်လာခဲ့သည်။ သူမက တိုးညင်းစွာဖြင့် ပြောလိုက်၏။ "ထျန်းဟောင်၊ မင်းက သတိထားရမယ်။ ရှီထျန်းရီက ငယ်စဉ်တုံးက ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းကို မကြာခဏ ဝင်ဖူးခဲ့တယ်။ ဒီရှေးဟောင်းနယ်မြေရဲ့ ပတ်ဝန်းကျင်က နဂါးတိုက်ပွဲ စင်မြင့်နဲ့ ဆင်တူတဲ့အတွက် သူက နှစ်ခုစလုံးနဲ့ ရင်းနှီးကျွမ်းဝင်မှု ရှိနေတယ်"

ရှီထျန်းဟောင်က သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။ "ငါသိပါတယ်။ နင့်ရဲ့အဖေက ငါ့ကို အဲ့ဒီပတ်ဝန်းကျင်နဲ့ ရင်းနှီးနေဖို့ ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေအထဲကို ဝင်ခွင့်ပြုထားတယ်"

"ရှီထျန်းရီက အဲ့ဒီအထဲမှာ တစ်နှစ်လုံး နေခဲ့တယ်။ ငါကတော့ အဲ့ဒီလောက် အချိန်မရှိဘူး။ ဒါပေမဲ့ ကိစ္စမရှိဘူး" ရှီထျန်းဟောင်က တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "ဒါက ရလဒ်တွေကို ပြောင်းလဲနိုင်မှာ မဟုတ်ဘူး"

ရှီရှင်းယွမ်က ပြောလိုက်သည်။
"ယုံကြည်မှုရှိတာ ကောင်းပါတယ်"

"ပြောရရင် အစ်မရှင်းယွင်၊ အစ်မနဲ့ ကျွန်တော့်ရဲ့ ဒုတိယ စီနီယာနဲ့က ဘယ်လိုလဲ"
ရှီထျန်းဟောင်က ရုတ်တရက် ထရယ်လိုက်သည်။ ရှီရှင်းယွမ်က သူမ၏ခေါင်းကို ပြင်းထန်စွာနှင့် ခါလိုက်ကာ ပြောလိုက်သည်။ "မင်းထင်သလို မဟုတ်ပါဘူး။ ရိုးသားစွာနဲ့ ပြောရရင် ငါက ဇူရီဆီက အများကြီး သင်ယူခဲ့ရပါတယ်"

ဇူရီကလည်း သူ၏ခေါင်းကို ခါလိုက်ကာ ရှီထျန်းဟောင်အား လက်ညှိုးထိုးကာ

ရယ်လိုက်သည်။ "မင်းရဲ့ခေါင်းထဲမှ မဟုတ်က ဟုတ်က အတွေးတွေနဲ့ပဲ ပြည့်နေတယ်"

ရှီထျန်းဟောင်က တစ်ခစ်ခစ်နှင့် ရယ်လိုက်ကာ ပြောလိုက်သည်။ "အဲ့ဒီလို မပြောပါနဲ့၊ ဒုတိယ စီနီယာ။ အစ်ကိုကြီးက အစ်မကျန်းအာကို တောင်ပေါ်ကို ခေါ်လာပြီ။ စီနီယာရဲ့ အလှည့်က ဘယ်တော့လဲ"

"ဒါက ငါတို့ နှိုင်းယှဥ်ရမယ့် အရာ မဟုတ်ဘူးလေး" ဇူရီသည် စိတ်အနှောင့်အယှက် ဖြစ်နေသလို ရယ်လည်းရယ်ချင်နေခဲ့သည်။

ယန်ချင်နှင့် ရှီရှင်းယွမ်တို့ နှစ်ယောက်သားသည် ဘေးမှနေကာ ဘာကိုမှ မပြောပဲနဲ့ ပြုံးနေခဲ့သည်။ ရှောင်ပုတန်လေး ရှီထျန်းဟောင် တစ်ယောက်သာလျှင် ဇူရီအား ဤအခြေအနေသို့ရောက်အောင် ပြုလုပ်နိုင်ခြင်း ဖြစ်သည်။

လင်းဖုန်းကလည်း သူ့တပည့်များကိုပြုံးကာ ကြည့်နေခဲ့သည်။ သို့သော်လည်း ဤအချိန်တွင် သူ၏ရင်ခုန်သံ တစ်ချက်မှားသွားခဲ့သည်။ သူ၏မျက်နှာတွင် ထူးခြားသော အပြုံးတစ်ခု ပေါ်ပေါက်လာခဲ့၍ အခြားတစ်ဘက်သို့ လှမ်းကြည့်လိုက်၏။

"နောက်ဆုံးတော့" လင်းဖုန်းသည် ခေတ္တမျှ အာရုံခံလိုက်ကာ မျက်မှောင်များကို ကြုတ်လိုက်၏။ "ဘာဖြစ်လို့ တစ်ယောက်တည်း ရှိနေတာလဲ"

## စာစဥ် ၃၁ : အပိုင်း ၂

## အပိုင်း ၅၇၂ : ပုန်းကွယ်၍ လှုပ်ရှားခြင်း

ရှီးလင်မြို့၏ တောင်ပိုင်းတွင် သာမန်ပြည်သူများသာ နေထိုင်ကြသည်။ ကျင့်ကြံသူများ အချို့ကိုသာ တွေ့နိုင်ခဲ့၏။

လမ်းကျဥ်းလေးတစ်ခု၏ အတွင်းတွင်
အရိပ်တစ်ခုက လျှင်မြန်စွာနှင့်
ဖြတ်သွားခဲ့သည်။ သူ၏ ပုံပန်းသဏ္ဍာန်အား
အမှောင်အတွင်းတွင် မည်သူကမှ မတွေ့ခဲ့ရပေ။
ထိုလူသည် မရပ်တန့်ခဲ့ပဲ ထိုလမ်းကျဥ်းလေး
အတွင်းသို့ ဖြည်းဖြည်းချင်း ဝင်လာခဲ့သည်။
သူ၏ မျက်နှာပေါ်တွင် စိတ်ဝင်စားသော
အမူအရာတစ်ခုအား တွေ့နိုင်ခဲ့၏။ သူသည်
ထိုလမ်းကျဥ်းအတွေးမှ မြင်ကွင်းကို
သဘောကျနေသည့်ပုံ ပေါက်နေခဲ့၏။

သို့သော်လည်း သူ၏အကြည့်သည်
အဆက်မပြတ် လင်းလက်နေခဲ့၏။ သူ၏

လက်ချောင်းများအား နရံတစ်လျှောက်
ပွတ်ဆွဲနေခဲ့၍ အုတ်တုံးအချို့ကို
ကျော်သွားအပြီးတွင် ခေတ္တမျှ ရပ်တန့်သွား၏။
ပြီးတာနှင့် သူ၏လက်အတွင်းတွင် မီးခိုးရောင်
သလင်းကျောက် တစ်ခုအား
ကိုင်ဆောင်ထားကာ ထွက်သွားခဲ့၏။

ထိုသလင်းကျောက်သည် ကြေမွသွားခဲ့ကာ
မှေးမှိန်သော အော်ရာတစ်ခု
ပေါ်ထွက်လာခဲ့သည်။ ရေးသားထားသည့်
သတင်းတစ်ပုဒ်သည် သူ၏ ဦးနှောက်အတွင်းသို့
တိုက်ရိုက်ဝင်သွားခဲ့၏။

"တခြားကိစ္စတွေကို ဘာမှဂရုစိုက်ဖို့ မလိုဘူး။ မင်းဘက်က ဘာမှ ထူးထူးခြားခြား လုပ်စရာ မလိုဘူး။  ဘာပစ္စည်းကိုမှလည်း ရှာစရာလည်း မလိုဘူး။ သတင်းမပေါက်ကြားစေပဲ မင်းရဲ့ ကျင့်ကြံမှုကိုသာ ဂရုစိုက်ပါ။ အရေးအကြီးဆုံးက မင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ အဓိက နည်းစနစ်တွေကို သေချာသင်ကြားဖို့ပဲ။ မင်းက အကူအညီ လိုအပ်ရင် ပြောသာပြောလိုက်ပါ၊ ငါတို့က လိုတာတွေကို ဖြည့်ဆည်းပေးမယ်"

ထိုစကားများကို ကြားပြီးသောအချိန်တွင် ထိုသူ၏ မျက်နှာပေါ်တွင် ခါးသီးသော အပြုံးတစ်ခု ပေါ်လာခဲ့သည်။

ယုကျင်းတောင်ပေါ်မှ ဘဝသည် လွန်စွာ သက်တောင့်သက်သာရှိလှသည်။ သူသည် သူ့အား အမိန့်ပေးထားသော လေးလံသည့် တာဝန်ကို မေ့လုမတတ်ပင် ဖြစ်နေခဲ့၏။

"တောင်ပေါ်မှာပဲ ကျင့်ကြံနေပြီး အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ သာမန်တပည့် ဖြစ်ရရင်လည်း ဘာမှားလို့လဲ" သူ၏ရင်ထဲတွင် ကိုယ့်ကိုယ်ကိုယ် မေးလိုက်၏။ သို့သော်လည်း လမ်းကျဉ်းလေးထဲတွင် သက်ပြင်းချသံတစ်ခု ပေါ်လာခဲ့သည်။ "ငါ့ရဲ့ရည်ရွယ်ချက်တွေက အစကတည်းက မသန့်စင်ခဲ့ဘူး။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ငါ့ကို တကယ်ပဲ လက်ခံခဲ့တာလား"

"မဟာကျိုး အင်ပါယာရဲ့
ထိန်းချုပ်မှုအောက်ကနေ လွတ်ဖို့
လွယ်ကူတယ်လို့ ဘယ်သူကပြောသလဲ။
ငါ့မှာကလည်း ငါ့သံယောဇဉ်နဲ့ငါ ရှိနေတယ်"

ထိုသူသည် ထိုမီးခိုးရောင် သလင်းကျောက်
အတွင်းမှ စာသားအား ဖတ်နေချိန်တွင် သူ၏
စိတ်ဝိညာဉ် အတွင်းပိုင်းတွင်
ကွယ်ဝှက်ထားသည့် ခရမ်းရောင်
ဓာတ်ငွေ့အချို့က တုန်ခါသွားခဲ့သည်ကို
သတိမပြုမိခဲ့ပေ။ သူသည်လည်း ထိုသတင်းကို
ဖတ်လိုက်ရ၏။

အဝေးမှနေ၍ လင်းဖုန်းက ပြောလိုက်သည်။
"အားလုံးက အဆင်ပြေနေတယ်၊ ဟုတ်လား။
အားလုံးက ဘယ်လိုလုပ်ပြီး ဒီလောက်အထိ
ချောမွေ့နိုင်ပါ့မလဲ"

ဒုတိယမျိုးဆက်မှ တပည့်များအား ရှီးလင်မြို့သို့
ခေါ်ဆောင်လာခဲ့ကာ လွတ်လပ်စွာ
လှုပ်ရှားစေခဲ့သော်လည်း လင်းဖုန်းသည်
ထိုသူလျှိုအား သူသတိမထားသည့် အချိန်တွင်
အမိဖမ်းရန် ရည်ရွယ်ချက် ရှိပေသည်။

ကြည့်ရသည်မှာ ထိုသူလျှိုအား
ထိန်းချုပ်ထားသည့်သူမှာ ရာထူးကြီးကြီးထဲမှ
ဖြစ်မည်။ သူ့အား ဆက်သွယ်သည့်သူမှာ

မဟာချင် အင်ပါယာ အတွင်းမှ မဟာကျိုး အင်ပါယာ၏ သူလျှိုမဟုတ်ပေ။ ထို့အစား သူသည် မဟာကျိုး အင်ပါယာ၏ သံတမန်အဖွဲ့အတွင်းမှ ဖြစ်သည်။

ထို့ကြောင့် သူသည် မဟာကျိုး အင်ပါယာ၏ အုပ်ချုပ်ရေး ဗဟိုအဖွဲ့အတွင်းမှ ဖြစ်သည်။

မကြာမီတွင် လင်းဖုန်းသည် သူ၏မျက်ခုံးများကို ကြုတ်လိုက်၏။ သူသည် မဟာကျိုး အင်ပါယာက သူလျှိုစေလွှတ်ထားသည်ကို သိပေသည်။ သို့သော်လည်း ယန့်မင်းရွှဲ့က ဟင်းလင်းပြင် ဘုရားကျောင်းကလည်း ပါနေသည်ကို ပြောထား၏။

ထိုသူသည် အစောကတည်းက ဆရာမရှိသဖြင့် စနစ်အတွင်းမှနေ၍ သိရှိနိုင်ခြင်း မရှိပေ။ သို့သော်လည်း သူ၏ နေ့စဥ်လုပ်ရှားမှုများကို ကြည့်ခြင်းအားဖြင့် လင်းဖုန်းသည် သူ့အား သိရှိထားပေသည်။ သို့သော်လည်း သူသည် ရှီးလင်မြို့တွင် မည်သည့် လှုပ်ရှားမှုမျိုးကိုမှ မလုပ်ခဲ့ပေ။

"ဒီလူက အတော့်ကို ဂရုစိုက်တာပဲ" လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်ကာ ပြုံးလိုက်သည်။ "ကြည့်ရတာ သူတို့က ဒီလူကို အစောကြီး မသုံးချင်နေဘူးနဲ့ တူတယ်။ သူကိုယ်တိုင်ကလည်း သူ့ရဲ့

အခိကရည်ရွယ်ချက်က ဘာလဲဆိုတာကို မသိဘူးနဲ့ တူတယ်"

***************

ရှီးလင်မြို့၏ အလယ်တွင် သာမန် အဆောက်အအုံ တစ်ခုရှိနေသည်။ ဥယျာဉ်အတွင်းမှ သစ်ပင်တစ်ပင်၏ အောက်တွင် လူနှစ်ယောက်တို့သည် မျက်နှာချင်းဆိုင် ထိုင်နေကြ၏။ သူတို့သည် အရက်ကိုသာ တစိမ့်စိမ့်သောက်နေကြ၍ ဘာကိုမှ မပြောနေကြပေ။

အရက်အိုး ကုန်ခါနီးအချိန်မှပင် သူတို့အနက်မှ တစ်ယောက်က ရုတ်တရက် ပြောလိုက်၏။ "အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ ကျင့်ကြံမှု အဆင့်ကို မပြောနဲ့ဦး၊ သူ့ရဲ့ လုပ်ကိုင်ပုံတွေကနေ ကြည့်ရသလောက်ဆိုရင် သူက ပြင်ဆင်မှုတွေ မပြုပဲ အလောတကြီး လုပ်တတ်တဲ့သူ မဟုတ်ဘူး။ စီနီယာ၊ သူက စီနီယာရဲ့ လှည့်ကွက်ကို ကြိုမြင်နေတယ်လို့ မထင်ဘူးလား"

သူနှင့် မျက်နှာချင်းဆိုင်မှသူသည် သူ၏လက်ထဲမှ အရက်ခွက်အား ဖြည်းညင်းစွာနှင့် လှည့်နေခဲ့၏။ "ကျန်နေသော အရက်တစ်ဝက်အား တစ်ကျိုက်တည်း

မော့ချလိုက်ပြီးမှ သူက ပြန်ဖြေလိုက်သည်။
"မထင်ဘူး"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က သူ့ရဲ့ စိတ်ဝိညာဉ် မှတ်ဉာဏ်တွေကို ရှာရင်တောင်မှ ဘာကိုမှတွေ့မှာ မဟုတ်ဘူး။ ငါတို့ရဲ့ သူလျှိုကိုယ်တိုင်ကတောင် သူ့ရဲ့ မစ်ရှင်ကဘာလဲ ဆိုတာကို မသိဘူး။ သူက ငါတို့ဘယ်သူလဲ ဆိုတာကိုတောင် သိတာမဟုတ်ဘူး"

"ငါတို့ရဲ့ သူလျှိုကိုယ်တိုင်ကတောင် သူက သာမန်တပည့်လို့ပဲ ထင်နေတာ" သူသည် အရက်ခွက်ကို ချလိုက်ကာ ဖွဖွလေး

ပြုံးလိုက်၏။ "အချိန်မကျသေးတော့ ငါတို့က သူ့ကို အသုံးပြုဖို့ မလိုသေးဘူး။ ငါတို့ကသူ့ကို အသုံးပြုချင်ရင်တောင် တိုက်ရိုက်ဆက်သွယ်ဖို့ မလိုဘူး။ သူ့ရဲ့ မိဘတွေကနေတဆင့် အသုံးပြုလို့ရတယ်"

ပထမ စကားပြောလိုက်သောသူမှာ သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။ "ဒါဆိုရင် အမိန့်ချလိုက်ရင်တောင် သူလျှိုက ဒါကို သူ့မိဘတွေဆီက လာတာလို့ပဲ ထင်နေလိမ့်မယ်။ အစကနေ အဆုံးအထိ သူက ငါတို့အတွက် အလုပ်လုပ်ပေးနေတယ်ဆိုတာကို သိမှာမဟုတ်ဘူး"

သူနှင့် မျက်နှာချင်းဆိုင်မှသူသည် သစ်ပင်ပေါ်သို့ ဖြည်းဖြည်းချင်း မှီလိုက်၍ ပြောလိုက်သည်။ သူသည် သက်တောင့်သက်သာ ရှိလှစွာဖြင့် ပြောလိုက်သည်။ "ဒါကတော့ အကောင်းဆုံး ရလဒ်ပဲ။ ငါတို့လုပ်ရမှာက ငါတို့ရဲ့ အကြံမှာ ပေါ်လာတဲ့ အနှောင့်အယှက်တွေကို ရှင်းပစ်ရုံပဲ"

သူ၏အကြည့်အား အဝေးမှ ကောင်းကင်ထံတွင် အာရုံစိုက်ထားလိုက်သည်။ ထိုနေရာတွင် ရှီမိသားစုစံအိမ် ရှိနေပေသည်။ အချိန်အတော်ကြီးကြာမှ သူကသူ့ကိုယ်သူ ပြောလိုက်၏။ "ဟင်းလင်းပြင် ယင်ယန်နာရီနဲ့ ဝက်ပါချိုးဖောက်ဖုံကို စစ်မျက်နှာပြင်ကို ခေါ်လာခဲ့ပြီ။ သူတို့နှစ်ခုကို တပြိုင်နက်

နောက်ဆုံးသုံးတဲ့ အချိန်က
ကမ္ဘာနှစ်ခုအကြားက စစ်ပွဲမှာ ဖြစ်တယ်"

***************

တစ်ညတာ အနားယူအပြီးတွင် လင်းဖုန်းသည်
ရှီထျန်းဟောင်အား ခေါ်ကာ မဟာချင်
အင်ပါယာ၏ နန်းတော်အတွင်းမှ ဥယျာဉ်ထံသို့
မနက်စောစောတွင် ထွက်လာခဲ့၏။

သဘောတူညီချက် အရဆိုလျှင် ချင်ကေရာဇ်
ရှီယုသည် ရှီထျန်းဟောင်အား ကောင်းကင်နဂါး

ရှေးဟောင်းနယ်မြေအတွင်းသို့ ပတ်ဝန်းကျင်နှင့် သဟဇာတ ရှိစေရန် ဝင်ခွင့်ပြုမည် ဖြစ်သည်။

ဘာပဲပြောပြော ရှီထျန်းရီသည် ထိုနေရာတွင် တစ်နှစ်ခန့် လေ့ကျင့်ခဲ့ပြီး သူသည် ထိုပတ်ဝန်းကျင်နှင့် စိတ်ဝိညာဉ် စွမ်းအင် စီးဆင်းပုံတို့ကို အလွန်အမင်း ကျင့်သားရနေပြီ ဖြစ်၏။ နဂါးတိုက်ပွဲ စင်မြင့်သည် သီးသန့်နေရာတစ်ခု မဟုတ်ပဲ ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းမှ နေရာတစ်ခုသာ ဖြစ်၏။

ထိုနေရာမှ ပတ်ဝန်းကျင် အနေအထားတို့သည်
ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေနှင့်
အများစု ဆင်တူနေကြသည်။

အစောပိုင်းတွင် ရှောင်ယန်နှင့်
ထောင်ရောင်ရောင်တို့သည်
ယုကျင်းတောင်အပေါ်တွင် ယှဉ်ပြိုင်ခဲ့စဉ်က
အလင်းဓားမြန် ဓားမာစတာသည် တိုက်ခိုက်ရန်
နေရာတစ်ခုအား ဖန်တီးပေးခဲ့သည်။
ရှောင်ယန်ကလည်း အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များသည်
ယုကျင်းတောင်ပေါ်မှ စိတ်ဝိညာဉ်
စွမ်းအင်များကို စုပ်ယူရာတွင်

ပိုမိုလွယ်ကူသည်ဟု ပြောခဲ့၏။ ဒါသည် မှန်ပေသည်။

ထို့အတူပင် ရှီထျန်းဟောင်သည် လုံးဝကို အစိမ်းသက်သက်ဖြစ်နေသည့် နေရာတစ်ခုကို ဝင်ရောက်ရမည် ဖြစ်ပြီး ရှီထျန်းရီက ထိုနေရာတွင် တစ်နှစ်ခန့် လေ့ကျင့်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် သူသည် အိမ်ကွင်းအားသာချက်ကို ရရှိထားပေသည်။

စွမ်းအားမြင့် ကျင့်ကြံသူများအကြားမှ တိုက်ပွဲတွင် ခြားနားချက် အနည်းငယ်လေးသည် တိုက်ပွဲ၏ ရလဒ်အား ဆုံးဖြတ်ပေးနိုင်သည်။ ရှီထျန်းဟောင်သည်

ရှီထျန်းရီအား အနိုင်ယူနိုင်ရန် ယုံကြည်ချက်ရှိသော်လည်း သူသည် နိုင်ပွဲကို လွယ်ကူစွာ ရရှိရန် ရရှိသည့် အခွင့်အရေးများကို အသုံးချရန် ဝန်မလေးခဲ့ပေ။

အချိန်သည် အကန့်အသတ် ရှိသော်လည်း သူက ဤအခွင့်အရေးသည် အလွန့်ကို အသုံးဝင်သည်ဟု ယုံကြည်နေခဲ့၏။

အရင်ညက ညှော်ခံပွဲတွင် နှစ်ဦးနှစ်ဘက်တို့သည် ဤကိစ္စအား ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့် ရှီကောရာဇ် ရှိယုသည် ကတိပေးထားသည့်အတိုင်း ရှီထျန်းဟောင်

ဝင်ရောက်ရန် ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေကို ဖွင့်လှစ်ပေးခဲ့သည်။

နောက်သုံးရက်အတွင်းတွင် ရှီထျန်းဟောင်သည်
ထိုနေရာတွင် အချိန်ကို ငြိမ်သက်စွာနှင့်
ကုန်ဆုံးစေပြီး တိုက်ပွဲကို စောင့်စားနေမည်
ဖြစ်၏။

သူသည် ရှီထျန်းဟောင်က ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေ အတွင်းသို့
ဝင်ရောက်သွားသည်ကို ကြည့်နေကာ
လင်းဖုန်းက ရှီယုဘက်သို့ လှည့်လိုက်ကာ
ငြိမ်သက်စွာနှင့် ပြောလိုက်သည်။ "ပြင်ဆင်မှု

အခြေအနေတွေ ဘယ်လိုရှိသလဲ ဆိုတာကို သိပါရစေ"

ရှီယုသည် နဂါးပလ္လင်အပေါ်မှ ထလိုက်ကာ လေးနက်သော လေသံဖြင့် ပြောလိုက်ရာ နန်းတွင်းမှ ခန်းမဆောင်တစ်ခုလုံး မြည်ဟည်းသွားခဲ့သည်။ "မာစတာလင်း၊ ကျေးဇူးပြုပြီး ကြွပါ"

ရွှေရောင်အလင်းတန်းတစ်ခု လက်သွားခဲ့ပြီး သူတို့နှစ်ယောက်၏ အရှေ့မှ မြင်ကွင်းများက ပြောင်းသွားခဲ့သည်။ လင်းဖုန်းသည် တည်ငြိမ်စွာနှင့် ရပ်နေခဲ့ကာ ရှီယုက

သွားလိုသည့် နေရာကို ခေါ်ဆောင်သွားခြင်းအား ခံနေခဲ့သည်။

သူ၏အရှေ့မှ မှောင်မိုက်သော ဟင်းလင်းပြင်၏ အရှေ့တွင် အရောင်ငါးမျိုးတို့က မေးမှိန်စွာနှင့် လင်းလက်နေခဲ့သည်။ တစ်ယောက်သည် အစစ်အမှန် နဂါးတစ်ကောင်က ကြောက်မက်ဖွယ်ရာ စွမ်းအားများနှင့် ကခုန်နေသည်ကို တွေ့နိုင်ပေသည်။

အဖြူ၊ အစိမ်း၊ အနက်၊ အနီနှင့် အဝါရောင်တို့ ဖြစ်ကြ၏။ အလင်းတန်းများ တစ်ခုစီ အတွင်းတွင် ဝေဝါးနေကာ မပြတ်သားသည့် ရှည်လျားသော ပုံရိပ်တစ်ခုအား တွေ့နိုင်၏။

ဒါသည် လင်းဖုန်းက ထိုရတနာအား
ဒုတိယအကြိမ် တွေ့ခြင်းဖြစ်သည်။
သို့သော်လည်း သူသည် အံ့အားသင့်ခဲ့ရသေး၏။
မကျော်လွန်၊ မချိုးဖောက်နိုင်သည့်
အန္တိမအောင်ရာသည် စကြာဝဠာအား
ဖိနှိပ်ထားနိုင်စွမ်း၍ တစ်ယောက်အား
အံ့သြစွာဖြင့် နှစ်ခါပြန်ကြည့်စေနိုင်သည်။

ဒါသည် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ
တစ်ခုဖြစ်၏။

ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခုသာ ဤကဲ့သို့သော စွမ်းအားများကို ပိုင်ဆိုင်ထားနိုင်သည်။ ထိုမှော်ရတနာသည် ပြီးပြည့်စုံခြင်း မရှိသေးသော်လည်း ကမ္ဘာအတွင်းမှ အခြား မှော်ရတနာ အများစုတို့ထက် ပို၍စွမ်းအားကြီးကာ တွေ့သူတိုင်းကို အံ့သြတုန်လှုပ်စေခဲ့သည်။

ဤကဲ့သို့သော ရတနာမျိုးကို သာမန် မဟာယာနအဆင့်၊ ပွားစည်းခြင်းအဆင့် သို့မဟုတ် သန္ဓေလောင်းအဆင့်မှ မှော်ရတနာ တစ်ခုက နှိုင်းယှဉ်နိုင်မည် မဟုတ်ပေ။

အလင်းရောင်သည် ဖြည်းဖြည်းချင်း မှေးမှိန်သွားကာ ပို၍ ကြည်လင်လာခဲ့သည်။ ဤကနေ့မှပင် လင်းဖုန်းသည် ထိုမှော်ရတနာ၏ အစစ်အမှန် ပုံစံအား တွေ့မြင်ရခြင်း ဖြစ်သည်။

ဒါသည် ကီလိုမီတာပေါင်း ရာနှင့်ချီကာ ရှည်လျားသည့် မရေတွက်နိုင်သော အလျားရှိသည့် မြို့တံတိုင်းတစ်ခုဖြစ်၏။ သူ၏ နှစ်ဘက်တို့သည် လေဟာနယ် အတွင်းတွင် ခိုင်မာစွာနှင့် စိုက်ထူထား၍ သူ၏အဆုံးအား မည်သူကမှ မတွေ့နိုင်ပေ။ သူသည် လူပေါင်းများစွာတို့ကို တင်ဆောင်ထားသည့် ရောမ နဂါးတစ်ကောင်နှင့် တူနေ၏။

လင်းဖုန်းသည် ရုတ်တရက် သူ၏အရင်ဘဝမှ တရုတ်ပြည်၏ မဟာတံတိုင်းကို စဉ်းစားမိလိုက်သည်။ ကမ္ဘာမြေသည် မူလကောင်းကင် ကမ္ဘာနှင့် အရွယ်အစားခြင်း နှိုင်းယှဉ်၍ မရချေ။ သူ၏အရှေ့မှ တံတိုင်းသည် အနည်းဆုံးတော့ မဟာတံတိုင်းပေါင်း တစ်ရာထက် ပိုကြီးပေသည်။

ထိုအလျားသည် သာမန်လူသားများ စိတ်မကူးနိုင်လောက်အောင် ရှည်လျားပေသည်။ သူ၏ အလျားအား တိုင်းတာ၍ မရနိုင်ပဲ နှိုင်းယှဉ်၍ရသော အရာတစ်ခုမှလည်း မရှိပေ။ သူ၏

အရွယ်အစားသည် စိတ်ကူး၍သာ ရနိုင်ပေသည်။

"ဒါက အင်မော်တယ် နဂါးမြို့တော်လား" လင်းဖုန်း၏ အကြည့်မှ တောက်ပလာခဲ့၏။ ယခင်တစ်ခေါက် ကြည့်ခဲ့ရစဉ်က သူသည် ယခုလောက် မထင်ရှားခဲ့ပေ။ သို့သော်လည်း လင်းဖုန်းသည် ဘာဖြစ်မည်ကို ခန့်မှန်း၍ ရခဲ့သည်။ သူသည် စနစ်ကြီးအား စစ်ကြည့်လိုက်အပြီးတွင် ဒါသည် အဖြစ်နိုင်ဆုံး ဖြစ်မည်ဟု တွက်ဆမိခဲ့သည်။

အင်မော်တယ် နဂါးမြို့တော်သည် ကမ္ဘာဦးခေတ်မှစ၍ ကြမ္မာပန်းတိုင် အဆင့်

မှော်ရတနာအဖြစ် ပထမ လူသားကောရာဇ်၊ ပထမ ကောရာဇ်မှ စတင်ထုလုပ်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာဦးခေတ်တွင် မိစ္ဆာတို့သည် စကြာဝဠာတို့အား အုပ်စိုးထား၍ လူသားမျိုးနွယ်စုတို့၏ အမှောင်မိုက်ဆုံး အချိန်ဖြစ်၏။ ပထမ ကောရာဇ် အုပ်စိုးချိန်မှ စတင်၍ လူသားတို့သည် တိုးတက်လာနိုင်ခဲ့ကြပြီး မိစ္ဆာတို့၏ ကြီးစိုးမှုအား တွန်းလှန်နိုင်ခဲ့ကြသည်။

အင်မော်တယ် နဂါးမြို့တော်သည် ပထမ ကောရာဇ်က မိစ္ဆာတို့၏ ကြမ်းကြုတ်မှုတို့ကို

ခုခံရန်နှင့် လူသားမျိုးနွယ်စုတို့အား ထာဝရ ကာကွယ်နိုင်ရန်၊ ဖျက်ဆီး၍ မရစေရန် ရည်ရွယ်၍ ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ပထမ ကေရာဇ်သည် မိစ္ဆာတို့နှင့် တိုက်ခိုက်ရင်း ကျဆုံးသွားခဲ့သည်။ ထို့ကြောင့် အင်မော်တယ် နဂါးမြို့တော်သည် ကြမ္မာပန်းတိုင် မှော်ရတနာဟု ဆိုရသော်လည်း သူသည် မပြည့်စုံသေးပဲ ပထမ ကေရာဇ် ကျဆုံးသွား အပြီးတွင် ပျောက်ကွယ်လုနီးပါး ဖြစ်သွားခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းကျော်က မဟာချင် အင်ပါယာ၏ ပထမ ကေရာဇ်သည်

ထိုရတနာကို တူးဖော်တွေ့ရှိခဲ့ပြီး
ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေနှင့်
အခြား ကံကောင်းခြင်းများနှင့် အတူ မဟာချင်
အင်ပါယာ၏ အခြေခံ အုတ်မြစ်ကို
စတင်တည်ထောင်ခဲ့သည်။

မဟာချင် အင်ပါယာ
စတင်တည်ထောင်ပြီးသည့် အချိန်မှစ၍
သူတို့သည် အရင်းအမြစ်ပေါင်း များစွာတို့အား
အင်မော်တယ် နဂါးမြို့တော်အား အောင်မြင်စွာ
ကျင့်ကြံနိုင်ရန် အသုံးပြုခဲ့ကြသည်။
သို့သော်လည်း ဒါသည် သန့်စင်ရန် ခက်ခဲသည့်
မှော်ရတနာတစ်ပါး ဖြစ်ကာ တစ်ယောက်ကမှ
အောင်မြင်အောင် မကျင့်ကြံနိုင်ခဲ့ကြပေ။

လူသားနှင့် မိစ္ဆာတို့၏ နောက်ဆုံးတိုက်ပွဲ အတွင်းတွင် သူသည် အပြင်းအထန် ပျက်စီးသွားခဲ့သည်။

နှစ်ထောင်ပေါင်းများစွာ ပြန်လည်ပြင်ဆင်၍ အပြီးတွင် အင်မော်တယ် နဂါးမြို့တော်သည် ထပ်ဖန်တစ်ခါ ပြန်၍ နဂိုအခြေအနေသို့ ပြန်ရောက်ခဲ့ပြီ ဖြစ်သည်။ သူသည် ပြီးပြည့်စုံလုနီးပါး ဖြစ်နေ၍ အဆုံးသတ် ပြင်ဆင်မှု အချို့သာ လိုနေခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့်ပင် ချင်ကေရာဇ် ရှီယုက လင်းဖုန်း၏ အကူအညီကို လိုအပ်နေခြင်း ဖြစ်သည်။

လင်းဖုန်းသည် အင်မော်တယ်
နဂါးမြို့တော်အား တည်ငြိမ်စွာဖြင့်
ကြည့်နေခဲ့ကာ မလိုအပ်သော အရာများကို
မပြောခဲ့ပေ။ သူသည် သူ၏နဖူးအား ဖွဖွလေး
တို့လိုက်ရာ အဖြူနှင့်အနက် တံဆိပ်တစ်ခုက
သူ၏နဖူးပေါ်တွင် ပေါ်ထွက်လာခဲ့သည်။
ဒါသည် ယင်ယန်ပုံရိပ်ဖြစ်၏။ ထိုပုံရိပ်မှနေ၍
ကြည်လင်သော အလင်းရောင်နှင့်
သတ်ဖြတ်လိုသော အော်ရာများကို
ထုတ်လွှတ်လျှက်ရှိသည်။

ထိုအော်ရာနှင့် ထိတွေ့ခဲ့ရသော အင်မော်တယ်
နဂါးမြို့တော်မှနေ၍ မသဲမကွဲ အသံတစ်ခု

ပေါ်လာခဲ့သည်။ အဆုံးမဲ့ တံတိုင်းတစ်ခုလုံး တုန်ခါသွားခဲ့၏။ 'အင်မော်တယ်'ဟူသည့် နာမည်နှင့် လိုက်ဖက်ညီစွာ ထိုအလင်းတန်းနှင့် ဆန့်ကျင့်တိုက်ခိုက်နေရင်း အကာအကွယ် စွမ်းအားတစ်ခုသည် တံတိုင်းကြီးအား ဖုံးလွှမ်းသွားခဲ့သည်။

လင်းဖုန်းသည် အင်မော်တယ် နဂါးမြို့တော်၏ အော်ရာကို ခံစားနေခဲ့ရင်း သူ၏နဖူးပေါ်မှ ယင်ယန်ပုံရိပ်သည် ပို၍ တောက်ပခက်ထန်လာခဲ့သည်။ ကမ္ဘာဖျက် သားရဲတစ်ကောင်က နိုးထလာခဲ့ကာ ကမ္ဘာတစ်ခုလုံး တုန်လှုပ်စေအောင် ဟိန်းဟောက်နေသကဲ့သို့ ဖြစ်သည်။

# စာစဥ် ၃၁ : အပိုင်း ၃

## အပိုင်း ၅၇၃ : ကောင်းကင်ဖျက်ဆီးခြား သုံးပုံနှစ်ပုံ ထွက်လာခြင်း

လင်းဖုန်း၏ နဖူးပေါ်မှ ယင်ယန်ပုံရိပ်သည် အဆက်မပြတ် လည်ပတ်နေကာ အဆုံးမဲ့ အေးစက်သော သေမင်းအလင်းတန်းများ ထွက်လာခဲ့သည်။ သူသည် မည်းနက်နေသော ဟင်းလင်းပြင်၏ အစိတ်အပိုင်း အချို့အား ကြောက်မက်ဖွယ်ရာ အစိမ်းရောင် အလင်းတန်းများဖြင့် တောက်ပစေခဲ့၏။

"တာအိုရောင်းရင်း၊ ခင်ဗျားက
အဆင့်သင့်ဖြစ်ရင် ကျုပ်စတော့မယ်"
လင်းဖုန်းက ပြောလိုက်သည်။

ချင်ကေရာဇ် ရှီယုသည် အသက်ပြင်းပြင်း
တစ်ချက်ရှူလိုက်ကာ ဘာကိုမှ မပြောခဲ့ပေ။
သူ၏ စိတ်ဝိညာဉ်အား အင်မော်တယ်
နဂါးမြို့တော်နှင့် ပေါင်းစည်းလိုက်ရာ
ချက်ချင်းပင် အင်မော်တယ် နဂါးမြို့တော်၏
စွမ်းအားများသည် ဆတက်ထမ်းပိုး
တိုးတက်လာခြင်းကို ခံစားခဲ့ရသည်။

လင်းဖုန်း၏ နဖူးပေါ်မှ ယင်ယန်ပုံရိပ်သည် ကြည်လင်သော အလင်းတန်း တစ်ခုအား စတင်ထုတ်လွှတ်လိုက်၏။ ထိုအလင်းတန်း အတွင်းတွင် တစ်ယောက်သည် ရောမ ခေါ်အိမ်တစ်ခု၏ ပုံရိပ်အား တွေ့နိုင်ခဲ့သည်။

ထိုခေါ်အိမ်ကြီးသည် သူ့ကိုယ်သူ ပွင့်သွားကာ ချက်ချင်းပင် မယုံနိုင်လောက်အောင် သတ်ဖြတ်လိုစိတ် ပြင်းထန်သည့် အော်ရာတစ်ခုက ထွက်လာခဲ့၏။ သူသည် ကမ္ဘာ့ဖျက်စွမ်းအားများကို ပိုင်ဆိုင်ထားသကဲ့သို့ ဖြစ်နေခဲ့သည်။

ထိုခေါးအိမ်အတွင်းမှ ရောမ ခေါးကြီးတစ်ချောင်းသည် ဖြည်းဖြည်းချင်း ထွက်လာခဲ့သည်။ လင်းဖုန်းက ဘာမှမပြောခဲ့ပဲ သူ၏လက်ကိုင်အား ဆုပ်ကိုင်လိုက်ကာ ကြောက်မက်ဖွယ်ရာ ကောင်းကင်ဖျက်ဆီး ခေါးကြီးအား ခေါးအိမ်အတွင်းမှ ဆွဲထုတ်လိုက်သည်။

ထိုအချိန်တွင် ကောင်းကင်ဖျက်ဆီး ခေါး၏ ခေါးသွား၅ဝ%အား သွေးထားခဲ့ပြီး ဖြစ်သည်။ ခေါးအလင်းတန်းများက တောက်ပနေခဲ့ပြီး ခေါးသွားမှာ ထွင်းဖောက်မြင်နေရသကဲ့သို့ ဖြစ်နေခဲ့သည်။

ကောင်းကင်ဖျက်ဆီး ခေး၏ ကျန်တစ်ဝက်သည် သံချေးများ ကိုက်နေသော်လည်း သူ၏လက်ရှိ စွမ်းအားသည် လုံလောက်အောင် ကြောက်မက်ဖွယ် ကောင်းနေခဲ့ပြီ ဖြစ်၏။

လင်းဖုန်းသည် ကောင်းကင်ဖျက်ဆီး ခေးအား ကိုင်လိုက်၍ ဝှေ့ယမ်းလိုက်ရာ ချက်ချင်းပင် ပြိုးပြိုးပြက်ပြက် အလင်းရောင်များ ရုပ်သိမ်းသွားခဲ့သည်။ ကျန်နေသောအရာမှာ ညကောင်းကင်ယံပေါ်တွင် ကြွေသွားခဲ့သော ကြယ်တစ်စင်းကဲ့သို့ အလွန်အမင်း တောက်ပသည် အလင်းတန်းတစ်ခု ဖြစ်၏။

သို့သော်လည်း ထိုအလင်းတန်း
တောက်ပလာသောအခါ သူ၏ ပတ်ပတ်လည်မှ
ကမ္ဘာကြီးသည် အရောင်ပြောင်းသွားခဲ့ကာ
အဆုံးမဲ့ အမှောင်ထုအတွင်းသို့
သက်ဆင်းသွားခြင်း ဖြစ်သည်။ ကြည့်ရသည်မှာ
ကမ္ဘာကြီး တစ်ခုလုံးအား ဖျက်ဆီးခြင်းက
ဝါးမျိုပစ်သကဲ့သို့ ဖြစ်သည်။

အလင်းတန်း တောက်ပနေသည့် နေရာတွင်
အသက်စွမ်းအင်များက ငြိမ်းသတ်သွားခဲ့သည်။

အင်မော်တယ် နဂါးမြို့တော်သည်
ဤကဲ့သို့သော အရာအားလုံးကို
သတ်ဖြတ်သည့် ဓားနှင့် ရင်ဆိုင်ခဲ့ရသောအခါ

ရှောင်ရှားရန် မကြိုးစားခဲ့ပေ။ ထို့အစား သူသည် သူ၏စွမ်းအား အကုန်လုံးတို့ကို စုစည်းလိုက်သည်။

ကီလိုမီတာပေါင်း ထောင်နှင့်သောင်းနှင့် ချီ၍ ရှည်လျားသော အင်မော်တယ် နဂါးမြို့တော်သည် အလင်းတန်းများဖြင့် တောက်ပလာခဲ့သည်။ အလင်းတန်း အတွင်းတွင် တစ်ယောက်သည် ပခုံးချင်း ယှဉ်ရပ်နေကြသော လူပေါင်းများစွာတို့၏ ပုံရိပ်များကို တွေ့နိုင်ခဲ့၏။ သူတို့အားလုံးတို့၏ စိတ်စွမ်းအင်များသည် ကျရောက်လာသော သေမင်းနှင့် ဖျက်ဆီးခြင်းတို့အား အတူတကွ ရင်ဆိုင်ခဲ့ကြသည်။

ကြောက်ရွံ့မှု မရှိပဲ အနိုင်မခံ အရှုံးမပေးကြပေ။
သူတို့၏ အနောက်မှ အရာများကို ကာကွယ်ရန်
သူတို့၏ အသက်ပင် ပေးရပါစေ သူတို့သည်
တွေဝေခြင်းအလျှင်းမရှိပဲ ရင်ဆိုင်လိုက်ကြ၏။

မြောက်မြားလှစွာသော စစ်သည်များသည်
အင်မော်တယ် နဂါးမြို့တော်အပေါ်တွင်
ရပ်နေကြကာ တပြိုင်နက်တည်း
ဟိန်းဟောက်လိုက်ကြကာ ကောင်းကင်ကိုပင်
တုန်ခါသွားစေခဲ့သည်။

ထိုဟိန်းဟောက်သံနှင့်အတူ ကမ္ဘာကြီးသည် လူသားမျိုးနွယ်စုတို့၏ မျှော်လင့်ချက်များ စတင်ယှက်သန်းလာခဲ့ကာ လူသားတို့ စတင်မြင့်တက်လာသည့် အမှောင်နေ့များ အတွင်းသို့ ပြန်ရောက်သွားသကဲ့သို့ ဖြစ်သွားခဲ့သည်။

လူများစွာတို့၏ စိတ်စွမ်းအင်သည် လူသားတို့၏ ကံကြမ္မာအား ပြောင်းလဲနိုင်စွမ်းရှိသည်။ ဒါသည် လုံးဝကို တော်လှန်ပြောင်းလဲနိုင်သည့် စွမ်းအားဖြစ်၏။

အညှံ့ခံခြင်း မရှိပဲ လူသားမျိုးနွယ်စုတို့သည်
ကြောက်ရွံ့မှု ကင်းစွာဖြင့် အချင်းချင်း
ညီညွတ်လာကြသည်။

ဒါသည် ခေတ်ပေါင်းများစွာက
လက်ဆင့်ကမ်းလာခဲ့သည့် လူသားတို့၏
စွမ်းအားကြီးသည် စိတ်စွမ်းအင်ဖြစ်၏။
ထိုအချိန်တွင် သူတို့သည် ထိုစိတ်စွမ်းအင်အား
ထိတွေ့နိုင်သည့် စွမ်းအားအဖြစ်သို့
ပြောင်းလဲလိုက်ကာ ကျရောက်လာသည့်
ဖျက်ဆီးခြင်းကို ရင်ဆိုင်ခဲ့ကြသည်။

အင်မော်တယ် နဂါးမြို့တော်၏ အောက်ခြေတွင်
နဂါးများစွာတို့၏ ပုံရိပ်တို့ကို တွေ့နေရ၏။

သူတို့သည် လူသားတို့၏ ညီညွတ်စွာနှင့်
ဟိန်းဟောက်သံကို ကြောက်ရွံ့နေသည့်ပုံ
ပေါက်နေ၍ သူတို့ကိုယ်သူတို့ အင်မော်တယ်
နဂါးမြို့တော်၏အောက်တွင် အညံ့ခံကာ
ခံစစ်ကို ပုန်းပေါင်းပါဝင်သကဲ့သို့ ဖြစ်နေခဲ့သည်။

ကောင်းကင်ဖျက်ဆီး ဓား၏
ဓားအလင်းတန်းသည် အင်မော်တယ်
နဂါးမြို့တော်၏ စွမ်းအားတို့နှင့် ထိတွေ့ခဲ့သည်။
ထိုအချိန်တွင် သူတို့ပတ်ပတ်လည်မှ
နေရာတိုင်းသည် အရောင်မျိုးစုံတို့ဖြင့်
ပြိုကျပျက်စီးကုန်ကြ၏။ စိတ်ဝိညာဉ်
သက်ရှိတို့မှန်သမျှ ပျက်စီးကုန်ကြသည်။

လေဟာနယ်သည် အင်မော်တယ်
နဂါးမြို့တော်၏ ဒြပ်မဲ့စွမ်းအားများကို
နယ်နိမိတ်အဖြစ် ထားခဲ့၍
နှစ်ပိုင်းပိုင်းသွားခဲ့သည်။ ကောင်းကင်ဖျက်ဆီး
ခံရရှိနေသော အပိုင်းတွင် အဆုံးမဲ့
ကစဉ့်ကလျားမှုများ ဖြစ်နေခဲ့၍
ကျန်သောအပိုင်းသည် ဘာမှမဖြစ်သကဲ့သို့
ဖြစ်နေခဲ့သည်။

နှစ်ဘက်သားတို့သည် မတိုးသာ မဆုတ်သာ
အခြေအနေသို့ ရောက်နေကြသည်။
တစ်ဘက်ကမှ အလျှော့မပေးနေလိုကြပေ။

ထိုဖြစ်စဉ် တစ်ခုလုံးတွင် ကောင်းကင်ဖျက်ဆီး
ခေး၏ အပေါ်မှ သံချေးအလွှာများသည်
အစုလိုက် အပြုံလိုက် ကွာကျကုန်ကြသည်။

အင်မော်တယ် နဂါးမြို့တော်၏ ထိပ်ဖျားတွင်
ကောင်းကင်ဖျက်ဆီး ခေး၏ ခေးအလင်းတန်းကို
ခုခံသည့် ပထမခံစစ်ဖြစ်သော တံတိုင်းကြီး၏
အရှေ့တွင် တစ်ယောက်သည်
လူသားပုံရိပ်တစ်ခု ဖြည်းဖြည်းချင်း
ပေါ်လာသည်ကို တွေ့နိုင်ခဲ့သည်။

ထိုလူသားပုံရိပ်သည် ဖြည်းဖြည်းချင်း
ရုပ်လုံးပေါ်လာခဲ့၏။ သူသည်
သာမန်အရပ်အမောင်း၊

သာမန်အသွင်အပြင်နှင့်သာ ဖြစ်၍
သာမန်အဝတ်အစားများကိုသာ ဝတ်ထားခဲ့၏။

သို့သော်လည်း ထိုသူသည်
ထိတ်လန့်စိုးရွံ့ဖွယ်ကောင်းကာ လေးစားဖွယ်
ကောင်းနေခဲ့သည်။ သူ့ကို ကြည့်ရသည့်
လူတိုင်း၏ နှလုံးသားအတွင်းတွင်
ကြောက်ရွံ့မှုများကို ဖြစ်ပေါ်စေခဲ့သည်။
သူ့အားအညံ့ခံကာ သူ၏အနောက်သို့
လိုက်လိုသော စိတ်များကို ဖြစ်ပေါ်စေခဲ့၏။

လင်းဖုန်းက သူသည် ပထမ ကေရာဇ်၏
စိတ်ဝိညာဉ်ဖြစ်ကြောင်းကို သိခဲ့လိုက်၏။

သူသည် ကမ္ဘာဦးခေတ်မှာ ပထမဆုံး
လူသားကောရာဇ်ဖြစ်၏။

ပထမ ကောရာဇ်၏ စိတ်ဝိညာဉ်
ပေါ်ပေါက်လာသောအခါ သူသည်
ဘာမှမလုပ်ခဲ့ချေ။ သူ၏ လက်နှစ်ဘက်ကိုသာ
ကောင်းကင်ပေါ်သို့ ဆန့်တန်းလိုက်သည်။

ထိုအချိန်တွင် လင်းဖုန်းသည် စကြာဝဠာ
တစ်ခုလုံးက တုန်ခါသွားသည်ဟု
ခံစားလိုက်ရသည်။ ဒါသည် လုံးဝကို
ထူးခြားဆန်းကြယ်သော ခံစားချက်ဖြစ်၏။
အကယ်၍ တစ်ယောက်၏ ကျင့်ကြံမှုသည်

အဆင့်မမြင့်ခဲ့ပါက သူသည်
ခံစားနိုင်မည်မဟုတ်ချေ။

ကြည့်ရသည်မှာ ဖန်ဆင်းခြင်း
ကိုယ်တိုင်ပင်လျှင် သူ့ကြောင့်
တုန်ခါသွားခဲ့သည့် အတိုင်းပင် ဖြစ်သည်။

ထိုတုန်ခါမှုနှင့်အတူ ပထမ ကေရာဇ်၏
စိတ်ဝိညာဉ်သည် ပျောက်ကွယ်သွားခဲ့ကာ
အင်မော်တယ် နဂါးမြို့တော်မှ တောက်ပသော
အလင်းတန်း တစ်ခုအား
ထုတ်လွှတ်လိုက်သည်။

ထိုအလင်းတန်းအား ကြည့်လိုက်ကာ လင်းဖုန်း၏ မျက်လုံးအစုံသည် ကျဉ်းမြောင်းသွားခဲ့၏။ ထိုအလင်းတန်း၏ စွမ်းအားအောက်တွင် သူ၏စိတ်ဝိညာဉ်သည် တဖြည်းဖြည်း နစ်မြုပ်သွားခဲ့သည်ဟု ခံစားနေခဲ့ရသည်။

"ထာဝရအလင်းတန်းနဲ့ အင်မော်တယ် အလင်းရောင်…" လင်းဖုန်းသည် ထိုအလင်းတန်း၏ စွမ်းအားကို အသေအချာ ခံစားခဲ့လိုက်သည်။ "ထာဝရဆိုတာက အချိန်ကာလရဲ့ အကန့်အသတ် ဖြစ်တယ်။ ကောင်းကင်နဲ့ မြေကြီးတို့က ပျက်စီးသွားခဲ့ရင် ဘယ်သူက ထာဝရကို

တကယ်ပိုင်ဆိုင်နိုင်မှာလဲ။ ဒါပေမဲ့
ဒီအလင်းတန်းအထဲမှာ နေခဲ့လို့ရှိရင်
တစ်ယောက်က ထာဝရရဲ့ လျှို့ဝှက်ချက်တွေကို
ရရှိနိုင်မယ်လို့ ခံစားနေရတယ်။ အဆုံးမဲ့
ကြီးထွားမှုနဲ့ ဒါက အကန့်အသတ် မရှိတဲ့
စွမ်းအားဖြစ်တယ်"

ထိုထာဝရ အလင်းတန်း၏ အောက်တွင်
ကောင်းကင်ဖျက်ဆီး ခေါ်းသည် ဆက်လက်၍
ရှေ့မတိုးနိုင်တော့ချေ။

ကောင်းကင်ဖျက်ဆီး ခေါ်းသည် ပို၍
သတ်ဖြတ်လိုစိတ် ပြင်းထန်လာခဲ့ကာ
ခေါ်းအလင်းတန်းသည် အင်မော်တယ်

နဂါးမြို့တော်သို့ ကမ်းစပ်သို့ ရိုက်ခတ်သည့် လှိုင်းများပမာ ရိုက်ခတ်နေခဲ့၏။ သို့သော်လည်း အင်မော်တယ် နဂါးမြို့တော်သည် ပင်လယ်အတွင်းမှ သဲသောင်ပမာ ဖြစ်နေခဲ့သည်။ ပင်လယ်ကြီးက သူ့အား မည်ကဲ့သို့ပင် ရိုက်ခတ်စေကာမူ သူသည် နေရာမှ မရွေ့ခဲ့ပေ။

လင်းဖုန်းသည် စတင်၍ ပြုံးလိုက်ကာ တွေးလိုက်သည်။ "ဒီထာဝရ အလင်းတန်းရဲ့အောက်မှာ အင်မော်တယ် နဂါးမြို့တော်ရဲ့ စောင့်ရှောက်မှုကို ခံနေရတဲ့သူတွေအားလုံးဟာ ဖျက်ဆီးလို့ မရနိုင်ဘူး။ ကောင်းကင်နဲ့ မြေကြီးတို့က

တုန်ခါနေပေမဲ့ သူတို့က ထာဝရ
တည်တံ့နိုင်ပါ့မလား"

အကယ်၍ သူ့အားဖျက်ဆီးနိုင်သော
လုံလောက်သည့်စွမ်းအင် ရှိလျှင်ပင်
ထိုအရာသည် အချိန်ကာလ တစ်ခုတွင်
အေးခဲနေခဲ့မည်ဖြစ်ကာ ပြောင်းလဲနိုင်မည်
မဟုတ်ပေ။

အကယ်၍ တစ်ယောက်သည် ထာဝရ
အလင်းတန်းအား မဖျက်ဆီးနိုင်ပါက
မည်သည့်စွမ်းအားမျိုးကမှ အင်မော်တယ်
နဂါးမြို့တော်အား ခြိမ်းခြောက်နိုင်မည်
မဟုတ်ပေ။

"ဂုဏ်ယူပါတယ်၊ တာအိုရောင်းရင်း။ ဒီရတနာရဲ့ တခြားစွမ်းအားတွေကို မပြောနဲ့၊ သူ့ရဲ့ ခံစစ်စွမ်းအားကိုသာ ကြည့်လိုက်ရင် သူက နတ်ဘုရားနယ်မြေမှာ အကောင်းဆုံးပဲ" လင်းဖုန်းသည် သူ၏ တိုက်ခိုက်မှုအား ရပ်တန့်လိုက်ကာ ကောင်းကင်ဖျက်ဆီး ဓားကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

သူ၏လက်အတွင်းမှ အစွမ်းထက်လှသည့် ဓားကြီးသည် မရပ်တန့်ချင်နေသလို အဆက်မပြတ် တုန်ခါနေခဲ့သည်။

ချင်ကေရာဇ် ရှိယုသည့် အင်မော်တယ်
နဂါးမြို့တော်၏ ဘေးတွင် ပြန်ပေါ်လာခဲ့သည်။
သူသည် တံတိုင်းကြီးအား ပွတ်သပ်နေခဲ့၏။
သူကဲ့သို့သော တည်ငြိမ်သည့်
ပုဂ္ဂိုလ်မျိုးသည်ပင်လျှင်
သူ၏လက်ချောင်းများမှာ တုန်ခါနေခဲ့သည်။

နှစ်ပေါင်းတစ်သောင်းကျော်ကတည်းက
မဟာချင် အင်ပါယာသည့် အင်မော်တယ်
နဂါးမြို့တော်အား ပြီးပြည့်စုံစေရန်
ကြိုးစားနေခဲ့သည်။ မဟာချင် အင်ပါယာမှ
မျိုးဆက်ပေါင်း များစွာတို့သည်
မရေမတွက်နိုင်သော အရင်းအမြစ်
ပစ္စည်းများကို ထည့်သွင်းခဲ့ကြ၏။

နောက်ဆုံးတွင် သူ၏လက်အောက်တွင် အပြီးသတ်နိုင်ခဲ့ပြီ ဖြစ်၏။

တစ်ချိန်တည်းတွင်ပင် မဟာချင် အင်ပါယာသည် နောက်ဆုံးတွင် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခုအား ပိုင်ဆိုင်နိုင်ခဲ့ပြီ ဖြစ်သည်။ သူသည် ပျက်စီးနေသောအရာတစ်ခု မဟုတ်ပဲ ပြီးပြည့်စုံသည့် အရာတစ်ခုသာ ဖြစ်၏။ အစစ်အမှန် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာတစ်ခုသည် ကောင်းကင်ကို ကြီးစိုးလွှမ်းမိုးနိုင်မည်သာ ဖြစ်သည်။

သို့သော်လည်း ရှိယုသည် သူ့ကိုယ်သူ တည်ငြိမ်အောင် ပြန်ထိန်းလိုက်ကာ လင်းဖုန်းအား ကြည့်လိုက်သည်။

သူ၏အကြည့်သည် လင်းဖုန်း၏ ကောင်းကင်ဖျက်ဆီး ဓားအပေါ်သို့ ကျရောက်သွားခဲ့သည်။ ထိုအချိန်တွင် ဓား၏ သုံးပုံနှစ်ပုံတို့သည် ထက်မြက်သွားပြီ ဖြစ်ကာ သူ၏ တုန်ခါနေသော အလင်းတန်းသည် သွေးဆာနေသော အငွေ့အသက်တို့အား ထုတ်လွှတ်နေ၏။ သူ၏လက်ကိုင်အနားမှ ကျန်နေသော သုံးပုံတစ်ပုံသာလျှင် သံချေးများနှင့် ပြည့်နေခဲ့သည်။

အင်မော်တယ် နဂါးမြို့တော်၏ ပိုင်ရှင်ဖြစ်သည့် အားလျှော်စွာ ရှီယု၏ စိတ်ဝိညာဉ်သည် ယခုအချိန်တွင် ဤကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာနှင့် ဆက်သွယ်ထားပြီ ဖြစ်သည်။ အင်မော်တယ် နဂါးမြို့တော်သည် လင်းဖုန်း၏ ကောင်းကင်ဖျက်ဆီး ဓား၏ စွမ်းအားများကို ခုခံနိုင်ခဲ့သော်လည်း သူသည် သူ၏ အန္တိမအကွက်ဖြစ်သော ထာဝရ အလင်းတန်းအား ထုတ်သုံးခဲ့ရသည်။

ထာဝရအလင်းတန်းသည် အင်မော်တယ် နဂါးမြို့တော်၏ အစွမ်းအထက်ဆုံးသော အကွက်ဖြစ်၏။ သူ့အား အသုံးမပြုသေးခင်တွင် အင်မော်တယ် နဂါးမြို့တော်သည်

ကောင်းကင်ဖျက်ဆီး ခေး၏
ထိုးနှက်မှုအောက်တွင် တုန်ခါနေခဲ့သည်။

နောက်ဆုံးတွင် သူသည် ပြည့်စုံလာမှသာ
ထာဝရအလင်းတန်းသည် ကောင်းကင်ဖျက်ဆီး
ခေးကို ခုခံနိုင်ခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း လင်းဖုန်း၏
ကောင်းကင်ဖျက်ဆီး ခေးမှာ သူ့စွမ်းအား၏
သုံးပုံနှစ်ပုံကိုသာ အသုံးပြုရသေးသည်ကို
တွေ့လိုက်ရသော် ရှီယု၏နှလုံးသားမှာ
အေးခဲသွားခဲ့သည်။

အကယ်၍ ကောင်းကင်ဖျက်ဆီး ခံးကသာ
အင်မော်တယ် နဂါးမြို့တော်ကဲ့သို့
ပြီးပြည့်စုံသွားပါက အင်မော်တယ်
နဂါးမြို့တော်သည် ယခုကဲ့သို့
ကောင်းကင်ဖျက်ဆီး ခံးအား
ခုခံနိုင်ပါမည်လော။

ရှီယုနန်းတက်ခဲ့သည်မှာ နှစ်ပေါင်း ၁၀၀၀နီးပါး
ရှိခဲ့ပြီဖြစ်သည်။ ဒါသည် သူက
ပထမဆုံးအကြိမ်အဖြစ်
အကြောင်းကိစ္စတစ်ခုကို
နောက်ထပ်မတွေးရဲခဲ့ခြင်း ဖြစ်၏။

သူသည် သူ့ကိုယ်သူ တည်ငြိမ်အောင် ထိန်းလိုက်ကာ ပြောလိုက်သည်။ "ခံစစ်စွမ်းအင် အရဆိုရင် အင်မော်တယ် နဂါးမြို့တော်ဟာ မူလကောင်းကင် ကမ္ဘာမှာ နံပါတ်တစ်ဆိုတာကို ကျုပ်က ယုံကြည်ပါတယ်။ ဒါပေမဲ့ သူတစ်ခုတည်း မဟုတ်ဘူး။ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အန္တိမ ကောင်းကင်ကြေးမုံဟာ တစ်ကမ္ဘာလုံးမှာ အကောင်းဆုံး ရတနာ ဖြစ်တယ်လို့ အားလုံးက လက်ခံထားကြတယ်။ သူ့ရဲ့ တိုက်စစ်နဲ့ ခံစစ်စွမ်းအင်တို့ဟာ ပြိုင်ဘက်မရှိဘူး"

"ကျုပ်က အင်မော်တယ် နဂါးမြို့တော်ရဲ့ ခံစစ်စွမ်းအားအပေါ်မှ ယုံကြည်ချက် ရှိပေမဲ့

သူက အန္တိမ ကောင်းကင်ကြေးမုံထက်ပိုပြီး အစွမ်းထက်သလား ဆိုတာကိုတော့ မသေချာဘူး"

လင်းဖုန်းက သူ၏ခေါင်းကို ညိတ်လိုက်သည်။ ရှီယု၏ စကားများမှာ သဘာဝကျပေသည်။ ဒါသည် သူက သူ့ကိုယ်သူ ယုံကြည်ချက် မရှိသောကြောင့် မဟုတ်ပေ။

မဟာချင် အင်ပါယာသည် သူတို့၏ ကိုယ်ပိုင် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခုအား ပိုင်ဆိုင်သွားခဲ့သော်လည်း လင်းဖုန်းက ဘာမှမဖြစ်ခဲ့ပေ။ မဟာချင် အင်ပါယာနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်

လက်ရှိအချိန်တွင် လိုက်လျောညီထွေ
ရှိနေကြ၏။ အကယ်၍
သူတို့နှစ်ဘက်အကြားတွင် ပဋိပက္ခများ
ဖြစ်လာခဲ့လျှင်ပင် သူတို့အကြားတွင်
နယ်နိမိတ်များက ဝေးကွာနေကြသည်။

ဤအကြိမ်တွင် သူတို့အား ကူညီရင်းနှင့်
သူကလည်း အကျိုးအမြတ်များစွာ ရရှိခဲ့၏။
သူသည် ထာဝရအလင်းတန်း၏ စွမ်းအားများကို
ပို၍နားလည်နိုင်ခဲ့သည်။

ပို၍အရေးကြီးသည်မှာ ကောင်းကင်ဖျက်ဆီး
ခြေးအား နှောက်ထပ် သန့်စင်နိုင်ခဲ့သည်။

ရှီယုမပြောနှင့်၊ လင်းဖုန်းကိုယ်တိုင်ကလည်း ကောင်းကင်ဖျက်ဆီး ဓားကို အပြည့်အဝ သန့်စင်နိုင်သောနေ့ကို စောင့်မျှော်နေခဲ့သည်။

လင်းဖုန်းသည် ထိုဓားကို ဓားအိမ်အတွင်းသို့ ပြန်ထည့်လိုက်၍ ထပ်ဖန်တစ်ခါ ချိတ်ပိတ်လိုက်မည်ဟု လုပ်လိုက်သောအခါ သူသည် စတင်ပြောင်းလဲလာခဲ့သည်ကို သတိပြုမိလိုက်သည်။

သူ၏ခေါင်းအိမ်အပေါ်တွင် ပြောင်လက်နေသော
သတ္တုကြိုးများ ပေါ်လာခဲ့ကာ လေပေါ်တွင်
လွင့်ဝဲနေကြ၏။

လေထုအလယ်တွင် လူသားပုံစံတစ်ခုက
ဖြည်းဖြည်းချင်း ပေါ်ပေါက်လာခဲ့ကာ
နောက်ဆုံးတွင် မိန်းမငယ်တစ်ယောက်၏
ပုံစံအား ဖော်ပြလိုက်သည်။
ငွေရောင်ချိန်းကြိုးများသည် သူတို့ဘာသူတို့
သူမ၏ ခန္ဓာကိုယ်တွင် ချည်နှောင်လိုက်ကြကာ
ရောမ ခေါင်းအိမ်ကြီးသည် သူမ၏
ကျောနောက်တွင် ကျရောက်သွားခဲ့၏။

သို့သော်လည်း ဤအချိန်တွင် ခေါ်အိမ်ကြီးသည် အရွယ်အစား သေးငယ်သွားခဲ့သည်။ သူသည် သူမ၏ ခန္ဓာကိုယ်နှင့် စာလိုက်လျှင် ကြီးမားနေသေးသော်လည်း ပုရွတ်ဆိတ်က တောင်တစ်လုံးကို ထမ်းနေသည့်ပုံစံမျိုး မဟုတ်တော့ပေ။

ထိုမိန်းမငယ်သည် လင်းဖုန်းက ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းတွင် ခေါ်အိမ်ကြီးကိုထမ်းကာ မဟူရာကောင်းကင် ရတနာသစ်ပင်အား လှည့်ပတ်နေသည့် ကောင်မလေးပင် ဖြစ်၏။

"သူမကို ကြည့်ရတာ ပိုကြီးလာခဲ့ပြီ"
လင်းဖုန်းက တွေးလိုက်၏။ သူ၏အရှေ့မှ
မိန်းမငယ်သည် ယခုအချိန်တွင် အသက် ၁၇နှစ်၊
၁၈နှစ်ခန့် ပုံပေါက်နေခဲ့ပြီ ဖြစ်သည်။
မျက်စိတစ်မှိတ်အတွင်းတွင် သူမ၏ အသက်နှင့်
ခန္ဓာကိုယ် အရွယ်အစားတို့သည်
ကြီးမားလာခဲ့သည်။

သူမ၏ ခန္ဓာကိုယ်သည် ဖြောင့်တန်းနေခဲ့ပြီး
သူမသည် ခေါးအိမ်အတွင်းမှ ထွက်လာခါစ
ထက်မြက်သော ဓားတစ်ချောင်းနှင့်
တူနေခဲ့သည်။

သူမသည် ရောမ ခေါ်အိမ်ကြီးကို
ထမ်းနေခဲ့ရသော်လည်း တစ်ယောက်သည်
သူမက ကောင်းကင်ပေါ်သို့ အချိန်မရွေး
ခုန်တက်သွားနိုင်သည်ဟု ခံစားနေရ၏။
သူမတွင် စွမ်းအားကြီးသော အော်ရာများဖြင့်
ပြည့်နေပေသည်။

သူမ၏ ပုံစံသည် ကြည့်၍ကောင်းသော်လည်း
အမူအရာ ကင်းမဲ့နေ၏။ သူမသည်
ဘာခံစားချက်မျိုးကိုမှ မပြပဲ အေးစက်သော
ရုပ်သေးရုပ်တစ်ခုပမာ ဖြစ်နေခဲ့၏။

လင်းဖုန်းသည် သူမ၏ဆံပင်သည်
တစ်ခြမ်းဖြူ၍ တစ်ခြမ်းနက်နေသည်ကို

သတိပြုမိသည်။ သို့သော်လည်း သူမ၏ ဆံပင်ဖြူမှာ အသက်အရွယ်ကြောင့် မဟုတ်ပေ။ သူသည် သူမ၏ ဆံပင်နက်များနှင့် ရောထွေးနေခြင်း ဖြစ်၏။ သူတို့သည် အတူတကွ ကမ္ဘာဦးအစမှ ဖရိုဖရဲ ရှုပ်ထွေးမှုများနှင့် တူနေခဲ့သည်။

ထိုမိန်းမငယ်သည် ထွက်ပေါ်လာပြီးနောက် ဘာမှမပြောပဲ လင်းဖုန်း၏ အနောက်တွင် ရပ်နေခဲ့သည်။ သူမသည် လင်းဖုန်း၏ အမိန့်ကိုသာ နာခံသည်မှာ သိသာနေပေ၏။

ဒါသည် လင်းဖုန်းအား အာရုံစိုက်စေခဲ့၏။ သူ၏ ယခင်အတွေ့အကြုံများအရ ထိုဓားဝိညာဉ်သည်

ပြင်ပလှုံ့ဆော်မှုများအား မတုံ့ပြန်သည်ကို
လင်းဖုန်းသိထားသည်။ သူ့အားကျင့်ကြံသူ
လင်းဖုန်း အပါအဝင် ဖြစ်၏။

သူသည် ပြင်ပကမ္ဘာအားပေးသော တုံ့ပြန်မှုမှာ
ဖျက်ဆီးခြင်းနှင့် သတ်ဖြတ်ခြင်းသာ ဖြစ်သည်။

"ဒီမှော်ရတနာက ပိုပြီးတော့
ရင့်ကျက်လာတဲ့အချိန်မှာ
မူလစိတ်ဝိညာဉ်ကလည်း
ပြောင်းလဲသွားခဲ့တာလား" လင်းဖုန်းက
တွေးလိုက်သည်။

ရှိယုသည့် ထိုခါးအိမ်ကို သယ်ဆောင်ထားသော မိန်းမငယ်ကို စူးစမ်းသည့် အကြည့်ဖြင့် ကြည့်နေခဲ့သည်။

လင်းဖုန်းက ချောင်းတစ်ချက် ဟန့်လိုက်ကာ ပြောလိုက်သည်။ "ဒါကတော့ ကျုပ်ရဲ့ ခါးသယ်ဆောင်သူ ဖြစ်ပါတယ်။ သူမရဲ့ နာမည်ကတော့.. ရွှမ်းလီပါ"

## စာစဥ် ၃၁ : အပိုင်း ၄

## အပိုင်း ၅၇၄ : လင်းဖုန်း၏ ခါးသယ်ဆောင်သူ

မိန်းမငယ်လေးသည် လင်းဖုန်း၏ အနောက်တွင် ငြိမ်သက်စွာ ရပ်လျှက်ရှိ၏။ သူမသည် လင်းဖုန်း၏ နာမည်ပေးခြင်းအပေါ် မည်သို့မှ တုံ့ပြန်ခြင်း မရှိပေ။ ရောမ ဓားအိမ်ကြီးကိုသာ ငြိမ်သက်စွာ သယ်ဆောင်ရင်း မတ်တတ်ရပ်နေခဲ့သည်။

ချင်ကေရာဇ် ရှီယုသည် ရွှမ်းလီအား ကြည့်လိုက်ကာ တွေးလိုက်သည်။ "သူ့ဓားဟာ တကယ်ကို ထူးခြားလှတယ်။ ဒါပေမဲ့ ငါက သူ့ရဲ့ အဆင့်ကို မပြောနိုင်ဘူး"

မဟာယာန အဆင့်မှ မှော်ရတနာ တစ်ခုအနေဖြင့် သူတို့သည် ရွှမ်းလီကဲ့သို့သော

မူလစိတ်ဝိညာဉ်အား ပိုင်ဆိုင်ထားနိုင်ပေသည်။ သို့သော်လည်း သူမသည် အပြည့်အဝ သတိမရသေးသကဲ့သို့ ဖြစ်နေ၏။

ဤခေါ်းသည် အလွန်ကိုမှ အစွမ်းထက်သဖြင့် မဟာယာန အဆင့်အောက်တွင်လည်း မရှိနိုင်ပေ။ ထို့အပြင် ရွှမ်းလီသည် အသက်စွမ်းအင် အော်ရာ အပြည့်အစုံကို ထုတ်လွှတ်နေပြီး ကောင်းကင်ဖျက်ဆီး ခေါ်းနှင့် သီးသန့် အတူတကွ တည်ရှိနိုင်သည်။ ထို့ကြောင့်သူမသည် သာမန် သန္ဓေလောင်းနှင့် ပွားစည်းခြင်း အဆင့်မှ မှော်ရတနာများနှင့် နှိုင်းယှဉ်၍ မရချေ။

စွမ်းအားအရဆိုလျှင် သူမသည် ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာ တစ်ပါးနှင့် တူနေသည်။ သို့သော်လည်း သူမအား အပြည့်အဝ မကျင့်ကြံရသေးပဲ သူမ၏ ခေါးသွားမှာ တစ်စိတ်တစ်ပိုင်းသာ သန့်စင်ရသေး၏။

သို့သော်လည်း ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာများ၏ မူလစိတ်ဝိညာဉ်သည် ရုပ်ကိုယ်ခန္ဓာ ပုံသဏ္ဍာန်ကို ပိုင်ဆိုင်ထားခြင်း မရှိပေ။ သူသည် အသိစိတ် အနေဖြင့်သာ တည်ရှိနေခြင်း ဖြစ်၍ သူ့ကိုယ်သူ ဖော်ပြလေ့ မရှိပေ။

အင်မော်တယ် နဂါးမြို့တော်သည်ပင်လျှင် သူ၏ကျင့်ကြံမှု မပြီးမြောက်မခြင်း သူ၏ လူသားပုံစံအား ဖော်ပြခဲ့ခြင်း မရှိပေ။

ထိုအတွေးများသည် လင်းဖုန်း၏ စိတ်အတွင်းတွင် ပေါ်လာခဲ့သည်။ သို့သော်လည်း သူ၏မျက်နှာမှာ မည်သည့် အမူအရာမှ မပေါ်လာခဲ့ချေ။ သူသည် ချင်ကေရာဇ် ရှီယုနှင့် ငြိမ်သက်စွာသာ ဆွေးနွေးနေခဲ့သည်။

ရှီယုကလည်း အများကြီး မေးမြန်းခဲ့ခြင်း မရှိပေ။ သာမန်ကျင့်ကြံသူ တစ်ယောက်အလား

လင်းဖုန်းနှင့် ကျင့်ကြံမှုကိုသာ
ဆွေးနွေးနေခဲ့သည်။

အမှန်အတိုင်းပြောရလျှင် လင်းဖုန်းသည်
ရှီယုထံမှ များစွာလေ့လာခဲ့ရသည်။
သို့သော်လည်း သူသည် မကြာမီတွင်
စိတ်အနှောင့်အယှက် ဖြစ်စရာ တစ်ခုနှင့်
ကြုံလာခဲ့၏။

သူသည် ရွှမ်းလီအား ပျောက်ကွယ်သွားရန်
အမိန့်ပေးဖို့ ကြိုးစားခဲ့သော်လည်း
မိန်မငယ်လေးသည် မနာခံခဲ့ပေ။

သူ၏ အခြားအမိန့်များကို ရွှမ်းလီက နာခံခဲ့သော်လည်း လင်းဖုန်းက သူမအား ပျောက်ကွယ်သွားရန် တောင်းဆိုမှုကို မတုံ့ပြန်ခဲ့ပေ။ သူမသည် မလုပ်နိုင်၍လော၊ မလုပ်ချင်၍လော ဟူသည်ကို လင်းဖုန်းကလည်း မသိပေ။

"ထားလိုက်ပါတော့၊ မင်းက အချိန်အကြာကြီး ကြံ့ကြံ့ခံလာခဲ့ရတာဆိုတော့ လေကောင်းလေသန့်လေး ပေးရှူထားလိုက်မယ်" လင်းဖုန်းက အခြေအနေကို အကောင်းဘက်မှ တွေးမြင်လိုက်သည်။ "ဒီအချိန်ကစပြီး ငါဘယ်သွားသွား ငါ့အနောက်မှာ အမူအရာ

ကင်းမဲ့နေတဲ့ ကောင်မလေးတစ်ယောက် ပါလာတော့မယ်။ ဒါက မျက်စိကျစရာ မကောင်းနေဘူးလား"

သူသည် ရှီယုအား နှုတ်ဆက်လိုက်ကာ ရွှမ်းလီကို ခေါ်ဆောင်၍ မဟာချင် အင်ပါယာက သူ့အတွက် စီစဉ်ပေးထားသော နေရာကို ပြန်လာခဲ့သည်။

သူသည် ထိုနေရာသို့ ရောက်သောအခါ ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများသည် သူ့ဘေးသို့ ဝိုင်းလာကြသည်။ ရှောင်ကျန်းအာ၊ ထွမ်းထွမ်းနှင့် ကျန်သောသူများသည်လည်း လင်းဖုန်းနှင့် ရွှမ်းလီအား စိုက်ကြည့်နေကြ၏။

"ဆရာ၊ သူမက ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အထဲက ထွက်လာခဲ့တာလား" ရှောင်ယန်က လင်းဖုန်း၏ အနောက်တွင် ထပ်ကြပ်မကွာ လိုက်နေသော မိန်းမငယ်လေးကို စပ်စုစွာဖြင့် ကြည့်လိုက်၍ ပြောလိုက်သည်။ "သူမက အသက်အတော် ကြီးလာခဲ့ပြီ"

လင်းဖုန်းက ပြောလိုက်သည်။ "ဘာလဲ၊ မင်းတို့ကပဲ အသက်ကြီးလို့ရပြီး ကျန်တဲ့သူတွေကတော့ ကြီးလို့မရဘူးလား။ သူမက ကောင်းကင်စကြာဝဠာ

အလင်းတန်းကမ္ဘာ အထဲမှာ မင်းတို့ထက် အချိန်အကြာကြီး ပိုနေခဲ့တာ"

သူသည် ရွှမ်းလီဘက်သို့ လှည့်ကြည့်လိုက်ကာ ပြောလိုက်သည်။ "သူမက ငါ့ရဲ့ ခေါင်းကိုင်ဆောင်သူ ဖြစ်တယ်။ သူ့ရဲ့နာမည်က ရွှမ်းလီလို့ခေါ်တယ်"

ရှောင်ယန်နှင့် ကျန်သောသူများသည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းသို့ မကြာခဏ ဝင်ရောက်သူများ ဖြစ်ကြသည်။ အားလုံးတို့သည် ထိုမိန်းမငယ်လေးနှင့် ကောင်းကင်ဖျက်ဆီး ခေါင်းတို့၏ အကြားမှ နီးကပ်သော

ဆက်ဆံရေးကို သဘောပေါက်ကြ၏။ သူတို့သည် ထိုခေး၏ စွမ်းပကားကို သိထားကြသဖြင့် ရှမ်းလီအား အနှောင့်အယှက် မပေးရဲကြပေ။

ရှီနှစ်ရှီ၏ အကြားမှ တိုက်ပွဲသည် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားခဲ့ပြီ ဖြစ်သည်။ ဤသုံးရက်အတွင်းတွင် လူပေါင်းများစွာတို့သည် ထိုတိုက်ပွဲအား ကြည့်ရန်အတွက် ရှီးလင်မြို့သို့ ရောက်လာခဲ့ကြသည်။ အင်မော်တယ် ဝိညာဥ် အဆင့်မှ အကြီးအကဲများလည်း အပါအဝင် ဖြစ်၏။

သူတို့သည် ရှီနှစ်ရှီ အကြားမှ တိုက်ပွဲကိုသာ
စိတ်ဝင်စားနေကြသည် မဟုတ်ပေ။
ရှီတစ်ရှီချင်းစီ၏ အနောက်မှ
ထောက်ခံနေကြသော အင်အားစုများကိုလည်း
စိတ်ဝင်စားနေကြသည်။

အတိတ်က အဖြစ်များကို
ပြန်လည်သုံးသပ်ရလျှင် မည်သည့်ရှီ
အနိုင်ရသွားစေကာမူ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင်
ဘုရားကျောင်းတို့သည် လိုလိုလားလားနှင့်
အရှုံးပေးကြမည် မဟုတ်ပေ။
ထိုဂိုဏ်းနှစ်ဂိုဏ်းတို့က ပဋိပက္ခဖြစ်ကြမည်
ဆိုသည်နှင့် နတ်ဘုရားနယ်မြေမှ

ကျင့်ကြံသူတိုင်းအား အကျိုးသက်ရောက်မှု ရှိစေမည် ဖြစ်သည်။

ထို့ကြောင့် စိတ်ဝင်စားကြသူ အပေါင်းတို့သည် ရှီးလင်မြို့၏ ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ ထံသို့ ဦးတည်၍ ရောက်ရှိလာကြသည်။

ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ အပြာရောင်ခန်းမ သူတော်စင်၊ မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်မှ လက်ယာမင်းသားရှန်၊ ကောင်းကင်မာစတာ ဓားဂိုဏ်းမှ နတ်ကောင်းကင် ဓားအကြီးအကဲ၊ နေလဓားဂိုဏ်းမှ နေမင်းအလင်းတန်း

ခေးမာစတာ၊ ကြယ်စင်ခေးဂိုဏ်းမှ
ကြယ်စင်ခေးမာစတာ၊ အလင်းခေးမြန်ဂိုဏ်းမှ
အလင်းခေးမြန် ခေးမာစတာတို့သည်
ရှီးလင်မြို့သို့ ရှေ့ဆင့်နောက်ဆင့်
ရောက်ရှိလာကြသည်။

သူတို့အနက် အပြာရောင်ခန်းမ သူတော်စင်နှင့်
လက်ယာမင်းသားရှန်တို့သည်
လင်းဖုန်းနှင့်အတူ လာခဲ့ကြခြင်း ဖြစ်ကြသည်။
ကျန်သောသူများသည် ရှီးလင်မြို့သို့
ရောက်လာသည်နှင့် သူတို့သည်
လင်းဖုန်းနှင့်ဖြစ်စေ၊
ရွှမ်းလင်သူတော်စင်နှင့်ဖြစ်စေ အသီးသီး
တွေ့ဆုံခဲ့ကြသည်။

သူသည် အလင်းခေးမြန် ခေးမာစတာနှင့် တွေ့ဆုံပြီးသွားသောအခါ ဇူရီက သတင်းကောင်း တစ်ခုအား ယူဆောင်လာခဲ့သည်။ "ဆရာ၊ သံသရာဂိုဏ်းက စီနီယာနှစ်ယောက် ရောက်လာကြတယ်။ တစ်ယောက်က ငရဲလမ်းစဥ်က ငရဲကမ္ဘာ သူတော်စင် လျှိုကျိခွန်း ဖြစ်ပြီး၊ ကျန်တစ်ယောက်က လူသားလမ်းစဥ်က လီယုံပင်း ဖြစ်တယ်။ အစ်ကိုကြီးက သူတို့ကို အရှေ့မှာ ကြိုဆိုနေတယ်"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "သူတို့ကို အထဲခေါ်လိုက်ပါ"

လျှင်မြန်စွာနှင့်ပင် ပိန်ပိန်ပါးပါးနှင့်
သက်လတ်ပိုင်း လူကြီးတစ်ယောက်သည်
လင်းဖုန်း၏ အရှေ့သို့ ရောက်လာခဲ့သည်။
သူသည် ပါးရိုးမြင့်မြင့်နှင့် ကြေးနီရောင်
အသားအရေများ ရှိသည်။ သူသည်
ငရဲလမ်းစဥ်မှ လျှိုကျိုခွန်းဖြစ်၏။

သူ၏အနောက်တွင်မူ လူကောင်ထွားထွားနှင့်
အသက် ၂၀-၃၀ခန့်သာ ရှိဦးမည့်
လူငယ်တစ်ယောက် ပါလာခဲ့သည်။ သူသည်
ရိုးရှင်းသည့်ပုံပေါက်နေကာ သာမန်သာ ဖြစ်၏။
ထိုနေရာတွင် ရပ်နေရင်း သူသည်

သာမန်မော်တယ် တစ်ယောက်နှင့်
တူနေခဲ့သည်။

စနစ်ကြီး၏ အကာအကွယ်အောက်တွင်
မည်သူကမှ လင်းဖုန်း၏ ကျင့်ကြံမှု
အစစ်အမှန်အား မပြောနိုင်ကြပေ။
သို့သော်လည်း ထိုလူငယ်မှာ
ကွဲပြားခြားနားသည်။ အခြားသူများ၏
မျက်စိအတွင်းတွင် သူ၏ ကျင့်ကြံမှုအဆင့်ကို
မပြောနိုင်သော်လည်း လင်းဖုန်းကမူ သူသည်
နှစ်ပေါင်းတစ်ထောင်ကျော်
အတွေ့အကြုံရှိသည့် အင်မော်တယ် ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူတစ်ယောက်
ဖြစ်ကြောင်းကို ပြောနိုင်ခဲ့သည်။

သူသည် သံသရာဂိုဏ်း၏ လူသားလမ်းစဉ်မှ အင်မော်တယ် ဝိညာဉ် အဆင့် ကျင့်ကြံသူတစ်ယောက် ဖြစ်သည်။ လူအများက သူ့အား မက်မွန်ပန်း အကြီးအကဲ လီယုံပင်းဟု ခေါ်ကြသည်။

သံသရာဂိုဏ်း၏ လမ်းစဉ်ခြောက်သွယ် အတွင်းတွင် လူသားလမ်းစဉ်သည် သာမန်လူသား ကျင့်စဉ်များကိုသာ ကျင့်ကြံပြီး သူတို့၏ အကွက်များသည်လည်း ထိုမှ ဆင်းသက်လာခြင်း ဖြစ်သည်။ သူတို့၏ အကွက်များမှာ မှော်ကျိန်စာ၊ ပုံရိပ်ယောင်များ စသဖြင့် စုံလင်လှပေသည်။ သို့သော်လည်း

သူတို့၏ တိုက်ပွဲစွမ်းရည်များမှာ အားအနည်းဆုံး ဖြစ်၏။

သို့သော်လည်း သူတို့သည် လူသားခံစားချက်များကို ကျင့်ကြံကြပြီး အသိစိတ် ပိုကောင်းကြသည်။ သူတို့သည် တစ်ဆို့ကြန့်ကြာသော အတားအဆီးများကို သိပ်မတွေ့ကြရပဲ သံသရာဂိုဏ်း၏ အခြားလမ်းစဥ်များထက် ပို၍ လွယ်ကူစွာ ကျင့်ကြံနိုင်ကြ၏။ လူသားလမ်းစဥ်မှ ကျင့်ကြံသူများသည် သူတို့၏ ပိုအဆင့်မြင့်သော ကျင့်ကြံမှုများဖြင့် သူတို့၏ တိုက်ခိုက်မှု အားနည်းချက်များကို ကုစားနိုင်ကြသည်။

သူတို့၏အရှေ့မှ လီယုံပင်းသည်
လှိုက်ချိုခွန်းထက် အသက်များစွာ
ငယ်သော်လည်း သူသည် အင်မော်တယ် ဝိညာဉ်
ပထမ အဆင့်၏ အထွတ်အထိပ်သို့
ရောက်နေခဲ့ပြီ ဖြစ်သည်။ သူသည် မကြာမီပင်
သူ၏ စင်စစ် ဖြစ်တည်မှုအား
ကျင့်ကြံနိုင်တော့မည် ဖြစ်၏။ သူတို့၏
ပင်ကိုစွမ်းရည်များမှာ သိပ်မကွာကြပဲ သူတို့၏
မှော်ကျိန်စာများကြောင့်သာ ကွာခြားခဲ့ရခြင်း
ဖြစ်သည်။

လီယုံပင်းသည် လိင်ဖြားယောင်းမှုကို
အထူးပြု၍ ကျင့်ကြံသူဖြစ်သည်။ သူ၏
ကျင့်ကြံမှု ပထမနေ့ကပင် စ၍

အချောအလှပေါင်း များစွာတို့နှင့် အချိန်းအချက် ပြုခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် သူ့အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်သွားအပြီးတွင် သူ့အား မက်မွန်ပန်း အကြီးအကဲဟု ခေါ်ကြခြင်း ဖြစ်သည်။

သို့သော်လည်း လီယုံပင်း ကျင့်ကြံသော မှော်ကျိန်စာသည် ချစ်သူများကို ချန်ခဲ့ကာ သံယောဇဉ် လက်ကျန်များကို ဖြတ်တောက်ခြင်း ဖြစ်သည်။ သူသည် ယောကျ်ားနှင့် မိန်းမတို့၏ အကြားမှ ခင်တွယ်မှုကို ခြေမွကာ အချို့ဗုဒ္ဓနည်းစနစ်များနှင့် ဆင်တူပေသည်။

တစ်ယောက်၏ နှလုံးသား အတွင်းမှ
အလိုဆန္ဒများကို နားလည်သဘောပေါက်ပြီး
လိင်မှုကိစ္စများ၏ သဘာဝကို သိသားသဖြင့်
သူသည် ဖွားမြင်ခြင်းအကြောင်းကို
နားလည်ကာ ယင်နှင့်ယန်အကြားမှ
လိုက်လျောညီထွေမှုများကို သိရှိသူ ဖြစ်သည်။
အခြေခံအားဖြင့် သူသည် ဘဝ၏ အဓိပ္ပာယ်ကို
နားလည်သူ ဖြစ်သည်။ သို့သော်လည်း
နာမည်မှာ သိပ်မကောင်းလှချေ။

"မာစတာလင်း" လျှို့ကျိခွန်းနှင့်
လီယုံပင်းတို့သည် လင်းဖုန်းအား
ကြည့်လိုက်ကြကာ သူတို့၏ လက်များကို
ဆုပ်လိုက်ပြီး နှုတ်ဆက်လိုက်ကြ၏။

လှိုကျိုခွန်းက ပြုံးကာပြောလိုက်သည်။
"မာစတာလင်း၊ မတွေ့ရတာ ကြာသွားပြီ"

"ငရဲကမ္ဘာ သူတော်စင်၊ ကျန်းမာပါရဲ့လား"
လင်းဖုန်းကလည်း ပြုံးလိုက်ကာ
ပြန်လည်နှုတ်ဆက်လိုက်၏။ သူတို့သည်
ထိုင်လိုက်ကြပြီးနောက် လေးနက်သော
အကြောင်းအရာများကို မပြောခဲ့ကြချေ။
သူတို့သည် ထွေရာလေးပါးသာ ပြောနေကြကာ
ရှီနှစ်ရှီတို့၏ လာလတ္တံ့သော ပြိုင်ပွဲကိုသာ
စောင်းပေး၍ ပြောနေကြသည်။

လှိုကျိုခွမ်းနှင့် လီယုံပင်းတို့ ပြောစရာမလိုပဲ
လင်းဖုန်းက သူတို့လာရောက်ကြသည့်
အကြောင်းရင်းကို သိပေသည်။

လင်းဖုန်းသည် သူတို့၏ အကြံများကို သိသဖြင့်
သူတို့ကို ကိုယ်တိုင်ကြိုဆိုခဲ့ခြင်း ဖြစ်သည်။
နှစ်ဦးနှစ်ဘက်သားတို့
သောက်လိုက်စားလိုက်ဖြင့်
စကားပြောနေကြသည်။လှိုကျိုခွမ်းနှင့်
လီယုံပင်းတို့ကလည်း သူတို့၏ ခရီးမှာ
အလဟဿ မဖြစ်သဖြင့် ကျေနပ်နေကြ၏။

"တာအိုရောင်းရင်းလီ၊ ခင်ဗျားတို့ဂိုဏ်းမှာ
ထူးခြားတဲ့ ဆေးပင်တစ်မျိုးဖြစ်တဲ့ စိတ်ဝိညာဉ်

ငှက်တောင် နွယ်ပင် ရှိတယ်ဆိုတာကို ကြားဖူးတယ်" သူတို့ စကားပြောနေရင်း လင်းဖုန်းက ရုတ်တရက် မေးလိုက်သည်။

လီယုံပင်း၏ အကြည့်သည် အနည်းငယ် လက်ကနဲ ဖြစ်သွားခဲ့ကာ သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဟုတ်ပါတယ်" သံသရာဂိုဏ်း၏ လမ်းစဥ်ခြောက်သွယ်အနက် လူသားလမ်းစဥ်သည် ဆေးဝါးနှင့် ဆေးပင်များ စိုက်ပျိုးရာတွင် အကောင်းဆုံး ဖြစ်၏။

လင်းဖုန်းက ပြီးတာနှင့် မေးလိုက်သည်။ "ခင်ဗျားတို့ဆီက အပင်အနည်းငယ်လောက် ရနိုင်မလား မသိဘူး။ စိတ်မပူပါနဲ့၊

ကျုပ်ဘက်ကလည်း တန်ဖိုးရှိတဲ့ အရာတွေကို ပြန်ပေးမှာပါ"

လီယုံပင်းက လင်းဖုန်းအား ကြည့်လိုက်ကာ ခေတ္တမျှ တုံ့ဆိုင်းသွားခဲ့ကာ ပြန်ပြောလိုက်သည်။ "မာစတာလင်းက ရက်ရောတဲ့အတွက် ကျွန်တော် လှဲလှယ်ချင်ပါတယ်။ ဒါပေမဲ့ အမှန်အတိုင်း ပြောရရင် ကျုပ်တို့ လူသားလမ်းစဉ်မှာ ပင်စည်တစ်ခုတည်း ရှိတဲ့အတွက် မာစတာလင်းကို ပေးဖို့အတွက် အဆင်မပြေပါဘူး"

ထိုအရာများအတွက် သူသည် လင်းဖုန်းအား လိမ်ရန် အကြောင်းမရှိပေ။ သို့သော်လည်း သံသရာဂိုဏ်း အတွင်းတွင် ပဋိပက္ခများ ဖြစ်လာနိုင်သည့် အတွက် သူသည် အသေးစိတ် အခြေအနေများကို မဖော်ပြခဲ့ပေ။

အစောပိုင်းမှ လမ်းစဉ်ခြောက်သွယ်၏ ပဋိပက္ခ တစ်ခုအတွင်းတွင် လူသားလမ်းစဉ်၏ ဆေးတောင်ကြားသည် အတိုက်ခိုက် ခံလိုက်ရ၍ သူတို့၏ ဆေးပင်တစ်ဝက်ခန့်အား အဖျက်ဆီးခံခဲ့ရသည်။ စိတ်ဝိညာဉ် ငှက်တောင်နွယ်ပင်သည် သိပ်မထိခိုက်ခဲ့သော်လည်း အပင်ပေါက် တစ်ခုသာ ကျန်ရစ်ခဲ့သည်။ အချို့ ရှားပါးသော

ဆေးပင်တို့မှာ လုံးဝကို အဖျက်ဆီး ခံခဲ့ရ၏။
လူသားလမ်းစဥ်သည်လည်း လွန်စွာမှပင်
ဆိုးရှုံးမှု ကြီးမားခဲ့သည်။

ထိုစကားအား ကြားရသောအခါ လင်းဖုန်းသည်
ထိုကိစ္စအား ဆက်မပြောတော့ပေ။
သူ၏ခေါင်းကိုသာ ညိတ်လိုက်၍
ပြောလိုက်သည်။ "ဒါဆိုရင်လည်း ကျုပ်တို့က
နောက်မှ ဆက်ပြောကြတာပေါ့" သူသည်
စိတ်ဝိညာဥ် ငှက်တောင် နွယ်ပင်အား ရယူရန်
လက်တော့ မလျှော့သေးပေ။

အဘယ်ကြောင့်ဆိုသော် စိတ်ဝိညာဥ်
ငှက်တောင် နွယ်ပင်သည် ၃၃ဘုံ ဖန်ဆင်းခြင်း

သက်စောင့်ဆေးလုံး၏ အဓိက ဆေးအမယ်တစ်ခု ဖြစ်နေသောကြောင့် ဖြစ်သည်။

လီယုံပင်းကလည်း ခေတ္တမျှ တွေးလိုက်ကာ လင်းဖုန်းအား ချက်ချင်းငြင်းပယ်ရန်မှာ ရိုင်းသည်ဟု ခံစားမိခဲ့၍ ချက်ချင်းပြောလိုက်သည်။ "မာစတာလင်းမှာ တပည့်ငယ်လေး ရှီထျန်းဟောင်ကို ပေးထားတဲ့ ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုလို့ခေါ်တဲ့ အခြေတည်ဝိညာဉ် အဆင့်က မှော်အိုင်တမ်တစ်ခု ရှိတယ်လို့ ကြားဖူးတယ်"

လင်းဖုန်းက သူ့အားကြည့်လိုက်ကာ
ဖြည်းညင်းစွာနှင့် ခေါင်းညိတ်လိုက်၏။
"ခင်ဗျားက ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖို
အကြောင်းကို သိထားတာလား"

နတ်ရေကန်ဂိုဏ်းမှ ချောင်ဝေက သူ၏
အခြေတည်ဝိညာဉ် အဆင့် မှော်အိုင်တမ်၏
အနောက်သို့ လိုက်နေမှန်းကို သိသောအခါ
သူက စနစ်ကြီး အတွင်းတွင် အသေအချာ
လေ့လာခဲ့သည်။

ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုသည် မူလက
အခြေတည်ဝိညာဉ် အဆင့် မှော်အိုင်တမ်
အစုံတစ်ခုလုံးမှ အစိတ်အပိုင်း တစ်ခုဖြစ်သည်။

သူတို့အားလုံးပေါင်း ကိုးခုရှိ၍ သူတို့အား ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖို မိသားစုကိုးခုဟု ခေါ်ကြသည်။

ထိုမှော်အိုင်တမ် တစ်စုံလုံးသည် မှော်ရတနာ တစ်ခုဖြစ်သော တောင်တန်းမြစ်ပြင် ဟင်းလင်းပြင် ဆေးမီးဖို အတွင်းတွင် ရှိနေကြခြင်း ဖြစ်ကြသည်။ သူ၏ပိုင်ရှင်မှာ အင်မော်တယ် ဝိညာဉ် အဆင့်မှ တောင်တန်းမြစ်ပြင် သူတော်စင်ဟုခေါ်သော သီးသန့်ကျင့်ကြံသူ တစ်ယောက်ဖြစ်၏။

တောင်တန်းမြစ်ပြင် သူတော်စင်သည် နတ်ရေကန်ဂိုဏ်းနှင့် ပဋိပက္ခဖြစ်သွားကာ

သူတို့၏ သတ်ဖြတ်ခြင်းအား ခံလိုက်ရသည်။
တောင်တန်းမြစ်ပြင် ဟင်းလင်းပြင်
ဆေးမီးဖိုသည်လည်း သူတို့၏ လက်အတွင်းသို့
ကျရောက်လာခဲ့သည်။

အမှန်အတိုင်း ပြောရလျှင် တောင်တန်းမြစ်ပြင်
ဟင်းလင်းပြင် ဆေးမီးဖိုသည် မှော်ရတနာ
တစ်ခုဖြစ်၍ နတ်ရေကန်ဂိုဏ်းအတွက်
အဖိုးတန်သည်။ သို့သော်လည်း
အခြေတည်ဝိညာဉ် အဆင့်မှ ဗလာနတ္တိ
အစိမ်းရောင် ဆေးမီးဖိုသည် ထိုမျှ
အရေးမကြီးလှပေ။

ချောင်ဝေက ထိုဗလာနတ္တိ အစိမ်းရောင်
ဆေးမီးဖိုလေးအား ရရှိရန် အသည်းအသန်
ကြိုးစားနေရခြင်းမှာ မခိုးရမနေနိုင်ခြင်း၊
သို့မဟုတ် ပြီးပြည့်စုံလိုသည့် စိတ်ဆန္ဒကြောင့်
မဟုတ်ဟု လင်းဖုန်းက ထင်နေခဲ့သည်။

ထို့အစား တောင်တန်းမြစ်ပြင် ဟင်းလင်းပြင်
ဆေးမီးဖိုသည် ဆေးမီးဖို ကိုးခုစလုံးစုံမှ
အသုံးပြုနိုင်သော အသုံးဝင်မှုများ ရှိသည်ဟု
လင်းဖုန်းက ယုံကြည်နေပေသည်။

စနစ်ကြီး အတွင်းမှ ပေးထားသော
သတင်းအချက်အလက်များမှာ
ပြည့်စုံနေသော်လည်း လင်းဖုန်းသည် ယခုအထိ

ချောင်ဝေ၏ အစစ်အမှန် ရည်ရွယ်ချက်များကို မသိခဲ့ပေ။

လီယုံပင်းက ဖြည်းညင်းစွာနှင့် ပြောလိုက်သည်။ "မာစတာလင်းကလည်း ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုနဲ့ တောင်တန်းမြစ်ပြင် ဟင်းလင်းပြင် ဆေးမီးဖိုတို့ရဲ့ ဆက်သွယ်မှုကို သိတယ်လို့ ထင်ပါတယ်"

လင်းဖုန်းသည် သူ၏မျက်လုံးများကို ပင့်လိုက်ကာ သူ့အားကြည့်လိုက်၍ မေးလိုက်သည်။ "ခင်ဗျားကရော ဘာများသိသလဲ"

"ကျွန်တော့်ကို အထင်မလွဲပါနဲ့၊ မာစတာလင်း။
ကျွန်တော်က ဒီမှော်ရတနာရဲ့
လျှို့ဝှက်ချက်တွေကို မသိပါဘူး" လီယုံပင်းက
သူ၏ခေါင်းကို ခါလိုက်သည်။
"ကျွန်တော်သိထားတာက နတ်ရေကန်ဂိုဏ်းက
အတတ်နိုင်ဆုံး ကြိုးစားပြီးမှ ဆေးမီးဖို ကိုးခုကို
ရှာနေတာပါ။ အခုလောလောဆယ် သူတို့မှာ
ခုနှစ်ခု ရှိနေပါပြီ"

လင်းဖုန်း၏ ရင်သည် အနည်းငယ် ခါသွားခဲ့ကာ
ပြောလိုက်သည်။ "အိုး၊ ခုနှစ်ခု"
သူ၏လက်အတွင်းတွင် ရှိနေသော

တစ်ခုပါလျှင်ပင် ဆေးမီးဖိုတစ်ခု လိုနေသေးသည်။

လီယုံပင်းက လင်းဖုန်းအား ကြည့်လိုက်ကာ လေးနက်စွာနှင့် ပြောလိုက်၏။ "ကျွန်တော်က ပင်ကိုစွမ်းရည် သိပ်မရှိပေမဲ့ ကျွန်တော်က နောက်ဆုံး ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုလေးက ဘယ်မှာရှိနေသလဲ ဆိုတာကို သိထားပါတယ်"

## စာစဉ် ၃၁ : အပိုင်း ၅

## အပိုင်း ၅၇၅ : တိုက်ပွဲတိုက်မည့်နေ့

လင်းဖုန်းသည် လီယုံပင်းအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "အိုး၊ တာအိုရောင်းရင်လီက တစ်ခုခု လိုအပ်တာများရှိရင် ပြောပါ"

"မာစတာလင်းက ဘာမှပေးစရာ မလိုပါဘူး" လီယုံပင်းက သူ၏ခေါင်းအား ခါလိုက်သည်။ "အမှန်အတိုင်း ပြောရရင် ဒါက အတည်ပြုထားတဲ့ သတင်းတစ်ပုဒ် မဟုတ်သေးပါဘူး။ ဒါက မာစတာလင်း တပည့်လေးရဲ့ မကြာခင်ရတော့မယ့် အောင်ပွဲအတွက် ကြိုတင်ပြီး ပေးထားတဲ့ ဂုဏ်ပြုလက်ဆောင်လို့ပဲ သဘောထားလိုက်ပါ"

မျှတစွာ ကုန်သွယ်ခြင်းသည် ကောင်းမွန်၏။
သို့သော်လည်း လီယုံပင်းသည် ရှီးလင်မြို့သို့
ဤတစ်ခေါက် လာရောက်ခြင်းသည်
လင်းဖုန်းနှင့် ဆက်ဆံရေး ကောင်းမွန်စေလို၍
ဖြစ်သည်။ သူ၏ အပြုအမူအရာ
ကွယ်ဝှက်ထားသော အစီအစဥ်များ
ရှိသေးမှန်းကို သိနိုင်ပေသည်။

လင်းဖုန်း၏ လက်ရှိအဆင့်အရ အင်မော်တယ်
ဝိညာဥ် အဆင့်မှ
အကြီးအကဲတစ်ယောက်ဖြစ်သူ
လီယုံပင်းသည်ပင်လျှင် လင်းဖုန်းနှင့်
ပူးပေါင်းဆောင်ရွက်လိုလျှင် နှိမ့်ချစွာနှင့်
အရင်ချဥ်းကပ်ရမည် ဖြစ်သည်။

လင်းဖုန်းက လီယုံပင်းအား ကြည့်လိုက်ကာ ပြုံးလိုက်သည်။ "ခင်ဗျားက သဘောအရမ်းကောင်းတာပဲ။ ကျုပ်ရဲ့တပည့်ကိုယ်စား ကျေးဇူးတင်လိုက်ပါမယ်"

လီယုံပင်း၏ သတင်းမှာ ရိုးရှင်းပေသည်။ သို့သော်လည်း လင်းဖုန်းက ဒါသည် မှန်နိုင်သည်ဟု ယုံကြည်နေ၏။

"ဟိုကောင် ချောင်ဝေက ရှီးလင်မြို့မှာ ရောက်နေတယ်လို့ ကြားထားတယ်။ သူက

ဒီအခြေအနေကို အမြတ်ဝင်ထုတ်ချင်နေတယ် ဆိုတာ သေချာတယ်" လင်းဖုန်းက သူ့ကိုယ်သူ ပြုံးလိုက်သည်။ "ငါကလည်း မင်းကို စောင့်နေပါတယ်"

နတ်ရေကန်ထက်စာလျှင် လင်းဖုန်းက စူတောင်ခေးဂိုဏ်းအား ပို၍ စိုးရိမ်ပေသည်။

ကောင်းကင်လှည်း ခေးစည်းဝေးပွဲတွင် စူတောင်ခေးဂိုဏ်းသည် သူ၏ လုံးဝနီးပါး ဖျက်ဆီးခြင်းကို ခံလိုက်ရ၏။ သူတို့သည် သိက္ခာများ လုံးလုံးကျသွားခဲ့၏။ သို့သော်လည်း ဒါသည် သူတို့၏ အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ ဂိုဏ်းခေါင်းဆောင်

ရှင်းလုံစန်းက တံခါးပိတ်၍
လေ့ကျင့်နေသောကြောင့် ဖြစ်၏။

စူတောင်ခေးဂိုဏ်း၏ သူတော်စင်
ကောင်းကင်ခေးချီသည် လင်းဖုန်းအား
စိုးရိမ်စေသကဲ့သို့ စူတောင်ခေးဂိုဏ်းကလည်း
လင်းဖုန်း၏ ကောင်းကင်ဖျက်ဆီး ခေးချီအား
ထိတ်လန့်နေ၏။ အကယ်၍
စူတောင်ခေးဂိုဏ်းက မပေါ်လာလျှင်
ကောင်းသော်လည်း ရှင်းလုံစန်းကသာ
ပေါ်လာခဲ့ပါက သူသည် တံခါးပိတ်လေ့ကျင့်မှုမှ
အသီးအပွင့်များ ရခဲ့ခြင်းကြောင့်
ဖြစ်ပေလိမ့်မည်။

ထိုအချိန်တွင် စူတောင်ခေါ်းဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့၏ ပူးပေါင်းဖိအားများဖြင့် မြင့်မြတ်နယ်မြေ နှစ်ခုတို့သည် လင်းဖုန်းအား ချောင်ပိတ်ရိုက်မည် ဖြစ်၏။ နတ်ဘုရားနယ်မြေ တစ်ခုလုံးတွင် ဟင်းလင်းပြင် ဘုရားကျောင်းမှလွဲ၍ ဤကဲ့သို့သော ဖိအားများကို ရင်ဆိုင်နိုင်သူ မရှိနိုင်ပေ။

"ငါက ထပ်ပြီးတော့ ပြင်ဆင်မှုတွေ လုပ်ရဦးမယ်" လင်းဖုန်းက တွေးနေခဲ့သည်။ "ငါက ဒီလိုမျိုး အခြေအနေကို ကိုင်တွယ်နိုင်မလား ဆိုတာက မသေချာဘူး"

သူသည် ညှော့သည်များကို ညှော့ခံ၍
ပြီးသွားသောအခါ လင်းဖုန်းသည်
သူ၏အခန်းအတွင်းတွင် ငြိမ်သက်စွာနှင့်
ထိုင်နေခဲ့သည်။ သို့သော်လည်း ရုတ်တရက်
သူ့ကိုတွေ့ချင်သူ တစ်စုံတစ်ယောက်က
ပေါ်လာခဲ့သည်။

လူနှစ်ယောက်လာခဲ့သည်။
ယောကျ်ားလေးသည် အနည်းငယ်
အသက်ပိုကြီး၍ ၁၇နှစ်ခန့် ရှိသည်။ သူ၏
အသားအရေမှာ ညိုမှောင်ကာ အရပ်ရှည်ရှည်
ပိန်ပိန်ပါးပါးနှင့် ဖြစ်၏။ သူ၏ မျက်နှာတွင်
လေးနက်သော အမူအရာများ ရှိနေခဲ့၏။
သူသည် လီယွမ်ဖန်း ဖြစ်သည်။

ကောင်မလေးမှာ အနည်းငယ် ပိုငယ်၍
၁၇နှစ်ခန့်သာ ရှိသေးသည်။ သူမသည်
အနီရောင် ဝတ်စုံအား ဝတ်ထားကာ
သေးသေးငယ်ငယ်နှင့် ချစ်စရာကောင်း၏။
သူမသည် လော်ချင်းဝူ ဖြစ်သည်။

သူတို့နှစ်ယောက်သားတို့သည် လင်းဖုန်း၏
အခန်းပြင်တွင် ဆုံမိကြသည်။
လိုလီတာလေးသည် အနည်းငယ်
ကသိကအောက် ဖြစ်နေသော်လည်း
လီယွမ်ဖန်းနှင့် လိုက်လာခဲ့သည်။
သူ့အားတွေ့လိုက်ရသောအခါ
သူတို့နှစ်ယောက်စလုံးတို့သည် လင်းဖုန်း၏

အရှေ့တွင် ဒူးထောက်လိုက်ကြကာ
ဦးညွှတ်လိုက်ကြ၏။

သူမ၏ ဆုံးဖြတ်ချက်ကို ကြေညာအပြီးတွင်
လိုလီတာလေးသည် အတော်ပို၍
ပွင့်လင်းလာခဲ့သည်။ သူမက ပြောလိုက်၏။
"ကျွန်မက စီနီယာရဲ့ဂိုဏ်းအတွင်းကို
ဝင်ချင်ပါတယ်။ ကျွန်မက စီနီယာရဲ့
အဆုံးအမတွေကို နားထောင်ပါမယ်။
ကျေးဇူးပြုပြီး ကျွန်မကို လက်ခံပါ။
ကြိုးစားအားထုတ်ပြီး
လိမ်လိမ်မာမာနေပါမယ်လို့ ကတိပြုပါတယ်"

ဒါသည် လော်ချင်းဝူ၏ အကြီးမားဆုံးသော မျှော်လင့်ချက် အိမ်မက်ဖြစ်၏။ အကယ်၍ လင်းဖုန်းသည် သူမအား ယခုအချိန်တွင် သဘောမတူသေးလျှင်လည်း သူမသည် သူ့ဂိုဏ်းအတွင်းသို့ ဝင်ရောက်နိုင်သည် အထိ တောင်းဆိုမည် ဖြစ်သည်။ ထို့အတွက် သူမသည် အရာအားလုံးတို့အား စွန့်လွှတ်ရန် အသင့်ရှိပေသည်။

လီယွမ်ဖန်း၏ အကြည့်သည် လော်ချင်းဝူ၏ အပေါ်သို့ ကျရောက်သွားခဲ့သည်။ သူသည်လည်း လင်းဖုန်းထံသို့ ဦးညွှတ်လိုက်ကာ သူ၏ခေါင်းကို မော့လိုက်သည်။ သူက လေးနက်စွာနှင့် ပြောလိုက်၏။

"စီနီယာရဲ့ သင်ပြမှုတွေကြောင့် ကျွန်တော်က အကျိုးအမြတ် အများကြီး ရခဲ့ပါတယ်။ ကျွန်တော်က စီနီယာကို ပြန်လည်ပေးဆပ်နိုင်ဖို့လည်း ဘာမှမရှိတဲ့အတွက် အများကြီးလည်း မတောင်းဆိုရဲပါဘူး။ ကျွန်တော်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဝင်ချင်ပါတယ်။ ကျွန်တော်က စီနီယာရဲ့ အဆုံးအမတွေကို နာခံပြီး ဂိုဏ်းရဲ့ အမှုကိစ္စတွေကို ထမ်းရွက်ပါမယ်။ စီနီယာက စာနာထောက်ထားပြီး ကျွန်တော့်ကို လက်ခံပေးပါ"

ပြီးတာနှင့် လီယွမ်ဖန်းသည် ထပ်ဖန်တစ်ခါ
သူ၏ခေါင်းကို ကြမ်းပြင်နှင့် ထိသည်အထိ
လေးနက်စွာနှင့် ဦးညွှတ်လိုက်၏။

သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
အပေါ်တွင် အကြွေးများစွာ တင်နေခဲ့ပြီး
ဂိုဏ်းအပေါ်တွင် သံယောဇဉ် ရှိနေခဲ့ပြီ
ဖြစ်သည်။ ထို့ကြောင့် တင်းရန်ဖုန်းက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကို စော်ကားသောအခါ
သူက ကိုယ်ပိုင် စိတ်ဆန္ဒဖြင့် ထွက်၍
ရင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

သူသည် လင်းဖုန်း၏ တပည့်အဖြစ်
မခံယူရလျှင်လည်း ကိစ္စမရှိချေ။ သူသည်

လင်းဖုန်း၏ အကြေွးများစွာ
တင်နေသောကြောင့် ကုန်အောင်
ပြန်လည်ဆပ်ရန် မဖြစ်နိုင်ချေ။ အကယ်၍ သူက
လင်းဖုန်း၏ ဂိုဏ်းအတွင်းသို့ ဝင်လိုက်ပါက
တစ်ခုခု လိုအပ်လျှင် သူက
ကျေးဇူးဆပ်နိုင်သည့်
အခွင့်အရေးရှိသောကြောင့် ဖြစ်သည်။

တင်းရန်ဖုန်းက လီယွမ်ဖန်းကဲ့သို့သော
အမှန်တကယ် ရိုးဖြောင့်သည့်သူအား
လင်းဖုန်း၏ တပည့် မဟုတ်ဟု
ပြောလိုက်သောအခါ သူသည် အလွန်အမင်း
မပျော်မရွှင် ဖြစ်သွားခဲ့သည်။ နောက်ဆုံးတွင်
သူသည် သူ၏ အလုပ်မှာ

တံမြက်စည်းလှည်းရသည့် အလုပ်ပင်
ဖြစ်စေကာမူ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
အတွင်းသို့ ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့၏။

သူ၏အရှေ့မှ လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့
နှစ်ယောက်စလုံးတို့အား ကြည့်လိုက်ကာ
လင်းဖုန်းက ပြုံးလိုက်သည်။ သူ၏
မှော်စွမ်းအင်များဖြင့်
သူတို့နှစ်ယောက်စလုံးတို့အား ထူမပေးခဲ့၏။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
ကောင်းကင်အောက်က ပါရမီရှင်တွေ
အားလုံးကို လက်ခံတယ်။ မင်းတို့နှစ်ယောက်က
ဂိုဏ်းအတွင်းကို ဝင်ချင်တယ်ဆိုတော့

ငါကလည်း မငြင်းပယ်ပါဘူး။ ဒါပေမဲ့ အသေးစိတ် အခမ်းအနားကိုတော့ တောင်ပေါ်ရောက်မှပဲ ဆွေးနွေးကြစို့။ အခုလောလောဆယ်မှာ ထျန်းဟောင်ကို အားပေးဖို့ပဲ အာရုံစိုက်ထားကြပါ"

လင်းဖုန်းက ပြုံးလိုက်၏။ "ထျန်းဟောင်နဲ့ ရှီထျန်းရီတို့ရဲ့ တိုက်ပွဲဟာ မင်းတို့နှစ်ယောက်တို့အတွက် သင်ယူနိုင်ဖို့ အခွင့်အရေးကောင်း တစ်ရပ်ဖြစ်တယ်။ ဒါ့ကြောင့် သေချာအာရုံစိုက်ထားကြပါ"

လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့က လင်းဖုန်းထံသို့ ဦးညွှတ်လိုက်ကာ ပြောလိုက်ကြသည်။
"ဟုတ်ကဲ့ပါ၊ ဆရာသခင်"

အချိန်သုံးရက်တို့က လွန်မြောက်သွားပြီး၍ တိုက်ပွဲနေ့ရက် ကျရောက်လာပေပြီ။ ရှီထျန်းဟောင်နှင့် ရှီထျန်းရီတို့၏ အကြားမှာ ကြမ္မာပန်းတိုင် တိုက်ပွဲသည် ယခုအခါတွင် စတင်တော့မည် ဖြစ်သည်။

လင်းဖုန်းသည် သူ၏အခန်းအတွင်းမှ ထွက်လိုက်ကာ အပြင်မှ ဥယျာဉ်သို့ ထွက်လိုက်၏။ ပြင်ပတွင် သူ၏ လက်ရင်းတပည့်များနှင့်အတူ လူအုပ်ကြီးဖြင့်

ပြည့်နေခဲ့သည်။ ပါရမီ ဇန်မာစတာက
ဦးဆောင်ကာ အားလုံးတို့သည်
သူ့အားစောင့်နေကြခြင်း ဖြစ်သည်။

"သွားကြစို့" လင်းဖုန်းက ပြုံးလိုက်ကာ သူ၏
မှော်စွမ်းအင်ဖြင့် အားလုံးတို့အား
ရစ်ပတ်လိုက်သည်။ မျက်စိတစ်မှိတ်
အတွင်းတွင် သူတို့သည် အဆုံးမဲ့
ဟင်းလင်းပြင်အား ကျော်ဖြတ်သွားကာ
တော်ဝင်နန်းတော်၏ ပြင်ပသို့
ရောက်ရှိသွားခဲ့သည်။

"မင်္ဂလာပါ" လင်းဖုန်းက ဆင်းသက်လိုက်
အပြီးတွင် ရှီကျုံးယွဲ့နှင့် ဆီးနှင်းပျံ

ခေါးမာစတာတို့အား နှုတ်ဆက်လိုက်သည်။
ပြီးတာနှင့် သူ၏အကြည့်သည် အိမ်ရှေ့မင်းသား
ရှီချုံးယွမ်၏ အပေါ်သို့ ကျရောက်သွားခဲ့၏။

မာနကြီး၍ မောက်မာသော
အိမ်ရှေ့မင်းသားသည် လင်းဖုန်းက
ရှင်းယွင်တောင်ထိပ်အပေါ်တွင်
နောက်ဆုံးတွေ့ခဲ့ချိန်နှင့် စာလိုက်လျှင်
အတော့်ကို ရိုကျိုးနေခဲ့ပြီ ဖြစ်သည်။
သို့သော်လည်း သူသည် ပို၍ မဖြောင့်မမတ်
ဖြစ်လာခဲ့သည်။ လင်းဖုန်းအား တွေ့လိုက်သော်
သူသည် ရှီရှင်းယွမ်နှင့်အတူ သူ့အား
ဦးညွတ်လိုက်၏။

လင်းဖုန်း၏ ခြေထောက်နှင့် မြေကြီးနှင့် ထိပြီးသွားသော် သူသည် ရှောင်ယန်နှင့် ကျန်သောသူများအား ထုတ်လွှတ်လိုက်သည်။ ရှောင်ယန်သည် ရှီချုံးယွမ်အား ကြည့်လိုက်ကာ သူ၏မျက်နှာ အပေါ်တွင် ထူးခြားသော အမူအရာတစ်ခု ပေါ်လာခဲ့၏။

ရှီချုံးယွမ်သည် သူ၏ မှော်စွမ်းအင်တို့အား မဖော်ပြနေခဲ့သော်လည်း ရှောင်ယန်သည် သူက အချိန်ကို မဖြုန်းနေခဲ့ဟု ခံစားနေရသည်။ သူသည် အခြေတည်ဝိညာဥ် အလယ်အလတ် အဆင့်သို့ ရောက်ရှိသွားကာ ကောင်းကင်ကိုးလွှာမှ သန့်စင်သောလေကို လက်ခံနိုင်ခဲ့ပြီ ဖြစ်၏။

သို့သော်လည်း ရှင်းယွင်တောင်ထိပ်မှနေ့နှင့် ယှဉ်လိုက်လျှင် ရှောင်ယန်သည်လည်း အလျှင်အမြန် တိုးတက်လာခဲ့၏။ ရှီချုံးယွမ်၏ စွမ်းအားများသည် သာမန် အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်မှ ကျင့်ကြံသူများထက် များစွာသာသော်လည်း ရှောင်ယန်သည် သူ့အား တစ်ယောက်ချင်း တိုက်ပွဲတွင် ပြင်းထန်စွာ ရိုက်နှက်နိုင်စွမ်း ရှိပေသည်။

အကယ်၍ သူကသာ ရန်မစခဲ့လျှင် ရှောင်ယန်နှင့် ယွဲ့ဟုန်ယန်တို့ကလည်း သူ့အား ဂရုစိုက်နေမည် မဟုတ်ချေ။ အားလုံးတို့သည် ပုံမှန်အတိုင်းသာ ဆက်ဆံကြမည် ဖြစ်၏။

ရှီရှင်းယွမ်သည် ဘေးမှနေ၍ ထိုမြင်ကွင်းကို မြင်လိုက်ရသော် သူမ၏ခေါင်းကို ခါလိုက်ကာ ရယ်မောလိုက်သည်။

ရှီကျုံးယွဲ့သည် ရှီချုံးယွမ်၏ အပြုအမူကို အသာကြည့်လိုက်ကာ ခေါင်းကိုညိတ်လိုက်၏။ ပြီးတာနှင့် လင်းဖုန်းဘက်သို့ ကြည့်လိုက်ကာ ပြောလိုက်သည်။ "မာစတာလင်း၊ ကျေးဇူးပြုပြီး ကြွပါ"

ပြီးတာနှင့် ရှီကျုံးယွဲ့သည် သူ၏လက်ခုပ်အား တီးလိုက်ရာ အဆောင်လက်ဖွဲ့ တစ်ခုက

လေပေါ်သို့ ပြန်သွားခဲ့ကာ အလင်းတန်းများဖြင့် တောက်ပလာခဲ့သည်။ မကြာမီတွင် သူသည် အတွင်းမှ အနီရောင် အလင်းတန်းများ ဖြာကျနေသည့် အလင်းရောင် ဝင်ပေါက်တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့၏။

ထိုအလင်းရောင် ဝင်ပေါက်သည် ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းသို့ဝင်ရန် တံခါးဖြစ်၏။

ဒါသည် တခြားနေရာများနှင့် ကွဲပြားနေသော သီးသန့်လေဟာနယ် ဖြစ်သည်။ သူသည် သူ့ဘာသာသူ အလယ်ကမ္ဘာတစ်ခုနှင့် တူနေခဲ့ကာ သူ၏ ပတ်ဝန်းကျင်များသည်

အခြားနေရာများနှင့် ကွဲပြားပေသည်။
ကောင်းကင်ကြီးမှာ နီရဲနေခဲ့၏။

အနီရောင် ကောင်းကင်မှလွဲ၍
ဤရှေးဟောင်းနယ်မြေ အတွင်းတွင်
ထူးခြားသော အောင်ရာများစွာတို့ ရှိကြသည်။
စိတ်ဝိညာဉ် စွမ်းအင်သည် ထူးခြားနေခဲ့ကာ
ပုံစံတစ်မျိုးဖြင့် လည်ပတ်နေခဲ့၏။

လင်းဖုန်းက သူ့အား ခေတ္တမျှ ခံစားလိုက်ကာ
တွေးလိုက်သည်။ "ရှေးပဝေသဏီမှ
နတ်နဂါးတွေက ပြောင်းသွားကြတာ
အဆန်းတော့ မဟုတ်ပါဘူး။ ဒီက စိတ်ဝိညာဉ်
စွမ်းအင်တွေက မိစ္ဆာတွေ ကျင့်ကြံဖို့

မသင့်တော်ဘူး။ သူက ကစဉ့်ကလျား ဖြစ်နေတယ်လို့ ထင်နေရပေမဲ့ ပုံစံတွေ၊ စည်းချက်တွေ အရတော့ လူသားကျင့်ကြံသူတွေနဲ့ ပိုသင့်တော်တယ်"

"အမှန်အတိုင်း ပြောရရင် လူသားတစ်ဝက် နဂါးတစ်ဝက် သက်ရှိတွေအတွက် ကျင့်ကြံဖို့ အသင့်တော်ဆုံးပဲ ဖြစ်တယ်"

အနီရင့်ရောင် အလင်းတန်းသည် အဖြူ၊ အစိမ်း၊ အနက်၊ အနီနှင့် အဝါရောင် အလင်းတန်းများဖြင့် တစ်ခါတစ်ရံ လင်းလက်လာခဲ့သည်။ သူတို့သည် တောက်ပလှကာ ပျံသန်းနေသည့်

နဂါးတစ်ကောင်အလား မျက်စိကျဖွယ်ရာ ကောင်းလှပေသည်။

ဒါသည် သာမန်ပုံရိပ်ယောင်တစ်ခု မဟုတ်ချေ။ အတွင်းတွင် နဂါးတစ်ကောင်၏ စွမ်းအားများကို ခံစားနိုင်သည်။ ဒါသည် ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းမှ စိတ်ဝိညာဉ် စွမ်းအင်များနှင့် လက်ကျန် နဂါးအော်ရာတို့၏ ပေါင်းစည်းမှုမှ ဖြစ်ပေါ်လာခြင်း ဖြစ်၏။

အချို့နဂါးအော်ရာများမှာ အလွန်အမင်းကို အစွမ်းထက်၍ မသေဝိညာဉ်ကို ဖန်ဆင်းပေးသည့် နဂါးဘုရင်များမှ ကျန်နေခဲ့သည့် အော်ရာများ ဖြစ်ပေလိမ့်မည်။

ထိုစွမ်းအားကြီးသည့် အောင်ရာများနှင့် စိတ်ဝိညာဉ် စွမ်းအင်တို့၏ ပူးပေါင်းမှုများမှ ဖြစ်ပေါ်လာသော ထိုအလင်းတန်း နဂါးများသည် တကယ်နဂါးအစစ်အလား ဖြစ်နေပေသည်။

လင်းဖုန်းနှင့် ကျန်သောသူများက ရင်သက်ရှုမောစွာ ကြည့်နေကြစဉ်တွင်ပင် သူတို့သည် ဤနေရာက မဟာချင် အင်ပါယာ၏ နဂါးသဘာဝကို ဖန်ဆင်းသည့်နေရာ ဖြစ်ကြောင်းကို သဘောပေါက်လိုက်ကြ၏။ ယုကျင်းတောင်နှင့် ယှဉ်လိုက်လျှင် သူသည် တကယ့်ကို ကွဲပြားခြားနားပေသည်။

ဒုတိယမျိုးဆက်များနှင့်တကွ ရှောင်ကျန်းအာ၊ လီယွမ်ဖန်း၊ လော်ချင်းဝူနှင့် ကျွင်းကျိနင်တို့သည် ထိုမြင်ကွင်းအား စိတ်ဝင်တစားဖြင့် ကြည့်နေကြသည်။

သို့သော်လည်း ရှောင်ယန်နှင့် သူ၏ဂိုဏ်းတူမောင်နှမများ၊ ထွမ်းထွမ်းနှင့် ကျူးကော်ဖန်းလင်တို့သည် အခြားတစ်ခုအား ပို၍ အာရုံစိုက်နေကြ၏။

သူတို့အားလုံးတို့သည် ဘေးပတ်ပတ်လည်ကို ကြည့်လိုက်ကြကာ စုဝေးလိုက်ကြ၍ တစ်ခုခုကို တီးတိုးပြောဆိုလိုက်ကြသည်။

ရှီချုံးယွမ်နှင့် ရှီရှင်းယွမ်တို့ကလည်း စိတ်ဝင်စားသွားကြသည်။ ရှီရှင်းယွမ်က သူတို့၏ အနားသို့ ကပ်သွားခဲ့၏။ ရှီချုံးယွမ်ကလည်း ရှက်အမ်းအမ်းဖြင့် သူတို့၏ စကားတို့အား နားထောင်ရန် သူမ၏ ခြေလှမ်းများ အနောက်သို့ လိုက်လာခဲ့သည်။

"မဟုတ်သေးပါဘူး။ ငါတို့က ဘာဖြစ်လို့ အဖျက်ဆီးခံထားရတဲ့ အရိပ်အယောင်တွေ မတွေ့ပါလား။ ဒီကောင်းကင်နဂါး ရှေးဟောင်းနယ်မြေက ပြန်လည်ပြုပြင်နိုင်တဲ့ စွမ်းရည်တွေ ရှိနေလို့များလား"

ထွမ်းထွမ်း၏ နှုတ်ခမ်းများမှာ တွန့်သွားခဲ့၍
ပြောလိုက်သည်။ "ဒါက မဖြစ်နိုင်ဘူး။
တစ်နေရာရာမှာ ဖုံးကွယ်ထားတာ ဖြစ်ရမယ်။
ငါတို့က မတွေ့သေးတာပဲ ဖြစ်ရမယ်"

ကျူးကော်ဖန်းလင်က ဘေးကို သိချင်စိတ်
ပြင်းပြစွာဖြင့် ကြည့်လိုက်ကာ ပြောလိုက်၏။
"ငါက တကယ်ကို တစ်ခုခုမှားနေတဲ့
အရိပ်အယောင်တွေကို မတွေ့ဘူး။ တကယ့်ကို
ထူးဆန်းတာပဲ"

ဆီးနှင်းပုံ့ ဓားမာစတာသည် သူတို့
တီးတိုးတီးတိုး ပြောနေကြသည်ကို

ကြည့်လိုက်ကာ မေးလိုက်သည်။ "ဘာတွေများ ဖြစ်နေလို့လဲ"

"မဟုတ်ဘူး၊ ဘာမှ မဟုတ်ပါဘူး" ရှောင်ယန်က ချက်ချင်းပင် ငြင်းဆန်လိုက်သည်။ ပြီးတာနှင့် သူက သူ့ကိုယ်သူ တီးတိုးရေရွတ်လိုက်၏။ "သုံးရက်တောင် ရှိသွားပြီ။ မဟုတ်သေးပါဘူး။ ဒီကနေ့မနက်မှာ နေက အနောက်ကများ ထွက်လာတာများလား"

ဆီးနှင်းပုံ ခေါ်မာစတာနှင့် ရှီချုံးယွမ်တို့မှာ စိတ်ရှုပ်ထွေးသွားကြသည်။ ပြီးတာနှင့် သူတို့သည် ရှီကျုံးယွဲ့နှင့် ရှီရှင်းယွမ်တို့၏ နှုတ်ခမ်းများမှာ တွန့်သွားခဲ့သည်ကို

တွေ့လိုက်ရ၏။ ရှီကျုံးယွဲ့၏ မျက်နှာသည် စိတ်မကောင်းစရာ တစ်ခုခုကို တွေးမိလိုက်သကဲ့သို့ မည်းမှောင်သွားခဲ့ကာ ရှီရှင်းယွင်သည် ခါးသီးစွာဖြင့် ပြုံးလိုက်သည်။

"ညီမလေး၊ သူတို့က ဘာတွေကိုများ ပြောနေကြတာလဲ" ရှီချုံးယွမ်က ရှီရှင်းယွမ်အား စိတ်ချင်းဆက်သွယ်၍ မေးလိုက်သည်။

ရှီရှင်းယွမ်က သက်ပြင်းချလိုက်၏။ "သူတို့က ရှီထျန်းဟောင်က ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အထဲကို ဝင်လာပြီးတော့ ဒီနေရာမှာ မသောင်းကျန်းထားခဲ့လို့ အံ့သြနေကြတာ"

အတိတ်က အတွေ့အကြုံများအရ ဤသို့နေရာသည့် ယခုအချိန်တွင် ဝရန်းသုန်းကား ဖြစ်နေလောက်ပြီ ဖြစ်၏။

ရှီချုံးယွမ်သည် သူ၏ပါးစပ်ကို ဟလိုက်သော်လည်း ဘာစကားမှ ထွက်မလာခဲ့ချေ။

"ဒီကောင်စုတ်လေးက နောက်ဆုံးမှာ ရင့်ကျက်လာပြီလား" ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေး၊ ရှေးဟောင်း ဟွမ်ဟိုင်ကမ္ဘာနှင့် ခွန်းဖန် လျှို့ဝှက်ကျမ်းစာ အတွင်းတွင်

ရှီရှင်းယွမ်သည် ရှီထျန်းဟောင်က
ဖျက်ဆီးမှုဘုရင် ဖြစ်သည်ကို
မျက်မြင်ကိုယ်တွေ့ တွေ့ထားခဲ့သည်။
ထို့ကြောင့် သူမသည် ကောင်းကင်နဂါး
ရေးဟောင်းနယ်မြေ အတွင်းသို့
လှည့်ပတ်ကြည့်နေရင်း နှလုံးခုန်
မြန်လာခဲ့သည်။

အန်းလျှန်မင်းသား ရှီကျုံးယွဲ့သည်
အစောကြီးကတည်းက
ကြည့်ရှုစစ်ဆေးနေခဲ့ခြင်း ဖြစ်သည်။ သူသည်
ဤနေရာကို တစ်လက်မမကျန် အသေအချာ
ပိုက်စိတ်တိုက် ရှာဖွေကြည့်ရှုနေခဲ့၏။

# စာစဥ် ၃၁ : အပိုင်း ၆

## အပိုင်း ၅၇၆ : ငါက သက်ညှာခဲ့ရင်တောင် မင်းက အရိုက်နှက်ခံရဦးမှာပဲ

"မှည့်ခါနီး ဖြစ်နေတဲ့ နဂါးအကြော မြက်ပင်နဲ့ စုဟွမ်အသီး၊ တခြား စိတ်ဝိညာဉ် ဆေးပင်တွေက အစားမခံခဲ့ရဘူး"

"သွေးရော ရေပြင်နဂါးတွေကလည်း အချက်စား မခံခဲ့ရဘူး"

"နဂါးသွေး စိတ်ဝိညာဥ် ရေပန်းကလည်း
အဖျက်ဆီး မခံခဲ့ရဘူး"

ရှီကျုံးယွဲ့နှင့် ရှီရှင်းယွမ်တို့သည်
ဘေးပတ်ဝန်းကျင်အား အကဲခတ်နေခဲ့ကြကာ
တစ်ခုမှ ပုံမပျက်ကြောင်းကို
တွေ့ရှိလိုက်ရသည်။
သူတို့နှစ်ယောက်စလုံးတို့သည်
အံ့အားသင့်နေကြကာ မယုံနိုင်အောင်
ဖြစ်နေကြ၏။

ရှောင်ယန်နှင့် အခြားတပည့်များသည်လည်း
သူတို့၏ မျက်လုံးများကို ပွတ်သပ်နေကြကာ

ပြောလိုက်သည်။ "နေမင်းက တကယ်ကိုပဲ အနောက်ဘက်ကနေ ထွက်လာတာလား"

ဇူရီက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဂျူနီယာလေးက ကြီးပြင်းလာတော့ သူက အရင်ကလိုမျိုး ပြဿနာတွေကို မရှာခဲ့တော့ဘူး"

ယန်ချင်ကလည်း ခေါင်းညိတ်ကာ ထောက်ခံလိုက်၏။ "ဒီကနေ့ဟာ သူ့အတွက် နေ့ထူးနေ့မြတ် ဖြစ်တယ်။ သူက တခြားကိစ္စတွေကို ဂရုစိုက်ဖို့ အားမယ်လို့ မထင်ဘူး"

"မဖြစ်နိုင်ဘူး" ထွမ်းထွမ်းက အော်ဟစ်လိုက်၏။ "ကျွန်မက သူနဲ့ လောင်းထားခဲ့တယ်။ သူက သောင်းကျန်းမှုတွေ မလုပ်ခဲ့ရင် ကျွန်မက အငတ်ခံရမယ်"

ရှောင်ယန်၏ နှုတ်ခမ်းများမှာ တွန့်သွားခဲ့ပြီး ပြောလိုက်သည်။ "တောင်တန်းနဲ့ မြစ်ပြင်တွေက ပြောင်းလဲသွားနိုင်ပေမဲ့ တစ်ယောက်ရဲ့ ကိုယ်ကျင့်စရိုက်တွေက မပြောင်းလဲနိုင်ဘူး။ မင်းလား အငတ်ခံမှာ။ မင်းကို ယုံကြည်တဲ့သူက အရှုံးပဲ။ ပြီးတော့ ဂျူနီယာလေးက ဒီလောက်အထိ လိမ္မာလိမ့်မယ်လို့ မထင်ဘူး။ တစ်ခုခုက

မှားနေပြီလို့ ထင်နေတယ်။ ငါတို့က ရှာမတွေ့သေးတာပဲ ဖြစ်ရမယ်"

ရှီချုံးယွမ်က သက်ပြင်းချကာ ပြောလိုက်သည်။ "ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေက ပြုစားချက်တွေနဲ့ ပြည့်နေတယ်။ တကယ်လို့သူက သောင်းကျန်းချင်နေရင်တောင်မှ သူ..."

ပြီးတာနှင့် ရှီချုံးယွမ်၏ အသံမှာ တိုးသွားခဲ့သည်။ သူသည် တစ်စုံတစ်ခုအား စဥ်းစားမိခဲ့သကဲ့သို့ ဖြစ်၏။

တစ်ချိန်တည်းမှာပင် ရှီကျုံးယွဲ့၏ မျက်နှာမှာ ချက်ချင်းပြောင်းသွားခဲ့၏။ ရှီချုံးယွမ်မှာလည်း တုန်လှုပ်သွားသည့်ပုံ ပေါက်နေခဲ့သည်။
"မဟုတ်မှလွဲရော"

ရှီကျုံးယွဲ့သည် လင်းဖုန်းအား အသိပင် မပေးနိုင်တော့ပဲ အရှေ့သို့ အမြန်ထွက်သွားခဲ့သည်။ လင်းဖုန်းနှင့် ကျန်သောသူများကလည်း သူ၏အနောက်မှ ထပ်ကြပ်မကွာ လိုက်လာခဲ့ကြ၏။ လျှင်မြန်စွာနှင့်ပင် သူတို့၏ အရှေ့တွင် ကြီးမားသော အဆောက်အအုံ တစ်ခု ပေါ်လာခဲ့သည်။

လင်းဖုန်းသည် ထိုနေရာကို ကြည့်လိုက်ကာ ထူးဆန်းနေသည်ဟု သတိပြုမိလိုက်သည်။ သူသည် သဲနာရီပုံစံကဲ့သို့ ဖြစ်၏။

သူ့အား မညီမညာ ဖြစ်နေသော ကျောက်တုံးများဖြင့် တည်ဆောက်ထားခဲ့ခြင်း ဖြစ်သည်။ သူ၏အောက်ခြေသည် ကြီးမားကာ အလယ်ပိုင်းက သေးသိမ်နေ၏။ သူသည် အနီရောင် မိုးကောင်းကင် အပေါ်သို့ သစ်ပင်အမိုး တစ်ခုအလား ထိုးတက်သွားခဲ့သည်။ သို့သော်လည်း သူသည် အရွက်များ မရှိခဲ့ပဲ ကျောက်တုံးများသာ ရှိနေခဲ့၏။

ထိုဖွဲ့စည်းပုံ၏ အပေါ်တွင် အရောင်ငါးမျိုး
နဂါးအော်ရာတို့သည် အရပ်မျက်နှာ
လေးဘက်စလုံးသို့ ပျံ့နှံ့နေခဲ့၍ ကောင်းကင်နှင့်
တိုက်ရိုက်ဆက်သွယ်နေခဲ့သည်။

ထိုတည်ဆောက်မှုများ အကြားတွင်
တစ်ယောက်သည် ထူထဲသော
အဖြူရောင်အရိုးများကို တွေ့နိုင်သည်။
ထိုအဖြူရောင် အရိုးများ အကြားတွင်
မင်္ဂလာတိမ်တိုက်များက ရစ်ပတ်နေကြ၏။
သူတို့သည် အစစ်အမှန် နဂါးတို့၏ အရိုးများ
ဖြစ်ကြသည်။

ထိုတည်ဆောက်မှုများမှ အောက်သို့
ထွင်းထုထားသော အပိုင်းသည်
တောင်ကြားတစ်ခု၏ အောက်ခြေမှ
ရေအိုင်အလား ဖြစ်နေခဲ့သည်။
သူ၏အလယ်တွင် တစ်ယောက်သည်
တောင်တန်းများ၊ ရေကန်များဖြင့်
အလွန်ကျယ်ပြန့်သော ကုန်းမြေတစ်ခုအား
တွေ့နိုင်၏။

ဤအဆောက်အအုံသည် လွန်စွာပင်
ကြီးမားကျယ်ပြန့်သည်။ သူသည် သာမန်
တောင်တစ်လုံးထက်ပင် ပိုကြီးသေးသည်။

ရေအိုင်များ၏ အပေါ်ဘက်တွင်
နေရာလွတ်နေသော ထိုင်ခုံများစွာတို့ ရှိကြ၏။
ထိုထိုင်ခုံတို့သည် ကြီးမားသော်လည်း
ကျဉ်းမြောင်းသည်။ သူသည်
မီတာအနည်းငယ်သာ အနံရှိသော်လည်း
သူ၏အလျားမှာ မီတာပေါင်း ရာနှင့်ချီ၍
ရှည်ပေသည်။

ရေအိုင်ပတ်ပတ်လည်တွင် လေးထောင့်နှင့်
စက်ဝိုင်းပုံ အပေါက်လေးများ
များစွာတို့ရှိပေသည်။

ထိုနေရာတွင် ကောင်းကင်ပေါ်သို့
ထိုးတက်နေသည့် ဧရာမ
ကျောက်တိုင်လုံးများကိုလည်း တွေ့နေရသည်။

လွတ်နေသော ထိုင်ခုံများဖြစ်စေ၊
ကျောက်တိုင်လုံးများ ဖြစ်စေ၊ သူတို့သည်
ရှေးဟောင်းကျလှပေသည်။ တစ်ယောက်သည်
နဂါးအကြေးခွံများမှ ကျန်နေရစ်သည့်
အမှတ်များကိုပင်တွေ့နိုင်သေးသည်။

"ဒါက နဂါးတိုက်ပွဲ စင်မြင့်လား" ရှောင်ယန်က
သူ့ကိုယ်သူ ရေရွတ်လိုက်သည်။
"ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေရဲ့

အလယ်ဗဟိုက ဈေးပဝေသဏီမှ နတ်နဂါးတွေ အနားယူပြီး တိုက်ခိုက်ကြတဲ့ နေရာဖြစ်တယ်"

သူသည် မြေပြင်နှင့် ကျောက်တိုင်လုံးများကို ကြည့်လိုက်သည်။ "ဒါတွေက နဂါးတွေ ကိုယ့်ကိုယ်ကိုယ် ထိုင်ဖို့လုပ်ထားတဲ့ နေရာများလား။ သူတို့က မြေပြင်ပေါ်မှာ လှဲလျောင်းနေတာလား၊ ဒါမှမဟုတ် ကျောက်တိုင်လုံးတွေရဲ့ အပေါ်မှာ ရစ်ပတ်နေကြတာလား"

ရှီရှင်းယွမ်က ပြန်ဖြေလိုက်သည်။ "ဟုတ်တယ်။ မဟာချင် အင်ပါယာက ဘိုးဘေးဘီဘင်တွေက နဂါးတိုက်ပွဲ စင်မြင့်ရဲ့ မူလပုံသဏ္ဌာန်ကို

ထိန်းသိမ်းထားချင်တဲ့အတွက် အားလုံးက
နဂါးတွေ ချန်ထားခဲ့တဲ့အတိုင်းပဲ ရှိနေခဲ့တယ်"

သူမသည် အာရုံပျံ့လွင့်နေသည့်ပုံ
ပေါက်သွားခဲ့သော်လည်း သူမကိုယ်သူမ
ပြန်လည်ထိန်းသိမ်းလိုက်ကာ ပြောလိုက်သည်။
"ဒါပေမဲ့ နဂါးတိုက်ပွဲ စင်မြင့်မှာ မဟာချင်
အင်ပါယာက ပြုစားချက်တွေ၊ မှော်ကျိန်စာ
ဝက်ပါတွေ အများကြီးကို ပြုလုပ်ထားခဲ့တယ်။
တချို့က ဒီနေရာရဲ့ စိတ်ဝိညာဉ် စွမ်းအင်တွေရဲ့
စီးဆင်းမှုကို ပြောင်းလဲပြီး လူသားတွေရဲ့
ကျင့်ကြံမှုနဲ့ သင့်လျော်အောင်
ပြောင်းလဲခဲ့တယ်။ တချို့ကတော့
အကာအကွယ် ရည်ရွယ်ချက်..."

သူမပြောနေဆဲတွင် စကားလုံးပင်
ရှာမရတော့သည့် ရှီကျုံးယွဲ့ထံမှ
ဒေါသတကြီးနှင့် နှာမှုတ်သံအား
ကြားလိုက်ရသည်။

ရှီရှင်းယွမ်က ငြိမ်သက်စွာနှင့် အာရုံခံလိုက်ကာ
ငြိမ်သက်သွားခဲ့သည်။ ရှီချုံးယွမ်သည်
ရှောင်ယန်နှင့် ကျန်သောသူများဘက်သို့
ခက်ထန်စွာနှင့် ကြည့်လိုက်ကာ
ပြောလိုက်သည်။ "သူဘာလုပ်ထားသလဲ
ကြည့်လိုက်စမ်းပါဦး"

ရှောင်ယန်နှင့် ကျန်သောသူများသည် သဲလွန်စ ရှာမရခဲ့သော်လည်း လင်းဖုန်းက ရင်ထဲမှနေ၍ သိနေခဲ့သည်။ သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

မဟာချင် အင်ပါယာ၏ နဂါးတိုက်ပွဲ စင်မြင့် အပေါ်တွင် ထားထားခဲ့သော မှော်ကျိန်စာ ဝက်ပါများသည် လုံးဝကို ဗရုတ်သုတ်ခ ဖြစ်နေခဲ့သည်။ ထိုမှော်ကျိန်စာ ဝက်ပါတို့သည် ဤနေရာသို့ စိတ်ဝိညာဉ် စွမ်းအင်များကို စုစည်းနိုင်စေရန် အစစ်အမှန် နဂါးတို့၏ ရတနာ အရိုးများစွာတို့နှင့် တည်ဆောက်ထားခြင်း ဖြစ်သည်။

သို့သော်လည်း အစစ်အမှန် နဂါးတို့၏
ထိုရတနာ အရိုးများသည် ယခုအချိန်တွင်
အားလုံး အဖယ်ရှား ခံလိုက်ရပြီ ဖြစ်၏။

တစ်ယောက်သည် ဦးနှောက်ကို
အသုံးမပြုလျှင်ပင် မည်သူ၏
လက်ချက်ဆိုသည်မှာ သိနိုင်ပေသည်။

ရှီထျန်းဟောင်သည် ကောင်းကင်နဂါး
ရေးဟောင်းနယ်မြေနှင့် နဂါးတိုက်ပွဲ
စင်မြင့်ထံသို့ ချင်ကေရာဇ် ရှီယု၏
ခွင့်ပြုချက်ဖြင့် ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။
ထို့ကြောင့် ဤမှော်ကျိန်စာ ဝက်ပါတို့သည်
ရှီထျန်းဟောင်အား ပစ်မှတ်ထားခြင်း မရှိခဲ့ပေ။

ဒါသည့် သူခိုးတစ်ယောက်အား တစ်ယောက်၏ နေအိမ်အတွင်းသို့ ဖိတ်ခေါ်ခြင်းနှင့် တူနေခဲ့၏။

နဂါးတိုက်ပွဲ စင်မြင့်ထံမှ အလင်းတန်းတစ်တန်း ထွက်ပေါ်လာခဲ့ကာ အားလုံးတို့၏ အရှေ့တွင် ရပ်တန့်သွားခဲ့သည်။ သူသည် ရှင်ပျော်ပျော် သူတော်စင်ဖြစ်သည်။ သူသည် လင်းဖုန်း၊ ရှီကျုံးယွဲ့၊ ဆီးနှင်းပျံ့ ဓားမာစတာနှင့် ပါရမီ ဇန်မာစတာတို့အား ရှုံ့မဲ့စွာနှင့် နှုတ်ဆက်လိုက်သည်။

ရှိကျုံးယွဲ့သည့် ပေါက်ကွဲခါနီး ဖြစ်နေသော
မီးတောင်တစ်ခုကဲ့သို့ ဖြစ်နေခဲ့သည်။
"ဟိုကောင်စုတ်လေးက ဒီနဂါးအရိုးတွေကို
တူးထားတာလား"

ရှင်ပျော်ပျော် သူတော်စင်သည်
သက်ပြင်းချလိုက်ကာ သူ၏လက်ဝါးကို
ဖြန့်လိုက်သည်။ သူ၏လက်ဝါး အတွင်း၌
တစ်ယောက်သည့် ဆန်စေ့လေးများ
အရွယ်ရှိသော ပုံဆောင်ခဲ အချို့ကို တွေ့နိုင်၏။
ထိုပုံဆောင်ခဲများမှ တစ်ယောက်သည်
စွမ်းအားကြီးသော နဂါးအော်ရာနှင့်
မှော်စွမ်းအင်တို့ကို ခံစားနိုင်ခဲ့သည်။ ဒါတွေသည်

ဝက်ပါကို ဖန်တီးရာတွင် အသုံးပြုသည့် နဂါးအရိုးများ ဖြစ်ကြ၏။

"သူက ဒါတွေကို မယူခဲ့ပဲ ကျွန်တော်တို့ကို ပြန်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ဝက်ပါကိုတော့ ဖန်တီးလို့ မရတော့ဘူး။ နဂါးတိုက်ပွဲ စင်မြင့်က စိတ်ဝိညာဉ် စွမ်းအင် စီးဆင်းမှုက လုံးဝကို ပြောင်းသွားခဲ့ပြီ" ရှင်ပျော်ပျော် သူတော်စင်က ပြောလိုက်သည်။ "ကျွန်တော်က ဒီကိစ္စကို အရှင်မင်းမြတ်ဆီကို တင်ပြခဲ့ပါတယ်။ အရှင်မင်းမြတ်က သူကြိုက်သလို လုပ်ပါစေလို့ အမိန့်ချခဲ့တယ်"

ရှီကျုံးယွဲ့သည် ဒေါသထွက်နေသလို ရယ်လည်း ရယ်ချင်နေခဲ့သည်။ "ဟင်း၊ သုံးရက်ဆိုတဲ့ အချိန်နဲ့ သူက ရှီထျန်းရီရဲ့ တစ်နှစ်တာ လေ့ကျင့်မှုတွေကို ဖျက်ဆီးပစ်ခဲ့ပြီ"

ရှီထျန်းရီသည် ငယ်စဥ်က ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းတွင် တစ်နှစ်မျှ ကျင့်ကြံခဲ့သည်။ နဂါးတိုက်ပွဲ စင်မြင့်ဖြစ်စေ၊ ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ ဖြစ်စေ၊ သူသည် နှစ်ခုစလုံးနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိနေခဲ့၏။

သို့သော်လည်း ယခုအချိန်တွင် နဂါးတိုက်ပွဲ စင်မြင့်သည် လုံးဝကို ပြောင်းလဲသွားခဲ့ပြီ

ဖြစ်သည်။ ရှိထျန်းရီရော၊ ရှိထျန်းဟောင်ပါ ရင်းနှီးကျွမ်းဝင်မှု မရှိတော့ပေ။ ဒါသည် တစ်ဦးတစ်ဘက်မှ အားသာချက် မရှိတော့သည့် ကြားစစ်မြေပြင် တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

ရှင်ပျော်ပျော် သူတော်စင်က သူ၏ခေါင်းကို ခါလိုက်သည်။ "အဲ့ဒီလို မဟုတ်ပါဘူး"

ရှိကျုံးယွဲ့က အနည်းငယ် အံ့ဩသွားခဲ့သည်။ သူသည် နဂါးတိုက်ပွဲ စင်မြင့်မှ အော်ရာများကို ခံစားနေခဲ့ပြီး သူ၏မျက်နှာတွင် ထူးခြားသည့် အမူအရာများပေါ်လာခဲ့သည်။ "ဒီကောင်လေး!"

ရှီချုံးယွမ်နှင့် ရှီရှင်းယွမ်တို့သည်
လုံလောက်သော ကျင့်ကြံမှု အဆင့်များ
မရှိသေးပဲ သူတို့နှစ်ယောက်စလုံးတို့သည်
နဂါးတိုက်ပွဲ စင်မြင့်မှ ဝေးကွာစွာ ရှိနေကြသည်။
သူတို့သည် ဤစိတ်ဝိညာဉ် စွမ်းအင်နှင့်
ရင်းနှီးကျွမ်းဝင်မှု မရှိခဲ့ပေ။

ရှွင်ပျော်ပျော် သူတော်စင်သည် သူတို့အား
ကြည့်လိုက်ကာ သက်ပြင်းချ၍
ပြောလိုက်သည်။ "ရှီထျန်းဟောင်က
နဂါးတိုက်ပွဲ စင်မြင့်ရဲ့ ပုံစံတွေကို
ပြောင်းလိုက်အပြီးမှာ သူက ရုပ်ခန္ဓာကိုယ်ကို
အထူးပြုထားတဲ့ ကျင့်ကြံသူထက်စာရင်

စိတ်ဝိညာဉ်ကို အထူးပြုပြီး ကျင့်ကြံထားတဲ့ ကျင့်ကြံသူတွေအတွက် ပိုအားသာစေတဲ့ ပုံစံ ဖြစ်သွားခဲ့တယ်"

ရှီချုံးယွမ်နှင့် ရှီရှင်းယွမ်တို့ နှစ်ဦးစလုံး တုန်လှုပ်အံ့သြသွားကြသည်။

ရှီထျန်းရီသည် ဒွိစုံသူငယ်အိမ်နှင့် မွေးဖွားလာသောသူမှန်း အားလုံးက သိကြသည်။ သူ၏ စိတ်ဝိညာဉ်မှာ သာမန်လူများထက် ပိုအဆင့်မြင့်သည်။ ဟင်းလင်းပြင် ဘုရားကျောင်း၏ စိတ်ဝိညာဉ် မှော်ကျိန်စာများအား လေ့ကျင့်အပြီးတွင် သူ၏ စိတ်ဝိညာဉ် စွမ်းအားများမှာ အလွန်အမင်းကို

သန်စွမ်းလာခဲ့ပြီ ဖြစ်သည်။ သူနှင့်ယှဉ်နိုင်သော ကျင့်ကြံသူ အချို့သာ ရှိနိုင်သည်။

ဝမ်လင်းနှင့် တူညီစွာပင် အလွန်နည်းပါးသော ကျင့်ကြံသူများသာလျှင် ဝိညာဉ်ကျင့်ကြံမှုကအား အာရုံစိုက်နေကြခြင်း ဖြစ်သည်။ လင်းဖုန်းသည်ပင်လျှင် ရှီထျန်းရီနှင့် စိတ်ဝိညာဉ် တိုက်ပွဲတွင် ယှဉ်နိုင်ကြသူများသည် ဝမ်လင်းနှင့် ဇူရီတို့သာ ရှိလိမ့်မည်ဟု ဝန်ခံရပေလိမ့်မည်။

ဝမ်လင်းသည် သေလုမျောပါး ဖြစ်သွားခဲ့၍ သူ၏ စိတ်ဝိညာဉ်သည် ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် ဆယ်စုနှစ်မျှ

လွင့်မျောနေကာ နောက်ဆုံးတွင် ငရဲကမ္ဘာ အကြွင်းမဲ့ရေဖြင့် သူ၏ စိတ်ဝိညာဉ်အား သန့်စင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဇူရီမှာမူ သူ၏ချီကို နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့ကာ သူ၏ စာပေ ပါရမီများကို မှော်စွမ်းအင်ဖြင့် ပူးပေါင်းထားခြင်း ဖြစ်သည်။ သူသည် ဉာဏ်ပညာများဖြင့် သူ၏ ခန္ဓာကိုယ်နှင့် နှလုံးသားအား သန့်စင်ထားခြင်း ဖြစ်သည်။ သူ၏ စိတ်ဝိညာဉ်သည် အတိတ်မှ စာသင်သားများထက် များစွာပို၍ အထက်တန်းကျကာ အဆင့်မြင့်ပေသည်။ နောက်ဆုံးတွင် သူသည် သူ၏ ပြင်းထန်စွာ ကြိုးစားမှုကြောင့် အလွန်အမင်း

အစွမ်းထက်သည့် စိတ်ဝိညာဉ်အား
ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

အခြားတစ်ဘက်တွင်မူ ရှိထျန်းဟောင်သည်
လင်းဖုန်း၏ လက်အောက်တွင် အသန်မာဆုံး
ရုပ်ခန္ဓာကိုယ် သိုင်းကျင့်ကြံသူ ဖြစ်၏။

မူလတွင် သူသည် ရေးပဝေသဏီမှ
သားရဲပေါက်စ တစ်ကောင်ကဲ့သို့
အဆင့်မြင့်သည့် ကိုယ်ခန္ဓာ ဖွဲ့စည်းပုံဖြင့်
မွေးဖွားလာခဲ့ခြင်း ဖြစ်သည်။ သူသည်
လေပြင်းနှင့် မိုးကြိုးတို့၏ စိတ်ဝိညာဉ်
စွမ်းအင်များ၊ မဟာလမင်း အကြွင်းမဲ့ရေ၊
မဟာပဏ္ဍိတ၏ အရေပြား၊ အစစ်အမှန်

ခွန်းဖန်သွေးနှင့် အခြားသော ရတနာများစွာတို့နှင့် သန့်စင်အပြီးတွင် သူ၏ ရုပ်ခန္ဓာကိုယ်သည် ယခင်ကထက် ပို၍ သန်မာလာခဲ့သည်။ သူ၏လက်ရှိ ရုပ်ခန္ဓာကိုယ် စွမ်းအားသည် မကြုံဖူးစဖွယ် သန်မာလှပေသည်။

သို့သော်လည်း သူသည် စစ်မြေပြင်အား ရှီထျန်းရီအတွက် အားသာချက်ရရှိအောင် ပြုလုပ်ထားခဲ့သည်။

ဖြစ်နိုင်ခြေ နှစ်ခုသာ ရှိသည်။ သူသည် ရှုးမိုက်သူတစ်ယောက် ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင်

သူသည် ကိုယ့်ကိုယ်ကိုယ် အလွန်အမင်း
ယုံကြည်မှု ရှိနေသောကြောင့် ဖြစ်မည်။

"ရွှေရောင်ဗဟိုချက်ကို အသက်၁၃နှစ်နဲ့
ဖန်ဆင်းနိုင်တဲ့သူက ရူးမိုက်တဲ့သူ ဖြစ်မလား"
ရှီရှင်းယွမ်နှင့် ရှီချုံးယွမ်တို့သည်
တစ်ယောက်ကိုတစ်ယောက်
ကြည့်လိုက်ကြကာ သူတို့၏ ခေါင်းများကို
ခါလိုက်ကြသည်။

ရှောင်ယန်နှင့် ကျန်သောသူများသည်
အံ့ဩတုန်လှုပ်နေရာမှ
သတိပြန်ဝင်လာခဲ့သောအခါ သူတို့သည်
ပျော်ရွှင်စွာနှင့် ဟားတိုက်ရယ်လိုက်ကြသည်။

ငါက သက်ညှာခဲ့ရင်တောင် မင်းက အရိုက်နှက် ခံရဦးမှာပဲ။

လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။ "တုံးအတဲ့ကောင်လေး" သူသည် ထိုစကားကို ပြောလိုက်သော်လည်း သူ၏အပြုအမူများကို လက်ခံခဲ့သည်။ တကယ့်တိုက်ပွဲတွင် တစ်ယောက်သည် တစ်ယောက်၏ အောင်မြင်နိုင်ရန် အခွင့်အရေးများကို ကောင်းနိုင်သမျှ ကောင်းအောင်လုပ်ကာ ရန်သူအား အားနည်းစေရန် ပြုလုပ်ရမည် ဖြစ်သည်။ ဒါသည် ပထဝီဝင် အနေအထားကို မိမိ၏

အားသာချက် ဖြစ်လာစေရန် ပြုလုပ်ခြင်းလည်း ပါ၏။

ရှီနှစ်ရှီ၏ တိုက်ပွဲသည် ကြမ္မာပန်းတိုင်၏ တိုက်ပွဲဖြစ်၏။ ဤနေရာတွင် တစ်စုံတစ်ယောက်၏ စိတ်အခြေအနေနှင့် ပုံစံသည် သာမန် အားသာချက်များထက်ပို၍ အရေးကြီး၏။

ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းတွင် သုံးရက်နေပြီးနောက် ရှီထျန်းဟောင်သည် သူစုဆောင်းဖူးခဲ့သမျှ အတွင်းတွင် အများဆုံးသော စိတ်ဝိညာဉ် စွမ်းအင်များကို စုဆောင်းခဲ့ပြီး ဖြစ်သည်။

သူသည် သူတို့အား ရှိထျန်းရှီ၏ အပေါ်တွင် ဖောက်ခွဲပစ်ရန် စောင့်နေခြင်း ဖြစ်၏။

"သွားကြစို့" လင်းဖုန်းသည် ပြောလိုက်ကာ သူ၏ အကျီလက်စအား ဝှေ့ယမ်းလိုက်၏။ သူတို့အုပ်စုသည် နဂါးတိုက်ပွဲ စင်မြင့် အပေါ်တွင် ကျရောက်သွားကြသည်။

နဂါးတိုက်ပွဲ စင်မြင့်အပေါ်တွင် လူအချို့ ရောက်နေကြပြီး ဖြစ်၏။ လင်းဖုန်းအား တွေ့လိုက်ကြသောအခါ သူတို့သည် နှုတ်ဆက်သည့် အနေဖြင့် ခေါင်းများကို ညိတ်ပြလိုက်ကြသည်။

လင်းဖုန်းကလည်း ပြန်လည်နှုတ်ဆက်လိုက်ကာ လေအပေါ်တွင် ပူပင်ကြောင့်ကြမဲ့စွာဖြင့် တင်ပလ္လင်ခွေ နေနေခဲ့သည်။

ရွှမ်းလီသည် သူ၏အနောက်မှ ထပ်ကြပ်မကွာ လိုက်လာခဲ့သည်။ လင်းဖုန်း၏ အမိန့်အရ သူမသည်လည်း သူ၏ဘေးတွင် တင်ပလ္လင်ခွေ ထိုင်နေခဲ့၏။ သို့သော်လည်း သူမသည် ခေါးအိမ်ကြီးကို အောက်မချထားပဲ ဆက်လက်သယ်ဆောင်ထားခဲ့ပေသည်။ တမူထူးခြားစွာ ကြည့်၍ကောင်းနေခဲ့ပေသည်။

အားလုံးတို့သည်လည်း ဤသုံးရက်အတွင်းတွင် ရွှမ်းလီ၏ ရှိနေမှုကို ကျင့်သားရနေကြပြီ ဖြစ်သည်။ ရှောင်ယန်နှင့် ကျန်သော လက်ရင်းတပည့်များနှင့် ပါရမီ ဇန်မာစတာတို့သည်လည်း လင်းဖုန်းအနောက်သို့ လိုက်ကာ ထိုင်ချလိုက်ကြ၏။

ကျန်သောသူများသည်လည်း သူတို့၏ အနောက်တွင် အတန်းလိုက် ထိုင်လိုက်ကြကာ တိုက်ပွဲစတင်မည့် အချိန်ကို စောင့်နေကြသည်။

ဒုတိယ မျိုးဆက်မှ တပည့်များသည် သိချင်စိတ်များ ပြင်းပြနေကြ၍ သူတို့၏ အရှေ့မှ

လေဟာနယ်နှင့် အောက်မှ တောင်ကြားအား ကြည့်နေကြသည်။

သူတို့အားလုံးတို့သည် ချီသာဝက အဆင့်တွင် ရောက်နေကြပြီ ဖြစ်ကာ သူတို့၏ အာရုံများသည် တိုးတက်လာကြပြီ ဖြစ်၏။ သို့သော်လည်း အချိန်အတော်ကြာ ရှာဖွေခဲ့အပြီးတွင် သူတို့သည် လူတစ်ယောက်၏ အရိပ်အယောင်ကိုမှ မတွေ့ခဲ့ကြပေ"

"ထူးဆန်းလိုက်တာ၊ အငယ်ဆုံး ဦးလေးက ဘယ်မှာလဲ" တစ်ယောက်က စပ်စုစွာဖြင့် မေးလိုက်သည်။

ရှုယွင်စန်းက ငြိမ်သက်စွာဖြင့် ဖြေလိုက်သည်။
"ငါလည်းမသိဘူး။ စကားလျှော့ပြောပြီး
စိတ်ရှည်လက်ရှည်နဲ့ စောင့်နေပါ"

ရှီကျုံးယွဲ့နှင့် ကျန်သောသူများသည်
ရွှင်ပျော်ပျော် သူတော်စင်အား ကြည့်လိုက်ရာ
သူက ခေါင်းကို ခါပြလိုက်သည်။
"နဂါးအရိုးတွေကို ဖြိုဖျက်အပြီးမှာ သူက
နဂါးတိုက်ပွဲ စင်မြင့် အထဲကနေ
ထွက်သွားခဲ့တယ်။ ကောရာဇ်ကလည်း
အမိန့်ပေးထားတဲ့အတွက် ကျွန်တော်ကလည်း
သူ့ကို လိုက်မရှာတော့ဘူး"

အားလုံးတို့က တိတ်ဆိတ်သွားခဲ့သည်။ အချိန်ကြာလာသည်နှင့် အမှု ပရိသတ်များစွာတို့က နဂါးတိုက်ပွဲ စင်မြင့် ထံသို့ ရောက်လာကြသည်။ မကြာမီတွင် လူစုံသလောက် ဖြစ်သွားခဲ့သည်။

အဝေးမှ အဖြူရောင် တိမ်တိုက်များက ပေါ်လာခဲ့ကာ လူပုံရိပ်အချို့ကို တွေ့နိုင်ခဲ့သည်။

နဂါးတိုက်ပွဲ စင်မြင့် အပေါ်မှ လူများအားလုံးတို့က စိုက်ကြည့်နေကြကာ ပြောလိုက်သည်။ "ဟင်းလင်းပြင် ဘုရားကျောင်းက ရောက်လာပြီ"

# စာစဥ် ၃၁ : အပိုင်း ၇

## အပိုင်း ၅၇၇ :  နဂါးတိုက်ပွဲ စင်မြင့်၏ အလယ်တွင်

အဖြူရောင် တိမ်တိုက်များသည် ဟင်းလင်းပြင်အား ဖြတ်သန်းလာခဲ့ကာ နဂါးတိုက်ပွဲ စင်မြင့်ပေါ်သို့ လျှင်မြန်စွာနှင့် ရောက်ရှိလာခဲ့သည်။

မဟာချင် အင်ပါယာသည် ရှီထျန်းဟောင်နှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား

ထောက်ခံကြသူများ ဖြစ်စေ၊ ရှီထျန်းရီနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့အား ထောက်ခံကြသူများအား ဖြစ်စေ၊ တိုက်ပွဲကို လာကြည့်ကြသော အင်အားစု အားလုံးတို့အတွက် နေရာများကို ပြင်ဆင်ထားပေးခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့ အနေနှင့်မူ သူတို့သည် စင်မြင့်၏ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် မျက်နှာချင်းဆိုင် နေရာယူထားကြသည်။

အိမ်ရှင်ဖြစ်သော မဟာချင် အင်ပါယာသည်
မြောက်ဘက်တွင် နေရာယူထား၏။
တိုက်ပွဲအား လာကြည့်ကြသော
ပရိသတ်များသည် ကျန်သော နေရာများကို
ယူလိုက်ကြသည်။

ဟင်းလင်းပြင် ဘုရားကျောင်းအား
ကလေးပုံစံနှင့် လူတစ်ယောက်က
ဦးဆောင်လာခဲ့သည်။ သူ၏ အမူအရာသည်
တည်ငြိမ်နေခဲ့ကာ သူ၏ အကြည့်သည်
ထာဝရကဲ့သို့ ဖြစ်နေ၏။

သို့သော်လည်း ရှိနေကြသူ တစ်ယောက်ကမှ
သူ့အား အထင်မသေးရဲကြပေ။ သူက

မည်သူဆိုသည်ကို အားလုံးက သိပေသည်။ ကလေးပုံပေါက်နေသောသူမှာ အမှန်တွင် ဟင်းလင်းပြင် ဘုရားကျောင်း၏ နာယက အကြီးအကဲ ကောင်စီဝင် တစ်ဦးဖြစ်ကာ ရှေ့ဆောင်လမ်းစဉ်ပါတီ၏ ဗဟိုအဖွဲ့ဝင် တစ်ဦးဖြစ်သူ ကောင်းဟန်ပင် ဖြစ်၏။

ကောင်းဟန်၏ ဂုဏ်သတင်းသည် လွန်ခဲ့သော နှစ်ပေါင်း တစ်သောင်းကျော်ကတည်းက ထင်ရှားခဲ့ပြီး ဖြစ်၏။ သူသည် ရွှမ်းလင်သူတော်စင်နှင့် လက်ရှိ ဟင်းလင်းပြင် ဘုရားကျောင်း၏ ခေါင်းဆောင် ယန်နန်းလိုင်တို့ထက် ပို၍စောကာ ကျော်ကြားခဲ့သူ ဖြစ်၏။ သူသည်

မိစ္ဆာတို့နှင့်တိုက်ခိုက်သော တိုက်ပွဲတွင်
ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူ ဖြစ်၏။

ကမ္ဘာနှစ်ခုအကြားမှ နောက်ဆုံးတိုက်ပွဲတွင်
ထိုအချိန်က ခေါင်းဆောင်ဖြစ်သူ
ထိုက်ရီသူတော်စင်သည် ဒဏ်ရာအပြင်းအထန်
ရရှိခဲ့၍ အငြိမ်းစားယူကာ နာယက အကြီးအကဲ
ကောင်စီ အတွင်းသို့ ဝင်သွားခဲ့သည်။
ထိုအချိန်တွင် ဂိုဏ်းခေါင်းဆောင် အဖြစ်
ရေပန်းအစားဆုံး နှစ်ယောက်မှာ
ယန်နန်းလိုင်နှင့် ကောင်းဟာန်တို့ ဖြစ်ကြ၏။

နောက်ဆုံးတွင် ယန်နန်းလိုင်သည် ရာထူးကို ရခဲ့ကာ ကောင်းဟာန်က နာယက အကြီးအကဲ ကောင်စီ အတွင်းသို့ ဝင်သွားခဲ့သည်။

သို့သော်လည်း ကောင်းဟာန်က အရွေးချယ် မခံရခြင်းမှာ သူသည် ယန်နန်းလိုင်ထက် အောက်ကျ၍ မဟုတ်ကြောင်း အားလုံးက သိထားလေသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ရှေ့ဆောင်လမ်းစဉ် ပါတီမှ ဖြစ်၍ ယန်နန်းလိုင်က ကွန်ဆားဗေးတစ် ပါတီမှ ဖြစ်သည်။ ဟင်းလင်းပြင် ဘုရားကျောင်းသည် တည်ငြိမ်မှုအား ဦးစားပေးခြင်း ဖြစ်သည်။

ကောင်းဟန်၏ အမူအရာသည်
တည်ငြိမ်လျှက်ပင် ရှိကာ သူ၏အကြည့်သည်
လင်းဖုန်း၏ အပေါ်သို့ ကျရောက်သွားခဲ့သည်။
သူသည် ဝမ်းမနည်းနေသလို ပျော်ရွှင်ခြင်းလည်း
မရှိနေခဲ့ပေ။ သူသည် သူ၏ခေါင်းကိုသာ
အသိအမှတ်ပြုသည့်အနေနှင့်
ညိတ်ပြလိုက်သည်။

လင်းဖုန်းကလည်း ပြန်ပြုံးပြလိုက်ကာ
ခေါင်းပြန်ညိတ်ပြလိုက်၏။

ကောင်းဟန်၏ဘေးတွင် လူနှစ်ယောက်
ရပ်နေကြသည်။ တစ်ယောက်သည်
သက်လတ်ပိုင်းလူကြီး ရွှမ်းလင်သူတော်စင်

ဖြစ်၍ ကျန်တစ်ယောက်မှာ အဖြူရောင်
ဝတ်စုံနှင့် အမျိုးသမီး ဖြစ်သော
တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်
ဖြစ်၏။

စကားတစ်ခွန်းမှ မပြောခဲ့ပဲ
သူတို့သုံးယောက်သားတို့သည် ကြီးမားသော
ဖိအားများကို ထုတ်လွှတ်နိုင်ခဲ့၏။

သူတို့အတွင်းမှ နှစ်ယောက်သည် အင်မော်တယ်
ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံသူ ဖြစ်၍
ကျန်တစ်ယောက်သည် အင်မော်တယ် ဝိညာဉ်
ဒုတိယ အဆင့်မှ ကျင့်ကြံသူ ဖြစ်သည်။
မည်သည့်ဂိုဏ်းမှ ဤကဲ့သို့ ကျင့်ကြံမှု

အဆင့်အတန်း မြင့်မားသော ကျင့်ကြံသူများကို တစ်ခါတည်း မစေလွှတ်နိုင်ပေ။ မဟာချင် အင်ပါယာနှင့် မဟာကျိုး အင်ပါယာတို့ပင်လျှင် တတ်နိုင်ရန် ခက်ခဲပေမည်။

သူတို့အား ယှဉ်နိုင်သောဂိုဏ်းမှာ စူတောင်ဓားဂိုဏ်းပင် ရှိပေလိမ့်မည်။ သို့သော်လည်း ကောင်းဟန်နှင့် ကျန်နှစ်ယောက်မှ ဟင်းလင်းပြင် ဘုရားကျောင်း၏ သေးငယ် အစိတ်အပိုင်း တစ်ပိုင်းသာ ရှိသေး၏။ သူတို့သည် ရှေ့ဆောင်လမ်းစဉ် ပါတီမှ အဖွဲ့ဝင်တိုင်းအား မထုတ်ခဲ့ရသေးပေ။

ပို၍အသက်ကြီးကာ သတင်းအချက်အလက်
ပိုစုံသော သူများမှာ ရှေ့ဆောင်လမ်းစဉ် ပါတီ၏
တက်မကိုင်သူမှာ ရွှမ်းလင်သူတော်စင်၏
ဦးလေးနှင့် ကောင်းဟန်၏ ဆရာဖြစ်သည်ကို
သိထားကြ၏။ သူသည် ထိုက်ရီသူတော်စင်နှင့်
မျိုးဆက်တစ်ခုတည်းဖြစ်သူ ကျန်းရီသူတော်စင်
ဖြစ်၏။

ရွှမ်းလင်သူတော်စင်နှင့်
တင့်တယ်သောတိမ်တိုက်
သူတော်စင်မယ်တို့အား ယုမိသားစုတို့၏
ဘိုးဘေးဘီဘင် နယ်မြေမှ
ခေါ်ထုတ်သွားသောသူမှာ သူဖြစ်၏။ သူသည်
ပိုင်ယွင်တောင်မှ မထွက်ခွာခဲ့ပဲ

ရှေးဆောင်လမ်းစဥ် ပါတီ၏ အမှုကိစ္စများကို
ကောင်းဟန်နှင့် အဖွဲ့အား လွှဲအပ်ထားခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည်
သူတို့ကိုယ်သူတို့ သိပ်ပြီး ဖော်ပြလေ့မရှိပေ။
သူတို့သည် ကြောက်ရွံ့လေးစားမှုများကို
ရရှိခဲ့သော်လည်း လူအများစုတို့သည် သူတို့၏
တည်ရှိနေမှုအား သိပ်မခံစားခဲ့ရပေ။
ယနေ့မှာသာ သူတို့အား အပြည့်အဝ
ခံစားခဲ့ရခြင်း ဖြစ်သည်။

ကောင်းကင်မာစတာ ခေးဂိုဏ်းမှ
နတ်ကောင်းကင် ခေးအကြီးအကဲသည်
သက်ပြင်းချလိုက်ကာ တွေးလိုက်သည်။

"ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ရှေ့ဆောင်လမ်းစဉ် ပါတီကတောင် စူတောင်ခေါ့ဂိုဏ်းထက် အများကြီးပိုပြီး အစွမ်းထက်နေပြီ။ နတ်ဘုရားနယ်မြေက ဂိုဏ်းပေါင်းများစွာတို့က ရှေ့ဆောင်လမ်းစဉ် ပါတီကို ထိန်းသိမ်းထားတဲ့ ကွန်ဆာဗေးတစ် ပါတီကို ကျေးဇူးတင်ရမယ်"

ကောင်းကင်မာစတာ ခေါ့ဂိုဏ်းသည် စူတောင်ခေါ့ဂိုဏ်းကို တားဆီးရန်အတွက် ဟင်းလင်းပြင် ဘုရားကျောင်းက ထောက်ပံ့ထားခြင်း ဖြစ်သည်။ ထို့ကြောင့် သူသည် အခြားသူများထက်စာလျှင်

ဟင်းလင်းပြင် ဘုရားကျောင်း၏ အကြောင်းကို ပိုသိပေသည်။

ယနေ့တွင် ရောက်သင့်သောသူများ အားလုံးက ရောက်လာကြပြီ ဖြစ်၏။ ဟင်းလင်းပြင် ဘုရားကျောင်းမှ အစွမ်းထက်သော ကျင့်ကြံသူ အများအပြား ရောက်လာကြခြင်းသည် အားလုံးတို့၏ စိတ်အာရုံကို ဖမ်းစားနိုင်ခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ဖက်တီး ယန်ဝူဝေက သူ၏နှုတ်ခမ်းကို မဲ့လိုက်ကာ ပြောလိုက်သည်။ "ဘာများ ထူးခြားလို့လဲ၊ ဟန်ရေးပြရုံ သက်သက်ပဲ"

လျှိုရှုဖုန်းက သူ၏ခေါင်းကို ခါလိုက်ကာ ပြောလိုက်သည်။ "ဒီလိုပြောလို့တော့ မရဘူး။ သူတို့က ကြီးစိုးနိုင်တဲ့ နေရာမှာ ရှိနေပေမဲ့ သွေးကြွေးဆပ်ဖို့ ရှိနေတဲ့ ရှီထျန်းရီကို လက်ခံခဲ့တာက သူတို့အတွက် သိက္ခာကျစရာ ဖြစ်တယ်"

သူ၏စကားဆုံးသည်နှင့် သူ၏အရှေ့တွင် ထိုင်နေသော ဇူရီက ပြောလိုက်သည်။ "တစ်ယောက်က ဟင်းလင်းပြင် ဘုရားကျောင်းဟာ စွမ်းအားတွေကို ဆာလောင်ပြီး တရားတာပဲ ဖြစ်ဖြစ်၊ မတရားတာပဲ ဖြစ်ဖြစ် ကိုယ်အနိုင်ရဖို့ကိုပဲ

ကြည့်တယ်လို့ ပြောလိုက်ရတယ်။ ဒါပေမဲ့ သူတို့ကို ဂုဏ်သိက္ခာ မရှိဘူးလို့ ပြောလို့တော့မရဘူး"

"တစ်ယောက်က ရှေ့ဆောင်လမ်းစဉ် ပါတီကပဲ ဖြစ်ဖြစ်၊ ကွန်ဆာဗေးတစ်ပါတီကပဲ ဖြစ်ဖြစ်၊ တစ်ယောက်မှ ရိုးသားစွာ လုပ်ဆောင်မှာ မဟုတ်ဘူး" ဇူရီက နောက်ပြန်လှည့်မကြည့်ပဲနှင့် ပြောလိုက်သည်။

"ကွန်ဆာဗေးတစ်ပါတီက မဟာမိတ်တွေကို အကွက်ချပြီး ဆောင်ရွက်ပြီး ရှေ့ဆောင်လမ်းစဉ် ပါတီက ကြီးစိုးလွှမ်းမိုးလိုစိတ်ရှိတယ်" ဟင်းလင်းပြင်

ဘုရားကျောင်းရဲ့ ရည်ရွယ်ချက်တွေက
အမြဲတမ်း ပြတ်သားပြီး သူတို့ကို
ဖြစ်မြောက်ဖို့အတွက် နည်းလမ်းအကုန်ကို
အသုံးပြုကြတယ်။ သူတို့က ဒီနေရာမှာ
တရားတာပဲဖြစ်ဖြစ်၊ မတရားတာပဲ ဖြစ်ဖြစ်
ကိုယ်လိုချင်တာကို ရအောင်ယူကြတယ်"

"သူတို့က ရည်မှန်းချက် တစ်ခုကို ချပြီးသွားရင်
ကျရှုံးမှု မရှိပဲ ရှေ့ဆက်သွားကြတယ်။ သူတို့ရဲ့
ကျော်ကြားမှုနဲ့ ဩဘာသံတွေက သူတို့
အကျိုးပြုထားခဲ့တဲ့ သူတွေဆီကနေ
ရရှိလာခဲ့တာ ဖြစ်တယ်"

"ဘာဖြစ်လို့လဲဆိုတော့ အပြင်လူတွေ အနေနဲ့ဆိုရင် ဒါက အကျိုးအရှိဆုံး ရလဒ်ပဲ ဖြစ်တယ်။ သူတို့ဟာ ဒီလိုမျိုး စွမ်းအားကြီးတဲ့ အဖွဲ့ကနေ ခြိမ်းခြောက်မှုတွေ မခံစားရတော့ဘူး"

ဇူရီသည် ပြောနေရင်းနှင့် တိုးညင်းစွာ ရယ်လိုက်သည်။ "ကမ္ဘာကျော်မှုနဲ့ ဂုဏ်သိက္ခာတို့ဟာ တစ်ယောက်ရဲ့ လည်ပင်းမှာ ပတ်ထားတဲ့ ချိန်းကြိုးတွေလိုပဲ။ ရယ်စရာကောင်းတာက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ လူငယ်မျိုးဆက်တွေဟာ ဒီချိန်းကြိုးတွေကို ပတ်ထားကြပြီ"

"ဒါပေမဲ့ ဂိုဏ်းကို အမှန်တကယ် ပွဲကိုင်နေတဲ့ အကြီးအကဲတွေကတော့ အသေအချာ သိနေကြတယ်။ သူတို့ရဲ့ လက်ရှိနေရာကို တခြားလူတွေရဲ့ အတွေးအမြင်တွေကို နားထောင်ပြီးမှ ရရှိလာကြတာ မဟုတ်ဘူး"

သူသည် သူ့မိဘတို့၏ အတိတ်က အကြောင်းအရာကို သိပြီးနောက်တွင် ဇူရီသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ အကြောင်းကို အချိန်အကုန်ခံ၍ လေ့လာခဲ့ရာ သူ၏ ဗဟုသုတများသည် သာမန်လူများထက် များစွာများပေသည်။

ယန်ဂူဝေသည် အဆီအစ်နေသော
လည်ပင်းအား ပုလိုက်ကာ ဘာမှ
မပြောတော့ပေ။ လျှိုရှုဖုန်းက သူ၏ဆံပင်အား
သပ်တင်လိုက်ကာ မေးလိုက်သည်။ "ဒါပေမဲ့
ဒုတိယဦးလေး၊ ဒါဆိုရင် ဟင်းလင်းပြင်
ဘုရားကျောင်း၊ စူတောင်ဓားဂိုဏ်းနဲ့
မဟာမိုးကြိုး ကျောင်းတော်တို့ကို
အလယ်ခေတ်မှာ လမ်းလွဲဂိုဏ်းတွေကို
ဖျက်ဆီးခဲ့တဲ့ မြင့်မြတ်နယ်မြေ သုံးခုလို့
ဘာဖြစ်လို့ ခေါ်ကြတာလဲ"

"ဦးလေးပြောသလိုဆိုရင် လမ်းလွဲဂိုဏ်းနဲ့
လမ်းမှန်ဂိုဏ်းတို့က ဘာများကွာဦးမှာလဲ။

အနိုင်ရသူကသာ သမိုင်းစာအုပ်ကို ရေးနိုင်တာ မဟုတ်ဘူးလား"

လျှိုရှဖုန်းသည် ယုကျင်းတောင်ပေါ်တွင် ကျင့်ကြံနေခဲ့သော်လည်း သူသည် ပြင်ပကမ္ဘာမှ အကြောင်းအရာများကို လိုက်စားထားခဲ့သည်။

လျှိုရှဖုန်း၏ မေးခွန်းကို ကြားလိုက်ရသောအခါ ဇူရီက စိတ်မတိုသွားခဲ့ပေ။ ထို့အစား သူ၏ခေါင်းအား လှည့်လိုက်ကာ ထောက်ခံသည့်အနေနှင့် ခေါင်းညိတ်လိုက်ကာ ပြောလိုက်သည်။ "မင်းကမှန်တယ်။ ဒါက နိုင်တဲ့သူက အကုန်ယူကြေးဆိုသလောက် မရှိးစင်းဘူး။ ဒါပေမဲ့ လမ်းမှန်နဲ့

လမ်းလွဲဆိုတာက အဖြူနဲ့ အမည်းတို့လိုမျိုး တိကျပြတ်သားစွာ ကွဲပြားနေခြင်း မရှိဘူး"

"တာအိုလမ်းစဥ်တွေ အမျိုးမျိုး ရှိနေကြသလိုမျိုး လူ့သဘာဝကလည်း ဒီအတိုင်းပဲ"

လျို့ရှုဖုန်းနှင့် ကျန်သောသူများသည် ဇူရီ၏ စကားများကို စဥ်းစားနေကြဆဲတွင် ရှောင်ယန်က ရယ်လိုက်သည်။ "သေချာထိုင်ပြီး ငြိမ်ငြိမ်နေကြပါ။ ဒီလိုမျိုး ကိစ္စတွေမှာ နောက်ဆုံးမှာ ရယ်နိုင်တဲ့သူက အကျယ်ဆုံး ရယ်နိုင်မှာ ဖြစ်တယ်"

အားလုံးတို့သည် လင်းဖုန်းအား
ကြည့်လိုက်ကြသောအခါ သူတို့ကလည်း
တည်ငြိမ်မှု ရရှိသွားကြသည်။ ဖက်တီး
ယန်ဝူဝေသည် လင်းဖုန်း၏
တည်ငြိမ်အေးချမ်းနေမှုကို ကြည့်လိုက်ကာ
သူ၏ခေါင်းကို ငုံ့လိုက်၍ ပြောလိုက်သည်။
"ကျွန်တော်က လောသွားခဲ့ပါတယ်"

လင်းဖုန်းသည် သူတို့အား ကျောပေးထားခဲ့ရင်း
သူ၏အမူအရာသည် မပြောင်းလဲခဲ့ပေ။
ဟင်းလင်းပြင် ဘုရားကျောင်းမှ
ဖိအားပေးနေခဲ့သော မျက်စိကျစရာ အုပ်စုအား
ကြည့်လိုက်ကာ သူသည် ရယ်ချင်နေခဲ့ပြီး
တွေးလိုက်သည်။ "ရှောင်ယန်ပြောထားသလိုပဲ

နောက်ဆုံးရယ်နိုင်သူက အကျယ်ဆုံး ရယ်နိုင်တယ်။ တစ်ယောက်က အမြင့်ရောက်နေခဲ့လေလေ ကျတဲ့အခါ နာလေလေပဲ"

ကောင်းဟာန်နှင့် ကျန်သောသူများ ထိုင်လိုက်သောအခါ သူတို့၏ အနောက်တွင် ဟင်းလင်းပြင် ဘုရားကျောင်းမှ တပည့်များကိုလည်း တွေ့နိုင်ခဲ့သည်။ သူတို့အားလုံးတို့သည် အသက်စွမ်းအင်များဖြင့် ပြည့်နှက်နေကြ၍ ထူးချွန်ပြောင်မြောက်ကြသည်။ သန့်စင်သောယန် ခန္ဓာကိုယ်နှင့်

တင်းရန်ဖုန်းအား တွေ့နိုင်သော်လည်း
ပိုင်ရှီချန်ကိုမူ မတွေ့နိုင်ခဲ့ပေ။

အားလုံးတို့သည် ဟင်းလင်းပြင်
ဘုရားကျောင်းမှ တပည့်များကို
ကြည့်လိုက်ကြ၍ တွေးလိုက်ကြသည်။
"သူတို့ကို ပါရမီရှင်တွေရဲ့ စုဝေးရာလို့
ပြောကြတာ မမှားပါဘူး"

ဟင်းလင်းပြင် ဘုရားကျောင်းမှ
တပည့်အကြားတွင် တစ်ယောက်သောသူမှာ
ပို၍ ထင်ပေါ်နေ၏။ သူ၏ အမူအရာမှာ
လေးနက်နေ၍ သူ၏ မျက်လုံးအစုံအား
ပိတ်ထားခဲ့သည်။ သူသည် ရှီထျန်းရီ ဖြစ်၏။

သူ့အား ယခင်က မြင်ဖူးကြသူများသည်
ယခုပြန်တွေ့ခဲ့သောအခါ တစ်ခုခု
ထူးခြားနေသည်ကို သတိပြုမိလိုက်ကြ၏။
တစ်စုံတစ်ခုက အခြေခံကျကျ
ပြောင်းလဲသွားခဲ့သကဲ့သို့
ကွဲပြားခြားနားနေခဲ့သည်။

ရှိထျန်းရှီသည် သူတို့သုံးယောက်အား
ကြည့်လိုက်ကာ ဦးညွှတ်လိုက်သည်။ ပြီးတာနှင့်
သူသည် အောက်သို့ ခုန်ချလိုက်ကာ
အောက်ခြေမှ တောင်ကြားအတွင်းသို့
ကျရောက်သွားခဲ့သည်။ သူ၏လက်များကို

ကျောနောက်တွင် ပစ်ထားပြီး ငြိမ်သက်စွာနှင့် ရပ်နေခဲ့၏။

"ချစ်လှစွာသော ညီငယ်လေးက ဒီကို မရောက်သေးဘူးလား" ရှီထျန်းရီက သူ၏အသံကို ထုတ်လွှင့်လိုက်၏။

နဂါးတိုက်ပွဲ စင်မြင့်မှ လူငယ်ကျင့်ကြံသူများသည် လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ ဒါသည် ရှီထျန်းရီက ပထမဆုံး အကြိမ်အဖြစ် ရှီထျန်းဟောင်အား တိုက်ရိုက်စိန်ခေါ်လိုက်ခြင်း ဖြစ်၏။

အချိန်အတော်ကြာပြီးသည့်အထိ
ရှီထျန်းဟောင်၏ ဖြေကြားသံကို မည်သူကမှ
မကြားခဲ့ရပေ။

နဂါးတိုက်ပွဲ စင်မြင့်တွင် မှော်စွမ်းအင်
လှုပ်ရှားမှုများ တဖြည်းဖြည်း ထကြွလာခဲ့သည်။
တစ်ယောက်ကမှ မပြောခဲ့သော်လည်း
အားလုံးက တိတ်တဆိတ်
ဆွေးနွေးနေကြသည်။

တိုက်ပွဲနေ့ရက်တွင် ရှီထျန်းရီက
ရောက်ရှိလာခဲ့သော်လည်း သူ၏ပြိုင်ဘက်မှာ
ပေါ်မလာခဲ့ပေ။ ဒါသည် လူများစွာတို့၏
မျက်ခုံးများကို ပင့်စေခဲ့သည်။

ရှိထျန်းရီသည် အချိန်အတော်ကြာ စောင့်ပြီးသွားနောက်တွင် သူ၏ခေါင်းကို အနည်းငယ် စောင်းလိုက်သည်။ "မင်းက မပေါ်လာတော့ဘူးလား"

"မင်းက ဘာဖြစ်လို့ ဒီလောက်အထိ လောနေတာလဲ။ မင်းရဲ့ ညာမျက်စိကရော အဆင့်သင့် ဖြစ်ပြီလို့လား" အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဘက်မှ အေးစက်သော အသံတစ်ခုက ထွက်လာခဲ့၏။

ထိုအချိန်တွင် အားလုံး၏ အကြည့်တို့သည် လင်းဖုန်းနှင့် အဖွဲ့ဘက်သို့ ကြည့်လိုက်ကြသည်။ လင်းဖုန်းမှလွဲ၍ ကျန်သောသူများသည် ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထား၍ တစ်ခေါင်းလုံး ဖြူဖွေးနေသော လူငယ်တစ်ယောက်အား ကြည့်လိုက်ကြသည်။

"ဒါက အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တတိယတပည့် ဝမ်လင်းဖြစ်တယ်။ သူက ရှီထျန်းရီရဲ့ ဘယ်မျက်လုံးကို ကန်းအောင်လုပ်ခဲ့တဲ့သူ ဖြစ်တယ်"

မည်သို့ဖြစ်ခဲ့သည်ကို သိခဲ့ကြသော သူများမှာ တုန်လှုပ်ချောက်ချားကုန်ကြ၏။

"အစောပိုင်းမှာ သူက ရှီထျန်းရီကို မျက်လုံးတစ်ဘက်ကန်းအောင် လုပ်ခဲ့တုံးက ရွှေရောင်ဗဟိုချက် အဆင့်မှာပဲ ရှိသေးတယ်။ အခုအချိန်မှာ သူက အခြေတည်ဝိညာဉ်ကို ဖန်ဆင်းပြီးသွားပြီ။ သူက အခုဆိုရင် ရှီထျန်းရီထက် ပိုသန်မာသွားပြီ မဟုတ်ဘူးလား"

"ဒါကတော့ ပြောလို့မရဘူး။ ရှီထျန်းရီကလည်း ပိုမိုသန်မာလာခဲ့တော့ တိုက်ခိုက်ပြီးမှပဲ ပြောနိုင်လိမ့်မယ်။ ဒါပေမဲ့ သူကတော့ စောင့်ကြည့်ရမယ့်သူအထဲမှာ ပါတယ်။ သူက ဟင်းလင်းပြင် စစ်တလင်း အထဲမှ

အခြေတည်ဝိညာဉ် အဆင့်က
ကျင့်ကြံသူတွေကို တိရစ္ဆာန်တွေကို သတ်သလို
သတ်ခဲ့တာလို့ ကြားထားတယ်"

ယခုအချိန်တွင် ဝမ်လင်းသည်
နတ်ဘုရားနယ်မြေ အတွင်းတွင် ဒဏ္ဍာရီတစ်ပါး
ဖြစ်သွားခဲ့ပြီ ဖြစ်သည်။ ရဲတင်းသော
စွမ်းဆောင်ချက် တစ်ခုဖြင့် သူသည် ဇီးရိုးမှနေ၍
ဟီးရိုးဖြစ်သွားခဲ့သည်။

အစပိုင်းတွင် သူသည်
လင်းဖုန်းတပည့်များအနက် တိုးတက်မှု
အနှေးကွေးဆုံး ဖြစ်သည်။ လင်းဖုန်းက
တပည့်ရွေးရာတွင် ဝမ်လင်းသည်

တစ်ခုတည်းသော အမှားဖြစ်သည်ဟူ၍ပင် အချို့က သရော်ခဲ့ကြ၏။

ပြီးတာနှင့် သူသည် ဟွမ်ဟိုင် စိတ်ဝိညာဥ် အစည်းအဝေးတွင် စတင်၍ ဖြည်းဖြည်းချင်း ကျော်ကြားလာခဲ့သည်။ ပြီးတာနှင့် သူသည် ဆတက်ထမ်းပိုး တိုးတက်လာခဲ့သည်။ လပေါင်းအနည်းငယ် အကြာတွင်ပင် သူသည် ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်သို့ တက်လှမ်းနိုင်ခဲ့အား အားလုံးတို့အား အံ့သြတုန်လှုပ်စေခဲ့၏။

အကယ်၍ သူ၏ ယခင်မှ စွမ်းဆောင်ရည်များသည် လုံလောက်အောင်

အထင်ကြီးဖွယ်ရာ မကောင်းသေးလျှင်ပင် ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် သူသည် ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်မှ ကျင့်ကြံမှုဖြင့် ရှီထျန်းရီ၏ မျက်လုံးအား ကန်းစေခဲ့သည်။ ဒါသည် သူ့အား နတ်ဘုရားနယ်မြေ အတွင်းတွင် ကျော်ကြားစေရန် လုံလောက်ခဲ့၏။

နောက်ဆုံးတွင် လင်းဖုန်း၏ တပည့်များအတွင်းတွင် မျက်စိကျစရာ မကောင်းဆုံး ဝမ်လင်းသည် အခြေတည်ဝိညာဉ်ကို ပထမဆုံး ဖန်ဆင်းနိုင်သည့်သူ ဖြစ်ခဲ့သည်။ သူသည် အင်မော်တယ် ဝိညာဉ် အဆင့်မှ

အကြီးအကဲများကိုပင်
နှစ်ခါပြန်ကြည့်စေနိုင်ခဲ့သည့် လူငယ်ကြယ်ပွင့်
ကျင့်ကြံသူတစ်ယောက် ဖြစ်လာခဲ့သည်။

ဘေးမှလူများ အားလုံးတို့က
ဆွေးနွေးနေကြစဉ်ပင် ရှီထျန်းရီက သူ၏
မျက်လုံးများကို ရုတ်တရက် ဖွင့်လိုက်ကာ
ဝမ်လင်းအား စိုက်ကြည့်လိုက်၏။ သူငယ်အိမ်
တစ်လုံးသာ ရှိခဲ့သော သူ၏ ဘယ်မျက်စိသည်
ကျုံ့သွားခဲ့၏။

ဤဆံပင်ဖြူနှင့် လူငယ်သည် သူ့အား
မျက်စိတစ်ဘက် ကန်းစေခဲ့၍ သူ၏ ဒဏ္ဍာရီကို
အဆုံးသတ်စေခဲ့သောသူ ဖြစ်၏။

သို့သော်လည်း ထို့ကြောင့်ပင် သူသည် စိတ်အားတိုးတက်လာခဲ့၍ နောက်ထပ် တိုးတက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ရှီထျန်းရီ၏ ညာမျက်စိသည် မှင်သက်ဖွယ်ရာ အလင်းတန်းများဖြင့် တောက်ပလာခဲ့သည်။ ရွှေရောင် အလင်းတန်းများသည် နဂါးတိုက်ပွဲ စင်မြင့်တစ်ခုလုံးအား ဖုံးလွှမ်းသွားခဲ့ကာ ထိုအလင်းတန်းများ အတွင်းတွင် တစ်ယောက်သည် ပုံရိပ်များစွာတို့က မြင့်တက်ကျဆင်းလာသည်ကို တွေ့နေရ၏။ ဒါသည် သူ့ကိုယ်သူ ကမ္ဘာတစ်ခုအလား ဖြစ်စေခဲ့၏။

# စာစဉ် ၃၁ : အပိုင်း ၈

## အပိုင်း ၅၇၈ : နဂါးကျောက်တုံးဂိတ် ပေါ်လာခြင်း၊ အဆုံးတိုင် တိုက်ခိုက်ခြင်း

လင်းဖုန်း၏ တပည့်များ အတွင်းတွင် ဝမ်လင်းတစ်ယောက်သာ ရှီထျန်းရီအား ဒေါသထွက်စေနိုင်ခြင်း ဖြစ်သည်။

ဝမ်လင်း၏ အမူအရာ ကင်းမဲ့နေသော မျက်နှာကို ကြည့်လိုက်ကာ ရှီထျန်းရီသည် သူ၏

ဘယ်မျက်စိမှ စူးရှနာကျင်လာသော ဝေဒနာအား ခံစားလိုက်ရသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များသည် ဝမ်လင်းက ဝင်စွက်ဖက်ခြင်းကို ထူးခြားသကဲ့သို့ ခံစားနေရသည်။

အထူးသဖြင့် ဒုတိယမျိုးဆက်မှ တပည့်များ ဖြစ်သည်။ သူ၏တပည့် လီရှင်းဖေးပင် အပါအဝင် ဖြစ်၏။ သူတို့အားလုံးတို့သည် ပုံမှန်ဆိုလျှင် ဘာသိဘာသာ နေတတ်သည့် ဝမ်လင်းသည် ယခုအချိန်တွင် စတင်လှုပ်ရှားခဲ့သည်ကို အံ့ဩနေကြခြင်း ဖြစ်သည်။

သို့သော်လည်း ရှောင်ယန်၊ ဇူရီ၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည် အချင်းချင်း ကြည့်လိုက်ကြကာ ပြုံးလိုက်ကြသည်။

ရှီထျန်းရီ၏ ဒဏ်ရာမရထားသည့် ညာမျက်စိကို ကြည့်လိုက်ကာ ရှောင်ယန်က ဖွဖွလေး ရယ်လိုက်သည်။ သူသည် မတ်တတ်ထရပ်လိုက်ရာ သူ၏ကျောနောက်မှ ဘုန်းကနဲ ကျယ်လောင်စွာ အသံတစ်ခု ထွက်လာခဲ့၏။ အကြွင်းမဲ့မီးတောက် လေးခုတို့ဖြင့် ပြုလုပ်ထားသော သူ၏ အတောင်ပံများသည် ခက်ထန်စွာဖြင့် တောက်လောင်နေကြကာ အရာအားလုံးကို

ဖျက်ဆီးနိုင်သော စွမ်းအားကြီးသည့်
အော်ရာများ ပျံ့နှံ့လာကြသည်။

သူ၏ဘေးတွင် ဇူရီက ငြိမ်သက်စွာဖြင့်
မတ်တတ်ထရပ်လိုက်သည်။ သူ၏ခေါင်းပေါ်မှ
ကြည်လင်သော အလင်းတန်းတစ်ခု
ပေါ်လာခဲ့၍ တစ်ယောက်သည်
ဟင်းလင်းပြင်တွင် လွင့်မျောနေသော
စာစီစာကုံး တစ်ပုဒ်ကို တွေ့နိုင်သည်။
နောက်ခံတွင် တစ်ယောက်သည်
စာသင်သားများ၏ ရွတ်ဆိုနေသံအား
ကြားနိုင်နေ၏။ ကြည့်ရသည်မှာ ပညာရှိ
တစ်ထောင်တို့က ကဗျာများကို
ရွတ်ဖတ်နေကြကာ ကမ္ဘာကြီးအား

ဉာဏ်အလင်းဖြင့် တောက်ပနေစေရန်
ကြိုးစားနေကြသကဲ့သို့ ဖြစ်သည်။

နဂါးတိုက်ပွဲ စင်မြင့် အတွင်းတွင်
အားလုံးတို့သည် ပါးစပ်အဟောင်းသားဖြင်
ဝမ်လင်းနှင့် ကျန်သောသူများအား
ကြည့်နေကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
တပည့်ကြီးဖြစ်သော ရှောင်ယန်သည် သူ၏
စွမ်းအားများကို ပထမဆုံး ရှကျိုးမြို့
တိုက်ပွဲတွင် ပြသခဲ့၏။ ပြီးနောက်
ရှင်းယွင်တောင်ထိပ်တွင် သူသည် မဟာချင်
အင်ပါယာမှ အခြေတည်ဝိညာဉ် အဆင့်

အိမ်ရှေ့မင်းသားနှင့် တိုက်ခိုက်အပြီးတွင်
ကျော်ကြားလာခဲ့သည်။

သူသည် ဝမ်လင်းမတိုင်ခင်
ကျော်ကြားခဲ့သော်လည်း နောက်ပိုင်းတွင်
ငြိမ်သက်သွားခဲ့၏။ ရှင်းယွင်တောင်ထိပ်မှ
တိုက်ပွဲအပြီးတွင် သူ့ထံမှ ဘာသတင်းတို့မှ
မကြားရတော့ချေ။ သူသည် ကမ္ဘာအတွင်းမှ
ကျန်သောသူများ၏ မေ့ပျောက်ခြင်းကို ခံခဲ့ရပြီး
သူ၏ဂျူနီယာများက အစားထိုး
ဝင်ရောက်လာခဲ့သည်။

သို့သော်လည်း လွန်ခဲ့သော တစ်လခန့်က
ရှောင်ယန်သည် ပြန်လည်ပေါ်ပေါက်လာခဲ့၏။

လူ့ပြည်ထံသို့ သက်ဆင်းလာသည့် နတ်ဘုရား
တစ်ပါးအလား သူသည် ယုမိသားစုအား
ဖျက်ဆီးခဲ့ကာ သူတစ်ယောက်တည်းနှင့်
ယုမိသားစုမှ အခြေတည်ဝိညာဉ် အဆင့်
အကြီးအကဲ ဆယ်ယောက်ကျော်တို့အား
သတ်ဖြတ်နိုင်ခဲ့၏။

သူ၏ ကောင်းကင်မီးတောက် ကြာပန်းသည်
အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ
ကျင့်ကြံသူ သုံးယောက်တို့အား ပြာချနိုင်ခဲ့ပြီး
နောက်ပိုင်းတွင် သူသည် လင်းဖုန်း၏
မျက်စိကျချင်စရာ အကောင်းဆုံး
တပည့်တစ်ယောက် ဖြစ်လာခဲ့၏။

သူ၏ဂျူနီယာများသည် သူ့ထက်ပိုစော၍
အခြေတည်ဝိညာဉ်တို့ကို
ဖန်ဆင်းနိုင်ခဲ့သော်လည်း သူ၏
ဂုဏ်ကျက်သရေအား သက်ရောက်မှု မရှိခဲ့ပေ။

သူ၏ဘေးမှ ဇူရီကလည်း သူ့နည်းသူ့ဟန်နှင့်
တောက်ပခဲ့သူ ဖြစ်၏။ သူသည် အလွန်တရာ
ထူးချွန်ပြောင်မြောက်သည့်ပုံ
မပေါက်နေသော်လည်း သူသည် လင်းဖုန်း၏
တပည့်များအတွင်းတွင် တိုင်လုံးတစ်လုံး
အလားဖြစ်၏။ တစ်စုံတစ်ယောက်ကိုမှ
စိတ်မပျက်စေခဲ့ပေ။

သူ၏ စာပေ အငွေ့အသက်သည် ပညာရှိတို့၏ ချီးကျူးဩဘာပေးမှုကို ခံခဲ့ရ၍ ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်တွင်ပင် သူသည် ပွားစည်းခြင်း အဆင့်မှ မော်ရတနာ တစ်ပါး၏ သစ္စာခံယူခြင်းကို ရရှိခဲ့၏။ တစ်စုံတစ်ယောက်ကမှ ဤကဲ့သို့သော အရာမျိုးကို စွမ်းဆောင်နိုင်ခြင်း မရှိဖူးခဲ့ချေ။

သူတို့အား ကြည့်လိုက်ကာ လူအားလုံးတို့က တွေးလိုက်ကြသည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက လူတွေအားလုံးက မွန်းစတားတွေချည်းပဲလား"

ရှောင်ယန်တို့ တတွေနှင့် ယှဉ်လိုက်လျှင်
ပါရမီရှင်များ စုဝေးရာဟု သိထားခဲ့ကြသော
ဟင်းလင်းပြင် ဘုရားကျောင်းသည်
မေးမှိန်သကဲ့သို့ ဖြစ်သွားခဲ့သည်။

အထူးသဖြင့် ရှောင်ယန်၏ဘေးတွင်
ရပ်နေသော ယွဲ့ဟုန်ယန်အား တွေ့ရသည့်အခါ
ဟင်းလင်းပြင် ဘုရားကျောင်းသည် ပို၍
နိမ့်ကျသွားခဲ့သည့်ပုံ ပေါက်သွားခဲ့၏။

ဤသုံးရက်အတွင်းတွင် ရှီးလင်မြို့မှ
လူအားလုံးတို့သည် ရွှေရောင်ဇဟိုချက် စဦးပိုင်း
အဆင့်မှ ယွဲ့ဟုန်ယန်နှင့် ရွှေရောင်ဇဟိုချက်
နောက်ဆုံး အဆင့်မှ ဟင်းလင်းပြင်

ဘုရားကျောင်း၏ လက်ရင်းတပည့်
တစ်ယောက်ဖြစ်သူ ပိုင်ရှီချန်၏
တိုက်ပွဲအကြောင်းကို သိခဲ့ပြီး ဖြစ်သည်။
မျှတစွာ ယှဥ်ပြိုင်ခဲ့သော တိုက်ပွဲတွင်
ပိုင်ရှီချန်သည် အကြီးအကျယ်
ရှုံးနိမ့်သွားခဲ့သည်။

"ငါ့ရဲ့ညီငယ်လေးက လူတွေရဲ့ အနောက်မှာ
ပုန်းနေဖို့ပဲ သိတာလား" ရှီထျန်းရီသည်
ဝမ်လင်းနှင့် ကျန်သောသူများအား
ကြည့်လိုက်ကာ ပြောလိုက်သည်။ သူ၏
အမူအရာသည် မပြောင်းလဲခဲ့ပဲ လေးလံသော
လေထုကြီးက သူ့အားဝန်းရံထားခဲ့၏။
အဖြူရောင် အလင်းတန်းများက သူ၏

ကိုယ်အတွင်းမှ ပေါ်ထွက်လာကြ၍
ခက်ထန်သော အော်ရာများဖြင့်
ပြည့်နှက်နေခဲ့၏။ အဖြူရောင်
အလင်းတန်းသည် အပေါ်မှ အနီရောင်
ကောင်းကင်ထံသို့ တက်သွားခဲ့သည်။

ထိုအချိန်တွင် ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေမှ ကောင်းကင်ယံထက်တွင်
မိုးကြိုးတိမ်တိုက်များ ဖုံးလွှမ်းလာခဲ့၏။
ထိုမိုးကြိုးတိမ်တိုက် အတွင်းမှ အရောင်ငါးမျိုး
အလင်းတန်းတို့ လင်းလက်လာကြ၍
ရွှေရောင်နဂါး တစ်ကောင်သည် နဂါးတိုက်ပွဲ
စင်မြင့်၏ မြောက်ဘက်ဆုံးအပိုင်းပေါ်သို့
ကျဆင်းလာခဲ့သည်။

ထိုနဂါး ဆင်းသက်လာသောအခါ
တစ်ယောက်သည် ချင်ဧကရာဇ် ရှီယု၏ ပုံရိပ်ကို
တွေ့နိုင်ခဲ့သည်။ သူ၏အနောက်တွင်
သက်လတ်ပိုင်း စာသင်သား လူတစ်ယောက်
ဦးဆောင်လာသော လူတစ်စုအား
တွေ့နိုင်သည်။ သူ့ထံတွင် ကျင့်ကြံမှု
အရိပ်အယောင် တစ်စွန်းတစ်စမှ
မတွေ့နိုင်သော်လည်း တစ်ယောက်ကမှ သူ့အား
လျှော့မတွက်ရဲကြချေ။ သူသည် မဟာချင်
အင်ပါယာ၏ နန်းရင်းဝန် ဝူချင်လျို ဖြစ်၏။

ရှီယု၏ အကြည့်သည် နဂါးတိုက်ပွဲ စင်မြင့်
အတွင်းသို့ ဝေ့ကြည့်လိုက်ကာ ပြောလိုက်သည်။
"ပြိုင်ပွဲဝင်တွေအားလုံး ရောက်ကြပြီလား"

ရှီထျန်းရီက ပြန်ဖြေလိုက်၏။
"မရောက်သေးပါဘူး"

ရှီယုသည် လင်းဖုန်းအား ကြည့်လိုက်ကာ
လင်းဖုန်းကလည်း တည်ငြိမ်စွာဖြင့်
ပြန်ကြည့်လိုက်၏။ ခဏတာ အတွင်းတွင်
သူတို့၏ မျက်လုံးများက လက်ကနဲ
ဖြစ်သွားခဲ့သည်။

နဂါးတိုက်ပွဲ စင်မြင့် အတွင်းတွင်
ကောင်းဟာန်နှင့် ရှမ်းလင်သူတော်စင်တို့
နှစ်ယောက်စလုံးတို့သည် အနည်းငယ်
အံ့အားသင့်သည့်ပုံ ပေါက်သွားခဲ့၏။ ပြီးတာနှင့်
တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်၊
ရှီကျုံးယွဲ့၊ နတ်ကောင်းကင် ဓားအကြီးအကဲ၊
ဆီးနှင်းပျံ ဓားမာစတာနှင့်
ကျန်သောသူများသည် နဂါးတိုက်ပွဲ စင်မြင့်
တောင်ဘက်ပိုင်းသို့ လှည့်ကြည့်လိုက်ကြသည်။

ပို၍များသောသူများသည် ထိုနေရာကို
အကြည့်များ ကျရောက်လာကြသည်။ ရှီထျန်းရီ၊
ရှောင်ယန်၊ ဝမ်လင်းနှင့် ဇူရီတို့ကလည်း
ထိုဘက်သို့ ကြည့်လိုက်ကြသည်။

သူတို့နှင့် အကွာအဝေး များစွာ ကွာခြားနေပြီး လေပြင်းများ၏ တိုက်ခတ်သံများက နှောင့်ယှက်နေခဲ့သော်လည်း အားလုံးတို့သည် လေးလံသော ခြေသံများက ဖြည်းဖြည်းချင်း နီးကပ်လာခဲ့သည်ကို တွေ့နိုင်ခဲ့သည်။

အင်မော်တယ် ဝိညာဉ် အဆင့်အောက်မှ ကျင့်ကြံသူများ အနေဖြင့် ထိုခြေလှမ်းများသည် သူတို့၏ နှလုံးသားတို့အား တက်နင်းနေသကဲ့သို့ ခံစားနေကြရ၏။

ခဏအကြာတွင် ထိုခြေလှမ်းများက ရပ်တန့်သွားခဲ့ကာ ဝုန်းကနဲ ကျယ်လောင်စွာ မြည်ဟည်းသွားခဲ့၏။ ကြည့်ရသည်မှာ လွန်စွာလေးလံသော အရာတစ်ခုက မြေပြင်ပေါ်သို့ ကျလာခြင်း ဖြစ်သည်။ ပြီးတာနှင့် သူတို့သည် တစ်စုံတစ်ယောက်က လေပေါ်သို့ ခုန်တက်လိုက်ကာ ကျွမ်းတစ်ပတ် ပစ်လိုက်ကာ နဂါးတိုက်ပွဲ စင်မြင့်အပေါ်သို့ ကျရောက်လာခဲ့၏။

အားလုံးတို့သည် ထိုသူက မည်သူဆိုသည်ကို တွေ့လိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားကြ၏။

သူတို့သည် ရွှေရောင်အလင်းတန်းများဖြင့် ဖုံးလွှမ်းထားသည့် ဧရာမ ပုံရိပ်တစ်ခုအား တွေ့လိုက်ရသည်။ ဒါသည် လူသားပုံစံ ပေါက်နေသော ကမ္ဘာဦးခေတ်မှ သားရဲတစ်ကောင်နှင့် တူနေ၏။ နဂါးတိုက်ပွဲ စင်မြင့်၏ တစ်လက်မမကျန် ခက်ထန်ကြမ်းတမ်းမှုများဖြင့် ပြည့်နှက်သွားခဲ့သည်။

သူသည် နဂါးတိုက်ပွဲ စင်မြင့်၏ တောင်ဘက်ပိုင်းသို့ ကျရောက်လာခဲ့ပြီး အလယ်ဗဟိုသို့ ခြေတစ်လှမ်းခြင်း လှမ်းလာခဲ့သည်။ သူ၏ ခြေသံများမှာ မိုးခြိမ်းသံနှင့် တူနေ၏။

ခြေတစ်လှမ်း လှမ်းခဲ့ပြီး အတိုင်းတွင်
သူ၏ကိုယ်ပေါ်မှ
ရွှေရောင်အလင်းတန်းများသည် ဖြည်းဖြည်းချင်း
ကွယ်ပျောက်သွားခဲ့ကာ သူ၏ခန္ဓာကိုယ်မှာ
ကျုံ့ဝင်လာခဲ့သည်။ နောက်ဆုံးတွင် ရွှေရောင်
အလင်းတန်းများက
လုံးဝပျောက်ကွယ်သွားခဲ့ကာ သူ၏
ခန္ဓာကိုယ်မှာ သုံးမီတာခန့်သာ ကျန်တော့၏။

ထိုအချိန်တွင် သူ၏ ခန္ဓာကိုယ်မှာ
ခရမ်းစိမ်းရောင် လျှပ်စီးများနှင့်
အော်မြည်နေသော လေပြင်းများနှင့်
ဖုံးလွှမ်းထားခဲ့သည်။ လျှပ်စီးများသည်

သူ၏ခန္ဓာကိုယ် ပတ်ပတ်လည်တွင် တစ်ရှဲရှဲနှင့် ကြောက်မက်ဖွယ်ရာ တောက်ပနေခဲ့၏။ သူသည် ထိတ်လန့်ဖွယ်ရာ မိစ္ဆာတစ်ကောင်နှင့် တူနေခဲ့၏။

သို့သော်လည်း ရွှေရောင်အလင်းတန်းများနည်းတူ လျှပ်စီးနှင့် လေပြင်းများက သူ့ခန္ဓာကိုယ်မှနေ၍ တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ကာ သူ၏ ရှည်လျားသော အရပ်အမောင်းကို ဖော်ပြလိုက်သည်။

သူသည် အသက်၁၃နှစ်သာ ရှိသေးသော်လည်း သူ၏ ခန္ဓာကိုယ်မှာ ရှည်လျားဖြောင့်မတ်နေ၏။

သူ၏ ကိုယ်ဟန်သွင်ပြင်မှာ ကောင်းကင်ဘုံက ကိုယ်တိုင်ထုလုပ်ပေးထားသကဲ့သို့ ပြီးပြည့်စုံနေခဲ့သည်။

သူ၏ အဖြူရောင်ကျောက်စိမ်း အသားအရေမှာ အပြစ်အနာအဆာ ကင်းမဲ့စွာဖြင့် တောက်ပနေခဲ့သည်။ သူသည် လှပသော ကြွေရုပ်လေးကဲ့သို့ အန္တရာယ် မရှိသည့်ပုံ ပေါက်နေခဲ့သော်လည်း ရှိနေကြသူ အားလုံးတို့သည် သူ၏ကိုယ်တွင်းတွင် သိုဝှက်ထားသော မယုံနိုင်အောင် ကြောက်မက်ဖွယ်ရာ စွမ်းအားများကို ခံစားနိုင်ခဲ့ကြသည်။

သူ၏ မည်းနက်နေသော ဆံပင်များသည် ပုခုံးအပေါ်တွင် ဝဲကျနေကြကာ သူ၏ မျက်လုံးအစုံမှာ တောက်ပနေ၏။ သူ၏ မျက်လုံးတို့သည် လည်ပတ်သွားကြကာ ထိုလူငယ်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့သည်။ သူသည် စင်မြင့်ပေါ်မှ သူများကို လက်ဝှေ့ယမ်းကာ နှုတ်ဆက်နေခဲ့သည်။ အနမ်းပေးသည့် ပုံစံမျိုးကိုပင် လုပ်ပြသေးခဲ့၏။

အားလုံးတို့သည် အံ့သြထိတ်လန့်စွာနှင့် ထိုင်ခုံပေါ်မှ ပြုတ်ကျလုမတတ် ဖြစ်ကုန်ကြ၏။ သူတို့သည် မှင်သက်စွာနှင့် ဆွံ့အကုန်ကြသည်။ အားလုံးတို့သည် ထိုကောင်စုတ်လေးက

ထိတ်လန့်ကြောက်ရွံ့နေသဖြင့်
နောက်ကျနေသည်ဟု ထင်နေကြသော်လည်း
ကြည့်ရသည်မှာ မဟုတ်ချေ။

သူသည် ဖြည်းညင်းသော်လည်း တည်ငြိမ်စွာဖြင့်
လျှောက်လာခဲ့သည်။ သူသည် ရေကန်ဘေးမှ
လွင်ပြင်သို့ ရောက်လာသောအခါ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း နေရာယူထားသည့်
အရှေ့ဘက်သို့ မျက်နှာမူလိုက်ကာ
ဦးညွှတ်လိုက်သည်။ "ဆရာ၊ ကျွန်တော်
ရောက်လာပါပြီ"

သူသည် ယနေ့တိုက်ပွဲ၏ ဇာတ်ကောင်ဖြစ်သူ လင်းဖုန်း၏ အငယ်ဆုံး တပည့်လေး ရှီထျန်းဟောင်ပင် ဖြစ်ပေသည်။

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကောင်းတယ်"

ရှီထျန်းဟောင်သည် သူ၏ခေါင်းကို ညိတ်လိုက်ကာ သူ၏အရှေ့မှ ရှီထျန်းရီအား ကြည့်လိုက်သည်။ သူ၏မျက်နှာပေါ်မှ အပြုံးသည် ပျောက်ကွယ်သွားခဲ့ကာ ပြောလိုက်သည်။ "စောင့်နေရတာ အားနာပါတယ်၊ ကျုပ်ရဲ့အစ်ကို"

"ငါက နဂါးကျောက်တုံးဂိတ်ကို ဖွင့်ဖို့အတွက် မင်းရဲ့ အကူအညီကို လိုတယ်ဆိုတော့ စောင့်ရမှာပေါ့" ရှီထျန်းရီက တိုးညင်းစွာဖြင့် ပြောလိုက်သည်။

ရှီထျန်းဟောင်၏ တောက်ပသော မျက်လုံးအစုံတို့သည် ပုတ်ခတ်ပုတ်ခတ် ဖြစ်သွားခဲ့ကာ ပြန်ပြောလိုက်၏။ "ဟုတ်သားပဲ၊ ကျုပ်က မေ့တောင်မေ့နေပြီ။ ခင်ဗျားကို ဖျက်ဆီးဖို့က ဒုတိယ၊ ဒီကိုလာရခြင်းရဲ့ အရေးအကြီးဆုံး ရည်ရွယ်ချက်က ဂိတ်ကိုဖွင့်ဖို့ပဲ"

သူသည် သူ၏ခေါင်းကို လှည့်လိုက်ကာ ပတ်ကြည့်လိုက်၍ မေးလိုက်သည်။
"ဘယ်မှာလဲ"

သူသည် မြောက်ပိုင်းသို့ လှမ်းကြည့်လိုက်ရာ ချင်ကေရာဇ် ရှီယုက ပြုံးလိုက်သည်ကို သတိထားမိလိုက်သည်။ သူသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်ရာ သူ၏ အကြည့်သည် အသက်ဝင်လာသကဲ့သို့ ဖြစ်သွားခဲ့သည်။

ခဏအကြာတွင် အားလုံးတို့၏ ခေါင်းပေါ်မှ အနီရောင် ကောင်းကင်ကြီးသည် ကြောက်မက်ဖွယ်ရာ အသံများဖြင့်

မြည်လာခဲ့သည်။ လေဟာနယ်သည် တွန့်လိမ်သွားသကဲ့သို့ ဖြစ်သွားခဲ့ကာ ကီလိုမီတာပေါင်း ရာနှင့်ချီ၍ ကြီးမားသည့် ရောမ ဝဲကတော့ကြီး တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

လင်းဖုန်းကလည်း သူ၏ခေါင်းကို မော့လိုက်ကာ ကောင်းကင်ပေါ်သို့ ကြည့်လိုက်သည်။ ထိုအနီရောင်ရင့်ရင့် ဝဲကတော့ကြီး အတွင်းတွင် နဂါးဟိန်းသံများကို ကြားနိုင်ခဲ့၏။ အစပိုင်းတွင် တိုးညင်းနေသော်လည်း တဖြည်းဖြည်းနှင့် ပို၍ကျယ်လိုက်ခဲ့သည်။

ထိုဝဲကတော့ အတွင်းမှ နို့နှစ်ကဲ့သို့
ဖြူဖွေးနေသော ကျောက်စိမ်းတံခါးတစ်ခု
ပေါ်လာခဲ့သည်။ သူသည် မီတာ၃၀ကျော်
ကြီးမား၍ တံခါးသည် တင်းကျပ်စွာနှင့်
ပိတ်ထားခဲ့၏။ သူ့အပေါ်တွင် နဂါးရုပ်ထုများ
ထွင်းထုထားခဲ့သည်။

ထိုနဂါးတို့၏ မျက်လုံးများသည် အတူတကွ
လင်းလက်လာခဲ့၍ ရွှေရောင်အလင်းတန်း
တစ်ခုကို ထုတ်လွှတ်လိုက်သည်။ သူတို့သည်
အသက်ဝင်လာသကဲ့သို့ ဖြစ်လာခဲ့ကာ
နဂါးဟိန်းသံများကို ကြားနိုင်ခဲ့သည်။

ထိုအဖြူရောင် ကျောက်စိမ်းတံခါးက ကျဆင်းလာသောအခါ ကောင်းကင်ယံမှ အလင်းမိုးများ ကျဆင်းလာခဲ့၏။ သူတို့သည် ပန်းပွင့်ချပ်များ ကျဆင်းလာသကဲ့သို့ ဖြစ်နေကြပြီး အနီရောင် ကောင်းကင်ကြီးအား ရွှေရောင်တောက်ပစေခဲ့သည်။

"ဒါက နဂါးကျောက်တုံးဂိတ်လား" အားလုံးတို့သည် ထိုအဖြူရောင် ကျောက်စိမ်းတံခါးအား စိုက်ကြည့်နေကြ၏။ ရှီယုသည် သူ၏ပါးစပ်အား ဖွင့်လိုက်ကာ ဖြည်းဖြည်းချင်း ပြောလိုက်၏။ "မဟာချင် အင်ပါယာက ရှီမိသားစုက နဂါးသွေးတွေကို

ဆက်ခံထားတယ်။ မင်းတို့နှစ်ယောက်ကို ပိုင်ဆိုင်ထားရတာ ဂုဏ်ယူစရာပါပဲ"

"နဂါးတိုက်ပွဲ စင်မြင့်မှ မင်းတို့နှစ်ယောက်စလုံးတို့က မင်းတို့ရဲ့ ခွန်အားတွေ၊ စွမ်းရည်တွေကို ပြသပြီး အနိုင်ရသူကို ဆုံးဖြတ်ရမယ်။ တကယ်လို့ မင်းတို့တိုက်ပွဲရဲ့ စွမ်းအားတွေက ဒီနဂါးကျောက်တုံးဂိတ်ရဲ့ အကန့်အသတ်တွေကို ကျော်လွန်သွားခဲ့လို့ရှိရင် မင်းတို့က ဂိတ်ကိုဖွင့်နိုင်ပြီး အတွင်းကို တစ်ရက်ဝင်သွားနိုင်ကာ အထဲက ရတနာတွေကို ရှာဖွေနိုင်တယ်"

ပြီးတာနှင့် ရှီယု၏ အကြည့်သည် လင်းဖုန်းနှင့် ကောင်းဟာန်တို့၏ အပေါ်သို့ ကျရောက်သွားခဲ့သည်။ သူတို့နှစ်ယောက်စလုံးတို့သည် ခေါင်းညိတ်လိုက်ကြရာ ရှီယုက ဆက်ပြောလိုက်သည်။ "မင်းတို့တိုက်ပွဲ စနိုင်ပြီ"

သူ၏စကားဆုံးသည်နှင့် တစ်ယောက်သည် ရေအိုင်အတွင်းမှ လွင်ပြင်ရှိ လူပုံရိပ်နှစ်ခုတို့က လက်ကနဲ ဖြစ်သွားခဲ့သည်ကို တွေ့လိုက်ရသည်။ ကြယ်တံခွန် နှစ်ခုက ထိတွေ့မိကြသကဲ့သို့ နှစ်ဦးနှစ်ဘက်တို့သည် တစ်ယောက်ထံသို့ တစ်ယောက် ပြေးဝင်လာကြ၏။

နဂါးတိုက်ပွဲ စင်မြင့်မှ ထိခိုက်သံများ
ပေါ်လာခဲ့ကာ စင်မြင့်အတွင်းမှ လေပြင်းများက
ဖရိုဖရဲ ဖြစ်ကုန်ကြသည်။

တခဏအတွင်းမှာပင် နဂါးတို့၏
ခွန်အားကြီးသော ကျက်သရေ တိမ်တိုက်များက
ပေါ်ထွက်လာခဲ့၍ နဂါးတိုက်ပွဲ စင်မြင့် အတွင်းမှ
တိုက်ခိုက်မှုများကြောင့် ထွက်ပေါ်လာသည့်
လှိုင်းလုံးများကို တားဆီးရန် ကြိုးစားနေခဲ့သည်။

တစ်ခဏလေး အတွင်းမှာပင် တိုက်ပွဲဝင်
နှစ်ယောက်တို့သည် ဆယ်ကြိမ်ကျော်ခန့်

တိုက်ခိုက်လိုက်ကြသည်။ ထိတွေ့မှု
တစ်ကြိမ်တိုင်းသည် နတ်ဘုရား ခန္ဓာကိုယ်
နှစ်ခုက ထိတွေ့ခဲ့သကဲ့သို့ ဖြစ်နေခဲ့၏။
အားလုံးတို့၏ စိတ်အတွင်းတွင်
ကြောက်ရွံ့တုန်လှုပ်မှုများကို
ပေါ်ပေါက်စေခဲ့သည်။

အင်မော်တယ် ဝိညာဥ် အဆင့်မှ
အကြီးအကဲများပင် ထိုတိုက်ပွဲအား
အာရုံစိုက်ကာ စိုက်ကြည့်နေကြ၏။

"ဒီတိုက်ပွဲက သမိုင်းမှတ်တမ်းထဲကို
ဝင်သွားလိမ့်မယ်" ကြယ်စင်ဓားမာစတာက
ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။ သူ၏ဘေးမှ

နေမင်းအလင်းတန်း ခေးမာစတာက
သဘောတူလှစွာ ခေါင်းညိတ်လိုက်၏။

ရှီနှစ်ရှီတို့၏ အသက်နှင့် ယှဉ်လိုက်သော်
သူတို့သည် ဤကဲ့သို့သော ကျင့်ကြံမှု၊
ခွန်အားနှင့် စွမ်းရည်များကို
ပိုင်ဆိုင်ထားသည်မှာ အံ့သြစရာ ဖြစ်၏။

အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲများသည် သူတို့၏
ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်နှင့်
အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်မှ
နေ့ရက်များကို ပြန်တွေးကြည့်လိုက်သည်။
သူတို့၏အရှေ့မှ ရှီနှစ်ရှီတို့သည် များစွာပို၍

အထက်တန်း ကျလှသည့်ကို
သဘောပေါက်လိုက်သောအခါ သူတို့၏
နှလုံးသားများက တုန်ခါသွားကြသည်။

"ဘုန်း!"

နောက်ထပ် ထိပ်တိုက်တွေ့ခဲ့ကြရာ
အလင်းတန်း မြူခိုးငွေ့များ ထလာကြ၍
လေပြင်းတို့က အော်မြည်လာကြ၏။
အရာအားလုံးတို့ ပြန်လည်ငြိမ်သက်သွားစေရန်
အချိန်အတော် ယူလိုက်ရသည်။

စင်မြင့်အပေါ်မှ ပုံရိပ်နှစ်ခုတို့သည် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြ၏။ ရှီထျန်းဟောင်သည် အရှေ့ဘက်တွင် ဟန်ပန်အမူအရာ ကင်းမဲ့နေသော မျက်နှာဖြင့် ရပ်နေခဲ့သည်။ သူသည် ရှီထျန်းရီအား အသေအချာ စိုက်ကြည့်နေခဲ့၍ သူ၏ခေါင်းကို စောင်းလိုက်ကာ ပြောလိုက်သည်။ "ရှီထျန်းရီ၊ အချိန်အတော် ကြာသွားခဲ့ပြီ"

ရှီထျန်းရီကလည်း သူ့အားကြည့်လိုက်ကာ အချိန်အတော်ကြီးကြာမှ ပြန်ဖြေလိုက်၏။ "မင်းပြောတာမှန်တယ်၊ ရှီထျန်းဟောင်။ အတော်ကြာသွားခဲ့ပြီ"

အစောပိုင်းတုံးက သူတို့နှစ်ယောက် တွေ့ခဲ့စဉ်
သူတို့သည် တစ်ယောက်ကိုတစ်ယောက်
ညီအစ်ကိုဟု သုံးနှုန်းခဲ့ကြသည်။
ထိုအခေါ်အဝေါ်တွင် သရော်လှောင်ပြောင်ခြင်း၊
တင်းမာခြင်းနှင့် အထင်သေးခြင်း
အငွေ့အသက်များ ပါနေပေသည်။

ယခုအချိန်တွင် သူတို့သည်
တစ်ယောက်ကိုတစ်ယောက် နာမည်
အပြည့်အစုံတပ်၍ ခေါ်နေကြပြီ ဖြစ်၏။ ဒါသည်
သူတို့နှစ်ယောက်စလုံးတို့၏ စိတ်အတွင်းတွင်
ရည်ရွယ်ချက် တစ်ခုတည်း ရှိခြင်းကို
ဖော်ပြနေခဲ့ခြင်း ဖြစ်သည်။

ယနေ့တိုက်ပွဲတွင် သူတို့သည် တစ်ယောက်က မသေမချင်း တိုက်ခိုက်မှုအား ရပ်တန့်ကြမည် မဟုတ်ချေ။

## စာစဉ် ၃၁ : အပိုင်း ၉

## အပိုင်း ၅၇၉ : ကြမ္မာပန်းတိုင် တိုက်ပွဲ!

ရှီထျန်းဟောင်သည် တည်ငြိမ်စွာနှင့်ပင် သူ၏နေရာ၌ ရပ်နေခဲ့သည်။ သူ၏ ပုံစံမှာ ယခင်က ပုံစံနှင့် လုံး၀ကွဲပြားခြားနားနေခဲ့သည်။

သူသည် အစောပိုင်းမှ ကြောက်မက်ဖွယ်ရာ ပုံစံတို့အား မဖော်ပြခဲ့ပေ။ ရှီထျန်းဟောင်သည် မဟာပဏ္ဍိတ၏ အရေပြားနှင့် ပြည့်စုံစွာ ပေါင်းစပ်သွားအပြီးတွင် ကောင်းကင်လှုပ်ခါ မိုးကြိုးမုန်တိုင်းနှင့် သူ၏အခြားသော တိုက်ခိုက်မှုများကို သူ၏ ရုပ်ခန္ဓာကိုယ် အတွင်းတွင် ထည့်သွင်းထားခဲ့၏။ သူသည် မိုးကြိုးမုန်တိုင်း ကိုယ်ပွားနှင့် ရွှေရောင် မဟာသားရဲ ပုံစံတို့အား မဖော်ပြခဲ့ပေ။

သူ၏အစောပိုင်းမှ ပုံသဏ္ဍာန်သည် ကျင့်ကြံမှု ပုံသဏ္ဍာန်သာဖြစ်၍ တိုက်ခိုက်မှု ပုံသဏ္ဍာန် မဟုတ်ခဲ့ပေ။

ယခုအချိန်တွင် ရှီထျန်းဟောင်၏ နဂိုမူလ အဖြူရောင်ကျောက်စိမ်း အသွင်သဏ္ဍာန်သည် ရွှေရောင်အလင်းတန်း မှိန်မှိန်လေးဖြင့် တောက်ပလာခဲ့သည်။ သူ၏ အရေပြား အတွင်းတွင် ခရမ်းစိမ်းရောင် အလင်းတန်းသည် အဆက်မပြတ် လင်းလက်လာခဲ့၏။

သို့သော်လည်း သူ၏ ခန္ဓာကိုယ်သည် မပြောင်းလဲခဲ့ပေ။ သူသည် အရပ်ရှည်ရှည်နှင့် လူငယ်လေး တစ်ယောက်သာ ဖြစ်နေသေး၏။

သို့သော်လည်း သူ၏ ပူပြင်းတောက်ပနေသည့် ခန္ဓာကိုယ် အတွင်းမှနေ၍ အသက်စွမ်းအင်များနှင့် ခွန်အားများသည်

အဆက်မပြတ် ပေါက်ကွဲနေသော
မီးတောင်ရှင်တစ်ခုအလား ဖြစ်နေခဲ့၏။
ထိုကဲ့သို့သော စွမ်းအားများသည်
အင်မော်တယ်ဝိညာဉ် အဆင့်အောက်မှ
ကျင့်ကြံသူများအား စိုးရိမ်ထိတ်လန့်စေခဲ့သည်။

သူ၏ ရုပ်ခန္ဓာကိုယ် စွမ်းအားများသည် သူတို့၏
စကြာဝဠာ ပုံသဏ္ဍာန်များကို ရုပ်ကိုယ်ခန္ဓာ
အတွင်းသို့ ပေါင်းစပ်ထားသည့် အခြေတည်
ဝိညာဉ် နောက်ဆုံး အဆင့်မှ
ကျင့်ကြံသူများထက် သာလွန်နေခဲ့သည်။

သူတို့၏ အရှေ့မှ ရှီထျန်းဟောင်အား ကြည့်လိုက်ကာ သူတို့သည် အလွန်အမင်း စိတ်လှုပ်ရှားနေကြ၏။

ရှီထျန်းရီသည်လည်း ယခင်ကနှင့် ကွဲပြားခြားနားနေခဲ့သည်။ သူ၏ အရေပြားမှနေ၍ ဗုဒ္ဓကိုယ်ပွားကဲ့သို့ ရွှေရောင်အလင်းတန်းများ ထွက်နေခဲ့၏။

သူသည် အန္တိမ အကာအကွယ် ဗုဒ္ဓနည်းစနစ် ဖြစ်သော မရွေ့လျားနိုင်သော နာဂါရာဂျာ ဗုဒ္ဓခန္ဓာကိုယ်အား ကျင့်ကြံထားပြီးဖြစ်ကာ သူ၏ခန္ဓာကိုယ်အား အဆုံးစွန် တည်ဆောက်ထားနိုင်ခဲ့သည်။

ရွှေ့လျားၡ် မရသော၊ မဖျက်ဆီးနိုင်သော
ထာဝရ စွမ်းအားတစ်ခုသည်
စတင်ပေါ်ပေါက်လာခဲ့သည်။

သို့သော်လည်း ဤအချိန်တွင် ရှီထျန်းရှီ၏
ရွှေရောင် ဗုဒ္ဓဆင်းတုတော်ကဲ့သို့သော
ခန္ဓာကိုယ်သည် စတင်ၡ် အက်ကွဲလာခဲ့၏။

မရွေ့လျားနိုင်သော နာဂါရာဂျာ
ဗုဒ္ဓခန္ဓာကိုယ်သည် ကျိုးပျက်သွားခဲ့သည်။
အစောပိုင်းက တိုက်ခိုက်မှုများ အတွင်းတွင်
ရှီထျန်းဟောင်သည် ရှီထျန်းရှီ၏

မရွှေ့လျားနိုင်သော နာဂါရာဂျာ
ဗုဒ္ဓခန္ဓာကိုယ်အား တူတစ်ခုဖြင့်
သစ်ကြားသီးတို့အား ထုရိုက်နေသကဲ့သို့
ရိုက်ခွဲပစ်ခဲ့သည်။ ရုပ်ခန္ဓာကိုယ်
ခွန်အားသက်သက်ဖြင့် သူသည်
မရွှေ့လျားနိုင်သော နာဂါရာဂျာ
ဗုဒ္ဓခန္ဓာကိုယ်အား အက်ကွဲစေခဲ့၏။

ထိုမြင်ကွင်းအား ကြည့်လိုက်ရသောအခါ
ကြည့်နေကြသူများ အားလုံးတို့သည်
အသက်ပြင်းပြင်း တစ်ချက်ကို
ရှူလိုက်မိကြသည်။

ပွင့်လင်းစွာနှင့် ပြောရလျှင် ရှီထျန်းရီသည်
မဟာမိုးကြိုး ကျောင်းတော်၏ အန္တိမ
အကာအကွယ် နည်းစနစ်အား မကျင့်ကြံခဲ့ပဲ
အခြားဂိုဏ်းများမှ အကွက်များကို
လေ့ကျင့်ထားပါက သူသည် ရှီထျန်းဟောင်၏
ရိုက်နှက်မှုကြောင့် သွေးသံရဲရဲဖြင့်
အသားပြားတစ်ပြား ဖြစ်သွားခဲ့မည် ဖြစ်သည်။

ဤအထိ တွေးပြီးသည်နှင့်
အင်မော်တယ်ဝိညာဉ် အဆင့်အောက်မှ
ကျင့်ကြံသူများ အားလုံးတို့၏ ရင်အတွင်းမှ
စိမ့်တက်လာကြသည်။ အကယ်၍ သူတို့သည်
ရှီထျန်းရီ၏ နေရာတွင် ရှိနေပါက သူတို့သည်

ရှိထျုန်းဟောင်၏ သေသည့်အထိ
ရိုက်နှက်ခြင်းအား ခံရမည် ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
သူများသည်ပင်လျှင် ဤမြင်ကွင်းအား
အံ့သြတုန်လှုပ်စွာနှင့် ကြည့်နေကြသည်။

ရှောင်ယန်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာက
သူတို့ အခြေခံအုတ်မြစ် အဆင့်သို့
စရောက်သည့် အချိန်တွင် ပြုလုပ်ခဲ့သော
ယှဉ်ပြိုင်ပွဲအား စဉ်းစားမိလိုက်သည်။

ထိုအချိန်က ရှိထျန်းဟောင်သည် အသက်
လေးငါးနှစ်ပင် ရှိသေး၏။ သူသည်
ထိုအချိန်ကတည်းကပင် ကြီးမားသော
ရုပ်ခန္ဓာကိုယ် စွမ်းအားများ ရှိနေပြီ ဖြစ်၏။
သူတို့တိုက်ခိုက်ခဲ့ကြသည့် အချိန်တွင်
ရှောင်ယန်သည် ရုပ်ခန္ဓာကိုယ်
စွမ်းအားသက်သက်သာ ယှဉ်ပြိုင်ခဲ့ပါက
သူသည် ရှုံးနိမ့်သွားလိမ့်မည်ဟု သိနေခဲ့သည်။

သူသည် အခြေတည် ဝိညာဉ် အဆင့်သို့
ရောက်နေကြပြီ ဖြစ်သော ဝမ်လင်းနှင့်
ဇူရီတို့အား ကြည့်လိုက်သည်။
"မင်းတို့နှစ်ယောက်တို့က ဂျူနီယာလေးနဲ့

ရုပ်ခန္ဓာကိုယ် စွမ်းအားသက်သက်ပဲ ယှဉ်ပြိုင်ရဲသလား"

ပုံမှန်ဆိုလျှင် တည်ငြိမ်နေသော ဇူရီသည် သူ့အား ဘုကြည့်ကြည့်လိုက်ကာ ပြန်ဖြေလိုက်၏။ "တကယ်လို့ ကျွန်တော်က ရှုံးသွားလို့ရှိရင်တော့ ချရဲတာပေါ့"

ဝမ်လင်းသည် အသေအချာ စဉ်းစားခဲ့ပြီး ဖြေလိုက်၏။ "အဝါရောင် မြစ်ရေက မသေဆုံးနိုင်ဘူး။  ဂျူနီယာလေးက ကျွန်တော့်ကို မသတ်နိုင်အောင်တော့ လုပ်နိုင်တယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ကို အဝါရောင် မြစ်ရေအဖြစ်ကို

ပြောင်းသွားပြီးရင် ကျွန်တော်က သူ့ကို ထိပ်တိုက် မတိုက်ခိုက်နိုင်တော့ဘူး။ အဝါရောင် မြစ်ရေက သူ့ရဲ့ ရုပ်ခန္ဓာကိုယ်ကို မတိုက်စားသွားနိုင်ခင် သူက အဲ့ဒါကို အရင် ဖျက်ဆီးနိုင်ခဲ့လိမ့်မယ်"

ရှောင်ယန်သည် ယွဲ့ဟုန်ယန်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ပုံမှန်ဆိုလျှင် ကြောက်ရွံ့ခြင်း ကင်းမဲ့နေသည့် ဆံနီမလေးသည် ခါးသီးစွာနှင့် ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကျွန်မက ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်ကို ရောက်သွားလို့ရှိရင် ရွှေရောင် နဂါးမိစ္ဆာ ခေါင်းသွားပါ လုံတံရှည်ကို အသုံးပြုပြီးတော့ ရင်ဆိုင်ကောင်း

ရင်ဆိုင်နိုင်လိမ့်မယ်။ ဒါပေမဲ့ ရုပ်ခန္ဓာကိုယ် သက်သက်နဲ့တော့ ထိပ်တိုက်မရင်ဆိုင်ရဲဘူး"

သူ၏ဘေးနားတွင် ထိုင်နေသော ရှောင်ကျန်းအာက ပြုံးလိုက်ကာ မေးလိုက်သည်။ "ကိုကိုရှောင်ယန်၊ သူနဲ့ အဆင့်တူတာ ကိုကို တစ်ယောက်တည်းပဲ ရှိတယ်။ ကိုကိုကရော ဘယ်လိုလဲ"

သူသည် သူ၏အနောက်တွင် ကိုယ်ပိုင်တပည့်များ ရှိနေသည်ကို ဂရုမစိုက်ခဲ့ပေ။ ရှောင်ယန်သည် သူ၏ပါးစပ်တွင် မြက်ပင်တစ်ပင်အား ဝါးနေခဲ့ကာ သာမန်ပင် ပြန်ဖြေလိုက်၏။

"ရိုးရှင်းပါတယ်။ ငါက ဒီကောင်စုတ်လေးကို ရုပ်ခန္ဓာကိုယ် စွမ်းအားမှာ မယှဉ်နိုင်ဘူး။ အစွမ်းကုန် တိုက်ခိုက်ကြရင် ငါက မီးတောက်သုံးခု ကောင်းကင်မီးတောက်ကြာပန်းကို ထုတ်လွှတ်ရမှာပဲ။ တကယ်လို့ ငါရှုံးရင်တော့ သေမှာပဲ"

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ သူများသည် တက်တက်ကြွကြွဖြင့် ဆွေးနွေးနေကြ၏။ စင်မြင့်အပေါ်မှ ရှီထျန်းရီသည် ရှီထျန်းဟောင်၏ စွမ်းအားများကို အသိဆုံး ဖြစ်သည်။

သူ၏ခေါင်းကိုငုံ့လိုက်ကာ သူ၏ ရွှေရောင် ခန္ဓာကိုယ်မှ အက်ကွဲကြောင်းများကို

ကြည့်လိုက်ကာ သူ၏ မျက်လုံးအစုံမှာ တောက်ပလာခဲ့၏။ "မင်းက ဒီလောက်အထိ သန်မာလိမ့်မယ်လို့ မထင်ခဲ့မိဘူး"

အစောပိုင်းက ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် ကျင်းဟွမ်အမတ်သည် သူ၏ စွမ်းအားများကို အကုန်မသုံးခဲ့ပေ။ သို့သော်လည်း အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်မှ သိုင်းပညာရှင် တစ်ယောက်အနေနှင့် သူသည် ရှီထျန်းရီ၏ မရွေ့လျားနိုင်သော နာဂါရာဂျာ ဗုဒ္ဓခန္ဓာကိုယ်အား သူ၏ ရုပ်ခန္ဓာကိုယ် စွမ်းအင်ဖြင့် ယခုကဲ့သို့ ပျက်စီးနေသည့် ရုပ်ထုတစ်ခုအလားဖြစ်အောင် မလုပ်နိုင်ခဲ့ပေ။

ဤအချိန်တွင် ရှိထုပ်နီးရီ၏ မရွေ့လျားနိုင်သော နာဂါရာဂျာ ဗုဒ္ဓခန္ဓာကိုယ်သည် ကျိုးပျက်သွားခဲ့ပြီ ဖြစ်သည်။ မဖျက်ဆီးနိုင်သော၊ မရွေ့လျားနိုင်သော စွမ်းအားများသည် ဖြည်းဖြည်းချင်းနှင့် ပျောက်ကွယ်သွားကုန်ကြပြီ ဖြစ်၏။

သူသည် မရွေ့လျားနိုင်သော နာဂါရာဂျာ ဗုဒ္ဓခန္ဓာကိုယ်အား လျှင်မြန်စွာဖြင့် ရုပ်သိမ်းလိုက်ကာ ပြောလိုက်သည်။ "မင်းရဲ့ ရုပ်ခန္ဓာကိုယ် စွမ်းရည်က ကြောက်မက်ဖွယ် ကောင်းတယ်ဆိုတာကို ကြားဖူးထားတယ်။ ဒါကြောင့် ငါကိုယ်တိုင် စမ်းကြည့်ချင်ခဲ့တယ်။

ကြည့်ရတာ ကောလဟာတတွေက မှန်နေခဲ့တယ်။ ဒါဆိုတော့ ငါကမင်းကို ငါ့ကိုထိခွင့် မပေးတော့ဘူး"

ရှီထျန်းဟောင်က ပြုံးကာပြောလိုက်၏။ "မင်းပြောလိုက်တာနဲ့ မင်းရဲ့ကိုယ်ကို ငါက ထိလို့မရတော့ဘူးလား"

ပြီးတာနှင့် သူသည် ရှီထျန်းရီထံသို့ လျှပ်စီးလျှပ်သည့်အတိုင်း လျှင်မြန်စွာနှင့် ရောက်လာခဲ့သည်။ မျက်စိတစ်မှိတ် အတွင်းတွင် သူသည် ရှီထျန်းရီထံသို့ ရောက်လာခဲ့၍ လက်သီးဖြင့် ထိုးချလိုက်သည်။

ရှီထျန်းရီ၏ ညာမျက်လုံးမှ သူငယ်အိမ်နှစ်ခုစလုံးတို့သည် လင်းလက်လာခဲ့ကာ ရွှေရောင်အလင်းတန်း တစ်ခု ထွက်လာခဲ့သည်။ သူသည် ဖြူခိုးငွေ့များ အဖြစ်သို့ ပြောင်းသွား၍ ထိုအတွင်းတွင် မှော်သင်္ကေတ ပုံသဏ္ဍာန်ပေါင်းများစွာတို့ ထွက်လာခဲ့၍ လေထု၏ အလယ်တွင် လွင့်မျောနေခဲ့သည်။ သူတို့သည် သူတို့ဘာသူတို့ စာပိုဒ်များအဖြစ်သို့ ပြောင်းသွားခဲ့ကာ ကမ္ဘာတစ်ခုကို ဖန်ဆင်းနေခဲ့၏။

"မင်းက အတုအယောင် ကမ္ဘာတစ်ခုကို ဖန်ဆင်းချင်နေတာလား" ရှီထျန်းဟောင်က

ရုတ်တရက် သတိထားလိုက်ကာ သူ၏ ခန္ဓာကိုယ်အား ရပ်တန့်လိုက်သည်။

ရှီထျန်းရီက သူ့အား တည်ငြိမ်စွာဖြင့် စိုက်ကြည့်လိုက်ကာ ပြောလိုက်သည်။ "ဘာများ ဖြစ်သွားလို့လဲ။ မင်းက အစစ်အမှန်နဲ့ အတုအယောင်တွေကို မခွဲခြားနိုင်ဘူးလား။ မင်းက ငါဟာ ပုံရိပ်ယောင် ဖြစ်တယ်လို့ ထင်နေတာလား။ မင်းက ငါဖန်ဆင်းထားတဲ့ ကမ္ဘာအထဲကို ဝင်သွားအပြီးမှာ ငါ့ရဲ့ ထိန်းချုပ်မှုတွေ အောက်ကို ရောက်သွားမှာ စိုးရိမ်နေတာလား"

"အမှန်အတိုင်း ဝန်ခံရရင် မင်းရဲ့စီနီယာ ဝမ်လင်းရဲ့ စိတ်ဝိညာဉ်က တကယ့်ကို စွမ်းအားကောင်းလှတယ်" ရှီထျန်းရီက ငြိမ်သက်စွာနှင့် ပြောလိုက်သည်။ "ငါ့ရဲ့ ညာမျက်စိက သူ့အပေါ်မှာ အကျိုးသက်ရောက်မှု သိပ်မရှိဘူး။ အထူးသဖြင့် သူက ပြင်ဆင်ထားချိန်မှာပေါ့"

ရှီထျန်းရီ၏ လေသံမှာ ဖြည်းညင်းကာ သာမန်သာ ဖြစ်၏။ သူသည် ရှီထျန်းဟောင်နှင့် နိစ္စရူဝ ကိစ္စများကို ပြောနေသကဲ့သို့ ဖြစ်သည်။ "ဒါပေမဲ့ မင်းက မတူဘူး။ မင်းရဲ့ စိတ်ဝိညာဉ်က အားနည်းပြီး ငါတို့စိတ်ဝိညာဉ်တွေရဲ့ ကွာခြားချက်က အရမ်းကြီးမားတယ်။ မင်းက

အစစ်အမှန်နဲ့ ပုံရိပ်ယောင်တွေကို
မခွဲခြားနိုင်ဘူး"

ရှီထျန်းဟောင်သည် သူ၏သွားများကို
ပေါ်အောင် ပြုံးလိုက်သည်။ "အပိုတွေ
လျှောက်ပြောမနေပါနဲ့။ သတ္တိရှိရင် တက်လာခဲ့"

"ငါ့ရဲ့ ဒွိစုံသူငယ်အိမ်က
ခံစစ်သက်သက်လို့တော့ ထင်မနေနဲ့။ မင်းက
ငါ့အနားကို မကပ်လာတာနဲ့
ဒဏ်ရာမရနိုင်ဘူးလို့ ထင်နေတာလား"
ရှီထျန်းရီက တိုးညင်းစွာနှင့် ပြောလိုက်သည်။
"မင်းက မှားတယ်။ သေလောက်အောင်
မှားတယ်။ ငါ့ရဲ့ ညာမျက်လုံးက မင်းကို

ကြည့်လိုက်တဲ့ အချိန်ကစပြီး မင်းက ငါဖန်ဆင်းထားတဲ့ ကမ္ဘာအတွင်းကို ရောက်သွားခဲ့ပြီ"

တစ်ခဏအတွင်းတွင်ပင် ရှီထျန်းဟောင်သည် ရှီထျန်းရီ၏ အသံအား သူ၏ကျောဘက်မှနေ၍ ကြားလိုက်ရသည်။ ရှီထျန်းရီ၏ အသက်ရှူထုတ်လိုက်သော လေကိုပင် သူ၏လည်ပင်းပေါ်တွင် ခံစားနေရသည်။

"အခုဆိုရင် မင်းသဘောပေါက်သွားပြီလား" နောက်ထပ် ရှီထျန်းရီ တစ်ယောက်သည် ရှီထျန်းဟောင်၏ အနားတွင် လက်မအနည်းငယ်သာ ကွာ၍ ပေါ်လာခဲ့သည်။

သူ၏လက်အတွင်းတွင် အလင်းတန်း တစ်ခုက ပြင်းထန်စွာနှင့် တောက်လောင်နေခဲ့၏။ သူ့တွင် မြူခိုးငွေ့များနှင့် လျှပ်စီးများ ပါနေခဲ့၏။ ထိုအရာဖြင့် သူသည် ရှီထျန်းဟောင်၏ ခေါင်းအနောက်ဘက်အား ပြင်းထန်စွာနှင့် ရိုက်ချလိုက်သည်။

ထိုအချိန်တွင် ရှီထျန်းဟောင်က ပြုံးလိုက်သည်။ "နားမလည်နိုင်တဲ့သူက မင်းပဲ"

သူ၏စကားဆုံးသည်နှင့် သူသည် ပြင်းထန်စွာနှင့် ခန္ဓာကိုယ်အား လှည့်လိုက်၏။ သူ၏ညာလက်သည် လက်သီးများအဖြစ် ဆုပ်သွားခဲ့ပြီး သူ၏လက်မောင်းများကို

မြှောက်လိုက်သည်။ သူ၏ ညာလက်သီးသည် တူတစ်ချောင်းကဲ့သို့ ရှိထျန်းရီထံသို့ ပြင်းထန်စွာနှင့် ထုချလိုက်သည်။

"ဘုန်း!"

ရှီထျန်းဟောင်၏ လက်သီးချက်သည် လေဟာနယ်အား ကွဲပျက်သွားစေခဲ့သည်။ စိတ်ဝိညာဉ် စွမ်းအင်များကလည်း ပျက်စီးသွားကြ၏။ ကောင်းကင်၊ မြေကြီး၊ လေပြင်း၊ မိုးကြိုး၊ ရေပြင်၊ မီးတောက်၊ တောင်တန်းနှင့် ရေအိုင်တို့သည် ပေါ်ပေါက်လာကြကာ ကျဆင်းလာကြသည်။ သူတို့၏ ပျက်စီးမှုမှနေ၍ ကြောက်မက်ဖွယ်ရာ

အဆုံးမဲ့ စွမ်းအားတို့က ပေါ်ပေါက်လာခဲ့ကာ ပေါက်ကွဲသွားကြ၏။

အရေအတွက်သုံးခု အင်းရှစ်ကွက် ကောင်းကင်တူ!

ရှီထျန်းဟောင်၏တူသည် လွန်စွာမှပင် လျှင်မြန်လှ၏။ နောက်မှ တိုက်ခိုက်သော်လည်း သူသည် ရှီထျန်းရီ၏ တိုက်ခိုက်မှုထက် ပို၍မြန်ဆန်နေသည်။ ရှီထျန်းရီ၏ ညာလက်သည် သူ၏ ခေါင်းပေါ်သို့ မရောက်ခင်တွင် ရှီထျန်းဟောင်သည် သူ၏ ဝမ်းဗိုက်သို့ ထိုးခဲ့ပြီး ဖြစ်နေခဲ့သည်။

မရွှေ့လျားနိုင်သော နာဂါရာဂျာ ဗုဒ္ဓခန္ဓာကိုယ်ကို ပြန်လည်ရုပ်သိမ်းထားသည့် ရှီထျန်းရီသည် နောက်သို့ လွင့်ထွက်သွားခဲ့ကာ ပါးစပ်မှာ သွေးများကို အန်ထုတ်လိုက်၏။

ထိုမြင်ကွင်းအား ကြည့်လိုက်ကာ ယွဲ့ဟုန်ယန်၏ မျက်လုံးအစုံမှာ တောက်ပလာခဲ့သည်။ လင်းဖုန်းသည် သူ၏ခေါင်းကို နောက်သို့ မလှည့်ခဲ့ပဲ ပြုံးကာပြောလိုက်သည်။ "ကြည့်ရတာ ဟုန်ရန်က တစ်ခုခုကို သင်ယူလိုက်ပြီနဲ့တူတယ်"

ယွဲ့ဟုန်ယန်က ပြန်ဖြေလိုက်၏။ "ဆရာ၊ ကျွန်မက ဆရာ့ဆီက အရေအတွက်သုံးခု အင်းရှစ်ကွက် ကောင်းကင်တူကို သင်ယူခဲ့ရအပြီးမှာ မိုးခြိမ်းသံတူ၊ ကြွခိုင်သော တောင်တန်းတူနဲ့ ကျယ်ပြန့်သော မြေကြီးတူတို့ကိုသာ လေ့ကျင့်နိုင်ခဲ့ပါတယ်"

"အခုအချိန်မှာ ထျန်းဟောင်ရဲ့ ပြီးပြည့်စုံတဲ့ အရေအတွက်သုံးခု အင်းရှစ်ကွက် ကောင်းကင်တူကို ကြည့်လိုက်ရ အပြီးမှာ အတော်ကြီး ပညာရခဲ့ပါတယ်။ ရက်အနည်းငယ်လောက် တံခါးပိတ်ပြီး လေ့လာလိုက်ရင် အများကြီး အကျိုးရှိသွားမှာပါ"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။
မင်းကိုယ်မင်း လေ့လာနိုင်ရင်
အကောင်းဆုံးပဲပေါ့"

ယွဲ့ဟုန်ယန်က ဦးညွှတ်ကာ ပြောလိုက်သည်။
"ဟုတ်ကဲ့ပါ၊ ဆရာသခင်"

မဟာချင် အင်ပါယာဘက်တွင် ရှီချုံးယွမ်က
ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။
"ရှီထျန်းရီရဲ့ ညာမျက်လုံးက အတုအယောင်
ကမ္ဘာကို ဖန်ဆင်းနိုင်ပေမဲ့ သူက
တိုက်စစ်အတွက် မဟုတ်ဘူး။ သူက

တိုက်ခိုက်မှု ပုံရိပ်ယောင်ကို ဖန်တီးခဲ့ပေမဲ့
သူ့ရဲ့ရန်သူကို ထိန်းချုပ်ရုံသာ တတ်နိုင်တယ်။
ဒဏ်ရာရအောင်နဲ့ သေအောင် မလုပ်နိုင်ဘူး"

"တကယ်လို့သူက တိုက်ခိုက်ချင်ရင် ရှီထျန်းရီက
ကိုယ်တိုင် လှုပ်ရှားမှရမယ်"

ရှီချုံးယွမ်က ဆက်ပြောလိုက်၏။
"တကယ်လို့သူက အဝေးကနေပဲ
မှော်ကျိန်စာတွေကို ထုတ်လွှတ်ရင်
တော်သေးတယ်။ ဒါပေမဲ့ သူက
ရှီထျန်းဟောင်ကို အနီးကပ်သွားပြီး
တိုက်ခိုက်ခဲ့တယ်။ ရှီထျန်းဟောင်က
လျှင်မြန်စွာ တုံ့ပြန်နိုင်ခဲ့ပြီး သူ့ရဲ့

ပြန်လည်တိုက်ခိုက်မှုက ရှီထျန်းရီရဲ့
ကိုယ်ပိုင်တိုက်ခိုက်မှုထက်တောင် ပိုပြီးမှ
လျှင်မြန်နေမယ်လို့ သူကမထင်ခဲ့မိဘူး။
မရွေ့လျားနိုင်သော နာဂါရာဂျာ ဗုဒ္ဓခန္ဓာကိုယ်
မရှိတော့လို့ ရှီထျန်းရီက အခုအချိန်မှာ
အောက်စည်းကို ရောက်သွားခဲ့ပြီ"

သူ၏ဘေးမှ ရှီရှင်းယွင်က ပြောလိုက်သည်။
"အစ်ကိုတော်၊ ရှီထျန်းရီက ဒီလောက်အထိ
မရိုးရှင်းဘူး"

"အိုး" ရှီချုံးယွမ်က သူ၏ညီမသည် ထူးခြားမှန်း
သိပေသည်။ သူမ၏ ကျင့်ကြံမှု အဆင့်သည်
သူ့လောက်မကောင်းသော်လည်း သူမ၏

စိတ်ဝိညာဉ်သည် ထူးထူးခြားခြား
အစွမ်းထက်ပေသည်။

ရှီရှင်းယွမ်၏ စကားများကို ကြားရသောအခါ
သူသည် သူ၏အာရုံအား နဂါးတိုက်ပွဲ
စင်မြင့်ထံသို့ ပြန်ပို့လိုက်၏။

ထိုအခါ သူသည် ရှီထျန်းဟောင်၏
လက်သီးချက်ကြောင့် ရှီထျန်းရီက
လွင့်ထွက်သွားသည်ကို တွေ့လိုက်ရ၏။
သို့သော်လည်း ရှီထျန်းဟောင်က
သူ့နောက်ကိုလိုက်၍
ဆက်လက်မတိုက်ခိုက်ခဲ့ပေ။ ထို့အစား သူသည်

သူ၏ခေါင်းကို ငုံ့လိုက်ကာ သူ၏လက်သီးအား ကြည့်လိုက်သည်။

"ကောက်ကျစ်တဲ့သူပဲ။ ဒါပေမဲ့ ငါက ပုံရိပ်ယောင်ကို တိုက်ခိုက်မိခဲ့တာလား"

သူနှင့် မနီးမဝေး နေရာတွင် တတိယ ရှိထျန်းရီတစ်ယောက် ပေါ်လာခဲ့သည်။ သူ၏ အမူအရာသည် တည်ငြိမ်နေခဲ့ပြီး ပြောလိုက်သည်။ "မင်းက ရုပ်ခန္ဓာကိုယ် ဒီလောက်သန်စွမ်းတာကို သိတဲ့အတွက် ငါက မင်းရဲ့အနားကပ်ရအောင် မိုက်မဲပါ့မလား"

ရှီထျန်းဟောင်က သူ၏လက်အား ဝှေ့ယမ်းလိုက်ကာ ပြောလိုက်သည်။ "အိုး၊ ဒီဆိုရင်လည်း မင်းက ဘယ်လိုလုပ်ချင်နေတာလဲ။ တစ်ယောက်ယောက်က ငတ်ပြီးသေသွားတဲ့အထိ စိုက်ကြည့်တဲ့ ပြိုင်ပွဲကို လုပ်ချင်နေတာလား"

"စိတ်မပူပါနဲ့၊ လာပါတော့မယ်" ရှီထျန်းရီက ပြုံးလိုက်ကာ ဟင်းလင်းပြင်က စတင်တုန်ခါလာခဲ့၏။

ရှီထျန်းဟောင်သည် သူ၏ပတ်ဝန်းကျင်ကို စိတ်ဖြင့်ဝေ့ကာ ကြည့်လိုက်သည်။

ဟင်းလင်းပြင် အတွင်းတွင်
အိုင်တမ်အသစ်ပေါင်း များစွာတို့
ပေါ်ပေါက်လာသည်ကို တွေ့လိုက်ရသည်။
သို့သော်လည်း သူတို့သည် စိတ်ဝိညာဉ်
စွမ်းအင်နှင့် မော်စွမ်းအင်များ မဟုတ်ကြချေ။
သူတို့အား မမြင်တွေ့နိုင်ခဲ့ပဲ ရေးရေးလေးသာ
အာရုံခံ၍ ရနိုင်ခြင်း ဖြစ်သည်။

"မင်းကငါ့ကို မင်းရဲ့ ဝိညာဉ်စွမ်းအားတွေနဲ့
တိုက်ခိုက်ချင်နေတာလား" ရှီထျန်းဟောင်၏
ခန္ဓာကိုယ် တစ်ခုလုံးသည် စွမ်းအားများနှင့်
ပြည့်နေခဲ့ပြီး အနီရောင် အလင်းတန်း
တစ်ခုသည် သူ၏ တစ်ကိုယ်လုံးကို

ဖုံးလွှမ်းထားခဲ့သည်။ သူ့အနားသို့ ချဉ်းကပ်ရန် အမြတန် ခက်ခဲပေသည်။

သိုင်းပညာလမ်းစဥ်ကို ကျင့်ကြံထားသည့် စွမ်းအားကြီး ကျင့်ကြံသူများတွင် အသက်စွမ်းအင်များ ရှိကြပေသည်။ သူတို့သည် နေမင်းကဲ့သို့ တောက်လောင်နေကာ သူတို့၏ စိတ်ဝိညာဥ်သည် သူတို့၏ သန်မာသော ရုပ်ခန္ဓာကိုယ်နှင့် ခိုင်မြဲစွာ ဆက်သွယ်နေကြ၏။ တစ်ခါတစ်ရံတွင် သူတို့သည် စိတ်ဝိညာဥ် မှော်ကျိန်စာများကိုပင် ခုခံနိုင်စွမ်း ရှိကြသည်။

ထိုအကွက်ကို ထုတ်လိုက်ပြီးနောက် ရှီထျန်းဟောင်၏ မျက်လုံးအစုံသည်

အပေါက်ကျဥ်းကျဥ်းလေးသာ
ကျန်တော့သည်အထိ ကျဥ်းမြောင်းသွားခဲ့သည်။

သူ၏အနားတွင် ရာနှင့်ထောင်နှင့်ချီသော
ရောင်စုံပုံရိပ်များကို တွေ့နိုင်ခဲ့သည်။
သူတို့တစ်ခုချင်းစီတိုင်းသည် ရှိထျန်းရှိ
ဖြစ်ကြ၏။

ဘေးမှလူများသည်လည်း ထိုအရာကို
မြင်သောအခါ အင်မော်တယ် ဝိညာဥ် အဆင့်မှ
အကြီးအကဲများပင် သူတို့၏ မျက်မှောင်များကို
ကြုတ်လိုက်ကြသည်။

အားလုံးတို့သည် စိတ်ဝိညာဉ်များ ရှိကြသော်လည်း တစ်ခုတည်းသာ ရှိ၏။ သို့သော်လည်း ရှီထျန်းရီသည် ထောင်နှင့်ချီ၍ ထုတ်လွှတ်နိုင်စွမ်း ရှိနေသည်။

## စာစဉ် ၃၁ : အပိုင်း ၁၀

## အပိုင်း ၅၈၀ : ကံမကောင်းမှုမှ အကျိုးအမြတ် ရခဲ့သော ရှီထျန်းရီ

"ဒါက 'မဟာဟင်းလင်းပြင် အတွေးအခေါ် ရှာဖွေခြင်း'ရဲ့ မဟာကောင်းကင် ပုံရိပ်ဖော်ပြခြင်းလား" ရွှင်ပျော်ပျော်

သူတော်စင်က အနည်းငယ် ချီတုံချတုံ ဖြစ်သွားပြီးမှ အန်းလျှန်မင်းသား ရှိကျုံးယွဲ့အား ကြည့်ကာမေးလိုက်သည်။

သူတို့၏ အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံမှုများဖြင့် အကြီးအကဲ တစ်အုပ်စုတို့သည် နဂါးတိုက်ပွဲ စင်မြင့် အတွင်းမှ ရောင်စုံပုံရိပ် ရာပေါင်းထောင်ပေါင်း များစွာတို့အား အသေအချာ တွေ့နိုင်ပေသည်။

ရှိထျန်းရီ၏ ညာမျက်စိသည် အစွမ်းထက်သော်လည်း သူသည် အင်မော်တယ်ဝိညာဉ် အဆင့်မှ

အကြီးအကဲများ၏ မျက်လုံးတို့အား
မလိမ်ညာနိုင်ပေ။

ရှီကျုံးယွဲ့သည် စင်မြင့်ပေါ်မှ ရှီထျန်းရီအား
ကြည့်လိုက်ကာ သူ၏ခေါင်းကို
ဖြည်းညင်းစွာဖြင့် ညိတ်လိုက်သည်။
"ဟုတ်တယ်။ ဒါက 'မဟာဟင်းလင်းပြင်
အတွေးအခေါ် ရှာဖွေခြင်း' အထဲက
စွမ်းအားအကြီးဆုံး အကွက်ဖြစ်တဲ့
မဟာကောင်းကင် ပုံရိပ်ဖော်ပြခြင်း ဖြစ်တယ်။
ဒါပေမဲ့ အရင်တုံးက တစ်ယောက်မှ
ဒီလောက်အထိ ပုံရိပ်တွေ အများကြီးကို
မဖန်ဆင်းနိုင်ကြဘူး"

"ဒါက ရှီထျန်းရီရဲ့ အားကြီးလှတဲ့ စိတ်ဝိညာဉ်နဲ့ သူ့ရဲ့ ဒွိစုံသူငယ်အိမ်ရဲ့ စွမ်းအားတွေကြောင့် ဖြစ်တယ်"

ရာနှင့်ထောင်နှင့်ချီသော ပုံရိပ်များသည် ရှီထျန်းဟောင်အား ဝန်းရံထားကြသည်။ ရှီထျန်းဟောင်၏ ခန္ဓာကိုယ် တစ်ခုလုံးသည် တောက်လောင်နေသော အသက်စွမ်းအားများဖြင့် ပေါက်ကွဲနေ၏။ သူ၏ သွေးကြောများ အတွင်းတွင် ပူပြင်းသော သွေးများ စီးဆင်းနေကာ သူ၏ ခန္ဓာကိုယ်သည် ဆေးမီးဖိုကဲ့သို့ ဖြစ်နေခဲ့သည်။ သူ့ထံမှ ထွက်ပေါ်လာသော အပူရှိန်သည် သူ၏

ပတ်ပတ်လည်မှ လေဟာနယ်ကို
တွန်းလိမ်စေခဲ့သည်။

စိတ်ဝိညာဉ် မှော်ကျိန်စာများကို
တန်ပြန်တိုက်ခိုက်ရန် အကောင်းဆုံးသော
မှော်ကျိန်စာမှာ ပထမ မိုးကြိုး တွန်းလှွတ်ခြင်း
မှော်ကျိန်စာ ဖြစ်၏။ နောက်ထပ် အကောင်းဆုံး
တန်ပြန်တိုက်ခိုက်မှုမှာ
သိုင်းသမားတစ်ယောက်၏ စွမ်းအားကြီးသော
ယန်ခါတ်အား ဆူပွက်နေသော
အသက်စွမ်းအင်ဖြင့် ပူးပေါင်းထားကာ
ယင်ဝိညာဉ်တို့ အနားကပ်လာခြင်းမှ
ကာကွယ်ထားခြင်း ဖြစ်သည်။

ရေသည့် မီးကို ငြိမ်းသတ်နိုင်သကဲ့သို့
မီးကလည်း ရေကို ဆူပွက်စေနိုင်၏။

ရှီထျန်းရီသည့် သူ၏ ဝိညာဉ်တို့အား
ထောင်နှင့်ချီ၍ မိတ္တူပွားထားခဲ့သည်။
အားလုံးတို့သည်လည်း အလွန်အမင်း
အစွမ်းထက်ကြကာ ကောင်းကင်အား
မည်းမှောင်နေသော တိမ်တိုက်များကဲ့သို့
ဖုံးအုပ်ထားကြသည်။ ရှီထျန်းဟောင်၏
စွမ်းအားကြီးလှသော ရုပ်ခန္ဓာကိုယ်
စွမ်းအင်သည်ပင်လျှင် သူတို့အား ထိန်းချုပ်ရန်
ခက်ခဲနေပေသည်။

"တိုက်ခိုက်ကြစမ်း!" ရှီထျန်းရီ၏
အော်ဟစ်သံသည် ကောင်းကင်ပေါ်မှ
ထွက်လာခဲ့သည်။ ထိုအချိန်တွင်
ဝိညာဉ်ပေါင်းများစွာတို့သည်
ရှီထျန်းဟောင်ထံသို့ အပြေးဝင်လာကြ၏။

ထိုဝိညာဉ်များသည် ရှီထျန်းဟောင်၏ အရှေ့သို့
ရောက်လာကြသောအခါ သူတို့၏
ပုံသဏ္ဍာန်တို့သည် ပြောင်းသွားကြ၏။
သူတို့သည် ရှီထျန်းရီနှင့် မတူကြတော့ပဲ
လွန်စွာထက်မြက်သည့် ဓားများအဖြစ်သို့
ပြောင်းသွားကြကာ ရှီထျန်းဟောင်ထံသို့
မိုးများပမာ ကျလာကြသည်။

ရှီထျန်းရှီသည် ရှီထျန်းဟောင်၏ စိတ်ဝိညာဉ်ကို တိုက်ရိုက် သတ်ဖြတ်ချင်နေခဲ့သည်။

အင်မော်တယ်ဝိညာဉ် အဆင့်မှ အကြီးအကဲများ အပါအဝင် ကြည့်နေကြသူ အားလုံးတို့သည် မျက်မှောင်များကို တင်းကျပ်စွာ ကြုတ်လိုက်ကြသည်။ ထိုကဲ့သို့သော စွမ်းအားကြီးသည့် စိတ်ဝိညာဉ် တိုက်ခိုက်မှုကို ရင်ဆိုင်ရသည့်အခါ တစ်ယောက်၏ ရုပ်ခန္ဓာကိုယ်သည် အကန့်အသတ်ရှိပေသည်။

ရှီထျန်းရှီသည် သူ၏ စိတ်ဝိညာဉ်အား ထိုးဖောက်နိုင်သည့် စွမ်းရည်များဖြင့်

တိုက်စစ်စွမ်းရည်ကို အစွမ်းကုန်
မြှင့်လိုက်သည်။

အကယ်၍ အခြားတစ်ယောက်ကသာ
ကြိုးစားခဲ့မည် ဆိုပါက သူတို့သည်
သူတို့ရန်သူများ ဒဏ်ရာမရမီပင် သူတို့က
အရင်ဒဏ်ရာရသွားခဲ့မည် ဖြစ်၏။
ထိုနည်းစနစ်သည် အသက်ကို မခါနမထားပဲ
တဇောက်ကန်း တိုက်ခိုက်သည့် ပုံစံနှင့်
တူနေ၏။

သို့သော်လည်း ရှီထျန်းရီ၏ မဟာကောင်းကင်
ပုံရိပ်ဖော်ပြခြင်း နည်းစနစ်သည် သူ၏
စိတ်ဝိညာဉ်အား ရာပေါင်းထောင်ပေါင်းများစွာ

ပွားထားခြင်း ဖြစ်သည်။ ဒါသည် သူ၏
စိတ်ဝိညာဉ်အား ခွဲခြမ်းခြင်းနှင့် မတူပဲ
သူတို့သည် ထပ်တူညီသော မိတ္တူများနှင့်သာ
တူနေခဲ့သည်။

သူသည် သူတို့အား အချိန်အကြာကြီး
မထိန်းသိမ်းထားနိုင်သော်လည်း
သူတို့ရှိနေသည့် အချိန်တွင် သူသည်
စိတ်ဝိညာဉ်ပေါင်း ထောင်နှင့်ချီ၍ ရှိနေသည်နှင့်
တူနေ၏။ သူတို့ တစ်စိတ်တစ်ပိုင်းတို့အား
စတေးလိုက်ခြင်းသည် ဘာမှမဖြစ်စေ။

ရာနှင့်ထောင်နှင့်ချီသော စိတ်ဝိညာဉ်တို့သည်
ရှီထျန်းဟောင်ထံသို့ သတ်ဖြတ်ရန်

ရောက်လာကြသည်။ ရှီထျန်းဟောင်သည်
မည်မျှ စွမ်းအားကြီးသည်ဟု ဆိုသော်လည်း
သူသည် ဤကဲ့သို့သော
ပူးပေါင်းတိုက်ခိုက်မှုအား ခုခံရန်
မတတ်နိုင်ခဲ့ပေ။ ရှီထျန်းရီသည် သူ၏ရန်သူအား
လူအင်အား အသာဖြင့် အပေါ်စီးမှ
တိုက်ခိုက်နေခဲ့သည်။

သို့သော်လည်း ရှီထျန်းဟောင်သည်
ကြောက်ရွံ့မှု ကင်းမဲ့ခဲ့သည်။ သူသည်
အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း
ကျမ်းစာအား ဆင့်ခေါ်လိုက်ရာ
သူ၏ကျောနောက်မှ လေဟာနယ်သည်

တွန့်လိမ်သွား၍ ဆေးမီးဖိုတစ်ခု
ပေါ်လာခဲ့သည်။

ဆေးမီးဖိုက ပွင့်သွားသောအခါ
သူ၏အတွင်းတွင် တစ်ယောက်သည်
မည်းနက်နေသော မြေကြီးတို့အား
တွေ့နိုင်ခဲ့သည်။ သူသည် တွင်းနက်ကြီး
တစ်ခုပမာ တိတ်ဆိတ်နေခဲ့၏။

ရုတ်တရက်ပင် ထိုဆေးမီးဖို အတွင်းမှ
သားရဲတို့၏ ဟိန်းဟောက်သံတို့ကို
ကြားခဲ့ရသည်။ သူတိုသည် ကလေးငယ်များ
ငိုကြွေးနေသည့် အသံနှင့် တူညီကာ
အလွန်အမင်းပင် စူးရှလှ၏။

အစွမ်းထက်လှသည့် သားရဲတစ်ကောင်၏
ပုံရိပ်က ထွက်ပေါ်လာခဲ့သည်။ သူသည်
သိုးတစ်ကောင်၏ ခန္ဓာကိုယ်နှင့်
လူတစ်ယောက်၏ ဦးခေါင်းရှိသည်။ သူ၏
မျက်လုံးသည် ချိုင်းနေရာတွင် ပေါက်နေခဲ့၍
ကျားတစ်ကောင်၏ သွားနှင့် လူတစ်ယောက်၏
လက်သည်းတို့ ရှိ၏။

ဒါသည် ရှေးပဝေသဏီမှ မဟာမိစ္ဆာ
သားရဲလေးကောင် အတွင်းမှ
တစ်ကောင်ဖြစ်သည့် တောက်တီဖြစ်သည်။

ဆေးမီးဖိုအတွင်းမှ မြေကြီးသည်
နှစ်ပေါင်းများစွာ ဆောင်းခိုနေရာမှ ထလာသော

သားရဲတစ်ကောင်ကဲ့သို့ ပွင့်သွားခဲ့၏။ သူသည် အလွန်အမင်းကို ဆာလောင်မွတ်သိတ်နေခဲ့၍ သူဆန္ဒရှိနေသည်မှာ စားဖို့သာဖြစ်သည်။ သူ၏ ချောက်နက်ကဲ့သို့သော ပါးစပ်ကိုဟလိုက်ကာ ဝါးမျိုလိုက်သည်။

ရှိထျုန်းရီ၏ သွေးဆာနေသော ဝိညာဥ်များစွာတို့သည် ထိုဆေးမီးဖို၏ ငမ်းငမ်းတက် ဝါးမျိုခြင်းအား ခံခဲ့ရသည်။ ခဏအကြာတွင် ဘာတစ်ခုကိုမျှ မမြင်ရ မကြားရတော့ချေ။ ဒါသည် ၎င်းတို့အား ပင်လယ်အတွင်းသို့ ပစ်ချခဲ့ခြင်းနှင့် တူနေ၏။

"ဒါက စိတ်ဝိညာဉ်တွေနဲ့ မှော်စွမ်းအင်တို့ကိုပါ ဝါးမျိုနိုင်တာလား" ရှီထျန်းရီသည်

ရှီထျန်းဟောင်၏ ထိုအကွက်အား ရှီမိသားစု စံအိမ်အတွင်းတွင် မြင်ခဲ့ဖူး၏။ ထိုအချိန်က သူသည် ရှီထျန်းရီ ဖခင်၏ စကြာဝဠာ ပုံသဏ္ဍာန်အား မလွှတ်စတမ်း ဖမ်းထားခဲ့သည်။ ပြီးတာနှင့် သူသည် စကြာဝဠာ ပုံသဏ္ဍာန်အား ဝါးမျိုပစ်ခဲ့သည်။

ယခုအချိန်တွင်လည်း သူ၏ ကိုယ်ပိုင်စိတ်ဝိညာဉ်တို့သည်လည်း အလားတူ ကံကြမ္မာတို့နှင့် တွေ့ကြုံခဲ့ရ၏။ ရှီထျန်းဟောင်သည် တိမ်းရှောင်ရန်

မကြိုးစားခဲ့ပဲ သူ၏တိုက်ခိုက်မှု အားလုံးတို့အား ဝါးမျိုခဲ့သည်။

ရှီထျန်းရီ၏ အကြည့်သည် လင်းလက်လာခဲ့၍ သူ၏မှော်ကျိန်စာအား ချက်ချင်းရပ်တန့်လိုက်သည်။ သူ၏ စိတ်ဝိညာဉ်သည် သူ၏ ခန္ဓာကိုယ် အတွင်းသို့ ပြန်ဝင်သွားခဲ့၏။ သူသည် ပင်ပန်းနွမ်းနယ်နေသည်မှာ သိသာနေပေသည်။

သူ၏ မဟာကောင်းကင် ပုံရိပ်ဖန်ဆင်းခြင်းသည် ဖျက်ဆီးခြင်းအား ခံလိုက်ရ၏။ ဒါသည် သူ့၏ ရုပ်ခန္ဓာကိုယ်အား မထိခိုက်စေခဲ့သော်လည်း ထိုမှော်ကျိန်စာအား ထုတ်လွှတ်ခဲ့သည့်အခါ

သူ၏ စွမ်းအားအကန့်အသတ် အဆုံးစွန်အထိ ထုတ်သုံးခဲ့ရသည်။

သူသည် ထိုမှော်ကျိန်စာကို ထုတ်လွှတ်ခဲ့သည့်အတွက် ဘာမှ အကျိုးအမြတ် မရခဲ့သည့်အပြင် သူ၏ စိတ်ဝိညာဉ်များကို ဝါးမျိုအပြီးတွင် ရှီထျန်းဟောင်၏ စွမ်းအားတို့မှ တိုးတက်လာသည်ဟု ကောင်းကောင်းကြီး ခံစားမိနေခဲ့သည်။

ရှီထျန်းဟောင်သည် အခြေအနေကို အမြဲတမ်း ထိန်းချုပ်နေလိုသောသူ ဖြစ်၏။ ရှီထျန်းရီက

တိုက်ခိုက်ခဲ့သောအခါ သူသည် ရှီထျန်းရီ၏
အားနည်းချက်များကို ရှာဖွေနေခဲ့သည်။

ဤအချိန်တွင် သူသည် မှန်ကန်သော ပစ်မှတ်ကို
ရှာတွေ့သွားခဲ့ပြီဟု ယုံကြည်နေခဲ့သည်။

"ကျိုး (ဝဋ္ဋာ)" ရှီထျန်းဟောင်သည်
သူ၏ညာလက်သီးကို မြှောက်လိုက်ကာ
ရွှမ်ဟွမ်ကမ္ဘာလေးခု မော်ကျိန်စာအား
အသက်သွင်းလိုက်၏။ သူသည် ရှီထျန်းရီအား
လုံးဝ ဖိနှိပ်ထားနိုင်ခဲ့ကာ သူ၏ခန္ဓာကိုယ်မှ
အချိန်ကာလကို ရပ်တန့်ထားနိုင်ခဲ့သည်။

ရှီထျန်းရီ၏ စိတ်ဝိညာဉ်သည် မည်မျှ စွမ်းအားကြီးသည်ဟု ဆိုသော်ငြားလည်းပဲ သူသည် အကန့်အသတ် ရှိပေသည်။ သူ၏ခန္ဓာကိုယ် တစ်ခုလုံးသည် သစ်သားရုပ်သေးရုပ် တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်ဟု ခံစားနေခဲ့ရသည်။ သူသည် ဆက်လက်၍ စကားပြောနိုင်ခြင်း လှုပ်ရှားနိုင်ခြင်းတို့ မရှိခဲ့ပေ။ သူ၏ စိတ်အတွင်းမှ အတွေးတို့သည်ပင်လျှင် နှေးကွေးသွားခဲ့၏။

သူသည် လွတ်မြောက်စေရန် ကြိုးစားနေခဲ့သည်။ သို့သော်လည်း ရှီထျန်းဟောင်၏ တိုက်ခိုက်မှုများသည် သူ့ထံသို့

ပင်လယ်အတွင်းမှ လှိုင်းလုံးကြီးပမာ ရောက်ရှိလာခဲ့သည်။ "ကျိုး (၀၉၁)" မှော်ကျိန်စာ အပြီးတွင် ရှီထျန်းဟောင်သည် "ယု (စကြာ)" မှော်ကျိန်စာကို အသုံးပြုလိုက်သည်။ ရှီထျန်းရီသည် လှုပ်ရှား၍ပင် မရတော့ချေ။

ရှီထျန်းဟောင် ကိုယ်တိုင်သည် သူ့ပြိုင်ဘက်ဆီသို့ လျှပ်စီးကဲ့သို့ အမြန်နှုန်းဖြင့် ရောက်ရှိလာခဲ့သည်။ သူသည် ရှီထျန်းရီ၏ ခန္ဓာကိုယ်အား ပြင်းထန်စွာနှင့် ရိုက်နှက်လိုက်၏။

အရေးအကြီးဆုံး အခိုက်အတန့်တွင် ရှီထျန်းရီသည် ထပ်ဖန်တစ်ခါ သူ၏

မလှုပ်ရှားနိုင်သော နာဂါရာဂျာ
ဗုဒ္ဓခန္ဓာကိုယ်အား ထုတ်လွှတ်လိုက်သည်။
သို့မှသာ သူသည် ရှီထျန်းဟောင်၏
တိုက်ခိုက်မှုများကို ခုခံနိုင်ခဲ့သည်။
သို့သော်လည်း မလှုပ်ရှားနိုင်သော နာဂါရာဂျာ
ဗုဒ္ဓခန္ဓာကိုယ်သည် လုံး၀ ကွဲကြေသွားခဲ့၏။
ထိုခန္ဓာကိုယ်သည် ပင့်ကူအိမ်များကဲ့သို့
အက်ကွဲကြောင်းများ ပေါ်လာခဲ့သည်။

ရှီထျန်းရှီသည် သူ၏ ကောင်းကင်သို့
တက်လှမ်းခြင်း မှော်ကျိန်စာအား
အသုံးပြုလိုက်ကာ ကောင်းကင်ပေါ်သို့
ပျံတက်သွားခဲ့သည်။ သူသည် ရှီထျန်းဟောင်နှင့်

သူ၏အကြားမှ အကွာအဝေးအား
ဖန်တီးချင်နေခဲ့၏။

ရှီထျန်းဟောင်သည် "ယု(စကြာ)"
မှော်ကျိန်စာအား ထပ်မံဖော်ထုတ်လိုက်ကာ
ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုက
လင်းလက်လာခဲ့သည်။ လေဟာနယ်တို့က
တုန်ခါသွားခဲ့ပြီး အခြေတည်ဝိညာဉ် စဦးပိုင်း
အဆင့်မှ ရှီထျန်းရီကပင် သူသည်
လေဟာနယ်ကို ဖြတ်ကျော်ကာ ပျံသန်း၍
မလွတ်မြောက်နိုင်ကြောင်း
သဘောပေါက်သွားခဲ့သည်။

ထိုအချိန်တွင် ရှီထျန်းရီက အော်ဟစ်လိုက်၏။
"ပွင့်စမ်း"

ဟင်းလင်းပြင် အတွင်းတွင်
အဖြူရောင်တိမ်တိုက် အများအပြားတို့
ထွက်ပေါ်လာခဲ့သည်။ ဖြည်းဖြည်းချင်း
သူတို့သည် နေရာတစ်ခုလုံးအား
ဖုံးလွှမ်းသွားခဲ့ကာ ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေမှ ကောင်းကင်နီကို
အဖြူရောင် သန်းစေခဲ့၏။

တိမ်တိုက်တို့နှင့် လျှပ်မြန်စွာနှင့်
လွင့်မျောနေကြ၍ တိမ်တိုက်ပင်လယ်တို့၏
အလယ်တွင် တစ်ယောက်သည်

အလင်းတန်းများ လွင့်မျောနေသည်ကို မြင်နိုင်ပေသည်။

ကြည့်ရသည်မှာ ပုလဲဂိတ်က ပွင့်လာသည်နှင့် တူနေပေသည်။

စင်ပေါ်မှ ကြည့်နေသူများ အားလုံးတို့သည် အံ့အားတကြီးဖြင့် အာမေဋိတ်ပြုလိုက်ကြသည်။ နတ်ကောင်းကင် ဓားအကြီးအကဲနှင့် အပြာရောင်ခန်းမ သူတော်စင်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့သည်ပင်လျှင် အံ့အားသင့်နေကြ၏။

"ဒါ.. ဒါက ကျုံးကောင်းကင်ဂိတ် မဟုတ်လား။ ဒါက မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ မှော်ကျိန်စာထဲက ကျုံးကောင်းကင်ဂိတ်ဖြစ်တယ်။ ကောင်းဟန်က ဒီလိုမျိုး စွမ်းအားကြီးတဲ့ မှော်ကျိန်စာကို ရှီထျန်းရီကို သင်ထားပေးတာလား"

ချင်ကေရာဇ် ရှီယုသည်ပင်လျှင် သူ၏ မျက်မှောင်ကြီးကို ကြုတ်လိုက်ကာ ဟင်းလင်းပြင် ဘုရားကျောင်းဘက်သို့ ကြည့်လိုက်သည်။

မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ
မှော်ကျိန်စာသည် ဟင်းလင်းပြင်
ဘုရားကျောင်း၏ အစွမ်းအထက်ဆုံး
မှော်ကျိန်စာများ အတွင်းတွင် တစ်ခုအပါအဝင်
ဖြစ်သည်။ ဒါသည် ဟင်းလင်းပြင်
ဘုရားကျောင်း၏ အစွမ်းအထက်ဆုံး
တိုက်စစ်ဖြစ်ကာ စူတောင်ဓားဂိုဏ်းမှ
သူတော်စင် ကောင်းကင်ဓားချီ သို့မဟုတ်
မဟာမိုးကြိုး ကျောင်းတော်မှ ဗီရိုကာနာ
ဇန်လက်ဝါးနှင့် အလားတူပေသည်။

ဒါသည် နတ်ဘုရားနယ်မြေ အတွင်းမှ
လူသားကျင့်ကြံသူများ၏ အစွမ်းအထက်ဆုံး

အကွက်ဖြစ်သည့်ကို အားလုံးတို့က တညီတညွတ်တည်း လက်ခံထားကြသည်။

ကောင်းကင်ကိုးလွှာနှင့် ပတ်သတ်၍ နတ်ဘုရားနယ်မြေ အတွင်းတွင် ဆိုရိုးစကား နှစ်ခုရှိသည်။ တစ်ခုမှာ ရှေးဟောင်းခေတ် အတွင်းမှ စွမ်းအားအကြီးဆုံးဂိုဏ်းဖြစ်သော ကောင်းကင်ဂိတ်ဂိုဏ်းဖြစ်သည်။ ကောင်းကင်ဂိတ်ဂိုဏ်းသည် ကောင်းကင်ကိုးလွှာအား သတ်မှတ်ထားသည်။

သူတို့အနေနှင့် အလယ်ဗဟိုကို ကျွင်းကောင်းကင်၊ အရှေ့ကို ချန်ကောင်းကင်၊ အရှေ့မြောက်ကို မင်းကောင်းကင်၊ မြောက်ကို

ရွှမ်ကောင်းကင်၊ အနောက်မြောက်ကို ယူကောင်းကင်၊ အနောက်ကို ယွမ်ကောင်းကင်၊ အနောက်တောင်ကို ဇူကောင်းကင်၊ တောင်ကို ယန်ကောင်းကင်နှင့် အရှေ့တောင်ကို ယမ်ကောင်းကင်ဟု သတ်မှတ်ထား၏။

နောက်တစ်မျိုးမှာ ဟင်းလင်းပြင် ဘုရားကျောင်းက သတ်မှတ်ထားခြင်း ဖြစ်သည်။ သူတို့အနေနှင့် ကောင်းကင်ကိုးလွှာအား ကျုံးကောင်းကင်၊ ရှမ်ကောင်းကင်၊ ချုံးကောင်းကင်၊ ကန်းကောင်းကင်၊ ကျွေကောင်းကင်၊ ကော်ကောင်းကင်၊ ရှန်ကောင်းကင်၊

စန်ကောင်းကင်နှင့် ချန်းကောင်းကင် ဟူ၍ သတ်မှတ်ထားကြသည်။

ကိုးသည် အကြီးဆုံးဂဏန်း ဖြစ်သည်နှင့်အညီ သူ့တွင် အဆုံးမဲ့ဟူသော အဓိပ္ပာယ်ရှိသည်။ ချန်းကောင်းကင်၏ အပေါ်တွင် တစ်ယောက်သည် မဟာတာအိုကို တွေ့ရှိနိုင်သည်။ မဟာတာအိုသည် ကောင်းကင်များအတွင်းတွင် အကန့်အသတ်မဲ့၊ အဆုံးမဲ့စွာဖြင့် တည်ရှိနေသည်။ သူ၏ လျှို့ဝှက်ဆန်းကြယ်မှုမှာ မမြင်တွေ့နိုင်ခြင်းပင် ဖြစ်၏။

ဒဏ္ဍာရီ၏ အဆိုအရ ဟင်းလင်းပြင်
ဘုရားကျောင်း၏ ပိုင်ယွင်တောင်တွင်
ကောင်းကင်ကိုးလွှာ နန်းတော်တို့
တည်ရှိနေကြသည်။ သူတို့အားလုံးတို့သည်
ဆန်းကြယ်နက်နဲလှကာ သဘောပေါက်နိုင်ရန်
ခဲယဉ်းလှ၏။ ဟင်းလင်းပြင် ဘုရားကျောင်း၏
အစွမ်းအထက်ဆုံး တပည့်များသည်သာလျှင်
သူတို့၏ အတွင်း၌ နှစ်ခြင်းမင်္ဂလာ ခံနိုင်ခဲ့ကာ
မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ
မှော်ကျိန်စာအား သင်ယူနိုင်ကြခြင်း ဖြစ်သည်။

ရှီထျန်းရီ၏ ယခုတိုက်ခိုက်မှုသည်
ဟင်းလင်းပြင် ဘုရားကျောင်းမှ

သတ်မှတ်ထားသည့် ပထမကောင်းကင်မှ စွမ်းအားတို့ကို ယူသုံးလိုက်ခြင်း ဖြစ်သည်။

ကျုံးထျန်းဂိတ်က ပွင့်သွားသောအခါ ရှီထျန်းရီ၏ စွမ်းအားများသည် ဆတက်ထမ်းပိုး တိုးတက်လာခဲ့သည်။ သူသည် ရှီထျန်းဟောင်အား ကြည့်လိုက်ကာ ပြောလိုက်သည်။ "ဂိတ်ဆိုတာက ပြောဖို့လွယ်ကူပေမဲ့ နားလည်ရအခက်ဆုံး သဘောတရားတွေ အထဲမှ ပါတယ်။ မော်တယ်ကမ္ဘာရဲ့ စွမ်းအားတွေဟာ မှန်ကန်ခဲ့လို့ရှိရင် တစ်ယောက်ကို ဂိတ်တစ်ခုစီကို ခေါ်သွားနိုင်တယ်။ ဒီဂိတ်အတွင်းကို ဝင်ရခြင်းဟာ

အစသာဖြစ်တယ်။ ဒါက ဝင်ရောက်ခြင်း ဖြစ်သလို စတင်ခြင်းလည်း ဖြစ်တယ်"

"ခက်ခဲတဲ့ အချိန်တွေမှာ တစ်ယောက်ဟာ ဂိတ်တစ်ခုကို တွေ့နိုင်ခဲ့ရင် သူက အရှေ့ကို ဆက်လျှောက်လို့ရတယ်" စကားပြောနေရင်း ရှီထျန်းရီသည် အလင်းတန်း အတွင်းသို့ တိုးဝင်သွားခဲ့သည်။

မယုံနိုင်စရာ ကောင်းလောက်အောင်ပင် သူသည် အလင်းတန်း အတွင်းသို့ ဝင်သွားသောအခါ ရှီထျန်းဟောင်၏ 'ယု'နှင့်'ကျိုး' မှော်ကျိန်စာတို့ထံမှ လွတ်မြောက်သွားနိုင်ခဲ့သည်။

ထိုအခြေအနေအား တွေ့လိုက်သောအခါ
ဆီးနှင်းပုံ ခေးမာစတာက သက်ပြင်းချလိုက်၏။
"ဒွိစုံသူငယ်အိမ်နဲ့ ကျင့်ကြံသူဟာ
ကံမကောင်းခြင်းကနေ အကျိုးအမြတ်
ရနိုင်ခဲ့တယ်။ ဟင်းလင်းပြင် စစ်တလင်းမှာ
မျက်စိကန်းခဲ့ရတဲ့ တိုက်ပွဲကြောင့်သာ
မဟုတ်ရင် သူက ဒီလောက်အထိ
စွမ်းအားမကြီးလာနိုင်ပဲ ကောင်းကင်ကိုးလွှာ
နန်းတော်တွေရဲ့ နှစ်ခြင်းမင်္ဂလာကို မခံရပဲ
ကျုံးကောင်းကင်ဂိတ်ကို လေ့ကျင့်နိုင်မှာ
မဟုတ်ဘူး"

နေမင်းအလင်းတန်း ခေးမာစတာကလည်း စစ်မြေပြင်ကို ကြည့်လိုက်ကာ သူ၏ခေါင်းအား ညိတ်လိုက်သည်။ "ရှီထျန်းဟောင်က ဒုက္ခရောက်သွားနိုင်တယ်"

ခဏအကြာတွင် ရှီထျန်းရီက ထပ်မံပြန်ပေါ်လာခဲ့သည်။ သူသည် အခြားနေရာ တစ်ခုသို့ ရောက်သွားခဲ့သည်။ ရှီထျန်းဟောင်အား ကြည့်လိုက်ကာ မှော်ကျိန်စာ တစ်ခုအား ထုတ်လွှတ်လိုက်၏။

သူ၏ခေါင်းပေါ်မှ တိမ်တိုက်များအနက် အပေါက်တစ်ခု ပေါ်လာခဲ့ကာ တောက်ပသော ရွှေရောင်အလင်းတန်း တစ်ခုက

ဖြာကျလာခဲ့သည်။ သူသည် ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းမှ အနီရောင် ကောင်းကင်ကိုပင် အပေါက်ဖောက်နိုင်ခဲ့သည်။ ထိုအပေါက်အတွင်းတွင် တစ်ယောက်သည် ကြယ်များဖြင့် ပြည့်နေသော အနက်ရောင် ဟင်းလင်းပြင်အား တွေ့နိုင်ပေသည်။

ဤပုံစံသည် ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း ဝက်ပါကို ပထမဆုံး ဖော်ထုတ်ခဲ့စဉ်ကနှင့် တူနေ၏။ သူသည် ထိုဝက်ပါ၏ ကြောက်မက်ဖွယ် စွမ်းအားများထက် များစွာအားနည်း၍ ယှဉ်နိုင်စွမ်း မရှိသော်လည်း ရှီထျန်းရီ၏ အခြေတည်ဝိညာဉ် အဆင့်နှင့်

ကြယ်တာရာကိုးလုံးတို့၏ စွမ်းအားကို
အသုံးပြုနိုင်သည်မှာ မှင်သက်ဖွယ်
ကောင်းလှ၏။

မဟာဟင်းလင်းပြင်၏ ဒုတိယကောင်းကင်၊
ရှန်ကောင်းကင် မြင့်မြတ်သော
ကြယ်စင်အလင်းတန်း!

စတုရန်းမီတာ ၆၅ဂခန့်ရှိသော
မယုံနိုင်လောက်အောင် ရှုပ်ထွေးသည့်
မှော်သင်္ကေတ ပုံသဏ္ဍာန်သည်
ကောင်းကင်ပေါ်တွင် ပေါ်လာခဲ့သည်။
မြူခိုးငွေ့များ၊ အလင်းတန်းများ တို့သည်
ပျံ့နှံ့သွားခဲ့၍ ကြယ်တာရာတို့သည်

ဟင်းလင်းပြင်ကို ဖြတ်သန်းလာကြကာ
မှော်သကော်တ အပေါ်သို့ ကျဆင်းလာကြသည်။
ဒါသည့် ဤမှော်သကော်တ ပုံသဏ္ဌာန်အား
နေမင်းအငယ်စားလေးကဲ့သို့ ပို၍ပို၍
တောက်ပလာစေခဲ့သည်။

ရှီကျုံးယွဲ့၏ မျက်နှာသည် သွေးဆုတ်သွားခဲ့ကာ
အံ့သြတကြီးဖြင့် ပြောလိုက်သည်။
"ကျုံးကောင်းကင်ဂိတ်အပြင် သူက
ရှန်ကောင်းကင် မြင့်မြတ်သော
ကြယ်စင်အလင်းတန်းကိုပါ
ကျင့်ကြံထားနိုင်ခဲ့တယ်"

ရှိထျုန်းဟောင်သည် ကောင်းကင်ပေါ်မှ ဧရာမ မှော်သင်္ကေတ ပုံသဏ္ဍာန်အား ကြည့်လိုက်ကာ သူ၏ မျက်မှောင်များကို အသာကြုတ်လိုက်သည်။ သူသည် ထိုမှော်ကျိန်စာ၏ စွမ်းအားများကို ခံစားနေခဲ့ရ၏။

ကြယ်တာရာတို့၏ စွမ်းပကားမှာ အစွမ်းထက်လွန်းလှသဖြင့် အင်မော်တယ် ဝိညာဉ် အဆင့်အောက်မှ ကျင့်ကြံသူများက အလွယ်တကူ အသုံးမပြုနိုင်ကြပေ။ တစ်ယောက်သည် သူတို့အား ထိန်းချုပ်ရန် အလွန်မြင့်မားသော ကျင့်ကြံမှုအဆင့် လိုပေသည်။

ဟင်းလင်းပြင် ဘုရားကျောင်း၏
ဤမှော်ကျိန်စာသည်
အလွန်အစွမ်းထက်သည်ဟု ပြော၍ရသည်။

တိုက်ပွဲစသည့်အချိန်မှစ၍ ဒါသည်
ရှီထျန်းဟောင်၏ ပထမဆုံး အကြိမ်အဖြစ်
အခြိန်းခြောက် ခံနေရသည်ဟု ခံစားမိခဲ့ခြင်း
ဖြစ်၏။

တစ်ချိန်တည်းမှာပင် ရှီထျန်းရီသည်
သူ၏ညာလက်ကို ဆန့်တန်းလိုက်ရာ
တိမ်တိုက်များက လည်ပတ်သွားကြသည်။

အဆုံးမဲ့ အလင်းတန်းများက ထွက်ပေါ်လာကြ၏။ သူတို့သည် မှော်သင်္ကေတများ တစ်ခုပြီး တစ်ခုအဖြစ် ပြောင်းလဲသွားကြကာ လေထဲတွင် လွင့်မျောနေကြသည်။ ပြီးတာနှင့် သူတို့သည် ရှီထျန်းဟောင်၏ ခန္ဓာကိုယ်အား အားသုံးကာ ချုပ်နှောင်ထားခဲ့သည်။

ရှီထျန်းဟောင်သည် မှင်သက်သွားခဲ့၏။ သူ၏တစ်ကိုယ်လုံးမှာ လှုပ်၍မရတော့ချေ။ ကြည့်ရသည်မှာ သူသည် သူ၏ကိုယ်ပိုင် 'ယု'ကမ္ဘာ မှော်ကျိန်စာဖြင့် အချုပ်နှောင်ခံနေရသကဲ့သို့ ဖြစ်၏။

သို့သော်လည်း ဒါသည် ဟင်းလင်းပြင်
ဘုရားကျောင်း၏ ပထမကောင်းကင်
နည်းစနစ်ဖြစ်သော ကျုံးကောင်းကင်ဂိတ်၏
အစွမ်းထက်သော စွမ်းအားဖြစ်သည်။

"ဂိတ်က ပွင့်သွားလို့ရှိရင် ဒါက
လွတ်မြောက်ခြင်း၊ စတင်ခြင်းနဲ့ စတင်တဲ့နေရာ
တစ်ခုဖြစ်တယ်" ရှီထျန်းရီက ပြောလိုက်၏။
"ဂိတ်က ပိတ်သွားလို့ရှိရင် သူက ပိတ်ဆို့ခြင်း၊
ချိတ်ပိတ်ခြင်းနဲ့ အဆုံးသတ်တဲ့ နေရာဖြစ်တယ်။
လွတ်မြောက်ဖို့ မဖြစ်နိုင်ဘူး"

သူသည် ကျုံးကောင်းကင်ဂိတ်နှင့်
ရှန်ကောင်းကင် မြင့်မြတ်သော

ကြယ်စင်အလင်းတန်းတို့အား တွဲဖက်၍ အသုံးပြုခဲ့ကာ ရှီထျန်းဟောင်ကို မလွတ်မြောက်စေနိုင်ရန် တားဆီးခဲ့ခြင်း ဖြစ်သည်။ ရှီထျန်းဟောင်သည် ကြယ်တာရာတို့၏ တရစပ် ထိုးနှက်မှုကို လက်ခံရုံသာ တတ်နိုင်ခဲ့သည်။

သူ၏စကားဆုံးသည်နှင့် သူ၏ခေါင်းပေါ်မှ ရောမ မှော်သင်္ကေတကြီးသည် အလင်းလက်ဆုံးအဖြစ် တောက်ပလာခဲ့၏။ အလွန်ကို စူးရှလှသဖြင့် တစ်ယောက်မှ တည့်တည့်မကြည့်နိုင်ခဲ့ပေ။

ခဏာအကြတွင် ရောမ ရွှေရောင်အလင်းတန်း
တိုင်လုံးကြီးသည် ရှိထျန်းဟောင်၏ အပေါ်သို့
ကျလာခဲ့သည်။

ပူပြင်းစွာ တောက်လောင်နေသော အလင်းတန်း
အော်ရာတို့သည် သူ၏ ပတ်ပတ်လည်မှ
အရာအားလုံးတို့ကို မေ့ပျောက်စေခဲ့သည်။
သူ့အား တားမြစ်ရန် ကြိုးစားသော
အရာမှန်သမျှသည် ထိုးဖောက်ဖျက်ဆီးကာ
မမေ့ဖျောက် ခံခဲ့ရသည်။

## စာစဥ် ၃၁ : အပိုင်း ၁၁

## အပိုင်း ၅၈၁ : ရှီထျန်းရှီ၊ မင်းရဲ့ ယုံကြည်ချက်က ဘယ်မှာလဲ

ကြယ်တာရာများ၏ စွမ်းပကားသည် ကြီးမားလှကာ ရှီထျန်းရှီသည် ရှန်ကောင်းကင် မြင့်မြတ်သော ကြယ်စင်အလင်းတန်းအား ကျင့်ကြံနိုင်ခဲ့သော်လည်း သူသည် သူတို့၏ စွမ်းအား အနည်းငယ်ကိုသာ ယူသုံးနိုင်ခဲ့သည်။

သို့သော်လည်း ထိုစွမ်းအား အနည်းငယ်လေးကပင် အင်မော်တယ် ဝိညာဉ် အဆင့်အောက်မှ ကျင့်ကြံသူများအတွက် ကြောက်မက်ဖွယ်ရာ ဖြစ်နေခဲ့ပြီ ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
တပည့်များသည်ပင်လျှင် ထိုင်နေရာမှ
ထလိုက်ကာ ထိုတိုက်ပွဲအား မမှိတ်မသုန်
ကြည့်နေကြ၏။

ဝမ်လင်း၏ အေးစက်သောအကြည့်သည်
လက်ကနဲ ဖြစ်သွားခဲ့သည်။ ယခုအချိန်တွင်
သူသည် အသွင်သဏ္ဍာန်လေးမျိုး
ကောင်းကင်ခွဲခြမ်း ကျမ်းစာအား
လေ့ကျင့်ပြီးသွားကာ အခြေတည်ဝိညာဉ်ကို
ဖန်ဆင်းထားပြီး ဖြစ်သဖြင့် ရှီထျန်းရီ၏
တိုက်ခိုက်မှုများကို မကြောက်တော့ချေ။
သို့သော်လည်း သူတို့သည် ဟင်းလင်းပြင်

စစ်တလင်း အတွင်းတွင် တိုက်ခိုက်ခဲ့စဉ်က
ရှိထျန်းရီက ထိုအကွက်အား သုံးလိုက်ပါက
မည်သို့ဖြစ်သွားမည်ကို မည်သူမှ မသိပေ။

ရှောင်ယန်က သူ့ကိုယ်သူ ရေရွတ်လိုက်၏။
"ဒါက ငရဲပြည်က ရှောင်ခြည်နတ်ဆိုး
မီးတောက်နဲ့ မဟာသူရိယ အကြွင်းမဲ့
မီးတောက်တို့ ပေါင်းထားတဲ့
ကောင်းကင်မီးတောက် ကြာပန်းလောက်ကို
စွမ်းအားကြီးတယ်"

ငရဲပြည်က ရှောင်ခြည်နတ်ဆိုး မီးတောက်နှင့်
မဟာသူရိယ အကြွင်းမဲ့ မီးတောက်တို့အား
ပေါင်းစပ်ထားသည့် ကောင်းကင်မီးတောက်

ကြာပန်းသည် မီးတောက်နှစ်ခု
ကောင်းကင်မီးတောက် ကြာပန်း အနက်တွင်
အစွမ်းအထက်ဆုံး ဖြစ်၏။

သို့သော်လည်း သူသည် အခြေတည်ဝိညာဉ်
အဆင့်သို့ ရောက်ရှိသွားပါက သူ၏
ကောင်းကင်မီးတောက် ကြာပန်း သို့မဟုတ်
အကြွင်းမဲ့မီးတောက် တစ်ခုချင်းစီ၏
စွမ်းအားများသည် များစွာတိုးတက်လာမည်
ဖြစ်သည်။

ဇူရီသည် ဘာမှမပြောခဲ့သော်လည်း သူ၏
အမူအရာမှာ လေးနက်နေ၏။

ဘေးမှကြည့်နေသူတစ်ယောက် အနေနှင့် သူသည် ရှီထျန်းရီ၏ တိုက်ခိုက်မှု စွမ်းအားများကို ကောင်းစွာခံစားနေရပေသည်။ ထိုအချိန်တွင် သူသည် ထိုတိုက်ခိုက်မှုအား တိုက်ရိုက်ရင်ဆိုင်နေရသည့် ရှီထျန်းဟောင်ထက် များစွာပို၍ သိမြင်နိုင်ပေသည်။

သို့သော်လည်း ရှီထျန်းဟောင်သည် ကြောက်ရွံ့မှုကို မပြသခဲ့ပေ။ သူသည် သူ့ထံသို့ လျှပ်စီးအမြန်နှုန်းဖြင့် ဝင်လာနေသော အလင်းတန်း တိုင်လုံးကြီးအား တည်ငြိမ်စွာဖြင့်သာ ကြည့်နေခဲ့သည်။

သူ၏အနောက်မှ လေဟာနယ်သည်
ပြင်းထန်စွာနှင့် တုန်ခါသွားခဲ့ကာ မဟာ
ကစဥ္ဆကလျား ဆေးမီးဖို တိုက်ခိုက်မှုအား
ထုတ်ဖော်လိုက်သည်။

ထိုဆေးမီးဖို အတွင်းတွင် အသွင်သဏ္ဍာန်၊
အရောင်အဆင်းမဲ့သော လေများသည်
တစ်ဝီဝီဖြင့် တိုက်ခတ်နေခဲ့ကာ သူ၏အတွင်းမှ
ကစဥ္ဆကလျား လေဟာနယ် တစ်လွှာချင်းစီက
တုန်ခါသွားခဲ့သည်။

အန်းလျှမ်မင်းသား ရှီကျုံးယွဲ့သည် ထိုမြင်ကွင်းအားကြည့်လိုက်ကာ အံ့ဩတုန်လှုပ်စွာနှင့် ပြောလိုက်သည်။ "ဒါ.. ဒါက မဟာအကြွင်းမဲ့လေ လေးမျိုးထဲမှာပါတဲ့ ဟင်းလင်းပြင်မုန်တိုင်း ဖြစ်တယ်။ နေ.. နေပါဦး။ ဒါက ဟင်းလင်းပြင်မုန်တိုင်း မဟုတ်ဘူး။ ဒါပေမဲ့ သူက တူညီတဲ့ စွမ်းအားတွေရှိတယ်"

ရောမ သားရဲတစ်ကောင်သည် ဤအချိန်တွ ဆေးမီးဖို အတွင်းတွင် ပေါ်လာခဲ့သည်။ သူသည် အိတ်တစ်ခုနှင့်တူနေကာ မီးလျှံကွဲ့သို့ နေရဲနေ၏။ သူသည် အတောင်လေးဘက်၊ ခြေထောက်ခြောက်ချောင်း ရှိကာ မျက်နှာသွင်ပြင်များကို မတွေ့ရချေ။

ဒါသည် ရှေးပဝေသဏီမှ မိစ္ဆာသားရဲ
လေးကောင်အနက်မှ တစ်ကောင်ဖြစ်သည့်
ဟွန်တွန်း ဖြစ်၏။

ရှီထျန်းဟောင်သည် ဟိန်းဟောက်လိုက်ရာ
မဟာကစဥ္စကလျား ဆေးမီးဖို၏
စွမ်းအားများသည် သူ၏ကိုယ်အတွင်းသို့
ဝင်ရောက်သွားခဲ့သည်။ သူ၏ စွမ်းအားများသည်
ကောင်းကင်ထံသို့ ထိုးတက်သွားခဲ့ကာ ရွှေရောင်
အလင်းတန်း တိုင်လုံးကြီးနှင့်
တိုက်ရိုက်ရင်ဆိုင်လိုက်၏။

အစမှနေ၍ ရှိထျန်းဟောင်သည်
ထိုတိုက်ခိုက်မှုအား ရှောင်ရှားရန် ရည်ရွယ်ချက်
လုံးဝမရှိခဲ့ပေ။

သူသည် လက်သီးတစ်လုံး ထိုးလိုက်ရာ
လေဟာနယ်သည် ချက်ချင်းပင်
ကြေမွသွားခဲ့သည်။ မိစ္ဆာသားရဲ ဟွန်တွန်းသည်
လေပြင်းတစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့ကာ
ရွှေရောင် အလင်းတန်း တိုင်လုံးထံသို့
တိုးဝင်သွားခဲ့သည်။

တောက်ပလှသည့် ရွှေရောင်အလင်းတန်းသည်
အဆက်မပြတ် လင်းလက်လာခဲ့ကာ
တစ်ယောက်မှ သူတို့၏ မျက်လုံးကို

မဖွင့်နိုင်ကြတော့ချေ။ သူတို့အားလုံးတို့သည် ပြင်းထန်သော အပူရှိန်ကိုသာ ခံစားနေကြရသည်။

လူအနည်းငယ်တို့သာ ရှိထျန်းဟောင်သည် လေထုအလယ်တွင် ရပ်နေကာ ဟန်တွမ်း၏ စွမ်းအားများဖြင့် ရှန်ကောင်းကင် မြင့်မြတ်သော ကြယ်စင်အလင်းတန်းအား ရင်ဆိုင်ခဲ့သည်ကို တွေ့နိုင်၏။

သို့သော်လည်း ကြယ်တာရာတို့၏ စွမ်းအားများသည် လွန်စွာ ပြင်းထန်လှသည်။ သူတို့အနက်မှ အနည်းငယ်ကိုသာ ယူသုံးနိုင်ခဲ့သော်လည်း ရှိထျန်းရီသည်

အဆုံးမဲ့နေသည်ဟု ထင်နေရသည့် စွမ်းအားများကို ဆင့်ခေါ်နိုင်ခဲ့သည်။ သူ၏ တရစပ် ထိုးနှက်မှုအောက်တွင် ရှီထျန်းဟောင်သည် နောက်သို့သာ ဆုတ်နိုင်ခဲ့သည်။

ရှီထျန်းဟောင်၏ စွမ်းအားကြီးမားကာ ကြံ့ခိုင်လှသော ရုပ်ကိုယ်ခန္ဓာကြောင့်သာ မဟုတ်လျှင် ကြယ်စင်များ၏ အလင်းတန်းသည် သူ၏ ခန္ဓာကိုယ်အား ပြာကျသွားစေလိမ့်မည် ဖြစ်သည်။

"ကျား!" ရှီထျန်းဟောင်၏ ညာလက်သည် လက်သီးအဖြစ်သို့ ပြောင်းသွားကာ

သူ၏အရှေ့မှ ကြယ်တာရာများ၏ ထိုးနှက်မှုကို တိုက်ရိုက်ရင်ဆိုင်လိုက်သည်။ သူ၏ ဘယ်လက်မှာမူ ရှေ့သို့ ဆန့်တန်းလိုက်ကာ ပထမ မဟာကစဥ့်ကလျား ဆေးမီးဖို၏ အတွင်းမှ တောက်တီ၏ စွမ်းအား၏ အကူအညီဖြင့် ထိုအလင်းတန်း တိုင်လုံးအား ဆုပ်ကိုင်နိုင်ခဲ့သည်။

စွမ်းအားကြီးမားသည့် တောက်တီသည် အနက်ရောင် မြေတစ်ကွက်အသွင် ပြောင်းသွားခဲ့ကာ ရှီထျန်းရီ၏ ကြယ်စင်စွမ်းအားများကို အငမ်းမရ ဝါးမျိုလိုက်သည်။

ရှီထျန်းရီ၏ မျက်ခုံးများသည် တင်းကျပ်စွာနှင့် ကြုတ်သွားခဲ့၏။ ပြီးတာနှင့် ရှီထျန်းရီသည် အသက်ပြင်းပြင်းရှူလိုက်ရာ သူ၏အနောက်မှ မဟာကစဉ့်ကလျား ဆေးမီးဖို အတွင်းမှ ကျယ်လောင်သော ဟိန်းဟောက်သံများကို ကြားနိုင်ခဲ့သည်။ သူတို့သည် ဖန်ဆင်းမှု၏ အစပိုင်း နေ့များအတွင်းသို့ ပြန်ရောက်သွားသကဲ့သို့ ဖြစ်သည်။

သားရဲနှစ်ကောင်တို့၏ စွမ်းအားများကြောင့် ရွှေရောင် အလင်းတန်း တိုင်လုံးကြီးသည် ကျိုးပျက်သွားခဲ့သည်။

ချက်ချင်းဆိုသလိုပင် နဂါးတိုက်ပွဲ စင်မြင့်အား မျက်စိကျိန်းလုမတတ် ရွှေရောင် အလင်းတန်းများဖြင့် ဖုံးအုပ်သွားခဲ့သည်။ ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းမှ နဂါးတိုက်ပွဲ စင်မြင့်ထံသို့ ကြည့်လိုက်လျှင် တစ်ယောက်သည် ရွှေရောင်အလင်းတန်းများ ထွက်လာနေသည်ကိုသာ တွေ့ရမည် ဖြစ်၏။

ထိုမြင်ကွင်းအား ကြည့်နေကြသော ပရိသတ်များ အားလုံးတို့သည် ဆွံ့အသွားကြကာ အတွေးပေါင်း များစွာတို့ သူတို့၏ ရင်အတွင်းတွင် ပေါ်လာကြသည်။

သူတို့၏အရှေ့မှ ပြိုင်ပွဲဝင် နှစ်ယောက်တို့သည် ကျော်ကြားမှုနှင့် ကိုက်ညီလှပေသည်။

ရှိအကြီးသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ မှော်ကျိန်စာအား လေ့ကျင့်နိုင်သည်အထိ သန်မာပေသည်။ ကျုံးကောင်းကင်ဂိုတ်ဖြစ်စေ၊ ရှုန်ကောင်းကင် မြင့်မြတ်သော ကြယ်စင်အလင်းတန်းဖြစ်စေ၊ သူတို့၏ စွမ်းအားများမှာ ရင်သပ်ရှုမောဖွယ်ရာ ကောင်းလှပေသည်။ သူတို့တစ်ခုတိုင်းသည် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက်အား ယှဉ်ပြိုင်နိုင်သည်။

သို့သော်လည်း ရှီအငယ်မှာ ပို၍ပင်
ကြမ်းတမ်းပေသည်။ သူသည် ရှန်ကောင်းကင်
မြင့်မြတ်သော ကြယ်စင်အလင်းတန်းကိုပင်
အောင်မြင်စွာနှင့် ခုခံနိုင်ခဲ့၏။

ထို့အပြင် သူသည် ရွှေရောင်ဗဟိုချက်
နောက်ဆုံး အဆင့်တွင်သာ ရှိသေး၍
ရှီထျန်းရီသည် အခြေတည်ဝိညာဉ် စဦးပိုင်း
အဆင့်တွင် ရှိနေပေပြီ။ ဒါသည် ပို၍
အံ့သြမှင်သက်ဖွယ် ကောင်းလှ၏။

ရှီချုံးယွမ်သည် သူ၏အရှေ့မှ မြင်ကွင်းအား
အမူအရာ ကင်းမဲ့စွာဖြင့် ကြည့်နေခဲ့သည်။
မဟာချင် အင်ပါယာမှ တော်ဝင်မိသားစုသည်

တစ်ချိန်က ရှီထျန်းရီအား မွေးစားမည်ဟု ကြံရွယ်ခဲ့သေး၏။ သူသည် အဘယ်မှာ မသိပဲ နေပါအံ့နည်း။

ရှီကျုံးယွဲ့နှင့် ရှင်ပျော်ပျော် သူတော်စင်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြကာ သူတို့၏ခေါင်းများကို ခါလိုက်ကြသည်။ "နမြောစရာပဲ၊ စီနီယာရှီရော ဂျူနီယာရှီပါ မဟာချင်အတွက် အသုံးမချနိုင်ဘူး။ တကယ့်ကို နမြောစရာပဲ"

ရွှေရောင်အလင်းတန်းများ အတွင်း၌ ရှီထျန်းဟောင်သည် ရုတ်တရက် မတ်မတ်ရပ်လိုက်သည်။

သူ၏ခန္ဓာကိုယ်ပေါ်တွင် ကြယ်စင်များ၏ အလင်းတန်း၏ ထိုးနှက်မှုကြောင့် ဒဏ်ရာများ ရနေခဲ့သည်။ သူ၏ ရုပ်ခန္ဓာကိုယ်သည် မည်မျှပင် သန်စွမ်းသည်ဟု ဆိုသော်လည်း သူသည် အနာတရမဖြစ်ပဲ မလွတ်မြောက်နိုင်ခဲ့ပေ။ သို့သော်လည်း သူ၏ ရုပ်အော်ရာသည် နောက်ထပ် ထိပ်ဆုံးအသစ်သို့ ရောက်ရှိသွားခဲ့၏။ သူသည် ဟိန်းဟောက်နေဆဲတွင် သူ၏ခေါင်းပေါ်၌ ရွှေရောင်စက်ဝိုင်း အလင်းတန်းတစ်ခု ပေါ်လာခဲ့သည်။

ထိုရွှေရောင်စက်ဝိုင်း အတွင်းတွင် ရောမ သားရဲတစ်ကောင်က လွင့်မျောနေခဲ့၏။

လူအများတို့သည် ထိုအရာအား
တွေ့လိုက်ကြသောအခါ
ပင်သက်ရှိုက်လိုက်ကြ၏။ "ခွန်းဖန်"

ခွန်းဖန်သည် လေဟာနယ် အတွင်းတွင်
အဆက်မပြတ် လွင့်မျောနေခဲ့သည်။ သူသည်
အောက်သို့ကျသွားသောအခါ ငါးတစ်ကောင်နှင့်
တူနေ၏။ သူ၏ အနက်ရောင် ခန္ဓာကိုယ်သည်
ကြီးမားလှ၏။ သူသည် အနည်းဆုံး
ကီလိုမီတာပေါင်း ထောင်နှင့်ချီ၍
ရှည်လျားပေသည်။ မည်သူကမှ အတိအကျ
မသိကြချေ။

သူပုံ့သန်းနေသောအချိန်တွင်
သူ၏ခန္ဓာကိုယ်သည် ငှက်တစ်ကောင်အဖြစ်သို့
ပြောင်းသွားခဲ့သည်။ သူ၏ခန္ဓာကိုယ်သည်
အစိမ်းရောင် ငှက်တောင်များဖြင့် ပြည့်နေခဲ့၍
ရွှေရောင်နှုတ်သီး ရှိသည်။ သူ၏ခေါင်းတွင်
အဖြူရောင် ငှက်တောင်များဖြင့် ဖုံးလွှမ်းနေ၏။
သူ၏ အတောင်နှစ်ဘက်တို့အား
ဆန့်တန်းလိုက်လျှင် ကီလိုမီတာပေါင်း
ထောင်နှင့်ချီ၍ ရှည်လျားပေသည်။

ရှီထျန်းဟောင်၏ ခေါင်းပေါ်မှ
အလင်းရောင်သည် ဤမျှ မကြီးမားသော်လည်း
အားလုံးတို့သည် လေဟာနယ်

တွန့်လိမ်မှုကြောင့် ခွန်းဖန်၏ အရွယ်အစားကို ခန့်မှန်းနိုင်ခဲ့သည်။

ရှိထျုန်းဟောင်သည် ရှေးပဝေသဏီမှ မိစ္ဆာသားရဲ လေးကောင်တို့၏ သွေးဖြင့် သူ၏ မဟာကစဉ့်ကလျား ဆေးမီးဖိုအား ဖန်တီးထားခြင်း ဖြစ်သည်။ သူကိုယ်တိုင်ကမူ ခွန်းဖန်၏ သွေးများဖြင့် အားဖြည့်ထားသောကြောင့် သူ၏ စွမ်းအားများကိုလည်း စုပ်ယူထားနိုင်ပေသည်။

သူ၏ပုခုံးအား ပြင်းထန်စွာနှင့် တွန့်လိုက်ရာ ခွန်းဖန်သည် ပင်လယ်အတွင်းမှ ထိုးထွက်လာခဲ့သလိုမျိုး အစိမ်းရောင်

ငှက်တောင်များသည် သူ၏ပုခုံးအပေါ်မှ ထွက်လာခဲ့ကာ ကောင်းကင်ကိုးလွှာသို့ ပျံသန်းတက်ရောက်သွားခဲ့သည်။

ရှီထျန်းရီ၏ ရှီထျန်းဟောင် အပေါ်တွင် ချမှတ်ထားသော ကျိုးကောင်းကင်ဂိတ်၏ အကန့်အသတ်တို့မှာ ချက်ချင်းပင် လွင့်ပြယ်သွားခဲ့သည်။ ရှီထျန်းဟောင်သည် ရှီထျန်းရီထံသို့ ပျံသန်းဝင်ရောက်လာခဲ့၏။

သူ၏အမြန်နှုန်းဖြင့် ရှီထျန်းရီသည် ကောင်းကင်သို့ တက်လှမ်းခြင်း မှော်ကျိန်စာနှင့်ပင် ရှောင်ရှားရန် မဖြစ်နိုင်ခဲ့ပေ။

ရှီထျန်းရီ၏ ညာမျက်လုံးသည်
အလင်းတန်းများဖြင့် တောက်ပလာခဲ့ကာ
တိမ်တိုက်များစွာတို့ ပေါ်ပေါက်လာခဲ့၍
ပုံရိပ်ယောင် တစ်ခုအား ဖန်ဆင်းလိုက်၏။
သူသည် ထပ်ဖန်တစ်ခါ ကပ်ဘေးတစ်ခုမှ
ရှောင်လွှဲနိုင်ခဲ့သည်။

သူသည် ကျိုးကောင်းကင်ဂိတ်နှင့်
ရှန်ကောင်းကင် မြင့်မြတ်သော
ကြယ်စင်အလင်းတန်းတို့အား
ဖော်ထုတ်ခဲ့လိုက်စဉ်တွင် သူ၏
မှော်စွမ်းအင်များကို အစွမ်းကုန်
ထုတ်သုံးခဲ့ရသည်။ သူသည် ဘာမှမတတ်နိုင်ပဲ

ပြန်လည်အားဖြည့်နေစဉ်အတွင်းတွင် ရှီထျန်းဟောင်၏ တိုက်ခိုက်မှုများကို ရှောင်ရှားရုံသာ တတ်နိုင်ခဲ့၏။

ရှီထျန်းဟောင်က တိုးညင်းစွာဖြင့် ပြောလိုက်သည်။ "တိုက်ပွဲမစခင်က မင်းမှာ ယုံကြည်မှုတွေနဲ့ ပြည့်ဝနေခဲ့တယ်။ အခုကျတော့ ဘာဖြစ်လို့ လိပ်လိုမျိုး လုပ်နေရတာလဲ။ မင်းရဲ့ ယုံကြည်မှုက ဘယ်ရောက်သွားပြီလဲ။ မင်းရဲ့ မာနကရော"

ဟင်းလင်းပြင် အတွင်းတွင် ရှီထျန်းရီသည် သူ၏လက်များကို ကျောနောက်တွင် ပစ်ထားခဲ့သည်။ တစ်ယောက်ကမှ သူသည်

အစစ်အမှန်လော၊ ပုံရိပ်ယောင်လော ဟူသည်ကို မသိနိုင်ခဲ့ပေ။ သူသည် ရှိထျုန်းဟောင်အား တည်ငြိမ်စွာဖြင့် ကြည့်လိုက်ကာ ပြောလိုက်သည်။

"ဒီစုံသူငယ်အိမ်က ငါ့ရဲ့စွမ်းရည်ဖြစ်လို့ ငါကအသုံးချနိုင်တယ်။ ဘာများမှားနေလို့လဲ။ မင်းကငါ့ကို စိန်ခေါ်တဲ့သူ မဟုတ်ဘူးလား။ ငါ့ရဲ့ အန္တိမအကွက်ကို အနိုင်ယူနိုင်မလား ဆိုတာကို စောင့်နေတယ်"

ရှိထျန်းဟောင်၏ အနောက်မှ
မဟာကစဥ္စကလျား ဆေးမီးဖို နှစ်ခုတို့သည်
ဟိန်းဟောက်လိုက်ကာ သူ၏ခေါင်းပေါ်မှ
ခွန်းဖန်ပုံရိပ်သည် လွင့်မျောနေခဲ့သည်။
သူကပြောလိုက်၏။

"အခြေတည်ဝိညာဥ် အဆင့်က ကျင့်ကြံမှုနဲ့
မင်းက ငါ့တတိယစီနီယာရဲ့
မျက်လုံးကန်းအောင် လုပ်ခြင်းကို
ခံလိုက်ရတယ်။ ငါက မင်းရဲ့ ဟင်းလင်းပြင်
ဘုရားကျောင်း မှော်ကျိန်စာတွေက
ပိုတိုးတက်လာမယ်လို့ ထင်ထားခဲ့တယ်။
အခုမှပဲ မင်းဟာ ငါ့ရဲ့တိုက်ခိုက်မှုတွေကို
ရှောင်ရှားသာ ရှောင်နိုင်ခဲ့တယ် ဆိုတာကို

သဘောပေါက်တော့တယ်။ မင်းက ဝင်ပုန်းဖို့ အပေါက်တစ်ပေါက် ရှာထားသင့်တယ်"

သူ၏စကားများသည် တိုက်ပွဲအား ကြည့်ရှုနေကြသော ဟင်းလင်းပြင် ဘုရားကျောင်းမှ အဖွဲ့ဝင်များ၏ နားအတွင်းသို့ ခေါ်သွားပမာ ဝင်သွားခဲ့၏။ အထူးသဖြင့် ကောင်းဟာန်၊ ရှမ်းလင်သူတော်စင်နှင့် တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်ကဲ့သို့ အင်မော်တယ် ဝိညာဉ် အဆင့်သို့ မရောက်ကြသေးသူများ ဖြစ်ကြ၏။ သူတို့၏ မျက်နှာများသည် ဒေါသများဖြင့် နီရဲကုန်ကြသည်။

ရှီထျန်းဟောင်က ဆက်ပြောလိုက်သည်။ "ပုံမှန်ဆိုရင် ငါကစိတ်ရှည်ရှည်နဲ့ မင်းကို ဖြည်းဖြည်းချင်း တိုက်ခိုက်ခဲ့ဦးမယ်။ ဒါပေမဲ့ အဲ့လိုဆိုရင် နဂါးကျောက်တုံးဂိတ်ကို ဖွင့်ဖို့ လုံလောက်မှာ မဟုတ်ဘူး။ ဟုတ်တယ်မလား၊ ဒါက အချိန်သက်သက် ဖြုန်းရုံပဲ ဖြစ်နေခဲ့မယ်"

"ဒါကတကယ့်ကို ပြဿနာပဲ" ရှီထျန်းရီက သဘောတူလိုက်သည်။ "ဒီလိုဆိုတော့ ငါလာပြီဟေ့"

သူ၏စကားဆုံးသည်နှင့် လေပေါ်တွင် လွင့်မျောနေသော ရှီထျန်းရီသည် သူ၏လက်ဝါးများကို ရိုက်လိုက်ကာ

မှော်ကျိန်စာ တစ်ခုအား ထုတ်ဖော်လိုက်သည်။
သူ၏ခန္ဓာကိုယ် ပတ်ပတ်လည်မှ
အလင်းတန်းများ ပေါက်ကွဲထွက်လာခဲ့၏။

ခဏအကြာတွင် တစ်ယောက်သည်
အလင်းတန်း အတွင်းမှ နဂါးဟိန်းသံ တစ်ခုအား
ကြားလိုက်ရ၏။ ရောမ အဖြူရောင်
အလင်းတန်း နဂါးတစ်ကောင်သည်
ရှီထျန်းဟောင်ထံသို့ ပြေးဝင်လာခဲ့၏။

ရှီထျန်းဟောင်သည် တုံ့ပြန်ရပေမည်။
သို့သော်လည်း သူသည် ရှီထျန်းရှီ၏
ညာမျက်စိမှ ထုတ်လွှတ်ထားသော
ပုံရိပ်ယောင်ကမ္ဘာ အတွင်းတွင်

ကျရောက်နေခဲ့ခြင်း ဖြစ်သည်။
ဤတိုက်ခိုက်မှုသည် အစစ်လော အတုလော
ဟူသည်ကို မည်သူက သိပါမည်နည်း။

သူသည် ရှောင်ရှားခြင်း မရှိခဲ့ပဲ
ထိုအဖြူရောင်အလင်းတန်း ရောမ နဂါးကြီးအား
ပြန်လည်တိုက်ခိုက်ခဲ့၏။ သူ၏အနောက်ရှိ
မဟာကစဥ္စကလျား ဆေးမီးဖိုမှ
တောက်တီသည် မည်းနည်းနေသော
တောင်ကြားမြေတစ်ခုပမာ
အသွင်ပြောင်းသွားခဲ့၍ အဖြူရောင်အလင်းတန်း
ရောမ နဂါးကြီးအား ကိုက်လိုက်သည်။

တစ်ခဏအကြာတွင် ရှီထျန်းဟောင်သည် ရှီထျန်းရီ၏ အရှေ့သို့ ရောက်သွားခဲ့သည်။ သူ၏ လက်သီးဖြင့် ထိုးချလိုက်၏။

ဤအချိန်တွင် ရှီထျန်းရီက ရှောင်ရှားခဲ့သည်။ သူ၏ စိတ်ဝိညာဉ်သည် တုန်ခါသွားခဲ့ကာ သူ၏ မှော်စွမ်းအင် စီးဆင်းမှုက ပြောင်းလဲသွားခဲ့၏။ ရှီထျန်းဟောင်သည် သူ၏အရှေ့မှလူသည် ရှီထျန်းရီ အစစ်ဖြစ်၍ ပုံရိပ်ယောင် မဟုတ်မှန်း သိနိုင်ခဲ့သည်။

သို့သော်လည်း ဒါသည် တကယ့်လူအစစ်ဆိုလျှင် ထိုအဖြူရောင်အလင်းတန်း ရောမနဂါးကြီး၏

တိုက်ခိုက်မှုသည် အဘယ်ကြောင့် ဤမျှ
အားနည်းနေရပါသနည်း။

သူ၏ဟောင်မှုသည် ကိုက်နိုင်မှုထက်
ပိုကြီးနေ၍လော၊ သို့မဟုတ် သူသည်
မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ
မှော်ကျိန်စာအား ထုတ်လွှတ်မှုမှ ပြန်လည်
မသက်သာသေး၍လော။

သို့တည်းမဟုတ်.. ဒါသည် ပရိယာယ်
တစ်ခုပေလော။

ရှီထျန်းဟောင်သည် တစ်ခုခုက မှားနေမှန်းကို သိနေသဖြင့် ချက်ချင်း ရပ်တန့်လိုက်၏။ ရှီထျန်းရီက ထိုအရာကို တွေ့လိုက်သောအခါ ပြုံးလိုက်ကာ ပြောလိုက်သည်။
"ကောင်းမွန်လိုက်တဲ့ တုံ့ပြန်မှု"

သူ၏စကားဆုံးသည်နှင့် ရှီထျန်းဟောင်သည် ရုတ်တရက် သူ၏အနောက်မှ တောက်တီ မဟာကစဥ္စကလျား ဆေးမီးဖိုသည် ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်ကို တွေ့နိုင်ခဲ့သည်။

အဆုံးမဲ့ စွမ်းအားများကို ပေါ်ထွက်လာခဲ့၍ မဟာကစဥ္စကလျား ဆေးမီးဖိုမှ

တောက်တီစွမ်းအားများသည်
မဝါးမျိုနိုင်တော့ပေ။

တောက်တီ၏ ဝါးမျိုနိုင်မှု စွမ်းအားများသည်
အထင်ကြီးဖွယ်ရာ ကောင်းလှသော်လည်း
သူသည်လည်း အကန့်အသတ်များ ရှိပေသည်။

ယခုအချိန်တွင် ရှီထျန်းဟောင်သည်
တောက်တီ၏ ဝါးမျိုးနိုင်စွမ်းအား
အကန့်အသတ်သို့ ရောက်နေပြီ ဖြစ်ကြောင်းကို
ခံစားမိနိုင်ခဲ့သည်။

မဟာကစဉ့်ကလျား ဆေးမီးဖို၏ အမှောင်ထု အတွင်း၌ လင်းလက်သော ခရမ်းရောင် အလင်းတန်းများက စတင်တောက်ပလာခဲ့သည်။ မိုးခြိမ်းသံကဲ့သို့သော တုန်ခါမှုများက ပေါ်ထွက်လာခဲ့၏။ ခရမ်းရောင် အလင်းတန်းများ တစ်ခုပြီးတစ်ခု ပေါ်ထွက်လာကြသည်။

"ဒီအဖြူရောင် နဂါးက..." ရှီထျန်းဟောင်သည် သူ၏မျက်မှောင်များကို ကြုတ်လိုက်၏။ သူသည် စိတ်ချင်းဆက်သွယ်၍ စမ်းစစ်လိုက်ရာ သူဝါးမျိုလိုက်သော အဖြူရောင်အလင်းတန်း

ရောမနဂါးကြီး၏ မှော်စွမ်းအင်အတွင်းတွင် တစ်စုံတစ်ခု ပါရှိနေသည်ကို တွေ့လိုက်ရ၏။

အဖြူရောင်အလင်းတန်း ရောမနဂါးကြီးသည် စိတ်ပျံ့လွင့်အောင် အယောင်ပြလိုက်ခြင်း သက်သက်သာ ဖြစ်သည်။ သူသည် ရှီထျန်းဟောင်၏ လူသတ်တိုက်ကွက်အား ဖုံးကွယ်ထားခြင်း ဖြစ်၏။

ဒါသည် ဦးခေါင်းခွံကဲ့သို့သော ပစ္စည်းလေး ဖြစ်၏။ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် ရွှေရောင်ဖျော့ဖျော့ သန်းနေခဲ့ကာ ပုံဆောင်ခဲတစ်ခုနှင့် တူနေခဲ့၏။ သူ့ထံမှနေ၍ အဆုံးမဲ့ ခရမ်းရောင် အလင်းတန်းများ

ပေါ်ထွက်လာခဲ့ကာ ရှီထျန်းဟောင်၏ မဟာကစဥ့်ကလျား ဆေးမီးဖိုအား တရစပ် ထိုးနှက်နေခဲ့၏။ သူသည် အဆုံးမရှိသကဲ့သို့ ဖြစ်နေခဲ့ကာ တောက်တီး၏ ဝါးမျိုမှု စွမ်းရည်သက်သက်နှင့် မစားသုံးနိုင်ခဲ့ပေ။

"ဒါက တကယ်ပဲ မှော်ရတနာ သန္ဓေလောင်း တစ်ခုဖြစ်တယ်" ရှီထျန်းဟောင်က မျက်မှောင်ကြုတ်လိုက်သည်။

ရှီထျန်းရီက ပြောလိုက်သည်။ "ဒါက ငါအင်မော်တယ် ဝိညာဥ် အဆင့်ကို ရောက်ရှိသွားရင် မှော်ရတနာအဖြစ် ကျင့်ကြံမယ့် ပစ္စည်းလေး တစ်ခုဖြစ်တယ်။

ဟင်းလင်းပြင် ဘုရားကျောင်းမှာ မှော်ရတနာ
သန္တေလောင်းတွေကို သူတို့ရဲ့ မှော်ရတနာ
အလားအလာ မထိခိုက်စေပဲ သာမန်
အခြေတည်ဝိညာဉ် အဆင့်က
မှော်အိုင်တမ်တွေထက် ပိုပြီး
အစွမ်းထက်အောင် ပြုလုပ်လို့ရတဲ့
လျှို့ဝှက်နည်းစနစ်တွေ ရှိတယ်"

သူ၏စကားမဆုံးခင်တွင်ပင်
ရွှေရောင်ဦးခေါင်းခွံအတွင်းမှ ခရမ်းရောင်
အလင်းတန်းများသည် ပို၍ ပြင်းထန်စွာနှင့်
တောက်ပလာခဲ့သည်။ သူ၏အလယ်မှနေ၍
တစ်ယောက်သည် အလင်းတန်း
ပုံရိပ်တစ်ခုအား တွေ့နိုင်ပေသည်။ ဒါသည်

ပျင်းရိစွာနှင့် ဂဏှာမငြိမ် ဖြစ်နေသော ရောမ ငှက်ကြီးတစ်ကောင် ဖြစ်၏။ သူသည် မိုးကြိုးမုန်တိုင်းတစ်ခု အတွင်းတွင် ပျံသန်းနေခဲ့၏။

ရောမ ငှက်ကြီး၏ ပုံရိပ်သည် ပိုမိုပီပြင်လာခဲ့ပြီး မိုးကြိုးများမှာလည်း ပို၍ပြင်းထန်လာခဲ့သည်။

## စာစဥ် ၃၁ : အပိုင်း ၁၂

## အပိုင်း ၅၈၂ : အစွမ်းအထက်ဆုံး ထိပ်တိုက်တိုက်ခိုက်မှု

ထိုငှက်သည် ကြီးမားသော ခန္ဓာကိုယ်ရှိကာ သူ၏ရင်ဘတ်မှ ငှက်တောင်များသည် ရွှေရောင်ဖျော့ဖျော့နှင့် ဖြစ်၏။ သူ၏ခေါင်းပေါ်မှ ငှက်တောင်နှင့် အမြီးများမှာ မြစိမ်းရောင် ဖြစ်ကာ ထိပ်တွင် ခရမ်းပြာရောင် ငှက်တောင်တစ်ကွင်းဖြင့် သရဖူဆောင်းထားခဲ့သည်။

သူ၏အသွင်အပြင်မှာ ဖီးနစ်နှင့် တူသော်လည်း ကွဲပြားခြားနားမှုများ ရှိပေသည်။ သူသည် ပိုမိုခက်ထန်၍ ကြမ်းကြုတ်သည့်ပုံ ပေါက်နေ၏။ သူ၏ အရောင်သုံးမျိုး ငှက်တောင်များသည် မိုးကြိုးမုန်တိုင်း အတွင်းမှ

ရံဖန်ရံခါ လင်းလက်လာကြသော
လျှပ်စီးများနှင့်အတူ တောက်ပနေခဲ့၏။

တိုက်ပွဲအား ကြည့်ရှုနေသည့် အပြာရောင်ခန်းမ
သူတော်စင်သည် မသက်မသာ ဖြစ်လာခဲ့ကာ
ထိုဦးခေါင်းခွံအား ကြည့်လိုက်၏။
"မိုးကြိုးသားရဲ အန်းမောင်။ ဒါ.. ဒါက
အန်းမောင်ရဲ့ အရိုးပဲ ဖြစ်ရမယ်"

အခြား ဗဟုသုတရှိသောသူများမှာလည်း
ရှီထျန်းရီ၏ မှော်ရတနာ သန္ဓေလောင်း၏
မူလရင်းမြစ်အား သိရှိခဲ့ကြသည်။ ဒါသည်
မသေဝိညာဉ်ကို ဖန်ဆင်းထားပြီးသော
အန်းမောင်၏ အရိုးစုပင် ဖြစ်၏။

မိုးကြိုးသားရဲ အန်းမောင်နှင့် အမောင်သားရဲ မင်းတုနှင့် အလားတူပင် ဖြစ်၏။ သူတို့သည် ကမ္ဘာဦးခေတ်မှ အစွမ်းထက်သော မိစ္ဆာများ ဖြစ်ကြကာ နှစ်မျိုးစလုံးတို့သည် ငှက်များနှင့် တူကြ၏။ သူတို့သည် အရောင်သုံးမျိုး ငှက်တောင်များ ရှိကြကာ မိုးကြိုးလျှပ်စီးတို့၏ စွမ်းအားများကို ပိုင်ဆိုင်ထားကြ၏။

ဒဏ္ဍာရီအရဆိုလျှင် မိုးကြိုးသားရဲ အန်းမောင်သည် ကမ္ဘာဦးကာလက ဖန်ဆင်းခြင်း စတင်ချိန်တွင် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ သူသည်

မိုးကြိုးအနွယ်ဝင် သားရဲများ၏
ဧကရာဇ်ဖြစ်သည်။

ယနေ့ခေတ်တွင် အန်းမောင်သည်
မူလကောင်းကင် ကမ္ဘာကြီး အတွင်းမှ
ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။ သူသည်
မျိုးတုံးသွားပြီဟု ယူဆနေရသော်လည်း
တစ်ယောက်ကမှ အတည်မပြုနိုင်ခဲ့ပေ။
တစ်ယောက်သည် အသက်ရှင်နေသော
အန်းမောင်တစ်ကောင်အား မမြင်ရသည်မှာ
အချိန်အကြာကြီး ရှိခဲ့ပြီ ဖြစ်သည်။

အရှေ့နေရာတွင် ထိုင်နေသော လင်းဖုန်းသည်
ထိုဦးခေါင်းခွံအား ကြည့်လိုက်ကာ

စိတ်ဝင်စားသော အရိပ်အယောင်များ ပေါ်လာခဲ့သည်။ "အိုး၊ စိတ်ဝင်စားစရာ ကောင်းသားပဲ။ ဒါက ဦးခေါင်းခွံ တစ်ခုသာ ဖြစ်ပေမဲ့ သူ့ကို သန့်စင်လာတာ နှစ်ပေါင်း တစ်သောင်းလောက် ရှိနေပြီ"

"သူ့ရဲ့ အစစ်အမှန် စိတ်ဝိညာဉ်က မပျောက်ကွယ်သေးပေမဲ့ သူ့ရဲ့ သွေးဆာမှုတွေ ပျောက်ကွယ်သွားပြီး မှော်ရတနာ တစ်ခုအနေနဲ့ ထုလုပ်နိုင်တယ်။ ဒါက ကျင့်ကြံလိုက်ရင် ပြန်လည်ရှင်သန်လာနိုင်တဲ့ ငါရထားတဲ့ မင်းတုရဲ့ အရိုးတွေနဲ့ မတူဘူး"

ရှိထျုန်းရီသည် ထိုအန်းမောင် ဦးခေါင်းခွံအား ရရှိပြီးသောအခါ လွန်စွာ တန်ဖိုးထားခဲ့သည်။ သူသည် အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်သွားပြီးသောအခါ သူ၏ မှော်ရတနာ အဖြစ်သို့ ကျင့်ကြံမည်ဟု ရည်ရွယ်ထားခဲ့ခြင်း ဖြစ်သည်။

ပုံမှန်အချိန်တွင် သူသည် သူ့အား ဟင်းလင်းပြင် ဘုရားကျောင်းတွင်သာ လျှို့ဝှက်စွာနှင့် သန့်စင်နေခဲ့ခြင်း ဖြစ်၏။ သူသည် သူ၏အလားအလာများကို မပျောက်ကွယ်သွားစေပဲ မှော်အိုင်တမ်တစ်ခုအနေနှင့် ရန်သူအား ရင်ဆိုင်ရာတွင် အသုံးပြု၍ ရပေသည်။

ဒါသည် ပထမဆုံး အနေဖြင့် သူ၏
အန်းမောင်ဦးခေါင်းခွံအား ရှီထျန်းဟောင်၏
တောက်တီ မဟာကစဠ္ဍကလျား
ဆေးမီးဖိုအတွင်းသို့ ထည့်ခဲ့ခြင်း ဖြစ်၏။ သူ၏
စိတ်ဝိညာဥ် စွမ်းအားများသည် တောက်တီ၏
ဝါးမျိုနိုင်စွမ်းအား အဆုံးစွန်အထိသို့
ရောက်စေခဲ့သည်။

လျှပ်စီးများသည် တစ်ရှဲရှဲ တစ်ဖျစ်ဖျစ်ဖြင့်
ဒေါမာန်ကြီးစွာ အော်ဟစ်နေကြသည်။
ရှီထျန်းဟောင်၏ တောက်တီ
မဟာကစဠ္ဍကလျား ဆေးမီးဖိုသည်
ပေါက်ကွဲလုနီးနီး ဖြစ်နေခဲ့သည်။

"မှော်ကျိန်စာတွေနဲ့ တိုက်ခိုက်လို့ မလုံလောက်တော့ ရတနာတွေနဲ့ တိုက်ခိုက်ကြတာပေါ့" ရှီထျန်းဟောင်သည် သူ၏လက်ဝါးကို လှန်လိုက်ရာ ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုလေးသည် ပေါ်လာခဲ့ကာ တောက်တီ မဟာကစဥ္စကလျား ဆေးမီးဖို အတွင်းသို့ ပျံသန်းသွားခဲ့၏။ သူသည် ချက်ချင်းဆိုသလိုပင် အန်းမောင်ဦးခေါင်းခွံအား ဖုံးလွှမ်းသွားခဲ့သည်။

ဆေးမီးဖိုအတွင်းမှ လေဟာနယ်သည် စွမ်းအားများဖြင့် ပေါက်ကွဲလာခဲ့သည်။ လေဟာနယ် တစ်လွှာပြီး တစ်လွှာတို့သည်

တစ်ခုအပေါ်တွင် တစ်ခုထပ်သွားပြီး မာန်ဟုန်ပြင်းနေသော လျှပ်စီးများအား ချိတ်ပိတ်လိုက်သည်။

အန်းမောင်ဦးခေါင်းခွံသည် ခရမ်းရောင် အလင်းတန်း စက်လုံးတစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့ကာ ချက်ချင်းပင် လေဟာနယ် အလွှာပေါင်း များစွာတို့အား ချိုးဖောက်သွားခဲ့လိုက်သည်။ သူသည် ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုထံမှ လွတ်မြောက်အောင် ကြိုးစားနေခဲ့သော်လည်း ရုတ်တရက်ပင် ဖြူဖွေးနေသော ရှေးကျသည့် ကြေးမုံတစ်ခုသည် ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖို၏ အပေါ်တွင် ပေါ်လာခဲ့သည်။

ဒါသည် ရှီထျန်းဟောင်၏ အခြေတည် ဝိညာဥ်အဆင့်မှ နောက်ထပ် မှော်အိုင်တမ်ဖြစ်သည့် မိုးသောက်ပန်း ဝင်ရိုးစွန်းကြေးမုံ ဖြစ်သည်။

ထိုကြေးမုံအတွင်းမှ အဖြူရောင် အလင်းတန်းတစ်ခုက ပေါ်လာခဲ့သည်။ သူသည် အန်းမောင်ဦးခေါင်းခွံအား ချက်ချင်းဖုံးလွှမ်းသွားခဲ့ကာ အလွန်အမင်းအေးစက်သည့် အော်ရာများ ပေါ်လာခဲ့သည်။ ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုလေးနှင့်အတူ သူသည် အန်းမောင်ဦးခေါင်းခွံအား ဖိနှိပ်ထားနိုင်ခဲ့သည်။

အန်းမောင်ဦးခေါင်းခွံသည့် အနည်းငယ်ပို၍
သတိထားလာခဲ့သည်။ သူ၏
မျက်လုံးအိမ်များသည် အဆက်မပြတ်
လင်းလက်လာခဲ့၍ နောက်ထပ်ဝဲပျံရန်
ကြိုးစားခဲ့၏။ ကြမ်းတမ်းခက်ထန်လှသော
လျှပ်စီးစွမ်းအားများသည် ထပ်ဖန်တစ်ခါ
ဆတက်ထမ်းပိုး တိုးတက်လာခဲ့သည်။

ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုလေးသည်
အဆက်မပြတ် တုန်ခါနေခဲ့၏။ မိုးသောက်ပန်း
ဝင်ရိုးစွန်း ကြေးမုံသည်လည်း ရှုံးသွပ်နေသကဲ့သို့
ခါယမ်းနေခဲ့သည်။

ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုနှင့်
မိုးသောက်ပန်း ဝင်ရိုးစွန်း ကြေးမုံတို့၏
စုပေါင်းစွမ်းအားသည် မှော်ရတနာ
သန္ဓေလောင်းအား မဖိနှိပ်နိုင်ခဲ့ပေ။ သူသည်
တကယ့် မှော်ရတနာ တစ်ခုနှင့်
မယှဥ်နိုင်ခဲ့သော်လည်း သူသည် ဟင်းလင်းပြင်
ဘုရားကျောင်းတွင် နှစ်ပေါင်းများစွာ
ကျင့်ကြံထိန်းသိမ်းခြင်း ခံနေရသည့်အတွက်
လွန်စွာ စွမ်းအားထက်နေခဲ့ပြီ ဖြစ်သည်။

ရှီထျန်းဟောင်သည် အဝါရောင်
ကောင်းကင်ခေါင်းလောင်းတူအား
ထုတ်လိုက်ကာ ဗလာနတ္တိ အစိမ်းရောင်
ဆေးမီးဖိုထံသို့ ထုချလိုက်သည်။ ဤအချိန်တွင်

လေဟာနယ် တုန်ခါမှုများသည် အပြင်သို့
မပျံ့သွားခဲ့ပဲ အတွင်းသို့ ဝင်ရောက်လာခဲ့သည်။

မှော်အိုင်တမ်များသည် အချင်းချင်း
အဆက်မပြတ် တိုက်ခိုက်နေကြ၏။
ရှီထျန်းဟောင်သည် သူ၏လက်ဝါးများကို
ရိုက်ချလိုက်ရာ သူ၏အနောက်မှ
မဟာကစဥ့်ကလျား ဆေးမီးဖိုနှစ်ခုတို့သည်
ဦးတည်ချက် ပြောင်းသွားကြသည်။

အစပထမတွင် သူတို့၏ အပေါက်ဝသည်
အရှေ့သို့ မျက်နှာမူထားကြသည်။
ယခုအချိန်တွင် သူတို့သည် အချင်းချင်း
မျက်နှာချင်းဆိုင်လိုက်ကြ၏။

ပြီးတာနှင့် မဟာကစဉ့်ကလျား ဆေးမီးဖို နှစ်ခုတို့သည် တစ်ခုတည်း အဖြစ်သို့ ပေါင်းစည်းသွားခဲ့သည်။ သူတို့သည် အစကတည်းက မရှိခဲ့သကဲ့သို့ ကွယ်ပျောက်သွားခဲ့၏။

သို့သော်လည်း ရှီထျန်းရီသည် သူ၏ မျက်မှောင်များကို တင်းကျပ်စွာနှင့် ကြုတ်လိုက်၏။ သူသည် အန်းမောင်ဦးခေါင်းခွံသည် သူနှင့်စိတ်ချင်း အဆက်အသွယ် ပြတ်တောက်သွားခဲ့မှန်းကို ရုတ်တရက် တွေ့ရှိလိုက်ရသည်။

မှော်ရတနာများ တိုက်ခိုက်နေကြသည့် အချိန်တွင် ရှီထျန်းဟောင်သည် အခွင့်အရေးကို အပိုင်အသုံးချလိုက်ကာ သူ၏ မဟာကစဥ္စကလျား ဆေးမီးဖိုတို့အား ပေါင်းစပ်နိုင်ခဲ့သည်။ တောက်တီနှင့် ဟွန်တွန်းတို့၏ ပူးပေါင်းစွမ်းအားများနှင့် မှော်ရတနာ သန္ဓေလောင်းသည် လုံးဝကို အဖိနှိပ် ခံလိုက်ရသည်။

"မင်းကရှုံးနိမ့်သွားပြီ" ရှီထျန်းရီ၏ မျက်ခုံးများသည် တင်းကျပ်စွာနှင့် ကြုတ်ထားခြင်း မရှိတော့ပဲ တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "မင်းရဲ့ အခြေတည် ဝိညာဥ် အဆင့်က မှော်အိုင်တမ် နှစ်ခုနဲ့ အစွမ်းထက်

မှော်ကျိန်စာ နှစ်ခုတို့ကို ငါ့ရဲ့
အန်းမောင်ဦးခေါင်းခွံကို ဖိနှိပ်ဖို့အတွက်
အသုံးပြု ထားရတဲ့အတွက် ငါ့ကိုဘယ်လို
တိုက်ခိုက်တော့မှာလဲ"

"တခြားဟာတွေကို မပြောနဲ့၊ ငါက အခြေတည်
ဝိညာဥ်ကို ဖော်ဆောင်ပြီးသွားတဲ့အတွက်
လေဟာနယ်တွေကို
နားလည်သဘောပေါက်မှုမှာ မင်းကငါ့ကို
မယှဥ်နိုင်ဘူး"

ရှီထျန်းရီသည် သူ၏လက်ကိုအရှေ့သို့
ဆန့်တန်းလိုက်ရာ ကျုံးကောင်းကင်ဂိတ်သည်
ချက်ချင်း အသက်ဝင်လာခဲ့ကာ

ဟင်းလင်းပြင်ကို ပိတ်ဆို့လိုက်သည်။ မှော်သင်္ကေတများစွာတို့ လေဟာနယ် အတွင်းတွင် ပေါ်လာခဲ့ကာ သူတို့နှစ်ယောက် ရပ်နေကြသည့် လေဟာနယ်သည် တွန့်လိမ်သွားကာ ရှီထျန်းဟောင်အား ဖိနှိပ်ခဲ့လိုက်သည်။

ရှီထျန်းဟောင်သည် ပြုံးလိုက်ရာ ဧရာမ ဓားတစ်ချောင်းသည် ချက်ချင်းဆိုသလိုပင် သူ၏လက်အတွင်းတွင် ပေါ်လာခဲ့၏။

ဒါသည် ဓားတစ်ချောင်းဟု ဆိုရသော်လည်း သူသည် ကျောက်တုံးဖြင့် ထုလုပ်ထားခြင်း ဖြစ်သည်။ သူ၏ ဓားသွားသည်

တောက်ပနေကာ ကျောက်တုံးရှည် တစ်ခုနှင့် တူနေပေသည်။

သူ၏ထိပ်ဖျားသည် အေးစက်သော အလင်းတန်းများနှင့် မျက်စိကျိန်းလုမတတ် တောက်ပနေခဲ့သည်။ သူမှနေ၍ ပြိုင်ဘက်ကင်းကာ အားလုံးတို့အား ထိုးဖောက်နိုင်သည့် ခံစားချက်များကို ပေးစွမ်းနိုင်ခဲ့သည်။

ကြည့်ရသည်မှာ ဤဓား၏ ထက်မြက်မှု အားလုံးတို့သည် သူ၏ထိပ်ဖျား၌ စုစည်းထားနေသကဲ့သို့ ဖြစ်၏။ ထိုဓား၏

ဖျက်ဆီးနိုင်မှု စွမ်းအားတို့အား ထတက်ထမ်းပိုး တိုးတက်စေခဲ့သည်။

ရှီထျန်းဟောင်သည် ထိုခေးဖြင့် ဟင်းလင်းပြင်သို့ ချိန်ရွယ်လိုက်ရာ သူသည် ကျုံးကောင်းကင်ဂိတ်မှ ချမှတ်ထားသည့် အတားအဆီးများကို ချိုးဖောက်နိုင်ခဲ့သည်။

"မင်းမှာ ရတနာတွေ အများကြီး ရှိတာပဲ" ရှီထျန်းရီက သူ၏မျက်ခုံးများကို အနည်းငယ် တွန့်လိုက်သည်။ သူသည် ရှီထျန်းဟောင်က ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုနှင့် မိုးသောက်ပန်း ဝင်ရိုးစွန်း ကြေးမုံတို့ကို ပိုင်ဆိုင်ထားမှန်းကို သိလေသည်။ သူသည်

သူတို့အား ဂရုမစိုက်ခဲ့ပေ။ သူတို့နှစ်ခုလုံး ပူးပေါင်းလိုက်လျှင်ပင် သူ၏ အန်းမောင်ဦးခေါင်းခွံအား ယှဉ်နိုင်မည် မဟုတ်ပေ။

သို့သော်လည်း ဤကျောက်တုံးခေါးသည် သူမမျှော်လင့်ထားသော အရာတစ်ခု ဖြစ်၏။ သူသည် ထိုခေါးအား သေချာစွာနှင့် ကြည့်လိုက်ကာ သူ၏ခေါင်းကို ညိတ်လိုက်၏။ "ကြည့်ရတာ ဒါက ပျက်စီးနေတဲ့ မှော်ရတနာ တစ်ခုပဲ ဖြစ်ရမယ်။ သူ့ရဲ့ မူလစိတ်ဝိညာဉ်က ပျက်စီးသွားပေမဲ့ သူ့ရဲ့ အခြေခံက

ခိုင်မာနေသေးတယ်။ ပြန်လည်
ရှင်သန်ထမြောက်ဖို့ အခွင့်အရေးရှိတယ်"

ယခုအချိန်တွင် သူသည် အလွန့်ကို
တန်ဖိုးကြီးသော ရတနာတစ်ခု ဖြစ်နေသည်။
သူသည် အခြေတည် ဝိညာဉ် အဆင့်မှ
မှော်အိုင်တမ်များထက် အထက်တန်း ပိုကျကာ
ရှီထျန်းရီ၏ အန်းမောင်ဦးခေါင်းခွံထက်
တစ်စက်လေးမှ အားမနည်းချေ"

ရှီထျန်းဟောင်က သူ၏ခေါ်းကို ရှီထျန်းရီထံသို့
ညွှန်လိုက်ကာ ပြောလိုက်သည်။ "ရှီထျန်းရီ၊
လာစမ်း"

"မင်းမှာက ဒီခေါးရှိပေမဲ့ မင်းက ငါ့ရဲ့ပြိုင်ဘက် မဟုတ်သေးဘူး" ရှီထျန်းရီ၏ အမူအရာမှာ တည်ငြိမ်နေ၍ ဆက်ပြောလိုက်သည်။ "ငါကမင်းရဲ့ တခြားအိုင်တမ်တွေကို စိတ်မဝင်စားဘူး။ မင်းရဲ့ ခေါးကိုတော့ စိတ်ဝင်စားတယ်"

"မင်းလိုချင်နေတာလား" ရှီထျန်းဟောင်က ပြုံးလိုက်သည်။ "ဒါက မင်းရဲ့ စွမ်းရည်အပေါ်မှာ မူတည်နေတယ်"

ရှီထျန်းရီက သူ၏ခေါင်းအား ညိတ်လိုက်ကာ ပြောလိုက်သည်။ "ငါ့ကိုကြည့်ထား" သူ၏ စကားဆုံးသည်နှင့် သူ၏ညာလက်ကို လေပေါ်သို့ မြှောက်လိုက်ကာ သူ၏ဘယ်လက်အား သူ၏နဖူးအပေါ်သို့ ထိုးလိုက်သည်။

ဤအချိန်တွင် သူက စတင်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။ သူသည် သူ၏ညာမျက်လုံးမှ ဖန်တီးထားသည့် ပုံရိပ်ယောင်ကိုသာ အသုံးချ၍ သူ၏ပြိုင်ဘက်အား အနိုင်ယူနိုင်မည် မဟုတ်ပေ။ အကယ်၍ ရှီထျန်းဟောင်သည် စတင်မတိုက်ခဲ့လျှင် သူသည် အလှည့်စားခံရမည် မဟုတ်ချေ။ အကယ်၍

သူတို့နှစ်ယောက်ကသာ အချင်းချင်း
တိုက်ခိုက်ကြပါက အရေးနိမ့်နိုင်မည့်သူမှာ
ရှီထျန်းရီပင် ဖြစ်ပေလိမ့်မည်။ သူ၏
အန်းမောင်ဦးခေါင်းခွံမှာ
ရှီထျန်းဟောင်ထံတွင်သာ ရှိနေသေး၏။

ဤအချိန်တွင် အင်မော်တယ်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူတိုင်း၏ မျက်နှာတို့သည်
သူ၏တိုက်ခိုက်မှုကို ကြည့်လိုက်ကြကာ
မည်းမှောင်သွားကြသည်။

ဟင်းလင်းပြင် ဘုရားကျောင်းမှ
သူများသည်ပင်လျှင် အံ့အားသင့်ကုန်ကြ၏။
တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်က

မှင်သက်နေခဲ့သည်ပုံဖြင့် ကောင်းဟန်ဘက်သို့ လှည့်ကြည့်ကာ မေးလိုက်သည်။
"စီနီယာကောင်း၊ သူက သတ်ဖြတ်ခြင်းတစ်ထောင် နည်းစနစ်ကိုပါ လေ့ကျင့်ထားတာလား"

ကောင်းဟန်သည် သူ၏ခေါင်းအား ညိတ်လိုက်ကာ ဘာကိုမှ မပြောခဲ့ပေ။

နဂါးတိုက်ပွဲ စင်မြင့်တွင် ရှီထျန်းရီ၏ ဘယ်လက်ညှိုးမှာ သူ၏ မျက်ခုံးအလယ်သို့ ထိုးထားကာ သူ၏ညာလက်မှာ ဓားတစ်ချောင်းကဲ့သို့ ဆန့်တန်းနေခဲ့သည်။ သူ့အား ကောင်းကင်ပေါ်သို့ မြောက်လိုက်၍

ရှိထျန်းဟောင်ထံသို့ ခုတ်ချလိုက်၏။ သူ၏လက်ကျဆင်းလာခြင်းနှင့်အတူ လေဟာနယ်တွင် အက်ကွဲကြောင်းတစ်ခု ပေါ်လာခဲ့သည်။

ထိုအက်ကွဲကြောင်းက ပွင့်သွားခဲ့သည်နှင့် သူသည် ထိုနေရာမှ လေဟာနယ်အား ကြေမွစေခဲ့ကာ ဟင်းလင်းပြင်အား ဖော်ပြလိုက်သည်။ သို့သော်လည်း ဟင်းလင်းပြင်မှာ မမည်းမှောင်နေခဲ့ပဲ မျက်စိကျိန်းလုမတတ် အဖြူရောင် အလင်းတန်းများဖြင့် လင်းလက်နေခဲ့သည်။

ထိုအဖြူရောင် အလင်းတန်းသည်
အက်ကွဲကြောင်း အတွင်းတွင် ကခုန်နေခဲ့ကာ
အနားမှ အရာအားလုံးတို့အား
ရစ်ပတ်ထားခဲ့သည်။ အက်ကွဲကြောင်းမှ
အစွန်းနှစ်ဘက်တို့သည် အလယ်သို့
ဖိညှစ်ထားကြ၏။

ကောင်းကင်မာစတာ ခေးဂိုဏ်းမှ
နတ်ကောင်းကင် ခေးအကြီးအကဲက
သက်ပြင်းချကာ ပြောလိုက်သည်။ "ဒါက
မဟာဟင်းလင်းပြင်ရဲ့ တတိယကောင်းကင်
ချုံးကောင်းကင် သတ်ဖြတ်ခြင်းတစ်ထောင်
နည်းစနစ်ပဲ ဖြစ်တယ်။ သူက ဒါကိုတောင်
ကျင့်ကြံနိုင်ခဲ့မယ်လို့ မယုံနိုင်ခဲ့ဘူး"

နေမင်းအလင်းတန်း ဓားမာစတာသည် ဆီးနှင်းပုံ ဓားမာစတာနှင့် အကြည့်ချင်း ဖလှယ်ကာ ပြောလိုက်သည်။ "ချုံးကောင်းကင် သတ်ဖြတ်ခြင်းတစ်ထောင် နည်းစနစ်က ဟင်းလင်းပြင်ကို ဖြတ်တောက်ရုံသာ တတ်နိုင်တာ မဟုတ်ဘူး။ သူက ကမ္ဘာနှစ်ခုအကြားက တိုက်ခတ်တဲ့ စွမ်းအားကို လှုံ့ဆော်နိုင်ပြီး မဟာကမ္ဘာကိုပါ ခွဲခြမ်းနိုင်တဲ့ စွမ်းအားရှိတယ်"

"အနိုင်ရသူက ပေါ်သွားခဲ့ပြီ။ ကြည့်ရတာ စီနီယာရှီက ပိုပြီးတော့ အစွမ်းထက်တယ်နဲ့တူတယ်"

"ဟုတ်တယ်၊ ဂျူနီယာရှီက ရှန်ကောင်းကင် မြင့်မြတ်သော ကြယ်စင်အလင်းတန်းကို ခုခံနိုင်ခဲ့ပေမဲ့ သူက စွမ်းအားတွေ အများကြီးကို သုံးစွဲခဲ့ရတယ်။ ပြီးတော့ သူက စီနီယာရှီရဲ့ အန်းမောင်ဦးခေါင်းခွံကို ဖိနှိပ်ထားဖို့အတွက် သူ့ရဲ့ စွမ်းအားတစ်ဝက်ကျော်ကို အသုံးပြုထားရတယ်။ အခုအချိန်မှာ ချုံးကောင်ကင် သတ်ဖြတ်ခြင်းတစ်ထောင် နည်းစနစ်ကို ဆက်ပြီးတော့ ရင်ဆိုင်ရဦးမယ်။ သူ့မှာ ကျောက်တုံးခား ရှိနေတယ် ဆိုရင်တောင် အောက်စည်းကို ရောက်နေခဲ့ပြီ"

"ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့။ သူ့ဆီမှာ
တခြားနည်းလမ်းတွေ ရှိချင်လည်း ရှိဦးမယ်"

အားလုံးတို့သည် တက်တက်ကြွကြွဖြင့်
ဆွေးနွေးနေကြသည်။ ရှီထျန်းဟောင်၏
အမူအရာမှာ တည်ငြိမ်လျှက်ပင် ရှိသေး၏။
သူ၏ညာလက်မှ ကျောက်တုံးခဲသည်
ရှီထျန်းရီထံသို့ ညွှန်ထားလျှက်ပင် ရှိသေးကာ
သူ၏ဘက်လက်သည် လက်သီးတစ်ခုအဖြစ်သို့
ဆုပ်လိုက်သည်။ သူသည် ကောင်းကင်ပေါ်သို့
ထိုးလိုက်ကာ ဖြည်းညင်းစွာဖြင့်
ပြောလိုက်သည်။ "ဟုန် (ကျယ်ပြန့်ခြင်း)"

ချက်ချင်းပင် သူ၏ကိုယ်အတွင်းမှ
မှော်စွမ်းအင်များသည် ဆတက်ထမ်းပိုး
တိုးတက်လာကြ၏။ တည်ငြိမ်နေသော
ပင်လယ်အတွင်းမှ ဆူနာမီ လှိုင်းလုံးများကဲ့သို့
ဖြစ်၏။ သူတို့သည် လှိုင်းထလာကြကာ
ရှီထျန်းဟောင်၏ ကိုယ်အတွင်းတွင်
စုစည်းနေကြသည်။

ခဏအကြာတွင် စိတ်ဝိညာဉ် စွမ်းအင်တို့သည်
ငြိမ်သက်သွားကြ၏။ သို့သော်လည်း သူတို့သည်
မပျောက်ကွယ်သွားကြပဲ အချိန်မရွေး
ပေါက်ကွဲနိုင်ရန်  အသင့်စောင့်နေသကဲ့သို့
ဖြစ်နေကြသည်။ မုန်တိုင်းမလာခင်
ငြိမ်သက်နေသကဲ့သို့ ဖြစ်၏။

စွမ်းအားကြီးမားသော ဖိနှိပ်ထားသည့် အော်ရာတို့သည် ရှိနေသူများ အားလုံးတို့အား ထိတ်လန့်စေခဲ့သည်။

ရှီထျန်းရီ၏ အကြည့်သည် လင်းလက်သွားခဲ့၏။ အဖြူရောင် အလင်းတန်း ခွဲခြမ်းမှုသည် ရှီထျန်းဟောင်ထံသို့ ရောက်လုနီးပါး ဖြစ်နေခဲ့ပြီ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ရှီထျန်းဟောင်၏ ဓားဖြင့် ညွှန်ထားသည့် နေရာမှ အားကြီးသော စွမ်းအင်များ ပေါက်ကွဲထွက်လာခဲ့သည်။

ထိုစွမ်းအားများသည် တောင်ကျရေကဲ့သို့ မာန်ဟုန်ပြင်းလှသည်။ သူသည် ကောင်းကင်နှင့် မြေကြီးတို့အား ဖုံးလွှမ်းထားကာ သူ၏ထံမှ ရပ်တန့်၍မရနိုင်သည့် စွမ်းအားများက ပေါက်ကွဲထွက်လာကြသည်။

ပြင်းထန်စွာ စီးဆင်းနေသော စွမ်းအားစီးကြောင်းများ အတွင်းတွင် မှော်သင်္ကေတများက လွင့်မျောနေကြ၏။ ပြီးတာနှင့် သူတို့သည် အတူတကွ စုပေါင်းသွားကြကာ ရွှေရောင်အလင်းတန်း ရေစီးကြောင်းတစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။ သူသည် ရှီထျန်းရီ၏

အဖြူရောင်အလင်းတန်း ခွဲခြမ်းခြင်းနှင့်
တိုက်ရိုက်တွေ့ဆုံခဲ့၏။

ဒါသည့်  အစွမ်းအထက်ဆုံးသော
ထိပ်တိုက်တိုက်ခိုက်မှု ဖြစ်၏။

ဒါသည့် ရှီထျန်းဟောင်၏ ရွှမ်ဟွမ်ကမ္ဘာလေးခု
မှော်ကျိန်စာ အတွင်းမှ တတိယမှော်ကျိန်စာ
ဖြစ်သော ကျယ်ပြန့်သောကမ္ဘာ မှော်ကျိန်စာ
ဖြစ်၏။ သူသည့် ရှီထျန်းရှီ၏
မဟာဟင်းလင်းပြင် တတိယကောင်းကင်
ဖြစ်သော ချုံးကောင်ကင်
သတ်ဖြတ်ခြင်းတစ်ထောင် နည်းစနစ်နှင့်
ထိပ်တိုက်ရင်ဆိုင်ခဲ့သည်။

ချက်ချင်းပင် နဂါးတိုက်ပွဲ စင်မြင့်
တစ်ခုလုံးသည် အလင်းရောင်
ပင်လယ်တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့၏။
တစ်ဝက်သည် ရွှေဖြူရောင် ဖြစ်၍
ကျန်တစ်ဝက်သည် ရွှေရောင်ဖြစ်သည်။
တစ်ယောက်မှ အနိုင်မခံ အရှုံးမပေးကြပဲ
အဆက်မပြတ် တိုက်ခိုက်နေကြ၏။
တစ်ခဏအတွင်းတွင်ပင် သူတို့သည်
အကြိမ်ပေါင်းများစွာ ထိပ်တိုက်တွေ့ခဲ့ကြသည်။

နောက်ဆုံးတွင် အလင်းတန်း ပင်လယ်ကြီးက
ပေါက်ကွဲသွားခဲ့ကာ ကောင်းကင်ကို

ဖုံးလွှမ်းထားသည့် အလင်းရောင်များသည်
နေရာအနှံ့သို့ ပျံ့နှံ့သွားကြ၏။

ထိုအချိန်တွင် စိတ်ဝိညာဥ် စွမ်းအင်
လှိုင်းလုံးနှစ်လုံးတို့သည် တစ်ခုနှင့်တစ်ခု
ရစ်ပတ်နွယ်ယှက်နေကြကာ ဟင်းလင်းပြင်
အတွင်းတွင် ဖုန်းကွယ်ထားသည့် အဖြူရောင်
ကျောက်စိမ်းဂိတ်ထံသို့ ရောက်လာကြသည်။

နဂါးကျောက်တုံးဂိတ်သည်
ရွှေရောင်အလင်းတန်းများဖြင့်
လင်းလက်လာခဲ့၏။ သူ၏အပေါ်တွင်
ရေးထွင်းထားသည့် နဂါးတစ်ကောင်တိုင်းသည်
မျက်လုံးများကို ဖွင့်လိုက်ကြကာ

ကြောက်မက်ဖွယ်ရာ အကြည့်များကို ဖော်ပြလိုက်ကြ၏။ သူတို့သည် အတူတကွ ဟိန်းဟောက်လိုက်ကြသည်။

ထိုအော်သံမှနေ၍ နဂါးကျောက်တုံးဂိတ်သည် ပြင်းထန်စွာနှင့် တုန်ခါနေခဲ့သည်။ ဂိတ်များက စတင်ပွင့်လာလခဲ့ကာ မသိသောကမ္ဘာ အတွင်းမှ ရောင်စုံအလင်းတန်းများ ဖြာကျလာခဲ့သည်။

မဟာချင် အင်ပါယာမှ ကျင့်ကြံသူများ၏ မျက်နှာပေါ်မှ အမူအယာများသည် ရှုပ်ထွေးနေကြသည်။ နှစ်ထောင်ပေါင်းများစွာ ပိတ်ထားသော နဂါးကျောက်တုံးဂိတ်ကြီးသည်

နောက်ဆုံးတွင် ရှီနှစ်ရှီတို့၏ တိုက်ပွဲကြောင့်
ပွင့်သွားခဲ့လေပြီ။

နဂါးတိုက်ပွဲ စင်မြင့် အပေါ်တွင်
အလင်းတန်းများက တဖြည်းဖြည်း
မှေးမှိန်လာခဲ့ကာ တစ်ယောက်သည်
မျက်နှာချင်းဆိုင် ရပ်နေကြသော
လူနှစ်ယောက်တို့အား တွေ့နိုင်ခဲ့၏။

ရှီထျန်းဟောင်နှင့် ရှီထျန်းရီတို့
နှစ်ယောက်စလုံးတို့သည် အလွန်တရာမှ
အခြေအနေ ဆိုးနေကြသည်။

ရှီထျန်းဟောင်၏ ညာဘက်ပုခုံးမှနေ၍
သူ၏ချက်အထိသို့တိုင်အောင် ရှည်လျားသည့်
ရောမ ဒဏ်ရာကြီးတစ်ခု ပေါ်လာခဲ့သည်။
အသွေးအသားများသည် ပွစိတက်နေခဲ့၏။
သူ၏ပုံမှန် မဖျက်ဆီးနိုင်သည့် ပုံသဏ္ဍာန်နှင့်
ယှဉ်လိုက်သော် ရှီထျန်းဟောင်သည်
ရှီထျန်းရီ၏ ချုံးကောင်ကင်
သတ်ဖြတ်ခြင်းတစ်ထောင် နည်းစနစ်အား
ရင်ဆိုင်ခဲ့ရအပြီးတွင် ဇွမ်ဘီတစ်ကောင်နှင့်
တူနေခဲ့၏။ သူသည်
နှစ်ပိုင်းအဖြတ်ခံရတော့မည်ကဲ့သို့
ဖြစ်သွားခဲ့သည်။

ရှီထျန်းရီမှာ ပို၍ပင် ဆိုးသေးသည်။
သူ၏ခန္ဓာကိုယ် တစ်ခုလုံးမှာ ဒဏ်ရာများနှင့်
ပြည့်နေခဲ့၍ သူ၏ ညာလက်တစ်ခုလုံးနှင့်
ညာဘက်ပုခုံး အစိတ်အပိုင်းများသည်
ပြတ်သွားခဲ့ပြီ ဖြစ်၏။

ထိုကဲ့သို့သော ပြင်းထန်လှသည့်
ဒဏ်ရာများကြောင့် ရှီထျန်းရီသည် သန်မာသော
စိတ်ဝိညာဉ် ရှိလင့်ကစား အန်ချင်စိတ်များ
ပေါက်နေခဲ့၏။ သို့သော်လည်း သူ၏
အမူအရာသည် မပြောင်းလဲခဲ့ပေ။
သူ၏ညာဘက်မျက်စိသည် သူငယ်အိမ်နှစ်ခု
ရှိနေသေး၏။ ထိုသူငယ်အိမ် နှစ်ခုစလုံးတို့သည်
နေ့တစ်နေ့ ကုန်လွန်သွားခဲ့သကဲ့သို့

စတင်လည်ပတ်လာကြသည်။ တစ်ယောက်ကမှ ယခင်က မခံစားခဲ့ဖူးသော ကြီးမားလှသည့် စွမ်းအားတစ်ခုက ပေါက်ကွဲထွက်လာခဲ့သည်။

## စာစဥ် ၃၁ : အပိုင်း ၁၃

## အပိုင်း ၅၈၃ : တစ်ကျော့ပြန်လာခြင်း

သူတို့နှစ်ယောက်စလုံးတို့သည် ဒဏ်ရာများ အပြင်းအထန် ရရှိခဲ့ကြသော်လည်း လူငယ်နှစ်ယောက် စလုံးတို့သည် မားမားမတ်မတ် ရပ်နေကြကာ

တစ်ယောက်ကိုတစ်ယောက်
စိုက်ကြည့်နေကြသည်။

ရှီထျန်းဟောင်၏ ခန္ဓာကိုယ်တွင်
ရောမဒဏ်ရာကြီးတစ်ခု ပေါ်လာခဲ့၏။ ဒါသည်
သူ၏ ဖျက်ဆီး၍မရသော ရုပ်ခန္ဓာကိုယ်အား
ပျက်စီးသွားစေခဲ့ခြင်း ဖြစ်သည်။ ဒဏ်ရာတစ်ခု
ပေါ်လာခဲ့သည်နှင့် သူ၏ ခံစစ်စွမ်းအားများသည်
များစွာကျဆင်းသွားမည် ဖြစ်သည်။

ရှီထျန်းရီသည် သူ၏ညာလက် ဆုံးရှုံးသွားရုံသာ
မကချေ။ သူသည် ချုံးကောင်းကင်
သတ်ဖြတ်ခြင်းတစ်ထောင် နည်းစနစ်အား
အသုံးပြုခဲ့သောအခါ သူ၏ စွမ်းအားများ

အားလုံးတို့အား စုစည်းအသုံးပြုခဲ့ခြင်း ဖြစ်သည်။ ယခုအချိန်တွင် သူ၏ ခန္ဓာကိုယ်သာ ပျက်စီးခဲ့သည်မဟုတ်ပဲ သူ၏ စိတ်ဝိညာဉ်နှင့် အခြေတည် ဝိညာဉ်တို့ပါ ဒဏ်ရာရခဲ့ခြင်း ဖြစ်သည်။

ရှီထျန်းရီ၏ ညာမျက်စိသည် အလင်းတန်းများဖြင့် လင်းလက်လာခဲ့သည်။ ယခင်က မကြုံဖူးသည့် တောက်ပမှုများဖြင့် လင်းလက်လာခဲ့၍ ထူးခြားဆန်းကြယ်သော စွမ်းအားများကို ထုတ်လွှတ်နေခဲ့သည်။

သူသည် ရွှေရောင်အလင်းတန်းများအဖြစ်သို့ ပြောင်းသွားခဲ့ကာ ရှီထျန်းရီ၏ ခန္ဓာကိုယ်အား

လွှမ်းခြုံသွားခဲ့၏။ အလင်းတန်းများ အတွင်းတွင် မှော်သင်္ကေတများစွာတို့ ပေါ်လာခဲ့သည်။

"ငါ့ရဲ့ ဒွိစုံသူငယ်အိမ်က အမြဲတမ်း အစွမ်းအထက်ဆုံးပဲ" ရှီထျန်းရီ၏ လေသံသည် တည်ငြိမ်နေခဲ့ကာ သူ၏ဘယ်မျက်စိဖြင့် လူအုပ်ကြီးအား ဝေ့ကြည့်လိုက်ကာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ဝမ်လင်းထံသို့ ကျရောက်သွားခဲ့သည်။

သူ၏စကားဆုံးသည်နှင့် တစ်ယောက်သည် ရှီထျန်းရီ ရှိနေသော လေဟာနယ်က ပုံပျက်သွားသည်ကို တွေ့လိုက်ရ၏။ အစောပိုင်းတွင် ရှီထျန်းဟောင်၏

တိုက်ခိုက်မှုကြောင့် ပြုတ်သွားသောလက်မှာ ထိုအလင်းရောင်များ အတွင်းတွင် ထပ်ဖန်တခါ ပေါ်ပေါက်လာခဲ့သည်။

အားလုံးတို့ကလည်း ဝေါကနဲ ဖြစ်သွားကြသည်။ ရှောင်ယန်၊ ဇူရီနှင့် ယွဲ့ဟုန်ယန်တို့က ဝမ်လင်းဘက်သို့ လှည့်ကြည့်လိုက်ကြရာ ဝမ်လင်းက လေးနက်သည့် အမူအရာဖြင့် သူ၏ခေါင်းကို ခါလိုက်သည်။ "ဒါက အဝိစိ မသေသော ခန္ဓာကိုယ် မဟုတ်ဘူး"

တစ်ချိန်လုံး တိတ်ဆိတ်နေခဲ့သော ယန်ချင်သည် ရှီထျန်းရီအား သေချာကြည့်ကာ ပြောလိုက်သည်။ "ဒါက ဒဏ်ရာကုစားတဲ့

မှော်ကျိန်စာနဲ့လည်း မတူဘူး" လေထဲမှာ ပြန်လည်ကုသတဲ့ စွမ်းအားတွေကို မတွေ့ရဘူး"

ဝမ်လင်းသည် သူ၏ခေါင်းအားညိတ်လိုက်ကာ ပြတ်သွားသောလက် ပြန်ပေါ်လာသည့် ရှီထျန်းရီအား စူးစိုက်ကာ ကြည့်နေခဲ့သည်။ "ဟုတ်တယ်။ ဒါက ရုပ်ခန္ဓာကိုယ် ပြန်လည်ကုစားတဲ့ အဖြစ်သက်သက် မဟုတ်ဘူး။ ဂျူနီယာလေးကြောင့် ဒဏ်ရာရသွားတဲ့ သူ့ရဲ့ စိတ်ဝိညာဉ်နဲ့ အခြေတည် ဝိညာဉ်တို့ကပါ ပြန်လည်သက်သာလာခဲ့ပြီ"

"ဒီခံစားချက်... ကြည့်ရတာ ဂျူနီယာလေးရဲ့ တိုက်ခိုက်မှုက တစ်ခါမှ မရှိခဲ့တဲ့ အတိုင်းဖြစ်တယ်။ တခြားစကားနဲ့ ပြောရရင် ဂျူနီယာလေးက သူ့ကို တကယ်မတိုက်ခိုက်ခဲ့ဘူးလို့ ခံစားနေရတယ်"

ယွဲ့ဟုန်ယန်၏ မျက်မှောင်များသည် ကြုတ်သွားခဲ့ကာ ပြောလိုက်သည်။ "ဒါပေမဲ့ ဒါက အသေအချာ ထိခိုက်သွားပြီး သူကလည်း ဒဏ်ရာရသွားခဲ့တယ်။ သူက သေလုမျောပါး ဖြစ်သွားခဲ့ပြီး သူ့ရဲ့ ညာမျက်စိကနေ ထုတ်လွှတ်ထားတဲ့ ပုံရိပ်ယောင် မဖြစ်နိုင်ဘူး။ တကယ်လို့သူက တကယ်

ဒဏ်ရာရသွားခဲ့လို့ရှိရင် ဘယ်လိုလုပ်ပြီး
ဒီလောက်မြန်မြန် ပြန်ကောင်းနိုင်မှာလဲ"

လင်းဖုန်းက ဝင်ပြောလိုက်သည်။ "ရှီထျန်းရီရဲ့
ဒွိစုံသူငယ်အိမ် နှစ်ဘက်တို့က ကွဲပြားခြားနားတဲ့
အသုံးဝင်ပုံတွေ ရှိကြတယ်။ သူရဲ့ဘယ်မျက်စိက
ဟင်းလင်းပြင်ကို ထွင်းဖောက်မြင်နိုင်ပြီး
ပုံရိပ်ယောင်နဲ့ အစစ်အမှန်တို့ကို ခွဲခြားနိုင်တယ်။
သူက သူ့ပြိုင်ဘက်တွေရဲ့
အားနည်းချက်တွေကိုလည်း သိမြင်နိုင်တယ်။
ဒါပေမဲ့ သူက ဟင်းလင်းပြင် စစ်တလင်း
အထဲမှာ မျက်စိကန်းသွားခဲ့တော့
ဒီစွမ်းရည်တွေကို ဆုံးရှုံးသွားခဲ့တယ်"

"သူ့ရဲ့ကျန်နေတဲ့ ညာမျက်လုံးက ပုံရိပ်ယောင်တွေကို ဖန်ဆင်းနိုင်ပြီး အတုအယောင် ကမ္ဘာကိုတောင် ဖန်ဆင်းနိုင်တယ်။ သူ့ပြိုင်ဘက်ရဲ့ စိတ်အာရုံတွေကိုလည်း ထုံထိုင်းစေနိုင်တယ်"

လင်းဖုန်းက ရှီထျန်းရီအား ပျင်းရိစွာ ကြည့်လိုက်ကာ ပြောလိုက်သည်။ "သူ့ရဲ့မျက်စိ နှစ်ဘက်စလုံး ကောင်းနေတုံးက ရှီထျန်းရီရဲ့ ဒွိစုံသူငယ်အိမ်ဟာ မျက်စိတစ်ဘက်ကို ပိတ်လိုက်ရင် ကျန်တဲ့တစ်ဘက်က ပိုပြီးတော့ စွမ်းအားကောင်းလာခဲ့တယ်"

အားလုံးတို့က အာမေဋ္ဌိတ် ပြုလိုက်ကြသည်။ "ဒီလိုဆိုတော့ သူ့ဘယ်မျက်စိက ပျက်စီးသွားတော့ ညာမျက်စိရဲ့ စွမ်းအားတွေက တိုးတက်လာခဲ့တာပေါ့"

လင်းဖုန်းက ပြောလိုက်သည်။ "ဟုတ်တယ်။ အစက သူ့ညာမျက်စိက ပုံရိပ်ယောင်တွေကိုပဲ ဖန်ဆင်းနိုင်တာ။ အခုအချိန်မှာ သူ့ရဲ့စွမ်းအားတွေက တိုးလာခဲ့တော့ သူက အမှန်တရားကို ပြောင်းပြန်လှန်နိုင်ပြီး အမှန်ကို အမှားဖြစ်အောင် ပြောင်းလဲနိုင်ခဲ့တယ်"

သူက အနည်းငယ် ပြုံးလိုက်ကာ ပြောလိုက်သည်။ "ရှီထျန်းရီက သူ့ညာမျက်စိရဲ့

စွမ်းအားတွေကို အသုံးပြုပြီး
သူ့ဖြစ်ပျက်ခဲ့သမျှတွေကို ပုံရိပ်ယောင်အဖြစ်
ပြောင်းလဲခဲ့လိုက်တာ"

ဇူရီက သူ၏မျက်မှောင်အား ကြုတ်လိုက်သည်။
"ဒါဆိုရင် သူက ပွဲချင်းပြီး မသေရင်၊ ဒါမှမဟုတ်
သူ့ညာမျက်စိက အဖျက်ဆီး မခံခဲ့ရရင်
သူ့ကိုဒဏ်ရာရအောင် တိုက်ခိုက်မှုတွေ
အားလုံးက အလကား ဖြစ်မသွားဘူးလား"

ရှောင်ယန်ကမူ အခြားပြဿနာတစ်ခုကို
စိုးရိမ်နေခဲ့သည်။ "ဒီလိုမျိုး သူ့ရဲ့စွမ်းအားကို
သူ့အပေါ်မှာသာ မကပဲ တခြားသူတွေ အပေါ်မှာ

သုံးနိုင်သေးသလား။ ဥပမာ ဂျူနီယာလေး အပေါ်မှာ သုံးနိုင်သလား"

"ရှီထျန်းရီရဲ့ လက်ရှိ ကျင့်ကြံမှု အဆင့်နဲ့ သူက သူ့ကိုယ်သူ အပေါ်မှာပဲ သုံးနိုင်သေးတယ်။ ဒါပေမဲ့ သူက အဆက်မပြတ်တော့ အသုံးမပြုနိုင်ဘူး။ သူ့ရဲ့ ကျင့်ကြံမှုအဆင့် မြင့်လာပြီး သူ့ရဲ့ ဒွိစုံသူငယ်အိမ်ရဲ့ စွမ်းအားတွေ တိုးတက်လာရင်တော့ အားလုံးက ဖြစ်နိုင်တယ်" လင်းဖုန်းက ပြောလိုက်သည်။

"ဒါပေမဲ့ ငါတို့က စိတ်ပူစရာ မလိုပါဘူး။ အစစ်အမှန်နဲ့ ပုံရိပ်ယောင်တို့ရဲ့ အကြားက ခြားနားချက်ကို အစွန်းနှစ်ဘက်ရဲ့

လျှို့ဝှက်ချက်တွေကို အဆင့်မြင့်မြင့်
သင်ကြားနိုင်ရင် သိနိုင်ပါတယ်"

"ပုံရိပ်ယောင်နဲ့ အစစ်အမှန်တို့ရဲ့
လျှို့ဝှက်ချက်တွေကို နားလည်သွားခဲ့ရင်
တစ်ယောက်က သူ့ရဲ့ ဒွိစုံသူငယ်အိမ်
စွမ်းအားတွေကို တားဆီးနိုင်တယ်"

လင်းဖုန်းက ရှီထျန်းရီအား ကြည့်လိုက်ကာ
သူ၏ပါးစပ်ကို တွန့်လိုက်သည်။ "အားလုံးပဲ
စိတ်အေးအေးထားကြပါ။ သူက အများကြီး
မလုပ်နိုင်ပါဘူး"

သူ၏စကားကို ကြားလိုက်ရသည်နှင့် ရှောင်ယန်နှင့် ကျန်သောသူများသည် သူတို့၏ အကြည့်တို့အား နဂါးတိုက်ပွဲ စင်မြင့်အပေါ်သို့ ပြန်ပို့လိုက်ကြသည်။

ထိုနေရာတွင် ရှီထျန်းဟောင်သည် ဟင်းလင်းပြင်တွေ မားမားမတ်မတ် ရပ်နေခဲ့ကာ ရှီထျန်းရီအား တည်ငြိမ်စွာနှင့် ကြည့်နေခဲ့သည်။ "မင်းကငါ့ကို တစ်စုံတစ်ခု အကြွေးတင်နေတာ ၁၂နှစ် ရှိသွားခဲ့ပြီ။ အကြွေးပြန်ဆပ်ဖို့ အချိန်ကျပြီ"

အလင်းရောင်က ပျောက်ကွယ်သွားခဲ့ကာ ရှီထျန်းရီ၏ မျက်လုံးများသည် အနည်းငယ်

မေးမှိန်သွားခဲ့သည်။ ပြီးတာနှင့် သူ၏ ညာမျက်စိကို မှိတ်လိုက်သော်လည်း သူ၏ အမူအရာတို့မှာ တည်ငြိမ်နေဆဲပင် ရှိသည်။

ရှီထျန်းဟောင်နှင့် တိုက်ခိုက်ရာမှ ရရှိလာခဲ့သည့် သူ၏ဒဏ်ရာများသည် ယခုအချိန်တွင် တစ်ခါမှ ဒဏ်ရာမရရှိခဲ့သကဲ့သို့ လုံးဝပျောက်ကွယ်သွားခဲ့သည်။

"ငါကမင်းကို ဘာမှအကြွေးမတင်နေဘူး။ ကမ္ဘာကြီးအပေါ်မှာ အသန်မာဆုံးသူတွေကသာ ရှင်သန်နေနိုင်တာ" ရှီထျန်းရီက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "ငါက ကလေးငယ် ဘဝမှာသာ ရှိသေးပြီး မင်းက ကျင့်ကြံနိုင်တဲ့

လူငယ်လေး ဖြစ်နေခဲ့ရင် ဒီလိုမျိုး အဖြစ်တွေက ဖြစ်လာမှာ မဟုတ်ဘူး။ ငါကမင်းရဲ့ အန္တိမတာအို အခြေခံကို ယူသွားမယ့်အစား မင်းက ငါ့ရဲ့ မျက်လုံးကို နှိုက်ထုတ်ယူခဲ့တာမျိုးလည်း ဖြစ်သွားနိုင်တယ်"

သူသည် သူ၏အရှေ့မှ ရှီထျန်းဟောင်အား ကြည့်လိုက်ကာ သူ၏မျက်စိမှ ရှုပ်ထွေးနေသော ရောင်စုံအလင်းတန်းများ ပေါ်လာခဲ့သည်။ "မင်းက အသက်ရှင်နေနိုင်သေးပြီး အခုအချိန်အထိ ငါ့ရဲ့အရှေ့မှာ ရပ်နေနိုင်မယ်လို့ လုံးဝမထင်ထားမိဘူး။ မင်းက အတော်ကြီးကို ကြီးထွားလာခဲ့ပြီး အခုအချိန်မှာ ငါ့ကို နဂါးကျောက်တုံးဂိတ် ဖွင့်ဖို့ ကူညီပေးနိုင်ခဲ့ပြီ"

"မင်းကငါ့ရဲ့ ဝှက်ဖဲတွေကို ထုတ်သုံးအောင် ဖိအားပေးနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူနိုင်တယ်" ရှီထျန်းရီ၏ မျက်နှာမှာ လုံးဝကို တည်ငြိမ်သွားပြန်ခဲ့သည်။ "ဒါပေမဲ့ အခုအချိန်မှာ ပြီးဆုံးသွားပြီ။ ငါ့ရဲ့ ခန္ဓာကိုယ်က အကောင်းဆုံး အခြေအနေကို ပြန်ရောက်သွားခဲ့ပြီး မင်းက ဒဏ်ရာ အကြီးအကျယ် ရထားခဲ့တယ်။ မင်းက ငါ့ရဲ့ အန်းမောင်ဦးခေါင်းခွံကို မဖိနှိပ်နိုင်တော့ဘူးလို့တောင် သံသယ ဖြစ်မိတယ်"

ရှီထျန်းဟောင်၏ အနောက်မှ
လေဟာနယ်သည် ရေများအတွင်းမှ
လှိုင်းလုံးများကဲ့သို့ အနည်းငယ်
တုန်ခါသွားခဲ့သည်။ သို့သောလည်း ဒါသည်
ရှီထျန်းရီ၏ ပြုလုပ်ချက်မဟုတ်ပေ။ ဒါသည်
အန်းမောင်ဦးခေါင်းခွံက ရှီထျန်းဟောင်၏
မဟာကစဥ့်ကလျား ဆေးမီးဖို နှစ်ခုတို့အား
ချိုးဖောက်နိုင်ရန် အဆက်မပြတ်
ကြိုးစားနေခြင်း ဖြစ်၏။

"မင်းက ကြိုးစားကြည့်လေ" ရှီထျန်းဟောင်၏
မျက်နှာအမူအရာမှာ မပြောင်းလဲခဲ့ပေ။

ရှီထျန်းရီက သူ၏ခေါင်းအား ခါလိုက်ကာ ပြောလိုက်သည်။ "မင်းက ကလေးပဲ ရှိသေးတယ်။ အာကျယ်တာက ဘာမှအသုံးမဝင်ဘူး ဆိုတာကို သိသင့်တယ်"

ပြီးတာနှင့် သူ၏နဖူးပေါ်မှ တောက်ပသော အလင်းတန်းတစ်ခု ပေါ်ထွက်လာခဲ့၏။

"မင်းကငါဟာ မင်းဆီက တစ်စုံတစ်ခု ယူသွားခဲ့တယ်လို့ပဲ အမြဲတမ်း ထင်နေခဲ့တယ်။ ကောင်းပြီလေ၊ ငါကမင်းကို ပြလိုက်မယ်" ရှီထျန်းရီက ရှီထျန်းဟောင်အား တည်ငြိမ်စွာဖြင့် ကြည့်လိုက်သည်။ "ဒါပေမဲ့ ဒါက အမြဲတမ်းပဲ ငါ့ရဲ့စွမ်းအား ဖြစ်သွားတော့မှာ"

သူ၏စကားဆိုးသည်နှင့် ရှိထျန်းရှီ၏ နဖူးသည်
အလွန်အမင်း တောက်ပလာကာ
မကြည့်နိုင်လောက်အောင် ဖြစ်လာခဲ့သည်။
အဖြူရောင် အလင်းတန်းများက
တောက်ပလာခဲ့ကာ ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေမှ အနီရောင်
ကောင်းကင်ကြီး တစ်ခုလုံးအား အဖြူရောင်
သန်းသွားစေခဲ့သည်။

အလင်းရောင်သည် မပူပြင်းသော်လည်း
သူ၏အတွင်းမှ ကြောက်မက်ဖွယ်ရာ
စွမ်းအားသည် တုန်ခါသွားခဲ့ကာ
ကောင်းကင်အား လှုပ်ခါစေခဲ့၏။

ဒါသည့် အလင်းတန်း၏ စွမ်းအားကြောင့်
မဟုတ်ပဲ သူသယ်ဆောင်လာသော အဆုံးမဲ့
ဖြစ်နိုင်ခြေများကြောင့် ဖြစ်သည်။

မှော်သင်္ကေတပေါင်း မြောက်မြားစွာတို့က
ပေါ်လာခဲ့ကာ ထူးခြားဆန်းကြယ်သော
ပုံစံများအဖြစ်သို့ ပြောင်းသွားကြ၏။
ခဏအကြာတွင် သူတို့သည် ပြိုကွဲသွားခဲ့ကာ
နောက်ထပ်ပုံစံ အသစ်တစ်မျိုးဖြင့်
ပြောင်းလဲသွားခဲ့သည်။ ဤဖြစ်စဉ်သည်
အဆက်မပြတ် ဖြစ်ပေါ်နေခဲ့၏။

ရှီထျန်းရီက စကားကို တစ်လုံးချင်း
ပြောလိုက်သည်။ "ဒါကငါ့ရဲ့ နောက်ဆုံး
မြင့်မြတ်သော အလင်းတန်း ဖြစ်တယ်"

သူ၏အတွင်းမှ စွမ်းအားများသည် အဆုံးသတ်မှု
စွမ်းအားဖြစ်သည်။ သူသည် ဖန်ဆင်းမှုများ
အားလုံး၏ နောက်ဆုံးဖြစ်၏။
သူဖြတ်သန်းသွားသော နေရာတိုင်းတွင်
အရာအားလုံးကို အချိန်မတန်မီ
အဆုံးသတ်စေခဲ့သည်။

ရှီထျန်းရီ၏ နဖူးပေါ်မှ ထွက်လာသော
အလင်းတန်းသည်
အံ့ဩဖွယ်ကောင်းလောက်အောင်

ရှည်လျားသော အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။ ထိုအလင်းတန်း အတွင်းတွင် တစ်ယောက်သည် နတ်ဘုရားနှင့် ဗုဒ္ဓတို့၏ ပုံရိပ်များ လှုပ်ရှားကခုန်နေသည်ကို တွေ့နိုင်ပေသည်။ ကောင်းကင်ကို တုန်ခါစေခဲ့သည့် လေးနက်သော ဂီတသံများကို ကြားနိုင်ခဲ့သည်။

မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း!

အန္တိမ စိတ်ဝိညာဉ် တာဝါကို ထူထောင်နိုင်၍ အန္တိမ လုံခွက်အား ဖော်ဆောင်နိုင်ကာ ထူးခြားသော ခရမ်းရောင် ဆေးလုံးကို ဖန်ဆင်းနိုင်ပြီး နောက်ဆုံးတွင်

အခြေတည်ဝိညာဥ် အဆင့်သို့
ရောက်ရှိသွားသောအခါ မြင့်မြတ်သော
ဖန်ဆင်းခြင်း အလင်းတန်းသည်
ကောင်းကင်ဘုံမှ ရွေးချယ်ထားသော
သားတော်တစ်ပါးအား ပေးအပ်ထားသည့်
စွမ်းအားဖြစ်သည်။

အားလုံးတို့သည် မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်းအား လေးနက်တည်ကြည်သော
အမူအရာများနှင့် ကြည့်နေခဲ့သည်။

သူတို့၏ အရှေ့တွင် ပေါ်လာခဲ့သည်မှာ
ဒဏ္ဍာရီအတွင်းမှ အရာတစ်ခု ဖြစ်၏။
ဤမြင့်မြတ်သော ဖန်ဆင်းခြင်း

အလင်းတန်းသည် ရှီထျန်းရှီ ကြီးထွားလာသည်နှင့်အမျှ ပို၍ပို၍ အစွမ်းထက်လာကာ အဆုံးမဲ့ စွမ်းအားများနှင့် အလားအလာတို့အား ပိုင်ဆိုင်ထားပေသည်။

ရှီထျန်းဟောင်သည် ထိုအလင်းတန်းအား ကြည့်လိုက်ကာ သက်ပြင်းတစ်ချက်ကို ဖွဖွလေး ချလိုက်သည်။ "ဒါက မင်းရဲ့ဟာမဟုတ်ဘူး။ ငါ့ရဲ့ဟာပဲ"

အားလုံးတို့သည် ဘာမှမပြောခဲ့ပေ။ ထိုနှစ်များမှ အဖြစ်များသာ မဖြစ်ပျက်ခဲ့လျှင် ချောမွေ့သော ကျင့်ကြံမှု လမ်းကြောင်းနှင့် နောက်ဆုံး မြင့်မြတ်သော အလင်းတန်းအား

ပိုင်ဆိုင်နိုင်သူမှာ ရှီထျန်းဟောင်ပင် ဖြစ်ပေလိမ့်မည်။

ရှီထျန်းဟောင်သည် နောက်ဆုံး မြင့်မြတ်သော အလင်းတန်းအား ကြည့်လိုက်ကာ သူ၏ခေါင်းပေါ်မှ ကြည်လင်သော အလင်းတန်းတစ်ခု ပေါ်လာခဲ့သည်။ ခရမ်းရောင် အလင်းတန်းများဖြင့် ပြည့်နှက်နေသော ရွှေရောင်ဗဟိုချက် တစ်ခုက ပေါ်လာခဲ့၏။

ထိုရွှေရောင်ဗဟိုချက်သည် ပယင်းကဲ့သို့ ထွင်းဖောက်မြင်နေရ၏။ ရွှေရောင်ဗဟိုချက်၏ အလယ်တွင် တစ်ယောက်သည် အဆုံးမဲ့ တောက်ပသော အလင်းတန်းတစ်ခုက

လည်ပတ်နေသည်ကို မြင်နိုင်ခဲ့သည်။
ထိုအလင်းတန်းသည် ဖန်ဆင်းမှု အားလုံးတို့၏
လျှို့ဝှက်ချက် ပါရှိနေသကဲ့သို့ ဖြစ်နေခဲ့၏။

ထိုအလင်းတန်းသည် အစတွင်
အားနည်းနေသော်လည်း သူသည် နောက်ဆုံး
မြင့်မြတ်သော အလင်းတန်း၏ တည်ရှိနေမှုကို
ခံစားနိုင်ခဲ့သည်။ ရှီထျန်းဟောင်၏
ရွှေရောင်ဗဟိုချက် အတွင်းမှ အလင်းတန်းသည်
စွမ်းအားများ ဆတက်ထမ်းပိုး
တိုးတက်လာခဲ့၏။

"ဒါက နောက်ထပ် မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်းလား" အင်မော်တယ် ဝိညာဉ်

အဆင့်မှ အကြီးအကဲများကပင်
အံ့အားသင့်သွားကြကာ သူတို့၏အရှေ့မှ
မြင်ကွင်းအား မရေမရာဖြင့် ကြည့်နေကြသည်။
"ဂျူနီယာရှီက နိဗ္ဗာန်ကနေ တကယ်ပဲ
ပြန်လည်မွေးဖွားလာခဲ့တယ်။ သူက
ဟိုတစ်နှစ်က အဖြစ်တွေကနေ အပြည့်အဝ
ပြန်လည်ကောင်းမွန်လာတဲ့အပြင်
သူ့ရဲ့ကိုယ်ပိုင် မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်းကို ဖန်ဆင်းနိုင်ခဲ့တယ်"

နဂါးတိုက်ပွဲ စင်မြင့်တစ်ခုလုံးသည်
ကျွတ်ကျွတ်ညံအောင် ဆွေးနွေးသံများဖြင့်
ပြည့်သွားခဲ့သည်။ အားလုံးတို့သည်
ရှီထျန်းဟောင်အား ကြည့်လိုက်ကာ

ပြောလိုက်သည်။ "တကယ့်ကို ကောင်းကင်ရဲ့ သားတော်တစ်ပါးပဲ"

ရှီထျန်းဟောင်၏ အမူအရာမှာမူ တည်ငြိမ်လျက်ပင် ရှိ၏။ ပုံမှန်ဆိုလျှင် တစ်ယောက်သည် အပြည့်အဝ ရင့်ကျက်ပြီးသော မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းအား အခြေတည်ဝိညာဉ် အဆင့်မှ ရရှိနိုင်ခြင်း ဖြစ်သည်။

သို့သော်လည်း ရှီထျန်းဟောင်သည် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း နှစ်ခုကို ဖန်ဆင်းနိုင်ခဲ့ရုံတင် မကပဲ ခြေတစ်လှမ်းစောက ရွှေရောင်ဗဟိုချက်

နောက်ဆုံး အဆင့်တွင် ထုတ်လုပ်နိုင်ခဲ့၏။ ဒါသည် ယခင်က မကြုံဖူးသော ကိစ္စတစ်ခု ဖြစ်သည်။ သမိုင်းမှတ်တမ်းတွင် တစ်ယောက်မှ ဤကဲ့သို့ မစွမ်းဆောင်နိုင်ခဲ့ပေ။ နောက်ထပ်လည်း မည်သူကမှ လုပ်နိုင်ရန် ဖြစ်နိုင်ခြေလည်း မရှိချေ။

နောက်ဆုံး မြင့်မြတ်သော အလင်းတန်းသည် ရှီထျန်းဟောင်၏ အရှေ့သို့ ရောက်လာသည်နှင့် ရှီထျန်းဟောင်၏ ရွှေရောင်ဗဟိုချက်မှနေ၍ ရှည်လျားသော အလင်းတန်း တစ်ခုအား ထုတ်လွှတ်လိုက်ကာ ရင်ဆိုင်လိုက်၏။

"ငါ့ရဲ့ နောက်ဆုံး မြင့်မြတ်သော
အလင်းတန်းဟာ အရာအားလုံးကို
ဖြတ်တောက်နိုင်ပြီး ဖျက်ဆီးနိုင်တယ်။
နောက်ထပ် မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်းလည်း အပါအဝင်ပေါ့။ ငါနဲ့
ထိပ်တိုက်ရင်ဆိုင်ခြင်းက ငါ့ကိုအောင်ပွဲရအောင်
လုပ်ပေးခြင်းပဲ" ရှီထျန်းရီ၏ မျက်နှာမှာ
လေးနက်နေခဲ့ကာ သူ၏ဘယ်မျက်စိမှ
အေးစက်သော အလင်းတန်းတစ်ခု
လက်လာခဲ့သည်။ "ငါက အနိုင်ရဦးမှာပဲ"

ရှီထျန်းဟောင်က ပြန်ပြောလိုက်သည်။
"အဆုံးရှိရင် အစဆိုတာ ရှိရစမြဲပဲ။
အဆုံးသတ်ခြင်းဟာ အစပြုခြင်းကနေ

စတင်လာခဲ့တာ။ အပောင်း
အဆုံးသတ်ခြင်းဟာ အသစ် အစပြုခြင်း
မဟုတ်ဘူးလို့ ဘယ်သူကပြောသလဲ"

အလင်းတန်း နှစ်တန်းတို့က
ထိခိုက်မိကြသောအခါ ရှီထျန်းဟောင်၏
မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းသည်
ရှီထျန်းရီ၏ မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်း၏ တိုက်စားခြင်းအား ခံခဲ့ရ၏။
သို့သော်လည်း သူသည် အပြည့်အဝ
ဖျက်ဆီးခြင်း မပြုနိုင်ခဲ့ပေ။ သူ၏
အစိတ်အပိုင်းတစ်ခု ပျက်စီးသွားသည်နှင့်
အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာခဲ့သည်။

ရှိထျုန်းရီ၏ မျက်နှာသည် နောက်ဆုံးတွင်
ပြောင်းသွားခဲ့၏။ သူ၏ နောက်ဆုံး
မြင့်မြတ်သော အလင်းတန်းသည်
ဖန်ဆင်းမှုအားလုံးအား အဆုံးသတ်နိုင်သည်။
သူ့တွင် ပြန်လည်ပြုပြင်၍ မရသော ဖျက်ဆီးမှု
စွမ်းအားများ ပါနေ၍ သူထိတွေ့ခဲ့သည့်
အရာမှန်သမျှတို့သည်
ပြန်လည်ကောင်းမွန်လာနိုင်ခြင်း မရှိပေ။

အစောပိုင်းက ဟင်းလင်းပြင် စစ်တလင်းတွင်
သူသည် ဝမ်လင်း၏ ဒုက္ခရောက်နေသော
ရေများအပေါ်မှ တံတားအား
ဖျက်ဆီးနိုင်ခဲ့သည်။ ဝမ်လင်း၏
ပြန်လည်ကုစားနိုင်သော စွမ်းရည်နှင့်ပင်

သူသည် လျှင်မြန်စွာနှင့် ပြန်လည်ပြုပြင်နိုင်ခြင်း မရှိခဲ့ပေ။

သို့သော်လည်း သူ၏ နောက်ဆုံး မြင့်မြတ်သော အလင်းတန်းသည် ရှီထျန်းဟောင်၏ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းအား မည်သို့မျှ မပြုလုပ်နိုင်ခဲ့ပေ။

"ငါက နောက်တစ်ခေါက် ထပ်ပြောမယ်။ ဒါက ငါ့ရဲ့နောက်ဆုံးပြောခြင်းပဲ" ရှီထျန်းဟောင်၏ အကြည့်သည် သူ၏ ကံကြမ္မာကို ပြောင်းလဲစေခဲ့သည့် လူအား အာရုံစိုက်၍ ကြည့်နေခဲ့ကာ ပြောလိုက်သည်။ "ဒါကငါ့ရဲ့ အလင်းတန်း ဖြစ်တယ်။ ဒါက ငါ့ရဲ့ ပထမ

မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းဖြစ်ပြီး ငါကသူ့ကို နောက်ဆုံး မြင့်မြတ်သော အလင်းတန်းလို့ နာမည်ပေးထားတယ်"

"ငါရဲ့ ဒုတိယ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကို မူလ မြင့်မြတ်သော အလင်းတန်းလို့ ခေါ်တယ်။ အားလုံးတို့က အစနဲ့ အဆုံးရှိကြတယ်။ ဒါက ကောင်းကင်ရဲ့ လမ်းစဉ် ဖြစ်တယ်။ ဒါက ဖန်ဆင်းခြင်းရဲ့ လမ်းစဉ်ဖြစ်တယ်"

သူတို့သည် အရင်းအမြစ် တစ်ခုတည်းမှ လာခဲ့ခြင်း ဖြစ်သည်။ သူတို့သည် အချင်းချင်း အပြန်အလှန် မှီခိုဆက်သွယ်နေကြ၏။

ထို့ကြောင့် နောက်ဆုံး မြင့်မြတ်သော
အလင်းတန်းသည် မူလ မြင့်မြတ်သော
အလင်းတန်းအား ပိုမိုလျှင်မြန်စွာ
ရင့်ကျက်လာစေရန် ကူညီနိုင်ခဲ့သည်။

ရှီထျန်းရီက အေးစက်စွာနှင့် ပြောလိုက်သည်။
"ဒါတောင်မှပဲ ငါ့ရဲ့ ကျင့်ကြံမှုက
မင်းထက်ပိုမြင့်တယ်။ ငါ့ရဲ့ စိတ်ဝိညာဉ်နဲ့
မှော်စွမ်းအင်တို့က မင်းထက် သာလွန်တယ်။
ဘယ်သူက မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်းကို ပိုင်ဆိုင်တာပဲဖြစ်ဖြစ်
ငါနိုင်တယ်"

သူ၏စကား ဆုံးသည်နှင့် နောက်ဆုံး
မြင့်မြတ်သော အလင်းတန်းသည်
ပို၍တောက်ပစွာနှင့် လင်းလက်လာခဲ့ကာ
အညှာအတာ ကင်းမဲ့စွာဖြင့် မူလ မြင့်မြတ်သော
အလင်းတန်းအား ဖိနှိပ်နေခဲ့သည်။

ရှီထျန်းရီက သူ၏ခေါင်းကို ခါလိုက်ကာ
ပြောလိုက်သည်။ "မဟုတ်ဘူး။ မင်းရှုံးသွားပြီ"

သူသည် စကားပြောနေရင်း လက်ကို
ဝှေ့ယမ်းလိုက်ရာ တစ်စုံတစ်ခုက
ပေါ်ပေါက်လာခဲ့သည်။

# စာစဉ် ၃၁ : အပိုင်း ၁၄

## အပိုင်း ၅၈၄ : တရားစီရင်ချက်ချဖို့ အချိန်ကျပြီ

နောက်ဆုံး မြင့်မြတ်သော အလင်းတန်းသည် ရှီထျန်းရီ၏ နဖူးအလယ်မှ တောက်ပစွာနှင့် လင်းလက်လာခဲ့သည်။ ဤအချိန်တွင် သူသည် နောက်ဆုံး မြင့်မြတ်သော အလင်းတန်းအား ထိန်းချုပ်နိုင်ရန် အပြည့်အဝ အာရုံစိုက်ထားခဲ့၏။ သူသည် ချုံးကောင်ကင် သတ်ဖြတ်ခြင်းတစ်ထောင် နည်းစနစ်အား ဂရုပင် မစိုက်နိုင်တော့ချေ။

သူသည် ဒွိစုံသူငယ်အိမ်၏ အကူအညီဖြင့်
ဒဏ်ရာမရခင် အခြေအနေသို့
ပြန်လည်ရောက်ရှိနိုင်ခဲ့သည်။
ထို့ကြောင့်သူသည် လက်များဖြင့်
မှော်ကျိန်စာတစ်ခုအား ဖော်ထုတ်လိုက်၏။

ကောင်းကင်ယံမှ အပေါက်တစ်ခု ပေါ်လာခဲ့ကာ
ရွှေရောင်အလင်းတန်းများ စုစည်းလာခဲ့ပြီး
မှော်သင်္ကေတများ အဖြစ်သို့
ပြောင်းသွားခဲ့သည်။ ဒါသည် ဟင်းလင်းပြင်
ဘုရားကျောင်း၏ ဒုတိယကောင်းကင်
မှော်ကျိန်စာ ဖြစ်သည့် ရှန်ကောင်းကင်
မြင့်မြတ်သော ကြယ်စင်အလင်းတန်း ဖြစ်၏။

ရှီထျန်းဟောင်၏ အနောက်မှ
မဟာကစဥ့်ကလျား ဆေးမီးဖိုသည်
အန်းမောင်ဦးခေါင်းခွံအား အခြေတည်ဝိညာဥ်
အဆင့်မှ မှော်အိုင်တမ် နှစ်ခုနှင့်အတူ
ဖိနှိပ်ထားခဲ့သည်။ သူ၏လက်ရှိ အခြေအနေနှင့်
ဆိုလျှင် ကျောက်တုံးခေါနှင့်ပင် ကြယ်စင်များ၏
တိုက်ခိုက်မှုအား ခုခံရန် ခဲယဥ်းပေသည်။

"မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း
ဖြစ်ဖြစ်၊ အခြား ဘယ်အရာဖြစ်ဖြစ်၊ ငါ့ဟာဆိုရင်
စဥ်းတောင်မစဥ်းစားနဲ့" ရှီထျန်းရီက
တိုးညင်းစွာနှင့် ပြောလိုက်သည်။
"မဟုတ်လို့ရှိရင် သေသွားလိမ့်မယ်"

ရှိထျုန်းဟောင်အား ထောက်ခံသောသူများသည် ရင်ထဲမှနေ၍ တင်းကျပ်စွာ ခံစားလိုက်ရသည်။

ရှိထျုန်းဟောင်သည် အနောက်သို့ပင် ပြန်မဆုတ်နိုင်တော့ချေ။ သူသည် သူ၏ မူလ မြင့်မြတ်သော အလင်းတန်းအား နောက်ဆုံး မြင့်မြတ်သော အလင်းတန်းကို တိုက်ခိုက်ရန် အသုံးပြုနေရသည်။ သူသည် သူ့ပြိုင်ဘက်၏ တိုက်ခိုက်မှုကြောင့် မလှုပ်ရှားနိုင် ဖြစ်နေခဲ့၏။ အကယ်၍ သူ၏ မူလ မြင့်မြတ်သော အလင်းတန်းအား ရုပ်သိမ်းလိုက်ပါက နောက်ဆုံး မြင့်မြတ်သော အလင်းတန်း၏ ချေမှုန်းခြင်းအား ခံရမည် ဖြစ်၏။

ရှီထျန်းဟောင်သည် ရှီထျန်းရီ၏
လုပ်ဆောင်ချက်များကို သတိပြုမိပေသည်။
သို့သော်လည်း သူ၏ အမူအရာမှာ
တည်ငြိမ်ဆဲပင် ရှိသေး၏။ သူ၏ခေါင်းပေါ်မှ
ခွန်းဖန်ပုံရိပ်သည် အပြင်ထွက်လာခဲ့ကာ
ရှီထျန်းရီထံသို့ ပြေးဝင်လာခဲ့၏။

ရှီထျန်းရီ၏ အကြည့်သည် လက်ကနဲ
ဖြစ်သွားခဲ့ပြီး ရှန်ကောင်းကင် မြင့်မြတ်သော
ကြယ်စင်အလင်းတန်းကို ထုတ်လွှတ်ရန်
ပြင်လိုက်သည်။ ရုတ်တရက်ပင် သူ၏
မျက်လုံးအစုံမှာ ကျဉ်းမြောင်းသွားခဲ့၍
ရှီထျန်းဟောင်၏ ဘယ်ဘက်လက်အား
ကြည့်လိုက်၏။

ရှီထျန်းဟောင်သည် နောက်ထပ် အိုင်တမ်တစ်ခုအား ကိုင်ထားသည်ကို သတိပြုမိလိုက်သည်။ ဒါသည် ထွင်းဖောက်မြင်နေရသည့် အဖြူရောင် ကျောက်စိမ်းတစ်ခု ဖြစ်၏။ သူ၏ ကိုယ်ထည်သည် ကြေးမုံကဲ့သို့ ရောင်ပြန်ဟပ်နေ၍ တစ်ယောက်သည် အတွင်းမှ အလင်းတန်းများကို တွေ့နိုင်ပေသည်။

ထိုကြည်လင်နေသည့် ကျောက်စိမ်းအား ကြည့်လိုက်ကာ ရှီထျန်းရှီ၏ မျက်နှာသည်

ချက်ချင်းပြောင်းသွားခဲ့သည်။
"ကောင်းကင်ရောင်ပြန် ကျောက်တုံး"

ဒါသည် ရှီထျန်းရီက ဟင်းလင်းပြင် စစ်တလင်း
အတွင်းသို့ ဝင်ရောက်ရှာဖွေခဲ့သည့်
ရတနာဖြစ်၏။ သူသည် နေရာအနှံ့လိုက်ရှာခဲ့ပြီး
နောက်ဆုံးတွင် သီသီလေး လွဲချော်သွားခဲ့သည်။

ကောင်းကင်ရောင်ပြန် ကျောက်တုံးသည်
အရာအားလုံးအား ခွဲခြားနိုင်ပြီး ပုံရိပ်ယောင်နှင့်
အစစ်အမှန်တို့ကို ဖော်ထုတ်နိုင်သည်။ သူသည်
ရှီထျန်းရီ၏ ဘယ်မျက်စိနှင့် ဝိသေသ
လက္ခဏာများ တူညီပြီး ထိုရတနာနှင့်ဆိုလျှင်

ရှီထျန်းရီသည် သူ့ဘယ်မျက်စိမှ စွမ်းအားများကို တိုးမြှင့်နိုင်ပေမည်။

သို့သော်လည်း ကံကြမ္မာက သူ့အား မျက်နှာသာ မပေးခဲ့ပေ။ ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ဝင်ရောက်သွား အပြီးတွင် ရှီထျန်းရီသည် ကောင်းကင်ရောင်ပြန် ကျောက်တုံးအား မရရှိခဲ့ရုံတင်မကပဲ သူ၏ဘယ်မျက်စိကိုပင် ဆုံးရှုံးခဲ့ရသေးသည်။

ထိုအချိန်တွင် ကောင်းကင်ရောင်ပြန် ကျောက်တုံးသည် ရှီထျန်းဟောင်၏ လက်အတွင်းတွင် ရုတ်တရက် ပေါ်လာခဲ့၏။ ဒါသည် သူ့ထံမှ တစ်စုံတစ်ခုအား ယူသွားခြင်း

ခံခဲ့ရသကဲ့သို့ ရှီထျန်းရီအား
အမျက်ထွက်စေခဲ့သည်။ သို့သော်လည်း
ဒေါသမှာ ပျောက်ကွယ်သွားခဲ့၍
စိတ်မသက်မသာဖြစ်သော ခံစားချက်တစ်မျိုးက
ပေါ်ပေါက်လာခဲ့သည်။

ထိုအချိန်တွင် ရှီထျန်းဟောင်သည်
ကောင်းကင်ရောင်ပြန် ကျောက်တုံး၏
ရောင်ပြန်အပိုင်းအား ရှီထျန်းရီ၏
ညာလက်ထံသို့ ထိုးလိုက်သည်။

တောက်ပသော အလင်းတန်း တစ်ခုသည်
ရှီထျန်းရီ၏ ညာလက်အပေါ်သို့
ကျရောက်လာခဲ့၏။ အလင်းတန်းများက

လင်းလက်သွားခြင်းနှင့်အတူ ရှီထျန်းရီ၏
ညာလက်သည် သူ၏ဘေးမှ
လေဟာနယ်နှင့်တကွ ပုံပျက်သွားခဲ့သည်။

"မဟုတ်ဘူး" ရှီထျန်းရီက အော်ဟစ်လိုက်သည်။
သူအစောပိုင်းက ဖယ်ရှားခဲ့သော
အမှန်တရားသည် လွန်စွာနာကျင်ခံရခက်သော
ဝေဒနာအဖြစ် ပြန်ရောက်လာခဲ့သည်။

သူ၏ညာလက်သည် ညာပုခုံး၏ အစိတ်အပိုင်း
အချို့နှင့်အတူ လုံးဝပျောက်ကွယ်သွားခဲ့ကာ
သွေးများက ပန်းထွက်လာခဲ့၏။

သူ၏စိတ်ဝိညာဉ်သည်လည်း အပြင်းအထန်
ဒဏ်ရာသွားခဲ့ကာ သူ၏ဦးနှောက်အတွင်းတွင်
ပျို့အန်လိုစိတ်များ ပေါ်လာခဲ့၏။ ရှီထျန်းရီ၏
စိတ်ဝိညာဉ်သည် အလွန်တရာမှ
စွမ်းအားကြီးလှသဖြင့် ထိုကဲ့သို့သော
အရာမျိုးကို ယခင်က တစ်ခါမှ မကြုံဖူးခဲ့ချေ။
ဒါသည် သူ့အား ကြီးမားသော
ကြောက်စိတ်များကို ဖြစ်ပေါ်စေခဲ့သည်။

သူ၏ခန္ဓာကိုယ်တွင် ကလေးငယ်ပုံစံဖြင့်
ရှိနေသော အခြေတည်ဝိညာဉ်၏
ညာလက်သည်လည်း ဘာမှမပြောခဲ့ပဲ
ပြတ်ကျသွားခဲ့သည်။

သူ၏ယခင်မှ ဒဏ်ရာများသည်
ရေကြီးနေသကဲ့သို့
ပြန်လည်လွှမ်းမိုးသွားခဲ့သည်။

သူ၏ ညာမျက်စိမှ စွမ်းအားများကို
ချက်ချင်းပြန်လည် အသုံးမပြုနိုင်သည့်အတွက်
သူသည် ဖြစ်ပျက်ခဲ့သမျှကို ကြည့်ရုံသာ
ကြည့်နိုင်ခဲ့သည်။

သူ၏ ပြင်းထန်သော ဒဏ်ရာများကြောင့်
သူသည် ရှန်ကောင်းကင် မြင့်မြတ်သော
ကြယ်စင်အလင်းတန်းနှင့် နောက်ဆုံး
မြင့်မြတ်သော အလင်းတန်းတို့
နှစ်ခုစလုံးတို့အား မထုတ်လွှတ်နိုင်တော့ပေ။

မဟုတ်လျှင် သူသည် မှော်ကျိန်စာ
နှစ်ခုစလုံးတို့အား ထိန်းချုပ်နိုင်မည် မဟုတ်ပေ။

ရှီထျန်းရီသည် အားလျော့သွားသောကြောင့်
နောက်ဆုံး မြင့်မြတ်သော အလင်းတန်းသည်
မူလ မြင့်မြတ်သော အလင်းတန်း၏
တွန်းလှန်မှုအား ခံနေခဲ့ရသည်။

သူ၏အရှေ့တွင် ကြီးမားသော ခြိမ်းခြောက်မှု
တစ်ရပ်က ပေါ်လာခဲ့၏။

ရှီထျန်းဟောင်၏ ခန္ဓာကိုယ်သည် ခွန်းဖန်၏
ပုံရိပ်နှင့် တစ်သားတည်း ဖြစ်သွားခဲ့သည်။

သူတို့သည် ရှီထျန်းရီထံသို့ အတူတကွ ပြေးဝင်ခဲ့ကြ၏။ သူသည် ဒဏ်ရာရထားခဲ့သော်လည်း သူ၏ ဒဏ်ရာများသည် ရှီထျန်းရီလောက် မပြင်းထန်ပေ။

တိုက်ခိုက်နေသူ နှစ်ယောက်တို့၏ ကံကြမ္မာသည် ရုတ်ချည်းပင် ပြောင်းပြန်ပြောင်းလဲသွားခဲ့သည်။

"ငါကမရှုံးနိုင်ဘူး" ရှီထျန်းရီသည် အသက်ပြင်းပြင်း ရှူလိုက်ကာ ကျန်ရှိနေသော ဘယ်လက်ဖြင့် မှော်ကျိန်စာ တစ်ခုအား ထုတ်လွှတ်ရန် ကြိုးစားလိုက်၏။ အဖြူရောင်

တိမ်တိုက်များက ပေါ်ပေါက်လာခဲ့ကာ
ရွှေရောင်အလင်းတန်း တံခါးတစ်ခု
ပေါ်လာခဲ့သည်။ သူသည် ရှီထျန်းဟောင်၏
တိုက်ခိုက်မှုအား ကျုံးကောင်းကင်ဂိတ်ဖြင့်
လွတ်မြောက်နိုင်ရန် ကြိုးစားခဲ့သည်။

သို့သော်လည်း ဂျူနီယာရှီသည် သူ့အား
ဤအခွင့်အရေးကို မပေးခဲ့ပေ။ သူ၏တုံ့ပြန်မှုမှာ
ပိုမြန်ကာ ချက်ချင်းဆိုသလိုပင် သူ၏
ကျောက်တုံးဓားဖြင့် တိုက်ခိုက်ခဲ့ကာ
ကျုံးကောင်းကင်ဂိတ်အား ပြန်ပိတ်စေခဲ့သည်။

ရှီထျန်းရှီသည် မလွတ်မြောက်နိုင်ပဲ
ရှီထျန်းဟောင်က လိုက်မီလာခဲ့သည်။

အနီးကပ်တွင် သူသည် ရှီထျန်းဟောင်၏ ပြိုင်ဘက်မဟုတ်ချေ။ ယခုအချိန်တွင် သူသည် ရှီထျန်းဟောင်၏ လက်နှစ်ဘက်နှင့်စာလျှင် လက်တစ်ဘက်သာ ကျန်တော့၏။ သူသည် အဆက်မပြတ် အနောက်သို့ ဆုတ်ခွာခဲ့ရသည်။

သို့သော်လည်း သူသည် ခက်ထန်သော ပြိုင်ဘက်တစ်ယောက် ဖြစ်သေး၏။ သူသည် သူသိသမျှ မှော်ကျိန်စာ အားလုံးတို့အား ထုတ်ဖော်က ရှီထျန်းဟောင်နှင့် သူသေကိုယ်သေ တိုက်ခိုက်နေခဲ့သည်။ သူ၏ မျက်ခုံးများအကြားမှ နောက်ဆုံး မြင့်မြတ်သော အလင်းတန်းသည် ခက်ထန်စွာနှင့်

အဆက်မပြတ် လင်းလက်နေခဲ့သည်။
နောက်ဆုံး မြင့်မြတ်သော အလင်းတန်း
အချို့သည် မူလ မြင့်မြတ်သော
အလင်းတန်းအား ဖောက်ထွင်းနိုင်ခဲ့ကာ
ရှီထျန်းဟောင်ထံသို့ ရောက်ရှိလာခဲ့သည်။

ရှီထျန်းဟောင်သည်
ဆောင့်ကြောင့်ထိုင်ချလိုက်ကာ
သူ၏ခန္ဓာကိုယ်အား တစ်ဘက်သို့
လှည့်လိုက်၏။ သူ၏ဘယ်လက်တွင်
ကြောက်မက်ဖွယ် ဒဏ်ရာတစ်ခု ပေါ်လာခဲ့ကာ
သွေးများ အမျှင်မပြတ် စီးကျလာခဲ့သည်။

သို့သော်လည်း သူသည် တိုးညင်းစွာ ဟိန်းဟောက်လိုက်ကာ ရှီထျန်းရီ၏ ဘယ်လက်အား ဆုပ်ကိုင်လိုက်သည်။ သူ၏အခြားလက်သည် ရှီထျန်းရီ၏ ကျောအောက်သို့ လျှိုဝင်လိုက်ကာ ရှီထျန်းရီအား လေပေါ်သို့ မြှောက်ထားလိုက်သည်။

"မင်းက ငါရဲ့ တာအိုအခြေခံကို ခိုးယူပြီး လေ့ကျင့်ထားခဲ့တယ်။ အခုကြည့်ကြည်ပါဦး၊ မင်းက ဘာမှမဟုတ်ပါဘူး"

လေပေါ်တွင် ပင့်မြှောက်ခြင်းကို ခံနေရသည့် ရှီထျန်းရီသည် သူ၏ခန္ဓာကိုယ်ကို

ထိန်းချုပ်နိုင်ခြင်း မရှိဟု ခံစားနေရသည်။ အာခံခြင်းနှင့် အမျက်ထွက်ခြင်းတို့သည် သူ၏ မူလတည်ငြိမ်နေသော မျက်နှာတွင် ပေါ်လာခဲ့ကာ သူ၏လက်အတွင်းမှ အလင်းတန်းတို့သည် တောက်ပလာခဲ့၏။ သူသည် ရှီထျန်းဟောင်၏ ခေါင်းကို ရိုက်ခွဲချင်နေခဲ့သည်။

သို့သော်လည်း ရှီထျန်းဟောင်က အများကြီး ပိုမြန်ပေသည်။ သူသည် ရှီထျန်းရီ၏ ခန္ဓာကိုယ်အား ဆုပ်ကိုင်ထားကာ သူ၏ ညာဒူးပေါ်သို့ ရိုက်ချလိုက်၏။

"ဘုန်း!"

ရှီထျန်းရီ၏ မလှုပ်ရှားနိုင်သော နာဂါရာဂျာ ဗုဒ္ဓခန္ဓာကိုယ်သည် ယခုအခါတွင် လုံးဝပျက်စီးသွားခဲ့ပြီ ဖြစ်သည်။ ပြီးတာနှင့် တစ်ယောက်သည် အရိုးကွဲကြေသံများကို ကြားခဲ့ရ၏။ တောင်တစ်လုံးက နှစ်ခြမ်းကွဲသွားသကဲ့သို့ ဖြစ်၏။

ထိုမြင်ကွင်းအား ကြည့်နေကြသောသူတို့မှာ အတူတကွ ပင့်သက်ရှိုက်လိုက်ကြသည်။ "ဘယ်လောက်အထိတောင် ကြောက်မက်ဖွယ်ကောင်းလိုက်သလဲ"

"စီနီယာရှိက လုံးဝရှုံးနိမ့်သွားခဲ့ပြီး ဂျူနီယာရှိက အနိုင်ရသွားခဲ့ပြီ"

ဟင်းလင်းပြင် ဘုရားကျောင်း၏ ဘက်တွင် တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်က ရုတ်တရက် ထရပ်လိုက်ကာ သူမ၏အရှေ့မှ မြင်ကွင်းအား ထိတ်လန့်တုန်လှုပ်စွာနှင့် ကြည့်လိုက်၏။ ကောင်းဟန်နှင့် ရွှမ်းလင်သူတော်စင်တို့သည် မလှုပ်ရှားခဲ့သော်လည်း သူတို့၏ အကြည့်တို့သည် မသက်မသာ ဖြစ်နေကြ၏။

ရှီထျန်းရီ၏ ရုပ်ခန္ဓာကိုယ်သည် လုံးဝပျက်စီးသွားခဲ့ပြီ ဖြစ်သည်။

နဂါးတိုက်ပွဲ စင်မြင့်ထက်တွင် ရှီထျန်းရီ၏ ခန္ဓာကိုယ် အတွင်းမှ ရတနာ အလင်းတန်းတစ်ခု ထွက်ပေါ်လာခဲ့သည်။ ရောမ အဖြူရောင် အလံတစ်ခုက ပေါ်လာခဲ့ကာ လေပေါ်တွင် တဖျပ်ဖျပ် လွင့်နေခဲ့သည်။ ထိုအလံမှ အလင်းတန်းသည် ရှီထျန်းဟောင်အား နောက်သို့ ဆုတ်သွားစေခဲ့သည်။

ဒါသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ မှော်ရတနာ၊ လိပ်ထားသော ဟင်းလင်းပြင်အလံ ဖြစ်၏။

ဤအချိန်တွင် ဟင်းလင်းပြင် ဘုရားကျောင်းမှ ရှိထျန်းရီအား ပေးထားသော အကာအကွယ် မှော်ရတနာသည် မအောင့်နိုင်တော့ပဲ သူ့ကိုယ်သူ ထုတ်ဖော်ခဲ့ကာ ရှိထျန်းရီအား အကာအကွယ် ပေးထားခဲ့သည်။

အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူနှင့် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူတို့၏ တိုက်ပွဲတွင် မမျှမတ ဖြစ်သွားမည်ကို ကာကွယ်သောအားဖြင့် အင်မော်တယ် ဝိညာဉ် အဆင့်မှ မှော်ရတနာတို့အား အသုံးမပြုရန်မှာ ပြောစရာ မလိုပဲ သဘောပေါက်ထားပြီးသော အရာဖြစ်သည်။

မှော်ရတနာတို့ဖြင့် တိုက်ခိုက်ခဲ့လျှင်
ရှီနှစ်ရှီတို့၏ ပြိုင်ပွဲအစား ဟင်းလင်းပြင်
ဘုရားကျောင်းနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့၏ အကြားမှ
ကြွယ်ဝမှုပြိုင်ပွဲနှင့်သာ တူသွားပေလိမ့်မည်။

ထို့ကြောင့် သူတို့နှစ်ဦးတို့ အလွန်ဆုံး
အသုံးပြုကြသည့် အိုင်တမ်များမှာ
မှော်ရတနာဟု ပြော၍မရသည့်
ကျောက်တုံးခဲနှင့် အန်းမောင်ဦးခေါင်းခွံတို့သာ
ဖြစ်ကြသည်။

သို့သော်လည်း ဤအချိန်တွင် လိပ်ထားသော
ဟင်းလင်းပြင် အလံ၏ အသိစိတ်သည်

သည်းမခံနိုင်တော့ပေ။ ရှီထျန်းရီ၏
ရုပ်ကိုယ်ခန္ဓာသည် ပျက်စီးသွားသော်လည်း
ပြန်လည်ရှင်သန်ရန် မျှော်လင့်ချက်
ရှိသေးသည်။ အကယ်၍ သူ၏ စိတ်ဝိညာဉ်နှင့်
အခြေတည်ဝိညာဉ် တို့ကသာ ပျက်စီးသွားပါက
လုံးဝသွားပေတော့မည်။

ရှီထျန်းရီသည် သေ၍မရပေ။ သူ၏
မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းနှင့်
ဒွိစုံသူငယ်အိမ်တို့အား ထိ၍မရပေ။ ဒါသည်
ဟင်းလင်းပြင် ဘုရားကျောင်း၏
နောက်ဆုံးသည်းခံခြင်း ဖြစ်၏။

လိပ်ထားသော ဟင်းလင်းပြင် အလံ၏ ရိုက်ထုတ်ခြင်းကို ခံလိုက်ရသည်နှင့် ရှီထျန်းဟောင်က ကြုံးဝါးလိုက်၏။ "မင်းတစ်ယောက်တည်း ရှိတာလို့ ထင်နေတာလား" သူ၏ လက်ဝါးအစုံအား ရိုက်လိုက်ရာ သူ၏နဖူးမှ အလင်းတန်းတစ်ခု ပေါ်လာခဲ့သည်။ ရောမ အစိမ်းရင့်ရောင် ခန်းမဆောင် တစ်ခုက ဟင်းလင်းပြင်အတွင်းမှ ပေါ်လာခဲ့၏။

ထိုခန်းမဆောင်သည် မယုံနိုင်လောက်အောင် နန်းဆန်လှ၍ ရှေးဟောင်း တိုင်းပြည်တစ်ခုမှ လာခဲ့သည့်ပုံ ပေါက်နေခဲ့သည်။ သူသည် အလွန်အမင်းလည်း ကြီးမားလှ၏။

သူကောင်းကင်ပေါ်တွင်
စတင်ပေါ်ပေါက်လာသည့် အချိန်တွင်
နဂါးတိုက်ပွဲ စင်မြင့်လောက်ပင်
ကြီးမားပေသည်။

ရွှေရောင်အလင်းတန်းများ အကြားတွင်
မှော်သင်္ကေတများသည် ပင်လယ်အတွင်းမှ
လှိုင်းလုံးများကဲ့သို့ ပေါ်လာခဲ့၏။ အားကြီးသော
စွမ်းအင်တစ်ခုသည် ပေါ်လာခဲ့ကာ
အားလုံးတို့အား ကျောရိုးများ အတွင်းမှ စိမ့်ကနဲ
ဖြစ်သွားစေခဲ့သည်။

ဒါသည် လင်းဖုန်း၏ ကိုယ်ပိုင် မှော်ရတနာ
ဖြစ်သော ခွန်းဖန်ခန်းမဆောင် ဖြစ်သည်။

"ဝုန်း!"

ခွန်းဖန်ခန်းမဆောင်သည် ပြင်းထန်စွာဖြင့်
တုန်ခါနေခဲ့ကာ လုံးဝမည်းနက်သွားခဲ့၏။
သူသည် မမှန်းဆနိုင်လောက်အောင်
လေးလံစွာဖြင့် လိပ်ထားသော ဟင်းလင်းပြင်
အလံထံသို့ ကျဆင်းလာခဲ့သည်။

နားကွဲလုမတတ် အသံတစ်ခု ပေါ်လာခဲ့၍
လိပ်ထားသော ဟင်းလင်းပြင်အလံ၏
အဖြူရောင် အလင်းတန်းများသည် တစ်စစီ
လွင့်ပြယ်သွားခဲ့သည်။

လိပ်ထားသော ဟင်းလင်းပြင် အလံ၏ အဓိက
စွမ်းအားမှာ ခံစစ်ဖြစ်သည်ဟု သိထားကြသော
သူများမှာ အံ့အားသင့်ကုန်ကြ၏။
သို့သော်လည်း အနက်ရောင်
ခွန်းဖန်ခန်းမဆောင်နှင့် အတိုက်ခိုက်
ခံလိုက်ရသောအခါ သူသည်
အသားပြားတစ်ပြားကဲ့သို့
အထုထောင်းခံလိုက်ရသည်။

"အရမ်းကြမ်းတယ်" လိပ်ထားသော
ဟင်းလင်းပြင် အလံထံမှ အသံတိုးတိုးလေး
ထွက်လာခဲ့သည်။ သူသည်
ခွန်းဖန်ခန်းမဆောင်နှင့် ထိပ်တိုက်ရင်ဆိုင်ခြင်း

မပြုတော့ပဲ ရှိထျန်းရီအား လိပ်လိုက်ကာ ဟင်းလင်းပြင်ကို ချိုးဖောက်လိုက်၍ အဝေးသို့ ပျံသန်းသွားရန် ကြိုးစားလိုက်သည်။

ခွန်းဖန်ခန်းမဆောင်သည်လည်း အလွန်အမင်း လျှင်မြန်စွာနှင့် တုံ့ပြန်ခဲ့သည်။ သူသည် နောက်ထပ်တစ်ခါ တုန်ခါသွားခဲ့ပြီး အနက်ရောင် ခန်းမဆောင်သည် အစိမ်းရောင်သို့ ပြောင်းသွားခဲ့သည်။ သူသည် လေပြင်းကဲ့သို့ လျှင်မြန်စွာ ပျံသန်းသွားခဲ့ကာ လိပ်ထားသော ဟင်းလင်းပြင် အလံအား လိုက်မီလာခဲ့၏။

မော်ရတနာ နှစ်ပါးတို့သည် အချင်းချင်း တိုက်ခိုက်ခဲ့လိုက်ကြ၏။ လိပ်ထားသော

ဟင်းလင်းပြင် အလံ၏ ခံစစ်သည်
မကျိုးပေါက်ခဲ့သော်လည်း သူသည်
လွတ်မြောက်နိုင်စွမ်း မရှိတော့ပေ။

ခွန်းဖန်ခန်းမဆောင်အား အပြည့်အဝ
ခုခံနိုင်ရန်အတွက် သူသည် မတတ်နိုင်ပဲ
ရှီထျန်းရီအား လွှတ်ချလိုက်ရသည်။
မဟုတ်လျှင် လူရော ရတနာပါ ခြေမွခြင်းကို
ခံခဲ့ရမည် ဖြစ်သည်။

ရှီထျန်းဟောင်သည် ခွန်းဖန်ခန်းမဆောင်၏
အပေါ်မှနေ၍ ရှီထျန်းရီအား အေးစက်စွာဖြင့်
ကြည့်လိုက်ကာ ပြောလိုက်သည်။
"မင်းရဲ့ပစ္စည်း မဟုတ်ရင် ဘယ်တော့မှ

မင်းရဲ့ပစ္စည်း ဖြစ်လာမှာ မဟုတ်ဘူး။
မင်းငါ့ဆီက ခိုးယူသွားတဲ့ အရာကို
ငါကပြန်ယူတော့မယ်"

မူလ မြင့်မြတ်သော အလင်းတန်းသည်
နောက်ထပ်ထွက်လာခဲ့ကာ ရှီထျန်းရီအား
ဖုံးလွှမ်းလိုက်သည်။

တစ်ခဏအကြာတွင် အံ့ဩမှင်သက်ဖွယ်
မြင်ကွင်းတစ်ခု ပေါ်လာခဲ့သည်။ ရှီထျန်းရီ၏
ခန္ဓာကိုယ် အတွင်းတွင် အလင်းတန်းများသည်
စီးဆင်းနေခဲ့သော်လည်း သူ၏ခန္ဓာကိုယ်
အတွင်းမှ ခရမ်းရောင် ဓာတ်ငွေ့များ၏
ကုတ်ယူခြင်းအား ခံနေရ၏။ မူလ မြင့်မြတ်သော

အလင်းတန်းမှတဆင့် ရှီထျန်းရှီ၏
အလင်းတန်းသည် ရှီထျန်းဟောင်ထံသို့
ပြန်ဝင်လာခဲ့သည်။

အားလုံးတို့သည် ချက်ချင်းတုံ့ပြန်လိုက်ကြ၏။
"ဒါက ရှီထျန်းဟောင်ရဲ့ နောက်ဆုံး
မြင့်မြတ်သော အလင်းတန်းပဲ။
ရှီထျန်းဟောင်က လျှို့ဝှက်မှော်ကျိန်စာနဲ့ သူ့ကို
ပြန်ယူနေတာ"

"ရှီထျန်းဟောင်က ဒီမှော်ကျိန်စာကို
ပိုင်ဆိုင်နိုင်မှာ မဟုတ်ဘူး။ ဒါက ခရမ်းရောင်
ဓာတ်ငွေ့တွေကြောင့် ဖြစ်မယ်"

"မ.. မဟုတ်မှလွဲရော၊ ဒါက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့
မှော်ကျိန်စာ ဖြစ်လိမ့်မယ်"

အားလုံးတို့၏ အကြည့်သည် လင်းဖုန်းအပေါ်သို့
ကျရောက်လာကြသည်။ လင်းဖုန်း၏
အမူအရာသည် တည်ငြိမ်နေခဲ့ကာ
ပြောလိုက်၏။ "တစ်ယောက်ကမှ
ဒီနေ့တိုက်ပွဲကို ဝင်စွက်ဖက်လို့ မရဘူး"

သူ၏စကားဆုံးသည်နှင့်
ရွှမ်းလင်သူတော်စင်သည် ရုတ်တရက်

ထရပ်လိုက်သည်။ သူသည် လက်တစ်ဘက်အား ဆန့်တန်းလိုက်ရာ ချက်ချင်းပင် အဖြူရောင် တိမ်တိုက်များသည် ရောမ လက်ကြီးသင်္ချာန်သို့ ပြောင်းသွားခဲ့ကာ ဂျူနီယာရှီထံသို့ ရွေ့သွားခဲ့သည်။

"ရှီထျန်းရီရဲ့ အသက်နဲ့ နောက်ဆုံး မြင့်မြတ်သော အလင်းတန်းက ဆုံးရှုံးလို့ မရဘူး"

လင်းဖုန်းသည် သူ၏ အင်္ကျီလက်စအား ဝှေ့ယမ်းလိုက်ရာ ခရမ်းရောင် အလင်းတန်းများက ရွှမ်းလင်သူတော်စင်၏လက်ကို

တားဆီးလိုက်သည်။ ကောင်းဟန်ကလည်း ထရပ်လိုက်ကာ လင်းဖုန်းကို ကြည့်လိုက်၍ ပြောလိုက်သည်။ "လွှတ်လိုက်ပါ"

သူ၏စကားဆုံးသည်နှင့် အဖြူရောင် အသံလှိုင်းများသည် လင်းဖုန်းတည့်တည့် ဝင်လာခဲ့သည်။ လင်းဖုန်းသည် သူ၏ လက်ဝါးများကို ဆန့်တန်းလိုက်ရာ လေဟာနယ်က တုန်ခါသွားခဲ့၏။ တောက်ပသော မြစိမ်းရောင် အလင်းတန်းများသည် ပင်လယ်ကဲ့သို့ တိုးဝင်လာခဲ့ကာ ကောင်းဟန်အား တားဆီးလိုက်သည်။

နဂါးတိုက်ပွဲ စင်မြင့်တွင်
ကြိုတင်မျှော်လင့်ချက်များဖြင့် ပြည့်လာခဲ့သည်။
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင်
ဘုရားကျောင်းတို့သည် တိုက်ခိုက်ကြတော့မည်
ဖြစ်သည်။

ထိုအချိန်တွင် ရှီထျန်းဟောင်သည်
"ယု(ဝဠာ)"ကမ္ဘာ မှော်ကျိန်စာအား
ထုတ်လွှတ်လိုက်ပြီ ဖြစ်သည်။ သူသည်
ရှီထျန်းရီ၏ အလင်းတန်းကို ကောင်းကောင်း
ဖိနှိပ်ထားခဲ့ကာ သူ၏ နောက်ဆုံး မြင့်မြတ်သော
အလင်းတန်းအား ရယူနိုင်ရန်
ကြိုးစားနေခဲ့သည်။

"ရှီထျန်းရီ၊ တရားစီရင်ချက်ချဖို့ အချိန်ကျပြီ"

ရှီထျန်းရီက ပြန်အော်လိုက်၏။ "မင်းက အိမ်မက်မက်နေတာပဲ"

သူ၏အော်ဟစ်သံဆုံးသည်နှင့် သူ၏ ရုပ်ခန္ဓာကိုယ်သည် ပေါက်ကွဲသွားခဲ့ကာ အလင်းတန်းနှင့် သွေးများ ရောစပ်သွားခဲ့သည်။ သူသည် ရှီထျန်းဟောင်၏ 'ယု'ကမ္ဘာ မှော်ကျိန်စာမှ လွတ်မြောက်ရန် ကြိုးစားလိုက်သည်။

စာစဥ် ၃၁ : အပိုင်း ၁၅

## အပိုင်း ၅၈၅ : ဝင်နှောင့်ယှက်တဲ့ သူတိုင်းကို မသန်စွမ်းအောင် လုပ်ပစ်မယ်

အမျက်ဒေါသကြီးစွာနှင့် ရှီထျန်းရီ၏ ခန္ဓာကိုယ်သည် သွေးအိုင်ကြီး တစ်ခုအဖြစ်သို့ ပျော်ဝင်သွားခဲ့သည်။

ရှီထျန်းဟောင်သည် သူ၏ကျောရိုးကို ခြေမွလိုက်ကာ သူ၏ခန္ဓာကိုယ်အား ဖျက်ဆီးလိုက်သော်လည်း သူ၏ စွမ်းအားများမှာ တစ်စက်မှ လျော့မကျသွားခဲ့ပေ။ သူသည် သူ၏ ခန္ဓာကိုယ်အား သွေးများအဖြစ်သို့

ပြောင်းလိုက်ကာ အားကြီးလှသော
ခွန်အားများဖြင့် ဤမှော်ကျိန်စာ၏အောက်မှ
လွတ်မြောက်ရန် ကြိုးစားခဲ့သည်။

သူ၏ခန္ဓာကိုယ်သည်
ပျောက်ပြယ်သွားခဲ့သော်လည်း
သူ၏ညာမျက်လုံးမှာမူ ကျန်နေခဲ့သည်။ သူသည်
အလင်းတန်းများကို ထုတ်လွှတ်နေကာ
ပျောက်ကွယ်တော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

သူ၏ စိတ်ဝိညာဉ်နှင့် အခြေတည်ဝိညာဉ်တို့
နှစ်ခုစလုံးတို့မှာ ထိုမျက်လုံး၏ အပေါ်တွင်
ရှိနေကြသည်။

သူသည် မည်သို့ပင် ကြိုးစားသော်လည်း ရှီထျန်းဟောင်၏ မူလ မြင့်မြတ်သော အလင်းတန်းနှင့် ခရမ်းရောင် ဓါတ်ငွေ့တို့ကို မကျော်လွှားနိုင်ခဲ့ပဲ သူ၏ နောက်ဆုံး မြင့်မြတ်သော အလင်းတန်းသည် လျှင်မြန်စွာနှင့် စုဆောင်းခြင်းကို ခံနေရသည်။

အလွန်အမင်းကို ဆိုးရွားသော ဒဏ်ရာများနှင့် အသက်ကိုပင် အနိုင်နိုင် ရှူနေရသော်လည်း ရှီထျန်းဟောင်သည် မောပန်းသော အရိပ်အရောင်များကို မပြသနေပေ။

ပုခုံးအပေါ်သို့ ဝဲကျနေသော
ဆံပင်ရှည်များနှင့်အတူ သူ၏ ကြည်လင်သော
မျက်နှာတွင် မရပ်တန့်နိုင်သော
စိတ်ပိုင်းဖြတ်မှုအား တွေ့နိုင်သည်။

"ဒါပဲလေ" ရှီထျန်းဟောင်သည် ရှီထျန်းရီထံမှ
ကျန်နေသော အရာများကို
ကြည့်၍ပြောလိုက်၏။

ရှမ်းလင်သူတော်စင်သည် ရုတ်တရက်
ချောင်းဆိုးလိုက်ရာ သူ၏ စွမ်းအားများမှ
အဖြူရောင် တိမ်တိုက်များသည်
ထိုနှစ်ယောက်ထံသို့ လွင့်သွားခဲ့သည်။

သို့သော်လည်း လမ်းတစ်ဝက်တွင် လင်းဖုန်း၏ တားဆီးခြင်းအား ခံလိုက်ရ၏။

"ဒီကနေ့ တိုက်ပွဲဟာ ကျုပ်တပည့်နဲ့ ရှီထျန်းရီတို့ရဲ့ တိုက်ပွဲသာဖြစ်တယ်။ ဝင်ရောက်နှောင့်ယှက်တဲ့သူတွေ အကုန်လုံးရဲ့ လက်တွေဟာ အရိုက်ချိုးခံရမယ်" လင်းဖုန်းက ကျယ်လောင်စွာ အော်ဟစ်လိုက်၏။ သူ၏ဘေးတွင် ငြိမ်သက်စွာဖြင့် ရပ်နေသော ရွှမ်းလီသည် ရုတ်တရက် သူမ၏ နေရာမှ ပျောက်သွားခဲ့သည်။

ခဏအကြာတွင် ရွှမ်းလီသည် နဂါးတိုက်ပွဲ စင်မြင့် အထက်တွင် ပြန်ပေါ်လာခဲ့သည်။

သူမသည် သူမ၏ ကျောပေါ်မှ ဓားကြီးကို ဓားအိမ်အတွင်းမှ ဆွဲထုတ်လိုက်၏။ ခက်ထန်ကြမ်းကြုတ်သော အလင်းတန်း တစ်ခုက ကောင်းကင်ယံသို့ ထိုးတက်သွားခဲ့ကာ ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ၏ ကောင်းကင်ယံတွင် ကြောက်မက်ဖွယ်ရာ အစိမ်းရောင် အငွေ့အသက်တို့အား ထုတ်လွှတ်ခဲ့သည်။

ရှမ်းလင်သူတော်စင်၏ အမူအရာသည် ပြောင်းလဲသွားခဲ့ကာ တစ်စုံတစ်ခုအား ပြောမည်ကြံရွယ်လိုက်စဉ်တွင်ပင် ရှမ်းလီသည် ကောင်းကင်ဖျက်ဆီး ဓားအား ဆွဲထုတ်ခဲ့လိုက်ပြီ ဖြစ်သည်။

ခေါင်းမှထွက်လာသော အလင်းတန်းသည်
တွေ့မြင်ခဲ့ရသူ အားလုံးတို့အား
ကြောက်ရွံ့ထိတ်လန့်မှုတို့ကို
ယူဆောင်ပေးလာခဲ့၏။
ခေါင်းကိုမော့ယမ်းလိုက်ရာမှ ထွက်ပေါ်လာသော
မျက်စိကျိန်းလုမတတ် အလင်းတန်းသည်
ရွှမ်းလင်းသူတော်စင်ထံသို့
တည့်တည့်ပျံသန်းလာခဲ့သည်။

ရွှမ်းလင်းသူတော်စင်၏ ဘယ်ဘက်မျက်လုံးမှ
အလင်းတန်းတစ်ခု ထွက်ပေါ်လာခဲ့သည်။
အစွန်းတစ်ထောင် စီးဆင်းနေသော

အလင်းတန်းကြေးမုံသည် အလင်းတန်းများ၏
ရောင်ပြန်ဟပ်မှုနှင့်အတူ ပေါ်ပေါက်လာခဲ့၏။

ရွှမ်းလင်သူတော်စင်အား လေဟာနယ်
အလှသာပေါင်း တစ်ထောင်ကျော်ဖြင့် ချက်ချင်း
ဖုံးလွှမ်းသွားခဲ့သည်။ အလှသာတစ်ခုတိုင်းသည်
လေထုအတွင်းတွင် ကြေးမုံပေါင်း
တစ်ထောင်ကဲ့သို့ ခဲသွားခဲ့၏။ သူ၏ပုံရိပ်အား
ကြေးမုံတိုင်းတွင် မြင်နေရသည်။
ထိုမြင်ကွင်းသည် အမှန်မဟုတ်ဟု ထင်နေရကာ
ခန့်မှန်းရန် ခက်ခဲလှပေသည်။

သို့သော်လည်း ကောင်းကင်ဖျက်ဆီး ခား၏
အရှေ့တွင် ထိုအရာအားလုံးတို့သည်

အသုံးမဝင်သော အသွင်သဏ္ဍာန်တို့ ဖြစ်သွားကြ၏။ လေဟာနယ် အချိန်ကာလတို့ မည်မျှပင် ကွဲပြားမှု ရှိနေကြသော်လည်း သူတို့သည် ဤနတ်ခေါအား မယှဉ်နိုင်ခဲ့ပေ။

ကြေးမုံသည် တစ်ချက်လက်ကနဲ ဖြစ်သွားခဲ့ကာ အဘိုးအို တစ်ယောက်၏ ပုံရိပ်သည် ရှမ်းလင်သူတော်စင်၏ အရှေ့တွင် ပေါ်လာခဲ့သည်။ သူသည် တည်ငြိမ်စွာနှင့် ပြောလိုက်၏။ "မဟာယာန ရတနာတစ်ခုရဲ့ စွမ်းအားဟာ ကြမ္မာပန်းတိုင် စွမ်းအားတွေ ပါရှိတယ်။ ပွားစည်းခြင်းရဲ့ စွမ်းအားတွေကို ကိုင်ဆောင်ထားတဲ့သူက ကျုပ်ရဲ့ပြိုင်ဘက်မဟုတ်ဘူး"

ရှမ်းလင်သူတော်စင်သည် မည်သည့်စကားကိုမျှ မပြောခဲ့ပေ။ သူ၏လက်များကိုသာ ပူးကပ်လိုက်၍ မော်ကျိန်စာ တစ်ခုအား ပြင်ဆင်လိုက်သည်။

တိမ်တိုက်တို့သည် အော်မြည်လာကာ ရွေ့လျားသွားကြ၍ ရွှေရောင် အလင်းတန်းများကို ရိုးတိုးရိပ်တိတ် မြင်နေနိုင်ခဲ့သည်။ ထိုအလင်းတန်းများသည် ရဲတိုက်တစ်ခု၏ ပုံရိပ်ကို ဖော်ဆောင်ခဲ့ကြကာ ပုံပေါ်လာသည်နှင့်အမျှ ကြောက်မက်ဖွယ်ရာ စွမ်းအားတို့အား ထုတ်လွှတ်နေခဲ့၏။

မထိုးဖောက်နိုင်သော ခံတပ်သည်
အင်မော်တယ် နဂါးမြို့တော်နှင့် တူနေခဲ့၏။
ဟင်းလင်းပြင် ဘုရားကျောင်း၏
ကောင်းကင်ကိုးလွှာ မှော်ကျိန်စာ အနက်တွင်
သူသည် နံပါတ်ခြောက်
မိုးကုတ်စက်ဝိုင်းမြို့တော် ဖြစ်၏။

မိုးကုတ်စက်ဝိုင်းမြို့တော်၏ အကာအကွယ်နှင့်
အစွန်းတစ်ထောင် စီးဆင်းနေသော
အလင်းတန်းကြေးမုံ၏ ခံစစ်တို့သည်
နောက်ဆုံးတွင် ကောင်းကင်ဖျက်ဆီး ဓားအား
ရပ်တန့်နိုင်ခဲ့သည်။

ရွှမ်းလင်သူတော်စင်အား အသက်ရှူဖို့
အချိန်မပေးခဲ့ပဲ ရွှမ်းလီသည်
နောက်ထပ်တစ်ခေါက် ထပ်မံခုတ်ချလိုက်၏။
ဤခါးချက်မှာ ယခင်တစ်ခေါက်ကထက်
များစွာပို၍ ခက်ထန်ကြမ်းတမ်းကာ
အညှာအတာ ကင်းမဲ့ပေသည်။ တောင်ပေါ်မှ
ဆီးနှင်းထုများက ပြိုကျလာသကဲ့သို့ ဖြစ်၏။
ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေသည်
တစ်ချက်တည်းနှင့် ပြိုကွဲသွားတော့မည်ကဲ့သို့
တုန်ခါသွားခဲ့၏။

ချင်ပြည်သူလူထုတို့သည်
ထိတ်လန့်တုန်လှုပ်ကုန်ကြသည်။
ချင်ကေရာဇ်က မှော်ကျိန်စာ တစ်ခုကို

ထုတ်လွှတ်ကာ မြို့တစ်မြို့လုံးကို
တည်ငြိမ်အောင် လုပ်လိုက်ရ၏။

ဒုတိယခေါးချက်အား ရင်ဆိုင်ရန်
ရွှမ်းလင်သူတော်စင်သည် လုံး၀တွေဝေမနေခဲ့ပဲ
သူ၏ညာမျက်လုံး အတွင်းတွင်
သိုဝှက်ထားသော ကျောက်တုံးလေးကားအား
ယူဆောင်လိုက်၏။ ထိုလေးကားသည်
လျှင်မြန်စွာဖြင့် ကြီးထားလာခဲ့ကာ
မိုးကုတ်စက်ဝိုင်း မြို့တော် တစ်ခုလုံးအား
ကျုံးတစ်ခုအလား ပတ်ပတ်လည်
ကာရံထားခဲ့သည်။

သူ၏ကာကွယ်မှုအသစ်နှင့် မိုးကုတ်စက်ဝိုင်း
မြို့တော်သည် နတ်ရဲတိုက်တစ်ခုအလား
ကောင်းကင်ပေါ်သို့ တက်လာခဲ့ကာ
ထိုခါးချက်အား ကာကွယ်လိုက်သည်။

သို့သော်လည်း ကျန်နေသော လူအုပ်ကြီးမှာ
ကြောက်ရွံ့စွာနှင့် ကြည့်ရုံသာ ကြည့်နိုင်ခဲ့သည်။
ဟင်းလင်းပြင် ဘုရားကျောင်းမှ နာမည်ကြီး
အကြီးအကဲ တစ်ယောက်ဖြစ်သော
အင်အားကြီးသည့် အင်မော်တယ် ဝိညာဉ်
အဆင့်မှ ရွှမ်းလင်သူတော်စင်သည်
မှော်လက်နက် တစ်ခုကြောင့် ဤကဲ့သို့သော
ကူရာမဲ့ အခြေအနေသို့ ရောက်သွားခြင်းသည်
လူအုပ်ကြီးအား တုန်လှုပ်စေခဲ့သည်။

စင်မြင့်၏ အရှေ့နှင့် အနောက်မှ
နေရာအသီးသီးတို့မှ လင်းဖုန်းနှင့်
ကောင်းဟန်တို့သည် ထိုင်နေရာမှ အသီးသီး
ထလာကြသည်။ ဤမြင်ကွင်းသည် နဂါးတိုက်ပွဲ
စင်မြင့်အား ရုတ်ရုတ်သဲသဲ ဖြစ်စေခဲ့၏။
ချင်ကေရာဇ်ရှီယု ရှိနေသော
မြောက်ပိုင်းနေရာမှလွဲ၍ ကျန်သော
အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲများသည် သူတို့၏
နေရာအသီးသီးတို့အား
မထိန်းချုပ်နိုင်ကြတော့ချေ။

ဤမြင်ကွင်းသည် အိပ်ပျော်နေသော ဘီလူးကြီး နှစ်ကောင်တို့က တစ်ချိန်တည်းတွင် နိုးထလာခဲ့ခြင်းနှင့် တူနေ၏။

ကလေးလေး တစ်ယောက်၏ အသွင်အပြင်သာ ရှိနေခဲ့သော်လည်း ကောင်းဟာန်က အေးစက်စွာနှင့် ပြောလိုက်သည်။ "ခင်ဗျားက ဒီလောက်အထိ ကရုဏာတရား ကင်းမဲ့တော့မှာလား"

"သတ်ဖြတ်တဲ့သူတွေဟာ တစ်ချိန်ကျရင် ပြန်အသတ်ခံရမှာပဲ" လင်းဖုန်းက ပြန်ဖြေလိုက်သည်။ ကောင်းဟာန်က ခေါင်းညိတ်လိုက်ပြီး သူ၏ လက်ဝါးများကို

စုစည်းလိုက်သည်။ ချက်ချင်းဆိုသလိုပင် မြေပြင်သည် တုန်ခါသွားခဲ့ကာ အလင်းတန်း တိုင်လုံးတစ်ခုသည် မိုးကောင်းကင်သို့ ထိုးတက်သွားခဲ့၏။ သူသည် ကောင်းကင်၏ အလေးချိန်အားလုံးကို ထောက်ကန်ပေးထားသကဲ့သို့ ဖြစ်နေ၏။

ဒါသည် အန္တိမ မကောင်းဆိုးဝါး နှိမ်နင်းခြင်း တိုင်လုံးမှလွဲ၍ အခြားမဟုတ်ပေ။

ဤတိုင်လုံးသည် ကောင်းဟာန်၏ လက်အတွင်းတွင် ရှီထျန်းရီ အသုံးပြုခဲ့စဉ်ကနှင့် ကွဲပြားနေခဲ့သည်။ သူသည် များစွာပို၍ ခမ်းနားထည်ဝါက ကောင်းကင်၊ အချိန်နှင့်

တိုးတက်ပြောင်းလဲခြင်းတို့ထက်
သာလွန်မြင့်မြတ်နေခဲ့၏။

သူသည် ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေအား
မဖျက်ဆီးခဲ့သော်လည်း ဤတိုင်လုံး၏
အစွန်းနှစ်ဘက်တို့သည် ဤသီးသန့်ကမ္ဘာ၏
နယ်နိမိတ်တို့အား ချိုးဖောက်သွားခဲ့သည်။

ဒါတင်သာ မကသေးပေ။ ထိုတိုင်လုံးသည်
သဘာဝ စီးဆင်းနေသော မြစ်တစ်စင်းအလား
ဟင်းလင်းပြင်အလွန် အထိတိုင်အောင်
ထွင်းဖောက်သွားခဲ့သည်ကို အားလုံးတို့က
တွေ့နေရသည်။

ထိုတိုင်လုံးကြီးသည် လင်းဖုန်းထံသို့
ရောက်ရှိလာသည်နှင့် သူသည်
သူ၏ညာလက်အား မြှောက်လိုက်ကာ
လက်ညှိုးနှင့် လက်ခလယ်တို့အား
ကောင်းကင်အပေါ်သို့ ညွှန်ပြလိုက်သည်။
မီးခိုးရောင် ခဲးပုံစံအော်ရာတစ်ခုက
လေထုအတွင်းတွင် ပေါ်လာခဲ့၏။

လင်းဖုန်းထံမှ အနက်နှင့်အဖြူ
လေစီးကြောင်းတစ်ခု ထွက်လာခဲ့ကာ
ထိုက်ကျိသင်္ကေတ တစ်ခု ဖြစ်သွားခဲ့သည်။
သူ၏အလယ်မှနေ၍ မီးခိုးရောင် ခဲးအော်ရာက
မြင့်တက်လာခဲ့ကာ နောက်ထပ်

စွမ်းအားဖန်ဆင်းခြင်း ဒိုင်မန်းရှင်း တစ်ခုအား ထုတ်လွှတ်လိုက်၏။

ကောင်းကင်ဖျက်ဆီး ခေးချီ!

သူ၏လက်အား ငှေ့ယမ်းခဲ့ခြင်းနှင့်အတူ ထိုခေးသည် ထွက်ပေါ်လာခဲ့ကာ ဟင်းလင်းပြင်တစ်ခုလုံး ကစဥ့်ကလျား ဖြစ်သွားခဲ့သည်။

ဘန်းကနဲ မြည်သံနှင့်အတူ ထိုတိုင်လုံးသည် လင်းဖုန်းခေး၏ ဖျက်ဆီးခြင်းကို ခံခဲ့ရ၏။

ဒိုင်မန်းရှင်း တိုင်လုံးတစ်ခုက ပြိုကျသွားခဲ့သကဲ့သို့ ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ကောင်းဟန်၏ မျက်လုံးများတွင် ဒေါသများနှင့် ပြည့်လာခဲ့သည်။ မီးတောက်များက ကျယ်ပြန့်လာခဲ့ပြီးနောက် ဘာမှမရှိတော့သည့်အထိ ပြန်လည်ရုပ်သိမ်းလိုက်သည်။ ပြီးတာနှင့် သူတို့သည် အေးစက်သွားကြ၏။

သူ၏အော်ရာသည် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့သည်။ သို့သော်လည်း သူ၏ပတ်ပတ်လည်မှ တိမ်တိုက်များက

လည်ပတ်လာကြကာ ရဲတိုက်ကြီးအသွင်
ပြောင်းသွားကြ၍ သူ့အား လုံးဝဖုံးအုပ်သွားခဲ့၏။

သူ၏ကိုယ်ပိုင် မိုးကုတ်စက်ဝိုင်း မြို့တော်အား
အသုံးပြုကာ လင်းဖုန်း၏ ကောင်းကင်ဖျက်ဆီး
ခေးချီအား ဟန့်တားလိုက်ကာ
ကောင်းဟန်သည့် မှော်ကျိန်စာများအား
တစ်ခုပြီးမှတစ်ခု ထုတ်လွှတ်လိုက်သည်။
လင်းဖုန်း၏ အပေါ်တွင် တိမ်တိုက်များ
တစ်လွှာပြီးမှတစ်လွှာ စုစည်းလာကြသည်။

ထိုအဖြူရောင် တိမ်တိုက်များသည်
ရွှေရောင်ပြောင်းသွားကြကာ ခက်ထန်သော
မိုးခြိမ်းသံများနှင့် လျှပ်စီးများကို

ပစ်ချလိုက်သည်။ သူတို့သည်
လျှပ်စစ်စီးကြောင်း သက်သက်မဟုတ်ကြပေ။
အသက်စွမ်းအင်နှင့် တူနေသော
မီးပွားများလည်း ပါနေကြ၏။

ရက်တစ်ရာ တိမ်တိုက်နဂါး တောင်ဝင်မိုးကြိုး
မှော်ကျိန်စာ!

မိုးကုတ်စက်ဝိုင်း မြို့တော်၏
အကာအကွယ်အောက်တွင် ကောင်းဟန်သည်
လျှပ်စီးနဂါး စစ်တပ်တစ်ခုအား
စုဆောင်းလိုက်ကာ သူ၏လက်ချောင်းများကို
ဝှေ့ယမ်းလိုက်၍ လင်းဖုန်းထံသို့
စေလွှတ်လိုက်သည်။

အမှုအရာ တစ်စက်ကလေးမှ မပြောင်းလဲခဲ့ပဲ
ကောင်းကင်ဖျက်ဆီး ခေါးချီအားလည်း
မရွေ့ပြောင်းပဲနှင့် လင်းဖုန်းသည်
သူ၏ဘယ်လက်ဖြင့် မှော်ကျိန်စာတစ်ခုအား
ဖော်ဆောင်လိုက်ကာ ဟင်းလင်းပြင်အား
ချက်ချင်းခြေမွလိုက်သည်။

ကစဉ့်ကလျားမှုများ အတွင်းမှ အဆုံးမဲ့
မြေ၊ရေ၊လေ၊မီးတို့က ထွက်ပေါ်လာကြသည်။
ပူဖောင်းကဲ့သို့ စက်လုံးလေး တစ်ခုအဖြစ်သို့
အသွင်ပြောင်းသွားခဲ့ကာ ခေတ်များအား
မျှခြေညီအောင် ပြန်လုပ်ပေးလိုက်ကြ၏။

လင်းဖုန်းသည် ထိုပူဖောင်းအား ဘက်လက်ဖြင့် အသာတို့လိုက်ရာ ချက်ချင်း ပေါက်ကွဲသွားခဲ့သည်။ တစ်ခုက ကြည်လင်နေ၍ တစ်ခုက နောက်ကျိနေသော စွမ်းအားစီးကြောင်း နှစ်ခုတို့သည် ပူဖောင်းအတွင်းမှ ကြီးမားလှသော စွမ်းအားများဖြင့် ပေါ်ထွက်လာကြသည်။

မူလ ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း နည်းစနစ်!

လင်းဖုန်း၏ ဘေးပတ်ပတ်လည်မှ ယင်နှင့်ယန်တို့သည် ပို၍ပြင်းထန်စွာနှင့် လည်ပတ်လာကြကာ သူသည် ထိုနည်းစနစ်မှ

စွမ်းအားများကို ကိုင်တွယ်၍ ကောင်းဟန်၏ လျှပ်စီးကြောင်းများကို ဖြိုခွဲပစ်ခဲ့သည့်.

တိုက်ပွဲတို့၏ ဆက်လက်တိုက်ခိုက်နေခြင်းနှင့်အတူ ရှီထျန်းဟောင်သည် ရှီထျန်းရီ၏ အရှေ့သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ မှော်ကျိန်စာ တစ်ခုအား ထုတ်လွှတ်ကာ သူ၏ပြေးလမ်းများကို ပိတ်လိုက်၏။ ပြီးတာနှင့် ရှီထျန်းဟောင်သည် လက်သီးတစ်လုံးဖြင့် ထိုးချလိုက်၏။

ရှီထျန်းရီ၏ စိတ်ဝိညာဉ်သည် လက်တစ်ဘက်မရှိခဲ့ပဲ ယခုလေးမှပင်

အကောင်အထည် ပြန်ပေါ်လာခြင်းဖြစ်သည်။ သူသည် ရှီထျန်းဟောင်၏ ထိုးနှက်ခြင်းအား ခံခဲ့ရသောအခါ သူ၏ခန္ဓာကိုယ်မှ အက်ကွဲကြောင်းများ ပေါ်လာခဲ့သည်။

သေတော့မည့် ခံစားချက်များသည် ရှီထျန်းရီ၏ စိတ်အတွင်းတွင် ပေါ်လာခဲ့၏။ "ဒီလိုမျိုး ဖြစ်ရမှာ မဟုတ်ဘူးလေ။ ငါက ထူးခြားစွာနဲ့ မွေးလာခဲ့တာ။ သက်ရှိတွေအထဲမှာ ထိပ်ဆုံးပဲ။ မင်းလိုမျိုးလူထက် ဘယ်လိုမျိုး နိမ့်ကျနိုင်မှာလဲ။ မင်းရဲ့ကိုယ်ထဲမှာ တာအိုအခြေခံ သွေးတွေစီးဆင်းနေရင်တောင်မှပေါ့"

"မင်းကငါ့ရဲ့ တာအိုအခြေခံတွေကို ခိုးယူဖို့ အကွက်ချခဲ့တဲ့နေကစပြီးတော့ မင်းရဲ့ကံကြမ္မာကို ဖန်တီးပြီးသား ဖြစ်သွားခဲ့ပြီ" ရှီထျန်းဟောင်က ကြုံးဝါးလိုက်၏။ "အဲ့ဒီတုံးက အချိန်အရမ်းစောသေးတယ်။ ဒါပေမဲ့ အခုအချိန်မှာ တရားစီရင်ရမယ့် အချိန်ကျပြီ။ ဒီကမ္ဘာပေါ်မှ တရားမျှတမှုဆိုတာရှိတယ်။ သူက သူ့ကိုယ်သူ မလုပ်ဆောင်ရင်တောင် ငါကမင်းဆီကို သယ်ဆောင်လာပေးလိုက်မယ်"

"အခုအချိန်မှာ မင်းရဲ့အချိန် ပြည့်သွားပြီ"

သွေးရှူးသွေးတန်း အော်ဟစ်သံနှင့်အတူ ရှီထျန်းရှီ၏ အခြေတည်ဝိညာဉ်သည်

မီးတောက်များဖြင့် ပေါက်ကွဲလာခဲ့ကာ သူ၏စွမ်းအား အားလုံးတို့အား သူ၏ သူငယ်အိမ်အတွင်းတွင် စုစည်းထားခဲ့သည်။

စွမ်းအားကုန်ခမ်းကာ အရောင်မှိန်နေခဲ့သော မျက်လုံးသူငယ်အိမ်သည် ပြန်လည်၍ တောက်ပလာခဲ့၏။

"ငါ၊ ရှီထျန်းရီဟာ ဘယ်သူ့ကိုမှ ဦးမညွတ်နိုင်ဘူး" ရှီထျန်းရီက အော်ဟစ်လိုက်၏။

"သေစမ်း" ရှီထျန်းဟောင်က
ကြုံးဝါးလိုက်သည်။

ရှီထျန်းရီအား အင်အားပြန်လည်စုဆောင်းရန်
အချိန်မပေးတော့ပဲ ရှီထျန်းဟောင်သည်
လေပေါ်သို့ ခုန်တက်လိုက်ကာ
မျက်လုံးသူငယ်အိမ်အား သူ၏လက်များဖြင့်
ရိုက်ချလိုက်၍ ရှီထျန်းရီ၏ စွမ်းအားနှင့်
စိတ်ဝိညာဉ်တို့အား ပြန်ထွက်လာစေခဲ့၏။ သူ၏
အခြေတည်ဝိညာဉ်သည် ကြေမွသွားခဲ့ကာ
ဘေးပတ်ဝန်းကျင်သို့ ဖြာဆင်းလာခဲ့သည်။

ရုတ်တရက်ပင် အဖြူနှင့်အနက်
အလင်းတန်းတစ်ခုသည် စင်မြင့်အပေါ်သို့

ရောက်လာခဲ့သည်။ တင့်တယ်သောတိမ်တိုက်
သူတော်စင်မယ်သည် လင်းဖုန်းက
အလုပ်ရှုပ်နေသော အချိန်တွင် ရှီထျန်းရီအား
ကယ်တင်ရန် ကြိုးစားလိုက်၏။

လင်းဖုန်း၏ အကြည့်သည်
အေးစက်သွားခဲ့သည်။ "သွားစမ်း"

သူကဘာမှလုပ်စရာ မလိုခဲ့ပဲ
ရွှမ်းလင်သူတော်စင်အား
ချောင်ပိတ်ရိုက်နေခဲ့သော ရွှမ်းလီသည်
ရုတ်တရက် လှည့်လာခဲ့ကာ အကာအကွယ်
မဲ့ကျိန်စာအား ဓားတစ်ချက် ဝှေ့ယမ်း၍
နှစ်ပိုင်းပိုင်းလိုက်၏။

တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်သည် မှင်သက်သွားခဲ့သည်။ သူမသည် ပြန်လှည့်လိုက်ကာ သူမ၏ အင်္ကျီလက်စ အတွင်းမှ ပိုးစတစ်ခုကို ထုတ်လိုက်ရာ အမျိုးသမီးတစ်ယောက်၏ ပုံရိပ်အဖြစ်သို့ ပြောင်းသွားခဲ့သည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲ တစ်ယောက်နှင့် ပွားစည်းခြင်းအဆင့်မှ လက်နက်တစ်ခုတို့၏ ပူးပေါင်းစွမ်းအားတို့သည် အဖြူနှင့်အနက် အလင်းတန်း တစ်ခုအနေနှင့် ကောင်းကင်ဖျက်ဆီးခါးကို ဝန်းရံလိုက်ကြသည်။

သို့သော်လည်း ဒါသည် ဘာမှ အသုံးမဝင်ခဲ့ချေ။

ဓားတစ်ချက် ဝှေ့ယမ်းလိုက်ခြင်းသည် ပိုးစကို နှစ်ပိုင်းပိုင်းနိုင်ခဲ့သည်။

ထိုအချိန်တွင် အေးစက်သော လေပြင်းများ တိုက်လာခဲ့ကာ စင်မြင့်အပေါ်တွင် ဆီးနှင်းမုန်တိုင်းများ ကျလာခဲ့၏။ တစ်ချိန်လုံး အသံမထွက်ခဲ့သော နတ်ရေကန်ဂိုဏ်းမှ ချောင်ဝေသည် နောက်ဆုံးတွင် သူ၏ ရည်ရွယ်ချက် အစစ်အမှန်ကို ဖော်ပြခဲ့သည်။

သူ၏ ပစ်မှတ်သည် ရှီထျန်းဟောင်မှလွဲ၍ အခြားမဟုတ်ပေ။

စင်မြင့်အပေါ်တွင် ကစဥ္စကလျှားနှင့် ရှန်းရင်းဆန်ခတ် ဖြစ်သွားကြ၏။

## စာစဥ် ၃၁ : အပိုင်း ၁၆

## အပိုင်း ၅၈၆ : လင်းဖုန်း၏ စွမ်းအားနှင့် မှော်ရတနာတို့၏ သဘာဝများ

ရောမ ဆီးနှင်းမုန်တိုင်း တစ်ခုသည် ရှီထျန်းဟောင်ထံသို့ ပေါက်ထွက်လာသော

ရေကာတာကဲ့သို့ ကျရောက်လာခဲ့သည်။
ချောင်ဝေသည့် ဖရိုဖရဲဖြစ်နေသော
အခြေအနေကို အခွင့်ကောင်းယူကာ
သူ၏ပြိုင်ဘက်ကို အပြတ်ရှင်းချင်နေ၏။

လင်းဖုန်းသည် သူ့အား
တစ်ချက်ကြည့်လိုက်ကာ ဆီးနှင်းနှင့်
ရေခဲများကို သူ၏ကိုယ်ပေါ်သို့
အဖုံးလွှမ်းခံခဲ့သည်။

ခဏအကြာတွင် လင်းဖုန်း၏ အပေါ်တွင်
တောက်ပသော အလင်းတန်းတစ်ခု
ပေါ်ထွက်လာခဲ့၏။ ဟင်းလင်းပြင် အတွင်းမှ
ဒင်ကနဲ မြည်သွားခဲ့ကာ

ခေါင်းလောင်းတစ်ခုသည် ဟင်းလင်းပြင်ထံသို့ ချိုးဖောက်ရောက်လာခဲ့သည်။

တစ်ချက်တီးလိုက်သည်နှင့် ချောင်ဝေ၏ ရေခဲဆီးနှင်းများသည် ချက်ချင်းပင် အငွေ့ပျံသွားကြ၏။

ဒါသည် ကြမ္မာပန်းတိုင် ခေါင်းလောင်းမှလွဲ၍ အခြားမဟုတ်ပေ။

ခေါင်းလောင်း၏ပုံစံသည် တဖြည်းဖြည်းနှင့် ရောမ ကျောက်တုံးဂိတ်ကြီး တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။ ဂိတ်၏အရှေ့တွင်

ရှေးဟောင်း သင်္ကေတများ၊ ရုပ်ပုံများနှင့် ပြည့်နှက်နေခဲ့၏။ အတွင်းဘက်မှနေ၍ အသက်စွမ်းအင်များကို ခံစားနိုင်ခဲ့သည်။

ခေါင်းလောင်းသံများ အဆက်မပြတ် မြည်လာခြင်းနှင့်အတူ ကျောက်တုံးဂိတ်ကြီးသည် အသက်စွမ်းအင် အရိပ်အရောင်များကို ဖော်ပြနေခဲ့သည်။ ဒါသည် ကြမ္မာပန်းတိုင် ခေါင်းလောင်း၏ ပထမ ပြောင်းလဲခြင်းဖြစ်သော အသက်ဖန်ဆင်းခြင်း တံခါးဖြစ်သည်။

ဒါသည် အသက်တို့၏ စတင်ခြင်းကို ဖော်ပြနေခြင်း ဖြစ်သည်။ ဂိတ်အတွင်းမှနေ၍

အရာအားလုံးတို့သည် ဖန်ဆင်းခြင်း
စွမ်းအားတို့ဖြင့် ထွက်လာကြသည်။

နားကွဲလုမတတ် မြည်ဟည်းသံတစ်ခုဖြင့်
လေးလံလှသော ဂိတ်ကြီးသည် ပွင့်သွားခဲ့၏။

လူအုပ်ကြီးသည် တိတ်ဆိတ်သွားကြကာ
အသက်ပင် မရှူနိုင်ကြပဲ
အံ့သြမှင်သက်နေကြသည်။ ကောင်းဟန်၊
ရွှမ်းလင်သူတော်စင်နှင့် ချင်ကေရာဇ်တို့ပင်
သူတို့၏ အာရုံများ အားလုံးကို ဤဖန်ဆင်းခြင်း
တံခါးအပေါ်သို့ စူးစိုက်ထားကြသည်။

သူတို့၏ စွမ်းအင်များဖြင့် သူတို့သည် ဤဂိတ်သည် လင်းဖုန်းနှင့် စွမ်းအား အရင်းအမြစ် အတူတူပင် ဖြစ်သည်ဟု ပြောနိုင်ကြသည်။

ဒါသည် လင်းဖုန်း၏ ကိုယ်ပိုင် မှော်ရတနာပင် ဖြစ်၏။

ဂိတ်များက ပွင့်သွား၍ မျက်စိကျိန်းစေခဲ့သော အလင်းရောင်များသည် စင်မြင့်အား ဖုံးလွှမ်းသွားခဲ့သည်။ လူတစ်ယောက်၏ ပုံရိပ်သည် ချောင်ဝေထံသို့ ပြေးဝင်သွားခဲ့သည်။

"ဒါ.. ဒါတွေက စိတ်ဝိညာဉ် စစ်သည်တွေပဲ"
ချောင်ဝေသည် မတုံ့ပြန်နိုင်ခဲ့ပဲ
ရပ်တန့်သွားခဲ့ကာ ရေရွတ်လိုက်သည်။

ထိုကဲ့သို့သော နည်းဗျူဟာသည် အထူးအဆန်း
မဟုတ်ပေ။ ဝင်္ကပါများကို အသုံးပြုကာ
တစ်ယောက်သည် အဆင့်နိမ့်သော
တပ်သားများကို စုစည်းကာ
အဆင့်မြင့်သောသူများအား အရေအတွက်ဖြင့်
ကျော်လွှားနိုင်ကြသည်။

နတ်ဘုရားနယ်မြေ အတွင်းတွင်ပင်
ထိုနည်းဗျူဟာများ ရှိကြသည်။

မွန်းစတားများကို လူသားစစ်သည်များ
နေရာတွင် အစားထိုးခြင်းများ ရှိကြသည်။

မဟာကျိုး အင်ပါယာ၏ ရှန်းဝူစစ်တပ်သည်
စွမ်းအားအဆင့် အမျိုးမျိုး ရှိကြသော
စစ်သားများကို စုပေါင်းကာ
တစ်ယောက်နှင့်တစ်ယောက် ပူးပေါင်း၍
အင်အားကြီးသော စစ်တပ်တစ်ခုကို
တည်ထောင်နိုင်ခဲ့သည်။

စစ်တပ်များသည် အရေအတွက်ကို
အားကိုးရ၏။ အရည်အချင်း နေရာတွင်
အရေအတွက်နှင့် အစားထိုးရသည်မှာ
နည်းဗျူဟာတစ်ခုပင် ဖြစ်၏။

ချောင်ဝေ၏ နတ်ရေကန်ဂိုဏ်းတွင်လည်း ထိုကဲ့သို့သော နည်းဗျူဟာ တစ်ခုရှိသည်။

ကွာခြားချက်မှာ သူတို့သည် စိတ်ဝိညာဉ် စစ်သည်များအစား အသိစိတ်ရှိသောသူများကို အသုံးပြုကြခြင်း ဖြစ်သည်။
အဘယ်ကြောင့်ဆိုသော် မူလစိတ်ဝိညာဉ် ရှိသော မှော်ရတနာတစ်ခုကမှ ထိုကဲ့သို့သော စစ်သည်မျိုးကို
ဖန်တီးစုဆောင်းနိုင်သောကြောင့် ဖြစ်၏။
ထို့အပြင် သူတို့သည် အခြေတည်ဝိညာဉ် အဆင့်တွင်သာ အကန့်အသတ်ရှိ၏။

အရေအတွက် လုံလောက်စွာရှိနေလျှင် ထိုနည်းဗျူဟာသည် အသုံးဝင်နိုင်မည် ဖြစ်သည်။ သို့သော်လည်း အဆင့်တူသော အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများနှင့် လက်နက်များကို ရင်ဆိုင်ရာတွင် ထိုစစ်သည်များကို ဖန်တီးရန် ထုတ်လွှတ်ရသည့် စိတ်ဝိညာဉ် စွမ်းအင်များသည် အလဟဿ ဖြစ်သွားပေမည်။ ထိုစွမ်းအင်များကို မိမိကိုယ်တိုင်၏ စွမ်းအားကို တိုးတက်ရန် အသုံးပြုရမည် ဖြစ်၏။

သို့သော်လည်း ချောင်ဝေသာမကပဲ အားလုံးတို့သည် ထိုတစ်ယောက်တည်းသော

စိတ်ဝိညာဉ် စစ်သည်အား အံ့သြစွာဖြင့်
စိုက်ကြည့်နေကြသည်။

ထိုစစ်သည်သည် အဖြူတစ်ဝက်
အနက်တစ်ဝက် ဖြစ်၏။ သူ၏ ပုံစံသည်
ထူးခြားနေကာ မျက်နှာသွင်ပြင်များ
ပေါ်နေသော်လည်း ရေခဲကဲ့သို့
အေးစက်နေခဲ့၏။

ဒါသည် အဓိကအချက် မဟုတ်ပေ။
အဓိကအချက်မှာ သင်က မည်သို့ပင်
ကြည့်စေကာမူ ထိုစစ်သည်၏ စွမ်းအားသည်
အင်မော်တယ် ဝိညာဉ် အဆင့်က

ကျင့်ကြံသူများနှင့် ယှဥ်ပြိုင်နေနိုင်ခြင်း ဖြစ်သည်။

အင်မော်တယ် ဝိညာဥ်နှင့် ယှဥ်ပြိုင်နိုင်သော စိတ်ဝိညာဥ် စစ်သည်တစ်ဦး! ယုံနိုင်ဖွယ် မရှိချေ။

"ဒါက ပုံရိပ်ယောင်လား၊ ဒါမှမဟုတ် မှော်ရတနာတစ်ခုရဲ့ စွမ်းအားကို ယူသုံးထားတာလား" ဘေးမှလူများက တွေးလိုက်ကြ၏။ အင်မော်တယ် ဝိညာဥ် အဆင့်မှ အကြီးအကဲများ အပါအဝင် ကျန်သောသူများ အားလုံးတို့သည်

ပါးစပ်အပေါက်သားနှင့်သာ
တုံ့ပြန်နိုင်ကြသည်။

ဒါသည့် လင်းဖုန်း၏ ကြမ္မာပန်းတိုင်
ခေါင်းလောင်း ဖြစ်၏။ အသက်စွမ်းအင်တို့ဖြင့်
ပြည့်ဝနေခဲ့သော မှော်ရတနာ ဖြစ်သည်။

ကုသနိုင်သော စွမ်းအားဖြင့်
ထိုခေါင်းလောင်းသည် သေအံ့မူးမူးလူများကိုပင်
ကုစားနိုင်ခဲ့သည်။ သူရှိနေလျှင် လင်းဖုန်းအား
ရပ်တန့်၍ မရနိုင်ပေ။ ဒဏ်ရာမှာ မည်မျှပင်
ပြင်းထန်ပါစေ သူသည် ချက်ချင်း
ကုစားနိုင်ပေသည်။

သူသည် တစ်ယောက်အား
ကာကွယ်ပေးနိုင်ရုံတင် မကပေ။
အစွမ်းထက်သော လက်နက်တစ်ခု အနေဖြင့်
သူသည် ထိုက်ကျိစစ်သားများကို
မွေးထုတ်ပေးနိုင်သည်။

မှော်ရတနာ၏ စွမ်းအားများကို အသုံးပြု၍
စစ်သားများကို ဖန်ဆင်းခြင်းသည်
သူ၏စွမ်းအားကို အလဟဿ ဖြစ်စေခြင်း
ဖြစ်သည်။ သို့သော်လည်း သူ၏စွမ်းအင်မှာ
အသက်ဖန်ဆင်းခြင်း ဖြစ်သော ကြမ္မာပန်းတိုင်
ခေါင်းလောင်းအတွက်မှု ဒါသည်

သူ၏စွမ်းအားများကို ဖော်ထုတ်ရန်
အကောင်းဆုံး နည်းလမ်းတစ်ခု ဖြစ်၏။

လူအုပ်ကြီးက သတိပြန်ဝင်လာသည့် အချိန်တွင်
ထိုစစ်သည်သည် ချောင်ဝေ၏ အရှေ့သို့
ရောက်လာခဲ့ပြီ ဖြစ်၏။ လင်းဖုန်း၏
ကိုယ်ပိုင်လက်သီးဖြစ်သည့် မဟာကောင်းကင်
နေမင်းလက်သီးဖြင့် ထိုးချလိုက်သည်။

အလင်းတန်းများက တောက်ပစွာနှင့်
လင်းလက်လာခဲ့ပြီး ခက်ထန်သော အဝါရောင်
မီးတောက်များက လိုက်လာခဲ့သည်။
ချောင်ဝေသည် ဘာမှမတတ်နိုင်ခဲ့ပဲ သူ၏

စွမ်းအားများကို အကုန်ထုတ်ကာ ထိုတိုက်ခိုက်မှုအား ကာကွယ်ခဲ့ရသည်။

ထိုမြင်ကွင်းအား မြင်လိုက်ရသော ဘေးမှလူအုပ်ကြီးသည် တီးတိုးရေရွတ်လိုက်ကြသည်။ "ဒါက တကယ်ကိုပဲ အင်မော်တယ် ဝိညာဉ် အဆင့်က စွမ်းအားတွေကို ပိုင်ဆိုင်ထားတဲ့ စိတ်ဝိညာဉ် စစ်သည်တစ်ယောက် ဖြစ်တယ်"

ဒါသည် နတ်ဘုရားနယ်မြေတွင် ယခင်က တစ်ခါမှ မမြင်ဖူးသည့် မြင်ကွင်းတစ်ခု ဖြစ်သည်။ ထိုကဲ့သို့သော စွမ်းရည်ရှိသော စစ်တပ်တစ်ခုကို စဉ်းစားလိုက်ရုံမျှပင်

အားလုံးတို့၏ ကျောရိုးအတွင်းတွင် စိမ့်ကနဲ ဖြစ်စေခဲ့သည်။

လူအုပ်ကြီးသည် သူတို့၏အရှေ့မှ လေးလံသော ကျောက်တုံးဂိတ်ကြီးကို မယုံနိုင်စွာဖြင့် ကြည့်နေကြသည်။ ဒါက ဘယ်လို မှော်ရတနာမျိုးလဲ"

"ဒီစစ်သည်က အားနည်းချက်တွေတော့ ရှိတယ်။ ဒါက တကယ့် အင်မော်တယ် ဝိညာဉ် အဆင့်က စစ်သည်တစ်ယောက်နဲ့ မတူဘူး" မဟာချင် အင်ပါယာမှ ဝူချင်လျှိုက တိတ်ဆိတ်မှုကို ချိုးဖောက်ကာ ပြောလိုက်သည်။ "ဒါက အင်မော်တယ် ဝိညာဉ်

အဆင့်က မှော်ရတနာ တစ်ခုရဲ့ စွမ်းအားနဲ့ သန့်စင်တဲ့ စိတ်ဝိညာဉ်တစ်ခုတို့က ပေါင်းစပ်မွေးဖွားလာခဲ့တာပဲ"

"ဒါပေမဲ့ သူ့ရဲ့ စွမ်းအားအရင်းအမြစ်ကို ဖယ်ရှားလိုက်ရင်၊ တခြားစကားလုံးတွေနဲ့ ပြောရရင် ကြမ္မာပန်းတိုင် ခေါင်းလောင်းကို ဖယ်ရှားလိုက်ရင် သူ့ရဲ့ အသိစိတ်နဲ့ စွမ်းအားတွေဟာ တဖြည်းဖြည်း ပျောက်ကွယ်သွားလိမ့်မယ်"

"ဒါအပြင် ဒါက သူ့ပိုင်ရှင်ရဲ့ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်ထက် အများကြီး အားနည်းသေးတယ်"

ချင်ကေရာဇ်က တိုးတိုးလေး ရေရွတ်လိုက်သည်။ "ဒါပေမဲ့ လင်းဖုန်းရဲ့ ဒီမှော်ရတနာက အကန့်အသတ် မရှိဘူး။ ဒီလိုစစ်သားမျိုးကို နောက်ထပ်ဘယ်လောက် ထပ်ထုတ်နိုင်သလဲ ဆိုတာကို ဘယ်သူက သိမှာလဲ။ ဒီမှော်ရတနာရဲ့ စွမ်းအားကို နောက်ထပ်တိုးမြှင့်နိုင်ခဲ့ရင် ဒီစစ်သည်တွေက ဘယ်လောက်အထိ အစွမ်းထက်လာမှာလဲ ဆိုတာကို ဘယ်သူက ပြောနိုင်မှာလဲ"

ဝူချင်လျှို၏ အမူအရာသည် ခါးသီးသော အပြုံးတစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့သည်။

"ဒါကလည်း မှန်တာပဲ။ စစ်တပ်ဆိုတာက
အရေအတွက်နဲ့ အနိုင်ယူတာဖြစ်တယ်"

သူ၏စကားမဆုံးသေးခင်တွင်ပင် လေးလံသော
ကျောက်တုံးဂိတ်ကြီးသည် ထပ်ဖန်တစ်ခါ
တုန်ခါသွားခဲ့သည်။ နောက်ထပ် စိတ်ဝိညာဉ်
စစ်သည်တစ်ယောက် ထွက်လာကာ
ချောင်ဝေထံသို့ ရောက်လာခဲ့၏။

ချောင်ဝေ၏ ဘယ်လက်သည် ထူးခြားသော
မှော်ကျိန်စာ တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ကာ
သူ၏ညာလက်သည် ခေါးမြှောင်ကဲ့သို့
သူ၏နဖူးထံသို့ ပြန်ထိုးလိုက်သည်။

သူ၏ဘယ်လက်အား ဖွင့်လိုက်သောအခါ
ဆီးနှင်းမှုန်တိုင်းများသည် မထိန်းချုပ်နိုင်သော
မီးတောက်များကဲ့သို့ ပျံ့လွင့်သွားကြသည်။
သူ၏ညာလက်ညှိုး ထိပ်ဖျားသည်
သူထိတွေ့ခဲ့သမျှ အရာတိုင်းအား ရေခဲအဖြစ်သို့
ပြောင်းစေခဲ့၏။ သူ၏ ခေါင်းစခြေဆုံး
တစ်ကိုယ်လုံးသည် ရေခဲပြင်နှင့်
ဖုံးလွှမ်းထားသကဲ့သို့ ဖြစ်သွားခဲ့သည်။

ခဏအကြာတွင် ရေခဲပြင်ကြီးသည်
မီးတောက်တစ်ခုကဲ့သို့ ပေါက်ကွဲသွားခဲ့သည်။
ရေခဲအစအနများက နေရာအားလုံးသို့
ပျံ့လွင့်သွားကြ၏။ တစ်ချိန်တည်းမှာပင်

ပြီးပြည့်စုံစွာ လိုက်ဖက်ညီသော ရေခဲနှင့်
မီးတောက်များ၏ ကျွတ်ကျွတ်ဆူသော
အသံများက ထွက်ပေါ်လာခဲ့သည်။

အပြာနှင့်အနီ အလင်းတန်းတို့သည်
လေထုအလယ်တွင် ကခုန်နေကြကာ
ကျန်သောသူများက ဘာဖြစ်နေမှန်း
မသိခင်တွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ရေခဲနှင့် မီးလျှံတို့၏ ခေးနှစ်လက်အောာ်ရာ!

ဤထူးခြားသော သေစေနိုင်သည့်
မှော်ကျိန်စာသည် ပထမ ထိုက်ကျိစစ်သည်အား

တွန်းလှန်နိုင်ခဲ့သည်။ သို့သော်လည်း သူအဆင်သင့် မဖြစ်သေးခင်တွင် နောက်ထပ် စစ်သားတစ်ယောက်သည် ချောင်ဝေ၏ ခံစစ်ကို ချိုးဖောက်လာခဲ့၏။

"မြင့်တက်လာစမ်း" ချောင်ဝေက သူ၏လက်များကို မြှောက်လိုက်ရာ ရေခဲမြူခိုးငွေ့များသည် သူ၏ ချောမွေ့သော လှုပ်ရှားမှုများ၏ အနောက်သို့ လိုက်လာခဲ့သည်။ လေထုအလယ်တွင် သေးငယ်သော ဓားသွားများကဲ့သို့ ကခုန်နေကြသည်။

ဒါသည် နတ်ရေကန်ဂိုဏ်း၏ သိုဝှက်ထားသည့် မှော်ရတနာ တစ်ခုဖြစ်သည့် ရေခဲဝိညာဥ်

တိမ်တိုက်ဖြစ်သည်။ ထူးဆန်းအံ့ဩဖွယ်ကောင်းစွာနှင့်ပင် သူသည်ရေခဲနှင့်မြူခိုးငွေ့များအကြားတွင် တစ်လှည့်စီပုံပြောင်းနေခဲ့သည်။

ချောင်ဝေသည် ထိုစွမ်းအားကို သူ၏ အင်မော်တယ် ဝိညာဉ် ပထမ အဆင့်ဖြင့် ထုတ်လွှတ်နေခဲ့ရာ သူ၏ အလားအလာများကို အစွမ်းကုန် မထုတ်နိုင်ခဲ့မှန်းမှာ သိသာနေ၏။ သို့သော်လည်း သူ၏ ရေခဲမီးလျှံ ခေးနှစ်လက်အောက်ရာနှင့် ပူးပေါင်းလိုက်ရာ သူ၏ ဘေးပတ်ပတ်လည်ကို ကာကွယ်နိုင်ခဲ့သည်။

သို့သော်လည်း
ထိုက်ကျိစစ်သည်နှစ်ယောက်တို့မှာ
လုံးဝဂရုမစိုက်သည့်ပုံဖြင့် ကျောချင်းကပ်၊
ဘေးချင်းယှဉ်ကာ တိုက်ခိုက်နေကြသည်။

စစ်သည်တစ်ယောက်သည် ချောင်ဝေ၏
တိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်ခဲ့ကာ
ရေစီးကြောင်း များစွာတို့ကို ထုတ်လွှတ်လိုက်၍
ချောင်ဝေ၏ ရေခဲနှင့် မီးလျှံတို့အား
နှစ်ဆခက်ထန်စွာနှင့် ဖယ်ရှားလိုက်သည်။
ယှံနိုင်ဖွယ်ပင် မရှိခဲ့ပေ။

ဟင်းလင်းပြင်သည် ရုတ်တရက်
ပွင့်ဟသွားခဲ့၏။ အနီရောင် အလင်းတန်းများနှင့်

မီးတောက်များ ပေါက်ကွဲထွက်လာခဲ့၍
အသက်ကြီးကြီး လူတစ်ယောက်က
ထွက်လာခဲ့သည်။ သူ၏ဘေးမှ
ဆီးနှင်းမုန်တိုင်းများသည် မကြာမီတွင်
တောက်လောက်နေသော
မီးတောက်များအဖြစ်သို့ ပြောင်းသွားခဲ့၏။

သူ၏ မီးတောက်များ၏ အပူရှိန်အောက်တွင်
ထိုက်ကျိစစ်သည်၏ အဆုံးမဲ့ပင်လယ်
မှော်ကျိန်စာမှ ရေများသည်
လုံးဝအငွေ့ပျံခဲ့သလို ဖြစ်သွားခဲ့သည်။

နောက်ထပ် အစွန်းတစ်ဘက်မှ
ဟင်းလင်းပြင်သည် ထပ်ပွင့်သွားခဲ့ကာ

နောက်ထပ် အသက်ကြီးကြီးနှင့် လူတစ်ယောက် ထပ်ထွက်လာခဲ့၏။ သူသည် ထိုက်ကျိစစ်သည်အား ဂရုမထားခဲ့ပေ။ သူ၏ ပစ်မှတ်မှာ ရှီထျန်းဟောင်ဖြစ်သည်မှာ သိသာနေ၏။

ထိုမြင်ကွင်းအား မြင်လိုက်သောအခါ အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲများ၏ မျက်ခုံးများမှာ မြင့်တက်လာခဲ့သည်။ "ရေခဲမီးတောက် အကြီးအကဲ နှစ်ယောက်တို့က တစ်ချိန်တည်းမှာ ထွက်လာကြတာလား"

"ရှီကျုံးယွဲ့သည် ထိုနှစ်ယောက်တို့အား
အသေအချာ လေ့လာလိုက်သည်။ "သူတို့က
နှစ်ပေါင်းတစ်ထောင် တံခါးပိတ်
လေ့ကျင့်မှုကနေ စောစီးစွာနဲ့ ထွက်လာခဲ့တယ်။
သူတို့ရဲ့ အင်မော်တယ် ဝိညာဉ်တွေကို
မပူးပေါင်းနိုင်သေးတာ နှမြောစရာပဲ"

"ဒါပေမဲ့ သူတို့အနေနဲ့ ဒီလိုမျိုး အနစ်နာခံခဲ့တာ
ရှီထျန်းဟောင်ဆီမှာ ဘာမျှားရှိနေလို့ပါလိမ့်"

သူတို့နှစ်ယောက်တို့သည် နတ်ရေကန်ဂိုဏ်းမှ
အကြီးအကဲများ ဖြစ်ကြ၏။ သူတို့နှစ်ဦးသား
မပူးပေါင်းနိုင်ကြသေးသော်လည်း သူတို့သည်
သိုင်းပညာရပ်တွင် ထိပ်ဆုံးအဆင့်သို့

ရောက်နေကြပြီ ဖြစ်၍ စွမ်းအားကြီးလှသော ပြိုင်ဘက်များ ဖြစ်ကြသည်။

မီးတောက် အကြီးအကဲ ပေါ်လာသည့်အခါ သူ၏ မီးတောက်များသည် အင်မော်တယ်ဝိညာဉ် အဆင့်မှ ထိုက်ကျိစစ်သည်များကို တစ်ခဏအတွင်းတွင် လွှမ်းမိုးသွားနိုင်ခဲ့သည်။ သူသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပဲ ရေခဲနှင့် ပတ်သတ်သော ကျင့်ကြံမှုတို့အား လုံးဝစွန့်လွှတ်ခဲ့ကာ မီးတောက်ပညာရပ်များကိုသာ ကျင့်ကြံနေခဲ့ခြင်း ဖြစ်သည်။

ဤအချိန်တွင်ပင် အသက်ဖန်ဆင်းခြင်း
တံခါးထံမှ နောက်ထပ်
ထိုက်ကျိုစစ်သည်နှစ်ယောက် ထပ်မံ၍
ခုန်ထွက်လာကြ၏။ နှစ်ယောက်စလုံးက
အင်မော်တယ်ဝိညာဉ် ပထမ
အဆင့်တွင်ရှိကြသည်။

လူအုပ်ကြီးက တဖြည်းဖြည်း မသက်မသာ
ဖြစ်လာခဲ့၏။ လင်းဖုန်းသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတွင် တစ်ဦးတည်းသော
အင်မော်တယ်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူဖြစ်၍ သူ့အား ထိန်းသိမ်းနိုင်ခဲ့လျှင်
သူ၏ဂိုဏ်းမှ ကျန်သောသူများသည် ခုခံနိုင်စွမ်း

ရှိကြမည် မဟုတ်ဟု အားလုံးတို့က ထင်ထားကြသည်။

ဒါသည် နတ်ရေကန်ဂိုဏ်း၏ အကြံအစည်လည်း ဖြစ်၏။ သို့သော်လည်း လင်းဖုန်း၏ မှော်ရတနာသည် ဤအဆင့်ရှိ စစ်သည်များကို ထုတ်လွှတ်နိုင်လိမ့်မည်ဟု မည်သူကမှ ထင်မထားကြပေ။

ကြည့်ရသည်မှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အင်မော်တယ်ဝိညာဉ် အဆင့်မှ သူရဲကောင်းများ မရှားပေ။

ထိုစစ်သည်များသည် အင်မော်တယ်ဝိညာဉ်
ပထမ အဆင့်တွင်သာ ရှိကြ၍ ဒုတိယ အဆင့်မှ
အကြီးအကဲ နှစ်ယောက်တို့၏ ပြိုင်ဘက်များ
မဟုတ်ကြသော်လည်း တစ်ယောက်သည်
အဘယ်မှာ ဤမျှ ဒုတိယအဆင့်မှ
အကြီးအကဲများကို ရှာတွေ့နိုင်ပါမည်နည်း။

ထိုက်ကျိစစ်သည် လေးယောက်တို့သည်
အရပ်လေးမျက်နှာတွင် နေရာယူလိုက်ကြကာ
ရိုးရှင်းသော စတုရန်း ဝက်ပါတစ်ခုအား
ဖော်ဆောင်လိုက်ကြ၏။

လူအုပ်ကြီးသည် မယုံကြည်နိုင်စွာနှင့် ကြည့်နေကြသည်။ စစ်တပ်၏ စွမ်းအားသည် သူတို့၏ အရေအတွက် အပေါ်တွင် မူတည်နေသည်။ ဤဝက်ံပါဖြင့် ထိုက်ကျိစစ်သည်တို့သည် လုံလောက်သော စွမ်းအားတို့ကို ထုတ်လွှတ်နိုင်ခဲ့သည်။

သူတို့လေးယောက်သားတို့သည် တပြိုင်နက်တည်း တိုက်ခိုက်လိုက်ကြ၏။ အဆုံးမဲ့ ပင်လယ် မှော်ကျိန်စာ၊ မဟာကောင်းကင် နေမင်းလက်သီး၊ စကြာဝဠာ အလင်းတန်းနှင့် မြင့်မြတ်သော လေပြင်း၊ ကောင်းကင်သယ်ဆောင် လက်ဝါးတို့သည် တစ်ချိန်တည်းတွင် ပေါ်ထွက်လာကြသည်။

ခတ်ကြီးလေးပါးတို့၏ အစွမ်းအောက်တွင်
သူတို့၏ အနောက်မှ ဟင်းလင်းပြင်သည်
အစိတ်စိတ် အမွှာမွှာ ဖြစ်ကုန်ကြသည်။

ဖုန်မှုန့်များ ငြိမ်သက်သွားသောအခါ
အသက်ဖန်ဆင်းခြင်း တံခါးသည် ထပ်ဖန်တစ်ခါ
တုန်ခါသွားခဲ့၍ ရောမ ပူဖောင်းကြီးတစ်ခုက
ထွက်ပေါ်လာခဲ့ကာ ရေခဲအကြီးအကဲအား
ရှိထျန်းဟောင်ထံသို့ သွားရောက်ခြင်းမှ
တားဆီးထားခဲ့၏။

နတ်ရေကန်ဂိုဏ်းမှ အင်မော်တယ်ဝိညာဉ်
အဆင့် အကြီးအကဲများသည် မလှုပ်မယှက်
ရပ်နေကြသည်။ အဘယ်ကြောင့်ဆိုသော်

သူတို့သည် လင်းဖုန်း၏
ကြောက်မက်ဖွယ်ကောင်းသော နည်းစနစ်အား
မြင်တွေ့ခဲ့ရသောကြောင့် ဖြစ်၏။

ဒိုင်မန်းရှင်းတစ်ခုနှင့်တူသော ဖန်ဆင်းနိုင်သည့်၊
ဖျက်စီးနိုင်သည့် စွမ်းအား။

မူလ ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း
နည်းစနစ်!

## စာစဥ် ၃၁ : အပိုင်း ၁၇

# အပိုင်း ၅၈၇ : ထိုက်ကျိစစ်သည်များ၊ မဟာယာနအား ဖိနှိပ်ခြင်း!

အသစ်ဖော်ထုတ်လိုက်သည့် တိုက်ပွဲဝက်ပါဖြင့် ထိုက်ကျိစစ်သည် လေးယောက်တို့သည် စွမ်းအားအဆင့်များ အတူတကွ တက်လာကြသည်။ ဒါသည် လျှော့တွက်ရမည့် အရာတစ်ခု မဟုတ်ချေ။

သို့သော်လည်း အကြီးအကဲ နှစ်ယောက်တို့အတွက် ဒါသည် စိန်ခေါ်မှု ကြီးကြီးမားမား မဟုတ်ချေ။ ထို့အပြင် အင်မော်တယ်ဝိညာဉ် ပထမ အဆင့်နှင့် ဒုတိယ အဆင့်တို့၏ ကွာခြားချက်သည် ကြီးမားလှ၏။

စင်စင် ဖြစ်တည်မှု၏ စွမ်းအားများသည်
အင်မော်တယ် ဝိညာဉ် ကိုယ်ပွားက
ကိုင်တွယ်နိုင်သည့် အရာတစ်ခု မဟုတ်ချေ။

သို့သော်လည်း ထိုစစ်သားလေးယောက်တို့က
လက်တွဲကာ မူလ ကောင်းကင်နှင့်မြေကြီး
ခွဲခြမ်းခြင်း နည်းစနစ်အား
ထုတ်ဖော်လိုက်ခြင်းသည် ပူပန်ရမည့်
အရာတစ်ခု ဖြစ်၏။

သူတို့နှစ်ယောက် အနေဖြင့် ထိုကဲ့သို့သော
စွမ်းအားများကို ကိုယ်တွယ်ရန်
မလွယ်ကူလှချေ။

ရေခဲအကြီးအကဲသည် သူ၏ ခြေလှမ်းများကို ရပ်တန့်လိုက်ကာ ရှီထျန်းဟောင်အား ဂရုမစိုက်နိုင်တော့ပေ။ သူသည် ချောင်ဝေအား လေသံတိုးတိုးဖြင့် ပြောလိုက်သည်။
"ရေခဲဝိညာဉ် တိမ်တိုက်ကို ငါ့ကိုပေး"

စကားတစ်လုံးမှ မပြောပဲ ချောင်ဝေသည် ထိုရတနာအား ရေခဲအကြီးအကဲအား ပေးလိုက်သည်။

ရေခဲ အကြီးအကဲသည် မီးလျှံ အကြီးအကဲနှင့် ပြောင်းပြန်ဖြစ်သည်။ သူသည်လည်း

မီးတောက်ကို စွန့်လွှတ်ထားကာ ရေခဲကိုသာ အာရုံစိုက်၍ လေ့ကျင့်ထားခြင်း ဖြစ်၏။ သူ၏နည်းစနစ်များတွင် အထွတ်အထိပ်သို့ ရောက်နေခဲ့သူ ဖြစ်၏။ အတူတကွ တိုက်ခိုက်ခြင်းဖြင့် သူတို့သည် တစ်ယောက်ကိုတစ်ယောက် အထောက်အပံ့ ပေးနိုင်ကြကာ သူတို့၏ အကန့်အသတ်များကို ကျော်လွန်၍ ရေခဲဝိညာဉ် တိမ်တိုက်၏ အလားအလာများကို အစွမ်းကုန် ထုတ်ဖော်နိုင်ခဲ့သည်။

ရေခဲ အကြီးအကဲက ထိုမှော်ရတနာအား ကိုင်ဆောင်လိုက်သည့် အချိန်တွင် ဆီးနှင်းမုန်တိုင်းများသည်

အသက်ဝင်လာသကဲ့သို့ ဖြစ်လာကြသည်။
ထိုရတနာ၏ စိတ်ဝိညာဉ်သည်
ထိုအကြီးအကဲနှင့် ပေါင်းစပ်သွားခဲ့ကာ
အာတိတ်ဒေသကို ဤစင်မြင့်ပေါ်သို့
ယူလာသကဲ့သို့ ရေခဲဆီးနှင်းများနှင့်
ပြည့်သွားစေခဲ့သည်။

ရေခဲစင်မြင့် အပေါ်တွင် ဆီးနှင်းများသည်
လင်းဖုန်း၏ ပူဖောင်းကို အဆက်မပြတ်
တိုက်ခိုက်နေခဲ့ကာ အေးခဲသွားအောင်
ပြုလုပ်ချင်နေခဲ့၏။

သို့သော်လည်း မူလ ကောင်းကင်နှင့်မြေကြီး
ခွဲခြမ်းခြင်း နည်းစနစ်၏ စွမ်းအားများသည်

အလွန်ပင် သန်မာလှ၏။ ပူဖောင်းကြီးက
ပေါက်သွားခဲ့ကာ ဘေးပတ်ပတ်လည်မှ
ရေခဲများကို လွင့်စင်သွားစေခဲ့သည်။

နတ်ရေကန်ဂိုဏ်းမှ
အကြီးအကဲသုံးယောက်တို့သည်
မှင်သက်သွားကြ၏။ ဤမှော်ကျိန်စာသည်
လင်းဖုန်းကိုယ်တိုင်ထံမှ လာသလောက်
မပြင်းထန်လှပေ။ သို့သော်လည်း သူတို့အား
ရင်ဆိုင်ရန် လုံလောက်နေခဲ့သည်။

"ကိုယ့်ကိုယ်ကိုယ် ပြလိုက်ပါ" အကြီးအကဲ
နှစ်ယောက်တို့က အော်ဟစ်လိုက်ကြ၏။
သူတို့က မျက်နှာချင်း ဆိုင်လိုက်ကြကာ

တစ်ယောက်၏ လက်ညှိုးဖြင့်
အခြားတစ်ယောက်၏ နဖူးအား ထိုးလိုက်သည်။
ထိလိုက်ပြီးသည်နှင့် အကြီးအကဲ
နှစ်ယောက်စလုံးတို့သည် အနောက်သို့
ခုန်ဆုတ်လိုက်ကြ၏။ တစ်ယောက်၏ ခေါင်းမှ
အငွေ့တန်းတစ်ခုစီ ထွက်လာခဲ့သည်။

အနီရောင်နှင့် အပြာရောင် အငွေ့တန်းတို့သည်
ပူးပေါင်းသွားကြကာ ကောင်းကင်ယံသို့
ထိုးတက်သွားခဲ့ကာ ဟင်းလင်းပြင်တွင်
အပေါက်တစ်ပေါက်ကို ဖောက်လိုက်ကြသည်။

ဟင်းလင်းပြင်၏ ပြင်ပမှ လူတစ်ယောက်၏
ပုံရိပ်ကျဆင်းလာခဲ့သည်။

"ဒါက ဘယ်နေရာလဲ" လေးနက်သော လေသံခပ်ပြတ်ပြတ် တစ်ခုက ထွက်လာခဲ့၏။

ဤစင်မြင့်အထက်မှ လူတိုင်းသည် ချက်ချင်းပင် အပေါ်မှ ကြီးမားသော ဖိအားတစ်ခုအား ခံစားခဲ့ရသည်။ ထိုသူသည် မည်သူပင်ဖြစ်စေကာမူ ကောင်းဟန်၊ ရှီယု၊ ရွှမ်းလင်သူတော်စင်နှင့် အခြား အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံသူတို့နှင့် ယှဉ်နိုင်သူတစ်ယောက် ဖြစ်ရမည်။

သူတို့၏ အပေါ်မှ လေဟာနယ် အတွင်းမှ ကျက်သရေနှင့် ပြည့်စုံသော လူတစ်ယောက် ထွက်လာခဲ့သည်။ သန့်စင်သော အဖြူရောင် ဝတ်စုံအား ဝတ်ဆင်ထားသည့် သက်လတ်ပိုင်း လူကြီးတစ်ယောက် ဖြစ်သည်။ သူ၏ ကြက်သွေးရောင် ဆံပင်နီများသည် လေပေါ်တွင် လွင့်နေခဲ့၏။ သို့သော်လည်း သူ၏ မျက်ခုံးများမှာ ရေခဲခဲဓားမြှောင် နှစ်ခုကဲ့သို့ လုံးဝဖြူဖွေးနေခဲ့သည်။

ချင်ကေရာဇ်နှင့် ဝူချင်လျှိုတို့သည် အချင်းချင်း ကြည့်လိုက်ကြသည်။ "ဝင်ရိုးစွန်းနှစ်ဘက် ကောင်းကင်တောင်တန်း"

ဤတောင်သည် နတ်ရေကန်ဂိုဏ်း၏
အစစ်အမှန် ရှေးဟောင်း မှော်ရတနာ ဖြစ်သည်။
ရှေးနှစ်ပေါင်းများစွာက မြောက်ပိုင်းဒေသတွင်
ရေခဲနှင့် ဆီးနှင်းများဖြင့် ပြည့်နေသော
ထူးခြားသည့် ပုံစံဖြင့် တောင်တန်းတစ်ခုရှိသည်။
သို့သော်လည်း သူ၏အတွင်းမှနေ၍ ပူပြင်းသည့်
ချော်ရည်ချော်ခဲများ ထွက်နေခဲ့သည်။

ရေခဲနှင့် မီးလျှံတို့၏ လိုက်လျောညီထွေ ရှိမှုအား
နတ်ရေကန်ဂိုဏ်းအား တည်ထောင်ခဲ့သူ
တစ်ယောက်က စတင်ရှာဖွေ တွေ့ရှိခဲ့၏။
ပြီးတာနှင့် သူတို့၏ ပူးပေါင်းထားသော
စွမ်းအားများကို သူ၏မှော်ကျိန်စာများ
အတွင်းတွင် ထည့်သွင်းလေ့ကျင့်ခဲ့၏။ ဂိုဏ်း၏

အစွမ်းအထက်ဆုံး ဂိုဏ်းသားများကိုသာလျှင်
ဤစွမ်းအားကို အသုံးပြုခွင့်ပေးခဲ့၏။

အချိန်ပေါင်း ကြာမြင့်စွာ အသုံးပြု၍ အပြီးတွင်
ဤ ဝင်ရိုးစွန်းနှစ်ဘက်
ကောင်းကင်တောင်တန်းသည်
ဤဂိုဏ်း၏ကိုယ်ပိုင် မဟာယာန အဆင့်မှ
မှော်ရတနာ ဖြစ်လာခဲ့သည်။

ဤရတနာသည် တတိယအဆင့်သို့
ရောက်သွားအပြီးတွင် အသုံးပြုသူ အနေနှင့်
သူ၏ စွမ်းရည်များကို တောင်တန်း၏
အတွင်းတွင်ဖြစ်စေ၊ အပြင်တွင်ဖြစ်စေ
နှစ်သက်သလို အသုံးပြု၍ ရသွားခဲ့သည်။

တိုက်ခိုက်မှုစွမ်းအားများအား
နှိုင်းယှဉ်လိုက်လျှင် မဟာယာန အဆင့်မှ
မှော်ရတနာများသည် အင်မော်တယ် ဝိညာဉ်
တတိယ အဆင့်မှ ကျင့်ကြံသူများနှင့်
အဆင့်အတန်းတူပေသည်။

လူအုပ်ကြီး၏ အရှေ့တွင်
ပေါ်လာခဲ့သောသူသည် ဝင်ရိုးစွန်းနှစ်ဘက်
ကောင်းကင်တောင်တန်း၏ စိတ်ဝိညာဉ်မှလွဲ၍
အခြားမဟုတ်ချေ။

ဒါသည့် နတ်ရေကန်ဂိုဏ်းတွင်
အစွမ်းအထက်ဆုံး သူရဲကောင်းဖြစ်၏။
ပုံမှန်ဆိုလျှင် သူ့နေရာတွင်သာ
နေလေ့ရှိသော်လည်း
အကြီးအကဲနှစ်ယောက်တို့နှင့် ချောင်ဝေတို့၏
ဆင့်ခေါ်မှုကြောင့် ရောက်လာခဲ့ခြင်း ဖြစ်သည်။

မူလ ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း
နည်းစနစ်အား မြင်လိုက်သောအခါ
ထိုဝတ်စုံဖြူနှင့်သူသည် မအောင့်နိုင်တော့ပေ။

သူသည် မတ်တက်ရပ်နေခဲ့ကာ
သူ၏လက်ဝါးများကို ကောင်းကင်ပေါ်သို့
မြှောက်လိုက်သည်။ ချက်ချင်းပင်

လေဟာနယ်က ပွင့်သွားခဲ့ကာ ရှည်လျားသော တောင်ထိပ်တစ်ခုက စင်မြင့်၏အပေါ်တွင် ပေါ်လာခဲ့၏။

ဒါသည် ရေခဲဖြင့် ထုလုပ်ထားသည့် ခမ်းနားထည်ဝါသော တောင်တစ်လုံးဖြစ်၏။ သူ၏ သလင်းကျောက် ပုံစံမျိုးသည် အားလုံးတို့ ယခင်က မြင်ဖူးသည့်အရာများထက် အထက်တန်းကျလှသည်။ သူ၏ တောင်ထိပ်ဖျားမှနေ၍ ထူထဲသော အနက်ရောင် မီးခိုးငွေ့များ ထွက်နေခဲ့သည်။ အတွင်းတွင် ချော်ရည်ပူများ ရှိနေသည်မှာ သိသာလှ၏။

သူ၏လက်ကို ပြောင်းလဲလိုက်ရာ
တောင်ထိပ်များသည် မူလ
ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း နည်းစနစ်
ပူဖောင်းထံမှ ထွက်လာသော အငွေ့တန်း
နှစ်တန်းထံသို့ ကျဆင်းလာခဲ့သည်။

တစ်ခုက ကြည်လင်၍ တစ်ခုက
နောက်ကျိနေသော အငွေ့တန်း နှစ်ခုတို့သည်
အလွန်တရာမှ ကြီးမားလှသော တောင်ကြီးကို
ပူးပေါင်းခုခံလိုက်ကြ၏။

တောင်ထိပ်များသည် ရုတ်ခြည်း
အသွင်းပြောင်းသွားခဲ့၏။
မီးတောက်များအတွင်းမှ ကြည်လင်သော

မီးခိုးငွေ့များ၊ ရေခဲများ အတွင်းမှ ထူထဲသော မြူခိုးငွေ့များ ထွက်လာကြသည်။ ဒါသည် ရေခဲနှင့် မီးတောက်တို့က ကြည်လင်သော၊ နောက်ကျိသော အငွေ့တန်းများကို နဂိုပုံစံ ပြန်ရောက်အောင် လုပ်နေသည်မှာ သိသာလှ၏။

သူတို့၏ ခွန်အားသက်သက်သည် လူအုပ်ကြီးအား အံ့ဩမှင်သက်စေခဲ့သည်။

ထိုက်ကျိစစ်သည် လေးယောက်တို့သည် လင်းဖုန်းထက် များစွာအဆင့်နိမ့်ကြသည်။ မူလ ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း နည်းစနစ်သည် လွန်စွာအစွမ်းထက်သော

အကွက်ဖြစ်သော်လည်း သူတို့သည်
ဝင်ရိုးစွန်းနှစ်ဘက်
ကောင်းကင်တောင်တန်းအား
မကျော်လွှားနိုင်ကြတော့ပေ။

ရုတ်တရက်ပင် အသက်ဖန်ဆင်းခြင်း
တံခါးသည် လင်းလက်တုန်ခါသွားခဲ့ကာ
နောက်ထပ် ထိုက်ကျိစစ်သည်တစ်ယောက်
ခုန်ထွက်လာခဲ့သည်။

နောက်တစ်ယောက်!

နောက်ထပ်တစ်ယောက်!

မျက်စိတစ်မှိတ်အတွင်းတွင် နောက်ထပ်
ထိုက်ကျိစစ်သည် ရှစ်ယောက်တို့က
ထပ်ထွက်လာခဲ့သည်။ ရှစ်ယောက်ဖြစ်ပေသည်။

ထိုရှစ်ယောက်တို့သည် လေးယောက်နှစ်ဖွဲ့
မခွဲခဲ့ကြပေ။ ထို့အစား သူတို့သည်
သူတို့၏ကိုယ်ပိုင် ဝင်္ကပါတစ်ခုအား
တည်ဆောက်ခဲ့ကြသည်။ ကောင်းကင်၊ မြေကြီး၊
လေပြင်း၊ မိုးကြိုး၊ ရေပြင်၊ မီးတောက်၊
တောင်တန်းနှင့် ရေအိုင်တို့သည်
စစ်သားတစ်ယောက်စီကို
ကိုယ်စားပြုနေကြသည်။

သူတို့သည် အဋ္ဌဂံ ပုံစံမျိုးဖြင့် ရပ်နေကြသည်။ အင်မော်တယ် ဝိညာဉ် အဆင့်မှ စွမ်းအားများသည် သူတို့တစ်ယောက်ချင်းထံမှ ထွက်ပေါ်နေကြ၏။ သူတို့၏ စွမ်းအားများကို သူတို့၏ အရှေ့မှ စတုရန်းအတွင်းသို့ ထည့်သွင်းလိုက်ကြသည်။ ရှစ်ယောက်တို့၏ စွမ်းအားများသည် နဂိုရှိပြီးသား လေးယောက်တို့၏ စွမ်းအားများနှင့် ပူးပေါင်းသွားကြသည်။

အသစ်ထွက်လာသော စွမ်းအားများဖြင့် မူလ ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း နည်းစနစ်၏ စွမ်းအားများသည် အဆပေါင်းများစွာ ထိုးတက်လာခဲ့၏။

ကြည်လင်သော၊ နောက်ကျိသော
အငွေ့တန်းတို့သည် ပူးပေါင်းသွားကြကာ
ပြန်လည် ခွဲခြမ်းသွားခဲ့ပြီး စွမ်းအားများကို
ထုတ်လွှတ်လိုက်သည်။

တစ်ခုသည် အောက်ကျသွားခဲ့ကာ အရာဝတ္ထု၊
ကမ္ဘာ၊ မြေကြီးနှင့် ရေပြင်တို့ အဖြစ်သို့
ပြောင်းသွားခဲ့သည်။

တစ်ခုက မြင့်တက်သွားခဲ့ကာ ကောင်းကင်၊
လေထု၊ လေပြင်း၊ နေမင်းနှင့် လမင်းတို့အဖြစ်
ပြောင်းသွားခဲ့၏။

မြေ၊ ရေ၊ လေ၊ မီး အစရှိသော
ခေတ်ကြီးလေးပါးတို့မှာ ကွဲပြားနေကြသည်။
ဤမှော်ကျိန်စာ၏ စွမ်းအားများကို
ထုတ်ဖော်ပြသနေကြ၏။ ဝင်ရိုးစွန်းနှစ်ဘက်
ကောင်းကင်တောင်တန်းသည်
ယိမ်းယိုင်တုန်ခါသွားခဲ့၏။ ကြည့်ရသည်မှာ
မိုးမျှော်တိုက် တစ်ခုက ငလျှင်ဒဏ်ကို
ကြိုးစား၍ ခုခံနေသည့်ပုံ ပေါက်နေခဲ့သည်။

ဝတ်စုံဖြူနှင့်သူသည် ခေတ္တမျှ စိုးရိမ်နေသည့်ပုံ
ပေါက်သွားခဲ့ကာ တောင်ထိပ်ပေါ်သို့
ခုန်တက်သွားခဲ့၍ တည်ငြိမ်အောင်
ပြန်ထိန်းလိုက်သည်။

ရေခဲမီးတောက် အကြီးအကဲ
နှစ်ယောက်တို့သည် ခလောက်ဆန်နေသော
တိုက်ပွဲအတွင်းသို့ ဝင်လာကြသည်။ အနီနှင့်
အပြာ အလင်းတန်းနှစ်ခု အနေဖြင့်
တောင်အတွင်းသို့ ဝင်သွားကြသည်။

ချောင်ဝေသည် အဝေးတွင် ကောင်းဟန်နှင့်
အကြိတ်အနယ် တိုက်ခိုက်နေခဲ့ကာ
ဤဘက်တွင် ဘာဖြစ်နေသည်ကို ဂရုပင်
မစိုက်သည့် လင်းဖုန်းအား
လှမ်းကြည့်လိုက်သည်။

တိုက်ပွဲခေါ်သံ တစ်ခုအား အော်ဟစ်လိုက်ကာ ချောင်ဝေသည့် သူ၏ အင်မော်တယ် ဝိညာဉ်ကိုယ်ပွားအား ထုတ်လွှတ်လိုက်၍ အကြီးအကဲများနှင့်အတူ တောင်အတွင်းသို့ ဝင်သွားခဲ့သည်။ နတ်ရေကန်ဂိုဏ်း၏ အကြီးအကဲများ အားလုံးတို့သည် မဟာယာနမှော်ရတနာ အတွင်းတွင် စုစည်းနေခဲ့ကြ၏။

အနီနှင့်အပြာ အလင်းတန်းများ၏ အကြားတွင် တောင်ကြီးသည်
ဆက်လက်ကြီးထွားနေခဲ့သည်။ ပေနှစ်သောင်းမှ သုံးသောင်း ဖြစ်သွားခဲ့၏။ ဤတောင်ကြီး၏ လေးလံလှသော အလေးချိန်ဖြင့် အောက်မှ ထိုက်ကျိစစ်သည် ၁၂ယောက်တို့နှင့် သူတို့၏

ကြီးထွားလာသော မှော်ကျိန်စာတို့အား
ဖိချလိုက်သည်။

သို့သော်လည်း လေပေါ်မှ
ဤအံ့ဖွယ်မြင်ကွင်းအား တစ်ယောက်ကမှ
ကြည့်မနေကြချေ။ သူတို့၏ အာရုံတို့သည်
အသက်ဖန်ဆင်းခြင်း တံခါးမှ လေးလံသော
ကျောက်တုံးဂိတ်ကြီးကို ကြည့်နေကြသည်။
အပြင်မှနေ၍ သူတို့သည် အတွင်းတွင်
လှုပ်ရှားနေကြသော ပုံရိပ်များကို တွေ့နေရ၏။
သို့သော်လည်း တစ်ယောက်ကမှ
အပြင်ထွက်မလာကြချေ။

ဒါသည် ပွားစည်းခြင်း အဆင့်မှ မှော်ရတနာ တစ်ခုသာ ဖြစ်ပေသလော။

မဟာယာန အဆင့်မှ မှော်ရတနာအား ပွားစည်းခြင်း အဆင့်မှ မှော်ရတနာ တစ်ခုက ချောင်ပိတ်နိုင်ခြင်းသည် မဖြစ်နိုင်သည် မဟုတ်သော်လည်း မကြားဖူးသလောက်ပင် ဖြစ်သည်။ ကြမ္မာပန်းတိုင် အဆင့်အောက်တွင် တစ်ဆင့်နိမ့်သော မှော်ရတနာတစ်ခုမှ တစ်ဆင့်တက်၍ စိန်ခေါ်ခြင်းသည် ဖြစ်တော့ ဖြစ်နိုင်ပေသည်။

ဒါသည် တကယ့်ကို အံ့ဖွယ်ကောင်းလှသည်။ အသက်ဖန်ဆင်းခြင်း တံခါးသည်

ဝင်ရိုးစွန်းနှစ်ဘက် ကောင်းကင်တောင်တန်းကို
သူ့ချည်းသက်သက် ရင်ဆိုင်နိုင်ခဲ့သည်။

အဝေးတစ်နေရာတွင် ရွှမ်းလီသည်
အညှာအတာ ကင်းမဲ့စွာ
ဆက်လက်တိုက်ခိုက်နေခဲ့၍
ရွှမ်းလင်သူတော်စင်၏ မိုးကုတ်စက်ဝိုင်း
မြို့တော်အား ဖြည်းဖြည်းချင်း
အမှည့်ခြွေနေခဲ့သည်။

ခေါးချက်သည် တစ်ချက်ပြီးတစ်ချက်
ပိုမိုကြမ်းတမ်းလာခဲ့၏။ မိုးကုတ်စက်ဝိုင်း
မြို့တော်သည် ပို၍ပို၍ ပွဲကြွေလာခဲ့သည်။
ခေါးချက်တစ်ချက်တိုင်းသည် ကောင်းကင်နဂါး

ရှေးဟောင်းနယ်မြေအား တုန်ခါသွားစေခဲ့၍
ရွှမ်းလင်သူတော်စင်အား ဖိနှိပ်ထားနိုင်ခဲ့သည်။

"ဒီနေရာက အဆင်မပြေဘူး။
တစ်နေရာကိုသွားပြီး ရင်ဆိုင်ကြစို့"
ရွှမ်းလင်သူတော်စင်သည် ဟင်းလင်းပြင်တွင်
နေရာတစ်ခုကို ဖွင့်လှစ်လိုက်သည်။

ဤဘာမှမရှိသည့် ကမ္ဘာအတွင်းတွင်
ရွှမ်းလင်သူတော်စင်သည် ရပ်တန့်လိုက်ကာ
အနောက်မှ အမဲလိုက်သကဲ့သို့ လိုက်လာခဲ့သော
ရွှမ်းလီဘက်သို့ ပြန်လှည့်လိုက်သည်။ သူ၏
အမူအရာမှာ အရင်ကဲ့သို့ အေးစက်ဆဲဖြစ်သည်။

မည်သည့်အရာမှ မရှိကာ ဘာကမှ
အရေးမကြီးသည့် ပုံစံမျိုး ဖြစ်သည်။

သူ၏ဝတ်ရုံသည် လေဟာနယ် အတွင်းတွင်
တဖျပ်ဖျပ်နှင့် လွင့်နေကာ ဟင်းလင်းပြင်၏
စီးဆင်းမှုနှင့် တစ်သားတည်း ဖြစ်နေခဲ့သည်။
သူ၏ ရုပ်ခန္ဓာကိုယ်သည် လျှင်မြန်စွာနှင့်
ကျယ်ပြန့်လာခဲ့ကာ သူကိုယ်တိုင်က
ကမ္ဘာတစ်ခုအလား ဖြစ်နေခဲ့၏။
လက်ခုပ်တစ်ချက် တီးလိုက်ရာ သူ၏
လက်ဝါးများသည် လည်ပတ်နေသော
အဖြူရောင် တိမ်တိုက်များနှင့် ပြည့်နေခဲ့ကာ
အချပ်ပြားများ၏ ပုံစံမျိုး ဖြစ်သွားခဲ့သည်။

မိုးကုတ်စက်ဝိုင်း မြို့တော်၏ အလွှာများ အကြားတွင် ထိုချပ်ပြားများသည် ဖျက်ဆီး၍ မရနိုင်သကဲ့သို့ စုစည်းလာကြသည်။ သူတို့သည် ခဲသွားကြ၍ သန့်စင်သော စွမ်းအားများကို ပုံသွင်းနိုင်ခဲ့၏။

မည်သည့်အမှုအရာကိုမှ မဖော်ပြခဲ့ပဲ သူသည် သေမိန့်အပေးခံထားရသော ရာဇဝတ်သားများ၏ အရှေ့တွင် ရပ်နေခဲ့သော ကွပ်မျက်သူအလား ဖြစ်နေခဲ့၏။

ချင်ကေရာဇ် ရှီယုသည် သူ၏နေရာတွင်သာ ရပ်နေခဲ့သော်လည်း သူ၏ မြင်ကွင်းသည်

ဟင်းလင်းပြင်အား ကျော်ဖြတ်သွားခဲ့ကာ ဖြစ်ပျက်ခဲ့သမျှကို မြင်နိုင်ခဲ့သည်။

"ဒါက ရွှမ်းလင်သူတော်စင်ရဲ့ ပင်ကိုစွမ်းအားတွေများလား"

ဤစွမ်းအားများသည် အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှသာ ရရှိနိုင်ခြင်း ဖြစ်သည်။ ဤကမ္ဘာ၏ အလွန်တည် တည်ရှိနေခြင်း ဖြစ်သည်။ ဟင်းလင်းပြင်သည် တုန်ခါသွားခဲ့ကာ ရေလှိုင်းတွန့်များကဲ့သို့ တုန်ခါသွားခဲ့သည်။

တစ်ချိန်တည်းတွင်ပင် လင်းဖုန်းနှင့်
ကောင်းဟာန်တို့သည်လည်း ဟင်းလင်းပြင်
အတွင်းသို့ ဝင်ရောက်လာကြ၏။
ကောင်းဟာန်သည်လည်း သူ၏
ပင်ကိုစွမ်းအားတို့ကို ထိုပုံအတိုင်း
ထုတ်ဖော်လိုက်၏။ သူ၏လက်ဝါးအစုံကို
ပူးကပ်လိုက်ရာ စွမ်းအားတို့မှာ တုန်ခါပြီး
ထိုးတက်လာခဲ့သည်။

လင်းဖုန်းသည် တည်ငြိမ်အေးဆေးနေခဲ့ကာ
သူ၏နဖူးမှ ထိုက်ကျိသင်္ကေတသည်
ယခင်ကထက် ပိုမိုလျှင်မြန်စွာ
လည်ပတ်လာခဲ့၏။

# စာစဥ် ၃၁ : အပိုင်း ၁၈

## အပိုင်း ၅၈၈ : ကြမ္မာပန်းတိုင်နှင့် အန္တိမ ဟင်းလင်းပြင်အောက်မှ တစ်ဦးတည်းသောသူ

ပွားစည်းခြင်း အဆင့်မှ မော်ရတနာ
ဓားတစ်လက်တည်းနှင့် ရွှမ်းလီသည်
အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ
အကြီးအကဲ တစ်ယောက်ကို
တွန်းလှန်နိုင်ခဲ့သည်။

အသက်ဖန်ဆင်းခြင်း တံခါးအဖြစ်သို့
ပြောင်းလဲထားသော ကြမ္မာပန်းတိုင်

ခေါင်းလောင်း တစ်ခုတည်းနှင့်
ထိုက်ကျိစစ်သည်များကို မွေးထုတ်ကာ
နတ်ရေကန်ဂိုဏ်း တစ်ဂိုဏ်းလုံးအား
ကိုင်တွယ်နိုင်ခဲ့သည်။

ဤအရာများသည် ဖယောင်းတိုင်
တစ်တိုင်ထွန်းချိန် အတွင်းတွင်
ဖြစ်ပျက်ခဲ့ကြခြင်း ဖြစ်သည်။ ရှီထျန်းဟောင်၏
မူလ မြင့်မြတ်သော အလင်းတန်းသည်
လင်းဖုန်း၏ ခရမ်းရောင် တိမ်တိုက်များ၏
အကူအညီဖြင့် ရှီထျန်းရီ၏ နောက်ဆုံး
မြင့်မြတ်သော အလင်းတန်း အားလုံးတို့ကို
ထုတ်ယူနိုင်ခဲ့သည်။

နတ်ဘုရား အလင်တန်း နှစ်ခုတို့သည်သူ၏ ရွှေရောင်ဗဟိုချက် အတွင်းတွင် မြွေတစ်ကောင်တည်း၏ အစွန်းနှစ်ဘက်ကဲ့သို့ လှည့်လည်နေကြသည်။

သူသည် မူလ မြင့်မြတ်သော အလင်းတန်း၏ မူလပိုင်ရှင် ဖြစ်သော်လည်း နောက်ဆုံး မြင့်မြတ်သော အလင်းတန်းအား သန့်စင်ရန် အချိန်ယူရဦးမည် ဖြစ်သည်။

သို့သော်လည်း ရှီထျန်းဟောင်သည် စိတ်ပူမနေခဲ့ပေ။ သူသည် ရှီထျန်းရီ ချန်ထားရစ်ခဲ့သည့် ညာမျက်လုံးကို တင်းကျပ်စွာ ကိုင်ထားလိုက်သည်။

ရှီထျန်းရီ၏ စိတ်ဝိညာဉ်နှင့် အခြေတည်ဝိညာဉ်တို့သည် မျက်လုံးအိမ်အတွင်းမှ ထွက်လာခဲ့ရကာ ရှီထျန်းဟောင်အား မမှိတ်မသုန် စိုက်ကြည့်နေခဲ့သည်။

သူသည် ချက်ချင်း ထွက်ခွာရမည်ကို သိနေပေသည်။ မဟုတ်လျှင် သူ၏ စိတ်ဝိညာဉ် လွင့်ပြယ်သွားသော် သူသည် အဆုံးတိုင် ကြွေလွင့်သွားတော့မည် ဖြစ်၏။

သို့သော်လည်း သူ၏ နောက်ဆုံး မြင့်မြတ်သော အလင်းတန်းသည် သူ၏မျက်လုံးအိမ်နှင့်အတူ

သူ့ပြိုင်ဘက်၏ လက်အတွင်းသို့
ကျရောက်သွားခဲ့ပြီ ဖြစ်သည်။
မျှော်မှန်းထားသည်နှင့် တကယ့်ဖြစ်ရပ်မှာ
အလွန်အမင်းကို ကွာခြားနေသောကြောင့်
သူသည် ရှုးသွပ်လုမတတ် ဖြစ်နေခဲ့သည်။

တင်းကျပ်သော ဆုပ်ကိုင်မှုအောက်တွင်
မျက်လုံးအိမ်သည် အတွင်းမှ အလင်းတန်းများ
ပေါ်ထွက်လာခဲ့ကာ လေဟာနယ် အတွင်းမှ
တစ်နေရာနှင့် ဆက်သွယ်သွားခဲ့သည်။

ဤမျက်လုံးအိမ်သည် ရှီထျန်းရီ၏ အသိစိတ်နှင့်
ဆက်သွယ်ထားခြင်း ဖြစ်သည်။ သူ၏
အပေါ်တွင် ဤမျှဖိအား ပေးထားခြင်းသည်

သူ၏ရုပ်ခန္ဓာကိုယ်အား ဖိခြေထားခြင်းနှင့် အလားတူနေပေသည်။ သူသည် နာကျင်စွာနှင့် အော်ဟစ်လိုက်၏။

"ပြီးသွားပြီ" ရှီထျန်းဟောင်က ပြောလိုက်ကာ ရှီထျန်းရီ၏ နောက်ဆုံးကျန်နေသော အရာထံသို့ လှမ်းသွားလိုက်သည်။

"ငါကမင်းထက် မနိမ့်ကျဘူး" ရှီထျန်းရီက ဒေါသတကြီးဖြင့် အော်လိုက်သည်။ သူ၏ အခြေတည် ဝိညာဉ်သည် တောက်ပသော အလင်းတန်းစက်လုံး တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့၏။ ထိုစက်လုံး၏ ဘေးမှ

လေဟာနယ်သည် တွန့်လိမ်ကာ အတွင်းသို့
ချိုင့်ဝင်သွားသကဲ့သို့ ဖြစ်နေခဲ့သည်။

ခဏအကြာတွင် ထိုအလင်းတန်း
စက်လုံးလေးသည် စတင်ကျယ်ပြန့်လာခဲ့ကာ
သူ၏ အက်ကွဲကြောင်းများ အတွင်းမှ
အလင်းတန်းများ ထွက်ပေါ်လာခဲ့သည်။
ထိုအလင်းတန်းများသည် အဆုံးစွန်
ဖျက်ဆီးနိုင်သော စွမ်းအားများနှင့်
ပြည့်နှက်နေခဲ့၏။

ရှီထျန်းရီသည် သူ၏ အခြေတည်ဝိညာဉ်အား
ဖောက်ခွဲလိုက်ကာ မိမိကိုယ်ကိုယ် ဖျက်ဆီးပြီး

ရှီထျန်းဟောင်အား သူနှင့်တစ်ပါတည်း
ခေါ်သွားချင်နေသည်မှာ သိသာနေ၏။

"မင်းရဲ့ကြမ္မာကို မင်းကိုယ်တိုင် ဖန်ဆင်းတာပဲ"
ရှီထျန်းဟောင်သည် မျက်လုံးအိမ်ကို
ထပ်ဖန်တစ်ခါ ထပ်ဖိလိုက်သည်။ "ခေတ်!"
ရှီထျန်းဟောင်က ရေရွတ်လိုက်၏။

ထိုမှော်ကျိန်စာ စတင်ထွက်ပေါ်လာသည်နှင့်
အချိန်ကာလနှင့် လေဟာနယ်တို့သည်
အလင်းတန်း စက်လုံးနှင့် ရှီထျန်းရီတို့၏
အနားတွင် အေးခဲသွားသကဲ့သို့
ဖြစ်သွားကြသည်။

ကျောက်တုံးခဲသည် ရှီထျန်းဟောင်၏
လက်အတွင်းတွင် ပြန်ပေါ်လာခဲ့၏။
နောက်ဆုံးတိုက်ခိုက်မှု အနေနှင့် သူသည်
အလင်းတန်း စက်လုံးနှင့် ရှီထျန်းရီ၏
အသိစိတ်တို့ နှစ်ခုစလုံးတို့အား
ထိုးဖောက်သတ်ဖြတ်ခဲ့လိုက်သည်။

ရှီထျန်းရီ၏ အမူအရာသည် မျှော်လင့်ချက်
ကင်းမဲ့နေခဲ့၏။ ဤမှော်ကျိန်စာနှင့်
အလင်းတန်း စက်လုံးအတွင်းတွင် ရှိနေခဲ့သော
ရှီထျန်းရီ၏ အသိစိတ်သည် ပြင်းထန်စွာ
ပေါက်ကွဲမှုနှင့်အတူ အရာအားလုံးတို့သည်

ဖုန်မှုန့်များအဖြစ်သို့ ပြောင်းသွားခဲ့ကာ
ဘာမှမရှိခြင်း အဖြစ်သို့ ရောက်သွားခဲ့သည်။

အဝေးမှ တိတ်ဆိတ်ငြိမ်သက်စွာ
အကဲခတ်နေခဲ့သော ကောင်းဟန်သည်
ထိုမြင်ကွင်းအား မြင်ရသောအခါ
အပြေးလှမ်းလာခဲ့၏။ သို့သော်လည်း
လင်းဖုန်းက ခြေတစ်လှမ်း ပိုဦးနေခဲ့သည်။ သူ၏
ဝတ်ရုံကို တစ်ချက်ဝှေ့ယမ်းလိုက်ကာ
သူနှင့်ကောင်းဟန် နှစ်ယောက်စလုံးတို့အား
အခြားတစ်နေရာသို့ ပို့ဆောင်ခဲ့လိုက်သည်။

သူတို့သည် ရွှမ်းလီနှင့် ရွှမ်းလင်သူတော်စင်တို့
ထွက်သွားခဲ့သကဲ့သို့ ကောင်းကင်နဂါး

ရှေးဟောင်းနယ်မြေ၏ အပြင်ဘက်မှ
ဟင်းလင်းပြင်သို့ ရောက်သွားခဲ့၏။

ရှေးဟောင်းနယ်မြေ၏ အတွင်းတွင်
လူအုပ်ကြီးသည် ဘာဖြစ်သွားခဲ့သနည်း
ဆိုသည်ကို စဉ်းစား၍ ကောင်းနေဆဲ
ရှိသေးသည်။

အချို့သူများသည် အချင်းချင်း
မေးခွန်းထုတ်သော အကြည့်ဖြင့်
ကြည့်နေကြ၏။ "ကျောက်တုံးကြီးက ဒီလိုပဲ
ကြွေကျသွားခဲ့တာလား"

"အပြီးအပိုင် ကြွေလွင့်သွားခဲ့ပြီ။
ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးခဲ့တာတောင်
ကျောက်တုံးလေးကို အတူမခေါ်သွားနိုင်ခဲ့ဘူး"
တစ်ဘက်က ပြန်ဖြေလိုက်၏။

"ကျောက်တုံးကြီးက လုံလောက်အောင်
စွမ်းအားထက်နေခဲ့ပြီ။ သူက ရေပေါ်တကော့
ရေပေါ်ဆီဖြစ်တယ်။ သူက အသက်ရှင်နေတဲ့
ဒဏ္ဍာရီ အဆင့်ကိုတောင် ရောက်နေခဲ့ပြီ။
သူရှုံးသွားတယ်ဆိုတော့ ဖြေရှင်းချက်က
တစ်ခုပဲရှိတယ်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
ကျောက်တုံးလေးက ပိုပြီးမှ အစွမ်းထက်လို့
ဖြစ်တယ်"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အကြောင်းကို ပြောရရင်..." လူအုပ်ကြီးသည် သူတို့၏ အပေါ်မှ ဟင်းလင်းပြင် အတွင်းသို့ အာရုံစိုက်လိုက်ကြသည်။

စင်မြင့်၏ အနောက်ဘက်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်တစ်ယောက်မှ မရှိကြတော့ချေ။ လင်းဖုန်းက သူတို့အား အဝေးသို့ ပို့လိုက်ပြီ ဖြစ်၏။

အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲများသည် တစ်ယောက်မှ မထိုင်နေနိုင်ကြတော့ပေ။ သူတို့သည်လည်း မှော်ကျိန်စာများ ထုတ်လွှတ်လိုက်ကာ

ဟင်းလင်းပြင် အတွင်းသို့
ဝင်ရောက်သွားကြသည်။ ဤကဲ့သို့သော
သမိုင်းဝင် တိုက်ပွဲအား
လက်လွှတ်မခံနိုင်ကြချေ။

ဒါသည် ရှီနှစ်ရှီ၏ တိုက်ပွဲထက်
များစွာသာလွန်သော တိုက်ပွဲဖြစ်သည်။

လင်းဖုန်းနှင့် ကောင်းဟန်တို့သည်
တစ်ယောက်ကိုတစ်ယောက်
စိုက်ကြည့်နေကြ၏။ ကောင်းဟန်၏ အရှေ့မှ
စွမ်းအားစက်လုံးသည် လျှပ်မြန်စွာနှင့်
လည်ပတ်နေ၏။ သူ၏ ဗဟိုချက်မှ

စကားလုံးများနှင့် သင်္ကေတများက
ထွက်ပေါ်လာခဲ့သည်။

ဟင်းလင်းပြင် အတွင်းမှ အမှောင်ကမ္ဘာ
အတွင်းတွင် ထိုစကားလုံးများသည် သဘာဝ
နတ်အလင်းတန်း မြစ်တစ်စင်းအဖြစ်သို့
ပြောင်းလဲသွားခဲ့ကာ အတွင်းမှနေ၍
စွမ်းအားများကို ထုတ်လွှတ်နေခဲ့သည်။

ထိုနတ်အလင်းတန်းသည် ကောင်းဟန်၏
စွမ်းအား အဆီအနှစ်များ ဖြစ်ကြ၍
အချိန်ကာလကို ထိန်းချုပ်နိုင်သည်။

မြစ်ရေသည် ကောင်းဟာန်၏ မိုးကုတ်စက်ဝိုင်း မြို့တော်မှ စီးဆင်းလာခဲ့သည်။ လင်းဖုန်းသည် ကောင်းကင်ဖျက်ဆီး ဓားချီဖြင့် ထပ်မံခုတ်ချလိုက်၏။ သို့သော်လည်း အရာအားလုံးကို ဖြတ်တောက်နိုင်သော ဓားချီသည် ယခုအခါတွင် စတင်ပျက်ပြယ်လာခဲ့သည်။

"ကျုပ်တို့က အိုလာပြီလား" လင်းဖုန်းက မေးလိုက်သည်။

ကောင်းဟာန်၏ နတ်အလင်းတန်း အဆီအနှစ်တို့နှင့် ပူးပေါင်းလိုက်ကာ မိုးကုတ်စက်ဝိုင်း မြို့တော်သည် အချိန်ကာလကို

ထိန်းချုပ်နိုင်သည့် စွမ်းရည်ရှိလာခဲ့သည်။ သူနှင့်
ထိတွေ့မိသော အရာမှန်သမျှတို့သည်
အသက်ကြီးရင့်လာ၍
ပျောက်ကွယ်သွားလိမ့်မည် ဖြစ်၏။

ကမ္ဘာပေါ်မှ အရာမှန်သမျှတို့တွင်
မည်သည့်အရာက အချိန်၏
စမ်းသပ်စစ်ဆေးမှုအား ကြံ့ကြံ့ခံနိုင်ပါသနည်း။

အခြားတစ်ဘက်တွင် ရှမ်းလင်သူတော်စင်သည်
သူ၏ အတွင်းအားများ အားလုံးတို့အား
သူဖန်တီးထားသော မိုးကုတ်စက်ဝိုင်း
မြို့တော်ထံသို့ ပို့ဆောင်ထားခဲ့သည်။
သို့သော်လည်း ရှမ်းလီ၏

ခေါးနှင့်ရင်ဆိုင်ခဲ့ရသော် သူ၏ မြို့တော်သည်
တစ်စတစ်စ ပဲ့ကြွေနေခဲ့သည်။

ဤခံတပ်၏ ကြေမွလာမှုသည်
ကြီးကျယ်လှသော စွမ်းအားများကို
ထုတ်လွှတ်နေခဲ့ကာ လူအုပ်ကြီးအား
အံ့ဩမှင်သက်စေခဲ့သည်။ ကြည့်ရသည်မှာ
ကမ္ဘာတစ်ခုလုံးက တစ်ချက်တည်းနှင့်
ပျက်သုဉ်းသွားသကဲ့သို့ ဖြစ်နေခဲ့၏။

ရွှမ်းလင်သူတော်စင်၏ အတွင်းအားများ
ပျက်စီးခြင်းကြောင့် နောက်ဆုံး
သွေးရှူးသွေးတန်း တိုက်ခိုက်မှုမှနေ၍
ထွက်ပေါ်လာသော စွမ်းအားများသည်

ကောင်းဟာန်၏ နတ်အလင်းတန်းထက်ပင်
ပို၍အားကောင်းသည့်ပုံ ပေါက်နေခဲ့၏။

အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ
သူ့ရဲကောင်းများပင် ထိုစွမ်းအားကို
သတိတကြီးနှင့် ရင်ဆိုင်ရပေလိမ့်မည်။

ဘေးမှကြည့်နေကြသော အင်မော်တယ် ဝိညာဉ်
အဆင့်မှ အကြီးအကဲများတို့သည် အဝေးသို့
အလျှင်အမြန် ဆုတ်ခွာခဲ့ကြသည်။
ထိုစွမ်းအားများနှင့် တိုက်ရိုက်တွေ့ဆုံမိလျှင်
အနည်းငယ်မျှ ထိတွေ့ခဲ့လျှင်ပင် သူတို့အနေနှင့်
ဒဏ်ရာအပြင်းအထန် ရသွားကြမည် ဖြစ်၏။

ရွှမ်းလီသည် ဟန်ပန်အမူအရာ ကင်းမဲ့လျှက်ပင် ရှိသေး၏။ စကားတစ်လုံးမှ မပြောပဲ သူမသည် ခေါင်းကိုတစ်ချက် မြှောက်လိုက်ကာ အောက်သို့ခုတ်ချလိုက်သည်။ စက္ကူတစ်စအား အလယ်မှနေ၍ ပိုင်းဖြတ်လိုက်သကဲ့သို့ ဟင်းလင်းပြင်အား နှစ်ခြမ်းကွဲစေခဲ့သည်။

အစောပိုင်း ပေါက်ကွဲမှုမှ ထွက်ပေါ်လာခဲ့သော စွမ်းအားများသည် ဤခေါင်းချက်ကြောင့် အသက်ကုန်သွားသကဲ့သို့ ဖြစ်သွားခဲ့သည်။ အရာအားလုံးတို့သည် ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်သွားခဲ့၏။ အမှန်တကယ် ကြောက်မက်ဖွယ်ရာ လက်နက်တစ်ခုပေတည်း။

ရွှမ်းလင်သူတော်စင် တည်ဆောက်ထားခဲ့သမျှ
အရာအားလုံးတို့သည်
ခေါ်ချက်တစ်ချက်တည်းနှင့်
ပျက်သုဥ်းသွားခဲ့ပေသည်။

"မဟာယာန မှော်ရတနာ တစ်ခုအနေနဲ့
ဒီစွမ်းအားတွေက လက်ဖျားခါလောက်ပါတယ်"
ရွှမ်းလင်သူတော်စင်က ပြောလိုက်သည်။
"ဒါပေမဲ့ ဒါက ကြမ္မာပန်းတိုင် မှော်ရတနာ
အဆင့်ကို မရောက်သေးဘူး"

မျက်စိတစ်မှိတ်အတွင်းတွင်
သူ၏လက်နှစ်ဘက်အား ပူးကပ်လိုက်၏။
"ဗုံနတ်သား၊ ထွက်လာခဲ့ပါ"
ရွှမ်းလင်သူတော်စင်က ဟစ်ကြွေးလိုက်သည်။

"ဘုန်း"

"ဘုန်း"

ဘုန်းကနဲ မြည်သံများ ထွက်ပေါ်လာခဲ့၏။
အသံတစ်ခုသည် တစ်ခုထက်ပို၍
ကျယ်လောင်လာသည်။ အသံတစ်ခုချင်းစီသည်

မူလ ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း နည်းစနစ်၏ စွမ်းအားများ ရှိပေသည်။

ဟင်းလင်းပြင်ပေါ်သို့ အဖြူရောင် အလင်းတန်းများ ကျရောက်လာခဲ့ကာ သန့်စင်သော ကန့်လန့်ကာ တစ်ခုကို ဖန်တီးလိုက်သည်။ ထိုကန့်လန့်ကာများ အတွင်းမှနေ၍ ပုံတစ်လုံး ပေါ်ပေါက်လာခဲ့သည်။

ဝက်ပါချိုးဖောက်ပုံ!

ဟင်းလင်းပြင် ယင်ယန်နာရီနှင့်အတူ သူတို့သည် ဟင်းလင်းပြင် ဘုရားကျောင်းမှ မှော်ရတနာ နှစ်ခုတို့ ဖြစ်ကြ၏။ သူတို့သည် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာဖြစ်သော အန္တိမ ကောင်းကင်ကြေးမုံထက် အဆင့်တစ်ဆင့်သာ နိမ့်ကြကာ ဟင်းလင်းပြင် ဘုရားကျောင်းမှ အစွမ်းအထက်ဆုံး လက်နက်များ အတွင်းတွင် အပါအဝင် ဖြစ်ကြသည်။

ဗုံဘေးတွင် အသက်ကြီးကြီးနှင့် လူတစ်ယောက်ရပ်နေသည်။ အရပ်မြင့်မြင့် သန်မာထွားကြိုင်းစွာနှင့် သူ၏ ပုံစံသည် အစွမ်းကြီးသည့်ပုံ ပေါက်နေ၏။

ထိုအဘိုးအိုသည် ဝက်ပါချိုးဖောက်ဖုံ၏ စိတ်ဝိညာဉ် ဖြစ်သည်။ သူစပေါ်လာကတည်းက စကားတစ်ခွန်းမှ မပြောခဲ့ပဲ သူ၏လက်များ အတွင်းတွင် တုတ်ချောင်းနှစ်ချောင်း ပေါ်လာခဲ့ကာ ဖုံအပေါ်သို့ တီးခတ်လိုက်သည်။

ကောင်းကင်နှင့် မြေကြီးတို့အား အမှန်တကယ် ခွဲခြားနေသည့်အတိုင်း ဤဖုံချက်များ၏ အလယ်ဗဟိုမှနေ၍ အဖြူရောင် အလင်းတန်းများ တစ်ကွင်းပြီးတစ်ကွင်း ထွက်လာခဲ့၏။

ဤဗိုလ်သည် ကမ္ဘာအတွင်းရှိ ဝက်ပါများ အားလုံးနီးပါးကို ချေဖျက်နိုင်စွမ်းရှိသည်ဟု ဆိုရိုးရှိသည်။ သူတစ်ခုတည်းနှင့်ပင် ကြောက်မက်ဖွယ်ရာ စွမ်းအားများကို ပိုင်ဆိုင်ထား၏။

လင်းဖုန်းသည် ထိုဗိုအား တစ်ချက်လှမ်းကြည့်လိုက်သည်။ သူသည် သူ့အကြောင်းကို ကြားဖူးခဲ့သည်မှာ ကြာလှပေပြီ။ သို့သော်လည်း ယခုအချိန်တွင် ပထမဆုံး အနေနှင့် အနီးကပ် ရင်ဆိုင်ရခြင်း ဖြစ်သည်။

"ဟင်းလင်းပြင် ဘုရားကျောင်းက
ရတနာနှစ်ပါးက တကယ်ကို
နာမည်ကျော်တာနဲ့အညီ လိုက်ဖက်လှပါတယ်"
လင်းဖုန်းက ပြုံးလိုက်ကာ သူ၏
ခန္ဓာကိုယ်မှနေ၍ အလင်းတန်း စက်လုံးလေး
တစ်ခု ထွက်ပေါ်လာခဲ့သည်။
ထိုအလင်းတန်းသည် လေထုအလယ်တွင်
ပုံပြောင်းသွားခဲ့ကာ ယင်-ယန် ဖန်ဆင်းခြင်းနှင့်
ယိုယွင်းခြင်း ဝက်ပါ အဖြစ်သို့
ပြောင်းလဲသွားခဲ့၏။

ဗုံမှအလင်းတန်းများနှင့် ထိတွေ့မိလိုက်ချိန်တွင်
လင်းဖုန်း၏ ဝက်ပါသည် ခံစစ်ဆင်ရင်း
လျှင်မြန်စွာနှင့် ကြီးထွားလာခဲ့သည်။

"ခင်ဗျားရဲ့ ဝက်ပါက တစ်ကယ့်ကို ထူးခြားလှပါတယ်" ကောင်းဟန်က တိုးညင်းစွာနှင့် ပြောလိုက်ကာ သူ၏ လက်ဖျားထိပ်များမှ အချိန်မြစ်ရေအား လည်ပတ်လိုက်သည်။

တခဏချင်းတွင်းပင် သူသည် လင်းဖုန်း၏ အရှေ့သို့ ရောက်လာခဲ့ကာ လက်ဝါးဖြင့် ရိုက်ချလိုက်၏။

ဒါသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ စတုတ္ထမြောက် အင်အားအကြီးဆုံး

နည်းစနစ်ဖြစ်သည့် ကောင်းကင် စကြာဝဠာ
လက်ဝါးဖြစ်၏။

ကောင်းကင်ကြီးသည် ချိုင့်ဝင်သွားသကဲ့သို့
ထိုလက်ဝါးမှ အံ့သြဖွယ် စွမ်းအားများသည်
လင်းဖုန်းအပေါ်သို့ ကျဆင်းလာခဲ့သည်။
သူ၏ပုံမှန် တည်ငြိမ်နေသော အမူအရာနှင့်ပင်
လင်းဖုန်းသည် သူ၏ကိုယ်ပိုင်
အရေအတွက်သုံးခု အင်းရှစ်ကွက်
ကောင်းကင်တူနှင့် ပြန်လည်တန်ပြန်လိုက်၏။
ရောမ ဘီလူးကြီး နှစ်ကောင်တို့သည်
တောင်တစ်လုံး ကြွေမွသွားသည့်အတိုင်း
ထိပ်တိုက်ရင်ဆိုင်ခဲ့ကြ၏။

မိုင်နှင့်ချီသော ဟင်းလင်းပြင်များသည်
မြေပြင်ညီများအဖြစ် ပြားချပ်သွားကြကာ
ဟင်းလင်းပြင်မှနေ၍ အစစ်အမှန် နေရာများ
အဖြစ်သို့ ပြောင်းသွားခဲ့သည်။

ထိတွေ့မှု၏ အရင်းအမြစ် နေရာတွင်
ကောင်းဟန်သည့် လင်းဖုန်း၏ အရှေ့တွင်
မလှုပ်မယှက် ရပ်နေခဲ့သည်။
ဘီလူးနှစ်ကောင်တို့က မျက်နှာချင်းဆိုင်
ရပ်နေကြသည်။ သို့သော်လည်း အချိန်မြစ်ရေက
စတင်အကျိုးသက်ရောက်လာခဲ့၏။
ဘေးပတ်ပတ်လည်မှ အရာအားလုံးတို့အား
အရွယ်ကြီးရင့်စေခဲ့သည်။ လင်းဖုန်း၏
ညာလက်သည်ပင် စတင်ပြောင်းလဲလာခဲ့၏။

လင်းဖုန်းသည် အင်မော်တယ် ဝိညာဥ်
အဆင့်တွင် ရောက်နေခဲ့ကာ
သူ၏ခန္ဓာကိုယ်သည် သာမန်ထက်
ပို၍ထူးခြားသည်။ သို့သော်လည်း
ထိုစွမ်းအားနှင့် ရင်ဆိုင်ခဲ့ရချိန်တွင် သူ၏
အရေပြားနှင့် အသွေးအသားတို့သည်
စတင်ရင့်ရော်လာခဲ့၏။ အိုမင်းအားနည်းသည့်ပုံ
ပေါက်လာခဲ့သည်။

သူ၏နဖူးပေါ်မှ ထိုက်ကျိသင်္ကေတသည်
စတင်လည်ပတ်လာခဲ့ကာ သူ၏ညာလက်သည်
ပုံမှန် အနေအထားသို့ ပြန်ရောက်သွားခဲ့သည်။

သူ၏အမူအရာသည် ယခင်ကသို့ ဖြစ်ဆဲပင်
ဖြစ်သည်။ သို့သော်လည်း ကောင်းဟန်၏
အသိစိတ် အတွင်းတွင် လင်းဖုန်းသည်
ထိုထိုက်ကျိ သင်္ကေတအတွင်းသို့ ဝင်သွားခဲ့ကာ
စကြာဝဠာကို ဖြတ်သန်းသွားခဲ့ပြီး ဖြစ်သည်။

သူရဲကောင်း နှစ်ယောက်စလုံးတို့၏ အပေါ်ရှိ
ဟင်းလင်းပြင်မှနေ၍ ခရမ်းရောင်
တိမ်တိုက်များက တစ်သုတ်ပြီးတစ်သုတ်
ကျဆင်းလာခဲ့သည်။ ဟင်းလင်းပြင်၏
ပြင်ပမှနေ၍ ကြီးကျယ်ခမ်းနားသော
အဖြူရောင် ကျောက်စိမ်းတောင်ကြီး
တစ်ခုပေါ်လာခဲ့သည်။ ဒါသည် ယုကျင်းတောင်
ဖြစ်၏။

မှော်ကျိန်စာတစ်ခုကို ထုတ်လွှတ်လိုက်ကာ လင်းဖုန်းသည် ရှိထျန်းဟောင်နှင့် ကျန်သောသူများအား တောင်ပေါ်သို့ စေလွှတ်လိုက်ကာ တောင်ကြီးကို ကောင်းဟန်ထံသို့ ပျံသန်းလာစေခဲ့သည်။

ကောင်းဟန်သည် စိတ်လှုပ်ရှားနေသည့်ပုံ မပေါက်နေခဲ့ပဲ အော်ဟစ်လိုက်သည်။ "ယင်ယန် အကြီးအကဲ၊ ထွက်လာခဲ့ပါ"

## စာစဥ် ၃၁ : အပိုင်း ၁၉

# အပိုင်း ၅၈၉ : စူတောင်က နောက်ဆုံးမှာ ရောက်လာခဲ့ပြီ

ဟင်းလင်းပြင် အတွင်းတွင် တစ်စုံတစ်ရာမှ ရွေ့လျားခြင်း မရှိပေ။ ခေါင်းလောင်းသံ တစ်ခုသာ ပဲ့တင်ရိုက်လာခဲ့၏။

ထိုအသံနှင့်အတူ တစ်ယောက်သည် ယုကျင်းတောင်ဘက်သို့ လှည့်ကြည့်လိုက်ကြသည်။ ဤအရာသည် လင်းဖုန်း၏ ကြမ္မာပန်းတိုင် ခေါင်းလောင်းနှင့် ယှဉ်၍မရသော်လည်း ရောမ ခေါင်းလောင်းကြီး တစ်ခုဖြစ်သည်။

ထိုခေါင်းလောင်းသည် အခေါင်းပေါက်
ဖြစ်နေကာ ပေါ့ပါးပုံပေါက်နေ၏။ သူ၏
ပုံစံသည် မြူခိုးငွေ့ အလွှာပေါင်း များစွာတို့အား
စုစည်းထားသကဲ့သို့ ထွင်းဖောက်မြင်နေရပြီး
ထူးခြားသောပုံ ပေါက်နေသည့် အရာတစ်ခုကို
ဖြစ်ပေါ်စေခဲ့သည်။

သူ၏အပြင်ပန်းတွင် အဖြူနှင့် အနက်ရောင်
အငွေ့တန်း နှစ်ခုက ကျဆင်းလာခဲ့၍
ယင်နှင့်ယန် သင်္ကေတကဲ့သို့ ဖြစ်နေခဲ့သည်။

ဒါသည် ဝက်ပါချိုးဖောက်ဖုံနှင့် အဖော်ဖြစ်သည့် မှော်ရတနာ၊ ဟင်းလင်းပြင် ယင်ယန်နာရီ ဖြစ်၏။

သူတို့သည် ကြမ္မာပန်းတိုင် အဆင့်အောက်မှ မှော်ရတနာများ အနက်တွင် အစွမ်းအထက်ဆုံးဟူ၍ နာမည်ကျော်နေကြသည်။ မဟာယာန မှော်ရတနာအဆင့်၏ အထွတ်အထိပ်တွင် ရောက်နေကြပြီ ဖြစ်၏။

ထိုနာရီ၏ဘေးတွင် ကြည်လင်သော အဖြူရောင် ဝတ်စုံအား ဝတ်ဆင်ထားသည့် အသက်ကြီးကြီး လူတစ်ယောက် ရပ်နေသည်။

သူ၏ ဝတ်ရုံများသည် လေအတွင်းတွင် လွင့်နေခဲ့ကာ အနည်းငယ်ပို၍ တောက်ပနေခြင်းမှလွဲ၍ နာရီ၏ပုံနှင့် တူညီနေ၏။

ထူးခြားသော အပိုင်းမှာ နားရွက်ဘေးမှ ကျနေခဲ့သော ဆံနွယ်များ၏ ပုံစံပင် ဖြစ်၏။ ဘယ်ဘက်သည် သန့်စင်ဖြူဖွေးနေခဲ့ကာ ညာဘက်မှာမူ မည်းနက်နေ၏။ ယင်နှင့်ယန်တို့အား ကိုယ်စားပြုနေသကဲ့သို့ ဖြစ်သည်။

ဒါသည် ဟင်းလင်းပြင် ယင်ယန်နာရီ၏
စိတ်ဝိညာဉ်ဖြစ်သော ယင်ယန်အကြီးအကဲ
ဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

သူသည် တောင်ပေါ်သို့ ချက်ချင်းမကြည့်ခဲ့ပဲ
သူ၏အကြည့်အား ဟင်းလင်းပြင်ကို
ချိုးဖောက်ကာ ဝင်ရိုးစွန်းနှစ်ဘက်
ကောင်းကင်တောင်တန်းနှင့် တိုက်ခိုက်နေသော
ကြမ္မာပန်းတိုင် ခေါင်းလောင်းအား
ကြည့်လိုက်သည်။

"ဒါက ပွားစည်းခြင်း အဆင့်က မှော်ရတနာပဲ
ရှိသေးတယ်။ ဘယ်လောက်အထိ ကြောက်စရာ

ကောင်းလိုက်သလဲ" ပြီးမှသာ သူသည် တောင်ပေါ်သို့ ကြည့်လိုက်၏။

သူသည် ထွင်းဖောက်မြင်နေရသော နာရီကို အသာပုတ်လိုက်ကာ တုန်ခါမှုများကို ဖြစ်ပေါ်လာစေခဲ့သည်။ သို့သော်လည်း ဒါသည် အသံတစ်စက်မှ မထွက်ခဲ့ပဲ ဟင်းလင်းပြင်တွင် လှိုင်းတွန့်များသာ ပျံ့သွားခဲ့၏။

နတ်ဘုရား နယ်မြေ အတွင်းတွင် ရပ်နေကြသူများ အပါအဝင် အားလုံးတို့သည် သူတို့၏ ခန္ဓာကိုယ်များ တုန်ခါလာသည်ဟု ခံစားမိခဲ့သည်။

ဟင်းလင်းပြင် ယင်ယန်နာရီသည် အသံများကို
မထုတ်လွှတ်ခဲ့ပဲ လေဟာနယ်များကိုသာ
ထိန်းချုပ်နေခဲ့သည်။ အဖြူရောင်နှင့်
အနက်ရောင် အငွေ့တန်းများသည်
အောက်ဘက်မှ တောင်ပေါ်သို့ စီးဆင်းသွားခဲ့၏။

နာရီကိုယ်တိုင်သည် ဤမျှ မကြီးမားသော်လည်း
သူဖန်တီးထားသော လေဟာနယ်သည်
ကြီးမားလှကာ တောင်တစ်ခုလုံးအား
ဝါးမျိုတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

တစ်ခုခု မှားယွင်းနေပြီဟု ခံစားလိုက်ရသူမှာ အခြားသူ မဟုတ်ပဲ လင်းဖုန်းကိုယ်တိုင်ပင် ဖြစ်၏။

ကောင်းကင်ပေါ်မှ တစ်စုံတစ်ခုသည် သူနှင့် ယုကျင်းတောင်၊ မဟူရာကောင်းကင် ရတနာသစ်ပင်၊ ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင်တိမ်တိုက်တို့၏ ဆက်သွယ်မှုများကို ဖြတ်တောက်နေသကဲ့သို့ ခံစားနေရသည်။

ကောင်းဟန်သည် လင်းဖုန်းအား ကြည့်လိုက်ကာ ပြောလိုက်သည်။
"ဟင်းလင်းပြင် ယင်ယန်နာရီရဲ့

စွမ်းအားတွေဟာ လေဟာနယ် အတွင်းဘက်ကို ထွင်းဖောက်နိုင်တယ်။ ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာ မဟုတ်ခဲ့ရင် တစ်ယောက်ကမှ မခံနိုင်ဘူး"

"ခင်ဗျားရဲ့တောင်က သန့်မာပေမဲ့ အတွင်းက စွမ်းအားတွေက တစ်ခုတည်း မဟုတ်ဘူး။ သူတို့က ကွဲပြားတဲ့ အရာတွေ ဖြစ်ကြရင် သူတို့ရဲ့ ဆက်သွယ်မှုတွေကို ယင်ယန်နာရီက ဖြတ်တောက်နိုင်တယ်"

သူက ဆက်ပြောလိုက်၏။ "မင်းက တောင်ရဲ့ စွမ်းအားတွေကို ဟင်းလင်းပြင်ရဲ့ စွမ်းအားတွေနဲ့ ပူးပေါင်းထားခဲ့တယ်။ ဒါပေမဲ့ မီးကိုမီးနဲ့

ပြန်တိုက်ရသလို ကမ္ဘာပေါ်မှာ တားဆီးလို့
မရတဲ့ အင်အားဆိုတာ မရှိပါဘူး"

လင်းဖုန်းက ပြုံးလိုက်ကာ ပြန်ပြောလိုက်သည်။
"ဒီအဆိုသာ မှန်ခဲ့လို့ရှိရင် ဟင်းလင်းပြင်
ယင်ယန်နာရီက ရှုံးမှာ သေချာနေပြီ"

သူ၏စကား မဆုံးသေးခင်တွင်
မဟူရာကောင်းကင် ရတနာသစ်ပင်သည်
ယခင်ကထက် များစွာပို၍
တောက်ပလာခဲ့သည်။ သူ၏ အကိုင်းအခက်များ၊
သစ်ရွက်များတို့သည် ပြင်းထန်စွာနှင့်
တုန်ခါသွားကြ၏။

အလင်းတန်းများက ပိုမိုတောက်ပလာခြင်းနှင့် အတူ သစ်ပင်၏ဘေးမှ ဟင်းလင်းပြင်သည် ပို၍ တွန့်လိမ်ကာ ပုံပျက်လာခဲ့၍ ဟင်းလင်းပြင် ယင်ယန်နာရီအား အံတုတော်လှန်နေခဲ့သည်။

"စိတ်ဝိညာဉ် သစ်ပင်လေးပင် မဟုတ်ဘူး။ ပိုပြီးတော့တောင် အစွမ်းထက်တဲ့ အရာတစ်ခုလား" ယင်ယန် အကြီးအကဲက ပြောလိုက်ကာ သူ၏ ပုံစံသည် တုန်ခါသွားခဲ့၍ နာရီနှင့် တစ်သားတည်း ဖြစ်သွားခဲ့ပြီး ယခင်ကထက် ပိုမိုသည့် စွမ်းအားများကို ထုတ်ဖော်လိုက်သည်။

အဖြူနှင့် အနက်တို့၏ စီးဆင်းမှုတို့နှင့် အတူ ဤနာရီသည် ယခင်ကထက်ပို၍ အားကောင်းလာခဲ့ကာ ယုကျင်းတောင် တစ်ခုလုံးအား ဖုံးလွှမ်းနိုင်ရန် ကြိုးစားနေခဲ့၏။

"ဒီနာရီက ပြိုင်ဘက်ကင်း မဟုတ်ပေမဲ့ မင်းရဲ့ အဖိုးတန် တောင်နဲ့သစ်ပင်ကို ကိုင်တွယ်ဖို့အတွက် လုံလောက်တယ်" ကောင်းဟန်က တိုးညင်းစွာနှင့် ပြောလိုက်သည်။

လင်းဖုန်းသည် ဟင်းလင်းပြင် ယင်ယန်နာရီအား ဂရုမစိုက်တော့ပဲ လှည့်လိုက်ကာ ကောင်းဟန်ထံသို့ လှမ်းလာခဲ့သည်။

လင်းဖုန်းထံမှ အလင်းတန်းသည်
ကောင်းဟာန်အပေါ်သို့ ကျရောက်လာခဲ့၍ သူ၏
အချိန်မြစ်ရေသည် စီးဆင်းမှု
ရပ်တန့်သွားသကဲ့သို့ ဖြစ်သွားခဲ့သည်။

မြစ်တစ်ခုလုံးသည် အစိုင်အခဲအဖြစ်
အေးခဲသွားသကဲ့သို့ ဖြစ်သွားခဲ့၏။
သို့သော်လည်း မည်သည့်အရာက အချိန်၏
စီးဆင်းမှုကို ရပ်တန့်နိုင်ပါသနည်း။

မအိုမင်းနိုင်သည့် အရာတစ်ခု၊ အစဥ်အမြဲ
ရှင်သန်နိုင်သည့် အရာတစ်ခု!

"ထာဝရ အလင်းတန်း" ကောင်းဟန်သည် အနည်းငယ် ထိတ်လန့်သော အမူအရာများ ပေါ်လာခဲ့၏။ "ဒါက အင်မော်တယ် နဂါးမြို့တော်ရဲ့ ရှေးကျတဲ့စွမ်းအားဖြစ်တယ်။ မင်း.. မင်း.. ဒါကြောင့်မို့ငါက ဒီနေရာကို စရောက်လာကတည်းက တစ်ခုခု မှားယွင်းနေတယ်လို့ ထင်နေမိတာ။ ရှီယုက အင်မော်တယ် နဂါးမြို့တော်ရဲ့ နည်းစနစ်ကို အပြည့်အဝ တတ်ကျွမ်းသွားခဲ့ပြီပေါ့" ကောင်းဟန်က ဆက်ပြောလိုက်သည်။

"ဒါပေမဲ့ ရှီယုရဲ့ ထာဝရ အလင်းတန်း... သူက
မင်းနဲ့ ဘာဆိုင်လို့လဲ။ မဟုတ်မှလွဲရော
မင်းရဲ့ခားများလား"

သဘောပေါက်လိုက် အပြီးတွင်
ကောင်းဟန်သည် ချက်ချင်းပင်
မိုးကုတ်စက်ဝိုင်း မြို့တော်အား အသုံးပြု၍
လင်းဖုန်း၏ တိုက်ခိုက်မှုအား ခုခံလိုက်သည်။

ထာဝရ အလင်းတန်းနှင့် လင်းဖုန်းသည်
ကောင်းဟန်၏ အချိန်မြစ်ရေအား
တန်ပြန်နိုင်ခဲ့သည်။ သူ့အား
မဖျက်ဆီးနိုင်သော်လည်း သူ၏ အိုမင်းစေသော
အစွမ်းသတ္တိအား တားဆီးနိုင်ခဲ့၏။

လင်းဖုန်း၏ ကောင်းကင်ဖျက်ဆီး ဓားချီနှင့် မူလ ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း နည်းစနစ်တို့၏ ပူးပေါင်းတိုက်ကွက်သည် ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်းတို့၏ စွမ်းအားများကို ပေါင်းစည်းထားကာ ပို၍ပို၍ ပြင်းထန်လာခဲ့သည်။ ဤစွမ်းအားသည် ကောင်းဟာန်၏ မိုးကုတ်စက်ဝိုင်း မြို့တော်အား နောက်ဆုံးတွင် ချိုးဖောက်နိုင်ခဲ့၏။

"မြင့်တက်လာစမ်း" ကောင်းဟာန်က ရေရွတ်လိုက်သည်။ အလင်းတန်း တစ်တန်းသည် သူ၏ ကိုယ်အတွင်းမှ ထွက်ပေါ်လာခဲ့၏။

ထိုအလင်းတန်းသည် လွန်စွာမှ
သန့်စင်လှသဖြင့် သူနှင့်မတူသော
အရာမှန်သမျှကို လက်မခံနိုင်ခဲ့ပေ။ သူသည်
လင်းဖုန်းအား အဝေးသို့ တွန်းလွှတ်ခဲ့သည်။
ပြန်ကြည့်လိုက်လျှင် ကောင်းဟန်သည်
အဝတ်နောက်တစ်ထည် ထပ်ဝတ်ထားသကဲ့သို့
ဖြစ်နေသည်။ ထိုအဝတ်သည်
အလင်းရောင်များဖြင့်သာ ဖန်ဆင်းထားခြင်း
ဖြစ်၏။

မှော်ရတနာ တစ်ခုဖြစ်သော သဘာဝ
အလင်းတန်း ကောင်းကင်ဝတ်ရုံ!

လင်းဖုန်း၏ တိုက်ခိုက်မှုသည် ချက်ချင်းပင် အတွန်းလှန် ခံလိုက်ရ၏။ အလင်းရောင် ပင်လယ်အတွင်းတွင် သူ၏ဓားသည် လုံးဝ နစ်မြုပ်သွားခဲ့သည်။

အခြားတစ်ဘက်တွင် ဝင်္က်ပါချိုးဖောက်ဗုံသည် လင်းဖုန်း၏ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္က်ပါအား တိုက်ခိုက်နေခဲ့သည်။

ဝင်္က်ပါသည် သူ၏ စွမ်းအားများကို အစွမ်းကုန် ထုတ်လွှတ်လိုက်ခြင်းနှင့် အတူ အလင်းတန်းများသည် အရပ်မျက်နှာ အရပ်ရပ်သို့ ပျံ့နှံ့သွားခဲ့သည်။ အလင်းတန်းများသည် ကောင်းကင်ပေါ်တွင်

ကျယ်ပြန့်သွားခဲ့ကာ သင်္ကေတများနှင့်
စကားလုံးများသည် ပေါင်းစည်းသွားခဲ့၍
မီးခိုးရောင် ထူးခြားကောင်းမွန်သည့်
လက်ရာတစ်ခုအဖြစ် ပြောင်းသွားခဲ့၏။

ကောင်းကင်ကို လှည့်ပတ်နေသော
ခရမ်းရောင်တိမ်တိုက်တို့သည် ဝူတူးဗဟို
နတ်ဘုရား အလင်းတန်းတို့နှင့် ပေါင်းစည်းကာ
ကောင်းကင်နှင့် မြေကြီးကို
ကိုယ်စားပြုနေကြ၏။ ဝိညာဉ်ဖန်ဆင်း
တံဆိပ်နှင့် သေမင်းကျောက်တုံးတို့သည်
ရှင်ခြင်းနှင့် သေခြင်းတို့အား ဖြစ်ပေါ်စေခဲ့သည်။

ဝက်ပါအတွင်းတွင် အဖြူရောင်
မီးတောက်တစ်ခုသည် ခရမ်းရောင်
သလင်းကျောက် တစ်ခုမှ အလင်းတန်းနှင့်အတူ
ကခုန်နေခဲ့သည်။

သန့်စင်သောယန် အကြွင်းမဲ့မီးတောက်နှင့်
ငရဲကမ္ဘာ ခရမ်းရောင် သလင်းကျောက်တို့သည်
အတူတကွ ပူးပေါင်းလိုက်ကာ
ယင်နှင့်ယန်တို့ကို ဖော်ဆောင်ခဲ့ကြသည်။

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ၊
ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်းတို့၏
ပုံစံခြောက်မျိုး၊ ယင်နှင့်ယန်တို့၏
ပြောင်းလဲခြင်း!

ထိုဝက်ံပါအတွင်းတွင် ထွင်းဖောက်၍
မြင်နေရသော သားရေတစ်စသည်
မယုံနိုင်လောက်အောင် အရောင်စုံလင်သည့်
မြင်ကွင်းများကို ဖော်ပြလိုက်၏။

ဒါသည် ကောင်းကင်မြေခွေး
မဟာပဏ္ဍိတ၏ထံမှ လက်ဆောင်ဖြစ်၏။
ပိုးမျှင်မိစ္ဆာတစ်ကောင်ထံမှ ခွာယူထားကာ
ကောင်းကင်မြေခွေး မဟာပဏ္ဍိတ ကိုယ်တိုင်က
လက်ရာမြောက်စွာ ချုပ်လုပ်ထားခြင်း
ဖြစ်သည်။ ဤရတနာသည် အဆုံးမဲ့
ပြောင်းလဲခြင်းများကို ထုတ်လုပ်နိုင်ပေသည်။

လွင်ပြင်ကျယ်တစ်ခု၊ ညိုမှောင်ဖုန်ထူသော
သဲကန္တာရ၊ မိုးထိုးနေသော တောင်များ၊
ကြည်လင်သော အပြာရောင်ပင်လယ်၊
ထိုသားရေစအပေါ်တွင် မြင်ကွင်းမျိုးစုံကို
တွေ့နိုင်ပေသည်။ မြင်ကွင်းတစ်ခုတိုင်းသည်
ကိုယ်ပိုင်ကမ္ဘာတစ်ခုအား
ဖော်ဆောင်နိုင်ခဲ့သည်။

ရှေးဟောင်းတံလျှပ် သားရေစနှင့် တွဲဖက်သည့်
အိုင်တမ်မှာ အဖြူရောင် ကျောက်စိမ်း
ပုံဆောင်ခဲ တစ်ခုဖြစ်၏။ ဒါသည်
ရှီထျန်းဟောင်က ရှီထျန်းရီ၏ မျက်စိကို
အနိုင်ယူခဲ့သည့် ကောင်းကင်ရောင်ပြန်
ကျောက်တုံးဖြစ်၏။

ဤကျောက်တုံးမှ အလင်းတန်းသည် ပုံရိပ်ယောင်များ အားလုံးကို ချေဖျက်နိုင်သည့် အစွမ်းရှိသည်။ ထို့ကြောင့်သူသည် သားရေစပေါ်မှ အရာအားလုံးကို ပယ်ဖျောက်နိုင်ခဲ့၏။

အတုတကွပင် ပုံရိပ်ယောင်နှင့် အစစ်အမှန်တို့၏ စွမ်းအားသည် နောက်ထပ် အဆင့်တစ်ခုသို့ တက်သွားခဲ့သည်။

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္ကပါ၊
ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်း ပုံစံခြောက်မျိုး၊
ပုံရိပ်ယောင်နှင့် အစစ်အမှန်တို့၏ ပြောင်းလဲမှု!

လင်းဖုန်း၏ ပုံစံခြောက်မျိုးသည် ယခင်က
မပြည့်စုံခဲ့ပေ။ သူသည် ပြီးပြည့်စုံစေရန်
ပြောင်းလဲခြင်း ခြောက်မျိုးနှင့် ရတနာ
၁၂ပါးတို့၏ တပြိုင်နက်တည်း
လှုပ်ရှားမှုများအား လိုအပ်ပေသည်။

ဝင်္ကပါသည် ပြီးပြည့်စုံသွားပါက ပြောင်းလဲခြင်း
တစ်ခုတိုင်းသည် သူ၏ စွမ်းအား
အစစ်အမှန်အား ဖော်ထုတ်နိုင်မည် ဖြစ်သည်။

အစောပိုင်းက သူ့တွင် ကောင်းကင်နှင့် မြေကြီး၊ သေခြင်းနှင့် ရှင်ခြင်းတို့၏ ပြောင်းလဲခြင်းတို့သာ ရှိပေသည်။ သို့သော်လည်း ယခုအချိန်တွင် ယင်နှင့်ယန်၊ ပုံရိပ်ယောင်နှင့် အစစ်အမှန်တို့၏ ပြောင်းလဲခြင်းများ ရှိခဲ့ပြီ ဖြစ်သည်။

ယခုအချိန်တွင် ပြောင်းလဲခြင်း လေးမျိုးတို့က တစ်ချိန်တည်းတွင် လှုပ်ရှားနိုင်ခဲ့ပြီ ဖြစ်၍ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါသည် နောက်ထပ် အဆင့်အသစ် တစ်ခုအား တက်သွားနိုင်ပြီ ဖြစ်သည်။

သို့သော်လည်း ဝက်ပါချိုးဖောက်ဗုံသည်
အလားတူပင် စွမ်းအားကောင်းနေခဲ့သည်။
အဘိုးအို၏ အရှေ့မှ ဦးဆောင်နေမှုနှင့်အတူ
ဗုံသံ တစ်သံပြီးတစ်သံတို့သည် လေထုကို
ချိုးဖောက်၍ ကျရောက်လာခဲ့သည်။

ဗုံသံတစ်ချက်သည် ယခင်က ဝက်ပါ၏
ပြောင်းလဲမှုများကို ဖိနှိပ်နိုင်ခဲ့သည်။
သို့သော်လည်း ပြောင်းလဲခြင်း လေးမျိုးတို့၏
စွမ်းအားအသစ်ကြောင့် ဗုံသံများမှာ
အကျိုးသက်ရောက်မှု မရှိနိုင်တော့ပေ။

လင်းဖုန်းသည် ကောင်းဟာန်နှင့်
တိုက်ခိုက်နေဆဲတွင် သူ၏ အာရုံအချို့ကို

ဝက်ပါ၏ အပေါ်တွင် ထားထားခဲ့သည်။
သူ၏ညာလက်မှ လျှင်မြန်စွာ လှုပ်ရှားမှုဖြင့်
ထာဝရ အလင်းတန်းသည် ဝက်ပါအတွင်းသို့
ဝင်သွားခဲ့သည်။

ချက်ချင်းပင် ဝက်ပါသည်
အပူပိုင်းကမ်းခြေတစ်ခုမှ သဲမှုန်များကဲ့သို့သော
သေးငယ်သော အလင်းစက်လေးများဖြင့်
လင်းလက်လာခဲ့၏။ အလင်းစက်လေး
တစ်စက်စီတို့သည် တစ်ခုစီအနေနှင့်
အရေးမပါနေသကဲ့သို့ ခံစားနေရသည်။
သို့သော်လည်း စုပေါင်းလိုက်သောအခါ သူ၏
စွမ်းအားများသည် ထူးခြားကြီးမားလှပေသည်။

ဒါသည် အလင်းခေးမြန်ဂိုဏ်းမှ
လျှို့ဝှက်ရတနာဖြစ်သော တစ်ခဏ
ကောင်းကင်ကျောက်စရစ် ဖြစ်၏။

ဂိုဏ်းအတွင်းမှ ထိပ်သီးပညာရှင်များသည်
သူတို့၏ တိုက်ခိုက်မှုများတွင် အလင်းရောင်၏
အမြန်နှုန်းအား ရရှိစေရန် ဤအိုင်တမ်အား
လိုအပ်သည်။

အလင်းခေးမြန် ဂိုဏ်းခေါင်းဆောင်သည်
ထောင်ရောင်ရောင်ကိုခေါ်ကာ
ယုကျင်းတောင်သို့ လာခဲ့ပြီး
ကောင်းကင်ဖာထေး နွယ်ပင်အား
တောင်းခံရာတွင် သူ၏ကိုယ်ပိုင် ရတနာနှင့်

အလှဲအလှယ် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။
လင်းဖုန်းသည် ဤတစ်ခဏ
ကောင်းကင်ကျောက်စရစ်နှင့် ထာဝရ
အလင်းတန်းတို့အား ရယူနိုင်ရန် နည်းဗျူဟာ
ချမှတ်ပြီးသား ဖြစ်၏။

တစ်ပါးက ထာဝရ၊ တစ်ပါးက တစ်ခဏ
ဖြစ်နေသော ရတနာနှစ်ပါးတို့သည် အချိန်၏
ပြောင်းလဲချက်များကို ကိုယ်စားပြုနေသည်။

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ၊
ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်းတို့၏ ပြောင်းလဲမှု

ခြောက်မျိုး၊ ထာဝရနှင့် တစ်ခဏတို့၏
ပြောင်းလဲမှု!

ငါးခုမြောက် စွမ်းအားစုသည် ဝက်ပါအတွင်းသို့
ဝင်လာသောအခါ သူ၏ စွမ်းအားများသည်
နောက်တစ်ဆင့်သို့ တက်သွားခဲ့သည်။
ဝက်ပါချိုးဖောက်ပုံက မဖိနှိပ်နိုင်တော့ပေ။

ပုံနတ်သား၊ ကောင်းဟာန်နှင့်
ရွှမ်းလင်သူတော်စင်တို့သည်
ထိတ်လန့်နေကြသည့်ပုံများ ပေါ်လာခဲ့၏။

ဤ၀က်ပါသည့် ထိန်းချုပ်မှု
ကင်းလွတ်သွားသော သားရဲတစ်ကောင်ကဲ့သို့
ကြီးထွားလာခဲ့ကာ
ကောင်းကင်အားမျိုချချင်နေသကဲ့သို့
ဖြစ်နေခဲ့သည်။

ထိုအချိန်တွင်ပင် ဟင်းလင်းပြင်၏ အလွန်ရှိ
ကြယ်စင်များထံမှ အလင်းတန်းတစ်ခု
ပျံသန်း၀င်ရောက်လာခဲ့၏။

သူတော်စင် ကောင်းကင်ဓားချီ!

စူတောင်ဓားဂိုဏ်း!

# စာစဥ် ၃၁ : အပိုင်း ၂၀

## အပိုင်း ၅၉၀ : လင်းဖုန်း၏ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း

အဖြူရောင် ခါးအောက်ရာ တစ်တန်းသည် ကြယ်စင်မြစ်များကို ဖြတ်သန်းလာခဲ့ကာ လင်းဖုန်းအား တိုက်ခိုက်လိုက်၏။

ဒါသည် စူတောင်ခါးဂိုဏ်း၏ ဂိုဏ်းကို ထောက်ပံ့နိုင်သော ရတနာ၊ မူလကောင်းကင်

ကမ္ဘာ၏ အစွမ်းအထက်ဆုံး ခေါးပညာရပ်၊
သူတော်စင် ကောင်းကင်ခေါးချီပင် ဖြစ်၏။

လင်းဖုန်း၏ အကြည့်သည်
လင်းလက်သွားခဲ့ကာ သူ၏ညာလက်ဖြင့်
မှော်ကျိန်စာ တစ်ခုအား ဖန်ဆင်းလိုက်သည်။
သူသည် သူတော်စင် ကောင်းကင်ခေါးချီထံသို့
လက်ညွှန်လိုက်ရာ မီးခိုးရောင် ခေါးချီတစ်ခုက
သူ့အား ပြန်လည်တိုက်ခိုက်လိုက်သည်။ ဒါသည်
ကောင်းကင်ဖျက်ဆီး ခေါးချီ ဖြစ်သည်။

မီးခိုးရောင်နှင့် အဖြူရောင် ခေါးအော်ရာတို့သည်
ထိပ်တိုက်တွေ့ဆုံသွားကြ၏။
ကြောက်မက်ဖွယ်ရာ တုံ့ပြန်မှုများ

မပေါ်ပေါက်လာခဲ့သော်လည်း ဟင်းလင်းပြင် လေဟာနယ် အတွင်းမှ ထိပ်တိုက်တွေ့ခဲ့သော နေရာသည် တွန့်လိမ်သွားခဲ့ကာ ဝဲကတော့ တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

ထိုဝဲကတော့သည် အဆက်မပြတ် လည်ပတ်နေကာ ဘေးမှအရာ အားလုံးတို့အား ဝါးမျိုနိုင်ခဲ့၏။ အရွယ်အစား သေးငယ်သော ကြယ်များပင် အတွင်းသို့ ဆွဲသွင်းခြင်းကို ခံခဲ့ရ၏။

ထိုဝဲကတော့သည် ပတ်ဝန်းကျင်မှ လေဟာနယ် ဟင်းလင်းပြင်တို့ လက်မခံနိုင်တော့သည်အထိ ကျယ်ပြန့်လာခဲ့သည်။ ဝဲကတော့သည်

ပေါက်ကွဲသွားခဲ့ကာ ခေးအလင်းတန်းများသည်
ဥက္ကာပျံများကဲ့သို့ နေရာအနှံ့
လွင့်ပျံသွားကြသည်။ သူသည် စကြာဝဠာ
တစ်ခုလုံးကို ပျံ့နှံ့သွားခဲ့၏။

လင်းဖုန်းသည် ခေးချက်တစ်ချက်ဖြင့်
ပြန်လည်တုံ့ပြန်ခဲ့သော်လည်း နောက်ထပ်
ဂရုထပ်မစိုက်နေတော့ချေ။ သူ၏ခေါင်းကို
ပြင်းထန်စွာနှင့် လှည့်လိုက်ကာ
ယုကျင်းတောင်အား ဝါးမျိုခါနီး ဖြစ်နေသော
ဟင်းလင်းပြင် ယင်ယန်နာရီအား
ကြည့်လိုက်သည်။

"အဆိုးမဲ့ လေဟာနယ်တွေရဲ့
လျှို့ဝှက်ဆန်းကြယ်မှုနဲ့ ယင်နဲ့ယန်တို့ရဲ့
ပြောင်းလဲမှုတွေက တကယ့်ကို
ထူးချွန်ပြောင်မြောက်လှပါတယ်" လင်းဖုန်းက
ပြောလိုက်သည်။ "ဒါပေမဲ့ ငါ့အပေါ်မှာတော့
ဘာမှအသုံးမဝင်ဘူး"

သူ၏စကား ဆုံးသည်နှင့် လင်းဖုန်း၏
ခန္ဓာကိုယ်သည် အဖြူနှင့်အနက်
အရောင်များဖြင့် စတင်လင်းလက်လာခဲ့သည်။

အစပိုင်းတွင်
အရောင်မှေးမှိန်နေသေးသော်လည်း
အလွန်အမင်း

ကြောက်မက်ဖွယ်ကောင်းလှသည့်
အော်ရာများသည် ဟင်းလင်းပြင် လေဟာနယ်
အတွင်းတွင် စတင်ပျံ့နှံ့လာခဲ့၏။

အလင်းတန်းများနှင့် တိမ်တိုက်တို့က
ထိုးတက်လာခဲ့၍ လင်းဖုန်းကို
အလယ်တွင်ထားကာ ဝန်းရံထားခဲ့သည်။
အဖြူနှင့်အနက် အလင်းရောင်တို့မှာ တလှည့်စီ
လင်းလာနေကြ၏။ သူတို့သည် တဖြည်းဖြည်း
ပို၍ တောက်ပလာကြကာ ဖြတ်မှတ်ဆုံ
ယင်ယန်နေမင်း တစ်စင်းက
မြင့်တက်လာခဲ့သကဲ့သို့ ဖြစ်နေခဲ့သည်။

ထိုနေမင်း အတွင်းတွင် အဆင့်မြင့်
သက်ရှိတစ်ယောက်က သူ၏မျက်လုံးများကို
ဖွင့်လိုက်သကဲ့သို့ ခံစားနေရ၏။ သူ၏
အစွမ်းသည် စကြာဝဠာ တစ်ခုလုံးကို
ပျံ့နှံ့သွားခဲ့၏။

ဤကြောက်မက်ဖွယ်ရာ စွမ်းအားသည်
လူအားလုံးတို့အား ကျောက်ရုပ်ဖြစ်စေခဲ့သည်။

သူသည် လင်းဖုန်းထံမှ အလွန်ဝေးကွာနေသော
ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေထံတွင်
ရပ်တန့်သွားသော်လည်း ထိုစွမ်းအားကို
မြင်ရုံသက်သက်နှင့်ပင် အင်မော်တယ် ဝိညာဉ်

အဆင့်အောက်မှ လူတိုင်းအား
ကြောက်ရွံ့တုန်လှုပ်ကာ အညံ့ခံစေခဲ့သည်။

သာမန်လူများက ဆင်းသက်လာသော
နတ်ဘုရားများကို တွေ့လိုက်ရသည့်အခါ
မတတ်နိုင်ပဲ နတ်ဘုရားများအား
ဦးညွှတ်ခဲ့ရသကဲ့သို့ ဖြစ်သည်။

တစ်ယောက်၏ ကျင့်ကြံမှုသည် မည်မျှပင်
အစွမ်းထက်စေကာမူ၊ တစ်ယောက်၏
စိတ်ဝိညာဉ်သည် မည်မျှပင် သန်မာစေကာမူ၊
တစ်ယောက်၏ ခွန်အားများသည် မည်မျှပင်
ကြီးမားစေကာမူ သူတို့သည် ဤအချိန်တွင်
ဦးညွှတ်ရမည်သာ ဖြစ်သည်။

အလင်းခေါ်မြန် ခေါ်မာစတာ၊
နေမင်းအလင်းတန်း ခေါ်မာစတာနှင့် ကျန်သော
အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲများသည် တည်ငြိမ်စွာ
နေနိုင်ခဲ့ကြသေးသော်လည်း သူတို့၏
အမှုအရာများမှာ အလွန်အမင်း
လေးနက်နေကြသည်။ သူတို့သည်
ထိုအဖြူနှင့်အနက် အလင်းတန်းတို့အား
အညှံ့မခံဟု အားတင်းထားနိုင်ကြသော်လည်း
သူတို့၏ တပည့်များအတွက်ကိုမူ
အာမမခံနိုင်ကြပေ။

ဒါသည့် ထိုအဖြူနှင့်အနက် အလင်းတန်းအား
မြင်တွေ့ရုံပင် ရှိသေးသည်။
ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မပြုရသေးပေ။

ရှီယု၏ ကာကွယ်မှုအောက်သို့
ရောက်သွားမှသာ မဟာချင် အင်ပါယာမှ
ပြည်သူလူထုတို့သည် ထိုအလင်းတန်း၏
လွှမ်းမိုးမှုအောက်မှ ရုန်းထွက်နိုင်ခဲ့သည်။
သို့သော်လည်း ရှီရှင်းယွမ်နှင့် ရှီချုံးယွမ်တို့
အပါအဝင် အင်မော်တယ် ဝိညာဉ်
အဆင့်အောက်မှ သူများ၏ ခန္ဓာကိုယ်များသည်
အဆက်မပြတ် တုန်ခါနေကြ၏။ အချိန်မရွေး
ပျော့ညံ့သွားတော့မည့်ပုံ ပေါက်နေခဲ့သည်။

ဝူချင်လျှို၏ မျက်နှာပေါ်မှအပြုံးသည်
ဤအချိန်တွင် လုံးဝ ပျောက်ကွယ်သွားခဲ့ပြီ
ဖြစ်သည်။ သူက ဗလုံးဗထွေးဖြင့် ပြောလိုက်၏။
"မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း!
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က
မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကို
ပိုင်ဆိုင်ထားတယ်"

ရှီထျန်းဟောင်နှင့် ရှီထျန်းရီတို့သည်
မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကို
ဖော်ထုတ်နိုင်၍ အင်မော်တယ်ဝိညာဉ် အဆင့်မှ
အကြီးအကဲတို့၏ အာရုံတို့ကို ဖမ်းစားနိုင်ခဲ့၏။
သို့သော်လည်း သူတို့သည်

ရွှေရောင်ဗဟိုချက်နှင့် အခြေတည် ဝိညာဉ်
အဆင့်တို့တွင်သာ အသီးသီး ရှိကြသေး၏။

သူတို့၏ မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်းသည် ယခုမှ
စတင်မွေးဖွားလာခဲ့ကြခြင်း ဖြစ်သည်။
သို့သော်လည်း သူတို့တွင် အဆုံးမဲ့
အလားအလာများ ရှိကြသည်။ သူတို့တွင်
မရင့်ကျက်သေးသော်လည်း
မယုံနိုင်လောက်အောင်
လျှို့ဝှက်ဆန်းကြယ်သော အင်အားများကို
ပိုင်ဆိုင်ထားကြ၏။

ယခုအချိန်တွင် အားလုံးတို့၏ အရှေ့တွင်
အင်မော်တယ်ဝိညာဉ် အဆင့်တွင်
ရောက်နေပြီဖြစ်သော လင်းဖုန်းသည်
သူ၏ကိုယ်ပိုင် မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်းကို ဆင့်ခေါ်ခဲ့ပြီ ဖြစ်သည်။

အစပထမတွင် မှေးမှိန်နေသေးသော်လည်း
မျက်စိတစ်မှိတ်အတွင်းတွင် အဖြူနှင့်အနက်
အလင်းတန်းတို့သည် တောက်ပလာခဲ့ပြီ
ဖြစ်သည်။ ကြောက်မက်ဖွယ်ရာအော်ရာသည်
အားလုံးတို့၏ စိတ်ဝိညာဉ်အား
တုန်လှုပ်စေခဲ့သည်။ သူ၏စွမ်းအားသည်
ကောင်းကင်ကိုးလွှာနှင့် မြေကြီးတို့ကို
ဖိနှိပ်ထားနိုင်ခဲ့၏။

တဖြည်းဖြည်းနှင့် လင်းဖုန်းရှိနေသော
နေရာသည် အဆုံးမဲ့ အလင်းတန်းများဖြင့်
တောက်ပလာခဲ့၏။ မရေမတွက်နိုင်သော
ဆန်းကြယ်နက်နဲသည့် မှော်သင်္ကေတနှင့်
ပုံရိပ်များသည် လေဟာနယ် ဟင်းလင်းပြင်
တစ်ခုလုံးကို ဖုံးလွှမ်းသွားခဲ့သည်။

မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းသည်
ကောင်းကင်နှင့် မြေကြီးတို့၏ စိတ်ဝိညာဉ်
စွမ်းအင်တို့အား သယ်ဆောင်ထားကာ
ပြိုင်ဘက်ကင်း စွမ်းအားတို့အား
ပိုင်ဆိုင်ထား၏။ ပိုင်ရှင်၏ ကျင့်ကြံမှုအဆင့်

မြင့်လာသည်နှင့်အမျှ သူသည် ပို၍
စွမ်းအားကြီးလာမည် ဖြစ်၏။

ခုအချိန်တွင် လင်းဖုန်းသည် ကောင်းကင်ပေါ်မှ
သက်ဆင်းလာသော နတ်ဘုရားတစ်ပါးအလား
ဖြစ်နေခဲ့သည်။ သူသည် ဟင်းလင်းပြင်
လေဟာနယ်တွင် ဂုဏ်ရှိန်ထည်ဝါစွာဖြင့်
ရပ်နေခဲ့၏။

သူသည် ယုကျင်းတောင်အား လွှမ်းခြုံလုနီးပါး
ဖြစ်နေခဲ့သော ဟင်းလင်းပြင် ယင်ယန်နာရီအား
ကြည့်လိုက်ကာ ချက်ချင်းပင် မြင့်မြတ်သော
အလင်းတန်း တစ်ခုအား
ထုတ်လွှတ်လိုက်သည်။ အဆုံးမဲ့

အလင်းတန်းများသည် အံ့ဩဖွယ်
ကောင်းလောက်အောင် ရှည်လျားသည့်
သက်တန့်တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့၏။
သူသည် ဟင်းလင်းပြင်အား
နှစ်ပိုင်းပိုင်းခဲ့လိုက်သည်။

အလင်းတန်းများ အတွင်းတွင်
နတ်ဘုရားများနှင့် ဗုဒ္ဓတို့၏ အသံများ
ကြားနေရသည်။ သူတို့၏ အလင်းတန်း
ပုံရိပ်များသည် တကယ့်ဖြစ်တည်မှုများအဖြစ်သို့
ပြောင်းသွားခဲ့၍ အလင်းတန်းများ၏ အပေါ်တွင်
ရပ်တည်နေခဲ့သည်။ သူတို့သည်
နတ်တံတားတစ်ခုအပေါ်တွင် ရပ်နေခဲ့သကဲ့သို့
ဖြစ်၏။

ဟင်းလင်းပြင် ယင်ယန်နာရီသည် တုန်ခါသွားခဲ့၏။ ယင်ယန်အကြီးအကဲ၏ အမူအရာသည် ပြောင်းလဲသွားခဲ့သည်။ သူသည် ခြေတစ်လှမ်း ရှေ့တက်လိုက်ကာ သူ၏ခန္ဓာကိုယ်နှင့် သူ၏ဘေးမှ မှော်ရတနာအား ပူးပေါင်းလိုက်သည်။

ဟင်းလင်းပြင် ယင်ယန်နာရီသည် စကြာဝဠာ တစ်ခုလုံးအား တုန်ခါစေခဲ့သည်။ သူသည် အနောက်သို့ လျှင်မြန်စွာ ဆုတ်လိုက်ရာ လင်းဖုန်း၏ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းအား ရှောင်ရှားနိုင်ခဲ့၏။

သို့သော်လည်း သူသည် ယုကျင်းတောင်ထံသို့
သူ၏စွမ်းအားများကို မထုတ်လွှတ်နိုင်တော့ပေ။

ယုကျင်းတောင်၊ မဟူရာကောင်းကင်
ရတနာသစ်ပင်၊ ကောင်းကင်ကို
လှည့်ပတ်နေသော
ခရမ်းရောင်တိမ်တိုက်များနှင့် လင်းဖုန်းတို့သည်
ပြန်လည်ဆက်သွယ်နိုင်ခဲ့ကြသည်။

လင်းဖုန်းသည် ဟင်းလင်းပြင် ယင်ယန်နာရီအား
အမှုမထားခဲ့ချေ။ သူ၏အကြည့်သည်
ကောင်းဟန်ထံသို့ ရွေ့သွားခဲ့သည်။
မြင့်မြတ်သော အလင်းတန်းအား

ထုတ်လွှတ်လိုက်၍ နေရာတစ်ခုလုံးအား
ဖုံးလွှမ်းလိုက်သည်။

ကောင်းဟန်က ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။
နတ်အလင်းတန်း ယင်နည်းစနစ်ကို
ထုတ်ဖော်လိုက်သော်လည်း
ဘာအကျိုးသက်ရောက်မှုမှ မရှိပဲ
အသုံးမဝင်ခဲ့ချေ။

သူ၏အစွမ်းသည် စကြာဝဠာကြီး၏
အချိန်တို့ကိုပင် လျှင်မြန်စွာနှင့် ကုန်ဆုံးစေကာ
အထီးကျန်ခြင်း ဖြစ်စေနိုင်သည်။

သို့သော်လည်း ဒါသည့် လင်းဖုန်း၏
မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း၏
အရှေ့တွင် အသုံးမဝင်ခဲ့ပေ။ အဖြူနှင့်အနက်
အလင်းတန်းများ၏ အကြားမှ လင်းဖုန်းက
တိုးထွက်လာခဲ့၏။ ကောင်းကင်ဖျက်ဆီး
ခေးချီသည့် နတ်အလင်းတန်း
ယင်နည်းစနစ်အား ဖျက်ဆီးလိုက်သည်။

တစ်ခဏအကြာတွင် လင်းဖုန်းသည်
ကောင်းဟာန်၏ဘေးသို့ ရောက်ရှိလာခဲ့သည်။

ကောင်းဟာန်သည် မှော်ကျိန်စာ တစ်ခုအား
ထုတ်လွှတ်လိုက်သည်။ တိမ်တိုက်ပင်လယ်
တစ်ခုသည် ပေါ်ထွက်လာခဲ့၍

ရွှေရောင်အလင်းတန်းများဖြင့်
လင်းလက်နေသော တံခါးများ ပေါ်လာခဲ့သည်။
ဒါသည် ဟင်းလင်းပြင် ဘုရားကျောင်း၏
ကောင်းကင်ကိုးလွှာ မှော်ကျိန်စာ၏
ကျုံးကောင်းကင်ဂိတ် ဖြစ်သည်။

သူသည် ကျုံးကောင်းကင်ဂိတ်အား အသုံးပြု၍
လင်းဖုန်းအား ရှောင်ရှားနိုင်ရန်
လွတ်လမ်းရှာနေခဲ့ခြင်း ဖြစ်၏။

"ထွက်သွားဖို့ နောက်ကျသွားပြီ" လင်းဖုန်းသည်
သူ၏လက်အား ဝှေ့ယမ်းလိုက်ရာ မြင့်မြတ်သော
ဖန်ဆင်းခြင်း အလင်းတန်းသည်
ကောင်းကင်အား ဖုံးလွှမ်းသွားခဲ့၏။

သူ၏အရှေ့တွင် မည်သည့်တံခါးကိုမဆို
ပိတ်ဆို့ထားမည် ဖြစ်၏။ လွတ်မြောက်ရာလမ်း
ရှိမည်မဟုတ်ချေ။

သူသည် ကျုံးကောင်းကင်ဂိတ်အား
ချေဖျက်ပြီးခဲ့သည်နှင့် လင်းဖုန်း၏
ခန္ဓာကိုယ်သည် လက်ကနဲ ဖြစ်သွားခဲ့ကာ
ကောင်းဟန်၏ အရှေ့သို့ ရောက်လာခဲ့သည်။
သူ၏လက်ဝါးကို မြှောက်လိုက်ကာ
သူ၏လက်ချောင်းများအား ဖြန့်လိုက်ကာ
အောက်သို့ကုတ်ချလာခဲ့သည်။

ကောင်းဟာန်ကလည်း လင်းလက်လာခဲ့သည်။
ဒါသည် သဘာဝအလင်းတန်း
ကောင်းကင်ဝတ်ရုံ၏ အစွမ်းဖြစ်၏။

သို့သော်လည်း နှမြောစရာ ကောင်းသည်မှာ
အလင်းတန်းသည် စတင်
လင်းလက်လာစဥ်တွင်ပင် သူသည် လင်းဖုန်း၏
လက်ဝါးဖြင့် ငြိမ်းသက်ခြင်းအား ခံလိုက်ရခြင်း
ဖြစ်သည်။ ကြည့်ရသည်မှာ
လက်ချောင်းတစ်ချောင်းဖြင့် အမွေးတိုင်ကို
ဖိလိုက်ခြင်းနှင့် တူနေသည်။

"အမိန့်!" ကောင်းဟာန်သည် နတ်ကောင်းကင်
ယင်နည်းစနစ် သစ်သီး၏ အစတစ်စကို

ထုတ်လွှတ်လိုက်သည်။ ထိုသစ်သီးသည်
ပေါက်ကွဲသွားခဲ့ကာ အချိန်စီးဆင်းခြင်း စွမ်းအား
သဘောတရားများ၏
စွမ်းအားသဘောတရားများကို
ပြောင်းပြန်လှန်လိုက်၏။ ဒါသည် စကြာဝဠာ
တစ်ခုလုံး၏ အချိန်စီးဆင်းမှုအား
ရပ်တန့်စေခဲ့သည်။

အချိန်ခေတ္တ ရပ်တန့်သွားခြင်းကို
အခွင့်ကောင်းယူ၍ ကောင်းဟန်သည်
အလင်းတန်း တစ်ခုအသွင်သို့ ပြောင်းသွားခဲ့ကာ
ထွက်ခွာသွားခဲ့သည်။

သို့သော်လည်း သဘာဝအလင်းတန်း
ကောင်းကင်ဝတ်ရုံသည် လင်းဖုန်း၏
တင်းကျပ်စွာ ဆုပ်ကိုင်ထားခြင်းအား
ခံနေရသည်။ သူသည် သူ့ကိုယ်သူ
လွတ်မြောက်အောင် မလုပ်နိုင်ခဲ့ပေ။
ကောင်းဟန်သည် သူ၏မှော်ရတနာအား
စွန့်လွှတ်ခဲ့ရကာ သူ့ကိုယ်သူသာ လင်းဖုန်း၏
ချုပ်နှောင်မှုမှ လွတ်မြောက်အောင်
တတ်နိုင်ခဲ့၏။

လင်းဖုန်းသည် ကောင်းဟန်နောက်သို့
မလိုက်ခဲ့ပဲ သူ၏ လက်ဝါးများကိုသာ
စုစည်းလိုက်သည်။ ပြီးတာနှင့် သူသည်
သဘာဝအလင်းတန်း ကောင်းကင်ဝတ်ရုံအား

ရိုက်လိုက်၏။ အဖြူနှင့်အနက် အလင်းတန်းများက လင်းလက်လာခြင်းနှင့်အတူ ဤမော်ရတနာ၏ မူလစိတ်ဝိညာဥ်သည် ခြေမွခံလိုက်ရသည်။

စွမ်းအားထက်သော မော်ရတနာဖြစ်သော သဘာဝအလင်းတန်း ကောင်းကင်ဝတ်ရုံ၏ မူလစိတ်ဝိညာဥ် အဖျက်ဆီးခံလိုက်ရသည်မှာ နှမြောစရာ ကောင်းလှပေသည်။

ပြီးတာနှင့် လင်းဖုန်းသည် သဘာဝအလင်းတန်း ကောင်းကင်ဝတ်ရုံအား ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္ကပါ အတွင်းသို့ ပစ်သွင်းလိုက်သည်။

ဝက်ပါအတွင်းတွင် မူလကတည်းက
လုံးဝမည်းနက်နေသော ခက်ထန်သည့်
သားရဲတစ်ကောင်၏ ရုပ်အလောင်းတစ်ခု
ရှိနေခဲ့သည်။ သူမှနေ၍ အဆုံးမဲ့
အမှောင်စွမ်းအင်များကို ထုတ်လွှတ်နေခဲ့၏။

ရှေးပဝေသဏီမှ အမှောင်ဘုရင်
မိစ္ဆာတစ်ကောင် အနေနှင့် မင်းတု၏
ရုပ်အလောင်းသည် ရှေးကျသန့်စင်သော
အဆုံးစွန် အမှောင်စွမ်းအား
သဘောတရားများကို ထုတ်လွှတ်နေခဲ့သည်။

သူ့တွင် ဖျက်ဆီးခြင်း စွမ်းအား
သဘောတရားများ ရှိနေရုံတင် မကပဲ
မိခင်တစ်ယောက်ကဲ့သို့ ငြိမ်းချမ်းသော အသက်
ဖန်ဆင်းခြင်း သဘောတရားများ ပါနေသေး၏။

သို့သော်လည်း သဘာဝအလင်းတန်း
ကောင်းကင်ဝတ်ရုံ ဝင်ရောက်လာသည်နှင့်
တပြိုင်နက် ထိုအနက်ရောင် စွမ်းအားတို့သည်
အလွန်အမင်း ခက်ထန်ကြမ်းတမ်းလာခဲ့သည်။
ဤအမှောင်စွမ်းအားနှင့် သဘာဝအလင်းတန်း
ကောင်းကင်ဝတ်ရုံမှ အလင်းရောင်တို့သည်
တစ်ယောက်ကိုတစ်ယောက်
အလျှော့မပေးနေခဲ့ကြပေ။

ဤပဋိပက္ခအကြားတွင်
နှစ်ဦးနှစ်ဘက်စလုံးတို့သည်
သူတို့၏စွမ်းအားများကို အစွမ်းကုန်
ထုတ်ဖော်လိုက်ကြ၏။ အလင်းနှင့် အမှောင်တို့
ထိတွေ့ရင်ဆိုင်ခဲ့ကြသည့် အချိန်တွင်
သူတို့ထံမှနေ၍ မရေမတွက်နိုင်သော
ပြောင်းလဲမှုများ စတင်လာကြသည်။

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ၊
ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်း ပုံစံခြောက်မျိုး၊
အလင်းနှင့်အမှောင်တို့၏ ပြောင်းလဲခြင်း!

တစ်ခုခုက မှားနေပြီ ဖြစ်ကြောင်းကို ပထမဆုံး
သဘောပေါက်လိုက်သူမှာ ဝက်ပါချိုးဖောက်ဗုံ၏

မူလစိတ်ဝိညာဉ်ဖြစ်သော ဗုံနတ်သားပင် ဖြစ်၏။
သူသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့်
ယိုယွင်းခြင်း ဝက်ပါအား စောင့်ကြည့်နေကာ
သူ၏အမူအရာများသည်
အလွန်လေးနက်လာခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ယင်-ယန်
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါသည်
အံ့သြဖွယ်ရာ ကောင်းလောက်အောင်
သွင်ပြင်ဖွဲ့စည်းပုံ
တိုးတက်ပြောင်းလဲလာသောကြောင့် ဖြစ်သည်။

ကောင်းကင်နှင့်မြေကြီး!

သေခြင်းနှင့်ရှင်ခြင်း!

ယင်နှင့်ယန်!

ထာဝရနှင့် တစ်ခဏ!

အစစ်အမှန်နှင့် ပုံရိပ်ယောင်!

အလင်းနှင့်အမှောင်!

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း
ဝက်ပါ၏ ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်း
ပုံစံခြောက်မျိုးတို့သည် နောက်ဆုံးတွင်
ပြီးပြည့်စုံသွားခဲ့လေပြီ!

ပုံစံခြောက်မျိုးတို့သည် စုံလင်သွားခဲ့သောအခါ
သူတို့သည် ပြီးပြည့်စုံသော ကမ္ဘာအသစ်
တစ်ခုအား ဖန်ဆင်းလိုက်ကြသည်။
စကြာဝဠာ၏ ဟင်းလင်းပြင် လေဟာနယ်
အတွင်းတွင် နယ်နိမိတ်များ၏ ကြီးမားသော
စွမ်းအားများက ထိုးတက်လာခဲ့၍ မူလ
မဟာကမ္ဘာ၏ နယ်နိမိတ်တို့နှင့်
ပွတ်တိုက်ခြင်းများ ဖြစ်လာခဲ့၏။ ကမ္ဘာနှစ်ခု

အတွင်းမှ အစွန်းများသည်
တွန့်လိမ်သွားနေကြ၏။

"ရောမ ဝက်ပါတွေ ပေါ်ပေါက်လာခဲ့ပြီး
ကြမ္မာပန်းတိုင်တွေကို ဖန်တီးလိုက်တဲ့ အချိန်မှာ
သူတို့ကို အဓိပ္ပာယ် ဖွင့်ဆိုနိုင်တော့မှာ
မဟုတ်ဘူး" ဗုံနတ်သားသည်
အံ့ဩတုန်လှုပ်သွားခဲ့ကာ သူ၏ဘေးမှ
ဝက်ပါချိုးဖောက်ဗုံနှင့် ပေါင်းစည်းသွားခဲ့သည်။

မြစ်ရှည်ကြီး တစ်စင်းနှင့် အလားတူသည့်
မရေမတွက်နိုင်သော အလင်းတန်းတစ်ခု
ထွက်ပေါ်လာခဲ့၏။ ထိုမြစ်အတွင်းတွင်
အဆောင်လက်ဖွဲ့များကို တွေ့နေရသည်။

ထိုအလင်းတန်းများသည် ချိန်းကြိုးများနှင့် တူနေခဲ့၏။ သူတို့သည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ၏ ပတ်ပတ်လည်ကို ရစ်ပတ်ထားခဲ့ကာ ချုပ်နှောင်ခဲ့ရန် ကြိုးစားခဲ့၏။

လင်းဖုန်းသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအား ဝန်းရံထားသည့် အလင်းတန်းများအား ကြည့်လိုက်ကာ မှော်ကျိန်စာ တစ်ခုအား ရွတ်ချည်းဖော်ဆောင်လိုက်သည်။ "ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ၊

ပုံစံခြောက်မျိုး မှော်ကျိန်စာသုံးခု၊ ဝင်ရိုးစွန်း
ပြောင်းပြန်လှန်ခြင်း၊ ပွင့်စမ်း!"

ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်း
ပုံစံခြောက်မျိုးတို့သည်
ပေါင်းစည်းသွားကြသည်။ ယင်-ယန်
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါသည့်
စွမ်းအားပြောင်းလဲခြင်းတစ်မျိုး ဖြစ်ပေါ်လာ၏။
ဤစွမ်းအားအသစ်သည် တည်ငြိမ်စေသော
မှော်ရတနာ ၁၂မျိုး၏ ပေါင်းစည်းမှုကြောင့်သာ
ဖန်ဆင်းနိုင်ခြင်း ဖြစ်၏။ ယင်-ယန်
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ၏
စွမ်းအားအား နောက်တစ်ဆင့်သို့
ရောက်ရှိစေနိုင်ခဲ့သည်။

နည်းစနစ်အသစ်၏ မော်ကျိန်စာ သုံးခုအနက်မှ
ပထမမော်ကျိန်စာ ဖြစ်သော ဝင်ရိုးစွန်း
ပြောင်းပြန်လှန်ခြင်းကို စတင်ခဲ့သည်။
ထိုလျှို့ဝှက်ဆန်းကြယ်သော စွမ်းအားသည်
ဝက်ပါချိုးဖောက်ပုံ၏ မရေမတွက်နိုင်သော
အလင်းတန်းများကို ချိုးဖျက်နိုင်ခဲ့၏။

ဤဝက်ပါမှ ဖန်တီးထားသော
ကမ္ဘာအသစ်သည် ကြီးမားသော
ပြောင်းလဲမှုများကို ယူဆောင်လာခဲ့သည်။
ကောင်းကင်သည် ကစဉ့်ကလျားမှုများနှင့်
ပြည့်နေခဲ့ပြီး အသက်တို့က
ပြန်လည်ရှင်သန်လာခဲ့သည်။ ယင်နှင့်ယန်တို့က

ကပြောင်းကပြန် ဖြစ်နေကြ၍ အမှားကနေ အမှန်ဖြစ်လာခဲ့သည်။ အလင်းနှင့် အမှောင်တို့ကလည်း ပြောင်းပြန်လှန်သွားကြ၏။ ကမ္ဘာတစ်ခုလုံးမှနေ၍ ပြောင်းပြန်ဖြစ်စေသော ခမ်းနားကြီးကျယ်သည့် စွမ်းအားတစ်ခုအား ဆင့်ခေါ်နိုင်ခဲ့သည်။

ဤကြီးကျယ်ခမ်းနားသော စွမ်းအားသည် မဟာကမ္ဘာကိုပင် လွှမ်းမိုးမှု ရှိခဲ့သည်။ ဟင်းလင်းပြင် လေဟာနယ်များသည် ကျိုးပျက်ကုန်ကာ ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ဝက်ပါချိုးဖောက်ဖုံသည့် ဝဲကတော့အတွင်းသို့
ရောက်သွားသကဲ့သို့ ဖြစ်သွားခဲ့ကာ
ဤကြီးမားသော ခွန်အားကြောင့်
ကျိုးပဲ့သွားတော့မည့်ကဲ့သို့ ဖြစ်သွားခဲ့၏။

"ဘုန်း! ဘုန်း! ဘုန်း! ဘုန်း! ဘုန်း!" ဖုံသံများမှာ
ပိုမိုမြန်ဆန်လာခဲ့ကာ မကြာမီပင်
တစ်ခုနှင့်တစ်ခု ဆက်သွားခဲ့သည်။ အလင်းတန်း
တိမ်တိုက်များက ထိုးတက်လာခဲ့ကာ
သူတို့သည် ဤဝဲကတော့၏
ကြောက်မက်ဖွယ်ရာ စွမ်းအားများကို
ရင်ဆိုင်ခဲ့ကြသည်။

ဝက်ပါချိုးဖောက်ဖုံသည်
မရှုံးနိမ့်သွားသော်လည်း သူသည်
ဝက်ပါတစ်ခုကြောင့် ခံစစ်သာ ခုခံနိုင်သည့်
ဘဝသို့ ရောက်သွားခဲ့သည်။
ဤအရာကိုမြင်လိုက်ရသူမှန်သမျှတို့သည်
ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြ၏။

အခြားတစ်ဘက်တွင် သာမန်ရုပ်ရည်သာရှိသည့်
အစိမ်းရောင် ဝတ်စုံနှင့်
လူငယ်တစ်ယောက်သည် လင်းဖုန်းအရှေ့တွင်
ပေါ်လာခဲ့၏။ သူသည် ရှင်းလုံစန်းဖြစ်၏။

လင်းဖုန်းသည် ရှင်းလုံစန်း၏ တိုက်ခိုက်မှုကို
ခံဆောင်လိုက်ချိန်မှစကာ မြင့်မြတ်သော

ဖန်ဆင်းခြင်း အလင်းတန်းအား
ထုတ်ဖော်လိုက်၍ ဟင်းလင်းပြင်
ယင်ယန်နာရီအား အနိုင်ယူလိုက်ခြင်း၊
သဘာဝအလင်းတန်း ကောင်းကင်ဝတ်ရုံအား
ယူဆောင်လိုက်ခြင်းတို့သည်
အချိန်အနည်းငယ်မျှသာ ကြာခဲ့၏။

သူသည် သဘာဝအလင်းတန်း
ကောင်းကင်ဝတ်ရုံ၏ မူလစိတ်ဝိညာဉ်အား
ဖျက်ဆီးလိုက်၍ ထိုဝတ်ရုံအား ယင်-ယန်
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအတွင်းသို့
ထည့်သွင်းလိုက်ချိန်တွင် ရှင်းလုံစန်းသည်
သူ၏အရှေ့သို့ ရောက်လာခဲ့ပြီ ဖြစ်သည်။

သူတို့နှစ်ယောက်သားတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြကာ ဘာကိုမှ မပြောခဲ့ပေ။ သူတို့၏ လက်များကို မြှောက်လိုက်ကြကာ မီးခိုးရောင်နှင့် အဖြူရောင် ခေါ်ရာ နှစ်ခုတို့သည် ထပ်ဖန်တစ်ခါ ထိပ်တိုက်ရင်ဆိုင်ခဲ့ကြသည်။

## စာစဉ် ၃၂ : အပိုင်း ၁

## အပိုင်း ၅၉၁ : သူတော်စင် ကောင်းကင်ခေါးချီ ထွက်လာသောအခါ ကြမ္မာပန်းတိုင်သည် အခြိမ်းခြောက်ခံလိုက်ရသည်

ကမ္ဘာပေါ်မှ အစွမ်းအထက်ဆုံးဖြစ်သော
ဓားပညာရပ် နှစ်ခုတို့သည် ထပ်ဖန်တစ်ခါ
ရင်ဆိုင်လိုက်ကြကာ ကြယ်တာရာများကို
အကြီးအကျယ် ပျက်စီးစေခဲ့သည်။

သူတို့၏ ဓားပညာရပ်များသည် အညှာအတာ
ကင်းမဲ့စွာ သတ်ဖြတ်ခြင်း ဖြစ်ကြသည်။
လွန်စွာမှပင် ခက်ထန်ကြမ်းကြုတ်ကြ၏။
လင်းဖုန်းနှင့် ရှင်းလုံစန်းတို့
တိုက်ခိုက်နေကြရာတွင်
တစ်ကွက်လေးမှားလိုက်သည်နှင့်
တစ်ယောက်သည် အသက်နှင့် ပေးဆပ်ရမည်
ဖြစ်သည်။

ရှင်းလုံစန်းသည် ဟင်းလင်းပြင် လေဟာနယ်
အတွင်းသို့ ခြေချလိုက်ကာ သာမန် အစိမ်းရောင်
ကြေးခေါးရှည် တစ်ချောင်းအား
ကိုင်ထားခဲ့သည်။ ထိုခေါးထိပ်များသည်
လင်းဖုန်းထံသို့ ညွှန်ထားခဲ့ကာ အနည်းငယ်
လှုပ်ခါသွားခဲ့၏။

အဖြူရောင် သူတော်စင် ကောင်းကင်ခေါးချီသည်
ချက်ချင်းဆိုသလိုပင် ကျုံ့ဝင်သွားခဲ့၏။ သူသည်
ထိုခေါးထိပ်များတွင် စုစည်းနေခဲ့ကာ
တောက်ပသော အဖြူရောင် အလင်းတန်း
တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

ကောင်းကင်ယံမှ မည်းနက်နေသော
ကြယ်စင်များ အတွင်းတွင် ထိုအဖြူရောင်
အလင်းစက်ကလေးမှာ အမြဲတမ်း
ကြယ်စင်တစ်စင်းအလား လွန်စွာ မျက်စိပသာဒ
ရှိလှပေသည်။

ခဏအကြာတွင် ထိုဓားအလင်းတန်းသည်
လင်းဖုန်းထံသို့ ထိုးဆင်းလာခဲ့၏။
ကြည့်ရသည်မှာ ကြယ်စင်မြစ်တစ်စင်းက
စီးဆင်းလာသကဲ့သို့ ဖြစ်သည်။

လင်းဖုန်းသည် အချိန်မဖြုန်းခဲ့ပဲ
ကောင်းကင်ဖျက်ဆီး ဓားချီအား
ထုတ်လွှတ်လိုက်၏။ သူသည် မီးခိုးရောင်ဖြစ်၍

အသက်အားလုံးကို သတ်ဖြတ်သူ ဖြစ်သည်။ ဒါသည် ကံကြမ္မာတို့အား ဖျက်ဆီးနိုင်သည့် ကြောက်မက်ဖွယ်ရာ ဓားချီဖြစ်သည်။ သူသည် မျဉ်းကြောင်းတစ်ခုအဖြစ်သို့ ပြောင်းသွား၍ မြစ်ပြင်အား ခုတ်ဖြတ်မည့် ဓားကွက်ဖြင့် ဓားအလင်းတန်း အဖြူရောင်မြစ်ထံသို့ ခုတ်ချလိုက်သည်။

ရှင်းလုံစန်းသည် ဓားကို သူ၏ညာလက်ဖြင့် ကိုင်ထား၍ ဘယ်လက်ဖြင့် ဓားမှော်ကျိန်စာ တစ်ခုအား ထုတ်ဖော်လိုက်သည်။

အဖြူရောင် သူတော်စင် ကောင်းကင်ဓားချီသည် အဖြူရောင် စိတ်ဝိညာဉ် သကော်တများ

အဖြစ်သို့ ပြောင်းသွားခဲ့သည်။ သူတို့သည် သာမန် သင်္ကေတများ မဟုတ်ကြပေ။ သူတို့သည် သူတော်စင် ကောင်းကင်ခေးချီဖြင့် ပုံဖော်ထားသော ခေးသင်္ကေတများ ဖြစ်ကြ၏။

ရှင်းလုံစန်းသည် လက်အမူအရာများကို ပြောင်းလဲလိုက်ကာ မရေမတွက်နိုင်သော ခေးသင်္ကေတများအား ဟင်းလင်းပြင် လေဟာနယ် တစ်ခုလုံးအား ပျံ့နှံ့စေခဲ့သည်။ ထိုခေးသင်္ကေတများ၏ လှုပ်ရှားမှုများသည် တွေ့ရသူများ အားလုံးတို့အား ကြောက်ရွံ့တုန်လှုပ်မှုများ ဖြစ်ပေါ်စေခဲ့သည်။

ထိုခေးသင်္ကေတများသည် သူတို့၏
ကိုယ်ပိုင်ပုံစံများ ရှိကြ၏။ ၄၉၊ ၇၂၊ ၈၁၊ ၁၀၈နှင့်
အခြားသော ကွဲပြားခြားနားသည့်
နံပါတ်များသည် ဝက်ပါပုံစံများကို ကွဲပြားစွာနှင့်
ပုံဖော်လိုက်ကြသည်။

ဤခေးဝက်ပါများသည် စကြာဝဠာ
အတွင်း၌သာ ရှိနေကြသည်။ သူတို့သည်
အရွယ်အစားများ မတူညီကြပဲ
ထူးခြားဆန်းပြားသော ပုံစံများအတိုင်း
ရှိနေကြ၏။ သို့သော်လည်း တူညီသော
အချက်မှာ သူတို့အားလုံးသည်
လျှို့ဝှက်နက်နဲကာ အလွန်အစွမ်းထက်ကြခြင်း
ဖြစ်သည်။ တစ်ချိန်တည်းမှာပင် သူတို့သည်

ညှာတာမှုကင်းသော လူသတ်လိုစိတ်များကို
ထုတ်လွှတ်နေကြသည်။

ဝက်ပါ ထောင်ပေါင်းများစွာတို့သည်
ကောင်းကင်က ကြယ်စင်များနှင့်
ပြည့်နှက်နေသည်ဟု ထင်နေစေခဲ့သည်။
သူတို့သည် ခေါးသကော်တများ၊ ခေါးဝက်ပါများနှင့်
ဖန်ဆင်းထားသော စကြာဝဠာ တစ်ခုအဖြစ်သို့
ပြောင်းသွားခဲ့သည်။

နောက်ဆုံးတွင် ထိုဝက်ပါများတို့သည်
အတူတကွ ပေါင်းစည်းသွားကြကာ
အလင်းတန်း စက်လုံးတစ်ခုအဖြစ်သို့
ပြောင်းသွားကြသည်။ ထိုအလင်းတန်းစက်လုံး

ပေါ်လာသောအခါ လှုပ်ရှားမှုမရှိခဲ့ပေ။ ဘေးပတ်ဝန်းကျင်မှ ဟင်းလင်းပြင်ကသာ ကြေမွသွားခဲ့သည်။

"ခင်ဗျားက တကယ့်ကို သန်မာတဲ့ ဓားကျင့်ကြံသူတစ်ယောက် ဖြစ်တာပဲ" လင်းဖုန်းက မှတ်ချက်ချလိုက်သည်။ ရှင်းလုံစန်းကလည်း အမှတ်တမဲ့ မနေခဲ့ချေ။ သူသည် သူ့တာဝန်ကို သေချာစွာ ထမ်းဆောင်ခဲ့သည်။ ဓားကွက်သုံးကွက်ဖြင့် စမ်းသပ်ပြီးနောက် သူ၏ စင်စစ် ဖြစ်တည်မှုလမ်းစဥ်၏ သစ်သီးကို ဖော်ပြလိုက်ကာ လင်းဖုန်းအား စွမ်းအားရှိသမျှဖြင့် ရင်ဆိုင်ခဲ့သည်။

ရှင်းလုံစန်းသည် လင်းဖုန်းအား တည်ငြိမ်စွာနှင့် ကြည့်လိုက်၏။ သူသည် ဓားရှည်အား လက်တွင်ကိုင်စွဲထား၍ သူတော်စင် ကောင်းကင်ဓား ပညာရပ်၏ သစ်သီးသည် လင်းလက်သော အလင်းတန်းများဖြင့် စတင်တောက်ပလာခဲ့သည်။

သူသည် လင်းဖုန်းထံသို့ ထိုးသွင်းလိုက်၏။ ထိုဓားချက်နှင့်အတူ ထောင်ပေါင်းများစွာသော ဓားသင်္ကေတများ ပေါ်ပေါက်လာခဲ့ကာ ဓားဝင်္ကပါများ အတွင်းမှ ထောင်ပေါင်း များစွာသော ပြောင်းလဲမှုများက ပျက်စီးသွားခဲ့၍ ကောင်းကင်နှင့် မြေကြီးတို့အား တုန်ခါစေသည့်

ကြီးမားလှသည့် စွမ်းအားတစ်ခုကို ဖော်ထုတ်ခဲ့သည်။

လင်းဖုန်းက မလှုပ်ရှားခဲ့ပေ။ သူ၏အရှေ့တွင် ပုံရိပ်တစ်ခုက ရုတ်ချည်းပေါ်လာခဲ့၏။ သူမသည် ဓားအိမ်ကြီး တစ်ခုကို နောက်ကျောတွင် လွယ်ထားသည့် မိန်းမပျိုတစ်ယောက် ဖြစ်သည်။ သူမသည် ဓားသွား၏ သုံးပုံတစ်ပုံ သံချေးတက်နေသော ဓားရှည်တစ်ချောင်းအား ကိုင်ဆောင်ထား၍ ထိုကြောက်မက်ဖွယ်ရာ ဓားအလင်းတန်းအား အမူအရာ ကင်းမဲ့စွာဖြင့် ရင်ဆိုင်လိုက်သည်။

ရွှမ်းလီ၏ တစ်ဝက်နက်၊ တစ်ဝက်ဖြူနေသော ဆံပင်ရှည်များမှာ လွတ်လပ်စွာ လွင့်မျောနေကြ၏။ သူမ၏ မည်းနက်နေသော မျက်လုံးသူငယ်အိမ်တို့မှာ ချက်ချင်းပင် နီရဲသွားကြသည်။

ကောင်းကင်ဖျက်ဆီးဓားအား သူမ၏ခေါင်းပေါ်တွင် ထောင်လိုက်ကာ ကြည်လင်သော အလင်းတန်းသည် ဟင်းလင်းပြင်အား တုန်ခါသွားစေခဲ့သည်။ ခဏအကြာတွင် ကြောက်မက်ဖွယ်ရာ ကြည်လင်နေသော ဓားအလင်းတန်း အတွင်းတွင် တောက်ပစွာ နီရဲနေသည့်

အလင်းတန်းတစ်ခုက ဖြည်းဖြည်းချင်း
ပေါ်လာခဲ့သည်။

ကြည်လင်နေသော အလင်းတန်းသည်
အစွမ်းကုန် ကျယ်ပြန့်သွားပြီးသောအခါ
ဖြည်းဖြည်းချင်း ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။
သို့သော်လည်း သွေးနီရောင် အလင်းတန်းသည်
ပို၍ပို၍ တောက်ပလာခဲ့၏။
သူ၏လင်းလက်လာမှုနှင့်အတူ ရှင်းလုံစန်း၏
ဓားအလင်းတန်းအား ဖြတ်တောက်ခဲ့သည်။

ရှင်းလုံစန်းသည် ထိုသွေးနီရောင်
အလင်းတန်းအား တွေ့လိုက်သောအခါ သူ၏
အကြည့်မှာ လင်းလက်သွားခဲ့၏။ သူသည်

သူတော်စင် ကောင်းကင်ခေါ်ဂွက်၏
သစ်သီးအား ဆင့်ခေါ်လိုက်ကာ တောက်ပသော
အဖြူရောင် အလင်းတန်းများ
တစ်တန်းပြီးတစ်တန်း မိုးကုတ်စက်ဝိုင်းမှ
ဖြတ်သန်းလာခဲ့သည်။

သို့သော်လည်း သူတို့သည် ကောင်းကင်ဖျက်ဆီး
ခေါ်ချီ၏ သွေးနီရောင် အလင်းတန်းများနှင့်
ရင်ဆိုင်လိုက်ရသောအခါ သာမန်သာ
ထင်နေရသည်။ ထိုကဲ့သို့သော
မှော်လက်နက်နှင့် ရင်ဆိုင်ခဲ့ရသည့်အခါ
ခေါ်အလင်းတန်းများသည် တစ်ခုပြီးတစ်ခု
ပြတ်တောက်သွားခဲ့၏။

ရွှမ်းလီသည် ကောင်းကင်ဖျက်ဆီး ခေးအား ဆုပ်ကိုင်ထားပြီး ခေးဦးဖြင့် ထိုသွေးနီရောင် အလင်းတန်းအား မိုးကုတ်စက်ဝိုင်းတွင် ဆန်းကြယ်နက်နဲသော စက်ဝိုင်းပြတ် ပုံစံကို ရေးဆွဲလိုက်သည်။ သူသည် မည်းနက်နေသော စကြာဝဠာကြီးတွင် နီရဲနေသော အမှတ်တစ်ခုကို ကောင်းကင်အမာရွတ် အလား ချန်ထားခဲ့သည်။

ထိုရဲရဲတောက်နေသော ခေးအလင်းတန်းသည် အဆုံးမဲ့ လေဟာနယ်တို့အား ကျော်လွှားလာခဲ့၍ ရှင်းလုံစန်း၏ သူတော်စင် ကောင်းကင်ခေးကွက်၏ သစ်သီးအား ခုတ်ချလိုက်၏။

ရှင်းလုံစန်းသည် အလွန်ကို
လေးနက်သွားခဲ့သည်။ သူ၏ဓားရှည်အား
အသုံးပြုကာ သူတော်စင်
ကောင်းကင်ဓားကွက်၏ သစ်သီးအား
ထိုးသွင်းလိုက်၏။ ထိုသစ်သီး၏
ထူးခြားဆန်းကြယ်သော ကြီးမားလှသည့်
စွမ်းအားများသည် ဓား၏ကိုယ်ထည်အတွင်းသို့
ဝင်သွားကြသည်။ ဓားဝက်ပါများသည်
ဤရွှေရောင်ဓားသွားအပေါ်တွင် ခတ်နှိပ်ပြီးသား
ဖြစ်သွားကြ၏။

ရှင်းလုံစန်းသည် သူ၏ ဓားရှည်အား
ဆွဲထုတ်လိုက်သောအချိန်တွင်

သာမန်အစိမ်းရောင် ကြေးခေါ်ကြီးသည်
တောက်ပလင်းလက်နေသော ခေါ်တစ်ချောင်း
အဖြစ်သို့ ပြောင်းသွားခဲ့သည်။

ရှင်းလုံစန်းသည် ထိုခေါ်ကို ဆုပ်ကိုင်လိုက်ကာ
ဟင်းလင်းပြင်သို့ ခုတ်ချလိုက်၍ သွေးနီရောင်
ကောင်းကင်ဖျက်ဆီး ခေါ်အလင်းတန်း၏
လမ်းကြောင်းအား တိကျစွာနှင့်
ပိတ်ဆို့လိုက်သည်။

နှစ်ဦးနှစ်ဘက်သား
ထိပ်တိုက်တွေ့ဆုံမိကြသောအခါ
တောက်ပလှသော အလင်းတန်းတစ်ခုသည်
စကြဝဠာကြီး တစ်ခုလုံးကို

လင်းလက်သွားစေခဲ့ကာ
ဟင်းလင်းပြင်တစ်ခုလုံးအား လွှမ်းခြုံသွားခဲ့၏။

သွေးနီရောင် ဓားအလင်းတန်းက
ကြေမွသွားကဲ့သို့ ရှင်းလုံစန်း၏ လက်အတွင်းမှ
ဓားရှည်ကလည်း ပျက်စီးသွားခဲ့သည်။

လွင့်ပြယ်သွားသော သွေးနီရောင်
ဓားအလင်းတန်းအား ကြည့်လိုက်၍
ဝူချင်လျှိုသည် ခေါင်းမလှည့်ပဲနှင့်
မေးလိုက်သည်။ "အရှင်မင်းမြတ်၊ အင်မော်တယ်
နဂါးမြို့တော်က ဒီဓားကို ခုခံနိုင်ပါသလား"

"ခုခံနိုင်တာပေါ့၊ ဒါပေမဲ့ ထာဝရ
အလင်းတန်းကိုတော့ ထုတ်လွှတ်ရလိမ့်မယ်"
ရှီယုကလည်း သွေးနီရောင်
ကောင်းကင်ဖျက်ဆီး ဓားအလင်းတန်းအား
စိုက်ကြည့်နေခဲ့သည်။ "ဒီဓားရဲ့ လက်ရှိ
အခြေအနေအရ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းခေါင်းဆောင်က
ကိုယ်တိုင်ကိုယ်ကျ အသုံးပြုရင်တောင်
အင်မော်တယ် နဂါးမြို့တော်က
ခုခံနိုင်လိမ့်မယ်"

လက်ရှိအခြေအနေ ဆိုသည်မှာ
ကောင်းကင်ဖျက်ဆီး ဓားသွား၏ သုံးပုံတစ်ပုံမှ

မသန့်စင်ရသေးသော သံချေးများကို ဆိုလိုခြင်း ဖြစ်သည်။

ရှိယုသည် ရွှမ်းလီ၏ လက်အတွင်းမှ ကောင်းကင်ဖျက်ဆီး ဓားအား စူးစိုက်ကြည့်နေခဲ့သည်။ ကောင်းကင်ဖျက်ဆီး ဓားချီနှင့် ထိတွေ့မှုအပြီးတွင် ဓားသွားပေါ်မှ သံချေးတက်နေသော အပိုင်းများသည် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့၏။

အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲများကလည်း ထိုအခြင်းအရာကို သတိပြုမိလိုက်ကြ၍ သူ၏ အဓိပ္ပာယ်ကို

နားလည်လိုက်ကြကာ
တိတ်ဆိတ်ငြိမ်သက်ကုန်ကြလေသည်။

အခြားတစ်ဘက်တွင် လင်းဖုန်းကလည်း
ငြိမ်မနေခဲ့ပေ။ ရွှမ်းလီသည် ရှင်းလုံစန်းအား
စိန်ခေါ်နေခဲ့သဖြင့် သူ၏အာရုံသည်
ရွှမ်းလင်သူတော်စင်ဘက်သို့
ကျရောက်သွားခဲ့သည်။

အဖြူနှင့်အနက် အလင်းတန်းများက
လင်းလက်သွားခြင်းနှင့်အတူ လင်းဖုန်းသည်
ရွှမ်းလင်သူတော်စင်ထံသို့ ရောက်ရှိလာခဲ့၏။
ကြောက်မက်ဖွယ်ရာ အလင်းတန်းသည်
စကြာဝဠာ တစ်ခုလုံးအား တုန်လှုပ်စေခဲ့သည်။

ရှမ်းလင်သူတော်စင်သည်
ကောင်းကင်ဖျက်ဆီးခြင်း သစ်သီးအား
ထုတ်လွှတ်လိုက်သည်။ ကြောက်မက်ဖွယ်ရာ
စွမ်းအားတို့က ထွက်ပေါ်လာခဲ့၍ ဟင်းလင်းပြင်
လေဟာနယ် တစ်ခုလုံးသည် ဖရိုဖရဲ
ထကြွလှုပ်ရှားနေသော အခြေအနေသို့
ကျရောက်သွားခဲ့၏။

လင်းဖုန်းသည် ကောင်းကင်ဖျက်ဆီး ဓားချီဖြင့်
ထိုးသွင်းလိုက်ကာ ဖရိုဖရဲမှုများကို
ဖျက်ဆီးလိုက်သည်။ ရှမ်းလင်သူတော်စင်သည်
ကျောက်တုံးလှေကားထစ်များဖြင့်
ကောင်းကင်ထံသို့ တက်လှမ်းသွားခဲ့သည်။

ကျောက်တုံးလှေကားမှနေ၍ အဖြူရောင်
အလင်းတန်းများဖြင့် လင်းလက်လာခဲ့သည်။
အဖြူရောင် အလင်းတန်းသည်
လျှပ်မြန်စွာနှင့်ပင်
တိမ်တိုက်ဘောလုံးများအဖြစ်သို့
ပြောင်းလဲသွားခဲ့၏။

လင်းဖုန်းသည် ထိုအဖြူရောင် တိမ်တိုက်များနှင့်
ထိတွေ့မိသောအခါ ကွဲပြားမှုများကို
တွေ့လိုက်ရသည်။ သူသည် အပေါ်သို့
ကြည့်လိုက်ရာ ရွှမ်းလင်သူတော်စင်သည်
လှေကားထိပ်ကို ရောက်နေပြီ ဖြစ်ကြောင်းကို
တွေ့လိုက်ရ၏။

လှေကားအောက်ခြေမှ သူများသည်
လှေကားထိပ်မှ သူများအား တိုက်ခိုက်ခဲ့လျှင်
သူတို့၏ မှော်စွမ်းအင်များသည် လျှင်မြန်စွာနှင့်
ပျက်ပြယ်သွားကြပေမည်။ အကယ်၍
သူတို့သည် အစပိုင်းတွင် စွမ်းအား
၁ဂဂရာခိုင်နှုန်းရှိမည် ဆိုပါက
လှေကားထိပ်သို့ရောက်လျှင်
စွမ်းအားတစ်ဝက်သာ ကျန်တော့မည် ဖြစ်သည်။

ရှွမ်းလင်သူတော်စင်သည် လှေကားထိပ်တွင်
ရပ်နေခဲ့သည်။ သူ၏လက်များအား
စုစည်းလိုက်ရာ အဖြူရောင် တိမ်တိုက်များသည်
ရွှေရောင်ပြောင်းသွားကြ၏။ အတွင်းမှနေ၍

ကျယ်လောင်သော မိုးကြိုးခြိမ်းသံများကို
ကြားနေရပေသည်။

မဟာဟင်းလင်းပြင် ပဋ္ဌမကောင်းကင်
အသွင်ပြောင်းလဲခြင်း၊ ရက်တစ်ရာ
တိမ်တိုက်နဂါး တောင်ဝင်မိုးကြိုး မှော်ကျိန်စာ!

ကောင်းကင်ဖျက်ဆီးခြင်း သစ်သီး၏
စွမ်းအားများနှင့်အတူ ရွှေရောင်
မိုးကြိုးတိမ်တိုက်များသည်
မိုးကြိုးလျှပ်စီးများနှင့် ဒေါသူပုန်ထနေခဲ့သည်။
ကမ္ဘာပျက်သောနေ့က ရောက်ရှိလာသကဲ့သို့
ဖြစ်သည်။

လှေကားထိပ်မှလူများသည် လှေကားအောက်မှ
လူများအား တိုက်ခိုက်ရာတွင် သူတို့၏
စွမ်းအားများ တိုးတက်လာနိုင်မည် ဖြစ်သည်။

လင်းဖုန်းသည် ထိုမြင်ကွင်းအား
မြင်လိုက်ရသောအခါ လက်နှစ်ဘက်စလုံးတို့ကို
အသုံးပြု၍ တန်ပြန်လိုက်သည်။
သူ၏ညာလက်ဖြင့် ကောင်းကင်ဖျက်ဆီး
ဓားချီအား အသုံးပြုလိုက်ကာ ရွှေရောင်
မိုးကြိုးတိမ်တိုက်များကို ခုတ်ချလိုက်၏။
သူ၏ဘယ်လက်မကိုမူ လက်ဖဝါးအပေါ်သို့
ဖိချလိုက်သည်။ ကျန်သော
လက်ချောင်းလေးချောင်းတို့ကို

ဖြန့်ကားလိုက်ရာ မြေ၊ရေ၊လေ၊မီး
ပုံရိပ်လေးခုတို့သည် လက်ချောင်းထိပ်ဖျား
တစ်ခုစီမှ ထွက်လာကြသည်။

ပြီးတာနှင့် ပုံရိပ်လေးခုတို့သည်
တည်ငြိမ်သွားကြကာ ကမ္ဘာကြီးကို
ထောက်ပံ့ပေးလိုက်ကြ၏။ ပူဖောင်းတစ်ခုက
ပေါ်လာခဲ့ကာ ပေါက်သွားခဲ့သည်။ တစ်ခုက
ကြည်လင်၍ တစ်ခုက နောက်ကျိနေသော
ဓာတ်ငွေ့နှစ်မျိုးတို့ ပေါ်ထွက်လာခဲ့ကာ
ကောင်းကင်နှင့် မြေကြီးတို့အား
ခွဲခြမ်းလိုက်သည်။

သူ၏ဘယ်လက်မအား
ပြန်လည်ဆန့်တန်းလိုက်ပြီး
လက်ချောင်းငါးချောင်းတို့သည်
ထူးခြားဆန်းကြယ်သော မှော်ကျိန်စာတစ်ခုအား
ဖန်ဆင်းလိုက်သည်။ ကောင်းကင်နှင့်
မြေကြီးတို့ကို ဖွင့်လှစ်ပေးခဲ့သော စွမ်းအားကြီး
လက်တစ်ဘက်သည်
ကျောက်တုံးလှေကားထံသို့ ရောက်လာခဲ့ကာ
ဆုပ်ကိုင်လိုက်၏။

မူလ ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း
နည်းစနစ်အား ထုတ်ဖော်လိုက်ကာ
မူလကောင်းကင် ခွဲခြမ်းခြင်း မဟာလက်ဝါးကို
ထုတ်လွှတ်လိုက်သည်။

လင်းဖုန်းသည် ရှမ်းလင်သူတော်စင်အား ဂရုမစိုက်ခဲ့ပဲ လှေကားကိုယ်ထည်ကို ဆုပ်ကိုင်လိုက်၏။ သူ၏ စွမ်းအားများကို အသုံးပြုလိုက်ရာ ရှမ်းလင်သူတော်စင်အား ပြုတ်ကျလုနီးပါး ဖြစ်စေခဲ့သည်။

ရှမ်းလင်သူတော်စင်၏ အမူအရာသည် ပြောင်းလဲသွားခဲ့၏။ သူသည် အားကောင်းလှသော စွမ်းအားများကို ဆင့်ခေါ်လိုက်၍ ကျောက်လှေကားအား တည်ငြိမ်အောင် ကြိုးစားလိုက်သည်။ ဒါသည် လင်းဖုန်း၏ လှုပ်ခါနေမှုကို တားဆီးနိုင်ခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်း၏
အစွမ်းထက်သော နည်းစနစ်များအား
ထုတ်လွှတ်လိုက်ကာ အောက်ခြေမှ
လင်းဖုန်းအား တိုက်ခိုက်လိုက်သည်။
လင်းဖုန်းသည် သူ၏ဘယ်လက်ကို အသုံးပြု၍
လှေကားအား တင်းကျပ်စွာဖြင့်
ဆုပ်ကိုင်ထားခဲ့သည်။ သူ၏ညာလက်၏
ဝှေ့ယမ်းနေမှုနှင့်အတူ မှော်စွမ်းအင်
လှိုင်းလုံးကြီးများ တစ်လုံးပြီးတစ်လုံးတို့သည်
ရွှမ်းလင်သူတော်စင်အား ရိုက်ခတ်နေခဲ့ကာ
သူ့အား မတည်မငြိမ် ဖြစ်စေခဲ့၏။

သူ၏ သဘာဝအလင်းတန်း
ကောင်းကင်ဝတ်ရုံသည် လင်းဖုန်း၏

ယူဆောင်သွားခြင်းကို ခံနေရသော်လည်း ကောင်းဟာန်သည် တည်ငြိမ်လျှက်ပင် ရှိသေးသည်။ သူ၏ အမူအရာသည် ပြောင်းလဲခဲ့ခြင်း မရှိပေ။ သို့သော်လည်း လင်းဖုန်းက လေ့ကားထစ်များကို ဆုပ်ကိုင်ထားသည်ကို တွေ့လိုက်ရသောအခါ သူ၏အမူအရာသည် ရုတ်ချည်း ပြောင်းလဲသွားခဲ့၏။

"လွှတ်လိုက်စမ်း" ကောင်းဟာန်သည် သူ၏လက်များကို ရင်ဘတ်ရှေ့တွင်ထားလိုက်ကာ မှော်ကျိန်စာ တစ်ခုအား ထုတ်ဖော်လိုက်သည်။ ကွဲပြားခြားနားသော အရောင်ခြောက်မျိုးနှင့်

အလင်းစက်ကွင်းများသည့် သူ၏အရှေ့တွင် ပေါ်ပေါက်လာကြ၏။

အလင်းစက်ကွင်း တစ်ခုချင်းစီသည် အရောင်တစ်မျိုးစီ ဖြစ်၏။ အလင်းစက်ကွင်း တစ်ခုချင်းစီမှ ပုံရိပ်များသည်လည်း သီးသန့်ကမ္ဘာငယ် ခြောက်ခုကဲ့သို့ ကွဲပြားနေ၏။ ထိုကမ္ဘာငယ် ခြောက်ခုတို့၏ စွမ်းအားများသည် ကောင်းဟန်၏ ခန္ဓာကိုယ် အတွင်းသို့ ပေါင်းစည်းသွားကြကာ သူ့ထံမှ မြင့်မြတ်သော အလင်းတန်းတစ်ခု ပေါ်လာခဲ့သည်။

မဟာဟင်းလင်းပြင် သတ္တမကောင်းကင် အသွင်ပြောင်းလဲခြင်း၊

ကောင်းကင်ကမ္ဘာခြောက်ခု မြင့်မြတ်သော ဝတ်ပြုခြင်း။

ကမ္ဘာခြောက်ခုတို့၏ စွမ်းအားများက ကောင်းဟာန်အား ထောက်ပံ့ပေးခဲ့ကာ ကောင်းဟာန်၏ ခန္ဓာကိုယ်သည် ကျယ်ပြန့်လာခဲ့သည်။ သူသည် ဘီလူးကြီးတစ်ကောင် အဖြစ်သို့ ပြောင်းသွားခဲ့သည်။ သူသည် လင်းဖုန်း၏ အရှေ့သို့ ရောက်လာခဲ့ကာ ရိုက်ချလိုက်သည်။ ထိုခက်ထန်ကြမ်းတမ်းသော အော်ရာတို့သည် လင်းဖုန်း၏ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းအား မတည်မငြိမ် ဖြစ်စေခဲ့၏။

လင်းဖုန်းသည် အာရုံပြန်စိုက်လိုက်ရာ
သူ၏ဘေးမှ မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်းသည် ပြန်၍တည်ငြိမ်လာခဲ့ပြီး
ခဏအကြာတွင် ပိုမိုရက်စက်စွာဖြင့်
ပေါက်ကွဲလာခဲ့သည်။

ထိုအလင်းတန်း အတွင်းတွင်
မရေမတွက်နိုင်သော အလင်းတန်း
ပုံရိပ်များသည် အစစ်အမှန် ဖြစ်တည်မှုများ
ဖြစ်လာကြသည်။ သူတို့သည် သံပြိုင်
သီဆိုလိုက်ကြရာ မြေကြီးကို လှုပ်ခါနိုင်သော
သံစဉ်တစ်ပိုဒ်က ပဲ့တင်ရိုက်ခတ်လာခဲ့သည်။
သူတို့သည် အလင်းတန်းတို့နှင့်

ပေါင်းစည်းသွားခဲ့၍ ကောင်းဟာန်အား
နောက်ပြန်ဆုတ်စေခဲ့၏။

သံစဉ်များနှင့် အလင်းတန်းတို့၏ အတွင်းတွင်
ကောင်းကင်နှင့် မြေကြီးတို့အား ထောက်ပံ့နိုင်၍
သေခြင်းနှင့် ရှင်ခြင်းတို့၏ ကံကြမ္မာတို့အား
ထိန်းချုပ်နိုင်သော အန္တိမ အရှင်သခင်
တစ်ယောက်က မွေးဖွားလာသကဲ့သို့
ဖြစ်နေခဲ့သည်။

လင်းဖုန်းသည် မရေမတွက်နိုင်သော
မြင့်မြတ်သော တိမ်တိုက်များ၏
ကာကွယ်မှုအား ခံနေရ၍ သူ၏ဘယ်လက်ကို

ပြင်းထန်စွာနှင့် ခါယမ်းလိုက်ကာ
ကျောက်တုံးလှေကာအား ပြိုလဲစေခဲ့သည်။

ကျောက်တုံးလှေကားအား
ဖြေရှင်းပြီးသွားသောအခါ လင်းဖုန်း၏
ဘေးပတ်ပတ်လည်မှ မြင့်မြတ်သော
အလင်းတန်းများက မှေးမှိန်လာခဲ့ကာ
သံစဉ်များကလည်း တိုးညင်းလာခဲ့သည်။

သူသည် ကောင်းဟန်နှင့်
ရွှမ်းလင်သူတော်စင်တို့အား
ဆက်မလိုက်တော့ပဲ ရွှမ်းလီ၏ဘေးအနားသို့
ကျလာခဲ့သည်။

အခြားတစ်ဘက်တွင် ရွှမ်းလင်သူတော်စင်၏ လက်အတွင်းတွင် ဘာမှမရှိတော့ပေ။ သူသည် လင်းဖုန်းနှင့် ရွှမ်းလီတို့အား တည်ငြိမ်စွာနှင့် ကြည့်နေခဲ့ကာ ဘေးပတ်ဝန်းကျင်မှ သူတော်စင် ကောင်းကင်ခားချီတို့သည် ပို၍ပို၍ တိုးတက်ကြီးထွားလာခဲ့သည်။

ပို၍ကြောက်မက်ဖွယ်ကောင်းသည်မှာ ရှင်းလုံစန်း၏ အနောက်တွင် မှေးမှိန်သော ခားအလင်းတန်း တစ်ခုသည် ဟင်းလင်းပြင်တွင် တောက်ပနေခြင်း ဖြစ်၏။

ထိုခေါးအလင်းတန်းသည် မျက်စိကျစရာ
မကောင်းပဲ မှေးမှိန်အားနည်းသည့်ပုံ
ပေါက်နေခဲ့သည်။ သို့သော်လည်း
သူ၏အတွင်းမှနေ၍ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ
အော်ရာတစ်ခုအား ထုတ်လွှတ်နေခဲ့၏။

ကောင်းကင်ဖျက်ဆီး ခေါးချီနှင့် စာလိုက်လျှင်ပင်
သူ၏အော်ရာသည် ပိုမိုကြောက်မက်ဖွယ်
ကောင်းနေခဲ့သည်။

လုံးဝကို သန့်စင်ဖြူဖွေးနေသော
ခေါးရှည်တစ်လက်သည် ရှင်းလုံစန်း၏
အနောက်ရှိ ဟင်းလင်းပြင် အတွင်းမှ
ထွက်ပေါ်လာခဲ့သည်။ သူသည် သူ၏

ခေါးရိုးကိုသာ ဖော်ပြနေခဲ့သော်လည်း
လုံလောက်အောင် ကြောက်မက်ဖွယ်
ကောင်းနေခဲ့ပြီ ဖြစ်၏။

ထိုခေါးနှင့်ရင်ဆိုင်ခဲ့ရသောအခါ လင်းဖုန်းက
သူသည် နောက်ထပ် မူလကောင်းကင်
ကမ္ဘာတစ်ခုနှင့် ရင်ဆိုင်နေရသကဲ့သို့
ခံစားခဲ့ရသည်။

ဒါသည် နည်းစနစ်တစ်ခု၏ စွမ်းအားများ၊
ပြောင်းလဲခြင်းများကို ပုံတူပွားထားခြင်း
မဟုတ်ပေ။ ဒါသည် သူ၏ကိုယ်ပိုင် အစစ်အမှန်
ကြမ္ဘာပန်းတိုင်ပင် ဖြစ်သည်။

"သူတော်စင် ကောင်းကင်ခေါး!" လင်းဖုန်းသည် ပင့်သက်တစ်ချက် ရှိုက်လိုက်ကာ ရှင်းလုံစန်းက ထိုခေါးကို ဆုပ်ကိုင်လိုက်၍ ဆွဲထုတ်လိုက်သည်ကို ကြည့်နေခဲ့သည်။

ထိုခေါးဦးက မည်သည့်နေရာသို့ ချိန်ရွယ်လိုက်သည် ဖြစ်စေ အုံကြွခြင်းများ ဖြစ်လာကြကာ မူလကောင်းကင် ကမ္ဘာကြီးက တုန်ခါသွားမည် ဖြစ်သည်။

ဒါသည် စူတောင်၏ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခုဖြစ်သည့် သူတော်စင်ကောင်းကင်ဓား ဖြစ်၏။

မူလကောင်းကင် ကမ္ဘာရှိ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာများအနက် သူသည် တိုက်စစ်ဆင်၍ သတ်ဖြတ်ရာတွင် အထူးချွန်ဆုံး ဖြစ်သည်။

လင်းဖုန်းသည် အင်မော်တယ် နဂါးမြို့တော်အား ယခင်က ရင်ဆိုင်ခဲ့ရဖူးသည်။ အင်မော်တယ် နဂါးမြို့တော်သည် အပြည့်အဝ သန့်စင်ပြီးသွားသော်လည်း တိုက်ခိုက်ခြင်း မပြုခဲ့ပေ။ သူသည် ခံစစ်ဖြင့်သာ ခုခံခဲ့ပြီး

အခြားဘာမှ မလုပ်ခဲ့ပေ။ ယခုအချိန်မှပင် လင်းဖုန်းသည် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ပါး၏ တကယ့်အစွမ်းနှင့် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည်။

ဒါသည် လူသားတို့အား မဟာကပ်ဆိုးပေါင်းများစွာတို့ကို ကျော်လွန်နိုင်အောင် ကူညီရန်အတွက် ထုလုပ်ထားသည့် မှော်ရတနာ တစ်ပါးဖြစ်၏။

ရှင်းလုံစန်းသည် ထိုဓားကို ကိုင်ထားရသောအခါ ယခင်ကဲ့သို့ လွတ်လပ်နေသောပုံ မပေါက်တော့ချေ။ သူသည် ကမ္ဘာတစ်ခုလုံး၏

အလေးချိန်ကို သယ်ဆောင်ထားရသကဲ့သို့ ဖြစ်နေခဲ့သည်။

ထိုဓားဖြင့် မည်သည့်နေရာကို ချိန်ရွယ်လိုက်သည် ဖြစ်စေ စကြာဝဠာ၊ ဟင်းလင်းပြင်နှင့် မဟာကမ္ဘာတို့မှ စိတ်ဝိညာဉ် စွမ်းအင်များသည် ထိုနေရာသို့ စီးဆင်းလာကြမည် ဖြစ်သည်။ အဆုံးမဲ့ စိတ်ဝိညာဉ် စွမ်းအင်များသည် ပုံသဏ္ဌာန် ကင်းမဲ့နေသည့် ဓားအလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ကာ လင်းဖုန်းထံသို့ ချိန်ရွယ်ထားခဲ့လေသည်။

လင်းဖုန်းသည် ထိုပုံသဏ္ဍာန်မဲ့ ဓားအလင်းတန်းအား မမြင်ရသော်လည်း သူ၏ ကြောက်မက်ဖွယ်ရာ စွမ်းအားများကိုမူ ခံစားနေရသည်။

## စာစဥ် ၃၂ : အပိုင်း ၂

## အပိုင်း ၅၉၂ : ယုကျင်းတောင်အား အင်မော်တယ်ဝိညာဥ် အတွင်းတွင်း ပေါင်းစည်းခြင်း

ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းတွင် နတ်ကောင်းကင် ဓားအကြီးအကဲ၊ ဆီးနှင်းပျံ ဓားမာစတာ၊ အလင်းဓားမြန်

ခေးမာစတာ၊ နေမင်းအလင်းတန်း ခေးမာစတာ၊
ကြယ်စင် ခေးမာစတာနှင့်
ကျန်သောသူများသည် ဖြူဖွေးသော
ကျောက်စိမ်းခေးရှည်ကြီးအား
အဝေးမှနေကြည့်နေကြကာ
တုန်ခါနေကြလေသည်။

အလင်းခေးမြန် ခေးမာစတာ၏ အရှေ့တွင်
ရှေးဟောင်း အဝတ်အစားများကို
ဝတ်ဆင်ထားသော အဖြူရောင် ဆံပင်နှင့်
အကြီးအကဲတစ်ယောက် ပေါ်လာခဲ့၏။ သူသည်
အစစ်အမှန် ဖြစ်သည့်မှု မဟုတ်ပဲ
အလင်းတန်းပုံရိပ် တစ်ခုသာ ဖြစ်သည်။

သူသည် တစ်ခဏ အလင်းတန်းဓား၏ ဓားဝိညာဉ် ဖြစ်သည်။

တစ်ချိန်တည်းတွင် နောက်ထပ် ဓားဝိညာဉ် အချို့တို့သည်လည်း နတ်ကောင်းကင် ဓားအကြီးအကဲနှင့် ကျန်သောသူများ၏ အရှေ့တွင် ပေါ်လာခဲ့ကြသည်။ သူတို့သည် ပွားစည်းခြင်း အဆင့်တွင် ရှိနေသော ရတနာဓားများ၏ မူလစိတ်ဝိညာဉ်တို့ ဖြစ်ကြ၏။

သန္ဓေလောင်း အဆင့်မှ ရတနာဓားများလည်း ရှိကြသေး၏။ သူတို့၏ မူလစိတ်ဝိညာဉ်ကို မဖော်ပြနိုင်သော်လည်း ထိုဓားများသည်

ခေးအိမ်အတွင်းမှ အလိုလို ထွက်လာခဲ့ကာ
လေဟာနယ်တွင် လွင့်မျောနေကြလေသည်။

အင်မော်တယ် ဝိညာဉ် အဆင့်အောက်မှ
ခေးကျင့်ကြံသူများ အားလုံးတို့သည် သူတို့၏
ခေးများကို ဆွဲထုတ်ကာ
လေဟာနယ်အပေါ်တွင် ချိတ်ဆွဲထားကြသည်။

ခေးဝိညာဉ်များ အားလုံးတို့သည်
အလွန်လေးနက်နေသည့်ပုံ ပေါက်နေကြကာ
အဆုံးမဲ့ လေဟာနယ် အတွင်းမှ အဖြူရောင်
ကျောက်စိမ်းခေးရှည်အား အတူတကွ
ဦးညွှတ်လိုက်ကြသည်။

အလိုအလျှောက် ထွက်လာကြသော
ခေးများမှလည်း ထိုခေးရှည်အား ရှိခိုးနေကြ၏။
မှော်ရတနာ မဟုတ်သော ခေးများမှာမူ
မြေပေါ်သို့ ကျဆင်းသွားကြကာ အဆက်မပြတ်
တုန်ခါနေကြလေသည်။

သူတော်စင် ကောင်းကင်ခေး
ထွက်ပေါ်လာသောအခါ ကျန်သောခေးများ
အားလုံးတို့သည် အမိန့်နာခံကြရမည် ဖြစ်သည်။

နတ်ကောင်းကင် ခေးအကြီးအကဲ၊
အလင်းခေးမြန် ခေးမာစတာ၊

နေမင်းအလင်းတန်း ခေးမာစတာနှင့် ကျန်သော
အင်မော်တယ် ဝိညာဉ် အဆင့်မှ
ခေးကျင့်ကြံသူများသည် မတတ်နိုင်ကြပဲ
ထိုအဖြူရောင် ကျောက်စိမ်းခေးရှည်အား
ဦးညွှတ်ခဲ့ကြရ၏။

အင်မော်တယ် ဝိညာဉ် အဆင့်အောက်မှ
ခေးကျင့်ကြံသူများမှာမူ ဒူးထောက်၍
ရှိခိုးနေကြ၏။

တစ်ယောက်ကမှ သူတို့အား
ရယ်မောလှောင်ပြောင်ခြင်း မပြုခဲ့ကြပေ။
အားလုံးတို့သည် သူတော်စင်

ကောင်းကင်ဓားအား ထိတ်လန့်တုန်လှုပ်စွာနှင့် ကြည့်နေကြသည်။

အတွင်းမှ စွမ်းအား သဘောတရားများသည် ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းရှိ လူများအားလုံးတို့အား ဓားအော်ရာ ပင်လယ်အတွင်းသို့ ရောက်နေကြသည့်ပမာ ခံစားစေနိုင်ခဲ့သည်။ သူတို့သည် သူတို့၏ ဘေးပတ်ပတ်လည်မှ ကြောက်မက်ဖွယ်ရာ ဓားအော်ရာများ၏ ခြိမ်းခြောက်ခြင်းကို ခံစားနေကြရ၏။

လင်းဖုန်းအနေနှင့်မူ မဟာကမ္ဘာကြီးသည် သတ်ဖြတ်လိုစိတ် ပြင်းထန်သော

ထက်မြက်သည့် ခါးတစ်ချောင်း အဖြစ်သို့
ပြောင်းသွားခဲ့ကာ သူ့ထံသို့
တည့်တည့်လာနေခဲ့သည်ကို ခံစားနေခဲ့ရသည်။

ကမ္ဘာကြီးသည် ထိုဓားနှင့် ရန်သူဖြစ်နေသကဲ့သို့
ဖြစ်နေခဲ့သည်။ အလွန်အမင်းကို
ကြောက်မက်ဖွယ်ရာ ကောင်းလှသော
ဓားကြီးသည် လင်းဖုန်း၏
သွေးကိုသောက်ရန်အတွက် လာနေခဲ့ပေပြီ။

လင်းဖုန်းသည် သူ၏လက်ကို
ဆန့်တန်းလိုက်ကာ ရွှမ်းလီ၏အနောက်မှ
ဓားအိမ်အား ဖွဖွလေး ပုတ်လိုက်သည်။

ဟန်ပန်အမူအရာ ကင်းမဲ့နေသော ရွှမ်းလီသည်
ချက်ချင်းပင် လူသားဆန်သော
အမူအရာတစ်ခုအား ဖော်ပြလိုက်သည်။
သူမသည် ခံပြင်းနာကျည်းနေသကဲ့သို့
သူမ၏နှုတ်ခမ်းများကို တင်းကျပ်စွာနှင့်
စေ့ထားခဲ့သည်။

သို့သော်လည်း သူမသည် လင်းဖုန်း၏
အစီအစဉ်အား ယခုအကြိမ်တွင်
လက်ခံလိုက်သည်။
သူမစပေါ်လာပြီးကတည်းက သူမသည်
ထိုခေးအိမ်နှင့် ပေါင်းစည်းရန် ဆန္ဒမရှိခဲ့ချေ။
သို့သော်လည်း ယခုအချိန်တွင် သူမ၏

သွေးကဲ့သို့ နီရဲနေသော မျက်လုံးများသည် အရောင်ပျောက်သွားခဲ့ကာ သူမ၏ ဆံနွယ်ရှည်များသည် လွတ်လပ်စွာဖြင့် ကျဆင်းနေခဲ့၏။ သူမသည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ကာ ဓားအိမ်နှင့် ဖြစ်တည်မှု တစ်ခုတည်း အဖြစ်သို့ ပေါင်းစည်းသွားခဲ့သည်။

လင်းဖုန်းသည် ထိုဓားအိမ်အား နောက်ထပ်တစ်ခေါက် ဖွဖွလေး ပုတ်လိုက်၏။ ဓားအိမ်က ပွင့်သွားခဲ့ကာ အတွင်းမှ ကောင်းကင်ဖျက်ဆီး ဓားသည် ဖြည်းညင်းစွာနှင့် ထွက်လာခဲ့သည်။

"ခံစားခြင်း!" လင်းဖုန်းသည် ကောင်းကင်ဖျက်ဆီး ဓားအား ဆုပ်ကိုင်ထားခဲ့၏။ ဓားအား ဆင့်ခေါ်လိုက်သည့် အချိန်တွင် ခက်ထန်သော ကြည်လင်သည့် အလင်းတန်းကို ရုပ်သိမ်းလိုက်သည်။ ဓားထိပ်ဖျားမှနေ၍ ထက်မြက်သော တောက်ပသည့် အနီရောင် ဓားအလင်းတန်း တစ်ခုက ပေါ်ထွက်လာခဲ့သည်။

ဤအချိန်တွင် ရှင်းလုံစန်းက သူ့အား ကြမ်းတမ်းရက်စက်စွာဖြင့် တိုက်ခိုက်လာခဲ့ပြီ ဖြစ်သည်။

ကမ္ဘာကြီးသည့် ခေးအလင်းတန်း
တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သကဲ့သို့
လင်းဖုန်းထံသို့ ရောက်ရှိလာခဲ့သည်။

လင်းဖုန်းသည် အသက်ပြင်းပြင်း
တစ်ချက်ရှူလိုက်ကာ ကောင်းကင်ဖျက်ဆီး
ခေးအား ဖော့ယမ်းလိုက်၏။ သွေးနီရောင်
ခေးအလင်းတန်း တစ်ခုက လင်းလက်သွားခဲ့၍
ထက်မြက်သော ခေးအလင်းတန်းအား
ဖယ်ရှားလိုက်သည်။

ကြောက်မက်ဖွယ်ရာ ဖျက်ဆီးတတ်သော
ခေးအော်ရာတစ်ခုက ထွက်လာခဲ့သည်။ သူသည်
တစ်စုံတစ်ယောက် သို့မဟုတ် အုပ်စုတစ်စုအား

ပစ်မှတ်ထားနေခြင်း မဟုတ်ပေ။ သူသည် ကမ္ဘာကြီး တစ်ခုလုံးအား သူ၏ပစ်မှတ်အဖြစ် သဘောထားနေ၍ ဖျက်ဆီးချင်နေခြင်း ဖြစ်သည်။

အသက်စွမ်းအင် တစ်ခု ရှိနေခဲ့လျှင် သူကဖျက်ဆီးပစ်မည် ဖြစ်၏။ ဒါသည် စူတောင်ဓားဂိုဏ်းနှင့် ကွဲပြားခြားနားပေသည်။ ဒါသည် အခြားလူသတ်ဓားများနှင့် ကွာခြား၏။ သူသည် ကမ္ဘာကြီးအား ဖျက်ဆီးမည့် ကောင်းကင်ဖျက်ဆီး ဓားဖြစ်သည်။

လင်းဖုန်း ကောင်းကင်ဖျက်ဆီး ဓားအလင်းတန်းအား တွေ့လိုက်ရသောအခါ

သူတို့သည် သူ၏အတွင်းမှ ကြောက်မက်ဖွယ်ရာ
စွမ်းအားသဘောတရားများကို
ထိတ်လန့်သွားခဲ့သော်လည်း ကောင်းဟန်၊
ရွှမ်းလင်သူတော်စင်နှင့် ကျန်သောသူများသည်
စိတ်သက်သာရာ ရစွာဖြင့်
သက်ပြင်းတစ်ချက်ကို ချခဲ့လိုက်သည်။
ရှီယုကလည်း သက်ပြင်းဖွဖွလေး ချလိုက်၏။
"နှမြောစရာပဲ"

ကောင်းကင်ဖျက်ဆီး ဓားသည် အပြည့်အဝ
မသွေးရသေးခြင်းမှာ နှမြောစရာ
ကောင်းလှပေသည်။

သွေးနီရောင် ဓားအလင်းတန်းသည်
အလွန်တရာမှပင် ကြီးစိုးလွှမ်းမိုးနိုင်စွမ်း
ရှိလှသော်လည်း သူသည် သူတော်စင်
ကောင်းကင်ဓားမှ ဆင့်ခေါ်လိုက်သည့်
မူလကောင်းကင် ကမ္ဘာမှ ဓားအသိဉာဏ်
အားလုံးတို့၏ စွမ်းအားတို့အား မယှဉ်နိုင်ခဲ့ပေ။

စကြာဝဠာ၏ ယခုနေရာ သို့မဟုတ်
ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေတွင်သာ
မကပဲ ယခုအချိန်တွင် နတ်ဘုရားနယ်မြေ
တစ်ခုလုံးမှ ဓားတိုင်းသည် တုန်ခါလာကြ၏။

ဓားကျင့်ကြံသူများ၏
ဓားအသိဉာဏ်တို့သည်လည်း

တုန်ခါလာကြသည်။ သူတို့သည် ဖိနှိပ်ထားနိုင်စွမ်း မရှိကြတော့ပဲ အပေါ်သို့ ပျံတက်လာကာ ကောင်းကင်ပေါ်၌ စုဝေးနေခဲ့ကြ၏။

ရှင်းလုံစန်းသည် သူတော်စင် ကောင်းကင်ဓားအား ကိုင်ထားသောအခါ သူသည် ကမ္ဘာအတွင်းမှ ဓားများအားလုံးကို ထိန်းချုပ်ထားနိုင်သကဲ့သို့ ဖြစ်သည်။ သူသည် ဓားဘုရင်တစ်ပါးအလား ဖြစ်နေခဲ့၏။ သူ့ညွှန်ကြားသမျှကို ကျန်သောသူများက နာခံရမည် ဖြစ်သည်။

တစ်ခုတည်းသော ခြွင်းချက်မှာ လင်းဖုန်း၏ လက်များအတွင်းမှ ကောင်းကင်ဖျက်ဆီး ဓားပင် ဖြစ်သည်။

ကောင်းကင်ဖျက်ဆီး ဓားသည် တော်လှန်ပုန်ကန်သည့် သူပုန်တစ်ယောက်ကဲ့သို့ သူတော်စင် ကောင်းကင်ဓားအား ခေါင်းမာစွာနှင့် ခုခံနေခဲ့သည်။ သူသည် ကြောက်ရွံ့မှု ကင်းမဲ့စွာနှင့် ဘုရင်၏ စွမ်းအားများကို အံတုနေခဲ့၏။ ယခုအချိန်တွင် သူသည် အားလုံးတို့၏ ပစ်မှတ်ဖြစ်နေခဲ့ပြီ ဖြစ်သည်။

သူသည် သင်းကွဲသူပုန်ဟူသော နာမည်နှင့် ထိုက်တန်ပေသည်။

ကမ္ဘာပေါ်မှ ခေးဉာဏ်ပညာ အားလုံးတို့၏ တိုက်ခိုက်မှုအောက်တွင် လင်းဖုန်းနှင့် ကောင်းကင်ဖျက်ဆီး ခေးတို့သည် အထီးကျန် လှေတစ်စင်းပမာ ဖြစ်နေခဲ့၏။ သူတို့သည် ပင်လယ်အတွင်းတွင် လွင့်မျောနေခဲ့ကာ လှိုင်းလုံးကြီးများ၏ လွှမ်းမိုးမှုအား ခံနေရသည်။

ရှင်းလုံစန်းသည် စပေါ်လာကတည်းက စကားတစ်လုံးကိုမှ မဟာခဲ့ပေ။ ယခုအချိန်တွင် သူသည် အလွန်တည်ငြိမ်နေသည့်ပုံ ပေါက်နေခဲ့သည်။ သူသည် လင်းဖုန်း၏

ကောင်းကင်ဖျက်ဆီး ဓားအား
စိုက်ကြည့်နေခဲ့ရင်း သူ၏ဘယ်လက်ဖြင့်
မှော်ကျိန်စာ တစ်ခုအား ထုတ်ဖော်ခဲ့သည်။
သူ၏ ညာလက်အတွင်းမှ သူတော်စင်
ကောင်းကင်ဓား၏ ဓားဉာဏ်ပညာသည်
ပို၍ပို၍ တိုးတက်ကြီးပွားလာခဲ့ကာ
ကမ္ဘာကြီးအတွင်း၌ အံ့ကြွမှုတစ်ရပ်ကို
ဖြစ်ပေါ်စေနိုင်ခဲ့သည်။

လင်းဖုန်းသည် သူ၏ လက်အတွင်းမှ
ကောင်းကင်ဖျက်ဆီး ဓားအားကြည့်လိုက်ကာ
ဓားသွားပေါ်မှ သံချေးများသည် သူတော်စင်
ကောင်းကင်ဓား၏ ဓားဉာဏ်ပညာတို့၏

တိုက်ခိုက်မှုအောက်တွင် တဖြည်းဖြည်းနှင့် ကင်းစင်လာခဲ့သည်ကို တွေ့နိုင်ခဲ့သည်။

သို့သော်လည်း သူ၏ အမြန်နှုန်းသည် သိသိသာသာ နှေးကွေးလာခဲ့၏။ ဤကဲ့သို့သော အန္တရာယ်များသည့် အရေးပေါ် အခြေအနေတွင် ဒါသည် သင့်တော်သည့်အချိန် မဟုတ်ခဲ့ပေ။

"ထားလိုက်ပါတော့၊ အရေးကြီးတဲ့ ပြဿနာကို အရင်ဖြေရှင်းရမယ်" လင်းဖုန်းက ပြုံးလိုက်၏။

အင်မော်တယ် ဝိညာဉ် အဆင့်သည် အောက်မှအဆင့်များနှင့် လွန်စွာ

ကွဲပြားခြားနားလှသည်။ အင်မော်တယ် ဝိညာဉ် အဆင့်၏ ပထမ၊ ဒုတိယနှင့် တတိယ အဆင့်တို့သည် အခြေတည်ဝိညာဉ် အဆင့် သို့မဟုတ် ရွှေရောင်ဗဟိုချက် အဆင့်တို့၏ နောက်ဆုံးအဆင့်များနှင့် ကွဲပြားခြားနား၏။

အမှန်အတိုင်း ပြောရလျှင် အင်မော်တယ် ဝိညာဉ် ကိုယ်ပွား၊ စင်စစ် ဖြစ်တည်မှုနှင့် စင်စစ် ဖြစ်တည်မှု လမ်းစဉ်တို့၏ ကွာဟချက်များသည် အခြေခံအုတ်မြစ် အဆင့်၊ ရွှေရောင်ဗဟိုချက် အဆင့်နှင့် အခြေတည်ဝိညာဉ် အဆင့်တို့၏ အကြားမှ ကွာဟချက်များနှင့် တူပေသည်။

စွမ်းအင်ကွာခြားချက်များသည်
ကြောက်မက်ဖွယ် ကောင်းလှသော်လည်း
အလွန်အမင်းလည်း မကွာခြားလှပေ။

အကယ်၍ လက်နက်မပါပဲ ယှဥ်ပြိုင်ခဲ့ပါက
လင်းဖုန်းသည် အင်မော်တယ် ဝိညာဥ် ပထမ
အဆင့်တွင်သာ ရှိနေသေးသော်လည်း တတိယ
အဆင့်တွင် ရှိနေသည့် ရှင်းလုံစန်းအား
စိန်ခေါ်နိုင်သည်။

သို့သော်လည်း သူတော်စင်
ကောင်းကင်ဓားပေါ်လာသည်နှင့်
အခြေအနေများသည် ခြားနားသွားခဲ့သည်။
ကောင်းကင်ဖျက်ဆီး ဓားသည် အပြည့်အဝ

မသွေးရသေးချေ။ ထို့အပြင် အခွင့်အရေးများကို ချောင်းမြောင်းနေကြသော ကောင်းဟာန်နှင့် ကျန်သောသူများက ရှိနေသေး၏။

လင်းဖုန်းသည် သူ၏ခေါင်းအား ပုတ်လိုက်ရာ ကြည်လင်သော အလင်းတန်း တစ်တန်းက ထွက်လာခဲ့ကာ စကြာဝဠာ တစ်ခုလုံးအား ဖုံးလွှမ်းသွားခဲ့သည်။

ထိုကြည်လင်သော အလင်းတန်း ထွက်လာသည်နှင့် အတွင်းတွင်ရှိနေသော ပုံရိပ်အား တစ်ယောက်ကမှ မမြင်တွေ့နိုင်ခဲ့ပေ။ ရောမ ထိုက်ကျိရုပ်ပုံတစ်ခုက ထွက်လာခဲ့သည်။ သူသည် အလွန်အမင်း ကျယ်ပြန့်ကာ

အဆုံးမဲ့နေ၏။ သူသည် သူ့ဘာသာသူ
စကြာဝဠာ တစ်ခုနှင့် တူနေခဲ့သည်။

အဖြူနှင့်အနက်တို့သည်
ပေါင်းဆုံသွားကြသောအခါ သူတို့သည်
အဆက်မပြတ် လည်ပတ်နေကြကာ
ကံကြမ္မာ၏ လျှို့ဝှက်ဆန်းကြယ်မှုများကို
ဖော်ထုတ်ခဲ့ကြသည်။

ထိုက်ကျိရုပ်ပုံ၏ အပေါ်တွင် ခရမ်းရောင်
တိမ်တိုက်များ ပေါ်လာခဲ့၍ ကျယ်ပြန့်သော
တိမ်တိုက်ပင်လယ်ကြီး တစ်ခု ဖြစ်သွားခဲ့သည်။
ထိုတိမ်တိုက်ပင်လယ်ကြီး အတွင်းတွင်
ယုကျင်းတောင်က တည်ရှိနေခဲ့၏။

တောင်ထိပ်ပေါ်မှ ရတနာသစ်ပင်မှနေ၍
သက်တန့်ရောင်စဉ်တို့အား ထုတ်လွှတ်ခဲ့သည်။

မရေမတွက်နိုင်သော လေပြင်းများနှင့်
ထစ်ချုန်းနေသော မိုးကြိုးတိမ်တိုက်များသည်
ယုကျင်းတောင်ခြေမှနေ၍ တက်လာကြသည်။
သူတို့သည် လှေကားများဖြစ်သွားကြ၏။
သူတို့သည် တောင်အား
ကာကွယ်ပေးနေကြခြင်း ဖြစ်သည်။

ခဏအကြာတွင် ခရမ်းရောင်
တိမ်တိုက်များသည် တုန်ခါလာကြကာ
ယုကျင်းတောင်က ဖြည်းဖြည်းချင်း

ဆင်းသက်လာခဲ့ကာ ထိုက်ကျိုရုပ်ပုံအတွင်းသို့ နစ်ဝင်သွားခဲ့သည်။

ထိုက်ကျရုပ်ပုံသည် ဖြည်းညင်းစွာနှင့် လည်ပတ်နေကာ ကြည်လင်သော အလင်းတန်းနှင့်အတူ လင်းဖုန်း၏ နဖူးအတွင်းသို့ ဝင်သွားခဲ့သည်။

လင်းဖုန်း၏ မျက်လုံးများ အတွင်းမှ အားကောင်းသော ခရမ်းရောင် အလင်းတန်းများ ထွက်ပေါ်လာကြ၏။

"ဘုန်း!"

ဝုန်းကနဲ မြည်သံနှင့်အတူ လင်းဖုန်း၏
ခန္ဓာကိုယ်သည် လျှင်မြန်စွာနှင့်
ကျယ်ပြန့်လာခဲ့သည်။ သူ၏ အရွယ်အစားသည်
ရုတ်ချည်းပင် ဧရာမ ဖြစ်သွားခဲ့၏။
သူ၏အရပ်သည် တိုင်းတာ၍ပင် မရတော့ပဲ
ကိုယ်ပိုင်ကမ္ဘာ တစ်ခုအလား ဖြစ်သွားခဲ့သည်။

သူသည် အခြေတည်ဝိညာဥ် အဆင့်တွင်
ရှိနေစဥ်က သူ၏ စိတ်ဝိညာဥ်နှင့်
ယုကျင်းတောင်အား ပေါင်းစပ်ခဲ့ရာ
ပေါက်ကွဲလုနီးပါး ဖြစ်သွားခဲ့၏။ သူ၏
ကိုယ်ပိုင်စိတ်ဝိညာဥ်သည် တောင့်တင်းနေခဲ့ကာ
သူ၏နည်းစနစ်များကို မထုတ်ဖော်နိုင်ခဲ့ပေ။

သူသည် တောင်၏စွမ်းအားများကို
အတင်းအကျပ် ဆင့်ခေါ်ခဲ့ရ၏။

ယခုအချိန်တွင် သူသည် အင်မော်တယ်
ဝိညာဉ်အား ဖော်ဆောင်နိုင်ခဲ့ပြီ ဖြစ်သဖြင့် သူ၏
အင်မော်တယ် ဝိညာဉ် ကိုယ်ပွားအား
ယုကျင်းတောင်နှင့် ပေါင်းစပ်နိုင်ခဲ့ပြီ ဖြစ်သည်။
သူ၏ ခန္ဓာကိုယ်အား နည်းပြအဖြစ် အသုံးချကာ
ယုကျင်းတောင်၏ စွမ်းအားများကို
သူ၏ကိုယ်ပိုင် စွမ်းအားများအလား
ဆင့်ခေါ်နိုင်ခဲ့၏။

သူသည် ယခုအချိန်တွင် ပေါင်းစပ်ရုံသာ
တတ်နိုင်ခဲ့သေးပြီး အပြည့်အဝ

မကျင့်ကြံနိုင်ခဲ့သေးပေ။ သူ၏ ကျင့်ကြံမှုသည် အဆင့်ပိုမြင့်လာသောအခါမှသာ ယုကျင်းတောင်၏ စွမ်းအားများနှင့် အပြည့်အဝ ပေါင်းစည်းနိုင်မည် ဖြစ်သည်။ သူ၏ စွမ်းအားများမှာလည်း နောက်တစ်ဆင့်သို့ တက်သွားနိုင်မည် ဖြစ်၏။

သူသည် ယုကျင်းတောင်နှင့် ပေါင်းစပ်ရုံသာ တတ်နိုင်ခဲ့သော်လည်း ကြီးကျယ်လှသည့် စွမ်းအားများသည် စကြာဝဠာကြီးအား ထိန်းချုပ်နေခဲ့ရသကဲ့သို့ လင်းဖုန်းထံသို့ ရောက်ရှိလာခဲ့သည်။ သူ၏ ခန္ဓာကိုယ်သည် လွန်စွာကြီးမားလှသဖြင့် စကြာဝဠာကြီး တစ်ခုလုံးကို ပြည့်သွားစေခဲ့၏။ သူသည်

ကောင်းကင်နှင့် မြေကြီးတို့အား ခွဲခြမ်းနိုင်သည့် နတ်ဘုရားတစ်ပါးအလား ဖြစ်နေခဲ့သည်။

သူချောင်းဆိုးလိုက်သည်နှင့် မရေမတွက်နိုင်သော လေပြင်းများ ပေါ်လာခဲ့သည်။ သူ၏ ခြေထောက်များကို လှုပ်လိုက်သောအခါ ဆူနာမီ လှိုင်းလုံးများ ပေါ်လာခဲ့၍ တောင်များက ပြိုကျကုန်ကြသည်။ သူ၏ မျက်လုံးများကို ဖွင့်လိုက်ပိတ်လိုက် လုပ်ခဲ့သောအခါ နေမင်းနှင့် လမင်းတို့က တပြိုင်နက်တည်း ပေါ်လာသကဲ့သို့ ဖြစ်နေခဲ့သည်။

သူ၏လက်အတွင်းမှ ကောင်းကင်ဖျက်ဆီး ဓားသည်ပင်လျှင် အလွန်တရာမှ ကြီးမားလာခဲ့သည်။ ဓားအလင်းတန်းများက လင်းလက်လာသောအခါ နောက်ထပ် ကြယ်စင်မြစ်တစ်စင်းသည် နောက်ထပ် ကြီးစိုးလွှမ်းမိုးနိုင်ခဲ့ပေသည်။

"ရှင်းလုံစန်း၊ သူတော်စင် ကောင်းကင်ဓား၊ ငါတို့ ထပ်တိုက်ကြစို့" လင်းဖုန်းသည် သူ၏ဓားအား တည်ငြိမ်စွာနှင့် ဝှေ့ယမ်းလိုက်သည်။ ဒါသည် ကောင်းကင်နှင့်မြေကြီး တစ်ခုလုံးအား အနည်းငယ် တုန်ခါသွားစေခဲ့၏။ သူသည် ဤဓားဖြင့် အပိုင်းဖြတ် ခံခဲ့ရသကဲ့သို့ ဖြစ်နေခဲ့သည်။ ကြယ်တာရာ အငယ်စား

များစွာတို့သည် အဖျက်ဆီးခံလိုက်ရသည်။ ကြယ်တာရာ အကြီးစားများ အချို့သည်ပင် ကြေမွကုန်ကြ၏။

ရှင်းလုံစန်း၏ မျက်လုံးများ အတွင်းမှ မြင့်မြတ်သော အလင်းတန်းသည် ကျယ်ပြန့်လာခဲ့သည်။ သူသည် သူတော်စင် ကောင်းကင်ဓားအား ဆက်မကိုင်ထားတော့ချေ။ သူသည် သူတော်စင် ကောင်းကင်ဓားအား မှော်ရတနာတစ်ခုအနေနှင့် အသုံးချလိုက်၍ သူကိုယ်တိုင်က ဓားအလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ကာ သူတော်စင် ကောင်းကင်ဓားနှင့် ပူးပေါင်းသွားခဲ့သည်။

သူတော်စင် ကောင်းကင်ခေါင်းသည်
ညင်သာသော အလင်းတန်း တစ်ခုအား
ထုတ်လွှတ်လိုက်သည်။ သူသည်
မတောက်လောင်နေခဲ့ပဲ တာအိုဝါဒ၏ အခြေခံ
သဘောတရားနှင့် အမှန်တရားတို့နှင့်
ပေါင်းစပ်သွားခဲ့၏။ သူသည် ကမ္ဘာကြီးအတွင်းမှ
အဆုံးမဲ့ စိတ်ဝိညာဉ် စွမ်းအင်တို့အား
စုပ်ယူလိုက်ကာ ခေါင်းအော်ရာတစ်ခု အဖြစ်သို့
အသွင်ပြောင်းသွားခဲ့သည်။

လင်းဖုန်းသည် အမူအရာ မပြောင်းလဲခဲ့ပေ။
သူသည် ကောင်းကင်ဖျက်ဆီး ခေါင်းအား
ဝှေ့ယမ်းလိုက်ရာ ခေါင်းတက်ငွေ့စီးကြောင်း

များစွာတို့ကို ဆင့်ခေါ်နိုင်ခဲ့၍ သွေးနီရောင်
ခေးထိပ်ဖျားတွင် စုစည်းနိုင်ခဲ့၏။

ထိုခေတ်ငွေ့စီးကြောင်းများ
ဖြတ်သန်းသွားသောနေရာတိုင်းတွင်
အသက်စွမ်းအင်များသည် ပျက်စီးသွားကာ
ဟင်းလင်းပြင် လေဟာနယ်များက
ပြိုကျသွား၏။

ဤမြင်ကွင်းအား မြင်လိုက်ကြသောအခါ
အင်မော်တယ် ဝိညာဥ် အဆင့်မှ
အကြီးအကဲများက
ထိတ်လန့်တုန်လှုပ်ကုန်ကြ၏။ ရှီယု၊
ကောင်းဟာန်နှင့် ရှမ်းလင်သူတော်စင်တို့သည်

တပြိုင်နက်တည်း ခေါင်းများကို ခါလိုက်ကြသည်။ "လက်စသတ်တော့ ဒီလိုကိုး။ ဒီခေါ်ကာ ကောင်းကင်နှင့် မြေကြီးတို့ရဲ့ ရန်လိုတဲ့ ခေါ်တ်ငွေ့တွေကို ဆင့်ခေါ်နိုင်ခဲ့ပြီး ခေါ်ဦးထိပ်မှာ စုဆောင်းနိုင်ခဲ့တယ်"

ကောင်းကင်နှင့် မြေကြီးတို့၏ အတွင်းတွင် ရှင်ခြင်းနှင့် သေခြင်းတို့က ရှိနေကြသည်။ ပြောင်းလဲမှုများသည် ခန့်မှန်းရ မရပဲ ဖြစ်ပေါ်နေကြ၏။ စိတ်ဝိညာဥ် စွမ်းအင်များသည် တိုးပွားစည်ပင်နေကြသောအခါ အသက်တို့သည် ရှင်သန်ကြီးထွားနိုင်ကြ၏။ ရန်လိုသော ခေါ်တ်ငွေ့များ

တိုးပွားစည်ပင်နေကြလျှင် အသက်တို့က
အဖျက်ဆီး ခံလိုက်ရကာ ကမ္ဘာကြီးက
အဆုံးသတ်သို့ ရောက်လာခဲ့မည် ဖြစ်သည်။

ရန်လိုသော ခတ်ငွေ့များသည် ကံကြမ္မာ၏
တစ်စိတ်တစ်ပိုင်း ဖြစ်သော်လည်း ကံကြမ္မာ၏
ရန်သူတစ်ပါးလည်း ဖြစ်၏။

ကျင့်ကြံသူများသည် သူတို့၏ ခန္ဓာကိုယ်များ
အတွင်းသို့ စိတ်ဝိညာဉ် စွမ်းအင်ကို စုပ်ယူကြ၍
တာအိုလမ်းစဉ်အား ကျင့်ကြံကြသည်။
သူတို့သည် ဤနည်းလမ်းဖြင့် ထိပ်ဆုံးသို့
တက်လှမ်းနေကြခြင်း ဖြစ်သည်။
တစ်ယောက်ကမှ ရန်လိုသော ခတ်ငွေ့များကို

သူတို့၏ ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူကြခြင်း မပြုကြပေ။ ဒါသည် ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်း ဖြစ်၏။

လင်းဖုန်းသည် ရန်လိုသော ခတ်ငွေ့များအား သူ့ဘာသာသူ ဆင့်ခေါ်ခဲ့ခြင်း မဟုတ်ပေ။ သူသည် ကောင်းကင်ဖျက်ဆီး ခေးအား အသုံးပြု၍ သူတို့အား ခေါ်ယူခဲ့ကာ ခေးထိပ်ဖျားတွင် စုစည်းစေခဲ့ကာ အရာအားလုံးကို ဖျက်ဆီးရန် ကြံရွယ်နေခဲ့ခြင်း ဖြစ်သည်။

ကောင်းကင်ဖျက်ဆီး ခေးက မည်သည့်နေရာသို့ ညွှန်ပြလိုက်သည် ဖြစ်စေ

ထိုနေရာတစ်ခုလုံးသည်
ကမ္ဘာပျက်သွားသကဲ့သို့
အနီရောင်အလင်းတန်းတစ်ခုဖြင့်
ဖုံးလွှမ်းခြင်းအား ခံလိုက်ရသည်။

သူတော်စင် ကောင်းကင်ဓားသည်
ကြွတ်ဆတ်သော ဓားအော်သံ တစ်ခုအား
ထုတ်လွှတ်လိုက်၏။ သူသည်
သူ၏မဟာရန်သူနှင့် ရင်ဆိုင်ဖို့ရာ
ပြင်ဆင်နေခဲ့သည်။

နှစ်ဦးနှစ်ဘက်တို့က တိုက်ခိုက်ခဲ့ကြသောအခါ
အသက်စွမ်းအင်များသည် ပျက်စီးကုန်ကြ၏။
အဆုံးမဲ့ အလင်းတန်းများသည်

သူတို့ထိတွေ့မိသည့် နေရာမှ ဘက်ပေါင်းစုံသို့ လွင့်ပျံသွားကြသည်။

"သူတော်စင် ကောင်းကင်ခရီးကို ရင်ဆိုင်ဖို့ဆိုရင် သူ့ရဲ့စွမ်းအားတွေဟာ ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာနဲ့ တူညီနေရမယ်။ ချိုးဖျက်ဖို့ဆိုရင် အစပြုထားတဲ့ ပြင်ဆင်မှုတွေကို အသက်သွင်းမှရမယ်"

ကောင်းဟာန်နှင့် ရှမ်းလင်သူတော်စင်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြကာ သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြ၏။ သူတို့သည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း

ဝက်ပါအား တစ်ဘက်မှနေ၍
တိုက်လိုက်လိုက်ကြကာ
ဝက်ပါချိုးဖောက်ဖုံအား လွတ်မြောက်စေရန်
ကူညီလိုက်ကြသည်။

## စာစဥ် ၃၂ : အပိုင်း ၃

## အပိုင်း ၅၉၃ : ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ နှစ်မျိုးက ဝန်းရံတိုက်ခိုက်ခြင်း

ကောင်းဟာန်နှင့် ရွှမ်းလင်သူတော်စင်တို့သည်
ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း
ဝက်ပါတို့အား အတူတကွ ဝိုင်း၍

တိုက်ခိုက်လိုက်ကြသည်။ ဝက်ပါချိုးဖောက်ဗုံက ဤအခွင့်အရေးကို အပိုင်အသုံးချကာ ဝက်ပါအတွင်းမှ လွတ်မြောက်သွားခဲ့သည်။

မည်းနက်နေသော စကြာဝဠာ အတွင်းတွင် ဟင်းလင်းပြင် ယင်ယန်နာရီက ထပ်မံပေါ်ပေါက်လာခဲ့၏။ ဟင်းလင်းပြင် လေဟာနယ်တို့၏ တားမြစ်ထားသော စွမ်းအားများသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအား ကူညီ၍ တားဆီးပေးခဲ့သည်။

ထိုကဲ့သို့သော ခက်ထန်သည် ဝက်ပါနှင့် ရင်ဆိုင်ရသောအခါ ကောင်းဟန်နှင့်

ကျန်သောသူများ၏ မျက်ခုံးများက ပင့်တက်သွားကြသည်။ "ဒါက အနှိုင်းမဲ့ယင်ယန် ဟင်းလင်းပြင်ဝက်ပါလိုမျိုး စွမ်းအားကြီးတဲ့ ဝက်ပါတစ်ခုဖြစ်တယ်"

ဝက်ပါချိုးဖောက်ဖုံသည် အခြားဝက်ပါများကို နှောင့်ယှက်ဟန့်တားနေကျဖြစ်သဖြင့်သာ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအား ခုခံနိုင်ခဲ့ခြင်း ဖြစ်သည်။ အကယ်၍ အခြား မဟာယာနအဆင့်မှ မှော်ရတနာများ သို့မဟုတ် အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံသူများက ဤဝက်ပါအတွင်းတွင် ပိတ်မိနေခဲ့ပါက အန္တရာယ် ကြီးမားစွာ ကြုံတွေ့နိုင်မည် ဖြစ်၏။

ဝက်ပါချိုးဖောက်ဖုံသည် ဝက်ပါအတွင်းမှ လွတ်မြောက်လာခဲ့သည်နှင့် ဖုံသံများက တိတ်ဆိတ်သွားခဲ့ကာ လင်းလက်လှသော အလင်းတန်းတစ်ခုကို ဖော်ပြခဲ့သည်။

တစ်ချိန်တည်းမှာပင် ဟင်းလင်းပြင် ယင်ယန်နာရီမှလည်း တောက်ပသော အလင်းတန်းများဖြင့် ထိုးတက်လာခဲ့၏။

ကောင်းဟန်သည် သူ၏ခေါင်းအား လှည့်လိုက်ကာရွှမ်းလင်သူတော်စင်အား ကြည့်လိုက်သည်။ "မင်းက ဖုံနတ်သားကို

ကူညီလိုက်ပါ" ရွှမ်းလင်သူတော်စင်က သူ၏ခေါင်းကို ညိတ်လိုက်ကာ သူ၏ လက်ဝါးများကို စုစည်းလိုက်၍ မှော်ကျိန်စာတစ်ခုအား ထုတ်ဖော်လိုက်သည်။ သူသည် ကောင်းကင်ဖျက်ဆီးခြင်း သစ်သီးကို စတေးလိုက်ကာ ဝက်ပါချိုးဖောက်ဗုံအား ဝန်းရံထားသည့် ရွှေရောင်အလင်းတန်းများ အတွင်းသို့ ထည့်သွင်းလိုက်သည်။

အခြားတစ်ဘက်တွင် အဖြူနှင့်အနက် အငွေ့စီးကြောင်းများသည် ဟင်းလင်းပြင် ယင်ယန်နှာရီအား ဝန်းရံနေကြကာ အဆက်မပြတ် လှည့်ပတ်နေကြ၏။ ကောင်းဟန်သည် နတ်အလင်းတန်း

ယင်နည်းစနစ် သစ်သီးအား စတေးလိုက်ကာ
အဖြူနှင့်အနက် အငွေ့စီးကြောင်းများအတွင်းသို့
နစ်ဝင်သွားစေခဲ့သည်။

ဟင်းလင်းပြင် ယင်ယန်နာရီသည်
ယခုအချိန်တွင် မရေမတွက်နိုင်သော
ဟင်းလင်းပြင် လေဟာနယ်များကို
ခေါက်ကာဖိထားသော နာရီတစ်လုံးကဲ့သို့
ဖြစ်နေခဲ့သည်။ ဤအချိန်တွင် သူသည်
ကျုံ့ဝင်နေခဲ့သော ကမ္ဘာတစ်ခုက ယခင်ပုံစံ
ပြန်ရစေရန် ကြိုးထွားလာနေသကဲ့သို့
ဖြစ်နေခဲ့၏။

လေဟာနယ် အလွှာပေါင်း များစွာတို့သည် မူလမဟာကမ္ဘာကြီးနှင့် အဆက်မပြတ် ပွတ်တိုက်ကာ အချင်းချင်း ဖျစ်ညှစ်နေကြသော်လည်း ပြင်းထန်သော ထိတွေ့မှုများ မဖြစ်ခဲ့ကြပေ။

ယင်ယန် အငွေ့စီးကြောင်းများသည် ထစ်ချုန်းနေသော တိမ်တိုက်များ အဖြစ်သို့ ပြောင်းသွားကြကာ လေဟာနယ် အစွန်းများအား ဝန်းရံနေကြ၏။ ဒါသည် ထိုတိမ်တိုက်များအား မဟာကမ္ဘာနှင့် ပေါင်းစည်းစေနိုင်ခဲ့သည်။

ဝက်ပါချိုးဖောက်ဖုံသည့် ရွှေရောင်
အလင်းတန်းများ အဖြစ်သို့ ပြောင်းသွားခဲ့ကာ
တိမ်တိုက်များ အတွင်းသို့ ပေါက်ကွဲသွားခဲ့၍
ဟင်းလင်းပြင် ယင်ယန်နာရီ ဖန်တီးထားသော
ကမ္ဘာနှင့် ပေါင်းစပ်သွားခဲ့သည်။
ပေါ်ပေါက်လာသော ကျယ်ပြန့်သည့်
လေဟာနယ်ကြီးမှာ ရွှေရောင်အလွှာ တစ်ခုနှင့်
ဖုံးလွှမ်းခံခဲ့ရသကဲ့သို့ ဖြစ်သွားခဲ့၏။

ခဏအကြာတွင် ရွှေရောင်
အလင်းတန်းများသည် ကျယ်ပြန့်လာနေသည့်
လေဟာနယ်နှင့် ပေါင်းစပ်သွားခဲ့ကာ
အခြေခံအုတ်မြစ်တစ်ခု ဖြစ်သွားခဲ့သည်။
မြေပြင်၊ တိုင်လုံး၊ အလင်းတန်း၊ တံခါး၊

ပြတင်းပေါက်နှင့် အခြားအရာများ
ပေါ်လာခဲ့ကာ ခမ်းနားထည်ဝါသည့် စံအိမ်တစ်ခု
ဖြစ်သွားခဲ့သည်။

ထိုစံအိမ်သည် အလွန်အမင်းကို ကြီးမားလှ၏။
သူသည် နောက်ထပ် ကိုယ်ပိုင်ကမ္ဘာတစ်ခုနှင့်
တူနေခဲ့၏။ သူသည် လင်းဖုန်း၏ အင်မော်တယ်
ဝိညာဉ် ကိုယ်ပွားနှင့် ယုကျင်းတောင်တို့
ပေါင်းစပ်ထားသော ဘီလူးကြီးထက်ပင်
ကြီးနေသေး၏။

လင်းဖုန်း၏ ခွန်းဖန်ခန်းမဆောင်သည်
ရှေးဟောင်းခွန်းဖန်၏ ခန္ဓာကိုယ် တစ်ဝက်အား
အသုံးပြု၍ တည်ဆောက်ထားခြင်း ဖြစ်သည်။

သူသည် အလွန်အမင်းကို
ကြီးမားလှသော်လည်း အတွင်းတွင်
ဘီလူးတစ်ကောင် နေနိုင်ရုံသာ
လုံလောက်သည်။

သို့သော်လည်း ယခုရွှေစံအိမ်ကြီးမှာ
စွမ်းအားရော အရွယ်အစားပါ
ခွန်းဖန်ခန်းမဆောင်ထက် များစွာပို၍
ကြီးမားပေသည်။ ခွန်းဖန်ခန်းမဆောင်သည်
ဤရွှေစံအိမ်ကြီး၏ဘေးတွင်
ကျောက်တုံးငယ်လေး တစ်တုံးသာသာသာ
ရှိနေခဲ့၍ သူတို့အား နှိုင်းယှဉ်ရန်ပင် မလိုခဲ့ပေ။

ထိုခန်းမ၏ မျက်နှာပြင်ပေါ်တွင် ရွှေရောင်အလင်းတန်းများ၏ အတွင်း၌ မရေမတွက်နိုင်သော အဆောင်လက်ဖွဲ့ သင်္ကေတများ ပေါ်လာကြ၏။ စကြာဝဠာကြီး၏ စတင်လာသော အချိန်မှစ၍ သက်ရှိတို့၏ ရှင်သန်ပြောင်းလဲလာမှုနှင့် သူတို့ကြောင့် ဖြစ်ပေါ်လာသည့် အကန့်အသတ် မရှိသည့် အရာအားလုံးတို့ကို ဖော်ပြနေခဲ့၏။

စံအိမ်အတွင်းတွင် မရေမတွက်နိုင်သော ဗုဒ္ဓတို့၏ ကျမ်းစာရွတ်ဖတ်သံများကို ကြားနေရသည်။ မူလကောင်းကင် ကမ္ဘာတွင် မြင့်မြတ်သော တိုင်းပြည်တစ်ခုက မွေးဖွားလာခဲ့ကဲ့သို့ ဖြစ်သည်။

ကြီးကျယ်ခမ်းနားၡ် လှိုဝှက်ဆန်းကြယ်သော စွမ်းအားသဘောတရားများက အတွင်းမှနေ၍ ထွက်လာကြသည်။ သူတို့သည် သူတော်စင်ကောင်းကင်ခေးနှင့် အင်မော်တယ်နဂါးမြို့တော်၏ အတွင်းမှ လာခဲ့ခြင်းနှင့် တူနေခဲ့သည်။

ဤမှော်ရတနာ၏ အော်ရာသည် ကြမ္မာပန်းတိုင်အဆင့်တွင် ရှိနေခဲ့သည်။

မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်!

ဒါသည့် ဝက်ပါချိုးဖောက်ဖုံနှင့် ဟင်းလင်းပြင် ယင်ယန်နာရီတို့က ဟင်းလင်းပြင် ဘုရားကျောင်း၏ အဆင့်အမြင့်ဆုံး ကျမ်းစာများ ဖြစ်ကြသော ဥပေက္ခာ မဟာလမ်းစဥ်နှင့် ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာတို့အား ပေါင်းစည်း၍ ဖန်ဆင်းထားခြင်း ဖြစ်၏။ အကျိုးဆက်အားဖြင့် သူတို့သည် ဤကြမ္မာပန်းတိုင် အဆင့်တွင်ရှိသော မှော်ရတနာအား မွေးဖွားနိုင်ခဲ့ခြင်း ဖြစ်သည်။

ရှေးပဝေသဏီခေတ်မှစ၍ ပါရမီရှင်ပေါင်း များစွာတို့သည် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ပါးအား ကျင့်ကြံ၍

ကမ္ဘာကြီးအား လွှမ်းမိုးနိုင်ရန်
ကြိုးစားခဲ့ကြသည်။

သို့သော်လည်း ဤကဲ့သို့သော
မှော်ရတနာမျိုးသည် အဘယ်ကြောင့် ရရှိရန်
အလွန်အမင်း ခက်ခဲပါသနည်း။

လူသားကျင့်ကြံမှုကမ္ဘာ၏ ပထမဆုံး
လူသားဧကရာဇ် ရှီဧကရာဇ်သည်
အသက်ရှင်နေစဥ်ကတည်းက အင်မော်တယ်
နဂါးမြို့တော်အား ကျင့်ကြံခဲ့သည်။
သို့သော်လည်း သူသေဆုံးသွားသည့်တိုင်အောင်
သူ့အား အပြီးမသတ်သွားနိုင်ခဲ့ပေ။ မဟာချင်
အင်ပါယာက အင်မော်တယ် နဂါးမြို့တော်အား

ရရှိသွားပြီးနောက်တွင်
အလွန်အစွမ်းကြီးမားသော သူများသည်
ဤမော်ရတနာအား ကုစား၍ ကျင့်ကြံရန်
ကြိုးစားခဲ့ကြသည်။

မူလကောင်းကင် ကမ္ဘာတွင်
ပေါ်ပေါက်လာခဲ့သော ကြမ္မာပန်းတိုင် အဆင့်မှ
မော်ရတနာများမှာ  အခွင့်အရေးနှင့်
အချိန်ကာလတစ်ခုတို့တွင်
ကောင်းကင်အတားအဆီးများကို
ကျော်လွှားနိုင်ခဲ့၍ ဖန်တီးနိုင်ခဲ့ကြခြင်း
ဖြစ်သည်။

အမှန်အတိုင်းပြောရလျှင် ကောင်းကင်ဖျက်ဆီး
ခံးသာ ပေါ်မလာခဲ့လျှင် အင်မော်တယ်
နဂါးမြို့တော်သည် တစ်နေ့တွင် ကြမ္မာပန်းတိုင်
အဆင့်သို့ ရောက်မည်ဖြစ်သော်လည်း
ထိုနေ့သည် ဘယ်နေ့ဟူသည်ကို
သိမည်မဟုတ်ပေ။

သို့တိုင်အောင် မဟာချင် အင်ပါယာသည်
သူတို့၏ အရင်းအမြစ်များ အားလုံးတို့ကို
လိုလိုလားလားနှင့် အသုံးပြုခဲ့ကြသည်။
သူတို့သည် ဤအင်မော်တယ် နဂါးမြို့တော်အား
ပြီးဆုံးအောင် ကျင့်ကြံရန် တစ်ခါမှ
စိတ်မလျှော့ခဲ့ကြပေ။

နတ်ဘုရားနယ်မြေတွင် မရေမတွက်နိုင်သော စွမ်းအားကြီးသည့် လူများသည် သမိုင်းတလျှောက်တွင် ပေါ်လာခဲ့ကြ၏။ သူတို့အများစုတို့သည် မဟာယာန အဆင့်မှ မှော်ရတနာ များစွာတို့ကို စုပေါင်း၍ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခုအား ဖန်ဆင်းရန် ကြိုးစားခဲ့ကြသည်။

သို့သော်လည်း အဖွဲ့တစ်ဖွဲ့ကသာ အောင်မြင်နိုင်ခဲ့ကာ သူတို့သည် ဟင်းလင်းပြင် ဘုရားကျောင်း ဖြစ်သည်။

ဝက်ပါချိုးဖောက်ပုံနှင့် ဟင်းလင်းပြင် ယင်ယန်နာရီတို့သည် ဥပေက္ခာ

မဟာလမ်းစဉ်နှင့် ဟင်းလင်းပြင်၏
ယင်ယန်ကျမ်းစာတို့အား အသီးသီး
ကျင့်ကြံထားကြသည်။ သူတို့အနက်မှ
မည်သူမဆို ကြမ္မာပန်းတိုင် အဆင့်သို့
တက်လှမ်းနိုင်ရန် မျှော်လင့်ချက်ရှိနေကြသည်။

သူတို့နှစ်ယောက်က
ပူးပေါင်းလိုက်ကြသောအခါ သူတို့သည်
အချိန်တိုလေးအတွင်းမှာပင် ကြမ္မာပန်းတိုင်
အဆင့်မှ မှော်ရတနာ တစ်ခုဖြစ်သော
မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်ကို
ဖန်ဆင်းနိုင်ခဲ့ကြ၏။

ခမ်းနားကြီးကျယ်သော ဤစံအိမ်သည်
မဟာကမ္ဘာတွင် ပေါ်ပေါက်လာခဲ့သော်လည်း
ဟင်းလင်းပြင်အား မတုန်ခါသွားစေခဲ့ပေ။
ထို့အစား သူသည် ဟင်းလင်းပြင်နှင့်
တစ်သားတည်း ဖြစ်သွားခဲ့ကာ စကြာဝဠာ
အတွင်းမှ ဤနေရာအား သူ၏နောက်ဖေးခြံဝင်း
လုပ်ချင်နေခဲ့သည်။

မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်နှင့်
ပူးပေါင်းသွားပြီးသောအခါ ဤဟင်းလင်းပြင်
လေဟာနယ် အတွင်းမှ အရာအားလုံးတို့သည်
သူ၏ထိန်းချုပ်မှုအောက်သို့ ရောက်သွားခဲ့သည်။
အချိန်ကာလ၊ လေဟာနယ်၊
အလင်းနှင့်အမှောင်၊ ယင်နှင့်ယန်၊ အသက်၊

စွမ်းအင်၊ အရာအားလုံးတို့သည်
ဤခမ်းနားထည်ဝါသော ကြမ္မာပန်းတိုင်
အဆင့်မှ မှော်ရတနာ၏ ထိန်းချုပ်မှုအောက်သို့
သက်ဆင်းသွားခဲ့၏။

အချိန်ကို မည်မျှမြန်မြန် ကုန်လွန်စေမည်၊
လေဟာနယ် အတွင်းမှ ကွာဟချက်ကို
မည်မျှထားမည်၊ အလင်းတန်းတို့၏
ထိုးတက်လာမှု၊ အမှောင်ထု၏ တိတ်ဆိတ်မှု၊
ယန်နှင့်ယန်တို့၏ ပေါင်းစည်းမှု၊ အသက်တို့၏
ဆက်လက်ရှင်သန်ခြင်း၊ စွမ်းအင်တို့၏
မွေးဖွားခြင်း…

အရာအားလုံးတို့သည် မဟာဟင်းလင်းပြင်
မြင့်မြတ်သောစံအိမ်၏ ထိန်းချုပ်မှုအောက်တွင်
ရှိနေခဲ့၏။ ကောင်းဟာန်နှင့်
ရွှမ်းလင်သူတော်စင်တို့သည်
စံအိမ်ခန်းမအတွင်းတွင် တင်ပလ္လင်ခွေ
ထိုင်နေခဲ့ကာ သူတို့၏ လက်များဖြင့်
မှော်ကျိန်စာတို့အား ထုတ်ဖော်နေကြ၏။

တစ်ခုကအဖြူ၊ တစ်ခုကအနက်၊ မှော်စွမ်းအင်
စီးကြောင်းနှစ်ကြောင်းတို့သည် သူတို့၏
ခေါင်းပေါ်မှ ထွက်လာကြသည်။
ယင်နှင့်ယန်တို့က တွေ့ဆုံခဲ့ကြ၍
ရွှေရောင်အလင်းတန်းများ ဖြစ်သွားကြကာ

ကြီးကျယ်ခမ်းနားသော စံအိမ်နှင့် ဆက်သွယ်လိုက်ကြသည်။

ရှမ်းလင်သူတော်စင်က ပြောလိုက်သည်။ "ငါက သတိပေါ့လျော့မိတဲ့အတွက် ကျောက်တုံးလှေကားကို ဆုံးရှုံးခဲ့ရတယ်။ ပြန်ယူမှဖြစ်မယ်"

ကောင်းဟန်က ပြောလိုက်၏။ "ငါတို့က ဒီဟာကို အရင်တည်ငြိမ်အောင် လုပ်ပြီးမှ ကျောက်တုံးလှေကားကို ပြန်ယူမှရမယ်။ မဟုတ်ရင် သူက ဒေါသထွက်ပြီး မှော်ရတနာကို ဖျက်ဆီးပစ်လိမ့်မယ်"

ရှမ်းလင်သူတော်စင်က သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ငါတို့ကသူ့ကို အခွင့်အရေးမပေးတော့ဘူး"

"လှုပ်ရှားတော့။ မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်က အချိန်အကြာကြီးခံမှာ မဟုတ်ဘူး" ကောင်းဟန်က ညွှန်ကြားလိုက်သည်။ မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်၏ အလင်းတန်းသည် ပို၍စူးရှလာခဲ့၏။ စံအိမ်အပေါ်တွင် ရွှေရောင်အလင်းတန်းများက လျှင်မြန်စွာနှင့် စုစည်းလာခဲ့ကာ ထူးခြားဆန်းကြယ်သော

မှော်သကော်တ တစ်ခုအား
ဖော်ဆောင်နိုင်ခဲ့သည်။

ထိုမှော်သကော်တသည် လေဟာနယ်
တစ်ခုလုံးအား ပြည့်သွားခဲ့သည်။ သူ၏
ပုံသဏ္ဍာန်အမှာ အလွန်တရာမှ
ထူးခြားလှပေသည်။

ထိုမှော်သကော်တသည် အဆုံးမဲ့
ဟင်းလင်းပြင်အား ကျော်ဖြတ်သွားခဲ့၍
လင်းဖုန်း၏ ရောမ ဘီလူးကြီး၏ ပုံရိပ်အပေါ်တွင်
ခပ်နိုတ်လိုက်၏။

ကြယ်စင်မြစ်အတွင်းတွင် အနီနှင့် အဖြူရောင် အလင်းတန်းများအား သိသာစွာဖြင့် ခွဲခြားထားခဲ့သည်။ သူတို့သည် တစ်ခုနှင့်တစ်ခု လုံးဝ အလျှော့မပေးနေကြပေ။ စကြာန့်တိုင်းအတွင်းတွင် မရေမတွက်နိုင်အောင် ထိတွေ့ခဲ့ကြ၍ စိတ်ဝိညာဉ် စွမ်းအင်များက လွင့်ပြယ်ကုန်ကြသည်။ တစ်ချိန်တည်းတင်ပင် ရန်လိုသော ဓာတ်ငွေ့များကလည်း ပျက်ပြယ်ကုန်ကြ၏။

လင်းဖုန်းသည် ကောင်းကင်ဖျက်ဆီး ဓားအား ဆင့်ခေါ်လိုက်၍ ရှင်းလုံစန်း၏ သူတော်စင် ကောင်းကင်ဓားနှင့် အနီးကပ်တိုက်ပွဲ တစ်ခုအား ရင်ဆိုင်နေခဲ့သည်။

သူတို့နှစ်ယောက်စလုံးတို့သည် အစွမ်းကုန် တိုက်ခိုက်နေကြခြင်း ဖြစ်၏။ ခေးများ၏ ထိပ်တိုက်တွေ့ဆုံမှုများကြောင့် ကြယ်တာရာများစွာတို့ ပျက်စီးကုန်ကြသည်။ တိုက်ပွဲက ဆက်လက်ဖြစ်ပွားနေသည်နှင့်အမျှ သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မှုအား ခြိမ်းခြောက်နေခဲ့သည်။

မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်၏ တိုက်ခိုက်မှုအား လင်းဖုန်းက ချက်ချင်းပင် သတိပြုမိလိုက်သည်။ သူ၏ မျက်မှောင်များမှာ အတန်ငယ် မြင့်တက်လာခဲ့၍ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါကို

ထုတ်လွှတ်လိုက်သည်။ မှော်သကော်တမျာ းမှာ
ချက်ချင်းဆိုသလိုပင် ပျက်စီးသွားခဲ့၏။

ကောင်းဟာန်နှင့် ရှမ်းလင်သူတော်စင်တို့၏
အမူအရာတို့သည် မပြောင်းလဲသွားကြပေ။
မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်သည်
ကျယ်လောင်သော မြည်ဟည်းသံနှင့်
ရွှေ့လျားသွားခဲ့သည်။ အဆုံးမဲ့ မြင့်မြတ်သော
အလင်းတန်းများတို့သည် ဖြာကျလာကြကာ
လင်းဖုန်းနှင့် ယင်-ယန် ဖန်ဆင်းခြင်းနှင့်
ယိုယွင်းခြင်း ဝက်ပါတို့အား ဖိနှိပ်ထားကြ၏။

"အသွင်ပြောင်းလဲမှုခြောက်မျိုး၊
မှော်ကျိန်စာသုံးခု ဝင်ရိုးစွန်း

ပြောင်းပြန်လှန်ခြင်း၊ ပွင့်စမ်း" လင်းဖုန်းသည်
သူ၏စိတ်ထဲမှ အမိန့်ပေးလိုက်ရာ ယင်-ယန်
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါသည်
ကြမ်းတမ်းသော စွမ်းအားတစ်ခုအား
ဆင့်ခေါ်လိုက်ကာ
ကံကြမ္မာအစွန်းနှစ်ဘက်တို့အား
ပြောင်းပြန်လှန်နိုင်ရန် ခြိမ်းခြောက်နေခဲ့သည်။

ဤကြီးကျယ်သော စွမ်းအားများသည်
ကောင်းကင်နှင့် မြေကြီးတို့အား
တွန့်လိမ်စေခဲ့ကာ မူလကောင်းကင်
ကမ္ဘာကြီးအား ဆွဲဖြဲရန် ခြိမ်းခြောက်နေခဲ့၏။
သူသည် မဟာဟင်းလင်းပြင်
မြင့်မြတ်သောစံအိမ်မှ ထုတ်လွှတ်နေသော

အလင်းတန်းအား မှေးမှိန်စေခဲ့သည်။
စံအိမ်သည် အနည်းငယ်ပင် တုန်ခါသွားခဲ့သည်။

သို့သော်လည်း သူသည် ထိခိုက်သည့်ပုံ
မပေါ်ခဲ့ပေ။ ထို့အစား ပို၍ပင် လျှင်မြန်စွာ
လည်ပတ်နေခဲ့၏။ ရွေ့လျားနိုင်သော
ရဲတိုက်တစ်ခုကဲ့သို့ သူသည် လင်းဖုန်းနှင့် ယင်-
ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း
ဝက်ပါတို့ဘက်သို့ ကျဆင်းလာခဲ့သည်။

သူ့ထံမှနေ၍ စွမ်းအားကြီးသော
အော်ရာတစ်လှိုင်းအား ထုတ်လွှတ်လိုက်သည်။
ရှေးပဝေသဏီမှ နတ်ဘုရားတစ်ပါးက
နိုးထလာခဲ့ကာ ကမ္ဘာကို တုန်ခါအောင်

ဟိန်းဟောက်နေခဲ့သကဲ့သို့ ဖြစ်၏။
မူလကောင်းကင် ကမ္ဘာကြီးပင်
တုန်ခါသွားခဲ့သည်။

"အသွင်ပြောင်းလဲမှုခြောက်မျိုး၊
မှော်ကျိန်စာသုံးခု၊ အဆုံးမဲ့ အစွန်းနှစ်ဘက် ၊
ပွင့်စမ်း"

လင်းဖုန်း၏ အော်သံနှင့်အတူ ယင်-ယန်
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္ကပါသည့်
အဆုံးမဲ့ အလင်းတန်း တစ်ခုအား အရပ်မျက်နှာ
ပေါင်းစုံသို့ ထုတ်လွှတ်လိုက်သည်။
ထိုအလင်းတန်းသည် ကောင်းကင်နှင့် မြေကြီး
တစ်ခုလုံးအား ကာကွယ်ထားသော

ဒိုင်းတစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့၍ မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်၏ လမ်းကြောင်းကို တားဆီးခဲ့သည်။ ရောမ အရာနှစ်ခုတို့သည် ယခုအချိန်တွင် အချင်းချင်း ထိပ်တိုက်ထိတွေ့မိကြသည်။

ဘုန်းကနဲ မြည်သံနှင့်အတူ ကမ္ဘာနှစ်ခုတို့သည် ပြင်းထန်စွာနှင့် တိုက်ခိုက်ခဲ့ကြ၏။

"ဖြိ!"

ထိုတွေ့ဆုံမှုမှနေ၍ စူးရှသော အသံတစ်ခုက ပွဲတင်ရိုက်လာခဲ့သည်။ အဝတ်တစ်စက အစုတ်ဖြဲခံခဲ့ရသကဲ့သို့ ဖြစ်၏။

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါမှ ဖန်တီးထားသော ဒိုင်းကြီးတွင် ဧရာမ အက်ကွဲကြောင်းကြီးတစ်ခု ပေါ်လာခဲ့သည်။

"နှမြောစရာကောင်းတာက ငါက ရှင်းလုံစန်းရဲ့ သူတော်စင် ကောင်းကင်ဓားနဲ့ တိုက်ခိုက်နေရလို့ ဝက်ပါကို ထိန်းချုပ်ဖို့ အာရုံအနည်းငယ်သာ စိုက်နိုင်ခဲ့တာပဲ။ တကယ်လို့ငါက ဝက်ပါအတွင်းမှာ အာရုံအပြည့်

စိုက်နိုင်လို့ရှိရင် ရလဒ်တွေက
ဘယ်လိုဖြစ်မလဲဆိုတာ မသိဘူး"

လင်းဖုန်းက တစ်စုံတစ်ခုအား တွေးလိုက်သည်။
"ငါက မှော်ရတနာ ၁၂ခုကို ရရှိပြီး
ဖန်ဆင်းခြင်းနဲ့ ဖျက်ဆီးခြင်း ပုံစံခြောက်မျိုးကို
ပြီးမြောက်နိုင်ခဲ့ပေမဲ့ ရတနာတစ်ခု
လိုနေသေးတယ်"

"ဗဟိုရတနာတစ်ခု ရှိရင် ဒီဝက်ပါဟာ
ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာ တစ်ခုကို
စိန်ခေါ်နိုင်မှာ ဖြစ်တယ်။ တကယ်လို့ ငါက
ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာ တစ်ခုကို
ဝက်ပါထဲမှ အသုံးပြုလိုက်ရင် ဒီဝက်ပါရဲ့

စွမ်းအားတွေကို အပြည့်အဝ ထုတ်ဖော်နိုင်မှာ ဖြစ်တယ်။ ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာတောင်မှ သူ့ရဲ့ပြိုင်ဘက် ဖြစ်နိုင်မှာ မဟုတ်ဘူး"

"ဒီပြိုင်ပွဲအပြီးမှာ ငါကသေချာမှတ်ထားမှ ဖြစ်မယ်"

ကောင်းကင်နဂါး

ရှေးဟောင်းနယ်မြေအတွင်းတွင် ဤတိုက်ပွဲကို ကြည့်နေကြသောသူ အားလုံးတို့မှာ ရင်သပ်ရှုမော ဖြစ်နေကြ၏။ အင်မော်တယ် ဝိညာဥ် အဆင့်မှ အကြီးအကဲများပင် ဂဏှာမငြိမ် ဖြစ်နေကြ၏။

ဝူချင်လျှိုက သက်ပြင်းချလိုက်သည်။ "ဒီလိုမျိုး ကျင့်ကြံမှုအဆင့်နဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က တကယ့်ကို သန်မာလှပါပေတယ်။ တကယ်လို့ သူ့ဆီမှာ ကြမ္မာပန်းတိုင် အဆင့်က မော်ရတနာ တစ်ခုရှိခဲ့ရင် ဒီတိုက်ပွဲက အနိုင်အရှုံးပေါ်မှာ မဟုတ်ဘူး"

သူသည် ရှီယုဘက်သို့ ခေါင်းလှည့်ကြည့်လိုက်သည်။ "အရှင်မင်းမြတ်၊ အရှင်က လှုပ်ရှားတော့မလို့လား"

"မဟုတ်ဘူး" ရှီယုက တိုက်ပွဲကိုသာ အာရုံစိုက်၍ ကြည့်နေခဲ့သည်။ "အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကို ပေးထားတဲ့ ကတိအရ ငါလှုပ်ရှားရမယ့်နေရာက ဒီနေရာမှာ မဟုတ်ဘူး"

"ဒါပေမဲ့ ငါကလည်း သိချင်နေတယ်။ သူက ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာ နှစ်ခုနဲ့ ရင်ဆိုင်နေရတော့ ဘယ်လိုများ လုပ်မလဲ"

"ဖြို! ဖြို! ဖြို!"

လေဟာနယ် ဟင်းလင်းပြင် အတွင်းတွင်
စုတ်ပြဲသံများက
ဆက်လက်ထွက်ပေါ်နေခဲ့သည်။ ယင်-ယန်
ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါသည့်
တစ်ခေါက်ပြီးတစ်ခေါက် အဆွဲဖြဲခံနေရ၏။
သူသည် မဟာဟင်းလင်းပြင်
မြင့်မြတ်သောစံအိမ်၏ ချေမှုန်းခြင်းအား
ခံနေရသည်။

လင်းဖုန်းသည် ကောင်းကင်ဖျက်ဆီး ဓားကို
ကိုင်လိုက်ကာ နောက်ထပ်တစ်ခေါက်
တိုက်ခိုက်လိုက်၍ သူတော်စင်
ကောင်းကင်ဓားအား နောက်ဆုတ်စေခဲ့သည်။

သူ၏အတွေးများသည် လျှင်မြန်စွာနှင့်
ပြောင်းလဲသွားခဲ့၏။ သူ၏ စိတ်ဝိညာဉ်
တစ်စသည် အင်မော်တယ် ဝိညာဉ် အတွင်းသို့
ဝင်သွားခဲ့ကာ ကောင်းကင်စကြာဝဠာ
အလင်းတန်းကမ္ဘာ အတွင်းသို့ ဝင်သွားခဲ့သည်။

အဝတ်အစား ကပိုကရိုဖြင့်
အဘိုးကြီးတစ်ယောက်သည်
မဟူရာကောင်းကင် ရတနာသစ်ပင်၏
အောက်တွင် ထိုင်နေခဲ့သည်။ သူ၏အရှေ့တွင်
စစ်တုရင်ခုံ တစ်ခုအား ချထားခဲ့ကာ သူသည်
တစ်ယောက်တည်း ကစားနေခဲ့၏။

ထိုအဘိုးအို၏ ဆံပင်များမှာ ငှက်သိုက်ကဲ့သို့ ရှုပ်ထွေးနေခဲ့သည်။ သူ၏ အဝတ်အစားများမှာလည်း စုတ်ပြတ်သတ်နေခဲ့ကာ ဖရိုဖရဲ ဖြစ်နေခဲ့၏။

သို့သော်လည်း သူသည် သူ၏ခန္ဓာကိုယ်အား ဂရုမစိုက်ခဲ့ပေ။ သူ၏အာရုံများ အားလုံးကို စစ်တုရင်ခုံ အတွင်း၌သာ အာရုံစိုက်ထား၏။

သူ၏အရှေ့တွင် ခရမ်းရောင် တိမ်တိုက်တစ်စ ကျလာခဲ့ကာ ခရမ်းရောင် ဝတ်စုံနှင့် လူငယ်တစ်ယောက်၏ အလင်းတန်း ပုံရိပ်အဖြစ်သို့ ပြောင်းသွားခဲ့သည်။ သူသည် လင်းဖုန်း၏ ပုံစံပင် ဖြစ်၏။

လင်းဖုန်း၏ပုံရိပ်သည် စကားမပြောခဲ့ပဲ
စစ်တုရင်ခုံထံသို့ လျှောက်သွားခဲ့ကာ
တင်ပလ္လင်ခွေ ထိုင်ချလိုက်သည်။

## စာစဥ် ၃၂ : အပိုင်း ၄

## အပိုင်း ၅၉၄ : စွမ်းအားဖျက်ဆီးသော ကစားပွဲ၊ ကောင်းကင်နှင့် မြေကြီးတို့အား ဖျက်ဆီးခြင်း

လင်းဖုန်းသည် စစ်တုရင်ခုံအရှေ့တွင်
ထိုင်နေခဲ့ကာ ထိုအဝတ် ကပိုကရိုနှင့်
အဘိုးအိုအား ကြည့်နေခဲ့သည်။

ထိုအဘိုးအိုသည် လင်းဖုန်းအား ဂရုမထားခဲ့ပဲ သူ၏ အာရုံအား စစ်တုရင်ခုံ အပေါ်တွင်သာ ထားထားခဲ့၏။ သူသည် နောက်ထပ် ရွှေ့ရမည့် အကွက်များကို စဥ်းစားနေခဲ့သကဲ့သို့ ဖြစ်၏။ သို့သော်လည်း သူ့ကိုကြည့်နေသည်မှာ တွေဝေမိန်းမောနေသလို ဖြစ်နေခဲ့သည်။

စစ်တုရင်ခုံပေါ်မှ အကွက်များမှာ အဆက်မပြတ် ပြောင်းလဲနေခဲ့၏။ သို့သော်လည်း ဒါသည် အဖြူနှင့် အနက် စစ်တုရင်ရုပ်များကြောင့် ဖြစ်ပေါ်နေခြင်း မဟုတ်ပေ။

ယခင်က စစ်တုရင်ခုံတွင် စစ်တုရင်ရုပ်များဖြင့် ပြည့်နေ၍ အခြေအနေမှာ အလွန်ရှုပ်ထွေးနေ၏။

ခဏအကြာတွင် စစ်တုရင်ခုံ တစ်ခုလုံးတွင် အရုပ်များ မရှိတော့ပဲ အနည်းငယ်မျှသာ ကျန်တော့သည်။ ပြီးသည်နှင့် နောက်ထပ် စစ်တုရင်ပွဲ အသစ်တစ်ခုကို စတင်ခဲ့သည်။

လင်းဖုန်းသည် အနက်ရောင် စစ်တုရင်ရုပ် တစ်ခုအား ယူလိုက်သည်။

ထိုစစ်တုရင်ရုပ်လေးက စစ်တုရင်ခုံမှ
ခွာလိုက်သည်နှင့် ထူးခြားသော
အင်အားတစ်ခုက ပေါ်လာခဲ့သည်။
လင်းဖုန်းသည် သူ၏အရှေ့တွင် ဝဲကတော့တစ်ခု
ပေါ်လာခဲ့ကာ လျှင်မြန်စွာ လှည့်ပတ်နေ၍
သူ့အား စုပ်ယူရန် ခြိမ်းခြောက်နေခဲ့သည်ကို
သတိထားမိသည်။

သူသည် ယခင်ကလည်း တူညီသော
အတွေ့အကြုံများကို ခံစားခဲ့ရဖူးသည်။
ထိုအချိန်တွင် သူက ရှောင်ပုတာန်နှင့်
ရှောင်ယန်တို့အား သွားရှာရမည် ဖြစ်သဖြင့်
ထိုဆွဲအားကို မခုခံပဲ အလိုက်သင့်
မျောပါသွားခဲ့သည်။

သို့သော်လည်း ယခုအချိန်တွင် လင်းဖုန်းသည် စုပ်ယူခြင်းအား မခံတော့ပေ။ သူသည် ခိုင်မြဲစွာနှင့် မလှုပ်မယှက် ထိုင်နေခဲ့၏။

ထိုအခါ စုပ်ယူသည့် အားများသည် ပို၍ပို၍ ပြင်းထန်လာခဲ့၏။ လင်းဖုန်းသည် အားသုံး၍ မခုခံခဲ့ပဲ အနက်ရောင် စစ်တုရင်ရုပ်အား ပြန်ထားလိုက်သည်။ သို့သော်လည်း ထိုအရုပ်၏ နေရာကို ပြောင်းလဲလိုက်၏။

ဆွဲအားများက ပျောက်ကွယ်သွားခဲ့သည်။ တစ်ချိန်တည်းမှာပင် အဝတ်အစား ကပိုကရိုနှင့်

အဘိုးကြီးသည် စစ်တုရင်ရုပ် တစ်ခုအား
စစ်တုရင်ခုံပေါ်တွင် တင်လိုက်သည်။
လင်းဖုန်းကဲ့သို့ပင် သူသည် အနက်ရောင်
စစ်တုရင်ရုပ်တစ်ခုအား တင်လိုက်ခြင်း ဖြစ်၏။

သူ၏ အကြည့်မှာ သာမန်သာ ဖြစ်သည်။
လင်းဖုန်းအား ထွင်းဖောက်၍ မြင်နေရသကဲ့သို့
သဘောထားနေခဲ့သည်။

လင်းဖုန်းသည် မရပ်တန့်ခဲ့ပေ။ ဤအချိန်တွင်
သူသည် အဖြူရောင် စစ်တုရင်ရုပ် တစ်ခုအား
ယူလိုက်ကာ နောက်ထပ်နေရာတစ်ခုသို့
ရွှေ့လိုက်၏။

ထိုအဘိုးအိုကလည်း
သူ၏အနောက်သို့လိုက်ကာ အဖြူရောင်
စစ်တုရင်ရုပ် တစ်ခုအား ရွှေ့လိုက်သည်။

လင်းဖုန်းသည် နောက်ထပ် စစ်တုရင်
အရုပ်များကို ဆက်လက်ကောက်ယူနေခဲ့သည်။
ဤတစ်ကြိမ်တွင် သူသည် အနက်ရောင်
စစ်တုရင် အရုပ်တစ်ခုကို ယူလိုက်သည်။
သူ့အား နေရာရွှေ့လိုက်အပြီးတွင်
ထိုအဘိုးအိုကလည်း အတူတူ
လိုက်ရွှေ့လိုက်သည်။

သူတို့နှစ်ယောက်စလုံးတို့၏ အပြုအမူတို့သည် လျှင်မြန်လှသည်။ အဖြူနှင့်အနက် စစ်တုရင်အရုပ်များက စစ်တုရင်ခုံပေါ်တွင် ရွှေ့လျားနေခြင်းနှင့်အတူ စစ်တုရင်ပွဲတစ်ခုကို ကစားနေခဲ့ကြသည်။

လင်းဖုန်းသည် အစကတည်းက အကြံအစည် တစ်ခု ရှိပြီးသားဖြစ်သည်။ သူသည် အစပိုင်းကတည်းက သတ်ရန် မရည်ရွယ်ထားခဲ့ပေ။ ပွဲတစ်ဝက် အရောက်တွင် သူသည် အဖြူရောင် အရုပ်တစ်ခုအား ရုတ်တရက် ယူလိုက်ကာ နေရာရွှေ့လိုက်ပြီး အနက်ရောင် အရုပ်တစ်ခုကို တားဆီးလိုက်သည်။

ထိုအဘိုးအို ဘာမှမတုံ့ပြန်နိုင်ခင် လင်းဖုန်းသည် ထိုအစားခံလိုက်ရသည့် အနက်ရောင် စစ်တုရင် အရုပ်အား ကောက်ယူလိုက်သည်။ သူက ထိုအရုပ်အား မယူလိုက်သည်နှင့် မတူညီသော ပြောင်းလဲမှုတစ်ခု ပေါ်လာခဲ့သည်။

ထိုစစ်တုရင် အရုပ်အား ကိုင်ထားခဲ့သော လင်းဖုန်း၏လက်ချောင်းမှာ ချက်ချင်းပင် ဆွေးမြည့်သွားခဲ့သည်။ အသွေးအသားနှင့် အရိုးတို့မှာ သဲမှုန်များအဖြစ်သို့ ချက်ချင်းပြောင်းလဲသွားခဲ့ကာ ပြာမှုန့်များ ဖြစ်သွားခဲ့၏။ ထိုပြာမှုန့်များမှနေ၍ လျှင်မြန်စွာနှင့်ပင် အချိန်တိုလေးအတွင်း

ဤကမ္ဘာအတွင်းတွင် တစ်ခါမှ မရှိဖူးသည့်အတိုင်း ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းလဲသွားခဲ့၏။

ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာအတွင်းမှ လင်းဖုန်း၏ ပုံရိပ်သည် သူ၏ အစစ်အမှန် ခန္ဓာကိုယ် မဟုတ်ပေ။ သူ၏ စိတ်ဝိညာဉ် စွမ်းအားများဖြင့် ထုတ်လွှတ်ထားသည့် ဖြစ်တည်မှု တစ်ခုသာ ဖြစ်၏။

သို့သော်လည်း သူက အနက်ရောင် စစ်တုရင် အရုပ်အား မယူလိုက်သည်နှင့်

အစစ်မဟုတ်သော အသွေးနှင့်အသားတို့သည် ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းသွားကြသည်။

သူ၏ နည်းစနစ်များ၊ စွမ်းအားများ၊ စိတ်ဝိညာဉ် စွမ်းအင်များနှင့် အသိစိတ်များ အားလုံးတို့သည် အသုံးမဝင်ခဲ့ကြပေ။ ချက်ချင်းပင် သူသည် အားနည်းသွားခဲ့၍ သူ၏ အသက်စွမ်းအားများ ပျောက်ဆုံးသွားခဲ့သည်။ ပြီးတာနှင့် သူသည် ပြိုလဲကျသွားခဲ့ကာ ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းသွားခဲ့၏။

ပုံသဏ္ဌာန်၊ အကောင်အထည်၊ အသက်၊ စိတ်ဝိညာဉ် အရာအားလုံးတို့သည် ဤအချိန်တွင် အရေးမပါတော့ပေ။

ရလဒ်တစ်ခုတည်းသာ ရှိပေသည်။ ထိုအရာမှာ ပြိုလဲကျကာ ပျက်စီးသွားခြင်း ဖြစ်၏။

လင်းဖုန်းသည် အကယ်၍ သူ၏ အစစ်အမှန် ခန္ဓာကိုယ်ကသာ ထိုနေရာတွင် အနက်ရောင် စစ်တုရင်အရုပ်လေးအား သွားကောက်လိုက်မည် ဆိုပါက သူ၏အသက်၊ စွမ်းအား၊ စိတ်ဝိညာဉ် စွမ်းအင်၊ နည်းစနစ်များနှင့် အခြားအရာ အားလုံးတို့သည် ပြိုလဲကျကာ ဘာမှမရှိခြင်း အဖြစ်သို့ ရောက်သွားမည်ဖြစ်ကြောင်း ခံစားနေခဲ့ရသည်။

အနက်ရောင် စစ်တုရင် အရုပ်လေးအား ကိုင်မလိုက်သည်နှင့် လင်းဖုန်းသည် ယခင်က တခါမှ မခံစားဖူးသည့် ခံစားမှုတစ်ခုကို ကောင်းကောင်းကြီး ခံစားခဲ့လိုက်ရသည်။

ဒါသည် ကြောက်ရွံ့မှုဖြစ်၏။

သူသည် ကမ္ဘာအတွင်းမှ ကြောက်မက်ဖွယ်ရာ အကောင်းဆုံး ဖြစ်တည်မှုအား ကြုံတွေ့ခဲ့ရသကဲ့သို့ ဖြစ်၏။

လင်းဖုန်း၏ အမူအရာသည် တည်ငြိမ်လျှက်ပင် ရှိသေးသည်။ ဒါသည် သူ၏ ပထမဆုံး

အကြိမ်အဖြစ် လှုပ်ရှားခြင်း ဖြစ်သဖြင့်
ကြုံတွေ့ရမည့် အခက်အခဲများကို
ကြိုတင်မျှော်လင့်ထားပြီးသား ဖြစ်၍
တုန်လှုပ်မသွားခဲ့ပေ။

သူထုတ်လွှတ်ထားသော ဖြစ်တည်မှု၏
ညာလက်သည် ပျောက်ကွယ်သွားခဲ့သဖြင့်
အနက်ရောင် စစ်တုရင်ရုပ်လေးသည်
အောက်သို့ပြုတ်ကျသွားခဲ့သည်။

ထိုအနက်ရောင် စစ်တုရင်ရုပ်လေးသည်
လင်းဖုန်း၏ ညာလက်မှ
ပြုတ်ကျသွားခဲ့သော်လည်း လင်းဖုန်းသည်

သူ၏စွမ်းအားများကို အသုံးပြု၍
ညာလက်အသစ်အား မဖန်ဆင်းနိုင်ခဲ့ပေ။

သူ၏လက်အား သဘာဝလွန် အသိစိတ်များဖြင့်
ဖန်ဆင်းထားခြင်း ဖြစ်သော်လည်း မည်သို့ပင်
ကြိုးစားခဲ့စေကာမူ နောက်ထပ်ပြန်လည်၍
မဖန်ဆင်းနိုင်ခဲ့ပေ။ သူ၏ တည်ရှိနေမှုသည်
လုံးဝကို အဖျက်သိမ်းခံလိုက်ရခြင်း ဖြစ်သည်။
အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့တွင်
တည်ရှိမှုမှ ပျောက်ကွယ်သွားခဲ့သည်။

လင်းဖုန်းက သူ၏ခေါင်းကိုညိတ်လိုက်ကာ
ထိုဖြစ်တည်မှုအား ရုပ်သိမ်းလိုက်၏။ ပြီးတာနှင့်
သူ၏ သဘာဝလွန် အသိစိတ်များကို

အသုံးပြုလိုက်ကာ ဒုတိယ ဖြစ်တည်မှုကို ဖန်တီးလိုက်သည်။

သူ၏ညာလက်အသစ်ကို ကြည့်လိုက်ကာ လင်းဖုန်းသည် သူ၏မူလခန္ဓာကိုယ်သာ ဖြစ်ခဲ့ပါက သူ၏လက်တစ်ဘက်သည် လုံးဝပျောက်ကွယ်သွားမည် ဖြစ်သည်ကို သိနေခဲ့သည်။

ဤစစ်တုရင်ကစားပွဲ၏ ကြောက်မက်ဖွယ်ရာ အပိုင်းအား နားလည်သဘောပေါက်သွားသောအခါ လင်းဖုန်းက ရယ်လိုက်သည်။

လင်းဖုန်းသည် ကောင်းကင်
အကာအကွယ်ထီးကြီးအား ဆင့်ခေါ်လိုက်ကာ
ဖွင့်လိုက်သည်။

ရှင်းလုံစန်း၊ ကောင်းဟန်နှင့်
ကျန်သောသူများနှင့်
တိုက်ခိုက်နေသောအချိန်တွင် လင်းဖုန်းသည်
သူ၏ ကောင်းကင် အကာအကွယ်ထီးကြီးကို
မဖွင့်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ထိုထီးအား
အသုံးပြုလိုက်လျှင် သူကလည်း
ပြိုင်ဘက်များကို မတိုက်ခိုက်နိုင်သောကြောင့်
ဖြစ်၏။

သို့သော်လည်း ဤတိုက်ပွဲတွင် ကောင်းကင် အကာအကွယ်ထီးသည် လင်းဖုန်း၏ အကြံများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ပို၍တိကျစွာ ပြောရလျှင် သူသည် နောက်ဆုံးဖဲချပ်အနေနှင့် ကူညီရန် လိုအပ်သော ပစ္စည်းဖြစ်၏။

လင်းဖုန်းသည် ကောင်းကင် အကာအကွယ်ထီးအား ညာလက်ဖြင့် ကိုင်ထားခဲ့ကာ ဘယ်လက်ကို အသုံးပြု၍ ထိုအဘိုးအိုနှင့် ဆက်လက်၍ ကစားနေခဲ့သည်။

စစ်တုရင်ခုံပေါ်တွင် နောက်ထပ်ကစားပွဲ အသစ်တစ်ခုက စနေခဲ့ပြီ ဖြစ်သည်။

လင်းဖုန်းသည် စစ်တုရင် အရုပ်တစ်ခုကို ဤတစ်ခေါက်တွင် ယူလိုက်သောအခါ သူ၏ဘယ်လက်သည် ဘာမှမဖြစ်ခဲ့သော်လည်း သူ၏ညာလက်သည် ရုတ်တရက် အောက်ကျသွားခဲ့သည်။

ကောင်းကင် အကာအကွယ်ထီး၏အပေါ်တွင် ပုံသွင်းထားသော ပုံရိပ်တစ်ခုပေါ်လာခဲ့သည်ကို လင်းဖုန်းက ခေါင်းလှည့်ကြည့်နေစရာ မလိုပဲ သိနေခဲ့သည်။

"ပထမအဆင့်က အောင်မြင်သွားပြီ" လင်းဖုန်း၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့၏။ ကောင်းကင်

အကာအကွယ်ထီးသည် အားနည်းချက်များ ရှိသော်လည်း သူ၏ ခံစစ်စွမ်းရည်များမှာ ပြောစရာမလိုပေ။

လင်းဖုန်းသည် အခြေတည်ဝိညာဉ် အဆင့်တွင်သာ ရှိနေသေး၍ သူ၏စွမ်းအားများကို အစွမ်းကုန် မဖော်ထုတ်နိုင်သေးခင်တွင်ပင် ဤထီး၏ ခံစစ်စွမ်းရည်များမှာ အံ့ဖွယ်ကောင်းနေခဲ့ပြီ ဖြစ်သည်။

လင်းဖုန်းသည် အင်မော်တယ် ဝိညာဉ်ကို ဖော်ဆောင်ခဲ့အပြီးတွင် ထိုထီးကို တစ်ခါမှ

အသုံးမပြုခဲ့ရသေးပေ။ ယနေ့အချိန်မှသာ သူက
ပြန်ပေါ်လာခဲ့ခြင်း ဖြစ်၏။

ဤစစ်တုရင် အရုပ်များ၏ ကြောက်မက်ဖွယ်ရာ
စွမ်းအားများကပင် ဤထီးအား
ဘာမှမလုပ်နိုင်ခဲ့ပေ။

လင်းဖုန်းသည် အသက်ပြင်းပြင်း တစ်ချက်ကို
ရှူလိုက်ကာ ဒုတိယအကွက်ကို ရွှေ့လိုက်၏။
သူ၏ဘယ်လက်ကို မြှောက်လိုက်ကာ
ထိုစစ်တုရင် အရုပ်အား
သူ၏မျက်ခုံးများအတွင်းသို့ သွင်းလိုက်သည်။

ခဏအကြာတွင် လင်းဖုန်းသည် ကောင်းကင် အကာအကွယ်ထီးအား သိမ်းလိုက်၏။

ထိုထီးအား သိမ်းလိုက်သည်နှင့် တပြိုင်နက် လင်းဖုန်းဖန်ဆင်းထားသော ပုံရိပ်သည် ဆွေးမြည့်အားနည်းသွား၍ နောက်ဆုံးတွင် ပြိုကွဲပျက်စီးသွားခဲ့သည်။

သို့သော်လည်း ထီးကို မရုပ်သိမ်းလိုက်မီ အချိန်ကလေးတွင် သူသည် လင်းဖုန်းအား ထိုစစ်တုရင်ရုပ်၏ ကြောက်မက်ဖွယ်ရာ စွမ်းအားများ၏ တစ်စိတ်တစ်ဒေသအား ကူညီ၍ ခံဆောင်ပေးခဲ့သည်။ ထို့ကြောင့် လင်းဖုန်း၏ ပုံရိပ်သည် ပို၍ကြာကြာခံနိုင်ခဲ့သည်။

လင်းဖုန်းသည် ထိုအခိုက်အတန့်အား အမိအရ အသုံးချလိုက်ကာ ထိုစွမ်းအားများကို အားမနည်းသွားခင် ဆင့်ခေါ်နိုင်ခဲ့၏။ တစ်ခဏချင်းတွင်းပင် ထိုစစ်တုရင်ရုပ်၏ စွမ်းအားများကို ကောင်းကင်စကြဝဠာ အလင်းတန်းကမ္ဘာ၏ အပြင်ဘက်သို့ ယူထုတ်လိုက်သည်။

ထိုအခိုက်အတန့်တွင် လင်းဖုန်း မူလခန္ဓာကိုယ်၏ အကြည့်သည် လက်ကနဲဖြစ်သွားခဲ့သည်။ သူသည် လက်တစ်ဘက်တွင် ကောင်းကင်ဖျက်ဆီး ဓားအား ကိုယ်ဆောင်ထားရင်း

နောက်ထပ်လက်ကို အသုံးပြုကာ
သူ့ပြိုင်ဘက်သို့ ညွှန်လိုက်သည်။

လင်းဖုန်း၏ လက်ချောင်းများမှနေ၍
အနက်ရောင် ဓာတ်ငွေ့တစ်တန်း ထွက်လာခဲ့၍
သူတော်စင် ကောင်းကင်ဓားထံသို့
ကျရောက်သွားခဲ့၏။

သူတော်စင် ကောင်းကင်ဓားသည် စတင်၍
ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်။
ရှင်းလုံစန်းသည်လည်း အလွန်တရာ
ထူးဆန်းလှသည့် ခံစားချက်မျိုးကို
ခံစားနေခဲ့ရ၏။

ကြောက်မက်ဖွယ်ကောင်းခြင်း!

အဆုံးမဲ့ ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းခြင်း!

ထိုအရာကို ခံစားမိလိုက်သောအခါ
ရှင်းလုံစန်း၏ မျက်နှာသည်
ချက်ချင်းပျက်သွားခဲ့၏။

သူတော်စင် ကောင်းကင်ဓားသည်
ထိုအနက်ရောင် ခါတ်ငွေ့၏ အရောင်ဆိုးမှုအား
ခံလိုက်ရသည်နှင့် ကောင်းကင်နှင့် မြေကြီးတို့၏
စိတ်ဝိညာဥ် စွမ်းအင်များကို စုပ်ယူနေသော

ခေါးအသိဉာဏ်သည် စတင်ပြိုလဲသွားခဲ့၏။
ကောင်းကင်နှင့် မြေကြီးတို့သည်
ကမ္ဘာပျက်သောနေ့ကျရောက်လာ၍
အားနည်းသွားသကဲ့သို့ ဖြစ်၏။
နောက်ပြန်မလှည့်နိုင်ပဲ ပျက်သုဥ်းခြင်းထံသို့သာ
လျှောက်လှမ်းသွားခဲ့ရသည်။

ထိုအနက်ရောင် ခေါတ်ငွေ့တို့အား
ကောင်းဟန်နှင့်
ရွှမ်းလင်သူတော်စင်တို့ကလည်း အသေအချာ
တွေ့လိုက်ရသည်။ သူတို့နှစ်ယောက်စလုံးတို့၏
အမူအရာတို့သည် တစ်ချိန်တည်း
ပျက်သွားကြသည်။ သူတို့သည်
တပြိုင်နက်တည်း အော်လိုက်ကြ၏။

"စွမ်းအားဖျက်ဆီးကပ်ဘေး၊ ကောင်းကင်နှင့်
မြေကြီးတို့အား ဖျက်ဆီးခြင်း"

ဒါသည် စွမ်းအားတို့အား ပုံတူကူးခြင်း၊
နည်းစနစ်တို့အား ထုတ်ဖော်ခြင်း မဟုတ်ပေ။
ဒါသည် တကယ့်ကို
စွမ်းအားဖျက်ဆီးကပ်ဘေးနှင့် ကောင်းကင်နှင့်
မြေကြီးတို့အား ဖျက်ဆီးခြင်း ဖြစ်၏။

သေခြင်းနှင့် ရှင်ခြင်းတို့၏ အကြားတွင်
ကြီးမားသော ကြောက်ရွံ့မှုရှိသည်။
အင်မော်တယ် ဝိညာဉ်အား
မဖန်ဆင်းနိုင်ကြသောသူများသည် သေမင်းကို
မရှောင်လွဲနိုင်ကြပေ။

အင်မော်တယ် ဝိညာဉ်အား
ဖန်ဆင်းပြီးသွားလျှင် တစ်ယောက်၏
သက်တမ်းသည် ကောင်းကင်နှင့် မြေကြီးတို့၏
အပေါ်တွင် မူတည်သွားခဲ့သည်။
သဘာဝအားဖြင့် သူ၏အသက်သည်
အဆုံးမဲ့ဖြစ်သည်။ အကယ်၍ ကောင်းကင်နှင့်
မြေကြီးတို့ကသာ မပျက်စီးခဲ့လျှင် သူသည်
သေနိုင်မည် မဟုတ်ချေ။

သို့သော်လည်း အကယ်၍ ကောင်းကင်နှင့်
မြေကြီးတို့ကသာ ပျက်စီးသွားခဲ့လျှင်
ဘာဖြစ်မည်နည်း။

ကောင်းကင်နှင့် မြေကြီးတို့က
ပျက်စီးသွားသောအခါ ဒါသည် သေခြင်းနှင့်
ရှင်ခြင်းတို့အား ကျော်လွန်သွားခဲ့ပြီ ဖြစ်သည်။
ပို၍ ကြောက်မက်ဖွယ် ကောင်းသည်မှာ
ကောင်းကင်နှင့် မြေကြီးတို့နှင့်အတူ
အသက်ရှင်နေကြသော သူများသည်လည်း
ကောင်းကင်နှင့် မြေကြီးတို့၏
အနောက်သို့လိုက်ကာ သေဆုံးကြမည် ဖြစ်၏။

ကံကြမ္မာဆိုသည်မှာ သေခြင်းနှင့် ရှင်ခြင်းတို့က
သံသရာလည်နေခြင်း ဖြစ်သည်။
တစ်ယောက်၏ ကံကြမ္မာသည်
အစပြုခဲ့သည်နှင့် ရှင်သန်ကြီးထွားပြီး
နောက်ဆုံးတွင် အဆုံးသတ်ရမည် ဖြစ်သည်။

အားလုံးတို့သည် ပြန်လည်စတင်နိုင်၏။ အသက်သည် ဘာမှမရှိခြင်း အဖြစ်မှနေ၍ ပြန်လည်စတင်နိုင်မည် ဖြစ်သည်။

စွမ်းအားကြီးသော ကျင့်ကြံသူများသည် ကောင်းကင်နှင့် မြေကြီးတို့၏ ပျက်စီးခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကြမ္မာပန်းတိုင် အဆင့်မှ မှော်တနာများကို ကြိုးစား၍ ကျင့်ကြံနေကြခြင်း ဖြစ်သည်။ ထိုမှနေ၍ သူတို့သည် မျိုးဆက်များ၊ ခေတ်ပေါင်းများစွာတို့ကို လွှမ်းမိုးနိုင်မည် ဖြစ်သည်။ သူတို့သည် ကပ်ဘေးများကို ကျော်လွှားနိုင်မည်ဖြစ်ကာ အသက်အသစ်ကို

ပြန်လည်စတင်နိုင်မည် ဖြစ်ပြီး နောက်ထပ် ကံကြမ္မာပုံစံအသစ်ကို ရရှိနိုင်မည် ဖြစ်၏။

ရည်မှန်းချက်သည် ခမ်းနားကြီးကျယ်ကာ လှပလှ၏။ သို့သော်လည်း တကယ်တွေ့ကြုံရမှသာ တစ်ယောက်သည် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာတစ်ခုသည် ကောင်းကင်နှင့် မြေကြီးတို့၏ ဖျက်ဆီးခြင်းအား ခုခံနိုင်မည်လော ဟူသည်ကို သိနိုင်မည် ဖြစ်သည်။

သူတော်စင် ကောင်းကင်ဓားသည် ထိုအရာကို ယခုအချိန်တွင် တွေ့ကြုံနေခဲ့ရပြီ ဖြစ်သည်။

သူတော်စင် ကောင်းကင်ခေးသည်
တုန်လှုပ်ဖွယ်ရာ စွမ်းအားများကို
ထုတ်လွှတ်လိုက်ကာ ထိုအနက်ရောင်
ခေတ်ငွေ့အား ဖျက်ဆီးလိုက်ကာ
မပျက်စီးသွားခဲ့ပေ။

သို့သော်လည်း ခေး၏ထိပ်ဖျားတွင် စူးရှသော
ရန့်များကို ထုတ်လွှတ်နေခဲ့သော ညစ်ညမ်းသည့်
အမှတ်တစ်ခု ထင်သွားခဲ့သည်။

သူတော်စင် ကောင်းကင်ခေးချီ၏
ကာကွယ်မှုအောက်တွင် ရှင်းလုံစန်းသည်

ဘာမှမဖြစ်ခဲ့ပေ။ သို့သော်လည်း
သူ၏မျက်နှာမှာ အစိမ်းရောင် သန်းသွားခဲ့သည်။
"ကောင်းကင်နှင့် လူသားတို့၏
ဆုတ်ယုတ်ခြင်းငါးပါး"

ကောလဟာလများအရဆိုလျှင် ကောင်းကင်နှင့်
မြေကြီးတို့၏ တကယ့်ဖျက်ဆီးခြင်းများ
မရောက်လာခင်တွင် သက်ရှိများအားလုံး၊
စိတ်ဝိညာဥ် စွမ်းအင်၊ အရာဝတ္ထု၊ စွမ်းအားနှင့်
ကမ္ဘာကြီး၏ ကံကြမ္မာမှနေ၍ မွေးဖွားလာသော
အရာအားလုံးတို့သည် ကောင်းကင်နှင့်
လူသားတို့၏ ဆုတ်ယုတ်ခြင်းငါးပါးတို့ကို
ခံစားရမည် ဖြစ်သည်။

ဤစွမ်းအားဖျက်ဆီးကပ်ဘေး အပြီးတွင် ကမ္ဘာကြီးသည် ကျန်သောအရာများကဲ့သို့ ဆွေးမြည့်သွားမည် ဖြစ်သည်။ ပြီးတာနှင့် သူတို့သည် နောက်ဆုံးတွင် ပျက်စီးသွားကြမည် ဖြစ်သည်။

ရှင်းလုံစန်း၊ ကောင်းဟာန်၊ ရွှမ်းလင်သူတော်စင်၊ ရှီယုတို့သာမကပဲ ကျန်သော အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲများ အားလုံးတို့သည် အံ့သြတုန်လှုပ်စွာဖြင့် ဟင်းလင်းပြင် လေဟာနယ် အတွင်းမှ လင်းဖုန်းအား စိုက်ကြည့်နေခဲ့ကြသည်။

လင်းဖုန်းသည် အမူအရာ မပြောင်းခဲ့ပဲ
နောက်ထပ် စိတ်ဝိညာဥ်ပုံရိပ်တစ်ခုအား
ကောင်းကင်စကြာဝဠာ
အလင်းတန်းကမ္ဘာအတွင်းသို့ စေလွှတ်ခဲ့သည်။

ခဏအကြာတွင် ဒုတိယ အနက်ရောင်
ဓါတ်ငွေ့တစ်တန်းက ပေါ်ထွက်လာခဲ့သည်။
ဤတစ်ခေါက်တွင် သူ၏ပစ်မှတ်မှာ
မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်ပင်
ဖြစ်၏။

"အမြန်ပြန်ဆုတ်!" ကောင်းဟန်က
အော်ဟစ်လိုက်သည်။ သူနှင့်
ရှမ်းလင်သူတော်စင်တို့သည်

မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်အား ဆင့်ခေါ်လိုက်ကာ နောက်ပြန်ဆုတ်ရန် ဟန်ပြင်လိုက်၏။ သို့သော်လည်း အနက်ရောင်ခတ်ငွေ့၏ အမြန်နှုန်းမှာ လျှင်မြန်လှပြီး ရွှေရောင်စံအိမ်အပေါ်သို့ ကျရောက်သွားခဲ့သည်။

မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်မှ သံစဉ်များက အလွန်ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့ပြီး အဆုံးမဲ့ အလင်းတန်းများနှင့် အဆောင်လက်ဖွဲ့ သင်္ကေတများက ထွက်လာခဲ့၏။ သူတို့သည် အနက်ရောင်ခတ်ငွေ့၏ စွမ်းအားဖျက်ဆီးကပ်ဘေးအား အတူတကွ ရင်ဆိုင်လိုက်ကြ၏။

အားလုံးတို့သည် တစ်ခဏလေး အတွင်းတွင် ဖြစ်သွားခဲ့ကြခြင်း ဖြစ်သည်။ စံအိမ်အား လွှမ်းခြုံထားသည့် အဖြူရောင် တိမ်တိုက်များက ပျောက်ကွယ်သွားခဲ့ကာ ရွှေရောင်အလင်းတန်းက မှေးမှိန်သွားခဲ့သည်။ စံအိမ်၏ အပေါ်တွင် ဆွေးမြည့်သော နေရာတစ်ခုက ပေါ်လာခဲ့၏။ သူသည် ညစ်ညမ်းနေခဲ့ကာ စူးရှသော ရနံ့တစ်ခုအား ထုတ်လွှတ်နေခဲ့သည်။

ထိုနေရာသည် အလွန်ကို ခံစားခဲ့ရသည့်ပုံပေါက်နေခဲ့ကာ အလွန်အမင်းကို ဆွေးမြည့်နေခဲ့၏။

ရှင်းလုံစန်း၊ ကောင်းဟန်နှင့်
ရွှမ်းလင်သူတော်စင်တို့သည်
စိတ်ခတ်ကျသောပုံများ ပေါက်နေကြ၏။
သူတော်စင် ကောင်းကင်ခေးနှင့်
မဟာဟင်းလင်းပြင်
မြင့်မြတ်သောစံအိမ်တို့သည် လင်းဖုန်း၏
အနက်ရောင် ခတ်ငွေ့များကို
ခုခံနိုင်ခဲ့ကြသော်လည်း နောက်ထပ်မည်မျှ
ထပ်လာဦးမည်ကို မည်သူကမှ မသိကြချေ။

စွမ်းအားဖျက်ဆီး ကပ်ဘေးနှင့် ကောင်းကင်နှင့်
မြေကြီးတို့၏ ဖျက်ဆီးခြင်းတို့သည်
သဘာဝအားဖြင့် ကြာရှည်သောဖြစ်စဉ်

ဖြစ်သည်။ သူသည် ရှည်လျားလွန်း၍
အထီးကျန်ခြင်းကိုပင် ဖြစ်စေခဲ့သည်။

လင်းဖုန်းသည် ဤမြင်ကွင်းအား ငြိမ်သက်စွာ
ကြည့်နေခဲ့ကာ တွေးနေခဲ့သည်။
"ကောင်းတဲ့အချိန်တွေ ရှိသလို
ဆိုးတဲ့အချိန်တွေလဲ ရှိကြတာပဲ။ ကောင်းကင်နဲ့
မြေကြီးတို့က ကြာရှည်ခံတဲ့ အချိန်တွေ ရှိတယ်။
ကောင်းကင်နှင့် လူသားတို့၏
ဆုတ်ယုတ်ခြင်းငါးပါးတို့က အရာအားလုံးကို
ဖျက်ဆီးခြင်း လမ်းကြောင်းကို
လျှောက်စေခဲ့တယ်"

"ဒီစစ်တုရင် ကစားပွဲကို စွမ်းအားဖျက်ဆီး ကစားပွဲလို့ ခေါ်ရမယ်"

## စာစဉ် ၃၂ : အပိုင်း ၅

## အပိုင်း ၅၉၅ : ပြိုင်ဘက်ကင်း!

သူတို့သည် စွမ်းအားဖျက်ဆီး ကပ်ဘေးနှင့် ရင်ဆိုင်ခဲ့ရသောအခါ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာများသည် သူတို့၏ အထက်တန်းကျမှုတို့အား ပြသလိုက်ကြသည်။

သူတော်စင် ကောင်းကင်ခေါ်းနှင့်စာလျှင်
မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်သည်
အခြေခံ အနည်းငယ် အားနည်းပေသည်။

သူတို့သည် စွမ်းအားဖျက်ဆီး ကပ်ဘေးနှင့်
ရင်ဆိုင်ကြရသောအခါ ထိုရတနာ
နှစ်ပါးတို့သည် ဒဏ်ရာ အတိုင်းအတာ ပမာဏ
အတူတူပင် ရရှိသွားကြသည်။
အဘယ်ကြောင့်ဆိုသော် သူတော်စင်
ကောင်းကင်ခေါ်းသည် သတ်ဖြတ်ခြင်းအတွက်
အသုံးပြုခြင်းဖြစ်၍ ခံစစ်စွမ်းရည်များသည်
အနည်းငယ် အားနည်းသောကြောင့် ဖြစ်သည်။

သူတော်စင် ကောင်းကင်ခေါ်း၏
ခေါ်းအသိဉာဏ်တို့သည် စွမ်းအားဖျက်ဆီး
ကပ်ဘေးတို့၏ တိုက်ခိုက်ခြင်းကို
ခံခဲ့ရသော်လည်း အတားအဆီးတို့အား
ကျော်လွှားနိုင်ခဲ့သေးကာ လင်းဖုန်းထံသို့
ရောက်လာကာ တိုက်ခိုက်နိုင်ကြသေး၏။
သို့သော်လည်း လင်းဖုန်းသည်
ကောင်းကင်ဖျက်ဆီး ခေါ်းအား ဖော့ယမ်းလိုက်ရာ
သူသည် ပျက်စီးသွားခဲ့သည်။

လင်းဖုန်းသည် ဟာန်ပန်အမူအရာ
ကင်းမဲ့နေခဲ့သေးကာ တတိယ ပုံရိပ်တစ်ခုက
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ
အတွင်းသို့ ကျရောက်သွားခဲ့သည်။

ကောင်းကင် အကာအကွယ်ထီးသည်
တစ်ခါပွင့်သွားခဲ့ကာ လင်းဖုန်းသည်
အဝတ်ကပိုကရို ဖြစ်နေသော အဘိုးအိုနှင့်
နောက်ထပ် စစ်တုရင်တစ်ပွဲ ကစားခဲ့သည်။
သူသည် စစ်တုရင်ရုပ် တစ်ရုပ်အား ယူလိုက်ရာ
ကောင်းကင် အကာအကွယ်ထီး၏
နေရာတစ်ပိုင်းသည် မှိုတက်သွားခဲ့သည်။

ကောင်ကင်အကာအကွယ် ထီးကြီး၏
မှိုတက်သွားသော အပိုင်းမှာ ယခုဆိုလျှင်
သုံးနေရာရှိပြီ ဖြစ်၏။ သူတို့ဖုံးလွှမ်းနေကြသော
မျက်နှာပြင် ဧရိယာမှာ အလွန်ပင်

ကြီးမားလှကာ ထီးတစ်ဝက်နီးပါးအား
လွှမ်းခြုံသွားခဲ့ပြီ ဖြစ်သည်။

အချိန်တိုလေး အတွင်းတွင် စစ်တုရင်ရုပ်များကို
ဖယ်ရှားခြင်းသည် ကောင်းကင်အကာအကွယ်
ထီးကြီးအား ဝန်ထုပ်ဝန်ပိုး ဖြစ်စေခဲ့သည်။

သူတော်စင် ကောင်းကင်ခေါနှင့်
မဟာဟင်းလင်းပြင်
မြင့်မြတ်သောစံအိမ်တို့သည် စွမ်းအားဖျက်ဆီး
ကပ်ဘေးတို့၏ အဆက်မပြတ်
တိုက်ခိုက်မှုများကို မခံနိုင်ခဲ့သကဲ့သို့
ကောင်းကင်အကာအကွယ် ထီးသည်လည်း
မခံနိုင်ခဲ့ပေ။

လင်းဖုန်းသည် အဖြူရောင် စစ်တုရင်ရုပ်ကို မယူလိုက်ရန် ကြိုးစားခဲ့သော်လည်း သူသည် အနက်ရောင် စစ်တုရင်ရုပ်များ၏ ဝိုင်းရံသတ်ဖြတ်ခြင်းအား ခံလိုက်ရသည်နှင့် စစ်တုရင်ခုံပေါ်မှ ချက်ချင်း ပျောက်ကွယ်သွားခဲ့၏။

သူသည် စစ်တုရင်ခုံ အတွင်းမှ ထူးခြားသော ကမ္ဘာအား တွေးမိလိုက်ပြီး ထူးမခြားနား အမူအရာဖြင့်သာ ရှိနေခဲ့သော အဝတ်အစား ကပိုကရိုနှင့် အဘိုးကြီးအား ကြည့်လိုက်ကာ တွေးလိုက်သည်။ "ဒီစွမ်းအားဖျက်ဆီး ကစားပွဲမှာ ငါရှာဖွေဖော်ထုတ်ရဦးမယ့်

လျှို့ဝှက်ချက်တွေ၊ ဆန်းကြယ်နက်နဲမှုတွေ
အများကြီး ရှိသေးတယ်"

"ဒါပေမဲ့ အခုလောလောဆယ်မှာ ဒီအနက်ရောင်
စစ်တုရင်ရုပ်တွေနဲ့တင် လုံလောက်တယ်"

လင်းဖုန်းသည် ယုံကြည်ချက်အပြည့်
ရှိနေခဲ့သည်။ သူသည် တတိယ အနက်ရောင်
ခံတပ်ငွေ့တို့အား ထုတ်လွှတ်လိုက်ရာ
သူ၏ပစ်မှတ်သည် မဟာဟင်းလင်းပြင်
မြင့်မြတ်သောစံအိမ် ဖြစ်သည်။

မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်သည်
ရွှေရောင်အလင်းတန်းများဖြင့်
လင်းလက်လာခဲ့ကာ ရွှေရောင်အလင်းတန်း
ပင်လယ်အဖြစ်သို့ ပြောင်းသွားခဲ့သည်။
ရွှေရောင်အလင်းတန်းများ အကြားတွင်
အဖြူရောင် တိမ်တိုက်များက
ထစ်ချုန်းနေကြ၏။

ခမ်းနားထည်ဝါသော စံအိမ်သည်
မူလအသွင်အပြင်တို့အား ဖယ်ရှားလိုက်ကာ
ကိုယ်ပိုင်ကမ္ဘာ တစ်ခုအဖြစ်သို့
ပြောင်းသွားခဲ့သည်။ အပြင်မှနေ၍
ကြည့်လိုက်လျှင် သူသည် အဖြူရောင်

တိမ်တိုက်များ ဖုံးလွှမ်းနေသည့် ရောမရွှေရောင် သန္ဓေလောင်း တစ်ခုနှင့် တူနေခဲ့သည်။

ထိုကမ္ဘာအတွင်းတွင် မရေမတွက်နိုင်သော ပုံရိပ်များ လင်းလက်နေကြ၏။ ထောင်ပေါင်းများစွာသော ဗုဒ္ဓတို့က အမူအရာ အစစ်အမှန်တို့အား ဖော်ပြနေကြသကဲ့သို့ ဖြစ်သည်။

စကြာဝဠာ တစ်ခုလုံးမှ သံစဉ်များသည် ပဲ့တင်ရိုက်လာခဲ့ကာ မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်သည် သူ၏ စွမ်းအားများကို အဆုံးစွန်အထိ ထုတ်ဖော်လိုက်သည်။ သူသည် မြင့်မြတ်သော သုခဘုံ တစ်ခုအဖြစ်သို့

ပြောင်းသွားခဲ့သည်။ လူ့ပြည်သို့ မြင့်မြတ်သော
နိုင်ငံတစ်ခုက ဆင်းသက်လာခဲ့သကဲ့သို့ ဖြစ်၏။

မဟာဟင်းလင်းပြင် မြင့်မြတ်သော သုခဘုံ!

မဟာဟင်းလင်းပြင် မြင့်မြတ်သော သုခဘုံ၏
အပေါ်မှနေ၍ ကြောက်မက်ဖွယ်ရာ
အနက်ရောင် ဓာတ်ငွေ့များက
ကျဆင်းလာကြသည်။ တစ်ချိန်တည်းတွင်ပင်
မရေမတွက်နိုင်သော ကံကြမ္မာများနှင့်
ဆန်းကြယ်မြင့်မြတ်သော သုခဘုံသည်
ပျက်စီးခြင်းလမ်းစဥ်ပေါ်သို့ ရောက်သွားခဲ့၏။

မဟာတာအိုတို့က အားနည်းလာခြင်းနှင့်အတူ ကောင်းကင်နှင့် မြေကြီးတို့က ပြိုလဲလာကြမည် ဖြစ်သည်။ အသက်စွမ်းအင်များသည် မျိုးတုံးပျောက်ကွယ်လာကြကာ ရွှေရောင်သုခဘုံ တစ်ဝက်ခန့်သည် မည်းနက်သွားခဲ့သည်။ ပြီးတာနှင့် သူတို့သည် ပြာများအဖြစ်သို့ ပြောင်းလဲသွားကြ၏။ နောက်ဆုံးတွင် ပြာများအဖြစ်မှ ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းလဲသွားကြ၍ မတည်ရှိနေကြတော့ချေ။

သို့သော်လည်း ကပ်ဘေးများအား စဦးပိုင်း ရင်ဆိုင်ခဲ့ရအပြီးတွင် မဟာဟင်းလင်းပြင် မြင့်မြတ်သော သုခဘုံ၏ အတွင်းတွင်

သံစဉ်များက ဆက်လက်ထွက်ပေါ်နေကြသည်။ အဆုံးမဲ့တာအို သင်္ကေတများက ထပ်မံထွက်ပေါ်လာကြကာ စီးဆင်းနေကြသော အလင်းတန်းများ အဖြစ်သို့ ပြောင်းသွားကြသည်။ ထိုစီးဆင်းနေသော အလင်းတန်း တစ်ခုချင်းမှာ မရေမတွက်နိုင်သော အဆောင်လက်ဖွဲ့များ ဝင်္ကပါများနှင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

ထိုစီးဆင်းနေသော အလင်းတန်းများသည် မဟာဟင်းလင်းပြင် မြင့်မြတ်သော သုခဘုံအား ပြန်လည်ပြုပြင်ပေးနေကြကာ စွမ်းအားဖျက်ဆီး ကပ်ဘေး၏ ပျက်ပြယ်စေသော လွှမ်းမိုးမှုများကို ဖယ်ရှားရန် ကြိုးစားနေခဲ့သည်။

သို့သော်လည်း ထိုအချိန်တွင် ရောမ
ပုံရိပ်တစ်ခုသည် မဟာဟင်းလင်းပြင်
မြင့်မြတ်သော သုခဘုံ၏ အပြင်သို့
ရောက်လာခဲ့ကာ စွမ်းအားဖျက်ဆီး ကပ်ဘေးနှင့်
ရန်ဆိုင်နေသည့်ပုံကို ကြည့်နေခဲ့သည်။

"ကောင်းဟန်၊ မင်းပြောတဲ့အထဲမှာ
စကားတစ်ခွန်းက မှန်တယ်"

လင်းဖုန်း၏ လေသံသည် ပဲ့တင်ရိုက်လာခဲ့၏။
သူ့အတွင်းတွင် အများလက်ခံထားကြသည့်
မရေမတွက်နိုင်သော မဟာတာအို၏

အမှန်တရားများ ပါနေသကဲ့သို့ဖြစ်ကာ ထူးခြားဆန်းကြယ်၍ စိတ်ချမ်းမြေ့စေသော အသံတစ်ခု ထွက်လာခဲ့သည်။

"တစ်ခုခုက ဘယ်လောက်အထိ ကြီးမားပေမဲ့ သူက အစစ်အမှန် ဖြစ်တည်မှုတစ်ခု မဟုတ်ဘူးဆိုရင် သဘာဝလွန် ဆက်သွယ်မှုတွေရဲ့ အပေါ်မှာ မှီခိုနေရတယ်။ ဒါ့ကြောင့် ဒီဆက်သွယ်မှုတွေကို ဖျက်ဆီးပစ်ရင် ရပြီ"

သူ၏စကားဆုံးသည်နှင့် လင်းဖုန်းသည် ကောင်းကင်ဖျက်ဆီး ဓားအား ပင့်မြှောက်လိုက်သည်။ ခဏအကြာတွင်

ကောင်းကင်ဖျက်ဆီး ခေးက ခုတ်ချလာခဲ့ရာ တောက်ပနီရဲသော အလင်းတန်းများက လင်းလက်သွားခဲ့၏။ ကောင်းကင်ဖျက်ဆီး ခေးချီ၏ ကြီးမားကျယ်ပြန့်သည့် စွမ်းအား သဘောတရားများက ကျယ်ပြန့်လာခဲ့ကာ ကောင်းကင်နှင့် မြေကြီးတို့အား ဖျက်ဆီးနိုင်သည့် အရိပ်အယောင်များ ပါနေခဲ့သည်။

ဤနီရဲတောက်ပသည့် ခေးအလင်းတန်းသည် ကောင်းကင်နှင့် မြေကြီးတို့အား ဆွဲဖြဲခဲ့ကာ စကြာဝဠာ အတွင်းတွင် အမာရွတ်တစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။ သူ၏ပစ်မှတ်မှာ ဟင်းလင်းပြင် ဘုရားကျောင်း၏

မဟာဟင်းလင်းပြင် မြင့်မြတ်သော သုခဘုံပင် ဖြစ်သည်။

ထိုနီရဲတောက်ပသည့် ခေါအလင်းကိုယ်တိုင်ကပင် ကြောက်မက်ဖွယ်ရာ ကောင်းနေခဲ့ပြီ ဖြစ်သည်။ ဤအချိန်တွင် ခေါအလင်းတန်း၏ အစွန်းတွင် အဖြူနှင့်အနက် အလင်းတန်းများကလည်း လင်းလက်နေခဲ့သေး၏။ ကောင်းကင်ဖျက်ဆီး ခေါနှင့် အတူတကွ ပါလာသည်မှာ လင်းဖုန်း၏ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း ဖြစ်သည်။

မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်သည် သူ၏စွမ်းအား အားလုံးတို့ကို စွမ်းအားဖျက်ဆီး ကပ်ဘေးအား ရင်ဆိုင်ရန် အသုံးပြုခဲ့ရပြီး ဖြစ်သည်။ ယခုအချိန်တွင် သူသည် ကောင်းကင်ဖျက်ဆီး ဓားက ရွှေရောင်သုခဘုံ၏ အပေါ်သို့ ခုတ်ချခဲ့သည်ကို ကြည့်ရုံသာ ကြည့်နိုင်ခဲ့သည်။

ထိုရွှေရောင် အလင်းတန်းသည် လွင့်ပြယ်သွားခဲ့ကာ စကြာဝဠာ အရပ်မျက်နှာ အနန္တသို့ ပျံ့လွင့်သွားခဲ့သည်။ ကပ်ဘေးတစ်ခုမှ ဥက္ကာပျံတစ်စင်းက ကြွေကျလာခဲ့သကဲ့သို့ ဖြစ်၏။

မဟာဟင်းလင်းပြင် မြင့်မြတ်သော သုခဘုံသည်
စွမ်းအားဖျက်ဆီး ကပ်ဘေးနှင့် လင်းဖုန်း၏
ကောင်းကင်ဖျက်ဆီး ခေးတို့၏
ပူးပေါင်းတိုက်ခိုက်မှုကြောင့် ပျက်ဆီးသွားခဲ့ပြီ
ဖြစ်သည်။

ဝက်ံပါချိုးဖောက်ဖုံနှင့် ဟင်းလင်းပြင်
ယင်ယန်နာရီတို့သည် ဟင်းလင်းပြင်
လေဟာနယ် အတွင်းတွင်
ပြန်လည်ပေါ်ပေါက်လာခဲ့သည်။
ကောင်းဟန်နှင့်
ရွှမ်းလင်သူတော်စင်တို့ကလည်း
ပြန်ပေါ်လာကြ၏။ သူတို့သည်

ထိတ်လန့်တုန်လှုပ်စွာနှင့် လင်းဖုန်းအား
စိုက်ကြည့်လိုက်ကြသည်။

"သွားကြစို့" ဝက်ပါချိုးဖောက်ဗုံနှင့်
ဟင်းလင်းပြင် ယင်ယန်နာရီတို့သည်
ပြောလိုက်ကြကာ တွေဝေနေကြခြင်း မရှိပဲ
ဆုတ်ခွာသွားကြသည်။

အကယ်၍ သူတို့နှစ်ယောက်စလုံးတို့သည်
မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်အား
အတူတကွ ကျင့်ကြံနိုင်ခြင်း မရှိခဲ့လျှင်
သူတို့သည် စွမ်းအားဖျက်ဆီး ကပ်ဘေးအား
ထပ်မံရင်ဆိုင်ရလျှင် အခြေအနေမလှ
ဖြစ်သွားပေမည်။

ကောင်းဟန်နှင့် ရွှမ်းလင်သူတော်စင်တို့၏
မျက်နှာများသည်လည်း စက္ကူစက္ကဲ့သို့ ဖြူ
ဖွေးနေကြ၏။
သူတို့နှစ်ယောက်စလုံးတို့ကလည်း
သက်ပြင်းကိုယ်စီ ချလိုက်ကြကာ
ဝက်ပါချိုးဖောက်ဖုံနှင့် ဟင်းလင်းပြင်
ယင်ယန်နာရီတို့နှင့် အတူ
ဆုတ်ခွာသွားလိုက်ကြသည်။

ရှင်းလုံစန်းသည်လည်း လင်းဖုန်းအား
စိုက်ကြည့်နေခဲ့ကာ
တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။

သူတော်စင် ကောင်းကင်ခေးသည်
မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်ကဲ့သို့
အားနည်းချက် မရှိပေ။ သို့သော်လည်း သူသည်
စွမ်းအားဖျက်ဆီး ကပ်ဘေးနှင့် လင်းဖုန်း၏
တိုက်ခိုက်မှုတို့အား ရင်ဆိုင်ခဲ့ရလျှင်
ကောင်းကျိုးတစ်ချက်မှ ရနိုင်မည် မဟုတ်ပေ။
ဟင်းလင်းပြင် ဘုရားကျောင်းက
ဆုတ်ခွာသွားပြီးနောက် စူတောင်ခေးဂိုဏ်း
အနေနှင့် ဆက်ရှိနေစရာ
အကြောင်းမရှိတော့ပေ။

အထူးသဖြင့် သူတော်စင်
ကောင်းကင်ခေးအပေါ်မှ အမည်းရောင်
အမှတ်သည် သူတော်စင် ကောင်းကင်ခေး၏

ကြမ္မာပန်းတိုင်အား အကြီးအကျယ်
ထိခိုက်စေခဲ့ခြင်း ဖြစ်သည်။

ရှင်းလုံစန်းသည် သူတော်စင်
ကောင်းကင်ခေးအား ဆုံးဖြတ်ချက်
ပြတ်သားစွာနှင့် ပြန်သိမ်းလိုက်ကာ
နောက်ပြန်ဆုတ်သွားခဲ့သည်။

"မင်းတို့က သွားတော့မလို့လား" လင်းဖုန်းက
ဟိန်းဟောက်လိုက်၏။ သူသည် ရှေ့တစ်လှမ်း
တိုးလိုက်ကာ ကောင်းကင်ဖျက်ဆီး ခေးအား
အပေါ်သို့ မြင့်မားစွာ မြှောက်လိုက်သည်။
အဖြူနှင့်အနက် အလင်းတန်းများသည်
ကောင်းကင်ပေါ်တွင် ပြည့်နက်သွားခဲ့၏။

သူ၏ခန္ဓာကိုယ်မှ မွေးညှင်းပေါက်များသည်
အနည်းငယ် တုန်ခါလာကြကာ အဆုံးမဲ့
စွမ်းအင်များကို ထုတ်လွှတ်လိုက်၍
အော်ရာပင်လယ် အဖြစ်သို့
ပြောင်းလဲခဲ့လိုက်သည်။

ထိုအသက်စွမ်းအားများသည်
ကျယ်ပြန့်လာခဲ့ကာ ကောင်းကင်နှင့်
မြေကြီးတို့အား ပြည့်သွားခဲ့သည်။

လင်းဖုန်း၏ခြေ ထိုးချလိုက်သည်နှင့်
အော်ရာပင်လယ်က မာန်ဟုန်ပြင်းလာခဲ့သည်။

သွေးနီရောင် ခါးအလင်းတန်း တစ်တန်းသည်
ချက်ချင်းထွက်ပေါ်လာခဲ့၍ ကောင်းကင်ကို
ခုတ်ချလိုက်သည်။

ကောင်းဟာန်၊ ရွှမ်းလင်သူတော်စင်၊
ဝက်ပါချိုးဖောက်ဗိုနှင့် ဟင်းလင်းပြင်
ယင်ယန်နာရီတို့က အတူတကွ ပူးပေါင်း၍
ထိုခါးချက်အား ခုခံလိုက်သည်။
ဟင်းလင်းပြင်သည် လှိုင်းတွန့်များ အဖြစ်သို့
ပြောင်းသွားခဲ့ကာ လုံးထွေးထားသော
အဝတ်တစ်ထည်ကဲ့သို့ ဖြစ်သွားခဲ့၏။

ကောင်းဟာန်၏ နတ်အလင်းတန်း
ယင်နည်းစနစ် သစ်သီးသည် အချိန်မြစ်ရေ

တစ်စင်းအဖြစ်သို့ ပြောင်းသွားခဲ့သည်။
အရာအားလုံးတို့အား ဆွေးမြည့်စေခဲ့၍
လင်းဖုန်း၏ ကောင်းကင်ဖျက်ဆီး
ဓားအလင်းတန်းအား ဟန့်တားလိုက်သည်။

ရွှမ်းလင်သူတော်စင်၏
ကောင်းကင်ဖျက်ဆီးခြင်း သစ်သီးသည်
ပေါက်ကွဲသွားခဲ့ကာ ခက်ထန်သော စွမ်းအားက
ဟင်းလင်းပြင်အား ဖျက်ဆီးခဲ့သည်။ သူသည်
ဓားအလင်းတန်း၏ တိုက်ခိုက်မှုအား ရင်ဆိုင်ရန်
အသင့်ဖြစ်နေခဲ့သည်။

ဝက်ပါချိုးဖောက်ဗုံသည် အသံမြည်လာခဲ့ကာ
ရွှေရောင် အသံလှိုင်းများအဖြစ်သို့

ပြောင်းသွားခဲ့သည်။ စကြာဝဠာကြီး
တစ်ခုလုံးအား တိုက်စားသွားမည့်
လှိုင်းလုံးကြီးများသဖွယ် ဖြစ်နေခဲ့၏။

ဟင်းလင်းပြင် ယင်ယန်နာရီသည်
အဖြူနှင့်အနက် စွမ်းအားများကို
ထုတ်ဖော်လိုက်၏။ လေဟာနယ်
အလွှာပေါင်းများစွာတို့က ကျုံ့ဝင်သွားကြသည်။
သူတို့သည် ဖုန်မှုန့်များ အဖြစ်သို့
ပြောင်းသွားကြကာ အခြားသုံးယောက်တို့အား
သယ်ဆောင်သွားကြ၍ လျှင်မြန်စွာဖြင့်
ဆုတ်ခွာသွားကြသည်။ သူသည်
လေဟာနယ်ကို ဖြတ်သန်းသွားခဲ့၍
ပျောက်ကွယ်သွားခဲ့သည်။

လင်းဖုန်းသည် သူ၏ခေါင်းကို
ဒုတိယအကြိမ်အဖြစ် မြှောက်လိုက်သည်။

ယုကျင်းတောင်၊ မဟူရာကောင်းကင်
ရတနာသစ်ပင်နှင့် ကောင်းကင်ကို
လှည့်ပတ်နေသော ခရမ်းရောင်တိမ်တိုက်တို့က
ပြင်းထန်စွာနှင့် တုန်ခါသွားကြသည်။

လင်းဖုန်း၏ မွေးညင်းပေါက်များသည်
စတင်တုန်ခါလာကြသည်။ မွေးညင်းပေါင်းများ
တစ်ခုချင်းစီ အတွင်းမှ အလင်းတန်းများက
လင်းလက်လာကြ၏။

အလင်းတန်း တစ်ခုချင်းစီမှနေ၍ သန်စွမ်းသော စွမ်းအားများကို ထုတ်လွှတ်လိုက်သည်။ အန္တိမ အရှင်သခင် တစ်ယောက်က မွေးဖွားလာသကဲ့သို့ ဖြစ်သည်။ ဒါသည် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ မြင်ကွင်းအား ဖြစ်ပေါ်စေခဲ့သည်။

ဒုတိယ သွေးနီရောင် အလင်းတန်း တစ်ခုက ထွက်ပေါ်လာခဲ့ကာ အဆုံးမဲ့ လေဟာနယ်ကို ဖိခြေလိုက်၏။ သူသည် ဟင်းလင်းပြင် ယင်ယန်နာရီအား လိုက်မီလာခဲ့သည်။

သွေးအလင်းတန်း၏ လင်းလက်လာမှုနှင့်အတူ
ဟင်းလင်းပြင် ယင်ယန်နာရီနှင့်
ဝက်ပါချိုးဖောက်ဖုံတို့၏ ခန္ဓာကိုယ်များ
အပေါ်တွင် တောက်ပသော အနီရောင်
အမှတ်တို့ ပေါ်လာခဲ့၏။ ကောင်းဟန်နှင့်
ရွှမ်းလင်သူတော်စင်တို့ကလည်း သူတို့၏
ပုခုံးများအပေါ်တွင် ဓားဒဏ်ရာတစ်ချက်
ပေါ်လာခဲ့ကြပြီး ညည်းညူလိုက်ကြသည်။

"ရှင်းလုံစန်း၊ မင်းကငါ့ဆီကို ပြဿနာလာရှာပြီး
ဘာဖြစ်လို့ အစောကြီး ပြန်ချင်နေရတာလဲ"

လင်းဖုန်း၏ လက်ညှိုးအား
ညွှန်လိုက်ခြင်းနှင့်အတူ စတုတ္ထမြောက်

အနက်ရောင် ခါတ်ငွေ့တို့သည်
ထွက်ပေါ်လာခဲ့၍ သူတော်စင်
ကောင်းကင်ခါးအား ဟန့်တားလိုက်သည်။

သူတော်စင် ကောင်းကင်ခါးချီသည်
စွမ်းအားဖျက်ဆီး ကပ်ဘေးအား
ရင်ဆိုင်နေဆဲတွင် လင်းဖုန်းသည် သူ၏ခါးကို
နောက်တစ်ခေါက် ထပ်မြှောက်လိုက်သည်။

အဖြူနှင့် အနက်ရောင် မြင့်မြတ်သော
အလင်းတန်းများက လင်းလက်လာခဲ့ကာ
သံစဉ်များက ထွက်ပေါ်လာခဲ့သည်။
အဖြူနှင့်အနက် မြင့်မြတ်သော
အလင်းတန်းများ၏ ထောက်ပံ့မှုနှင့်အတူ

တတိယ ကောင်းကင်ဖျက်ဆီး ခေါးအလင်းတန်း တစ်ခုက ထွက်ပေါ်လာခဲ့သည်။

သွေးနီရောင် ခေါးအလင်းတန်း တစ်ခုသည် သူတော်စင် ကောင်းကင်ခေါး၏ အပေါ်သို့ ကျရောက်သွားခဲ့ကာ တောက်ပသော အလင်းရောင် တစ်ခုက ပေါက်ကွဲလာခဲ့သည်။ မျက်လုံးကျိန်းလောက်ပေသည်။

ရှင်းလုံစန်းသည် ညည်းညူလိုက်ကာ ထိုထိတွေ့မှု၏ အရှိန်ကြောင့် သူသည် သူတော်စင် ကောင်းကင်ခေါးထံမှ လွင့်ထွက်သွားခဲ့သည်။

စကြာဝဠာ အတွင်းတွင် ဤနေရာ၌
ကောင်းကင်ဖျက်ဆီး ခေး၏
ခေးအလင်းတန်းတစ်ခုသာ ကျန်နေရစ်ခဲ့သည်။
သူသည် လင်းဖုန်း၏ ရောမ ပုံရိပ်၏ဘေးတွင်
ရှိနေခဲ့၏။

ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ
အတွင်းတွင် အားလုံးတို့သည်
ငြိမ်သက်သွားခဲ့ကာ ဘာမှ
မပြောနိုင်ကြတော့ပေ။

နတ်ကောင်းကင် ဓားအကြီးအကဲ၊
အလင်းဓားမြန် ဓားမာစတာ၊ ဆီးနှင်းပျံ
ဓားမာစတာ၊ နေမင်းအလင်းတန်း ဓားမာစတာ၊
ကြယ်စင် ဓားမာစတာနှင့် ကောင်းကင်လှည်း
တောင်ထိပ်မှ ဓားစည်းဝေးပွဲတွင်
ပါဝင်ခဲ့ကြသူများသည် ပါးစပ်အဟောင်းသား
ဖြစ်နေကြသည်။

အင်မော်တယ်ဝိညာဉ် အဆင့်မှ
အကြီးအကဲများသည်
ထိတ်လန့်တုန်လှုပ်နေကြကာ ချီသာဝကနှင့်
အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူများကဲ့သို့
စိတ်ခံစားချက်များကို မထိန်းချုပ်နိုင်ကြခဲ့ပေ။
သူတို့၏ အတွေးတွင် အတွေးများစွာ

ပေါ်ထွက်လာကြသည်။ သို့သော်လည်း
ထိုအတွေးများမှာ အလွန်အမင်း
ရှုပ်ထွေးနေကြ၏။

ကောင်းကင်လှည်း တောင်ထိပ်မှ စည်းဝေးပွဲ၏
တိုက်ခိုက်မှုသည် သူတို့ယနေ့ မြင်တွေ့ခဲ့ရသည့်
တိုက်ပွဲနှင့် ဘာမှမဆိုင်ခဲ့ပေ။

အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ
အကြီးအကဲသုံးယောက်၊ ကြမ္မာပန်းတိုင်
အဆင့်မှ မှော်ရတနာ နှစ်ပါးတို့သည်
လင်းဖုန်းအား အနိုင်ယူရန်
မတတ်စွမ်းနိုင်ခဲ့ကြပေ။

ပို၍ ကြောက်မက်ဖွယ်ကောင်းသည်မှာ
လင်းဖုန်းသည် စွမ်းအားဖျက်ဆီး
ကပ်ဘေးများအား ဆင့်ခေါ်၍
တိုက်ခိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဒါသည်
အားလုံးတို့အား ကြောက်ရွံ့စိတ်များ
ဖြစ်ပေါ်စေခဲ့သည်။

မှန်ပေ၏။ ဒါသည် ကြောက်ရွံ့မှုဖြစ်သည်။

အင်မော်တယ်ဝိညာဥ် အဆင့်မှ
အကြီးအကဲများအား ကြောက်ရွံ့စေနိုင်သည့်
စွမ်းအားသည် ကောင်းကင်နှင့် မြေကြီးတို့အား

ပျက်စီးစေနိုင်ခြင်းမှ အခြေခံလာခဲ့ခြင်း
ဖြစ်သည်။

ရှိယုသည်ပင်လျှင် ယခုအချိန်တွင်
ဆွံ့အနေခဲ့၏။

အားလုံးတို့သည် ကောင်းဟန်နှင့်
ကျန်သောသူများ ထွက်ခွာသွားသည့်ဘက်သို့
ကြည့်နေခဲ့ကာ ပြောလိုက်သည်။
"ဟင်းလင်းပြင် ဘုရားကျောင်းက ဒီလိုမျိုး
အလျှော့ပေးမှာတော့ မဟုတ်ဘူး"

သူတို့သည် ထိုကဲ့သို့ တွေးနေစဉ်တွင်ပင်
ဟင်းလင်းပြင် အတွင်းတွင် အက်ကွဲကြောင်း
တစ်ခုက ရုတ်တရက်ပေါ်လာခဲ့သည်။
အဖြူရောင် တိမ်တိုက်တစ်တန်းက
ပေါက်ကွဲထွက်လာခဲ့၍ စကြာဝဠာ တစ်ခုလုံး
ပြည့်သွားခဲ့ကာ ကောင်းဟန်နှင့်
ကျန်သောသူများအား ဆွဲခေါ်သွားခဲ့သည်။

ဒါသည် ကောင်းဟန်၏ဆရာဖြစ်သော
ကျန်းရီသူတော်စင် ဖြစ်၏။

ဟင်းလင်းပြင် ဘုရားကျောင်းမှ
ရှေ့ဆောင်လမ်းစဉ်ပါတီ၏
ခေါင်းဆောင်ဖြစ်သည်။

"ဘယ်သူ့ရဲ့ ကူညီမှုမှ အသုံးဝင်မှာ မဟုတ်ဘူး"

လင်းဖုန်းသည် ဟင်းလင်းပြင်
ဘုရားကျောင်းအား ကြည့်နေခဲ့ကာ
သူ၏မျက်လုံးမှ အေးစက်သော
အလင်းတန်းများ ပေါ်လာခဲ့သည်။
ငါးတန်းမြောက် စွမ်းအားဖျက်ဆီး ကပ်ဘေးက
ထွက်ပေါ်လာခဲ့ကာ အနောက်မှနေ၍
ဓားအလင်းတန်း တစ်ခုက လိုက်လာခဲ့သည်။

အနက်ရောင် ဓာတ်ငွေ့သည် အရှေ့မှလာခဲ့ကာ
အနောက်မှနေ၍ အနီရောင် ဓားအလင်းတန်းက

လိုက်ပါလာခဲ့၏။ ထိုအလင်းတန်းသည် ဖျက်ဆီးခြင်း မြားတစ်ချောင်းအဖြစ်သို့ ပြောင်းသွားခဲ့ကာ စကြာဝဠာကြီးအား ထိုးဖောက်သွားခဲ့လိုက်သည်။

အဖြူရောင် တိမ်တိုက်များသည် လျှင်မြန်စွာနှင့် စုစည်းလာခဲ့ကာ ကောင်းကင်ကဲ့သို့ ကျယ်ပြန့်၍ မြေကြီးကဲ့သို့ သိပ်သည်းသော ခမ်းနားထည်ဝါသည့် တောင်တစ်လုံးအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ သူ၏အော်ရာများ ပျံ့နှံ့လာသည်နှင့်အမျှ ထိုတောင်သည် ကိုယ်ပိုင်ကမ္ဘာတစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့၏။

သို့သော်လည်း ဒါသည် ဘာမှအသုံးမဝင်ခဲ့ချေ!

ဘန်း!

လေဟာနယ် ဟင်းလင်းပြင်များက ပြိုကွဲသွားခဲ့ကာ တောင်ကြီးကလည်း ကြေမွသွားခဲ့သည်။ မှေးမှိန်နေသော ရွှေရောင်သွေးအမှတ် တစ်ခုကသာ ကျန်နေခဲ့သည်။ သူသည် စကြာဝဠာအတွင်းတွင် ကျန်နေခဲ့၍ ပျောက်ဆုံးသွားခဲ့ခြင်း မရှိပေ။

ဒါသည့် တကယ်သွေးအစစ် မဟုတ်ပဲ
ကျိုးပဲ့သွားသော ကျန်းရီသူတော်စင်၏
မဟာတာအို အဆီအနှစ်များ ဖြစ်၏။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က
ကောလာဟာလတွေနဲ့အညီ
အစွမ်းထက်လှပါတယ်"
ကျန်းရီသူတော်စင်သည်
လေးနက်သောအသံဖြင့် မှတ်ချက်ချလိုက်ရာ
ကောင်းဟန်နှင့် ကျန်သောသူများ၏
ညည်းညူသံများကို ဖုံးလွှမ်းသွားခဲ့သည်။

## စာစဥ် ၃၂ : အပိုင်း ၆

# အပိုင်း ၅၉၆ : အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းခေါင်းဆောင်ဟာ မိတ်ဆွေသာ ဖြစ်သင့်တယ်၊ ရန်သူမဖြစ်သင့်ဘူး

ဟင်းလင်းပြင် လေဟာနယ် အတွင်းတွင် အဖြူရောင် တိမ်တိုက်များနှင့် ရေးဆွဲထားသော နယ်နိမိတ်အတွင်းတွင် ဆီးနှင်းကဲ့သို့ ဖြူဖွေးနေသော ဆံပင်များနှင့် အကြီးအကဲ တစ်ယောက်က ငြိမ်သက်စွာနှင့် ရပ်နေခဲ့သည်။ သူသည် သူ၏လက်ဝါးကို ငုံ့ကြည့်နေခဲ့၏။

သူ့ညာလက်ညှိုး၏ ထိပ်ဖျားတွင် မှေးမှိန်သော
ရွှေရောင်သွေးပုလဲလုံးလေး အချို့ကို
တွေ့နေနိုင်၏။

သူ၏အနောက်တွင် ကောင်းဟန်၊
ရွှမ်းလင်သူတော်စင်နှင့်
တင့်တယ်သောတိမ်တိုက်
သူတော်စင်မယ်တို့သည်
တစ်ယောက်ကိုတစ်ယောက် မျက်စိပျက်
မျက်နှာပျက်ဖြင့် ကြည့်နေကြ၏။

သူတို့၏ မှတ်ဉာဏ်အတွင်းတွင်
သူတို့၏အကြီးအကဲ ဒဏ်ရာရခဲ့သော
နောက်ဆုံးအချိန်မှာ လွန်ခဲ့သော

နှစ်ပေါင်းလေးထောင်ခန့်က ကမ္ဘာနှစ်ခု၏ စစ်ပွဲအတွင်းတွင် ဖြစ်၏။

"ဆရာ.." ကောင်းဟန်က ပင့်သက်တစ်ချက် ရှိုက်လိုက်၏။

ကျန်းရှီသူတော်စင်သည် သူ၏လက်ကို ဝှေ့ယမ်းလိုက်ကာ သူ၏နက်နဲသောအသံသည် ဟင်းလင်းပြင်တွင် ပဲ့တင်ရိုက်နေခဲ့သည်။ "ဒီကနေ့ တိုက်ပွဲမှာ ကျုပ်တပည့်က အရှုံးပေးလိုက်ပါတယ်။ ဟင်းလင်းပြင် ဘုရားကျောင်းက အလွန်ကို မယဉ်ကျေးရာ ကျခဲ့ပါတယ်။ ကျုပ်က အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းနဲ့ တာအိုရှောင်းရင်းတို့ကို ရိုးသားစွာနဲ့ တောင်းပန်ပါတယ်"

"ခင်ဗျားက နာမည်ကျော်တာနဲ့အညီ တော်လှပါတယ်။ အနာဂတ်မှာ ကျုပ်တို့ ပညာချင်း ဖလှယ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

လင်းဖုန်းက ပြောလိုက်၏။ "ခင်ဗျားဆန္ဒရှိရင် အခုလည်း လုပ်နိုင်ပါတယ်"

ဟင်းလင်းပြင် လေဟာနယ် အတွင်းတွင် အဖြူရောင် တိမ်တိုက်များက

ထစ်ချုန်းလာခဲ့ကာ စကြာဝဠာသည် ကစဥ့်ကလျား ဖြစ်သွားခဲ့၏။ ပြီးတာနှင့် ပြန်လည်တည်ငြိမ်သွားခဲ့ကာ ကျန်းရှိသူတော်စင်သည် ကောင်းဟန်နှင့် ကျန်သောသူများကို အဝေးသို့ ပို့ခဲ့လိုက်ပြီး ဖြစ်သည်။

အဖြူရောင်တိမ်တိုက်များသည် အဆုံးမဲ့ လေဟာနယ်များကို ကျော်ဖြတ်လာခဲ့ကာ ပိုင်ယွင်တောင်သို့ ပြန်လည်ရောက်လာခဲ့ပြီ ဖြစ်သည်။ ကောင်းဟန်က ဒူးထောက်လိုက်သည်။ "ကျွန်တော် အသုံးမကျပါဘူး" ရွှမ်းလင်သူတော်စင်နှင့် တင့်တယ်သောတိမ်တိုက်

သူတော်စင်မယ်တို့ကလည်း
ဒူးထောက်လိုက်ကြသည်။

ဗုံနတ်သားနှင့် ယင်ယန်အကြီးအကဲတို့ကလည်း
ပြန်ပေါ်လာခဲ့သည်။ ဗုံနတ်သားက
လေးလံသော လေသံဖြင့် ပြောလိုက်၏။
"ကျန်းရီ၊ ကျောက်တုံးလှေကား ပါသွားပြီ"

ကျန်းရီသူတော်စင်၏ ပုံရိပ်သည် လေဟာနယ်
အတွင်းတွင် မပေါ်လာခဲ့ချေ။ အသံတစ်ခုသာ
ပေါ်လာခဲ့သည်။ "ငါသိတယ်"

ယင်ယန် အကြီးအကဲက ပြောလိုက်၏။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က စွမ်းအားဖျက်ဆီး ကပ်ဘေးတွေကို ဆင့်ခေါ်နိုင်တယ်။ ဒါပေမဲ့ ဒါက သူ့အပေါ်မှာလည်း ဝန်ထုပ်ဝန်ပိုး ဖြစ်ဦးမှာပဲ။ မဟုတ်လို့ရှိရင် သူကငါတို့ကို ကပ်ဘေးတွေ ဆင့်ခေါ်ခြင်းမရှိပဲနဲ့ အနိုင်ယူခဲ့မှာ"

"ဘုံနတ်သားနဲ့ ငါတို့က မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်ကို အချိန်အနည်းငယ် အတွင်းမှာ ပြန်မဖန်ဆင်းနိုင်ဘူး။ ဒါပေမဲ့ မင်းက သူ့ကို တိုက်ခိုက်နိုင်တာပဲ"

ကျန်းရီသူတော်စင်က ပြန်ဖြေလိုက်သည်။
"ငါကသူ့ကို ရင်ဆိုင်နိုင်ပေမဲ့ ရလဒ်က
မသေချာဘူး။ တကယ်လို့ မင်းတို့နှစ်ယောက်က
မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်ကို
ဖန်ဆင်းနိုင်ခဲ့လို့ရှိရင် ငါက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့
အကန့်အသတ်ကို ကြိုးစားကြည့်လို့ရတယ်။
ဒါပေမဲ့ အဲ့ဒီအချိန်က ကျော်သွားခဲ့ပြီ။
နောက်တစ်ခေါက်ကိုပဲ စောင့်ရတော့မယ်"

ကောင်းဟာန်နှင့် ရွှမ်းလင်သူတော်စင်တို့သည်
သူတို့၏ ခေါင်းများကို ငုံ့လိုက်ကြကာ
ဘာမှမပြောခဲ့ကြပေ။

သူတို့အနေနှင့် သူတို့ကျဆုံးသွားခဲ့လျှင်ပင်
ထိုကျောက်တုံးလှေကားကို
လင်းဖုန်း၏လက်အတွင်းသို့
မကျရောက်စေလိုကြပေ။

"ကျောက်လှေကား... ကျောက်လှေကား..."
ကျန်းရှီသူတော်စင်၏ အသံသည်
ပို၍လေးနက်လာခဲ့သည်။ "အရာအားလုံးကို
အနာဂတ်ကျမှ ပြန်လည်ရယူရမယ်"

ယခုအချိန်တွင် ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေ အတွင်းတွင်
အားလုံးတို့သည် ဟင်းလင်းပြင် အတွင်းသို့
ကြည့်နေကြကာ တိတ်ဆိတ်နေခဲ့သည်။

ပြီးတာနှင့် လင်းဖုန်း၏ ခန္ဓာကိုယ်သည် အလွန်အမင်း ပြန်လည်သေးငယ်သွားခဲ့သည်ကို တွေ့လိုက်ရ၏။ စကြာဝဠာကြီး တစ်ခုလုံးအား ပြည့်နှက်နေခဲ့သော ရောမ ဘီလူးကြီးသည် ရုတ်တရက် ပုံမှန်အရွယ်အစားသို့ ပြန်ရောက်သွားခဲ့သလို ဖြစ်သည်။

ရှင်းလုံစန်းသည် အလွန်တရာမှ လိမ္မာပါးနပ်လှသည်။ ကျန်းရီသူတော်စင်က ကောင်းဟာန်နှင့် ကျန်သောသူများအား လာခေါ်သွားသည့်အချိန်တွင် သူသည် ဤအခွင့်အရေးကို အပိုင်အသုံးချကာ သူတော်စင် ကောင်းကင်ဓားနှင့် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

"ရှင်းလုံစန်း၊ ဒီကနေ့ကစပြီးတော့ ကြည့်ရတာ မင်းက ခွန်းလွန်တောင်ကို လာမလည်နိုင်ခင် ငါက စူတောင်ကို အရင်လာလည်ရမယ် ထင်တယ်။ ကောင်းကောင်းပြင်ဆင်ထားပါ။ အဲ့ဒီနေ့က သိပ်မဝေးတော့ဘူး"

လင်းဖုန်းသည် ကျယ်လောင်စွာနှင့် မှတ်ချက်ချလိုက်ခြင်း ဖြစ်သည်။ သူ၏ အသံသည် ဤလေဟာနယ် နေရာအတွင်း၌သာ ကြားခဲ့ရသည့် မဟုတ်ပဲ ဟင်းလင်းပြင်များကို ကျော်ဖြတ်သွားခဲ့ကာ စူတောင်ရှိနေသော မဟာကမ္ဘာအထိ ရောက်ရှိသွားခဲ့သည်။

သူ၏အသံသည် စူတောင်တစ်ခုလုံးအား ပဲ့တင်ရိုက်စေခဲ့သည်။

စူတောင်၏ ခေးအော်ရာသည် ကောင်းကင်တွင် ပြည့်နေခဲ့ကာ သူတော်စင် ကောင်းကင်ခေး ဉာဏ်ပညာက ပြန်ပေါ်လာခဲ့သည်။ သူ၏ အနေအထားသည် စွမ်းအားကြီးလှသော်လည်း အတွင်းတွင် ကျဆင်းမှု အရိပ်အရောင် တစ်ခုကို ကွယ်ဝှက်ထားနေခဲ့သည်။

လင်းဖုန်းသည် ကျယ်လောင်စွာနှင့် ရယ်လိုက်ကာ သူ၏လက်ထဲမှ ကောင်းကင်ဖျက်ဆီး ခေးသည် မူလအရွယ်အစားသို့ ပြန်ရောက်သွားခဲ့၏။

သူသည် ထိုခေါးအား ခေါးအိမ်အတွင်းသို့ ပြန်ထည့်လိုက်သည်။

ကောင်းကင်ဖျက်ဆီး ခေါးသည် ခံပြင်းနာကျည်းနေခဲ့သကဲ့သို့ ပြင်းထန်စွာနှင့် တုန်ခါနေခဲ့သည်။ လင်းဖုန်းက ရယ်လိုက်၏။ "သူတော်စင် ကောင်းကင်ခေါးကို မင်းအတွက် ထားထားပေးမယ်။ မင်းက ကိုယ့်ဘာသာကိုယ် ဖျက်ဆီးပေါ့။ အဲ့ဒီနေ့က ရောက်လာတော့မယ်"

ထိုစကားအား ကြားလိုက်ရသောအခါ ကောင်းကင်ဖျက်ဆီး ခေါးသည် ပြန်လည်တည်ငြိမ်သွားခဲ့ကာ ခေါးအိမ်အတွင်းသို့ ပြန်လည်ဝင်ရောက်သွားခဲ့သည်။ ရှမ်းလီ၏

ပုံရိပ်သည် လေပေါ်တွင်
ပြန်လည်ပေါ်ပေါက်လာခဲ့၏။ သူမသည်
ခေါင်းအိမ်ကို လွယ်ထားကာ စကားတစ်ခွန်းမှ
မပြောခဲ့ပဲ လင်းဖုန်း၏ အနောက်သို့
ဟန်ပန်အမူအရာ ကင်းမဲ့စွာနှင့်
လိုက်လာခဲ့သည်။

သို့သော်လည်း အနီးကပ် ကြည့်လိုက်သောအခါ
သူမ၏ မျက်နှာတွင် ခံစားချက် အနည်းငယ်ကို
တွေ့နိုင်ပေသည်။ သူမအား အသေအချာ
ကြည့်လိုက်လျှင် စိတ်ကောက်နေသော
အမူအရာများကို တွေ့နိုင်ခဲ့သည်။

လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်၏။ "မင်းနဲ့ အမျိုးအစားတူတဲ့အရာတွေသာ မင်းရဲ့ မဟာရန်သူ ဖြစ်နိုင်တာ။ မင်းက ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေကို တုံ့ပြန်မှုမရှိပဲ သူတော်စင် ကောင်းကင်ခါးကသာ ဆွဲဆောင်မှုရှိနေတာ အံ့သြစရာ မဟုတ်ပါဘူး"

သူသည် ရွှမ်းလီအား ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းသို့ ပြန်ခေါ်လာခဲ့သည်။ သူသည် သက်တောင့်သက်သာ အမူအရာမျိုး ရှိနေသော်လည်း ကောင်းကင်နဂါး

ရှေးဟောင်းနယ်မြေ အတွင်းမှ သူများသည်
အေးအေးဆေးဆေး မနေနိုင်ခဲ့ကြပေ။

အားလုံးတို့သည် လင်းဖုန်းအား လေးနက်သော
အမူအရာများဖြင့် ကြည့်နေကြသည်။
သူတို့သည် ယခုလေးတင်မှပင် ဖြစ်ပွားခဲ့သော
တိုက်ပွဲကြောင့် မှင်သက်နေကြဆဲ ရှိသေးသည်။

အင်မော်တယ်ဝိညာဥ် တတိယ အဆင့်မှ
အကြီးအကဲ၊ ကောင်းဟန်။

အင်မော်တယ်ဝိညာဥ် တတိယ အဆင့်မှ
အကြီးအကဲ၊ ရွှမ်းလင်သူတော်စင်။

မူလကောင်းကင် ကမ္ဘာအတွင်းတွင် မဟာယာန
အဆင့်မှ အစွမ်းအထက်ဆုံး မော်ရတနာများ
ဖြစ်ကြသည့် ဝက်ပါချိုးဖောက်ဗုံနှင့်
ဟင်းလင်းပြင် ယင်ယန်နာရီ။

ကြမ္မာပန်းတိုင်အဆင့်မှ မော်ရတနာ
တစ်ပါးဖြစ်သည့် မဟာဟင်းလင်းပြင်
မြင့်မြတ်သောစံအိမ်။

စူတောင်ခေးဂိုဏ်း၏ ခေါင်းဆောင်၊
အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ
ရှင်းလုံစန်း။

စူတောင်ခေးဂိုဏ်း၏ ဂိုဏ်းကိုတည်ငြိမ်စေသည့်
မှော်ရတနာ၊ ကြမ္မာပန်းတိုင်အဆင့်မှ
မူလကောင်းကင် ကမ္ဘာရှိ
ခေးများအားလုံးတို့၏ဘုရင် သူတော်စင်
ကောင်းကင်ခေး။

ဤကဲ့သို့သော် စွမ်းအားကောင်းသည့်
လူထုတ်ပုံသည် အကယ်၍
စွမ်းအားကြီးမားသည့် အခြားအင်အားစုများကို
တိုက်ခိုက်လျှင် သူတို့သည် မလွဲမသွေ
အရှုံးပေးရမည် ဖြစ်သည်။

မည်သည့်အရာများကို ချေမှုန်းနိုင်ပါသနည်း။
ထိုကဲ့သို့သော ကြီးကျယ်လှသည့် အင်အားနှင့်
ရင်ဆိုင်ရလျှင် ကောင်းကင်မာစတာ ဓားဂိုဏ်း
ဖြစ်စေ၊ ခရမ်းရောင်တိမ်တိုက်ဂိုဏ်းဖြစ်စေ၊
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်ဖြစ်စေ၊
အလင်းဓားမြန်ဂိုဏ်းဖြစ်စေ၊
နေလဓားဂိုဏ်းဖြစ်စေ သူတို့အားလုံးတို့သည်
အချေမှုန်း ခံကြရမည် ဖြစ်သည်။

ထိုဂိုဏ်းများက
အားလုံးစုပေါင်းတိုက်ခိုက်ကြလျှင်လည်း
အချေမှုန်းခံကြရမည်သာ ဖြစ်သည်။

ကြမ္မာပန်းတိုင်အဆင့်မှ မှော်ရတနာများနှင့် တိုက်ပွဲသည် လူအားလုံးတို့အား ကြောက်ရွံ့တုန်လှုပ်စေခဲ့သည်။ အကယ်၍ သူတို့သည် လုံလောက်အောင် သန်မာခြင်း မရှိပဲ စိန်ခေါ်ရဲခဲ့ပါက၊ သူတို့၏ ကံကြမ္မာမှာ သေမင်းပင် ဖြစ်ပေသည်။

မဟာချင် အင်ပါယာသည် ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းတွင် ရှိနေသော်လည်း သူတို့သည် ကောင်းဟန်၊ ရွှမ်းလင်သူတော်စင်၊ ရှင်းလုံစန်း၊ သူတော်စင် ကောင်းကင်ဓားနှင့် မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်တို့နှင့် ရင်ဆိုင်ရမည်ဆိုလျှင် ယှံကြည်ချက် ရှိနိုင်မည် မဟုတ်ပေ။

သို့သော်လည်း နောက်ဆုံးရလဒ်သည်
အားလုံးတို့အား ဆွံ့အစေခဲ့၏။

ကောင်းဟာန်၏ သဘာဝ အလင်းတန်း
ကောင်းကင်ဝတ်ရုံသည် လင်းဖုန်း၏
ယူဆောင်သွားခြင်းအား ခံလိုက်ရကာ
မူလစိတ်ဝိညာဉ် အသတ်ဖြတ်ခံလိုက်ရ၏။
ပြီးတာနှင့် သူသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့်
ယိုယွင်းခြင်း ဝက်ပါအတွင်းသို့
အပစ်ထည့်ခံလိုက်ရကာ
ဝက်ပါတည်ဆောက်မှုတွင်
အသုံးပြုခံလိုက်ရသည်။

ရွှမ်းလင်သူတော်စင်သည် ကျောက်တုံးလှေကား အပေါ်မှ လင်းဖုန်း၏ အဆွဲချခံလိုက်ရကာ ကျောက်တုံးလှေကားသည်လည်း လင်းဖုန်း၏ လက်အတွင်းသို့ ရောက်သွားခဲ့၏။

ဟင်းလင်းပြင် ယင်ယန်နာရီသည် ယုကျင်းတောင်အား ဖိနှိပ်နိုင်လုဆဲဆဲတွင် လင်းဖုန်း၏ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း၏ တွန်းလှန်ခြင်းအား ခံလိုက်ရသည်။

ဝက်ပါချိုးဖောက်ဗုံသည် ဝက်ပါအားလုံးတို့အား ဖျက်ဆီးနိုင်သော်လည်း လင်းဖုန်း၏ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ

အတွင်းတွင် ပိတ်မိနေခဲ့ကာ သူ၏
အနှောင်အဖွဲ့များမှ ရုန်းမထွက်နိုင်ခဲ့ချေ။

ရှင်းလုံစန်းသည် ရွှမ်းလီအား ဘာမှမလုပ်နိုင်ခဲ့ပဲ
သူတော်စင် ကောင်းကင်ခေါးအား
ထုတ်ခဲ့ရသည်။

ဤမှော်ရတနာနှင့် ရင်ဆိုင်ရာတွင်
လင်းဖုန်းသည် သူ၏ အင်မော်တယ်ဝိညာဉ်နှင့်
ယုကျင်းတောင်အား ပေါင်းစည်းလိုက်သည်။
တောက်ပကြည်လင်သည့် အလင်းတန်းသည်
အခြားလူတို့အား ဖြစ်စဉ်တစ်ရပ်လုံးအား
မမြင်နိုင်ရန် တားဆီးထားခဲ့သော်လည်း
သူတို့သည် ရလဒ်ကိုမူ မြင်နိုင်ခဲ့၏။

လင်းဖုန်းသည် သူ၏ခန္ဓာကိုယ်အား
ကောင်းကင်နှင့် မြေကြီးအဖြစ်
ပြောင်းလဲလိုက်ကာ ကောင်းကင်ဖျက်ဆီး
ခြားကို အသုံးပြုကာ သူတော်စင်
ကောင်းကင်ခြားကို လွှမ်းမိုးနိုင်ခဲ့သည်။

ပို၍ကြောက်မက်ဖွယ်ရာ ကောင်းသည်မှာ
လင်းဖုန်းသည် စွမ်းအားဖျက်ဆီး ကပ်ဘေးအား
ဆင့်ခေါ်နိုင်ခြင်းပင် ဖြစ်သည်။ ဒါသည် အခြား
အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ
ကျင့်ကြံသူများအား ကြောက်ရွံ့စေသည့်
စွမ်းအားဖြစ်သည်။

ဟင်းလင်းပြင် ယင်ယန်နာရီနှင့်
ဝက်ပါချိုးဖောက်ဗုံတို့ ပူးပေါင်းဖန်တီးထားသည့်
ကြမ္မာပန်းတိုင်အဆင့်မှ မဟာဟင်းလင်းပြင်
မြင့်မြတ်သောစံအိမ်သည် ထိုစွမ်းအားဖျက်ဆီး
ကပ်ဘေးနှင့် ရင်ဆိုင်ခဲ့ရသော အချိန်တွင်
လုံးဝကို အဖျက်ဆီးခံလိုက်ရသည်။

လင်းဖုန်း၏ ခေါင်းအလင်းတန်းက
မည်သည့်နေရာကို ညွှန်ပြသည်ဖြစ်စေ
ကောင်းဟန်၊ ရွှမ်းလင်သူတော်စင်၊
ဟင်းလင်းပြင် ယင်ယန်နာရီနှင့်
ဝက်ပါချိုးဖောက်ဗုံတို့သည်
ဒဏ်ရာရသွားခဲ့သည်။

နောက်ဆုံးတွင် ကျန်းရီသူတော်စင်ကိုယ်တိုင်
ပေါ်လာခဲ့သော်လည်း သူသည်
အောက်စည်းတွင် ရောက်သွားခဲ့သည်။
သူသည်လည်း လင်းဖုန်းနှင့်
ဆက်လက်မတိုက်ခိုက်ရဲခဲ့ပေ။ သူသည်
နောက်သို့သာ ဆုတ်သွားခဲ့ပြီး ဤအဖြစ်တွင်
ဟင်းလင်းပြင် ဘုရားကျောင်းမှသာ
တာဝန်ရှိသည်ဟု ဝန်ခံသွားခဲ့ရသည်။

ကျန်းရီသူတော်စင်၏ အဆင့်အတန်းဖြင့်
ဤကဲ့သို့သော စကားမျိုးကို ပြောခြင်းမှာ
ရှုံးနိမ့်သည်ကို ဝန်ခံခဲ့ခြင်း ဖြစ်သည်။
ဟင်းလင်းပြင် ဘုရားကျောင်းမှ
ရှေ့ဆောင်လမ်းစဉ် ပါတီ၏ နာမည်မှာ

ယခုအချိန်တွင် အတော်ကြီးကို
ထိခိုက်သွားခဲ့သည်။

သူတို့နှင့် ယှဉ်လိုက်လျှင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ နာမည်သည်
အတော်ကြီး တိုးတက်သွားခဲ့ပြီ ဖြစ်သည်။

"မဟာမိုးကြိုး ကျောင်းတော်ကြီး
ပျက်စီးသွားပြီးတဲ့နောက်မှာ
မြင့်မြတ်နယ်မြေနောက်တစ်ခု ပေါ်လာပြီလား"

ချက်ချင်းဆိုသလိုပင် အားလုံးတို့၏ ခေါင်းအတွင်းတွင် အတွေးတစ်ခု ပေါ်လာခဲ့သည်။

"ဘာပဲပြောပြော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ အခြေခံအုတ်မြစ်တွေက နက်ရှိုင်းမှု မရှိသေးဘူး။ အင်မော်တယ်ဝိညာဉ် အဆင့်ကို ရောက်နေတဲ့ တပည့်တွေ မရှိသေးဘူး။ သူ့ကို မြင့်မြတ်နယ်မြေ အသစ်တစ်ခုလို့ ပြောရအောင် ထိုက်တန်မှုမရှိသေးဘူး"

"ဒါပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ခေါင်းဆောင် လင်းဖုန်းဟာ နတ်ဘုရားနယ်မြေထဲမှ

သံသယဖြစ်ဖွယ်ရာ မရှိပဲ အသန်မာဆုံးသူ ဖြစ်တယ်။ ယန်နန်းလိုင်၊ ရှင်းလုံစန်းတို့တောင်မှ သူ့ရဲ့အရှေ့မှာ သူတို့ရဲ့ နာမည်က မလွှမ်းမိုးနိုင်ဘူး။ ဂုဏ်သိက္ခာ ကြီးမြတ်တဲ့ ထိုက်ရီသူတော်စင်မှသာ သူ့ရဲ့လက်ရှိအဆင့်ကို ယှဉ်နိုင်လိမ့်မယ်"

"သူတို့က တည်ငြိမ်တဲ့ အခြေခံ မရှိသေးပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်သာ ရှိနေခဲ့ရင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဘယ်တော့မှ ကျဆုံးမှာ မဟုတ်ဘူး။ သူတို့က သေချာပေါက် မြင့်မြတ်နယ်မြေ ဖြစ်လာလိမ့်မယ်"

"ဟင်းလင်းပြင် ဘုရားကျောင်း၊ စူတောင်ခေးဂိုဏ်း၊ မဟာကျိုး အင်ပါယာနဲ့ မဟာချင် အင်ပါယာတို့ကလွဲရင် ကျန်တဲ့ မဟာအင်အားစုတွေဟာ လင်းဖုန်းကို ခုခံဖို့ တတ်နိုင်မှာ မဟုတ်ဘူး"

အားလုံးတို့က တက်ကြွစွာနှင့် ဆွေးနွေးနေကြသည်။ အလင်းခေးမြန် ခေးမာစတာသည် လင်းဖုန်းအား ကောင်းကင်ပေါ်မှ ကြည့်နေခဲ့၍ သူက ယုကျင်းတောင်သို့ သွားခဲ့ပြီး လင်းဖုန်းအား စိန်ခေါ်ခဲ့သည့်အချိန်အား ပြန်လည်အမှတ်ရလာခဲ့ကာ မတတ်နိုင်ပဲ သက်ပြင်းတစ်ချက်ချလိုက်သည်။ "အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က
မိတ်ဆွေတစ်ယောက်သာ ဖြစ်နိုင်တယ်။
ရန်သူဖြစ်လို့ မရဘူး"

အားလုံးတို့သည် သူ့စကားအား
ကြားလိုက်ရသောအခါ သူတို့၏ခေါင်းများကို
သဘောတူလှစွာဖြင့် ညိတ်လိုက်ကြသည်။

ထိုအချိန်တွင် တစ်စုံတစ်ယောက်သည် သူတို့၏
အာရုံအား ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေ အတွင်းမှ
အသက်ဖန်ဆင်းခြင်း တံခါးထံသို့
ပြောင်းလိုက်သည်။ သူတို့သည်
ဝင်ရိုးစွန်းနှစ်ဘက် ကောင်းကင်တောင်တန်းနှင့်

ထိုက်ကျိစစ်သည် တစ်အုပ်တို့နှင့်
တိုက်ခိုက်နေကြသည်ကို တွေ့နေရသည်။

အားလုံးတို့၏ မျက်နှာပေါ်တွင်
စာနာသနားသည့် အမူအရာများ ပေါ်လာခဲ့ကာ
သူတို့၏ ခေါင်းများကို စကားတစ်ခွန်းမှ
မပြောပဲနှင့် ခါလိုက်ကြသည်။

ရှီယုသည် ဟင်းလင်းပြင် လေဟာနယ်အား
ကြည့်လိုက်ကာ သက်ပြင်းချလိုက်သည်။ "ဒါက
ငါမျှော်မှန်းထားတာထက် လွန်သွားခဲ့တယ်"

သူ၏ဘေးတွင် ရှီကျုံးယွဲ့နှင့် ရှွင်ပျော်ပျော် သူတော်စင်တို့က တိတ်ဆိတ်နေကြသည်။ ဝူချင်လျှိုက သူ၏ခေါင်းအား ညိတ်လိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က တကယ့်ကို ခန့်မှန်းရ ခက်ခဲတာပဲ"

ရှီယုက ပြောလိုက်သည်။ "ငါတို့လှုပ်ရှားဖို့ အချိန်ကျပြီ"

ဝူချင်လျှိုက မေးလိုက်၏။ "အရှင်မင်းမြတ်က သေချာဆုံးဖြတ်ပြီးသွားပြီလား"

ရှီယုက ပြန်ဖြေလိုက်သည်။
"ဆုံးဖြတ်ပြီးသွားပြီ"

ဝူချင်လျှိုက ငြိမ်သက်သွားခဲ့ကာ
ဘာမှဆက်မပြောခဲ့ပေ။

"ဦးရီးတော်၊ ဒီနေရာကို ဦးရီးတော်နဲ့
ထားခဲ့မယ်" ရှီယုက အန်းလျှန်မင်းသား
ရှီကျုံးယွဲ့အား ပြောလိုက်ကာ ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေ အတွင်းမှ
ပျောက်ကွယ်သွားခဲ့သည်။

ဝင်ရိုးစွန်းနှစ်ဘက်

ကောင်းကင်တောင်တန်းသည် မဟာယာန အဆင့်မှ မှော်ရတနာ တစ်ခုဖြစ်သည်။ သူသည် ရေခဲမီးတောက် အကြီးအကဲ နှစ်ပါး၊ ချောင်ဝေတို့နှင့် ပူးပေါင်းကာ ထိုက်ကျိစစ်သည် ၁၂ယောက်တို့ ဖန်တီးထားသည့် ဝက်ပါအား ဖိနှိပ်နိုင်ခါနီး ဖြစ်နေကြသည်။

သို့သော်လည်း သူတို့သည် မပျော်နိုင်ကြပေ။ အသက်ဖန်ဆင်းခြင်း တံခါးအတွင်းတွင် ထိုက်ကျိစစ်သည်များ၏ လှုပ်ရှားမှုများကို တွေ့နေရသည်။

လင်းဖုန်းသည် ဟင်းလင်းပြင် ဘုရားကျောင်းနှင့်
စူတောင်မှ အကြီးအကဲများကို
တစ်ယောက်တည်းနှင့် အနိုင်ယူနိုင်ခဲ့သည်။
ဒါသည် ချောင်ဝေတို့အုပ်စုအား
ထိတ်လန့်ကြောက်ရွံ့စေခဲ့သည်။

ထိုက်ကျိစစ်သည်များကသာ
မပိတ်ဆို့ထားခဲ့လျှင် သူတို့ကလည်း
ထွက်ပြေးသွားကြတော့မည် ဖြစ်၏။

သူတို့သည် ထိုက်ကျိစစ်သည်များကို
တွန်းလှန်နိုင်ခါနီး ဖြစ်နေသောအချိန်တွင်
လင်းဖုန်းသည် ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေ အတွင်းသို့

ပြန်ရောက်လာခဲ့ပြီ ဖြစ်သည်။
ချောင်ဝေတို့တတွေသည်
ထွက်ပြေးချင်နေကြသော်လည်း
လွတ်မြောက်နိုင်တော့မည် မဟုတ်ပေ။

လင်းဖုန်းသည် သူတို့အား ငြိမ်သက်စွာနှင့်
ကြည့်နေခဲ့ကာ ခေါင်းကိုအနည်းငယ်
စောင်းကာပြောလိုက်သည်။ "ယန်နန်းလိုင်နဲ့
လင်းတောက်ဟန်တို့က မင်းတို့ကို
လာကယ်မှာကို စောင့်နေတာလား။
စိတ်မကူးတော့နဲ့။ နတ်ရေကန်ဂိုဏ်းမှာ
နေနေတဲ့သူတွေ မရှိကြတော့ဘူး။
ဒီကနေ့ကစပြီး နတ်ရေကန်ဂိုဏ်းက
သမိုင်းထဲမှာပဲ ကျန်ခဲ့တော့မယ်"

# စာစဉ် ၃၂ : အပိုင်း ၇

## အပိုင်း ၅၉၇ : နတ်ရေကန်ဂိုဏ်း၏နေ့များအား ရေတွက်၍ရသည်

လင်းဖုန်းသည် သူ၏လက်ချောင်းများဖြင့် ညွှန်ပြလိုက်ရာ ထိုက်ကျိစစ်သည် တစ်အုပ်စုတို့သည် အသက်ဖန်ဆင်းခြင်း တံခါးအတွင်းသို့ ပြန်ဝင်သွားကြသည်။ အသက်ဖန်ဆင်းခြင်း တံခါးသည် အနည်းငယ် တုန်ခါသွားခဲ့ကာ ကြမ္မာပန်းတိုင် ခေါင်းလောင်းအသွင်သို့ ပြန်ပြောင်းသွားခဲ့သည်။

ကြမ္မာပန်းတိုင် ခေါင်းလောင်းသည် လင်းဖုန်းထံသို့ ပြန်လည်ပျံသန်းလာခဲ့ကာ အဖြူရောင် အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွား၍ သူ၏ ခေါင်းအတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

သူတို့အား ပိတ်ဆို့ထားကြသည့် ထိုက်ကျိစစ်သည်များ မရှိကြသော်လည်း ချောင်ဝေနှင့် ကျန်သောသူများသည် အလောတကြီး ဘာမှမလုပ်ရဲကြချေ။ သူတို့သည် ထွက်ပြေးလွတ်မြောက်ရန် ကြံစည်နေခဲ့ကြသော်လည်း လင်းဖုန်း၏

သဘာဝလွန် အသိစိတ်သည် သူတို့အပေါ်တွင် ကျရောက်နေခဲ့သည်။

ချောင်ဝေနှင့် ရေခဲမီးတောက် အကြီးအကဲ နှစ်ယောက်တို့သည် ဝင်ရိုးစွန်းနှစ်ဘက် ကောင်းကင်တောင်တန်းထံမှ ထွက်ခွာလာခဲ့ကြသည်။ သူတို့သည် လင်းဖုန်းအား အလွန်လေးနက်သော အမူအရာများဖြင့် ကြည့်လိုက်ကြသည်။

မီးလျှံ အကြီးအကဲ၏ မျက်နှာသည် စိမ်းနေခဲ့ကာ သူ၏ခန္ဓာကိုယ်မှ မီးတောက်များက တောက်လောက်နေခဲ့သည်။ ရေခဲအကြီးအကဲမှာမူ သက်ပြင်းအနည်းငယ်

ချလိုက်၍ သူ၏ခေါင်းကို ငုံ့ထားခဲ့ကာ
အဆက်မပြတ် ခါယမ်းနေခဲ့၏။

ချောင်ဝေမှာမူ အတန်ငယ် တည်ငြိမ်နေခဲ့ကာ
လင်းဖုန်းအား ထူးခြားသော အကြည့်တစ်ခုဖြင့်
ကြည့်နေခဲ့သည်။

လင်းဖုန်းကသာ ဤမျှစွမ်းအားကြီးမှန်း
သိခဲ့လျှင် သူသည် ရှီထျန်းဟောင်ထံမှ
ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုအား ရယူရန်
ကြံစည်မည်မဟုတ်ဟု သူကကျိန်ဆိုရဲသည်။

သူသည် လင်းဖုန်း၏ ကျင့်ကြံမှု
အဆင့်အတန်းကို မသိနိုင်ခဲ့သော်လည်း
ချောင်ဝေသည် အချိန်ကြာမြင့်စွာ
လေ့လာအကဲခတ်ခဲ့ပြီး ဖြစ်သည်။

ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေး
အတွင်းတွင် သူတို့သည် ကြယ်တာရာကိုးလုံး
ကောင်းကင်ချေမှုန်း ဝက်ပါ၏ တိုက်ခိုက်မှုကို
ရင်ဆိုင်ခဲ့ရချိန်နှင့် ခွန်းဖန်လျှို့ဝှက်ကျမ်းစာ
အတွင်းတွင် ရှေးဟောင်းခွန်းဖန်က
နိုးထလာသည့်အချိန်တွင် လင်းဖုန်းသည် သူ၏
စွမ်းအားများကို ဖော်ပြခဲ့သည်။

သို့သော်လည်း ချောင်ဝေသည် လင်းဖုန်းက ဤကဲ့သို့သော ကြောက်မက်ဖွယ်ရာ စွမ်းအားများကို ပိုင်ဆိုင်ထားလိမ့်မည်ဟု ထင်မထားခဲ့ပေ။

လင်းဖုန်းသည် ကောင်းကင်လှည်း တောင်ထိပ်တွင် သူ၏စွမ်းရည်များကို ထုတ်ပြခဲ့သော်လည်း ချောင်ဝေသည် သူက ရှင်းလုံစန်း၊ ကောင်းဟာန်၊ ရွှမ်းလင်သူတော်စင်၊ သူတော်စင် ကောင်းကင်ခါးနှင့် မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်တို့ကို ရင်ဆိုင်နိုင်သည့် စွမ်းရည်ရှိမည်ဟု ထင်မထားခဲ့ပေ။

ဤအချိန်တွင် ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းတွင် နတ်ရေကန်ဂိုဏ်းသည် ဤအခြေအနေကို အခွင့်ကောင်းယူကာ စွန့်စား၍ အမြတ်ထုတ်ရန် ဆုံးဖြတ်ခဲ့သည်။ သူတို့သည် လင်းဖုန်းက မဟာချင် အင်ပါယာ၏ အကူအညီကို ရယူလိမ့်မည်ဟု တွက်ဆထားခဲ့၏။

ချောင်ဝေနှင့် ကျန်သောသူများ၏ တွက်ချက်မှုအတွင်းတွင် မဟာချင် အင်ပါယာနှင့် ပူးပေါင်းဆောင်ရွက်မှသာ လင်းဖုန်းသည် ကောင်းဟာန်၊ ရှင်းလုံစန်းနှင့် ကျန်သောသူများကို ခုခံနိုင်လိမ့်မည်ဟု တွက်ဆထားခဲ့သည်။

ထိုကဲ့သို့သောအခြေအနေမျိုးတွင်
လင်းဖုန်းသည် သူ့ကိုယ်သူ
ခုခံကာကွယ်နေရမည် ဖြစ်သဖြင့်
ရှီထျန်းဟောင်အား ဂရုစိုက်နိုင်လိမ့်မည်
မဟုတ်ပေ။

သို့သော်လည်း ဒါသည် သီအိုရီသာဖြစ်သည်။
သူတို့သည် အကွက်တစ်ကွက် မှားရွှေ့မိသဖြင့်
ဤကဲ့သို့သော အခြေအနေသို့
ကျရောက်သွားခဲ့ခြင်း ဖြစ်သည်။

သူတို့သည် လင်းဖုန်းကသာ ဤမြို့အစွမ်းထက်မှန်းကို သိပါက ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုအား လုယူရန် ဘယ်တော့မှ စဥ်းစားလိမ့်မည် မဟုတ်ပေ။ ထို့အစား သူသည် ရိုးသားစွာဖြင့် လင်းဖုန်းနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည်။

သူသည် တောင်တန်းမြစ်ပြင် ဟင်းလင်းပြင် ဆေးမီးဖိုနှင့် ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုတို့၏ လျှို့ဝှက်ချက်ကို ပြောပြခဲ့မည် ဖြစ်သည်။ ပြီးတာနှင့် သူသည် လင်းဖုန်းနှင့် ပူးပေါင်းဆောင်ရွက်ကာ အကျိုးအမြတ်များကို ဝေမျှခံစားလိမ့်မည် ဖြစ်သည်။

ယခုအချိန်တွင် ချောင်ဝေအနေနှင့်
နောင်တရလည်း ဘာမှမထူးတော့ပေ။
သို့သော်လည်း သူ၏ရင်ထဲတွင် ယခုအချိန်၌
ခံစားချက် တစ်မျိုးတည်းသာ ရှိသည်။

နောင်တရခြင်း!

ပြီးတာနှင့် သူသည် မှိုင်တွေသွားခဲ့၏။
လင်းဖုန်းသည် အဘယ်ကြောင့် ဤမျှ
စွမ်းအားကြီးရပါသနည်း။

အစပိုင်းမှ အရာအားလုံးတို့သည်
ပုံရိပ်ယောင်တစ်ခုပေလော။ သို့မဟုတ်

ကောလဟာလများက မှန်နေပေသလော။ လွန်ခဲ့သော နှစ်များအတွင်းက ဤကမ္ဘာတွင် ပေါ်လာသော လင်းဖုန်းသည် ကိုယ်ပွားတစ်ခုသာဖြစ်၍ သိပ်မကြာသေးမီကမှ သူ၏ မူလခန္ဓာကိုယ် ပေါ်လာခဲ့ခြင်း ဖြစ်သလော။

ချောင်ဝေသည် ဘာကိုမှ မပြောခဲ့ပဲ ရေခဲအကြီးအကဲသည် သူ၏ခေါင်းကို မော့လိုက်ကာ လင်းဖုန်းအား ကြည့်လိုက်သည်။ သူသည် ချောင်းအနည်းငယ်ဆိုးကာ ပြောလိုက်၏။ "ဒါက နတ်ရေကန်ဂိုဏ်းရဲ့ အမှားဖြစ်ပါတယ်။ မာစတာလင်းက ခွင့်လွှတ်နိုင်မယ်လို့ မျှော်လင့်နေပါတယ်။

နတ်ရေကန်ဂိုဏ်း တစ်ခုလုံးက အနူးအညွတ်
တောင်းပန်ပြီး အလျှော်ပေးဖို့ ဘာမဆို
တောင်းဆိုနိုင်ပါတယ်"

"ကျုပ်တို့ရဲ့ ရိုးသားခြင်းကို ပြဖို့အတွက်
တောင်တန်းမြစ်ပြင် ဟင်းလင်းပြင် ဆေးမီးဖိုနဲ့
ဗလာနတ္တိ အစိမ်းရောင် ဆေးမီးဖိုတို့ကို
ပေးအပ်ပါမယ်" ရေခဲအကြီးအကဲက
ပြောလိုက်သည်။ "ဒီကိစ္စဟာ
ဒီပစ္စည်းတွေကြောင့် ဖြစ်ရတာပါ။ မီးတောက်
အကြီးအကဲနဲ့ ကျွန်ုပ်၊ ပြီးတော့ ချောင်ဝေတို့က
လောဘကြောင့် မျက်စိကန်းသွားခဲ့ပါတယ်။
ကျုပ်တို့က ဒီလိုမျိုး မလုပ်သင့်ခဲ့ပါဘူး"

မီးတောက် အကြီးအကဲက သူ့အား
ဒေါသထွက်စွာဖြင့် စိုက်ကြည့်လိုက်သည်။
"မင်းကဘာတွေ ပြောနေတာလဲ။
တိုက်ဆိုရင်လည်း တိုက်ပေါ့။
ဒီလောက်နှစ်တွေအကြာကြီး ကျင့်ကြံလာခဲ့ပြီးမှ
မင်းက သူရဲဘောကြောင်သွားပြီလား"

"စီနီယာ၊ စိတ်ကိုလျှော့ပါ" ရေခဲအကြီးအကဲက
သူ၏ခေါင်းကိုခါလိုက်ကာ မှော်စွမ်းအင်ဖြင့်
ပြောလိုက်သည်။ "ကျွန်တော်တို့က
အနာဂတ်အတွက် ပြင်ဆင်ထားရမယ်။
အခုလောလောဆယ်မှာ သူ့ကို
ဆေးမီးဖိုတွေပေးပြီး နောက်မှ သတင်းတွေကို
ဖြန့်ရမယ်။ ပြီးတာနဲ့ လျှို့ဝှက်စွာနဲ့

အကြံထုတ်ပြီး အခွင့်အရေးတွေကို
စောင့်ရမယ်"

လင်းဖုန်းသည် သူတို့၏ ဆက်သွယ်မှုကို
စိတ်မဝင်စားသဖြင့် ဝင်ရောက်
မနှောင့်ယှက်ခဲ့ပေ။ သူသည် သူ၏အရှေ့မှ
အင်မော်တယ် ဝိညာဉ်
အကြီးအကဲသုံးယောက်တို့အား တည်ငြိမ်စွာဖြင့်
ကြည့်နေခဲ့သည်။ "ဒါက ခင်ဗျားတို့ကိုယ်
ခင်ဗျားတို့ရှာတဲ့ဒုက္ခလို့ ကျုပ်ပြောထားခဲ့ပြီးပြီ။
ဘယ်သူ့ကိုမှ အပြစ်တင်လို့ မရဘူး"

ရေခဲ အကြီးအကဲ၏ အမူအရာသည်
အနည်းငယ် ပြောင်းသွားခဲ့သည်။ လင်းဖုန်းက

ဆက်ပြောလိုက်၏။ "နတ်ရေကန်ဂိုဏ်းက
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို
အခက်တွေ့အောင် မကြာခဏလုပ်ခဲ့တယ်။
ဒီကနေ့က ခင်ဗျားတို့ရဲ့ အကြွေးကို
ပြန်ဆပ်ရမယ့်နေ့ဖြစ်တယ်။ ခင်ဗျားတို့
ကြမ္မာကို ခင်ဗျားတို့က ဖန်တီးတာပဲ။
ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်လိုက်ပါ"

"ဒီကနေ့မှာ နတ်ရေကန်ဂိုဏ်းဟာ
သမိုင်းထဲမှာပဲ ရှိတော့မယ်လို့
ကျုပ်ကပြောထားတယ်။ ခင်ဗျားတို့က ကျုပ်ကို
နောက်နေတယ်များ ထင်နေတာလား"
လင်းဖုန်းက ရုတ်တရက် ရယ်မောလိုက်သည်။
သို့သော်လည်း သူ၏ရယ်သံမှာ ချောင်ဝေနှင့်

ရေခဲမီးတောက် အကြီးအကဲ
နှစ်ယောက်တို့အား ကြောက်ရွံ့စေခဲ့သည်။

ချက်ချင်းဆိုသလိုပင်
သူတို့သုံးယောက်သားသည် ရုတ်တရက်
တုန်ခါသွားကြကာ အရပ်မျက်နှာ
တစ်ဘက်တည်းသို့ ကြည့်လိုက်ကြသည်။

သူတို့၏ အကြည့်သည် ဟင်းလင်းပြင်များကို
ကျော်ဖြတ်သွားကာ နှင်းတောင်တန်းများ
အပေါ်သို့ ကျရောက်သွားကြသည်။ ဒါသည်
နတ်ရေကန်ဂိုဏ်း၏ အခြေခံအုတ်မြစ် ဖြစ်၏။

ဤအချိန်တွင် နတ်ရေကန်ဂိုဏ်းမှ
စီးဆင်းနေသော အလင်းတန်းသည် အနီနှင့်
အပြာ မျက်နှာဖုံး အဖြစ်သို့ ပြောင်းသွားခဲ့သည်။
ဖလားတစ်ခုကဲ့သို့ သူသည်
နတ်ရေကန်ဂိုဏ်းအား ကာကွယ်ထားခဲ့သည်။
ဒါသည် နတ်ရေကန်ဂိုဏ်း၏ ဝက်ပါသည်
အစွမ်းကုန် ထုတ်ဖော်ထားခြင်းကို ပြသနေခြင်း
ဖြစ်၏။

ထိုဖလား၏ အပြင်တွင် စကြာဝဠာတစ်ခုလုံးကို
ပြည့်သွားလုမတတ် ခန္ဓာကိုယ်နှင့်
လူတစ်ယောက်က ရပ်နေခဲ့သည်။

ထိုသူ၏ အနောက်မှ နှင်းလွင်ပြင်တွင်
အားနည်းနေသည်ဟု ထင်ရသော
ပိန်ပိန်ပါးပါးနှင့် အကြီးအကဲ တစ်ယောက်က
ရပ်နေခဲ့၏။

ထိုမြင်ကွင်းအား တွေ့ရသောအခါ
သူတို့သုံးယောက်သားတို့သည် အမူအရာများ
ပြောင်းသွားခဲ့သည်။ ဒါသည် သူတို့၏
မဟာရန်သူများ ဖြစ်ကြသဖြင့် ထိုလူနှင့်
အကြီးအကဲတို့အား အဘယ်မှာ မမှတ်မိပဲ
နေပါအံ့နည်း။

သူတို့နှစ်ယောက်မှာ မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်မှ သခင်နှင့် မှော်ဆရာတို့ ဖြစ်ကြ၏။

သူတို့နှစ်ယောက်စလုံးတို့သည် အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်တွင် ရှိနေကြသည်။

ချောင်ဝေနှင့် အကြီးအကဲနှစ်ယောက်တို့သည် အပြင်သို့ ထွက်လာခဲ့ကြချိန်တွင် ထိုနှစ်ယောက်သည် သူတို့၏အိမ်သို့ ရောက်လာကြသည်။ နတ်ရေကန်ဂိုဏ်းအတွက် ဒါသည် သံသယဖြစ်ဖွယ်ရာ မရှိပဲ အဆုံးသတ်ပင် ဖြစ်သည်။

နဂါးတိုက်ပွဲ စင်မြင့်တွင် ကြည့်ရှုနေသော လက်ယာမင်းသားရှန်က စတင်ရယ်မောလိုက်ကာ သူ၏ မျက်လုံးအတွင်းမှ ခက်ထန်သော အကြည့်တစ်ခုအား ဖော်ပြလိုက်သည်။ သူ၏ အဖြူရောင် သွားများမှာ သူ့အား ရေးပဝေသဏီမှ မိစ္ဆာကဲ့သို့ ဖြစ်သွားစေခဲ့၏။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင် ပြောခဲ့တဲ့အတိုင်းပဲ နတ်ရေကန်ဂိုဏ်းရဲ့ အဆုံးသတ်ဟာ ဒီကနေ့ဖြစ်တယ်"

"ဒီကနေ့အပြီးမှာ နတ်ရေကန်ဂိုဏ်းဆိုတာ မရှိတော့ဘူး"

သူတို့သုံးယောက်သားတို့သည် ဂိုဏ်းသို့ပြန်၍ ကယ်တင်ရန် ကြိုးစားခဲ့သော်လည်း ရွှမ်းလီ၏ တားဆီးခြင်းအား ခံခဲ့ရသည်။ ဝင်ရိုးစွန်းနှစ်ဘက် ကောင်းကင်တောင်တန်းနှင့် ရွှမ်းလီတို့က တိုက်ခိုက်ခဲ့ကြရာ ဝင်ရိုးစွန်းနှစ်ဘက် ကောင်းကင်တောင်တန်းပေါ်မှ ကျောက်တုံးများက လွင့်စင်ကျလာခဲ့သည်။

ရေခဲအကြီးအကဲသည် အံ့သြတုန်လှုပ် ဒေါသဖြစ်စွာနှင့် မေးလိုက်သည်။ "လင်းဖုန်း၊ ခင်ဗျားက ဒီလောက်အထိ ကရုဏာကင်းမဲ့ဖို့ လိုလို့လား"

မီးတောက်အကြီးအကဲက လက်ယာမင်းသားရှုန်အား ခက်ထန်စွာဖြင့် ကြည့်လိုက်သည်။ "မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော် တစ်ခုတည်းက လာရှုပ်လို့ ရမယ်လို့ ထင်နေတာလား"

လင်းဖုန်းက ပြောလိုက်သည်။ "ဒီကမ္ဘာပေါ်မှာ တစ်ယောက်တည်းက ဆုံးဖြတ်လို့ မရတာ အမှန်ပဲ"

ချောင်ဝေက နှာမှုတ်လိုက်ကာ ဘာမှမပြောခဲ့ပေ။ သူ၏ လက်ဝါးများအား

ပွတ်သပ်လိုက်ရာ အလင်းတန်း ပုံရိပ်တစ်ခုက
ပေါ်လာခဲ့သည်။ ထိုအလင်းတန်း
ပုံရိပ်အတွင်းတွင် အဖြူရောင်
တိမ်တိုက်ဘောလုံးများသည်
နတ်တောင်တစ်တောင်အား ဖုံးလွှမ်းနေသည်။
ဒါသည် ပိုင်ယွင်တောင် ဖြစ်၏။

အားလုံးတို့သည် ဤအလင်းတန်း ပုံရိပ်အား
စိုက်ကြည့်နေကြကာ ရင်ခုန်သံများ
မြန်လာကြသည်။ ဟင်းလင်းပြင်
ဘုရားကျောင်းမှ အကြီးအကဲများ
ပေါ်လာမည်လောဟူ၍ ကြည့်နေကြသည်။

ဤအချိန်တွင် ဝင်ရောက်လာသူတို့မှာ
ရှေ့ဆောင်လမ်းစဉ် ပါတီ မဟုတ်တော့ပေ။
ကွန်ဆာဗေးတစ်ပါတီ အလှည့်ဖြစ်သည်။
သူတို့သည် လူသားမျိုးနွယ်စုမှ အင်မော်တယ်
ဝိညာဉ် အဆင့် ကျင့်ကြံသူများ ဆုံးရှုံးသွားမှုကို
လက်မခံချေ။

သူတို့သည် အကန့်အသတ် တစ်ခုအတွင်းမှ
တိုက်ပွဲဖြစ်ခြင်းအား လက်ခံသည်။
သို့သော်လည်း အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများကိုမူ ထိန်းသိမ်းထားရပေမည်။

ရေခဲမီးတောက် အကြီးအကဲ နှစ်ယောက်တို့၏
မျက်နှာများပေါ်တွင် အပြုံးများ ပေါ်လာကြ၏။

သို့သော်လည်း ခဏအကြာတွင် သူတို့၏ အပြုံးများသည် အေးခဲသွားခဲ့သည်။

ရှည်လျားသော အလင်းတန်း ပုံရိပ်တစ်ခု ပေါ်လာခဲ့၏။ နဂါးတစ်ကောင်က ကောင်းကင်ကိုးလွှာအား ရစ်ခွေနေသကဲ့သို့ ဖြစ်သည်။ သူ၏ အလျားကို မိုင်ပေါင်းသိန်းနှင့်ချီ၍ တိုင်းတာရမည် ဖြစ်သည်။ သူသည် စကြာဝဠာကြီး တစ်ခုလုံးအား ကြီးစိုးနိုင်သကဲ့သို့ဖြစ်ကာ အဆုံးမရှိဟု ထင်နေရသည်။

သူသည် ကျော်လွန်၍မရသော၊ ဖျက်ဆီး၍ မရသော အော်ရာများဖြင့် ကမ္ဘာကြီးအား

ဖိနှိပ်ထားခဲ့သည်။ သူ၏ အန္တိမအောင်ရာသည့်
စကြာဝဠာကြီး တစ်ခုလုံးအား ပြည့်သွားခဲ့၏။
သူသည် မူလကောင်းကင် ကမ္ဘာကြီး
တစ်ခုလုံးအား ဖုံးလွှမ်းသွားမည်ဟု
ထင်နေရသည်။

ဒါသည် မဟာချင် အင်ပါယာ၏ အင်မော်တယ်
နဂါးမြို့တော် ဖြစ်သည်။

အင်မော်တယ် နဂါးမြို့တော်သည်
စကြာဝဠာအား ကြီးစိုးထား၍
ပိုင်ယွင်တောင်နှင့် ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေ အတွင်းတွင် ရှိနေခဲ့သည်။
သူသည် အရပ်မျက်နှာ တစ်ဘက်သို့သာ

လှည့်ထားသည်ဟု ထင်နေရသော်လည်း အမှန်တွင် သူသည် လေဟာနယ်၏ ထပ်နေသော နေရာများကို ပိတ်ဆို့ထားခဲ့ခြင်း ဖြစ်သည်။ ဟင်းလင်းပြင် ဘုရားကျောင်းမှ အကြီးအကဲများသည် ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းသို့ ဝင်ရောက်ရန် ကြိုးစားခဲ့ကြသော်လည်း သူတို့သည် အပိတ်ဆို့ခံနေရသည်။

တစ်ချိန်တည်းတွင်ပင် နှင်းတောင်တန်းနှင့် မနီးမဝေးတွင် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်မှ သခင်နှင့် မှော်ဆရာတို့အပြင် နောက်ထပ် အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲတစ်ယောက်

ပေါ်လာခဲ့၏။ သူသည် မဟာကျိုး အင်ပါယာမှ ဖြစ်သည်။

ထိုအကြီးအကဲ ပေါ်ပေါက်လာခြင်းသည် မဟာကျိုး အင်ပါယာ၏ သဘောထားကို ဖော်ပြနေခဲ့ခြင်း ဖြစ်သည်။

အင်မော်တယ် နဂါးမြို့တော်၏ အပေါ်တွင် ရှီယုအပြင် နောက်ထပ် သက်လတ်ပိုင်းလူကြီးတစ်ယောက် ရှိနေခဲ့သည်။ ထိုသူသည် အနက်ရောင် မိုးကြိုးတိမ်တိုက်များနှင့် တူနေခဲ့သည်။ သူ၏ ထူးမခြားနား ပုံစံအောက်တွင်

ခက်ထန်ကြမ်းတမ်းသော စွမ်းအားများကို တွေ့နေနိုင်၏။

သူသည် ခရမ်းရောင် တိမ်တိုက်ဂိုဏ်းမှ ခေါင်းဆောင်ဖြစ်သည့် မိုးကြိုးတိမ်တိုက် သူတော်စင် ဖြစ်သည်။

ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းတွင် အားလုံးတို့သည် အပြာရောင်ခန်းမ သူတော်စင်အား ကြည့်လိုက်ကြသည်။ သူသည် တည်ငြိမ်နေ၍ အံ့ဩနေပုံ မပေါက်ပေ။ သူသည် အစောကြီးကတည်းက သိပြီးသား ဖြစ်နေသည်မှာ သိသာပေသည်။

နတ်ကောင်းကင် ခေါ်အကြီးအကဲ၊ အလင်းခေါ်မြန် ခေါ်မာစတာနှင့် ကျန်သောသူများမှာ သက်ပြင်းများကို ကြိတ်၍ ချလိုက်ကြသည်။ သူတို့၏ ခံစားချက်များမှာ စတင်စီးဆင်းလာကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ မဟာကျိုးအင်ပါယာ၊ မဟာချင် အင်ပါယာ၊ ခရမ်းရောင်တိမ်တိုက်ဂိုဏ်း၊ မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်တို့၏ လူထုတ်ပုံသည် ဟင်းလင်းပြင် ဘုရားကျောင်းနှင့် စူတောင်ခေါ်ဂိုဏ်းတို့ကသာ ကိုင်တွယ်နိုင်မည် ဖြစ်သည်။ သို့သော်လည်း ယခုလေးတင်ကပင်

ကောင်းဟန်၊ ရှင်းလုံစန်းနှင့်
ကျန်သောသူများသည် လင်းဖုန်း၏
ပညာပေးခြင်းကို ခံခဲ့ရပြီး ဖြစ်သည်။

ဤလူထုတ်ပုံအား ကြည့်နေကြသော
သူများသည် ဖိအားများအောက်သို့
ကျရောက်သွားကြသည်။ ဟင်းလင်းပြင်
ဘုရားကျောင်း၏ စွမ်းအားသည်
လွင့်ပြယ်သွားသကဲ့သို့ ဖြစ်နေခဲ့၏။
ဟင်းလင်းပြင် ဘုရားကျောင်းသည်ပင်လျှင်
ဤလူထုတ်ပုံအား ထိတ်လန့်နေလိမ့်မည်ဟု
ခံစားနေခဲ့ရသည်။

လင်းဖုန်း၏ အသံသည် ဟင်းလင်းပြင် လေဟာနယ် အတွင်းတွင် ပျံ့လွင့်လာခဲ့သည်။ "ဟင်းလင်းပြင် ဘုရားကျောင်းက အမြဲတမ်းပဲ မိတ္တာတွေကို ခုခံတော်လှန်နေခဲ့တယ်။ ကျုပ်က ခင်ဗျားတို့ရဲ့ လုပ်ဆောင်ချက်တွေကို လေးစားထောက်ခံပါတယ်"

"ဒါပေမဲ့ စကြာဝဠာရဲ့ စီးဆင်းပုံကို လျှင်လျှင်မြန်မြန်နဲ့ အကဲမခတ်သင့်ဘူး။ ကျုပ်တို့ ပဋိပက္ခ ဖြစ်မှုတွေရဲ့ အကြောင်းရင်းကို ဖိနှိပ်ထားပြီး စွမ်းအားမျှခြေ ညီမျှနေအောင် ထိန်းသိမ်းထားခြင်းဟာ ရေရှည်အတွက် အဖြေမဟုတ်ဘူး။ ကမ္ဘာအပေါ်မှာ ကြီးစိုးလွှမ်းမိုးမှုတွေ ရှိနေပေမဲ့ ကျုပ်တို့က

ပြောင်းလဲမှုတွေကို မခုခံသင့်ဘူး။ ဒါက
သဘာဝရဲ့ ဖောက်ပြန်ခြင်း ဖြစ်တဲ့အပြင်
လူသားသဘာဝနဲ့လည်း ဆန့်ကျင်နေတယ်"

လင်းဖုန်းက ပြောလိုက်သည်။ "ရန်ငြိုးရန်စတွေ
ဆိုတာက နောက်ဆုံးမှာ ဖြေရှင်းရမှာ ဖြစ်တယ်။
သူ့ကို မမြင်သလို သဘောထားလို့ မရဘူး။
ပဋိပက္ခတွေကို အကန့်အသတ်
ကျော်လွန်တဲ့အထိ ဖိနှိပ်ထားရင် တစ်ချိန်ချိန်မှာ
ပေါက်ကွဲထွက်လာလိမ့်မယ်"

ဤအချိန်တွင် ပိုင်ယွင်တောင်အား
ဝိုင်းရံထားသော အဖြူရောင်
တိမ်တိုက်များသည် လမ်းကြောင်းတစ်ခုအား

ဖွင့်ပေးလိုက်သည်။ နှစ်လိုဖွယ်ရာ
အသံတစ်ခုသည် အတွင်းမှ ထွက်လာခဲ့ကာ
ဟင်းလင်းပြင် လေဟာနယ်တို့အား
ကျော်ဖြတ်လာ၍ ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေ အတွင်းသို့
ရောက်လာခဲ့သည်။

"မာစတာလင်းက သူတို့သုံးယောက်ကို
ကောင်းကင်နတ်ဘုရား ချုပ်နှောင်ခြင်း
အလံတံခွန်အထဲမှာ ချုပ်နှောင်ချင်နေတာလား"
ဒါသည် ယန်နန်းလိုင်၏ အသံဖြစ်သည်။

လင်းဖုန်းက ပြောလိုက်သည်။
"လောလောဆယ်တော့ ချောင်ဝေအတွက်ပဲ

နေရာရှိတယ်။ ကောင်းကင်နတ်ဘုရား ချုပ်နှောင်ခြင်း အလံတံခွန်က သန္ဓေလောင်းအဆင့်ပဲ ရှိသေးတော့ လောလောဆယ် အင်မော်တယ် ဝိညာဉ် ကိုယ်ပွားကိုပဲ ထည့်လို့ရသေးတယ်။ သူက ပွားစည်းခြင်း အဆင့်ကို ရောက်သွားရင်တော့ စင်စစ် ဖြစ်တည်မှုတွေကို ချုပ်နှောင်လို့ရပြီ"

"ဒါပေမဲ့ ကျုပ်မှာ သူတို့နှစ်ယောက်အတွက် နေရာရှိတယ်။ ရဲဘော်ယန် အနေနဲ့ ဘာမှ စိတ်ပူနေစရာ မလိုပါဘူး"

သူ၏လေသံသည် သက်တောင့်သက်သာ ရှိလှ၍ သာမန်ကိစ္စတစ်ခုအား ပြောနေသကဲ့သို့

ဖြစ်သည်။ သို့သော်လည်း ဒါသည် ချောင်ဝေနှင့် အကြီးအကဲ နှစ်ယောက်တို့အား မျက်နှာပျက်သွားစေခဲ့သည်။ သူတို့သည် ဒေါသအိုးများ ပေါက်ကွဲလာကြ၏။

သို့သော်လည်း လင်းဖုန်းသည် သူတို့အား ကြည့်ပင်မကြည့်ခဲ့ပေ။ သူသည် ပိုင်ယွင်တောင်ဘက်သို့ ကြည့်နေခဲ့ကာ ပြောလိုက်သည်။ "သူတို့ဟာ အင်မော်တယ် ဝိညာဥ်ကို ကြိုးကြိုးစားစား လေ့ကျင့်ခဲ့တဲ့ အချက်ကို ထောက်ထားပြီး သူတို့ရဲ့ အသက်တွေကို ချမ်းသာပေးလိုက်မယ်။ ဒါပေမဲ့ သူတို့က အပြစ်ပေးမှုကနေတော့ မလွတ်နိုင်ဘူး။ ကျုပ်ရဲ့

စောင့်ကြည့်မှုအောက်မှာ သူတို့က
အသက်ချမ်းသာရာတော့ ရနိုင်မယ်။
မဟုတ်ရင်တော့ ဒီနေရာမှာပဲ သေရလိမ့်မယ်"

"ကြည့်ရတာ ခင်ဗျားက ဆုံးဖြတ်ချက်
ချထားပြီးသားနဲ့တူတယ်" ယန်နန်းလိုင်က
ပြောလိုက်၏။

လင်းဖုန်းက ပြန်ဖြေလိုက်သည်။
"ကမ္ဘာနှစ်ခုအကြားက စစ်ပွဲစတော့မယ်ဆိုရင်
လူသားကလန်တွေက
သွေးစည်းညီညွတ်မှရမယ်။ စေ့စပ်ညှိနှိုင်းလို့
မရလို့ မဖြစ်ဘူး"

ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ
အတွင်းတွင် နတ်ကောင်းကင်
ခေါ်အကြီးအကဲနှင့် ကျန်သောသူများသည်
တိတ်ဆိတ်ငြိမ်သက်နေကြသည်။ ဟင်းလင်းပြင်
ဘုရားကျောင်းသည် ကမ္ဘာကြီးအား သူတို့၏
ကစားပွဲကဲ့သို့ သတ်မှတ်ထားကြသည်။
မဟာအင်အားစုများ၏
ခေါင်းဆောင်များသည်လည်း ထိုအချက်ကို
သိထားကြ၏။

မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်၊
နတ်ရေကန်ဂိုဏ်း၊ မဟာချင် အင်ပါယာနှင့်
မဟာကျိုး အင်ပါယာတို့ အားလုံးတို့သည်

သူတို့၏ တွက်ချက်မှုများ အတွင်းတွင်
ပါနေကြသည်။

ထိုအင်အားစုများသည်လည်း အတိုင်းအတာ
တစ်ခုအထိ သူတို့၏ ကိုယ်ပိုင်
အကျိုးအမြတ်များနှင့် တိုးတက်မှုများ
ရရှိစေရန်အတွက် ဟင်းလင်းပြင်
ဘုရားကျောင်းအား အသုံးချခဲ့ကြသည်။

အားလုံးတို့သည် ကိုယ်ပိုင်စီမံချက်များ
ရှိကြသော်လည်း အသိဉာဏ် နည်းဗျူဟာ
ပိုကောင်းသောသူမှာ နောက်ဆုံးရယ်နိုင်မည်
ဖြစ်သည်။

သို့သော်လည်း ယနေ့တွင် လင်းဖုန်းသည်
အစဉ်အလာများကို ရိုက်ချိုးပစ်ခဲ့သည်။

သူသည် သူတို့၏ စည်းမျဉ်းများအတိုင်း
မလိုက်နာနိုင်တော့ပေ။

သူသည် ကိုယ်ပိုင်စည်းမျဉ်းများ ရှိသူဖြစ်သည်။
စွမ်းအားအကြီးဆုံးသူသည်သာလျှင်
အမိန့်ပေးနိုင်မည် ဖြစ်၏။

## စာစဉ် ၃၂ : အပိုင်း ၈

# အပိုင်း ၅၉၈ : လင်းဖုန်း၏ ရဲတင်းသော လုပ်ဆောင်ချက်

လင်းဖုန်းသည် သူ၏အာရုံအား ပိုင်ယွင်တောင်သို့ ပြောင်းလိုက်ကာ ပြောလိုက်သည်။ "အမှန်တကယ် စည်းလုံးညီညွတ်မှုဟာ အပေါ်ယံတင် စေ့စပ်ညှိနှိုင်းနေတာထက် ပိုအရေးကြီးတယ်"

ပိုင်ယွင်တောင်ပေါ်တွင် ယန်နန်းလိုင်သည် ဘာမှမပြောပဲနှင့် သက်ပြင်းအရှည်ကြီး တစ်ချက်ကိုသာ ချလိုက်သည်။ သူသည် နောင်တကြီးစွာနှင့် နှမြောတာသ ဖြစ်နေခဲ့သည်။

ဤအချိန်တွင် နတ်ရေကန်ဂိုဏ်း၏ ကံကြမ္မာမှာ ဆုံးဖြတ်ပြီး ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

ယန်နန်းလိုင်နှင့် ဟင်းလင်းပြင် ဘုရားကျောင်း၏ အတွေးတို့မှာ လင်းဖုန်း၏ စကားအနည်းငယ်ကြောင့် ပြောင်းသွားလိမ့်မည် မဟုတ်ပေ။ သူတို့၏ ယုံကြည်မှုများသည် နှစ်ထောင်ပေါင်းများစွာ ရှည်ကြာလာခဲ့ပြီ ဖြစ်၏။ သူတို့ နှစ်ပေါင်းများစွာ လျှောက်လှမ်းလာသော လမ်းအား အလွယ်တကူနှင့် ပြောင်းနိုင်လိမ့်မည် မဟုတ်ချေ။

သို့သော်လည်း အုံဖွယ် ကောင်းကင်ဘုံဂိုဏ်း၊
မဟာချင် အင်ပါယာ၊ မဟာကျိူး အင်ပါယာ၊
ခရမ်းရောင် တိမ်တိုက်ဂိုဏ်းနှင့်
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်တို့အား ရင်ဆိုင်ရချိန်တွင်
ဟင်းလင်းပြင် ဘုရားကျောင်းသည် အလွန်ကို
နှိုင်းနှိုင်းချိန်ချိန်နှင့် ဆောင်ရွက်ရမည် ဖြစ်သည်။
ကိစ္စများကို ပဋိပက္ခ အကြီးအကျယ် မဖြစ်ပွားပဲ
ညှိနှိုင်းဆောင်ရွက်၍ရမည် မဟုတ်ပေ။

အားလုံးမသိကြသည့် အချက်မှာ
လင်းတောက်ဟန်သည် မဟာလွင်တီးခေါင်
ကုန်းမြေမှ ယူဆောင်လာသော အရေးကြီးသည့်
အချက်တစ်ခုအား ဟင်းလင်းပြင်

ဘုရားကျောင်းမှ အလေးအနက်
ဆွေးနွေးနေခဲ့ခြင်း ဖြစ်သည်။

အခြေအနေဆိုး နှစ်ခုအား
ရွေးချယ်ရမည်ဆိုလျှင် ပိုမိုသက်သာသော
တစ်ခုအား ရွေးရမည် ဖြစ်၏။
နတ်ဘုရားနယ်မြေ အတွင်းတွင် ဟင်းလင်းပြင်
ဘုရားကျောင်းသည် အနည်းငယ်
တိုးသာဆုတ်သာရှိအောင် လှုပ်ရှားရမည်
ဖြစ်သည်။

သို့သော်လည်း ယနေ့ အဖြစ်အပျက်သည်
ဟင်းလင်းပြင် ဘုရားကျောင်းနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း အပါအဝင် ကျန်သော

အင်အားစုများနှင့် အကြားတွင် စိတ်ဝမ်းကွဲမှု
အကြီးအကျယ် ဖြစ်သွားခြင်း ဖြစ်သည်။

လူအများစု၏ ရင်ထဲတွင်
ရှုပ်ထွေးနေကြသေးသော်လည်း အင်မော်တယ်
ဝိညာဉ် အဆင့်မှ အကြီးအကဲများ၏ ရင်ထဲတွင်
သိနေကြသည်။

နတ်ဘုရားနယ်မြေ အတွင်းမှ
လူသားကျင့်ကြံသူများ၏
ရိုးရာအစဉ်အလာသည် ယနေ့မှ၍ လုံးဝ
ပုံစံပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။

ဟင်းလင်းပြင် ဘုရားကျောင်း၏
နတ်ဘုရားနယ်မြေတွင် ကြီးစိုးလွှမ်းမိုးထားကာ
မဟာ အင်အားစုများ၏ စွမ်းအားများကို
မျှခြေညီအောင် လုပ်ဆောင်နေသည့်
အခြေအနေမှ ယခုအချိန်တွင် မဟာအင်အားစု
များစွာတို့က ပူးပေါင်းကာ ဟင်းလင်းပြင်
ဘုရားကျောင်းကို အံတုသည့် အခြေအနေသို့
ပြောင်းနေခဲ့ပြီ ဖြစ်သည်။

အတိုင်းအတာ တစ်ခုအနေနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် ဟင်းလင်းပြင်
ဘုရားကျောင်းအား ပလ္လင်ပေါ်မှနေ၍ ပို၍
မျှခြေရှိကာ ရှုပ်ထွေးသော အခြေအနေတစ်ခု
အတွင်းသို့ ဆွဲချခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း အခြားတစ်ဘက်မှနေ၍
ကြည့်လိုက်လျှင် ယနေ့မှစ၍
နတ်ဘုရားနယ်မြေမှ မဟာအင်အားစုများသည်
ဟင်းလင်းပြင် ဘုရားကျောင်းကို
အံတုခဲ့ခြင်းနှင့်အတူ သူတို့၏
ကြောက်မက်ဖွယ်ရာ စွမ်းအားများကို
ရင်ဆိုင်ရတော့မည် ဖြစ်သည်။

ကမ္ဘာနှစ်ခုအကြားမှ စစ်ပွဲတိုင်းတွင်
ဟင်းလင်းပြင် ဘုရားကျောင်းသည် သူတို့၏
စွမ်းအားအကုန်ကို ထုတ်သုံးခဲ့သည်။
သူတို့ပိုင်ဆိုင်ထားသည့် ကြောက်မက်ဖွယ်ရာ

စွမ်းအားသည် အားလုံးတို့အား
ထိတ်လန့်တုန်လှုပ်စေခဲ့၏။

သို့သော်လည်း စစ်ပွဲအပြီးတွင် ဟင်းလင်းပြင်
ဘုရားကျောင်းသည် တံခါးပိတ် နေနေခဲ့ကာ
သိုသိုသိပ်သိပ်နေခဲ့သည်။
အချိန်ကြာလာသောအခါ လူများသည် သူတို့၏
စွမ်းအားများကို လျစ်လျူရှုမိကြသည်။

သို့သော်လည်း ယနေ့မှစ၍
အရာအားလုံးတို့အား ပြန်လည် ပြုပြင်၍
မရတော့ချေ။

ယခုအချိန်မှပင် အားလုံးတို့သည်
ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းမှ
ရှီထျန်းဟောင်နှင့် ရှီထျန်းရီတို့၏ တိုက်ပွဲသည်
အရာအားလုံးတို့၏ အစပျိုးသော ဖြစ်ကြောင်းကို
သိလိုက်ကြသည်။

လင်းဖုန်းနှင့် ရှင်းလုံစန်း၊ ကောင်းဟာန်
အစရှိသောသူများ၏ တိုက်ပွဲသည်
ပို၍ကြီးမားသော တိုက်ပွဲများ၏ ကနဦးပင်
ဖြစ်သည်။

ဤတိုက်ပွဲ၏ အကျိုးသက်ရောက်မှုများသည်
ဗုဒ္ဓဝါဒကို နှိမ်နင်းသော စစ်ပွဲလောက်

မကြီးကျယ်သော်လည်း သူ၏
လွှမ်းမိုးမှုများသည် ပိုကြီးခဲ့သည်။

မဟာမိုးကြိုး ကျောင်းတော်ကြီး ပျက်စီးသွားပြီး
နောက်တွင် မြင့်မြတ်နယ်မြေ သုံးခုသည်
ဖိုခနောင့်ဆိုင် သုံးခုမှ တစ်ခုလျော့သွားခဲ့သည်။
အခြေအနေများသည် မရေရာခဲ့သော်လည်း
ခြုံ၍ကြည့်ရလျှင် လူသားကျင့်ကြံသူများသည်
ဟင်းလင်းပြင် ဘုရားကျောင်း၏ တွက်ချက်မှု
အတွင်းမှာပင် ရှိနေကြ၏။

သို့သော်လည်း ယနေ့မှစ၍
အရာအားလုံးတို့သည်
ကွဲပြားခြားနားသွားကြမည် ဖြစ်သည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည်
ထိပ်ဆုံးနေရာမှ ပြုတ်ကျသွားခဲ့ကာ
ကျန်သောသူများနှင့် အတူတူပင်
ဖြစ်သွားကြမည် ဖြစ်သည်။

နတ်ဘုရားနယ်မြေ၏ အခြေအနေသည်
အနာဂတ်တွင် မည်သို့ရှိမည် ဆိုသည်ကို
တစ်ယောက်ကမှ မပြောနိုင်ကြချေ။

ဖွဲ့စည်းတည်ဆောက်မှု ပုံစံအဟောင်းသည်
ပျောက်ကွယ်သွားမည်လော၊ သို့တည်းမဟုတ်
ဟင်းလင်းပြင် ဘုရားကျောင်းက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၊ မဟာချင်၊ မဟာကျိုးနှင့်
ကျန်သော မဟာအင်အားစုများကို

ကျော်လွှားနိုင်ကာ ဖွဲ့စည်းတည်ဆောက်မှု ပုံစံအဟောင်းကို ပြန်လည် ထိန်းသိမ်းနိုင်မည်လော။

မဟာလွင်တီးခေါင် ကုန်းမြေမှ လှုပ်ရှားမှုများ ပေါ်ပေါက်လာခဲ့လျှင်၊ သို့မဟုတ် ကမ္ဘာနှစ်ခုအကြားမှ စစ်ပွဲ ဖြစ်ပေါ်လာခဲ့လျှင် ဟင်းလင်းပြင် ဘုရားကျောင်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့သည် အပြောင်းအလဲမှုများကို ဘေးချိတ်ထားကာ ရန်သူကို အတူတကွ ရင်ဆိုင်ကြမည် ဖြစ်သည်။ သို့သော်လည်း မဟာလွင်တီးခေါင် ကုန်းမြေက ငြိမ်သက်နေခဲ့လျှင် နတ်ဘုရားနယ်မြေက ငြိမ်းချမ်းမှုရှိမည် မဟုတ်ပေ။

ဆီးနှင်းပုံ ဓားမာစတာက သူ၏ခေါင်းကိုခါကာ သက်ပြင်းချလိုက်သည်။ "ဒီနဂါးတိုက်ပွဲ စင်မြင့်က ရှီထျန်းရီနဲ့ ရှီထျန်းဟောင်တို့ရဲ့ တိုက်ပွဲအပြီးမှာ ဒီလိုမျိုး ရလဒ်တွေ ရလာလိမ့်မယ်လို့ တစ်ခါမှ ထင်မထားခဲ့ဘူး"

အလင်းဓားမြန် ဓားမာစတာကလည်း ထိုကဲ့သို့ တွေးနေခဲ့ကာ ခဏတာမျှ ကျောက်ရုပ်ကဲ့သို့ ဖြစ်သွားခဲ့သည်။ သူ၏ အမူအရာသည် ပြောင်းလဲသွားခဲ့၏။ "နေပါဦး၊ တကယ်လို့ ရှီထျန်းဟောင်က ရှုံးနိမ့်သွားခဲ့လို့ရှိရင် အရာအားလုံးက ပြောင်းလဲသွားလိမ့်မယ်။ ဒါမှမဟုတ် ရှီထျန်းရီက ရှုံးနိမ့်သွားပေမဲ့

ကောင်းဟာန်နဲ့ ကျန်တဲ့သူတွေက ဒီကိစ္စကို ဆက်မလိုက်တော့ပဲ ရှုံးနိမ့်မှုကို လက်ခံလိုက်ကြရင် ဒီလိုမျိုး အခြေအနေတွေ ဖြစ်လာမှာ မဟုတ်ဘူး"

ဆီးနှင်းပျံ ဓားမာစတာသည်လည်း ကြက်သေသေသွားခဲ့သည်။ ခဏအကြာတွင် သူသည် အလင်းဓားမြန် ဓားမာစတာ၏ ဆိုလိုရင်းကို သဘောပေါက်သွားခဲ့ပြီး တည်ငြိမ်စွာပင် ရှိနေခဲ့သည့် လင်းဖုန်းအား တစ်ချက်လှည့်ကြည့်လိုက်သည်။

"အားလုံးက သူ့ရဲ့ တွက်ချက်မှုအောက်မှာ ရှိနေပြီး ဒါက သူလိုချင်တဲ့

အဆုံးသတ်ဖြစ်တယ်လို့တော့ မပြောနဲ့နော်။
သူ.. သူကတကယ်ကို ရည်မှန်းချက်
ကြီးမားတာပဲ"

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်
မြင့်တက်လာသော အင်အားစုတစ်ခုဖြစ်သည်။
သူမြင့်တက်လာရန်အတွက် ရှိနေပြီးသား
အင်အားစုများထံမှ အကျိုးအမြတ်များကို
အမြတ်ထုတ်ရမည်မှာ မလွဲမရှောင်သာပေ။
ဟင်းလင်းပြင် ဘုရားကျောင်းမှာမူ
မဟာအင်အားစုများ အတွင်းတွင်
ထိပ်ဆုံးနေရာတွင် ရှိနေ၏။

အကယ်၍ လင်းဖုန်းနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့သည် လက်ရှိ
အသိုင်းအဝိုင်းအတွင်းသို့ ဒီအတိုင်းသာ
ဝင်ချင်ပါက သူတို့အနေနှင့် ရှိနေပြီးသား
စည်းမျဉ်းများကို လိုက်နာလျှင် အကောင်းဆုံး
ဖြစ်ပေလိမ့်မည်။

ယခုလက်ရှိ အခြေအနေသည် သက်ဦးဆံပိုင်
ကေရာဇ်တစ်ယောက်က သူ၏ အမတ်များကို
ဘွဲ့ထူးဂုဏ်ထူးများ ပေးနေခြင်းနှင့် တူနေ၏။
ဟင်းလင်းပြင် ဘုရားကျောင်းသည် အကြွင်းမဲ့
စွမ်းအားများကို ပိုင်ဆိုင်ထား၍
ကေရာဇ်တစ်ပါးနှင့် တူနေ၏။ ကေရာဇ်သည်
သူ၏အမတ်များ၏ လွှမ်းမိုးမှုကို

မခံရသည့်အပြင် သူဆန္ဒရှိပါက
သူ၏စွမ်းအားဖြင့် ကြိုက်သည့်သူကို
ရှင်းပစ်၍ရသည်။

အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်
အမတ်သာ ဖြစ်လိုပါက သူတို့သည် ကေရာဇ်၏
ဆန္ဒအတိုင်း လိုက်နာရုံသာ ဖြစ်သည်။ သူတို့နှင့်
အခြားအမတ်များ၏ ပဋိပက္ခများသည်
စည်းမကျော်ခဲ့ပါက ခွင့်လွှတ်သည်းခံ၍ရသည်။
ကေရာဇ်သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား
လက်ရှိ မဟာအင်အားစုများနှင့်
ယှဉ်နိုင်ရန်အတွက်ပင် ထောက်ပံ့ပေးဦးမည်
ဖြစ်သည်။

သို့သော်လည်း လင်းဖုန်း၏
ရည်ရွယ်ချက်များသည် ဤမျှ မနိမ့်ကျပေ။
ထို့ကြောင့်ပင် သူသည် အခြား ရည်မှန်းချက်
ကြီးမားသော အမတ်များနှင့် ပူးပေါင်း၍
ကေရာဇ်ကို နန်းချရန် ပူးပေါင်းကြံစည်ခဲ့ခြင်းပင်
ဖြစ်သည်။

တိုက်ဆိုင်လှစွာပင် ကေရာဇ်၏
နန်းတွင်းတွင်လည်း သူ၏ အမိန့်များကို
လိုက်မနာကြသူများ ရှိနေကြသည်။

အမြင်တစ်ခုအားဖြင့် ကြည့်လိုက်လျှင်
လင်းဖုန်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်း၏
ရှေ့ဆောင်လမ်းစဉ် ပါတီတို့သည်

ရည်ရွယ်ချက်ချင်း တူညီကြသည်။ သူတို့၏ ရေရှည်မျှော်မှန်းချက်များမှာ တစ်ယောက်နှင့် တစ်ယောက် သိပ်မကွဲပြားကြပေ။

ထိုအချက်မှနေ၍ လင်းဖုန်း၏ အကြံအစည်များကို သိနိုင်ပေသည်။ သူသည် ရှီထျန်းဟောင်က ရှီထျန်းရီကို အနိုင်ရမည်ကို ယုံကြည်နေ၏။ နောက်ထပ်ထပ်ဖြစ်လာမည့် ကိစ္စများကို ကြိုတင်ခန့်မှန်း၍ရနိုင်သည်။

ရှီထျန်းဟောင်နှင့် ရှီထျန်းရီ၏ အကြားမှ တိုက်ပွဲရလဒ်အား လင်းဖုန်းအနေဖြင့် တစ်ခါမှ သံသယ မဖြစ်ခဲ့ချေ။ သူသည် သူ၏တပည့်အား ယုံကြည်မှုအပြည့်ရှိသည်။

ထို့အတူပင် ကောင်းဟာန်နှင့်
ကျန်သာသူများအတွက်
သူ၏ရည်ရွယ်ချက်များမှာလည်း သိသာနေ၏။

ဆီးနှင်းပျံ့ ခေါးမာစတာသည် လင်းဖုန်းအား
ကြည့်လိုက်ကာ ခါးသီးစွာနှင့် ပြောလိုက်သည်။
"ဘယ်လောက်အထိ ရဲတင်းတဲ့
လုပ်ဆောင်ချက်လဲ။ လူသားကျင့်ကြံမှု
ကမ္ဘာတစ်ခုလုံးရဲ့ ဖွဲ့စည်းတည်ဆောက်ပုံကို
ပြောင်းပစ်ချင်နေတာ။ သမိုင်းထဲက
သာဓကတွေလိုမျိုး ချေမှုန်းခံရမှာကို
မကြောက်ဘူးလား"

"ခေးခုတ်ကောင်က ကားတစ်စီးကို မတားနိုင်ဘူး။ ဒါပေမဲ့ နဂါးလက်သည်းနဲ့ ဆင်ခြေထောက် တို့ကတော့ တားနိုင်တယ်" နေမင်းအလင်းတန်း ခေးမာစတာက ပြောလိုက်သည်။ "ဒီကနေ့ အဖြစ်အပျက်က အစပဲ ရှိသေးတယ်။ လင်းဖုန်းက ခေးခုတ်ကောင်လား၊ နဂါးလား၊ ဆင်လားဆိုတာကို နောက်ပိုင်းမှာ သိလာရမှာပေါ့"

"ဒါပေမဲ့ ဒီကနေ့ တိုက်ပွဲအရဆိုရင် သူက နဂါးတို့၊ ဆင်တို့ထက်တောင် ပိုပြီးမှ စွမ်းအားကြီးနေသလိုပဲ"

ဟင်းလင်းပြင် ဘုရားကျောင်းသည်
မဟာလွင်တီးခေါင် ကုန်းမြေမှ
ပြောင်းလဲမှုများကို ကိုင်တွယ်ရန်
ဆုံးဖြတ်လိုက်ကြသဖြင့် လင်းဖုန်းနှင့်
ကျန်သောသူများအား ယာယီလွှတ်ထားပေးရန်
ဆုံးဖြတ်လိုက်ကြသည်။ သို့ဖြစ်၍
နတ်ရေကန်ဂိုဏ်း၏ ကံကြမ္မာမှာ
သံသယဖြစ်ဖွယ် မရှိတော့ချေ။

ရေခဲမီးတောက် အကြီးအကဲ နှစ်ယောက်နှင့်
ချောင်ဝေတို့သည် ဒေါသတကြီး
ဖြစ်နေကြသည်။ ဆီးနှင်းပျံ ဓားမာစတာနှင့်
နေမင်းအလင်းတန်း ဓားမာစတာတို့
တွေးခဲ့မိသလို သူတို့လည်း တွေးခဲ့မိကြ၏။

ထို့ကြောင့် သူတို့သုံးယောက်သား
ခံပြင်းဒေါသထွက်နေကြသည်။

အစမှနေ အဆုံးအထိ လင်းဖုန်း၏ ပစ်မှတ်သည်
သူတို့မဟုတ်ခဲ့ပေ။

နတ်ရေကန်ဂိုဏ်းသည် မြင့်မြတ်နယ်မြေ
တစ်ခုထက် အောက်တစ်ဆင့်သာနိမ့်သော
ထိပ်သီးဂိုဏ်း တစ်ခုဖြစ်၏။ သို့သော်လည်း
ယနေ့ ပြုပြင်ပြောင်းလဲမှုများ၏အောက်တွင်
သူတို့သည် ဓားစာခံ ဖြစ်သွားခဲ့ရသည်။

ဒါသည် ရောမ အရာဝတ္ထု နှစ်ခုအကြားတွင် ရောက်နေခဲ့သော ကျောက်တုံးငယ်လေး တစ်တုံးကဲ့သို့ ဖြစ်သည်။ ထိုဝတ္ထုနှစ်ခုတို့သည် သတိမမူမိသည်နှင့် ကျောက်တုံးက ကြေမွသွားမည် ဖြစ်သည်။

ပို၍ဆိုသည်မှာ ထိုကျောက်တုံးက မိမိဘာသာ သူတို့၏ ခြေထောက်အောက်သို့ လာရောက်ခဲ့ခြင်း ဖြစ်သည်။

ချောင်ဝေနှင့် ကျန်သော အကြီးအကဲ နှစ်ယောက်တို့သည် မျက်ရည်ကျလုဆဲဆဲ ဖြစ်နေကြသည်။ သူတို့က လင်းဖုန်းသည် ဤကဲ့သို့သော ရည်မှန်းချက်မျိုး ရှိနေခြင်းနှင့်

သူ့ကို ထောက်ခံမည့်သူများ ရှိနေမှန်းကို မသိကြချေ။

သို့သော်လည်း နောင်တရရန် နောက်ကျသွားခဲ့ပြီ ဖြစ်သည်။ လင်းဖုန်းနှင့် ရွှမ်းလီတို့သည် တပြိုင်နက်တည်း လှုပ်ရှားလိုက်ကြသည်။ ဝင်ရိုးစွန်းနှစ်ဘက် ကောင်းကင်တောင်တန်း၊ ချောင်ဝေနှင့် အကြီးအကဲ နှစ်ယောက်တို့သည် အဖိနှိပ်ခံခဲ့ကြရသည်။

ချောင်ဝေ၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားသည် ဝမ်လင်း၏ ကောင်းကင်နတ်ဘုရား ချုပ်နှောင်ခြင်း

အလံတံခွန် အတွင်းသို့ အထည့်ခံလိုက်ရ၍
အကြီးအကဲနှစ်ယောက်တို့မှာ လင်းဖုန်း၏
စွမ်းအားများဖြင့် အဖမ်းဆီး ခံခဲ့ကြရသည်။

ရွှမ်းလီသည် ခေါ့အိမ်အတွင်းသို့
ပြန်လည်ဝင်ရောက်သွားခဲ့ကာ
ကောင်းကင်ဖျက်ဆီး ခေါ့အိမ်ကြီးက
ရုတ်တရက် ကြီးမားလာခဲ့၏။ သူသည်
ဝင်ရိုးစွန်းနှစ်ဘက်
ကောင်းကင်တောင်တန်းထက် မသေးငယ်ခဲ့ပေ။
သူသည် တောင်အတွင်းသို့ ထိုးသွင်းလိုက်ကာ
တောင်အား ရွှေ့လျားခြင်းမှ တားဆီးခဲ့သည်။

တိုက်ပွဲသည် ဤအဆင့်သို့ ရောက်သောအခါ
နောက်ဆုံးတွင် ရပ်တန့်သွားခဲ့သည်။

အားလုံးတို့သည် အံ့သြတုန်လှုပ်နေကြဆဲ
ဖြစ်သည်။ အထူးသဖြင့် အင်မော်တယ် ဝိညာဉ်
အဆင့်မှ အကြီးအကဲများ ဖြစ်ကြသည်။
သူတို့သည် ယနေ့မှာ အရာအားလုံး၏ အစသာ
ဖြစ်သေးမှန်းကို သိပေသည်။

နတ်ကောင်းကင် ဓားအကြီးအကဲသည်
သက်ပြင်းဖွဖွလေး ချလိုက်သည်။
ကောင်းကင်မာစတာ ဓားဂိုဏ်းသည်
အမြဲတစေပင် ဟင်းလင်းပြင် ဘုရားကျောင်း၏
လျှို့ဝှက်စွာ ကူညီမှုကို ခံနေရခြင်း ဖြစ်သည်။

သူတို့သည် ယနေ့မှစ၍ မည်ကဲ့သို့
ရှေ့ဆက်ရပါမည်နည်း။

ဟင်းလင်းပြင် ဘုရားကျောင်း၏
ကောင်းကင်မာစတာ ခေါ်ဂိုဏ်းအပေါ်
သဘောထားမှာ ပို၍ကောင်းလာမည်လော၊
သို့မဟုတ် ပို၍ဆိုးလာမည်လော။

မဟာချင် အင်ပါယာဘက်တွင် ဝူချင်လျှိုသည်
နှုတ်ဆိတ်နေခဲ့၏။ သူ၏ဘေးမှ
ဟင်းလင်းပြင်တွင် ရှီယုက
ထပ်မံပေါ်လာခဲ့သည်။

"အရှင်မင်းမြတ်၊ ဆုံးဖြတ်ပြီးပြီလား"
ဝူချင်လျှိုက မေးခွန်းတစ်ခုထဲကို
မေးလိုက်သည်။

ရှီယုက ပြောလိုက်သည်။ "ပြောင်းလဲဖို့
အချိန်တန်ပြီ"

ဝူချင်လျှိုက သက်ပြင်းတစ်ချက် ချလိုက်သည်။
"ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ။ ကျွန်တော်တို့က
အနစ်နာခံပြီးမှ သူများတွေကို ကူညီရတယ်။
ဒါပေမဲ့ ကျွန်တော်တို့အတွက်
ဘာအကျိုးအမြတ်မှ မရဘူး" သူသည်
ညှာတာမှု မရှိစွာနှင့် ပြောလိုက်သည်။

"အနာဂတ်က ကြိုတင်ခန့်မှန်းလို့ မရဘူး။ ဘယ်သူက ယုံကြည်ချက် တကယ်ရှိနိုင်မှာလဲ" ရှီယုသည် စိတ်မဆိုးသွားခဲ့ပဲ ခပ်တည်တည်နှင့်သာ နေနေခဲ့သည်။ "ငါက မခန့်မှန်းနိုင်ဘူး။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကလည်း မခန့်မှန်းနိုင်သလို ချင်လျှို၊ မင်းကလည်း မခန့်မှန်းနိုင်ဘူး"

ဝူချင်လျှိုက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဟုတ်တယ်၊ ဘယ်သူကမှ အနာဂတ်ကို ခန့်မှန်းလို့ မရနိုင်ဘူး"

ရှိယုက ကောင်းကင်သို့ လက်ညှိုးထိုးလိုက်သည်။ ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေ အတွင်းမှ အနီရောင် ကောင်းကင်အတွင်းတွင် လေဟာနယ်များ တွန့်လိမ်သွားကာ ဧရာမ ဝဲကတော့တစ်ခု ဖြစ်လာခဲ့သည်။ အဖြူရောင် နဂါးရုပ်ထုနှင့် ကျောက်စိမ်းတံခါး တစ်ခုက ထပ်မံပေါ်ထွက်လာခဲ့သည်။ ဒါသည် နဂါးကျောက်တုံးဂိတ် ဖြစ်၏။

နဂါးကျောက်တုံးဂိတ်သည် ယခုအချိန်တွင် ပွင့်သွားခဲ့ပြီ ဖြစ်သည်။ နဂါးဟိန်းသံများသည် ကောင်းကင်အား တုန်ခါသွားစေ၍ တံခါးထံမှ

တောက်ပသော အလင်းတန်းများသည် နေရာအနှံ့သို့ ပျံ့နှံ့သွားကြသည်။

ဟင်းလင်းပြင် ဘုရားကျောင်းနှင့် ပဋိပက္ခ မဖြစ်ခဲ့သကဲ့သို့ ရှီယုက အေးဆေးသက်သာစွာဖြင့် ပြောလိုက်သည်။ "ထျန်းဟောင်၊ မင်းက နဂါးကျောက်တုံးဂိတ်အထဲကို ဝင်လို့ရပြီ။ မင်းရဲ့ အချိန်အကန့်အသတ်က တစ်ရက်ဖြစ်တယ်။ တကယ်လို့ အဲ့ဒီအချိန်အတွင်းမှာ ယူနိုင်ခဲ့တဲ့ ရတနာတွေဟာ မင်းအတွက်ပဲ ဖြစ်တယ်။ ဒါက မင်းတရားမျှတစွာ ပိုင်ဆိုင်တဲ့ ဆုလာဘ်ဖြစ်တယ်"

လင်းဖုန်း၏ ခေါင်းအပေါ်တွင် ခရမ်းရောင် တိမ်တိုက်များက ထစ်ချုန်းလာကြသည်။ သူတို့သည် ယုကျောင်းတောင်၏ ပုံရိပ်ရေးရေးလေးကို ဖော်ပြလိုက်ကြ၏။ ရှည်လျားသော လူငယ်တစ်ယောက်သည် တောင်အတွင်းမှ ခုန်ထွက်လာခဲ့သည်။ သူသည် ရှီထျန်းဟောင်ဖြစ်သည်။

သူ၏ခန္ဓာကိုယ်မှ အမာရွတ်များက ပျောက်ကွယ်သွားပြီ ဖြစ်သည်။ သို့သော်လည်း သူ၏ မျက်နှာမှာ စက္ကူစကဲ့သို့ ဖြူဖွေးလျှက်ရှိသေး၏။ သူသည် အနည်းငယ် အားနည်းသည့်ပုံ ပေါက်နေခဲ့သည်။

သို့သော်လည်း သူသည် စိတ်ခေတ်များ
တက်ကြွလျှက် ရှိသည်။ ရှီထျန်းရီနှင့်
တိုက်ပွဲအပြီးတွင် သူသည် အသွင်အပြင်
ဖွဲ့စည်းပုံ ပြောင်းလဲခြင်းတစ်မျိုး
ဖြစ်ပေါ်လာခဲ့သည်။

ရှီထျန်းဟောင်သည် လင်းဖုန်းဘက်သို့
လှည့်ကြည့်လိုက်သည်။ လင်းဖုန်းသည်
ခေးအိမ်ကြီး၏ အပေါ်တွင် တင်ပလ္လင်ခွေ
ထိုင်နေခဲ့၍ ပြုံးလိုက်ကာ
ခေါင်းညိတ်ပြလိုက်သည်။ ရှီထျန်းဟောင်သည်
ရှီယုဘက်သို့ လက်ဝှေ့ယမ်းပြလိုက်၏။
သူ၏ပုံရိပ်သည် လက်ကနဲ ဖြစ်သွားခဲ့ကာ

နဂါးကျောက်တုံးဂိတ် အတွင်းသို့ ဝင်သွားခဲ့သည်။

"ဒီအတွက် ရဲဘော်ရှီကို ကျေးဇူးတင်ရမယ်" လင်းဖုန်းက ပြုံး၍ပြောလိုက်ရာ ရှီယုကလည်း စကားမပြောပဲနှင့် သူ၏ခေါင်းကို တည်ငြိမ်စွာဖြင့် ညိတ်လိုက်သည်။

ပြီးတာနှင့် လင်းဖုန်း၏ အသံသည် ဟင်းလင်းပြင် လေဟာနယ် အတွင်းတွင် ပဲ့တင်ရိုက်လာခဲ့သည်။ "ကျုပ်ဟာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဝင်ချင်တဲ့သူတွေအတွက် နောက်ထပ် တပည့်တွေကို လက်ခံပါ့မယ်။

စိတ်ဝင်စားတဲ့သူတွေက ရှီးလင်မြို့ကို သွားနိုင်ပါတယ်။ အချိန်အကန့်အသတ်က တစ်လဖြစ်ပါတယ်။ အချိန်လွန်မှ ဝင်ချင်တဲ့သူတွေအနေနဲ့ ရှကျိုးကို သွားနိုင်ပါတယ်"

သူ၏အသံသည် မကျယ်လောင်သော်လည်း ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့သွားခဲ့သည်။ သူသည် နတ်ဘုရားနယ်မြေ တစ်ခုလုံးကို ရောက်ရှိသွားခဲ့ကာ  ရုတ်ရုတ်သဲသဲ ဖြစ်စေခဲ့၏။

"ဒီတိုက်ပွဲအပြီးမှာ ငါ့ရဲ့ ဂုဏ်သိက္ခာတွေ အကြီးအကျယ် တက်သွားခြင်းနဲ့အတူ ငါက တပည့်တွေကို ထပ်ပြီးလက်ခံနိုင်တော့မယ်။

ဒါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ကျော်ကြားလာတဲ့ နာမည်ကို အထိရောက်ဆုံး အသုံးချနိုင်ခြင်းပဲ" လင်းဖုန်းက တွေးလိုက်သည်။ "နောက်ထပ် အရေးကြီးတဲ့ ခြေတစ်လှမ်းကို လှမ်းခဲ့ခြင်း ဖြစ်တယ်။ ဒါပေမဲ့ အနာဂတ်မှာ ပိုပြီးတော့ အရေးပါတဲ့ ကိစ္စတွေ ရှိသေးတယ်"

သူ၏ အသိစိတ်သည် စနစ်ကြီး၏ အတွင်းသို့ ဝင်သွားခဲ့ရာ သတင်းများစွာတို့အား တွေ့လိုက်ရ၏။

"အဓိကမစ်ရှင် ၂.၁ကို အောင်မြင်စွာနဲ့ ပြီးဆုံးသွားတဲ့အတွက် ဂုဏ်ယူပါတယ်"

"အဓိကမစ်ရှင် ဆုလာဘ်ကို
ထုတ်ပေးလိုက်ပါပြီ"

"နောက်ထပ် အဓိကမစ်ရှင်အသစ် ၂.၂ကို
ထုတ်လိုက်ပါပြီ"

## စာစဉ် ၃၂ : အပိုင်း ၉

## အပိုင်း ၅၉၉ : တစ်ယောက်၏ ခန္ဓာကိုယ် အချုပ်အနှောင်များကို ဖယ်ရှားပြီး ဘဝ၏ အဓိက ရည်မှန်းချက်ကို ရှာဖွေခြင်း

"အဓိကမစ်ရှင် ၂.၁ကို အောင်မြင်စွာ
ပြီးဆုံးသွားတဲ့အတွက် ဂုဏ်ယူပါတယ်"

"အဓိက မစ်ရှင်ရဲ့ အထူးဆုကို
ထုတ်ပေးလိုက်ပါပြီ"

လင်းဖုန်းသည် ရတနာသေတ္တာအား ဖွင့်လိုက်ရာ
တောက်ပကြည်လင်၍
ထွင်းဖောက်မြင်နေရသည့်
ကျောက်စိမ်းတစ်တုံးသည်
သူ၏လက်အတွင်းသို့ ကျရောက်လာခဲ့သည်။

စနစ်ကြီး၏ အဓိကမစ်ရှင် ပြီးမြောက်ခြင်းမှ သူချီသာဝက အဆင့်တွင် ရရှိခဲ့သော အေးရီးစ်ကိုယ်ပွားနှင့် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါမှသည် စကြာဝဠာ အလင်းတန်းနွယ်ပင်နှင့် ကောင်းကင် အကာအကွယ်ထီးတို့အထိ သူ့အတွက် အလွန်အမင်းပင် အသုံးဝင်ခဲ့ကြသည်။

လင်းဖုန်းသည် သူ၏လက်အတွင်းမှ ကျောက်စိမ်းတုံးလေးအား ကြည့်လိုက်ကာ တွေးနေခဲ့သည်။ "ဒီပစ္စည်းလေးက ကောင်းကင် အကာအကွယ်ထီးနဲ့ အမျိုးအစားတူတယ်။

အလွန်အသုံးဝင်ပေမဲ့ တစ်ယောက်က
သတိမထားခဲ့ရင် ဆိုးကျိုးကို ပေးနိုင်တယ်"

လင်းဖုန်းသည် အချိန်ခဏကြာမျှ တွေးနေခဲ့ကာ
ထိုကျောက်စိမ်းတုံးလေးအား
သေချာသိမ်းလိုက်သည်။ ပြီးတာနှင့် စနစ်၏
အသစ်ထုတ်ပေးခဲ့သော အဓိကမစ်ရှင်
အသစ်ကို ကြည့်လိုက်၏။

အဓိကမစ်ရှင် ၂.၂ - အနာဂတ်
ဖွံ့ဖြိုးမှုများအတွက် အဓိက ပြင်ဆင်ခြင်း

မစ်ရှစ်၏ ဖော်ပြချက် : မူလကောင်းကင်
ကမ္ဘာမှာ သင့်ရဲ့ နာမည်တစ်လုံးကို
တည်ဆောက်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်။
သင့်တည်ဆောက်နေတဲ့ဂိုဏ်းရဲ့
အခြေခံတွေဟာ ခြေလှမ်းအကြီးကြီးတစ်ရပ်
လှမ်းနိုင်ခဲ့ပါပြီ။

ဒါပေမဲ့ တစ်ခဏတာ ကျော်ကြားမှုဟာ ထာဝရ
တည်မြဲခြင်းကို ကိုယ်စားမပြုပါဘူး။
ထိပ်သီးဂိုဏ်းတွေရဲ့ အကြားမှာ
ထိပ်ဆုံးရောက်ဖို့ရာ တစ်ယောက်က ခိုင်မာတဲ့
အခြေခံ ရှိရမှာဖြစ်ပြီး စဉ်ဆက်မပြတ်
တည်ဆောက်နေရမှာ ဖြစ်ပါတယ်။

ဂိုဏ်းကတပည့်တွေဟာ
အရွယ်ရောက်လာကြပြီး သူတို့ရဲ့ ပညာတွေကို
နောက်မျိုးဆက်တွေကို ဖြန့်ဖြူးပေးနေကြပါပြီ။
မျိုးဆက်တိုင်းမှာ ပါရမီရှင်တွေကို
မွေးထုတ်နိုင်ဖို့ရာ အရည်အချင်းသာ
အရေးကြီးတာ မဟုတ်ပါဘူး။
အရေအတွက်ကလည်း အရေးပါပါတယ်။
နောက်ဆုံးမှာ ဖွံ့ဖြိုးစည်ပင်နိုင်ရန်က အဓိက
ရည်မှန်းချက် ဖြစ်ပါတယ်။

ဒီကနေ့ကစပြီး သင်ဟာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ တပည့်တွေကို
အယောက် တစ်ထောင်ကျော်
ပြုစုပျိုးထောင်ရပါမယ်။ အခြေတည်ဝိညာဥ်

အဆင့်ကို ရောက်တဲ့သူတွေဟာ စုစုပေါင်းရဲ့ ၁% ရှိရမှာဖြစ်ပြီး ရွှေရောင်ဗဟိုချက် အဆင့်က ကျင့်ကြံသူတွေကတော့ ၁၀% ရှိရမှာ ဖြစ်ပါတယ်။ အခြေခံအုတ်မြစ် အဆင့်က တပည့်တွေ အနေနဲ့ စုစုပေါင်းရဲ့ ၃၉% ကျော်ရှိရမှာ ဖြစ်ပါတယ်။

အချိန်ကန့်သတ်ချက် : နှစ်ပေါင်းငါးဆယ်။ တကယ်လို့ အချိန်မီ မပြီးမြောက်နိုင်ဘူးဆိုရင် အဓိက မစ်ရှင်ရဲ့ အထူးဆုကို ရုပ်သိမ်းသွားမှာ ဖြစ်ပါတယ်။

"ဟာ" လင်းဖုန်း၏

မျက်လုံးသူငယ်အိမ်များသည်

ကျဉ်းမြောင်းသွားခဲ့ပြီးမှ ပြူးကျယ်လာခဲ့သည်။
သူသည် မစ်ရှစ်၏ အသေးစိတ်
အချက်အလက်များကို ခေါင်းအတွင်းတွင်
ပုံနှိပ်ထားသကဲ့သို့ မှတ်မိနေခဲ့ပြီး သူ၏
အာရုံများကို နောက်ဆုံးစာကြောင်း အပေါ်တွင်
အာရုံစိုက်ထားခဲ့ခြင်း ဖြစ်သည်။
အချိန်အကန့်အသတ်ကို ဖော်ပြထားသည့်
စာကြောင်းအား အထူးဂရုပြုနေခြင်း ဖြစ်၏။

အချိန်ကန့်သတ်ချက် အနှစ်ငါးဆယ်သည်
အရေးမကြီးပေ။ အရေးကြီးသည်မှာ
ဤစာကြောင်း၏ နောက်တစ်ပိုင်း ဖြစ်သည်။

"တကယ်လို့ အချိန်မီ မပြီးဆုံးခဲ့လို့ရှိရင် အဓိကမစ်ရှင်ရဲ့ အထူးဆုကို ရုပ်သိမ်းသွားမှာ ဖြစ်ပါတယ်..." လင်းဖုန်းသည် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်သည်။ သူသည် ယခုမစ်ရှင်၏ ယခုအစိတ်အပိုင်းနှင့် ယခင်က ရရှိခဲ့သော မစ်ရှင်များ၏ ညွှန်ကြားချက်များနှင့် နှိုင်းယှဉ်လိုက်သည်။

အချိန်ကန့်သတ်ချက်ကို ဖော်ပြထားသော စာကြောင်း၏ နောက်ဆုံးအပိုင်းတွင် ဤစကားလုံးများ အမြဲပါနေခဲ့သည်။ "တကယ်လို့ အချိန်မီ မပြီးမြောက်ခဲ့လျှင် သင့်အား တိုက်ရိုက်သုတ်သင်ပါမည်"

ယခုအချိန်တွင် ဤအဓိကမစ်ရှင်တွင် အချိန်အကန့်အသတ် ပါနေသော်လည်း အချိန်အကန့်အသတ်ကို ကျော်လွန်သွားသည့် ပြစ်ဒဏ်သည် အထူးဆုအား ပယ်ဖျက်ခြင်းပင် ဖြစ်သည်။

"ငါက အင်မော်တယ် ဝိညာဉ်ကို ဖန်ဆင်းနိုင်ခဲ့လို့များလား။ ဒါမှမဟုတ် တခြားအကြောင်းရင်းတွေ ရှိသေးလား"

လင်းဖုန်း၏ လက်ရှိ စိတ်အခြေအနေသည် အနည်းငယ် ရှုပ်ထွေးနေခဲ့သည်။

ရိုးသားစွာနှင့် ပြောရလျှင် အသက်အန္တရာယ်
ခြိမ်းခြောက်မှုများ မရှိပါက သူသည်
အချိန်ယူကာ အချိန်ကာလ တစ်ခုအထိ
တံခါးပိတ်၍ ကျင့်ကြံနေမည် ဖြစ်သည်။
စွမ်းရည် အတိုင်းအတာ တစ်ခုအထိ ရရှိပြီးမှ
သူ့ကိုယ်သူ ဖော်ပြကာ
ကျင့်ကြံမှုကမ္ဘာအတွင်းတွင် နေရာတစ်ခု
ယူမည်ဖြစ်၏။

သူသည် မစ်ရှင်ကို ပြီးမြောက်ရန် ဆန္ဒရှိပါက
ပြုလုပ်မည် ဖြစ်သည်။ သူက လုပ်ချင်သောဆန္ဒ
မရှိပါက ခေါက်ထားလိုက်မည် ဖြစ်သည်။

ယခုအချိန်အထိ အနည်းငယ် ဖိအားများသော ယခုကလေးတင် တိုက်ခိုက်ခဲ့ရသည့် တိုက်ပွဲမှလွဲလျှင် သူစွန့်စားခဲ့ရသည့် အချိန်များသည် စနစ်ကြီးကြောင့် ချီသာဝက အဆင့်တွင် ဖိအားအပေးခံရသည့် အချိန်များပင် ဖြစ်သည်။

စွန့်စားရခြင်းသည် သေနိုင်ရန် ရာခိုင်နှုန်း များသော်လည်း မစ်ရှင်ကို မပြီးမြောက်လျှင် ကျိန်းသေသေမည် ဖြစ်၏။ လင်းဖုန်း၏ ရင်အတွင်းတွင် မွေးရာပါ သူ့အသက်ကို ထိန်းသိမ်းလိုသော ဆန္ဒရှိနေသည့် အတွက်ကြောင့် သူ၏ စွန့်စားခန်းများစွာ ဖွင့်ခဲ့ရခြင်း ဖြစ်သည်။ ယခုအချိန်တွင်

နောက်ပြန်စဥ်းစားမိခဲ့လျှင် သူသည်
အနည်းငယ် ကြောက်ရွံ့နေဆဲပင် ဖြစ်သည်။

ရှီထျန်းဟောင်၊ ရှောင်ယန်၊ ဇူရီနှင့်
ဝမ်လင်းတို့အား တပည့်အဖြစ်
လက်ခံခဲ့ရခြင်းသည် လွယ်ကူသော အရာများ
မဟုတ်ပေ။ အထူးသဖြင့် ဝူကျိုးမြို့တွင်
ရှောင်ယန်အား တပည့်အဖြစ် လက်ခံခဲ့ရစဥ်က
မီးလျှံခားဂိုဏ်းမှ ရွှေရောင်ဗဟိုချက် အဆင့်
အကြီးအကဲ တစ်ယောက်အား
ချီသာဝကအဆင့်ဖြင့် ရင်ဆိုင်ခဲ့ရချိန်တွင်
ဖြစ်၏။ သူသည် ကံမကောင်းလျှင်
ထိုအချိန်တွင် အသက်ပျောက်သွားနိုင်သည်။

အကယ်၍ လင်းဖုန်းသည် နှိုင်းနှိုင်းချိန်ချိန်ဖြင့် မလှုပ်ရှားတတ်ခဲ့ပါက အကြိမ်ပေါင်းများစွာ သေပြီးဖြစ်နေလိမ့်မည်။

"ဒါပေမဲ့လည်း ရိုးသားစွာနဲ့ ဝန်ခံရရင် အဲ့ဒီလိုမျိုး ဖိအားတွေ မရှိခဲ့ပဲနဲ့ ငါက လက်ရှိအဆင့်ကို ရောက်နိုင်မှာ မဟုတ်ဘူး" လင်းဖုန်းသည် သူ၏မျက်လုံးအား မှိတ်လိုက်ကာ ခေတ္တမျှ စဥ်းစားလိုက်၏။ ပြီးတာနှင့် သူကရယ်လိုက်သည်။ "ဒါပေမဲ့လည်း ပြန်တွေးကြည့်လိုက်ရင် အသက်အန္တရာယ် ခြိမ်းခြောက်မှုတွေ မရှိခဲ့ရင်လည်း ငါက ကြိုးစားခဲ့မှာပဲ"

"ဒါ့အပြင် ငါကဘာဖြစ်လို့ အပျင်းထူနေလို့ ရမှာလဲ။ သမိုင်းဝင် ဂန္ထဝင်ဂိုဏ်းချုပ် ဖြစ်ဖို့က စိတ်ဝင်စားစရာ မကောင်းဘူးလား။ အဲ့ဒီအဆင့်ကို ရောက်သွားပြီး ကိုယ့်ပုံရိပ်ကိုယ် ပြန်ကြည့်နေရတာ စိတ်လှုပ်ရှားစရာပဲ"

လင်းဖုန်းသည် မျက်လုံးများကို ပြန်ဖွင့်လိုက်သည်။ သူသည် ကောင်းကင်ဖျက်ဆီး ခေါ်အိမ်ပေါ်တွင် ထိုင်နေခဲ့ရင်း တစ်ချက်ဟိန်းဟောက်လိုက်သည်။ ကောင်းကင်အား တုန်ခါသွားစေခဲ့ကာ အားလုံးတို့အား ထိတ်လန့်စေခဲ့သည်။

ကြည်လင်သော အလင်းတန်းတစ်ခု
ထွက်လာခဲ့ကာ ရောမ
ထိုက်ကျိရုပ်ပုံတစ်ခုသည် ဟင်းလင်းပြင်
အတွင်းတွင် ပေါ်ပေါက်လာခဲ့သည်။

ထိုက်ကျိရုပ်ပုံ အတွင်းမှ ကြည်လင်သော
သီချင်းသံတစ်ခု ထွက်ပေါ်လာခဲ့သည်။
သို့သော်လည်း တစ်ယောက်ကမှ
သူ၏စာသားများကို အသေအချာ မကြားရပေ။
သူတို့သည် သဘာဝအလျှောက်
ငြိမ်းချမ်းမှုများကိုသာ ခံစားလိုက်ရသည်။

လင်းဖုန်း၏ ခေါင်းအတွင်း၌သာ ထိုသီချင်း၏
စာသားများကို ကြားနေနိုင်ခဲ့သည်။

"ငါ့ရဲ့ကိုယ်ပိုင် အနှောင်အဖွဲ့တွေကို ချိုးဖောက်နိုင်မှသာ ငါ့ဘဝရဲ့ အဓိပ္ပာယ်ကို ရှာဖွေနိုင်လိမ့်မယ်"

ထိုက်ကျိရုပ်ပုံသည် တစ်ကမ္ဘာလုံးအား လွှမ်းခြုံ၍ ကြည့်နေခဲ့သည်။ လင်းဖုန်းသည် သူ၏အရှေ့မှ ကမ္ဘာကြီးအား ကြည့်လိုက်ကာ ကြုံးဝါးလိုက်သည်။ "ကျုပ် လင်းဖုန်းဟာ သမိုင်းဝင် ဂန္ထဝင်ဂိုဏ်းချုပ် ဖြစ်လာရမယ်"

ထိုကြည်လင်သော အလင်းတန်းသည် ထိုက်ကျိရုပ်ပုံအား လင်းဖုန်း၏ နဖူးအတွင်းသို့

ပြန်ဆွဲသွင်းသွားခဲ့၏။ လင်းဖုန်း၏
မျက်နှာပေါ်တွင် အပြုံးတစ်စ ပေါ်လာခဲ့ကာ
အနည်းငယ် လွတ်လပ်နေသော်လည်း
ကြီးစိုးလွှမ်းမိုးနိုင်သည့် အော်ရာအား
ထုတ်ဖော်ပြသခဲ့သည်။

ကောင်းကင်နဂါး
ရှေးဟောင်းနယ်မြေအတွင်းတွင် ရှိယုက
ဦးဆောင်၍ အင်မော်တယ် ဝိညာဉ် အဆင့်မှ
အကြီးအကဲများသည် လင်းဖုန်းအား
အကဲခတ်နေကြ၏။

သူတို့သည် လင်းဖုန်း၏ ခန္ဓာကိုယ် အတွင်းမှ
ပြောင်းလဲမှု အသေးစိတ်များကို အတိအကျ

မသိကြသော်လည်း သူသည် လွန်စွာမှ ကြောက်မက်ဖွယ် ကောင်းလာသည်ကို ခံစားမိခဲ့ကြသည်။ သူသည် အသွင်သဏ္ဍာန် ပြောင်းလဲခြင်း တစ်ရပ်နှင့် တွေ့ကြုံခဲ့ရသကဲ့သို့ ဖြစ်နေခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်းနှင့် စူတောင်ဓားဂိုဏ်းတို့အား အနိုင်ယူအပြီးတွင် လင်းဖုန်း၏ စွမ်းအားနှင့် ပုံရိပ်တို့သည် ထပ်မံတိုးတက်လာခဲ့၏။ သူသည် အင်မော်တယ် ဝိညာဥ် အဆင့်က အကြီးအကဲများကပင် ခေါင်းမော့ကြည့်ရသည့် အဆင့်သို့ ရောက်သွားခဲ့ပြီ ဖြစ်သည်။

ရှိယုတစ်ယောက်တည်းသာ ဣန္ဒြေမပျက် ရှိနေခဲ့သည်။

သူသည် လင်းဖုန်းအား ကြည့်လိုက်ကာ မေးလိုက်သည်။ "မာစတာလင်း၊ ခင်ဗျားကြည့်ရတာ တစ်စုံတစ်ခုကို အောင်မြင်မှု ရသွားခဲ့သလိုပဲ"

လင်းဖုန်းက ရယ်လိုက်သည်။ "ဘာမှမဟုတ်ပါဘူး။ ကျုပ်က အကြောင်းအရာ တချို့ကို တွေးမိလို့ပါ။ ကျုပ်ရဲ့ အပြုအမူတွေက ရယ်စရာတွေ ဖြစ်ကုန်ပြီ"

အင်မော်တယ် ဝိညာဥ် အဆင့်မှ
အကြီးအကဲတစ်အုပ်က ပြန်ပြောလိုက်ကြ၏။
"မာစတာလင်းက လျှို့ထားနေပြန်ပါပြီ"
သူတို့အားလုံးတို့သည် လင်းဖုန်း၏
စိတ်အခြေအနေက ဟင်းလင်းပြင်
ဘုရားကျောင်းအား စိန်ခေါ်အပြီးတွင်
နောက်တစ်ဆင့် တက်သွားခဲ့သည်ဟု
ခံစားနေခဲ့ရသည်။

သူတို့အားလုံးတို့သည် ချီတုံချတုံ
ဖြစ်နေကြသည်။ လင်းဖုန်းသည် တပည့်များကို
ဒုတိယ အကြိမ်အဖြစ် လက်ခံမည်ဟု
ကြေညာထားခဲ့သည်။ ထိုအချိန်တွင်
နောက်ထပ် ဂိုဏ်းဖွင့်ပွဲ အခမ်းအနား တစ်ခု

ကျင်းပဦးမည် ဖြစ်သည်။ သူတို့သည် တက်ရောက်ခြင်း ပြုသင့်မပြုသင့် ဟူသည်မှာ စဉ်းစားရခက်သော မေးခွန်းတစ်ခု ဖြစ်နေခဲ့သည်။

သူတို့အများစု၏ မျက်စိအတွင်းတွင် ဒါသည် သူတို့ရပ်တည်မှုကို ရွေးချယ်ခြင်းပင် ဖြစ်သည်။ သူတို့သည် ဟင်းလင်းပြင် ဘုရားကျောင်းကို ရွေးချယ်မည်လော၊ သို့မဟုတ် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် အခြားအင်အားစုများ၏ မဟာမိတ်ကို ရွေးချယ်ရမည်လော။

နေမင်းအလင်းတန်း ခေးမာစတာနှင့် ဆီးနှင်းပုံ
ခေးမာစတာတို့သည်
တစ်ယောက်ကိုတစ်ယောက်
ကြည့်လိုက်ကြကာ ခါးသီးစွာနှင့်
ပြုံးလိုက်ကြသည်။

လင်းဖုန်းသည် သူ့အောင်ပွဲ၏
ဂုဏ်ကျက်သရေအား အခွင့်ကောင်းယူ၍
တပည့်များကို လက်ခံမည်ဟု
ကြေညာလိုက်သည်။
အခြားမဟာအင်အားစုများကို ဘက်ရွေးရန်
ဖိအားပေးခဲ့သည်။ ဒါသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား ဟင်းလင်းပြင်
ဘုရားကျောင်းကို ဆန့်ကျင်သည့်

အုပ်စုအတွင်းတွင် ခေါင်းဆောင်နေရာသို့ ပို့လိုက်ခြင်း ဖြစ်သည်။

ဒါသည် မကောင်းသော အကြံအစည်တို့အား တန်ပြန်ခြင်း ဖြစ်သည်။ လင်းဖုန်း၏ ကြောက်မက်ဖွယ်ရာ စွမ်းအားများနှင့်အတူ အားလုံးတို့သည်လည်း သူတို့၏ ကိုယ်ပိုင် အကြံအစည်များ ရှိကြသည်။ သို့သော်လည်း သူတို့သည် လင်းဖုန်းသည် လက်ရှိအဆင့်အတန်းနှင့် ထိုက်တန်သော စွမ်းရည်များ ရှိသည်ကို သူတို့က လက်ခံထားကြ၏။

သို့သော်လည်း ဤသို့သာဆိုလျှင် လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့သည် ဟင်းလင်းပြင် ဘုရားကျောင်းအား ဆန့်ကျင်ရာတွင် ရှေ့ဆုံးတန်းသို့ ရောက်သွားခဲ့သည်။ သူတို့သည် ဂုဏ်ကျက်သရေများကို ခံစားရခြင်းနည်းတူ တာဝန်နှင့် ဝတ္တရားများကိုလည်း ယူရမည် ဖြစ်၏။

အားလုံးတို့ရင် ရင်အတွင်းတွင် ဒွိဟဖြစ်နေကြခြင်းကို လင်းဖုန်းက သိပ်ဂရုမစိုက်နေခဲ့ပေ။ သူ၏ အာရုံကို စနစ်ကြီး အတွင်းသို့ ပြန်ပို့လိုက်သည်။

သူသည် ယခုအချိန်တွင် စနစ်ကြီး၏ မစ်ရှင်အား သေချာ လေ့လာသုံးသပ်ရန် အချိန်ရှိသွားခဲ့ပြီ ဖြစ်သည်။

အသက်အန္တရာယ် ခြိမ်းခြောက်မှု မရှိသော်လည်း လင်းဖုန်းသည် ဤမစ်ရှင်အား အဆုံးသတ်ရန် ဆုံးဖြတ်ချက် ချထားပြီး ဖြစ်သည်။ ထို့အပြင် စနစ်ကြီး၏ အထူးဆုများမှာ မက်မောဖွယ် ကောင်းလှ၏။ အသက်အန္တရာယ် မရှိနိုင်ဟု ဆိုရုံဖြင့်ပင် လင်းဖုန်းအား အချိန်အကန့်အသတ်ကျော်သွား၍ အရှုံးပေးစေမည် မဟုတ်ချေ။

လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့ အနေဖြင့် ဤမစ်ရှင်အား အချိန်အနည်းဆုံးယူ၍ ပြီးမြောက်စေခြင်းသည် သူတို့၏ စွမ်းအားများကို လျှင်မြန်စွာ တိုးတက်လာနိုင်ခြင်း ဖြစ်သည်။ သူတို့သည် အဘယ်ကြောင့် ဖင်လေးနေရပါမည်နည်း။

ဟင်းလင်းပြင် ဘုရားကျောင်းနှင့် ထိပ်တိုက်ဆန့်ကျင်ခဲ့ခြင်းသည် လင်းဖုန်းအား မသိမသာနှင့် ဖိအားပေးနေခဲ့ခြင်း ဖြစ်သည်။ သူသည် အရမ်းကြိုးစားနေရသည်၊ သို့မဟုတ် စွမ်းအားအရမ်းကောင်းနေပြီဟု တစ်ခါမှ မြည်တမ်းနေမည် မဟုတ်ပေ။

သို့သော်လည်း ညွှန်ကြားချက်များကို အသေအချာ ဖတ်ပြီးသောအခါ လင်းဖုန်းသည် သူ၏ နှုတ်ခမ်းများကို တွန့်လိုက်သည်။ "ဒီတစ်ခေါက်မှာ သေမိန့်မချခဲ့ပေမဲ့ စနစ်ကြီးရဲ့ မစ်ရှင်တွေကတော့ အရင်ကလိုမျိုး ချီးထုပ်ကျတုံးပဲ"

နှစ်ပေါင်းငါးဆယ် အတွင်းတွင် လင်းဖုန်းသည် အနည်းဆုံး တပည့်တစ်ထောင် လက်ခံရမည် ဖြစ်သည်။ သူတို့အတွင်းတွင် အနည်းဆုံး ၁%က အခြေတည်ဝိညာဉ် အဆင့်၊ ၁၀%က ရွှေရောင်ဗဟိုချက် အဆင့်နှင့် ၃၉%နှင့် အထက်သည် အခြေခံအုတ်မြစ် အဆင့်သို့ ရောက်ရှိရမည် ဖြစ်သည်။

အခြားစကားလုံးများဖြင့် ပြောရလျှင် ဤတပည့်တစ်ထောင်တို့အနက် လင်းဖုန်းသည် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ ၁၀ယောက်၊ ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ အယောက်၁၀၀နှင့် အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူ ၃၉၀နှင့် အထက်ကို မွေးထုတ်ရမည် ဖြစ်၏။

အချိန်အကန့်အသတ်သည် နှစ်ပေါင်း၅၀ ဖြစ်၏။ လင်းဖုန်းဖြစ်စေ၊ သူ၏ တပည့်များဖြစ်စေ အချိန်ကန့်သတ်ချက်သည် နှစ်ပေါင်း၅၀ ဖြစ်သည်။ ထို့ကြောင့် လင်းဖုန်းက မဟာကမ္ဘာအတွင်းတွင် နှစ်ပေါင်းငါးဆယ်

အချိန်ဖြုန်း၍ သူ၏တပည့်များကို
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ
အတွင်းသို့ ပစ်သွင်းကာ သူတို့၏
ကျင့်ကြံမှုများကို မြှင့်တင်ပေး၍ မရချေ။

စနစ်အတွင်းတွင် နောက်ထပ် အသေးစိတ်
ညွှန်ကြားချက်များ ထပ်ရှိသေး၏။
တပည့်တိုင်း၏ ကျင့်ကြံမှုအား
နှစ်ပေါင်းငါးဆယ် ကန့်သတ်ထားမည် ဖြစ်ကာ
နောက်နှစ်ပေါင်းငါးဆယ်အပြီးမှ ကျင့်ကြံမှုဖြင့်
အရေအတွက်များကို တိုင်းတာမည် ဖြစ်သည်။
နှစ်ပေါင်းငါးဆယ် အလွန်တွင် သူတို့အနက်မှ
တစ်ယောက်သည် အင်မော်တယ် ဝိညာဉ်

အဆင့်သို့ပင် ရောက်ရှိသွားလျှင်ပင်
ထည့်တွက်မည် မဟုတ်ပေ။

ကျင့်ကြံသူတစ်ယောက်အတွက်
နှစ်ပေါင်းငါးဆယ်သည် ဘာမှမဟုတ်ပေ။
သို့သော်လည်း သာမန်လူများ အဖို့
နှစ်ပေါင်းငါးဆယ်သည် သူ၏ဘဝ
တစ်ဝက်ဖြစ်သည်။ လူအများအပြားတို့သည်
ဤမျှ အချိန်ကြာအောင် ကျင့်ကြံအပြီးတွင်
ချီသာဝကအဆင့်တွင်သာ ရှိနေကြသေး၏။

အကယ်၍ အခြေခံအုတ်မြစ် အဆင့်သည်
ရွှေရောင်ဗဟိုချက် အဆင့်သို့ရောက်အောင်
မကျင့်ကြံနိုင်ခဲ့ပါက သူသည်

အသက်ကြီးရင့်လာ၍ သေဆုံးသွားမည်
ဖြစ်သည်။

သို့သော်လည်း ပါရမီရှင် ကျင့်ကြံသူ
တစ်ယောက်အနေဖြင့် နှစ်ပေါင်းငါးဆယ်သည်
ဘာမှမဟုတ်ပေ။

လူသားကျင့်ကြံမှုကမ္ဘာတွင် ပါရမီရှင်
တစ်ယောက်အနေဖြင့် သတ်မှတ်ထားသည့်
စံနှုန်းမှာ နှစ်ပေါင်းတစ်ရာအတွင်း
အခြေတည်ဝိညာဉ်အား ဖော်ဆောင်နိုင်ခြင်း
ဖြစ်သည်။ ပို၍မြန်လေ ကောင်းလေဖြစ်သည်။

လင်းဖုန်း၏ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
အခြေခံနှင့် အရင်းအမြစ်များ အနေဖြင့် ပါရမီရှင်
တပည့်လေးများအား ရွေးချယ်ကာ
ရွှေရောင်ဗဟိုချက် အဆင့် တပည့်၁၀၀နှင့်
အခြေခံအုတ်မြစ် အဆင့်မှ
တပည့်ရာပေါင်းအနည်းငယ်အား
မွေးထုတ်ရခြင်းသည် ဤမျှ မခက်ခဲပေ။

ရှကျိုးမှ ဂိုဏ်းဖွင့်ပွဲ အခမ်းအနားတွင်
လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
နာမည်သည် သာမန်မျှသာ ရှိသေး၏။
သို့သော်လည်း သူတို့၏ အားသာချက်မှာ
ခွန်းလွန်တောင် မြောက်ပိုင်းတွင်
မဟာအင်အားစုများ မရှိခြင်းဖြစ်သည်။

ထို့ကြောင့်ပင် ပါရမီရှင်ပေါင်း များစွာတို့သည်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသို့ ဝင်ရောက်ရန်
လာခဲ့ခြင်း ဖြစ်သည်။

ယခုအချိန်တွင် သူတို့သည်
ဒုတိယအကြိမ်အဖြစ် တပည့်များကို
လက်ခံတော့မည် ဖြစ်သည်။
ဂိုဏ်းသို့ဝင်ချင်သောသူများမှာလည်း
ပိုများလာမည် ဖြစ်သည်။
ပါရမီရှင်များစွာတို့ကလည်း ပိုများလာတော့မည်
ဖြစ်သည်။

သို့သော်လည်း အခြား
မဟာအင်အားစုများကလည်း သူတို့၏

အရင်းအမြစ်များကို အသုံးပြုကာ
ပါရမီရှင်များကို ရှာဖွေနေကြသည်။
ပါရမီရှင်လေးများသည် သူတို့၏
အလားအလာများကို ထုတ်ဖော်ပြသခဲ့သည်နှင့်
တပြိုင်နက် သူတို့သည်
ထိုမဟာအင်အားစုများ၏ လက်ခံခြင်းကို
ခံလိုက်ရ၏။ ထို့ကြောင့် လင်းဖုန်းသည်
ဤဂိုဏ်းဖွင့်ပွဲ အခမ်းအနားအား
သိပ်ပြီးမျှော်လင့်ချက် မထားခဲ့ပေ။

သို့သော်လည်း ယခုအချိန်တွင် စိတ်ဝိညာဉ်
အားဖြည့်ဆေးလုံးအား ယခုအချိန်တွင်
အမြောက်အမြား ထုတ်လုပ်နိုင်ပြီ ဖြစ်သည်။
ယုကျင်းတောင်မှ

အခြားအရင်းအမြစ်များနှင့်ဆိုလျှင်
လင်းဖုန်းသည် အရိုးအရင်းမြစ်များက
သိပ်မမြင့်သောသူများကိုပင် ပါရမီရှင်များအဖြစ်
မွေးထုတ်နိုင်ရန် ယုံကြည်ချက် ရှိနေသည်။

ထို့ကြောင့်ပင် အခြေခံအုတ်မြစ် အဆင့်မှ
တပည့် တစ်ဝက်နီးပါးနှင့် ရွှေရောင်ဗဟိုချက်
အဆင့်မှ တပည့်များ ဆယ်ပုံတစ်ပုံတို့သည်
သူ့အတွက် ပြဿနာ မဟုတ်ချေ။

အရိုးရှင်းဆုံးနည်းလမ်းမှာ တပည့်၅ဂဂအား
အရင်လက်ခံ၍ အသေအချာ
လေ့ကျင့်သင်ကြားပေးရမည်။ သူတို့အပေါ်တွင်
အရင်းအမြစ်များကို ပုံအော၍ အသုံးပြုရမည်။

သူတို့အများစုသည် အခြေခံအုတ်မြစ် အဆင့်သို့ ရောက်သွား၍ ဆယ်ပုံတစ်ပုံသည် ရွှေရောင်ဗဟိုချက် အဆင့်သို့ အလွယ်တကူ ရောက်နိုင်မည် ဖြစ်သည်။ ပြီးတာနှင့် နောက်ထပ် တပည့်၅၀၀ကို ထပ်မံလက်ခံရမည်ဖြစ်သည်။

လင်းဖုန်းအား အခက်တွေ့စေသည့် အချက်မှာ နှစ်ပေါင်းငါးဆယ်အတွင်း အခြေတည်ဝိညာဥ် အဆင့်မှ တပည့်ဆယ်ယောက်အား မွေးထုတ်ရမည့် အချက်ဖြစ်သည်။

## စာစဥ် ၃၂ : အပိုင်း ၁၀

# အပိုင်း ၆၇၇ : စနစ်ကြီးက ထပ်မံချောက်ချခြင်း

လူသားကျင့်ကြံမှုကမ္ဘာ အတွင်းတွင်တွင် ကျင့်ကြံသူ တစ်ယောက်က နှစ်ပေါင်းတစ်ရာ အတွင်းတွင် အခြေတည်ဝိညာဥ်အား ဖော်ဆောင်နိုင်လျှင် ထူးချွန်ထက်မြက်သော ပါရမီရှင် တစ်ယောက်ဖြစ်၍ အလွန်တောက်ပသော အနာဂတ် ရှိနိုင်သည်ဟု သတ်မှတ်ထားကြခြင်း ဖြစ်သည်။

ကောင်းကင်ကိုးလွှာ ခေးမဟာမိတ် အဖွဲ့တွင် ထောင်ရောင်ရောင်သည် အဘယ်ကြောင့်

ထင်ပေါ်ကျော်ကြား၍ အထင်ကြီးခြင်းအား ခံခဲ့ရပါသနည်း။ အဘယ်ကြောင့်ဆိုသော် သူမသည် ရွှေရောင်ဗဟိုချက် အဆင့်၏ အထွတ်အထိပ်သို့ ရောက်ရှိ၍ အခြေတည်ဝိညာဥ်အား ဖန်ဆင်းတော့မည့် အချိန်တွင် အသက်တစ်ရာပြည့်ရန်ပင် အချိန်အနည်းငယ် လိုနေခြင်းကြောင်း ဖြစ်သည်။

ထိုအဖြစ်အပျက်သာ မဖြစ်ပျက်ခဲ့လျှင် ထောင်ရောင်ရောင်သည် အခြေတည်ဝိညာဥ် အဆင့်အား နှစ်ပေါင်းတစ်ရာအတွင်းတွင် ရောက်ရှိနိုင်မည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

အလားတူပင် အဘယ်ကြောင့် ရှီချုံးယွမ်သည် ပါရမီသာရှိ၍ ကျင့်ဝတ်သိက္ခာမရှိဟု သတ်မှတ်ခြင်းအား ခံခဲ့ရပါသနည်း။ လူတွေသည် သူ့အား ကျင့်ဝတ်သိက္ခာမရှိဟု ပြောကြခြင်းမှာ သူ၏ ကိုယ်ကျင့်စရိုက်တွင် အပြစ်အနာအဆာများ ရှိခြင်းကြောင့် ဖြစ်သည်။

သူ့အား ပါရမီရှိသည်ဟု ပြောကြခြင်းမှာ သူသည် အခြေတည်ဝိညာဥ် အဆင့်အား နှစ်ပေါင်းတစ်ရာ အတွင်း၌ ရောက်ရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် မဟာချင် အင်ပါယာတွင် အခြေတည် ချုံးယွမ်နှင့် ရွှေရောင်ဗဟိုချက် ရှင်းယွမ်ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။

ရှောင်ယန်၊ ရှီထျန်းဟောင်နှင့်
ကျန်သောသူများသည်
မကျော်ကြားလာသေးခင်တွင်
နတ်ဘုရားနယ်မြေ အတွင်းမှ ပါရမီရှင်များ
အကြားတွင် အဆင့်အမြင့်ဆုံး
အသတ်မှတ်ခံထားရသူများမှာ ရှီထျန်းရီနှင့်
ကျင်းဟွမ်အမတ် လျှမ်အန်းပင် ဖြစ်သည်။
အဘယ်ကြောင့်ဆိုသော် သူတို့သည်
အခြေတည်ဝိညာဉ် အဆင့်အား စောစီးစွာနှင့်
ရောက်ခဲ့ခြင်းကြောင့် ဖြစ်သည်။ သူတို့သည်
ရှီချုံးယွမ်နှင့် ထောင်ရောင်ရောင်တို့ထက်ပင်
ပို၍ ပါရမီ ထူးချွန်ကြသေးသည်။

သို့သော်လည်း ယခုအချိန်တွင် ဒါသည် ပြဿနာ ဖြစ်၏။ စနစ်ကြီးသည် လင်းဖုန်းအား အခြေတည်ဝိညာဉ် အဆင့်မှ တပည့်ဆယ်ယောက်အား နှစ်ငါးဆယ် အတွင်းတွင် မွေးထုတ်ပေးရန် တောင်းဆိုခဲ့သည်။

နတ်ဘုရားနယ်မြေ အတွင်းတွင် နှစ်ပေါင်းငါးဆယ်အတွင်း အခြေတည်ဝိညာဉ် အဆင့်အား ရောက်နိုင်သော လူငယ်မျိုးဆက်များ မည်မျှရှိနိုင်ပါမည်နည်း။

အလယ်ကမ္ဘာများကိုပင် ထည့်တွက်လျှင် ဇူရီ၊ ရှောင်ကျန်းအာ၊ ရှီထျန်းရီနှင့် ကျင်းဟွမ်အမတ်။

ထို့နောက်တွင် မည်သူများ ရှိသနည်း။

တစ်ယောက်မှ မရှိကြချေ။ အနည်းဆုံးတော့ လင်းဖုန်းသိသည့်သူ တစ်ယောက်မှ မရှိချေ။ ဟင်းလင်းပြင် ဘုရားကျောင်းနှင့် စူတောင်ဓားဂိုဏ်းတို့တွင် ပုန်းကွယ်နေသော ပါရမီရှင်များ ရှိကောင်းရှိနိုင်သည်။ မရှိသည်လည်း ဖြစ်နိုင်သည်။

သေမင်းခန်းမတွင်လည်း ပါရမီရှင်လေးများ မွေးထုတ်ကောင် မွေးထုတ်နိုင်လိမ့်မည်။ သိုသိုသိပ်သိပ်နေကြသော ပါရမီရှင်လေးများ

ရှိကောင်း ရှိနေနိုင်မည်။ သို့သော်လည်း ဒါတွေ
အားလုံးတို့သည် မသေချာလှပေ။

ကျင့်ကြံမှု အရှိန်အဟုန်နှင့်
တိုးတက်လာကြသော ပါရမီရှင်များသည်
အများအားဖြင့် ကျော်ကြားကြသူများ
ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော
လူအများစုသည် စံနှုန်းတစ်ခုသို့ ရောက်ခဲ့လျှင်
အပြင်ကမ္ဘာသို့သွား၍ အတွေ့အကြုံ
ရှာဖွေရခြင်း ဖြစ်သည်။

သူတို့သည် အခြေအနေ တစ်ခုသို့
ရောက်သွားခဲ့လျှင် ကျင့်ကြံမှုသက်သက်ဖြင့်
မတိုးတက်နိုင်ကြတော့ချေ။ သူတို့သည်

အပြင်သို့သွား၍ ကျင်လည်ကျက်စားကာ အတွေ့အကြုံများ ရယူ၍ တစ်ဆို့ပိတ်ပင်နေသော အတားအဆီးများကို ကျော်ဖြတ်ကာ နည်းစနစ်များ မှော်ကျိန်စာများကို နားလည်အောင် လုပ်ရခြင်း ဖြစ်သည်။

ထိုနည်းလမ်းဖြင့် သူတို့သည် ထင်ရှားကျော်ကြားလာကြသည်။ အိမ်မှာပင် နေနေ၍ အခြားလူများ မသိသောသူများ ရှိနိုင်သလော။ ရှိနိုင်ပေသည်။ သို့သော်လည်း သူတို့သည် လူနည်းစုသာ ဖြစ်ကြသည်။

လူငယ်မျိုးဆက် အတွင်းတွင် စွမ်းအားကြီးသော ကျင့်ကြံသူများ အနည်းငယ်ကိုသာ ရှာဖွေတွေ့ရှိနိုင်သည်။

ပိုမိုထပ်မံ၍ တွက်ချက်ချင်လျှင် လင်းတောက်ဟာန်၊ ယန့်မင်းရွဲ့၊ ပန်ကျဲတို့အား ထည့်တွက်နိုင်သည်။ ဇူရီ၏မိခင် မုန့်ပင်းယွင်နှင့် ဖခင် ဇူဟုန်ဝူတို့ကိုပင် စဥ်းစား၍ရသည်။ လင်းဖုန်းကြားဖူးသော ပါရမီရှင် ကျင့်ကြံသူများသည် ဤထက်မပိုပေ။

အားလုံးကို စုပေါင်းလိုက်လျှင် ဆယ်ယောက်ပင် မပြည့်ချေ။

လက်ရှိအခြေအနေတွင် လင်းဖုန်း၏ တပည့်များ ဖြစ်ကြသော ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့သည် ဤပစ်မှတ်ကို ပြည့်မှီနိုင်မည်မှာ အာမခံနိုင်သည်။ ရှီရှင်းယွမ်နှင့် ကျောင်ကျုံချန်းတို့သည်လည်း ဖြစ်နိုင်ခြေများ ရှိကြသည်။

ဒါသည် နတ်ဘုရားနယ်မြေ တစ်ခုလုံးအား ခြုံငုံသုံးသပ်ထားခြင်း ဖြစ်သည်။ သူတို့အား ပြုစုပျိုးထောင်ကြသူများမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ ဟင်းလင်းပြင် ဘုရားကျောင်း၊ မဟာချင် အင်ပါယာ၊ မဟာကျိုး

အင်ပါယာနှင့် ရှေးဟောင်းကေရာဇ်တို့၏
မျိုးဆက်များ ဖြစ်ကြသည်။

မဟာအင်အားစုများသည် အစွမ်းအထက်ဆုံး
တာအိုနည်းစနစ်များနှင့် အကောင်းဆုံး
ကျင့်ကြံမှု အရင်းအမြစ် ပစ္စည်းများကို
ထောက်ပံ့ပေးနိုင်ကြသည်။ လမ်းတိုမလိုက်ပဲ
ပါရမီများကို မဖြုန်းတီးခဲ့လျှင်
အခြေတည်ဝိညာဉ် အဆင့်သို့
နှစ်ပေါင်းငါးဆယ်အတွင်း ရောက်နိုင်သူများမှာ
အနည်းငယ်သာ ရှိနိုင်သည်။

စနစ်ကြီးက လင်းဖုန်းအား ဆယ်ယောက်အထိ မွေးထုတ်ခိုင်းနေခြင်းသည် တကယ့်ကို တမင်သက်သက် ချောက်ချနေခြင်း ဖြစ်သည်။

သတင်းကောင်း တစ်ခုမှာ ရှောင်ယန်နှင့် ကျန်သောသူများအား ထည့်တွက်နိုင်ခြင်းပင် ဖြစ်သည်။

သို့သော်လည်း သတင်းဆိုးမှာ ဝမ်လင်းအား ထည့်မတွက်နိုင်ခြင်း ဖြစ်၏။

ဝမ်လင်းသည် လင်းဖုန်း၏ လက်အောက်တွင် အခြေတည်ဝိညာဥ်အား ပထမဆုံး

ဖော်ဆောင်နိုင်သူ ဖြစ်ခဲ့သော်လည်း
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာနှင့်
ဟင်းလင်းပြင် စစ်တလင်းတို့ အတွင်းတွင်
ကျင့်ကြံခဲ့သော အချိန်များကို
ထည့်ပေါင်းလိုက်လျှင် ဝမ်လင်းသည် နှစ်ပေါင်း
တစ်ရာကျော် ကျင့်ကြံပြီးမှ အခြေတည်ဝိညာဉ်
အဆင့်သို့ ရောက်ခဲ့ခြင်း ဖြစ်သည်။

ဤမစ်ရှင်သည် ယခုအချိန်မှပင် ထုတ်ခဲ့ခြင်း
ဖြစ်သော်လည်း စနစ်ကြီးသည်
စတင်ကြေညာသည့် အချိန်မှ
စတွက်ခြင်းမဟုတ်ပဲ ကျင့်ကြံသူ
တစ်ယောက်က အခြေတည်ဝိညာဉ် အဆင့်သို့

မရောက်မီ စတင်ကျင့်ကြံသောနေ့မှစ၍ ရေတွက်ခြင်း ဖြစ်သည်။

သို့သော်လည်း လင်းဖုန်း၏ နှစ်ပေါင်းငါးဆယ် အချိန်အကန့်အသတ်က ပြည့်သွားပြီး သူ့တပည့်များ၏ ကျင့်ကြံမှု အချိန်က နှစ်ပေါင်းငါးဆယ် မပြည့်သေးသော်လည်း အချိန်ပြည့်သွားမည် ဖြစ်၏။

စနစ်ကြီးသည် မည်မျှကောက်ကျစ်သည် ဆိုသည်ကို လင်းဖုန်းက သိပြီးသား ဖြစ်၏။ သူသည် စနစ်ကြီးအား တရားမျှတရန် တောင်းဆိုနေ၍လည်း မရပေ။ သူ့တွင် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ

ရှိနေသည့်အတွက် နောက်ပိုင်းမှ လက်ခံသော
တပည့်များအား ထိုအတွင်းသို့ ပစ်ထည့်ရန်သာ
တတ်နိုင်တော့သည်။

လင်းဖုန်းသည် သူ့လက်ထဲမှ ဖဲချပ်များကို
တွက်ကြည့်လိုက်၏။ ဝမ်လင်းအပြင် ဇူရီ၊
ရှီထျန်းဟောင်နှင့် ရှောင်ယန်တို့သည်
အခြေတည်ဝိညာဉ် အဆင့်သို့
ရောက်ရှိနိုင်ကြသည်။ သံသယဖြစ်ဖွယ် မရှိချေ။

ကျန်သောသူများအနက် ယွဲ့ဟုန်ယန်၊ ယန်ချင်၊
လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့သည်
ဤသတ်မှတ်ချက်ကို ပြည့်မီရန်
မျှော်လင့်ချက်များ ရှိကြသည်။

မတော်တဆမှုများသာ မရှိကြလျှင် သူတို့သည် အခြေတည်ဝိညာဉ် အဆင့်သို့ နှစ်ပေါင်းငါးဆယ် မပြည့်မီ ရောက်နိုင်ကြသည်။

နောက်ဆုံးတွင် လင်းတုန်တွင် မျှော်လင့်ချက် ရှိနိုင်သည်။ သူမ၏ အခြေခံသည် လွန်စွာခိုင်မာ၏။ သို့သော်လည်း သူမသည် လူသားမဟုတ်၊ မိစ္ဆာမဟုတ် ဖြစ်နေသဖြင့် လင်းဖုန်းသည် သူက တရားဝင် ကျင့်ကြံ၍ ရမရဟူသည်ကို စဉ်းစားရဦးမည်။

အထူးသဖြင့် သူမသည် သစ်ပင်တစ်ပင်မှ မွေးဖွားလာခြင်း ဖြစ်၏။ သစ်ပင်၏ ကျင့်ကြံမှုမှာ များသောအားဖြင့် အချိန်ယူရခြင်း

ဖြစ်သဖြင့် သူမသည် စဉ်းစား၍ရသော
သင့်တော်သူ တစ်ယောက်သာ ဖြစ်၏။

သူတို့အပြင် ကျန်သောသူများက မသေချာပေ။

လင်းဖုန်းက ခါးသီးစွာနှင့် ပြုံးလိုက်သည်။
"ဒီတစ်ခေါက် တပည့်လက်ခံတဲ့နေရာမှာ
ပါရမီရှင်လေးတွေ ပါမပါဆိုတာကို ကြည့်ရမယ်။
ပြီးတာနဲ့ ရှောင်ယန်နဲ့ ကျန်တဲ့သူတွေကို
အပြင်လွှတ်ပြီး ရှာခိုင်းရမယ်။ သူတို့က
အသုံးဝင်တဲ့သူ တစ်ယောက်ယောက်ကို
ရှာနိုင်သလားဆိုတာကို ကြည့်ရမယ်"

သူ၏ ဒုတိယအကြိမ် တပည့်လက်ခံပွဲအား လင်းဖုန်းက မျှော်လင့်နေသည်။ သို့သော်လည်း သတင်းစဖြန့်ကာစ ရှိသေးပြီး လူများသည် ရှီးလင်မြို့သို့ရောက်ရန် အချိန်တစ်ခု စောင့်ရဦးမည် ဖြစ်သည်။ လင်းဖုန်းသည် သူနိုင်ခဲ့သော တိုက်ပွဲမှ ဆုလာဘ်များကို ရေတွက်ရန် အချိန်ရှိသေးသည်။

သဘာဝအလင်းတန်း ကောင်းကင်ဝတ်ရုံ၏ မူလစိတ်ဝိညာဉ်သည် သူ၏ဖျက်ဆီးခြင်းအား ခံလိုက်ရသည်။ ရိုးသားစွာနှင့် ပြောရလျှင် ဒါသည် ရတနာကောင်း တစ်ခုဖြစ်သည်။ သူ၏ မူလစိတ်ဝိညာဉ်အား ဖျက်ဆီးခဲ့ရခြင်းသည် နှမြောစရာ ကောင်းလှ၏။ သို့သော်လည်း

လင်းဖုန်းတွင် သူ၏ မူလစိတ်ဝိညာဉ်ကို ဖြေရှင်းရန် အချိန်မရှိခဲ့ပေ။ ထို့ကြောင့်သာ ဖျက်ဆီးခဲ့ရခြင်း ဖြစ်သည်။ သူသည် ထိုဝတ်ရုံအား ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ံပါ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရည်ရွယ်ထားခဲ့သည်။

ဤမှော်ရတနာအား ရရှိ၍ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ံပါမှ မှော်ရတနာ ၁၂ပါးတို့အား ပြည့်စုံစေခဲ့ခြင်း မမျှော်လင့်ထားသည့် ဆုလာဘ်ဖြစ်သည်။ ဒါသည် သူရရှိခဲ့သော ဆုလာဘ်များအနက် အရေးပါသော ဆုလာဘ်ဖြစ်၏။

၁၁နှင့် ၁၂အကြားမှ ကွာခြားချက်သည် မှော်ရတနာ တစ်ခုသာ ခြားနားသော်လည်း ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအပေါ်တွင် သက်ရောက်မှုမှာ ကြီးမားလှ၏။

အစပထမတွင် ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်း ပုံစံခြောက်မျိုးအနက် ပြောင်းလဲခြင်း ငါးမျိုးသာ ရှိသေး၏။ သူသည် ဝက်ပါချိုးဖောက်ဗုံအား ခုခံနိုင်သော်လည်း သူ၏ ဝက်ပါပြောင်းလဲမှုများမှာ ဝက်ပါချိုးဖောက်ဗုံ၏ ဟန့်တားခြင်းများကို ခံနေရ၏။

ပြောင်းလဲခြင်း ခြောက်မျိုးတို့
ပြည့်စုံသွားသောအခါ သူသည်
ဝက်ပါချိုးဖောက်ဖုံအား အနိုင်ယူနိုင်ခဲ့သည်။
ဝက်ပါချိုးဖောက်ဖုံသည် ဝက်ပါများကို
ချိုးဖောက်ရန် အထူးတည်ဆောက်ထားခြင်း
ဖြစ်သည်။ သူသည် မဟာယာန အဆင့်မှ
မှော်ရတနာ တစ်ပါးလည်းဖြစ်သည်။ အကယ်၍
ဝင်ရိုးစွန်းနှစ်ဘက်
ကောင်းကင်တောင်တန်းဆိုလျှင် ပိုမိုဆိုးဝါးစွာ
အရေးနိမ့်သွားမည် ဖြစ်၏။

သဘာဝအလင်းတန်း ကောင်းကင်ဝတ်ရုံအပြင်
လင်းဖုန်းထပ်မံရရှိခဲ့သည်
ပစ္စည်းကောင်းလေးမှာ ရွှမ်းလင်သူတော်စင်၏

လက်အတွင်းမှ ရရှိခဲ့သော
ကျောက်တုံးလှေကားဖြစ်သည်။

လင်းဖုန်း၏ လက်ထဲတွင် ကျောက်ပုလွေလေး
ရှိနေခဲ့သည်ဖြစ်၍ သူသည် သူ၏အော်ရာများက
ကျောက်တုံးလှေကားနှင့် ဆက်စပ်မှု
ရှိနေသည်ကို ခံစားနေခဲ့ရသည်။

ဘာဖြစ်ပျက်ခဲ့သည်ကို
ပြန်လည်စဉ်းစားလိုက်သောအခါ သူသည်
ကောင်းဟန်ထံမှ သဘာဝအလင်းတန်း
ကောင်းကင်ဝတ်ရုံအား
ယူဆောင်လိုက်သောအခါ ရှီယုနှင့်
ဝူချင်လျှိုတို့၏ အမူအရာတို့က

ပြောင်းလဲသွားခဲ့သည်။
ရှမ်းလင်သူတော်စင်ကလည်း ထိုမြင်ကွင်းအား မြင်လိုက်ရသောအခါ ဒေါသထွက်သွားခဲ့သည်။

ကောင်းဟာန်သည် အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံသူတစ်ဦးဖြစ်၍ ဟင်းလင်းပြင် ဘုရားကျောင်း၏ နာယက အကြီးအကဲ ကောင်စီဝင်တစ်ဦးလည်း ဖြစ်သည်။ ရှေ့ဆောင်လမ်းစဉ် ပါတီ၏ ဗဟိုအဖွဲ့ဝင်ဖြစ်၍ အတိတ်က ယန်နန်းလိုင်နှင့် ဟင်းလင်းပြင် ဘုရားကျောင်း ခေါင်းဆောင်ရာထူးအတွက် ယှဉ်ပြိုင်နိုင်ခဲ့သူ ဖြစ်၏။

သဘာဝအလင်းတန်း ကောင်းကင်ဝတ်ရုံသည် ဝတ်ရုံရှည်ကဲ့သို့သော ပုံစံရှိသည့် မှော်ရတနာ တစ်ပါးဖြစ်၏။ သူ့အား အယူဆောင် ခံခဲ့ရသောအခါ ကောင်းဟန်အတွက် ကြီးမားသော အရှက်ကွဲခြင်း တစ်ရပ်ဖြစ်သည်။

သို့သော်လည်း ကောင်းဟန်သည် တည်ငြိမ်စွာနှင့် ရှိနေခဲ့ကာ လင်းဖုန်းနှင့် ဆက်လက်တိုက်ခိုက်နေခဲ့၏။

သို့သော်လည်း လင်းဖုန်းသည် ကျောက်တုံးလှေကားအား ရယူနိုင်ခဲ့သောအခါ ရွှမ်းလင်သူတော်စင်သည် အလွန်အမင်း ဒေါသထွက်သွားခဲ့သည်။ ကောင်းဟန်ကပင်

ထိတ်လန့်တုန်လှုပ်သွားခဲ့ကာ သူ့အား ပြန်လည်ရယူရန် ကြိုးစားခဲ့သည်။

ထိုကဲ့သို့သော အပြုအမူများသည် လင်းဖုန်းအား အာရုံစိုက်မိစေခဲ့သည်။ ဒါသည် ဤကျောက်တုံးလှေကားက အလွန်အဖိုးတန်သည် ဆိုသည်ကို ဖော်ပြနေခြင်း ဖြစ်သည်။

ဤကျောက်တုံးလှေကားသည် မူလစိတ်ဝိညာဉ်ရှိကာ ပွားစည်းခြင်း အဆင့်တွင် ရှိနေပြီ ဖြစ်သည်။ သူ၏ မူလစိတ်ဝိညာဉ်သည် သီးသန့် ဖြစ်တည်မှုကိုပင် ဖော်ဆောင်နိုင်သည်။

သို့သော်လည်း လင်းဖုန်း၏ ဖိနှိပ်ခြင်းအား ခံထားရအပြီးတွင် ထိုမူလစိတ်ဝိညာဥ်သည် ဘာတစ်ခုမှ မလှုပ်ရှားခဲ့ပဲ မှော်ရတနာ အတွင်းတွင်သာ နေနေခဲ့သည်။ သူသည် သူ့ကိုယ်သူ လုံးဝ တံခါးပိတ်ထားခဲ့သည်။

လင်းဖုန်း၏ စွမ်းအားများနှင့်ဆိုလျှင် သူ့အား အားသုံး၍ ဖျက်ဆီး၍ရသည်။ သို့သော်လည်း ယခုအချိန်တွင် သူသည် ဤမှော်ရတနာ၏ လျှို့ဝှက်ချက်ကိုသာ စိတ်ဝင်စားနေခဲ့သည်။ သူသည် ဤမှော်ရတနာအား အချိန်ယူကာ ကျင့်ကြံရန် စိတ်ရှည်မှုရှိနေသည်။ သူသည်

တစ်ဘက်သားကို စကားပြောလာအောင်
လုပ်နိုင်စွမ်း ရှိသည်။

ကျောက်တုံးလှေကားနှင့် သဘာဝအလင်းတန်း
ကောင်းကင်ဝတ်ရုံအပြင် လင်းဖုန်းသည်
နတ်ရေကန်ဂိုဏ်းအား ကျေးဇူးတင်ရမည်
ဖြစ်သည်။

ချောင်ဝေသည် ကောင်းကင်နတ်ဘုရား
ချုပ်နှောင်ခြင်း အလံတံခွန်အတွင်းသို့
လင်းဖုန်း၏ ထည့်သွင်းခြင်းအား ခံလိုက်ရသည်။
ရေခဲနှင့်မီးတောက်
အကြီးအကဲနှစ်ယောက်စလုံးတို့ကလည်း
လင်းဖုန်း၏ ဖိနှိပ်ခြင်းအား ခံနေရ၏။

ထိုအကြီးအကဲနှစ်ယောက်တို့သည် လင်းဖုန်းက ကောင်းကင်နတ်ဘုရား ချုပ်နှောင်ခြင်း အလံတံခွန်အား  ပွားစည်းခြင်းအဆင့်ကို မတိုးမြှင့်နိုင်ရန် ဆုတောင်းနေရုံသာ ရှိသည်။ မဟုတ်လျှင် သူတို့သည် လင်းဖုန်း၏ အခြားရည်ရွယ်ချက်များဖြင့် အသုံးပြုခြင်းကို ခံခဲ့ရမည် ဖြစ်သည်။ ထိုအချိန်တွင် သူတို့၏ အသက်များသည် အာမခံချက် ရှိတော့မည် မဟုတ်ချေ။

အကယ်၍ သူတို့သည် အသက်သာ အသေခံ၍ အညံ့ခံလိုစိတ် မရှိလျှင်လည်း

လင်းဖုန်းကလည်း စိတ်ထဲထားနေမည်
မဟုတ်ချေ။

သို့သော်လည်း သူတို့သုံးယောက်နှင့်စာလျှင်
လင်းဖုန်း စိတ်အတွင်းတွင် ရှိနေသည်မှာ
ဝင်ရိုးစွန်းနှစ်ဘက် ကောင်းကင်တောင်တန်းပင်
ဖြစ်သည်။

ဆီးနှင်းဖြူများဖြင့် တောက်ပနေသော
တောင်ထိပ်တွင် အဖြူရောင် ဝတ်စုံနှင့်
သက်လတ်ပိုင်း လူကြီးတစ်ယောက်
ပေါ်လာခဲ့သည်။ သူ၏ ဆံပင်များမှာ
မီးတောက်ကဲ့သို့ နီရဲနေပြီး သူ၏
မျက်ခုံးမွေးများမှာ ဆီးနှင်းကဲ့သို့

ဆွတ်ဆွတ်ဖြူလျှက် ရှိသည်။ သူသည်
ဝင်ရိုးစွန်းနှစ်ဘက် ကောင်းကင်တောင်တန်း၏
မူလစိတ်ဝိညာဥ် ဖြစ်၏။

"ကျုပ်နာမည်ကို
ဝင်ရိုးစွန်းနှစ်ဘက်တောင်ထိပ်လို့ ခေါ်ပြီး
ဝင်ရိုးစွန်းနှစ်ဘက် ကောင်းကင်တောင်တန်းရဲ့
မူလစိတ်ဝိညာဥ် ဖြစ်ပါတယ်။ ကျုပ်က အခွဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကို သစ္စာခံပြီး
ကျင့်ကြံမှုခံလိုစိတ် ရှိပါတယ်"

ဆံနီနှင့် မျက်ခုံးဖြူ လူကြီးသည်
သူ၏သဘောထားအား ပြတ်သားစွာ
ဖော်ထုတ်လိုက်သည်။

လင်းဖုန်းသည် သူ့အား စိုက်ကြည့်နေခဲ့သည်။ ဘာပဲပြောပြော သူသည် မဟာယာန အဆင့်မှ မှော်ရတနာ တစ်ပါးဖြစ်၏။ သူ၏ မူလစိတ်ဝိညာဉ်သည် မှော်ရတနာအတွင်းမှ ထွက်လာနိုင်၍ သူ၏စွမ်းအားများကို အပြည့်အဝ ထုတ်ဖော်နိုင်သည်။ သူ၏ စွမ်းအားများသည် အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ အကြီးအကဲတစ်ယောက်နှင့် ညီမျှသည်။ သူသည် အဘယ်ကြောင့် ဤမျှ သူရဲဘော ကြောင်ရပါသနည်း။

သို့သော်လည်း မည်သူကသိမည်နည်း ဝင်ရိုးစွန်းနှစ်ဘက် တောင်ထိပ်က

လေးနက်စွာနှင့် ပြောလိုက်သည်။ "ကျုပ်ကို ကြိုက်သလို အသုံးပြုလို့ ရပါတယ်။ ဒါပေမဲ့ နတ်ရေကန်ဂိုဏ်းကိုတော့ ချမ်းသာပေးစေလိုပါတယ်"

လင်းဖုန်းက ပြောလိုက်သည်။ "နတ်ရေကန်ဂိုဏ်းကို မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်တို့က ဖျက်ဆီးပြီးသွားပြီ။ သူ့ရဲ့ တပည့်တွေကို မဟာကျိုး အင်ပါယာက လက်ခံသွားဖို့ ရှိတယ်။ သွေးမြေကျတာတွေ မရှိပေမဲ့ နတ်ရေကန်ဂိုဏ်းကတော့ နတ်ဘုရားနယ်မြေကနေ ပျောက်ကွယ်သွားလိမ့်မယ်"

"ချောင်ဝေနဲ့ ကျန်တဲ့သူတွေ အတွက်ကတော့
သူတို့ အသက်ဆက်ရှင်နိုင်မလား ဆိုတာက
သူတို့ရဲ့ အပေါ်မှာ မူတည်နေတယ်။
ခင်ဗျားအတွက်ကလည်း အတူတူပဲ"

ဝင်ရိုးစွန်းနှစ်ဘက် တောင်ထိပ်သည်
သက်ပြင်းတစ်ချက် ချလိုက်ကာ သူ၏ခေါင်းကို
ခါလိုက်ပြီး ဘာမှမပြောတော့ပေ။ ပြီးတာနှင့်
သူသည် ပျောက်ကွယ်သွားခဲ့၏။

သို့သော်လည်း ကောင်းကင်ဖျက်ဆီး
ဓားအိမ်မှတဆင့် လင်းဖုန်းသည်

ဝင်ရိုးစွန်းနှစ်ဘက် တောင်ထိပ်သည့်
ငြိမ်သက်သွားခဲ့ကာ ခုခံမှုများ အားလုံးတို့ကို
စွန့်လွှတ်ခဲ့လိုက်သည်ကို ခံစားနေမိသည်။

လင်းဖုန်းသည် သူ၏ခေါင်းကိုခါလိုက်ကာ
ရယ်လိုက်သည်။ သူ၏လက်ဝါးကို ဖြန့်လိုက်ရာ
အလင်းတန်း ပုံရိပ်အချို့ ပေါ်ထွက်လာခဲ့၏။
သူတို့အတွင်းတွင် အတောက်ပဆုံးမှာ သုံးပေရှိ
ဆေးမီးဖိုလေး ဖြစ်၏။ ထိုဆေးမီးဖို၏
မျက်နှာပြင်ပေါ်တွင် တောင်တန်းနှင့်
မြစ်ပြင်များ၏ ပုံရိပ်တို့အား ရေးထိုးထားခဲ့သည်။

ထိုဆေးမီးဖို၏ ပတ်ပတ်လည်တွင် အစိမ်းရောင်
ဆေးမီးဖို ခုနှစ်ခုတို့က လည်ပတ်နေကြသည်။

"ဒါက တောင်တန်းမြစ်ပြင် ဟင်းလင်းပြင် ဆေးမီးဖိုလား" လင်းဖုန်းက တွေးလိုက်သည်။ "ထျန်းဟောင်ရဲ့ တစ်ခုနဲ့ဆိုရင် စုစုပေါင်း အစိမ်းရောင် ဆေးမီးဖို ရှစ်ခုရှိသွားပြီ။ နောက်ထပ်တစ်ခု ကျန်သေးတယ်။ ဒီပစ္စည်းရဲ့ အသုံးဝင်မှုက ဘာများလဲ"

လင်းဖုန်းသည် သူ၏လက်ချောင်းများကို အသုံးပြုလိုက်ကာ တောင်တန်းမြစ်ပြင် ဟင်းလင်းပြင် ဆေးမီးဖို၏ ကိုယ်ထည်အား ခေါက်လိုက်သည်။ သူ၏ မူလစိတ်ဝိညာဉ်သည် အဖိနှိပ် ခံထားရ၍ သတိမေ့နေသည်ကို တွေ့ရှိခဲ့ရသည်။

"နှစ်ပေါင်း ဖ၀၀၀ကျော် ကြာသွားခဲ့ပြီ။ သူက ပွားစည်းခြင်း အဆင့်ကို မရောက်ရင်တောင်မှ မူလစိတ်ဝိညာဉ်ဟာ ကိုယ်ပိုင်အသိစိတ် ရှိနေသင့်ပြီ။ သူက ဒီလောက်အကြာကြီး အိပ်နေခဲ့ရင်တောင် အခုအချိန်ဆိုရင် ရင့်ကျက်သင့်ပြီ" လင်းဖုန်းက တွေးလိုက်သည်။ "ဒါပေမဲ့ ဒီတောင်တန်းမြစ်ပြင် ဟင်းလင်းပြင် ဆေးမီးဖိုက အိပ်ပျော်နေဆဲရှိသေးတယ်။ ဒါက နတ်ရေကန်ဂိုဏ်းက ဒီနှစ်တွေ အတွင်းမှာ ဖိနှိပ်ထားခဲ့လို့ပဲ ဖြစ်ရမယ်"